ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်

# တရားစီရင်ထုံးများ

၂၀၀၀ ပြည့်နှစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# တရားရုံးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်
စာကြည့်တိုက်
၃၅၀၈၈
တိုက်ဝင်အမှတ်
ရက်စွဲ ၂၈.၇.၁၃

# အရေးစီရင်ထုံးများ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
စာကြည့်တိုက်

၂၀၀၀ ပြည့်နှစ်

တရားရုံးများလက်စွဲ အပိုဒ်၁၇၂ အရ [illegible]
ရက်သ[illegible]

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်

# ပုံနှိပ်မှတ်တမ်း

ပထမအကြိမ်

၂၀၀၁ - ခုနှစ်၊ ဩဂုတ်လ

အုပ်ရေ - ၅၀၀၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## တရားရုံးချုပ်၊ တရားသူကြီးချုပ်၊
## ဒုတိယတရားသူကြီးချုပ်များ နှင့် တရားသူကြီးများ

၁။ ဦးအောင်တိုး **B.A.; B.L.** တရားသူကြီးချုပ်

### တရားရုံးချုပ် (ရန်ကုန်)

၂။ ဦးသန်းဦး **B.A.** ဒုတိယတရားသူကြီးချုပ်

၃။ ဦးခင်မြင့် **Master Mariner (F.G); H.G.P.; R.L.** တရားသူကြီး

၄။ ဒေါက်တာတင်အောင်အေး **B.Sc.; B.L.; LL.M.; LL.D.** တရားသူကြီး

၅။ ဦးမြင့်သိန်း **B.Sc.; B.L.; (Advocate)** တရားသူကြီး

၆။ ဦးချစ်လွင် **B.Sc.; B.L.; (Advocate)** တရားသူကြီး

၇။ ဦးထွန်းရှင် **B.A.;R.L.;D.M.A.;(Advocate & Notary Public)** တရားသူကြီး

### တရားရုံးချုပ် (မန္တလေး)

၈။ ဦးခင်မောင်လတ် **B.A.; B.L.; (Advocate)** ဒုတိယတရားသူကြီးချုပ်

၉။ ဦးစန်းတင့်ရီ **B.A. (Law); LL.B.; (Advocate)** တရားသူကြီး

၁၀။ ဦးမြင့်အောင် **B.A. (Law); LL.B.; (Advocate)** တရားသူကြီး

၁၁။ ဦးစိန်လှိုင် **B.A. (Law); LL.B.; LL.M.; (Advocate)** တရားသူကြီး

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံတော် တရားစီရင်ထုံး စိစစ်ထုတ်ဝေရေးအဖွဲ့

၁။ ဦးသန်းဦး **B.A.** ဥက္ကဋ္ဌ
ဒုတိယတရားသူကြီးချုပ်၊ တရားရုံးချုပ် (ရန်ကုန်)

၂။ ဒေါက်တာတင်အောင်အေး **B.Sc.; B.L.; LL.M.; LL.D.** ဒုတိယဥက္ကဋ္ဌ
တရားသူကြီး၊ တရားရုံးချုပ် (ရန်ကုန်)

၃။ ဦးတင်အေး **B.A.; H.G.P.; R.L.** အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်၊ တရားရုံးချုပ် (ရန်ကုန်)

၄။ ဦးကျော်ဝင်း **B.A. (Hons.); H.G.P.; R.L.** အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ ပြစ်မှုတရားစီရင်ရေးဌာန
တရားရုံးချုပ် (ရန်ကုန်)

၅။ ဦးစိုးညွန့် **B.A.; R.L.** အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ တရားမတရားစီရင်ရေးဌာန
တရားရုံးချုပ် (ရန်ကုန်)

၆။ ဦးစောစံလင်း **B.A. (Law); LL.B.** အဖွဲ့ဝင်/အတွင်းရေးမှူး
ညွှန်ကြားရေးမှူး၊ စီမံနှင့်လေ့ကျင့်ရေးဌာန
တရားရုံးချုပ် (ရန်ကုန်)

"တရားစီရင်ရာတွင်  အမှန်ကို ဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့ အမှန်တရားကို စီရင်ကြောင်း အများမြင်စေရာသည်"

(ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မောင်ရွှေ(ခ)မောင်ရှေပါ – ၂)[၁]

---

၁။ ၁၉၆၆ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး (တရားရုံးချုပ်) စာ – ၆၁၆။

# မာတိကာ

## စီရင်ထုံးပြုသော ပြစ်မှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ညွှန်းချက် | | | က-ဖ |
| ဦးကြည်ဝင်း | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၂ | ၁ |
| ဒေါ်ခင်မြ<br>ဒေါ်ငြိမ်းငြိမ်းဦး<br>ဒေါ်ဝိုင်း | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၄ | ၉ |
| မခိုင်ဇာလွင် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၄ | ၁၈ |
| ဒေါ်ငယ် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၂၅ |
| ဒေါ်စိန် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၃၂ |
| ဒေါ်တင်ကြည် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၂ | ၃၇ |
| ဒေါ်တင်တင်မြ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၂ | ၄၆ |
| ဒေါ်တင့်ရီမ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၅၃ |
| မောင်တင့်လွင် (ခ) တောသား | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၆၁ |
| မောင်နေလင်း | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၄ | ၆၉ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | မခင်မာချို | ၇၅ |

စာမျက်နှာ


| | | | |
|---|---|---|---|
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ရွှေလဝင်း (ခ) ဝင်းနောင် | ၈၉ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ဦးဝင်းမြင့်အောင် | ၉၅ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | သန်းမြင့် | ၁၀၃ |
| ဦးဘုန်းရှင် ပါ ၃ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၄ | ၁၀၉ |
| မိုးဝင်း ပါ ၂<br>ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်<br>မိုးဝင်း ပါ ၂ | ၁၂၃ |
| ဦးမောင်မောင်သန်း<br>ဦးအောင်သန်းမြင့် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၁၃၃ |
| မောင်သူရစိုး | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၁၃၉ |
| သက်နိုင် (ခ) သိုက်စိုး | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၁၄၉ |
| မောင်သန်းထွန်း<br>မောင်ရွှေကိန်း ပါ ၃<br>မောင်ရွှေကြီး | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၁၅၉ |
| ဦးသိန်းအေး<br>ဦးကြည်စိုး | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၁၆၇ |

# မာတိကာ

## စီရင်ထုံးပြုသော တရားမမှုများ

စာမျက်နှာ


ညွှန်းချက် ... ကက-ခန

၁။ မစ္စတာကီချီရိုဖူဂျီ (၎င်း၏ကိုယ်စားလှယ်စာရသူ ဦးခင်မောင်မြင့်)
၂။ ဦးခင်မောင်မြင့် [လိုးရိုးစ်အင်တာနေရှင်နယ် အင်စတီကျူ (ဂျပန်) ၏ ဌာနေကိုယ်စားလှယ် (စီးပွားရေးအကျိုးဆောင်)]
နှင့်
ဦးအောင်ထွန်း ပါ ၂
ဦးထွန်းနိုင်အေး ပါ ၂
ဒေါ်ခင်ဌေး ပါ ၂
ဦးကျော်မြင့် ပါ ၂
ဒေါ်နီနီဌေး ပါ ၂ ... ၁

ဦးကျော်မြင့်အောင် ပါ ၂
ကိုမောင်မြင့် ပါ ၂
နှင့်
ဒေါ်ခင်မာမာ ပါ ၄
ဒေါ်ခင်မာမာ ပါ ၄ ... ၉

ဒေါ်ကျင်ရီ
ဦးစိန်လှ ပါ ၂
နှင့်
ဒေါ်သန်းကြည် ပါ ၄
ဒေါ်သန်းကြည် ပါ ၄ ... ၃၄

ခရစ်မက်သဒစ်အသင်းတော်နှင့်ကျောင်းဘဏ္ဍာတော်ထိန်းအဖွဲ့ နှင့် ကမာရွတ်ခရစ်တော်မက်သဒစ်အသင်းတော် ပါ ၃ ... ၄၈

ဦးခင်မောင်ကြည် နှင့် မအိဝေဇင်ထွန်း ပါ ၃ ... ၆၅

ဦးစိုးအောင် နှင့် ဒေါ်ခင်ခင်လှ ပါ ၂ ... ၇၃

စာမျက်နှာ


| | | | |
|---|---|---|---|
| ဗိုလ်မှူးဇော်လင်း ပါ ၂ | နှင့် | ဒေါ်စိန်တီ | ၈၉ |
| မညိုညိုမြင့် (ခ) မလွင်လွင်မြင့် | နှင့် | ဒေါ်ခင်မာမာ ပါ ၂ | ၁၀၅ |
| ကိုမောင်မြင့် | | ဒေါ်ခင်မာမာ ပါ ၄ | |
| ဒေါ်တီ | နှင့် | ဒေါ်ခင်သန်း | ၁၁၉ |
| ဒေါ်ထု | နှင့် | ရှာရှောက်ယုံ (ခ) ဦးဇော်ဝင်း ပါ ၂ | ၁၃၀ |
| ဦးထွန်းဝင်း | နှင့် | ဦးမောင်မောင်ကျော် | ၁၃၉ |
| ဒေါက်တာထွန်းဝင်း | နှင့် | ဒေါ်သီသီကြိုင် | ၁၅၀ |
| ဒေါက်တာနီလဲ့ဝင်း ပါ ၂ | နှင့် | ဒေါ်ခင်သန်းဝင်း | ၁၅၈ |
| ဦးပါစီလောင်း | | | ၁၆၈ |
| မဲန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ပုသိမ်မြို့ | နှင့် | ဦးစိန်မြ ပါ ၂ | ၁၇၈ |
| ဒေါက်တာမြမြအေး ပါ ၂ | နှင့် | ဒေါ်မြမြဝင်း ပါ ၂ | ၁၈၈ |
| မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး | နှင့် | အင်တီဂရိတ်တက်ဘက်စနစ်ဆာစက်စ်ကုမ္ပဏီလီမိတက် (အိုင်ဘီက်စ်) | ၁၉၈ |
| ဒေါ်ရင်မြ | နှင့် | ဒေါ်ခင်ယုဝေ ပါ ၉ | ၂၀၀ |
| ဦးရမ်ဂျာရီ | နှင့် | မခမ်းစိန် (ခ) လီကျင်ရှန်း | ၂၂၁ |
| ဒေါ်လှရွှေ | နှင့် | ဒေါ်စန်းစန်းမြင့် ပါ ၃ | ၂၃၃ |
| ဒေါ်လှရွှေ | နှင့် | ဒေါ်အေးစိန် | ၂၃၉ |

စာမျက်နှာ


| | | | |
|---|---|---|---|
| ဦးလှဦး ပါ ၃ | နှင့် | ဒေါ်အုံးစီ | ၂၅၃ |
| မောင်သောင်းစိန် ပါ ၈ | နှင့် | ဒေါ်ဂီတာရာနီဒတ်စ် ပါ ၂ | ၂၆၃ |
| ဦးသောင်းထွန်း ပါ ၂ | နှင့် | ဒေါ်မြသောင်း | ၂၇၃ |
| ဒေါ်အမာ ပါ ၂ | နှင့် | ဒေါ်ငွေးရီ ပါ ၃ | ၂၈၅ |
| ဒေါ်အေး | နှင့် | ဒေါ်သန်းရင် | ၂၉၄ |
| ဦးအောင်ခိုင် | နှင့် | ဦးသန်းအောင် ပါ ၂ | ၃၀၄ |
| ဦးအောင်ဝင်း (ခ) ဦးအဟုန် | နှင့် | ဒေါ်ငွေ | ၃၁၃ |

၂၀၀၀ပြည့်နှစ်
ပြစ်မှုဆိုင်ရာ အမှုများ

# ပြစ်မှုဆိုင်ရာအမှုများ

စာမျက်နှာ

ဥပဒေများ-

- ပြစ်မှုဆိုင်ရာဥပဒေ
- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ
- လောင်းကစားဥပဒေ
- သက်သေခံဥပဒေ
- ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေ
- ၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက်အဓိပ္ပာယ် ဖွင့်ဆိုရေးဥပဒေ
- ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေ
- ၁၉၈၉ ခုနှစ်၊ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ
- ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ

**မိမိဒေသအတွင်း ဖြစ်ပွားခြင်းမရှိသည့် အမှုကို စစ်ဆေးခြင်းသည် ပျက်ပြယ်မှုမရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ မူလတရားရုံးက စီရင်ပိုင်ခွင့်နှင့်ပတ်သက်၍ တရားခံ၏ လျှောက်ထားချက်ကို ပယ်ခြင်းသည် မိမိစီရင်ပိုင်ခွင့်ရှိသည်ဟု ယူဆ၍ ပယ်ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ထိုအမိန့်နှင့်ပတ်သက်

၍ တရားခံက အထက်ရုံးများသို့ တက်ရောက်ခဲ့ခြင်းမရှိ၍ ယင်းအမိန့် စာမျက်နှာမှာ အတည်ဖြစ်နေကြောင်း တွေ့ရှိရသည်။ မူလရုံးက တရားခံမှ စီရင်ပိုင်ခွင့်မရှိပါဟု ကန့်ကွက်သည့်ကိစ္စကို လက်မခံဘဲ အမှုအား ဆက်လက်စစ်ဆေးခဲ့ရာ အပြီးသတ် အမိန့်ချမှတ်သည့်အခါမှ မိမိ၏ စီရင်ပိုင်ခွင့်မရှိဟု ဆုံးဖြတ်ခြင်းမှာ မလုပ်သင့်မလုပ်အပ်သော ကိစ္စဖြစ်သည်။ ဤအမှုတွင် တရားလိုနှင့် လိုပြသက်သေများ၏ ထွက်ချက်များအရ တရားလို၏ဇနီးနှင့် တရားခံတို့ ဖောက်ပြန်မှုရှိခဲ့ကြောင်း ထင်ရှားစွာ တွေ့ရှိရသည်။ သို့ဖြစ်ရာ တရားခံ၏ ကျူးလွန်မှုသည် မယားခိုးမှု မြောက်ပေသည်။ အမှုစစ်ဆေးရာတွင် တရားဥပဒေ တိမ်းစောင်းမှုရှိသည်ဟု မပေါ်ပေါက်ပေ။ သို့ဖြစ်ရာ တရားခံအား မယားခိုးမှုနှင့် အပြစ်ပေးရန်သာ ရှိပေသည်။



ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) နှင့် ပုဒ်မ ၃၉၂ အရ စွဲချက်
တင်ပြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၂ အရသာ ပြစ်ဒဏ် ချမှတ်ခဲ့သဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) အရ စွဲချက်တင်ခဲ့သည့် ပြစ်မှုကို အပြီးအပြတ်လွတ်ရာ ရောက်-မရောက်။

ဆုံးဖြတ်ချက်။ ။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) နှင့် စပ်လျဉ်း၍ တိုင်းတရားရုံးက အမိန့်တစ်စုံတစ်ရာ ချမှတ်ခြင်းမပြုသဖြင့် ယင်းစွဲချက်ကို တရားရုံးက ဆိုင်းငံ့ထားသည်ဟု ဆိုရပေမည်။ တိုင်းတရားရုံးက ပြစ်မှုထင်ရှားစီရင်သော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၂

ကို အထက်တရားရုံးက ပြင်ဆင်ပယ်ဖျက်ခြင်း မပြုသဖြင့် အဆိုပါ စာမျက်နှာ ဆိုင်းငံ့ထားသော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) အရ စွဲချက်သည် အပြီးအပြတ်လွှတ်ရာရောက်ကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၄၀ ပါ ပြဋ္ဌာန်းချက်အရ မြင်သာသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ မိုးသီးစီရင်ထုံးသည် ယခင်စီရင်ထုံးများနှင့် ဆန့်ကျင်ကွဲလွဲ ဆုံးဖြတ်ထားသဖြင့်လည်းကောင်း၊ မိုးသီးစီရင်ထုံးပါ ဆုံးဖြတ်ချက်သည် ရှေ့နောက်ညီညွတ်မှုမရှိသဖြင့်လည်းကောင်း မိုးသီးစီရင်ထုံးကို လိုက်နာဆောင်ရွက်ရန် မလိုကြောင်း ကျွန်ုပ်တို့ မှတ်ချက်ပြုလိုက်သည်။

မောင်နေလင်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၆၉

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄။ မိမိတို့၏ အုပ်ထိန်းမှုအောက်တွင် သေသူ၏ပစ္စည်းများ ထားရှိသည်ဟု အကြောင်းပြပြီး သေသူ၏အမွေဆိုင်မသိဘဲ ယင်းပစ္စည်းများကို ရွှေ့ပြောင်းယူဆောင်ခြင်းသည် ပြစ်မှုကျူးလွန်ရာရောက်နိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ လျှောက်ထားသူ ခိုင်ဇာလွင်သည် ကွယ်လွန်သူ ဒေါ်သန်းနုက သေတမ်းစာရေးခဲ့၍ ဒေါ်သန်းနု၏ပစ္စည်းများကို ပိုင်ဆိုင်ခွင့်ရသူ ဖြစ်သည်။ ဒေါ်သန်းနု ရှယ်ယာပါဝင်သော ကုမ္ပဏီပိုင်ပစ္စည်းများကို ယူဆောင်ခြင်းပြုရာ၌ အသက် (၁၄-၁၅) နှစ်အရွယ်ရှိ ခိုင်ဇာလွင်ကို အသိပေးပြောသင့်သည်။ မသိနားမလည်၍ မတားမြစ်ခြင်း၊ ငြိမ်နေခြင်းအပေါ် အခွင့်ကောင်းယူရန်မသင့်။ ဦးတင်ရွှေ၊

(ဃ) ညွှန်းချက်

ဦးစိုးဝင်းနှင့် ဦးအေးတို့၏လုပ်ရပ်သည် ရိုးသားမှုရှိသည်ဟု မဆိုနိုင်ပေ။ စာမျက်နှာ

ထပ်မံဆုံးဖြတ်ချက်။ ။ သေသူ၏ပစ္စည်းကို အမွေဆိုင် ခိုင်ဇာလွင် အသက် (၂၁) နှစ် ပြည့်သည်အထိ အုပ်ထိန်းခွင့်ရှိသူများ ဖြစ်သော်လည်း အလွဲသုံးစားပြုသဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄ နှင့် အကျုံးဝင်သည်။

မခိုင်ဇာလွင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၄ ၁၈

တရားခံအား ပြစ်မှုထင်ရှားစီရင်ထားသည့် အခြေအနေတွင် ခိုးယူခံရသော ရွှေချောင်းနှစ်ချောင်းကို မူရင်းအတိုင်း ရဲတပ်ဖွဲ့က ပြန်လည်သိမ်းဆည်းနိုင်ခြင်းရှိ-မရှိ၊ သို့မဟုတ် မူရင်းရွှေချောင်းမှ အသွင်ပြောင်းထားသောပစ္စည်းအဖြစ် သိမ်းဆည်းနိုင်ခဲ့ခြင်းရှိ-မရှိ၊ ခိုးရာပါပစ္စည်းဟုတ်-မဟုတ်။

ဆုံးဖြတ်ချက်။ ။ ဦးအောင်ဆန်းဝင်းထံမှ ရှာဖွေပုံစံ သက်သေခံ (ဃ) ဖြင့် သိမ်းဆည်းခဲ့သော အလေးချိန် ၇ိ၊ ၁ ရွေးရှိ ရွှေချောင်း တစ်ချောင်းသည်လည်းကောင်း၊ ဦးသိန်းဝင်းထံမှ ရှာဖွေပုံစံ သက်သေခံ (င) ဖြင့် သိမ်းဆည်းခဲ့သော ရွှေထည်ပစ္စည်း (၁၀) မျိုးသည်လည်းကောင်း၊ တရားခံ မောင်မြင့် ခိုးယူခဲ့သော မူရင်းရွှေချောင်း(၂) ချောင်း မဟုတ်သည့်အပြင် မူရင်းရွှေချောင်းမှ အသွင်ပြောင်းထားသော ပစ္စည်းများ မဟုတ်ကြောင်း ပေါ်လွင်သည်။ မူရင်းရွှေချောင်းကို ရောင်း၍ရသောငွေနှင့် ဝယ်ယူထားသည့်ပစ္စည်းများ ဖြစ်သည်ဟုလည်း ပေါ်ပေါက်ခြင်းမရှိပေ။

ထပ်မံဆုံးဖြတ်ချက်။ ။ ခိုးရာပါပစ္စည်းမဟုတ်သည့် အခြေအနေ စာမျက်နှာတွင် ခိုးရာပါပစ္စည်းအဖြစ် လက်ခံစဉ်းစားခြင်း မပြုနိုင်သောကြောင့် မူလအမှုစစ်တရားရုံးက ရှာဖွေပုံစံဖြင့် ပေးအပ်ခဲ့သော ဦးအောင်ဆန်းဝင်းနှင့် ဦးသိန်းဝင်းတို့အား ပြန်လည်ပေးအပ်ခဲ့ခြင်းမှာ တရားဥပဒေတိမ်းစောင်းလောက်အောင် မှားယွင်းမှုမရှိပေ။

ဦးဘုန်းရှင် ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၄ ၁၀၉

## ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၉၄ အရ စာတမ်းအမှတ်အသား သို့မဟုတ် အရာဝတ္ထုကို တရားရုံးရှေ့သို့ တင်ပြရန် မည်သည့်အခါ ဆင့်ဆိုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၉၄ တွင် အမှုစုံစမ်းခြင်း၊ စစ်ဆေးခြင်း ပြုလုပ်ရာတွင် လိုအပ်သော စာတမ်းအမှတ်အသား သို့မဟုတ် ပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် တစ်ဦးတစ်ယောက်အား အမိန့်ဆင့်ဆိုနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ရာဇဝတ်တရားသူကြီးသည် မည်သည့်အရာဝတ္ထုပစ္စည်းကိုမဆို တင်ပြရန် တစ်ဦးတစ်ယောက်ကို ဆင့်ဆိုခြင်းမပြုပေ။ အမှုကိုစုံစမ်းမှု သို့မဟုတ် စစ်ဆေးမှုတွင် အရေးပါအရာရောက်သောစပ်ဆိုင်မှုဆက်စပ်မှု၊ သက်သေခံ အထောက်အထားအဖြစ် အသုံးပြုမှုအတွက် အမှန်လိုအပ်မှသာ စာတမ်းအမှတ်အသား သို့မဟုတ် ပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် ဆင့်ဆိုသည်။

ဒေါ်တင်တင်မြ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၂ ၄၆

တရားခံပြေးမှုတွင် မှုင်နက်ပြသက်သေများ စစ်ဆေးပြီးနောက် စာမျက်နှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇ နှင့် ၈၈ ထုတ်ဆင့်ခြင်း မရှိသော တရားခံအား ပြန်လည်ဖမ်းဆီးရမိ၍ ထပ်မံ တရားစွဲခြင်းမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ အရ ပိတ်ပင်မှုမရှိခြင်း။

**ဆုံးဖြတ်ချက်။** ။ မှုင်နက်ပြသက်သေများကို စစ်ဆေးပြီးနောက် ပြစ်မှုလုံလောက်စွာ ယုတ္တိထင်ရှားခြင်းရှိ-မရှိ စဉ်းစားဆင်ခြင်ရမည်။ ယုတ္တိထင်ရှားခြင်းရှိလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇ နှင့် ၈၈ အရ ဆက်လက်ဆောင်ရွက်ရမည် ဖြစ်သည်။ ပြစ်မှုမှာ လုံလောက်စွာ ယုတ္တိထင်ရှားခြင်းမရှိလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇ နှင့် ၈၈ အရ အရေးယူဆောင်ရွက်ခြင်း မပြုတော့ဘဲ အမှုပိတ်ရန် အမိန့် ချရမည် ဖြစ်သည်။ သေးငယ်သောအမှုများတွင် ပြစ်မှုမှာလုံလောက်စွာ ယုတ္တိထင်ရှားခြင်းရှိသော်လည်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇ နှင့် ၈၈ တို့အရ တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ရန် မလိုချေ။ တရားရုံးများလက်စွဲအပိုဒ် ၅၁၃ တွင် ထိုသို့ပင်ပြဋ္ဌာန်းထားသည်ကို တွေ့ရှိသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ထွက်ပြေးတိမ်းရှောင်နေသော တရားခံ၏ မျက်ကွယ်တွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ တရားခံပြေးအမှုကို စစ်ဆေးခြင်းမှာ ပြစ်မှုကျူးလွန်သူအား သူ၏ မျက်ကွယ်၌ ပြစ်မှုထင်ရှားစီရင်ခြင်း မဟုတ်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၀၃ အရ ပိတ်ပင်မှုမရှိသည်မှာ ထင်ရှားသည်။ အယူခံ တရားလို၏ရှေ့နေက ယခင်တရားခံပြေးမှုတွင် ဒေါ်တင်ရီမအပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇ နှင့် ၈၈ တို့အရ အမိန့်ထုတ်ဆင့်

ခြင်း မပြုဘဲ အမှုပိတ်သိမ်းခဲ့ပြီးဖြစ်ရာ ယခုထပ်မံတရားစွဲဆို အပြစ် စာမျက်နှာ ပေးခြင်းမှာ မှားယွင်းကြောင်း တင်ပြချက်မှာ မှန်ကန်သည်ဟု ယူဆနိုင်မည် မဟုတ်ချေ။

ဒေါ်တင်ရီမ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၅၃

## ချဲစာရွက်ပေါ်ရှိ လက်ရေးမှာ တရားခံ၏ လက်ရေးမဟုတ်ခြင်း၊ ရှာဖွေပုံ နည်းလမ်းမကျခြင်းတို့ကြောင့် အပြစ်မရှိဟု မကောက်ယူနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ လောင်းကစားပစ္စည်းများကို တရားရုံးသို့ မတင်ပို့နိုင်သည်မှာ မှန်သည်။ တရားခံ ရွှေလဝင်းက လက်ရေးဖျက်ရေးသဖြင့် လက်ရေး ထပ်မံရယူပြီး မှုခင်းတပ်ဖွဲ့သို့ ပေးပို့ထားသောကြောင့် မတင်ပြနိုင်ခြင်း ဖြစ်သည်။ ရွှေလဝင်း လွယ်ထားသော လွယ်အိတ်ထဲမှ ချဲဘောက်ချာဖြတ်ပိုင်းများ၊ စာအုပ်များ၊ ကြွေးစာရင်း၊ ကာဗွန်စာရွက်များ၊ ဘောလ်ပင်နှင့် ငွေ ၁၉၆၀/- သိမ်းဆည်းရမိခြင်းမှာ ထင်ရှားသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများသည် ချဲရောင်းခြင်းကို ပေါ်လွင်စေသည်။ ချဲစာရွက်၊ စာအုပ်များတွင် ရွှေလဝင်း၏ လက်ရေးရှိကြောင်း မတင်ပြနိုင်ခြင်း၊ ရှာဖွေပုံ နည်းလမ်းမကျခြင်းတို့ကို အကြောင်းပြ၍ တရားခံကိုလွှတ်ခြင်းမှာ မမှန်။ ထိုကဲ့သို့သော လောင်းကစားနည်းတွင် ဒိုင်အဖြစ် ဆောင်ရွက်ခြင်းဖြစ်၍ လောင်းကစားဥပဒေပုဒ်မ ၁၀ (က) ပါ ပြဋ္ဌာန်းချက်ကို

ဖောက်ဖျက်ရာရောက်သည်။ ထို့ကြောင့် ပုဒ်မ ၁၅ (က) အရ ပြစ်မှု စာမျက်နှာ ကျူးလွန်သူ ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ရွှေလဝင်း (ခ) ဝင်းနောင် ၈၉

မြေငှားဂရန်ထုတ်ပေးသော စည်ပင်သာယာရေးကော်မတီသည် ယင်းမြေဂရန် ထုတ်ပေးသည့်ကိစ္စနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၂) တွင် ဖော်ပြထားသော "အခွန်ရုံး" ဖြစ်ခြင်း။

**ဆုံးဖြတ်ချက်။** ။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေစီမံခန့်ခွဲမှုဌာနသည် မြေဂရန်ထုတ်ပေးသည့်ကိစ္စနှင့်စပ်လျဉ်း၍ ယခင်ကော်လိတ်တော်၏ အခွင့်အာဏာများကို လွှဲပြောင်းရရှိသော ဌာနဖြစ်သဖြင့်လည်းကောင်း၊ ဂရန်ထုတ်ပေးရာတွင်လည်း ယခင် လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သဖြင့်လည်းကောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅၊ ပုဒ်မခွဲ (၂) တွင် ပြဋ္ဌာန်းထားသော "အခွန်ရုံး" ဖြစ်သည်မှာ ယုံမှားဘွယ်မရှိပေ။ သို့ဖြစ်၍ ဂရန်လိမ်လည် လျှောက်ထားရယူသည့်ကိစ္စရပ်များတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅ (၁) (ဂ) အရ ၎င်းရုံးကသာ စာဖြင့်ရေးသား တိုင်တန်း လျှောက်ထားရမည် ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ဤအမှုတွင် ထိုသို့လိမ်လည်အတုပြုမှု မပေါ်ပေါက်ခဲ့၍သာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စာဖြင့်ရေးသား တိုင်ကြားခဲ့ခြင်းမရှိဟု ဆိုရမည်ဖြစ်သည်။ ယင်းသို့

သက်ဆိုင်ရာအခွန်ရုံး၏ စာဖြင့်ရေးသား တိုင်ကြားချက်မရှိဘဲ မူလ စာမျက်နှာ မြို့နယ်တရားရုံးက အမှုကိုလက်ခံစစ်ဆေး စီရင်ခြင်းမှာ စီရင်ပိုင်ခွင့် အာဏာမရှိဘဲ စစ်ဆေးခြင်းဖြစ်သည်ဟု ဆိုရမည်။

ဒေါ်တင်ကြည် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၂ ၃၇

**အမှုစစ်ဆေးဆဲကာလအတွင်း သက်သေခံပစ္စည်း ထိန်းသိမ်းခွင့်ပြု ခြင်း၊ တရားလိုအား ထိန်းသိမ်းခွင့်ပြုရန်သင့်-မသင့်။**

**ဆုံးဖြတ်ချက်။** ။ အမှုစစ်ဆေးဆဲကာလအတွင်း သက်သေခံ ပစ္စည်း ထိန်းသိမ်းခွင့်နှင့်စပ်လျဉ်း၍ ပစ္စည်းပေးအပ်သူကို အာမခံဖြင့် ထိန်းသိမ်းခွင့်ပြုသည့် စီရင်ထုံးရှိသကဲ့သို့ တရားလိုသို့ ပြန်ပေးသည့် စီရင်ထုံးလည်း ရှိသည်။ ထို့ပြင် တရားခံအား ထိန်းသိမ်းခွင့်ပြုသော စီရင်ထုံးလည်း ရှိသည်။

ထိုသို့ အမှုအတောအတွင်း သက်သေခံပစ္စည်းကို ထိန်းသိမ်း ခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ စီရင်ထုံးတစ်ခုနှင့်တစ်ခု တူညီခြင်းမရှိသဖြင့် အမှုတစ်မှုစီ၏ အမှုဖြစ်ကြောင်းချင်းရာပေါ်တွင် မူတည်၍ တရားရုံး များက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၆-က ပါ ပြဋ္ဌာန်းချက်အရ တရားမျှတမှုကို ရှေ့ရှုပြီး အဆုံးအဖြတ်ပြုကြရသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ယင်းသို့ အမှုဖြစ်ပွားပေါ်ပေါက်ပုံ အခြေ အနေအရပ်ရပ်ကို မူလမြို့နယ်တရားရုံးနှင့် တရားရုံးချုပ်တို့က သေသေ ချာချာ လေ့လာသုံးသပ်ပြီးနောက် ဒေါ်အုံးမြနှင့် ပြည်ထောင်စုမြန်မာ နိုင်ငံတော် စီရင်ထုံးကို ကိုးကားကာ တရားလို ဒေါ်အင်သန်းသို့

သက်သေခံပစ္စည်းများအား ထိန်းသိမ်းခွင့်ပြုခဲ့ခြင်း ဖြစ်သည်။ ထိုသို့ စာမျက်နှာ သက်သေခံပစ္စည်းများကို တရားလိုသို့ ထိန်းသိမ်းခွင့်ပြုသည့် အမိန့် သည်လည်း ယာယီမျှသာဖြစ်သည်။ အမှုကို အဆုံးအဖြတ်ပြုသည့်အခါ မည်သူ့ရထိုက်ကြောင်း ကျယ်ကျယ်ပြန့်ပြန့် စုံစမ်းစစ်ဆေးပြီး အဆုံး အဖြတ်ပြုရဦးမည်ဖြစ်သည်။

| | | | |
|---|---|---|---|
| ဒေါ်ခင်မြ<br>ဒေါ်ငြိမ်းငြိမ်းဦး<br>ဒေါ်ဝိုင်း | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၄ | ၉ |

တရားခံတို့အား မူလမြို့နယ်တရားရုံးနှင့် အယူခံတရားရုံးတို့က ပြစ်မှုထင်ရှားတွေ့ရှိခြင်းနှင့် ပြစ်ဒဏ်စီရင်ခြင်းကို တရားရုံးချုပ် (မန္တလေးရုံးထိုင်) က အတည်ပြုသော်လည်း အမှုမှသက်သေခံပစ္စည်းကားအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် ချမှတ်သည့်အမိန့်ကို ပယ်ဖျက်ပြီး ပိုင်ရှင်သို့ ပြန်လည်ပေးအပ်ရန် ချမှတ်သည့်အမိန့်မှာ ဥပဒေနှင့် ညီညွတ်ခြင်းရှိ-မရှိ။

**ဆုံးဖြတ်ချက်။** ။ ဦးဝင်းမြင့်အောင်အား အချင်းဖြစ်ကိစ္စနှင့် စပ်လျဉ်း၍ တရားခံတစ်ဦးအဖြစ် သီးခြားအရေးယူအပြစ်ပေးခံခဲ့ရ သည့် အခြေအနေတွင် ၎င်းပိုင်ဆိုင်သောကားကို ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၄၇ (ခ) အရ မူလမြို့နယ်တရားရုံးနှင့် အယူခံ တိုင်းတရားရုံးက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ် ခဲ့ခြင်းမှာ မှားယွင်းမှုမရှိပေ။

ထပ်မံဆုံးဖြတ်ချက်။ ။ နိုင်ငံတော်၏ စီးပွားရေးကို အခြေခံအား စာမျက်နှာ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေချိန်တွင် သစ်တောဥပဒေကို အထူးဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းခြင်းဖြစ်သည်။ အဆိုပါဥပဒေကို ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေအရ ထိရောက်ဟန့်တားသော ပြစ်ဒဏ်ကို ပေးရန်လိုသည်။ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော သက်သေခံပစ္စည်းများကို စီမံခန့်ခွဲရာတွင် သာမန်ပုဂ္ဂလိက ဖြစ်ရပ်ကဲ့သို့ ပိုင်ရှင်မသိပါဟု အကြောင်းပြရုံမျှနှင့် လွယ်လင့်တကူ လက်ခံခွင့်ပြုရန် မဟုတ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးဝင်းမြင့်အောင် ၉၅

ငှားရမ်းထားသော အိမ်ခန်း၏ရှေ့မျက်နှာစာရှိ တံခါးတွင် ခတ်ထားသော သော့များနှင့် အခန်းနောက်ဘက်တွင် ကာရံထားသော သံပန်းတို့ကို ဖယ်ရှားပေးရန် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၂၂ (၁) အရ အမိန့်ချမှတ်ခြင်းမှာ မှန်ကန်ခြင်း ရှိ-မရှိ။

ဆုံးဖြတ်ချက်။ ။ အမှတ် (၂) အယူခံတရားခံ ဦးစိုးသူနှင့် မွေးစားမိခင် ဒေါ်ခင်မေဌေးတို့သည် အချင်းဖြစ်အမှုကိစ္စများ ပေါ်ပေါက်ပြီးနောက်ပိုင်းတွင် အခန်းနောက်ဘက်ဘေးရှိ တံခါးပေါက်အား အသုံးပြု၍ အခန်းနောက်ဘက်ပိုင်းနှင့် ထပ်ခိုးတို့တွင် နေထိုင်လျက်ရှိသဖြင့် အခန်းတစ်ခုလုံးကို လက်လွှတ်ဆုံးရှုံးခြင်း မရှိပေ။ ထို့ပြင် အယူခံ တရားလို ဦးကြည်ဝင်းသည် အခန်း၏တစ်စိတ်တစ်ဒေသကို ငှားရမ်းအသုံးပြုနေသူတစ်ဦး ဖြစ်သည်။ အငှားချထားသူ ဒေါ်ခင်မေဌေးနှင့်

၎င်း၏မွေးစားသားဖြစ်သူ ဦးစိုးသူတို့တွင် အချင်းဖြစ်အခန်းကို စာမျက်နှာ လက်လွှတ်ဆုံးရှုံးခြင်း (Dispossessed) မရှိဘဲ ဖြတ်သန်းသွားလာခွင့် ဆုံးရှုံးသည့် အနေအထားမျိုး ပေါ်ပေါက်သည်ကို တွေ့ရသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) ပါ ပြဋ္ဌာန်းချက်အရဆိုလျှင် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို လက်လွှတ်ဆုံးရှုံးမှု ရှိမှသာလျှင် လက်လွှတ်ခံရသူအား ပိုင်ဆိုင်ခွင့်ကို ပြန်လည်ပေးအပ်သည့်အမိန့် ချမှတ်နိုင်သည်။ အိမ်ရှင် ဒေါ်ခင်မေဌေး တို့အနေဖြင့် ငှားရမ်းထားသော အခန်းတစ်ခန်းလုံး လက်လွှတ်ဆုံးရှုံး ခြင်း မရှိသဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) ပါ လုပ်ပိုင် ခွင့်ကို ကျင့်သုံးပြီး အခန်း၏လုံခြုံမှု အကာအရံများကို ဖယ်ရှားပေးရန် အမိန့်ချမှတ်နိုင်မည် မဟုတ်ပေ။

ဦးကြည်ဝင်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၂ 　　　　၁

**မူးယစ်ဆေးဝါးတွေ့ရှိသော အိမ်တွင် တရားခံနေထိုင်ကြောင်း သက်သေပြရန်တာဝန်သည် တရားလိုအပေါ် မကျရောက် ကြောင်း အကြောင်းချင်းရာအပေါ် သုံးသပ်ချက်၊ တရားခံ အိမ်အဖြစ် သက်သေခံအထောက်အထားများ ရှိနေသော အမှုတွင် မိမိမနေထိုင်ကြောင်း တရားခံက သက်သေပြရန် တာဝန်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ အချင်းဖြစ်အိမ်တွင် ဒေါ်စိန်ကိုမိပြီး အခြားသူ နေထိုင်သော အိမ်ဖြစ်ကြောင်း ဒေါ်စိန်က သက်သေ လုံးဝမပြနိုင်။

မှုလမှုတွင် တရားလိုဘက်မှ ဒေါ်စိန်နေထိုင်သော အိမ်ဖြစ်ကြောင်း (ရယက) လူကြီးများဖြင့်လည်းကောင်း၊ အိမ်ထောင်စုစာရင်းများဖြင့် လည်းကောင်း သက်သေပြရန် တာဝန်မရှိ။ စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်။** ။ အချင်းဖြစ်အိမ်ခန်းတွင် ဒေါ်စိန်၏ဓာတ်ပုံကို တွေ့ရှိရသည်။ ထိုအိမ်တွင် ဦးမင်းဇော်လတ်၊ ဒေါ်ခင်သက်ဆွေနှင့် ဒေါ်စိုးတို့ နေထိုင်သည်ဟု ထုချေသော်လည်း ယင်းသက်သေများကို မပြ။ မူးယစ်ဆေးဝါး ရှာဖွေဖမ်းဆီးခွင့်အမိန့်တွင်လည်း ဒဂုံမြောက်၊ ငွေပြည်သာ ၂ လမ်း၊ အမှတ် (၁၁) ရှိ ဒေါ်စိန်အိမ်ဟု အတိအကျ ဖော်ပြထားရာ အချင်းဖြစ်အိမ်မှာ ဒေါ်စိန်၏အိမ် သို့မဟုတ် ဒေါ်စိန်၏ အစီအမံဖြင့် ထားရှိသည့်နေရာ ဖြစ်သည်။

ယင်းအိမ်မှ မူးယစ်ဆေးဝါး ဘိန်းဖြူ ၅၄. ၀၂၃၈ ဂရမ် သိမ်းဆည်းရမိခြင်းအတွက် ဒေါ်စိန်ကို မူလရုံးက ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) အရ ထောင်ဒဏ် (၂၅) နှစ် ချမှတ်ထားခြင်းမှ လျှော့ပေါ့ပေးရန် မဖြစ်နိုင်။

ဒေါ်စိန် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၇၂

ဖြောင့်ချက်ကို ပြန်လည်ရုပ်သိမ်းသော်လည်း ထောက်ခံသည့် သက်သေခံချက်များရှိကြောင်း သုံးသပ်၍ အပြစ်ပေးခြင်း၊ မုဒိမ်းမှုကျူးလွန်စဉ် လူသတ်ခြင်းမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ဂ) တွင် အကျုံးဝင်ခြင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၇၁ အရဆိုလျှင် မုဒိမ်းမှုအတွက် သီးခြားပြစ်ဒဏ်မချမှတ်နိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ ဖြောင့်ချက်ကို ရဲကရိုက်နှက်၍ ပေးရကြောင်း စာမျက်နှာ ဖြင့် တရားခံတို့က ဖြောင့်ချက်ကို ပြန်လည်ရုပ်သိမ်းသည်။ သို့သော် ဖြောင့်ချက်များကို တရားသူကြီးက နည်းလမ်းတကျယူသည်။ ဥပဒေ နှင့်အညီ ဆောင်ရွက်ထားသည်။ ဖြောင့်ချက်ကို ထောက်ခံသော တရားလိုဘက် သက်သေခံချက်များမှာ တစ်ဆက်တစ်စပ်တည်း ဖြစ် သည်။ ကွင်းဆက်မိသည်။

အချင်းဖြစ်စဉ်က သေသူမိန်းကလေး၏အသက်မှာ (၁၃) နှစ် (၉) လသာရှိသေးရာ ၎င်းသဘောတူ၍ ကာမစပ်ယှက်သည်ဆိုလျှင် လည်း တရားခံတို့သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၅ ပဉ္စမအပိုဒ်ပါ ပြဋ္ဌာန်းချက်အရ မုဒိမ်းမှုမြောက်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။ တရားခံများကို မူလရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ဂ) အရ ပြစ်ဒဏ်အပြင် ပုဒ်မ ၃၇၆ အရ ပြစ်ဒဏ်ပါ ချမှတ်သည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၇၁ ၏ ပြဋ္ဌာန်းချက် အရလည်း တရားခံတစ်ဦးအား ပြစ်မှုတစ်ရပ်အတွက် (၂) ကြိမ် ပြစ်ဒဏ်စီရင်ခြင်း မပြုနိုင်ပေ။ ထို့ကြောင့် ပုဒ်မ ၃၇၆ အရ ချမှတ်ထား သည့် တစ်သက်တစ်ကျွန်းဒဏ်အသီးသီးကို ပယ်ဖျက်လိုက်သည်။

မူလမှုကျူးလွန်စဉ် လူသတ်ခြင်းမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ဂ) တွင် အကျုံးဝင်သဖြင့် မူလရုံးက ချမှတ်ထားသည့် သေဒဏ်အမိန့်ကို အတည်ပြုသည်။

မိုးဝင်း ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မိုးဝင်း ပါ ၂

နိုင်ငံပိုင်သံပြားများကို ဂိုဒေါင်မှထုတ်ယူ၍ ပြင်ပတွင်ရောင်းစားခြင်း မှာ ခိုးမှုကျူးလွန်ခြင်း သို့မဟုတ် အလွဲသုံးစား ပြုလုပ်ခြင်း ဖြစ်၍ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ အပြစ် ရှိခြင်း။ စာမျက်နှာ

ဆုံးဖြတ်ချက်။ ။ ဂိုဒေါင်မှ သံပြားများကို ဖောက်ကလစ် မောင်းသူ လင်းကြည်က သယ်ယူလာပြီး ကားပေါ်တင်ပေးရသည်။ ကားမှာ ဌာနဆိုင်ရာကားဖြစ်ပြီး မှောင်သောကြောင့် နံပါတ်မမှတ်မိ သော်လည်း ကားဘေးနားတွင် ဦးမြဂဲ၊ ဦးအောင်ဆန်း၊ ကိုထွန်းအောင် နှင့် ကိုကြည်စိုးတို့ ရှိနေသည်ကို လင်းကြည်မြင်တွေ့သည်။ ဂိုဒေါင်မှ သံပြားများကို ထုတ်ယူရာတွင် ကိုကြည်စိုးပါပြီး ကားဖြင့်တင်ကြောင်း ပေါ်ပေါက်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။ သိန်းနှင့်ချီတန်သော နိုင်ငံပိုင်သံပြားများ ကို ဂိုဒေါင်မှထုတ်ယူ၍ ပြင်ပတွင်ရောင်းစားခြင်းမှာ ခိုးမှုကျူးလွန်ခြင်း ဖြစ်သည်။ အလွဲသုံးစားပြုလုပ်သည်ဟု သတ်မှတ်လျှင်လည်း မှားရန် အကြောင်းမရှိ။ မူလရုံးက အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ် စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ ထောင်ဒဏ် (၁၀) နှစ်စီ ချမှတ် ထားခြင်းသည် မှားယွင်းချွတ်ချော်မှုမရှိ။

ဦးသိန်းအေး / ဦးကြည်စိုး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၆၇

(ဏ) ညွှန်းချက်

အချင်းဖြစ်အိမ်တွင် ဖဲလောင်းကစားရန် မူလရုံးတရားခံများ စာမျက်နှာ
ရောက်ရှိနေသည်ဟု တစ်ထစ်ချမဆိုနိုင်။ ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေပုဒ်မ ၁၃ (က) အရ ပြစ်မှုကျူးလွန်ရာ မရောက်ဟု ဆုံးဖြတ်လျှင် လျှောက်ထားသူအိမ်ရှင်အား လောင်းကစားအိမ် ဖွင့်လှစ်သည်ဟု ကောက်ယူ၍ ယင်း ဥပဒေပုဒ်မ ၁၄ (က) အရ ပြစ်မှုထင်ရှားစီရင်ခြင်းပြုနိုင်/ မပြုနိုင်။

**ဆုံးဖြတ်ချက်။** ။ သတင်းအရ ရဲတပ်ဖွဲ့ဝင်များက သက်သေများ နှင့်အတူ ဒေါ်ငယ်၏အိမ်ကို ဝင်ရောက်ရှာဖွေရာ သက်သေခံ (ခ) ပါ လောင်းကစားကိရိယာများကို ရှာဖွေ သိမ်းဆည်းရမိသဖြင့် ဒေါ်ငယ်၏ အိမ်သည် လောင်းကစားအိမ်ဖွင့်လှစ်ကြောင်း အချက်ကို ညွှန်ပြနေသည်။ ကျန်တရားခံများသည် ဖဲလောင်းကစားခြင်းပြုသည်ဟု အတိအကျ မဆိုနိုင်၍ အမှုမှအပြီးအပြတ်လွှတ်ခဲ့ခြင်းကို အကြောင်း ပြု၍ ဒေါ်ငယ်၏အိမ်မှ လောင်းကစားကိရိယာပစ္စည်းများ သိမ်းဆည်း ရမိသည့်အချက်မှာ ပျက်ပြယ်သွားမည် မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ အချင်းဖြစ်အိမ်တွင် ဖဲလောင်းကစားရန် မူလရုံးတရားခံများ ရောက်ရှိနေသည်ဟု တစ်ထစ်ချမဆိုနိုင်သဖြင့် ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေပုဒ်မ ၁၃ (က) အရ ပြစ်မှုကျူးလွန် ရာမရောက်ဟု ဆုံးဖြတ်ခဲ့သော်လည်း လျှောက်ထားသူ အိမ်ရှင်အား လောင်းကစားအိမ် ဖွင့်လှစ်သည်ဟု ကောက်ယူ၍ ယင်းဥပဒေပုဒ်မ ၁၄ (က) အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ လျော်ကန်သင့်မြတ်မှု ရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

ဒေါ်ငယ် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၅

၁၉၈၉ ခုနှစ်၊ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ စာမျက်နှာ ၃ (ခ) ပါ စာတိုက်နှင့်ကြေးနန်း ဆက်သွယ်ရေးလုပ်ငန်းများ ကို နိုင်ငံတော်အစိုးရကသာ ဆောင်ရွက်ခွင့်ရှိခြင်း။

**ဆုံးဖြတ်ချက်။** ။ ကုမ္ပဏီများမှ ပြည်ပနိုင်ငံများနှင့် တယ်လီဖုန်းပြောသော်လည်း နိုင်ငံတော်မှ ငွေကြေး ကောက်ခံ၍မရပေ။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ နိုင်ငံတကာ ဆက်သွယ်ရေးလမ်းကြောင်းကိုမူ အသုံးပြုသွားကြောင်း ထင်ရှားသည်။ ကောဘက်စနစ်ကို အသုံးပြုပြီး အယူခံတရားလိုများက နိုင်ငံခြားငွေလက်မှတ် တန်ဖိုး ၃၂၁၀၈၀. ၈၀ ယူနစ် ကောက်ခံရယူခဲ့သဖြင့် ၁၉၈၉ ခုနှစ်၊ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၉ အရ အပြစ်ရှိသည်။

| | | | |
|---|---|---|---|
| ဦးမောင်မောင်သန်း / ဦးအောင်သန်းမြင့် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၁၃၃ |

မည်သည့်အခါတွင် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) အရ ရောင်းချမှုမြောက်ခြင်းနှင့် ပုဒ်မ ၁၉ (က)/၂၂ (ဂ) အရ ရောင်းချရာတွင် ကလေးသူငယ်ကို အသုံးချရာရောက်ခြင်း။

**ဆုံးဖြတ်ချက်။** ။ ခင်မာချို၏ လွယ်အိတ်ထဲမှ ဆေးခြောက် (၂) ထုပ်မှာ အလေးချိန် (၃) ပိဿာကျော်ဖြစ်၍ ရောင်းချရန် လက်ဝယ်ထားခြင်းဖြစ်၍ ပုဒ်မ ၁၉ (က) အရ ပြစ်မှုကျူးလွန်ရာရောက်သည်။ ၎င်းနှင့်အတူ ပါလာသူ ၎င်း၏တူ အသက် (၁၄) နှစ်အရွယ်ရှိ မောင်အောင်

အောင်၏ ဆွဲခြင်းထဲမှ ဆေးခြောက် (၂) ထုပ်တွေ့ရှိသည်။ အလေးချိန် စာမျက်နှာ (၁) ပိဿာကျော် ဖြစ်သည်။ ဆေးခြောက်ရောင်းချရာတွင် အသက် (၁၆) နှစ် မပြည့်သေးသော ကလေးသူငယ်ကို အသုံးချသဖြင့် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉ (က)/၂၂ (ဂ) အရ ပြစ်မှုကျူးလွန်ရာရောက်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ပြုလုပ်မှုမှာ တစ်ရပ်တည်းဖြစ်၍ မူလရုံးက သီးခြားပြစ်ဒဏ်ချမှတ်ခြင်းမှာ ဥပဒေနှင့် ဆန့်ကျင်သည်။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉ (က) အရ ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုသည်။ ထောင်ဒဏ် (၁၀) နှစ် ချမှတ်ထားသည့် အမိန့်ကို ပယ်ဖျက်သည်။ ပုဒ်မ ၁၉ (က)/၂၂ (ခ) အရ အလုပ်နှင့်နှစ်အကန့်အသတ်မရှိ ထောင်ဒဏ် ချမှတ်ထားသည့် အမိန့်ကို ဆက်လက်အတည်ပြုသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ခင်မာချို ၈၅

**နေအိမ်ခန်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရာ၌ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာဥပဒေပုဒ်မ ၂၄ (ခ) နှင့် ညီညွတ်ရန်လိုခြင်း။**

**ဆုံးဖြတ်ချက်။** ။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၄ (ခ) တွင် ပုဒ်မ ၁၉ သို့မဟုတ် ၂၀ အရ ပြစ်ဒဏ်ချမှတ်လျှင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ပြစ်မှုနှင့်သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သော

ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူသည့် အမိန့်ချမှတ်ရမည်ဟု **စာမျက်နှာ** ပြဋ္ဌာန်းထားသည်။

ပုဇွန်တောင်မြို့နယ်၊ ဦးဝိဇ္ဇာလမ်း၊ တိုက်အမှတ်- ၁၅၊ တတိယထပ်၊ ဝဲဘက်အခန်းတွင် မူးယစ်ဆေးဝါးဘိန်းဖြူများ ရှာဖွေသိမ်းဆည်းရမိကြောင်းသာ ပေါ်လွင်သည်။ ပန်းဘဲတန်းမြို့နယ်၊ အမှတ်- ၆ ရပ်ကွက်၊ ၂၉-လမ်း၊ အမှတ်- ၆၄၊ အခန်း- ၄၆ သည် တရားခံ မောင်တင့်လွင် (ခ) တောသား နေထိုင်သော အခန်းဖြစ်ခြင်း တစ်ချက်သာရှိပြီး အဆိုပါအခန်းတွင် မူးယစ်ဆေးဝါး တစ်စုံတစ်ရာ ရှာဖွေသိမ်းဆည်းရမိခြင်း မရှိသည့်အပြင် မူးယစ်ဆေးဝါး ရောင်းချရရှိငွေဖြင့် ဝယ်ယူခဲ့သည့်အခန်းဖြစ်ကြောင်း သက်သေခံချက် တစ်စုံတစ်ရာ မရှိသဖြင့် အဆိုပါအခန်းသည် ပြစ်မှုနှင့်သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းဖြစ်ကြောင်း ကောက်ယူနိုင်မည်မဟုတ်ပေ။

မောင်တင့်လွင်(ခ)တောသား နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်  ၆၁

**တရားခံအား မူလရုံးက ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆ (ဂ) အရ ပြစ်မှုထင်ရှားစီရင်ခြင်းကို တရားရုံးချုပ်က အတည်ပြုခဲ့ခြင်းမှာ မှန်ကန်မှုရှိ-မရှိ။**

**ဆုံးဖြတ်ချက်။** ။ ဝင်းယုံ မောင်းနှင်သောကားကို ဖမ်းဆီးရာတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ကြသူ ရဲအုပ်ဒိုင်နာအောချဒ်၏ ထွက်ဆိုချက်နှင့် ရှာဖွေရာတွင်ရှိနေသူ (ရဝတ) ဥက္ကဋ္ဌ ဦးမောင်မောင်မြင့်၏ ထွက်ဆို

ချက်များကို စိစစ်ကြည့်မည်ဆိုလျှင် ကားနောက်ခန်း ကူရှင်ပေါ်တွင် စာမျက်နှာ တွေ့ရသော အနွေးထည်ဂျာကင်အင်္ကျီမှာ သူရစိုး၏ဂျာကင်အင်္ကျီသာ ဖြစ်ကြောင်း ထင်ရှားသည်။ ယင်းဂျာကင်အင်္ကျီထဲမှ တွေ့ရသော မူးယစ်ဆေးဝါးပစ္စည်းများကို သူရစိုးက သက်သေခံ (ခ) ရှာဖွေပုံစံတွင် လက်မှတ်ရေးထိုးပေးအပ်သည်။ သို့ဖြစ်ရာ သက်သေများ၏ ထွက်ဆို ချက်တွင် အနည်းငယ်ကွဲလွဲချက်ရှိရုံမျှဖြင့် ယင်းထွက်ဆိုချက်အားလုံး ကို မယုံကြည်ထိုက်ဟူ၍ ပစ်ပယ်ရန်မဟုတ်။ သက်သေများ၏ ထွက်ဆို ချက် အနှစ်သာရကို ချိန်ဆကြည့်မည်ဆိုလျှင် အဓိကကျသောအချက် တွင် ကွဲလွဲချက်မရှိဘဲ တူညီနေသည်ကို တွေ့ရမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ဝင်းယုံ၏ဖြောင့်ချက်သည် မိမိကိုယ်မိမိ ကိုယ်လွတ်ရုန်းပြီး ပူးတွဲတရားခံ သူရစိုးအပေါ် အပြစ်ပုံချသည့် ဖြောင့်ချက်မျိုးမဟုတ်သဖြင့် ယင်းဖြောင့်ချက်ကို ပူးတွဲတရားခံ သူရစိုး အပေါ် အသုံးပြုနိုင်ပေသည်။ ဖြောင့်ချက်တွင်ပါရှိသော အချက် အလက်များကို အမှုတွင်ပေါ်ပေါက်သော သက်သေခံ အထောက် အထားများနှင့် ယှဉ်တွဲစဉ်းစားပါက အယူခံတရားလို သူရစိုးသည် ပြစ်မှုကျူးလွန်ကြောင်း မြင်သာထင်ရှားသဖြင့် မူလတရားရုံးနှင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) က သူရစိုးအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ် ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆ (ဂ) အရ အလုပ်နှင့်ထောင်ဒဏ် (၅) နှစ်ကျခံစေရန် အမိန့်ချမှတ် ခြင်းမှာ မှားယွင်းမှုမရှိပေ။

မူးယစ်ဆေးဝါး အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် "အာနိသင်" ဆိုသော စာမျက်နှာ
စကားရပ် ပါဝင်ခြင်းရှိ-မရှိ။

ဆုံးဖြတ်ချက်။ ။ မူးယစ်ဆေးဝါးဆိုသည်မှာ မူးယစ်ဆေးဝါး တစ်မျိုးမျိုး ပါဝင်သည့်အရာနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဖြစ်သည်။ ယင်းအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် "အာနိသင်" ဆိုသော စကားရပ် မပါရှိပေ။ အာနိသင်သည် ရုပ်ဝတ္ထုသော်လည်းကောင်း၊ အလေးချိန်သော်လည်းကောင်း ပါရှိသောပစ္စည်း မဟုတ်သဖြင့် ဘိန်း အာနိသင်ပါရှိသော ပင်နယ်စလင်ပုလင်းခွံ (၂) လုံးကို မူးယစ်ဆေးဝါး ဖြစ်သည်ဟုသော်လည်းကောင်း၊ စိတ်ကိုပြောင်းလဲစေသော ပစ္စည်း ဖြစ်သည်ဟုသော်လည်းကောင်း ဆိုနိုင်မည် မဟုတ်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။ ဤအမှုတွင် အယူခံတရားလို သက်နိုင် (ခ) သိုက်စိုး၏ ညာဘက်လက်ဖျံတွင် ဆေးထိုးအပ်ရာ တွေ့ရှိသဖြင့် ၎င်းအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅ အရ ပြစ်မှုထင်ရှားစီရင်ခဲ့ပြီး ဖြစ်သည်။ ထိုသို့ မူးယစ်ဆေးဝါးကို မှတ်ပုံမတင်ဘဲ သုံးစွဲမှုအတွက် ပြစ်မှု ထင်ရှားစီရင်ခံရသဖြင့် ၎င်းနေအိမ်မှ တွေ့ရှိရသော ဘိန်းအာနိသင် ရှိသည့် ပင်နယ်စလင်ပုလင်းခွံ (၂) လုံးမှာ မူးယစ်ဆေးဝါးထည့်၍ အသုံးပြုသောပစ္စည်း ဖြစ်ရမည်ဟူ၍ ကောက်ယူကာ မူးယစ်ဆေးဝါး ကို လက်ဝယ်ထားရှိမှုအတွက် အယူခံတရားလိုအား ပြစ်မှုထင်ရှား စီရင်မည်ဆိုပါက ထင်ကြေးဖြင့် အပြစ်ပေးရာရောက်မည် ဖြစ်သည်။

သက်နိုင် (ခ) သိုက်စိုး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၄၉

အက်ဖီဒရင်း ဓာတုဗေဒပစ္စည်း သိမ်းဆည်းရရှိမှုဖြင့် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေပုဒ်မ ၁၆ (ခ) အရ ပြစ်မှုထင်ရှား စီရင်ခြင်း ခံရသူများအပေါ် ၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန် ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၁) အရ ပြစ်မှု ထင်ရှားစီရင်ခြင်းမှာ ၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက် အဓိပ္ပါယ် ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ခြင်း။ စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။ မောင်အောင်မင်း၊ မခင်မော်ဝင်း၊ မောင်ရွှေကြီး၊ မောင်ရွှေကိန်း၊ မောင်ဌေး၊ မောင်မြင့်မောင် နှင့် မောင်သန်းထွန်းတို့ အပေါ် အက်ဖီဒရင်း ၁၂၃. ၆၁၃ ကီလိုဂရမ် တွေ့ရှိရမှုကို အခြေပြု လျက် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉(က)/၂၀/၂၁ နှင့် ၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅(၁) အရ မော်လိုက်ခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့ပြီး ယင်းပြစ်မှုများဖြင့် ထင်ရှားစီရင်ခဲ့ခြင်းသည် ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပါယ် ဖွင့်ဆိုရေးဥပဒေပုဒ်မ ၂၂ ပါ ပြဋ္ဌာန်း ချက်နှင့် ဆန့်ကျင်လျက်ရှိကြောင်း တွေ့ရှိသည်။

မောင်သန်းထွန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၅၉

မောင်ရွှေကိန်း ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်

မောင်ရွှေကြီး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်

+ ၂၀၀၀
ဒီဇင်ဘာလ
၁ ရက်

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊
တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့် နှင့် ဦးမြင့်သိန်း
တို့ရှေ့တွင်

ဦးကြည်ဝင်း

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၂*

ငှားရမ်းထားသော အိမ်ခန်း၏ရှေ့မျက်နှာစာရှိ တံခါးတွင် ခတ်ထားသော သော့များနှင့် အခန်းနောက်ဘက်တွင် ကာရံထားသော သံပန်းတို့ကို ဖယ်ရှားပေးရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) အရ အမိန့်ချမှတ်ခြင်းမှာ မှန်ကန်ခြင်း ရှိ-မရှိ။

ဆုံးဖြတ်ချက်။ ။ အမှတ် (၂) အယူခံတရားခံ ဦးစိုးသူနှင့် မွေးစားမိခင် ဒေါ်ခင်မဌေးတို့သည် အချင်းဖြစ်အမှုကိစ္စများ ပေါ်ပေါက်ပြီးနောက်ပိုင်းတွင် အခန်းနောက်ဘက်ဘေးရှိ တံခါးပေါက်အား အသုံးပြု၍ အခန်းနောက်ဘက်ပိုင်းနှင့် ထပ်ခိုးတို့တွင် နေထိုင်လျက်ရှိသဖြင့် အခန်းတစ်ခုလုံးကို လက်လွှတ်ဆုံးရှုံးခြင်း မရှိပေ။ ထို့ပြင် အယူခံတရားလို ဦးကြည်ဝင်းသည် အခန်း၏တစ်စိတ်တစ်ဒေသကို ငှားရမ်း

---

* ၂၀၀၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၃

\+ ၁၉၉၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၇၇ (ခ) တွင် ချမှတ်သော ၁၀-၁၂-၉၉ ရက်စွဲပါ တရားရုံးချုပ်၏အမိန့်ကို အထူးအယူခံမှု

အသုံးပြုနေသူတစ်ဦး ဖြစ်သည်။ အငှားချထားသူ ဒေါ်ခင်မေငွေးနှင့် ၎င်း၏မွေးစားသားဖြစ်သူ ဦးစိုးသူတို့တွင် အချင်းဖြစ်အခန်းကို လက်လွတ်ဆုံးရှုံးခြင်း (Dispossessed) မရှိဘဲ ဖြတ်သန်းသွားလာခွင့် ဆုံးရှုံးသည့် အနေအထားမျိုး ပေါ်ပေါက်သည်ကို တွေ့ရသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) ပါ ပြဋ္ဌာန်းချက်အရဆိုလျှင် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို လက်လွတ်ဆုံးရှုံးမှု ရှိမှသာလျှင် လက်လွတ်ခံရသူအား ပိုင်ဆိုင်ခွင့်ကို ပြန်လည်ပေးအပ်သည့်အမိန့် ချမှတ်နိုင်သည်။ အိမ်ရှင် ဒေါ်ခင်မေငွေး တို့အနေဖြင့် ငှားရမ်းထားသော အခန်းတစ်ခန်းလုံး လက်လွတ်ဆုံးရှုံး ခြင်း မရှိသဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) ပါ လုပ်ပိုင် ခွင့်ကို ကျင့်သုံးပြီး အခန်း၏လုံခြုံမှု အကာအရံများကို ဖယ်ရှားပေးရန် အမိန့်ချမှတ်နိုင်မည် မဟုတ်ပေ။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးဘရီ၊ တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားခံများအတွက် | - | ၁။ ဦးမြင့်နိုင် ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး |
| | | ၂။ ဦးတင်ထွန်း၊ တရားရုံးချုပ်ရှေ့နေ |

လသာမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၉၁/၉၈ တွင် ဦးစိုးသူက ဦးကြည်ဝင်းအပေါ်တွင် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၄၁ အရ စွဲဆိုရာ ပြစ်မှုထင်ရှားတွေ့ရှိရသဖြင့် ငွေဒဏ် ၅၀၀/- ကျပ် ပေးဆောင်စေရန်နှင့် ပျက်ကွက်ပါက အလုပ်မဲ့ထောင်ဒဏ် (၇)ရက် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းသို့ အမိန့်ချမှတ်ပြီး နောက် လသာမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအထွေထွေမှုအမှတ် ၄၄/၉၉ တွင် ဦးစိုးသူက လသာမြို့နယ်၊ အမှတ် (၅) ရပ်ကွက်၊

မဟာဗန္ဓုလလမ်း၊ အမှတ်- ၆၅၁၊ မြေညီထပ် ၁၂ ဒဿမ ၆ ပေ × ၂၀ ပေ အကျယ်အဝန်းရှိ အခန်းကို ဦးကြည်ဝင်းထံမှ ပြန်လည်လက်ရှိ ပိုင်ဆိုင်ပေးအပ်စေရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) အရ လျှောက်ထားရာ လသာမြို့နယ်တရားရုံးက ဦးကြည်ဝင်းမှ အချင်းဖြစ်အခန်း ရှေ့မျက်နှာစာရှိ သံဘာဂျာတံခါးတွင် ခတ်လျက်ပိတ်ထားသော သော့များနှင့် အခန်းနောက်ဘက် ကာရံထားသော သံပန်းတို့ကို ဖယ်ရှားပေးစေရန် အမိန့်ချမှတ်ခဲ့သည်။

ယင်းအမိန့်ကို ဦးကြည်ဝင်းက မကျေနပ်သဖြင့် ရန်ကုန်တိုင်းတရားရုံး (အနောက်ပိုင်းခရိုင်) တွင် ပြင်ဆင်မှုအမှတ် ၃၀၂/၉၉ ဖြင့် ပြင်ဆင်မှုလျှောက်ထားရာ အကျဉ်းနည်းပလပ်ခံရသည်။ ဦးကြည်ဝင်းက တရားရုံးချုပ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၃၇ (ခ)/၉၉ အရ လျှောက်ထားရာ အကျဉ်းနည်းပလပ်ခံရသဖြင့် တရားရုံးချုပ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူးအယူခံမှု) အမှတ် ၂၁၃/၉၉ တွင် ဆက်လက်လျှောက်ထားရာ အောက်ပါပြဿနာကို စုံညီခုံရုံး (ယခု အထူးအယူခံခုံရုံး) ဖြင့် ပြန်လည်ကြားနာဆုံးဖြတ်နိုင်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

> "တရားရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄၁ အရ ပြစ်ဒဏ်ချမှတ်သည့်အမိန့်ကို အားကိုးပြု၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) အရ လျှောက်ထားမှုတွင် ဥပစာကို ငှားရမ်းထားသူ ဦးကြည်ဝင်း ရရှိမည့် မူလအခြေခံအခွင့်အရေးဖြစ်သော ငှားရမ်းထားသည့် ဥပစာလုံခြုံမှု၊ ထားရှိသော ရွှေ့ထည်ပစ္စည်း လုံခြုံမှု အခွင့်အရေးကို လျစ်လျူရှု၍ ယင်းအခွင့်အရေးကိုဆုံးရှုံးစေလျက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) အရ အိမ်ခန်းအငှားချထားသူက လျှောက်ထားသည့်အတိုင်း အိမ်ခန်းငှားရမ်းသူ ဆောင်ရွက်ထားသော လုံခြုံမှု အကာအရံများ ဖယ်ရှားပေးစေရန် သက်သာခွင့်ပေးခြင်းသည် ဥပဒေ

လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှန်ကန်၊ တရားမျှတမှုရှိ-မရှိ။"

ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ အမှတ်- ၆၅၁၊ မြေညီထပ် ရှေ့မျက်နှာစာဘက်ရှိ (၁၂ ၂/၃ ပေ × ၂၀ ပေ) အကျယ်အဝန်းရှိ အခန်းကို ဒေါ်ခင်မေငွေးက ဦးကြည်ဝင်းအား တစ်လလျှင် ငွေကျပ် ၇၀၀၀၀/- နှုန်းဖြင့် (၃) နှစ်အတွက် ၁၉၉၆ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် သက်သေခံ (ခ-၄) စာချုပ်ချုပ်ပြီး ငှားရမ်းခဲ့သည်။ အဆိုပါအခန်းတွင် ဦးကြည်ဝင်းက ရွှေဆိုင်ဖွင့်လှစ်သည်။ ဆိုင်ခန်းဖွင့်လှစ်ရန် အချိန်ကို နံနက် ၇ နာရီမှ ည ၇ နာရီအထိ စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည်။ ထိုသို့နေထိုင်လာခဲ့ရာမှ ဦးကြည်ဝင်းသည် မြေညီထပ်အခန်း၏ မျက်နှာစာတံခါးဝရှိ နှစ်ဦးနှစ်ဖက် ဝင်ထွက်သွားလာနိုင်ရန် ခတ်ထားသည့် သော့ခလောက်အပြင် (၁-၁၀-၉၈) ရက်နေ့တွင် ၎င်းပိုင်သော သော့ခလောက်တစ်လုံးကို ထပ်မံခတ်သဖြင့် ဦးကြည်ဝင်းအပေါ် အရေးယူပေးရန် ဒေါ်ခင်မေငွေး၏ မွေးစားသား ဦးစိုးသူက လသာရဲစခန်းတွင် တိုင်ကြားခဲ့သည်။

လသာမြို့နယ်တရားရုံးက ဦးကြည်ဝင်းသည် ည (၇) နာရီနောက်ပိုင်းတွင် တရားလိုဘက်မှ လက်ရှိထား ဝင်ထွက်သွားလာအသုံးပြုသော အချင်းဖြစ်ဥပစာကို ဝင်ထွက်သွားလာ၍ မရအောင် သော့ခတ်ပိတ်ထားကြောင်း သုံးသပ်ပြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄၁ အရ ဦးကြည်ဝင်းအပေါ် ဒဏ်ငွေ ၅၀၀/- တပ်ရိုက်ခဲ့သည်။

ယင်းသို့ ပြစ်မှုထင်ရှားစီရင်ခံရသည်ကို အကြောင်းပြုပြီး ဦးစိုးသူက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) အရ ဦးကြည်ဝင်း ငှားရမ်းထားသော အိမ်ခန်းအား ပြန်လည်ပေးအပ်သည့် အမိန့်ချမှတ်ပေးပါရန် လသာမြို့နယ်တရားရုံးတွင် လျှောက်ထားခဲ့သည်။ ယင်းလျှောက်ထားချက်အပေါ် လသာမြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာအထွေထွေမှုအမှတ် ၄၇/၉၉ ဖွင့်လှစ်ပြီး နှစ်ဖက်ကြားနာပြီး အယူခံတရားလို ဦးကြည်ဝင်းသည် အခန်း၏ရှေ့မျက်နှာစာရှိ သံဘာဂျာတံခါး

တွင် ခတ်ထားသော သော့များနှင့် အခန်းနောက်ဘက်တွင် ကာရံထားသော သံပန်းတို့ကို ဖယ်ရှားပေးရန် အမိန့်ချမှတ်ခဲ့သည်။

အယူခံတရားလို၏ အကျိုးဆောင်က မြို့နယ်တရားရုံးက ချမှတ်သော အမိန့်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ ပါ ပြဋ္ဌာန်းချက်အတွင်း ကျရောက်ခြင်းမရှိသဖြင့် ဥပဒေနှင့်မညီကြောင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၀ အရ အနိုင်အထက်ပြုသည်ဆိုရာတွင် လူတစ်ဦးတစ်ယောက်အား တိုက်ရိုက်ထိခိုက်ခြင်းကို ရည်ညွှန်းကြောင်း၊ အမှတ် (၂) အယူခံတရားခံအား မည်သို့မျှထိခိုက်ခြင်း မရှိဘဲ သက်မဲ့ပစ္စည်းဖြစ်သည့် အဆောက်အအုံဆိုင်ခန်းကို သော့ခတ်ခြင်း၊ ကာရံခြင်းသာဖြစ်၍ အနိုင်အထက်ပြုမှုတို့မှာ မသက်ဆိုင်ကြောင်း ၊ ဆိုင်ခန်းကို ပြစ်မှုမကင်းသော အနိုင်အထက်ပြုပြီး ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း သုံးသပ်ဆုံးဖြတ်ခြင်းသည် ဥပဒေနှင့်မညီ မှားယွင်းချွတ်ချော်နေကြောင်း ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄၁ အရ တရားစွဲဆိုခြင်းကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ တွင် ထည့်သွင်းပြဋ္ဌာန်းထားခြင်း မရှိကြောင်း တင်ပြလျှောက်လဲသည်။

အမှတ် (၂) အယူခံတရားခံ၏ အကျိုးဆောင်က ဦးကြည်ဝင်းကို အချိန်ပိုင်းနှင့် နေရာသတ်မှတ်ကာ ဆိုင်ဖွင့်လှစ်ရောင်းချခွင့်ကို ငှားရမ်းခြင်းသည် အိမ်ရှင်အိမ်ငှားကဲ့သို့ ငှားရမ်းခဲ့ခြင်း မဟုတ်ကြောင်း၊ ဦးကြည်ဝင်းသည် ငှားရမ်းထားသည့်နေရာကို ဝင်ထွက်ခွင့်မရှိအောင် စတင်ပိတ်ဆို့ပြီး ဦးစိုးသူတို့ ငှားရမ်းထားသည့်အခန်းကို လက်လွှတ်ဆုံးရှုံးစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဦးကြည်ဝင်း ဆောင်ရွက်ထားသော လုံခြုံမှုအကာအရံများသည် ငှားရမ်းစဉ်က နှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့် ပြုလုပ်ခဲ့ခြင်းမဟုတ်ဘဲ ငှားရမ်းသည့်သက်တမ်းကာလ ကုန်ဆုံးခါနီးမှ ငှားရမ်းသူ ဒေါ်ခင်မေဌေးတို့က ဆိုင်ဖွင့်လှစ်ရောင်းချခွင့်ပြုထားသည့်နေရာကို မတရားလက်လွှတ်ဆုံးရှုံးစေရန် အနိုင်အထက်ပြုလုပ်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်ပြီး ဆောင်ရွက်

ထားသည့် လုံခြုံမှု အကာအရံများသာဖြစ်ကြောင်း၊ ဦးကြည်ဝင်း၏ ပြုလုပ်မှုကြောင့် ဦးစိုးသူတို့မှာ အခန်းကို မတရားလက်လွတ်ဆုံးရှုံးခဲ့ရကြောင်း အမှုတွင် အထင်အရှား ပေါ်ပေါက်နေကြောင်း တင်ပြလျှောက်လဲသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) ပါ ပြဋ္ဌာန်းချက်အရ တရားခံအပေါ် ပြစ်မှုထင်ရှားတွေ့ရှိ၍ ပြစ်ဒဏ်စီရင်သည့်အပိုင်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်း လက်လွတ်ဆုံးရှုံးရမှု ရှိ-မရှိ အပိုင်းဟူ၍ အပိုင်းနှစ်ပိုင်းကို ခွဲခြားစိစစ်ရန် လိုအပ်ကြောင်း၊ ပထမပိုင်းအရ တရားခံအပေါ် ပြစ်မှုထင်ရှားစီရင်သောပုဒ်မမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄၁ ဖြစ်ကြောင်း၊ ပုဒ်မအင်္ဂါရပ်တွင်ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှု သို့မဟုတ် အနိုင်အထက်ပြုကျင့်သည့် ဟန့်အမူအယာပြသမှု သို့မဟုတ် ပြစ်မှုမကင်းသော ခြောက်လှန့်မှုတို့ ပြုလုပ်ခြင်း မပါရှိကြောင်း၊ သို့ဖြစ်၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) ကို ကျင့်သုံး၍မရကြောင်း၊ ဒုတိယပိုင်းအရ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို လက်လွတ်ဆုံးရှုံးမှုရှိ-မရှိ စိစစ်ရာတွင် အခန်းတစ်ခန်းလုံး လက်လွတ်ဆုံးရှုံးမှု မရှိကြောင်း၊ အယူခံတရားလိုက ၎င်းငှားရမ်းထားသောနေရာမှ အမှတ် (၂) အယူခံတရားခံ ဖြတ်သန်းဝင်ထွက်သွားလာ၍ မရအောင် ပိတ်ဆို့ကာဆီးထားသဖြင့် ဝင်ထွက်သွားလာခွင့် ဆုံးရှုံးခဲ့ရသည့် အနေအထားမျိုးသာ ပေါ်ပေါက်ကြောင်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်း လက်လွတ်ဆုံးရှုံးခဲ့ရကြောင်း မပေါ်ပေါက်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) ကို ကျင့်သုံး၍မရကြောင်း တင်ပြလျှောက်လဲသည်။

မြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) အရ ချမှတ်သောအမိန့်တွင် အောက်ပါအတိုင်း ဖော်ပြသည်-

"လျှောက်ထားသူနှင့် ၎င်း၏မိခင်တို့သည် အချင်းဖြစ်အမှုကိစ္စ

များ ပေါ်ပေါက်ပြီးနောက်ပိုင်းတွင် အခန်းနောက်ဘက်ဘေးရှိ တံခါးပေါက်အား အသုံးပြု၍ အခန်းနောက်ဘက်ပိုင်းနှင့် အထပ်ခိုးတို့တွင် နေထိုင်လျက်ရှိကြောင်း ပေါ်ပေါက်ပါသည်။ သို့ဖြစ်၍ အခန်းတစ်ခုလုံးကို လက်လွှတ်ဆုံးရှုံးခြင်း မရှိပေ။ လျှောက်ထားခံရသူဘက်မှ ငှင်းငှားရမ်းထားသော နေရာမှ တစ်ဆင့် လျှောက်ထားသူတို့အား ဖြတ်သန်းဝင်ထွက်သွားလာ မရအောင် အခန်းရှေ့ သံဘာဂျာတံခါးတွင် သော့များခတ်လျက် ပိတ်ထားခြင်း၊ အခန်းနောက်ပိုင်း၌ သံပန်းထပ်ဆင့် ကာရံထားကာ ပိတ်ဆို့တားဆီးထားခြင်းများ ပြုလုပ်ထားသဖြင့် ဝင်ထွက်သွားလာခွင့် ဆုံးရှုံးခဲ့ရသည့် အနေအထားမျိုးသာ ပေါ်ပေါက်သည်။ × × × × × × × × × × × × × × ×
ပိတ်ဆို့ကာရံ တားဆီးခြင်းများ ပြုလုပ်ခြင်းမှာ လျှောက်ထားသူတို့အား နှစ်နာခြင်း၊ စိတ်ပြိုငြင်စေခြင်းများ ဖြစ်စေရန် ကြံရွယ်လျက် ပြစ်မှုမကင်းသော အနိုင်အထက်ပြုပြီး ကျူးလွန်ခြင်း ဖြစ်ကြောင်း ကောက်ယူနိုင်သည်။"

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) တွင် ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှု သို့မဟုတ် အနိုင်အထက်ပြုကျင့်ရန် ဟန်အမူအယာ ပြသမှု သို့မဟုတ် ပြစ်မှုမကင်းသော ခြောက်လှန့်မှုပါသည့် ပြစ်မှုတစ်စုံတစ်ရာအတွက် လူတစ်ဦးတစ်ယောက်အား ပြစ်မှုထင်ရှား စီရင်သည့်အခါတိုင်း ထိုကဲ့သို့ အနိုင်အထက်ပြုမှု သို့မဟုတ် အနိုင်အထက်ပြုကျင့်မည့် ဟန်အမူအယာပြသမှု သို့မဟုတ် ပြစ်မှုမကင်းသော ခြောက်လှန့်မှုတို့ကြောင့် တစ်ဦးတစ်ယောက်သောသူမှာ မရွှေ့မပြောင်းနိုင်သောပစ္စည်း တစ်ရပ်ရပ်ကို လက်လွှတ်ခဲ့ရသည်ဟု ပေါ်ပေါက်လျှင် တရားရုံးကသင့်သည်ထင်မြင်လျှင် လက်လွှတ်လိုက်ရသူအား ပစ္စည်းလက်ရှိပိုင်ဆိုင်ခွင့်ကို ပြန်လည်ပေးအပ်စေသည့် အမိန့်ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

၂၀၀၀
ဦးကြည်ဝင်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

မူလမြို့နယ်တရားရုံး၏ သုံးသပ်ချက်အရဆိုလျှင် အမှတ် (၂) အယူခံတရားခံ ဦးစိုးသူနှင့် မွေးစားမိခင် ဒေါ်ခင်မေဌေးတို့သည် အချင်းဖြစ် အမှုကိစ္စများ ပေါ်ပေါက်ပြီးနောက်ပိုင်းတွင် အခန်းနောက်ဘက်ဘေးရှိ တံခါးပေါက်အား အသုံးပြု၍ အခန်းနောက်ဘက်ပိုင်းနှင့် ထပ်ခိုးတို့တွင် နေထိုင်လျက်ရှိသဖြင့် အခန်းတစ်ခုလုံးကို လက်လွတ်ဆုံးရှုံးခြင်း မရှိပေ။ ထို့ပြင် အယူခံတရားလို ဦးကြည်ဝင်းသည် အခန်း၏ တစ်စိတ်တစ်ဒေသကို ငှားရမ်းအသုံးပြုနေသူတစ်ဦး ဖြစ်သည်။ အငှားချထားသူ ဒေါ်ခင်မေဌေးနှင့် ၎င်း၏မွေးစားသားဖြစ်သူ ဦးစိုးသူတို့တွင် အချင်းဖြစ်အခန်းကို လက်လွတ်ဆုံးရှုံးခြင်း (Dispossessed) မရှိဘဲ ဖြတ်သန်းသွားလာခွင့် ဆုံးရှုံးသည့်အနေအထားမျိုး ပေါ်ပေါက်သည်ကို တွေ့ရသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) ပါ ပြဋ္ဌာန်းချက်အရဆိုလျှင် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို လက်လွတ်ဆုံးရှုံးမှုရှိမှသာလျှင် လက်လွတ်ခံရသူအား ပိုင်ဆိုင်ခွင့်ကို ပြန်လည်ပေးအပ်သည့် အမိန့်ချမှတ်နိုင်သည်။ အိမ်ရှင် ဒေါ်ခင်မေဌေးတို့အနေဖြင့် ငှားရမ်းထားသော အခန်းတစ်ခန်းလုံး လက်လွတ်ဆုံးရှုံးခြင်း မရှိသဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံးပြီး အခန်း၏ လုံခြုံမှုအကာအရံများကို ဖယ်ရှားပေးရန် အမိန့်ချမှတ်နိုင်မည် မဟုတ်ပေ။ သို့ဖြစ်၍ မြို့နယ်တရားရုံးက ချမှတ်သောအမိန့်မှာ ဥပဒေနှင့်မညီပေ။

သို့အတွက် ဤအထူးအယူခံမှုကိုခွင့်ပြု၍ မူလမြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာအထွေထွေမှုအမှတ် ၄၄/၉၉ တွင် ချမှတ်သောအမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသော ရန်ကုန်တိုင်းတရားရုံး (အနောက်ပိုင်းခရိုင်) ၏ အမိန့်နှင့် တရားရုံးချုပ်၏အမိန့်ကို ပယ်ဖျက်လိုက်သည်။

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

\+ ၂၀၀၀
နိုဝင်ဘာလ
၃ ရက်

တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊
တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့် နှင့် ဦးထွန်းရှင်
တို့ရှေ့တွင်

ဒေါ်ခင်မြ
ဒေါ်ငြိမ်းငြိမ်းဦး
ဒေါ်ဝိုင်း

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၄*

**အမှုစစ်ဆေးဆဲကာလအတွင်း သက်သေခံပစ္စည်း ထိန်းသိမ်းခွင့်ပြုခြင်း၊ တရားလိုအား ထိန်းသိမ်းခွင့်ပြုရန်သင့်-မသင့်။**

**ဆုံးဖြတ်ချက်။** ။ အမှုစစ်ဆေးဆဲကာလအတွင်း သက်သေခံပစ္စည်း ထိန်းသိမ်းခွင့်နှင့်စပ်လျဉ်း၍ ပစ္စည်းပေးအပ်သူကို အာမခံဖြင့် ထိန်းသိမ်းခွင့်ပြုသည့် စီရင်ထုံးရှိသကဲ့သို့ တရားလိုသို့ ပြန်ပေးသည့် စီရင်ထုံးလည်း ရှိသည်။ ထို့ပြင် တရားခံအား ထိန်းသိမ်းခွင့်ပြုသော စီရင်ထုံးလည်း ရှိသည်။

ထိုသို့ အမှုအတောအတွင်း သက်သေခံပစ္စည်းကို ထိန်းသိမ်းခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ စီရင်ထုံးတစ်ခုနှင့်တစ်ခု တူညီခြင်းမရှိသဖြင့်

---

* ၂၀၀၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၆၊ ၇ နှင့် ၈

\+ ၁၉၉၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၇၉ (ခ)၊ ၂၈၀ (ခ) နှင့် ၂၈၁ (ခ) တို့တွင် ချမှတ်သော ၂၃-၉-၉၉ ရက်စွဲပါ တရားရုံးချုပ်၏အမိန့်ကို အထူးအယူခံမှု

၂၀၀၀
ဒေါ်ခင်မြ
ဒေါ်ငြိမ်းငြိမ်းဦး
ဒေါ်ဝိုင်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၄

အမှုတစ်မှုစီ၏ အမှုဖြစ်ကြောင်းချင်းရာပေါ်တွင် မူတည်၍ တရားရုံးများက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၆-က ပါ ပြဋ္ဌာန်းချက်အရ တရားမျှတမှုကို ရှေ့ရှုပြီး အဆုံးအဖြတ်ပြုကြရသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ ယင်းသို့ အမှုဖြစ်ပွားပေါ်ပေါက်ပုံ အခြေအနေအရပ်ရပ်ကို မူလမြို့နယ်တရားရုံးနှင့် တရားရုံးချုပ်တို့က သေသေချာချာ လေ့လာသုံးသပ်ပြီးနောက် ဒေါ်အုံးမြနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် စီရင်ထုံးကို ကိုးကားကာ တရားလို ဒေါ်အင်သန်းသို့ သက်သေခံပစ္စည်းများအား ထိန်းသိမ်းခွင့်ပြုခဲ့ခြင်း ဖြစ်သည်။ ထိုသို့ သက်သေခံပစ္စည်းများကို တရားလိုသို့ ထိန်းသိမ်းခွင့်ပြုသည့် အမိန့်သည်လည်း ယာယီမျှသာဖြစ်သည်။ အမှုကို အဆုံးအဖြတ်ပြုသည့်အခါ မည်သူရထိုက်ကြောင်း ကျယ်ကျယ်ပြန့်ပြန့် စုံစမ်းစစ်ဆေးပြီး အဆုံးအဖြတ်ပြုရဦးမည်ဖြစ်သည်။

အယူခံတရားလိုအတွက် - ဦးတင်ထွန်း
တရားရုံးချုပ်ရှေ့နေ

အယူခံတရားခံများအတွက် - ၁။ ဦးမြင့်နိုင်
ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး
၂။ ဦးခင်မောင်လွင်
တရားရုံးချုပ်ရှေ့နေ
၃ နှင့် ၄။ ဦးအောင်ဇော်မင်း
တရားရုံးချုပ်ရှေ့နေ

တာမွေမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၅၄၇/၉၇ တွင် တရားလို ဒေါ်အင်သန်းက တရားခံ ဒေါ်သန္တာဦးနှင့် ဒေါ်ကေသီတို့အပေါ်တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ အရ

၂၀၀၀
ဒေါ်ခင်မြ
ဒေါ်ငြိမ်းငြိမ်းဦး
ဒေါ်ဝိုင်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၄

တရားစွဲဆိုသောအမှုတွင် သက်သေခံရတနာပစ္စည်း (၇) မျိုးကို တရားလို ဒေါ်အင်သန်းသို့ ကျပ်သိန်းသုံးဆယ်တန် ခံဝန်သူ (၂) ဦးဖြင့် ခံဝန်ချုပ်ဆိုပါက ပြန်ပေးထားစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ပစ္စည်းပေးအပ်သူ ဒေါ်ခင်မြက မကျေနပ်သဖြင့် ရန်ကုန်တိုင်းတရားရုံး (အရှေ့ပိုင်းခရိုင်) သို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၀/၉၉ ဖြင့်လည်းကောင်း၊ ဒေါ်ငြိမ်းငြိမ်းဦးက ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၁/၉၉ ဖြင့်လည်းကောင်း၊ ဒေါ်ဝိုင်းက ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၂/၉၉ ဖြင့်လည်းကောင်း၊ ဒေါ်သန္တာဦးနှင့် ဒေါ်ကေသီတို့က ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၃/၉၉ ဖြင့်လည်းကောင်း အသီးသီး လျှောက်ထားကြရာ ရန်ကုန်တိုင်းတရားရုံး (အရှေ့ပိုင်းခရိုင်) က မူလမြို့နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်၍ ဒေါ်ခင်မြ၊ ဒေါ်ဝိုင်းနှင့် ဒေါ်ငြိမ်းငြိမ်းဦးတို့အား ကျပ်သိန်းငါးဆယ်တန် ခံဝန်သူ (၂) ဦးစီဖြင့် ပြန်လည်ပေးအပ်ထားစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို တရားလို ဒေါ်အင်သန်းက မကျေနပ်သဖြင့် တရားရုံးချုပ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၇၉ (ခ)/၉၉၊ ၂၈၀ (ခ)/၉၉ နှင့် ၂၈၁ (ခ)/၉၉ တို့ဖြင့် လျှောက်ထားရာ တရားရုံးချုပ်က သက်သေခံရတနာပစ္စည်း (၇) မျိုးနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းတရားရုံး (အရှေ့ပိုင်းခရိုင်) မှ ချမှတ်ထားသောအမိန့်ကို ပယ်ဖျက်ပြီး တရားလို ဒေါ်အင်သန်းအား ကျပ်သိန်းငါးဆယ်တန် ခံဝန်သူနှစ်ဦးဖြင့် ခံဝန်ချုပ်ဆိုက ပြန်လည်ထုတ်ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။

တရားရုံးချုပ်မှချမှတ်သောအမိန့်ကို ဒေါ်ခင်မြ၊ ဒေါ်ငြိမ်းငြိမ်းဦးနှင့် ဒေါ်ဝိုင်းတို့က မကျေနပ်သဖြင့် အထူးအယူခံဝင်ခွင့်ပြုရန် ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူးအယူခံ) မှုအမှတ် ၃၂/၂၀၀၀၊ ၃၃/၂၀၀၀ နှင့် ၃၄/၂၀၀၀ တို့အရ ဆက်လက်လျှောက်ထားရာ ယင်းအမှုများကို တစ်ပေါင်းတည်းကြားနာပြီး အောက်ပါပြဿနာကို စုံညီခုံရုံး (ယခု အထူးအယူခံခုံရုံး) ဖြင့် ပြန်လည်ကြားနာနိုင်ရန်

၂၀၀၀
ဒေါ်ခင်မြ
ဒေါ်ငြိမ်းငြိမ်းဦး
ဒေါ်ဝိုင်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၄

အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

"တရားလို၏စွပ်စွဲချက်၊ တရားခံ၏ချေပချက်များကို စဉ်းစားရန် မဖြစ်နိုင်သေးကြောင်း သုံးသပ်ပြီးနောက် သာမန်မဟုတ်ဘဲ ထူးခြားသော အခြေအနေများရှိပါက အခြားနည်းဆောင်ရွက်သင့်သည်ဟု စီရင်ထုံးပါ ဖော်ညွှန်းချက်အရထူးခြားသော အခြေအနေကို ဖော်ပြ၍ သက်သေခံပစ္စည်းအား တရားလိုသို့ ပြန်လည်ပေးစေရန် အမိန့်သည် တရားမျှတမှုရှိ-မရှိနှင့် သက်သေခံပစ္စည်းများအား ရုံးမှထိန်းသိမ်းထားရန်သင့်-မသင့်။"

အမှုဖြစ်ပွားပုံမှာ (၁၅-၁၀-၉၆) ရက်နေ့ နံနက်ပိုင်းတွင် ဒေါ်သန္တာဦးနှင့် ညီမ ဒေါ်ကေသီတို့သည် တရားလို ဒေါ်အင်သန်း၏ နေအိမ်သို့ ရောက်ရှိလာပြီး ၎င်းတို့နှစ်ဦး မင်္ဂလာပွဲသွားရောက်ရန်ရှိ၍ လက်ဝတ်ရတနာများ ခေတ္တငှားရန်ပြောရာ ယုံကြည်သဖြင့် ဒေါ်အင်သန်းပိုင် လက်ဝတ်ရတနာ (၇) မျိုး၊ တန်ဖိုးငွေ ကျပ် (၂၁၅၀၀၀၀) ကို ပေးအပ်ခဲ့ကြောင်း၊ ဒေါ်သန္တာဦးနှင့် ဒေါ်ကေသီတို့မှ ဖော်ပြပါပစ္စည်းများကို ယူသွားပြီးနောက် ပြန်မပေးဘဲ ဒေါ်ဝိုင်းနှင့် ဒေါ်ငြိမ်းငြိမ်းဦးတို့ထံ ပေါင်နှံ၍ ရရှိသောငွေကြေးများကို ကိုယ်ကျိုးသုံးစွဲခြင်းဖြင့် အလွဲသုံးစားပြုလုပ်ခဲ့သည်ဟု ဖော်ပြကာ ဒေါ်သန္တာဦးနှင့် ဒေါ်ကေသီတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၀၆ အရ အရေးယူပေးရန် တိုင်ကြားရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

ဤအထူးအယူခံမှုသုံးမှုမှာ မူလအမှုတစ်မှုတည်းမှ ပေါ်ပေါက်လာသော အမှုများဖြစ်သဖြင့်လည်းကောင်း၊ တစ်ပေါင်းတည်း ကြားနာသဖြင့်လည်းကောင်း ဤစီရင်ချက်မှာ အဆိုပါအမှုသုံးမှုစလုံးနှင့် သက်ဆိုင်သည်။

အယူခံတရားလိုများ၏ အကျိုးဆောင်က ယခုအမှုတွင် ထူးခြားသော အခြေအနေမရှိကြောင်း၊ စီရင်ထုံးများတွင် သက်သေခံ

ပစ္စည်းများ သိမ်းဆည်းခဲ့သူများထံသို့သာ အမှုအတောအတွင်း ပြန်ပေးရန် ဆုံးဖြတ်ခဲ့ကြောင်း၊ အယူခံတရားလိုတို့သည် ပြစ်မှုကျူးလွန်ရာ၌ ပါဝင်သူများ မဟုတ်ကြောင်း၊ ၎င်းတို့အား ထိန်းသိမ်းခွင့်ပြုမှသာလျှင် တရားမျှတမည်ဖြစ်ကြောင်း၊ ဤမျှတန်ဖိုးငွေ များပြားသော ရတနာပစ္စည်းများကို တရားရုံးက ထိန်းသိမ်းလျှင် တာဝန်ကြီးမားလှပါကြောင်း တင်ပြလျှောက်လဲသည်။

၂၀၀၀
ဒေါ်ခင်မြ
ဒေါ်ငြိမ်းငြိမ်းဦး
ဒေါ်ဝိုင်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၄

အမှတ်- ၂ အယူခံတရားခံ၏ အကျိုးဆောင်က ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၆-က အရလုပ်ပိုင်ခွင့်မှာ တရားရုံး၏ ဆင်ခြင်တုံတရားအရ ဆောင်ရွက်ရသည့်ကိစ္စဖြစ်ပြီး မူလရုံး တရားသူကြီးအား ကျယ်ပြန့်စွာ အပ်နှင်းထားသည့်အာဏာဖြစ်ကြောင်း၊ တရားရုံးသည် တရားမျှတမှုကို ရှေ့ရှု၍ သင့်လျော်သည့်အမိန့်ကို ချမှတ်နိုင်ကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၆-က နှင့်ပတ်သက်သော စီရင်ထုံးအများအပြားရှိရာ ယင်းစီရင်ထုံးများတွင် မူလပိုင်ရှင်ကို ထိန်းသိမ်းခွင့်ပြုသော စီရင်ထုံး၊ တရားခံအား ထိန်းသိမ်းခွင့်ပြုသော စီရင်ထုံးနှင့် ပစ္စည်းလက်ရှိဖြစ်သူအား ထိန်းသိမ်းခွင့်ပြုသည့် စီရင်ထုံးစသည်ဖြင့် အမျိုးမျိုးတွေ့ရှိနိုင်ကြောင်း၊ စီရင်ထုံးများ တစ်ခုနှင့်တစ်ခု မတူညီခြင်းမှာ အမှုဖြစ်ကြောင်းချင်းရာများ မတူညီခြင်းကြောင့်ဖြစ်ကြောင်း၊ မူလမြို့နယ်တရားရုံးက အမှုဖြစ်ကြောင်းချင်းရာ ပြဋ္ဌာန်းဥပဒေနှင့် တရားရုံးများက လိုက်နာကျင့်သုံးနေသော စီရင်ထုံးများကို မျက်ကွယ်ပြုခြင်းမရှိဘဲ အဖက်ဖက်ကလေ့လာ၍ သုံးသပ်ပြီး ဥပဒေနှင့်ညီညွတ်ပြီး မျှတသော အမိန့်တစ်ရပ်ကို ချမှတ်ခြင်းဖြစ်ကြောင်း လျှောက်လဲသွားသည်။

အမှတ် ၃ နှင့် ၄ အယူခံတရားခံများ၏ရှေ့နေက ယခုအမှုတွင် အကြောင်းထူး မပေါ်ပေါက်သဖြင့် သက်သေခံပစ္စည်းအား မူလပိုင်ရှင်သို့ ပြန်ပေးခြင်း၊ တရားခံအား ပေးခြင်း၊ ရုံးကထိန်းသိမ်းခြင်း ပြုရန်လိုမည်မဟုတ်ကြောင်း၊ အမှုတွဲပေါ်ပေါက်ချက်အရနှင့် စီရင်ထုံးလမ်းညွှန်ချက်များအရ ယခုအမှုတွင် သက်သေခံပစ္စည်းများကို

တရားလိုသို့ ပြန်ပေးထားစေခြင်းသည် မှန်ကန်သည်ဟု မဆိုနိုင်၍ ပစ္စည်းလက်ရှိဖြစ်သူများကိုသာ ပြန်လည်ပေးအပ်ထားသင့်ကြောင်း တင်ပြလျှောက်လဲသည်။

နိုင်ငံတော်ကိုယ်စား လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၆-က အရ အမှုမပြီးဆုံးမီကာလအတွင်း သက်သေခံပစ္စည်းကို ကောင်းမွန်စွာ ထိန်းသိမ်းရန်အတွက် တရားရုံးသည် မိမိသင့်လျော်သည်ထင်သော အမိန့်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသဖြင့် တရားရုံးမှ မိမိ၏သဘော ဆန္ဒအလျောက် ဆင်ခြင်တုံတရားဖြင့် လွတ်လပ်စွာ ဆုံးဖြတ်ခွင့်ရှိကြောင်း၊ ယခုအမှုတွင် အမှု၏သဘောသဘာဝအရ စွဲဆိုထားသော ပြစ်မှုမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ အရ စွဲဆိုသောအမှုဖြစ်ပြီး ယင်းအမှုမှ သက်သေခံပစ္စည်းမှာ အလွဲသုံးစား ပြုလုပ်ခြင်းခံရသော ပစ္စည်း ဖြစ်နေသဖြင့် အမှုမဆုံးဖြတ်ရသေးသည့်တိုင်အောင် အလွဲသုံးစားပြုခြင်းခံရသော ပစ္စည်းနှင့်စပ်လျဉ်း၍ အမှုအတောအတွင်း မူလတရားရုံးက ဆင်ခြင်တုံတရားနှင့် သုံးသပ်ဆုံးဖြတ်ခွင့်ရှိနေကြောင်း၊ ယခုအမှုကို အဆုံးအဖြတ်ပေးပြီးနောက်တွင်လည်း သက်သေခံပစ္စည်းနှင့်ပတ်သက်၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ မည်သူ ရထိုက်ကြောင်း ကျယ်ကျယ်ပြန့်ပြန့် စုံစမ်းစစ်ဆေးပြီး အဆုံးအဖြတ် ပြုရန်ဖြစ်ကြောင်း၊ ယခုအမှုတွင် ပုဒ်မ ၅၁၆-က အရ တရားရုံးချုပ်မှ စီရင်ဆုံးဖြတ်ချက်မှာ ဥပဒေနှင့်မညီဟု မဆိုသာကြောင်း တင်ပြလျှောက်လဲသွားသည်။

ဤအမှုတွင် သက်သေခံ ရတနာပစ္စည်း (၇) မျိုးကို အမှုအတောအတွင်း ထိန်းသိမ်းခွင့်ပြုရန် နှစ်ဖက်အမှုသည်များက လျှောက်ထားကြရာတွင် မူလမြို့နယ်တရားရုံးက အမှု၏ထူးခြားသော အခြေအနေများကို ဖော်ပြပြီး တရားလို ဒေါ်အင်သန်းသို့ အမှုအတော အတွင်း ခံဝန်ဖြင့်ပေးအပ်စေရန် အမိန့်ချမှတ်ခဲ့သည်။ ရန်ကုန်တိုင်း

၂၀၀၀
ဒေါ်ခင်မြ
ဒေါ်ငြိမ်းငြိမ်းဦး
ဒေါ်ဝိုင်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၄

တရားရုံး (အရှေ့ပိုင်းခရိုင်) က **ဒေါ်အေးမျှင် နှင့် ဦးအောင်သိန်း စီရင်ထုံး**(၁) ကို ကိုးကားပြီး သက်သေခံရတနာပစ္စည်း (၇) မျိုးကို ဒေါ်ခင်မြ၊ ဒေါ်ဝိုင်းနှင့် ဒေါ်ငြိမ်းငြိမ်းဦးတို့အား အမှုအတောအတွင်း ခံဝန်ဖြင့် ပြန်လည်ပေးအပ်ရန် အမိန့်ချခဲ့သည်။ ယင်းစီရင်ထုံးတွင် သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ တရားခံမှာ အပြစ်ရှိ-မရှိ မဆုံးဖြတ်ရသေးမီ ပစ္စည်းလက်မဲ့ဖြစ်သူတစ်ဦးအား ပိုင်ရှင်ဖြစ်သည်ဆိုစေဦး၊ ပြန်လည်ပေးအပ်ခြင်းမှာ တရားမျှတသည်ဟု ယူဆရန်ခဲယဉ်းကြောင်း ထုံးဖွဲ့ထားသည်။

တရားရုံးချုပ်က **ဒေါ်အုံးမြ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် စီရင်ထုံး**(၂) ကို ကိုးကားပြီး မူလ မြို့နယ်တရားရုံး၏ အမိန့်ကို အတည်ပြုခဲ့ကြောင်း တွေ့ရသည်။ ဒေါ်အုံးမြ စီရင်ထုံးတွင် တရားသူကြီးသည် တစ်ဖက်ကိုအသိမပေးဘဲ မူလပိုင်ရှင်ကိုသာလျှင် လုံလောက်သောအာမခံဖြင့် ပေးလိုက်ခြင်းမှာ နည်းလမ်းမကျသော်လည်း တရားဥပဒေနှင့်ဆန့်ကျင်သည်ဟု မဆိုနိုင်ကြောင်း ထုံးဖွဲ့ထားသည်။ ဤအမှုတွင် မူလမြို့နယ်တရားရုံးသည် တစ်ဖက်ကိုအသိပေးအကြောင်းကြားပြီးမှ သက်သေခံပစ္စည်းကို တရားလိုအား ပြန်ပေးရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း တရားရုံးချုပ်က သုံးသပ်ဖော်ပြသည်။

အမှုစစ်ဆေးဆဲကာလ အတောအတွင်း သက်သေခံပစ္စည်း ထိန်းသိမ်းခွင့်နှင့်စပ်လျဉ်း၍ ပစ္စည်းပေးအပ်သူကို အာမခံဖြင့် ထိန်းသိမ်းခွင့်ပြုသည့် စီရင်ထုံးရှိသကဲ့သို့ တရားလိုသို့ ပြန်ပေးသည့် စီရင်ထုံးလည်းရှိသည်။ ထို့ပြင် တရားခံအား ထိန်းသိမ်းခွင့်ပြုသော **ဦးတင်မြင့် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် စီရင်ထုံး**(၃) လည်း ရှိသည်။

---

(၁) ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၇၉၂။
(၂) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၄၆၄။
(၃) ၁၉၇၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၄၂။

၂၀၀၀
ဒေါ်ခင်မြ
ဒေါ်ငြိမ်းငြိမ်းဦး
ဒေါ်ဝိုင်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၄

ထိုသို့ အမှုအတောအတွင်း သက်သေခံပစ္စည်းကို ထိန်းသိမ်းခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ စီရင်ထုံးတစ်ခုနှင့်တစ်ခု တူညီခြင်းမရှိသဖြင့် အမှုတစ်မှုစီ၏ အမှုဖြစ်ကြောင်းချင်းရာအပေါ်တွင် မူတည်၍ တရားရုံးများက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၆-က ပါ ပြဋ္ဌာန်းချက်အရ တရားမျှတမှုကို ရှေ့ရှုပြီး အဆုံးအဖြတ်ပြုကြရသည်။

ဤအမှုတွင် သက်သေခံရတနာပစ္စည်းကို ထိန်းသိမ်းခွင့်ပြုရန် လျှောက်ထားသည့်အချိန်တွင် မူလမြို့နယ်တရားရုံး၌ တရားလိုပြ သက်သေများကို စစ်ဆေးဆဲကာလဖြစ်သဖြင့် မူလမြို့နယ်တရားရုံးက အမှုဖြစ်ပွားပုံ သဘောသဘာဝကို ဆင်ခြင်သုံးသပ်ကာ သက်သေခံပစ္စည်းထိန်းသိမ်းခွင့်ကို တရားလိုအား ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ယင်းအမိန့်ကို တရားရုံးချုပ်ကလည်း အတည်ပြုထားပြီးဖြစ်သည်။

အမှုတွင် တရားလို ဒေါ်အင်သန်းက ဒေါ်သန္တာဦးနှင့် ဒေါ်ကေသီတို့ ညီအစ်မတို့နှစ်ဦးအား စိန်ဆွဲကြိုးတစ်ကုံး၊ စိန်ဆွဲသီးတစ်ခု၊ ပုလဲဆွဲကြိုးတစ်ကုံး၊ ပုလဲလက်ကောက်တစ်ကွင်း၊ ပုလဲလက်စွပ်၊ ပုလဲနားကပ်တစ်ရံ၊ စိန်တန်းကွင်း ၂ ကွင်း၊ စုစုပေါင်း ရတနာပစ္စည်း (၇) မျိုး၊ တန်ဖိုးကျပ် (၂၁၅၀၀၀၀) ကို မင်္ဂလာပွဲသွားရန်ရှိ၍ဟု ပြောဆိုသဖြင့် ငှားရမ်းလိုက်ကြောင်း၊ နောင်တွင် ဒေါ်သန္တာဦးတို့က ပြန်မပေးသဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ အရ စွဲဆိုသောအမှုဖြစ်ကြောင်း တွေ့ရသည်။ တရားလို၏ တိုင်ကြားချက်အရ အမှုမှသက်သေခံပစ္စည်းများမှာ အလွဲသုံးစားပြုခြင်းခံရသော ပစ္စည်းများအဖြစ် ပေါ်ပေါက်နေသည်။ ယင်းပစ္စည်းများအနက် စိန် ၇ လုံးပါ လက်စွပ် ၂ ကွင်းအား ဒေါ်သန္တာဦးက ဒေါ်ဝိုင်းထံ ပေါင်ထား၍ ဒေါ်ဝိုင်းမှပင် ယင်းစိန်တန်းကွင်းအား (၁၆-၅-၉၇) နေ့တွင် ရှာဖွေပုံစံဖြင့်လည်းကောင်း၊ ဒေါ်သန္တာဦးသည် ပုလဲရတနာ (၄) မျိုးကို ဒေါ်ငြိမ်းငြိမ်းဦးထံ ပေါင်နှံထားသဖြင့် ဒေါ်ငြိမ်းငြိမ်းဦးထံမှ (၂၇-၅-၉၇) ရက်နေ့တွင်လည်းကောင်း၊ စိန်ဆွဲကြိုးနှင့် စိန်ဆွဲသီးတို့ကို ဒေါ်သန္တာဦးကပင်

၂၀၀၀
ဒေါ်ခင်မြ
ဒေါ်ငြိမ်းငြိမ်းဦး
ဒေါ်ဝိုင်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၄

ဒေါ်ဝိုင်းအား ပေါင်နှံပေးအပ်ခဲ့ရာ ဒေါ်ဝိုင်းမှတစ်ဆင့် ဒေါ်ခင်မြထံ ပေါင်ပေးခဲ့သဖြင့် (၁၄-၅-၉၇) နေ့တွင်လည်းကောင်း ရှာဖွေပုံစံ အသီးသီးဖြင့် ဒေါ်ဝိုင်း၊ ဒေါ်ငြိမ်းငြိမ်းဦးနှင့် ဒေါ်ခင်မြတို့က ပေးအပ်ကြ ကြောင်း ပေါ်ပေါက်သည်။ ယင်းသက်သေခံပစ္စည်းများ အားလုံးကို သိမ်းဆည်းရမိပြီးနောက် ပစ္စည်းတန်းစီပြသရာတွင် တရားလို ဒေါ်အင်သန်းက ယင်းပစ္စည်းများကို မှန်ကန်စွာ ခွဲပြနိုင်ကြောင်း သက်သေခံ (ဂ) မှ (ဂ-၇) အထိ ပစ္စည်းတန်းစီပြပုံစံအရ တွေ့ရှိရသည်။

ယင်းသို့ အမှုဖြစ်ပွားပေါ်ပေါက်ပုံ အခြေအနေအရပ်ရပ်ကို မူလမြို့နယ်တရားရုံးနှင့် တရားရုံးချုပ်တို့က သေသေချာချာ လေ့လာ သုံးသပ်ပြီးနောက် ဒေါ်အုံးမြ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် စီရင်ထုံးကို ကိုးကားကာ တရားလို ဒေါ်အင်သန်းသို့ သက်သေခံပစ္စည်း များအား ထိန်းသိမ်းခွင့်ပြုခဲ့ခြင်း ဖြစ်သည်။ ထိုသို့ သက်သေခံပစ္စည်း များကို တရားလိုသို့ ထိန်းသိမ်းခွင့်ပြုသည့် အမိန့်သည်လည်း ယာယီ မျှသာ ဖြစ်သည်။ အမှုကို အဆုံးအဖြတ်ပြုသည့်အခါ မည်သူရထိုက် ကြောင်း ကျယ်ကျယ်ပြန့်ပြန့် စုံစမ်းစစ်ဆေးပြီး အဆုံးအဖြတ်ပြုရဦးမည် ဖြစ်သည်။

ရတနာပစ္စည်း (၇) မျိုး၏ တန်ဖိုးမှာ ကျပ် (၂၁၅၀၀၀၀) ဖြစ်ပြီး တရားရုံးချုပ်က ကျပ်သိန်းငါးဆယ်တန် ခံဝန်သူ (၂) ဦးဖြင့် တရားလို အား ထိန်းသိမ်းခွင့်ပြုခြင်း ဖြစ်သဖြင့် တရားရုံးချုပ်၏ အမိန့်မှာ တရားမျှတမှုရှိသည်ဟု ဆိုရပေမည်။ ရတနာပစ္စည်းများအား တရားရုံး မှ ထိန်းသိမ်းစေမည်ဆိုလျှင် တာဝန်ကြီးလေးမည်ဖြစ်သဖြင့် တရားရုံး က ထိန်းသိမ်းရန်သင့်မည် မဟုတ်ပေ။

သို့ဖြစ်၍ သက်သေခံ ရတနာပစ္စည်း (၇) မျိုးနှင့်စပ်လျဉ်း၍ မူလမြို့နယ်တရားရုံးက ချမှတ်သောအမိန့်နှင့် ယင်းအမိန့်ကို အတည်ပြု သော တရားရုံးချုပ်၏အမိန့်တို့ကို ဆက်လက်အတည်ပြုပြီး ဤအထူး အယူခံမှုများအား ပလပ်လိုက်သည်။

+ ၂၀၀၀
ဖေဖော်ဝါရီလ
၄ ရက်

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

တရားရုံးချုပ်တရားသူကြီး ဦးမြင့်သိန်းရှေ့တွင်

မခိုင်ဇာလွင်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၄*

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄။ မိမိတို့၏ အုပ်ထိန်းမှုအောက်တွင် သေသူ၏ပစ္စည်းများ ထားရှိသည်ဟု အကြောင်းပြပြီး သေသူ၏အမွေဆိုင်မသိဘဲ ယင်းပစ္စည်းများကို ရွှေ့ပြောင်း ယူဆောင်ခြင်းသည် ပြစ်မှုကျူးလွန်ရာရောက်နိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ လျှောက်ထားသူ ခိုင်ဇာလွင်သည် ကွယ်လွန်သူ ဒေါ်သန်းနုက သေတမ်းစာရေးခဲ့၍ ဒေါ်သန်းနု၏ပစ္စည်းများကို ပိုင်ဆိုင်ခွင့်ရသူ ဖြစ်သည်။ ဒေါ်သန်းနု ရှယ်ယာပါဝင်သော ကုမ္ပဏီပိုင် ပစ္စည်းများကို ယူဆောင်ခြင်းပြုရာ၌ အသက် (၁၄-၁၅) နှစ်အရွယ်ရှိ ခိုင်ဇာလွင်ကို အသိပေးပြောသင့်သည်။ မသိနားမလည်၍ မတားမြစ်ခြင်း၊ ငြိမ်နေခြင်းအပေါ် အခွင့်ကောင်းယူရန်မသင့်။ ဦးတင်ရွှေ၊ ဦးစိုးဝင်းနှင့် ဦးအေးတို့၏လုပ်ရပ်သည် ရိုးသားမှုရှိသည်ဟု မဆိုနိုင်ပေ။

---

* ၁၉၉၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၈၄ (ခ)
+ ၁၉၉၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၆၅ တွင် ချမှတ်သော ၃-၁၁-၉၉ ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး (အနောက်ပိုင်းခရိုင်) ၏အမိန့်ကို ပြင်ဆင်မှု

ထပ်မံဆုံးဖြတ်ချက်။ ။ သေသူ၏ပစ္စည်းကို အမွေဆိုင် ခိုင်ဇာလွင် အသက် (၂၁) နှစ် ပြည့်သည်အထိ အုပ်ထိန်းခွင့်ရှိသူများ ဖြစ်သော်လည်း အလွဲသုံးစားပြုသဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄ နှင့် အကျုံးဝင်သည်။

လျှောက်ထားသူအတွက် - ဦးအောင်သိမ်း
တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက် - ၁။ ဒေါ်သွဲ့ဦးမွန်
ဥပဒေအရာရှိအဆင့် (၁)
၂၊ ၃၊ ၄။ ဦးစန်းမောင်
တရားရုံးချုပ်ရှေ့နေ

ကျောက်တံတားမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၆၃၈/၉၆ တွင် လျှောက်ထားခံရသူ ဦးတင်ရွှေ၊ ဦးစိုးဝင်းနှင့် ဦးအေးတို့ကို အမှုမှ တရားရှင်လွှတ်သည်။ ယင်းအမိန့်ကို မကျေနပ်၍ လျှောက်ထားသူ ခိုင်ဇာလွင်က ရန်ကုန်တိုင်းတရားရုံး (အနောက်ပိုင်းခရိုင်) တွင် ပြင်ဆင်မှုတင်သွင်းရာ မအောင်မြင်သဖြင့် တရားရုံးချုပ်တွင် ဆက်လက်တင်သွင်းသော ပြင်ဆင်မှုဖြစ်သည်။

မူလမှုမှာ ခိုင်ဇာလွင်က သေတမ်းစာမှတ်ပုံတင်စာချုပ်အမှတ် ၇/၈၈ အရ မိမိသည် ကွယ်လွန်သူ ဒေါ်သန်းနု၏ အမွေဆက်ခံသူဖြစ်ကြောင်း၊ ကျောက်တံတားမြို့နယ်၊ ကုန်သည်လမ်း၊ အမှတ်- ၅၅၅၊ မြေညီထပ်၊ ယာဘက်အခန်းကို ဒေါ်သန်းနုက ခိုင်ဇာလွင်ရပ်ရှင်ဖြန့်ချိရေးအပြင် ခိုင်ရွှေဝင်းကုမ္ပဏီ ဖွင့်လှစ်ခဲ့ကြောင်း၊ ယင်းအခန်းကို ခရစ်ယာန်အသင်းတော်မှ ဒေါ်သန်းနုက ဝယ်ယူခဲ့ပြီး ရုံးသုံးပရိဘောဂများဖြင့် တည်ဆောက်လုပ်ကိုင်ခဲ့ကြောင်း၊ ဒေါ်သန်းနု ကွယ်လွန်ရာရုံးခန်းတွင်းပစ္စည်းများနှင့် ခရစ်ယာန်အသင်းမှပေးသော ငွေ (၆၅)သိန်း

၂၀၀၀
မခိုင်ဇာလွင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၄

ကို လျှောက်ထားခံရသူများမှ ထုတ်ယူကြောင်း၊ ဒေါ်သန်းနု၏ သေတမ်းစာအရ ဒေါ်သန်းနုကိုယ်စား ဆောင်ရွက်လုပ်ကိုင်ခွင့် ရှိကြောင်း မမှန်မကန် တင်ပြပြောဆို၍ ထုတ်ယူခြင်း ဖြစ်ကြောင်း၊ ဒေါ်သန်းနု၏ အမွေပစ္စည်းနှင့် ငွေများကို လိမ်လည်ထုတ်ယူသဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄ အရ အရေးယူစေလိုကြောင်း ဦးတိုက်လျှောက်ထားမှု ဖြစ်သည်။

လျှောက်ထားသူ ခိုင်ဇာလွင်၏ရှေ့နေက ခိုင်ဇာလွင်၏ စွပ်စွဲချက်များသည် အထောက်အထား ခိုင်လုံနေကြောင်း၊ တရားခံများမှလည်း ပစ္စည်းနှင့်ငွေအပေါ် ရယူထားကြောင်း မငြင်းနိုင်တော့သဖြင့် စွဲချက်တင်ရန်မှတစ်ပါး အခြားမရှိကြောင်း၊ ခရစ်ယာန်အသင်းမှ ပေးသည့်ငွေ (၆၅) သိန်းကို ခိုင်ရွှေဝင်းကုမ္ပဏီအတွက် ရုံးခန်းငှားရမ်းအသုံးပြုခဲ့ခြင်းမှာ ပြစ်မှုမမြောက်ကြောင်းနှင့် ကျန်ပစ္စည်းများကို မည်သို့မည်ပုံ ထိန်းသိမ်းထားရှိကြောင်း ရှင်းလင်းရန် လိုအပ်မည်ဟု တရားရုံးချုပ်က သုံးသပ်မှုရှိကြောင်း၊ သေတမ်းစာဖြင့် အတည်ပြုဆောင်ရွက်ပေးမည့် လူကြီးများသည် ရိုးရိုးသားသားဖြင့် အတည်ပြုခံရမည့်သူ၏အကျိုးကျေးဇူးအလို့ငှာ ဆောင်ရွက်နေကြောင်း ကလေးငယ်သံသယရှင်းအောင် တင်ပြရန်လိုကြောင်း လျှောက်ထားသည်။

လျှောက်ထားခံရသူ ဦးတင်ရွှေ ပါ ၃ ဦးတို့၏ ရှေ့နေက ဒေါ်တင်တင်ကြိုင်၊ ဦးအာသာကိုလေးတို့၏ ထွက်ချက်၊ တရားလိုကိုယ်တိုင် ပြန်လှန်မေးတွင် ဖြေကြားချက်များအရ စွဲချက်တင်ရန် လိုအပ်ခြင်း မရှိကြောင်း၊ မူလရုံးတရားလိုဘက်မှ ဒေါ်အေးသာ၊ ဦးစံသွင်နှင့် ဒေါ်သန်းသန်းတင်တို့ကို စစ်ဆေးတင်ပြရန် တာဝန်ရှိကြောင်း၊ ဒေါ်သန်းနုကွယ်လွန်ရာ ပစ္စည်းများ လွှဲပြောင်းခွင့်မရသဖြင့် လျှောက်ထားခံရသူ ဦးတင်ရွှေ ပါ ၃ ဦးကို အထင်လွဲ၍ တရားစွဲခြင်းဖြစ်ကြောင်း၊ ခိုင်ရွှေဝင်းကုမ္ပဏီအတွက်ရသော လျော်ကြေးငွေ (၆၅)သိန်းသည် ကုမ္ပဏီပြောင်းရွှေ့စရိတ်ဖြစ်ပြီး ခိုင်ဇာလွင် အသက်

(၂၁) နှစ်မပြည့်မီ လွှဲပြောင်းပေးအပ်ခွင့် မရှိကြောင်း၊ ဒေါ်သန်းနု၏ သေတမ်းစာ (သက်သေခံ-၁)၊ ကုမ္ပဏီသင်းဖွဲ့မှတ်တမ်း (သက်သေခံ-၂)၊ ငွေ (၆၅) သိန်းနှင့်ပတ်သက်သော စာချုပ်များ (သက်သေခံ-ဃ၊ င၊ စ၊ ဆ) နှင့် သက်သေများ၏ထွက်ချက်အရ ဒေါ်သန်းနုကျန်ရစ်သော ပစ္စည်းများအပေါ် မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုသည်ဟု မပေါ်ပေါက်ကြောင်း၊ ဦးစိုးဝင်းသည် ဒေါ်သန်းနုနှင့်တွဲဖက်၍ လုပ်ကိုင်လာသူ မန်နေဂျင်းဒါရိုက်တာဖြစ်ပြီး၊ ဒေါ်သန်းနုတစ်ဦးတည်း ပိုင်လုပ်ငန်းလည်း မဟုတ်ကြောင်း၊ ကုမ္ပဏီပိုင်အခွင့်အရေးကို မဆိုထားဘိ၊ ဒေါ်သန်းနုနှင့်ဆိုင်သော အခွင့်အရေးများကိုပင် အသက် (၂၁) နှစ်မပြည့်သေးသော ခိုင်ဇာလွင်ကို လွှဲပြောင်းပေးအပ်ရန်၊ ညှိနှိုင်းရန်၊ သဘောတူညီမှု ရယူရန်အကြောင်း မရှိကြောင်း၊ သေတမ်းစာ (သက်သေခံ- ၁) အရ လျှောက်ထားခံရသူများသည် အမှတ်- ၁၀၂ (ဘီ)၊ အင်းယားလမ်းနေအိမ်ရှိ ဒေါ်သန်းနုပိုင်ပစ္စည်းများကို ထိန်းသိမ်းခံရခြင်းဖြစ်၍ ပြင်ဆင်မှုကိုပလပ်သင့်ကြောင်း လျှောက်ထားသည်။

ရှေ့နေချုပ်ရုံး၊ ဥပဒေအရာရှိအဆင့် (၁) က ခိုင်ရွှေဝင်းကုမ္ပဏီ ပြောင်းရွှေ့ရန် လျော်ကြေး (၆၅) သိန်းပေးစဉ်က လျှောက်ထားသူက ကန့်ကွက်ခဲ့ခြင်းမရှိဘဲ တစ်နှစ်ကြာမှ တရားစွဲဆိုခဲ့ကြောင်း၊ မူလပိုင်ရှင်က အခန်းကိုသိမ်းသည့်အခါ မူလရုံးတရားခံတို့က သဘောရိုးဖြင့် ပစ္စည်းများ ပြောင်းရွှေ့ခြင်းဖြစ်ကြောင်း၊ ခိုင်ရွှေဝင်းကုမ္ပဏီ ငှားရမ်းသူအဖြစ်လည်းကောင်း၊ ဒေါ်သန်းနု၏ သေတမ်းစာရရှိထားသူအနေဖြင့်လည်းကောင်း၊ ပြောင်းရွှေ့စရိတ် ထုတ်ပေးခဲ့ခြင်းဖြစ်ရာ သဘောရိုးဖြင့် စာချုပ်စာတမ်း ပြုလုပ်လက်ခံခြင်းမှာ ပြစ်မှုမမြောက်ကြောင်း၊ မြို့နယ်နှင့် တိုင်းတရားရုံးက သုံးသပ်ထားသည်မှာ လက်ခံနိုင်ဘွယ်ရာရှိကြောင်း၊ ပြင်ဆင်မှုကို ပလပ်သင့်ကြောင်း လျှောက်ထားသည်။

လျှောက်ထားသူ ခိုင်ဇာလွင်သည် ကွယ်လွန်သူ ဒေါ်သန်းနုက သေတမ်းစာရေးခဲ့၍ ဒေါ်သန်းနု၏ ပစ္စည်းများ ပိုင်ဆိုင်ခွင့်ရသူ

ဖြစ်သည်။ သေတမ်းစာမိတ္တူမှာ (သက်သေခံ-က) ဖြစ်သည်။ အခြား သေတမ်းစာမိတ္တူမှာ (သက်သေခံ-ဂ) တွင် ကုန်သည်လမ်း၊ အမှတ် ၅၅၅ မြေညီထပ်ရှိ တိုက်ခန်းနှင့် အခြားပစ္စည်းများကို ဦးတင်ရွှေနှင့် ဦးအေးတို့၏ အုပ်ထိန်းမှုအောက်တွင် ခိုင်ဇာလွင် အသက် (၂၁) နှစ် ပြည့်သည်အထိ ထိန်းသိမ်းထားရှိရန်နှင့် ခိုင်ဇာလွင် အသက် (၂၁)နှစ် ပြည့်ပြီးသည်နှင့် စိန့်ဖရန်စစ်ကျောင်း သီလရှင်ကြီးများနှင့် ဦးတင်ရွှေ ဦးအေးတို့က နှီးနှောတိုင်ပင်၍ ကောင်းမွန်စွာ လွှဲအပ်ပေးရန် ဖော်ပြ ပါရှိသည်။ ခိုင်ရွှေဝင်းကုမ္ပဏီတွင် ဒေါ်သန်းနုနှင့် ဦးစိုးဝင်းသည် အစုရှယ်ယာ ထည့်ဝင်ထားကြသူများ ဖြစ်ကြောင်း၊ ကုမ္ပဏီသင်းဖွဲ့ မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ (သက်သေခံ-၂) အရ သိရသည်။

ခိုင်ရွှေဝင်းကုမ္ပဏီ ဖွင့်ထားသည့် အမှတ်- ၅၅၅၊ ကုန်သည် လမ်းရှိ အခန်းကို မိခင်ဒေါ်သန်းနုထံမှ ဦးစိုးဝင်းက တစ်လလျှင် တစ်သောင်းကျပ်နှင့်ငှားထားကြောင်း၊ စာချုပ်မိတ္တူ (သက်သေခံ-ခ) ကို ခိုင်ဇာလွင်က တင်ပြသည်။ ယင်းအခန်းပါ အဆောက်အအုံကို ခရစ်ယာန်အသင်းမှ လျော်ကြေးငွေ (၆၅) သိန်းပေး၍ ပြန်လည်ရယူ သွားကြောင်း၊ ဦးတင်ရွှေနှင့် ဦးစိုးဝင်းက ငွေများကို အလွဲသုံးစားပြုလုပ် ကြောင်း၊ အခန်းအတွင်းမှ ပစ္စည်းများ၊ စားပွဲ၊ ကုလားထိုင်၊ ဘီဒို၊ ဖလင် လိပ်စက် စသည်တို့ကိုလည်း အလွဲသုံးစားပြုလုပ်ကြောင်း ခိုင်ဇာလွင်က အစစ်ခံသည်။ ၎င်းနှင့်အတူနေ ဒေါ်တင်တင်မြိုင် (လိုပြ-၂) က ထောက်ခံထွက်ဆိုသည်။

ဂျပ်ဆင်ဘုရားကျောင်း ကျောင်းထိုင်ဆရာ ဦးအာသာကိုလေး ၏ ထွက်ချက်အရ ဘုရားကျောင်းပိုင် အချင်းဖြစ်အခန်းကို ပြန်လည် ရယူသဖြင့် ကတိစာချုပ်များ (သက်သေခံ-ဃ၊ င၊ စ၊ ဆ) ဖြင့် ဦးတင်ရွှေ က ငွေ (၆၅) သိန်းရယူခဲ့ကြောင်း တွေ့ရသည်။ သို့သော်လည်း ယင်း အခန်း ပြောင်းရွှေ့စရိတ်နှင့်ပတ်သက်၍ ဒေါ်သန်းနုက ပြောင်းရွှေ့ စရိတ် သိန်း (၂၀၀) တောင်းခဲ့ဘူးရာ ယခုဦးတင်ရွှေတို့က ရသလောက်

နှင့် လက်သိပ်ထိုး ဆောင်ရွက်ခြင်းဟု ယူဆစရာဖြစ်သည်။

ဦးတင်ရွှေက ခရစ်ယာန်အသင်းမှ ရရှိသည့်ငွေ (၆၅) သိန်းကို (၅) သိန်းထပ်ထည့်၍ ယခုခိုင်ရွှေဝင်းကုမ္ပဏီအခန်းကို ဦးစံဦးဆိုသူထံမှ သိန်း (၇၀) ဖြင့် ငှားရမ်းထားကြောင်း၊ ဦးတင်ရွှေတို့၏ ရှေ့နေက ခိုင်ဇာလွင်ကို ပြန်လှန်မေးသည်။ ခိုင်ဇာလွင်က မသိပါဟုဖြေဆိုသည်။ ထိုသို့ ခိုင်ရွှေဝင်းကုမ္ပဏီ ဖွင့်ထားကြောင်း ဦးတင်ရွှေတို့က သက်သေခံ စာမှတ်စာတမ်း အထောက်အထားများ တင်ပြပြီး မေးမြန်းခြင်းမရှိ။ ကုမ္ပဏီပိုင်ပစ္စည်းများကို ပြောင်းရွှေ့ယူဆောင်သွားရာ၌လည်း ဒေါ်သန်းနု၏ အမွေဆိုင် ခိုင်ဇာလွင်ကို ဦးတင်ရွှေတို့က ပြောပြခြင်း မရှိပေ။ သေတမ်းစာမိတ္တူ (သက်သေခံ-၁) တွင် ခိုင်ဇာလွင် အသက် (၂၁) နှစ်ပြည့်သည်အထိ ပစ္စည်းများကို ဦးတင်ရွှေ၊ ဦးအေးတို့၏ အုပ်ထိန်းမှုအောက်တွင် ထားရှိရန်အချက်ပါဝင်သည်။ သို့သော် ဒေါ်သန်းနုကွယ်လွန်သည့် ၁၉၉၅ ခုနှစ်တွင် ခိုင်ဇာလွင်မှာ (၁၄-၁၅) နှစ်အရွယ် ကျောင်းသူဖြစ်ရာ ပစ္စည်းဥစ္စာအကြောင်း အထိုက် အလျောက် နားလည်နိုင်ပြီဖြစ်သည်။ ဒေါ်သန်းနုထံမှ ဦးစိုးဝင်း ငှား ထားသော အခန်းအတွက် လျော်ကြေး (၆၅) သိန်းရယူခြင်း၊ ယင်း အခန်းတွင်ရှိ ဒေါ်သန်းနုရှယ်ယာပါဝင်သော ကုမ္ပဏီပိုင်ပစ္စည်းများကို ယူဆောင်ခြင်းပြုရာ၌ အမွေဆိုင်ခိုင်ဇာလွင်ကို အသိပေးပြောဆိုသင့် သည်။ မသိနားမလည်၍ မတားမြစ်ခြင်း၊ ငြိမ်နေခြင်းအပေါ် အခွင့် ကောင်းယူရန်မသင့်။ ဦးတင်ရွှေ၊ ဦးစိုးဝင်းနှင့် ဦးအေးတို့၏ လုပ်ရပ် သည် ရိုးသားမှုရှိသည်ဟု မဆိုနိုင်ပေ။ သေသူ၏ပစ္စည်းကို အလွဲသုံးစား ပြုရာရောက်သဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄ နှင့် အကျုံးဝင်သည်။

မူလရုံးက အချင်းဖြစ်အခန်းရှိ ပစ္စည်းများကို ဦးတင်ရွှေတို့က မတရားရယူမှု မဟုတ်ကြောင်း၊ ငွေ (၆၅) သိန်းကျပ်ကို ဦးတင်ရွှေ၊ ဦးအေးတို့သည် သေတမ်းစာရရှိထားသူများအနေဖြင့် ရယူခဲ့ကြောင်း သုံးသပ်၍ တရားရှင်လွတ်ခြင်းနှင့် ရန်ကုန်တိုင်းတရားရုံးက တရားခံ

၂၀၀၀
**မခိုင်ဇာလွင်**
**နှင့်**
**ပြည်ထောင်စု**
**မြန်မာနိုင်ငံတော်**
ပါ ၄

များ အလွဲသုံးစားပြုသည်ကို တရားလိုဘက်မှ တင်ပြနိုင်ခြင်း မရှိကြောင်း၊ သဘောရိုးဖြင့်ယူခဲ့ကြောင်း သုံးသပ်၍ မူလရုံးအမိန့် အတည်ပြုခြင်းတို့မှာ မှန်ကန်သည်ဟုမဆိုနိုင်။ သေသူ၏ပစ္စည်းကို အလွဲသုံးစားပြုကြောင်းဖြင့် စွဲချက်တင်ဖြေရှင်းခိုင်းရန် လိုအပ်သည်။

ထို့ကြောင့် ကျောက်တံတားမြို့နယ်တရားရုံးနှင့် ရန်ကုန်တိုင်းတရားရုံး (အနောက်ပိုင်းခရိုင်) က လျှောက်ထားခံရသူ ဦးတင်ရွှေ၊ ဦးစိုးဝင်းနှင့် ဦးအေးတို့ကို စွဲချက်မတင်မီလွှတ်သည့် အမိန့်တို့ကို ပယ်ဖျက်လိုက်သည်။ ၎င်းတို့အပေါ် ဆက်လက်စုံစမ်းစစ်ဆေးရန် မူလမြို့နယ်တရားရုံးအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ ညွှန်ကြားလိုက်သည်။

+ ၂၀၀၀
အောက်တိုဘာလ
၂၀ ရက်

ပြစ်မှုဆိုင်ရာအထူးအယူခံမှု

တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသန်းဦး၊
တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့် နှင့်
ဒေါက်တာတင်အောင်အေး တို့ရှေ့တွင်

ဒေါ်ငယ်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်*

အချင်းဖြစ်အိမ်တွင် ဖဲလောင်းကစားရန် မူလရုံးတရားခံများ ရောက်ရှိနေသည်ဟု တစ်ထစ်ချမဆိုနိုင်။ ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေပုဒ်မ ၁၃ (က) အရ ပြစ်မှုကျူးလွန်ရာ မရောက်ဟု ဆုံးဖြတ်လျှင် လျှောက်ထားသူအိမ်ရှင်အား လောင်းကစားအိမ် ဖွင့်လှစ်သည်ဟု ကောက်ယူ၍ ယင်း ဥပဒေပုဒ်မ ၁၄ (က) အရ ပြစ်မှုထင်ရှားစီရင်ခြင်းပြုနိုင်/ မပြုနိုင်။

ဆုံးဖြတ်ချက်။ ။ သတင်းအရ ရဲတပ်ဖွဲ့ဝင်များက သက်သေများ နှင့်အတူ ဒေါ်ငယ်၏အိမ်ကို ဝင်ရောက်ရှာဖွေရာ သက်သေခံ (ခ) ပါ လောင်းကစားကိရိယာများကို ရှာဖွေသိမ်းဆည်းရမိသဖြင့် ဒေါ်ငယ်၏ အိမ်သည် လောင်းကစားအိမ်ဖွင့်လှစ်ကြောင်း အချက်ကို

* ၂၀၀၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၁၀
+ ၁၉၉၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၅၀၁ တွင် ချမှတ်သော ၃၀-၁၂-၉၉ ရက်စွဲပါ တရားရုံးချုပ်၏အမိန့်ကို အထူးအယူခံမှု

ညွှန်ပြနေသည်။ ကျန်တရားခံများသည် ဖဲလောင်းကစားခြင်းပြုသည်ဟု အတိအကျ မဆိုနိုင်၍ အမှုမှအပြီးအပြတ်လွှတ်ခဲ့ခြင်းကို အကြောင်းပြု၍ ဒေါ်ငယ်၏အိမ်မှ လောင်းကစားကိရိယာပစ္စည်းများ သိမ်းဆည်းရမိသည့်အချက်မှာ ပျက်ပြယ်သွားမည် မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ အချင်းဖြစ်အိမ်တွင် ဖဲလောင်းကစားရန် မူလရုံးတရားခံများ ရောက်ရှိနေသည်ဟု တစ်ထစ်ချမဆိုနိုင်သဖြင့် ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေပုဒ်မ ၁၃ (က) အရ ပြစ်မှုကျူးလွန်ရာမရောက်ဟု ဆုံးဖြတ်ခဲ့သော်လည်း လျှောက်ထားသူ အိမ်ရှင်အား လောင်းကစားအိမ် ဖွင့်လှစ်သည်ဟု ကောက်ယူ၍ ယင်းဥပဒေပုဒ်မ ၁၄ (က) အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ လျော်ကန်သင့်မြတ်မှုရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးစိန်လှ<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားခံအတွက် | - | ဦးမြင့်နိုင်<br>ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး |

လှိုင်သာယာမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၄၃၉/၉၈၊ တရားလို ရဲအုပ်သန်းမြင့်နှင့် တရားခံ ဒေါ်ငယ် ပါ (၆)ဦး၊ ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေပုဒ်မ ၁၃ (က) နှင့် ၁၄ (က) အရ စွဲဆိုမှုတွင် တရားခံ ဒေါ်ငယ် ပါ (၆) ဦးတို့အား အမှုမှအပြီးအပြတ် လွှတ်သည့် မူလရုံးအမိန့်ကို ရှေ့နေချုပ်ရုံးက မကျေနပ်သဖြင့် တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ အယူခံမှုတင်သည်။ တရားရုံးချုပ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၅၀၁/၉၉ တွင် တရားခံ ဒေါ်ငယ်အား အမှုမှအပြီးအပြတ်လွှတ်သည့် မူလရုံးအမိန့်ကို

ပယ်ဖျက်ပြီး ဒေါ်ငယ်အပေါ် ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေပုဒ်မ ၁၄ (က) အရ အလုပ်နှင့်ထောင်ဒဏ် (၁) နှစ် ကျခံစေ။ ကျန်တရားခံတို့**အား** အမှုမှအပြီးအပြတ်လွှတ်သည့် မူလရုံးအမိန့်ကို အတည်ပြုကြောင်း ၃၀-၁၂-၉၉ နေ့ အမိန့်ချမှတ်ခဲ့သည်။

တရားရုံးချုပ်၏အမိန့်ကို ဒေါ်ငယ်က မကျေနပ်သဖြင့် တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ အထူးအယူခံဝင်ခွင့်ရရန် ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၇၄/၂၀၀၀ ကို တင်သွင်းခဲ့ရာ အောက်ပါပြဿနာကို အထူးအယူခံခုံရုံးဖြင့် ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

> "အချင်းဖြစ်အိမ်တွင် ဖဲလောင်းကစားရန် မူလရုံးတရားခံများရောက်ရှိနေသည်ဟု တစ်ထစ်ချမဆိုနိုင်၊ ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေပုဒ်မ ၁၃ (က) အရ ပြစ်မှုကျူးလွန်ရာမရောက်ဟု ဆုံးဖြတ်လျှင် လျှောက်ထားသူအိမ်ရှင်အားလောင်းကစားအိမ်ဖွင့်လှစ်သည်ဟု ကောက်ယူ၍ ယင်းဥပဒေပုဒ်မ ၁၄ (က) အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းမှာ လျော်ကန်သင့်မြတ်မှုရှိ-မရှိ။"

အမှုမှာ ၂၅-၆-၉၈ ရက်နေ့ ၁၄၀၀ နာရီအချိန်၌ ရန်ကုန်မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ ရဲအုပ်သန်းမြင့်နှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ်၊ ၁၄-ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်-၁၅၃ (ခ) နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဒေါ်ငယ်၊ ဇော်မင်း၊ အောင်သိန်း၊ ငွေလှိုင်၊ သန်းထိုက်အောင်၊ မဥမ္မာအေးတို့ကို လောင်းကစားနေကြောင်း တွေ့ရှိသဖြင့် လောင်းကစားဥပဒေအရ အရေးယူပေးရန် ရဲအုပ်သန်းမြင့်က တရားလိုပြုလုပ် အမှုဖွင့်တိုင်ကြားရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

အထူးအယူခံတရားလို၏ ရှေ့နေသည် တရားရုံးရှေ့သို့ လာရောက်တင်ပြခြင်း မရှိပေ။

အထူးအယူခံဝင်ခွင့် လျှောက်ထားမှုတွင် အချင်းဖြစ်အိမ်တွင် လောင်းကစားခြင်း ပေါ်ပေါက်ခြင်းမရှိ၊ အချင်းဖြစ်အိမ်သို့ ရောက်ရှိသူများမှာလည်း လောင်းကစားရန် ရောက်ရှိနေကြသူများ မဟုတ်ကြောင်း ထင်ရှားသဖြင့် အချင်းဖြစ်နေအိမ်အား လောင်းကစားအိမ်ဟု ကောက်ယူနိုင်ခြင်း မရှိကြောင်း၊ လောင်းကစားခြင်း ပေါ်ပေါက်ခြင်း မရှိ၊ လောင်းကစားသူလည်း မရှိ၊ လောင်းကစားခြင်း ကျော်စော သတင်း မရှိဘဲ လောင်းကစားအိမ် ဖွင့်လှစ်သည်ဟု ကောက်ယူ အပြစ်ပေးခြင်းသည် ထင်မြင်ချက်ဖြင့် အပြစ်ပေးရာရောက်ကြောင်း အဓိက အကြောင်းပြထားသည်။

ရွှေနေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက သက်သေခံဖဲချပ် (၅၂) ချပ်၊ ကြွေပန်းကန်ပြားနှင့် ငွေစက္ကူ ၂-ကိုက်ခန့်ရှိ ဖယောင်းပုဆိုးတို့ကို သက်သေခံ (ခ) ရှာဖွေပုံစံဖြင့် သိမ်းဆည်းရာ အိမ်ရှင်နှင့်တကွ တရားခံအားလုံးက လက်မှတ်ရေးထိုးကာ သက်သေလူကြီးများရှေ့၌ အပ်ပေးထားသည်ကို တွေ့ရကြောင်း၊ အိမ်ရှင်ဒေါ်ငယ်က ထုချေရာတွင် ၎င်းမှာ နို့ဆီလက်လီလက်ကား လစဉ် ဈေးလျှော့ရောင်းသဖြင့် အခြားဆိုင်များက မကျေနပ်ဟုသိရပြီး၊ ၎င်းက ကျယ်လောင်ကျယ်လောင် ပြောဆိုမှုကိုလည်း အမုန်းထားကြောင်း၊ ကျန်တရားခံများမှာ နို့ဆီကြွေးပေးရန်နှင့် ၎င်းအိမ်တွင်နေသူ ဗေဒင်ဆရာဦးပုည (ခံပြ-၇) ထံတွင် ဗေဒင်လာမေးခြင်းဖြစ်ပြီး၊ ဖဲထုတ်မှာ ဗေဒင်ဟောရန်ထားသော ဖဲထုတ်ဟု တင်ပြထားကြောင်း၊ သို့သော် တရားလိုပြသက်သေများဖြစ်သည့် ဦးသန်းမြင့် (လိုပြ-၁)၊ ဦးမြင့်အောင် (လိုပြ-၂)၊ ဦးစံလင်း (လိုပြ-၃)၊ ဦးသက်ညွှန့် (လိုပြ-၇)နှင့် ဦးကျော်ဖုန်းမို (လိုပြ-၄) တို့ကို စစ်ဆေးစဉ်က တရားခံဘက်မှ ပြန်လှန်မေးစဉ် သိမ်းဆည်းရရှိသော ဖဲချပ်များနှင့် ပတ်သက်၍ မောင်ဖြစ်သူ ဦးပုညဆိုသူ ၎င်းအိမ်၌ရှိကြောင်း၊ ဦးပုည ဗေဒင်ဟောရာ၌ အသုံးပြုသော ဖဲချပ်များဖြစ်ကြောင်း၊ ပြန်လှန်မေးခြင်း လုံးဝမပြုခဲ့၍ နောက်မှအကြံရထုချေသော အချက်ဖြစ်ကြောင်း၊ ယခု

အမှုတွင် သတင်းအရ ဒေါ်ငယ်၏အိမ်ကို ရှာဖွေဖမ်းဆီးခွင့်ဝရမ်းဖြင့် ရှာဖွေခြင်း၊ ဖဲထုတ်၊ ငွေနှင့် အခင်း၊ ပန်းကန်ပြား စသည်တို့ သိမ်းဆည်းရမိခြင်း၊ လူများဝိုင်းဖွဲ့ထိုင်နေသည့် အနေအထား မသက်ဘွယ်ရာတွေ့ရခြင်း စသည့်အချက်များ ပေါ်ပေါက်နေသဖြင့် တရားရုံးချုပ်က အချင်းဖြစ်အိမ်မှာ လောင်းကစားအိမ် ဖွင့်လှစ်ခြင်းကို ညွှန်ပြရာရောက်ကြောင်း သုံးသပ်ပြီး အိမ်ရှင်ဒေါ်ငယ်အပေါ် ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေပုဒ်မ ၁၄ (က) အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းမှာ ဥပဒေနှင့်ညီညွတ်ကြောင်း လျှောက်လဲသည်။

သက်သေခံ (ခ) ရှာဖွေပုံစံအရ ဒေါ်ငယ်အိမ်မှ အပြာရောင် ပန်းပွင့်ပုံဖဲချပ် (၅၂) ချပ်၊ ကြွေပန်းကန်အသေး (၁) ချပ်၊ ငွေစက္ကူ ရောရာ ကျပ် ၈၅၀၄/-၊ ၂-ကိုက်ခန့် အညိုရောင်ပန်းပွင့်ပုံပါ ဖယောင်းပုဆိုး (၁) ချပ်တို့ကို သိမ်းဆည်းခဲ့ကြောင်း တွေ့ရသည်။ အဆိုပါ ကိရိယာပစ္စည်းများသည် လောင်းကစားရာတွင် အသုံးပြုသည့် ကိရိယာများဖြစ်ကြောင်း ထင်ရှားသည်။

၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေပုဒ်မ ၂ (ဂ) တွင် လောင်းကစားအိမ်ဆိုသည်မှာ လောင်းကစားခြင်း ပြုလုပ်သည့်အိမ်၊ အဆောက်အအုံ၊ ကာရံထားသောနေရာ၊ ဝင်း၊ ခြံ၊ ယာဉ်တစ်ခုခုကို ဆိုလိုသည်ဟု ပြဋ္ဌာန်းထားသည်။

ယင်းဥပဒေပုဒ်မ ၉ (က) တွင် လောင်းကစားအိမ် ဖွင့်လှစ်ခြင်း၊ သို့မဟုတ် တည်ထောင်ခြင်း၊ သို့မဟုတ် စီမံခန့်ခွဲခြင်း၊ သို့မဟုတ် ထိုသို့ဆောင်ရွက်ခြင်းကို တစ်နည်းနည်းဖြင့် အားပေးကူညီခြင်း မပြုရဟု ပြဋ္ဌာန်းထားသည်။

ယင်းဥပဒေပုဒ်မ ၁၈ တွင် လောင်းကစားအိမ်၌လည်းကောင်း၊ ထိုအိမ်၌ ရောက်ရှိနေသူတို့၏ ကိုယ်ပေါ်တွင်လည်းကောင်း၊ လောင်းကစားကိရိယာ တစ်ခုခုကို တွေ့ရှိလျှင် ဝင်ရောက်ရှာဖွေသူတို့က လောင်းကစားနေသည်ကို မတွေ့မြင်စေကာမူ လောင်းကစားအိမ်

အဖြစ် အသုံးမပြုကြောင်း၊ သို့မဟုတ် လောင်းကစားရန် ရောက်ရှိနေခြင်း မဟုတ်ကြောင်း၊ ထိုအိမ်၌ ရောက်ရှိနေကြသူများက သက်သေထင်ရှားမပြနိုင်လျှင် လောင်းကစားအိမ်အဖြစ် အသုံးပြုသည်ဟူ၍လည်းကောင်း၊ ထိုသူများသည် လောင်းကစားရန် ရောက်ရှိနေကြသူများ ဖြစ်သည်ဟူ၍လည်းကောင်း မှတ်ယူရမည်ဟု ပြဋ္ဌာန်းထားသည်။

ယခုအမှုတွင် သတင်းအရ ရဲတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ဒေါ်ငယ်၏အိမ်သို့ ဝင်ရောက်ရှာဖွေရာ သက်သေခံ (ခ) ပါ လောင်းကစားကိရိယာများကို ရှာဖွေသိမ်းဆည်းရမိသဖြင့် ဒေါ်ငယ်၏အိမ်သည် လောင်းကစားအိမ် ဖွင့်လှစ်ကြောင်းအချက်ကို ညွှန်ပြနေသည်။ ကျန်တရားခံများသည် ဖဲလောင်းကစားခြင်းပြုသည်ဟု အတိအကျ မဆိုနိုင်၍ အမှုမှအပြီးအပြတ်လွှတ်ခဲ့ခြင်းကို အကြောင်းပြု၍ ဒေါ်ငယ်၏အိမ်မှ လောင်းကစားကိရိယာပစ္စည်းများ သိမ်းဆည်းရမိသည့်အချက်မှာ ပျက်ပြယ်သွားမည် မဟုတ်ပေ။ ဒေါ်ငယ်သည် လောင်းကစားအိမ် ဖွင့်လှစ်သည်ဟု ကောက်ယူပြီး ဒေါ်ငယ်အပေါ် ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေပုဒ်မ ၁၄ (က) အရ ပြစ်မှုထင်ရှားစီရင်ခဲ့သည့် တရားရုံးချုပ်၏အမိန့်မှာ ဥပဒေအရ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

အိမ်ရှင်အား လောင်းကစားအိမ် ဖွင့်လှစ်သည်ဟု ကောက်ယူရန်အကြောင်း မပေါ်ပေါက်၍ ယင်းဥပဒေပုဒ်မ ၁၄ (က) အရ ပြစ်မှုကျူးလွန်ရာမရောက်ဟု ဆုံးဖြတ်ထားပါလျက် အချင်းဖြစ်အိမ်တွင် ဖဲလောင်းကစားရန် မူလရုံးတရားခံများ ရောက်ရှိနေသည်ဟု ကောက်ယူ၍ ယင်းဥပဒေပုဒ်မ ၁၃ (က) အရ ပြစ်မှုထင်ရှားစီရင်ခဲ့ပါမူ သင့်မြတ်မည်မဟုတ်ပေ။

အချင်းဖြစ်အိမ်တွင် ဖဲလောင်းကစားရန် မူလရုံးတရားခံများ ရောက်ရှိနေသည်ဟု တစ်ထစ်ချမဆိုနိုင်သဖြင့် ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေပုဒ်မ ၁၃ (က) အရ ပြစ်မှုကျူးလွန်ရာမရောက်ဟု ဆုံးဖြတ်

ခဲ့သော်လည်း လျှောက်ထားသူအိမ်ရှင်အား လောင်းကစားအိမ် ဖွင့်လှစ်သည်ဟု ကောက်ယူ၍ ယင်းဥပဒေပုဒ်မ ၁၄ (က) အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ လျော်ကန်သင့်မြတ်မှုရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

အထက်ပါအကြောင်းများကြောင့် ဤအထူးအယူခံမှုကို ပလပ်လိုက်သည်။

+ ၂၀၀၀
ဩဂုတ်လ
၁၆ ရက်

ပြစ်မှုဆိုင်ရာအယူခံမှု

တရားရုံးချုပ်တရားသူကြီး ဦးမြင့်သိန်းရှေ့တွင်

ဒေါ်စိန်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်*

မူးယစ်ဆေးဝါးတွေ့ရှိသော အိမ်တွင် တရားခံနေထိုင်ကြောင်း သက်သေပြရန်တာဝန်သည် တရားလိုအပေါ် မကျရောက်ကြောင်း အကြောင်းချင်းရာအပေါ် သုံးသပ်ချက်၊ တရားခံအိမ်အဖြစ် သက်သေခံအထောက်အထားများ ရှိနေသော အမှုတွင် မိမိမနေထိုင်ကြောင်း တရားခံက သက်သေပြရန် တာဝန်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။ အချင်းဖြစ်အိမ်တွင် ဒေါ်စိန်ကိုမိပြီး အခြားသူနေထိုင်သော အိမ်ဖြစ်ကြောင်း ဒေါ်စိန်က သက်သေ လုံးဝမပြနိုင်။ မူလမှုတွင် တရားလိုဘက်မှ ဒေါ်စိန်နေထိုင်သော အိမ်ဖြစ်ကြောင်း (ရယက) လူကြီးများဖြင့်လည်းကောင်း၊ အိမ်ထောင်စုစာရင်းများဖြင့်လည်းကောင်း သက်သေပြရန် တာဝန်မရှိ။

---

* ၂၀၀၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၄၈၈
+ ၁၉၉၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၈၇ တွင် ချမှတ်သော ၂၃-၆-၂၀၀၀ ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး (အရှေ့ပိုင်းခရိုင်) ၏ အမိန့်ကို အယူခံမှု

ထပ်မံဆုံးဖြတ်ချက်။ ။ အချင်းဖြစ်အိမ်ခန်းတွင် ဒေါ်စိန်၏ဓာတ်ပုံကို တွေ့ရှိရသည်။ ထိုအိမ်တွင် ဦးမင်းဇော်လတ်၊ ဒေါ်ခင်သက်ဆွေနှင့် ဒေါ်စိုးတို့ နေထိုင်သည်ဟု ထုချေသော်လည်း ယင်းသက်သေများကို မပြ။ မူးယစ်ဆေးဝါး ရှာဖွေဖမ်းဆီးခွင့်အမိန့်တွင်လည်း ဒဂုံမြောက်၊ ငွေပြည်သာ ၂ လမ်း၊ အမှတ် (၁၁) ရှိ ဒေါ်စိန်အိမ်ဟု အတိအကျဖော်ပြထားရာ အချင်းဖြစ်အိမ်မှာ ဒေါ်စိန်၏အိမ် သို့မဟုတ် ဒေါ်စိန်၏အစီအမံဖြင့် ထားရှိသည့်နေရာ ဖြစ်သည်။

ယင်းအိမ်မှ မူးယစ်ဆေးဝါး ဘိန်းဖြူ ၅၄.၀၂၃၈ ဂရမ် သိမ်းဆည်းရမိခြင်းအတွက် ဒေါ်စိန်ကို မူလရုံးက ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) အရ ထောင်ဒဏ် (၂၅) နှစ် ချမှတ်ထားခြင်းမှ လျှော့ပေါ့ပေးရန် မဖြစ်နိုင်။

အယူခံတရားလိုအတွက် - ဦးနေထွန်းကြည်၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားခံအတွက် - ဒေါ်အေးမြင့်
လက်ထောက်ညွှန်ကြားရေးမှူး
ရှေ့နေချုပ်ရုံး

ရန်ကုန်တိုင်းတရားရုံး (အရှေ့ပိုင်းခရိုင်)၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၈၇/၉၇ တွင် အယူခံတရားလို ဒေါ်စိန်ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) အရ အလုပ်နှင့်ထောင်ဒဏ် (၂၅) နှစ် ချမှတ်သည်။ ယင်းအမိန့်ကို ဒေါ်စိန်က မကျေနပ်၍ အမှုမှအပြီးအပြတ်လွှတ်ပေးရန် တရားရုံးချုပ်တွင် တင်သွင်းသော အယူခံမှုဖြစ်သည်။

မူလမှုမှာ ၁၈-၆-၉၇ ရက်နေ့ ညနေပိုင်းက ရန်ကုန်တိုင်းမူးယစ်အထူးအဖွဲ့မှ ရဲအုပ်မောင်မောင်တာနှင့်အဖွဲ့က သတင်းအရ

ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၂) ရပ်ကွက်၊ ငွေပြည်သာ ၂ လမ်း၊ အမှတ် ၁၁ နေ ဒေါ်စိန်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူမှုန့် အထုပ်ငယ်များ စုစုပေါင်းအလေးချိန် ၅၄. ၀၂၃၂၈ ဂရမ်နှင့် ငွေ ၁၃၅၀၀ိ/- သိမ်းဆည်းရမိကြောင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းရဲစခန်းတွင် တိုင်ချက် (သက်သေခံ-က) ဖွင့်၍ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေး၍ အယူခံတရားလို ဒေါ်စိန်နှင့် မိုးဟိန်းကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) အရ တရားစွဲတင်သည်။ ရန်ကုန်တိုင်းတရားရုံး (အရှေ့ပိုင်းခရိုင်) က တရားလိုဘက်သက်သေများစစ်ဆေးပြီး မိုးဟိန်းကို တရားရှင်လွှတ်သည်။ အမှုအပြီးသတ်တွင် ဒေါ်စိန်ကို အပြစ်ပေးသည်။

အယူခံတရားလို ဒေါ်စိန်၏ရှေ့နေက ဒဂုံမြောက်၊ ငွေပြည်သာ ၂ လမ်းရှိ အချင်းဖြစ်အိမ်တွင် ဒေါ်စိန်သည် ဧည့်သည်တစ်ဦးသာ ဖြစ်ကြောင်း၊ ဒေါ်စိန်၏အိမ်သည် မြောက်ဥက္ကလာပမြို့နယ်တွင် နေထိုင်ကြောင်းကို သက်သေတင်ပြထားကြောင်း၊ ဒဂုံမြောက် ငွေပြည်သာအိမ်တွင် ဒေါ်စိန်နေထိုင်ကြောင်း ဧည့်စာရင်း၊ သန်းခေါင်စာရင်း စသည့် သက်သေခံစာရွက်စာတမ်း အထောက်အထားများကို မူလရုံး တရားလိုဘက်မှ မတင်ပြနိုင်ကြောင်း၊ ဒေါ်စိန်နှင့်အတူ ပူးတွဲစွဲဆိုခံရသော မိုးဟိန်းကို တရားရှင်လွှတ်လိုက်သဖြင့် ဒေါ်စိန်သည် အချင်းဖြစ်အိမ်၏ အိမ်ရှင်အဖြစ် အပြစ်ပေးခံရခြင်းဖြစ်ကြောင်း၊ အချင်းဖြစ်အိမ်တွင် အဖွားအိုဒေါ်စိန်သည် တစ်ယောက်တည်း နေထိုင်မည် မဟုတ်သည့်ပြင် အိမ်ရှင်အဖြစ် ဒေါ်စိန်ကို သတ်မှတ်လျှင်တောင် မူးယစ်ဆေးဝါးရှိကြောင်း ဒေါ်စိန်မသိပါက အပြစ်ရှိမည် မဟုတ်ကြောင်း၊ ဒေါ်စိန်ကို အမှုမှအပြီးအပြတ်လွှတ်သင့်ကြောင်း လျှောက်ထားသည်။

ရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက အချင်းဖြစ်အိမ်တွင် ဒေါ်စိန်ထံမှ မူးယစ်ဆေးဝါး ဟယ်ရိုးအင်း ၅၄. ၀၂ ဂရမ် သိမ်းဆည်းရမိသည်မှာ ပေါ်လွင်ကြောင်း၊ အချင်းဖြစ် ဒဂုံမြောက်အိမ်

တွင် နေထိုင်ခြင်းမရှိပါဟု အခိုင်အမာ ထုချေတင်ပြနိုင်ခြင်း မရှိသဖြင့် ဒေါ်စိန်ကိုအပြစ်ပေးထားခြင်းမှာ မှန်ကန်ကြောင်း လျှောက်ထားသည်။

မူလမှုမှာ ၁၈-၆-၉၇ ရက်နေ့က ရန်ကုန်မူးယစ်အထူးအဖွဲ့မှ ရဲအုပ်မောင်မောင်တာနှင့်အဖွဲ့က ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၂) ရပ်ကွက်၊ ငွေပြည်သာ ၂ လမ်း၊ အမှတ် (၁၁) နေ ဒေါ်စိန်အိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ အထုပ်ငယ်များ သိမ်းဆည်းရမိသည်။ အလေးချိန်မှာ ၅၄. ၀၂၃၂၈ ဂရမ် ဖြစ်သည်။ အငြင်းပွားမှုမရှိ။

ဒေါ်စိန်က ဒဂုံမြို့သစ်မြောက်ပိုင်းရှိ အချင်းဖြစ် မူးယစ်ဆေးဝါးတွေ့သောအိမ်မှာ မိမိအိမ်မဟုတ်ပါ၊ မိမိမနေထိုင်ပါ။ မိမိနေထိုင်သည်မှာ မြောက်ဥက္ကလာပ၊ ၉-ရပ်ကွက်၊ အိန္ဒာ (၅) လမ်း၊ အမှတ် (၄၉၂) တွင် နေထိုင်ပါသည်ဟု ထုချေသည်။ အချင်းဖြစ်နေ့က ဒေါ်စိုးနှင့်တွေ့ရန် ဒေါ်စိုး ချိန်းထားသည့် အချင်းဖြစ်အိမ်သို့ လာရောက်ခြင်းဖြစ်ကြောင်း၊ ဒေါ်စိုးနှင့် တောင်ပြုံးနတ်ပွဲသွားရန် ချိန်းထားခြင်း ဖြစ်ကြောင်း၊ ဒေါ်စိုး၏မြေးမှလည်း စျေးဆိုင်သို့ သွားနေချိန် လူ (၂) ဦး ရောက်လာပြီး ဖမ်းဆီးခြင်းဖြစ်ကြောင်း၊ အိမ်သော့ကိုတောင်းရာ သော့မရှိကြောင်း မိမိကပြော၍ သော့ကိုဖျက်ပြီး အိမ်ထဲဝင်ရှာကြောင်း၊ အိမ်ထဲမှ ဘိန်းဖြူမှုန့်များ တွေ့သည်ဟု ရှာဖွေသူများပြော၍ သိရကြောင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အပြစ်မရှိကြောင်း ခုခံချေပသည်။ ဒေါ်စိန်နှင့် ပူးတွဲတရားစွဲဆိုခံရသော မိုးဟိန်းကို တရားရှင်လွှတ်ထားသည်။ မိုးဟိန်းကို အပြစ်ပုံချ၍ ဒေါ်စိန်၏ရှေ့နေက လျှောက်လဲသော်လည်း အချင်းဖြစ်အိမ်တွင် မိုးဟိန်း နေထိုင်ခြင်း ရှိ-မရှိကို ဒေါ်စိန်မသိပေ။

မြောက်ဥက္ကလာပမြို့နယ်တွင် ဒေါ်စိန် နေထိုင်ကြောင်းကို အိမ်နီးချင်း ဦးလှဘော်သူ၊ ဦးအောင်မွေးနှင့် ဦးသန်းအောင် (ခံပြ-၃၊ ၄ နှင့် ၅) တို့က ထောက်ခံထွက်ဆိုသည်။ အိမ်ထောင်စုစာရင်းများကိုလည်း တင်ပြသည်။ သို့သော် ဒဂုံမြောက်မြို့နယ်ရှိ အချင်းဖြစ်အိမ်

သည် ဒေါ်စိန်၏အိမ် မဟုတ်ကြောင်း၊ ဒေါ်စိန် ဝင်ထွက်သွားလာနေသော အိမ်မဟုတ်ကြောင်း သက်သေအထောက်အထား မတင်ပြနိုင်။ မူလမှုတွင် တရားလိုဘက်မှ ဒေါ်စိန်နေထိုင်သောအိမ်ဖြစ်ကြောင်း (ရယက) လူကြီးများဖြင့်လည်းကောင်း၊ အိမ်ထောင်စုစာရင်းများဖြင့်လည်းကောင်း သက်သေပြရန် တာဝန်မရှိ။ ဒေါ်စိန်သည် မြောက်ဥက္ကလာပတွင် အမြဲနေထိုင်ပြီး ဒဂုံမြောက်မြို့နယ်ရှိ အချင်းဖြစ်အိမ်ခန်းတွင် သွားရောက်၍ ဘိန်းဖြူရောင်းဝယ်သည့်ကိစ္စ ဆောင်ရွက်ခြင်းသာဖြစ်မည်။

အဘယ်ကြောင့်ဆိုသော အချင်းဖြစ်အိမ်ခန်းတွင် ဒေါ်စိန်၏ဓာတ်ပုံကို တွေ့ရှိရသည်။ ထိုအိမ်တွင် ဦးမင်းဇော်လတ်၊ ဒေါ်ခင်သက်ဆွေနှင့် ဒေါ်စိုးတို့ နေထိုင်သည်ဟု ထုချေသော်လည်း ယင်းသက်သေများကို မပြ။ မူးယစ်ဆေးဝါးရှာဖွေဖမ်းဆီးခွင့်အမိန့် (သက်သေခံ- ခ) တွင်လည်း ဒဂုံမြောက်၊ ငွေပြည်သာ (၂) လမ်း၊ အမှတ် (၁၁) ရှိ ဒေါ်စိန်အိမ်ဟု အတိအကျဖော်ပြထားရာ အချင်းဖြစ်အိမ်မှာ ဒေါ်စိန်၏အိမ် သို့မဟုတ် ဒေါ်စိန်၏အစီအမံဖြင့် ထားရှိသည့်နေရာ ဖြစ်သည်။ ထို့ကြောင့် ယင်းအိမ်တွင်တွေ့ရှိရသော ဘိန်းဖြူများသည် ဒေါ်စိန်လက်ဝယ်ထားသော ပစ္စည်းများဖြစ်ကြောင်း ထင်ရှားသည်။ မူလရုံးက ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) အရ ဒေါ်စိန်ကို ပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှားယွင်းချွတ်ချော်မှုမရှိ။ ဘိန်းဖြူအထုပ်ငယ်များကို သတ်မှတ်အလေးချိန် ၃ ဂရမ်ထက် များစွာပိုပြီး ၅၄. ၀၂၃၂၈ ဂရမ် လက်ဝယ်ထားသဖြင့် ထောင်ဒဏ် (၂၅) နှစ် ချမှတ်ထားခြင်းမှာ လျှော့ပေါ့သက်သာခွင့်ပေးရန် မဖြစ်နိုင်။

ထို့ကြောင့် ရန်ကုန်တိုင်းတရားရုံး (အရှေ့ပိုင်းခရိုင်) ၏ အမိန့်ကို ဆက်လက်အတည်ပြုပြီး ဒေါ်စိန်၏ အယူခံလျှောက်ထားမှုကို ပလပ်လိုက်သည်။

ပြစ်မှုဆိုင်ရာအထူးအယူခံမှု

+ ၂၀၀၀
ဒီဇင်ဘာလ
၁၅ ရက်

တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊
တရားသူကြီးများဖြစ်ကြသော ဦးမြင့်သိန်း နှင့် ဦးချစ်လွင်
တို့ရှေ့တွင်

ဒေါ်တင်ကြည်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၂*

မြေငှားဂရန်ထုတ်ပေးသော စည်ပင်သာယာရေးကော်မတီသည် ယင်းမြေဂရန် ထုတ်ပေးသည့်ကိစ္စနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၂) တွင် ဖော်ပြထားသော "အခွန်ရုံး" ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေစီမံခန့်ခွဲမှုဌာနသည် မြေဂရန်ထုတ်ပေးသည့်ကိစ္စနှင့်စပ်လျဉ်း၍ ယခင်ကော်လိတ်တော်၏ အခွင့်အာဏာများကို လွှဲပြောင်းရရှိသော ဌာနဖြစ်သဖြင့်လည်းကောင်း၊ ဂရန်ထုတ်ပေးရာတွင်လည်း ယခင် လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သဖြင့်လည်းကောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅၊ ပုဒ်မခွဲ (၂) တွင် ပြဋ္ဌာန်းထားသော "အခွန်ရုံး" ဖြစ်သည်မှာ ယုံမှားဘွယ်မရှိပေ။ သို့ဖြစ်၍ ဂရန်လိမ်လည်

* ၁၉၉၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၄၂
+ ၁၉၉၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၂၄ (ခ) တွင် ချမှတ်သော ၂၉-၁-၉၉ ရက်စွဲပါ တရားရုံးချုပ်၏အမိန့်ကို အထူးအယူခံမှု

လျှောက်ထားရယူသည့်ကိစ္စရပ်များတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅ (၁) (ဂ) အရ ၎င်းရုံးကသာ စာဖြင့်ရေးသား တိုင်တန်း လျှောက်ထားရမည် ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။ ဤအမှုတွင် ထိုသို့လိမ်လည်အတုပြုမှု မပေါ်ပေါက်ခဲ့၍သာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စာဖြင့်ရေးသား တိုင်ကြားခဲ့ခြင်းမရှိဟု ဆိုရမည်ဖြစ်သည်။ ယင်းသို့ သက်ဆိုင်ရာအခွန်ရုံး၏ စာဖြင့်ရေးသား တိုင်ကြားချက်မရှိဘဲ မူလ မြို့နယ်တရားရုံးက အမှုကိုလက်ခံစစ်ဆေး စီရင်ခြင်းမှာ စီရင်ပိုင်ခွင့် အာဏာမရှိဘဲ စစ်ဆေးခြင်းဖြစ်သည်ဟု ဆိုရမည်။

အယူခံတရားလိုအတွက် - ဦးအောင်နိုင်
တရားရုံးချုပ်ရှေ့နေ

အယူခံတရားခံများအတွက် - ၁။ ဦးမြင့်နိုင်
ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး
၂။ ဦးဇော်မင်း၊ တရားရုံးချုပ်ရှေ့နေ

သာကေတမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၆၃၉/၉၇ တွင် ဒေါ်တင်ကြည်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ အရလည်းကောင်း၊ ပုဒ်မ ၄၆၈ အရလည်းကောင်း စွဲချက်နှစ်ရပ် တင်သည်။ ဒေါ်တင်ကြည်က ၎င်းအပေါ်တင်ထားသော စွဲချက်များကို ပယ်ဖျက်ပေးရန် ရန်ကုန်တိုင်းတရားရုံး (အရှေ့ပိုင်းခရိုင်)၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၂/၉၈ အရ လျှောက်ထားရာ အောင်မြင်မှုမရခဲ့ပေ။ ဒေါ်တင်ကြည်က မူလမြို့နယ်တရားရုံး၏အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသော ရန်ကုန်တိုင်းတရားရုံး (အရှေ့ပိုင်းခရိုင်) ၏ အမိန့် တို့ကို မကျေနပ်သဖြင့် တရားရုံးချုပ်တွင် ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်

၃၂၄ (ခ)/၉၈ အရ ပြင်ဆင်မှုဝင်ရောက်ခဲ့ရာတွင် အမှုကိုပလပ်ခံရသည်။ ထို့ကြောင့် ဒေါ်တင်ကြည်က တရားရုံးချုပ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူးအယူခံ) မှုကို ဆက်လက်လျှောက်ထားရာ အောက်ပါပြဿနာကို စုံညီခုံရုံး (ယခု အထူးအယူခံခုံရုံး) ဖြင့် ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

"၁။ မြေဂရန်ကို ထုတ်ပေးသော စည်ပင်သာယာရေးကော်မတီသည် ယင်းမြေဂရန် ထုတ်ပေးသည့်ကိစ္စနှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၂) တွင် ဖော်ပြထားသော "အခွင့်ရုံး" ဖြစ်သည်ဆိုလျှင် မှန်ပါသလား။

၂။ ဒေါ်တင်ကြည်က ဦးကေတီရန်သီးနှင့် ပြုလုပ်ထားသည်ဆိုသော အရောင်းအဝယ်စာချုပ်အတုကို တင်ပြပြီး ဂရန်ကို လိမ်လည်ရယူခဲ့ရာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြေယာစီမံခန့်ခွဲမှုဌာန အနေဖြင့် လိမ်လည်အတုပြုကြောင်းကို သိရှိနိုင်မည် မဟုတ်၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ဂ) တွင် အကျုံးမဝင်ဟုဆိုခြင်းသည် မှန်ကန်မှုရှိ-မရှိ။"

အမှုအကြောင်းအရာ အကျဉ်းချုပ်မှာ ဒေါ်တင်ရီသည် ၂၀-၄-၈၃ ရက်နေ့တွင် ဦးမောင်စီနှင့် ဒေါ်မြရင်တို့ထံမှ အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၇) ရပ်ကွက်၊ မြေကွက်အမှတ် (၁၄၂)၊ စပယ်လမ်း၊ အမှတ် (၂၁)၊ အကျယ်အဝန်း (ပေ ၂၀ × ပေ ၆၀) ကို ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အိမ်နှင့်မြေကို စောင့်ရှောက်ထိန်းသိမ်းရန် ဒေါ်တင်ကြည်နှင့် ၎င်း၏သား မောင်မျိုးဟန်၊ သမီး မနီနီတို့အား ယုံကြည်စွာအပ်နှံခဲ့သည်။ ဒေါ်တင်ကြည်တို့သည် မရိုးမဖြောင့်သောသဘောဖြင့် စာချုပ်အတုပြုလုပ်ကာ မြေဂရန်

ကို ရယူခဲ့သည်ဟု သိရှိရ၍ ဒေါ်တင်ကြည်၊ မောင်မျိုးဟန်နှင့် မနီနီတို့အား ဥပဒေအရ အရေးယူပေးရန် ဒေါ်တင်ရီ၏ခင်ပွန်း ဦးမောင်မောင်စိုးက သာကေတမြို့နယ်ရဲတပ်ဖွဲ့စခန်းတွင် စာဖြင့်ရေးသားတိုင်ကြားရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

အယူခံတရားလို၏ အကျိုးဆောင်က ပြဿနာ (၁) နှင့်စပ်လျဉ်း၍ တင်ပြရာတွင် အောက်မြန်မာပြည် မြို့နှင့်ကျေးရွာမြေများအက်ဥပဒေပုဒ်မ ၄၁(က) အရ ဂရန်ချထားပေးခြင်းသည် သက်ဆိုင်ရာအခွန်အရာရှိ၏ လုပ်ပိုင်ခွင့်ဖြစ်ကြောင်း၊ အခွန်အရာရှိများ ဆုံးဖြတ်ရမည့်ကိစ္စကို တရားရုံးက ဆုံးဖြတ်ရန် အာဏာမရှိဟု ကောက်ယူရမည်ဖြစ်ကြောင်း၊ ၁၉၉၀ ပြည့်နှစ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ပြဋ္ဌာန်းပြီးသည့်နောက်တွင် မြေယာစီမံမှုလုပ်ပိုင်ခွင့်ကိုရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ တရားဝင်လွှဲပြောင်းပေးခဲ့ကြောင်း၊ ထိုကဲ့သို့ တရားဝင် လွှဲပြောင်းပေးခဲ့သည့်အတွက်ကော်လိတ်တော်ရုံးသို့ ပေးအပ်ထားသည့် မြေဂရန်နှင့်ပတ်သက်သောအာဏာအားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ အလိုအလျောက် ရောက်ရှိသွားကြောင်း၊ မြေဂရန်ထုတ်ပေးသောစည်ပင်သာယာရေးကော်မတီသည် မြေဂရန်ထုတ်ပေးသောကိစ္စနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၂) တွင် ဖော်ပြထားသော အခွန်ရုံးဖြစ်ကြောင်း တင်ပြသည်။

ပြဿနာ (၂) နှင့်စပ်လျဉ်း၍ တင်ပြရာတွင် တရားလို ဦးမောင်မောင်စိုးက တရားခံ ဒေါ်တင်ကြည်အနေဖြင့် ဦးကေတီရန်သီးထံမှအချင်းဖြစ် မြေနှင့်အိမ်ကို ရောင်းဝယ်ကြောင်း စာချုပ်အတုပြုလုပ်ကာမြေဂရန် လျှောက်ထားရရှိခဲ့ခြင်း ဖြစ်သည်ဟု စွပ်စွဲထားကြောင်း၊ သို့သော် ဦးကေတီရန်သီးနှင့် မြေ၊ အိမ် အရောင်းအဝယ်စာချုပ်ကိုရုံးရှေ့၌ သက်သေခံအဖြစ် တင်ပြနိုင်ခြင်းမရှိကြောင်း၊ လိမ်လည်အတုပြုလုပ်ထားသော စာတမ်းဖြစ်ကြောင်း တရားလိုဘက်မှ သက်သေ

ဆင်ရှား မပြသနိုင်ကြောင်း၊ ၁၉၉၃ ခုနှစ်၊ မြေငှားဂရန်ထုတ်ပေးရန် လျှောက်ထားစဉ်က ကန့်ကွက်မှုမပြုဘဲ မြေဂရန် ထုတ်ပေးပြီးနောက် ၁၉၉၇ ခုနှစ်မှ မြေဂရန်ကို လိမ်လည်လျှောက်ထားပါသည်ဟု ပြစ်မှုကြောင်းအရ အရေးယူပေးရန် လျှောက်ထားခြင်းမှာ မှန်ကန်မှုမရှိကြောင်း လျှောက်လဲတင်ပြသည်။

အမှတ် (၂) အယူခံတရားခံ၏ အကျိုးဆောင်က ပြဿနာ (၁) နှင့်စပ်လျဉ်း၍ တင်ပြရာတွင် ၁၉၉၀ ပြည့်နှစ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥပဒေ ပုဒ်မ ၇ (၁) အရ ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်းရှိ မြေကွက်များအား ဂရန်ထုတ်ပေးခြင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်ခွင့်ရှိကြောင်း၊ သို့ရာတွင် ယင်းဥပဒေ ပြဋ္ဌာန်းချက်ထဲတွင် ယင်းကော်မတီသည် အခွန်ရုံးဖြစ်သည်ဆိုသည့် ပြဋ္ဌာန်းချက်မပါရှိကြောင်း၊ ပြစ်မှုဆိုင်ရာမှုခင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးစီရင်ဆောင်ရွက်ရန် ပြဋ္ဌာန်းချက်လည်း မပါရှိကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၂) တွင် ဖော်ပြထားသော "ရုံး" ဆိုသည့် စကားရပ်၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရာဇဝတ်ရုံး၊ တရားမရုံးနှင့် အခွန်ရုံးတို့တွင် ပါဝင်သော ရုံးဖြစ်သည်ဆိုသည့် စကားရပ်ပါရှိခြင်း မရှိကြောင်း တင်ပြသည်။

ပြဿနာ (၂) နှင့်စပ်လျဉ်း၍ တင်ပြရာတွင် ဒေါ်တင်ကြည်က ဦးကေတီရန်သီးနှင့် ပြုလုပ်ထားသည်ဆိုသည့် အရောင်းအဝယ်စာချုပ်အတုကို တင်ပြပြီး ဂရန်ကို လိမ်လည်ရယူခဲ့ရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေယာစီမံခန့်ခွဲမှုဌာနအနေဖြင့် လိမ်လည်အတုပြုကြောင်းကို သိရှိနိုင်မည်မဟုတ်၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) တွင် အကျုံးမဝင်ကြောင်း၊ ဒေါ်တင်ကြည်၏ စာချုပ်အတုပြုလုပ်မှုသည် မြေဂရန်ထုတ်ပေးရေးအဖွဲ့ ရှေ့မှောက်တွင် ပြုလုပ်ခြင်းမဟုတ်ဘဲ ၎င်း၏စိတ်တိုင်းကျ ပြင်ပတွင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးက ပြဿနာ (၁) နှင့်စပ်လျဉ်း၍ တင်ပြရာတွင် ယခင်က မြေဂရန် ထုတ်ပေးခြင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ဝန်များက ကော်လိတ်တော်အရာရှိအဖြစ် ဆောင်ရွက်ခဲ့သော်လည်း ယခုအခါတွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ သက်ဆိုင်ရာမြို့တော်စည်ပင်သာယာရေးကော်မတီများက ဆောင်ရွက်လျက်ရှိကြောင်း၊ မြေဂရန် ထုတ်ပေးသောကိစ္စသည် အခွန်ရုံးက ဆောင်ရွက်သောကိစ္စဖြစ်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) အရ သက်ဆိုင်ရာအခွန်ရုံးက စာဖြင့်ရေးသားထားသော တိုင်ချက်ရှိရန်လိုကြောင်း၊ ဂရန်ထုတ်ပေးသော စည်ပင်သာယာရေးကော်မတီသည် အခွန်ရုံးဖြစ်သည်ဆိုသည့် စကားရပ်တွင် ပါဝင်သည်ဟု ကောက်ယူသင့်ကြောင်း တင်ပြသည်။

ပြဿနာ (၂) နှင့်စပ်လျဉ်း၍ တင်ပြရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာနအနေဖြင့် လိမ်လည်အတုပြုကြောင်း သိရှိနိုင်မည်ဟုတ်-မဟုတ်ဟူသော အချက်ကို ထည့်သွင်းစဉ်းစားရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) ၏ ပြဋ္ဌာန်းချက်တွင် မပါရှိကြောင်း လျှောက်လဲသည်။

ယခုအမှုတွင် ဦးမောင်မောင်စိုး၏ဇနီး ဒေါ်တင်ရီအမည်ဖြင့် ဝယ်ယူခဲ့သော မြေကွက်ကို ဒေါ်တင်ကြည်က ၎င်းဝယ်ယူခဲ့သည့် မြေကွက်ဖြစ်လေဟန် စာချုပ်အတုတစ်စောင် ပြုလုပ်ပြီး မြေဂရန် ထုတ်ပေးရန် လျှောက်ထားခဲ့သဖြင့် မြေဂရန်ရရှိခဲ့သည်ဟု ဦးမောင်မောင်စိုးက စွပ်စွဲထားသည်။ ယင်းစွပ်စွဲချက်အရဆိုပါက ဒေါ်တင်ကြည်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာနတွင် မြေဂရန်ကို မရိုးမဖြောင့်သောသဘောဖြင့် လိမ်လည်ရယူရန် အလို့ငှာ လိမ်လည်အတုပြုမှုကို ကျူးလွန်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ မြေဂရန်ကို လိမ်လည်ရယူရန်အလို့ငှာ အစစ်အမှန်မဟုတ်သော စာချုပ်

စာတမ်းကို ဌာနဆိုင်ရာသို့ လိမ်လည်တင်ပြပြီး မြေဂရန်ရယူခဲ့ခြင်း ဖြစ်သောကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာနက ဒေါ်တင်ကြည်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၈ အရ အရေးယူနိုင်မည်ဖြစ်သည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာနသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၂) တွင် ဖော်ပြထားသော "အခွန်ရုံး" တွင်ပါဝင်သော ရုံးဖြစ်လျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) အရ ထိုရုံးက စာဖြင့်ရေးသား တိုင်ကြားရမည်ဖြစ်သည်။ ကရမ်းဆင် နှင့် ဒေါ်ပရင်းကော (ရ်) အမှု(၁) ကို ကြည့်ပါ။ သို့ဖြစ်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာနသည် အခွန်ရုံးဟုတ်-မဟုတ် စိစစ်ရန်ဖြစ်သည်။

ဒေါ်တင်ကြည်က မြေဂရန်ထုတ်ပေးရန် လျှောက်ထားခြင်းသည် မှတ်ပုံတင်ရန်ကိစ္စမဟုတ်၍ ရေစစ္စတြီမှတ်ပုံတင်သည့်ရုံးက ဆောင်ရွက်သောကိစ္စ မဟုတ်သည်မှာ ထင်ရှားသည်။ ယခင်က မြေဂရန် ထုတ်ပေးသောကိစ္စကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ဝန်များက ကော်လိတ်တော်အဖြစ် ဆောင်ရွက်ခဲ့သော်လည်း ယခုအခါတွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီများက ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာနသည် မြေဂရန်ထုတ်ပေးရာတွင် ယခင်ကော်လိတ်တော်အရာရှိဆောင်ရွက်သကဲ့သို့ အဆင့်ဆင့်စိစစ်ပြီးမှ ဂရန်ထုတ်ပေးခြင်းဖြစ်သည်။ ယင်းအချက်နှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနစုမှူး ဦးခင် (လိုပြ-၃) က အသေးစိတ်ထွက်ဆိုထားသည်ကို တွေ့ရသည်။

---

(၁) ၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁။

သို့ဖြစ်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာနသည် မြေဂရန် ထုတ်ပေးသည့်ကိစ္စနှင့်စပ်လျဉ်း၍ ယခင်ကော်လိတ်တော်၏ အခွင့်အာဏာများကို လွှဲပြောင်းရရှိသော ဌာနဖြစ်သဖြင့်လည်းကောင်း၊ ဂရန်ထုတ်ပေးရာတွင်လည်း ယခင် လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သဖြင့်လည်းကောင်း ပြစ်မှု ဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅၊ ပုဒ်မခွဲ (၂) တွင် ဖော်ပြထားသော "အခွန်ရုံး" ဖြစ်သည်မှာ ယုံမှားဘွယ်မရှိပေ။ သို့ဖြစ်၍ ဂရန်လိမ်လည် လျှောက်ထားရယူသည့် ကိစ္စရပ်များတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅ (၁) (ဂ) အရ ၎င်းရုံးကသာ စာဖြင့်ရေးသား တိုင်တန်း လျှောက်ထားရမည် ဖြစ်သည်။

ဤအမှုတွင် ဦးကေတီရန်သီးထံမှ ဒေါ်တင်ကြည်က ဝယ်ယူခဲ့ ပါသည်ဆိုသော မြေနှင့်အိမ် အရောင်းအဝယ်စာချုပ်သည် အစစ်အမှန် မဟုတ်ဘဲ လိမ်လည်အတုပြုလုပ်ထားသော စာချုပ်စာတမ်းဖြစ်ကြောင်း သက်သေထင်ရှား မရှိပေ။ ယုတ်စွအဆုံး ၎င်းစာချုပ်ကို အမှုတွင် သက်သေခံ အထောက်အထားအဖြစ် တင်ပြနိုင်ခြင်း မရှိပေ။ ဤအခြေ အနေတွင် ဒေါ်တင်ကြည်က မြေဂရန်လျှောက်ထားရာတွင် လိမ်လည် အတုပြုလုပ်ထားသော စာချုပ်ကို အသုံးပြုခဲ့ကြောင်း အမှုတွင် ထင်ရှား ပေါ်ပေါက်ခြင်း မရှိပေ။

ဦးခင် (လိုပြ-၃) ၏ ထွက်ဆိုချက်တွင် ဒေါ်တင်ကြည်မှာ စာချုပ်စာတမ်းအတု ပြုလုပ်၍ မြေငှားဂရန်ရရှိအောင် ဆောင်ရွက် ကြောင်း စွပ်စွဲချက် တစ်စုံတစ်ရာမရှိသည့်အပြင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှလည်း ဒေါ်တင်ကြည်သည် လိမ်လည် အတုပြုလုပ်ထားသော စာရွက်စာတမ်းကို တင်ပြခဲ့ကြောင်း စွပ်စွဲချက် တစ်စုံတစ်ရာမရှိပေ။ သို့ဖြစ်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာနမှ တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက် ၍သာ တရားမစွဲဆိုခဲ့ဟု ဆိုရပေမည်။ အကယ်၍ တရားစွဲဆိုရန်

အကြောင်း တစ်စုံတစ်ရာပေါ်ပေါက်လျှင်မူ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅ (၁) (ဂ) အရ စာဖြင့်ရေးသား တိုင်တန်းရန် လိုအပ်မည် ဖြစ်သည်။

ဤအမှုတွင် ထိုသို့လိမ်လည်အတုပြုမှု မပေါ်ပေါက်ခဲ့၍သာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စာဖြင့်ရေးသား တိုင်ကြားခဲ့ခြင်းမရှိဟု ဆိုရမည်ဖြစ်သည်။ ယင်းသို့ သက်ဆိုင်ရာ အခွန်ရုံး၏ စာဖြင့်ရေးသား တိုင်ကြားချက်မရှိဘဲ မူလမြို့နယ်တရားရုံး က အမှုကိုလက်ခံစစ်ဆေး စီရင်ခြင်းမှာ စီရင်ပိုင်ခွင့်အာဏာမရှိဘဲ စစ်ဆေးခြင်းဖြစ်သည်ဟု ဆိုရမည်။

သို့အတွက် ဤအထူးအယူခံမှုကိုခွင့်ပြုပြီး မူလမြို့နယ်တရားရုံး က အယူခံတရားလို ဒေါ်တင်ကြည်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ နှင့် ပုဒ်မ ၄၆၈ တို့အရ စွဲချက်တင်သောအမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသော ရန်ကုန်တိုင်းတရားရုံး (အရှေ့ပိုင်းခရိုင်) ၏ အမိန့်နှင့် တရားရုံးချုပ်၏ အမိန့်တို့ကို ပယ်ဖျက်လိုက်ပြီး အယူခံတရားလို ဒေါ်တင်ကြည်အား စွဲချက်မတင်မီ တရားရှင်လွှတ်ကြောင်း အမိန့် ချမှတ်လိုက်သည်။

+ ၂၀၀၀
ဖေဖော်ဝါရီလ
၄ ရက်

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေးရှေ့တွင်

ဒေါ်တင်တင်မြ

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၂*

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၉၄ အရ စာတမ်းအမှတ်အသား သို့မဟုတ် အရာဝတ္ထုကို တရားရုံးရှေ့သို့ တင်ပြရန် မည်သည့်အခါ ဆင့်ဆိုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၉၄ တွင် အမှုစုံစမ်းခြင်း၊ စစ်ဆေးခြင်း ပြုလုပ်ရာတွင် လိုအပ်သော စာတမ်းအမှတ်အသား သို့မဟုတ် ပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် တစ်ဦးတစ်ယောက်အား အမိန့်ဆင့်ဆိုနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ရာဇဝတ်တရားသူကြီးသည် မည်သည့်အရာဝတ္ထုပစ္စည်းကိုမဆို တင်ပြရန် တစ်ဦးတစ်ယောက်ကို ဆင့်ဆိုခြင်းမပြုပေ။ အမှုကိုစုံစမ်းမှု သို့မဟုတ် စစ်ဆေးမှုတွင် အရေးပါအရာရောက်သော စပ်ဆိုင်မှု၊ ဆက်စပ်မှု၊ သက်သေခံအထောက်အထားအဖြစ် အသုံးပြုမှုအတွက် အမှန်လိုအပ်မှသာ စာတမ်းအမှတ်အသား သို့မဟုတ် ပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် ဆင့်ဆိုသည်။

---

* ၁၉၉၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၁၉ (ခ)

\+ ၁၉၉၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်ထားမှုအမှတ် ၂၇ တွင် ချမှတ်သော ၁၅-၇-၉၉ ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး (အရှေ့ပိုင်းခရိုင်) ၏ အမိန့်ကို ပြင်ဆင်မှု

လျှောက်ထားသူအတွက် - ဒေါက်တာမြသိန်း
တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက် - ၁။ ဦးကျော်တင်
လက်ထောက်ညွှန်ကြားရေးမှူး
ရှေ့နေချုပ်ရုံး
၂။ ဒေါ်စိန်မမ
တရားရုံးချုပ်ရှေ့နေ

ပုဇွန်တောင်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၁/၉၇ တရားလို ဒေါ်တင်တင်မြနှင့် တရားခံ ဒေါ်ရီပါ-၂၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄ အရ စွဲဆိုမှုတွင် တရားခံ ဒေါ်ရီ၏ လက်ဝယ်ရှိသော ငွေစုစာအုပ် (၃) အုပ်နှင့် ရတနာပစ္စည်း (၃၅) မျိုးကို တရားရုံးသို့ တင်ပြရန် မူလရုံးတရားလို၏ လျှောက်ထားမှုကို ခွင့်ပြုကြောင်း မူလရုံးက အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို ဒေါ်ရီက မကျေနပ်သဖြင့် ရန်ကုန်တိုင်းတရားရုံး (အရှေ့ပိုင်းခရိုင်) သို့ လျှောက်ထားရာ ပြစ်မှုဆိုင်ရာအထွေထွေမှုအမှတ် ၂၇/၉၉ အရ လက်ခံကြားနာပြီး မူလရုံး၏ အမိန့်ကို ပယ်ဖျက်ကြောင်း ၁၅-၇-၉၉ ရက်နေ့ အမိန့်ချမှတ်သည်။ ရန်ကုန်တိုင်းတရားရုံး (အရှေ့ပိုင်းခရိုင်) ၏ အမိန့်ကို မူလရုံးတရားလို ဒေါ်တင်တင်မြက မကျေနပ်သဖြင့် တရားရုံးချုပ်သို့ ပြင်ဆင်မှု လျှောက်ထားလာခြင်း ဖြစ်သည်။

အမှုမှာ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၂၅-လမ်း၊ အမှတ်- ၅၇ နေ ဒေါ်တင်တင်မြက ပဲခူးတိုင်း၊ ဖြူးမြို့နေ ဒေါ်ရီနှင့် ပုဇွန်တောင်မြို့နယ်၊ ၅၁-လမ်း၊ အမှတ်- ၁၀၉ နေ ဦးတင်အေးတို့သည် ဦးမောင်မောင်လေးထံတွင် အပ်နှံထားသော ကွယ်လွန်သူ ဒေါ်ရင်မေပိုင်ပစ္စည်းများကို ထုတ်ယူသွားကြောင်း သိရှိရသည့်အတွက် ၎င်းတို့လာရောက်ဖြေရှင်းရန် အကြောင်းကြားခဲ့သော်လည်း လက်မခံသောကြောင့်

၂၀၀၀
ဒေါ်တင်တင်မြ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

သေသူ ဒေါ်ရင်မေ၏ ကျန်ရစ်ပစ္စည်းများကို ဖျောက်ဖျက် ကိုယ်ကျိုးအတွက် ရယူထားသူများဖြစ်သော ဒေါ်ရီနှင့် ဦးတင်အေးတို့အား အရေးယူပေးရန် ဒေါ်တင်တင်မြက တရားလိုပြုလုပ်၍ ပုဇွန်တောင်မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားသော အမှုဖြစ်သည်။

လျှောက်ထားသူ၏ရှေ့နေက ဒေါ်တင်တင်မြ၏ ခင်ပွန်း ဦးသိန်းထွန်း (ကွယ်လွန်) နှင့် ဒေါ်ရင်မေတို့မှာ ဖအေတူ မအေကွဲ မောင်နှမများဖြစ်ကြောင်း၊ ဒေါ်ရင်မေ ကွယ်လွန်ချိန်တွင် ၎င်းကျန်ရစ်သော ပစ္စည်းများအား ကွယ်လွန်သူ ဦးသိန်းထွန်း၏ အကျိုးစီးပွားအား ဆက်ခံခွင့်ရှိသူ ဒေါ်တင်တင်မြမှလွဲ၍ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ဆက်ခံခွင့် တစ်ဦးတစ်ယောက်မျှ မရှိကြောင်း၊ အချင်းဖြစ်ပစ္စည်းမှာ မမှန်သူ၏လက်ဝယ်တွင် မမှန်ကန်သော နည်းလမ်းဖြင့် အမှန်တကယ် ရောက်ရှိနေပြီ ဖြစ်ကြောင်း၊ ပစ္စည်းများ မပျောက်ပျက်စေခြင်းငှာ တရားရုံးချုပ်၏ စီမံခန့်ခွဲမှုအောက်တွင် ထားစေသင့်သော အမိန့်သည်သာလျှင် လောကပါလတရားနှင့် ညီညွတ်မည်ဖြစ်ကြောင်း၊ အဖိုးများစွာထိုက်တန်သော ရတနာပစ္စည်းများ ဖြစ်နေသည်ကတစ်ကြောင်း၊ မမှန်ကန်၍ ရထိုက်ခွင့်မရှိသောသူ၏ လက်ဝယ်တွင် ရှိနေကြောင်း ထင်ရှားပေါ်ပေါက်နေပြီး ဖြစ်သည့်အတွက် တရားရုံး၏ စီမံခန့်ခွဲမှုအောက်တွင်သာ ရှိသင့်ပါကြောင်း အဓိကလျှောက်လဲသည်။

လျှောက်ထားခံရသူ (၂) ၏ ရှေ့နေက ဒေါ်တင်တင်မြ စွဲဆိုသည့် ဦးတိုက်လျှောက်လွှာတွင် ၎င်းရထိုက်သည်ဆိုသော ပစ္စည်းအမျိုးအမည်များမှာ မည်သည့်ပစ္စည်းများဖြစ်သည်ကို တိကျစွာ တိုင်တန်းခဲ့ခြင်းမရှိကြောင်း၊ ဒေါ်တင်တင်မြ၏ စွပ်စွဲခဲ့သောပစ္စည်း (၃၅) မျိုးတွင် ဒေါ်ခင်မြင့်နှင့် ဒေါ်စီစီတို့၏ ပစ္စည်းများ ပါဝင်နေသည်မှာ ထင်ရှားကြောင်း၊ အမှုနှင့်မသက်ဆိုင်သော သက်သေခံပစ္စည်းများကို တရားရုံးက ထိန်းသိမ်းထားမည်ဆိုပါက လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှု မရှိသည့်အပြင် ဒေါ်ရီတွင်သာ နစ်နာနိုင်ကြောင်း၊ ဒေါ်ရီသည် ပစ္စည်းကို

အလွဲသုံးစား ပြုလုပ်ခြင်းရှိမရှိကိုသာ အဓိကစဉ်းစား ဆုံးဖြတ်ရမည် ဖြစ်ကြောင်း လျှောက်လဲသည်။

ရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက လျှောက်ထားသူ ဒေါ်တင်တင်မြနှင့် လျှောက်ထားခံရသူ ဒေါ်ရီတို့သည် အချင်းဖြစ်ပစ္စည်းများနှင့်စပ်လျဉ်း၍ မည်သည့်ပစ္စည်းများသည် သေသူ ဒေါ်ရင်မေပစ္စည်းဖြစ်သည်၊ မည်သည့်ပစ္စည်းများသည် သေသူဒေါ်စီစီ ၏ ပစ္စည်းများဖြစ်သည်၊ မည်သူက မည်မျှရသင့်သည်ကို တရားမ ကြောင်းအရ ကျယ်ကျယ်ပြန့်ပြန့် ကြားနာရန်လိုကြောင်း၊ ပြစ်မှုကြောင်း အရ ဆုံးဖြတ်လိုက်ပါက ပြည့်စုံသော ဆုံးဖြတ်ချက်များ ဖြစ်မလာနိုင် သည့်အပြင် မလိုလားအပ်သော ရှုပ်ထွေးမှုနှင့် ပြဿနာပေါ်ပေါက် လာနိုင်၍ ယခုအချိန်တွင် ရှိမြဲအတိုင်းရှိနေစေခြင်းက ပိုမိုသင့်မြတ် လျော်ကန်ကြောင်း လျှောက်လဲသည်။

အမှုတွင် အဓိကတင်ပြထားသော သက်သေခံ (ည) စာရင်းရှိ ပစ္စည်းကိုပင် အခြေခံစွပ်စွဲသည့်အပြင် စာရင်းရှိပစ္စည်းများသည် ကွယ်လွန်သူဒေါ်ရင်မေနှင့် ဒေါ်စီစီတို့၏ ပစ္စည်းများဟု တရားလိုဘက် က ထွက်ဆိုသည်ကိုလည်း တွေ့ရှိရသည်။

သက်သေခံ (ည) စာရင်းစာအုပ်ကို ကြည့်လျှင် ပထမ စာမျက်နှာတွင် "ကွယ်လွန်သူမစီစီနှင့် အစ်မမခင်မြင့်ပိုင် ဘဏ် ငွေစာရင်းစာအုပ်" ဟု ဖော်ပြထားသည်-

(က) စာရင်းအမှတ် အက်စ်အမ် ၇၂၈၈ ဦးလှမောင်+မစီစီ
၂၅-၂-၉၃ နေ့ထိ လက်ကျန်ငွေ ၄၁၀၉၄/၁၅ ပြား

(ခ) စာရင်းအမှတ် အက်စ်အမ် ၁၁၀၈ ဦးလှမောင်
၂၅-၂-၉၃ နေ့ထိ လက်ကျန်ငွေ ၅/၂၆ ပြား

(ဂ) စာရင်းအမှတ် အက်စ်အက်စ် ၈၄၇ မစီစီ+မခင်မြင့်
၂၅-၂-၉၃ နေ့ထိ လက်ကျန်ငွေ ၅၇၈၄၄၅/၅၂ ပြား

အသီးသီး ရေးသားထားသည်ကို တွေ့ရသည်။

၂၀၀၀
ဒေါ်တင်တင်မြ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

လျှောက်ထားသူရှေ့နေ၏ အပြီးသတ်လျှောက်လဲချက်တွင်လည်း မိသားစု ဆွေမျိုးဆက် အမွေဆက်ခံမှုဇယားကို အောက်ပါအတိုင်း တင်ပြထားသည်-

ဦးစိုင်း + ဒေါ်နန်းဥ

- ဦးလှဘော်
  - ပ-အိမ်ထောင်(ဒေါ်အေးခင်)
  - သမီး-ဒေါ်ရင်မေ (မွေး)
  - ဒု-အိမ်ထောင်(ဒေါ်ငယ်မ)
  - သား-ဦးသိန်းထွန်း (မွေး)
  - (ယခုလျှောက်ထားသူ ဒေါ်တင်တင်မြ၏ခင်ပွန်း)
- ဒေါ်ခင်
  - သား-ဦးတင်အေး
  - သမီး-ဒေါ်ရီ
  - (ယခုလျှောက်ထားခံရသူ)
- ဦးလှမောင်
  - သမီး-ဒေါ်ခင်မြင့်
  - သမီး-ဒေါ်စီစီ
  - အပျိုကြီး

အထက်ဖော်ပြပါ ဆွေမျိုးဆက်စာရင်းအရကြည့်လျှင် ဘဏ်ငွေစုစာအုပ် (၃) အုပ်သည် ဦးလှမောင်နှင့် ၎င်း၏သမီးများဖြစ်သော ဒေါ်စီစီ၊ ဒေါ်ခင်မြင့် အမည်များဖြင့် ထားရှိသည်ကို တွေ့ရှိရပြီး၊ ဒေါ်ရင်မေ၏အမည် ပါရှိသည်ကို မတွေ့ရပေ။ ထို့အပြင် ရတနာပစ္စည်းများမှာလည်း ကွယ်လွန်သူ ဒေါ်ရင်မေတစ်ဦးတည်းပိုင် ပစ္စည်းများဖြစ်ကြောင်း မတွေ့ရဘဲ ကွယ်လွန်သူ ဒေါ်ရင်မေနှင့် ဒေါ်စီစီတို့၏ ပစ္စည်းများကို စုပေါင်း၍ ဦးမောင်မောင်လေးထံ အပ်နှံခဲ့ကြောင်း၊ တရားလိုဘက် သက်သေထွက်ချက်များအရ ပေါ်လွင်သည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၉၄ တွင် အမှုစုံစမ်းခြင်း၊ စစ်ဆေးခြင်း ပြုလုပ်ရာတွင် လိုအပ်သော စာတမ်းအမှတ်အသားသို့မဟုတ် ပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် တစ်ဦးတစ်ယောက်အား အမိန့်ဆင့်ဆိုနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ရာဇဝတ်တရားသူကြီးသည် မည်သည့်အရာဝတ္ထုပစ္စည်းကို မဆို တင်ပြရန် တစ်ဦးတစ်ယောက်ကို ဆင့်ဆိုခြင်းမပြု။ အမှုကို စုံစမ်းမှု သို့မဟုတ် စစ်ဆေးမှုတွင် အရေးပါအရာရောက်သော စပ်ဆိုင်မှု၊ ဆက်စပ်မှု၊ သက်သေခံအထောက်အထားအဖြစ် အသုံးပြုမှုအတွက် အမှန်လိုအပ်မှသာ စာတမ်းအမှတ်အသား သို့မဟုတ် ပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် ဆင့်ဆိုသည်။ **အိပ်အိပ်နံဇမ်အောဟာရ် ရာဘက် နှင့် အေအမ်ဂျာကော့**[၁] အမှုစီရင်ထုံးကို ရည်ညွှန်းသည်။

မူလရုံးတရားခံ ဒေါ်ရီအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄ အရ စွဲချက်တင်ခဲ့ပြီး တရားခံအား စစ်ဆေးမည့်အဆင့်သို့ ရောက်ရှိနေ သဖြင့် တရားလိုအနေဖြင့် အမှုစစ်ဆေးရာတွင် အရေးပါအရာရောက် သော သက်သေခံချက်အဖြစ် တင်ပြရန် လိုအပ်သည့် ပစ္စည်းများဟု ကောက်ယူရန် ရှိတော့မည်မဟုတ်။

လျှောက်ထားသူ ဒေါ်တင်တင်မြနှင့် ၎င်းသက်သေများ၏ ထွက်ဆိုချက်အရ ကွယ်လွန်သူ ဒေါ်ရင်မေနှင့် ဒေါ်စီစီပိုင်ပစ္စည်းများ ကို ဦးမောင်မောင်လေးထံ အပ်နှံခဲ့ကြောင်း ထွက်ဆိုချက်ရှိပြီး၊ ပစ္စည်း များနှင့်ပတ်သက်၍လည်း မည်သည့်ပစ္စည်းသည် မည်သူပိုင်ကြောင်း အငြင်းပွားလျက်ရှိသည်ကို တွေ့ရှိရပေသည်။

ရာဇဝတ်တရားရုံးသည် နှစ်ဖက်အမှုသည်တို့ အငြင်းပွားနေ သော သက်သေခံပစ္စည်းနှင့်ပတ်သက်၍ မည်သူ၏လက်ဝယ်ထားသင့် သည်ကိုသာ ဆုံးဖြတ်ခြင်းဖြစ်သည်။ ယင်းအမိန့်သည် အပြီးအပြတ် မဟုတ်ပေ။ တရားဝင်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ တရားမရုံးက အဆုံး အဖြတ်ပေးသည်။ **ကာစီချစ်တီးယား နှင့် ဗီလာရင်ချစ်တီးယား**[၂] အမှု စီရင်ထုံးကို ရည်ညွှန်းသည်။

---

(၁) ၁၈၉၂ ခုနှစ်၊ အိုင်၊အယ်(လ်)၊အာ(ရ်)၊ အတွဲ- ၁၉ (ကာလကတ္တား)၊ စာ-၆၄။
(၂) ၁၉၄၇ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ- ၄၂၀။

၂၀၀၀
ဒေါ်တင်တင်မြ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ရန်ကုန်တိုင်းတရားရုံး (အရှေ့ပိုင်းခရိုင်) က တိုင်တန်းသူ ဒေါ်တင်တင်မြကိုယ်တိုင် ထိုအမှု၌ မည်သည့်ပစ္စည်းသည် ဒေါ်ရင်မေ ပစ္စည်းဖြစ်သည်ဟု အတိအကျ ဖော်ပြနိုင်ခြင်းမရှိ။ ထိုပစ္စည်းများတွင် ဒေါ်စီစီဆိုသူပိုင် ပစ္စည်းများလည်း ပါဝင်သည်မှာ မြင်သာကြောင်း၊ ထိုကိစ္စ၌ ထိုပစ္စည်းများအပေါ် မည်သူတို့က မည်မျှစီရသင့်သည်ကို တရားမကြောင်းအရ ကျယ်ကျယ်ပြန့်ပြန့် ကြားနာစီရင်ဆုံးဖြတ်သင့်ကြောင်း၊ အချင်းဖြစ်ပစ္စည်းများနှင့်စပ်လျဉ်း၍ ရှိမြဲတိုင်းရှိနေခြင်းက ပိုမိုသင့်မြတ်လျော်ကန်ကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းမှု မရှိကြောင်း သုံးသပ်ရရှိသည်။

ရန်ကုန်တိုင်းတရားရုံး (အရှေ့ပိုင်းခရိုင်) က အချင်းဖြစ် ငွေစုစာအုပ် (၃) အုပ်နှင့် လက်ဝတ်ရတနာပစ္စည်း (၃၅) မျိုးအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၉၄ အရ တရားရုံးသို့ တင်ပြစေရန် ဆင့်ဆိုသည့် မူလရုံးအမိန့်ကို ပယ်ဖျက်ခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

အထက်ပါအကြောင်းများကြောင့် ဤပြင်ဆင်မှုကို ပလပ်ကြောင်း အမိန့်ချမှတ်သည်။

ပြစ်မှုဆိုင်ရာအယူခံမှု

\+ ၂၀၀၀
ဇူလိုင်လ
၃၁ ရက်

တရားရုံးချုပ်တရားသူကြီး ဦးမြင့်အောင်ရွှေ့တွင်

ဒေါ်တင်ရီမ

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်*

တရားခံပြေးမှုတွင် မှုင်နက်ပြသက်သေများ စစ်ဆေးပြီးနောက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇ နှင့် ၈၈ ထုတ်ဆင့်ခြင်း မရှိသော တရားခံအား ပြန်လည်ဖမ်းဆီးရမိ၍ ထပ်မံ တရားစွဲခြင်းမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ အရ ပိတ်ပင်မှုမရှိခြင်း။

ဆုံးဖြတ်ချက်။ ။ မှုင်နက်ပြသက်သေများကို စစ်ဆေးပြီးနောက် ပြစ်မှုလုံလောက်စွာ ယုတ္တိထင်ရှားခြင်းရှိ-မရှိ စဉ်းစားဆင်ခြင်ရမည်။ ယုတ္တိထင်ရှားခြင်းရှိလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇ နှင့် ၈၈ အရ ဆက်လက်ဆောင်ရွက်ရမည် ဖြစ်သည်။ ပြစ်မှုမှာ လုံလောက်စွာ ယုတ္တိထင်ရှားခြင်းမရှိလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇ နှင့် ၈၈ အရ အရေးယူဆောင်ရွက်ခြင်း မပြုတော့ဘဲ အမှုပိတ်ရန် အမိန့် ချရမည် ဖြစ်သည်။ သေးငယ်သောအမှုများတွင် ပြစ်မှုမှာလုံလောက်စွာ ယုတ္တိထင်ရှားခြင်းရှိသော်လည်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇

---

* ၂၀၀၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၂၁၄ (မန္တလေး)

\+ ၁၉၉၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၂၃ တွင် ချမှတ်သော ၂၄-၃-၂၀၀၀ ရက်စွဲပါ မန္တလေးတိုင်းတရားရုံး (မိတ္ထီလာခရိုင်) ၏ အမိန့်ကို အယူခံမှု

နှင့် ၈၈ တို့အရ တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ရန် မလိုချေ။ တရားရုံးများလက်စွဲအပိုဒ် ၅၁၃ တွင် ထိုသို့ပြင်ပြဋ္ဌာန်းထားသည်ကို တွေ့ရှိသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ ထွက်ပြေးတိမ်းရှောင်နေသော တရားခံ၏ မျက်ကွယ်တွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ တရားခံပြေးအမှုကို စစ်ဆေးခြင်းမှာ ပြစ်မှုကျူးလွန်သူအား သူ၏ မျက်ကွယ်၌ ပြစ်မှုထင်ရှားစီရင်ခြင်း မဟုတ်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၀၃ အရ ပိတ်ပင်မှုမရှိသည်မှာ ထင်ရှားသည်။ အယူခံ တရားလို၏ရှေ့နေက ယခင်တရားခံပြေးမှုတွင် ဒေါ်တင်ရီမအပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇ နှင့် ၈၈ တို့အရ အမိန့်ထုတ်ဆင့် ခြင်း မပြုဘဲ အမှုပိတ်သိမ်းခဲ့ပြီးဖြစ်ရာ ယခုထပ်မံတရားစွဲဆို အပြစ် ပေးခြင်းမှာ မှားယွင်းကြောင်း တင်ပြချက်မှာ မှန်ကန်သည်ဟု ယူဆ နိုင်မည် မဟုတ်ချေ။

အယူခံတရားလိုအတွက် - ဦးမြင့်သွင်၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားခံအတွက် - ဦးကျော်ဇင်
ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံးခွဲ၊
မန္တလေးမြို့

မိတ္ထီလာခရိုင်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၂၃/၉၉ တွင် အယူခံတရားလို ဒေါ်တင်ရီမအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါး နှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅ အရ စွဲချက်တင် ဆက်လက်စစ်ဆေးပြီး၊ ယင်းဥပဒေပုဒ်မ ၁၅ အရ အလုပ် နှင့်ထောင်ဒဏ် (၅) နှစ်ကျခံစေရန် အမိန့်ချမှတ်သည်။ ယင်းအမိန့် အပေါ် ဒေါ်တင်ရီမက မကျေပ်နပ်၍ တရားရုံးချုပ်သို့ ဤအယူခံမှု တင်သွင်းသည်။

အမှုမှာ မန္တလေးတိုင်းတရားရုံး (မိတ္ထီလာခရိုင်)၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၇/၉၈ တွင် တရားခံ ညွန့်အောင်၊ ဘီရဲလ်နှင့် မစန်း (ခ) မခင်ထွေးတို့အား ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆ (ဂ)/ ၂၀ (က)/ ၂၁/ ၁၅ တို့အရ တရားစွဲဆိုတင်ပို့ပြီး၊ တရားခံ ဒေါ်တင်ရီမအား ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ် ၁၁/၉၈ တွင် ယင်းဥပဒေပုဒ်မ ၁၆ (ဂ)/ ၂၀(က)/ ၂၁/ ၁၅၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ တရားစွဲဆိုတင်ပို့သည်။ သက်သေများ စစ်ဆေးပြီးနောက် ဒေါ်တင်ရီမ အပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ ထုတ်ဆင့်ခြင်း မပြုဘဲ အမှုအားပိတ်သိမ်းခဲ့သည်။ ဒေါ်တင်ရီမအား ပြန်လည်ဖမ်းဆီးရမိခဲ့၍ တရားစွဲဆိုတင်ပို့သော အမှုဖြစ်သည်။

အယူခံတရားလို၏ ရှေ့နေက ယခင် တရားခံပြေးမှုတွင် ဒေါ်တင်ရီမအပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇ နှင့် ၈၈ အရ အမိန့်ထုတ်ဆင့်ခဲ့ခြင်း မရှိဘဲ အမှုပိတ်သိမ်းခဲ့ပြီးဖြစ်သဖြင့် ၎င်းအပေါ် ထပ်မံ၍ တရားစွဲဆို အပြစ်ပေးခြင်းမှာ မှားယွင်းကြောင်း၊ ဒေါ်တင်ရီမ သည် ချောင်းဆိုး၊ ရင်ကြပ် ရောဂါရှိသူတစ်ဦးဖြစ်ပြီး၊ ရဲအချုပ်ခန်း၌ပင် ဆေးကုသမှုခံယူရကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲရန် ငွေကြေးတတ်နိုင် သူတစ်ဦး မဟုတ်ကြောင်း၊ ဆီးထဲတွင် မော်ဖင်းစမ်းသပ်တွေ့ရှိရခြင်း မှာ ဆရာဝန်ပေးသည့် ဆေးဝါးများကို သုံးစွဲသည့်အတွက်ကြောင့် ဖြစ်ကြောင်း တင်ပြလျှောက်လဲသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံးခွဲ မှ ဒုတိယညွှန်ကြားရေးမှူးက အယူခံတရားလို ဒေါ်တင်ရီမ၏ ဆီး နမူနာတွင် မော်ဖင်းစမ်းသပ်တွေ့ရှိရသည့် ဓာတုဗေဒစစ်ဆေးရေး ဌာနခွဲ၏ ပြန်ကြားစာ သက်သေခံအမှတ် (င-၁) အရ ပေါ်ပေါက် ကြောင်း၊ ဒေါ်တင်ရီမက ချောင်းဆိုး၊ ရင်ကြပ်ရောဂါရှိ၍ ရဲအချုပ်ခန်း၌ရှိစဉ် ဆရာဝန်ဦးစိုးမောင်အား ပင့်၍ ကုသခဲ့သော်လည်း ဆရာဝန်

ဦးစိုးမောင်က မော်ဖင်းပါသည့်ဆေးဖြင့် ကုသခဲ့ခြင်းမရှိကြောင်း ထွက်ဆိုထားသဖြင့် မူလရုံး၏အမိန့်မှာ မှားယွင်းမှုမရှိကြောင်း တင်ပြလျှောက်လဲသည်။

ယခုအမှုတွင် အယူခံတရားလို ဒေါ်တင်ရီမသည် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅ ပြစ်မှုကျူးလွန်ခြင်းရှိ-မရှိ သုံးသပ်ခြင်းမပြုမီ၊ ယခင် မန္တလေးတိုင်း တရားရုံး (မိတ္ထီလာခရိုင်)၊ ပြစ်မှုဆိုင်ရာအထွေထွေမှုအမှတ် ၁၁/၉၈ တွင် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆ (ဂ)/၂၀ (က)/၂၁/၁၅ နှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ဒေါ်တင်ရီမအား တရားခံပြေးမှုဖြင့် တရားစွဲဆိုတင်ပို့ခဲ့သည်။ တစ်ချိန်တည်းမှာပင် ဖမ်းဆီးရမိခဲ့သော တရားခံ ညွှန့်အောင်၊ ဘီရှဲလ်နှင့် မစန်း(ခ)မခင်ထွေးတို့အား ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၇/၉၈ တွင် တရား စွဲဆို တင်ပို့ခဲ့သည်။ ရှေးဦးစွာ တရားခံပြေးမှုကို စစ်ဆေးကာ၊ ပြစ်မှုကျူးလွန်သူသည် ထွက်ပြေးတိမ်းရှောင်ခြင်းရှိ-မရှိ၊ ၎င်းအား ရုတ်တရက် ဖမ်းဆီးနိုင်လိမ့်မည်ဟု မျှော်လင့်ဖွယ်ရှိ-မရှိနှင့်စပ်လျဉ်း၍ စစ်ဆေးပြီးနောက် တရားခံမှာ ထွက်ပြေးတိမ်းရှောင်နေသည့်အပြင် ၎င်းအား လတ်တလော ဖမ်းဆီးရမိနိုင်ရန် အလားအလာမရှိကြောင်း ထင်ရှားသည်ဟူ၍ အမိန့်ချမှတ်ပြီး၊ မှင်နက်ပြသက်သေများမှာ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၇/၉၈ မှ တရားလိုပြသက်သေများ ဖြစ်ကြသဖြင့် ၎င်းတို့အား အမှုကြီးတွင် တစ်ပေါင်းတည်းစစ်ဆေးသည်။

မှင်နက်ပြ သက်သေများကို စစ်ဆေးပြီးနောက် ပြစ်မှုလုံလောက်စွာ ယုတ္တိထင်ရှားခြင်းရှိ-မရှိ စဉ်းစားဆင်ခြင်ရမည်။ ယုတ္တိထင်ရှားခြင်းရှိလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇ နှင့် ၈၈ အရ ဆက်လက်ဆောင်ရွက်ရမည် ဖြစ်သည်။ ပြစ်မှုမှာ လုံလောက်စွာ ယုတ္တိထင်ရှားခြင်းမရှိလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇ နှင့် ၈၈

အရ အရေးယူဆောင်ရွက်ခြင်း မပြုတော့ဘဲ အမှုပိတ်ရန် အမိန့်ချမှတ်ရမည် ဖြစ်သည်။ သေးငယ်သောအမှုများတွင် ပြစ်မှုမှာ လုံလောက်စွာ ယုတ္တိထင်ရှားခြင်း ရှိသော်လည်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇ နှင့် ၈၈ တို့အရ တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ရန် မလိုချေ။ တရားရုံးများလက်စွဲအပိုဒ် ၅၁၃ တွင် ထိုသို့ပင် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။

ထွက်ပြေးတိမ်းရှောင်နေသော တရားခံ၏မျက်ကွယ်တွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ တရားခံပြေးအမှုကို စစ်ဆေးခြင်းမှာ ပြစ်မှုကျူးလွန်သူအား သူ၏မျက်ကွယ်၌ ပြစ်မှုထင်ရှားစီရင်ရန် မဟုတ်ပေ။ ပြစ်မှုကျူးလွန်သူကို နောက်မှ ဖမ်းဆီးရမိ၍ တရားစွဲဆိုတင်ပို့လာသောအခါ တရားခံပြေးမှုတွင် သက်သေခံသည့် သက်သေသည် သေဆုံးပြီးနေလျှင်၊ သို့မဟုတ် သက်သေခံနိုင်စွမ်း မရှိတော့လျှင်၊ သို့မဟုတ် အမှု၏အခြေအနေအရ မသင့်တော်သော နှောင့်နှေးကြန့်ကြာခြင်း မရှိဘဲ သို့မဟုတ် စရိတ်စကကုန်ကျခြင်း မရှိဘဲ သို့မဟုတ် ကသိကအောက်ဖြစ်ခြင်း မရှိဘဲ ထိုသက်သေကို တရားရုံးသို့ ဆင့်ခေါ်၍ မရနိုင်လျှင် တရားခံပြေးအမှုတွင် ရေးမှတ်ခဲ့သော ထိုသက်သေ၏ ထွက်ချက် တို့ကို ပြစ်မှုကျူးလွန်သူအပေါ်၌ သက်သေခံအဖြစ် လက်ခံအသုံးပြုနိုင် မည် ဖြစ်သည်။

သို့ဖြစ်ရာ ထွက်ပြေးတိမ်းရှောင်နေသော တရားခံ၏မျက်ကွယ်တွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ တရားခံပြေးအမှုကို စစ်ဆေးခြင်းမှာ ပြစ်မှုကျူးလွန်သူအား သူ၏မျက်ကွယ်၌ ပြစ်မှုထင်ရှားစီရင်ခြင်း မဟုတ်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ အရ ပိတ်ပင်မှု မရှိသည်မှာ ထင်ရှားသည်။ အယူခံတရားလို၏ ရှေ့နေကယခင် တရားခံပြေးမှုတွင် ဒေါ်တင်ရီမအပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇ နှင့် ၈၈ တို့အရ အမိန့်ထုတ်ဆင့်ခြင်းမပြုဘဲ အမှုပိတ်သိမ်းခဲ့ပြီးဖြစ်ရာ ယခုထပ်မံ၍ တရားစွဲဆို အပြစ်ပေးခြင်းမှာ မှားယွင်း

ကြောင်း တင်ပြချက်မှာ မှန်ကန်သည်ဟု ယူဆနိုင်မည် မဟုတ်ချေ။

ဆက်လက်၍ မူလရုံးက အယူခံတရားလို ဒေါ်တင်ရီမအား ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅ အရ ပြစ်မှုထင်ရှားခြင်းမှန်-မမှန် စိစစ်ဖို့ လိုအပ်သည်။ တရားလို ဒုရဲအုပ်မင်းတင် (လိုပြ-၂) နှင့် အမှုစစ် ရဲအုပ်ချင်းစိန် (လိုပြ-၉) တို့၏ ထွက်ဆိုချက်များအရ ယခင် မန္တလေးတိုင်းတရားရုံး (မိတ္ထီလာခရိုင်) သို့ ဒေါ်တင်ရီမအား တရားခံပြေးမှုဖြင့် ၁၃-၈-၉၈ ရက်နေ့၌ တရားစွဲဆို တင်ပို့ခဲ့ကြောင်း၊ ၁၉-၇-၉၉ ရက်နေ့တွင် တရားခံပြေးဖြစ်သူ ဒေါ်တင်ရီမအား ဖမ်းဆီးရမိခဲ့ကြောင်း၊ ဒေါ်တင်ရီမသည် မူးယစ်ဆေးဝါးသုံးစွဲခြင်းရှိ-မရှိ မိတ္ထီလာမြို့နယ် ပြည်သူ့ဆေးရုံသို့ တင်ပို့ခဲ့ပြီး တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။

မိတ္ထီလာမြို့နယ် ပြည်သူ့ဆေးရုံ၌ လက်ထောက်ဆရာဝန် ဒေါ်မူမူအေး (လိုပြ-၈) က ဆရာဝန်ဒေါ်မိမိသော်၏ လက်ရေးလက်မှတ် မှတ်မိသူအနေဖြင့် သက်သေခံခြင်းဖြစ်ကြောင်း၊ ယင်းဆေးစာအရ ဒေါ်တင်ရီမ၏ ဆီးနမူနာအား ဆရာဝန်ဒေါ်မိမိသော်၊ အပြာဝတ်ဆရာမကြီး ဒေါ်ဝါဝါသိန်း၊ ဒုရဲအုပ်မင်းတင်၊ ရဲတပ်သား ဇော်လွင်တို့ရှေ့တွင် ရယူပြီး ဆီးနမူနာမှာ ကုတ်နံပါတ် စီစီ ၂၀၇/၉၉ သက်သေခံအမှတ် (င-၁) ဖြင့် မန္တလေးမြို့ ဓာတုဗေဒစစ်ဆေးရေးဌာနခွဲသို့ တင်ပို့ခဲ့ကြောင်း၊ ဓာတုဗေဒစစ်ဆေးရေးဌာနခွဲ၏ ပြန်ကြားစာမှာ သက်သေခံအမှတ် (င-၂) ဖြစ်သည်ဟု ထွက်ဆိုသည်။

တရားခံ ဒေါ်တင်ရီမ (ခံပြ-၁) က အထည်အလိပ်များ အရောင်းအဝယ်ပြုလုပ်ကြောင်း၊ ခရီးမှပြန်လာရာ နေမကောင်း၍ အိမ်၌အိပ်နေစဉ် အဖမ်းခံရကြောင်း၊ အမှတ် (၂) ရဲစခန်းမှ အမှတ် (၁) ရဲစခန်းသို့ လွှဲပြောင်းပေးခြင်းခံရကြောင်း၊ ထိုစဉ်က ချောင်းဆိုး၊ ရင်ကြပ်ဖြစ်ပြီး ခေါင်းကိုက်၍ ခေါင်းမထူနိုင်သဖြင့် ရဲအချုပ်၌ အစောင့်ရဲတပ်ကြပ်တစ်ဦးအား ဆေးဝယ်ခိုင်းပြီး သောက်သော်လည်း သက်သာ

ခြင်းမရှိ၍ ဆရာဝန်ပင့်၍ ဆေးထိုး၊ ဆေးသောက် ပြုလုပ်ပြီး (၂)ရက်ခန့်အကြာ၌ ဆီးနမူနာ ယူခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုသည်။ ရဲဒုတပ်ကြပ် သိန်းထွေး (ခံပြ-၂) က ဒေါ်တင်ရီမက ဆေးဝယ်ခိုင်း၍ ဆေးဆိုင်မှ ချောင်းဆိုး၊ ရင်ကြပ်၊ ခေါင်းကိုက်ပျောက်ဆေး ဝယ်ပေးရကြောင်း ထောက်ခံထွက်ဆိုထားသည်။ ပြင်ပဆရာဝန် ဦးစိုးမောင် (ခံပြ-၄) ကလည်း အမှတ် (၁) ရဲအချုပ်ခန်းရှိ ဒေါ်တင်ရီမအား ဆေးဝါးကုသမှုပေးခဲ့ကြောင်း၊ ကော်မီသာဇင်ချောင်းဆိုးပျောက်ဆေးရည်ကို ဝယ်သောက်ရန် ညွှန်ကြားခဲ့သည်ဟု ထွက်ဆိုသည်။

အမှုတွဲရှိ သက်သေခံချက်များအရ တရားခံ ဒေါ်တင်ရီမ၏ ဆီးနမူနာတွင် မော်ဖင်းစမ်းသပ်တွေ့ရှိကြောင်း ဓာတုဗေဒစစ်ဆေးရေး ဌာနခွဲ၏ ပြန်ကြားစာ သက်သေခံအမှတ် (င-၂) အရ ပေါ်ပေါက်သည်။ ဒေါ်တင်ရီမက ချောင်းဆိုး၊ ရင်ကြပ် ဖြစ်ပေါ်၍ ဆရာဝန် ဦးစိုးမောင်နှင့် ဆေးကုသရာ ဆရာဝန်ဦးစိုးမောင်က ဆေးထိုးပေးခြင်း၊ ၎င်းပေးသည့် စားဆေးကို သောက်သုံးခြင်းကြောင့် ဆီး၌ မော်ဖင်း တွေ့ရှိရခြင်းဖြစ်ကြောင်း တင်ပြထားသော်လည်း ဆရာဝန်ဦးစိုးမောင်အား ဥပဒေအရာရှိက ပြန်လှန်မေးရာတွင် အောက်ပါအတိုင်း ထွက်ဆိုထားသည်-

> "× × × ရုံးရှေ့ရှိ တရားခံဒေါ်တင်ရီမအား ကျွန်တော်ကိုယ်တိုင် အသားဆေး၊ ထိုးဆေး၊ စားဆေး၊ သောက်ဆေးတို့ကို (၂)ရက် ကုသပေးခဲ့ရာတွင် အဆိုပါဆေးများ၌ မူးယစ်ဆေးဝါးနှင့် ပတ်သက်သောဆေးများ လုံးဝမပါရှိပါ။ ကော်မီသာဇင် ချောင်းဆိုးပျောက်ဆေး၌ ကိုဒင်းပါရှိသည်။ × × ×"

အထက်ဖော်ပြပါ ပြင်ပဆရာဝန် ဦးစိုးမောင် (ခံပြ-၄) ၏ ထွက်ဆိုချက်အရ ဒေါ်တင်ရီမအား မော်ဖင်းပါရှိသည့် ဆေးဝါးကို တိုက်ကျွေးခြင်း၊ မော်ဖင်းပါရှိသည့်ဆေးကို ထိုးခဲ့ကြောင်း ပေါ်လွင်မှု မရှိသဖြင့် ဒေါ်တင်ရီမသည် မူးယစ်ဆေးဝါးကို သုံးစွဲခဲ့ခြင်းဖြစ်၍ ၎င်း၏

ဆီးနမူနာ၌ မော်ဖင်း စမ်းသပ်တွေ့ရှိရခြင်း ဖြစ်သည်။ ဤအခြေအနေတွင် မူလရုံးက အယူခံတရားလို ဒေါ်တင်ရီမအား ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅ အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှားယွင်းမှုမရှိကြောင်း တွေ့ရှိသည်။

ထို့ကြောင့် ဤအယူခံမှုကို ပလပ်သည်။

+ ၂၀၀၀
အောက်တိုဘာလ
၂၀ ရက်

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသန်းဦး၊
တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့် နှင့်
ဒေါက်တာတင်အောင်အေး တို့ရှေ့တွင်

မောင်တင့်လွင် (ခ) တောသား

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်*

နေအိမ်ခန်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရာ၌ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာဥပဒေပုဒ်မ ၂၄ (ခ) နှင့် ညီညွတ်ရန်လိုခြင်း။

ဆုံးဖြတ်ချက်။ ။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၄ (ခ) တွင် ပုဒ်မ ၁၉ သို့မဟုတ် ၂၀ အရ ပြစ်ဒဏ်ချမှတ်လျှင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ပြစ်မှုနှင့်သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူသည့် အမိန့်ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားသည်။

ပုဇွန်တောင်မြို့နယ်၊ ဦးဝိဇ္ဇာလမ်း၊ တိုက်အမှတ်- ၁၅၊ တတိယထပ်၊ ဝဲဘက်အခန်းတွင် မူးယစ်ဆေးဝါးဘိန်းဖြူများ ရှာဖွေသိမ်းဆည်း

---

* ၁၉၉၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၇

+ ၁၉၉၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၅၀၇ တွင် ချမှတ်သော ၃၁-၇-၉၈ ရက်စွဲပါ တရားရုံးချုပ်၏အမိန့်ကို အထူးအယူခံမှု

ရမိကြောင်းသာ ပေါ်လွင်သည်။ ပန်းဘဲတန်းမြို့နယ်၊ အမှတ်- ၆ ရပ်ကွက်၊ ၂၉-လမ်း၊ အမှတ်- ၆၄၊ အခန်း- ၄၆ သည် တရားခံ မောင်တင့်လွင် (ခ) တောသား နေထိုင်သော အခန်းဖြစ်ခြင်း တစ်ချက်သာရှိပြီး အဆိုပါအခန်းတွင် မူးယစ်ဆေးဝါးတစ်စုံတစ်ရာ ရှာဖွေသိမ်းဆည်းရမိခြင်း မရှိသည့်အပြင် မူးယစ်ဆေးဝါး ရောင်းချရရှိငွေဖြင့် ဝယ်ယူခဲ့သည့်အခန်းဖြစ်ကြောင်း သက်သေခံချက် တစ်စုံတစ်ရာ မရှိသဖြင့် အဆိုပါအခန်းသည် ပြစ်မှုနှင့်သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းဖြစ်ကြောင်း ကောက်ယူနိုင်မည်မဟုတ်ပေ။

အယူခံတရားလိုအတွက် - ဦးခင်ဇော်
တရားရုံးချုပ်ရှေ့နေ

အယူခံတရားခံအတွက် - ဦးမြင့်နိုင်
ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

ရန်ကုန်တိုင်းတရားရုံး (အရှေ့ပိုင်းခရိုင်)၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၁/၉၆ တွင် ၁-တရားခံ တင့်လွင် (ခ) တောသားအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၀ (က) အရ အလုပ်နှင့်ထောင်ဒဏ် (၂၀) နှစ်ကျခံစေ။ ၂-တရားခံ မမြင့်မြင့်သန်းအပေါ် ယင်းဥပဒေပုဒ်မ ၂၀ (က) အရ အလုပ်နှင့်ထောင်ဒဏ် (၂၅) နှစ် ကျခံစေ။ ၃-တရားခံ မနွယ်နွယ်အပေါ် ယင်းဥပဒေပုဒ်မ ၂၀ (က)/၂၁ အရ အလုပ်နှင့်ထောင်ဒဏ် (၁၅) နှစ် ကျခံစေ။ သက်သေခံမော်တော်ယာဉ်အမှတ် ၄က/၇၀၇၅ နှင့် ယာဉ်နှင့်ပတ်သက်သော စာရွက်စာတမ်းများအား ပိုင်ရှင် ဦးဝင်းသို့ ပြန်ပေးစေ။ သက်သေခံ (ဆ) ဖြင့် သိမ်းဆည်းထားသော ငွေကျပ် ၄၄၂၇၀/-၊ သက်သေခံ (ဇ) ဖြင့် သိမ်းဆည်းထားသော လက်ဝတ်ရတနာပစ္စည်းများနှင့် သက်သေခံ (ထ-၁) ဖြင့် သိမ်းဆည်းထားသော

တိုက်ခန်းတို့ကို မအေးအေးဝင်းသို့ ပြင်ဆင်ရက်ကျော်လွန်က ပြန်ပေးစေ။ သက်သေခံ (စ) ဖြင့် သိမ်းဆည်းထားသော ရွှေထည်လက်ဝတ်လက်စားများနှင့် သက်သေခံ (ည) ဖြင့် သိမ်းဆည်းထားသော စာရွက်စာတမ်းများနှင့် မော်တော်ယာဉ်အမှတ် ကက/၁၇၆၇ အား ဦးစိုးဦးသို့ ပြင်ဆင်ရက်ကျော်က ပြန်လည်ထုတ်ပေးစေ။ ကျန်သက်သေခံပစ္စည်းများ ဖြစ်ကြသည့် တိုက်ခန်းများ၊ ရွှေထည်လက်ဝတ်ရတနာများ၊ ပစ္စည်းများနှင့် ငွေများအားလုံးကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေ။ သက်သေခံ မူးယစ်ဆေးဝါးများအား ပြည်သူ့ရဲတပ်ဖွဲ့မှ သက်ဆိုင်ရာသို့ ပို့အပ်စေရန် ၁၆-၆-၉၆ ရက်နေ့က အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို တင့်လွင် (ခ) တောသားက မကျေနပ်သဖြင့် တရားရုံးချုပ်သို့ အယူခံဝင်ရောက်ရာ တရားရုံးချုပ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၅၁၇/၉၇ တွင် ပလပ်ခြင်းခံရသည်။

တရားရုံးချုပ်၏အမိန့်ကို တင့်လွင် (ခ) တောသားက မကျေနပ်သဖြင့် တရားရုံးချုပ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၁၆၀/၉၈ အရ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားခဲ့ရာ အောက်ပါပြဿနာကို အထူးအယူခံခုံရုံးဖြင့် ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

> "ပြစ်မှုကျူးလွန်သူ တင့်လွင် (ခ) တောသား၏ ပန်းဘဲတန်းမြို့နယ်၊ (၆) ရပ်ကွက်၊ ၂၉-လမ်း၊ အမှတ်- ၆၄၊ အခန်း- ၄၆ နေအိမ်ခန်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရာ၌ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၄ (ခ) နှင့်ညီညွတ်ခြင်းရှိ-မရှိ။"

အမှုမှာ ၂၃-၁၂-၉၅ ရက်နေ့ ည ၁၈၀၅ နာရီအချိန်ခန့်တွင် ရန်ကုန်တိုင်းမူးယစ် (အထူး) အဖွဲ့မှ ဒုရဲမှူးဝတင် ဦးစီးသော တပ်ဖွဲ့ဝင်များက သတင်းအရ ပုဇွန်တောင်မြို့နယ်၊ ဦးဝိဇ္ဇာလမ်း၊ တိုက်အမှတ်-၁၅၊ တတိယထပ်အခန်းအား စောင့်ကြည့်နေစဉ် တင့်လွင် (ခ)

တောသားဆိုသူက ထွက်လာ၍ မသက်ာသဖြင့် ၎င်းအားဖမ်းဆီးကာ အဆိုပါတိုက်ခန်းအတွင်းသို့ ဝင်ရောက်ရှာဖွေရာ တင့်လွင် (ခ) တောသား၏ ခန္ဓာကိုယ်နှင့် အင်္ကျီကြားမှ အလေးချိန် (၂၆. ၈၀၇၃၁၅) ဂရမ်ခန့်ရှိ ဘိန်းဖြူမှုန့်ဟုထင်ရသော အထုပ်တစ်ထုပ်နှင့် ဘောင်းဘီအိတ်အတွင်းမှ မူးယစ်ဆေးဝါး ရောင်းရငွေဟု ယူဆရသော ငွေကျပ် ၁၉၂၇၂/- ကိုလည်းကောင်း၊ အိမ်နောက်ဘက် စတိုခန်းအတွင်း သေတ္တာပေါ်မှ ဘိန်းဖြူမှုန့်များပါ ရောင်စုံဆပ်ပြာခွက် (၂၆) ခွက်ကိုလည်းကောင်း၊ အညိုရောင်ပုံးအတွင်းမှ ဘိန်းဖြူဟုထင်ရသော အထုပ်(၉) ထုပ်ကိုလည်းကောင်း၊ စုစုပေါင်း (၃၆) ထုပ်၊ အလေးချိန် (၈၁၇. ၇၅၇၈၃) ဂရမ်ခန့် ရှာဖွေတွေ့ရှိရခြင်း၊ အိမ်ခန်းအတွင်း၌ ရှိနေကြသော မမြင့်မြင့်သန်း၊ မန္တယ်နွယ်နှင့် ရှာဖွေနေစဉ် အပြင်မှ ဝင်လာသော မအေးအေးဝင်းတို့ထံမှလည်း ငွေများအသီးသီး တွေ့ရှိသိမ်းဆည်းရမိခြင်းတို့ကြောင့် တင့်လွင် (ခ) တောသား၊ မမြင့်မြင့်သန်း၊ မန္တယ်နွယ်နှင့် မအေးအေးဝင်းတို့ကို ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူပေးရန် ဒုရဲအုပ်စခန်းမှူးလှသန်းက ပုဇွန်တောင်ရဲစခန်း၌ ပထမသတင်းပေးတိုင်ချက် ရေးဖွင့်ရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

အထူးအယူခံတရားလို မောင်တင့်လွင် (ခ) တောသား၏ ရှေ့နေက တရားလိုနှင့် တရားလိုပြသက်သေများ၏ ထွက်ချက်များတွင် အချင်းဖြစ်အခန်းသည် အမှုမှတရားခံ မောင်တင့်လွင်မှ မူးယစ်ဆေးဝါး ရောင်းချရငွေဖြင့် ဝယ်ယူထားသော အခန်းဖြစ်ကြောင်း ပေါ်ပေါက်ခြင်း မရှိကြောင်း၊ တရားခံ မောင်တင့်လွင်တို့ တင်ပြထားသော စာရွက်စာတမ်းများအရ အချင်းဖြစ်အခန်းသည် တင့်လွင် သဘောလိုက်စဉ် တရားဝင်ရရှိပြီး အခွန်ဆောင်ထားသောငွေဖြင့် ဝယ်ယူထားသော အခန်းဖြစ်ကြောင်း၊ သက်သေခံ (ထ-၂) ဖြင့် သိမ်းဆည်းခဲ့သည့် ပန်းဘဲတန်းမြို့နယ်၊ ၂၉-လမ်း၊ အမှတ်- ၆၄၊ အခန်း- ၄၆ သည် ယခု

အမှုနှင့်သက်ဆိုင်နေသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းဟု ပေါ်ပေါက်ခြင်း မရှိကြောင်း၊ တရားခံများအား ဖမ်းဆီးရမိသည့်နေရာမှာ ပုဇွန်တောင်မြို့နယ်၊ (၁) ရပ်ကွက်၊ ဦးဝိဇ္ဇာလမ်း၊ တိုက်- ၁၅ တွင် တွေ့ရှိဖမ်းဆီးခြင်းသာဖြစ်ကြောင်း၊ အချင်းဖြစ်အခန်းကို ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ခြင်းမှာ တရားခံ မောင်တင့်လွင် (ခ) တောသား နေထိုင်သည့် အိမ်ဖြစ်၍လည်းကောင်း၊ အဆိုပါအိမ်မှာ မူးယစ်ဆေးဝါး ရောင်းချရငွေနှင့် ဝယ်ယူထားသည့် အခန်းဖြစ်သည်ဟု ယူဆ၍လည်းကောင်း သိမ်းဆည်းခဲ့ခြင်းသာဖြစ်ကြောင်း၊ ပြစ်မှုနှင့်သက်ဆိုင်သည့်ပစ္စည်းဟု တစ်ထစ်ချကောက်ယူရန် အထောက်အထားမရှိ၍ တရားရုံးချုပ်၏ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် အမိန့်ကို ပယ်ဖျက်၍ တရားခံ မောင်တင့်လွင် (ခ) တောသားသို့ ပြန်လည်ပေးအပ်သည့်အမိန့်ချမှတ်ပေးရန် အဓိကလျှောက်လဲသည်။

ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက လျှောက်ထားသူ မောင်တင့်လွင် (ခ) တောသားသည် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၀ (က) အရလည်းကောင်း၊ မူးယစ်ဆေးဝါးများကို ထားရှိရောင်းချလျက်ရှိသော အခင်းဖြစ် ပုဇွန်တောင်မြို့နယ်၊ ဦးဝိဇ္ဇာလမ်း၊ တိုက်အမှတ်- ၁၅၊ တတိယထပ် ဝဲဘက်အခန်းပိုင်ရှင် ဒေါ်မြင့်မြင့်သန်းသည် အဆိုပါ ဥပဒေပုဒ်မ ၂၀ (က) အရလည်းကောင်း၊ ယင်းအိမ်တွင် တွေ့ရှိသော မနွယ်နွယ်အား ယင်းဥပဒေပုဒ်မ ၂၀ (က)/၂၁ အရလည်းကောင်း ပြစ်မှုထင်ရှားစီရင်ပြီးနောက် ပြစ်မှုနှင့်သက်ဆိုင်သည့် အဆိုပါအိမ်ခန်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမိန့်ချမှတ်ခဲ့ကြောင်း၊ သက်သေခံ (ထ-၂) ဖြင့် အမှုစစ်ရဲအရာရှိကသိမ်းဆည်းခဲ့သော ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်၊၂၉-လမ်း၊ အမှတ်-၆၄၊ အခန်း-၄၆ သည် လျှောက်ထားသူ မောင်တင့်လွင်(ခ)တောသား နေထိုင်လျက်ရှိသည့် အခန်းဖြစ်ကြောင်း၊ ယင်းနေအိမ်ခန်းအတွင်းမှ မူးယစ်ဆေးဝါး တွေ့ရှိရမိခြင်း မပေါ်ပေါက်

ကြောင်း၊ အမှုစစ်ရဲအရာရှိ ဒုရဲအုပ်ဝင်းမြိုင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ညွှန်ကြားချက်အရ အဆိုပါအခန်းကို သိမ်းယူခြင်းဖြစ်ကြောင်း ထွက်ဆိုထားရာ အဆိုပါအခန်းသည် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၄ (ခ) တွင် ပြဋ္ဌာန်းထားသော ပြစ်မှုနှင့်သက်ဆိုင်သော ပစ္စည်းဟု ကောက်ယူရန် အကြောင်းအချက် ခိုင်မာမှုမရှိကြောင်း၊ ယင်းအခန်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းကြောင်း ချမှတ်ထားသည့်အမိန့်မှာ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၄ (ခ) နှင့် ညီညွတ်ခြင်းမရှိဟု သုံးသပ်ရရှိကြောင်း၊ ပန်းဘဲတန်းမြို့နယ်၊ (၆) ရပ်ကွက်၊ ၂၉-လမ်း၊ အမှတ်- ၆၄၊ အခန်း- ၄၆ ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည့်အမိန့်အပေါ် အထူးအယူခံခုံရုံးက ပြန်လည်စိစစ်မှုပြုလုပ်သင့်ကြောင်း လျှောက်လဲသည်။

တရားရုံးချုပ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၁၆၀/၉၈ ၏ စီရင်ချက်တွင် "တင့်လွင် (ခ) တောသား၏ ရှေ့နေက တင့်လွင် (ခ) တောသားအပေါ် ပြစ်မှုထင်ရှားစီရင်ပြီး အလုပ်နှင့်ထောင်ဒဏ် (၂၀) နှစ် ချမှတ်ထားခြင်းကို စောဒကမတက်လိုတော့ကြောင်း၊ ယင်းအချက်နှင့်စပ်လျဉ်း၍ စွန့်လွှတ်ပါကြောင်း တင်ပြသဖြင့် တင့်လွင် (ခ) တောသားအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၀ (က) အရ အလုပ်နှင့်ထောင်ဒဏ် (၂၀) နှစ် ကျခံစေရန် အမိန့်နှင့်စပ်လျဉ်း၍ စဉ်းစားဆုံးဖြတ်ပေးရန် မလိုတော့ပေ။ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည့် အခန်းအမှတ်- ၄၆၊ အမှတ်- ၆၄၊ ၂၉-လမ်း၊ ပန်းဘဲတန်းမြို့နယ်ရှိ အခန်းနှင့်ပတ်သက်၍သာလျှင် စဉ်းစားရန်ရှိပေသည်" ဟု သုံးသပ်ထားသည်ကို တွေ့ရသည်။

မူလရုံးတရားခံ တင့်လွင် (ခ) တောသားက အခန်း- ၄၆၊ အမှတ်- ၆၄၊ ၂၉-လမ်းရှိ အခန်းသည် နိုင်ငံခြားမှ ပြန်လည်ရောက်ရှိပြီး

နိုင်ငံခြားမှ အလုပ်လုပ်ကိုင်၍ ရရှိသောငွေများနှင့် ဝယ်ယူခဲ့သော အခန်းဖြစ်ကြောင်း ထုချေသည်။



တရားခံ မောင်တင့်လွင် (ခ) တောသား နေထိုင်သော ပန်းဘဲတန်းမြို့နယ်၊ (၆) ရပ်ကွက်၊ ၂၉-လမ်း၊ အမှတ်- ၆၄၊ အခန်း- ၄၆ ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းသည် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၂၄ (ခ) ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုရှိ-မရှိ သုံးသပ်ဆုံးဖြတ်ရမည် ဖြစ်သည်။

ယင်းဥပဒေပုဒ်မ ၂၄ (ခ) တွင် ပုဒ်မ ၁၉ သို့မဟုတ် ပုဒ်မ ၂၀ အရ ပြစ်ဒဏ်ချမှတ်လျှင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ပြစ်မှုနှင့်သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူသည့်အမိန့် ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားသည်။

ပုဇွန်တောင်မြို့နယ်၊ ဦးဝိဇ္ဇာလမ်း၊ တိုက်အမှတ်- ၁၅၊ တတိယထပ် ဝဲဘက်ရှိအခန်းတွင် မူးယစ်ဆေးဝါးဘိန်းဖြူများ ရှာဖွေသိမ်းဆည်းရမိကြောင်းသာ ပေါ်လွင်သည်။ ပန်းဘဲတန်းမြို့နယ်၊ အမှတ် (၆) ရပ်ကွက်၊ ၂၉-လမ်း၊ အမှတ်- ၆၄၊ အခန်း- ၄၆ သည် တရားခံ မောင်တင့်လွင် (ခ) တောသား နေထိုင်သော အခန်းဖြစ်ခြင်း တစ်ချက်သာရှိပြီး အဆိုပါအခန်းတွင် မူးယစ်ဆေးဝါး 'တစ်စုံတစ်ရာ ရှာဖွေသိမ်းဆည်းရမိခြင်း မရှိသည့်အပြင် မူးယစ်ဆေးဝါး ရောင်းချရရှိငွေဖြင့် ဝယ်ယူခဲ့သည့်အခန်းဖြစ်ကြောင်း သက်သေခံချက် တစ်စုံတစ်ရာ မရှိသဖြင့် အဆိုပါအခန်းသည် ပြစ်မှုနှင့်သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းဖြစ်ကြောင်း ကောက်ယူနိုင်မည် မဟုတ်ပေ။

ပြစ်မှုကျူးလွန်သူ မောင်တင့်လွင်(ခ)တောသား၏ ပန်းဘဲတန်းမြို့နယ်၊ (၆) ရပ်ကွက်၊ ၂၉-လမ်း၊ အမှတ်- ၆၄၊ အခန်း- ၄၆ နေအိမ်ခန်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရာ၌ ၁၉၉၃ ခုနှစ်၊ မူးယစ်

ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၄ (ခ) နှင့် ညီညွတ်ခြင်းမရှိကြောင်း သုံးသပ်ရရှိသည်။

အထက်ပါအကြောင်းများကြောင့် ဤအထူးအယူခံမှုကို ခွင့်ပြုပြီး ပန်းဘဲတန်းမြို့နယ်၊ (၆) ရပ်ကွက်၊ ၂၉-လမ်း၊ အမှတ်- ၆၄၊ အခန်း- ၄၆ အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေဟု ချမှတ်သည့် ရန်ကုန်တိုင်းတရားရုံး (အရှေ့ပိုင်းခရိုင်) ၏အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသည့် တရားရုံးချုပ်၏အမိန့်တို့ကို ပယ်ဖျက်၍ ပန်းဘဲတန်းမြို့နယ်၊ (၆) ရပ်ကွက်၊ ၂၉-လမ်း၊ အမှတ်- ၆၄၊ အခန်း- ၄၆ အား တရားခံ မောင်တင့်လွင် (ခ) တောသားသို့ ပြန်လည်ပေးအပ်စေရန် အမိန့်ချမှတ်လိုက်သည်။

# ပြစ်မှုဆိုင်ရာအထူးအယူခံမှု

+ ၂၀၀၀
ဒီဇင်ဘာလ
၁ ရက်

တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊
တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့် နှင့် ဦးမြင့်သိန်း
တို့ရှေ့တွင်

မောင်နေလင်း

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်*

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) နှင့် ပုဒ်မ ၃၉၂ အရ စွဲချက်တင်ပြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၂ အရသာ ပြစ်ဒဏ်ချမှတ်ခဲ့သဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) အရ စွဲချက်တင်ခဲ့သည့် ပြစ်မှုကို အပြီးအပြတ်လွှတ်ရာ ရောက်-မရောက်။

ဆုံးဖြတ်ချက်။ ။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) နှင့် စပ်လျဉ်း၍ တိုင်းတရားရုံးက အမိန့်တစ်စုံတစ်ရာ ချမှတ်ခြင်းမပြုသဖြင့် ယင်းစွဲချက်ကို တရားရုံးက ဆိုင်းငံ့ထားသည်ဟု ဆိုရပေမည်။ တိုင်းတရားရုံးက ပြစ်မှုထင်ရှားစီရင်သော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၂ ကို အထက်တရားရုံးက ပြင်ဆင်ပယ်ဖျက်ခြင်း မပြုသဖြင့် အဆိုပါ ဆိုင်းငံ့ထားသော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) အရ စွဲချက်

---

* ၂၀၀၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၅

+ ၁၉၉၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၂၆၃ တွင် ချမှတ်သော ၂-၁၁-၉၉ ရက်စွဲပါ တရားရုံးချုပ်၏အမိန့်ကို အထူးအယူခံမှု

သည် အပြီးအပြတ်လွှတ်ရာရောက်ကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၄၀ ပါ ပြဋ္ဌာန်းချက်အရ မြင်သာသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ မိုးသီးစီရင်ထုံးသည် ယခင်စီရင်ထုံးများနှင့် ဆန့်ကျင်ကွဲလွဲ ဆုံးဖြတ်ထားသဖြင့်လည်းကောင်း၊ မိုးသီးစီရင်ထုံးပါ ဆုံးဖြတ်ချက်သည် ရှေ့နောက်ညီညွတ်မှုမရှိသဖြင့်လည်းကောင်း မိုးသီး စီရင်ထုံးကို လိုက်နာဆောင်ရွက်ရန် မလိုကြောင်း ကျွန်ုပ်တို့ မှတ်ချက် ပြုလိုက်သည်။

အယူခံတရားလိုအတွက် ဒေါ်လေးလေးရီ
တရားရုံးချုပ်ရှေ့နေ

အယူခံတရားခံအတွက် - ဦးမြင့်နိုင်
ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

ရန်ကုန်တိုင်းတရားရုံး (အနောက်ပိုင်းခရိုင်)၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၇၉/ ၉၅ တွင် တရားခံ မောင်နေလင်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ခ) နှင့် ပုဒ်မ ၃၉၂ တို့အရ စွဲချက်တင်စစ်ဆေးပြီးနောက် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၂ အရ ပြစ်မှုထင်ရှားတွေ့ရှိရသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၅) နှစ်တိတိကျခံစေရန် အမိန့်ချမှတ်သည်။ တရားခံ မောင်နေလင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) အရ ပြစ်ဒဏ်ချမှတ်ခြင်း မပြုသည်မှာ အမှုမှအပြီးအပြတ်လွှတ်ရာရောက်ကြောင်း ဖော်ပြလျက် ရှေ့နေချုပ်ရုံးမှ တရားရုံးချုပ်တွင် ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၂၆၃/၉၉ အရ အယူခံဝင်ရောက်ခဲ့ရာတွင် တရားရုံးချုပ်က တရားခံ မောင်နေလင်းအား ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၀၂ (၂) အရ အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ် ကျခံစေရန်၊ ယင်းထောင်ဒဏ်ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၂ အရ ချမှတ်သော

ထောင်ဒဏ် (၅) နှစ်နှင့် တစ်ပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို တရားခံ မောင်နေလင်းက မကျေနပ်သဖြင့် တရားရုံးချုပ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူးအယူခံ) မှုအမှတ် ၆၃/၂၀၀၀ တွင် လျှောက်ထားရာ အောက်ပါပြဿနာကို စုံညီခုံရုံး (ယခု အထူးအယူခံခုံရုံး) ဖြင့် ကြားနာစစ်ဆေးနိုင်ရန် အထူးအယူခံဝင်ရောက်ခွင့်ပြုခဲ့သည်-

ပြဿနာ ၁။ မူလရုံးက တရားခံ မောင်နေလင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) နှင့် ၃၉၂ အရ စွဲချက်တင်ပြီး ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ အရသာ ပြစ်ဒဏ်ချမှတ်ခဲ့သဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) အရ စွဲချက်တင်ခဲ့သည့် ပြစ်မှုကို အပြီးအပြတ်လွှတ်ရာရောက်-မရောက်။

ပြဿနာ ၂။ တရားရုံးချုပ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၂၆၃/၉၉ တွင် တရားခံ မောင်နေလင်း အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၂) အရ ပြစ်ဒဏ်ချမှတ်ခြင်းမှာ ဥပဒေအရ မှန်ကန်မှုရှိ-မရှိ။

အမှုဖြစ်ပွားပုံအကျဉ်းချုပ်မှာ ၂၅-၇-၉၅ ရက်နေ့ ညနေ ၅း၅၀ နာရီအချိန်တွင် ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံအတွင်း အပျော်စီးဥမင်လိုဏ်ခေါင်းအနီး ပေ ၁၅၀ ခန့်အကွာတွင် လူတစ်ဦး အား ဒဏ်ရာများနှင့်လဲနေသည်ကို ပန်းခြံတာဝန်ခံ ဦးအောင်နိုင်ဦး တွေ့ရှိသဖြင့် စည်ပင်ရဲစခန်းမှူး ဦးစိုးမြင့်နှင့် အခြားလူများအား ခေါ်ယူ ပြီး ဒဏ်ရာရသူကို မေးမြန်းရာ၊ ၎င်းမှာ ပုဇွန်တောင်မြို့နယ်၊ ရေကျော် ဝတ်ကျောင်းလမ်း၊ အမှတ်- ၃၉ နေ ဦးတင်ထွေး၏သား မောင်သက် တင်မိုး ဆိုသူဖြစ်ကြောင်း သိရှိရသဖြင့် ဗဟန်းရဲစခန်းသို့ အကြောင်း

ကြားရာ ရဲစခန်းမှ ဒုရဲအုပ်ဦးလှဘူးနှင့်အဖွဲ့ ရောက်ရှိလာပြီး မောင်သက်တင်မိုးအား ရန်ကုန်ဆေးရုံကြီးသို့ ပို့အပ်ခဲ့သည်။ ထို့နောက် ဦးအောင်နိုင်ဦးကပင် တရားလိုပြုလုပ်လျက် ဗဟန်းရဲစခန်းတွင် တိုင်ချက်ရေးဖွင့်ရာမှ ပေါ်ပေါက်လာသောအမှု ဖြစ်သည်။

ပြဿနာ (၁) နှင့်စပ်လျဉ်း၍ စိစစ်ကြည့်ရှုရာတွင် ရန်ကုန်တိုင်းတရားရုံး (အနောက်ပိုင်းခရိုင်) က တရားခံ မောင်နေလင်းအပေါ်တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) နှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၂ တို့အရ စွဲချက်တင်ခဲ့သော်လည်း ပြစ်ဒဏ်ချမှတ်ရာတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၂ အရ ထောင်ဒဏ် (၅) နှစ် ချမှတ်ခဲ့သည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) နှင့်စပ်လျဉ်း၍မူ အမိန့်တစ်စုံတစ်ရာ ချမှတ်ခြင်းမပြုဘဲ တရားခံ မောင်နေလင်းသည် သက်တင်မိုးအား တင်ကူးကြံရွယ်ချက်ဖြင့် သတ်ကြောင်း မည်သည့်သက်သေခံချက်မျှ ပေါ်ပေါက်ခြင်းမရှိဟူ၍သာ စီရင်ချက်တွင် ဖော်ပြခဲ့သည်။ ယင်းဖော်ပြချက်အရ တရားခံအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) အရ စွဲချက်တင်သည့် ပြစ်မှုနှင့်စပ်လျဉ်း၍ အမှုမှအပြီးအပြတ်လွှတ်ရာရောက်-မရောက် ဥပဒေပြဿနာကို စိစစ်သုံးသပ်ရန်ရှိသည်။

ပြဿနာ (၁) နှင့်စပ်လျဉ်း၍ အယူခံတရားလို မောင်နေလင်း၏ အကျိုးဆောင်က ရန်ကုန်တိုင်းတရားရုံး (အနောက်ပိုင်းခရိုင်)က တရားခံ မောင်နေလင်းအား စွဲချက်တင်ထားသော ပုဒ်မနှစ်ရပ်အနက် ပုဒ်မတစ်ရပ်အရသာ ပြစ်မှုထင်ရှားစီရင်ခဲ့ပြီး၊ ပုဒ်မ ၃၀၂ (၁) (ခ) နှင့်စပ်လျဉ်း၍ အမိန့်တစ်စုံတစ်ရာ ချမှတ်ထားခြင်းမရှိသည်မှာ အဆိုပါပုဒ်မအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၄၀ အရ ဆိုင်းငံ့ထားခြင်းသာဖြစ်ကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၈ (၁) အရ အမှုမှအပြီးအပြတ်လွှတ်ခြင်း မဟုတ်ကြောင်း၊ တရားရုံးများလက်စွဲအပိုဒ် ၄၄၀ တွင်လည်း အလားတူပြဋ္ဌာန်းထားကြောင်း၊ အကယ်၍ တရားခံမောင်နေလင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၂ အရ ပြစ်မှု

ထင်ရှား စီရင်ခဲ့ခြင်းကို ပယ်ဖျက်သောအမိန့် တစ်စုံတစ်ရာချမှတ်ခဲ့ပါက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၄၀ အရ အဆိုပါဆိုင်းငံ့ထားသော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) အား ဆက်လက်စစ်ဆေး ဆုံးဖြတ်သွားရန်သာဖြစ်ကြောင်း၊ အပြီးအပြတ်လွှတ်သော အမှုများကို နိုင်ငံတော်ကိုယ်စား ရှေ့နေချုပ်ရုံးမှသာ အယူခံဝင်ရောက်နိုင်မည် ဖြစ်ကြောင်း၊ ဤအမှုတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) နှင့်စပ်လျဉ်း၍ အမှုမှအပြီးအပြတ်လွှတ်ရာ မရောက်သဖြင့် ရှေ့နေချုပ် ရုံးမှ အယူခံဝင်ရောက်ခွင့်မရှိကြောင်း၊ ထိုသို့ အယူခံဝင်ရောက်ခွင့်မရှိ သော အမှုကို အယူခံဝင်ရောက်လာခြင်းအပေါ် လက်ခံကြားနာပြီး မောင်နေလင်းအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၂) အရ ပြစ်မှု ထင်ရှားစီရင်ခြင်းမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါ ပြဌာန်းချက်များကို မျက်ကွယ်ပြု ဆုံးဖြတ်ရာရောက်ကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံ တော် နှင့် မိုးသီး စီရင်ထုံး[၁]၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးဘိုအေး စီရင်ထုံး[၂] တို့ကို ကိုးကားပြီး လျှောက်လဲတင်ပြသွားသည်။

နိုင်ငံတော်ကိုယ်စား လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက ပြဿနာ (၁) နှင့်စပ်လျဉ်း၍ တင်ပြရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးဘိုအေးစီရင်ထုံးနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် နှင့် မိုးသီး စီရင်ထုံး နှစ်ခုမှာ ဆန့်ကျင်ကွဲလွဲ နေကြောင်း၊ မိုးသီးစီရင်ထုံး ထွက်ပေါ်ပြီးနောက် ဖြစ်ပွားခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မောင်အေးလွင် စီရင်ထုံး[၃] တွင် လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် တင်ရွှေ (၁၉၉၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၇၃) တွင်လည်းကောင်း တရားခံ တစ်ဦးအပေါ် စွဲချက်နှစ်ရပ်တင်၍ စစ်ဆေးပြီး စွဲချက်တစ်ရပ်ဖြင့်သာ

(၁) ၁၉၉၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၈၇။
(၂) ၁၉၉၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၄၃။
(၃) ၁၉၉၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၄၇။

အပြစ်ပေး၍ ကျန်စွဲချက်ဖြင့် အပြစ်မပေးဘဲထားခဲ့လျှင် ယင်းစွဲချက်အတွက် အပြီးအပြတ်လွှတ်ရာရောက်ကြောင်း၊ Suresh Karmakar V. Sekhishu, A.I.R 1954 Tripura 16 P. 17 အမှုတွင် "So for as the charge under S. 427, I.P.C is concerned there is no doubt that the Learned Magistrate failed to give any finding on it but this will mean that he did not convict the accused under that section and so the accused will legally be deemed to have been acquitted under that section" ဟု ဆုံးဖြတ်ထားကြောင်း၊ 1954 Cr, LJ 1821 တွင်လည်း "Where the Magistrate has failed to give any finding on the charge under section 240, I.P.C it will mean that he did not convict the accused under that section and so the accused would be entitle to acquittal of that charge" ဟု ဆုံးဖြတ်ထားကြောင်း၊ မိုးသီးစီရင်ထုံးတွင် ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေပုဒ်မ ၈ (ဂ) အရ ပြစ်မှုထင်ရှားစီရင်ထားခဲ့သည့် အမိန့်ကို မည်သည့်တရားရုံးကမျှ အတည်ပြုခြင်းမရှိ (မပယ်ဖျက်) သေးသဖြင့် တရားခံ မိုးသီးအပေါ် ဆိုခဲ့သည့် ဥပဒေပုဒ်မ ၅ (၁) အရ စွဲချက်တင်ခဲ့သော်လည်း အပြစ်မပေးခြင်းမှာ အပြီးအပြတ်လွှတ်ရာ မရောက်သေးကြောင်း ထင်ရှားသည်ဟု ပုဒ်မ ၂၄၀ တွင် မပါသော "အတည်ပြုခြင်းမရှိ" ဆိုသော စကားလုံးကို ထည့်သွင်းသုံးသပ်ထားကြောင်း၊ သို့ဖြစ်၍ မိုးသီးစီရင်ထုံးပါ သုံးသပ်ဆုံးဖြတ်ထားချက်အပေါ် ပြန်လည်စိစစ်သုံးသပ်မှု ပြုလုပ်ရန် လိုအပ်ပါကြောင်း၊ ယခုအမှုတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) နှင့် ပုဒ်မ ၃၉၂ အရ စွဲချက်နှစ်ရပ်တင် စစ်ဆေးပြီးနောက် ပုဒ်မ ၃၀၂ (၁) (ခ) ကို ဆိုင်းငံ့ထားခြင်းသာ ဖြစ်သည်ဟု ယူဆသည့်တိုင် အပြစ်ပေးထားသော ပုဒ်မ ၃၉၂ ကို ယနေ့အထိ ပယ်ဖျက်ခြင်းမပြုခဲ့သဖြင့် ဆိုင်းငံ့ထားခြင်းသာ ဖြစ်သည်ဆိုသော ပုဒ်မ ၃၀၂ (၁) (ခ) အရ

စွဲချက်သည် အပြီးအပြတ်လွှတ်ရာ ရောက်ကြောင်း အကျယ်တဝင့် လျှောက်လဲ တင်ပြသည်။

ဦးဘခင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမှု[၄] တွင် မူလမြို့နယ်တရားရုံးက တရားခံအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇ နှင့် ပုဒ်မ ၃၂၅ တို့အရ စွဲချက်တင်စစ်ဆေးပြီးနောက် ပုဒ်မ ၄၄၇ အရသာ ပြစ်မှုထင်ရှားစီရင်ပြီး ပုဒ်မ ၃၂၅ အရ ပြစ်မှုထင်ရှား မတွေ့ရှိရသဖြင့် တရားခံအား အမှုမှအပြီးအပြတ်လွှတ်ကြောင်း အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို ပြည်နယ်တရားရုံးကလည်း အတည်ပြုခဲ့သည်။ ပြည်နယ်တရားရုံး၏ အမိန့်ကို တရားလိုက မကျေနပ်သဖြင့် ဗဟိုတရားရုံးတွင် ပြင်ဆင်မှုလျှောက်ထားရာ တရားခံအား အမှုမှအပြီးအပြတ်လွှတ်သောအမိန့်ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ ဗဟိုဥပဒေရုံးကသာ ဗဟိုတရားရုံးတွင် အယူခံဝင်ရောက်ခွင့်ရှိကြောင်း၊ လျှောက်ထားသူ (တရားလို) သည် ပြင်ဆင်မှုလျှောက်ထားခွင့် မရှိကြောင်း ဆုံးဖြတ်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးဘိုအေး အမှုတွင် မူလတရားရုံးက တရားခံအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၂ နှင့် ပုဒ်မ ၄၂၇ အရ စွဲချက်တင်စစ်ဆေးပြီးနောက် ပုဒ်မ ၄၂၇ အရသာ ပြစ်မှုထင်ရှားစီရင်ခဲ့သည်။ ပုဒ်မ ၄၅၂ အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်း မရှိပေ။ ယင်းအမိန့်ကို တရားလိုက မကျေနပ်သဖြင့် တရားခံအပေါ် ပြစ်ဒဏ် တိုးမြှင့်သတ်မှတ်ပေးရန် တိုင်းတရားရုံးတွင် ပြင်ဆင်မှု လျှောက်ထားသည်။ တိုင်းတရားရုံးက မူလမြို့နယ်တရားရုံးက တရားခံအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၇ အရ ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုသည့်အပြင် ပုဒ်မ ၄၅၂ အရ လည်း တရားခံအပေါ် ထောင်ဒဏ်ချမှတ်ခဲ့သည်။ ယင်းသို့ တိုင်းတရားရုံးက တရားခံအပေါ်

(၄) ၁၉၇၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၆၈

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၂ အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ နှင့် ပြည်သူ့တရားသူကြီးအဖွဲ့၏ ညွှန်ကြားချက်အမှတ် ၂၃ တို့နှင့် မညီညွတ်သဖြင့် တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်ပေးရန် ရှေ့နေချုပ်ရုံးမှ တရားရုံးချုပ်တွင် လျှောက်ထားရာ တရားရုံးချုပ်က အောက်ပါအတိုင်း သုံးသပ်သည်-

"တရားခံအပေါ် စွဲချက်အများအပြား တင်ပြီးနောက် ယင်းစွဲချက်များအနက်မှ အချို့သော စွဲချက်ဖြင့်သာ အမှုစစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သည့်ကိစ္စတွင် အဆိုပါ ပြစ်မှုထင်ရှားစီရင်ခြင်း မပြုရသေးသော စွဲချက်များမှာ အပြီးအပြတ်လွှတ်ရာ ရောက်သည်"

× × × × × × × × × × × × × × × × × × × × × × × ×

"ယခုအမှုတွင် ပခုက္ကူမြို့နယ်တရားရုံးက တရားခံ ဘိုးထွားပါ ၅ ဦးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၂ နှင့် ၄၂၇ တို့အရ စွဲချက်တင်စစ်ဆေးပြီးနောက် ပုဒ်မ ၄၅၂ နှင့် မငြိစွန်းကြောင်း စီရင်ချက်တွင် အတိအလင်းသုံးသပ်၍ ပုဒ်မ ၄၂၇ အရသာ ပြစ်မှုထင်ရှားစီရင်ခဲ့ပြီး ဖြစ်သဖြင့် ပုဒ်မ ၄၅၂ အရ စွဲချက်မှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၄၀ အရ ဘိုးထွားပါ ၅ ဦးအပေါ် အပြီးအပြတ်လွှတ်ရာ ရောက်သည်"

အထက်ပါ စီရင်ထုံးလမ်းညွှန်ချက်များအရဆိုလျှင် တရားခံအပေါ် စွဲချက်နှစ်ရပ်တင်ပြီး စွဲချက်တစ်ရပ်ဖြင့်သာ ပြစ်မှုထင်ရှားစီရင်ရာတွင် ယင်းအမိန့်ကို မပယ်ဖျက်လျှင် ကျန်စွဲချက်များနှင့်စပ်လျဉ်း၍ အမှုမှအပြီးအပြတ်လွှတ်ရာရောက်ကြောင်း တစ်ညီတစ်ညွတ်တည်းဆုံးဖြတ်ခဲ့သည်ကို တွေ့ရသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မိုးသီး အမှုတွင် တရားခံအပေါ် ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေပုဒ်မ ၅ (၁) နှင့် ပုဒ်မ ၈ (ဂ) အရ စွဲချက်တင်သော်လည်း ပုဒ်မ ၈ (ဂ) အရ

သာ အပြစ်ပေးသည်။ ပုဒ်မ ၅ (၁) အရ အပြစ်မပေးသဖြင့် ရှေ့နေချုပ်ရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ တရားရုံးချုပ်တွင် အယူခံဝင်ရောက်ခဲ့ရာ တရားရုံးချုပ်က အောက်ပါအတိုင်း ဆုံးဖြတ်သည်-

"တရားခံ မိုးသီးအပေါ် ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေပုဒ်မ ၅ (၁) နှင့် ၈ (ဂ) အရ စွဲချက်တင်ပြီးနောက် ပုဒ်မ ၈ (ဂ) အရသာ ပြစ်မှုထင်ရှားစီရင်ပြီး ပုဒ်မ ၅ (၁) နှင့် စပ်လျဉ်း၍ အပြစ်မပေးခြင်းမှာ ယင်းစွဲချက်နှင့်စပ်လျဉ်း၍ တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၄၀ အရ ဆိုင်းငံ့ထားခြင်းသာ ဖြစ်သည်။ ထိုသို့ ဆိုင်းငံ့ထားခြင်းမှာ အပြီးအပြတ်လွှတ်ခြင်း မမြောက်"

သို့ဖြစ်၍ မိုးသီးစီရင်ထုံးမှာ ယခင်စီရင်ထုံးများနှင့် မတူဘဲ ကွဲလွဲနေသည်ကို တွေ့ရသဖြင့် ဤဥပဒေပြဿနာကို ကျယ်ကျယ် ပြန့်ပြန့် စဉ်းစားသုံးသပ်ရန် လိုသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၄၀ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

"စစ်ဆေးစီရင်မှု တစ်ခုတည်းတွင် လူတစ်ဦးတည်းအပေါ် စွဲချက်အများအပြား တင်သည့်အခါနှင့် အဆိုပါစွဲချက်များ အနက်မှ စွဲချက်တစ်ခု၊ သို့မဟုတ် တစ်ခုထက်ပိုသော စွဲချက်များဖြင့် ပြစ်မှုထင်ရှားစီရင်သည့်အခါ တိုင်တန်းသူကဖြစ်စေ၊ တရားလိုဘက် အမှုလိုက်ကဖြစ်စေ၊ စီရင်ချက်မချမီ သို့မဟုတ် ဂျူရီလူကြီး၏ ဆုံးဖြတ်ချက်မရမီ မည်သည့်အချိန်တွင်မဆို ကျန်စွဲချက်၊ သို့မဟုတ် ကျန်စွဲချက်များကို တရားရုံး၏ ခွင့်ပြုချက်ဖြင့် ရုပ်သိမ်းနိုင်သည်။ သို့မဟုတ် အဆိုပါစွဲချက် သို့မဟုတ် စွဲချက်များဖြင့် စစ်ဆေးစီရင်မှုကို တရားရုံးက မိမိသဘောဖြင့် ရပ်ဆိုင်းနိုင်သည်။

ပြစ်မှုထင်ရှားစီရင်ခြင်းကို မပယ်ဖျက်လျှင် အဆိုပါ ရုပ်သိမ်းမှု၊ သို့မဟုတ် ဆိုင်းငံ့မှုသည် ဆိုခဲ့သည့် စွဲချက်၊ သို့မဟုတ် စွဲချက်များနှင့်စပ်လျဉ်း၍ အမှုမှအပြီးအပြတ်လွတ်ရာ ရောက်စေရမည်။ ဆိုခဲ့သည့် ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်လျှင် တရားရုံးသည် (ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ပေးသော တရားရုံး၏အမိန့်ကိုလိုက်နာ၍) ထိုသို့ ရုပ်သိမ်းထားသော သို့မဟုတ် ဆိုင်းငံ့ထားသော စွဲချက် သို့မဟုတ် စွဲချက်များကို ဆက်လက်စစ်ဆေး စီရင်နိုင်သည်။"

ဤအမှုတွင် တရားခံအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) အရ စွဲချက်တင်သော်လည်း ယင်းစွဲချက်ဖြင့် အပြစ်မပေးဘဲ ပုဒ်မ ၃၉၂ အရသာလျှင် အပြစ်ပေးပြီး ပုဒ်မ ၃၀၂ (၁) (ခ) နှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ အမိန့်ချမှတ်ခဲ့ခြင်း မရှိပေ။ တရားရုံးများလက်စွဲ အပိုဒ် ၄၄၀ ပြဋ္ဌာန်းချက်အရဆိုလျှင် ကျန်စွဲချက်အပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၄၀ အရ တရားလိုဘက်မှ အမှုစွဲဆိုဆောင်ရွက်သူအရာရှိက ကျန်စွဲချက်များကို ရုပ်သိမ်းနိုင်သည် သို့မဟုတ် တရားရုံးသည် မိမိသဘောအလျောက် ထိုစွဲချက်များအပေါ်တွင် စစ်ဆေးစီရင်ခြင်းကို ရပ်ဆိုင်းထားနိုင်ခွင့်ရှိသည်။ ထိုစွဲချက်များနှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားစီရင်သည့် အမိန့်တစ်စုံတစ်ရာ ချမှတ်ရန်မလိုဟု ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်အရ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) နှင့်စပ်လျဉ်း၍ တိုင်းတရားရုံးက အမိန့်တစ်စုံတစ်ရာ ချမှတ်ခြင်း မပြုသဖြင့် ယင်းစွဲချက်ကို တရားရုံးက ဆိုင်းငံ့ထားသည်ဟု ဆိုရပေမည်။ တိုင်းတရားရုံးက ပြစ်မှုထင်ရှားစီရင်သော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၂ ကို အထက်တရားရုံးက ပြင်ဆင်ပယ်ဖျက်ခြင်း မပြုသဖြင့် အဆိုပါဆိုင်းငံ့ထားသော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) အရ စွဲချက်သည် အပြီးအပြတ်လွတ်ရာ ရောက်ကြောင်း ပြစ်မှု

ဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၄၀ ပါ ပြဋ္ဌာန်းချက်အရ မြင်သာသည်။ သို့ဖြစ်၍ ရှေ့နေချုပ်ရုံးမှ တင်ပြချက်ကို လက်ခံရပေမည်။ ထို့ကြောင့် အပြီးအပြတ်လွှတ်သော ပြစ်မှုနှင့်စပ်လျဉ်း၍ ရှေ့နေချုပ်ရုံးမှ တရားရုံးချုပ်တွင် အယူခံဝင်ရောက်ခွင့်ရှိသည်။ မိုးသီးစီရင်ထုံးသည် ယခင်စီရင်ထုံးများနှင့် ဆန့်ကျင်ကွဲလွဲဆုံးဖြတ်ထားသဖြင့်လည်းကောင်း၊ မိုးသီးစီရင်ထုံးပါ ဆုံးဖြတ်ချက်သည် ရှေ့နောက်ညီညွတ်မှု မရှိသဖြင့်လည်းကောင်း မိုးသီးစီရင်ထုံးကို လိုက်နာဆောင်ရွက်ရန် မလိုကြောင်း ကျွန်ုပ်တို့ မှတ်ချက်ပြုလိုက်သည်။

ပြဿနာ (၂) နှင့်စပ်လျဉ်း၍ အယူခံတရားလို၏ ရှေ့နေက ဤအမှုတွင် သေဆုံးသူ သက်တင်မိုးအား အချင်းဖြစ်နေ့က မောင်နေလင်း လာရောက်ခေါ်ဆောင်သွားကြောင်း အငြင်းမပွားသော်လည်း အမှုတွင် မောင်နေလင်းပါဝင်ကြောင်း စိတ်ချယုံကြည်ရမည့် မျက်မြင်သက်သေနှင့် ပတ်ဝန်းကျင်သက်သေ အထောက်အထား တစ်စုံတစ်ရာ မတွေ့ရှိရကြောင်း၊ တရားလိုပြသက်သေများသည် လွတ်လပ်သော သက်သေများနှင့် ယုံကြည်စိတ်ချနိုင်သော သက်သေများ မဟုတ်ကြောင်း၊ သက်သေများ၏ ထွက်ဆိုချက်များအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ အရ ရဲစခန်းဖြင့် တိုက်ဆိုင်မေးမြန်းခဲ့ရကြောင်း၊ မောင်နေလင်းအား လူတန်းစီပြသနိုင်ခဲ့ခြင်း မရှိကြောင်း၊ ဒဏ်ရာပေါင်းမြောက်များစွာရရှိထားပြီး ပြင်းထန်စွာ ဝေဒနာခံစားနေရသူတစ်ဦး အနေဖြင့် တစ်မျိုးတည်းစကားကို အကြိမ်ကြိမ် ထပ်တလဲလဲ လာသမျှ လူအားလုံးအား ပြောနိုင်စွမ်းရှိ-မရှိ သံသယဖြစ်ဘွယ်ရှိကြောင်း၊ စတားဝက်အူစူးချွန်တွင် လူသွေးတွေ့ရှိကြောင်း တရားလိုဘက်မှ တင်ပြနိုင်မှု မရှိကြောင်း၊ ပထမအကြိမ်စစ်မေးပြီး တစ်နှစ်ကျော်အကြာတွင် ထပ်မံစစ်မေးမှ ဦးမြင့်ခင်က ဟန်းချိန်းရောင်းစဉ်က နေလင်းပါကြောင်း ကွဲလွဲစွာ ထွက်ဆိုကြောင်း၊ သေသူ၏ သေခါနီး အစစ်ခံချက်ကို နည်းလမ်းတကျ ပြုလုပ်ထားမှု မရှိကြောင်း၊ တရားခံက ဖြောင့်ချက်လည်း ပေး

မထားကြောင်း၊ တရားခံအား စိတ်ချလက်ချ အပြစ်ပေးနိုင်လောက်သည့် သက်သေခံချက်အလျဉ်းမရှိကြောင်း လျှောက်လဲတင်ပြသည်။

ပြဿနာ (၂) နှင့်စပ်လျဉ်း၍ နိုင်ငံတော်ကိုယ်စား ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးက မောင်နေလင်း ခေါ်ဆောင်ရာနောက်သို့ သေသူသက်တင်မိုး လိုက်ပါသွားကြောင်း ပေါ်ပေါက်ကြောင်း၊ ဗိုလ်ချုပ်ပန်းခြံအတွင်းသို့ လူငယ် (၃) ဦးဝင်သွားပြီး နာရီဝက်ခန့်အကြာတွင် ၁-တရားခံ မောင်နေလင်းနှင့် နောက်တစ်ဦး ရှေ့ဆင့်နောက်ဆင့် ပြေးထွက်လာသည်ကို သက်သေများက မြင်လိုက်ရကြောင်း၊ သေသူသက်တင်မိုး ဆေးရုံတွင် သတိကောင်းစွာရစဉ် ၎င်းအား ပြုလုပ်သူကို ပြောပြရာတွင် တရားခံ မောင်နေလင်း ပါဝင်ကြောင်း၊ သေသူသက်တင်မိုး၏ ပြောကြားချက်အရ စားပွဲအံဆွဲအတွင်းမှ တရားခံ၏ လိပ်စာကို သိမ်းဆည်းကာ မောင်နေလင်းအား ဖော်ထုတ်ဖမ်းဆီးနိုင်ကြောင်း၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော လက်နက်ကိုလည်း သိမ်းဆည်းနိုင်ခဲ့ကြောင်း၊ သေသူဝတ်ဆင်သော ဟန်းချိန်းကို တရားခံ မောင်နေလင်းနှင့် အောင်အောင်တို့က ဦးမြင့်ခင်ဆိုင်တွင် ရောင်းချသဖြင့် အဆိုပါဟန်းချိန်းကို သိမ်းဆည်းနိုင်ခဲ့ကြောင်း၊ ယင်းသက်သေခံချက်များအရ တရားခံ မောင်နေလင်းအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၂ နှင့် ပုဒ်မ ၃၀၂ (၂) တို့အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ ဥပဒေနှင့် ညီညွတ်ကြောင်း လျှောက်လဲတင်ပြသည်။

အမှုမဖြစ်ပွားမီအခြေအနေကို ဖော်ပြရမည်ဆိုလျှင် သေသူအား မောင်နေလင်းက စာပေးပြီး လာရောက်ခေါ်ကြောင်း မောင်ကျော်စိုး (လိုပြ-၄) နှင့် မခင်သန်းဦးတို့က ထွက်ဆိုထားပြီး အချင်းဖြစ် (၂၅-၇-၉၅) နေ့က သေသူအား တရားခံ မောင်နေလင်းက နေ့လည် ၂ နာရီခန့်အချိန်တွင် ခေါ်ဆောင်သွားကြောင်း သေသူ၏မိဘများဖြစ်ကြသော ဦးတင်ထွေး (လိုပြ-၇)၊ ဒေါ်ချို (လိုပြ-၈) နှင့် သေသူ၏ ညီဖြစ်သူ မောင်မျိုးသူ (လိုပြ-၉) တို့က ထွက်ဆိုထားကြသည်။

အချင်းဖြစ်နေ့ ညနေ ၃း၃၀ အချိန်တွင် လူ (၃) ယောက် ပန်းခြံအတွင်းသို့ ဝင်သွားပြီး နာရီဝက်အကြာတွင် တရားခံ မောင်နေလင်းနှင့် နောက်တစ်ဦး ရှေ့ဆင့်နောက်ဆင့် ပြေးထွက်လာကာ လမ်းခွဲထွက်ပြေးသွားသည်ကို ပန်းခြံလက်မှတ်ရောင်းသူ ဦးတင်မြင့် (လိုပြ-၁၀)၊ အအေးရောင်းသူ မစန္ဒာ (လိုပြ-၁၂)၊ ခါတ်ပုံလုပ်ငန်းလုပ်သူ ဦးမင်းလွင် (လိုပြ-၁၃) တို့ တွေ့မြင်ကြသည်။ ထိုသို့ တရားခံ မောင်နေလင်းတို့ ပန်းခြံအတွင်းမှ ထွက်ပြေးသွားပြီးနောက် မကြာခင်မှာပင် သေသူအား ဒဏ်ရာများဖြင့် ပန်းခြံတာဝန်ခံ ဦးအောင်နိုင်ဦးက တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ဦးအောင်နိုင်ဦးသည် သေသူကို ဆေးရုံသို့ ထိုနေ့ ညနေ ၄ နာရီခန့်တွင် ပို့ပေးခဲ့သည်။

သေသူသည် (၂၅-၇-၉၅) ရက်နေ့ ညနေ ၅း၀၀ နာရီတွင် ဆေးရုံသို့ရောက်ရှိပြီး (၂၆-၇-၉၅) ရက်နေ့ မွန်းလွဲ ၁း၂၅ နာရီ အချိန်တွင် သေဆုံးခြင်းဖြစ်သည်။ တရားစွဲအဖွဲ့အစည်းအနေဖြင့် သေခါနီးအစစ်ခံချက်ကို သေသူမသေမီ နည်းလမ်းတကျ ရယူရန် အချိန်များစွာရရှိခဲ့သော်လည်း ထိုသို့ရယူခဲ့ခြင်း မရှိသဖြင့် ဤအမှုတွင် သေသူက သူမသေမီ ဆေးရုံသို့ သတင်းလာမေးသူများအား ပြောကြားချက်အပေါ်တွင် အခြေပြု၍ ဆုံးဖြတ်ရမည်ဖြစ်သည်။

သေသူ သက်တင်မိုး ဆေးရုံတွင်ရှိနေစဉ် ၎င်းအား ပြုလုပ်သူများထဲတွင် တရားခံ မောင်နေလင်း ပါဝင်ကြောင်း၊ မောင်နေလင်းနှင့် အောင်အောင်တို့က အဓိကပြုလုပ်ကြောင်း၊ ညီညီ၊ မောင်မောင်လွင်၊ လှဝင်းတို့ကလည်းပြုလုပ်ကြောင်း ဦးအောင်မြင့် (လိုပြ-၂)၊ မောင်မျိုးသူ (လိုပြ-၃)၊ မောင်အောင်ကျော်စိုး (လိုပြ-၄)၊ မခင်သိန်းစိုး (လိုပြ-၅)၊ ဦးစိန်ဝင်း (လိုပြ-၆) တို့အား ပြောပြခဲ့သည်။ ယင်းပြောဆိုချက်မှာ သေခါနီးစွပ်စွဲချက်ဖြစ်သဖြင့် မှန်ကန်သည်ဟုယုံကြည်လျှင် သက်သေခံ ဥပဒေပုဒ်မ ၃၂ အရ ယင်းသေခါနီး စွပ်စွဲချက်ဖြင့် တရားခံအား

ပြစ်ဒဏ်စီရင်နိုင်သည်။ မောင်လှအောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် စီရင်ထုံး[၅] ကို ရည်ညွှန်းသည်။

တရားခံအပေါ် စွပ်စွဲပြောကြားသည့်အချိန်က သေသူသည် သတိကောင်းစွာရရှိကြောင်း ထင်ရှားသဖြင့် သူ့အားသတင်းလာမေးသူများအား ပြောကြားချက်များကို ယုံကြည်လက်ခံရပေမည်။ သေသူက တရားခံ မောင်နေလင်း၏ လိပ်စာမှာ ၎င်း၏စားပွဲအံဆွဲထဲရှိ ပိုက်ဆံအိတ်ထဲတွင်ရှိကြောင်း ပြောပြသဖြင့် ဒုရဲအုပ်လှထူး (လိုပြ-၅) က အဆိုပါလိပ်စာကို သိမ်းဆည်းကာ တရားခံ မောင်နေလင်းအား ချက်ချင်းဖမ်းဆီးနိုင်ခဲ့သည်။ ယင်းအချက်က သေသူသည် မသေမီ သတိကောင်းစွာ ရရှိနေသဖြင့် ၎င်း၏သေခါနီးပြောကြားချက်များမှာ မှန်ကန်ကြောင်း ဖော်ညွှန်းနေသည်။ တရားခံ မောင်နေလင်းက လိုက်လံပြသဖြင့် ၅၁ လမ်းရှိ ရေမြောင်းထဲမှ စတားဝက်အူလှည့် တစ်ချောင်းကို သက်သေခံ (ည) ရှာဖွေပုံစံဖြင့် သိမ်းဆည်းရရှိခဲ့သည်။

အချင်းဖြစ်ချိန်က သေသူ သက်တင်မိုး ဝတ်ဆင်ထားသော ရွှေဟန်းချိန်းကို တရားခံ မောင်နေလင်းနှင့် အောင်အောင်တို့က ထိုနေ့ ညနေ ၅ နာရီခန့်တွင် ရွှေဘုံသာလမ်းရှိ ဦးမြင့်ခင် (လိုပြ-၉) ၏ ရွှေဆိုင်တွင် ၁၈၀၀၀/- ဖြင့် လာရောက်ရောင်းချသည်။ အဆိုပါ ရွှေဟန်းချိန်းကို သက်သေခံ (ခ) ရှာဖွေပုံစံဖြင့် ဦးမြင့်ခင်က ပေးအပ်သည်။ ဦးမြင့်ခင်အား ရုံးမှမေးမြန်းရာတွင် မောင်နေလင်းနှင့် အောင်အောင်တို့ လာရောက်ပြီး ဟန်းချိန်းကို မောင်နေလင်းက ကိုယ်တိုင် ကိုင်တွယ်ရောင်းချကြောင်း ထွက်ဆိုထားသဖြင့် ၎င်း၏ထွက်ဆိုချက်ကို မယုံကြည်နိုင်ရန်အကြောင်း မရှိပေ။

---

**(၅) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၇၂၁။**

ဒေါက်တာညီညီ (လိုပြ-၁၄) ၏ ထွက်ဆိုချက်အရ သေသူ၏ ဝမ်းဗိုက်၊ ရင်ဘတ်၊ လည်ပင်း၊ တင်ပါး၊ ဖင်ဆုံ၊ လိင်တန်၊ ကျောကုန်း တို့တွင် ချွန်ထက်သောလက်နက်ဖြင့် ပြုလုပ်၍ရရှိသော ဒဏ်ရာ (၁၉) ချက် တွေ့ရှိသည်။ ရင်ဘတ်တွင်ရရှိသော ထိုးသွင်းဒဏ်ရာမှာ အသဲကို ထိကြောင်း၊ သွေးလွန်ခြင်းနှင့် ဦးခေါင်း၌ရရှိသော ဒဏ်ရာများကြောင့် ဦးခေါင်းခွံကွဲအက်ပြီး သေဆုံးခြင်းဖြစ်ကြောင်း၊ မုချသေစေမည့် ဒဏ်ရာ ဖြစ်ကြောင်း၊ တစ်ဦးထက်ပိုသူများ ပြုလုပ်ခြင်းကြောင့် ရရှိသော ဒဏ်ရာများဖြစ်ကြောင်း ထွက်ဆိုသည်။

တရားခံ မောင်နေလင်းက အချင်းဖြစ်ပွားသည့်နေ့က သက်တင်မိုးနှင့် ၎င်းတို့ လမ်း ၅၀ အိမ်မှ ၃၂ လိုင်းကားစီး၍ ဘားလမ်း သို့ ထွက်လာခဲ့ကြောင်း၊ သက်တင်မိုးက ရည်းစားနှင့်ချိန်းဆိုထားသည် ဟု ပြောကြောင်း၊ ဘားလမ်းသို့ရောက်သည့်အခါ သက်တင်မိုးသည် ဘားလမ်းထဲ ဝင်သွားပြီး ၎င်းသည် ဖခင်ရှိရာ စားဖျော်ရုံးချုပ်သို့ သွားခဲ့ကြောင်း ထုချေသည်။

ဤအမှုတွင် သေသူတွင်ရရှိသော ဒဏ်ရာများကို မည်သူက ပြုလုပ်၍ ရရှိသည်ဆိုသော အချက်နှင့်စပ်လျဉ်း၍ မျက်မြင်သက်သေ မရှိသော်လည်း တရားခံ မောင်နေလင်းသည် အချင်းမဖြစ်ပွားမီက သေသူအား ခေါ်သွားခြင်း၊ ပန်းခြံထဲမှ ပြေးထွက်လာခြင်း၊ ထိုသို့ ပြေးထွက်လာပြီး မကြာမီကာလတွင် သေသူအား ဒဏ်ရာများနှင့် တွေ့ရခြင်း၊ သေသူက ၎င်းအားပြုလုပ်သူများထဲတွင် အဓိကအားဖြင့် မောင်နေလင်း ပါဝင်ကြောင်း မသေမီက ပြောကြားခဲ့ခြင်း၊ တရားခံက ဝက်အူလှည့်တစ်ချောင်း ထုတ်ပေးခြင်း၊ အချင်းဖြစ်ပွားသည့်နေ့ ညနေ က သေသူ သက်တင်မိုး၏ ရွှေဟန်းချိန်းကို တရားခံက ရွှေဆိုင်တွင် သွားရောက်ရောင်းချခြင်း စသည့် ကွင်းဆက်မပြတ်သော သက်သေခံ အထောက်အထားများ ရှိသည်။ ယင်းငြိစွန်းချက်နှင့်စပ်လျဉ်း၍ တရားခံက ကျေနပ်ဘွယ်ကောင်းလောက်အောင် ထုချေဖြေရှင်းနိုင်ခြင်း

မရှိပေ။ အမှုတွင် သက်သေအချို့အား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၂ အရ တိုက်ဆိုင်မေးမြန်းရာတွင် ရဲစက္ကူတွင်မပါသော အကြောင်းအရာများကို ထွက်ဆိုခြင်းနှင့်ပတ်သက်၍ သက်သေများက ရှင်းလင်းထွက်ဆိုထားကြသဖြင့် ယင်းသက်သေများ၏ ထွက်ဆိုချက်များကိုလည်း မယုံကြည်နိုင်ရန်အကြောင်း မရှိပေ။ ယင်းသက်သေခံ အထောက်အထားများပေါ်တွင် အခြေပြု၍ တရားရုံးချုပ်က တရားခံ မောင်နေလင်းအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၂) အရ ပြစ်မှုထင်ရှား စီရင်ခြင်းမှာ မှားယွင်းမှုမရှိပေ။

သို့အတွက် တရားရုံးချုပ်က အယူခံတရားလို မောင်နေလင်း အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၂) အရ ပြစ်မှုထင်ရှားစီရင်ခြင်း နှင့် ယင်းပြစ်ဒဏ်ကို ပုဒ်မ ၃၉၂ အရ ချမှတ်ထားသော ပြစ်ဒဏ်နှင့် တစ်ပေါင်းတည်း ကျခံစေရန် ချမှတ်သော အမိန့်ကို အတည်ပြုပြီး ဤအထူးအယူခံမှုကို ပလပ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

+ ၂၀၀၀
ဖေဖော်ဝါရီလ
၄ ရက်

တရားရုံးချုပ်တရားသူကြီး ဦးချစ်လွင်ရှေ့တွင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နှင့်

မခင်မာချို*

မည်သည့်အခါတွင် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) အရ ရောင်းချမှုမြောက်ခြင်းနှင့် ပုဒ်မ ၁၉ (က)/၂၂ (ဂ) အရ ရောင်းချရာတွင် ကလေးသူငယ်ကို အသုံးချရာရောက်ခြင်း။

ဆုံးဖြတ်ချက်။ ။ ခင်မာချို၏ လွယ်အိတ်ထဲမှ ဆေးခြောက် (၂) ထုပ်မှာ အလေးချိန် (၃) ပိဿာကျော်ဖြစ်၍ ရောင်းချရန် လက်ဝယ်ထားခြင်းဖြစ်၍ ပုဒ်မ ၁၉ (က) အရ ပြစ်မှုကျူးလွန်ရာရောက်သည်။ ၎င်းနှင့်အတူ ပါလာသူ ၎င်း၏တူ အသက် (၁၄) နှစ်အရွယ်ရှိ မောင်အောင်အောင်၏ ဆွဲခြင်းထဲမှ ဆေးခြောက် (၂) ထုပ်တွေ့ရှိသည်။ အလေးချိန် (၁) ပိဿာကျော် ဖြစ်သည်။ ဆေးခြောက်ရောင်းချရာတွင် အသက် (၁၆) နှစ် မပြည့်သေးသော ကလေးသူငယ်ကို အသုံးချသဖြင့် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က)/၂၂ (ဂ) အရ ပြစ်မှုကျူးလွန်ရာရောက်သည်။

---

* ၁၉၉၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၅၀ (ခ)

\+ ၁၉၉၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၅၉ တွင် ချမှတ်သော ၂၈-၁-၉၉ ရက်စွဲပါ ပဲခူးတိုင်းတရားရုံး (ပဲခူးခရိုင်) ၏အမိန့်ကို ပြင်ဆင်မှု

ထပ်မံဆုံးဖြတ်ချက်။ ။ပြုလုပ်မှုမှာ တစ်ရပ်တည်းဖြစ်၍ မူလရုံးက သီးခြားပြစ်ဒဏ်ချမှတ်ခြင်းမှာ ဥပဒေနှင့်ဆန့်ကျင်သည်။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉ (က) အရ ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုသည်။ ထောင်ဒဏ် (၁၀) နှစ် ချမှတ်ထားသည့် အမိန့်ကို ပယ်ဖျက်သည်။ ပုဒ်မ ၁၉ (က)/၂၂ (ခ) အရ အလုပ်နှင့်နှစ်အကန့်အသတ်မရှိ ထောင်ဒဏ် ချမှတ်ထားသည့် အမိန့်ကို ဆက်လက်အတည်ပြုသည်။

လျှောက်ထားသူအတွက် - ဒေါ်ကျင်စန်း
ဒုတိယညွှန်ကြားရေးမှူး၊
ရှေ့နေချုပ်ရုံး

လျှောက်ထားခံရသူအတွက် - ကိုယ်တိုင် (မလာ)

ပဲခူးတိုင်းတရားရုံး (ပဲခူးခရိုင်)၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၅၉/၉၈ တွင် လျှောက်ထားခံရသူ ခင်မာချိုကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) အရ အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ်၊ ယင်းဥပဒေပုဒ်မ ၁၉ (က)/၂၂ (ဂ) အရ အလုပ်နှင့်နှစ်အကန့်အသတ်မရှိထောင်ဒဏ် ကျခံစေရန်နှင့် ပြစ်ဒဏ်နှစ်ရပ်ကို တစ်ပေါင်းတည်းကျခံစေရန် ချမှတ်သည့်အမိန့်သည် မှားယွင်းကြောင်းဖြင့် ရှေ့နေချုပ်ရုံးကတင်သွင်းသော ပြင်ဆင်မှုဖြစ်သည်။

ရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးက ပဲနွယ်ကုန်းရဲစခန်းမှ ဒုရဲအုပ်မြင့်သိန်းနှင့် ရဲတပ်ဖွဲ့ဝင်များက ၄-၈-၉၈ ရက်နေ့ နံနက်က သက်သေများနှင့် စစ်ဆေးရှာဖွေရာ ခင်မာချို၏ ဆွဲခြင်းထဲမှ ဆေးခြောက် (၂) ထုပ်၊ ၎င်းနှင့်ပါလာသူ မောင်အောင်အောင် (၁၄) နှစ်၏ ဆွဲခြင်းထဲမှ ဆေးခြောက် (၂) ထုပ်၊ စုစုပေါင်း ဆေးခြောက်

(၅) ပိဿာ (၈. ၁၆၄၆၅) ကီလိုဂရမ်ကို တွေ့ရှိရသည်။ ဆေးခြောက်များကို ရောင်းချရန်အလို့ငှာ သယ်ဆောင်လာခြင်းဖြစ်ပြီး၊ သယ်ဆောင်ရာတွင် အသက် (၁၆) နှစ်မပြည့်သေးသော ကလေးသူငယ်ကို အသုံးချခဲ့ကြောင်း၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) အရ ပြစ်မှုထင်ရှားတွေ့ရှိခြင်းကို အတည်ပြု၍ ပြစ်ဒဏ်သတ်မှတ်ချက်ကို ပယ်ဖျက်ရန်လိုကြောင်း၊ ယင်းဥပဒေပုဒ်မ ၁၉ (က)/ ၂၂ (ဂ) အရ အများဆုံးပြစ်ဒဏ်ဖြစ်သော နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်ကိုသာ ချမှတ်သင့်ကြောင်း လျှောက်ထားသည်။

လျှောက်ထားခံရသူ ထောင်ကျတရားခံ ခင်မာချိုအပေါ် အကြောင်းကြားစာအတည်ဖြစ်သော်လည်း ၎င်းအတွက် မည်သူမျှလာရောက်လျှောက်လဲခြင်းမရှိ။

မောင်အုန်းတင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မောင်အုန်းတင် အမှု[၁] တွင် မူးယစ်ဆေးဝါးကို ရောင်းချရန် လက်ဝယ်ထားသူ မောင်အုန်းတင်ကို မူလရုံးက မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေပုဒ်မ ၆-က(ခ) အရ အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ်နှင့် ယင်းဥပဒေပုဒ်မ ၇-က(ခ) အရ အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ်ကို တစ်ပြိုင်တည်း ကျခံစေရန် အမိန့်ချမှတ်သည်။ တရားရုံးချုပ်အထူးအယူခံအဖွဲ့က ပြုလုပ်မှုတစ်ရပ်တည်းအတွက် သီးခြားထောင်ဒဏ်များ ချမှတ်ခြင်းမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၇၁ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သည်ဖြစ်၍ ပုဒ်မ ၆-က(ခ) အရ ချမှတ်သောပြစ်ဒဏ်ကို ပယ်ဖျက်သည်။ ပုဒ်မ ၇-က(ခ) အရ ထောင်ဒဏ်ချမှတ်ခြင်းကို အတည်ပြုသည်။

---

(၁) ၁၉၉၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၉၇။

ယခုအမှုတွင်လည်း ခင်မာချို၏လွယ်အိတ်ထဲမှ ဆေးခြောက် (၂) ထုပ်ကို သိမ်းဆည်းရမိသည်။ အလေးချိန် (၃) ပိဿာကျော်ဖြစ်၍ ရောင်းချရန် လက်ဝယ်ထားခြင်းဖြစ်သည်။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) အရ ပြစ်မှုကျူးလွန်ရာရောက်သည်။ တစ်ချိန်တည်းမှာပင် ခင်မာချိုနှင့် အတူလာသူ ၎င်း၏တူ အသက် (၁၄) နှစ်အရွယ်ရှိ မောင်အောင်အောင်၏ဆွဲခြင်းထဲမှ ဆေးခြောက် (၂) ထုပ်တွေ့ရှိသည်။ အလေးချိန် (၁) ပိဿာကျော် ဖြစ်သည်။ ကလေးသူငယ်ကို ဆေးခြောက်သယ်ခိုင်းခြင်း ဖြစ်သည်။ ဆေးခြောက်ရောင်းချရာတွင် အသက် (၁၆) နှစ်မပြည့်သေးသော ကလေးသူငယ်ကို အသုံးချ်သဖြင့် ပုဒ်မ ၁၉ (က)/၂၂ (ဂ) အရ ပြစ်မှုကျူးလွန်ရာရောက်သည်။ ပြုလုပ်မှုမှာ တစ်ရပ်တည်းဖြစ်၍ မူလရုံးက သီးခြားပြစ်ဒဏ်ချမှတ်ခြင်းမှာ ဥပဒေနှင့်ဆန့်ကျင်သည်။ ပုဒ်မ ၁၉ (က)/၂၂ (ဂ) အရ ပြစ်ဒဏ်သာ ချမှတ်ရမည်ဖြစ်သည်။

ထို့ကြောင့် ပဲခူးတိုင်းတရားရုံး (ပဲခူးခရိုင်) က ခင်မာချိုကို ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) အရ ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုသည်။ ထောင်ဒဏ် (၁၀) နှစ်ချမှတ်ထားခြင်းနှင့် ပြစ်ဒဏ်နှစ်ရပ်ကို တစ်ပေါင်းတည်းချမှတ်ခြင်း အမိန့်ကို ပယ်ဖျက်လိုက်သည်။ ယင်းဥပဒေပုဒ်မ ၁၉ (က)/၂၂ (ခ) အရ အလုပ်နှင့်နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်ချမှတ်ထားသည့် အမိန့်ကိုမူ ဆက်လက်အတည်ပြုလိုက်သည်။

ပြစ်မှုဆိုင်ရာအယူခံမှု

+ ၂၀၀၀
ဩဂုတ်လ
၁၆ ရက်

တရားရုံးချုပ်တရားသူကြီး ဦးမြင့်သိန်းရှေ့တွင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နှင့်

ရွှေလဝင်း (ခ) ဝင်းနောင်*

ချဲစာရွက်ပေါ်ရှိ လက်ရေးမှာ တရားခံ၏ လက်ရေးမဟုတ်ခြင်း၊ ရှာဖွေပုံ နည်းလမ်းမကျခြင်းတို့ကြောင့် အပြစ်မရှိဟု မကောက်ယူနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ လောင်းကစားပစ္စည်းများကို တရားရုံးသို့ မတင်ပို့နိုင်သည်မှာ မှန်သည်။ တရားခံ ရွှေလဝင်းက လက်ရေးဖျက်ရေးသဖြင့် လက်ရေး ထပ်မံရယူပြီး မှုခင်းတပ်ဖွဲ့သို့ ပေးပို့ထားသောကြောင့် မတင်ပြနိုင်ခြင်း ဖြစ်သည်။ ရွှေလဝင်း လွယ်ထားသောလွယ်အိတ်ထဲမှ ချဲဘောက်ချာဖြတ်ပိုင်းများ၊ စာအုပ်များ၊ ကြွေးစာရင်း၊ ကာဗွန်စာရွက်များ၊ ဘောလ်ပင်နှင့် ငွေ ၁၉၆၀/- သိမ်းဆည်းရမိခြင်းမှာ ထင်ရှားသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများသည် ချဲရောင်းခြင်းကို ပေါ်လွင်စေသည်။ ချဲစာရွက်၊ စာအုပ်များ

---

* ၂၀၀၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၃၈၉
\+ ၁၉၉၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၈၉၃ တွင် ချမှတ်သော ၂၃-၁၂-၉၉ ရက်စွဲပါ ဒိုက်ဦးမြို့နယ်တရားရုံး၏ အမိန့်ကို အယူခံမှု

တွင် ရွှေလဝင်း၏ လက်ရေးရှိကြောင်း မတင်ပြနိုင်ခြင်း၊ ရှာဖွေပုံနည်းလမ်းမကျခြင်းတို့ကို အကြောင်းပြု၍ တရားခံကိုလွှတ်ခြင်းမှာ မမှန်။ ထိုကဲ့သို့သော လောင်းကစားနည်းတွင် ဒိုင်အဖြစ် ဆောင်ရွက်ခြင်းဖြစ်၍ လောင်းကစားဥပဒေပုဒ်မ ၁၀ (က) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ရာရောက်သည်။ ထို့ကြောင့် ပုဒ်မ ၁၅ (က) အရ ပြစ်မှုကျူးလွန်သူ ဖြစ်သည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဒေါ်အေးမြင့် |
| | | လက်ထောက်ညွှန်ကြားရေးမှူး |
| | | ရှေ့နေချုပ်ရုံး |
| အယူခံတရားခံအတွက် | - | ဦးအေးဝင်း |
| | | တရားရုံးချုပ်ရှေ့နေ |

ဒိုက်ဦးမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၈၉၃/၉၉ တွင် အယူခံတရားခံ ရွှေလဝင်း (ခ) ဝင်းနောင်ကို လောင်းကစားဥပဒေပုဒ်မ ၁၅ (က)/၁၆ (က) အရ တရားစွဲဆိုသည်။ ၎င်းကို မူလရုံးက အပြီးအပြတ်လွှတ်သဖြင့် ရှေ့နေချုပ်ရုံးက မကျေနပ်ဘဲ တင်သွင်းသော အယူခံမှုဖြစ်သည်။

မူလမှုတွင် ၃၁-၇-၉၉ ရက်နေ့ နံနက်က ရဲဒုတပ်ကြပ်ဘိုကြည်က ဒုစရိုက်မှုများ စုံစမ်းဖမ်းဆီးရန် ဒိုက်ဦးမြို့နယ်၊ ပန္တတ်ကျေးရွာအုပ်စုနေ ရွှေလဝင်းကို စစ်ဆေးသည်။ သက်သေ ဦးအေးလွင်၊ ဦးမြင့်ဟန်တို့နှင့် ရွှေလဝင်းကို ရှာဖွေရာ ချဲဘောက်ချာများ၊ စာအုပ်များ၊ ဘောလ်ပင်၊ အကြွေးစာရင်းနှင့် ငွေ ၁၉၆၀/- ကို သိမ်းဆည်းရမိကြောင်း ဒိုက်ဦးရဲစခန်းတွင် တိုင်ချက်ဖွင့်သည်။

ရွှေလဝင်း (ခ) ဝင်းနောင်ကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးပြီး လောင်းကစားဥပဒေပုဒ်မ ၁၅ (က)/၁၆ (က) ဖြင့် တရားစွဲတင်သည်။

ဒိုက်ဦးမြို့နယ်တရားရုံးက ရွှေလဝင်းထံမှ ခဲ့ထီလောင်းကစားပစ္စည်း များ သိမ်းဆည်းရမိခဲ့ကြောင်း တရားလိုဘက်မှ ပေါ်လွင်အောင် သက်သေထင်ရှား ပြသနိုင်ခြင်းမရှိဟု သုံးသပ်ပြီး ၎င်းကို အမှုမှ အပြီးအပြတ်လွှတ်သည်။

ရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက တရားခံ ရွှေလဝင်း၏ သက်သေခံလွယ်အိတ်ထဲမှ ခဲ့စာရွက်စာတမ်းများ တွေ့ရှိရခြင်းမှာ ပေါ်လွင်ကြောင်း၊ ထိုလွယ်အိတ်ကို ပိန်းတောထဲက ကောက်ယူပြီး မိမိပစ္စည်းဖြစ်သည်ဟု စွပ်စွဲခြင်းဖြစ်ကြောင်း ရွှေလဝင်း၏ ထုချေချက်မှာ မခိုင်လုံကြောင်း၊ ရွှေလဝင်းကို လောင်းကစားဥပဒေပုဒ်မ ၁၅ (က) အရ အပြစ်ပေးသင့်ကြောင်း လျှောက်ထားသည်။

အယူခံတရားခံ ရွှေလဝင်း (ခ) ဝင်းနောင်၏ရှေ့နေက အများပြည်သူဆိုင်ရာနေရာတွင် လောင်းကစားပစ္စည်းများ ရှာဖွေသိမ်းဆည်းရာ၌ လုပ်ထုံးလုပ်နည်းမကျကြောင်း၊ ရှာဖွေသက်သေလူကြီးများက ရှာဖွေပုံစံအလွတ်ပေါ်တွင် လက်မှတ်ထိုးခဲ့ခြင်းဖြစ်ကြောင်း၊ သက်သေခံလောင်းကစားပစ္စည်းများကိုလည်း တင်ပြနိုင်ခြင်း မရှိကြောင်း၊ ခဲ့ထီလောင်းကစားခြင်းကို စီမံခန့်ခွဲမှုပြုကြောင်း ကောက်ယူနိုင်သည့် သက်သေခံအထောက်အထားများ မပေါ်ပေါက်၍ အမှုမှလွှတ်ထားသည့်အမိန့်ကို အတည်ပြုပေးစေလိုကြောင်း လျှောက်ထားသည်။

လောင်းကစားပစ္စည်းများကို တရားရုံးသို့ မတင်ပြနိုင်သည်မှာ မှန်သည်။ သို့သော် ရှာဖွေဖမ်းဆီးရာတွင် လုပ်ထုံးလုပ်နည်း မညီကြောင်းမှာ မပေါ်လွင်ပေ။ ရဲဒုတပ်ကြပ်ဘိုကြည်နှင့်အဖွဲ့က ဒိုက်ဦးမြို့နယ်၊ ပန္နတ်ကျေးရွာအုပ်စုနေ ရွှေလဝင်းကို လူသွားလမ်းမပေါ်တွင် မသင်္ကာဘွယ်ရာတွေ့၍ ရှာဖွေခြင်းဖြစ်သည်။ ရဲဒုတပ်ကြပ်ဘိုကြည် (လိုပြ-၁) အပြင် ရဲသားထွန်းထွန်းဦး (လိုပြ-၂) နှင့် အောင်နိုင်လတ် (လိုပြ-၄) တို့ ပါသည်။ ထိုရဲအဖွဲ့က ရွှေလဝင်း လွယ်ထားသော လွယ်အိတ်ထဲတွင် ခဲ့ဘောက်ချာဖြတ်ပိုင်းများ၊ကြွေးစာရင်း၊ ဘောလ်ပင်

စုစုပေါင်းပစ္စည်း (၁၁) မျိုး တွေ့သည်။ ရွှေလဝင်း အိတ်ကပ်အတွင်းမှ ငွေ ၁၉၆ဝိ/- မိသည်။

လမ်းတွင် မသင်္ကာဘွယ်ရာ ရွှေလဝင်းကို ကြုံကြိုက်၍ ရှာဖွေခြင်းဖြစ်ရာ သက်သေများ တစ်နေရာတည်းမှာ ရချင်မှရမည်၊ လောင်းကစားပစ္စည်းကလည်း တွေ့နေသဖြင့် ဦးမြင့်ဟန် (လိုပြ-၃) နှင့် ဦးအေးထွန်း (လိုပြ-၅) ကိုခေါ်၍ ရှာဖွေပုံစံ (သက်သေခံ-၁) တွင် လက်မှတ်ရေးထိုးခိုင်းရခြင်းမှာ မှန်ကန်သည့်အလုပ် ဖြစ်သည်။ ရွှေလဝင်းကို လက်ထိပ်ခတ်ထားပြီးမှ ချဲစာရွက်စာတမ်းများ သိမ်းဆည်းခြင်းမှာ လောင်းကစားဥပဒေ/နည်းဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိ။ သက်သေခံပစ္စည်းများကို လက်ရေးပါရဂူထံ ပို့ထား၍ ရုံးရှေ့မတင်ပြနိုင်ခြင်းလည်း ဖြစ်သည်။ မှုလကတည်းက မသိမ်းဘဲထားသော ပစ္စည်းများမဟုတ်။ ချဲစာရွက်စာတမ်းများပေါ်ရှိ လက်ရေးဂဏန်းများကို ရွှေလဝင်း ရေး၊ မရေး အင်းစိန်မှုခင်းတပ်ဖွဲ့သို့ ရွှေလဝင်းလက်ရေးနမူနာဖြင့် ပို့ခဲ့သည်။ ရွှေလဝင်းက လက်ရေးဖျက်ရေးသားထား၍ လက်ရေးထပ်မံရယူပြီး ပို့ခဲ့သည်။ မှုခင်းတပ်ဖွဲ့၏ ပြန်ကြားချက် မရောက်ရှိမီ အမိန့်ချမှတ်သဖြင့် အမှုတွင် သက်သေခံအထောက်အထားတစ်ရပ် လျော့နေခြင်း ဖြစ်သည်။

တရားခံ ရွှေလဝင်းက လက်ရေးဖျက်ရေးသားခြင်းသည် မရိုးသားမှုကို ပြသည်။ ၎င်း၏လွယ်အိတ်ထဲမှ ချဲဘောက်ချာစာရွက်များ၊ ကာဗွန်စာရွက်များ၊ ဘောလ်ပင်၊ ချဲထီဂဏန်း၊ ငွေတန်ဖိုး၊ အမည်များ ရေးထားသော စာအုပ် (၁) အုပ်နှင့် ချဲထီအကွက်ပါသော စာအုပ် (၁) အုပ် သိမ်းဆည်းရမိကြောင်း၊ ရှာဖွေပုံစံ (သက်သေခံ-ခ) အရ ထင်ရှားသည်။ ချဲပြေစာမိသည်ဆိုလျှင် ချဲထိုးသူဖြစ်နိုင်ပြီး ချဲပြေစာ စာအုပ် (၂) အုပ် မိခြင်းမှာ ချဲရောင်းသူကိုင်သော ပစ္စည်းများဖြစ်သည်။

လောင်းကစားဥပဒေပုဒ်မ ၁၅ (က) အရ စွဲချက်တင်ခံရသော ရွှေလဝင်း၏ ထုချေချက်မှာ အချင်းဖြစ်ပစ္စည်းများသည် မိမိပစ္စည်း

မဟုတ်ပါဟု တင်ပြချက်ပင် ဖြစ်သည်။ အချင်းဖြစ်နေ့က မိမိနေသော ဆားကျင်းရွာမှ မအော်ဝဲရွာသို့ စက်ဘီးဖြင့်လာကြောင်း၊ လမ်းတွင် စက်ဘီးဖြင့် လူ (၃) ယောက်တွေ့၍ ဖြတ်ကျော်သွားပြီးမှ မိမိကို လှမ်းခေါ်ကြောင်း၊ ၎င်းတို့မှာ ရဲဒုတပ်ကြပ်ဘိုကြည်နှင့် ရဲများ ဖြစ်ကြောင်း၊ ချဲရောင်းတယ်မဟုတ်လားဟု ပြောပြီး မိမိအိတ်ကပ်ထဲ နှိုက်ကြောင်း၊ ရဲဒုတပ်ကြပ်ဘိုကြည်၏တပည့်က အနီးအနား ပိန်းတောထဲမှ လွယ်အိတ်တစ်လုံး ကောက်၍ ဘိုကြည်အား ပေးကြောင်း၊ လွယ်အိတ်ထဲတွင် ချဲစာရွက်များတွေ့၍ မိမိကိုဖမ်းကြောင်း၊ မလှမ်းမကမ်း လယ်တစ်ကွက်ကျော်တွင် လေးဝင်းလည်းရှိနေကြောင်း၊ ထိုစဉ် အေးထွန်းနှင့် မြင့်ဟန် (လိုပြ-၅ နှင့် ၃) တို့ ရောက်လာရာ စက္ကူလွတ်တွင် လက်မှတ်ထိုးခိုင်းကြောင်း ရွှေလဝင်းက ခုခံချေပသည်။

ကိုလေးဝင်းက အချင်းဖြစ်နေ့က ရွှေလဝင်း စက်ဘီးတွင်လည်းကောင်း၊ ကိုယ်တွင်လည်းကောင်း လွယ်အိတ်ကို မတွေ့ပါဟု ထွက်ဆိုသည်။ လမ်းဘေးလယ်ကွက်တွင် ရေလျှော့နေခိုက် ကိုလေးဝင်းက မြင်တွေ့ရမှုကို အစစ်ခံခြင်းဖြစ်ရာ ရွှေလဝင်းတွင် လွယ်အိတ်ပါသည်၊ မပါသည်ကိုလည်းကောင်း၊ ရဲများက မည်သို့ဖမ်းဆီးသည်ကိုလည်းကောင်း တိကျစွာ ပြောနိုင်မည်မဟုတ်။ ကိုယ့်ရွာသားဖြစ်၍ တရားခံသက်သာအောင် ထွက်ဆိုခြင်းသာ ဖြစ်မည်။ (ရယက) အဖွဲ့ဝင် ဦးကြည်ဝင်းနှင့် ဦးခင်ဝင်းတို့က ရွှေလဝင်း ချဲထီလောင်းကစားခြင်း၊ ဒိုင်ကိုင်ခြင်း မလုပ်ကြောင်း ယေဘုယျသဘောသာ အစစ်ခံသည်။ အချင်းဖြစ်စဉ်က အခြေအနေကို မြင်တွေ့သူများမဟုတ်။

ရဲတပ်ဖွဲ့က မသင်္ကာရှာဖွေရာ ရွှေလဝင်း၏ လွယ်အိတ်ထဲမှ ချဲစာရွက်၊ ဘောလ်ပင်၊ ကာဗွန်နှင့် ချဲစာအုပ်များ တွေ့ရှိခြင်းမှာ အထင်အရှားဖြစ်ရာ ချဲရောင်းသူဟု ကောက်ယူရမည်ဖြစ်သည်။ အမှု၏ အကြောင်းချင်းရာက ချဲရောင်းခြင်းကို ပေါ်လွင်စေသည်။ ရွှေလဝင်း၏ လက်ရေးမဟုတ်ခြင်း၊ ရှာဖွေပုံနည်းလမ်းမကျခြင်း စသည်တို့မှာ ၎င်းထံ

မှ လောင်းကစားပစ္စည်းများ သိမ်းဆည်းရမိမှုကို မချေဖျက်နိုင်ပေ။ မူလရုံးက အချင်းဖြစ်ပစ္စည်းများကို ရွှေလဝင်းထံမှ သိမ်းဆည်းရမိကြောင်း တရားလိုဘက်မှ ပေါ်လွင်အောင် သက်သေထင်ရှားမပြနိုင်ဟု သုံးသပ်၍ တရားခံကိုလွှတ်ခြင်းမှာ မမှန်ကန်။ ထိုကဲ့သို့သော လောင်းကစားနည်းတွင် ဒိုင်အဖြစ် ဆောင်ရွက်သူဖြစ်၍ လောင်းကစား ဥပဒေပုဒ်မ ၁၀ (က) ကို ကျူးလွန် ဖောက်ဖျက်ရာရောက်သည်။ တစ်နည်းအားဖြင့် ပုဒ်မ ၁၅ (က) အရ အပြစ်ရှိသူဖြစ်သည်။

ထို့ကြောင့် ရှေ့နေချုပ်ရုံးက တင်သွင်းသော အယူခံမှုကို ခွင့်ပြုသည်။ အယူခံတရားခံရွှေလဝင်း (ခ) ဝင်းနောင်ကို အမှုမှအပြီးအပြတ် လွှတ်ခဲ့သည့် မူလရုံး၏အမိန့်ကို ပယ်ဖျက်၍ ၎င်းအား လောင်းကစား ဥပဒေပုဒ်မ ၁၅ (က) အရ အလုပ်နှင့်ထောင်ဒဏ် (၁) နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

ထောင်ဒဏ်မှ ချုပ်ရက်များကို ထုတ်နုတ်ရမည်။ သက်သေခံငွေ ၁၉၆၀ိ/- ကို တရားခံအားပြန်ပေးစေရန် အမိန့်ကို ပယ်ဖျက်လိုက်သည်။ ယင်းငွေအားလုံးကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းစေ။

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

+ ၂၀၀၀
စက်တင်ဘာလ
၂၉ ရက်

တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊
ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ် နှင့်
တရားသူကြီး ဦးစန်းတင့်ရီတို့ရှေ့တွင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နှင့်

ဦးဝင်းမြင့်အောင်*

တရားခံတို့အား မူလမြို့နယ်တရားရုံးနှင့် အယူခံတရားရုံးတို့က ပြစ်မှုထင်ရှားတွေ့ရှိခြင်းနှင့် ပြစ်ဒဏ်စီရင်ခြင်းကို တရားရုံးချုပ် (မန္တလေးရုံးထိုင်) က အတည်ပြုသော်လည်း အမှုမှသက်သေခံပစ္စည်းကားအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် ချမှတ်သည့်အမိန့်ကို ပယ်ဖျက်ပြီး ပိုင်ရှင်သို့ ပြန်လည်ပေးအပ်ရန် ချမှတ်သည့်အမိန့်မှာ ဥပဒေနှင့် ညီညွတ်ခြင်းရှိ-မရှိ။

ဆုံးဖြတ်ချက်။ ။ ဦးဝင်းမြင့်အောင်အား အချင်းဖြစ်ကိစ္စနှင့် စပ်လျဉ်း၍ တရားခံတစ်ဦးအဖြစ် သီးခြားအရေးယူအပြစ်ပေးခံခဲ့ရသည့် အခြေအနေတွင် ၎င်းပိုင်ဆိုင်သောကားကို ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၄၇ (ခ) အရ မူလမြို့နယ်တရားရုံးနှင့် အယူခံ

---

* ၁၉၉၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၁၅ (မန္တလေး)
\+ ၁၉၉၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၉ (ခ) တွင် ချမှတ်သော ၇-၅-၉၉ ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏အမိန့်ကို အထူးအယူခံမှု

တိုင်းတရားရုံးက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့ခြင်းမှာ မှားယွင်းမှုမရှိပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ နိုင်ငံတော်၏ စီးပွားရေးကို အခြေခံအားဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေချိန်တွင် သစ်တောဥပဒေကို အထူးဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းခြင်းဖြစ်သည်။ အဆိုပါဥပဒေကို ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေအရ ထိရောက်ဟန့်တားသော ပြစ်ဒဏ်ကို ပေးရန်လိုသည်။ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော သက်သေခံပစ္စည်းများကို စီမံခန့်ခွဲရာတွင် သာမန်ပုဂ္ဂလိက ဖြစ်ရပ်ကဲ့သို့ ပိုင်ရှင်မသိပါဟု အကြောင်းပြရုံမျှနှင့် လွယ်လင့်တကူ လက်ခံခွင့်ပြုရန် မဟုတ်။

အယူခံတရားလိုအတွက် - ဦးမြင့်နိုင်
ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

အယူခံတရားခံအတွက် - ဦးစိုးမြင့်
တရားရုံးချုပ်ရှေ့နေ

ပြင်ဦးလွင်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၅၀၄/၉၈ တွင် တရားခံ ကိုကိုလွင်နှင့် ကိုနီတာ (ခ) သိန်းငွေး တို့အား ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၄၃ (က) အရ ပြစ်မှုထင်ရှား တွေ့ရှိရသဖြင့် ဒဏ်ငွေကျပ် ၅၀၀၀၀/- (ကျပ်ငါးသောင်း) စီ ပေးဆောင်စေရန်နှင့် ဒဏ်ငွေဆောင်ရန်ပျက်ကွက်ပါက အလုပ်နှင့် ထောင်ဒဏ် (၁) နှစ်နှင့် (၆) လစီ ကျခံစေရန်၊ သက်သေခံပစ္စည်း ကားအမှတ်- ၂ခ/၆၉၇၄ အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို တရားခံ ကိုကိုလွင်နှင့် ကိုနီတာ (ခ) သိန်းငွေးတို့က မကျေနပ်သဖြင့် မန္တလေးတိုင်းတရားရုံး

(ပြင်ဦးလွင်ခရိုင်) ၏ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၂၅/၉၈ တွင် အယူခံဝင်ရောက်ရာ ပလပ်ခံရသည်။ တရားခံတို့က မန္တလေးတိုင်းတရားရုံး (ပြင်ဦးလွင်ခရိုင်) အမိန့်ကို မကျေနပ်သဖြင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်)၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၉ (ခ)/၉၉ တွင် ပြင်ဆင်မှု လျှောက်ထားခဲ့ကြရာ တရားခံ ကိုကိုလွင်နှင့် ကိုနီတာ (ခ) သိန်းငွေးတို့အား မူလမြို့နယ်တရားရုံးနှင့် အယူခံတိုင်းတရားရုံးက ပြစ်မှုထင်ရှား တွေ့ရှိခြင်းနှင့် ပြစ်ဒဏ်စီရင်ခြင်းကို တရားရုံးချုပ် (မန္တလေးရုံးထိုင်) က အတည်ပြုသော်လည်း အမှုမှသက်သေခံပစ္စည်း ကားအမှတ်- ၂ခ/၆၉၇၄ အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် ချမှတ်သည့်အမိန့်ကို ပယ်ဖျက်ပြီး အဆိုပါကားအား ပိုင်ရှင် ဦးဝင်းမြင့်အောင်သို့ ပြန်လည်ပေးအပ်စေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်မှာ ဥပဒေနှင့်ညီညွတ်ခြင်းရှိ-မရှိ စိစစ်နိုင်ရန် အထူးအယူခံမှု စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၇ အရ ဤအထူးအယူခံမှုကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အမှုမှာ ၅-၆-၉၈ ရက်နေ့ည ၁၀း၀၀ နာရီအချိန်တွင် ပြင်ဦးလွင်မြို့၊ ၂၄-မိုင် စစ်ဆေးရေးဂိတ်တွင် ကိုနီတာ မောင်းနှင်လာသော ကားအမှတ်- ၂ခ/ ၆၉၇၄ ကို ရှာဖွေရာတွင် တရားမဝင် သယ်ဆောင်လာသော သစ်များကို ဖမ်းဆီးရရှိခဲ့သည်။ ယင်းသစ်များ ထဲတွင် ကျွန်းတန်ဝက်ခန့် သယ်ဆောင်လာသည်ကို ဖမ်းဆီးရမိသဖြင့် ဘရားခံ ကိုကိုလွင်နှင့် ကိုနီတာတို့ နှစ်ဦးအပေါ်တွင် သစ်တောဥပဒေ ပုဒ်မ ၄၃ (က) အရ အရေးယူပေးရန် ပြင်ဦးလွင်မြို့၊ သစ်တောဦးစီး ဌာနမှ တောအုပ်ကြီး ဦးစိုးမြင့်က ပြင်ဦးလွင်မြို့ရဲစခန်းတွင် တိုင်ကြား ရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

ယခုအမှုတွင် မူလရုံးတရားခံ ကိုနီတာ မောင်းနှင်ခဲ့သော ကား အမှတ်- ၂ခ/၆၉၇၄ ပေါ်တွင် ကျွန်းသစ်တန်ဝက်ခန့် သယ်ဆောင် သာခြင်းနှင့်စပ်လျဉ်း၍ သစ်တောဌာနမှ ၂၄-မိုင် စစ်ဆေးရေးဂိတ်တွင်

ဖမ်းဆီးပြီးနောက် သစ်တောဥပဒေပုဒ်မ ၃၃ (က) အရ ကျွန်းသစ်ပိုင်ရှင် ကိုကိုလွင်အား ဒဏ်ငွေ ၅၀၀ဝိ/- ပေးဆောင်စေရန်နှင့် ကျွန်းသစ်များအား သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့သည်။ ထို့ပြင် ယာဉ်မောင်းသူ ကိုနီတာအား ဒဏ်ငွေ ၁၀၀၀ဝိ/- ချမှတ်၍ ယာဉ်ကို ပြန်ပေးသည့်အမိန့် ချမှတ်ခဲ့သည်။ တရားခံများကလည်း ဒဏ်ငွေ အသီးသီး ပေးဆောင်ခဲ့ကြသည်။

ထိုသို့ တရားခံ ကိုကိုလွင်နှင့် ကိုနီတာတို့ နှစ်ဦးအပေါ် သစ်တောဥပဒေပုဒ်မ ၃၃ (က) အရ သစ်တောဦးစီးဌာနမှ ချမှတ်ခဲ့သောအမိန့်ကို တိုင်းသစ်တောဦးစီးဌာနက ပယ်ဖျက်၍ တရားခံများ ပေးဆောင်ခဲ့သည့် ဒဏ်ငွေများကို ပြန်ထုတ်ပေးခဲ့သည်။ ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၃၇ (ခ) တွင် ပြည်နယ်/တိုင်းသစ်တောအရာရှိသည် မြို့နယ်သစ်တောအရာရှိက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားသဖြင့် ပုဒ်မ ၃၃ (က) အရ သစ်တောအရာရှိက ချမှတ်သောအမိန့်ကို ပုဒ်မ ၃၇ (ခ) အရ တိုင်းသစ်တောအရာရှိက ပယ်ဖျက်ပြီး တရားရုံးသို့ ပုဒ်မ ၄၃ (က) အရ အရေးယူပေးရန် တရားစွဲဆိုတင်ပို့ခြင်းသည် ဥပဒေနှင့်ဆန့်ကျင်ခြင်း မရှိပေ။

အချင်းဖြစ်နေ့ည ၁၀း၀၀ နာရီအချိန်က ပြင်ဦးလွင်မြို့၊ ၂၄-မိုင် ရှာဖွေရေးဂိတ်တွင် ဦးဝင်းမြင့်အောင်ပိုင် ကွန်ဒါကားအမှတ်-၂ခ/၆၉၇၄ ကို ဒုရဲအုပ်ဦးကျော်ဇံဦး (လိုပြ-၇) နှင့်အဖွဲ့က ရှာဖွေရာတွင် လွှစာမှုန့်များအောက်၌ ဖုံးအုပ်သယ်ဆောင်လာသော တရားမဝင်သစ်များကို ရှာဖွေတွေ့ရှိရသည်။ ယင်းတရားမဝင်သစ်များတွင် ယာဉ်မောင်း ကိုနီတာပိုင်သည့် မျိုးခြားအချောင်း (၇၀) (၁. ၁၀၂) တန်၊ ကိုမောင်မောင်ခင်ပိုင်သည့် သစ်မာခွဲသား (၁၀၁) ချောင်း (၂. ၂၆၃) တန်၊ ယာဉ်ပိုင်ရှင် ကိုဝင်းမြင့်အောင်ပိုင်သည့် နှော့လျှာထိုး (၄၄၀) ချောင်း (၁. ၀၄) တန်၊ ကိုကိုလွင်ပိုင်သည့် ကျွန်းခွဲသား

(၂၁) ချောင်း (ဝ. ၅၀၂) တန်တို့ကို တွေ့ရကြောင်း အမှုတွင် အငြင်းမပွားပေ။ တရားခံ ကိုကိုလွင်နှင့် ကိုနီတာတို့က အဆိုပါသစ်များကို ပြင်ဦးလွင်သစ်တောကျောင်း ရာပြည့်ပွဲမှ ၎င်းတို့ (၄) ဦး စုပေါင်းပြီး လေလံဆွဲဝယ်လာသော အသုံးပြုပြီးသစ်များဖြစ်ကြောင်း၊ ကိုဝင်းမြင့်အောင်အမည်ဖြင့် အကောက်ခွန်ပေးဆောင်ပြီးဖြစ်ကြောင်းဟု ထုချေခဲ့သည်။ ကိုကိုလွင်က ကျွန်းသစ်များကို ပြင်ဦးလွင်မြို့ သစ်တောကျောင်း ရာပြည့်ပွဲတော်မှ အသုံးပြုပြီး ကျွန်းသစ်ဟောင်းများကို လေလံဆွဲယူခဲ့ကြောင်း တင်ပြသော်လည်း ၎င်းအနေဖြင့် တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိပေ။ သို့ဖြစ်၍ တရားခံ ကိုကိုလွင်နှင့် ကိုနီတာတို့အပေါ် ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၄၃ (က) အရ ပြစ်မှုထင်ရှားစီရင်ခဲ့သော မူလမြို့နယ်တရားရုံး၏အမိန့်နှင့် ယင်းအမိန့်ကို ဆက်လက်အတည်ပြုသော တိုင်းတရားရုံးနှင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ အမိန့်များမှာ ဥပဒေနှင့် ညီညွတ်မှုရှိသည်။

အယူခံတရားလို၏ရှေ့နေက မူလအမှုတွင် ဦးဝင်းမြင့်အောင်သည် အမှုသည်အဖြစ် ပါဝင်ခြင်းမရှိပါဘဲလျက် အမှုသည်အဖြစ် ထည့်သွင်း၍ အမှုဖွင့်ဆောင်ရွက်ခြင်းမှာ ဥပဒေနှင့်ညီညွတ်မှု မရှိကြောင်း၊ ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၄၇ (ခ) တွင် ပြစ်မှုကျူးလွန်ရာ၌ အသုံးပြုသည့်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းရန် အမိန့်ချမှတ်နိုင်သည်ဟု ဖော်ပြထားရာ မသိမ်းမနေရမဟုတ်ဘဲ ရုံး[illegible]ဆောင်ခြင်းတုံတရားအရ ပိုင်ရှင်သို့ ပြန်လည်ပေးနိုင်ကြောင်း၊ ဥပ[illegible]ညီသော ပစ္စည်းများကို ယာဉ်ပိုင်ရှင်မသိဘဲ ၎င်း၏ မျက်ကွယ်တွင် ကားမောင်းသူက သယ်ဆောင်သည်များနှင့်ပတ်သက်၍ ယာဉ်ပိုင်ရှင်တွင် မနစ်နာစေသင့်ကြောင်း၊ သို့ဖြစ်၍ တရားရုံးချုပ်က သက်သေခံချက်များကို စိစစ်ပြီး ပိုင်ရှင် ဦးဝင်းမြင့်အောင်သို့ ကားကို ပြန်လည်ပေးစေရန် ချမှတ်သည့်အမိန့်မှာ မှားယွင်းခြင်းမရှိကြောင်း တင်ပြလျှောက်လဲသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၄၇ (ခ) ပါ ပြဋ္ဌာန်းချက်တွင် ယာဉ်ပိုင်ရှင်သိရှိရန် လိုအပ်သည်ဟု ဖော်ပြမထား ကြောင်း၊ ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေသည် အထူးဥပဒေတစ်ရပ် ဖြစ်ပြီး သက်သေခံပစ္စည်း စီမံခန့်ခွဲသည့်အမိန့် ချမှတ်ခြင်းနှင့်စပ်လျဉ်း၍ သီးခြားပုဒ်မတစ်ခုဖြင့် ထည့်သွင်းပြဋ္ဌာန်းထားရှိသည်ဖြစ်၍ ပိုမို အလေးထား လိုက်နာရမည့် အသွင်သဘောကိုဆောင်ကြောင်း တင်ပြ လျှောက်လဲသည်။

အမှုတွဲပါ သက်သေခံချက်များအရ ဦးမောင်မောင်ခင် (လိုပြ-၄) သည် ၅-၆-၉၈ ရက်နေ့တွင် ဦးဝင်းမြင့်အောင်ထံမှ လွှစာမှုန့်တင်ရန် ကားသွားငှားရာတွင် လွှစာမှာ ကားတစ်စီးစာမပြည့်သောကြောင့် ယာဉ်ပိုင်ရှင် ဦးဝင်းမြင့်အောင်၊ ကိုနီတာ၊ ကိုကိုလွင်နှင့် ကိုမောင်မောင် ခင်တို့ (၄) ဦး သစ်များကိုတင်ရန် တိုင်ပင်ပြီး ကားပေါ်တွင် တင်ခဲ့ ကြကြောင်း ပေါ်ပေါက်သည်။ သို့ဖြစ်ရာ သက်သေခံကားအမှတ်- ၂ခ/၆၉၇၄ ပေါ်တွင် ကျွန်းသစ်တစ်ဝက်ခန့် အပါအဝင် အခြားသစ် များ တင်ဆောင်လာသည်ကို ဦးဝင်းမြင့်အောင် မသိရှိပါဆိုသော ထုချေတင်ပြချက်ကို လက်ခံနိုင်မည်မဟုတ်ပေ။ ထို့ပြင် ဦးဝင်းမြင့် အောင်သည် ပြင်ဦးလွင်မြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၁၄၂၁/၉၈ တွင် အချင်းဖြစ်ကားအမှတ်- ၂ခ/၆၉၇၄ ပေါ်တွင် နှောလျှာထိုးခွဲသား (၄၄၀) ချောင်း (၁. ၀၄) တန်ကို တင်ဆောင်ခဲ့သဖြင့် ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၄၁ (က) အရ သစ်တောဦးစီးဌာနမှ သီးခြား အမှုဖွင့် တရားစွဲဆိုခဲ့သည်။ ယင်းအမှုတွင် ဦးဝင်းမြင့်အောင်အား ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၄၁ (က) အရ ပြစ်မှုထင်ရှား တွေ့ရှိရသဖြင့် ဒဏ်ငွေကျပ် ၁၀၀၀၀/- ပေးဆောင်စေရန်နှင့် ပျက်ကွက်ပါက ထောင်ဒဏ် (၃) လကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ဦးဝင်းမြင့်အောင်က ထိုအမိန့်ကိုမကျေနပ်၍ မန္တလေးတိုင်းတရား

(ပြင်ဦးလွင်ခရိုင်) ၏ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၂၄/၉၈ တွင် အယူခံဝင်ရောက်ခဲ့သော်လည်း မအောင်မြင်သဖြင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၈ (ခ)/၉၉ တွင် ပြင်ဆင်မှု ဆက်လက် တင်သွင်းခဲ့သော်လည်း **အရေးနိမ့်ခဲ့သည်။** သို့ဖြစ်ရာ ဦးဝင်းမြင့်အောင်သည် အချင်းဖြစ်ကိစ္စနှင့်စပ်လျဉ်း၍ တရားခံတစ်ဦးအဖြစ် သီးခြားအရေးယူ အပြစ်ပေးခံခဲ့ရသည့် အခြေအနေတွင် ၎င်းပိုင်ဆိုင်သောကားကို ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေ ပုဒ်မ ၄၇ (ခ) အရ မူလမြို့နယ်တရားရုံးနှင့် အယူခံတိုင်းတရားရုံးက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့ခြင်းမှာ မှားယွင်းမှု မရှိပေ။

ဤအထူးအယူခံမှုတွင် ဦးဝင်းမြင့်အောင်အား အယူခံတရားခံအဖြစ် ထည့်သွင်းခဲ့ခြင်းမှာ ၎င်းအား သက်သေခံကားကို တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ပြန်ပေးခဲ့သဖြင့် ယင်းအမိန့်ကို စိစစ်ရာတွင် ဦးဝင်းမြင့်အောင်အနေဖြင့် အပြည့်အဝ ခုခံထုချေနိုင်ရန်အတွက်လည်းကောင်း၊ ဦးဝင်းမြင့်အောင်သည် ဤအမှုတွင် တရားခံအဖြစ် မပါသော်လည်း ဤအမှုနှင့်ဆက်စပ်သော အမှုတွင် အချင်းဖြစ်ကားပေါ်၌ ၎င်းပိုင်နွောလျှာထိုးခွဲသားများ တင်ဆောင်မှုဖြင့် သီးခြား အမှုဖွင့် တရားစွဲဆို အပြစ်ပေးခံထားရသူတစ်ဦး ဖြစ်သဖြင့်လည်းကောင်း၊ ဦးဝင်းမြင့်အောင်အား အယူခံတရားခံအဖြစ်· ထည့်သွင်းခဲ့ခြင်း ဖြစ်သည်။ ယင်းသို့ ထည့်သွင်းခြင်းဖြင့် ဦးဝင်းမြင့်အောင်အနေဖြင့် တင်ပြလျှောက်ခွင့်ရရှိခဲ့သည်။ သို့ဖြစ်၍ ဦးဝင်းမြင့်အောင်အား အမှုတွင် ထည့်သွင်းခြင်းမှာ ဥပဒေနှင့်မညီကြောင်း ၎င်း၏အကျိုးဆောင်၏ တင်ပြချက်ကို လက်ခံနိုင်မည် မဟုတ်ပေ။

၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၄၇ (ခ) တွင် သစ်တောဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်

အပြင် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရိစ္ဆာန်နှင့် အခြား စက်ပစ္စည်းကိရိယာ တန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ဥပဒေ၏ ရည်ရွယ်ချက်မှာ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေလိုသည့်သဘော သက်ရောက်သည်။ နိုင်ငံတော်၏စီးပွားရေးကို အဓိကအခြေခံအားဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေချိန်တွင် သစ်တောဥပဒေကို အထူးဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းခြင်းဖြစ်သည်။ အဆိုပါဥပဒေကို ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေအရ ထိရောက်ဟန့်တားသော ပြစ်ဒဏ်ကို ပေးရန်လိုသည်။ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော သက်သေခံပစ္စည်းများကို စီမံခန့်ခွဲရာတွင် သာမန်ပုဂ္ဂလိကဖြစ်ရပ်ကဲ့သို့ ပိုင်ရှင်မသိပါဟု အကြောင်းပြရုံမျှဖြင့် လွယ်လင့်တကူ လက်ခံခွင့်ပြုရန် မဟုတ်။

သို့ဖြစ်၍ တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၉(ခ)/၉၉တွင် သက်သေခံကားအမှတ်-၂ခ/၆၉၇၄ ကို ပိုင်ရှင် ဦးဝင်းမြင့်အောင်သို့ ပြန်လည်ပေးအပ်ရန် ချမှတ်သောအမိန့် ကို ပယ်ဖျက်လိုက်ပြီး ပြင်ဦးလွင်မြို့နယ်တရားရုံးက အဆိုပါကားကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် ချမှတ်သောအမိန့်နှင့် ယင်းအမိန့် ကို အတည်ပြုသော မန္တလေးတိုင်းတရားရုံး (ပြင်ဦးလွင်ခရိုင်) ၏ အမိန့် ကို ပြန်လည်အတည်ပြုလိုက်သည်။

ပြစ်မှုဆိုင်ရာအယူခံမှု

တရားရုံးချုပ်တရားသူကြီး ဦးမြင့်အောင်ရှေ့တွင်

+ ၂၀၀၀
အောက်တိုဘာလ
၂၅ ရက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နှင့်

သန်းမြင့်*

မိမိဒေသအတွင်း ဖြစ်ပွားခြင်းမရှိသည့် အမှုကို စစ်ဆေးခြင်းသည် ပျက်ပြယ်မှုမရှိခြင်း။

ဆုံးဖြတ်ချက်။ ။ မူလတရားရုံးက စီရင်ပိုင်ခွင့်နှင့်ပတ်သက်၍ တရားခံ၏ လျှောက်ထားချက်ကို ပယ်ခြင်းသည် မိမိစီရင်ပိုင်ခွင့်ရှိသည်ဟု ယူဆ၍ ပယ်ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ထိုအမိန့်နှင့်ပတ်သက်၍ တရားခံက အထက်ရုံးများသို့ တက်ရောက်ခဲ့ခြင်းမရှိ၍ ယင်းအမိန့်မှာ အတည်ဖြစ်နေကြောင်း တွေ့ရှိရသည်။ မူလရုံးက တရားခံမှ စီရင်ပိုင်ခွင့်မရှိပါဟု ကန့်ကွက်သည့်ကိစ္စကို လက်မခံဘဲ အမှုအား ဆက်လက်စစ်ဆေးခဲ့ရာ အပြီးသတ် အမိန့်ချမှတ်သည့်အခါမှ မိမိ၏ စီရင်ပိုင်ခွင့်မရှိဟု ဆုံးဖြတ်ခြင်းမှာ မလုပ်သင့်မလုပ်အပ်သော ကိစ္စဖြစ်သည်။ ဤအမှုတွင် တရားလိုနှင့် လိုပြသက်သေများ၏ ထွက်ချက်များအရ တရားလို၏ဇနီးနှင့် တရားခံတို့ ဖောက်ပြန်မှုရှိခဲ့ကြောင်း ထင်ရှားစွာ တွေ့ရှိရသည်။ သို့ဖြစ်ရာ တရားခံ၏ ကျူးလွန်မှုသည်

---

* ၂၀၀၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၃၆၉ (မန္တလေး)

\+ ၁၉၉၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၆၁၄ တွင် ချမှတ်သော ၃၀-၁၂-၉၉ ရက်စွဲပါ အမရပူရမြို့နယ်တရားရုံး၏ အမိန့်ကို အယူခံမှု။

မယားခိုးမှု မြောက်ပေသည်။ အမှုစစ်ဆေးရာတွင် တရားဥပဒေ တိမ်းစောင်းမှုရှိသည်ဟု မပေါ်ပေါက်ပေ။ သို့ဖြစ်ရာ တရားခံအား မယားခိုးမှုနှင့် အပြစ်ပေးရန်သာ ရှိပေသည်။

အယူခံတရားလိုအတွက် - ဦးကျော်ဇင်
ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

အယူခံတရားခံအတွက် - ဦးမင်းသွင်
တရားရုံးချုပ်ရှေ့နေ

အမရပူရမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၆၁၄/၉၉တွင် တရားလို မောင်တင်က တရားခံ သန်းမြင့်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၇ အရ အရေးယူပေးရန် တရားစွဲဆိုရာ တရားခံ သန်းမြင့်အား အမှုမှအပြီးအပြတ်လွှတ်စေဟု ချမှတ်သည့် ၃၀-၁၂-၉၉ ရက်နေ့စွဲပါ မူလတရားရုံးအမိန့်ကို ရှေ့နေချုပ်ရုံးက မကျေနပ်သဖြင့် ဤတရားရုံးချုပ်သို့ အယူခံတင်သွင်းလာခြင်းဖြစ်သည်။

အမှုအကျဉ်းချုပ်မှာ အမရပူရမြို့နယ်၊ တောင်တိုင်းကျေးရွာတွင်နေသူ ဦးမောင်တင်သည် မဌေးနှင့် လွန်ခဲ့သော (၈) နှစ်ခန့်က လက်ထပ်ပေါင်းသင်းကြရာ သားသမီး (၂) ဦး မွေးဖွားး၍ သရက်ခြံရာသီအလိုက် ပုတ်ပြတ်ဝယ်ယူရောင်းချသော လုပ်ငန်းကို လုပ်ကိုင်ကြသည်။ တရားလိုသည် စဉ့်ကိုင်မြို့နယ်၊ တအုံရွာရှိ ဦးပြေအေး၊ ဒေါ်ခင်ညွှန့်တို့၏ သရက်ခြံကို ၁၃၆၀ ခုနှစ်တွင် ဝယ်ယူခဲ့သဖြင့် ၁၃၆၁ ခုနှစ်၊ တန်ခူးလဆန်း (၁) ရက်နေ့က တောင်ကိုင်းရွာမှ တအုံရွာ၊ သရက်ခြံရှိရာတဲသို့ မိသားစုအလိုက် ပြောင်းရွှေ့နေထိုင်ကြသည်။ ၁၃၆၁ ခုနှစ်၊ ဝါဆိုလဆန်း (၄) ရက်နေ့ ည ၇ နာရီတွင် တရားလို၏ ဇနီး မဌေးသည် တအုံရွာအရှေ့ဘက်ရှိ ဦးစိန်ဝင်းတို့ခြံသို့ ကြက်များ သိမ်းရန် သွားမည်ဟု ပြောဆိုပြီး တဲမှ ထွက်သွားခဲ့သည်။ ခဏအကြာ

တွင် မဒွေးပြန်မလာ၍ တရားလိုက စိတ်မချ၊ မသင်္ကာ၍ နောက်မှ လိုက်သွားရာ တရားလို၏ဇနီး မဒွေးနှင့် တရားခံ သန်းမြင့်တို့ကို ပွေ့ဖက်ဖောက်ပြန်နေသည်ကို ပက်ပင်းမိခဲ့သည်။ သန်းမြင့်လည်း တရားလိုကို မမျှော်လင့်ဘဲ တွေ့လိုက်ရ၍ ပုဆိုးပြင်ဝတ်၍ ထွက်ပြေးသွားသည်။ ၁၃၅၈ ခုနှစ်ကလည်း မဒွေးနှင့် သန်းမြင့်တို့ ဖောက်ပြန်သည်ကို မိခဲ့ရာ ငွေ ၅၀၀၀ိ/- လျော်ကြေးယူပြီး ကျေအေးခဲ့သည်။ သို့ဖြစ်၍ သန်းမြင့်အား အရေးယူပေးရန် ဦးမောင်တင်က ဦးတိုက်လျှောက်ထား တရားစွဲဆိုသည့် အမှုဖြစ်သည်။



ရှေ့နေချုပ်ရုံးအတွက် လိုက်ပါဆောင်ရွက်သည့် ဒုတိယညွှန်ကြားရေးမှူးက မူလတရားရုံး (အမရပူရမြို့နယ်တရားရုံး) က တရားခံ သန်းမြင့်သည် ပထမဝါဆိုလဆန်း (၄) ရက်နေ့၌ တအုံကျေးရွာတွင် ဖြစ်ပွားကျူးလွန်သည်ဆိုသော ပြစ်မှုသည် စဉ့်ကိုင်မြို့နယ်အတွင်း ကျရောက်သည်ဖြစ်၍ မိမိစီရင်ပိုင်ခွင့်အာဏာအတွင်း ကျရောက်ခြင်းမရှိသောကြောင့် စီရင်ဆုံးဖြတ်နိုင်ခြင်းမရှိဟူသော အကြောင်းပြချက်ဖြင့် တရားခံအား အမှုမှတရားသေလွှတ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယင်းအကြောင်းပြချက်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၉၊ ပုဒ်မ ၁၈၀ နှင့် ပုဒ်မ ၁၈၂ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှန်ကန်သည်ဟု မတွေ့ရှိရခြင်းကြောင့်လည်းကောင်း၊ မယားခိုးမှုကဲ့သို့ အမှုမျိုးတွင် တစ်ပါးသူ၏မယားနှင့် တရားခံတို့ ဖောက်ပြန်ကြောင်း သက်သေပြနိုင်ရုံမျှနှင့် အပြစ်ပေးရန် လုံလောက်ပါလျက်လည်းကောင်း တရားခံအား အမှုမှအပြီးအပြတ်လွှတ်ခြင်းသည် မှားယွင်းနေကြောင်း၊ မူလတရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး၊ အယူခံတရားခံ သန်းမြင့်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၇ အရ ထိုက်သင့်သောပြစ်ဒဏ် ချမှတ်ပေးရန် တင်ပြလျှောက်ထားသည်။

အယူခံတရားခံ သန်းမြင့်၏ရှေ့နေက အယူခံတရားခံသည် မယားခိုးမှုကျူးလွန်ကြောင်း၊ မူလရုံးတရားလို ဦးမောင်တင်၏ဇနီး မဒွေး

ကို ခိုးယူပေါင်းသင်းကြောင်း၊ မဒွေးနှင့် ကာမစပ်ယှက်ကြောင်း၊ စပ်ယှက်ရန် အခွင့်အလမ်းရှိကြောင်းများနှင့်ပတ်သက်၍ ထွက်ဆိုချက် အလျဉ်းမရှိကြောင်း၊ မူလရုံးတရားလို တစ်ဦးတည်း၏ ထင်မြင်သံသယ ဖြင့် စွပ်စွဲခြင်းကို မူတည်ပြီး အပြစ်မပေးထိုက်ကြောင်း၊ ထို့ပြင် ယခုအခါ မူလရုံးတရားလိုသည် ၎င်း၏ဇနီး မဒွေးတို့မှ လင်မယားအဖြစ် အတူ ပေါင်းသင်းလျက်ပင် ရှိကြောင်း၊ ထို့ကြောင့် တရားခံသည် စွဲဆိုသည့် အမှုတွင် အပြစ်မရှိသူဖြစ်သည်ဟု ကောက်ယူနိုင်သည့် အခြေအနေ ရှိနေကြောင်း၊ အယူခံမှုကို ပလပ်ပေးသင့်ကြောင်း တင်ပြလျှောက်ထား သည်။

မူအမှုတွဲအား လေ့လာကြည့်ရှုရာတွင် တရားလိုကို မောင်တင် (လိုပြ-၁) က ပထမဝါဆိုလဆန်း ၂ ရက်နေ့က မြစ်သားမြို့နယ်၊ ခန္တီ လေးရွာသား ကိုဝင်းမှ ၎င်းကို မဒွေး၏နေပုံထိုင်ပုံ မမှန်ကန်၍ ဆုံးမ ပေးရန် သတိပေးပြောကြားခဲ့ကြောင်း၊ ထို့ကြောင့် ပထမဝါဆိုလဆန်း (၄) ရက်နေ့က ဖောက်ပြန်သည်ကို မျက်မြင်တွေ့သော်လည်း ဒေါသ အလျောက် မည်သို့မျှ မပြုလုပ်ခဲ့ကြောင်း၊ တရားခံနှင့် ဖောက်ပြန်သည် ကိုသိပြီးနောက် လဆန်း (၅) ရက်နေ့၌ တောင်ကိုင်းရွာ ဦးမြဆင်၊ ဒေါ်လှကြည်နေအိမ်တွင် ပြန်လည်အပ်နှံထားခဲ့ကြောင်း၊ ထိုကဲ့သို့ အပ်နှံထားစဉ် ဝါဆိုလဆန်း (၁၀) ရက်နေ့၌ တောင်ကိုင်းရွာရှိ ၎င်း၏ နေအိမ်အနောက်ဖက် တစ်ခြံကျော်ရှိ ပြောင်းခင်းနှစ်ခင်းကြား လူသွား ဖြတ်လမ်းတွင် တရားခံ ကိုသန်းမြင့်က ၎င်း၏ဇနီး မဒွေးကို လက်ဆွဲ၍ စကားပြောနေသည်ကို တွေ့မြင်ရကြောင်း ထွက်ဆိုထားသည်။ မဒွေး (လိုပြ-၂) မှာ တရားလို၏ဇနီး မဟုတ်ပေ။ ၎င်းက တရားလို၏ဇနီး မဒွေး ထိုင်နေသောနေရာတွင် သန်းမြင့်ရောက်လာပြီး မဒွေးနှင့် ဖောက်ပြန်သည့်ကိစ္စကို ၎င်းအနေဖြင့် အနည်းအကျဉ်းရိပ်မိသော် လည်း ၎င်းမှာရှက်၍ တဲအနောက်ဘက်သို့ ထွက်လာကြောင်း၊ ၎င်း နောက်ဆုံးတွေ့မြင်သည်မှာ ကိုသန်းမြင့် ထွက်ပြေးသွားသည်ကို

တွေ့မြင်ရကြောင်း ထွက်ဆိုသည်။ ဦးမောင်ဝင်း (လိုပြ-၃) ကလည်း ၁၃၆၁ ခုနှစ်၊ ဝါဆိုလဆန်း (၂) ရက်နေ့က ၎င်းသည် မဒွေးနှင့် ကိုသန်းမြင့်တို့ ပွေ့ဖက်နေကြသည်ကို တွေ့မြင်ရကြောင်း၊ ၎င်းက ကိုမောင်တင်အား မင်းမိန်းမနေပုံထိုင်ပုံ မဟုတ်ဘူး၊ သတိထားဆုံးမ ဟု ပြောခဲ့ကြောင်း ထွက်ဆိုသည်။ ဦးစိန်ဝင်း (လိုပြ-၄) ကလည်း ကိုမောင်တင်က အစ်ကိုကြီး ကျွန်တော့်မိန်းမ မဒွေးနှင့် သန်းမြင့်တို့ အစ်ကိုကြီးတဲမျက်နှာစာမှာ နေကြထိုင်ကြတာ မိလာတယ်ဟု ပြောပြကြောင်း ထွက်ဆိုသည်။

အထက်ပါ လိုပြသက်သေများ၏ ထွက်ဆိုချက်များကို ခြုံငုံ သုံးသပ်ရပါက တရားလို ကိုမောင်တင်၏ဇနီး မဒွေးနှင့် တရားခံ သန်းမြင့်တို့မှာ ဖောက်ပြန်နေကြောင်း ထင်ရှားသည်။ မူလတရားရုံးက ပထမဝါဆိုလဆန်း (၄) ရက်နေ့က စဉ့်ကိုင်မြို့နယ်၊ တအုံ့ကျေးရွာတွင် ကျူးလွန်သည်ဆိုသည့် ပြစ်မှုအတွက် တရားလိုအနေဖြင့် ပြစ်မှုကျူးလွန် ရာဒေသဖြစ်သည့် စဉ့်ကိုင်မြို့နယ်တရားရုံးတွင်သာ စွဲဆိုရမည်ဖြစ် ကြောင်း၊ ယင်းပထမဝါဆိုလဆန်း (၄) ရက်နေ့က ပြစ်မှုကျူးလွန်ရာ ဒေသသည် ဤရုံးတော်၏ စီရင်ပိုင်ခွင့်အာဏာအတွင်း ကျရောက်ခြင်း မရှိသဖြင့် ယင်းကိစ္စရပ်အပေါ် ဤရုံးတော်မှ မည်သို့မျှ စီရင်ဆုံးဖြတ် နိုင်မည် မဟုတ်ကြောင်း သုံးသပ်ပြီး တရားခံသန်းမြင့်အား အမှုမှ အပြီးအပြတ်လွှတ်ထားကြောင်း တွေ့ရှိရသည်။

မူလတရားရုံး၏ ၁၆-၇-၉၉ ရက်နေ့စွဲပါ ကြားဖြတ်အမိန့်တွင်မူ တရားခံက အမရပူရမြို့နယ်တရားရုံး၏ စီရင်ပိုင်ခွင့်အတွင်း ကျရောက် ခြင်းမရှိဘဲ လက်ခံထားခြင်းမှာ မှားယွင်းနေ၍ အမှုကိုပလပ်ပေးရန် လျှောက်ထားချက်ကို ပယ်ထားကြောင်း တွေ့ရှိရသည်။ မူလတရားရုံး က စီရင်ပိုင်ခွင့်နှင့်ပတ်သက်၍ တရားခံ၏ လျှောက်ထားချက်အား ပယ်ခြင်းသည် မိမိစီရင်ပိုင်ခွင့်ရှိသည်ဟု ယူဆ၍ ပယ်ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ထိုအမိန့်နှင့်ပတ်သက်၍ တရားခံက အထက်ရုံးများသို့

တက်ရောက်ခဲ့ခြင်း မရှိ၍ ယင်းအမိန့်မှာ အတည်ဖြစ်နေကြောင်း တွေ့ရှိရသည်။

အမှုစစ်ဆေးသည့်ရုံးသည် မိမိဒေသအတွင်း ဖြစ်ပွားခြင်းမရှိသည့် အမှုကို စစ်ဆေးရာ၌ တရားဥပဒေတိမ်းစောင်းခြင်း မရှိလျှင် စစ်ဆေးမှု ပျက်ပြယ်ခြင်းမရှိကြောင်း မိုဟာမက်အေရက်မူလာ နှင့် နိုင်ငံတော် အမှု(၁) တွင် ထုံးဖွဲ့ထားပေသည်။

မူလရုံးဖြစ်သော အမရပူရမြို့နယ်တရားရုံးသည် မူလက တရားခံမှ စီရင်ပိုင်ခွင့်မရှိပါဟု ကန့်ကွက်သည့်ကိစ္စကို လက်မခံဘဲ အမှုအား ဆက်လက်စစ်ဆေးခဲ့ရာ အပြီးသတ်အမိန့်ချမှတ်သည့်အခါမှ မိမိ၏ စီရင်ပိုင်ခွင့်မရှိဟု ဆုံးဖြတ်ခြင်းမှာ မလုပ်သင့်မလုပ်အပ်သော ကိစ္စ ဖြစ်သည်။ နောင်တွင် ဤသို့မလုပ်သင့်သောကိစ္စမျိုး မလုပ်ရန် ကြပ်တည်းစွာသတိပေးကြောင်း မှတ်ချက်ပြုသည်။

ဤအမှုတွင် တရားလိုနှင့် လိုပြသက်သေများ၏ ထွက်ချက်များအရ တရားလို၏ဇနီးနှင့် တရားခံတို့ ဖောက်ပြန်မှုရှိခဲ့ကြောင်း ထင်ရှားစွာ တွေ့ရှိရသည်။ သို့ဖြစ်ရာ တရားခံ၏ ကျူးလွန်မှုသည် မယားခိုးမှု မြောက်ပေသည်။ အမှုစစ်ဆေးရာတွင် တရားဥပဒေ တိမ်းစောင်းမှုရှိသည်ဟု မပေါ်ပေါက်ပေ။ သို့ဖြစ်ရာ တရားခံအား မယားခိုးမှုနှင့် အပြစ်ပေးရန်သာရှိပေသည်။

ထို့ကြောင့် ဤအယူခံမှုကို ခွင့်ပြုသည်။ အမရပူရမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၆၁၄/၉၉ တွင် တရားခံ သန်းမြင့်အား အမှုမှအပြီးအပြတ်လွှတ်စေဟု ချမှတ်သည့် မူလတရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး၊ တရားခံ သန်းမြင့်အား ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၉၇ အရ အလုပ်နှင့်ထောင်ဒဏ် (၂) နှစ် ကျခံစေဟု အမိန့် ချမှတ်လိုက်သည်။ တရားခံသည် ချုပ်ရက်များရှိပါက ကျခံရမည့် ထောင်ဒဏ်မှ ထုတ်နုတ်ခံစားခွင့်ပြုသည်။

---

(၁) ရန်ကုန်စီရင်ထုံး၊ အတွဲ-၇၊ စာ-၃၇၀၊

ပြစ်မှုဆိုင်ရာအထူးအယူခံမှု

+ ၂၀၀၀
စက်တင်ဘာလ
၂၉ ရက်

တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊
ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ် နှင့် တရားသူကြီး
ဦးစန်းတင့်ရီတို့ရှေ့တွင်

ဦးဘုန်းရှင် ပါ ၃

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၄*

တရားခံအား ပြစ်မှုထင်ရှားစီရင်ထားသည့် အခြေအနေတွင် ခိုးယူခံရသော ရွှေချောင်းနှစ်ချောင်းကို မူရင်းအတိုင်း ရဲတပ်ဖွဲ့က ပြန်လည်သိမ်းဆည်းနိုင်ခြင်းရှိ-မရှိ၊ သို့မဟုတ် မူရင်းရွှေချောင်းမှ အသွင်ပြောင်းထားသောပစ္စည်းအဖြစ် သိမ်းဆည်းနိုင်ခဲ့ခြင်းရှိ-မရှိ၊ ခိုးရာပါပစ္စည်းဟုတ်-မဟုတ်။

ဆုံးဖြတ်ချက်။ ။ ဦးအောင်ဆန်းဝင်းထံမှ ရှာဖွေပုံစံ သက်သေခံ (ဃ) ဖြင့် သိမ်းဆည်းခဲ့သော အလေးချိန် ၇ိ၊ ၁ ရွေးရှိ ရွှေချောင်း တစ်ချောင်းသည်လည်းကောင်း၊ ဦးသိန်းဝင်းထံမှ ရှာဖွေပုံစံ သက်သေခံ (င) ဖြင့် သိမ်းဆည်းခဲ့သော ရွှေထည်ပစ္စည်း (၁၀) မျိုးသည် လည်းကောင်း၊ တရားခံ မောင်မြင့် ခိုးယူခဲ့သော မူရင်းရွှေချောင်း

* ၁၉၉၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၂၁ (မန္တလေး)
+ ၁၉၉၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၁၉ (ခ) တွင်ချမှတ်သော ၁၈-၇-၉၇ ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏အမိန့်ကို အထူးအယူခံမှု

၂၀၀၀
ဦးဘုန်းရှင်
ပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၄

(၂) ချောင်း မဟုတ်သည့်အပြင် မူရင်းရွှေချောင်းမှ အသွင်ပြောင်းထားသော ပစ္စည်းများ မဟုတ်ကြောင်း ပေါ်လွင်သည်။ မူရင်းရွှေချောင်းကို ရောင်း၍ရသောငွေနှင့် ဝယ်ယူထားသည့်ပစ္စည်းများ ဖြစ်သည်ဟုလည်း ပေါ်ပေါက်ခြင်းမရှိပေ။

ထပ်မံဆုံးဖြတ်ချက်။ ။ ခိုးရာပါပစ္စည်းမဟုတ်သည့် အခြေအနေတွင် ခိုးရာပါပစ္စည်းအဖြစ် လက်ခံစဉ်းစားခြင်း မပြုနိုင်သောကြောင့် မူလအမှုစစ်တရားရုံးက ရှာဖွေပုံစံဖြင့် ပေးအပ်ခဲ့သော ဦးအောင်ဆန်းဝင်းနှင့် ဦးသိန်းဝင်းတို့အား ပြန်လည်ပေးအပ်ခဲ့ခြင်းမှာ တရားဥပဒေ တိမ်းစောင်းလောက်အောင် မှားယွင်းမှုမရှိပေ။

အယူခံတရားလိုများအတွက် - ၁၊ ၂၊ ၃။ ဦးမင်းလွင်
တရားရုံးချုပ်ရှေ့နေ

အယူခံတရားခံများအတွက် - ၁။ ဦးမြင့်နိုင်
ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး
၂။ ကိုယ်တိုင် (မလာ)
၃၊ ၄။ ဦးမြင့်အောင်
တရားရုံးချုပ်ရှေ့နေ

စဉ့်ကူးမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၇၀၀/၉၆ တွင် တရားခံ မောင်မြင့်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀ အရ အလုပ်နှင့်ထောင် (တစ်နှစ်) ကျခံစေရန်နှင့် သက်သေခံ ရွှေဝါ တံဆိပ်ပါ အလေးချိန် ၇၊ ၂ ရွေးရှိ မီးလင်းရွှေတုံးတစ်တုံးအား အပ်နှံသူ ဦးအောင်ဆန်းဝင်းသို့လည်းကောင်း၊ ကျန်ရွှေထည်ပစ္စည်းများကို အပ်နှံသူ ဦးသိန်းဝင်းသို့လည်းကောင်း ပေးအပ်စေရန် အမိန့်ချမှတ်ခဲ့သည်။ အဆိုပါအမိန့်ကို တရားလို ဒေါ်မြတ်မွန်က မကျေနပ်၍

ပြစ်ဒဏ်တိုးမြှင့်ပေးရန်နှင့် သက်သေခံပစ္စည်းများ ပြန်လည်ပေးအပ်စေရန် မန္တလေးတိုင်းတရားရုံး (ပြင်ဦးလွင်ခရိုင်)၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၆/၉၆ ကို တင်သွင်းခဲ့သော်လည်း ပလပ်ခြင်းခံရသည်။ အယူခံတရားလို ဒေါ်မြတ်မွန်မှာလည်း အမှုအတွင်း ကွယ်လွန်ခဲ့သည်။

မန္တလေးတိုင်းတရားရုံး (ပြင်ဦးလွင်ခရိုင်) ၏ အမိန့်ကို မကျေနပ်၍ မူလမှုတရားလို ဒေါ်မြတ်မွန် (ကွယ်လွန်) ၏ ခင်ပွန်း ဦးလှသော်က မကျေနပ်၍ တရားရုံးချုပ် (မန္တလေးရုံးထိုင်)၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၉၉ (ခ)/၉၇ ကို တင်သွင်းခဲ့သော်လည်း မအောင်မြင်သဖြင့် တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ အထူးအယူခံဝင်ခွင့်ရရန် အထွေထွေလျှောက်လွှာအမှတ် ၂၂၉/၉၇ ကို ဆက်လက်တင်သွင်းခဲ့ရာ အောက်ပါပြဿနာ (၂) ရပ်ကို စုံညီခုံရုံး (ယခု အထူးအယူခံခုံရုံး) ဖြင့် ကြားနာစီရင်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

"(၁) တရားခံအား ပြစ်မှုထင်ရှားတွေ့ရှိ၍ ပြစ်ဒဏ်စီရင်ခြင်းခံရသည့်အခြေအနေတွင် ခိုးရာပါပစ္စည်းကို ရောင်းချ၍ ရရှိသည့်ငွေဖြင့် ဝယ်ယူအပ်နှံသည့် သက်သေခံပစ္စည်း ရွှေအား ပစ္စည်းသိမ်းခံရသူ ဦးအောင်ဆန်းဝင်းအား ပြန်ပေးရန် ဆုံးဖြတ်ခြင်းသည် ဥပဒေနှင့်ညီ-မညီ၊

(၂) တရားခံအား ပြစ်မှုထင်ရှားတွေ့ရှိ၍ ပြစ်ဒဏ်စီရင်ခြင်းခံရသည့် အခြေအနေတွင် ခိုးရာပါပစ္စည်း ရွှေထည်ဖြင့် ပြုလုပ်ထားသည့် ရွှေထည်ပစ္စည်းများကို ပစ္စည်းသိမ်းခံရသူ ဦးသိန်းဝင်းအား ပြန်ပေးရန် ဆုံးဖြတ်ခြင်းသည် ဥပဒေနှင့်ညီ-မညီ။"

အမှုမှာ အစ်မဖြစ်သူ ဒေါ်ချစ်မေ အပ်နှံထားသော အလေးချိန် ၇/၂ရွေး၊ ၅/၃/၅ရွေး နှင့် ၂/၁၁/၅ရွေးရှိ မီးလင်းရွှေချောင်း (၃) ချောင်းကို ဒေါ်မြတ်မွန်က သမီး မရွှေလီမြင့်၏ ဗီရိုတွင်သိမ်းဆည်းထားရာမှ သားမက်မောင်မြင့်က ၇/၂ရွေး နှင့် ၅/၃/၅ရွေးရှိ ရွှေချောင်း

၂၀၀၀
ဦးဘုန်းရှင်
ပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၄

နှစ်ချောင်းကို ခိုးယူသွားပြီး လက်ပံလှရွာ ဦးသိန်းဝင်း ပန်းတိမ်ဆိုင်နှင့် မန္တလေးတွင် ရောင်းချထားသဖြင့် အရေးယူပေးရန် လက်ပံလှရဲစခန်းတွင် တိုင်ကြားခဲ့သောအမှု ဖြစ်သည်။

ဤအထူးအယူခံမှု တင်သွင်းခဲ့သူ ဦးလှသော်မှာ အမှုအတွင်း ကွယ်လွန်သွားသဖြင့် ဦးလှသော်နှင့် တရားလိုဒေါ်မြတ်မွန် (ကွယ်လွန်) တို့၏ သားသမီးများဖြစ်ကြသော ဦးဘုန်းရှင်၊ ဦးသံလွင်မိုးနှင့် သမီး ဒေါ်ရွှေလီမြင့်တို့က အမှုကို ဆက်လက်ဆုံးဖြတ်ပေးရန် လျှောက်ထားခဲ့ရာ အယူခံတရားခံ ဦးအောင်ဆန်းဝင်းနှင့် ဦးသိန်းဝင်းတို့က ကန့်ကွက်ခဲ့သည်။ ယင်းပြဿနာနှင့်စပ်လျဉ်း၍ စုံညီခုံရုံးက ၃၀-၃-၉၉ နေ့တွင် ဦးဘုန်းရှင်တို့အား အမှုကို ဆက်လက်ဆောင်ရွက်ခွင့်ပြုကြောင်း ကြားဖြတ်အမိန့်ချမှတ်ခဲ့ပြီး ဖြစ်သည်။

တရားလို ဒေါ်မြတ်မွန်နှင့် ခင်ပွန်း ဦးလှသော်တို့မှ သား (၂) ယောက်နှင့် သမီး မရွှေလီမြင့်တို့ကို မွေးဖွားခဲ့ပြီး အချင်းမဖြစ်မီ (၄) နှစ်ကျော်ခန့်က သမီး မရွှေလီမြင့်နှင့် တရားခံ မောင်မြင့်တို့ အိမ်ထောင်ကျကာ မိဘများနှင့် တစ်အိမ်တည်း၌ စီးပွားတူလုပ်ကိုင် နေထိုင်ကြသည်။ သား (၂) ယောက်မှာ အိမ်ထောင်ခွဲများ ဖြစ်ကြသည်။ မောင်မြင့်နှင့် မရွှေလီမြင့်တို့မှ (၃) နှစ်ခွဲအရွယ် သမီးငယ်တစ်ဦး မွေးဖွားခဲ့ပြီး ဖြစ်သည်။ ယင်းသို့ ယောက္ခမများနှင့်အတူနေထိုင်ရင်း မောင်မြင့်က အချင်းဖြစ်ရွှေချောင်း (၂) ချောင်းကို ခိုးယူ၍ ရောင်းစားခဲ့ခြင်း ဖြစ်သည်။

ယခုအမှုတွင် တရားခံ မောင်မြင့်က ရွှေချောင်း (၂) ချောင်းကို ခိုးယူခြင်းမဟုတ်ဘဲ ဇနီး မရွှေလီမြင့်နှင့်တိုင်ပင်ပြီး ဆန်လှောင်ရန်၊ ရွှေအင်းဖောက်ရန် သဘောတူရောင်းချခဲ့ခြင်းသာဖြစ်ကြောင်း ထုချေခဲ့သော်လည်း မူလအမှုစစ် မြို့နယ်တရားရုံးက နှစ်ဖက်သက်သေများကို စစ်ဆေးပြီးနောက် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀ အရ ပြစ်မှုထင်ရှား စီရင်ခဲ့သည်။ တရားခံ မောင်မြင့်၏ ထွက်ဆိုချက်ကို ဇနီးဖြစ်သူ

မရွှေလီမြင့် (လိုပြ-၂) ကပင်လျှင် ထောက်ခံခြင်းမရှိပေ။ ပြစ်ဒဏ်စီရင်ခြင်းခံရသူ မောင်မြင့်က အထက်အဆင့်တရားရုံးများသို့ အယူခံဝင်ရောက်ခြင်းလည်း မရှိခဲ့သဖြင့် ၎င်းအပေါ် ပြစ်မှုထင်ရှားစီရင်ထားသည့် အမိန့်မှာ တည်မြဲလျက်ပင်ရှိနေသည်။

၂၀၀၀
**ဦးဘုန်းရှင်**
**ပါ ၃**
**နှင့်**
**ပြည်ထောင်စု**
**မြန်မာနိုင်ငံတော်**
**ပါ ၄**

တရားခံအား ပြစ်မှုထင်ရှားစီရင်ထားသည့် အခြေအနေတွင် ခိုးယူခံရသော ရွှေချောင်း (၂) ချောင်းကို မူရင်းအတိုင်း ရဲတပ်ဖွဲ့က ပြန်လည်သိမ်းဆည်းနိုင်ခဲ့ခြင်းရှိ-မရှိ၊ သို့မဟုတ် မူရင်းရွှေချောင်းမှ အသွင်ပြောင်းထားသော ပစ္စည်းအဖြစ် သိမ်းဆည်းနိုင်ခဲ့ခြင်းရှိ-မရှိ၊ ခိုးရာပါပစ္စည်းဟုတ်-မဟုတ် စိစစ်ရန်ရှိသည်။

အရေးယူလောက်သောပြဿနာ (က) နှင့်စပ်လျဉ်း၍ အယူခံတရားလိုများ၏အကျိုးဆောင်က အမှတ် ၃ အယူခံတရားခံ ဦးအောင်ဆန်းဝင်းသည် တရားခံ မောင်မြင့်ထံမှ ဝယ်ယူသည့်ရွှေကို ပြန်လည်ရောင်းချပြီး သက်ဆိုင်ရာက သွားရောက်ရှာဖွေသည့်အခါ ရွှေတုံးတစ်တုံးဝယ်ယူ၍ အပ်နှံလိုက်ကြောင်း ရှာဖွေပုံစံ (သက်သေခံ-က) အရ ပေါ်ပေါက်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ ၏ ရှင်းလင်းချက်အရ ခိုးရာပါပစ္စည်းကို ပြောင်းလဲထားသော သို့မဟုတ် လဲလှယ်ထားသော ပစ္စည်းဟုသာ ဆိုရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ **ဦးခင်မောင် ပါ ၂ ဦး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် စီရင်ထုံး**[၁] တွင် ပစ္စည်းသိမ်းဆည်းစဉ်က မိမိထံတွင်ရှိနေသည့်ရွှေကို အစားထိုးပေးလိုက်ခြင်းဖြစ်၍ ယခုအမှုဖြစ်ရပ်နှင့်မတူကြောင်း၊ **ဦးမောင်မောင်မြင့် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် စီရင်ထုံး**[၂] တွင် ခိုးရာပါပစ္စည်းကို ဝယ်ယူပြီး ပြန်လည်ရောင်းချ၍ရသော ငွေများသည် ခိုးရာပါပစ္စည်းဖြစ်သည်ဟု ဆုံးဖြတ်ထားသဖြင့် ထိုသို့ရောင်းချ၍ ရငွေဖြင့်

---

(၁) ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၃။
(၂) ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၅၈။

၂၀၀၀
ဦးဘုန်းရှင်
ပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၄

ဝယ်ယူပေးအပ်သောပစ္စည်းကို ဦးခင်မောင် ပါ ၂ အမှုတွင် ထုံးဖွဲ့ထားသည့်အတိုင်း ကောက်ယူမည်ဆိုပါက ခိုးရာပါပစ္စည်း ဝယ်ယူသူများက ငွေကို အပ်နှံခြင်းမပြုဘဲ ပစ္စည်းကိုဝယ်၍ ပေးအပ်ကြမည်ဖြစ်ကြောင်း ဦးခင်မောင် ပါ ၂ စီရင်ထုံးကို ဦးမောင်မောင်မြင့် စီရင်ထုံးနှင့် လိုက်လျောညီထွေ ဖြစ်စေရန် ပြန်လည်စိစစ်သင့်ကြောင်း တင်ပြလျှောက်လဲသည်။

အမှတ် ၃ နှင့် အမှတ် ၄ အယူခံတရားခံတို့၏ အကျိုးဆောင်က ဦးအောင်ဆန်းဝင်းသည် မူလခိုးရာပါရွှေတုံးကို ရောင်းချ၍ရသောငွေဖြင့် ဝယ်ယူအပ်နှံခြင်းမဟုတ်ကြောင်း၊ မိမိကိုယ်ပိုင်ငွေဖြင့် အစားထိုးဝယ်ယူအပ်နှံသော ပစ္စည်းဖြစ်ကြောင်း တင်ပြလျှောက်လဲသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးက ဦးအောင်ဆန်းဝင်းထံမှ ခိုးရာပါပစ္စည်းကိုသော်လည်းကောင်း၊ ခိုးရာပါပစ္စည်းကို ပြန်လည်ရောင်းချ၍ရသော ငွေကိုသော်လည်းကောင်း သိမ်းဆည်းခဲ့ခြင်း မရှိကြောင်း၊ အစားထိုး၍ ရွှေထည်များကို ပေးအပ်ခဲ့ခြင်းသာဖြစ်ကြောင်း၊ ထိုသို့ အစားထိုး၍ ပေးအပ်ခဲ့ရာတွင်လည်း ခိုးရာပါပစ္စည်းကို ရောင်းချ၍ ရရှိသည့်ငွေဖြင့် ပြန်လည်အစားထိုးဝယ်ပေးခြင်း ဖြစ်သည်ဟူ၍ သံသယကင်းရှင်းစွာ ကောက်ယူနိုင်မည့် ခိုင်မာသည့် သက်သေခံချက်မရှိကြောင်း တင်ပြလျှောက်လဲသည်။

တရားခံ မောင်မြင့်အား ပြစ်မှုထင်ရှားစီရင်ထားပြီး ဖြစ်သဖြင့် မူရင်းရွှေချောင်း (၂) ချောင်းမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၀ အရ ခိုးရာပါပစ္စည်းများ ဖြစ်ကြသည်။ သို့အတွက် ရွှေချောင်းများကို မူရင်းပစ္စည်းအတိုင်း သိမ်းဆည်းနိုင်ခဲ့လျှင် အဆိုပါခိုးရာပါပစ္စည်းကို သဘောရိုးနှင့် တန်ရာတန်ကြေး ပေးအပ်၍ ဝယ်ယူသည့်တိုင် ဝယ်ယူသူတွင် ပိုင်ဆိုင်ခွင့်ရမည် မဟုတ်ပေ။ ယင်းဥပဒေသဘောကို

ဦးငယ် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမှု[၃]။ ဦးမောင်ကို နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမှု[၄] နှင့် စီရင်ထုံးအများအပြား တွင်လည်း လမ်းညွှန်ဆုံးဖြတ်ပြီး ဖြစ်သည်။

၂၀၀၀
ဦးဘုန်းရှင်
ပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၄

ဤအမှုတွင် မောင်မြင့် ခိုးယူပြီး ရောင်းချခဲ့သော ရွှေချောင်း (၂) ချောင်းကို မူရင်းအတိုင်း ပြန်လည်ရရှိခဲ့ခြင်း မဟုတ်ဘဲ ရွှေချောင်း (၂) ချောင်းအနက် အလေးချိန် ၇/၂ရွေး ရှိ ရွှေချောင်းတစ်ချောင်းကို ဝယ်ခဲ့သော ရွှေအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ဦးအောင်ဆန်း ဝင်းထံမှ ရဲတပ်ဖွဲ့က သိမ်းဆည်းရာ၌ မောင်မြင့်ထံမှ ဝယ်ခဲ့သော ရွှေချောင်း ကို ရောင်းချပြီးဖြစ်သဖြင့် "ရွှေဝါ"ရွှေဆိုင်မှ အလေးချိန်တူ ရွှေချောင်းတစ်ချောင်းကို အစားထိုး ပြန်လည်ဝယ်ယူပေးခဲ့ရကြောင်း ဦးအောင်ဆန်းဝင်း (လိုပြ-၃) က အောက်ပါအတိုင်း ထွက်ဆိုထား သည်-

"ဆန်လှောင်ရန်ဟုဆိုကာ ငွေလိုသည်ဆိုကာ နိုင်ငံတော်မှ ဖွင့်လှစ်ထားသော ဈေးအတွင်းရှိ ရွှေအချိန်ပါ သမာဓိ ဘောက်ချာနှင့်အတူ လာရောက် ရောင်းချသောကြောင့် ပေါက်ဈေးဖြင့် ဝယ်ထားလိုက်ပါသည်။ ထိုနေ့က ပေါက်ဈေး မှာ မီးလင်းရွှေတစ်ကျပ်သားမှာ တစ်သောင်းခြောက်ထောင် ကျော် ဖြစ်ပါသည်။ × × × × ကျနော်တို့အနေဖြင့် ကာလ ပေါက်ဈေးထက် လျှော့ဝယ်၍မရပါ။ အကြောင်းမှာ အဆိုပါ နေ့၌ ရောင်းချသူများထံမှ ဝယ်ယူသည့်ရွှေမှန်သမျှ ဘောက်ချာဖြတ်ထားသောကြောင့် ဖြစ်ပါသည်။ အဆိုပါ ရွှေများကို ကျနော်တို့အနေဖြင့် လက်ခံမျှသာယူပြီး နေ့ချင်းပင် ပြန်လည်ရောင်းချလေ့ရှိပါသည်။ ၁၉-၆-၉၀ နေ့ကရဲတပ်ဖွဲ့က

(၃) ၁၉၇၅ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၆၊
(၄) ၁၉၇၅ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၇၇၊

၂၀၀၀
ဦးဘုန်းရှင်
ပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၄

ခိုးရာပါပစ္စည်းဟုဆိုကာ ရွှေလာရောက်သိမ်းဆည်းသည့်အခါမှ ကျနော်သိရခြင်း ဖြစ်ပါသည်။ ထိုနေ့က ရဲတပ်ဖွဲ့နှင့်အတူ ရုံးရှေ့ရှိတရားခံအပါအဝင် ၎င်း၏ဇနီးတို့ လိုက်ပါလာ၍ အမှုဖြင့် သိမ်းဆည်းလိုကြောင်း ပြောသဖြင့် ကာလပေါက်ဈေးဖြင့် ရိုးသားစွာ ဝယ်ယူထားခြင်းဖြစ်သောကြောင့် မလျော်နိုင်ကြောင်း ပြောခဲ့ရာ ကိုမြင့်၏ဇနီး မရွှေလီမြင့်နှင့် ညှိနှိုင်းကြပါသည်။ ထိုသို့ညှိနှိုင်းကြပြီးနောက် ၎င်းတို့ရောင်းချထားသော ရွှေအလေးချိန်အတိုင်း ကျနော့အား ငွေစိုက်ထုတ်ဝယ်ယူပေးရန် ပြောပါသည်။ ကျနော်က မည်သို့အာမခံချက် ပေးမလဲဟု မေးခဲ့ရာ ကိုမြင့်အမည်ဖြင့်ရှိသော တီဗွီနှင့် အောက်စက်ကို လောလောဆယ် ပေးထားမည်ဖြစ်ကြောင်း မရွှေလီမြင့်က ပြောပါသည်။ စခန်းမှူးရှေ့မှောက်တွင်ပင် မရွှေလီမြင့်ကိုယ်တိုင် ဦးဆောင်စီစဉ်သောကြောင့် စခန်းမှူးနှင့် ကျနော်အတူလိုက်ပါပြီး ကျနော့ငွေစိုက်ထုတ်ပြီး ရုံးရှေ့တွင်ပြထားသော ရွှေဝယ်ဘောက်ချာဖြင့် စိုက်ထုတ် ဝယ်ယူပေးခဲ့ရပါသည်။ ရွှေဝယ်ဘောက်ချာကို ရုံးတော်သို့ သက်သေခံ (ဂ) အဖြစ် တင်ပြပါသည်။ × × × × × × × × × × အဆိုပါရွှေနှင့် ဘောက်ချာကို ရဲတပ်ဖွဲ့က ရှာဖွေပုံစံ သက်သေခံ (ဃ) အဖြစ် တင်ပြပါသည်"

မရွှေလီမြင့် (လိုပြ-၂) ကလည်း အောက်ပါအတိုင်း ထွက်ဆိုသည်-

"သိမ်းဆည်းခဲ့သည့်ရွှေမှာ အစားထိုးဝယ်ပေးခဲ့သည့်ရွှေ ဖြစ်သည်ဆိုလျှင် မှန်ပါသည်။"

ရှာဖွေသက်သေ ဦးသန်းအောင် (လိုပြ-၁၀) ကလည်း အောက်ပါအတိုင်း ထွက်ဆိုသည်-

"ရုံးရှေ့တရားခံ မောင်မြင့် ရွှေရောင်းချခဲ့ကြောင်းနှင့်

၂၀၀၀
ဦးဘုန်းရှင်
ပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၄

(အောင်အောင်) ဆိုသူက ပေါက်ဈေးဖြင့် ဝယ်ခဲ့ကြောင်း ပြောပါသည်။ သူတို့ သွားရောက်ရှာဖွေရာတွင် ရောင်းချထားသည့် ရွှေကို ချက်ချင်းမရပါ။ အောင်အောင်ဆိုသူက အစားပေးပါမည်ဆိုကာ စောင့်ခိုင်းပါသည်။ × × × × × × × × × × × × ကျနော်တို့ သိမ်းဆည်းခဲ့သောရွှေမှာ ရွှေဝါတံဆိပ်ပါ အလေးချိန် ၇/၁ရွှေ မီးလင်းရွှေတစ်တုံးဖြစ်ပြီး အစားပြန်ဝယ်ပေးမည်ဟု ပြောပြပေး၍ သိမ်းဆည်းခဲ့ခြင်း ဖြစ်ပါသည်။"

အထက်ပါ သက်သေများထွက်ဆိုချက်များအရ ဦးအောင်ဆန်းဝင်းထံမှ သိမ်းသော ရွှေတုံးမှာ မူလခိုးရာပါပစ္စည်း ရွှေချောင်းမဟုတ်ဘဲ အစားထိုးဝယ်ပေးသော ရွှေချောင်းသာဖြစ်ကြောင်း ထင်ရှားသည်။ တရားခံ မောင်မြင့်က ဦးအောင်ဆန်းဝင်းထံ ရွှေချောင်းလာရောင်းသည့်နေ့မှာ (၁-၁-၉၆) နေ့ဖြစ်ပြီး ဦးအောင်ဆန်းဝင်းက ပေါက်ဈေးဖြင့် ရွှေဝယ်ပြီးအပ်ပေးလိုက်ရသည့်နေ့မှာ (၁၉-၆-၉၆) နေ့ဖြစ်သဖြင့် (၆) လကျော် ကြာမြင့်ပြီးမှ အပ်ပေးရခြင်းဖြစ်၍ မူလရွှေချောင်းကို ရောင်းချ၍ရသောငွေဖြင့် ဝယ်ပေးသောရွှေ မဖြစ်နိုင်ကြောင်း ပေါ်လွင်ထင်ရှားသည်။

အယူခံတရားလိုအကျိုးဆောင် တင်ပြသည့် ဦးမောင်မောင်မြင့် စီရင်ထုံးတွင် ခိုးရာပါပစ္စည်းကို ဝယ်ယူပြီး ပြန်လည်ရောင်းချ၍ ရရှိသောငွေသည် ခိုးရာပါပစ္စည်းကို အသွင်ပြောင်းထားသောငွေဟု ဆုံးဖြတ်ခြင်း ဖြစ်သည်။ ဦးခင်မောင် ပါ ၂ စီရင်ထုံးတွင် အစားထိုးပေးသော ရွှေမှာ ခိုးရာပါပစ္စည်းမှ အသွင်ပြောင်းထားသောရွှေ မဟုတ်ကြောင်း ဆုံးဖြတ်ခြင်းဖြစ်သည်။ ယင်းစီရင်ထုံးများပါ အမှုဖြစ်ရပ်များမှာ မတူညီပေ။ သို့ဖြစ်၍ အယူခံတရားလိုအကျိုးဆောင် တင်ပြသကဲ့သို့ ဦးခင်မောင် ပါ ၂ စီရင်ထုံးကို ဦးမောင်မောင်မြင့် စီရင်ထုံးနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြန်လည်စိစစ်ရန် လိုမည်မဟုတ်ပေ။

၂၀၀၀
ဦးဘုန်းရှင်
ပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၄

အရေးယူလောက်သောပြဿနာ (ခ) နှင့်စပ်လျဉ်း၍ အယူခံတရားလို၏ အကျိုးဆောင်က မောင်သိန်းဝင်းသည် မောင်မြင့် ခိုးယူခဲ့သည့် ၅၊ ၃၊ ၅ရွှေးသားရှိ မီးလင်းရွှေကို ဝယ်ယူခဲ့ပြီး ထိုရွှေဖြင့် ပြုလုပ်ထားသော ရွှေထည်ပစ္စည်း (၁၀) မျိုးကို သက်သေခံ (င) ရှာဖွေပုံစံဖြင့် ပေးအပ်ခဲ့ကြောင်း၊ ရှာဖွေပုံစံတွင် ယင်းအချက်ကို ဖော်ပြထားသဖြင့် ဦးသိန်းတန် ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်[၁] စီရင်ထုံးအရ ရှာဖွေပုံစံတွင် ရေးသားထားသောအချက်များကို သက်သေခံပစ္စည်း စီမံခန့်ခွဲရာတွင် ထည့်သွင်းစဉ်းစားနိုင်ကြောင်း အကျယ်တဝင့် တင်ပြလျှောက်လဲသည်။

အမှတ် ၃ နှင့် အမှတ် ၄ အယူခံတရားခံများ၏ အကျိုးဆောင်က ဦးသိန်းဝင်းအပ်နှံသည့် သက်သေခံပစ္စည်း လက်ဝတ်လက်စားများမှာ ခိုးရာပါပစ္စည်း ရွှေတုံးဖြင့် ပြုလုပ်ထားသည့် ပစ္စည်းမဟုတ်ကြောင်း၊ အလေးချိန်ကိုက်ညီစေရန် လိုတိုးပိုလျှော့ချိန်တွယ်ပြီး အစားထိုးပေးအပ်လိုက်ရသော ပစ္စည်းများသာဖြစ်ကြောင်း တင်ပြလျှောက်လဲသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးက ဦးသိန်းဝင်းထံမှ သိမ်းဆည်းသော ရွှေထည်ပစ္စည်းများမှာ မူလရွှေချောင်းမှ ပြုလုပ်ထားသော ရွှေထည်ပစ္စည်းများ ဖြစ်သည်ဟု ကောက်ယူနိုင်မည့် သက်သေခံချက်မရှိကြောင်း တင်ပြသည်။

တရားခံ မောင်မြင့် ခိုးယူခဲ့သည့် အလေးချိန် ၅ သား ရွှေချောင်းတစ်ချောင်းကို မောင်မြင့်၏ ခိုင်းစေချက်အရ ရဲထွန်း (လိုပြ-၆) က ပထမတွင် ဒေါ်သိန်းမြင့်ဆိုသူထံတွင် ငွေကျပ်တစ်သိန်းနှင့် ပေါင်ခဲ့သည်။ ပေါင်ပြီးတစ်လခန့်အကြာတွင် မောင်မြင့်က ရွှေချောင်းကို ရောင်းခိုင်းသဖြင့် ရွှေချောင်းဝယ်သူ ဦးသိန်းဝင်း (လိုပြ-၄) ထံ သွားရောက်ပြီး ဒေါ်သိန်းမြင့်ထံ ပေါင်ထားသောရွှေကို ဝယ်ယူရန် ပြောခဲ့သောကြောင့် အတိုးအရင်းပေးပြီး အပေါင်ရွေး နုတ်ကာ

---

(၁) ၁၉၉၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၂၉။

၂၀၀၀
ဦးဘုန်းရှင်
ပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၄

အလေးချိန် ၅၊ ၃၊ ၅ရွေးရှိ ရွှေချောင်းကို ရွှေတစ်ကျပ်သားပေါက်ဈေး ကျပ်နှစ်သောင်းရှစ်ထောင်နှစ်ရာနှင့် ဝယ်ယူခဲ့ပြီး ပြန်လည်ရောင်းချခဲ့ကြောင်း၊ တစ်လခန့်အကြာ စခန်းမှူးလိုက်လာပြီး ၎င်းဆိုင်မှ ရွှေထည်ပစ္စည်း (၁၀) မျိုး သိမ်းဆည်းသွားကြောင်း ဦးသိန်းဝင်း (လိုပြ-၄) က အောက်ပါအတိုင်း ထွက်ဆိုသည်-

"စခန်းမှူးနှင့် မရွှေလီမြင့်တို့ ရောက်လာပြီး ရဲထွန်းထံတွင် ဝယ်ယူသည့် ရွှေနှင့်ပတ်သက်ပြီး လာတောင်းပါသည်။ အပ်နှံခြင်းမရှိလျှင် ကောင်တာထဲမှ ရွှေများအားလုံး သိမ်းမယ်ဆိုသောကြောင့် ကျနော်ပိုင်ပစ္စည်းများကို ထုတ်ပေးလိုက်ရခြင်း ဖြစ်ပါသည်။ ရှာဖွေပုံစံတွင် အမှတ် (၁) မှ (၁၀) ထိ စုစုပေါင်းအလေးချိန် ငါးကျပ်၊ ခုနစ်ပဲသားအား ရဲတပ်ဖွဲ့မှ သိမ်း၍ ကျနော် ပေးအပ်ခဲ့ရပါသည်။ ရှာဖွေပုံစံပေါ်ရှိ အပ်ပေးသူလက်မှတ်မှာ ကျနော့လက်မှတ် မှန်ကန်၍ ရှာဖွေပုံစံကို သက်သေခံ (င) အဖြစ် တင်ပြသည်။ ယခု သိမ်းဆည်းခံရသော ရွှေများမှာ ရဲထွန်းထံမှ ဝယ်ယူသည့် ရွှေများဖြင့် ပြုလုပ်ခဲ့သော ပစ္စည်းများမဟုတ်ဘဲ မန္တလေးမှ ဝယ်ယူခဲ့သည့် ရွှေဖြင့် ပြုလုပ်ခဲ့သော ပစ္စည်းများ ဖြစ်ပါသည်။"

စခန်းမှူး ဦးသိန်းဆွေ (လိုပြ-၁၁) က ရုံးမေးတွင် အောက်ပါအတိုင်း ထွက်ဆိုပါသည်-

"ကျနော်တို့ ကိုသိန်းဝင်းထံမှ သိမ်းဆည်းခဲ့သည့် မီးလင်းရွှေ ငါးကျပ်သုံးပဲငါးရွေးနှင့် ညီမျှပြီး ပစ္စည်းများလုပ်နိုင်မည့် ရွှေအလေးချိန်ကို တွက်ချက်ကာ သိမ်းဆည်းခဲ့ခြင်း ဖြစ်ပါသည်။ ကျနော်တို့ရလိုသည့် အလေးချိန်အတိုင်း ရရှိအောင် ပစ္စည်းများ အလဲအလှယ်လုပ်ပြီး ချိန်ခဲ့ရတာတော့ မှန်ပါသည်။ ကျနော် ကိုသိန်းဝင်းဆိုင်တွင် ပစ္စည်းများသိမ်းဆည်းပြီးနောက် ပစ္စည်းအမျိုး (၂၀)ခန့် ကျန်ရှိသည်မှာ မှန်ပါသည်။"

၂၀၀၀
ဦးဘုန်းရှင်
ပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၄

အထက်ပါထွက်ဆိုချက်များအရ ဦးသိန်းဝင်းက သက်သေခံ (င) ရှာဖွေပုံစံဖြင့် ပေးအပ်လိုက်ရသော ရွှေထည်ပစ္စည်း (၁၀) မျိုးမှာ ခိုးရာပါပစ္စည်းကို အသွင်ပြောင်းလဲထားသောပစ္စည်း မဟုတ်ဘဲ အစားထိုးပေးလိုက်ရသော ပစ္စည်းသာဖြစ်ကြောင်း ပေါ်ပေါက်သည်။

ရှာဖွေပုံစံပါ ရေးသွင်းချက်များကို သက်သေခံပစ္စည်း စီမံခန့်ခွဲရာတွင် ထည့်သွင်းစဉ်းစားနိုင်သည်မှာ မှန်သော်လည်း ရှာဖွေပုံစံပါ ရေးသွင်းချက်များသည် မုချမှန်ကန်သည်ဟု လက်ခံနိုင်သော အခြေအနေ မရှိပါက အမှုတွင် သက်သေထင်ရှားပေါ်ပေါက်သော အခြေအနေအရသာ ဆုံးဖြတ်ရမည် ဖြစ်သည်။ ပစ္စည်းသိမ်းဆည်းသူရဲအရာရှိနှင့် ရှာဖွေသက်သေတို့၏ ရုံးရှေ့ထွက်ဆိုချက်များကို အလေးပေး စဉ်းစားရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဦးအောင်ဆန်းဝင်းထံမှ ရှာဖွေပုံစံ (သက်သေခံ-ဃ) ဖြင့် သိမ်းဆည်းခဲ့သော အလေးချိန် ၇ိ၊ ၁ ရွေးရှိ ရွှေချောင်း တစ်ချောင်းသည်လည်းကောင်း၊ ဦးသိန်းဝင်းထံမှ ရှာဖွေပုံစံ (သက်သေခံ-င) ဖြင့် သိမ်းဆည်းခဲ့သော ရွှေထည်ပစ္စည်း (၁၀) မျိုးသည်လည်းကောင်း တရားခံ မောင်မြင့် ခိုးယူခဲ့သော မူရင်းရွှေချောင်း (၂) ချောင်း မဟုတ်သည့်အပြင် မူရင်းရွှေချောင်းမှ အသွင်ပြောင်းထားသော ပစ္စည်းများမဟုတ်ကြောင်း ပေါ်လွင်သည်။ မူရင်းရွှေချောင်းကို ရောင်း၍ရသောငွေနှင့် ဝယ်ယူထားသည့်ပစ္စည်းများ ဖြစ်သည်ဟုလည်း ပေါ်ပေါက်ခြင်းမရှိပေ။

ရွှေဆွဲကြိုး အခိုးခံရသောအမှုတွင် ရွှေဆွဲကြိုးသည်လည်းကောင်း၊ ရွှေဆွဲကြိုးအား အရည်ကြိုထားသော ရွှေခဲသည်လည်းကောင်း ခိုးရာပါပစ္စည်းနှင့် ခိုးရာပါပစ္စည်းမှ အသွင်ပြောင်းထားသော ပစ္စည်းဖြစ်၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၀ နှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ ၏ ရှင်းလင်းချက်အရ တရားရုံးက စီမံခန့်ခွဲနိုင်သော်လည်း ခိုးရာပါပစ္စည်း ရွှေချောင်းကို လက်ဝတ်လက်စား

ပြုလုပ်ပြီး ရောင်းချရငွေများမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၁၀ ပါ ခိုးရာပါပစ္စည်း မဟုတ်ကြောင်း၊ ခိုးရာပါပစ္စည်းမှ အခြားပစ္စည်း အဖြစ်သို့ ပြောင်းလဲသွားလျှင် ခိုးရာပါပစ္စည်း မဟုတ်တော့၍ တရားရုံး က ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ စီမံခန့်ခွဲခွင့်မရှိတော့ ကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးကျော်လင်း အမှု[၁] တွင် အကျယ်တဝင့် ဆုံးဖြတ်လမ်းညွှန်ထားသည်။ တရားခံ ပြစ်မှု ထင်ရှားစီရင်ခံရသည့်အတွက် ပစ္စည်းကို တရားလိုသို့ အစဉ်သဖြင့် ပြန်ပေးရန်သင့်သည်ဟူသော ယေဘူယျကောက်ချက်မှာ မှားယွင်း ကြောင်းလည်း အတိအလင်း ဆုံးဖြတ်သည်။

၂၀၀၀
ဦးဘုန်းရှင်
ပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၄

သို့ဖြစ်ရာ ခိုးရာပါပစ္စည်း မဟုတ်သည့် အခြေအနေတွင် ခိုးရာပါပစ္စည်းအဖြစ် လက်ခံစဉ်းစားခြင်း မပြုနိုင်သောကြောင့် မူလ အမှုစစ်တရားရုံးက ရှာဖွေပုံစံဖြင့် ပေးအပ်ခဲ့သော ဦးအောင်ဆန်းဝင်း နှင့် ဦးသိန်းဝင်းတို့အား ပြန်လည်းပေးအပ်ခဲ့ခြင်းမှာ တရားဥပဒေ တိမ်းစောင်းလောက်အောင် မှားယွင်းမှုမရှိပေ။ တရားရုံးချုပ်ကလည်း အတည်ပြုပြီးဖြစ်၍ ယင်းသို့ ချွတ်ချော်တိမ်းစောင်းမှု မရှိလျှင် အထက် တရားရုံးက ဝင်ရောက်စွက်ဖက်ရန်မသင့်ကြောင်း ဦးကံသာ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် (ဒေါ်ကြည်) အမှု[၂] တွင် လမ်းညွှန် ဆုံးဖြတ်ထားပြီး ဖြစ်သည်။

ထို့ကြောင့် သက်သေခံပစ္စည်း ရွှေဝါတံဆိပ်ပါ အလေးချိန် ၇၊ ၁ ရွေး မီးလင်းရွှေတစ်တုံးအား အပ်နှံသူ ဦးအောင်ဆန်းဝင်းသို့ လည်းကောင်း၊ ကျန်ရွှေထည်ပစ္စည်းများကို အပ်နှံသူ ဦးသိန်းဝင်းသို့ လည်းကောင်း ပြန်လည်ပေးစေရန် ချမှတ်ထားသော စဉ့်ကူးမြို့နယ် တရားရုံးနှင့် ယင်းအမိန့်ကိုအတည်ပြုသော မန္တလေးတိုင်းတရားရုံး

---

(၁) ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (ရုံးချုပ်)၊ စာ-၃၁၇။
(၂) ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၇၃။

၂၀၀၀
ဦးဘုန်းရှင်
ပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၄

(ပြင်ဦးလွင်ခရိုင်) ၏ အမိန့်နှင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ အမိန့်အပေါ် တစ်စုံတစ်ရာ ဝင်ရောက်စွက်ဖက်ရန်အကြောင်း မပေါ်ပေါက်သဖြင့် ဤအထူးအယူခံမှုကို ပလပ်ကြောင်း အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာအယူခံမှု
သေဒဏ်အတည်ပြုမှု

+ ၂၀၀၀
ဩဂုတ်လ
၂၅ ရက်

တရားရုံးချုပ်တရားသူကြီး ဦးချစ်လွင်နှင့် ဦးထွန်းရှင်
တို့ရှေ့တွင်

မိုးဝင်း ပါ ၂
ပြည်ထောင်စုမြန်မာနိုင်ငံတော်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်*
မိုးဝင်း ပါ ၂

ဖြောင့်ချက်ကို ပြန်လည်ရုပ်သိမ်းသော်လည်း ထောက်ခံသည့် သက်သေခံချက်များရှိကြောင်း သုံးသပ်၍ အပြစ်ပေးခြင်း၊ မုဒိမ်းမှုကျူးလွန်စဉ် လူသတ်ခြင်းမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ဂ) တွင် အကျုံးဝင်ခြင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၇၁ အရဆိုလျှင် မုဒိမ်းမှုအတွက် သီးခြားပြစ်ဒဏ်မချမှတ်နိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ ဖြောင့်ချက်ကို ရဲကရိုက်နှက်၍ ပေးရကြောင်းဖြင့် တရားခံတို့က ဖြောင့်ချက်ကို ပြန်လည်ရုပ်သိမ်းသည်။ သို့သော်

---

* ၁၉၉၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၃၇၁
သေဒဏ်အတည်ပြုမှုအမှတ် ၁၇

\+ ၁၉၉၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၂၀ တွင် ချမှတ်သော ၁၂-၇-၉၉ ရက်စွဲပါ ပဲခူးတိုင်းတရားရုံး (ပဲခူးခရိုင်) ၏ အမိန့်ကို အယူခံမှု
အမိန့်ကိုအတည်ပြုရေးအတွက်သေဒဏ်အတည်ပြုမှု

ဖြောင့်ချက်များကို တရားသူကြီးက နည်းလမ်းတကျယူသည်။ ဥပဒေနှင့်အညီ ဆောင်ရွက်ထားသည်။ ဖြောင့်ချက်ကို ထောက်ခံသော တရားလိုဘက် သက်သေခံချက်များမှာ တစ်ဆက်တစ်စပ်တည်း ဖြစ်သည်။ ကွင်းဆက်မိသည်။

အချင်းဖြစ်စဉ်က သေသူမိန်းကလေး၏အသက်မှာ (၁၃) နှစ် (၉) လသာရှိသေးရာ ၎င်းသဘောတူ၍ ကာမစပ်ယှက်သည်ဆိုလျှင်လည်း တရားခံတို့သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၅ ပဉ္စမအပိုဒ်ပါ ပြဋ္ဌာန်းချက်အရ မုဒိမ်းမှုမြောက်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။ တရားခံများကို မူလရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ဂ) အရ ပြစ်ဒဏ်အပြင် ပုဒ်မ ၃၇၆ အရ ပြစ်ဒဏ်ပါ ချမှတ်သည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၇၁ ၏ ပြဋ္ဌာန်းချက်အရလည်း တရားခံတစ်ဦးအား ပြစ်မှုတစ်ရပ်အတွက် (၂) ကြိမ် ပြစ်ဒဏ်စီရင်ခြင်း မပြုနိုင်ပေ။ ထို့ကြောင့် ပုဒ်မ ၃၇၆ အရ ချမှတ်ထားသည့် **တစ်သက်တစ်ကျွန်းဒဏ်**အသီးသီးကို ပယ်ဖျက်လိုက်သည်။

**မူလမှုကျူး**လွန်စဉ် လူသတ်ခြင်းမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ဂ) တွင် အကျုံးဝင်သဖြင့် မူလရုံးက ချမှတ်ထားသည့် သေဒဏ်အမိန့်ကို အတည်ပြုသည်။

အယူခံတရားလိုများအတွက် - ဦးသာကျော်မောင်
တရားရုံးချုပ်ရှေ့နေ၊
ဒေါ်သွဲ့ဦးမွန်
ဥပဒေအရာရှိအဆင့် (၁)
ရှေ့နေချုပ်ရုံး

အယူခံတရားခံများအတွက် - ဒေါ်သွဲ့ဦးမွန်
ဥပဒေအရာရှိအဆင့် (၁)
ရှေ့နေချုပ်ရုံး၊
ဦးသာကျော်မောင်
တရားရုံးချုပ်ရှေ့နေ

ပဲခူးတိုင်းတရားရုံး (ပဲခူးခရိုင်)၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၂၀/၉၉ တွင် မိုးဝင်းနှင့် ဝင်းသောင်းကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆ အရ တစ်သက်တစ်ကျွန်းဒဏ်ချမှတ်သည်။ ပုဒ်မ **၃၀၂** (၁) (ဂ) အရ သေဒဏ်ချမှတ်သည်။ ယင်းအမိန့်ကို မကျေနပ်၍ မိုးဝင်းနှင့် ဝင်းသောင်း က အင်းစိန်အကျဉ်းထောင်မှတစ်ဆင့် တရားရုံးချုပ်တွင် အယူခံဝင်သည်။ အယူခံမှုအမှတ်မှာ ၃၇၁/၉၉ ဖြစ်သည်။ တရားရုံးချုပ်ကလည်း သေဒဏ်အတည်ပြုမှု ဖွင့်သည်။ အမှုအမှတ်မှာ ၁၇/၉၉ ဖြစ်သည်။ အမှုနှစ်မှုစလုံးမှာ မူလမှုတစ်မှုတည်းမှ ပေါ်ပေါက်လာသဖြင့် ဤစီရင်ချက်သည် ယင်းအမှုနှစ်မှုစလုံးနှင့် သက်ဆိုင်စေရမည်။

မူလမှုမှာ ကျောက်တံခါးမြို့နယ်၊ မျက်နီကွင်းကျေးရွာတွင် ဖြစ်ပွားသည်။ လွန်ခဲ့သောနှစ် တပေါင်းလဆန်း (၁၀) ရက်နေ့ညက မျက်နီကွင်းရွာ မိုးကောင်း ချမ်းသာကြီးဘုရားပွဲအနီး လယ်ကွင်းစပ်တွင် ချင်းစုရွာသူ ခင်မျိုးဝင်းကို ရေလဲရွာသား မိုးဝင်းနှင့် ဝင်းသောင်းက မုဒိမ်းကျင့်ကြသည်ဟု သတင်းလာပို့ကြောင်း၊ သွားကြည့်ရာ ခင်မျိုးဝင်း ညည်းနေ၍ ခေါင်းတွင်သွေးများနှင့် လုံချည်ကျွတ်နေကြောင်း၊ ပါးစပ် တွင် ဝါးခြမ်းတန်းလန်း တွေ့ရကြောင်း၊ ကျွန်းလယ်ရိုးရွာ (ရယက) အတွင်းရေးမှူး ဦးတင်မြင့်က ဖဒိုရဲစခန်းတွင် တိုင်ချက်ဖွင့်၍ ပေါ်ပေါက်လာခြင်း ဖြစ်သည်။

အချင်းဖြစ်ညမှာပင် ခင်မျိုးဝင်း သေဆုံးပြီး နောက်ရက်တွင် ဝင်းသောင်းကို ဖမ်းမိသည်။ နောက် (၃) ရက်အကြာ မိုးဝင်းကို ဖမ်းမိ သည်။ ထိုညက ၎င်းတို့ကို ဘုရားပွဲတွင် တွေ့လိုက်သော သက်သေများ

ထွက်ချက်နှင့် ဖြောင့်ချက်ပါ ဖော်ပြချက်များမှာ၊ အမှု၏အဓိကအချက်များ ဖြစ်သည်။

မိုးဝင်းနှင့် ဝင်းသောင်းတို့၏ ရှေ့နေက မျက်မြင်သက်သေ ကျော်စွာမှာ **အသက်** (၁၃) နှစ်အရွယ် လူငယ်ဖြစ်ကြောင်း၊ သင်၍ ရသောအရွယ်၊ ကြောက်တတ်သောအရွယ် ဖြစ်ကြောင်း၊ မဌေးဝင်းသည် သေသူ၏အစ်မဖြစ်၍ ဘက်လိုက်ထွက်ဆိုချက် ဖြစ်နိုင်ကြောင်း၊ ဝင်းသောင်း၏ဖြောင့်ချက်မှာ မိုးဝင်းအပေါ် ပုံချမှုသာဖြစ်ကြောင်း၊ ဖြောင့်ချက်ကို ထောက်ခံသော သက်သေခံချက်များရှိရန် လိုသည်မှာ ပေါ်လွင်ကြောင်း၊ မိုးဝင်းနှင့် ဝင်းသောင်းတို့က အချင်းဖြစ်ညက ၎င်းတို့ ရွာတွင်ရှိနေကြောင်း အလီဘိုင်ပြဆိုချက်များကို မှုလရုံးက မသုံးသပ်ကြောင်း၊ မိုးဝင်း၏ အသက်သည် (၁၈) နှစ် ဟုတ်မဟုတ်ကို လည်းကောင်း၊ ဝင်းသောင်း၏ အသက် (၂၀) ဟုတ်မဟုတ်ကို လည်းကောင်း မူလရုံးက ကျကျနနစစ်ဆေးမှု ပြုမထားကြောင်း၊ ငယ်ရွယ်သူများဖြစ်၍ သေဒဏ်မကျခံသင့်ကြောင်း၊ လျော့ပေါ့သော ပြစ်ဒဏ်ပေးသင့်ကြောင်း လျှောက်ထားသည်။

ရှေ့နေချုပ်ရုံး၊ ဥပဒေအရာရှိအဆင့် (၁) က မိုးဝင်းနှင့် ဝင်းသောင်းတို့က ခင်မျိုးဝင်းကို ရိုးပြတ်တောထဲ ခေါ်သွားကြောင်း ကျော်စွာ၏ထွက်ချက် ရှိပါသည်။ မိုးဝင်းနှင့် ဝင်းသောင်းက ခင်မျိုးဝင်းကို တစ်လှည့်စီ မုဒိမ်းကျင့်ပြီး ရိုက်ပုတ်သတ်ဖြတ်ပါသည်။ ဖြောင့်ချက်၊ ဆရာဝန်ဆေးစာ၊ အလောင်းတွေ့ရှိသည့် အနေအထားများက ဖြောင့်ချက်ကို ထောက်ခံပါသည်။ မူလရုံးက ပြစ်မှုထင်ရှားစီရင်ရာ၌ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆ အရ သီးခြား ပြစ်ဒဏ်မချသင့်ပါ။ သေဒဏ်ကိုသာ အတည်ပြုသင့်ပါသည်ဟု လျှောက်လဲတင်ပြသည်။

မူလရုံးတရားခံ မိုးဝင်းနှင့် ဝင်းသောင်းကို ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၀၂ (၁) (ဂ) အရ သေဒဏ်နှင့် မုဒိမ်းကျင့်မှုဖြင့် ပုဒ်မ ၃၇၆ အရ တစ်သက်တစ်ကျွန်းဒဏ် အသီးသီးချမှတ်သည်။

မုဒိမ်းမှုကျူးလွန်ပြီး လူသတ်ခဲ့ကြောင်း ဖြောင့်ချက်များရှိသည်။

ဝင်းသောင်း၏ဖြောင့်ချက် (သက်သေခံ-ဂ) တွင် မိမိနှင့် ခင်မျိုးဝင်း ချစ်ကြိုက်ခဲ့ကြောင်း၊ အချင်းဖြစ်ညက မိုးဝင်းက ခင်မျိုးဝင်းကို ချစ်ကြိုက်သည်ဟုပြောပြီး လက်ဆွဲကြောင်း၊ ပွဲခင်းထောင့်တွင် ကျော်စွာနှင့်တွေ့ကြောင်း၊ ခင်မျိုးဝင်းကို စကားပြောရန် ရိုးထဲခေါ်သွားပြီး ကာမစပ်ယှက်ကြောင်း၊ မိမိ (၂) ခါ လုပ်ပြီး မိုးဝင်းက အတင်းဘက်လုပ်ရာ ကောင်မလေးမှအော်သဖြင့် မိမိကခေါင်းကို (၂) ချက်ထိုးကြောင်း၊ မိုးဝင်းက ကျူရိုးကို ခင်မျိုးဝင်းပါးစပ်ထဲထည့်ပြီး ဆောင့်ကြောင်း၊ ထို့ပြင် ကျပ်လုံးခန့်ရှိ ထင်းသားပွဖြင့် အင်္ဂါပေါက်ထဲ ထိုးသွင်းကြောင်း ဖော်ပြပါရှိသည်။

မိုးဝင်း၏ဖြောင့်ချက် (သက်သေခံ-ဃ) တွင် ခင်မျိုးဝင်းနှင့် ရည်းစားဖြစ်ပြီး (၃) ကြိမ် ကာမစပ်ယှက်ဘူးကြောင်း၊ ဝင်းသောင်းနှင့် ပွဲခင်းလာရာ ပွဲခင်းတွင် ခင်မျိုးဝင်းကိုတွေ့၍ နောက်မှဖက်ကြောင်း၊ ဝင်းသောင်းနှင့် လူချင်းကွဲသွားကြောင်း၊ ပွဲဈေးတွင် ဝင်းသောင်းကို ပြန်တွေ့ရာ ခင်မျိုးဝင်းကိုတွေ့ချင်၍ ကူညီရန် ပြောကြောင်း၊ ပွဲခင်းမှ ခင်မျိုးဝင်းကို ဝင်းသောင်းက ခေါ်လာရာ လယ်ရိုးအနိမ့်တွင် မိမိ (၂) ကြိမ် ပြုကျင့်ကြောင်း၊ ဝင်းသောင်းကလုပ်ရာ ကောင်မလေးက အော်သဖြင့် မိမိက ခေါင်းကို (၂) ချက်ထိုးကြောင်း၊ လည်ပင်းကို ညှစ်ကြောင်း၊ ဝင်းသောင်းက ခင်မျိုးဝင်းကို အောက်လယ်တစ်ကွက်ကျော် ခေါ်သွားကြောင်း၊ မိမိက ခင်မျိုးဝင်းဆံပင်ကို ကိုင်ပေးရာ ဝင်းသောင်းက ပါးစပ်တွင်း ဝါးခြမ်းထိုးသွင်းကြောင်း၊ မိမိက ခင်မျိုးဝင်း ခေါင်းနှင့် မြေကြီးကိုဆောင့်ပြီး ဝင်းသောင်းက ပုဆွန်ကျစ်စာခဲဖြင့် ထုကြောင်း၊ မိမိက ခင်မျိုးဝင်းတန်ဆာထဲသို့ စပါးရိုးပြတ်များ ထည့်ကြောင်း ဖော်ပြသည်။

ဖြောင့်ချက် (၂) ခုကို ပေါင်းစပ်သုံးသပ်လျှင် မိုးဝင်းနှင့် ဝင်းသောင်းက ခင်မျိုးဝင်းကို ကာမစပ်ယှက်ခြင်း၊ ခင်မျိုးဝင်းက အော်

သောအခါ ပါးစပ်ထဲ ဝါးခြမ်းထိုးသွင်းခြင်း၊ အင်္ကျီဇာတ်ထဲ နီးရာထင်းသား၊ ရိုးပြတ်စသည်တို့ ထိုးထည့်ခြင်းများ ပြုလုပ်ကြောင်း တွေ့ရသည်။ ခင်မျိုးဝင်း၏ ပါးစပ်ထဲတွင် ဝါးခြမ်းထိုးထည့်ထားသည်ကို (ရယက) အဖွဲ့ဝင် ဦးတင်မြင့် (လိုပြ-၁) နှင့် ပြည်သူစစ်များ သွားကြည့်ရာ မြင်တွေ့သည်။ သက်သေခံ ဝါးခြမ်းပြားကိုလည်း ရဲကရှာဖွေပုံစံ (သက်သေခံ-စ) ဖြင့် သိမ်း၍ တင်ပြသည်။ သေသူအနီးမှ မြေစာခဲကိုလည်း ရှာဖွေပုံစံ (သက်သေခံ-ဆ) ဖြင့် သိမ်းသည်။ ယင်းပစ္စည်းများတွင် လူသွေးတွေ့ရကြောင်း၊ ဓာတုဗေဒပြန်ကြားစာ(သက်သေခံ-ဈ) ရှိသည်။ ဖြောင့်ချက်နှင့်ညီညွတ်သော အချက်များပင် ဖြစ်သည်။

ဦးတင်မြင့် (လိုပြ-၁) က ခင်မျိုးဝင်းကို မိုးဝင်းနှင့် ဝင်းသောင်းမုဒိမ်းကျင့်ကြောင်း၊ ကျင့်သည့်နေရာမှာ ညည်းညူသံကြားရကြောင်း ကျော်စွာ (လိုပြ-၂) က ပြောပြ၍ သိရသည်ဟုဆိုသည်။ ၎င်းတို့သွားကြည့်ရာ ခင်မျိုးဝင်းပါးစပ်ထဲ ဝါးခြမ်းထိုးထားသည်ကို မြင်သည်။ စူးစူးဝါးဝါးအော်သံ ကြားရသည်။ မိန်းကလေးမှာ အင်္ကျီလန်နေပြီး အောက်ပိုင်းတုံးလုံး ဖြစ်နေသည်ကို တွေ့ရသည်။ ဖဒိုရဲစခန်းသို့ ဦးတင်မြင့် (လိုပြ-၁) သွားတိုင်ပြီး ပြန်လာရာ မိန်းကလေးသေဆုံးနေသည်ကို တွေ့ရသည်။ အငြင်းပွားမှုမရှိသော အကြောင်းများဖြစ်သည်။

သက်သေကျော်စွာ (လိုပြ-၂) သည် (၁၃) နှစ်အရွယ် လူငယ်ဖြစ်သည်။ မျက်မြင်သက်သေ ဖြစ်သည်။ မိုးဝင်းနှင့် ဝင်းသောင်းက ခင်မျိုးဝင်းကို ခေါ်သွားကြောင်း၊ ၎င်းတို့နောက်လိုက်ကြည့်ရာ ရိုးပြတ်ထဲတွင် တချွတ်ချွတ်အသံများ ကြားရကြောင်း၊ ခင်မျိုးဝင်းက အစကချစ်သည်ဟုပြောပြီး ခုတော့ရက်စက်သည်ဟု ပြောသည့်အသံကို ကြားရကြောင်း၊ ထုသံရိုက်သံများ ကြားရ၍ လန့်ပြီး ပြန်ပြေးလာကြောင်း၊ အစ်ကိုမျိုးမင်းစံထံ ပြောပြပြီး (ရယက) အတွင်းရေးမှူးနှင့် ဥက္ကဋ္ဌကို ပြန်ပြောပြကြောင်း သက်သေခံသည်။ ဤသက်သေခံချက်မှာ (ရယက) အတွင်းရေးမှူး ဦးတင်မြင့် (လိုပြ-၁) ထွက်ဆိုချက်နှင့်

လည်းကောင်း၊ မျိုးမင်းစံ (လိုပြ-၃) ထွက်ချက်နှင့်လည်းကောင်း ကိုက်ညီသည်။ မျိုးမင်းစံ (လိုပြ-၃) လိုက်ကြည့်ရာ ခင်မျိုးဝင်းပါးစပ်ထဲတွင် ဝါးခြမ်းပြား တွေ့ရသည်။ မိန်းကလေးနား မြေကြီးတွင် သွေးတွေ့သည်။ ပါးစပ်မှ ဝူးဝူးဝါးဝါး ပြောနေသည်ကို ကြားသည်။ ထို့အတူ (ရယက) အဖွဲ့ဝင် ဦးအေးလွင် (လိုပြ-၉) ထွက်ချက်ရှိသည်။ ဖြောင့်ချက်များပါ သတ်ဖြတ်သည့်အကြောင်းများနှင့် ဆက်စပ်သော သက်သေခံချက်များ ဖြစ်သည်။

အချင်းဖြစ်ကိစ္စကို ကုန်းလယ်ရိုးကျေးရွာအုပ်စု (ရယက) ဥက္ကဋ္ဌ ဦးသာထူး (လိုပြ-၄) ကို သတင်းပေးသဖြင့် ၎င်းသွားကြည့်ရာ ကောင်မလေးလဲနေပြီး ပါးစပ်ထဲတွင် ဝါးခြမ်းထိုးထည့်ထားသည်ကို တွေ့ရသည်။ အင်္ကျီထဲတွင် ကိုင်းရိုး ထိုးထည့်ထားသည်ကို တွေ့ရသည်။ မိန်းကလေး၏ မှတ်တမ်းတင် ဓာတ်ပုံများ (သက်သေခံ- ခ၊ ခ-၁၊ ခ-၂) ရိုက်ကြောင်းလည်း ဦးသာထူးက အစစ်ခံသည်။ မိုးဝင်းနှင့် ဝင်းသောင်းတို့၏ ဖြောင့်ချက်ပါ ပြုမူချက်များကို ထောက်ခံခြင်း ဖြစ်သည်။

မဌေးဝင်း (လိုပြ-၈) သည် သေသူ ခင်မျိုးဝင်းနှင့် အမေတူ အဖေကွဲ ညီအစ်မတော်သည်။ သေသူ၏အစ်မ ဖြစ်သည်။ အချင်းဖြစ်ညက ဘုရားပွဲကျောင်းဝိုင်းတွင် သေသူကို မိုးဝင်းက ဖက်စကား ပြောစဉ် ဝင်းသောင်းရောက်လာပြီး သေသူကို ၎င်းတို့နှစ်ယောက် ခေါ်သွားသဖြင့် မဌေးဝင်း (လိုပြ-၈) က လိုက်ခေါ်ရသည်။ ထို့နောက် မဌေးဝင်းသည် ၎င်းခင်ပွန်းပျောက်၍ လိုက်ရှာနေစဉ် သေသူပျောက်သွားကြောင်း အမှုတွင်ပေါ်သည်။ နောက်တစ်ကြိမ် မိုးဝင်းနှင့် ဝင်းသောင်းက လာခေါ်သွား၍ သေသူ ခင်မျိုးဝင်း လိုက်သွားခြင်းဟု ဆိုနိုင်သည်။

ဆရာဝန် ဦးကြည်စိုး (လိုပြ-၇) ထွက်ချက်နှင့် ဆေးစာ (သက်သေခံ-ပ) အရ သေသူမိန်းကလေးသည် ကြီးမားလေးလံသော အရာဝတ္ထုဖြင့် ထုရိုက်မှုကြောင့် သေဆုံးရကြောင်း သိရှိရသည်။

ဆရာဝန်က သေသူသည် မေးရိုးကျိုးကာ ကျောရိုးဆစ်များ လွဲချော်၍ သေဆုံးသည်။ မသေမီ သားမယားအဖြစ် ပြုကျင့်မှုရှိခဲ့သည်ဟု ထင်မြင်ချက်ပေးသည်။

မိုးဝင်းက မျက်နီကွင်းရွာဘုရားပွဲရှိ မိခင်၏မုန့်ဟင်းခါးဆိုင်သို့ ဝင်းသောင်းနှင့်အတူရောက်ရှိကြောင်း၊ ဝင်းသောင်းသည် ပွဲခင်းထဲသွားသဖြင့် နောက်ထပ်မတွေ့တော့ကြောင်း၊ သေသူ ခင်မျိုးဝင်းကို လုံးဝမသိကြောင်း၊ မိမိသည် မိခင်နှင့် မုန့်ဟင်းခါးရောင်းပြီး ည (၁၀) နာရီခွဲခန့်တွင် ကိုလှဦး (ခံပြ-၄) လှည်းဖြင့် ရေလဲရွာအိမ်သို့ ပြန်လာကြောင်း၊ ပြစ်မှုမကျူးလွန်ရကြောင်း၊ ရဲကရိုက်နှက်သဖြင့် ဖြောင့်ချက်ပေးရခြင်းဖြစ်ကြောင်း ထုချေသည်။ ကိုလှဦး (ခံပြ-၄) က ၎င်းကို ထောက်ခံထွက်ဆိုသည်။ ၎င်းတို့လှည်းဖြင့် ပြန်လာသည်ကို မြင်သည်ဟု မိုးဝင်းနှင့် အိမ်နီးချင်းနေ ဦးသန်းလှိုင် (ခံပြ-၃) က အစစ်ခံသည်။

ဝင်းသောင်းက ထုချေရာ၌ မိုးဝင်းနှင့် ဘုရားပွဲသွားကြောင်း၊ မခင်မျိုးဝင်းနှင့် မတွေ့ကြောင်း၊ ပွဲကြည့်ပြီး ည (၁၀) နာရီလောက် မောင်ဝင်း (ခံပြ-၆) လှည်းဖြင့် ရေလဲရွာသို့ ပြန်လာကြောင်း၊ ရဲများက ရိုက်နှက်၍ ဖြောင့်ချက်ပေးရကြောင်း၊ ပြစ်မှုမကျူးလွန်ရကြောင်း ခုခံချေပသည်။ မောင်ဝင်း (ခံပြ-၆) လှည်းဖြင့် ပြန်လာကြောင်း၊ နေဝင်း (ခံပြ-၅)၊ ကျော်မိုး (ခံပြ-၇) တို့က ထောက်ခံထွက်ဆိုသည်။ သို့သော် သက်သေများ၏ ထောက်ခံထွက်ဆိုချက်များမှာ လွယ်လွယ်ပြော၍ ရသော စကားများဟု ယူဆရသည်။ ဘုရားပွဲသို့ မိမိတို့အတူတူ လာကြောင်း မိုးဝင်းနှင့် ဝင်းသောင်းက ဝန်ခံသည်။ ၎င်းတို့သည် ပွဲခင်းတွင် ခင်မျိုးဝင်းနှင့် တွေ့ကြောင်း၊ ကျော်စွာ (လိုပြ-၂)၊ မဒွေးဝင်း (လိုပြ-၈) ထွက်ချက်ကို လက်မခံနိုင်စရာမရှိ။ ယင်းသက်သေများမှာ မိုးဝင်းတို့အပေါ် မတော်မတရား ထွက်ဆိုမည့်သူများမဟုတ်ဟု ယူဆသည်။ မိုးဝင်းတို့က ဖြောင့်ချက်လည်း ပေးထားသဖြင့် အမှုမှန်ဟု ဆိုနိုင်သည်။

ဖြောင့်ချက်ကို ရဲကရိုက်နှက်၍ ပေးရကြောင်းဖြင့် မိုးဝင်းတို့က ဖြောင့်ချက်ကို ရုပ်သိမ်းသည်။ သို့သော် ဖြောင့်ချက်များကို တရားသူကြီး ဦးသန်းလွင် (လိုပြ-၅) က နည်းလမ်းတကျယူသည်။ ဥပဒေနှင့်အညီ ဆောင်ရွက်ထားခြင်း ဖြစ်သည်။ ဖြောင့်ချက်ကို ထောက်ခံသော တရားလိုဘက်သက်သေခံချက်များမှာ တစ်ဆက်တစ်စပ်တည်း ဖြစ်သည်။ ကွင်းဆက်မိသည်။

အချင်းဖြစ်စဉ်က သေသူမိန်းကလေး၏အသက်မှာ (၁၃) နှစ် (၉) လသာရှိသေးရာ ၎င်းသဘောတူ ကာမစပ်ယှက်လျှင်လည်း မိုးဝင်းတို့သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၅ ပဉ္စမပိုဒ်ပါ ပြဋ္ဌာန်းချက်အရ မုဒိမ်းမှုမြောက်သည်။ မိုးဝင်း၏အသက်မှာ (၁၉) နှစ်ဖြစ်ပြီး ဝင်းသောင်း၏အသက်မှာ (၂၀) ဖြစ်သည်။ ၎င်းတို့ချစ်ကြိုက်သဖြင့် ခေါ်ထုတ်၍ ရသော သေသူကို တစ်လှည့်စီ ကာမစပ်ယှက်ကြကြောင်း ပေါ်ပေါက်သည်။ သေသူက အော်သောအခါ ခေါင်းကို လက်သီးဖြင့် ထိုးသည်။ မြေကြီးနှင့် ဆောင့်သည်။ မြေစာခဲဖြင့် ထုသည်။ ထို့ပြင် အော်သော ပါးစပ်ကို ဝါးခြမ်းဖြင့် ထိုးသည်။ ထင်မိထင်ရာ အင်္ဂါဇာတ်ကို နီးရာ ပစ္စည်း ထိုးထည့်သည်။ ထိုသို့ ရက်ရက်စက်စက်လုပ်မှုကြောင့် ခင်မျိုးဝင်း သေဆုံးရကြောင်း ပေါ်လွင်သည်။

မောင်ထွန်းလွင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမှု[(၁)] တွင် တရားခံသည် သေသူအား အလိုမတူဘဲ သားမယားအဖြစ် ပြုကျင့်စဉ် သေသူက အော်ဟစ်အကူအညီတောင်းသဖြင့် တရားခံက ရိုက်ပုတ်သောကြောင့် သေသူတွင် ဒဏ်ရာများရပြီး သေဆုံးရာ တရားရုံးချုပ်က တရားခံသည် မုဒိမ်းမှုကျူးလွန်စဉ် လူသတ်မှုကျူးလွန်ကြောင်းဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ဂ) အရ အပြစ်ပေးသည်။ ထို့ပြင် မူလရုံးက တရားခံကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆

---

(၁) ၁၉၈၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၂၄။

အရ အပြစ်ပေးခြင်းနှင့်ပတ်သက်၍ ယင်းပြစ်မှုမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ဂ) တွင် အကျုံးဝင်နေပြီးဖြစ်သဖြင့် သီးခြားပြစ်ဒဏ်သတ်မှတ်ရန် မလိုကြောင်း ဆုံးဖြတ်သည်။

ယခုအမှုတွင် မိုးဝင်းနှင့် ဝင်းသောင်းကို မူလရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ဂ) အရ စွဲချက်အပြင် ပုဒ်မ ၃၇၆ အရ စွဲချက်ပါတင်၍ ပုဒ်မ ၃၇၆ အတွက်ပါ ပြစ်ဒဏ်ချမှတ်သည်။ ပုဒ်မ ၃၇၆ အရ စွဲချက်နှင့် ပြစ်ဒဏ် ပိုနေသည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၇၁ ၏ ပြဋ္ဌာန်းချက်အရလည်း တရားခံတစ်ဦးအား ပြစ်မှုတစ်ရပ်အတွက် နှစ်ကြိမ်ပြစ်ဒဏ်စီရင်ခြင်း မပြုနိုင်ပေ။

ထို့ကြောင့် မိုးဝင်းနှင့် ဝင်းသောင်းကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆ အရ တစ်သက်တစ်ကျွန်းဒဏ် အသီးသီးကျခံစေရန် ချမှတ်ထားသည့် ပဲခူးတိုင်းတရားရုံး၏အမိန့်ကို ပယ်ဖျက်လိုက်သည်။

သေဒဏ်အတည်ပြုမှုအမှတ် ၁၇/၉၉ ကို ခွင့်ပြုသည်။ မိုးဝင်းနှင့် ဝင်းသောင်းကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ဂ) အရ သေဒဏ်အသီးသီးချမှတ်သည့် ပဲခူးတိုင်းတရားရုံး၏အမိန့်ကို အတည်ပြု၍ ၎င်းတို့တင်သွင်းသော အယူခံမှုအမှတ် ၃၇၁/၉၉ ကို ပလပ်လိုက်သည်။

+ ၂၀၀၀
ဧပြီလ
၁၇ ရက်

## ပြစ်မှုဆိုင်ရာအယူခံမှု

## တရားရုံးချုပ်တရားသူကြီး ဦးချစ်လွင်ရှေ့တွင်

ဦးမောင်မောင်သန်း
ဦးအောင်သန်းမြင့်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်*

၁၉၈၉ ခုနှစ်၊ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၃ (ခ) ပါ စာတိုက်နှင့်ကြေးနန်း ဆက်သွယ်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရကသာ ဆောင်ရွက်ခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။ ကုမ္ပဏီများမှ ပြည်ပနိုင်ငံများနှင့် တယ်လီဖုန်းပြောသော်လည်း နိုင်ငံတော်မှ ငွေကြေး ကောက်ခံ၍မရပေ။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ နိုင်ငံတကာ ဆက်သွယ်ရေးလမ်းကြောင်းကိုမူ အသုံးပြုသွားကြောင်း ထင်ရှားသည်။ ကောဘက်စနစ်ကို အသုံးပြုပြီး အယူခံတရားလိုများက နိုင်ငံခြားငွေလက်မှတ် တန်ဖိုး ၃၂၁၀၈၀. ၈၀ ယူနစ် ကောက်ခံရယူခဲ့သဖြင့် ၁၉၈၉ ခုနှစ်၊ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၉ အရ အပြစ်ရှိသည်။

---

* ၂၀၀၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၇၃ နှင့် ၇၉

+ ၁၉၉၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၂၅ တွင် ချမှတ်သော ၂၄-၁၂-၉၉ ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး (အနောက်ပိုင်းခရိုင်) ၏ အမိန့်ကို အယူခံမှု

| | | |
|---|---|---|
| ၂၀၀၀ | အယူခံတရားလိုများအတွက် - | ဦးတင်ထွဋ်၊ တရားရုံးချုပ်ရှေ့နေ |
| ဦးမောင်မောင်သန်း | | ဦးခင်မောင်ရီ၊ တရားရုံးချုပ်ရှေ့နေ |
| ဦးအောင်သန်းမြင့် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် | အယူခံတရားခံအတွက် - | ဒေါ်မြရီ လက်ထောက်ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး |

ရန်ကုန်တိုင်းတရားရုံး (အနောက်ပိုင်းခရိုင်) က ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၂၅/၉၉ တွင် အယူခံတရားလို ဦးမောင်မောင်သန်း နှင့် ဦးအောင်သန်းမြင့်ကို ၁၉၈၉ ခုနှစ်၊ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်း များဥပဒေပုဒ်မ ၉/၁၀၉ အရ အလုပ်နှင့်ထောင်ဒဏ် (၅) နှစ်စီ ချမှတ် ခြင်းကို မကျေနပ်၍ တရားရုံးချုပ်သို့တင်သွင်းသော အယူခံမှုဖြစ်သည်။ ဦးမောင်မောင်သန်း တင်သွင်းသော အယူခံမှုမှာ အမှုအမှတ် ၇၃/၂၀၀၀ ဖြစ်ပြီး၊ ဦးအောင်သန်းမြင့် တင်သွင်းသော အယူခံမှုမှာ အမှုအမှတ် ၇၉/၂၀၀၀ ဖြစ်သည်။ မူလမှုမှာ တစ်မှုတည်းဖြစ်၍ ဤစီရင်ချက်သည် အယူခံမှုနှစ်မှုစလုံးနှင့် သက်ဆိုင်သည်။

မူလမှုမှာ စစ်ဆင်ရေးနှင့် နိုင်ငံခြားငွေကြေးဌာန၊ အထူးစုံစမ်း စစ်ဆေးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျင်ဟုတ်က ကျောက်တံတား မြို့နယ် ရဲတပ်ဖွဲ့စခန်းတွင် တိုင်ချက် (သက်သေခံ- ၁-ထ) ဖွင့်၍ ပေါ်ပေါက်လာခြင်းဖြစ်သည်။. တိုင်ချက်၌ ရန်ကုန်တိုင်း၊ ကျောက် တံတားမြို့နယ်၊ (၂) ရပ်ကွက်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ်- ၅၅ (အပေါ်ဆုံးထပ်) တွင် ရုံးခန်းဖွင့်လှစ်ထားသည့် မြန်မာဆာဗေးရီဆပ် မှ ဥက္ကဋ္ဌ ဦးကျော်လှိုင်သည် ၁၉၉၆ ခုနှစ်မှ ၁၉၉၉ ခုနှစ်၊ ဇူလိုင်လ အတွင်း အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်၊ မီယာမီဘိနေ့ ဟိဘိကပ်ဒရိုက်ရှိလိဗိအင့်ယူအက်(စ်)အေ၏ ဌာနေကိုယ်စားလှယ် အဖြစ် ဆောင်ရွက်ခဲ့ရာတွင် အုပ်ချုပ်မှုဒါရိုက်တာ ဦးမောင်မောင်သန်း၊ ဒါရိုက်တာ ဦးအောင်သန်းမြင့်နှင့် ရန်ကင်းမြို့နယ်၊ (၁) ရပ်ကွက်၊

ရန်ရှင်းလမ်း၊ တိုက်- ၂၀၇၊ အခန်း (၁) နေ အမှတ်တရပစ္စည်း အရောင်းဆိုင်ပိုင်ရှင် ဦးတိုးတို့၏ အကူအညီဖြင့် အစိုးရအဖွဲ့၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ ကော့ဆက်ဆားဗစ်လုပ်ငန်းကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံတကာ ဆက်သွယ်ရေးဆက်ကြောင်းကို အသုံးပြု၍ တည်ထောင်လုပ်ကိုင် ဆောင်ရွက်ခဲ့ကြသည့်အပြင် ၎င်းတို့နှင့် ဆက်သွယ်အသုံးပြုခဲ့ကြသည့် ကုမ္ပဏီ၊ လုပ်ငန်းပေါင်း (၆၆) ခုတို့ထံမှ စုစုပေါင်းနိုင်ငံခြားငွေလက်မှတ် တန်ဖိုး ၃၂၁၁၈၀. ၈၀ ယူနစ်ကို ကောက်ခံရယူခဲ့ကြောင်း စစ်ဆေး တွေ့ရှိရ၍ ဦးကျော်လှိုင်၊ ဦးမောင်မောင်သန်း၊ ဦးအောင်သန်းမြင့်နှင့် ဦးတိုးတို့ကို ၁၉၈၉ ခုနှစ်၊ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၃ (စ)/၉/ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၉ အရ အရေးယူပေးရန် ဖော်ပြပါရှိသည်။

မူလမှုမှ တရားလို ဦးကျင်ဟုတ်နှင့် ဆက်သွယ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူး ဦးစိန်အောင် (လိုပြ-၂)၊ ကုမ္ပဏီများမှ သက်သေ ဦးမင်းဒင် (လိုပြ-၃)၊ ဦးသိန်းဦး (လိုပြ-၄)၊ ဦးအောင်ချို (လိုပြ-၅)၊ ဒေါ်ရင်ရင်လှ (လိုပြ-၇)၊ မတင်တင်ဦး (လိုပြ-၈) တို့၏ ထွက်ချက် အရ ကုမ္ပဏီများမှ ပြည်ပနိုင်ငံများနှင့် တယ်လီဖုန်းပြောသော်လည်း နိုင်ငံတော်မှ ငွေကြေး ကောက်ခံ၍မရပေ။ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ နိုင်ငံတကာဆက်သွယ်ရေးလမ်းကြောင်းကိုမူ အသုံးပြုသွား ကြောင်း ထင်ရှားသည်။ ကုမ္ပဏီများမှ ပြည်ပနိုင်ငံများနှင့် ဖုန်းပြောနိုင် ရန် အယူခံတရားလို ဦးမောင်မောင်သန်းနှင့် ဆက်သွယ်ဆောင်ရွက် သည့် ကြိုတင်ငွေနှင့် တပ်ဆင်ခ အက် (ဖ်) အီးစီ ၂၅၀ ပေးဆောင်ရ သည် စသောအချက်များ ပေါ်လွင်သည်။

အယူခံတရားလို ဦးအောင်သန်းမြင့်သည် ကောဘက်စနစ် လုပ်ကိုင်သော အချင်းဖြစ် အမ်အက်(စ်)အာကုမ္ပဏီ ရှယ်ယာဝင် ဖြစ်သည်။ အက်(ဖ်)အီးစီ ၁၀၀ ကို ၁၉၉၇ ခုနှစ်၊ နှစ်လယ်ခန့်မှစ၍

အမြတ်ဝေစုအဖြစ် ရရှိသူလည်းဖြစ်သည်။ အမ်အက်(စ်)အာကုမ္ပဏီ ဥက္ကဋ္ဌ ဦးကျော်လှိုင်၏ တာဝန်ပေးချက်အရ ဦးတိုးသည် တယ်လီဖုန်း သုံးစွဲသော ကုမ္ပဏီများတွင် ငွေကောက်ခံသည်။

နိုင်ငံတော်က ခွင့်ပြုချက်မရှိသောလုပ်ငန်းများကို လုပ်ကိုင် ကြောင်းဖြင့် မူလရုံးက နိုင်ငံတော်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၉/ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၉ အရ ပြစ်မှုထင်ရှားစီရင်သည်။ အယူခံတရားလိုများကို ထောင်ချသည်။

အယူခံတရားလို ဦးမောင်မောင်သန်း၏ ရှေ့နေက မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းမှ အိုင်ဒီဒီစနစ်ကိုသုံးပြီး ကောဘက်စနစ်တွင် အသုံးပြုသော ပြည်ပဖုန်းခေါ်ဆိုမှုသည် ဆက်သွယ်ရေးလမ်းကြောင်း မတူညီကြောင်း၊ တရားဝင်မှတ်ပုံတင်ထားသောလုပ်ငန်း လီဗစ်အင့်၏ ကိုယ်စားလှယ်အနေဖြင့် ဦးမောင်မောင်သန်းက ငွေကြေးကောက်ခံ ခြင်းဖြစ်ကြောင်း၊ ကောဘက်လုပ်ငန်းမှ အခကြေးငွေမရကြောင်း၊ အမှု မှ ဦးမောင်မောင်သန်းကို လွှတ်သင့်ကြောင်း လျှောက်ထားသည်။

အယူခံတရားလို ဦးအောင်သန်းမြင့်၏ရှေ့နေက အမ်အက်(စ်) အာကုမ္ပဏီတွင် ဦးအောင်သန်းမြင့်သည် အစုဝင်တစ်ဦးဖြစ်ပြီး၊ ကောဘက်လုပ်ငန်းတွင် ဆောင်ရွက်ကြောင်း၊ အားပေးကူညီကြောင်း မပေါ်ပေါက်သဖြင့် အပြစ်မပေးသင့်ကြောင်း၊ ပြစ်မှုကျူးလွန်သည်ဟု သက်သေထင်ရှား မပြနိုင်သဖြင့် ဦးအောင်သန်းမြင့်ကို အမှုမှလွှတ်သင့် ကြောင်း တင်ပြသည်။

ရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက ကောဘက် စနစ်သည် မြန်မာနိုင်ငံမှ မည်သည့်နိုင်ငံမဆို တယ်လီဖုန်းဖြင့် ဆ-သ-ရမှုမသိအောင် ဆက်သွယ်ပြောဆိုမှုအား မြန်မာပြည်မှ ခေါ်ယူ သုံးစွဲသည့်စာရင်းမပေါ်ဘဲ အမေရိကန်နိုင်ငံမှတစ်ဆင့် နိုင်ငံအသီးသီး သို့ ပြောဆိုသည့် အခြေအနေရောက်အောင် ဖန်တီးထားသည့်စနစ် ဖြစ်၍ နိုင်ငံတော်၏ ဆက်သွယ်ရေးလမ်းကြောင်းကို အသုံးပြုသည်မှာ

ထင်ရှားကြောင်း၊ ထိုလုပ်ငန်းကို နိုင်ငံတော်က ခွင့်ပြုထားခြင်းမရှိသဖြင့် အယူခံမှုများကို ပလပ်သင့်ကြောင်း လျှောက်လဲသည်။

မူလမှုတွင် နှစ်ဖက်သက်သေခံချက်များအပြင် သက်သေခံ စာမှတ်စာတမ်း အထောက်အထားများကို ပြည့်စုံစွာတင်ပြသည်။ အမ်အက်(စ်)အာကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်လှိုင်၏ အယူခံမှုအမှတ် ၅၀/၂၀၀၀ ကို တရားရုံးချုပ်မှ အကျဉ်းနည်းဖြင့်ပယ်သည်။ ယင်း ကုမ္ပဏီက ကောဘက်စနစ်ကိုအသုံးပြု၍ အကျိုးအမြတ်ရယူကြောင်း၊ နိုင်ငံတော်တွင် နစ်နာကြောင်း ပညာရှင်များက သက်သေခံသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီး ဦးစိန် အောင် (လိုပြ-၂) က အောက်ပါအတိုင်းထွက်ဆိုသည်-

"ကျွန်တော်တို့ ဆက်သွယ်ရေးကော်ပိုရေးရှင်းနှင့် အမေရိကန် ရှိ ဆက်သွယ်ရေးလမ်းကြောင်းကို အသုံးပြုသည့်အခါ အသုံးပြုသည့်အတိုင်း အတာအလိုက် ဒေါ်လာပေးဆောင် ရက ကျွန်တော်တို့ဘက်မှ ခေါ်ဆိုပါက အဆိုပါကျသင့်ငွေ ဒေါ်လာကို ကျွန်တော်တို့ ရရှိမည်ဖြစ်ပြီး၊ ကောဘက်စစ်စတန် ကို အသုံးပြုခြင်းကြောင့် အမေရိကန်ဘက်မှ ကျွန်တော်တို့ မြန်မာပြည်သို့ ဆက်သွယ်ရေးလမ်းကြောင်းကို အသုံးပြုသော် လည်း ကောဘက်စနစ်တွင် မည်မျှအသုံးပြုသည် သိနိုင်သည့် အချက်ပြစနစ် ပါမလာသောကြောင့် ၎င်းတို့ဘက်မှခေါ်သော ခေါ်ဆိုမှုသည်လည်း မအောင်မြင်သော ခေါ်ဆိုမှုအဖြစ်သာ မှတ်တမ်းပေါ်နေသည့်အတွက် ကျွန်တော်တို့အသုံးပြုသည့် ဆက်ကြောင်းကို အသုံးပြုပြီး ထိုအသုံးပြုသည့်အပေါ်တွင် ကျွန်တော်တို့ဘက်မှ မည်သည့်အခကြေးငွေမှ မရသဖြင့် နစ်နာသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။"

ကောဘက်စနစ်ကို အသုံးပြုသဖြင့် အမ်အက်(စ်)အာကုမ္ပဏီ မှ နိုင်ငံခြားငွေလက်မှတ်တန်ဖိုး ၃၂၁၁၈၀. ၈၀ ယူနစ် ကောက်ခံရယူခဲ့

ကြောင်း၊ ယင်းကုမ္ပဏီသည် ကောဘက်လုပ်ငန်း လုပ်ကိုင်ခွင့် မရှိကြောင်း သက်သေခံစာမှတ်စာတမ်း အထောက်အထားများ (သက်သေခံ- က မှ တ) ရှိသည်။ ထို့ပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးစိုး (လိုပြ-၆) နှင့် ၎င်း၏ပြန်ကြားစာ (သက်သေခံ- ၁-ဃ) အရ ထင်ရှားပေရာ အယူခံတရားလိုများသည် ၁၉၈၉ ခုနှစ်၊ နိုင်ငံတော်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃ (ခ) ပါ စာတိုက်နှင့်ကြေးနန်းဆက်သွယ်ရေးလုပ်ငန်းများကို အစိုးရကသာ ဆောင်ရွက်ခွင့်ရှိကြောင်း ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ရာရောက်သည်။ ရန်ကုန်တိုင်းတရားရုံး (အနောက်ပိုင်းခရိုင်) က ယင်းဥပဒေပုဒ်မ ၉/ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၁၄ အရ ၎င်းတို့ကို ပြစ်မှုထင်ရှားစီရင်ခြင်း၊ ထောင်ဒဏ် (၅) နှစ်စီ ချမှတ်ထားခြင်းမှာ မှားယွင်းချွတ်ချော်သည်ဟု မဆိုနိုင်။

ထို့ကြောင့် အယူခံတရားလို ဦးမောင်မောင်သန်း တင်သွင်းသော အယူခံမှုအမှတ် ၇၃/၂၀၀၀ နှင့် ဦးအောင်သန်းမြင့် တင်သွင်းသော အယူခံမှုအမှတ် ၇၉/၂၀၀၀ တို့ကို ပလပ်လိုက်သည်။

+ ၂၀၀၀

စက်တင်ဘာလ

၂၉ ရက်

တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊
ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ် နှင့်
တရားသူကြီး ဦးစန်းတင့်ရီတို့ရှေ့တွင်

မောင်သူရစိုး

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်*

တရားခံအား မူလရုံးက ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆ (ဂ) အရ ပြစ်မှုထင်ရှားစီရင်ခြင်းကို တရားရုံးချုပ်က အတည်ပြုခဲ့ခြင်းမှာ မှန်ကန်မှုရှိ-မရှိ။

ဆုံးဖြတ်ချက်။ ။ ဝင်းယုံ မောင်းနှင်သောကားကို ဖမ်းဆီးရာတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ကြသူ ရဲအုပ်ဒိုင်နာအာချဒ်၏ ထွက်ဆိုချက်နှင့် ရှာဖွေရာတွင်ရှိနေသူ (ရဝတ) ဥက္ကဋ္ဌ ဦးမောင်မောင်မြင့်၏ ထွက်ဆိုချက်များကို စိစစ်ကြည့်မည်ဆိုလျှင် ကားနောက်ခန်းကူရှင်ပေါ်တွင် တွေ့ရသော အနွေးထည်ဂျာကင်အင်္ကျီမှာ သူရစိုး၏ဂျာကင်အင်္ကျီသာ ဖြစ်ကြောင်း ထင်ရှားသည်။ ယင်းဂျာကင်အင်္ကျီထဲမှ တွေ့ရသော မူးယစ်ဆေးဝါးပစ္စည်းများကို သူရစိုးက သက်သေခံ (ခ) ရှာဖွေပုံစံတွင်

---

* ၁၉၉၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၁၁ (မန္တလေး)

+ ၁၉၉၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၄ တွင် ချမှတ်သော ၉-၄-၉၈ ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏အမိန့်ကို အထူးအယူခံမှု

လက်မှတ်ရေးထိုးပေးအပ်သည်။ သို့ဖြစ်ရာ သက်သေများ၏ ထွက်ဆိုချက်တွင် အနည်းငယ်ကွဲလွဲချက်ရှိရုံမျှဖြင့် ယင်းထွက်ဆိုချက်အားလုံးကို မယုံကြည်ထိုက်ဟူ၍ ပစ်ပယ်ရန်မဟုတ်။ သက်သေများ၏ ထွက်ဆိုချက် အနှစ်သာရကို ချိန်ဆကြည့်မည်ဆိုလျှင် အဓိကကျသောအချက်တွင် ကွဲလွဲချက်မရှိဘဲ တူညီနေသည်ကို တွေ့ရမည်ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။ ဝင်းယုံ၏ဖြောင့်ချက်သည် မိမိကိုယ်မိမိကိုယ်လွတ်ရုန်းပြီး ပူးတွဲတရားခံ သူရစိုးအပေါ် အပြစ်ပုံချသည့် ဖြောင့်ချက်မျိုးမဟုတ်သဖြင့် ယင်းဖြောင့်ချက်ကို ပူးတွဲတရားခံ သူရစိုးအပေါ် အသုံးပြုနိုင်ပေသည်။ ဖြောင့်ချက်တွင်ပါရှိသော အချက်အလက်များကို အမှုတွင်ပေါ်ပေါက်သော သက်သေခံ အထောက်အထားများနှင့် ယှဉ်တွဲစဉ်းစားပါက အယူခံတရားလို သူရစိုးသည် ပြစ်မှုကျူးလွန်ကြောင်း မြင်သာထင်ရှားသဖြင့် မူလတရားရုံးနှင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) က သူရစိုးအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆ (ဂ) အရ အလုပ်နှင့်ထောင်ဒဏ် (၅) နှစ်ကျခံစေရန် အမိန့်ချမှတ်ခြင်းမှာ မှားယွင်းမှုမရှိပေ။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးမောင်မောင်ကို<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားခံအတွက် | - | ဦးမြင့်နိုင်<br>ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး |

ရှမ်းပြည်နယ်တရားရုံး (တောင်ကြီးခရိုင်)၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၉/၉၇ တွင် တရားခံ ဝင်းယုံ၊ သူရစိုး၊ စိုင်းလောင်လျှန်းနှင့် အောင်ရဲသိန်းတို့ (၄) ဦးအား ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို

ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၁၅၊ ၁၆ (ဂ)၊ ၂၀(က)/၂၁ တို့အရ တရားစွဲဆိုမှုတွင် သူရစိုးအပေါ် ယင်းဥပဒေပုဒ်မ ၁၆ (ဂ) အရ အလုပ်နှင့်ထောင်ဒဏ် (၅) နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

အဆိုပါအမိန့်ကို တရားခံ သူရစိုးက မကျေနပ်သဖြင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၄/၉၈ တွင် အယူခံဝင်ရောက်ရာ အယူခံမှုကိုပလပ်ခဲ့သည်။ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏အမိန့်ကို သူရစိုးက မကျေနပ်သဖြင့် ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ (အထူးအယူခံ) မှုအမှတ် ၉၇/၉၈ ကို တင်သွင်းရာ အောက်ပါပြဿနာကို အထူးအယူခံခုံရုံးဖြင့် ကြားနာဆုံးဖြတ်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

> "လျှောက်ထားသူ၏ လက်ဝယ်မှ သက်သေခံ မူးယစ်ဆေးဝါးဆိုင်ရာပစ္စည်းများ တွေ့ရှိကြောင်း ခိုင်လုံခြင်းမရှိ၊ သံသယဖြစ်ဘွယ် ပေါ်ပေါက်လျက် လျှောက်ထားသူအပေါ် မူလရုံးက ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆ (ဂ) အရ ပြစ်မှုထင်ရှားစီရင်ခြင်းကို တရားရုံးချုပ်က အတည်ပြုခဲ့ခြင်းမှာ မှန်ကန်မှု ရှိ-မရှိ။"

အမှုမှာ ၂၄-၁-၉၇ ရက်နေ့ ၁၅း၀၀ နာရီခန့်တွင် တောင်ကြီးမြို့၊ မူးယမ်အထူးအဖွဲ့မှ ရဲအုပ်ဒိုင်နာအာချဒ်နှင့်အဖွဲ့ဝင်များသည် ထောက်လှမ်းရေး (၂) မှ တပ်ဖွဲ့ဝင်များနှင့်အတူ သတင်းအရ စောင့်ဆိုင်းနေစဉ် သစ်တောရပ်ကွက်၊ ယုဒသန်လက်ဖက်ရည်ဆိုင်အနီးသို့ ယာဉ်အမှတ် ဘ/၇၄၈၆ အဖြူရောင် (Van) ဘင်ကားတစ်စီးအား မသင်္ကာဘွယ်ရာ တွေ့ရှိရသဖြင့် (ရဝတ) ရုံးသို့ ခေါ်ယူရှာဖွေရာ ယာဉ်မောင်းဝင်းယုံ ဝတ်ဆင်ထားသည့် သားရေဂျာကင် အနက်ရောင် အင်္ကျီ လက်ျာအတွင်းအိတ်အတွင်းမှ မာဘိုလိုစီးကရက်ဘူးခွံဖြင့်

ထည့်လျက် ဘိန်းဖြူဟု ယူဆရသော အဖြူမှုန့် အထုပ် (၅) ထုပ်၊ စုစုပေါင်းအလေးချိန် (. ၀၀၀၁၅) ကီလိုဂရမ်ကို တွေ့ရှိရသည်။ ၎င်း ယာဉ်ပေါ်တွင် လိုက်ပါလာသူ သူရစိုး၏ အနွေးထည် ကြက်သွေးရောင် ကတ္တီပါဂျာကင်အင်္ကျီ ဘယ်အတွင်းအိတ်မှ ဘိန်းဖြူ ဖျော်ထားသည့်အရည် အနည်းငယ်ပါသော ဆေးထိုးအပ်နှင့် ပိုက်တစ်စုံနှင့် ပလပ်စတစ်ဆေးထိုးပိုက်တစ်စုံကို တွေ့ရသည်။ ၎င်းတို့နှင့် ဆက်သွယ်သူ စိုင်းလောင်လျှန်း ဝတ်ဆင်ထားသည့် ဘောင်းဘီအိတ်ထဲမှလည်း ဘိန်းဖြူရည်အနည်းငယ်ပါ ပလပ်စတစ်ဆေးထိုးပိုက်တစ်စုံ၊ ဆေးထိုးအပ် (၂) ချောင်းနှင့် စတီးဇွန်းတစ်ချောင်းတို့ကို တွေ့ရှိရ၍ ၎င်းတို့အပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မအရ အရေးယူပေးရန် ရဲအုပ်ဒိုင်နာအာချဒ်က တောင်ကြီးမြို့ အမှတ် (၁) ရဲစခန်းတွင် တိုင်ချက်ရေးဖွင့်ရာမှ ပေါ်ပေါက်သောအမှု ဖြစ်သည်။

ဤအမှုတွင် အဓိကစိစစ်ရမည့်အချက်မှာ ယာဉ်အမှတ် ဘ/၇၄၈၆ ဘင်ကား၏ နောက်ခန်းကူရှင်ပေါ်တွင် တွေ့ရသော ဂျာကင်အနွေးထည်အင်္ကျီသည် ကား၏ရှေ့ခန်း ယာဉ်မောင်း ဝင်းယုံ၏ ဝဲဘက်ထိုင်ခုံတွင် လိုက်ပါလာသော တရားခံ သူရစိုး၏ အင်္ကျီဟုတ်-မဟုတ်ဆိုသောအချက် ဖြစ်သည်။

အယူခံတရားလို၏ အကျိုးဆောင်က သက်သေခံဂျာကင်ကို အယူခံတရားလိုလက်ဝယ်မှ တွေ့ရှိခဲ့ခြင်းမဟုတ်ကြောင်း၊ သက်သေခံ ဂျာကင်အင်္ကျီကို ကား၏နောက်ခန်း ထိုင်ခုံပေါ်မှ တွေ့ရှိခဲ့ခြင်းသာ ဖြစ်ကြောင်း၊ အယူခံတရားလို၏လက်ဝယ် မည်သည့်သက်သေခံပစ္စည်းမျှ မတွေ့ရှိကြောင်း၊ သူရစိုး၏အင်္ကျီ ဖြစ်ပါသည်ဆိုသော ရဲထံထွက်ဆိုချက်သည် သက်သေခံဥပဒေပုဒ်မ ၃ အရ သက်သေခံချက်အဖြစ် လက်မခံနိုင်ကြောင်း၊ သက်သေခံဥပဒေပုဒ်မ ၂၅ အရ သက်သေခံမဝင်ကြောင်း၊ ဝင်းယုံ၏ သက်သေခံ (ဇ) ဖြောင့်ချက်ကို အခြားထောက်ခံ

သည့် သက်သေခံချက်များမရှိ၍ ထည့်သွင်းစဉ်းစားခြင်း မပြုနိုင်ကြောင်း၊ အချင်းဖြစ်နေ့က သူရစိုးသည် နီညိုရောင်ဂျာကင်ကို ဝတ်ဆင်မထားကြောင်း၊ သက်သေခံချက်အရ ယုဒသန်လက်ဖက်ရည်ဆိုင်မှ ထွက်ပြေးသွားသူ ခရီးသည်နှစ်ဦး၏ အင်္ကျီဖြစ်ကြောင်း အကျယ်တဝင့် တင်ပြလျှောက်လဲသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက ဤအမှုတွင် တရားလို ရဲအုပ်ဒိုင်နာအာချဒ် တစ်ဦးတည်းကသာ သူရစိုးအင်္ကျီဖြစ်ကြောင်း စွပ်စွဲချက်ရှိပြီး ကျန်သက်သေများက သူရစိုးအင်္ကျီဖြစ်ကြောင်း ပူးတွဲတရားခံ ဝင်းယုံ၏ တင်ပြချက်အရသာ သိရှိသည်ဟု ပေါ်ပေါက်ကြောင်း၊ တရားလို၏ ထွက်ဆိုချက်ကို ထောက်ခံသည့် ရှာဖွေသက်သေများအား ထုတ်ဖော်မေးမြန်းနိုင်ခြင်း မရှိသဖြင့် သက်သေခံချက်များ ကွင်းဆက်ပြတ်ကာ သံသယဖြစ်ဘွယ်ရာ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း တင်ပြလျှောက်လဲသည်။

အချင်းဖြစ်ပွားစဉ်က အဆိုပါကားကို ဖမ်းဆီးရာတွင် ခေါင်းဆောင်ပါဝင်သူ ရဲအုပ်ဒိုင်နာအာချဒ်က

> "စွပ်စွဲခံရသူ (၃) ဦးတို့အား ဆင်းခိုင်းရာ၌ မော်တော်ယာဉ်ထိုင်ခုံပေါ်တွင် ကြက်သွေးရောင် ကတ္တီပါ ဂျာကင်အင်္ကျီတစ်ထည် ကျန်ရှိနေပါသည်။ ကျွန်မတို့အဖွဲ့က ထိုအင်္ကျီကို တွေ့ရှိ၍ ဘယ်သူ့အင်္ကျီလဲ၊ ကိုယ့်အင်္ကျီ ကိုယ်လာယူဟု ပြောသည့်အခါ သူရစိုးက ၎င်း၏အင်္ကျီဟု ပြောဆိုပြီး ကတ္တီပါအင်္ကျီကို ယူဆောင်ပြီး (ရဝတ) ရုံးဝင်းအတွင်းသို့ ဝင်လိုက်ခဲ့ခြင်း ဖြစ်သည်။"

ဟု ထွက်ဆိုသည်။

ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်မြင့် (လိုပြ-၄) က-

"မှူးယစ်အထူးအဖွဲ့မှ ထိုဂျာကင်အင်္ကျီကို (ရဝတ) ရုံး

> အဆောက်အအုံအတွင်းသို့ ယူဆောင်လာပြီး ထိုဂျာကင်အင်္ကျီမှာ မည်သူ့အင်္ကျီဖြစ်သလဲဟု ပြသ၍ ရုံးရှေ့ရှိစွပ်စွဲခံရသူ (၃) ဦးတို့အား မေးမြန်းပါသည်။ ထိုအခါ ၎င်းတို့ (၃) ဦးအနက် မည်သူမည်ဝါမှန်း မသိလိုက်ရသူတစ်ဦးက အဆိုပါဂျာကင်အင်္ကျီမှာ သူရစိုး၏အင်္ကျီဖြစ်ကြောင်း ပြောပြလိုက်သည့်အသံကို ကြားသိလိုက်ရပါသည်။"

ဟု ထွက်ဆိုသည်။

ရှာဖွေသူများ၏ ထွက်ဆိုချက်များတွင် ကွဲလွဲချက်ရှိသော်ငြားလည်း ဖမ်းဆီးသည့် မူးယစ်အထူးအဖွဲ့၏ခေါင်းဆောင် ရဲအုပ်ဒိုင်နာအာချဒ်၏ ထွက်ဆိုချက်ကို အလေးပေး စဉ်းစားရမည် ဖြစ်သည်။ ဖမ်းဆီးသည့် ဖြစ်စဉ်ကို ကြည့်မည်ဆိုလျှင် မူးယစ်အထူးတပ်ဖွဲ့ဝင်များသည် သတင်းအရ စောင့်ဆိုင်းနေစဉ် အချင်းဖြစ် ယာဉ်အမှတ် ဘ/၇၄၈၆ ဘင်ကားအဖြူရောင် ရောက်ရှိလာခြင်း၊ ကားပေါ်တွင် ယာဉ်မောင်းသူ ဝင်းယုံနှင့် သူရစိုးတို့ နှစ်ဦးတည်းသာပါလာခြင်း၊ ကားရပ်ချိန်တွင် ဝင်းယုံနှင့် ကားအောက်မှ စိုင်းလောင်လျှန်းတို့ စကားပြောဆိုခြင်း၊ ထိုသို့စကားပြောဆိုစဉ် ယင်းကားကို မူးယစ်အထူးတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းဖမ်းဆီးပြီး တရားခံ (၃) ဦးနှင့် ကားကို (ရဝတ)ရုံးသို့ မောင်းယူလာကာ (ရဝတ)ဥက္ကဋ္ဌ ဦးမောင်မောင်မြင့်ရှေ့တွင် ရှာဖွေရာ ဝင်းယုံထံမှ ဘိန်းဖြူအထုပ်များကိုလည်းကောင်း၊ စိုင်းလောင်လျှန်းထံမှ ဘိန်းဖြူအရည်ပါသော ဆေးထိုးအပ်နှင့် ဆေးထိုးပိုက်များကိုလည်းကောင်း တွေ့ရှိရခြင်း၊ သူရစိုး၏ ကိုယ်ခန္ဓာပေါ်မှ မူးယစ်ဆေးဝါး ရှာဖွေ မတွေ့ရှိသော်လည်း ကားနောက်ခန်း ကူရှင်ပေါ်မှ တွေ့ရသော ဂျာကင်အင်္ကျီတွင် မူးယစ်ဆေးဝါးအရည်ထည့်ထားသော ဆေးထိုးအပ်နှင့် ဆေးထိုးပိုက်များ တွေ့ရခြင်း၊ ယင်းဂျာကင်အင်္ကျီမှာ သူရစိုး၏အင်္ကျီဖြစ်ကြောင်း ရှာဖွေရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်ဒိုင်နာအာချဒ်က ထွက်ဆိုခြင်းစသောစဉ်ဆက်မပြတ်သက်သေခံကွင်းဆက်ကိုတွေ့ရသည်။

သူရစိုး၊ ဝင်းယုံနှင့် စိုင်းလောင်လျှန်းတို့အား မူးယစ်အထူး တပ်ဖွဲ့ဝင်များက (ရဝတ) ရုံးသို့ ခေါ်ဆောင်သွားပြီး ရှာဖွေရာတွင် မိမိတို့တွေ့မြင် သိရှိရသော အချက်များကို ရှာဖွေရာတွင် ပါဝင်သူ အသီးသီးက ထွက်ဆိုကြခြင်းဖြစ်ရာ ယင်းထွက်ဆိုချက်များမှာ သက်သေခံဥပဒေပုဒ်မ ၃ နှင့်လည်းကောင်း၊ ပုဒ်မ ၂၅ နှင့် လည်းကောင်း ဆန့်ကျင်ရန် အကြောင်းမရှိပေ။

ဝင်းယုံသည် တောင်ကြီးမြို့နယ်တရားရုံး၊ တွဲဖက်မြို့နယ် တရားသူကြီး ဒေါ်ခင်မေတင့် (လိုပြ-၇) ထံတွင် သက်သေခံ (ဇ) ဖြောင့်ချက်ကို ပေးခဲ့သည်။ ထိုဖြောင့်ချက်တွင်-

> "၂၄-၁-၉၇ နေ့တွင် သူငယ်ချင်း သူရစိုးနှင့်အတူ နံနက် ၁၀ နာရီတွင် ထုံးဘိုသို့သွား၍ အောင်ရဲသိန်းဆိုသူထံတွင် ပစ္စည်းဝယ်ခဲ့ပါသည်။ ပစ္စည်းဆိုရာတွင် ဘိန်းဖြူကို ပြောခြင်း ဖြစ်ပါသည်။ ၎င်းနေ့တွင်ပင် တောင်ကြီးသို့ ပြန်တက်ခဲ့ပြီး စူဠာမဏိဘုရားနားတွင် ကားရပ်၍ ဘိန်းဖြူသုံးစွဲပါသည်။ ၎င်းနောက် သူရစိုးအား တောင်ကြီးတက္ကသိုလ်သို့ ပို့ပေးခဲ့ ပါသည်။ × × × × × × × ကျနော်တို့ကိုယ်ပေါ် ရှာဖွေရာ ကျနော်၏ကိုယ်ပေါ်တွင် ဝတ်ထားသော ဂျာကင်အင်္ကျီထဲမှ ဘိန်းဖြူထုပ်ကို တွေ့ပါသည်။ သူရစိုးအင်္ကျီထဲမှ ဆေးထိုးအပ် တွေ့ပါသည်။ စိုင်းလောင်လျှန်း ဘောင်းဘီအိပ်ထဲမှ ဆေးထိုး အပ် တွေ့ပါသည်။ ဘိန်းဖြူကို ကျနော်တို့ သူငယ်ချင်း (၃)ဦး ပိုက်ဆံရ၍ အတူတကွ သုံးစွဲခြင်း ဖြစ်ပါသည်။ ပြန်လည် ရောင်းခဲ့ခြင်း လုံးဝမရှိပါ။"

ဟု ဖြောင့်ဆိုထားသည်။

ဝင်းယုံက ဖြောင့်ချက်ကို ပြန်လည်ရုပ်သိမ်းသည်။ ဝင်းယုံက ရုံးရှေ့တွင် ထွက်ဆိုရာတွင် ၎င်းဝတ်ဆင်ထားသော ဂျာကင်အင်္ကျီနှင့် ကားနောက်ခန်းမှတွေ့သော ဂျာကင်အင်္ကျီမှာ ၎င်းကားကို မူလက

ငှားစီးလာသူ ခရီးသည်နှစ်ဦး၏ ပစ္စည်းဖြစ်ကြောင်း၊ အဆိုပါ ဂျာကင်အင်္ကျီမှာ ၎င်းပစ္စည်းမဟုတ်ကြောင်း၊ ခရီးသည်နှစ်ဦးကို မိမိတို့အဖမ်းခံရစဉ် မတွေ့ရတော့ကြောင်း ထုချေထားသည်ကိုတွေ့ရသည်။

သူရစိုးက ထွက်ဆိုရာတွင် ၎င်းသည် တောင်ကြီးတက္ကသိုလ်တွင် ဘူမိဗေဒဘာသာရပ် တတိယနှစ်သင်တန်းသို့ တက်ရောက်နေသူဖြစ်ကြောင်း၊ လက်တွေ့စာသင်တန်းများ ပြီးစီး၍ အဖြူရောင်တက္ကစီကားတစ်စီးကို တွေ့သဖြင့် မြို့ထဲသို့ ကားငှားစီးလာကြောင်း၊ ယာဉ်မောင်းဘေးရှေ့ထိုင်ခုံတွင် ဝင်ရောက်စဉ် ထိုင်ခုံကျောမှီပေါ်တွင် တင်လျက်ရှိသော သားရေဂျာကင်အင်္ကျီကို ယာဉ်မောင်းဖြစ်သူမှ ၎င်းအားခုနေမည်စိုး၍ပြောပြီး ၎င်း၏ကိုယ်ပေါ်တွင် ဝတ်ဆင်လိုက်သည်ကိုတွေ့ရကြောင်း၊ နီညိုရောင်ဂျာကင်အင်္ကျီ ကားနောက်ခန်းတွင် ပါလာသည်ကို သတိမထားမိကြောင်း၊ ယင်းဂျာကင်အင်္ကျီမှာ မိမိ၏ပစ္စည်းမဟုတ်ကြောင်း ထုချေသည်။ ဦးကျော်ကျော် (ခံပြ-၁၂)၊ ကိုစိုးမင်း (ခံပြ-၁၃)၊ ဦးခင်မောင်ဝင်း (ခံပြ-၁၅) တို့က သူရစိုးကားပေါ် တက်လိုက်သွားသည့်အချိန်က ရှပ်အင်္ကျီအဖြူကို ဝတ်ဆင်ထားကြောင်း၊ အခြားဂျာကင်အင်္ကျီ ဝတ်ထားခြင်းမရှိကြောင်း ထွက်ဆိုကြသည်။

မူးယစ်တပ်ဖွဲ့ဝင်များက အချင်းဖြစ်ကားကို ဖမ်းဆီးစဉ်က ကားပေါ်တွင် ယာဉ်မောင်း ဝင်းယုံနှင့် သူရစိုးတို့နှစ်ဦး တွေ့ရှိရသည်မှာ အငြင်းမပွားပေ။ ထို့ကြောင့် ကားပေါ်တွင် အခြားခရီးသည် (၂) ဦး ပါလာလေဟန်၊ ဝင်းယုံဝတ်ထားသော အနွေးထည်နှင့် ကားနောက်ခန်းမှ တွေ့ရှိရသော အနွေးထည်များမှာ အဆိုပါခရီးသည် (၂) ဦး၏ ပစ္စည်းများဖြစ်လေဟန်၊ ဝင်းယုံနှင့် သူရစိုးတို့၏ ထွက်ဆိုချက်များမှာ ယုတ္တိမရှိသဖြင့် လက်ခံနိုင်ရန် ခဲယဉ်းသည်။ ထို့ပြင် သူရစိုးသည် ရှပ်အင်္ကျီကိုသာ ဝတ်ဆင်ထားကြောင်း၊ ဂျာကင်အင်္ကျီ ဝတ်မထားကြောင်း ထွက်ဆိုချက်များ လွယ်လင့်တကူ တင်ပြနိုင်သော ထွက်ဆိုချက်များသာ ဖြစ်သည်။

ဝင်းယုံမောင်းနှင်သောကားကို ဖမ်းဆီးရာတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ကြသူ ရဲအုပ်ဒိုင်နာအာချဒ်၏ ထွက်ဆိုချက်နှင့် ရှာဖွေရာတွင်ရှိနေသူ (ရဝတ) ဥက္ကဋ္ဌ ဦးမောင်မောင်မြင့်၏ ထွက်ဆိုချက်များကို စိစစ်ကြည့်မည်ဆိုလျှင် ကားနောက်ခန်းကူရှင်ပေါ်တွင် တွေ့ရသော အနွေးထည်ဂျာကင်အင်္ကျီမှာ သူရစိုး၏ဂျာကင်အင်္ကျီသာ ဖြစ်ကြောင်း ထင်ရှားသည်။ ယင်းဂျာကင်အင်္ကျီထဲမှ တွေ့ရသော မူးယစ်ဆေးဝါး ပစ္စည်းများကို သူရစိုးက သက်သေခံ (ခ) ရှာဖွေပုံစံတွင် လက်မှတ်ရေးထိုးပေးအပ်သည်။ သို့ဖြစ်ရာ သက်သေများ၏ ထွက်ဆိုချက်တွင် အနည်းငယ် ကွဲလွဲချက်ရှိရုံမျှဖြင့် ယင်းထွက်ဆိုချက်များအားလုံးကို မယုံကြည်ထိုက်ဟူ၍ ပစ်ပယ်ရန်မဟုတ်။ သက်သေများ၏ ထွက်ဆိုချက် အနှစ်သာရကို ချိန်ဆကြည့်မည်ဆိုလျှင် အဓိကကျသောအချက်တွင် ကွဲလွဲချက်မရှိဘဲ တူညီနေသည်ကို တွေ့ရမည်ဖြစ်သည်။

တရားခံဝင်းယုံက ငြင်းပေးထားသော ဖြောင့်ချက်ကို ပြန်လည်ရုပ်သိမ်းသော်လည်း ယင်းဖြောင့်ချက်မှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၄ နှင့် ပုဒ်မ ၃၆၄ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရယူထားသော ဖြောင့်ချက်ဖြစ်သဖြင့်လည်းကောင်း၊ တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်ခင်မေတင့်က ယင်းဖြောင့်ချက်ကို တရားခံဝင်းယုံ၏ လွတ်လပ်သော ဆန္ဒအလျောက်ပေးကြောင်း ထွက်ဆိုထားသဖြင့်လည်းကောင်း ဖြောင့်ချက်ပါ ထွက်ဆိုချက်များမှာ မှန်ကန်သည်ဟု ဆိုရမည်။

ထို့ပြင် ဝင်းယုံ၏ဖြောင့်ချက်သည် မိမိကိုယ်မိမိ ကိုယ်လွတ်ရုန်းပြီး ပူးတွဲတရားခံ သူရစိုးအပေါ် အပြစ်ပုံချသည့် ဖြောင့်ချက်မျိုး မဟုတ်သဖြင့် ယင်းဖြောင့်ချက်ကို ပူးတွဲတရားခံ သူရစိုးအပေါ် အသုံးပြုနိုင်ပေသည်။ ဖြောင့်ချက်တွင်ပါရှိသော အချက်အလက်များကို အမှုတွင် ပေါ်ပေါက်သော သက်သေခံအထောက်အထားများနှင့် ယှဉ်တွဲစဉ်းစားပါက အယူခံတရားလို သူရစိုးသည် ပြစ်မှုကျူးလွန်ကြောင်း မြင်သာထင်ရှားသဖြင့် မူလတရားရုံးနှင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်)

က သူရစိုးအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆ (ဂ) အရ အလုပ်နှင့်ထောင်ဒဏ် (၅) နှစ်ကျခံစေရန် အမိန့်ချမှတ်ခြင်းမှာ မှားယွင်းမှုမရှိပေ။

ထို့ကြောင့် ရှမ်းပြည်နယ်တရားရုံး (တောင်ကြီးခရိုင်) ၏ အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသော တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ အမိန့်တို့ကို အတည်ပြုပြီး ဤအထူးအယူခံမှုကို ပလပ်ကြောင်း အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာအထူးအယူခံမှု

+ ၂၀၀၀
နိုဝင်ဘာလ
၃ ရက်

တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊
တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့် နှင့် ဦးထွန်းရှင်
တို့ရှေ့တွင်

သက်နိုင် (ခ) သိုက်စိုး

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်*

မူးယစ်ဆေးဝါး အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် "အာနိသင်" ဆိုသော စကားရပ် ပါဝင်ခြင်းရှိ-မရှိ။

ဆုံးဖြတ်ချက်။ ။ မူးယစ်ဆေးဝါးဆိုသည်မှာ မူးယစ်ဆေးဝါး တစ်မျိုးမျိုး ပါဝင်သည့်အရာနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဖြစ်သည်။ ယင်းအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် "အာနိသင်" ဆိုသော စကားရပ် မပါရှိပေ။ အာနိသင်သည် ရုပ်ဝတ္ထုနှင့်သော်လည်းကောင်း၊ အလေးချိန်သော်လည်းကောင်း ပါရှိသောပစ္စည်း မဟုတ်သဖြင့် ဘိန်း အာနိသင်ပါရှိသော ပင်နယ်စလင်ပုလင်းခွံ (၂) လုံးကို မူးယစ်ဆေးဝါး ဖြစ်သည်ဟုသော်လည်းကောင်း၊ စိတ်ကိုပြောင်းလဲစေသော ပစ္စည်း ဖြစ်သည်ဟုသော်လည်းကောင်း ဆိုနိုင်မည် မဟုတ်ပေ။

---

* ၁၉၉၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၁၆

+ ၁၉၉၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၄၃၂ တွင် ချမှတ်သော ၃၁-၈-၉၈ ရက်စွဲပါ တရားရုံးချုပ်၏အမိန့်ကို အထူးအယူခံမှု

ထပ်မံဆုံးဖြတ်ချက်။ ။ ဤအမှုတွင် အယူခံတရားလို သက်နိုင် (ခ) သိုက်စိုး၏ ညာဘက်လက်ဖျံတွင် ဆေးထိုးအပ်ရာ တွေ့ရှိသဖြင့် ၎င်းအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅ အရ ပြစ်မှုထင်ရှားစီရင်ခဲ့ပြီး ဖြစ်သည်။ ထိုသို့ မူးယစ်ဆေးဝါးကို မှတ်ပုံမတင်ဘဲ သုံးစွဲမှုအတွက် ပြစ်မှုထင်ရှားစီရင်ခံရသဖြင့် ၎င်းနေအိမ်မှ တွေ့ရှိရသော ဘိန်းအာနိသင်ရှိသည့် ပင်နယ်စလင်ပုလင်းခွံ (၂) လုံးမှာ မူးယစ်ဆေးဝါးထည့်၍ အသုံးပြုသောပစ္စည်း ဖြစ်ရမည်ဟူ၍ ကောက်ယူကာ မူးယစ်ဆေးဝါးကို လက်ဝယ်ထားရှိမှုအတွက် အယူခံတရားလိုအား ပြစ်မှုထင်ရှားစီရင်မည်ဆိုပါက ထင်ကြေးဖြင့် အပြစ်ပေးရာရောက်မည် ဖြစ်သည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးခင်မောင်မြင့်<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားခံအတွက် | - | ဦးမြင့်နိုင်<br>ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး |

လမ်းမတော်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၅၅၀/၉၄ တွင် တရားခံ သက်နိုင် (ခ) သိုက်စိုးအား ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၁၅ နှင့် ၁၆ (ဂ) အရ စွဲချက်တင်စစ်ဆေးပြီးနောက် ပုဒ်မ ၁၅ အရ ပြစ်မှုထင်ရှားတွေ့ရှိသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၃) နှစ်နှင့် (၆) လ ကျခံစေရန် အမိန့်ချမှတ်ပြီး၊ ပုဒ်မ ၁၆ (ဂ) အရ ပြစ်မှုထင်ရှားမတွေ့ရှိရသဖြင့် ယင်းပြစ်မှုမှ အပြီးအပြတ်လွှတ်သည့်အမိန့် ချမှတ်သည်။ ယင်းအမိန့်ကို ရှေ့နေချုပ်ရုံးက မကျေနပ်သဖြင့် တရားရုံးချုပ်တွင် ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၄၃၂/၉၅ အရ အယူခံဝင်ရောက်ခဲ့ရာ တရားရုံးချုပ်က တရားခံ သက်နိုင် (ခ) သိုက်စိုးအပေါ်တွင်

၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆ (ဂ) အရ အလုပ်နှင့်ထောင်ဒဏ် (၅) နှစ် ကျခံစေရန် အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို တရားခံ သက်နိုင် (ခ) သိုက်စိုးက မကျေနပ်သဖြင့် တရားရုံးချုပ်၊ ပြစ်မှုဆိုင်ရာအထွေထွေ လျှောက်လွှာ(အထူးအယူခံ) မှုကို လျှောက်ထားရာ အောက်ပါပြဿနာကို စုံညီခုံရုံး (ယခုအထူးအယူခံခုံရုံး) ဖြင့် ကြားနာစစ်ဆေးနိုင်ရန် အထူးအယူခံ ဝင်ခွင့်ပြုခဲ့သည်-

> "လျှောက်ထားသူထံမှ သိမ်းဆည်းရမိသည်ဆိုသော ပင်နယ်စလင်ပုလင်းခွံ (၂) ခုတွင် ဘိန်းစိမ်းအာနိသင်ရှိသည့်ပစ္စည်းဟုပေါ်ပေါက်၍ ယင်းပစ္စည်းသည် ယင်းဥပဒေပုဒ်မ ၂ (က) နှင့် (ခ) ပါ မူးယစ်ဆေးဝါး ဟုတ်-မဟုတ်၊ ယင်းကဲ့သို့ လျှောက်ထားသူထံမှ အချင်းဖြစ်ပစ္စည်းကို သိမ်းဆည်းရမိ၍ လျှောက်ထားသူအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၁၆ (ဂ) အရ တရားရုံးချုပ်က ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းမှာ ဥပဒေနှင့်ညီ-မညီ။"

အမှုဖြစ်ပွားပုံအကျဉ်းချုပ်မှာ ရန်ကုန်မူးယစ် (အထူး) အဖွဲ့မှ ရဲအုပ်အောင်နိုင်နှင့် ရဲတပ်ကြပ်ကြီးစံတင်တို့သည် (၂၃-၁၁-၉၄) နေ့ နံနက် (၀၈၁၅) နာရီအချိန်တွင် လမ်းမတော်မြို့နယ်၊ မော်တင်ဈေးအနီးတွင် သက်နိုင် (ခ) သိုက်စိုးအား မသင်္ကာသဖြင့် ရှာဖွေစစ်ဆေးရာ ၎င်း၏ညာဘက်လက်ဖျံတွင် ဆေးထိုးအပ်ရာများ တွေ့ရသဖြင့် ၎င်းနေထိုင်ရာဖြစ်သော လမ်းမတော်မြို့နယ်၊ ၅ ရပ်ကွက်၊ ၁-လမ်း၊ အမှတ်-၉ နေအိမ်သို့ လမ်းမတော်ရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ နေအိမ်ရှေ့နံရံ ဘုရားစင်ဘေးရှိ တန်းပေါ်တွင် ဘိန်းဆီအာနိသင် ပါရှိသည်ဟုထင်ရသော ပင်နယ်စလင်ပုလွင်းခွံ (၂) ခုအား တွေ့ရှိရသဖြင့် သက်နိုင် (ခ) သိုက်စိုးအား ၁၉၉၃ ခုနှစ်၊

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူပေးရန် လမ်းမတော်ရဲစခန်းတွင် တိုင်ကြားရာမှ ပေါ်ပေါက်လာသောအမှု ဖြစ်သည်။

အမှုတွင် တရားခံ သက်နိုင် (ခ) သိုက်စိုး၏နေအိမ်မှ ပင်နယ်စလင်ပုလင်းခွံ (၂) လုံးကို သိမ်းဆည်းရရှိသည်ဆိုသော အချက်မှာ အငြင်းမပွားပေ။ တရားခံ သက်နိုင် (ခ) သိုက်စိုးက ယင်းပင်နယ်စလင်ပုလင်းခွံ (၂) လုံးမှာ ဖခင်ဦးစံမောင် လေဖြတ်ရောဂါ ခံစားနေရ၍ တိုင်းရင်းမြန်မာဆေးဆရာကြီး ဦးဇော်ထက်ပေးသော ဆေးများဖြစ်ကြောင်း၊ သိမ်းဆည်းချိန်တွင် အရည်မရှိတော့ဘဲ ပုလင်းခွံသာဖြစ်ကြောင်း၊ ထိုပုလင်းခွံများထဲတွင် မူးယစ်ဆေးဝါးပါ-မပါ ၎င်းနှင့်ဖခင်တို့ မသိကြောင်း ထုချေသည်။ ဆေးဆရာ ဦးကျော်အေး (ခံပြ-၃) က ဦးစံမောင်အား ပေးထားသော ဆေးနံပါတ် ၂၂ တွင် ဘိန်း ၈ ပဲသား ပါဝင်ဖော်စပ်ထားကြောင်း ဆေးကုသမှုမှတ်တမ်းစာအုပ်ကို သက်သေခံအဖြစ် တင်ပြပြီး ထွက်ဆိုထားသည်ကို တွေ့ရသည်။ ယင်းထွက်ဆိုချက်များအရ မြို့နယ်တရားရုံးက သက်သေခံပစ္စည်း ပင်နယ်စလင်ပုလင်းခွံ (၂) လုံးမှာ တရားခံ သက်နိုင် (ခ) သိုက်စိုး၏ ဖခင် သုံးစွဲသည့်ဆေးပုလင်းခွံဖြစ်၍ သက်နိုင်လက်ဝယ်တွင် ထားရှိသော ပစ္စည်းမဟုတ်ကြောင်း သုံးသပ်ပြီး တရားခံအား အမှုမှ အပြီးအပြတ်လွှတ်ခဲ့ခြင်း ဖြစ်သည်။

တရားရုံးချုပ်က တိုင်းရင်းမြန်မာဆေးဆရာ ဦးဇော်ထက်က ဦးစံမောင်သို့ပေးသည့် ဆေးတွင် ဘိန်းပါဝင်ကြောင်း တင်ပြချက်နှင့် စပ်လျဉ်း၍ အထောက်အထား တင်သွင်းနိုင်ခြင်း မရှိကြောင်း၊ သက်သေခံ ပင်နယ်စလင်ပုလွင်းခွံ (၂) လုံးမှာ ဦးဇော်ထက်မှ ဦးစံမောင်သို့ ပေးခဲ့သည့် ဆေးထည့်ထားသည့် ပုလင်းခွံဟု ယူဆရန်မသင့်ကြောင်း၊ ရှာဖွေပုံစံဖြင့်သိမ်းဆည်းသော ပင်နယ်စလင်ပုလင်းခွံ(၂)လုံးတွင် ဘိန်းအာနိသင် ပါရှိသည်ဟု အင်းစိန်မှုခင်းတပ်ဖွဲ့၏ သက်သေခံ

အမှတ်(ဂ) မြန်ကြားစာအရ ပေါ်ပေါက်ကြောင်း၊ သက်နိုင် (ခ) သိုက်စိုးမှာ မူးယစ်ဆေးဝါးသုံးစွဲသူတစ်ဦး ဖြစ်သည့်အလျောက် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သော ပင်နယ်စလင်ပုလင်းခွံ (၂) လုံးမှာ ၎င်း၏ပစ္စည်းသာ ဖြစ်ကြောင်း ဆက်စပ်ကောက်ယူနိုင်သဖြင့် ၎င်း၏ လက်ရှိဖြစ်သည်ဟုသာ ယူဆရမည်ဖြစ်ကြောင်း စသည်ဖြင့် သုံးသပ်ဖော်ပြပြီး တရားခံ သက်နိုင် (ခ) သိုက်စိုးအား ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆ (ဂ) အရ အလုပ်နှင့်ထောင်ဒဏ် (၅) နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

| ၂၀၀၀ |
| --- |
| သက်နိုင် (ခ) သိုက်စိုး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် |

တရားရုံးချုပ်က သက်သေခံပင်နယ်စလင်ပုလင်းခွံ (၂) လုံးတွင် ဘိန်းအာနိသင်ပါရှိသည်ဟူသော အချက်ပေါ်တွင် အခြေပြုပြီး တရားခံ သက်နိုင် (ခ) သိုက်စိုးအား ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆ (ဂ) အရ ပြစ်ဒဏ် ချမှတ်ခဲ့ခြင်းဖြစ်ရာ ယင်းအမိန့်မှာ ဥပဒေနှင့် ညီညွတ်ခြင်း ရှိ-မရှိ စိစစ်ရန်လိုသည်။

အယူခံတရားလို၏အကျိုးဆောင်က အချင်းဖြစ် ပင်နယ်စလင်ပုလင်းခွံ (၂) လုံးမှာ "ဘိန်းအာနိသင်" သာပါရှိပြီး ဘိန်းကဲ့သို့ ရုပ်ဝတ္ထုဒြပ်မရှိကြောင်း၊ ကိုင်တွယ်၍မရသည့် အာနိသင်သာပါရှိကြောင်း ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၂ ပြဋ္ဌာန်းချက်အရ မူးယစ်ဆေးဝါးပစ္စည်းတွင် အာနိသင် ပါဝင်ခြင်းမရှိကြောင်း၊ အဆိုပါဥပဒေ ပုဒ်မ ၁၆ (ဂ) တွင် မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို လက်ဝယ်ထားမှသာ တရားခံအား ပြစ်မှုထင်ရှားစီရင်နိုင်မည် ဖြစ်ကြောင်း၊ ပင်နယ်စလင်ပုလင်းခွံ (၂) လုံးသည် မူးယစ်ဆေးဝါးမဟုတ်သဖြင့် အယူခံတရားလိုအား ယင်းဥပဒေပုဒ်မ ၁၆ (ဂ) အရ တရားရုံးချုပ်က အပြစ်ပေးခဲ့ခြင်းမှာ မှားယွင်းပါကြောင်း မောင်ဝင်းဇော်မိုး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် [၁၉၉၉ ခုနှစ်၊

ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၈၈ (ခ) ] နှင့် ဘိုဘိုဟန် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် [၁၉၉၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၆၀၈ (ခ) ] အမှုများကို ကိုးကားပြီး တင်ပြလျှောက်လဲသည်။

"မူးယစ်ဆေးဝါး" ဆိုသည်မှာ အောက်ပါတစ်ခုခုကို ဆိုလိုကြောင်း ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂ (က) တွင် ဖော်ပြထားသည်-

(၁) ဘိန်းပင်၊ ကိုကားပင်၊ ဆေးခြောက်ပင်နှင့် ကျန်းမာရေး ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မူးယစ် ဆေးဝါးဖြစ်သည်ဟု ကြေညာထားသည့် အပင်တစ်မျိုး၊ ယင်းအပင် တစ်မျိုးမျိုးမှ ထွက်ရှိသော သို့မဟုတ် ထုတ်လုပ်သော အရာဝတ္ထုများ၊ ဆေးဝါးများ၊

(i) Poppy plant, coca plant, cannabis plant or any kind of plant which the Ministry of Health has, by notification declared to be a narcotic drug, substances and drugs derived or extracted from any such plant;

(၂) ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန် ၍ မူးယစ်ဆေးဝါးဖြစ်သည်ဟု ကြေညာထားသည့် ဆေးဝါးများ၊ ယင်းဆေးဝါးတစ်မျိုးမျိုး ပါဝင်သော အရာဝတ္ထုများ။

(ii) drugs which the Ministry of Health has, by notification declared to be a narcotic drug, and substances containing any type of such drug;

"စိတ်ကိုပြောင်းလဲစေသောဆေးဝါး" ဆိုသည်မှာ ကျန်းမာရေး ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ စိတ်ကိုပြောင်းလဲစေ သောဆေးဝါး ဖြစ်သည်ဟု ကြေညာထားသည့် ဆေးဝါးများကို ဆိုကြောင်း ယင်းဥပဒေပုဒ်မ ၂ (ခ) တွင် ဖော်ပြထားသည်။

(b) Psychotropic substance means drug which the Ministry of Health has, by notification declared to be a psychotropic substance;

အထက်တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်အရ မူးယစ်ဆေးဝါး ဆိုသည်မှာ မူးယစ်ဆေးဝါးတစ်မျိုးမျိုး ပါဝင်သည့် အရာဝတ္ထုနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများ ဖြစ်သည်။ ယင်းအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် "အာနိသင်" ဆိုသောစကားရပ် မပါရှိပေ။ အာနိသင်သည် ရုပ်ဝတ္ထုသော်လည်းကောင်း၊ အလေးချိန်သော်လည်းကောင်း ရှိသော ပစ္စည်း မဟုတ်သဖြင့် ဘိန်းအာနိသင်ပါရှိသော ပင်နယ်စလင်ပုလင်းခွံ (၂) လုံးကို မူးယစ်ဆေးဝါး ဖြစ်သည်ဟုသော်လည်းကောင်း၊ စိတ်ကို ပြောင်းလဲစေသောပစ္စည်း ဖြစ်သည်ဟုသော်လည်းကောင်း ဆိုနိုင်မည် မဟုတ်ပေ။

မောင်ဝင်းဇော်မိုး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမှုတွင် တရားရုံးချုပ်က ဘိန်းအာနိသင်ပါသည့် မြေအကြွမ်းပန်းကန်သည် မူးယစ်ဆေးဝါးမဟုတ်ကြောင်း အောက်ပါအတိုင်း သုံးသပ်ထားသည်-

> "ယခုတွေ့ရှိသော ပစ္စည်းမှာ ဘိန်းအာနိသင်ပါသည့် မြေအကြွမ်းပန်းကန်တစ်လုံး ဖြစ်ရာ ဘိန်းအာနိသင်သာ ရှိပြီး ဘိန်းကဲ့သို့ ရုပ်ဝတ္ထုဒြပ်မရှိပေ။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂ ပြဋ္ဌာန်းချက်အရ မူးယစ်ဆေးဝါးတွင် "အာနိသင်" ပါဝင်ခြင်း မရှိကြောင်း တွေ့ရသည်။"

မဝါဝါကျော် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် (၁၉၉၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၅၆၂)၊ ဘိုဘိုဟန် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အမှုနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် လူချော (ခ) ဇော်ထိုက် (၂၀၀၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ်

၂၀၀၀
သက်နိုင် (ခ) သိုက်စိုး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်

၅၁၃) အမှုတွင်လည်း "အာနိသင်" နှင့်စပ်လျဉ်း၍ အလားတူ ဆုံးဖြတ်ပေးခဲ့ပြီး ဖြစ်သည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးကလည်း ဘိန်းအာနိသင်ရှိသောပင်နယ်စလင်ပုလင်းခွံ (၂) လုံးမှာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဖြစ်သည်ဟု မပေါ်ပေါက်ကြောင်း တင်ပြသည်။ ထို့ကြောင့် ဘိန်းအာနိသင်ပါရှိသော ပင်နယ်စလင်ပုလွှင်းခွံ (၂) လုံးသည် မူးယစ်ဆေးဝါး မဟုတ်ကြောင်း ထုတ်ထားသောပြဿနာ၏ ပထမပိုင်းကို ဖြေဆိုရမည် ဖြစ်သည်။

ပြဿနာ၏ ဒုတိယပိုင်းနှင့်စပ်လျဉ်း၍ အယူခံတရားလိုအပေါ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၁၆ (ဂ) အရ တရားရုံးချုပ်က ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းမှာ ဥပဒေနှင့်ညီမညီ ဆက်လက်သုံးသပ်ရန် ဖြစ်သည်။

၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆ (ဂ) တွင် "မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်း ပြုလုပ်လျှင် ပြစ်မှုမြောက်ကြောင်း ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်အရဆိုလျှင် မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို လက်ဝယ်ထားမှသာ ပြစ်မှုမြောက်မည် ဖြစ်သည်။ မူးယစ်ဆေးဝါး မဟုတ်သောပစ္စည်းကို လက်ဝယ်ထားပါက ယင်းဥပဒေပုဒ်မ ၁၆ (ဂ) အရ ပြစ်မှုမြောက်မည် မဟုတ်ပေ။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက အယူခံတရားလိုသည် မူးယစ်ဆေးဝါး သုံးစွဲသူတစ်ဦးဖြစ်ကြောင်း ပေါ်ပေါက်နေသဖြင့် မူးယစ်ဆေးဝါးကို သက်သေခံအဖြစ် မသိမ်းဆည်းနိုင်စေကာမူ ဘိန်းအာနိသင်ပါသော ပင်နယ်စလင်

ပုလင်းခွံ (၂) လုံး တွေ့ရှိမှုက ယင်းပုလင်းခွံထဲတွင် မူးယစ်ဆေးထည့်၍ အသုံးပြုခဲ့ကြောင်း ဖော်ညွှန်းလျက်ရှိသဖြင့် တရားခံအပေါ် ယင်းဥပဒေ ပုဒ်မ ၁၆ (ဂ) အရ အပြစ်ပေးခြင်းမှာ ဥပဒေနှင့်ညီညွတ်ကြောင်း ဦးမြင့်အောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် (၁၉၉၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၄)၊ ကျော်စိုးနိုင် (ခ) ကျော်လွင်မိုးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် (၁၉၉၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေ လျှောက်လွှာ (အထူးအယူခံ) မှုအမှတ် ၁၆၉/၁၇၀)၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် နှင့် ဦးအောင်ထွန်း (၁၉၉၇ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (စုံညီ)၊ စာ- ၅၁) တို့ကို ကိုးကားပြီး လျှောက်လဲသွားသည်။

ကျော်စိုးနိုင် (ခ) ကျော်လွင်မိုး အမှုတွင် အပ်တပ်လျက် ဆေးထိုးပြွန်ကို တွေ့ရှိသည့်အပြင် ယင်းဆေးထိုးပြွန်တွင် ဟယ်ရိုးအင်း (အာနိုသင်) ရှိကြောင်း ဖော်ညွှန်းနေသဖြင့် ၁၉၉၃ ခုနှစ်၊ မူးယစ် ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅ အရ ပြစ်ဒဏ်ထိုက်ကြောင်း သုံးသပ်ပြီး ပုဒ်မ ၁၆ (ဂ) အရ ပြစ်မှု ထင်ရှား စီရင်ခဲ့ခြင်းဖြစ်သည်။ ယင်းအမှုတွင် မူးယစ်ဆေးဝါးကို မှတ်ပုံ မတင်ဘဲ သုံးစွဲမှုဖြင့် ပြစ်မှုထင်ရှားမစီရင်ဘဲ ပုဒ်မ ၁၆ (ဂ) (မူးယစ် ဆေးဝါး လက်ဝယ်ထားရှိမှု) အတွက်သာ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်း ဖြစ်သည်။ ပုဒ်မနှစ်ရပ်စလုံးနှင့် ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်း မဟုတ်ပေ။

ဦးမြင့်အောင် အမှုတွင် မူးယစ်ဆေးဝါး (မော်ဖိန်း) နှင့်စပ်လျဉ်း ၍ အငြင်းပွားချက် မရှိသည့်အပြင် ဖော်ကောင်၏ထွက်ဆိုချက် ရှိသဖြင့် တရားခံအား ပုဒ်မ ၁၆ (ဂ) အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်း ဖြစ်သည်။ ဦးအောင်ထွန်း အမှုတွင်လည်း မူးယစ်ဆေးဝါး (ဘိန်းမဲ) နှင့် ဘိန်းရှူ ရာတွင် အသုံးပြုသော ပစ္စည်းကိရိယာ စုစုပေါင်း (၁၂) မျိုးကို တွေ့ရှိ ရာ ဘိန်းနှင့်စပ်လျဉ်း၍ မူးယစ်ဆေးဝါးဟုတ်-မဟုတ် အငြင်းမပွား သဖြင့် တရားခံအား မူးယစ်ဆေးဝါးကို လက်ဝယ်ထားရှိမှုနှင့် မှတ်ပုံ မတင်ဘဲ သုံးစွဲမှုတို့အတွက် ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်း ဖြစ်သည်။ ယင်း

အမှုများတွင် ဖမ်းဆီးရရှိသော မူးယစ်ဆေးဝါးနှင့်စပ်လျဉ်း၍ အငြင်းပွားချက် မရှိသဖြင့် ဤအမှုဖြစ်ရပ်နှင့် တူညီမှုမရှိပေ။

ဤအမှုတွင် အယူခံတရားလို သက်နိုင် (ခ) သိုက်စိုး၏ ညာဘက်လက်ဖျံတွင် ဆေးထိုးအပ်ရာ တွေ့ရှိသဖြင့် ၎င်းအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅ အရ ပြစ်မှုထင်ရှားစီရင်ခဲ့ပြီး ဖြစ်သည်။ ထိုသို့ မူးယစ်ဆေးဝါးကို မှတ်ပုံမတင်ဘဲ သုံးစွဲမှုအတွက် ပြစ်မှုထင်ရှားစီရင်ခံရသဖြင့် ၎င်း၏နေအိမ်မှ တွေ့ရှိရသော ဘိန်းအာနိသင်ရှိသည့် ပင်နယ်စလင်ပုလင်းခွံ (၂) လုံးမှာ မူးယစ်ဆေးဝါးထည့်၍ အသုံးပြုသောပစ္စည်း ဖြစ်ရမည်ဟူ၍ ကောက်ယူကာ မူးယစ်ဆေးဝါးကို လက်ဝယ်ထားရှိမှုအတွက် အယူခံတရားလိုအား ပြစ်မှုထင်ရှား စီရင်မည်ဆိုပါက ထင်ကြေးဖြင့် အပြစ်ပေးရာရောက်မည် ဖြစ်သည်။ သက်သေခံ ပင်နယ်စလင်ပုလင်းခွံ (၂) လုံးမှာ မူးယစ်ဆေးဝါးမဟုတ်ကြောင်း အထက်တွင် သုံးသပ်ခဲ့ပြီးဖြစ်ရာ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆ (ဂ) (မူးယစ်ဆေးဝါး လက်ဝယ်ထားရှိမှု) ဖြင့် အယူခံတရားလိုအား တရားရုံးချုပ်က ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းမှာ ဥပဒေနှင့်ညီညွတ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

သို့အတွက် ဤအထူးအယူခံမှုကို ခွင့်ပြုပြီး အယူခံတရားလို သက်နိုင် (ခ) သိုက်စိုးအား တရားရုံးချုပ်က ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆ (ဂ) အရ ပြစ်မှုထင်ရှားတွေ့ရှိခြင်းနှင့် ပြစ်ဒဏ်စီရင်ခြင်းတို့ကို ပယ်ဖျက်လိုက်ပြီး အယူခံတရားလိုအား ယင်းပြစ်မှုနှင့်ပတ်သက်သမျှ အမှုမှအပြီးအပြတ်လွတ်ကြောင်း အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာအယူခံမှု

+ ၂၀၀၀
ဇူလိုင်လ
၃၀ ရက်

တရားရုံးချုပ်တရားသူကြီး ဦးစိန်လှိုင်ရှေ့တွင်

မောင်သန်းထွန်း
မောင်ရွှေကိန်း ပါ ၃
မောင်ရွှေကြီး

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်*
ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုမြန်မာနိုင်ငံတော်

အက်ဖီဒရင်း ဓာတုဗေဒပစ္စည်း သိမ်းဆည်းရရှိမှုဖြင့် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆ (ခ) အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူများအပေါ် ၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၁) အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ ၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက်အဓိပ္ပါယ် ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ခြင်း။

* ၂၀၀၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၂၄၄၊ ၂၇၅၊ ၃၂၇

+ ၁၉၉၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၆ တွင် ချမှတ်သော ၃၀-၃-၂၀၀၀ ရက်စွဲပါ စစ်ကိုင်းတိုင်းတရားရုံး (မော်လိုက်ခရိုင်) ၏ အမိန့်ကို အယူခံမှု

ဆုံးဖြတ်ချက်။ ။ မောင်အောင်မင်း၊ မခင်မော်ဝင်း၊ မောင်ရွှေကြီး၊ မောင်ရွှေကိန်း၊ မောင်ဌွေး၊ မောင်မြင့်မောင်နှင့် မောင်သန်းထွန်းတို့အပေါ် အက်ဖီဒရင်း ၁၂၃. ၆၁၃ ကီလိုဂရမ် တွေ့ရှိရမှုကို အခြေပြုလျက် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉(က)/၂၀/၂၁ နှင့် ၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅(၁) အရ မော်လိုက်ခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့ပြီး ယင်းပြစ်မှုများဖြင့် ထင်ရှားစီရင်ခဲ့ခြင်းသည် ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပါယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၂၂ ပါ ပြဋ္ဌာန်း ချက်နှင့် ဆန့်ကျင်လျက်ရှိကြောင်း တွေ့ရှိသည်။

အယူခံတရားလိုများအတွက် - ဦးကံမြိုင်၊ တရားရုံးချုပ်ရှေ့နေ ကလေး အကျဉ်းထောင်မှ တစ်ဆင့် တင်သွင်းသည်။

အယူခံတရားပြိုင်အတွက် - ဒေါ်လှထွေး လက်ထောက်ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံးခွဲ၊ မန္တလေးမြို့။

မော်လိုက်ခရိုင်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၆/၉၉ တွင် အယူခံတရားလိုများဖြစ်ကြသော မောင်သန်းထွန်း၊ မောင်ရွှေကိန်း၊ မောင်ဌွေး၊ မောင်မြင့်မောင်နှင့် မောင်ရွှေကြီးတို့အပေါ် ၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၁) အရ အလုပ်နှင့်ထောင်ဒဏ် (၇) နှစ်စီ ကျခံစေရန် အမိန့်ချမှတ်သည်။ ယင်းအမိန့်အပေါ် မောင်သန်းထွန်းတို့က မကျေနပ်ကြသဖြင့် မောင်သန်းထွန်းက ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၂၄၄/၂၀၀၀ တွင်လည်းကောင်း၊ မောင်ရွှေကိန်း၊ မောင်ဌွေးနှင့် မောင်မြင့်မောင်တို့က

ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၂၇၅/၂၀၀၀ တွင်လည်းကောင်း၊ မောင်ရွှေကြီးကလည်း ကလေးအကျဉ်းထောင်မှတစ်ဆင့် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃၂၇/၂၀၀၀ တွင်လည်းကောင်း တရားရုံးချုပ်သို့ အသီးသီးတင်သွင်းသည်။

ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၂၄၄/၂၀၀၀၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၇၅/၂၀၀၀ နှင့် ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၃၂၇/၂၀၀၀ တို့သည် မော်လိုက်ခရိုင်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၆/၉၉ မှ ပေါ်ပေါက်လာသောအမှုများ ဖြစ်သည့်အပြင် အဆုံးအဖြတ်ပြုရမည့် အကြောင်းခြင်းရာနှင့် ဥပဒေပြဿနာတို့မှာ တူညီနေသဖြင့် ဤစီရင်ချက်သည် ယင်းအယူခံမှု (၃) မှုစလုံးနှင့် သက်ဆိုင်စေရမည်။

အမှုမှာ ၁၈-၅-၉၉ ရက်နေ့ ညနေ (၅း၃၀) နာရီအချိန်တွင် ရဲအုပ်လှထွန်းနှင့်အဖွဲ့သည် ထောက်လှမ်းရေးတပ်ဆွယ်မှူး တပ်ကြပ်ကြီးမျိုးညွန့်ဦးတို့နှင့်အတူ သတင်းအရ မော်လိုက်ကလေးရွာ သဲသောင်ပြင်နေ အောင်မင်းနှင့် မခင်မော်ဝင်းတို့ထံ သွားရောက်ရှာဖွေရာ အောင်မင်းက ငြင်းသော်လည်း မခင်မော်ဝင်းက သဲသောင်ပြင်အတွင်း ကျင်းတူးမြှုပ်ထားသည့် အဖြူရောင် အက်ဖီဒရင်းအမှုန့်ထုတ် (၂၀)၊ အလေးချိန် ၄၈. ၈၂၄၆၀ ကီလိုဂရမ်ကို သိမ်းဆည်းရမိခဲ့ပြီး ၎င်းတို့၏ ထုတ်ဖော်ချက်အရ ဦးရွှေကြီးထံမှ သဲသောင်ပြင် ကျင်းတူးမြှုပ်ထားသော အက်ဖီဒရင်း အထုတ်အကြီးအသေး (၂၀) ထုတ်၊ အလေးချိန် (၇၄. ၇၈၈၃၁) ကီလိုဂရမ် ထပ်မံသိမ်းဆည်းရရှိခဲ့သည်။ အောင်မင်း မခင်မော်ဝင်းနှင့် မောင်ရွှေကြီးတို့၏ ထုတ်ဖော်ချက်အရ ပစ္စည်းပိုင်ရှင်များမှာ မောင်ရွှေကိန်း၊ မောင်ဌေး၊ မောင်သန်းထွန်းနှင့် မောင်မြင့်မောင်တို့ဖြစ်ကြောင်း သိရှိရ၍ ဖမ်းဆီးစစ်ဆေးရာ ပစ္စည်းပိုင်ရှင်အစစ်မှာ ဦးဌေးလှိုင်နှင့် ကျော်မိုးတို့ဖြစ်ကြောင်း သိရှိရ၍ ၎င်းတို့အပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ

ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၀(ခ)/၂၁ တို့အရ တရားစွဲဆို တင်ပို့ပြီးနောက် မော်လိုက်မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ၂၉-၆-၉၉ ရက်စွဲပါ စာအမှတ် ၁၀၀၀(၃)/၄၀၂/ဦး ၄ ဖြင့် ၎င်းတို့အပေါ် သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၁) အရ ထပ်မံတရားစွဲဆိုရန် ညွှန်ကြားခဲ့သဖြင့် ရဲအုပ်လှထွန်းက တရားလိုပြုလုပ်၍ မော်လိုက်ရဲစခန်း၌ တိုင်ချက်ရေးဖွင့်သောအမှု ဖြစ်သည်။

အယူခံတရားလိုများ ဖြစ်ကြသော မောင်သန်းထွန်း၊ မောင်ရွှေကိန်း၊ မောင်ဒွေးနှင့် မောင်မြင့်မောင်တို့၏ရှေ့နေက ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄/၂၀၀၀ တွင် အက်ဖီဒရင်း လက်ဝယ်ထားရှိမှုဖြင့် မောင်သန်းထွန်း၊ မောင်ရွှေကိန်း၊ မောင်ဒွေးနှင့် မောင်မြင့်မောင်တို့အား ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆ (ခ) အရ ပြစ်မှုထင်ရှားစီရင်ခံရပြီးဖြစ်ကြောင်း၊ ယင်းအက်ဖီဒရင်းသည် အိန္ဒိယနိုင်ငံ မှ ထုတ်လုပ်ခြင်းဖြစ်၍ မြန်မာနိုင်ငံသို့ ခိုးသွင်းသည်ဟုဆိုကာ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၆/၉၉ တွင် ၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၁) အရ ထပ်မံစွဲဆို၍ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ နှင့် ဆန့်ကျင်လျက်ရှိကြောင်း အဓိကတင်ပြ လျှောက်လဲသည်။

အယူခံတရားလို မောင်ရွှေကြီးက စက်လှေပိုင်ရှင် ဖြစ်သူ မောင်အောင်မင်း၏ ခိုင်းစေချက်အရ စက်လှေသမားအနေဖြင့် အက်ဖီဒရင်း ပစ္စည်းများကို သယ်ယူ၍ မြေမြှုပ်ပေးရခြင်းသာ ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံသို့လည်း ရောက်ရှိခဲ့ခြင်း မရှိကြောင်း အယူခံအကြောင်းပြချက်အဖြစ် တင်ပြထားသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံးခွဲမှ လက်ထောက်ညွှန်ကြားရေးမှူးက တရားခံများထံမှ အက်ဖီဒရင်းကို သိမ်းဆည်းရရှိခဲ့ကြောင်း၊ ယင်းပစ္စည်းများကို အိန္ဒိယနိုင်ငံ၌ ထုတ်လုပ်

ပြီး မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းခဲ့ခြင်းဖြစ်၍ ယင်းတို့အပေါ် ၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၁) အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှားယွင်းမှုမရှိကြောင်း တင်ပြလျှောက်လဲသည်။

မူလရုံးအမှုတွဲကို လေ့လာကြည့်သော် မော်လိုက်ခရိုင်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄/၉၉ တွင် တရားခံများဖြစ်ကြသော မောင်အောင်မင်း၊ မခင်မော်ဝင်း၊ မောင်ရွှေကြီး၊ မောင်ရွှေကိန်း၊ မောင်ဌေး၊ မောင်မြင့်မောင်နှင့် မောင်သန်းထွန်းတို့အပေါ် အက်ဖီဒရင်း ၁၂၃. ၆၁၃ ကီလိုဂရမ် လက်ဝယ်ထားရှိမှုဖြင့် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆ (ခ) အရ အလုပ်နှင့်ထောင်ဒဏ် (၇) နှစ်စီ ကျခံစေရန်နှင့် မောင်ရွှေကိန်း၊ မောင်အောင်မင်းနှင့် မောင်သန်းထွန်းတို့အား ယင်းဥပဒေပုဒ်မ ၁၅ အရ အလုပ်နှင့်ထောင်ဒဏ် (၃) နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ တစ်ဖန် ယင်းအက်ဖီဒရင်း ၁၂၃. ၆၁၃ ကီလိုဂရမ်ကို အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ တရားမဝင် တင်သွင်းလာခြင်းနှင့် စပ်လျဉ်း၍ မော်လိုက်ခရိုင်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၆/၉၉ တွင် တရားခံများဖြစ်ကြသော မောင်အောင်မင်း၊ မခင်မော်ဝင်း၊ မောင်ရွှေကြီး၊ မောင်ရွှေကိန်း၊ မောင်ဌေး၊ မောင်မြင့်မောင်နှင့် မောင်သန်းထွန်းတို့အပေါ် ၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၁) အရ အလုပ်နှင့်ထောင်ဒဏ် (၇) နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ထားသည်ကို တွေ့ရှိသည်။

မောင်အောင်မင်းတို့သည် အက်ဖီဒရင်းပစ္စည်းကို အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် သယ်ဆောင်လာစဉ် လက်ပူးလက်ကြပ် ဖမ်းဆီးရမိခဲ့ခြင်း မဟုတ်ပေ။ မောင်အောင်မင်းတို့ ပြုလုပ်မှုသည် အက်ဖီဒရင်း ၁၂၃. ၆၁၃ ကီလိုဂရမ်ကို သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း ပြစ်မှုကိုလည်းကောင်း၊ အက်ဖီဒရင်း ၁၂၃. ၆၁၃

ကီလိုဂရမ်ကို တရားမဝင်တင်သွင်းခြင်း ပြစ်မှုကိုလည်းကောင်း မြောက်နိုင်သည်။ ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပါယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၂၂ တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်-

" ပြုလုပ်မှု၊ သို့မဟုတ် ပျက်ကွက်မှုတစ်ခုခုသည် ဥပဒေနှစ်ရပ်၊ သို့မဟုတ် နှစ်ရပ်ထက်ပိုသော ဥပဒေများအရ ပြစ်မှုမြောက်လျှင် ပြစ်မှုကျူးလွန်သူကို ယင်းဥပဒေများအနက် ဥပဒေတစ်ရပ်ရပ်ဖြင့်သာ တရားစွဲဆို အပြစ်ပေးရမည်။ ပြစ်မှုတစ်ရပ်တည်းအတွက် ပြစ်ဒဏ်တစ်ကြိမ်ထက်ပို၍ မခံစေရ"

အထက်ဖော်ပြပါ ဥပဒေပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်များသည် ယေဘူယျစကားရပ်များအက်ဥပဒေပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့် သဘောတူသည်။ ယေဘူယျစကားရပ်များအက်ဥပဒေပုဒ်မ ၂၆ ၏ အဓိပ္ပါယ်မှာ တရားခံတစ်ဦး၏ ပြုမူချက်သည် ဥပဒေတစ်ရပ်အရ ပြစ်မှုမြောက်သည်သာမက အခြားဥပဒေတစ်ရပ်အောက်၌လည်း ပြစ်မှုမြောက်နေပါက မည်သည့်ဥပဒေအရမဆို တရားစွဲဆိုနိုင်သော်လည်း ထိုပြစ်မှုအတွက် အပြစ်ကို နှစ်ခါမပေးရဟု ဆိုလိုခြင်းဖြစ်သည်။

"ပြစ်မှုတစ်ရပ်တည်းအတွက် ပြစ်ဒဏ်တစ်ကြိမ်ထက် ပို၍ မခံစေရ" ဟူသော စကားရပ်၏ ဆိုလိုရင်းမှာ ပြစ်မှုမြောက်သော ပြုလုပ်မှု (သို့မဟုတ်) ပျက်ကွက်မှု တစ်ရပ်တည်းအတွက် ပြစ်ဒဏ်နှစ်ကြိမ်မပေးရဟု ပီ၊ စီ၊ ဒတ်.နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ(၁) အမှုတွင် စီရင်ထုံးဖွဲ့ထားသည်ကို တွေ့ရှိသည်။

သို့ဖြစ်၍ မောင်အောင်မင်း၊ မခင်မော်ဝင်း၊ မောင်ရွှေကြီး၊ မောင်ရွှေကိန်း၊ မောင်ဌေး၊ မောင်မြင့်မောင်နှင့် မောင်သန်းထွန်း တို့အပေါ် အက်ဖီဒရင်း ၁၂၃. ၆၁၃ ကီလိုဂရမ် တွေ့ရှိရမှုကို အခြေပြုလျက် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော

---

(၁) ၁၉၅၄ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (လွှတ်တော်) ၃၃။

ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉ (က)/၂၀/၂၁ နှင့် ၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၁) အရ မော်လိုက်ခရိုင်တရားရုံးသို့ ပြစ်မှုနှစ်ရပ် တရားစွဲဆိုတင်ပို့ပြီး ယင်းပြစ်မှုများဖြင့် ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းသည် ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်လျက်ရှိကြောင်း တွေ့ရှိသည်။ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄/၂၀၀၀ တွင် မောင်အောင်မင်း၊ မခင်မော်ဝင်း၊ မောင်ရွှေကြီး၊ မောင်ရွှေကိန်း၊ မောင်မြင့်မောင်နှင့် မောင်သိန်းထွန်းတို့အပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆ (ခ) အရ အလုပ်နှင့်ထောင်ဒဏ် (၇) နှစ်စီနှင့် မောင်ရွှေကိန်း၊ မောင်အောင်မင်းနှင့် မောင်သန်းထွန်းတို့အား ယင်းဥပဒေပုဒ်မ ၁၅ အရ အလုပ်နှင့်ထောင်ဒဏ် (၃) နှစ်စီ ကျခံစေရန် ပြစ်ဒဏ်ချမှတ်ပြီး ဖြစ်၍ ၎င်းတို့အပေါ် ၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ၅ (၁) အရ ပြစ်မှုထင်ရှားစီရင်ရန် လိုအပ်တော့မည် မဟုတ်ပေ။ ဤအခြေအနေတွင် မော်လိုက်ခရိုင်တရားရုံးက မောင်သန်းထွန်း၊ မောင်ရွှေကိန်း၊ မောင်ဌေး၊ မောင်မြင့်မောင်နှင့် မောင်ရွှေကြီးတို့အပေါ် ၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၁) အရ အလုပ်နှင့်ထောင်ဒဏ် (၇) နှစ်စီ ကျခံစေရန် ချမှတ်သည့်အမိန့်သည် မှားယွင်းလျက်ရှိကြောင်း တွေ့ရှိရသဖြင့် ဤအယူခံရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ရပေမည်။

ထို့ကြောင့် ဤအယူခံမှုများကို ခွင့်ပြုသည်။ မော်လိုက်ခရိုင်တရားရုံးက အယူခံတရားလိုများဖြစ်ကြသော မောင်သန်းထွန်း၊ မောင်ရွှေကိန်း၊ မောင်ဌေး၊ မောင်မြင့်မောင်နှင့် မောင်ရွှေကြီးတို့အား ၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၁) အရ အလုပ်နှင့်ထောင်ဒဏ် (၇) နှစ်စီ ကျခံစေရန် ချမှတ်သည့်

၂၀၀၀
မောင်သန်းထွန်း
မောင်ရွှေကိန်း
ပါ ၃
မောင်ရွှေကြီး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

အမိန့်ကို ပယ်ဖျက်၍ အယူခံတရားလိုတို့အား အမှုမှအပြီးအပြတ် လွှတ်စေရန် အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာအယူခံမှု

+ ၂၀၀၀
ဇူလိုင်လ
၂၈ ရက်

တရားရုံးချုပ်တရားသူကြီး ဦးထွန်းရှင်ရှေ့တွင်

ဦးသိန်းအေး
ဦးကြည်စိုး

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်*

နိုင်ငံပိုင်သံပြားများကို ဂိုဒေါင်မှထုတ်ယူ၍ ပြင်ပတွင်ရောင်းစားခြင်း မှာ ခိုးမှုကျူးလွန်ခြင်း သို့မဟုတ် အလွဲသုံးစား ပြုလုပ်ခြင်း ဖြစ်၍ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ အပြစ် ရှိခြင်း။

ဆုံးဖြတ်ချက်။ ။ ဂိုဒေါင်မှ သံပြားများကို ဖောက်ကလစ် မောင်းသူ လင်းကြည်က သယ်ယူလာပြီး ကားပေါ်တင်ပေးရသည်။ ကားမှာ ဌာနဆိုင်ရာကားဖြစ်ပြီး မှောင်သောကြောင့် နံပါတ်မမှတ်မိ သော်လည်း ကားဘေးနားတွင် ဦးမြင့်၊ ဦးအောင်ဆန်း၊ ကိုထွန်းအောင် နှင့် ကိုကြည်စိုးတို့ ရှိနေသည်ကို လင်းကြည်မြင်တွေ့သည်။ ဂိုဒေါင်မှ သံပြားများကို ထုတ်ယူရာတွင် ကိုကြည်စိုးပါပြီး ကားဖြင့်တင်ကြောင်း ပေါ်ပေါက်သည်။

* ၂၀၀၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၄၅၉ နှင့် ၄၆၃
+ ၁၉၉၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၁၃ တွင် ချမှတ်သော ၁၁-၅-၂၀၀၀ ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး (အနောက်ပိုင်းခရိုင်) ၏အမိန့်ကို အယူခံမှု

**ထပ်မံဆုံးဖြတ်ချက်။** ။ သိန်းနှင့်ချီတန်သော နိုင်ငံပိုင်သံပြားများကို ဂိုဒေါင်မှထုတ်ယူ၍ ပြင်ပတွင်ရောင်းစားခြင်းမှာ ခိုးမှုကျူးလွန်ခြင်းဖြစ်သည်။ အလွဲသုံးစားပြုလုပ်သည်ဟု သတ်မှတ်လျှင်လည်း မှားရန်အကြောင်းမရှိ။ မူလရုံးက အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ ထောင်ဒဏ် (၁၀) နှစ်စီ ချမှတ်ထားခြင်းသည် မှားယွင်းချွတ်ချော်မှုမရှိ။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ~~ဦးတင်ဝင်း၊ တရားရုံးချုပ်ရှေ့နေ~~ |
| | | ဦးသိန်းရွှေ၊ တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားခံအတွက် | - | ဒေါ်အေမီစံဒွန်း |
| | | လက်ထောက်ညွှန်ကြားရေးမှူး |
| | | ရှေ့နေချုပ်ရုံး |

ရန်ကုန်တိုင်းတရားရုံး (အနောက်ပိုင်းခရိုင်)၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၁၃/၉၉ တွင် ဦးကျော်တင့်က တရားလိုပြုလုပ်၍ ဦးထွန်းအောင်၊ ကြည်စိုး၊ သိန်းဝင်း၊ သိန်းအေး၊ မြဂဲ၊ လင်းကြည်နှင့် စိန်ကျော်ဝင်းတို့ကို ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ တရားစွဲဆိုသည်။ လင်းကြည်နှင့် စိန်ကျော်ဝင်းကို မူလရုံးက အပြီးအပြတ်လွှတ်သည်။ အယူခံတရားလို သိန်းအေးနှင့် ကြည်စိုးအပါအဝင် ကျန်တရားခံများကို စွဲဆိုသည့်ပုဒ်မအရပင် ထောင်ဒဏ် (၁၀) နှစ်စီ ချမှတ်သည်။ ယင်းအမိန့်ကို မကျေနပ်၍ သိန်းအေးက တရားရုံးချုပ်တွင် အယူခံဝင်သည်။ အမှုအမှတ်မှာ ၄၅၉/၂၀၀၀ ဖြစ်သည်။ အလားတူပင် ကြည်စိုးက အယူခံမှုအမှတ် ၄၆၃/၂၀၀၀ ဖြင့် တရားရုံးချုပ်တွင် သီးခြား အယူခံဝင်သည်။ မူလမှုမှာ တစ်မှုတည်းဖြစ်၍ ဤစီရင်ချက်သည် ယင်းအယူခံမှု (၂) မှုစလုံး နှင့် သက်ဆိုင်သည်။

မူလမှုတွင် ဒဂုံမြောက်၊ (၄၉) ရပ်ကွက်ရှိ လျှပ်စစ်နှင့်အီလက်ထရောနစ်ပစ္စည်းထုတ်လုပ်မှုစက်ရုံမှ မန်နေဂျာ ဦးကျော်တင့်က မရမ်းကုန်းရဲစခန်း၌ တိုင်ချက် (သက်သေခံ-က) ဖွင့်သည်။ မရမ်းကုန်းမြို့နယ်၊ (၇) ရပ်ကွက် တာယာနှင့်ရာဘာစက်ရုံဝင်းရှိ ဌာနပိုင် (cold rolled steel sheet) များ ပျောက်ဆုံးကြောင်း၊ စုံစမ်းစစ်ဆေးမှုပြုရာ လက်ထောက်မန်နေဂျာ ဦးမြဂဲက အလုပ်ရုံစိတ်မှူး ဦးထွန်းအောင်အား သော့အပ်ထားစဉ် ဦးကြည်စိုး၊ ဦးသိန်းဝင်းတို့နှင့် ပူးပေါင်းထုတ်ယူသွားကြောင်း တွေ့ရသည်ဟု တိုင်ချက်တွင် ဖော်ပြထားသည်။

မရမ်းကုန်းရဲစခန်းက အယူခံတရားလို ဦးကြည်စိုး၊ ဦးသိန်းအေးအပါအဝင် တရားခံ (၇) ဦးကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၈ အရ အရေးယူသည်။ နောက်ပိုင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ခွင့်ပြုမိန့် (သက်သေခံ-စ) ရယူ၍ ဦးထွန်းအောင် ပါ ၇ ဦးကို ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ တရားစွဲတင်ခြင်း ဖြစ်သည်။

အယူခံတရားလို ဦးသိန်းအေး၏ရှေ့နေက ဦးသိန်းအေးသည် ဌာနဆိုင်ရာ ယာဉ်မောင်းဖြစ်ကြောင်း၊ အထက်အရာရှိ ဦးထွန်းအောင်၏ ဆင့်ခေါ်မှုအရ သံပြားများကို အလုပ်ချိန်အတွင်း သယ်ဆောင်၍ မောင်းနှင်ခြင်းဖြစ်ကြောင်း၊ ယင်းကိစ္စကို ဦးစံကျော် (လိုပြ-၂) သို့ သတင်းပို့သဖြင့် အမှုပေါ်ပေါက်လာရခြင်းဖြစ်ကြောင်း၊ အချင်းဖြစ်ပြီး (၁၂) ရက်ကြာမှ ဦးသိန်းအေးအိမ်မှ ငွေတစ်သောင်း တောင်းခြင်းဖြစ်ကြောင်း၊ ဦးသိန်းအေး အပ်ခြင်းမဟုတ်ကြောင်း၊ အမှုနှင့်ပတ်သက်သောငွေ မဟုတ်ကြောင်း၊ အခြားယာဉ်မောင်း လင်းကြည်ကိုလွှတ်၍ ဦးသိန်းအေးကို အပြစ်ပေးခြင်းမှာ လုံးလုံးလျားလျား မှားယွင်းနေကြောင်း၊ အမှုမှ တရားသေလွှတ်သင့်ကြောင်း လျှောက်ထားသည်။

အယူခံတရားလို ဦးကြည်စိုး၏ရှေ့နေက အထက်တာဝန်ရှိသူများက ပစ္စည်းများ ရောင်းချခြင်းကို မသိမာမှု၊ ခိုးယူရောင်းချမှု ဖြစ်

ကြောင်း မသိရှိသည့်ပြင် အဆိုပါပစ္စည်း ရောင်းချခြင်းအတွက် ကိုယ်ကျိုးငွေ တစ်စုံတစ်ရာ တစ်ပြားတစ်ချပ်မှ ရယူခဲ့ခြင်းမရှိကြောင်း၊ ပစ္စည်းကို မသမာသောနည်းဖြင့် ခိုးထုတ်ရောင်းချသူတို့သည် ၎င်းတို့၏ မသမာမှုကို အယူခံတရားလိုအား ပြောမပြသည့်ပြင် ငွေကြေးခံစားခွင့် မရှိခဲ့ကြောင်း၊ ရိုးဖြောင့်သောသဘောဖြင့် အထက်တာဝန်ရှိသူ၏ ခိုင်းစေချက်အရ ဆောင်ရွက်ခြင်းဖြစ်၍ ပြစ်မှုကျူးလွန်ရာ မရောက်ကြောင်း၊ ပျောက်ဆုံးသော ပစ္စည်းအတွက် ဝယ်သူမှ ပြန်လည်အစားပေးပြီးဖြစ်၍ နိုင်ငံတော်တွင် ဆုံးရှုံးမှုမရှိကြောင်း၊ အလွဲသုံးစားပြုလုပ်သည်ကို မသိသဖြင့် မူလရုံးက ချမှတ်သောပြစ်ဒဏ်ကို ပယ်ဖျက်သင့်ကြောင့် တင်ပြသည်။

ရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက သိန်းအေးသည် ကားကိုဂိုဒေါင်သို့ မောင်းပြီး ရောင်းချသည့်နေရာသို့ စတီးပြားများ ပေးပို့သည်ဟု ပေါ်ပေါက်ကြောင်း၊ ကြည်စိုးမှာ ပစ္စည်းထားရာဂိုဒေါင်သို့ လိုက်သွားပြီး စတီးပြားများတင်လာသည့် ကားပေါ်တွင် ဦးခေါင်းပိုင်းမှ လိုက်ပါခဲ့ကြောင်း၊ သံပြားများရောင်းချရာတွင် ထွန်းအောင်ကျော်နှင့် ကြည်စိုး ပါဝင်သည်ဟု ဦးစိန်ကျော်ဝင်းက ထွက်ဆိုထားကြောင်း၊ မူလရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှန်ကန်သဖြင့် အယူခံမှုများကို ပလပ်သင့်ကြောင်း လျှောက်ထားသည်။

၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ ပြစ်မှုမြောက်ရန် အများနှင့်သက်ဆိုင်သောပစ္စည်းကို ခိုးမှု၊ အလွဲသုံးစားမှု သို့မဟုတ် လိမ်လည်မှုကို ကျူးလွန်ရန်လိုသည်။

အယူခံတရားလို သိန်းအေးသည် နိုင်ငံပိုင်စက်ရုံမှယာဉ်မောင်းဖြစ်၍ အချင်းဖြစ်စတီးပြားများကို ကားဖြင့်သယ်ပို့ကြောင်း ပေါ်လွင်သည်။ အငြင်းပွားမှုမရှိ။ စက်ရုံလုံခြုံရေးအရာရှိ ဦးစံကျော်(လိုပြ-၂) အား ဦးထွန်းရွှေ (လိုပြ-၃) က ဂိုဒေါင်အမှတ် (၂) မှ စတီးပြားများ

ပျောက်ကြောင်း ၂၅-၃-၉၉ ရက်နေ့က ပြောသည်။ ၂၆-၃-၉၉ နေ့ နံနက်ကျမှ ယာဉ်မောင်း ဦးသိန်းအေးက စတီးပြားများ တင်ပေးကြောင်း၊ သယ်ပေးကြောင်း ဦးစံကျော် (လိုပြ-၂) ကို ပြောခြင်းဖြစ်ရာ ပြဿနာဖြစ်မှ ထုတ်ဖော်ခြင်းဖြစ်သည်။

အယူခံတရားလို ကြည်စိုးသည် ဂိုဒေါင် လက်ထောက် မန်နေဂျာ ဦးမြဂဲ လက်အောက်တွင် လုပ်သူဖြစ်သည်။ အခြားတပည့်ဖြစ်သူ ဦးထွန်းအောင်သည် ကီးဘောက်မှသော့ကို လာရောက်ယူလေ့ရှိသည်ဟု မန်နေဂျာ ဦးထွန်းရွှေ (လိုပြ-၃) က သက်သေခံသည်။ ဦးမြဂဲမှ အလုပ်ရုံစိတ်မှူးဖြစ်သူ ဦးထွန်းအောင်အား ပစ္စည်းများ ထုတ်ယူရန် သော့ပေးထားစဉ် ဦးကြည်စိုး၊ ဦးသိန်းဝင်းတို့နှင့် ပူးပေါင်း ထုတ်ယူ ရောင်းချကြောင်း စုံစမ်းစစ်ဆေးတွေ့ရှိမှုကို မန်နေဂျာ ဦးကျော်တင့် (လိုပြ-၁) က ထွက်ဆိုသည်။ ရဲစခန်းတွင် တိုင်ချက်(သက်သေခံ-က) ဖွင့်သည်။

အချင်းဖြစ် ကစလစက်ရုံ လုံခြုံရေးဝန်ထမ်း ဦးသိန်းဇံ (လိုပြ-၈) က "ဦးထွန်းအောင်တို့ ဝင်လာသောအခါ ကိုသိန်းအေး မောင်းသောကားမှာ ဂိုဒေါင်ဘက် မောင်းသွားပါသည်။ ကျနော်မှ သိန်းဝင်းအား ကားမှာ ဂိုဒေါင်ဘက်သို့ မောင်းသွားကြောင်းနှင့် ဘာပစ္စည်းတင်မလဲ သွားကြည့်ရန် ခိုင်းပါသည်။ × × × တစ်နာရီခန့် ကြာသောအခါ ကားမှာ ဂိတ်ပေါက်ဘက်သို့ ရောက်လာပြီး ထွက်လာသည်ကို တွေ့ရပါသည်။ ကားပေါ်တွင် ဦးထွန်းအောင်၊ ကိုကြည်စိုး၊ ကိုသိန်းအေး၊ ကိုသိန်းဝင်းတို့ ပါလာပါသည်။ × × × ကျနော်က ကိုသိန်းဝင်းအား ကားပေါ်မှာ ဘာပစ္စည်းပါသလဲမေးရာ သံပြားပါသည်ဟု ပြောပါသည်" ဟု ထွက်ဆိုသည်။ ပစ္စည်းများကို ဂိုဒေါင်မှ ခိုးထုတ်ရာ၌ အယူခံတရားလို နှစ်ဦးစလုံးပါဝင်မှုကို ထင်ရှားစေသည်။

ဂိုဒေါင်မှ သံပြားများကို ဖောက်ကလစ်မောင်းသူ လင်းကြည်က သယ်ယူပြီး ကားပေါ်တင်ပေးရသည်။ ကားမှာ ဌာနဆိုင်ရာကား

ဖြစ်၍ မှောင်သောကြောင့် နံပါတ်မမှတ်မိသော်လည်း ကားဘေးနားတွင် ဦးမြဂဲ၊ ဦးအောင်ဆန်း၊ ကိုထွန်းအောင်နှင့် ကိုကြည်စိုးတို့ ရှိနေသည်ကို လင်းကြည် မြင်တွေ့သည်။ ဂိုဒေါင်မှ သံပြားများ ထုတ်ယူရာတွင် ကိုကြည်စိုးပါပြီး ကားဖြင့်တင်ကြောင်း ပေါ်ပေါက်သည်။

ဖော်ပြပါပစ္စည်းများကို ဦးစိန်ကျော်ဝင်းက ဝယ်ယူရာ၌ ၁၂၀၀၀၀/- ဖြင့် ဈေးတည့်သည်။ ငွေများကို ဦးထွန်းအောင်နှင့် ကိုကြည်စိုးတို့ကို ပေးလိုက်ကြောင်း ထွက်ဆိုချက်အရ သံပြားများ ရောင်းချရာတွင် ကိုကြည်စိုးပါဝင်သည်။ ၎င်းအတွက် ငွေရ မရမှာ အဓိကမဟုတ်ပေ။ ငွေရသူမှာ ယာဉ်မောင်းသိန်းအေး ဖြစ်သည်။ ၎င်းရသော ငွေတစ်သောင်းကျပ်ကို ရဲမှသိမ်းဆည်းနိုင်ခဲ့သည်။

သိန်းနှင့်ချိတ်ဆက်သော နိုင်ငံပိုင်သံပြားများကို ဂိုဒေါင်မှထုတ်ယူ၍ ပြင်ပတွင်ရောင်းစားခြင်းမှာ ခိုးမှုကျူးလွန်ခြင်း ဖြစ်သည်။ အလွဲသုံးစား ပြုလုပ်သည်ဟု သတ်မှတ်လျှင်လည်း မှားရန်အကြောင်းမရှိ။

အယူခံတရားလို သိန်းအေးနှင့် ကြည်စိုးအပေါ် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ ထောင်ဒဏ် (၁၀) နှစ် ချမှတ်ထားခြင်းသည် မှားယွင်းချွတ်ချော်မှု မရှိ။ ဥပဒေနှင့်လည်း ညီညွတ်သည်။ အနိမ့်ဆုံးထောင်ဒဏ်ကို ချမှတ်ထားခြင်းဖြစ်၍ လျှော့ပေါ့ပေးရန် မဖြစ်နိုင်။ မူလရုံးအမိန့်ကို အတည်ပြုရန်သာရှိသည်။

ထို့ကြောင့် သိန်းအေး တင်သွင်းသော အယူခံမှုအမှတ် ၄၅၉/၂၀၀၀ နှင့် ကြည်စိုး တင်သွင်းသော အယူခံမှုအမှတ် ၄၆၃/၂၀၀၀ တို့ကို ပလပ်လိုက်သည်။

၂၀၀၀ပြည့်နှစ်
တရားမဆိုင်ရာ အမှုများ

## တရားမဆိုင်ရာအမှုများ

စာမျက်နှာ

ဥပဒေများ-

- ကာလစည်းကမ်းသတ်အက်ဥပဒေ
- တရားမကျင့်ထုံးဥပဒေ
- တရားမနစ်နာမှု
- ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ
- မြန်မာဝလေ့ထုံးတမ်းဥပဒေ
- သီးခြားသက်သာခွင့်အက်ဥပဒေ
- အမွေဆက်ခံခြင်းအက်ဥပဒေ
- ၁၉၄၄ ခုနှစ်၊ ခုံသမာဓိအက်ဥပဒေ

ချေးငွေရလိုမှု စွဲဆိုခြင်း၊ စည်းကမ်းသတ်ကာလ ကျော်လွန်နေခြင်း၊ ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၁၉ (၁) နှင့် ညီညွတ်ရန် လိုအပ်ချက်များ၊ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၅ (၃) ပါ ပြဋ္ဌာန်းချက်၊ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၅ (၃) အရ ကြွေး ပေးဆပ်ရန် ကတိနှင့် ကာလစည်းကမ်းသတ်အက်ဥပဒေ ပုဒ်မ ၁၉ အရ ကြွေးပေးဆပ်ရန်ရှိကြောင်း ဝန်ခံချက်၊ တူညီ ချက်နှင့် ခြားနားချက်များ။

ဆုံးဖြတ်ချက်။ ။ ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၁၉ (၁) နှင့် ညီညွတ်ရန်အတွက် (၁) တရားမမှု စွဲဆိုရန် ကာလစည်းကမ်းသတ်

မကုန်ဆုံးမီ ဖြစ်ရမည်၊ (၂) တောင်းဆိုခံရသူကတာဝန်ရှိကြောင်း စာဖြင့် စာမျက်နှာ ရေးသားဝန်ခံချက်ရှိရမည်၊ (၃) အဆိုပါဝန်ခံချက်ကို တောင်းဆိုခံရသူမှ လက်မှတ်ရေးထိုးထားရမည်၊ ထိုအချက် ၃ ချက်နှင့်မပြည့်စုံလျှင် ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၁၉ (၁)အရ ကာလစည်းကမ်းသတ် အပိုင်းအခြားအသစ်ကိုဝန်ခံချက်ပြုသည့်နေ့မှစတင်ရေတွက်ရမည်မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ အယူခံတရားပြိုင်သည် ချေးငွေ သိန်း ၂၀ ကျပ်ကို ၁၉၉၅ ခုနှစ်၊ ဧပြီလတွင် လက်ခံရယူခဲ့သည်ဟု အယူခံတရားလိုက အဆိုပြု စွဲဆိုထားသဖြင့် ၁၉၉၅ ခုနှစ်၊ ဧပြီလမှ ကာလစည်းကမ်းသတ်ကို စတင်ရေတွက်သော် အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့ ညှိနှိုင်းသည်ဆိုသည့် ၃၀-၆-၉၉ နေ့တွင် ကာလစည်းကမ်းသတ် ၃ နှစ် ကုန်ဆုံးနေပြီး ဖြစ်သည်။ သို့ဖြစ်၍ ၃၀-၆-၉၉ နေ့တွင် အယူခံတရားပြိုင်မှ ငွေပေးရန်ရှိကြောင်း ဝန်ခံချက်ကို လက်မှတ်ရေးထိုးခဲ့သည်ဆိုသည့်တိုင်အောင် ကာလစည်းကမ်းသတ်ကုန်ဆုံးပြီးမှ ဝန်ခံလက်မှတ်ရေးထိုးခြင်း ဖြစ်၍ ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၁၉ နှင့် အကျုံးဝင်ခြင်း မရှိပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ ပဋိညာဉ်ဥပဒေပုဒ်မ ၂၅ (၃) တွင် ကာလစည်းကမ်းသတ်ဥပဒေအရ စည်းကမ်းသတ်ကာလ ကျော်လွန်နေသည့်အတွက် မြီရှင်က ကြွေးမြီကို တောင်းဆိုခြင်း မပြုနိုင်သည့်ကိစ္စတွင် မြီစားကသော်လည်းကောင်း၊ ထိုကိစ္စအတွက် သာမန်ဖြစ်စေ၊ အထူးဖြစ်စေ အာဏာအပ်နှင်းခြင်းခံရသည့် ကိုယ်စားလှယ်ကသော်လည်းကောင်း၊ ကြွေးမြီအားလုံး သို့မဟုတ် အချို့အဝက်ကို ပေးဆပ်မည်ဟု စာရေးထားပြီး လက်မှတ်ထိုးထားလျှင် ထိုသဘောတူညီချက်သည် ပဋိညာဉ်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ ကာလစည်းကမ်းသတ်

စာမျက်နှာ

ဥပဒေပုဒ်မ ၂ (၃) တွင် အကျုံးဝင်သည့် ခံဝန်ချုပ်၌ ကာလစည်းကမ်းသတ် ကျော်လွန်နေသော ငွေများကို ပေးပါမည်ဟု ချုပ်ဆိုထားလျှင် ပဋိညာဉ်ဥပဒေပုဒ်မ ၂၅ (၃) အရ ပဋိညာဉ်မြောက်၍ ချုပ်ဆိုသူသည် ချုပ်ဆိုသောငွေကို ပေးဆပ်ရန် တာဝန်ရှိသည်။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၅ (၃) နှင့်အကျုံးဝင်ရန် အလို့ငှာ ငွေပေးဆပ်မည်ဆိုသည့် ကတိသည် (၁) စာဖြင့် ရေးသားထားရမည်၊ (၂) မြီစားကိုယ်တိုင် သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်က လက်မှတ်ရေးထိုးရမည်၊ (၃) ကာလစည်းကမ်းသတ် အချိန်ကျော်လွန်နေသည့် ကြွေးမြီအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပေးဆပ်ရန်အတွက် ဖြစ်ရမည်ဆိုသော အင်္ဂါရပ် ၃ ရပ်နှင့် ပြည့်စုံရန် လိုသည်။

ကာလစည်းကမ်းသတ်ကျော်လွန်နေသည့် ကြွေးမြီကို ပေးဆပ်ပါမည်ဆိုသော နောက်ပိုင်းကတိကို ပေးဆပ်ရန်တာဝန်ရှိသူ ကိုယ်တိုင်ဖြစ်စေ၊ ၎င်းကိုယ်စားလှယ်က ဖြစ်စေ၊ ထိုကိစ္စအတွက် အထူးအခွင့်အာဏာ လွှဲအပ်ထားခြင်းခံရသူက ဖြစ်စေ လက်မှတ်ရေးထိုးရန် လိုသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၅ (၃) အရ ကြွေးပေးဆပ်ရန်ကတိနှင့် ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၁၉ အရ ကြွေးပေးဆပ်ရန်ရှိကြောင်း ဝန်ခံချက်တို့မှာ တူညီသော အချက်များရှိသော်လည်း မတူညီသော အချက်များ ရှိပေသည်။ နှစ်မျိုးစလုံးတွင် စာဖြင့် ရေးသားထားရန်လိုပြီး မြီစားကိုယ်တိုင် ဖြစ်စေ၊ မြီစား၏ ကိုယ်စားလှယ်က ဖြစ်စေ လက်မှတ်ရေးထိုးရန် လိုသည်ဆိုသော အချက်မှာ တူညီသည်။ မတူညီသောအချက်မှာ ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၉ အရ ဝန်ခံချက်ကို စည်းကမ်းသတ်အချိန် မကုန်ဆုံးမီ ရေးသားလက်မှတ်ထိုးရန် လိုသော်လည်း ပဋိညာဉ်ဥပဒေပုဒ်မ ၂၅

(ကဃ) ညွှန်းချက်

(၃) အရမူ့ စည်းကမ်းသတ် အချိန်ကျော်လွန်မှ ရေးသားလက်မှတ် စာမျက်နှာ ထိုးနိုင်သည်။ ပုဒ်မ ၂၅ (၃) နှင့် အကျုံးဝင်ရန် အလို့ငှာ ကြွေးမြီပမာဏ အတိအကျကို ပေးဆပ်မည်ဟု ဝန်ခံရေးသားရန် လိုသည်။ ကြွေးမြီ တင်ရှိကြောင်း ဝန်ခံချက် ရေးသားပေးရုံဖြင့် မလုံလောက်ပေ။

ဦးရမ်ဂျာရီ နှင့် မခမ်းစိန် (ခ) လီကျင်ရှန်း ၂၂၁

ပိုင်ရှင်က ၎င်းပိုင်မြေကွက်နှစ်ကွက်ပေါ်တွင် ခွ၍ တိုက်တစ်လုံး ဆောက်လုပ်ထားသည်။ ပိုင်ရှင်က မြေတစ်ကွက်ကို ရောင်းချရာတွင် ဝယ်သူသည် ပိုင်ရှင်နေသည့် တိုက်တည်ရှိရာ မြေကို လက်ရောက်မရခဲ့။ ရောင်းသူက ရောင်းချသည့် မြေတစ်စိတ်တစ်ပိုင်းပေါ်တွင် နေထိုင်ခြင်းမှာ ဝယ်သူ၏ ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်းမဟုတ်ကြောင်း သက်သေခံချက်များအရ ပေါ်ပေါက်သည်။ ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်း မဟုတ်လျှင် ရောင်းသူက အချင်းဖြစ်မြေတွင် နေထိုင်ခြင်းသည် ဝယ်သူကို ဆန့်ကျင် လက်ရှိထားသည်ဟု ကောက်ယူနိုင်ခြင်းရှိ-မရှိ။ သက်ဆိုင်သည့် ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ်။

ဆုံးဖြတ်ချက်။ ။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို မှတ်ပုံတင် အရောင်းစာချုပ်ဖြင့် ရောင်းချရာ၌ ဝယ်သူသည် ထိုပစ္စည်းကို လက်ရောက်မရရှိခဲ့ဘဲ ရောင်းသူက ထိုပစ္စည်းပေါ်၌ ဆက်လက်နေထိုင်ခဲ့လျှင် ထိုသို့နေထိုင်ခြင်းမှာ ဝယ်သူ၏ခွင့်ပြုချက်အရ ဖြစ်စေ၊ အငှားချထားချက်အရ ဖြစ်စေ၊ သဘောတူညီချက်အရ ဖြစ်စေ နေထိုင်ခြင်း

...တ်ပါက ရောင်းသူသည် ထိုမှတ်ပုံတင်အရောင်းစာချုပ် ချုပ်ဆို စာမျက်နှာ
သည့်နေ့မှ စ၍ ဝယ်သူကိုဆန့်ကျင်ပြီး လက်ရှိထားခဲ့သည်ဟု ယူဆ
ရမည် ဖြစ်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ရောင်းသူက အချင်းဖြစ်မြေကို ရောင်းချရာတွင် ဝယ်သူတို့က အချင်းဖြစ်မြေတစ်စိတ်တစ်ဒေသကို လက်ရောက်**မရရှိဘဲ** ရောင်းသူက ယင်းမြေပေါ်တွင် ဆက်လက်နေထိုင်သဖြင့် ဝယ်သူတို့က ယင်းမြေကို လက်ရောက်ရလိုကြောင်း စွဲဆိုမှုသည် ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၄၄ နှင့် သက်ဆိုင်သည်။

ဒေါ်လှရွှေ နှင့် ဒေါ်အေးစိန် ၂၃၉

...ရောင်းစဉ်အခါက ရောင်းသူ၏လက်ရှိမဟုတ်သော မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ဝယ်ယူသူက လက်ရောက်ရလိုမှု စွဲဆိုခြင်း၊ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၃၆ အရ စတင်ရေတွက်ရမည့်ကာလ၊ ရောင်းသူ၏လက်ရှိ မဟုတ်သောဆိုသည့် စကားရပ်သည် ရောင်းသူနှင့် ဆန့်ကျင် လက်ရှိနေသည့်သဘော သက်ရောက်ခြင်းရှိ-မရှိ။

**ဆုံးဖြတ်ချက်။** ။ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၃၆ သည် ပစ္စည်းဝယ်သူက ပစ္စည်းလက်ရှိဖြစ်သူ ကြားလူအပေါ် စွဲဆိုသောအမှုနှင့် သက်ဆိုင်သည်။ တရားလို **ဒေါ်အေး၏**

အဆိုလွှာအရ မူလပိုင်ရှင်ဒေါ်လှရှိန်က ဒေါ်အေးအား မြေရောင်းချစဉ် စာမျက်နှာ အခါက အချင်းဖြစ်မြေတွင် ဦးကျော်ရှိန် နေထိုင်လျက်ရှိကြောင်း ပေါ်ပေါက်သည်။ ဒေါ်လှရှိန်သည် မြေရောင်းချစဉ်က လက်ရှိမဟုတ် သဖြင့် ဒေါ်အေးစွဲဆိုသော အမှုသည် ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၃၆ နှင့် သက်ဆိုင်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၃၆ ပါ ရောင်းစဉ်အခါက ရောင်းသူ၏ လက်ရှိမဟုတ်သော ဆိုသည့်စကားရပ်က တစ်ဦးတစ်ယောက်သည် ရောင်းသူအား ဆန့်ကျင် လက်ရှိထားသည်ဟု ဆိုလိုရာ ရောက်သည်။ "လက်ရှိမဟုတ်သော" ဆိုသည့်စကားရပ်အရ တစ်ဦးတစ်ယောက် သောသူသည် ရောင်းသူနှင့်ဆန့်ကျင်လျက် လက်ရှိဖြစ်နေသည့်သဘော သက်ရောက်၍ ရောင်းသူနှင့်ဆန့်ကျင်လျက် လက်ရှိမဖြစ်သေးသရွေ့ စည်းကမ်းသတ်ကာလကို စတင်ရေတွက်ခြင်း မပြုရပေ။ ရောင်းသူက လက်ရောက်ရလိုမှု စွဲဆိုပါက အနိုင်ရရှိမည်ဖြစ်လျှင် ၎င်းထံမှ ဝယ်သူ က စွဲဆိုသည့် လက်ရောက်ရလိုမှုသည်လည်း အနိုင်ရရှိမည်ဖြစ်သည်။ ဝယ်သူ လက်ရောက်ရလိုမှု စွဲဆိုသည့်အမှုတွင် ရောင်းသူအနေဖြင့် ပစ္စည်း လက်လွှတ်ခဲ့သည်မှာ ၁၂ နှစ်ကျော်လျှင် ဝယ်သူဆိုသည့်အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်မည် ဖြစ်သည်။

ဒေါ်အေး (၎င်း၏ကိုယ်စားလှယ် ဒေါ်ခင်ဆွေဝင်း) နှင့် ဒေါ်သန်းရင် (ကွယ်လွန်သူ ဦးကျော်ရှိန်၏ တရားဝင်ကိုယ်စားလှယ်) ၂၉၄

**တရားပြိုင်** သို့မဟုတ် ၎င်း၏ လက်အောက်ခံလူများက ၎င်းတို့ စာမျက်နှာ ရေယာဉ်ကို ပေါ့လျော့စွာ မောင်းနှင်မှုကြောင့် ပင်လယ်ပြင်တွင် သင်္ဘောချင်းတိုက်မိ၍ မိမိ၏သင်္ဘောနှင့် သင်္ဘောပေါ်တွင် ပါရှိသည့် ကုန်ပစ္စည်းများ ဆုံးရှုံးမှုအတွက် လျော်ကြေးရလိုမှု၊ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၃၆ နှင့်သက်ဆိုင်သည် သို့မဟုတ် ပုဒ်မ ၄၉ နှင့် သက်ဆိုင်သည်။

**ဆုံးဖြတ်ချက်။** ။ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား **အပိုဒ် ၄၉** တွင် ပါရှိသည့် အခြားရွှေ့ပြောင်းနိုင်သောပစ္စည်း ဆိုသည့် **စကားရပ်**သည် မိမိလက်ဝယ်ရှိပစ္စည်းကို ရည်ညွှန်းခြင်းမဟုတ်၊ အခြားသူ**များ၏**လက်တွင်ရှိသည့် ပစ္စည်းကို ရည်ညွှန်းခြင်း ဖြစ်သည်ဟု ကောက်ယူမှုသာလျှင် သဘာဝကျမည် ဖြစ်သည်။ **သို့ဖြစ်ရာ** အခြားသူ**များ၏**လက်တွင်ရှိနေသည့် အခြားရွှေ့ပြောင်းနိုင်သည့် ပစ္စည်းရလိုမှု **သို့မဟုတ်** ယင်းပစ္စည်းကို မတရားနစ်နာစေသည့်အတွက် လျော်ကြေး**ရလိုမှုသ**ည် အပိုဒ် ၄၉ နှင့် သက်ဆိုင်မည်**ဖြစ်**သည်။

မိမိလက်ဝယ်တွင်ရှိသည့် ပစ္စည်းကို မတရားနစ်နာစေသည့် **အတွက်** လျော်ကြေးရလိုမှုသည် အပိုဒ် ၄၉ တွင် အကျုံးမဝင်သဖြင့် အပိုဒ် ၃၆ နှင့်သာ သက်ဆိုင်မည်ဖြစ်သည်။

အမှတ် (၁) လျှောက်ထားခံရသူ ဦးသန်းအောင်သည် ပြည့်ဖြိုးနိုင်ရေယာဉ်၏ ပိုင်ရှင်ဖြစ်ပြီး ဦးသင်းစိန်မှာ ရေယာဉ်မောင်းနှင်သူ ဖြစ်သည်။ ၁၈-၂-၉၇ နေ့ ည ၁၀း၀၀ နာရီ အချိန်ခန့်တွင် ပြည့်ဖြိုးနိုင် ရေယာဉ်ကို လှဒွေးစိန်ရေယာဉ်က အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက် တိုက်ခိုက်မိသဖြင့် ပြည့်ဖြိုးနိုင်ရေယာဉ်နှင့် ရေယာဉ်ပေါ်တွင်

တင်ဆောင်လာသည့် အုတ်များ နစ်မြုပ် ပျက်စီးသွားသည်။ အချင်း စာမျက်နှာ ဖြစ်စဉ်က အချင်းဖြစ်ရေယာဉ်နှင့် ပစ္စည်းများမှာ လျှောက်ထားခံရသူ ဦးသန်းအောင် လက်ရှိ ဖြစ်သည်။ အခြားသူများ၏ လက်ရှိ မဟုတ်ပေ။ သို့ဖြစ်ရာ မိမိလက်ဝယ်ရှိ ရေယာဉ်နှင့် ပစ္စည်းများ နစ်နာဆုံးရှုံးသည့် အတွက် လျှောက်ထားခံရသူက လျှောက်ထားသူအပေါ် တရားစွဲဆို ခြင်းသည် ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အပိုဒ် ၃၆ နှင့် အကျုံးဝင်မည် ဖြစ်သည်။

ဦးအောင်ခိုင် နှင့် ဦးသန်းအောင် ပါ ၂ ၁၀၄

**တရားလိုနှင့် တရားပြိုင်တို့ နှစ်ဦးနှစ်ဖက် စေ့စပ်ကျေအေးကြသဖြင့်**
တရားလိုက တရားပြိုင်တို့အပေါ် စွဲဆိုထားသည့်အမှုကို ရုပ်သိမ်းခြင်း၊ သက်သေခံချက်မယူမီ ရုပ်သိမ်းခြင်းဖြစ်ပါက တရားလိုသည် အဆိုလွှာအပေါ် ထမ်းဆောင်ထားခဲ့သည့် ရုံးခွန်ထက်ဝက်ကို ပြန်လည်ရထိုက်ခွင့်ရှိ-မရှိ။

**ဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၃၊ နည်း ၁(၁) အရ အမှုစွဲဆိုပြီးနောက် မည်သည့်အခါတွင်မဆို တရားလိုသည် တရားပြိုင်အားလုံးအပေါ်ဖြစ်စေ၊ တစ်ဦးဦးအပေါ်ဖြစ်စေ စွဲဆိုသော အမှုကို ရုပ်သိမ်းနိုင်ကြောင်း သို့မဟုတ် မိမိတောင်းဆိုချက် တစ်စိတ် တစ်ဒေသကို စွန့်လွှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်း ချက်အရ အမှုကို ရုပ်သိမ်းလျှင် ထပ်တူအကြောင်းအရာဖြင့် တရား တစ်ထုံး ထပ်မံစွဲဆိုခွင့်မရှိချေ။

တရားမကျင့်ထုံးဥပဒေ အမိန့် ၂၃၊ နည်း ၁ (၁) အရ အမှုကို စာချုပ်နှင့် ခြင်းချက်မရှိ ရုပ်သိမ်းရာတွင် အခြေခံသော အကြောင်းအမျိုးမျိုး ရှိမည်ဖြစ်သည်။ ယင်းအကြောင်းအမျိုးမျိုးအနက် နှစ်ဖက်အမှုသည်တို့ အမှန်တကယ် စေ့စပ်ကျေအေးကြသဖြင့် အမှုကို ရုပ်သိမ်းခြင်းလည်း ရှိမည်ဖြစ်သည်။ ယင်းကဲ့သို့ နှစ်ဖက်အမှုသည်တို့ အမှန်တကယ် စေ့စပ်ကျေအေးကြ၍ အမှုကိုရုပ်သိမ်းရာတွင် သက်သေခံချက်မယူမီ ရုပ်သိမ်းခြင်းဖြစ်လျှင် တရားရေးဝန်ကြီးဌာန၏ ၂၉-၆-၇၃ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၄၃ တွင် အကျုံးဝင်မည်ဖြစ်၍ အဆိုလွှာအပေါ် ထမ်းဆောင်ခဲ့သည့် ရုံးခွန်ထက်ဝက်ကို ပြန်လည်ရထိုက်ပေသည်။

၁။ မစ္စတာကီချီရိုဖူဂျီ ပါ ၂ နှင့် ဦးအောင်ထွန်း ပါ ၂ ၁
(၎င်း၏ကိုယ်စားလှယ်စာရသူ ဦးခင်မောင်မြင့်) ဦးထွန်းနိုင်အေး ပါ ၂
ဒေါ်ခင်ဌေး ပါ ၂
၂။ ဦးခင်မောင်မြင့် ဦးကျော်မြင့် ပါ ၂
[လိုးရိုးစ်အင်တာနေရှင်နယ် အင်စတီကျူ (ဂျပန်) ၏ ဌာနနေကိုယ်စားလှယ် (စီးပွားရေးအကျိုးဆောင်)] ဒေါ်နီနီဌေး ပါ ၂

**ဘာသာရေးအသင်းတစ်သင်းက ကိုးကွယ်မှုတူညီသော အခြားဘာသာရေးအသင်းအား အဆောက်အအုံတွင် ဝတ်ပြုကိုးကွယ်ရန် နှစ်ဦးသဘောတူ ကတိစာချုပ်ချုပ်ဆို၍ ခွင့်ပြုထားရာမှ ပြန်လည်ပေးအပ်ရန် ငြင်းဆိုသဖြင့် ဥပစာကိုလက်ရောက်ပြန်လည်ရရှိရန် စွဲဆိုသောအမှုမျိုးသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ တွင် အကျုံးဝင်သော အမှုမျိုးဟုတ်-မဟုတ်။**

**ဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ နှင့် အကျုံးဝင်ရန် လိုအပ်ချက်မှာ ပထမဆုံးလိုအပ်ချက်မှာ အများပြည်သူနှင့်သက်ဆိုင်သော လှူဒါန်းမှုကိစ္စအတွက် သို့မဟုတ် သာသနာရေးကိစ္စအတွက် သို့မဟုတ် သာသနာရေးကိစ္စအတွက် ပြုလုပ်ထားသော ယုံမှတ်အပ်နှံမှု တည်ရှိနေခြင်းပင် ဖြစ်သည်။ ထိုကဲ့သို့ ယုံမှတ်အပ်နှံမှုမတည်ရှိလျှင် တရားရုံးမှ ထိုပုဒ်မ ၉၂ တွင် ပါရှိသော သက်သာခွင့်များနှင့်ပတ်သက်၍ ဒီကရီချမှတ်ခြင်း မပြုနိုင်၊ ယုံမှတ်အပ်နှံမှုမရှိလျှင် ဤပုဒ်မသည် သက်ဆိုင်မှုမရှိပေ။ **ဦးထွေး နှင့် အီးအမ်၊ စူလတန် အမှု**(၇) ကို ကြည့်ပါ။

The Trusts Act တွင် "trust" ဆိုသည်မှာ အခြားသူ သို့မဟုတ် အခြားသူနှင့် ပိုင်ရှင်အကျိုးငှာ ပိုင်ရှင်မှ တည်ထားသည့် သို့မဟုတ် လက်ခံကြေညာထားသည့် ယုံကြည်မှုမှ ပေါ်ပေါက်သော ပစ္စည်း ပိုင်ဆိုင်ခွင့်နှင့်အတူ တွဲဖက်ပါရှိသည့် တာဝန်ဖြစ်သည်ဟု အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်-

> A "trust" is an obligation annexed to the ownership of property, and arising out of a confidence reposed in and accepted by the owner, or declared and accepted by him, for the benefit of another, or of another and the owner;

တရားလို၏ **အဆိုလွှာ**တွင် တရားလိုက တရားပြိုင်အား ထိုကဲ့သို့ ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် တွဲဖက်ပါရှိသည့် တာဝန်မျိုးကို ယုံမှတ်အပ်နှံထားကြောင်း ဖော်ပြမထားသဖြင့် ယုံမှတ်အပ်နှံမှု မရှိဟု ဆိုရပေမည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ နှင့် အကျုံးဝင်ရန် လိုအပ်သည့် ဒုတိယအချက်မှာ အများပြည်သူနှင့်

သက်ဆိုင်သော လူ့ဒါန်းမှုကိစ္စအတွက် သို့မဟုတ် သာသနာရေးကိစ္စ အတွက် ပြုလုပ်ထားသော ယုံမှတ်အပ်နှံမှုကို ဖောက်ဖျက်ခြင်း ဖြစ်သည်။ စာမျက်နှာ

The Trusts Act တွင် ယုံမှတ်အပ်နှံမှု ဖောက်ဖျက်ခြင်းကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်သည်-

a breach of any duty imposed on a trustee, as such, by any law for the time being in force, is called a "breach of trust",

ယုံမှတ်အပ်နှံခံရသူထံတင်ရှိသည့် တာဝန်တစ်ခုခု ဖောက်ဖျက်ခြင်းသည် ယုံမှတ်အပ်နှံမှု ဖောက်ဖျက်ခြင်းဖြစ်ရာ တရားလိုက တရားပြိုင်သည် ၎င်းထံတင်ရှိသည့် တာဝန်တစ်ခုခုကို ဖောက်ဖျက်ကြောင်း စွပ်စွဲမှုမရှိသဖြင့် တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ နှင့် အကျုံးမဝင်ချေ။

ထပ်မံဆုံးဖြတ်ချက်။ ။ အများပြည်သူနှင့်သက်ဆိုင်သော လူ့ဒါန်းမှုကိစ္စအတွက်သော်လည်းကောင်း၊ သာသနာရေးကိစ္စအတွက်သော်လည်းကောင်း ပြုလုပ်ထားသော ယုံမှတ်အပ်နှံမှုကို ဖောက်ဖျက်ကြောင်း စွပ်စွဲသည့်ကိစ္စတွင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ (၁) (က) မှ (ဇ) ထိတွင် ဖော်ပြထားသည့် ကိစ္စတစ်ရပ်ရပ်အတွက် တရားစွဲဆိုသည့်အမှုမျိုးသာ ရှေ့နေချုပ်၏ သဘောတူခွင့်ပြုချက် ရယူရန် လိုသည်။

| | | | |
|---|---|---|---|
| ခရစ်မက်သဒစ်အသင်းတော် | နှင့် | ကမာရွတ်ခရစ်တော် | ၄၈ |
| နှင့်ကျောင်းဘဏ္ဍာတော်ထိန်းအဖွဲ့ | | မက်သဒစ်အသင်းတော် | |
| (၎င်းအသင်း၏ကိုယ်စားလှယ် | | ပါ ၃ | |
| အသင်းအတွင်းရေးမှူး ဦးမျိုးမြင့်) | | | |

**အပေါင်ဒီကရီကို** အတည်ပြုရာတွင် ဇာရီရုံးက အပေါင်ပစ္စည်းကို စာမျက်နှာ ဝရမ်းဖမ်းဆီးပြီး လေလံတင် ရောင်းချရန် အရောင်း ကြေညာ ထုတ်ဆင့်ခြင်း၊ ဝရမ်းကပ်ခြင်းကို တတိယပုဂ္ဂိုလ် က ကန့်ကွက်မှုရှိသည့်အခါ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁ နည်း ၅၈ ပါ လုပ်ထုံးလုပ်နည်းများအတိုင်း စုံစမ်းမှု ပြုရန်လို-မလို။

**ဆုံးဖြတ်ချက်။** ။ ငွေဒီကရီတွင် ငွေကို မပေးဆပ်နိုင်သည့် **အတွက်** ပစ္စည်းအား ရောင်းချမှုနှင့် အပေါင်မှုကဲ့သို့သော ဒီကရီတွင် **ရောင်းချရန်** သတ်မှတ်ပြီးဖြစ်သော ပစ္စည်းအား ရောင်းချမှုတို့တွင် ခြားနားမှု ရှိသည်။ ငွေဒီကရီတွင် ငွေကိုမပေးဆပ်နိုင်သည့်အတွက် ပစ္စည်းတစ်ရပ်ရပ်ကို ရောင်းချရာတွင် ရောင်းချမည့် ပစ္စည်းသည် **တရားရုံး၏** ပစ္စည်းမဟုတ်ဘဲ တတိယလူ၏ [illegible]ဖြစ်ပါက တတိယလူ **အနေဖြင့်** ဇာရီ မှုတွင် ဝင်ရောက်ပါဝင် စွက်ဖက်ခွင့်ရှိသည်။ သို့ရာတွင် တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄ အရ ပစ္စည်းရောင်းချရန် ဒီကရီ **ဖြစ်**သည့်ကိစ္စတွင် ဇာရီတရားရုံးသည် ဒီကရီအရ ရောင်းချရန် အမိန့် **ချမှတ်**ထားသော ပစ္စည်းကို ရောင်းချပေးရမည် ဖြစ်သည်။ ကန့်ကွက်သူ **အနေ**ဖြင့် သီးခြားတရားမမှု စွဲဆိုခြင်းဖြင့် ဖြစ်စေ၊ ပစ္စည်းဝယ်သူအား လက်ရောက်အပ်ပေးရာတွင် ခုခံခြင်းဖြင့်ဖြစ်စေ ကုစားခွင့်သာရှိသည်။ **အိုး**၊အာ၊အမ်၊ရာမာဆွာမိချစ်တီးယား နှင့် ဦးထွန်းသာနှင့်တစ်ဦး[၁] စီရင်ထုံးကို ကြည့်ပါ။

**ထပ်မံဆုံးဖြတ်ချက်။** ။ အပေါင်မှုတွင် ချမှတ်သော ရောင်းချရန် ဒီကရီအရ ပစ္စည်းကိုရောင်းချရာတွင် ဝရမ်းကပ်ရန်မလိုပေ။ သို့ရာတွင် ဝရမ်းကပ်သည့် လုပ်ထုံးလုပ်နည်းသည် **အပေါင်**ဒီကရီနှင့် မသက်ဆိုင်

သော်လည်း ပစ္စည်းရောင်းချရာတွင် တရားရုံးက ဝရမ်းကပ်လျှင် ဝရမ်း စာမျက်နှာ ကပ်ခြင်းအပေါ် တောင်းဆိုချက်များ သို့မဟုတ် ကန့်ကွက်ချက်များကို လက်ခံရမည် ဖြစ်ပေသည်။ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၅၈ အစရှိသည့် ပြဋ္ဌာန်းချက်များသည် အဆိုပါဝရမ်းကပ်ခြင်းနှင့် သက်ဆိုင်သည်။ **မောင်မြထွန်း နှင့် ဦးတိုင်**[၂] စီရင်ထုံးကို ကြည့်ပါ။

တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၅၈ (၁) အရ ဒီကရီကို အတည်ပြုရာတွင် ဝရမ်းကပ်သည့်ပစ္စည်းကို ဝရမ်းကပ်ခွင့်မရှိဟုဆိုကာ ၎င်းပစ္စည်းကို ပိုင်ဆိုင်ကြောင်း တောင်းဆိုလျှင်ဖြစ်စေ၊ ဝရမ်းကပ်ခြင်းကို ကန့်ကွက်လျှင်ဖြစ်စေ၊ တရားရုံးသည် တောင်းဆိုသူ သို့မဟုတ် ကန့်ကွက်သူကို စစ်မေးခြင်းမှစ၍ အခြားအကြောင်းအရာများနှင့်စပ်လျဉ်း၍ ထိုသူမှာ အမှုသည်ဖြစ်ဘိသကဲ့သို့ တောင်းဆိုချက် သို့မဟုတ် ကန့်ကွက်ချက်ကို ဆက်လက်စုံစမ်းရမည် ဖြစ်သည်။

ဇာရီတရားရုံးက အပေါင်မှုတွင် ရောင်းချရန် ဒီကရီကို အတည်ပြုရာ၌ မလိုအပ်ဘဲ ဒီကရီချမှတ်ထားသည့် အပေါင်ပစ္စည်းကို ဝရမ်းစွဲကပ်ခဲ့သည်ဖြစ်ရာ ဝရမ်းကပ်ခြင်းကိုကန့်ကွက်လာပါက တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၅၈ ပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ မလွဲမသွေ ဆောင်ရွက်ရတော့မည် ဖြစ်သည်။

ဦးခင်မောင်ကြည် နှင့် မအိဝေဇင်ထွန်း ပါ ၃ ၆၅
(ကိုယ်တိုင်နှင့်ဒါရိုက်တာအဖွဲ့၊
ပထမပုဂ္ဂလိကဘဏ်လီမိတက်
ကိုယ်စား)

ဝယ်သူက ရောင်းသူအပေါ် အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင် စာမျက်နှာ
ပေးစေလိုမှု စွဲဆိုရာ အနိုင်ဒီကရီ ရရှိခဲ့သည်။ ထို့နောက် ရောင်းသူက ဝယ်သူအပေါ် အဆိုပါ အရောင်းအဝယ် စာချုပ်သည် တရားမဝင် ပျက်ပြယ်အောင်နှင့် ၎င်းတို့ အပေါ် အကျိုးသက်ရောက်မှု မရှိကြောင်း ကြေညာပြဋ္ဌာန်း ပေးစေလိုမှု ထပ်မံစွဲဆိုသည်။ ရောင်းသူက နောက်စွဲဆို သည့် အမှုတွင် တင်ပြထားသည့် အကြောင်းအရာများ သည် ယခင် ဝယ်သူက စွဲဆိုသည့်အမှုတွင် ချမှတ်သည့် ဆုံးဖြတ်ချက်များကြောင့် မီးသေဆုံးဖြတ်ချက် ဖြစ်-မဖြစ်၊ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၊ ရှင်းလင်းချက် ၄ အရ မှတ်ယူရမည့်အချက်။

ဆုံးဖြတ်ချက်။ ။ တရားရုံးတစ်ရုံးက အဆုံးအဖြတ်ပေးပြီးဖြစ်သော အကြောင်းအရာတစ်ရပ်ကို နောက်ထပ် အဆုံးအဖြတ်မပေးရန် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ တွင် ပိတ်ပင်ထားသည်။ ပုဒ်မ ၁၁ နှင့် အကျုံးဝင်ရန် အောက်ပါအချက်များနှင့် ညီညွတ်ရမည်ဖြစ်သည်-

(၁) နောက်အမှုတွင် သို့မဟုတ် နောက်ငြင်းချက်တွင် တိုက်ရိုက်အားဖြင့်လည်းကောင်း၊ အဓိကအားဖြင့် လည်းကောင်း အငြင်းပွားသော အကြောင်းအရာသည် ယခင်အမှုတွင် သဘောအားဖြင့် ဖြစ်စေ၊ အမှန်တကယ် ဖြစ်စေ၊ တိုက်ရိုက်အားဖြင့်လည်းကောင်း၊ အဓိက အားဖြင့်လည်းကောင်း အငြင်းပွားသော အကြောင်း အရာနှင့် တူရမည်၊

(၂) ယခင်အမှုမှ တူသော အမှုသည်များ သို့မဟုတ် ယင်း အမှုသည်တို့ကို ဆက်ခံအရေးဆိုသူများ သို့မဟုတ်

ယင်းအမှုသည်တို့ကို ဆက်ခံအရေးဆိုသူများအနက် တစ်ဦးဦးတို့အကြား ပေါ်ပေါက်သည့် အမှုဖြစ်ရမည်၊ 　　　　စာမျက်နှာ

(၃) ဆိုခဲ့သည့် အမှုသည်များသည် ယခင်အမှုတွင် ဆိုင်ရေးဆိုင်ခွင့် တစ်ရပ်တည်းအရ တရားဆိုင်ခဲ့ရမည်။

(၄) ယခင်အမှုကို အဆုံးအဖြတ်ပေးခဲ့သော တရားရုံးသည် နောက်အမှုကို စီရင်ပိုင်ခွင့်ရှိရမည်၊ သို့မဟုတ် ယခင်အမှုတွင် ဆုံးဖြတ် ခဲ့သော ငြင်းချက်မျိုးအား ထပ်မံတင်ပြသော အမှုကို စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးဖြစ်ရမည်၊

(၅) နောက်အမှုတွင် တိုက်ရိုက်အားဖြင့် လည်းကောင်း၊ အဓိကအားဖြင့် လည်းကောင်း အငြင်းပွားသည့် အကြောင်းအရာကို ယခင်အမှုတွင် ကြားနာ၍ အပြီးသတ် ဆုံးဖြတ်ပြီး ဖြစ်ရမည်။

ထပ်မံဆုံးဖြတ်ချက်။ 　　။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၊ ရှင်းလင်းချက် ၄ တွင် ယခင်အမှုတွင် စွဲဆိုရန် သို့မဟုတ် ချေပရန် အခြေခံနိုင်သည့်အပြင် အခြေခံပြုသင့်သည်လည်းဖြစ်သော အကြောင်းအရာသည် ယခင်အမှုတွင် တိုက်ရိုက်အားဖြင့်လည်းကောင်း၊ အဓိကအားဖြင့်လည်းကောင်း အငြင်းပွားခဲ့သော အကြောင်းအရာ ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

အမှုတွင် တိုက်ရိုက်အားဖြင့်လည်းကောင်း၊ အဓိကအားဖြင့်လည်းကောင်း အငြင်းမပွားသော်လည်း စွဲဆိုရန် သို့မဟုတ် ခုခံချေပရန် အခြေခံနိုင်သည့်အပြင် အခြေခံရန်လည်း လိုအပ်သော အကြောင်းအရာသည် အမှုတွင် အငြင်းပွားသည့် သဘောသက်ရောက်သော အကြောင်းအရာ ဖြစ်သည်။

တရားလိုက အမှုတွင် မိမိတောင်းဆိုသော သက်သာခွင့် စာမျက်နှာ ရထိုက်ကြောင်း အခိုင်အမာပြရာ၌ အခြေခံနိုင်သည်လည်း ဖြစ်၍ အခြေခံသင့်သည်လည်းဖြစ်သော အကြောင်းအရာကို အမှုတွင် ထည့်သွင်းစွဲဆိုရန် ပျက်ကွက်တတ်သည်။ ထိုနည်းတူ တရားပြိုင်က လည်း ချေပနိုင်သည်လည်း ဖြစ်၍ ချေပသင့်သည်လည်း ဖြစ်သော အကြောင်းအရာကို အမှုတွင် ထည့်သွင်းချေပရန် ပျက်ကွက်တတ် သည်။ ယခင်အမှုတွင် စွဲဆိုရန် သို့မဟုတ် ခုခံချေပရန် အခြေခံနိုင် သည့်ပြင် အခြေခံသင့်သည်ဖြစ်သော အကြောင်းအရာသည် ယခင် အမှုတွင် တိုက်ရိုက်အားဖြင့်လည်းကောင်း အငြင်းပွားခဲ့သော အကြောင်းအရာ ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း တရားမ ကျင့်ထုံး ဥပဒေ ပုဒ်မ ၁၁၊ ရှင်းလင်းချက် ၄ တွင် ပြဋ္ဌာန်းထားသည်။ အကြောင်းအရာ တစ်ရပ်သည် အမှုတွင် တိုက်ရိုက်အားဖြင့် လည်းကောင်း၊ အဓိကအားဖြင့်လည်းကောင်း အမှန်တကယ် အငြင်း မပွားစေကာမူ ရှင်းလင်းချက် ၄ အရ သဘောသက်ရောက်သည့် အနေဖြင့် အငြင်းပွားသည်ဟု မှတ်ယူရမည် ဖြစ်သည်။

| | | | |
|---|---|---|---|
| မညိုညိုမြင့် (ခ) မလွင်လွင်မြင့် | နှင့် | ဒေါ်ခင်မာမာ ပါ ၂ | ၁၀၅ |
| ကိုမောင်မြင့် | | ဒေါ်ခင်မာမာ ပါ ၄ | |

တရားလိုနှင့် တရားလိုပြသက်သေ တစ်ဦးကို စစ်ဆေးပြီးနောက် ကျန်တရားလိုပြသက်သေများကို မစစ်ဆေးရသေးမီ တရား စွဲဆိုရန်အကြောင်း မပေါ်ပေါက်ဆိုကာ တရားမကျင့်ထုံး ဥပဒေ အမိန့် ၇၊ နည်းဥပဒေ ၁၁ (က) အရ အဆိုလွှာကို ပလပ်ခြင်းပြုနိုင်-မပြုနိုင်။

ဆုံးဖြတ်ချက်။ ။ တရားမကျင့်ထုံးဥပဒေ အမိန့် ၇၊ နည်းဥပဒေ စာမျက်နှာ ၁၁ (က) တွင် အမှုစွဲဆိုနိုင်ရန်အကြောင်းပေါ်ပေါက်ကြောင်း အဆိုလွှာတွင် ထင်ရှားပေါ်ပေါက်ခြင်း မရှိပါက အဆိုလွှာကို ပယ်ရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

အဆိုလွှာတင်သွင်းလာသည့်အခါ အဆိုလွှာတွင် ဒီကရီချမှတ်နိုင်ရန် သက်သေထူရမည့် စွပ်စွဲချက်များပါ-မပါ တရားရုံးက စိစစ်ရန် တာဝန်ရှိသည်။ စွပ်စွဲချက်များ ထင်ရှားသည့်တိုင်အောင် တရားလိုတွင် မည်သည့်သက်သာခွင့်မျှ မရနိုင်ကြောင်း တွေ့ရှိရမှသာ အဆိုလွှာကို ပလပ်ရန် ဖြစ်သည်။ တရားမကျင့်ထုံးဥပဒေ အမိန့် ၇၊ နည်းဥပဒေ ၁၁ (က) အရ အဆိုလွှာကို ပယ်နိုင်ရန်အတွက် အဆိုလွှာကို စိစစ်ရမည်။ အခြားအကြောင်းအချက်တို့ကို ကြည့်ရှုရန် မဟုတ်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၈၊ နည်းဥပဒေ ၂ ပါ ပြဋ္ဌာန်းချက်အရဆိုလျှင် စတင်ဆောင်ရွက်ခွင့်ရှိသည့် အမှုသည်နှင့် ၎င်းတင်ပြသည့် သက်သေများကို စစ်ဆေးပြီးနောက် တစ်ဖက်အမှုသည်နှင့် ၎င်းတင်ပြသည့်သက်သေများကို စစ်ဆေးရမည် ဖြစ်သည်။

တရားလိုဘက်မှ သက်သေခံချက်များအရ တရားပြိုင် အနိုင်ရသင့်သည်ဟု ထင်မြင်စေကာမူ တရားပြိုင်အား သက်သေပြခွင့် ပေးရမည် ဖြစ်သည်။ တရားပြိုင်ဘက်ကို စစ်ဆေးခွင့်မပေးဘဲ အမှုကို အဆုံးအဖြတ်ပေးခွင့် မရှိပေ။

ဒီကရီကို လိုက်နာရန် တာဝန်ရှိသူများ၊ အမှုအတောအတွင်း စာမျက်နှာ ယင်းဥပစာကို လွှဲပြောင်းရယူထားသူ ဆိုသည်မှာ တရားရှုံး ထံမှ အမှုအတောအတွင်း ဥပစာကို လွှဲပြောင်းရယူထားသူ ကို ဆိုလိုခြင်းဖြစ်သည်။ ဒီကရီကို လိုက်နာရန် တာဝန်ရှိသူ များမှာ တစ်နည်းနည်းဖြင့် တရားရှုံးနှင့် ဆက်နွယ် ပတ်သက်သူများ ဖြစ်ကြသည်။

ဆုံးဖြတ်ချက်။ ။ ဒီကရီကို လိုက်နာရန် တာဝန်ရှိသူများထဲတွင် တရားရှုံးထံမှ အချင်းဖြစ်ဥပစာကို တစ်ဆင့်ငှားရမ်းထားသူ အမှု အတောအတွင်း ယင်းဥပစာကို လွှဲပြောင်းရယူထားသူနှင့် တရားရှုံးကို အကြောင်းပြု၍ ယင်းဥပစာကို လက်ရှိထားသူတို့ ပါဝင်သည်။ ဦးကိုရင် နှင့် မောင်ရဲမြင့် အမှု(၁) ကို ကြည့်ပါ။

ထပ်မံဆုံးဖြတ်ချက်။ ။ အမှုအတောအတွင်း ယင်းဥပစာကို လွှဲပြောင်း ရယူထားသူဆိုသည်မှာ တရားရှုံးထံမှ အမှုအတောအတွင်း ယင်းဥပစာကို လွှဲပြောင်းရယူထားသူဟု ဆိုလိုခြင်း ဖြစ်ကြောင်း ပေါ်ပေါက်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၃၅ နှင့် နည်း ၉၈ ပါ ပြဋ္ဌာန်းချက်များကို ယှဉ်တွဲလေ့လာသည့်အခါ အပ်ဝရမ်း အတည်ပြုရာတွင် ဒီကရီကို လိုက်နာရန် တာဝန်ရှိသူများ ဖြစ်ကြသော အချင်းဖြစ်ဥပစာကို တစ်ဆင့်ငှားရမ်းထားသူ၊ လွှဲပြောင်း ရယူထားသူ၊ လက်ရှိထားသူတို့သည် တရားရှုံးနှင့် ဆက်နွယ်ပတ်သက် သူများဖြစ်ကြောင်း ကောက်ယူနိုင်သည်။

သာမန်အားဖြင့် ဒီကရီတစ်ရပ်ကို တရားရှုံးအပေါ်တွင်သာ စာမျက်နှာ အတည်ပြုနိုင်သည်ဖြစ်ရာ တရားရှုံးနှင့် မသက်ဆိုင်သူတို့မှာ ဒီကရီကို လိုက်နာရန်တာဝန်ရှိသူ မဖြစ်နိုင်ပေ။

တရားနိုင်က ဒီကရီရရှိပြီးမှ ဒီကရီချမှတ်ထားသည့် အခန်းကို တရားရှုံးမဟုတ်သူထံမှ ဝယ်ယူနေထိုင်သူသည်လည်းကောင်း၊ အမှုအတောအတွင်း တရားရှုံးမဟုတ်သူထံမှ ငှားရမ်း နေထိုင်သူသည်လည်းကောင်း၊ တရားနိုင်ရရှိထားသည့် ဒီကရီကို လိုက်နာရန် တာဝန်ရှိသူများ မဟုတ်ပေ။

ဒေါက်တာမြမြအေး ပါ ၂ နှင့် ဒေါ်မြမြဝင်း ပါ ၂ ၁၈၈

အမွေမှုတွင်ချမှတ်သည့် ပဏာမဒီကရီအပေါ် အယူခံဝင်ရောက်နေစဉ်အတွင်း အမွေပစ္စည်း လက်ဝယ်မရှိသူ အယူခံတရားပြိုင် ကွယ်လွန်ရာတွင် သတ်မှတ်သည့်ကာလအတွင်း တရားဝင်ကိုယ်စားလှယ် ထည့်သွင်းခြင်း မပြုပါက အမွေပုံကို ထိရောက်စွာ စီမံခန့်ခွဲခြင်း ပြုနိုင်-မပြုနိုင်၊ အယူခံမှုတစ်မှုလုံး ရပ်စဲသွားခြင်းရှိ-မရှိ။

ဆုံးဖြတ်ချက်။ ။ အယူခံမှုတစ်မှုလုံး ရပ်စဲခြင်းရှိ-မရှိ စိစစ်ရန်မှာ အယူခံမှုကို ကျန်ရစ်သူ အယူခံတရားပြိုင်များအပေါ် ခွင့်ပြုမည်ဆိုပါက အချင်းဖြစ်အကြောင်းအရာ တစ်ရပ်တည်းနှင့်စပ်လျဉ်း၍ တစ်မှုတည်းတွင် ဆန့်ကျင်ဘက် ဒီကရီနှစ်ရပ်၊ တစ်နည်းအားဖြင့် ကွဲပြားခြားနားသည့် မူလရုံးဒီကရီနှင့် အယူခံရုံးဒီကရီ နှစ်ရပ် ပေါ်ပေါက်လာဖွယ်ရာ အကြောင်းရှိ-မရှိ ဖြစ်သည်။

ယခုအမှုတွင် အယူခံတရားလိုသည် အမွေ၏ ၆ ပုံ ၁ ပုံ ကို စာမျက်နှာ ရထိုက်ကြောင်း ပဏာမဒီကရီ ရရှိခဲ့သော်လည်း ကွယ်လွန်သူ အယူခံတရားပြိုင် ဦးမြတ်ကျော်သည် ၎င်းအတွက် ဝေစုသတ်မှတ်သည့် ဒီကရီ မရရှိခဲ့ပေ။ ထို့ကြောင့် အယူခံတရားပြိုင် ဦးမြတ်ကျော်အပေါ် တင်သွင်းထားသည့် အယူခံမှု အောင်မြင်ပါက တရားရုံးချုပ်၏ ဒီကရီ နှင့် မူလရုံး၏ဒီကရီတို့၌ ဝိရောဓိဖြစ်မည့် ဒီကရီနှစ်ရပ် ပေါ်လာဖွယ်ရာ အကြောင်း မရှိပေ။ ဤအခြေအနေတွင် အယူခံမှုသည် ရပ်စဲရန် အကြောင်း မရှိချေ။

ထပ်မံဆုံးဖြတ်ချက်။ ။ အမွေပုံ စီမံခန့်ခွဲပေးစေလိုမှုတွင် ပစ္စည်း လက်ရှိဖြစ်သူက အမွေဆိုင် မပါဝင်လျှင် ထိထိရောက်ရောက် စီမံခန့်ခွဲ၍ မရနိုင်သောကြောင့် ထိုသူသည် မပါမဖြစ် ပါဝင်ရမည့် အမှုသည် ဖြစ်သည်။

ယခုအမှုတွင် တရားလို ဒေါ်ရင်မြသည်သာ ပစ္စည်း လက်ရှိဖြစ်သူ ဖြစ်ပြီး ကွယ်လွန်သူ အယူခံတရားပြိုင်ဦးမြတ်ကျော်သည် ပစ္စည်း လက်ရှိဖြစ်သူ မဟုတ်ပေ။ အယူခံတရားလို ဒေါ်ရင်မြက အယူခံဝင်သည့် အယူခံမှုတွင် ပစ္စည်းလက်ရှိမဟုတ်သူ ဦးမြတ်ကျော်မှာ မပါမဖြစ် ပါဝင်ရမည့် အမှုသည်မဟုတ်ကြောင်း မြင်သာသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ မူလမှု၌ အမွေဆိုင်အားလုံး အမှုသည် အဖြစ် ပါဝင်ခဲ့သော အယူခံမှုတွင် အယူခံတရားပြိုင်များအနက် အယူခံတရားပြိုင်တစ်ဦး ကွယ်လွန်သွားရာတွင် ကွယ်လွန်သူသည် မူလမှု၌ အမွေဝေစု မရရှိခဲ့သည့်အပြင် အမွေပုံပစ္စည်း လက်ရှိဖြစ်သူ လည်း မဟုတ်လျှင် ၎င်း၏နေရာ၌ သတ်မှတ်ထားသည့် ကာလအတွင်း

တရားဝင်ကိုယ်စားလှယ် မထည့်သော်လည်း အယူခံမှုတစ်မှုလုံး ရပ်စဲ စာမျက်နှာ မည် မဟုတ်ပေ။

ဒေါ်ရင်မြ နှင့် ဒေါ်ခင်ယုဝေ ပါ ၉ ၂၁၀

## အမွေထိန်းစာလျှောက်ထားမှုတွင် တင်သွင်းသော ကန့်ကွက်လွှာအား တရားမကျင့်ထုံးဥပဒေ အမိန့် ၆၊ နည်း ၁၇ အရ တရားရုံးက ပြင်ဆင်ခွင့်ပြုနိုင်ခြင်းရှိ-မရှိ။

ဆုံးဖြတ်ချက်။ ။ တရားမကျင့်ထုံးဥပဒေအမိန့် ၆၊ နည်း ၁ တွင် အဆိုအချေဆိုသည်မှာ အဆိုလွှာ သို့မဟုတ် ချေလွှာတို့ကို ဆိုလို ကြောင်းကိုလည်းကောင်း၊ နည်း ၂ တွင် အဆိုအချေအသီးသီးတွင် အမှုသည်၏တောင်းဆိုချက် သို့မဟုတ် ခုခံချေပချက်အတွက် အမှုသည်က အားကိုးအားထားပြုသော အရေးပါသည့် အကြောင်း အချက် အကျဉ်းချုပ်သာ ပါရှိစေရပြီး၊ ရက်စွဲ၊ ငွေကြေးပမာဏနှင့် ကိန်းဂဏန်းတို့ကို ဖော်ပြရမည်ဟုလည်းကောင်း ပြဋ္ဌာန်းချက်များ ရှိပေ သည်။ တရားရုံးများလက်စွဲအပိုဒ် ၁၁၉ တွင်လည်း အဆိုအချေများ နှင့်စပ်လျဉ်း၍ ညွှန်ပြချက်များရှိသည်။ ထို့ပြင် တရားမကျင့်ထုံးဥပဒေ ပထမစာရင်း နောက်ဆက်တွဲ (က) တွင် အဆိုအချေပုံစံများကို သတ်မှတ်ထားသည်။

တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်း ၁ အရ တရားရုံးက ဆင့်ဆိုလျှင် တရားပြိုင်သည် ချေလွှာတင်သွင်းရန် တာဝန်ရှိပေသည်။ တရားမကျင့်ထုံးဥပဒေ အမိန့် ၆၊ နည်း ၁၇ တွင် တရားရုံးသည် တစ်ဖက်သောအမှုသည်အား အဆိုအချေများကို ပြောင်းလဲရန် သို့မဟုတ် ပြင်ဆင်ရန် ခွင့်ပြုနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

တရားမကျင့်ထုံးဥပဒေ အမိန့် ၆၊ နည်း ၁ နှင့် ၂ တို့နှင့်အညီ စာမျက်နှာ ရေးသားထားပြီး အမိန့် ၈၊ နည်း ၁ နှင့်အညီ တင်သွင်းမှသာ ချေလွှာဟု ဆိုနိုင်မည်ဖြစ်ပြီး ယင်းကဲ့သို့ တင်သွင်းသော ချေလွှာများကိုသာ လိုအပ်လျှင် တရားရုံးက တရားမကျင့်ထုံးဥပဒေ အမိန့် ၆၊ နည်း ၁၇ နှင့်အညီ ပြင်ဆင်ခွင့်ပြုနိုင်ခြင်း ဖြစ်သည်။ သို့ဖြစ်၍ အဆိုအချေမှ လွဲ၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၆၊ နည်း ၁၇ အရ ပြင်ဆင်ခွင့် မပေးနိုင်ခြင်းမှာ ယင်းပြဋ္ဌာန်းချက်အရ အငြင်းပွားစရာ မရှိချေ။

အမွေထိန်းစာလျှောက်ထားမှုတွင် ကန့်ကွက်လိုသူများသည် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၄ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တင်သွင်းရသည့် ကန့်ကွက်လွှာသာဖြစ်ပြီး တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်း ၁ အရ တင်သွင်းရသည့် ချေလွှာမဟုတ်သဖြင့် ယင်း ကန့်ကွက်လွှာအား တရားရုံးက တရားမကျင့်ထုံးဥပဒေ အမိန့် ၆၊ နည်း ၁၇ အရ ပြင်ဆင်ခွင့်မပြုနိုင်ကြောင်း ထင်ရှားသည်။

ဒေါ်လှရွှေ နှင့် ဒေါ်စန်းစန်းမြင့် ပါ ၃ ၂၄၄
[မိမိကိုယ်တိုင်နှင့် အရွယ်မရောက်သေးသူ (၂ ၃) လျှောက်ထားသူများ၏ မိခင်အရင်း သဘာဝအုပ်ထိန်းသူ]

မူလရုံးက ငြင်းချက်အားလုံးနှင့်စပ်လျဉ်း၍ သက်သေခံချက်များ ရယူပြီးနောက် ကာလစည်းကမ်းသတ်နှင့်စပ်လျဉ်းသော ငြင်းချက် တစ်ခုတည်းကိုသာ ဖြေဆို၍ အမှုပလပ်ခဲ့သည်။ ပထမအယူခံတရားရုံးက ကာလစည်းကမ်းသတ် မကျော်ဟု ဆုံးဖြတ်ပြီး ကျန်ငြင်းချက်များကိုပါ ဖြေဆို၍ အမှုပလပ်

သော မူလရုံး၏အမိန့်ကို ပယ်ဖျက်ကာ တရားလိုတောင်းဆို	စာမျက်နှာ
သည့်အတိုင်း ဒီကရီချမှတ်ပေးခဲ့သည်။ ထိုသို့ဆုံးဖြတ်ရာ
တွင် ထိခိုက်နစ်နာမည့် အမှုသည်အား ထိုအကြောင်းပြ
ချက်နှင့်စပ်လျဉ်း၍ လျှောက်လဲတင်ပြခွင့် မပြုခဲ့လျှင်
တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်းဥပဒေ ၂ ပါ
ပြဋ္ဌာန်းချက်နှင့် ညီညွတ်သည်ဟု ဆိုနိုင်-မဆိုနိုင်။

**ဆုံးဖြတ်ချက်။** ။ တိုင်းတရားရုံးက ကာလစည်းကမ်းသတ် ကျော်လွန်သည်ဆိုကာ တရားလိုစွဲဆိုသောအမှုကို ပလပ်ခြင်းမှာ ပဏာမအချက်အရ အမှုကိုဆုံးဖြတ်ခြင်း ဖြစ်သည်။ ဤကဲ့သို့ တိုင်းတရားရုံးက ပဏာမအချက်အရ အမှုကိုဆုံးဖြတ်ခဲ့ပြီး တရားရုံးချုပ်က အယူခံမှုတွင် ထိုအချက်ကိုပယ်ဖျက်လိုက်ပါက အမှုတွင် ကျန်ငြင်းချက်များကို ဖြေဆိုဆုံးဖြတ်ရန် ညွှန်ပြပြီး အမှုကို ပြန်လည်စစ်ဆေးစီရင်ရန် တိုင်းတရားရုံးအား တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၂၃ အရ ညွှန်ကြားနိုင်သည်။ သို့မဟုတ်ပါက မူလရုံးအမှုတွဲတွင် စီရင်ချက် ချမှတ်နိုင်အောင် လုံလောက်သည့် သက်သေခံချက်များရှိပါက အယူခံရုံးက တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၂၄ အရ အပြီးသတ် ဆုံးဖြတ်နိုင်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ မူလရုံးအမှုတွဲရှိ သက်သေခံ အထောက်အထားများမှာ တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၂၄ အရ အယူခံရုံးက စီရင်ချက်ချမှတ်နိုင်လောက်အောင် လုံလောက်စေကာမူ အယူခံရုံးက ချမှတ်သည့် အခြားအကြောင်းပြချက်အရ ထိခိုက်နစ်နာမည့် အမှုသည်အား ထိုအကြောင်းပြချက်နှင့်စပ်လျဉ်း၍ လျှောက်လဲတင်ပြခွင့်မပြုခဲ့လျှင် တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၂ ပါ

ပြဋ္ဌာန်းချက်ကို လိုက်နာရာမရောက်၍ အယူခံရုံး၏ အဆုံးအဖြတ်သည် စာမျက်နှာ ဥပဒေနှင့်ညီသည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

ဦးလှဦး ပါ ၃ နှင့် ဒေါ်အုံးစီ ၂၅၃
(ကွယ်လွန်သူ ဦးအောင်ဖေ၏
တရားဝင်ကိုယ်စားလှယ်များ)

အယူခံဝင်ခြင်းနှင့်စပ်လျဉ်းသည့် အခြေခံသဘောတရား၊ တရားရုံး တစ်ရုံးရုံးက ချမှတ်သော ဒီကရီ သို့မဟုတ် အမိန့်ကြောင့် အကြီးအကျယ် ထိခိုက်နစ်နာသူက ယင်းဒီကရီ သို့မဟုတ် အမိန့်ကို အယူခံဝင်နိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ အယူခံဝင်ခြင်းနှင့်စပ်လျဉ်းသည့် အခြေခံသဘောတရားမှာ တရားရုံးတစ်ရုံးရုံးက ချမှတ်သော ဒီကရီ သို့မဟုတ် အမိန့်ကြောင့် အကြီးအကျယ် ထိခိုက်နစ်နာသူက ယင်းဒီကရီ သို့မဟုတ် အမိန့်ကို အယူခံဝင်နိုင်သည်။ **ဦးမြင့်လွင် နှင့် ဒေါ်ကျင်** အမှု[၂] တွင် ကြည့်ပါ။

အယူခံဝင်လိုသော အမိန့် သို့မဟုတ် ဒီကရီကို ချမှတ်ထားသည့် အမှုတွင် အမှုသည်အဖြစ် မပါဝင်သူတစ်ဦးသည် ယေဘုယျအားဖြင့် အယူခံဝင်ခွင့်မရှိကြောင်း၊ သို့ရာတွင် အမှုသည်မဟုတ်သူ တစ်ဦးသည် ဒီကရီအရ ထိခိုက်နစ်နာမည့်အပြင် မီးသေသော ဆုံးဖြတ်ချက်အဖြစ် အကျိုးသက်ရောက်မည်ဆိုပါက အယူခံရုံး၏ ခွင့်ပြုချက်ဖြင့် အယူခံဝင်နိုင်ကြောင်း **ညွှန်ကြားရေးမှူးချုပ်၊ အိုးအိမ်ဦးစီးဌာန၊** အုန်းပင်ရွှဲကပ်၍ (ခ) မောင်အေး နှင့် ချန်ဒရာဒေဝီ (ခ) ဒေါ်မြခင်

စာမျက်နှာ

ပါ ၁၀ အမှု[၃]၊ ဒေါ်မြင့်သိန်း (ခ) အမိန် ပါ ၂ နှင့် ဦးမြင့်သိန်း ပါ ၆ အမှု[၁] တို့တွင် ထုံးဖွဲ့သည်။

မူလအမှုတွင် အယူခံတရားလို ဒေါ်အမာ နှင့် ဒေါ်ခင်ထွေး တို့သည် မူလအမှုသည်အဖြစ် မပါဝင်သောကြောင့် မူလရုံးမှ ချမှတ်သော ဒီကရီသည် ၎င်းတို့အပေါ် အတည်ဖြစ်ရန်အကြောင်း မရှိပေ။ ဒီကရီသည် တစ်ဦးတစ်ယောက်အပေါ် အတည်ဖြစ်(Binding) မှသာ ထိုသူကို အကြီးအကျယ် ထိခိုက်နစ်နာစေမည် ဖြစ်သည်။ သို့ဖြစ်ရာ မူလရုံး၏ ဒီကရီသည် အယူခံတရားလိုတို့အပေါ် အကြီးအကျယ် ထိခိုက်စေရန်အကြောင်း မရှိပေ။

ဒေါ်အမာ ပါ ၂ နှင့် ဒေါ်ငွေးရီ ပါ ၃ ၂၈၅

တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၉၇၊ မရွှေ့မပြောင်းနိုင်သောပစ္စည်း လက်ရောက်ပေးအပ်ခြင်းကို ခုခံတားဆီးခံရလျှင် ယင်းကဲ့သို့ ခုခံတားဆီးခံရကြောင်းကို တရားရုံးသို့ တိုင်တန်းလျှောက်ထားနိုင်ခြင်း၊ ယင်းနည်းဥပဒေအရ လျှောက်ထားရာတွင် ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၆၇ အရ ခုခံတားဆီးခံရသည့် နေ့ရက်ကစ၍ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားရခြင်း၊ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၃၅ အရ အပ်ဝရမ်း ထုတ်ပေးရန် အကြိမ်ကြိမ်လျှောက်ထားနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၉၇ တွင် မရွှေ့မပြောင်းနိုင်သောပစ္စည်း လက်ရောက်ပေးအပ်ခြင်းကို

တစ်ဦးဦးက ခုခံတားဆီးလျှင် ယင်းကဲ့သို့ ခုခံတားဆီးကြောင်း တရားရုံး စာမျက်နှာ သို့ တိုင်တန်းလျှောက်ထားနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

ဤနည်းဥပဒေအရ လျှောက်ထားမှု ပြုလုပ်နိုင်သူမှာ တရားနိုင်သာဖြစ်သည်။ တရားရုံးသည် မိမိသဘောအရ ဖြစ်စေ၊ ဘီလစ်၏ **အစီ**ရင်ခံစာအရ ဖြစ်စေ၊ တရားရှုံး၏လျှောက်ထားချက်အရ ဖြစ်စေ **စုံစမ်း**ရန် အမိန့်မချနိုင်ပေ။

တရားနိုင်သည် ဤနည်းဥပဒေအရ လျှောက်ထားရာတွင် ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၆၇ အရ ခုခံတားဆီးခံရသည့် နေ့ရက်ကစ၍ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားရမည် ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ကာလစည်းကမ်းသတ်အက်ဥပဒေအရ သတ်မှတ်ထားသည့် စည်းကမ်းသတ်ကာလ ကျော်လွန်ပြီးမှ လျှောက်ထားလာသည့် ဦးခင်မောင်၏ လျှောက်ထားချက်အပေါ် တရားရုံးက စုံစမ်းမှုပြုလုပ်ရန် အမိန့်ချမှတ်ခြင်းမှာ ဥပဒေနှင့် ညီညွတ်ခြင်း မရှိပေ။

အမှန်အားဖြင့် လက်ရောက်ပေးအပ်စေရန် ဒီကရီရရှိထားသူ တရားနိုင်သည် လက်ရောက်ပေးအပ်စေရန် ဒီကရီအတည်ပြုရာတွင် ခုခံတားဆီး ဟန့်တားခြင်းခံရလျှင် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၉၇ အရ လျှောက်ထားရန် တာဝန်မရှိချေ။ နည်းဥပဒေ ၃၅ အရ ဝရမ်းထုတ်ပေးရန် ဖြစ်စေ၊ နည်းဥပဒေ ၃၆ အရ ဒီကရီ အတည်ပြုပေးရန် ဖြစ်စေ ထပ်မံလျှောက်ထားနိုင်သည်။ ယင်းသို့ ထုတ်ပေးသည့် ဝရမ်းကို ခုခံတားဆီးခြင်းခံရလျှင် နည်းဥပဒေ ၉၇ အရ အရေးယူဆောင်ရွက်ရန်အတွက် လျှောက်ထားခွင့်အသစ် ရရှိမည် ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ တရားနိုင်သည် တရားရုံး၏ညွှန်ကြားချက် စာမျက်နှာ အရ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၉၇ အရ လျှောက်ထားရာတွင် ကာလစည်းကမ်းသတ် ကျော်လွန်နေသည့်အတွက် ယင်းလျှောက်လွှာကို ပလပ်ခံရပါက တရားနိုင်အနေဖြင့် နစ်နာမှုရှိနိုင်-မရှိနိုင်ကို စဉ်းစားသည့်အခါ တရားနိုင်သည် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၃၅ အရ အပ်ဝရမ်းထုတ်ပေးရန် အကြိမ်ကြိမ် လျှောက်ထားခွင့်ရှိသည့်အပြင် အပ်ဝရမ်းကို ခုခံတားဆီးခြင်းခံရပါက စည်းကမ်းသတ်ကာလအတွင်း တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၉၇ အရ လျှောက်ထားခွင့်အသစ် ရရှိသည်ဖြစ်၍ နစ်နာမှုရှိသည်ဟု မဆိုနိုင်ချေ။

ဦးအောင်ဝင်း (ခ) ဦးအဟုန် နှင့် ဒေါ်ငွေ (ကွယ်လွန်သူ ဦးခင်မောင်၏ တရားဝင်ကိုယ်စားလှယ်) ၃၁၃

အမှုတစ်မှုတွင် တရားလိုက ကျမ်းကျိန်လွှာတစ်စောင် တင်သွင်းရာ တရားပြိုင်တို့က အဆိုပါကျမ်းကျိန်လွှာတွင် မမှန်မကန် ဖော်ပြချက်များ ပါရှိကြောင်း၊ မမှန်မကန်ဖော်ပြ ကျမ်းကျိန်ဆိုခြင်းသည် ဖြောင့်မှန်သည့် တရားစီရင်ရေးကို အနှောင့်အယှက်ပြုရာရောက်ကြောင်း ဖော်ပြလျက် တရားလိုအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ အရေးယူပေးရန် လျှောက်ထားသည်။ တိုင်းတရားရုံးက အဆိုပါလျှောက်လွှာကို ပလပ်ခဲ့ရာ တရားလိုက ၎င်းအပေါ် ပြစ်မှုကြောင်းအရ အရေးယူရန် မမှန်မကန် တရားစွဲဆိုခြင်း

> အတွက် ၎င်းတွင် ဂုဏ်သရေထိခိုက်နစ်နာရသည်ဟုဆိုကာ စာမျက်နှာ
> တရားပြိုင်တို့အပေါ် လျော်ကြေးငွေရလိုကြောင်း တရား
> စွဲဆိုသည်။ ဤကဲ့သို့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ
> အရေးယူပေးရန် တရားရုံးသို့ တင်ပြလျှောက်ထားခြင်းမှာ
> တရားစွဲဆိုခြင်းဟုတ်မဟုတ်၊ ဆင့်စာထုတ်ဆင့်ခြင်း မခံရသူ
> တစ်ဦးသည် တရားခံအဖြစ်ရောက်ရှိသည်ဟုဆိုနိုင်မဆိုနိုင်။

ဆုံးဖြတ်ချက်။ ။ ဤကဲ့သို့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ အရေးယူပေးရန် လျှောက်ထားစေကာမူ တရားရုံးက လျှောက်ထားသည့်အတိုင်း လျှောက်ထားခံရသူအပေါ် ချက်ခြင်း အရေးယူမည် မဟုတ်ဘဲ စုံစမ်းမှု ပြုလုပ်ပြီးနောက် အရေးယူရန်သင့်ကြောင်း ပေါ်ပေါက်မှသာ အရေးယူမည်ဖြစ်သည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ (၁) တွင် ဖော်ပြပါ ပြစ်မှုနှင့်စပ်လျဉ်း၍ တရားရုံးသို့ လျှောက်ထားသည်ဖြစ်စေ၊ မလျှောက်ထားသည်ဖြစ်စေ တရားမျှတမှုအတွက် ပဏာမစုံစမ်းစစ်ဆေးမှု ပြုလုပ်သင့်သည်ဟု ထင်မြင်ယူဆလျှင် စုံစမ်းမှုပြုလုပ်ပြီးနောက် စုံစမ်းစစ်ဆေးမှု၏ ဆုံးဖြတ်ချက်အရ ထိုပြစ်မှုအတွက် တိုင်တန်းချက် ပြုလုပ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ (၁) ပါ ပြဋ္ဌာန်းချက်အရ ဒေါ်ခင်သန်းဝင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ တရားစွဲဆိုရန်သင့်-မသင့်ကို ဆုံးဖြတ်မည့်သူမှာ တရားရုံးသာဖြစ်ပြီး ယင်းပုဒ်မအရ အရေးယူပေးရန် တရားစွဲဆိုမည့်သူမှာလည်း တရားရုံးသာဖြစ်ကြောင်း ပေါ်ပေါက်သည်။

သို့ဖြစ်ရာ ဒေါက်တာနီလဲ့ဝင်းတို့က ဒေါ်ခင်သန်းဝင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ ဖြစ်စေ၊ အခြားဆီလျော်ရာ ဥပဒေ

တစ်ရပ်ရပ်အရ ဖြစ်စေ အရေးယူရန်သင့်-မသင့်ကို တရားရုံးက အဆုံး စာမျက်နှာ အဖြတ်ပေးရန် လျှောက်ထားသည့်ကိစ္စမှာ တရားစွဲဆိုခြင်း မဟုတ်ကြောင်း မြင်သာပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ ယခုအမှုတွင် ဒေါ်ခင်သန်းဝင်းအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ တရားစွဲဆိုသောအမှုကို ထုချေဖြေရှင်းရန်အတွက် တရားရုံးကဆင့်စာထုတ်ခဲ့ခြင်း မရှိသဖြင့် ဒေါ်ခင်သန်းဝင်းသည် တရားခံတစ်ဦးအဖြစ် မရောက်ရှိသကဲ့သို့ တရားစွဲဆိုခံရခြင်းလည်း မရှိကြောင်း ထင်ရှားသည်။

ဒေါက်တာနီလှဲ့ဝင်း ပါ ၂ နှင့် ဒေါ်ခင်သန်းဝင်း ၁၅၈
(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဒေါ်ခင်ခင်မြင့်)

မူလအမှုတွင် တစ်ဖက်သတ် စစ်ဆေးခြင်းခံရပြီးနောက် ချမှတ်ထားသော စီရင်ချက်နှင့်ဒီကရီကို တရားရုံးချုပ်သို့ အယူခံဝင်ရောက်ခြင်း မရှိခဲ့ဘဲ အယူခံတရားပြိုင်များအဖြစ် ပါဝင်သူတို့က တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို အထူးအယူခံ ဝင်ရောက်ခွင့်ရှိ-မရှိ။ အမွေထိန်းစာရလိုကြောင်း လျှောက်ထားရာမှ ပေါ်ပေါက်လာသော တရားမကြီးမှုကို အပြီးသတ်စီရင်ချက်မချမီ အမှုအတွင်း အချင်းဖြစ်မြေအားစာချုပ်ချုပ်၍ ရောင်းချခဲ့ခြင်းမှာ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၂ ပါ ပြဋ္ဌာန်းချက်နှင့် ငြိစွန်းခြင်းရှိ-မရှိ။

ဆုံးဖြတ်ချက်။ ။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆ တွင် မူလစီရင်ပိုင် စာမျက်နှာ ခွင့်ကို ကျင့်သုံး၍ ချမှတ်သော ဒီကရီကို အယူခံစီရင်ပိုင်ခွင့်ရှိသော ရုံးသို့ အယူခံဝင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်အရ ဆိုလျှင် တိုင်းတရားရုံးက ချမှတ်သော ဒီကရီကို မကျေနပ်ပါက တရားရုံးချုပ်သို့ ပထမအယူခံ ဝင်ရောက်ရမည် ဖြစ်သည်။ ဆက်လက်၍ တရားရုံးချုပ်က အယူခံမှုတွင် ချမှတ်သော စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်ကို မကျေနပ်သေးပါက အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားနိုင်သည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆ တွင် မူလရုံး၏ ဒီကရီအပေါ် အယူခံစီရင်ပိုင်ခွင့်ရှိသော အယူခံရုံးသို့ အယူခံဝင်ရောက်ရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါလျက် တိုင်းတရားရုံး၏ ဒီကရီကို တရားရုံးချုပ်သို့ ပထမအယူခံဝင်ရောက်ခြင်း မရှိဘဲ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားနိုင်သည်ဟု ကောက်ယူပါလျှင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆ ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်မည်ဖြစ်သည်။ တရားစီရင်ရေးဥပဒေပုဒ်မ ၂၀ အရ သတ်မှတ်သည့် လုပ်ထုံးလုပ်နည်းသည် တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်လျှင် တည်ဆဲဥပဒေကသာ လုပ်ထုံးလုပ်နည်းကို လွှမ်းမိုးမည် ဖြစ်ပေသည်။

စုံညီခုံရုံးဖြင့် အထူးအယူခံမှု စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၃ တွင် ဖော်ပြပါရှိသည့် အမှုသည် တစ်ဦးဦးဆိုသည်မှာ တရားရုံးချုပ်သို့ တည်ဆဲဥပဒေနှင့်အညီ အယူခံဝင်ရောက်သူ အမှုသည် သို့မဟုတ် တရားရုံးချုပ်က မူလရုံး၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ဆုံးဖြတ်ခြင်းကြောင့် ထိခိုက်နစ်နာသူ အမှုသည်ကို ရည်ရွယ်ခြင်း ဖြစ်သည်။ အကယ်၍သာ တရားရုံးတစ်ရုံးရုံး၏ ဒီကရီကို တရားရုံးအဆင့်ဆင့် အယူခံဝင်ရောက်ခဲ့ခြင်း မရှိသူ အမှုသည်တစ်ဦးဦးက လုပ်ထုံးလုပ်နည်း အပိုဒ် ၃ အရ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်

ထားနိုင်သည် ဆိုပါက အမှုသည်တို့အနေဖြင့် တရားမကျင့်ထုံးဥပဒေပါ စာမျက်နှာ ပြဋ္ဌာန်းချက်များနှင့်အညီ တရားရုံးအဆင့်ဆင့် အယူခံဝင်ရောက်ခြင်း မပြုတော့ဘဲ အဆင့်ကျော်၍ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထား လာကြမည့် အန္တရာယ်ရှိသောကြောင့် ထိုကဲ့သို့ အဓိပ္ပာယ်ကောက်ယူ ရန် သင့်လျော်မည်မဟုတ်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၂ တွင် စီရင်ပိုင်ခွင့်ရှိသော တရားရုံးတွင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း ၏ ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ သီးခြား တိုက်ရိုက်အငြင်းပွားလျက်ရှိသော တရားမမှုတစ်မှုမှု မပြီးပြတ်သေးမီအတွင်း အမှုတွင်ချမှတ်သည့် ဒီကရီ သို့မဟုတ် အမိန့်အရ တစ်ဖက်အမှုသည်က ရထိုက်သော အခွင့်အရေး ကို ထိခိုက်အောင် မည်သည့်အမှုသည်ကမျှ ထိုပစ္စည်းအား လွှဲပြောင်း ခွင့် မရှိစေရဟု ပြဋ္ဌာန်းထားသည်။

ယင်းပုဒ်မ ၅၂ နှင့် အကျုံးဝင်ရန် လိုအပ်သည့် အင်္ဂါရပ်များ တွင် အောက်ပါအင်္ဂါရပ်နှစ်ရပ် ပါရှိသည်-

(၁) မပြီးပြတ်သောမှုခင်းတွင် မရွှေ့မပြောင်းနိုင်သောပစ္စည်း ၏ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ သီးခြား တိုက်ရိုက် အငြင်းပွားလျက်ရှိခြင်း၊

(၂) အငြင်းပွားနေသည့် ပစ္စည်းကို အမှုသည် တစ်ဦးဦးက လွှဲပြောင်းခြင်းကြောင့် တရားရုံးမှချမှတ်သည့် ဒီကရီ သို့မဟုတ် အမိန့်အရ ရရှိမည့် အမှုသည်၏ အခွင့် အရေးကို ထိခိုက်ခြင်း၊

ဒေါ်မိလျှောက်ထားသည့် အမှုမှာ အမွေထိန်းစာရလိုမှု ဖြစ် သည်။ အမွေထိန်းစာ ထုတ်ပေးခြင်း၏ ရည်ရွယ်ချက်မှာ ကွယ်လွန်သူ ၏ ပစ္စည်းကို လက်ရောက်ရယူနိုင်စေရေး၊ ကွယ်လွန်သူ ရရန်ရှိသော

ကြွေးမြီများကို ကောက်ခံနိုင်စေရေး၊ ကွယ်လွန်သူ၏ အသုဘစရိတ်နှင့် စာမျက်နှာ ကွယ်လွန်သူက ပေးရန်ရှိသည်များကို ပေးဆပ်နိုင်စေရေး၊ ပေးဆပ်ပြီးနောက် ကျန်ရှိသောပစ္စည်းများကို အမွေဆက်ခံထိုက်သူတို့အား ခွဲဝေ ပေးနိုင်စေရေးအတွက် ကွယ်လွန်သူတို့၏ အခွင့်အရေးကို ဆက်ခံသူ တစ်ဦး ခန့်ထားပေးရန် ဖြစ်သည်။

ထိုအမှုမျိုးတွင် မရွှေ့မပြောင်းနိုင်သောပစ္စည်း ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်သည့် တိုက်ရိုက် အငြင်းပွားသည့် ပြဿနာကို အဆုံးအဖြတ်ပေးခြင်း မပြုပေ။ သို့ဖြစ်၍ အမွေထိန်းစာလျှောက်ထားမှု မပြီးပြတ်သေးမီအတွင်း အမှုသည်တစ်ဦးက အမွေထိန်းစာ လျှောက်ထားသည့် ပစ္စည်းကို လွှဲပြောင်းခြင်းမှာ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၂ တွင် အကျုံးမဝင်ချေ။

| | | | |
|---|---|---|---|
| ဦးကျော်မြင့်အောင် ပါ ၂ | နှင့် | ဒေါ်ခင်မာမာ ပါ ၄ | ၉ |
| ကိုမောင်မြင့် ပါ ၂ | | ဒေါ်ခင်မာမာ ပါ ၄ | |

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၃၊ ပုဒ်မ ၁၂၃၊ သက်သေခံအက်ဥပဒေပုဒ်မ ၇၀၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို မေတ္တာဖြင့်ပေးကမ်းခြင်း၊ ပေးကမ်းခြင်းစာချုပ်တွင် အသိသက်သေ ၂ ဦး လက်မှတ်ရေးထိုးသော်လည်း ပေးကမ်းသူ၏ရှေ့တွင် မဟုတ်ခြင်း၊ ပေးကမ်းသူက စာချုပ်ပေါ်ရှိ လက်မှတ် မှာ ၎င်း၏လက်မှတ်ဖြစ်ကြောင်းကို ဝန်ခံခြင်း၊ သက်သေခံအက်ဥပဒေပုဒ်မ ၇၀ ပါ ပြဋ္ဌာန်းချက်အရ ချုပ်ဆိုသူ၏ ဝန်ခံချက်သည် စာချုပ်ချုပ်ကြောင်း လုံလောက်သည့် သက်သေ သာဓကဖြစ်-မဖြစ်။

ဆုံးဖြတ်ချက်။ ။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၂၃ တွင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို မေတ္တာဖြင့်ပေးလျှင် အနည်းဆုံး သက်သေနှစ်ဦးနှင့် ပေးသူကဖြစ်စေ၊ ပေးသူအတွက်ဖြစ်စေ၊ လက်မှတ် ရေးထိုးထားသည့် မှတ်ပုံတင်စာချုပ်ဖြင့် လွှဲပြောင်းပေးရမည် ဖြစ် ကြောင်း ပြဋ္ဌာန်းထားသည်။　　စာမျက်နှာ

မေတ္တာဖြင့်ပေးသော စာချုပ်တွင် အနည်းဆုံး အသိသက်သေ ၂ ဦးက လက်မှတ်ရေးထိုးမှသာ ထိုစာချုပ်သည် တရားဝင်မည် ဖြစ် သည်။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၃ တွင် မှန်ကြောင်း လက်မှတ်ရေးထိုးခြင်းဆိုသည်မှာ စာချုပ်စာတမ်းတစ်ခုကို ချုပ်ဆိုခြင်း နှင့်စပ်လျဉ်း၍ သက်သေ ၂ ဦး သို့မဟုတ် အများက ယင်းစာချုပ် စာတမ်းတွင် ချုပ်ဆိုသူ လက်မှတ်ရေးထိုးသည်ကိုသော်လည်းကောင်း၊ အမှတ်အသားပြုသည်ကိုသော်လည်းကောင်း အသီးသီး တွေ့မြင်ပြီး နောက်ဖြစ်စေ၊ x x x စာချုပ်ချုပ်ဆိုသူက မိမိလက်မှတ် သို့မဟုတ် အမှတ်အသားကိုသော်လည်းကောင်း၊ x x x မှန်ကြောင်း ဝန်ခံ ပြောဆိုချက်ကို ကြားသိပြီးနောက်ဖြစ်စေ၊ ယင်းသက်သေအသီးသီး တို့ကလည်း စာချုပ်ချုပ်ဆိုသူတို့ရှေ့တွင် မှန်ကြောင်း ဝန်ခံလက်မှတ် ရေးထိုးကြခြင်းကို ဆိုလိုကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

မှန်ကြောင်းလက်မှတ်ရေးထိုးခြင်း အထမြောက်ရန် အောက်ပါ အင်္ဂါရပ်များဖြင့် ပြည့်စုံရန်လိုသည်-

(၁) အနည်းဆုံး သက်သေ ၂ ဦးရှိရမည်၊

(၂) သက်သေတိုင်းက စာချုပ်၌ စာချုပ်ချုပ်ဆိုသူ လက်မှတ် ရေးထိုးသည်ကို ဖြစ်စေ၊ အမှတ်အသားပြုသည်ကို ဖြစ်စေ တွေ့မြင်ရမည်၊ သို့မဟုတ် စာချုပ်ချုပ်ဆိုသူက မိမိလက်မှတ် သို့မဟုတ် အမှတ်အသားဖြစ်ကြောင်း ဝန်ခံပြောဆိုသည်ကို ကြားသိရမည်၊

(၃) သက်သေတိုင်းက စာချုပ်ချုပ်ဆိုသူ၏ရှေ့တွင်လက်မှတ် စာမျက်နှာ ရေးထိုးရမည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ အသိသက်သေအဖြစ် လက်မှတ်ရေးထိုး ပေးခြင်းဆိုသည်မှာ စာချုပ်ချုပ်ဆိုသူတို့က စာချုပ်ချုပ်ဆိုကြောင်းကို သိရှိသူများအနေဖြင့်လည်းကောင်း၊ စာချုပ်ပေါ်တွင် စာချုပ်ချုပ်ဆိုသူ တို့ လက်မှတ်ရေးထိုးသည်ကို မြင်သည့်အနေဖြင့်လည်းကောင်း လက်မှတ်ရေးထိုးကြခြင်း ဖြစ်သည်။ ထိုသို့ သိရှိခြင်း၊ မြင်တွေ့ခြင်း မရှိဘဲ စာချုပ်ပေါ်တွင် လက်မှတ်ရေးထိုးရုံသက်သက် လက်မှတ်ရေးထိုး ခြင်းမှာ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးရာ မရောက်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ သက်သေခံအက်ဥပဒေပုဒ်မ ၇၀ တွင် "အသိသက်သေ လက်မှတ်ရေးထိုးထားသော စာတမ်းအမှတ်အသား ကို ချုပ်ဆိုသူကိုယ်တိုင်က ချုပ်ဆိုခဲ့ကြောင်း ဝန်ခံချက်" ဟူ၍ ဖော်ပြ ထားရာ ချုပ်ဆိုသူက စာချုပ်ချုပ်ဆိုခဲ့ကြောင်း ဝန်ခံရုံမျှဖြင့် မလုံလောက် ချေ။ အသိသက်သေ လက်မှတ်ရေးထိုးထားသော စာတမ်းအမှတ် အသားကို ချုပ်ဆိုခဲ့ပါသည်ဟု ဝန်ခံမှသာ လုံလောက်သည့် ဝန်ခံချက် ဖြစ်သည်။

ယခုအမှုတွင် ဒေါ်ဖွားသက်က စာချုပ်ချုပ်ဆိုခြင်းကို မငြင်းဆို သော်လည်း သက်သေလူကြီးများမှာ ၎င်း၏မျက်ကွယ်တွင် နောက်မှ လက်မှတ်ရေးထိုးပါသည်ဟု ထွက်ဆိုကာ အသိသက်သေ လက်မှတ် ရေးထိုးထားသည့် စာချုပ်ကို ချုပ်ဆိုခဲ့ကြောင်း ဒေါ်ဖွားသက်က ဝန်ခံ ခြင်း မရှိကြောင်း ပေါ်ပေါက်သည်။

သက်သေခံ (က) စာချုပ်တွင် အသိသက်သေ လက်မှတ် ရေးထိုးထားသော်လည်း ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်အောင် အသိသက်သေက လက်မှတ်

ရေးထိုးထားခြင်း မရှိသဖြင့် စာချုပ်ချုပ်ဆိုသူကိုယ်တိုင်က ထိုစာချုပ်ကို စာမျက်နှာ ချုပ်ဆိုကြောင်း ဝန်ခံစေကာမူ ၎င်း၏ဝန်ခံချက်သည် သက်သေခံအက်ဥပဒေပုဒ်မ ၇၀ ပါ ပြဋ္ဌာန်းချက်နှင့် အကျုံးဝင်မည် မဟုတ်ပေ။

ဦးစိုးအောင် နှင့် ဒေါ်ခင်ခင်လှ ပါ ၂ (ကွယ်လွန်သူ ဒေါ်ဖွားသက်၏ တရားဝင်ကိုယ်စားလှယ်များ) ၄၃

ပဋိညာဉ်အက်ဥပဒေပုဒ်မ ၉၊ မည်သည့်အခါ သဘောသက်ရောက်သည့် ကတိဖြစ်သနည်း။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၀၉၊ အငှားချထားသူက အငှားချထားသည့် ပစ္စည်းကို လွှဲပြောင်းပေးလျှင် လွှဲပြောင်းပေးသည့် ပစ္စည်းနှင့် ပတ်သက်သည့် အငှားချထားသူ၏ အခွင့်အရေးအားလုံး လွှဲပြောင်းခံယူသူက လက်ခံရရှိခြင်း။

ဆုံးဖြတ်ချက်။ ။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၉ တွင် ကတိတစ်ရပ်နှင့်စပ်လျဉ်း၍ အကြံပြုချက်ကိုဖြစ်စေ၊ လက်ခံခြင်းကိုဖြစ်စေ နှုတ်ဖြင့်ဖော်ပြလျှင် ထိုကတိသည် အတိအလင်းထားရှိသောကတိမည်ကြောင်း၊ နှုတ်ဖြင့်ဖော်ပြခြင်း မပြုဘဲ အခြားနည်းဖြင့်ပြုလုပ်လျှင် သဘောသက်ရောက်သည့် ကတိဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

ဒေါ်စိန်တီက ဗိုလ်မှူးဇော်လင်းထံ အိုးအိမ်ဦးစီးဌာနမှ ချမှတ်ပေးသည့် စည်းကမ်းချက်များအတိုင်း လိုက်နာရန်နှင့် အိမ်လခ ၁၂၄/၉၅ိ ကို လစဉ်မှန်မှန်ပေးသွင်းရန် အကြောင်းကြားခဲ့ရာ ဗိုလ်မှူးဇော်လင်းတို့က ဒေါ်စိန်တီထံ အိမ်လခ ဆက်လက်ပေးသွင်းခြင်း

အားဖြင့် မူလအိမ်ငှားစည်းကမ်းချက်များကို လက်ခံကြောင်း သဘော စာမျက်နှာ သက်ရောက်သည်။

ဒေါ်စိန်တီသည် အချင်းဖြစ်ဥပစာ၏အိမ်ငှား ဗိုလ်မှူးဇော်လင်းတို့နှင့် သီးခြားပဋိညာဉ်ချုပ်ဆိုခြင်း မပြုသဖြင့် ယခင်အိမ်ရှင် အိုးအိမ်ဦးစီးဌာနနှင့် အိမ်ငှား ဗိုလ်မှူးဇော်လင်းတို့ ချုပ်ဆိုသည့် အငှားချထားမှုပဋိညာဉ်စည်းကမ်းချက်များအရ ဆက်လက်ငှားရမ်းသည်ဟု ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၀၉ အရ မှတ်ယူရမည်ဖြစ်သည်။

ဗိုလ်မှူးဇော်လင်း ပါ ၂ နှင့် ဒေါ်စိန်တီ ၈၉

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၈ (က)၊ ပေါင်နှံခြင်း၏ အဓိပ္ပါယ်၊ ပိုင်ဆိုင်ခွင့်စာချုပ်ကို အပ်နှံ၍ ပေါင်နှံခြင်း အထမြောက်ရန် ပြည့်စုံရမည့် အင်္ဂါရပ်များ၊ လက်မဲ့ပေါင်နှံခြင်းတွင်ရှိရမည့် အင်္ဂါရပ်များ၊ ပေါင်နှံခြင်းမြောက်လျှင် ပေါင်နှံသည့်ပစ္စည်းအပေါ် အရေးယူနိုင်ခြင်း၊ ပေါင်နှံခြင်း အထမြောက်ပါလျက် ငွေဒီကရီချမှတ်ခဲ့သည်မှာ မှားယွင်းခြင်း၊ အပေါင်ဒီကရီတွင် ချမှတ်ရမည့် အတိုးနှုန်း။

**ဆုံးဖြတ်ချက်။** ။ ပေါင်နှံခြင်းဆိုသည်မှာ ချေးငှားသည့်အနေဖြင့် ပေးထားသည့် သို့မဟုတ် ပေးထားရန်ရှိသည့်ငွေကို ဖြစ်စေ၊ ရှိရင်းကြွေးမြီ သို့မဟုတ် တင်ရန်ရှိသည့် ကြွေးမြီများကို ဖြစ်စေ ပေးဆပ်ရန်သော်လည်းကောင်း၊ ငွေကြေးနှင့်စပ်လျဉ်း၍ တာဝန်မကင်း ဖြစ်လာနိုင်သည့် ပြုလုပ်မှုကို ဆောင်ရွက်စေရအောင်သော်လည်းကောင်း၊ သီးခြားမရွှေ့မပြောင်းနိုင်သည့်ပစ္စည်းတွင် ခံစားထိုက်သည့် အကျိုးသက်ဆိုင်မှု

ကို လွှဲပြောင်းပေးခြင်း ဖြစ်သည်ဟု ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ စာမျက်နှာ ပုဒ်မ ၅၈ (က) တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ပိုင်ဆိုင်ခွင့်စာချုပ်ကို အပ်နှံ၍ ပေါင်နှံခြင်း အထမြောက်ရန် ပြည့်စုံရမည့် အင်္ဂါရပ်များမှာ (၁) ကြွေးမြီအတွက် ပိုင်ဆိုင်ခွင့်စာချုပ်ကို မြီရှင် သို့မဟုတ် မြီရှင်၏ကိုယ်စားလှယ်အား အပ်နှံရမည်၊ (၂) ပစ္စည်းပေါင်နှံရန် ရည်ရွယ်ချက်ဖြင့် အပ်နှံခြင်း ဖြစ်ရမည်၊ (၃) ဤပေါင်နှံခြင်းကို ရန်ကုန်မြို့၊ မော်လမြိုင်၊ ပုသိမ်နှင့် စစ်တွေမြို့များ၌သာ ပြုလုပ်ရမည်ဖြစ်သည်။

ယခုအမှုတွင် ပေါင်နှံခြင်းကို ကျောင်းကုန်းမြို့တွင် ပြုလုပ်ခဲ့သည်ဖြစ်ရာ သတ်မှတ်ထားသည့် မြို့ကြီး ၄ မြို့တွင် ပြုလုပ်ခဲ့ခြင်း မဟုတ်၍ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၈ (စ) ရှိ အခြား အင်္ဂါရပ်များနှင့် ပြည့်စုံနေစေကာမူ ပိုင်ဆိုင်ခွင့်စာချုပ် အပ်နှံ၍ ပေါင်နှံခြင်း မြောက်မည်မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၈ (ခ) တွင် လက်မဲ့ပေါင်နှံခြင်း၏ အဓိပ္ပါယ်ကို ဖွင့်ဆိုထားသည်။ လက်မဲ့ ပေါင်နှံခြင်းတွင် ရှိရမည့်အင်္ဂါရပ်များမှာ (၁) သီးခြား မရွှေ့မပြောင်းနိုင်သော ပစ္စည်း၏ အကျိုးသက်ဆိုင်မှုကို လွှဲပြောင်းပေးခြင်း၊ (၂) ပေါင်နှံသူက ချေးငွေကို ကိုယ်တိုင်ပေးဆပ်ရန် တာဝန်ယူခြင်း၊ (၃) ပစ္စည်းကို အပေါင်ခံသူအား လက်ရောက်အပ်ပေးခြင်းမရှိ (၄) ချေးငွေကိုပေးဆပ်ခြင်း မရှိက အပေါင်ပစ္စည်းကို ရောင်းချ၍ ရယူရန်သဘောတူခြင်း၊ (၅) အပေါင်ရွေးနှုတ်ခြင်းမှ ပိတ်ပင်မှုမရှိခြင်း နှင့် (၆) တန်ဖိုးငွေ ကျပ် ၁၀၀ အောက် ဖြစ်စေကာမူ မှတ်ပုံတင်ရန်လိုခြင်းတို့ပင် ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ လက်မဲ့ပေါင်နှံခြင်းတွင် အတိအလင်း ဖော်ပြထားသည်ဖြစ်စေ၊ မဖော်ပြထားသည်ဖြစ်စေ၊ ချေးငွေကို ပေါင်နှံ

သူက ကိုယ်တိုင်ပေးဆပ်ရန် တာဝန်ယူရသဖြင့် အပေါင်ခံသူသည် ကိုယ်တိုင် ချေးငွေအတွက် ပေါင်နှံသူကိုယ်တိုင်အပေါ် ဖြစ်စေ၊ ပေါင်နှံသည့်ပစ္စည်းအပေါ် ဖြစ်စေ အရေးယူနိုင်သည်။ သက်သာခွင့်နှစ်မျိုးလုံးကို တစ်ကြိမ်တည်း တောင်းဆိုနိုင်သည်။ ထို့ပြင် ချေးငွေကိုပေးဆပ်ခြင်းမရှိပါက အပေါင်ပစ္စည်းကို ရောင်းချ၍ ရယူရန်သဘောတူထားပြီးဖြစ်၍ အပေါင်ပစ္စည်းကို ရောင်းချနိုင်ပေသည်။ စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်။** ။ အပေါင်ခံထားသောပစ္စည်းကို ရောင်းချပေးစေရန် တရားစွဲဆိုသော အပေါင်ခံသူသည် ငွေရင်းအပေါ် မိမိပဋိညာဉ်ပါ စည်းကမ်းချက်များအရ အာမခံထားသည့်အတိုးကို တရားစွဲဆိုသည့်နေ့မှ တရားရုံးက ငွေပေးဆပ်ရန် တရားရုံး၏ဒီကရီအရ သတ်မှတ်သည့်နေ့အထိ ရခွင့်ရှိသည်။ **မောင်ရန်ကင်း နှင့် ကာသာရန်ဆန်ချစ်တီး**[၁] စီရင်ထုံးကို ကြည့်ပါ။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၃၄ အရလည်း တရားရုံးသည် ဒီကရီချမှတ်သည့်နေ့မှ ဒီကရီငွေများ ရရှိသည်အထိ သင့်လျော်သောနှုန်းဖြင့် အတိုးပေးစေရန် အမိန့်ချမှတ်နိုင်သည်။ သို့ရာတွင် ထိုအာဏာကို အသုံးပြုရာ၌ တရားမျှတရာရောက်မည့် အမိန့်မျိုးကိုသာ ချမှတ်နိုင်မည်ဖြစ်သည်။ **ပြည်သူ့ဘဏ်အမှတ် ၉ နှင့် မက်ဆားစ်နေရှင်နယ်စီးကရက်ကုမ္ပဏီ**[၂] စီရင်ထုံးကို ကြည့်ပါ။

မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ပုသိမ်မြို့ နှင့် ဦးစိန်မြ ပါ ၂ ၁၇၈

တရားလိုက တရားပြိုင်တို့အား အခမဲ့ခွင့်ပြုချက်ဖြင့် ထားခဲ့ခြင်း၊ ခွင့်ပြုချက်ဖြင့်ထားသူက အခမဲ့ခွင့်ပြုချက်ဖြင့်ထားသည့် မြေနှင့်အိမ်ကို ခွင့်ပြုချက်ဖြင့်နေသူတို့အား အရောင်းအဝယ် စာချုပ်ချုပ်ဆို ရောင်းချရာ ဝယ်သူက စရန်ငွေပေးခဲ့

သော်လည်း ကျန်ငွေပေးရန် ပျက်ကွက်သဖြင့် တရားလိုက စာချုပ်နှာ အခမဲ့ ခွင့်ပြုချက်ဖြင့်ထားသူအား နှင်လိုမှုစွဲဆိုခြင်း၊ ခွင့်ပြုချက်ဖြင့်နေသူက အချင်းဖြစ်ဥပစာကို စရန်ငွေပေး ဝယ်ယူခဲ့သဖြင့် ခွင့်ပြုချက်ဖြင့်နေသူအဖြစ်မှ ပြောင်းလဲသွားခြင်း ရှိ-မရှိ၊ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူသူသည် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က အရ အကာအကွယ်ကို ရထိုက်ခွင့်ရှိ-မရှိ။

ဆုံးဖြတ်ချက်။ ။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၄၊ မှတ်ပုံတင်အက်ဥပဒေပုဒ်မ ၁၇ အရ တန်ဖိုးငွေ ကျပ် ၁၀၀နှင့်အထက်ရှိသော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို ရောင်းချရာတွင် မှတ်ပုံတင်မှသာလျှင် တရားဝင်သည့်အတွက် ဦးသောင်းထွန်းတို့သည် စရန်ငွေကျပ် ၁ သိန်းပေးထားစေကာမူ အရောင်းအဝယ်စာချုပ်ကို မှတ်ပုံမတင်ရသေးသဖြင့် အချင်းဖြစ်မြေနှင့်နေအိမ်ကို ပိုင်ဆိုင်ခွင့် ရရှိမည်မဟုတ်ပေ။ ၎င်းတို့သည် ပိုင်ရေးပိုင်ခွင့်အရ နေထိုင်သူမဟုတ်၊ အခွင့်အမိန့်အရ နေထိုင်သူများသာ ဖြစ်ပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ ဦးသောင်းထွန်းတို့သည် အချင်းဖြစ်မြေနှင့်နေအိမ်ကို လက်ရှိထားခြင်းမှာ ခွင့်ပြုချက်ဖြင့် နေထိုင်သူတို့အနေဖြင့် လက်ရှိထားခြင်း ဖြစ်သည်။ ၂-၁-၉၄ နေ့စွဲပါ ဝန်ခံကတိပြုချက်တွင် ၃၁-၁-၉၄ နေ့အထိ အချင်းဖြစ်မြေနှင့်နေအိမ်သည် ဦးကျင်ဆန်း၊ ဒေါ်မြသောင်းတို့ ပိုင်ဆိုင်သည့်နေအိမ်အဖြစ် သတ်မှတ်ထားရန် သဘောတူကြောင်းနှင့် ၎င်းနေ့အထိ ဦးကျင်ဆန်း၊ ဒေါ်မြသောင်းတို့၏ ခွင့်ပြုချက်ဖြင့်နေထိုင်သူများဖြစ်ကြောင်း ဖော်ပြထားရာ ဦးသောင်းထွန်းတို့သည် ပဋိညာဉ်၏တစ်စိတ်တစ်ဒေသကို ဆောင်ရွက်သည့်အနေဖြင့် အချင်းဖြစ်ပစ္စည်းကို လက်ရောက်ရရှိခဲ့သည်ဟု မဆိုနိုင်ချေ။ အချင်းဖြစ်

ပစ္စည်းကို လက်ရောက်မရရှိခဲ့လျှင် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ ပုဒ်မ ၅၃-က နှင့် အကျုံးဝင်မည် မဟုတ်ပေ။ စာမျက်နှာ

တစ်ပိုင်းတစ်စ ဆောင်ရွက်မှု ဥပဒေသနှင့် အကျုံးဝင်ရန် လိုအပ်သည့်အချက်တစ်ရပ်မှာ လွှဲပြောင်းခံယူမည့်သူသည် ပဋိညာဉ်အရ ဆောင်ရွက်ရန်ရှိသည့် မိမိတာဝန်ကို ဆောင်ရွက်ပြီးစီးခြင်း သို့မဟုတ် ဆောင်ရွက်ရန် အသင့်ရှိခြင်း ဖြစ်သည်။ ဦးသောင်းထွန်းတို့က ပဋိညာဉ်အရ ဆောင်ရွက်ရန်ရှိသည့်တာဝန်မှာ ပေးရန်ကျန်သည့် ပစ္စည်းဘိုးငွေ ကျပ် ၃ သိန်းကို သတ်မှတ်ထားသည့်ရက်တွင် ပေးချေရန် ဖြစ်သည်။ ဦးသောင်းထွန်းတို့သည် သတ်မှတ်ထားသည့်ရက်တွင် ကျန်ငွေကို ပေးချေခြင်းမပြုသဖြင့် ရောင်းသူက ရက်တိုးမြှင့်ပေးခဲ့သော်လည်း ထိုတိုးပေးသည့်ရက်တွင်လည်း ပေးချေခြင်းမပြုခဲ့ပေ။ သို့ဖြစ်ရာ ဦးသောင်းထွန်းတို့သည် ပဋိညာဉ်အရ ဆောင်ရွက်ရန်ရှိသည့်တာဝန်ကို ဆောင်ရွက်ရန်အသင့်မရှိကြောင်း မြင်သာသည်။

လွှဲပြောင်းခံယူမည့်သူသည် ပဋိညာဉ်အရ ဆောင်ရွက်ရန်ရှိသည့် မိမိတာဝန်ကို ဆောင်ရွက်ရန်အသင့်မရှိလျှင် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က ၏ အကာအကွယ်ကို ရထိုက်မည် မဟုတ်ပေ။

ဦးသောင်းထွန်း ပါ ၂ နှင့် ဒေါ်မြသောင်း (၎င်း၏အထူးကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ ဦးတင်ဟန်) ၂၄၃

ရောင်းသူနှင့် ဝယ်သူတို့သည် မြေအရောင်းအဝယ် ပဋိညာဉ်တစ်ခု ပြုလုပ်ခဲ့ကြသည်။ နှစ်အတန်ကြာတွင် မြေကို ခွဲစိတ်ပေးရန်

လျှောက်ထားရာစည်ပင်သာယာရေးကော်မတီက မြေကွက် စာမျက်နှာ မျက်နှာစာကို ပေ ၄၀ ထားရန် ဆုံးဖြတ်သည်။ ရောင်းသူက မြေကွက်ကို ခွဲစိတ်မရသောကြောင့် မြေအရောင်းအဝယ် ပဋိညာဉ်ကို ဖျက်သိမ်းပေးရန် ဝယ်သူအပေါ် တရားစွဲဆို သည်။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၀ အရ မှားယွင်းမှု ကြောင့် ပျက်ပြယ်သော သဘောတူညီချက်ဖြစ်ရန် လိုအပ် သည့် အချက်များ၊ မှားယွင်းမှုသည် သဘောတူကြစဉ် အချိန်က တည်ရှိသော မှားယွင်းမှုဖြစ်ရန် လိုခြင်း။

ဆုံးဖြတ်ချက်။ ။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၀ တွင် သဘော တူညီချက်တွင် ပါဝင်သည့် နှစ်ဦးနှစ်ဖက်သည် သဘောတူညီချက်နှင့် စပ်လျဉ်း၍ အရေးပါသော အကြောင်းခြင်းရာကို မှားယွင်းကြလျှင် ထိုသဘောတူညီချက်သည် ပျက်ပြယ်ကြောင်း ပြဋ္ဌာန်းထားသည်။

သဘောတူညီချက်သည် မှားယွင်းမှုကြောင့် ပျက်ပြယ်သော သဘောတူညီချက် ဖြစ်ရန် (၁) မှားယွင်းမှုသည် အကြောင်းခြင်းရာ နှင့် ပတ်သက်ရမည်၊ (၂) ထိုမှားယွင်းမှုသည် သဘောတူသည့် အချိန် တွင် ဖြစ်ရမည်၊ (၃) သဘောတူသူ နှစ်ဦးစလုံးက မှားယွင်းခြင်း ဖြစ်ရ မည်၊ (၄) ထိုမှားယွင်းမှုသည် သဘောတူညီမှုနှင့်စပ်လျဉ်းသည့် အရေးပါသော အကြောင်းခြင်းရာ ဖြစ်ရမည် ဖြစ်သည်။

သဘောတူညီချက် ပျက်ပြယ်ရန်အတွက် သဘောတူညီမှုနှင့် စပ်လျဉ်းသည့် အရေးပါသော အကြောင်းခြင်းရာကို နှစ်ဖက်စလုံးက မှားယွင်းကြသည်သာမက ယင်းမှားယွင်းမှုသည် သဘောတူကြစဉ် အချိန်က တည်ရှိနေသော မှားယွင်းမှုဖြစ်ရန် လိုသည်။

ဒေါ်ထု　နှင့်　ရှာရှောက်ယုံ (ခ) ဦးဇော်ဝင်း ပါ ၂　　၁၃၀

မယားက လင်အပေါ် လင်မယားအဖြစ် ကွာရှင်းပြတ်စဲပေးစေလိုမှု စာမျက်နှာ
စွဲဆိုခြင်း၊ အမှုစွဲဆိုထားစဉ်အတွင်း လင်နှင့်မယားတို့
လင်မယား ကွာရှင်းပြတ်စဲခြင်းစာချုပ် ချုပ်ဆိုကြခြင်း၊ ယင်း
စာချုပ်အပေါ် အခြေခံ၍ လင်မယားကွာရှင်းခွင့် ဒီကရီ
ချမှတ်ပေးရန်သင့်-မသင့်၊ အမှုစွဲဆိုပြီးနောက်ပိုင်း
ပေါ်ပေါက်လာသည့် အခြေအနေနှင့်အညီ ဆောင်ရွက်ရန်
နည်းလမ်း။

**ဆုံးဖြတ်ချက်။** ။ သာမန်ဥပဒေသမှာ အမှုသည်တို့၏ အခွင့်အရေးကို အမှုစွဲဆိုသည့်နေ့၌ တည်ရှိသည့်အတိုင်း ဆုံးဖြတ်ရန် ဖြစ်သည်။ အမှုစွဲဆိုပြီးမှ ရရှိသော အခွင့်အရေးအပေါ် အခြေခံ၍ အဆုံးအဖြတ်ပေးရန် မဟုတ်၊ သို့ရာတွင် အခြေအနေများ ပြောင်းလဲခြင်းကြောင့် မူလတောင်းဆိုသော သက်သာခွင့်မှာ မဆီလျော်တော့လျှင် သို့မဟုတ် အမှုဆိုင်ခြင်းကို တိုတောင်းစေရန် ဖြစ်စေ၊ အမှုသည်များအကြား တရားမျှတမှု အပြည့်အဝဖြစ်စေရန် ဖြစ်စေ၊ ပြောင်းလဲလာသော အခြေအနေများအရ တရားရုံးက အဆုံးအဖြတ်ပေးရန် လိုအပ်လျှင် တရားရုံးသည် အထက်ပါဥပဒေသမှ သွေဖီကာ ပြောင်းလဲလာသော အခြေအနေများအပေါ် အခြေခံ၍ သက်သာခွင့်ကို ခွင့်ပြုရန် ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ထို့အတူ အမှုစစ်ဆေးဆဲတွင် ပေါ်ပေါက်လာသော ဖြစ်ရပ်များအရ ထုချေချက်အသစ်ကို တရားရုံးက လက်ခံစဉ်းစားနိုင်သည်။ သို့ဖြစ်ရာ မယားခေါ်လိုမှု စွဲဆိုထားဆဲတွင် လင်ဖြစ်သူ နောက်မယားယူလျှင် မယားသည် ထိုအချက်ကို ဖြည့်စွက်ထုချေနိုင်သည်။ အမှုစစ်ဆေးနေစဉ်အတွင်း တရားပြိုင်တစ်ဦးသည်

စာမျက်နှာ

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၃ (၁) အရ အိမ်ငှား မြေငှားဖြစ်လာပါက နည်း ၈ အရ ချေလွှာကို လိုအပ်သလို ပြင်ဆင်သင့်ပေသည်။ ဦးမင်းဟန် နှင့် ဦးမြင့်သိန်း စီရင်ထုံး[၁] ကို ကြည့်ပါ။ ဤဥပဒေသဘောကို တရားမကျင့်ထုံး ဥပဒေ အမိန့် ၈၊ နည်းဥပဒေ ၈ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

> "အမှုစွဲဆိုပြီးသည့်နောက်တွင် ဖြစ်စေ၊ ခုခံခွင့်ပြုရန် တောင်းဆိုချက် ပါရှိသည့် ချေလွှာတင်သွင်းပြီးသည့်နောက် တွင် ဖြစ်စေ ပေါ်ပေါက်လာသည့် ခုခံချေပရန် အကြောင်း တစ်ခုခုကို ဆိုင်ရာတရားပြိုင် သို့မဟုတ် တရားလိုက မိမိ၏ ချေလွှာတွင် တင်ပြနိုင်သည်။"

ထပ်မံဆုံးဖြတ်ချက်။ ။ ဤအခြေအနေတွင် တရားပြိုင်အနေဖြင့် ဆောင်ရွက်သင့်သည့် နည်းလမ်းမှာ တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်းဥပဒေ ၈ အရ ဆောင်ရွက်ရန်ပင် ဖြစ်သည်။ တရားပြိုင်က အမှုစွဲဆိုပြီးနောက်တွင် ပေါ်ပေါက်လာသည့် နှစ်ဦးသဘောတူ ကွာရှင်း ပြတ်စဲစာချုပ် ရေးသားချုပ်ဆိုခဲ့သည့် အချက်ကို ထည့်သွင်းချေပရန် ချေလွှာကို ပြင်ဆင်ခွင့်တောင်းခံနိုင်သည်။

ဒေါက်တာထွန်းဝင်း နှင့် ဒေါ်သီသီကြိုင် ၁၅၀

သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ ၏ ခြွင်းချက်အရ အကျိုး ဆက်သက်သာခွင့်နှင့် တောင်းဆိုရခြင်း၏ ရည်ရွယ်ချက်၊ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန် တောင်းဆိုထား ခြင်း မရှိလျှင် လက်ရောက်ရလိုကြောင်း အကျိုးဆက် သက်သာခွင့်တောင်းရန် မလိုခြင်း၊ အခါခပ်သိမ်း

လက်ရောက်ပေးအပ်သည့် သက်သာခွင့်သည် စာချုပ်များ စာမျက်နှာ
တရားမဝင်ပျက်ပြယ်ခြင်းမှ ပေါ်ပေါက်သည့် အကျိုးဆက်
သက်သာခွင့် မဟုတ်ခြင်း။

**ဆုံးဖြတ်ချက်။** ။ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ ၏ ခြွင်းချက်အရ မြွက်ဟကြေညာချက်၏ အကျိုးဆက်ဖြစ်သော နောက်ဆက်တွဲသက်သာခွင့်ကို တောင်းဆိုသင့်ပါလျက် မတောင်းဆိုလျှင် မြွက်ဟကြေညာသည့် ဒီကရီသက်သက် ချမပေးရပေ။ ရည်ရွယ်ချက်မှာ တစ်မှုတည်းတွင် အဆုံးအဖြတ်ပေးနိုင်သည့်ကိစ္စကို နောက်တစ်မှုတွင် မစွဲဆိုစေလိုခြင်းကြောင့် ဖြစ်သည်။ တစ်နည်းအားဖြင့် အမှုမပွားစေလိုသောကြောင့် ဖြစ်သည်။ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ တွင် အကျုံးဝင်သော နောက်ထပ်သက်သာခွင့် သို့မဟုတ် အကျိုးဆက်သက်သာခွင့်သည် အရေးဆိုသည့် အခွင့်အရေးနှင့် ဆီလျော်အပ်စပ်သည့် အခွင့်အရေးမှ မလွဲမသွေ ပေါ်ပေါက်သော အကျိုးဆက်သက်သာခွင့်ဖြစ်ရန် လိုသည်။ မြွက်ဟဒီကရီနှင့် နီးနွှယ်သော သက်သာခွင့်ကို ဆိုလိုသည်။ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို လက်မဲ့ဖြစ်နေသော တရားလိုတစ်ဦးသည် ထိုပစ္စည်းအား ပိုင်ဆိုင်ကြောင်း မြွက်ဖော်ချက် တောင်းဆိုလျှင် ထိုတောင်းဆိုချက်အပေါ် အကျိုးဆိုက်ရောက်အောင် ပစ္စည်းလက်ရောက်ရလိုကြောင်းပါ စွဲဆိုရမည် ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ တရားလိုတို့က အချင်းဖြစ်အိမ်နှင့် မြေကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန် တောင်းဆိုထားခြင်း မရှိသဖြင့် ပိုင်ဆိုင်မှုအပေါ် အကျိုးဆိုက်ရောက်အောင် လက်ရောက်ရလိုကြောင်း တရားစွဲဆိုရန် မလိုပေ။ တရားပြိုင်အချင်းချင်း ချုပ်ဆိုသည့် အရောင်းအဝယ်စာချုပ်များ ပျက်ပြယ်ကြောင်း မြွက်ဟ ကြေညာပေးရုံမျှဖြင့်

တရားလိုတို့သည် အချင်းဖြစ်မြေနှင့်အိမ်ကို လက်ရောက်ရနိုင်မည် စာမျက်နှာ မဟုတ်ပေ။ အခါခပ်သိမ်း လက်ရောက်ပေးအပ်သည့် သက်သာခွင့် သည် စာချုပ်များ တရားမဝင်ပျက်ပြယ်ခြင်းမှ ပေါ်ပေါက်သည့် အကျိုး ဆက်သက်သာခွင့် မဟုတ်ချေ။

ဒေါ်ကျင်ရီ (ကွယ်လွန်သူ ဦးရွှေလေးယုန်၏ တရားဝင်ကိုယ်စားလှယ်) နှင့် ဒေါ်သန်းကြည် ပါ ၄ — ၃၄

ဦးစိန်လှ ပါ ၂ — ဒေါ်သန်းကြည် ပါ ၄

မြေနှင့်အိမ်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန်နှင့်လက်ရောက် ပေးအပ်ရန် တရားစွဲဆိုခြင်း၊ မြေနှင့်အိမ်အရောင်းအဝယ် စာချုပ်ကို ယာယီမှတ်ပုံတင်သာ ပြုလုပ်ထားသဖြင့် ပိုင်ဆိုင် ကြောင်း သက်သာခွင့်မရရှိနိုင်ခြင်း၊ တရားရုံးက ပိုင်ဆိုင် ကြောင်း သက်သာခွင့်ကို ခွင့်မပြုသော်လည်း မြေနှင့်အိမ် အရောင်းအဝယ် ယာယီမှတ်ပုံတင်စာချုပ်ကို မှတ်ပုံတင်ပြီး က လက်ရောက်ပေးအပ်စေဟူသည့် ဒီကရီမျိုး ချမှတ်ခြင်း ပြုနိုင်-မပြုနိုင်။

ဆုံးဖြတ်ချက်။ ။ သက်သေခံအမှတ် (က) အရောင်းအဝယ်စာချုပ် ကို စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၆၀ (၁) (၂) တို့အရ ပြီးစီးအောင် မဆောင်ရွက်ရသေးသဖြင့် ပုဒ်မ ၆၁ (၂) အရ မှတ်ပုံတင် ခြင်း ပြီးစီးပြီဟူ၍ မှတ်ယူနိုင်ခြင်း မရှိပေ။

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၄ နှင့် စာချုပ်စာတမ်း စာမျက်နှာ မှတ်ပုံတင်အက်ဥပဒေပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များအရ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို စာချုပ်ချုပ်ဆို၍ ရောင်းချလျှင် မှတ်ပုံတင်မှသာ တရားဝင်သည်။ မှတ်ပုံမတင်သည့် စာချုပ်ဖြင့် ဝယ်ယူသူသည် ဝယ်ယူသည့်ပစ္စည်းပေါ်တွင် ပိုင်ဆိုင်ခွင့် မရရှိပေ။ တန်ဖိုး ကျပ်တစ်ရာနှင့် အထက်ရှိသော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို မှတ်ပုံတင်စာချုပ် မရှိဘဲ ဝယ်ယူသူသည် ထိုပစ္စည်းကို ပိုင်ဆိုင်သူဖြစ်ကြောင်း ကြေညာပေးစေလို့မှု စွဲဆိုခြင်းမပြုနိုင်။ **ကိုရန် နှင့် မမယ်ဝိ အမှု**[၁] ကို ကြည့်ပါ။

အချင်းဖြစ်ပစ္စည်းကို တရားဝင်မပိုင်ဆိုင်လျှင် လက်ရောက်ရထိုက်သည့် သက်သာခွင့်ကိုရရန်အကြောင်း မရှိပေ။ **ဦးလှမြိုင် နှင့် ဗုဒ္ဓသာသနာအဖွဲ့ အမှု**[၂]၊ **ဦးကြွား ပါ ၇ နှင့် ဒေါ်တင်လှ ပါ ၄ အမှု**[၃]၊ **ဦးကျော်ဝင်း ပါ ၂ နှင့် ဒေါ်ဘန်ဂါရာမားပါ ၄ အမှု**[၄] တို့ကိုကြည့်ပါ။

သက်သေခံအမှတ် (က) အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ခြင်း မပြီးစီးသေးသဖြင့် အိမ်နှင့်မြေကို ဝယ်ယူသူ ဒေါ်ခင်သန်းသည် ပိုင်ဆိုင်ခွင့် မရရှိသောကြောင့် ဝယ်ယူသည့် ပစ္စည်းကို လက်ရောက်ရခွင့် မရှိပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံးဥပဒေ အမိန့် ၇၊ နည်းဥပဒေ ၁ (င) တွင် အဆိုလွှာ၌ အမှုစွဲဆိုနိုင်ရန်အကြောင်းကို ဖြစ်ပေါ်**စေသည့်** အကြောင်းခြင်းရာများနှင့် အမှုစွဲဆိုနိုင်ရန်အကြောင်း**ပေါ်ပေါ**က်ခဲ့သည့် အချိန်တို့ကို ဖော်ပြရန်သတ်မှတ်ထားသည်။ တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်ကြောင်း အဆိုလွှာက သိသာထင်ရှားစေခြင်း မရှိလျှင် အဆိုလွှာကို ပယ်ရမည်ဟု အမိန့် ၇၊ နည်းဥပဒေ ၁၁ (က) တွင် **အတိအလင်း ပြဋ္ဌာန်းထားသည်။**

ပြည်နယ်တရားရုံးက အရောင်းအဝယ် မှတ်ပုံတင်စာချုပ် စာမျက်နှာ အမှတ် ၅၁/၈၉ မှာ ယာယီမှတ်ပုံတင်မျှသာ ဖြစ်၍ အပြီးသတ် မှတ်ပုံတင်ရန် လိုအပ်နေသေးသည့်အတွက် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၅၄ အရ ဝယ်ယူသူအနေဖြင့် ပိုင်ဆိုင်ခွင့်ရရှိပြီး ဖြစ်သည်ဟု မဆိုနိုင်သေးကြောင်း သုံးသပ်ခဲ့ပါလျက် အရောင်းအဝယ် ယာယီမှတ်ပုံတင်စာချုပ်ကို အပြီးသတ်မှတ်ပုံတင်ပြီးပါက မြေနှင့်အိမ် ကို လက်ရောက်ရစေရန် ဒီကရီချမှတ်ခြင်းမှာ အမှုစွဲဆိုရန်အကြောင်း မပေါ်ပေါက်သေးဘဲလျက် ကြိုတင်ပြီး သက်သာခွင့်ပေးအပ်ရာ ရောက် ပေသည်။

တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်သေးမီ စည်းကမ်းချက် ဖြင့် ဒီကရီချမှတ်ခြင်းမှာ တရားစွဲဆိုသည့်အချိန်တွင် ပေါ်ပေါက်သည့် အခြေအနေအပေါ် အခြေခံခြင်း မဟုတ်သောကြောင့် ယင်းဒီကရီ သည် ဥပဒေနှင့်ညီညွတ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ဒေါ်တီ နှင့် ဒေါ်ခင်သန်း ၁၁၉
(၎င်း၏ကိုယ်စားလှယ်စာရသူဒေါ်မိုးမိုး)

အမွေထိန်းလက်မှတ်စာ ရရှိခြင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ခြင်းတို့၏ ကွဲပြားခြားနားချက်၊ အမွေထိန်းလက်မှတ်စာ ထုတ်ပေးခြင်း ၏ ရည်ရွယ်ချက်၊ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇ (၂) အရ တောင်းဆိုခြင်း မပြုနိုင်။

**ဆုံးဖြတ်ချက်။** ။ အချင်းဖြစ်ပစ္စည်းနှင့်စပ်လျဉ်း၍ အမွေထိန်း စာမျက်နှာ လက်မှတ်စာရခြင်းသည် အမွေဆက်ခံပိုင်ဆိုင်ခြင်းနှင့် သဘောသဘာဝ အားဖြင့်မတူ၊ ကွဲပြားခြားနားပေသည်။ အမွေထိန်းလက်မှတ်စာ ထုတ်ပေးခြင်း၏ ရည်ရွယ်ချက်မှာ ကွယ်လွန်သူ၏ ပစ္စည်းကို လက်ရောက်ရယူနိုင်ရေး၊ ကွယ်လွန်သူ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံနိုင်စေရေး၊ ကွယ်လွန်သူ၏ အသုဘစရိတ်နှင့် ကွယ်လွန်သူ က ပေးရန်ရှိသည်များကို ပေးဆပ်နိုင်စေရေး၊ ထိုသို့ ပေးဆပ်ပြီးနောက် ကျန်ရစ်သော ပစ္စည်းတို့ကို ကွယ်လွန်သူ၏မိသားစု ဥပဒေအရ ကွယ်လွန်သူ၏ အမွေကို ဆက်ခံထိုက်သူတို့အား ခွဲဝေပေးနိုင်စေရေး အတွက် ကွယ်လွန်သူ၏အခွင့်အရေးကို ဆက်ခံသူတစ်ဦးအား ခန့်ထား ပေးရန် ဖြစ်သည်။ မမေ ပါ ၂ နှင့် မသိန်းရင် အမှု[၁] ကို ရည်ညွှန်း သည်။ တစ်နည်းအားဖြင့် အမွေထိန်းလက်မှတ်စာ ရခြင်းသည် ထိုလက်မှတ်နှင့် သက်ဆိုင်သည့်ပစ္စည်းကို စီမံခန့်ခွဲပိုင်ခွင့် ရရှိခြင်းသာ ဖြစ်၍ အမွေဆက်ခံပိုင်ဆိုင်ခွင့်ပေးခြင်း မဟုတ်ပေ။ ဤလျှောက်ထားမှု မျိုးတွင် ပိုင်ရေးပိုင်ခွင့်မျိုးကို အဆုံးအဖြတ်ပေးခွင့် မရှိပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ အယူခံတရားလို၏ မူလရုံးလျှောက်လွှာပါ ဖော်ပြချက်နှင့် ရုံးရှေ့ကိုယ်တိုင်ထွက်ဆိုချက်တို့အရ အယူခံတရားလို သည် အချင်းဖြစ်မြေနှင့် အဆောက်အအုံတို့ကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေရန် လျှောက်ထားခြင်းဖြစ်ရာ ထိုကဲ့သို့ ပိုင်ဆိုင် ကြောင်း မြွက်ဟကြေညာပေးစေရန်အတွက် သီးခြားတောင်းဆိုသည့် သက်သာခွင့်ကို အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇ (၂) တွင် ခွင့်ပြုထားခြင်း မရှိပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃ (၂) တွင် အမွေထိန်းလက်မှတ်စာကို ထုတ်ပေးသည့် တရားရုံး၏

ခွင့်ပြုချက်ရရှိလျှင် အမွေထိန်းတစ်ဦးတစ်ယောက်သည် ယင်းအက်စာမျက်နှာ ဥပဒေပုဒ်မ ၂၁၁ အရ ၎င်းအားလွှဲအပ်ထားရှိသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်း တစ်စုံတစ်ရာကို ပေါင်နှံခြင်း သို့မဟုတ် ရောင်းချခြင်း သို့မဟုတ် ပေးကမ်းခြင်း သို့မဟုတ် လဲလှယ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် လွှဲပြောင်းခြင်း စသည်တို့ကို ပြုလုပ်နိုင်ခွင့် ရှိပေသည်။ အမွေထိန်းလက်မှတ်စာ ရရှိသူတစ်ဦးသည် အမွေဆိုင်အားလုံးကိုယ်စား ပစ္စည်းကို စီမံခန့်ခွဲရရှိခြင်း ဖြစ်သဖြင့် တရားရုံး၏ ခွင့်ပြုချက်ရရှိပါက ၎င်းအား လွှဲအပ်ထားသည့် ပစ္စည်းများကို ပေါင်နှံခြင်း သို့မဟုတ် ရောင်းချခြင်း သို့မဟုတ် ပေးကမ်းခြင်း သို့မဟုတ် လဲလှယ်ခြင်း ပြုလုပ်နိုင်သည်ဖြစ်၍ ယင်းသို့ ပြုလုပ်ခွင့်ရရှိရန်အတွက် ပစ္စည်းကို ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုခွင့် တောင်းခံရန် မလိုပေ။ အခြားသက်ဆိုင်ရာဌာနများကလည်း အမွေဆိုင်အားလုံး၏ကိုယ်စား အမွေထိန်းလက်မှတ်စာ ရရှိသူတစ်ဦး၏ စီမံခန့်ခွဲမှုကို ဥပဒေ လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်အောင် ဆောင်ရွက်ပေးရမည်သာ ဖြစ်သည်။

ဦးပါစီလောင်း ၁၆၈

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆိုင်တစ်ဦး ရရန်ရှိသော အကျိုးသက်ဆိုင်ခွင့်သည် အပြီးအပိုင်ရရှိသည့် အကျိုးခံစားခွင့်ဖြစ်၍ အမွေရှင်ကွယ်လွန်သောအခါ အမွေစားအမွေခံများသို့ သက်ရောက်ခြင်း၊ အမွေသည် ဆက်ခံရရှိသည်နှင့်တစ်ပြိုင်နက် ရုပ်သိမ်း၍မရခြင်း၊ ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေသည် လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြဋ္ဌာန်းချက်မဟုတ်သဖြင့် နောက်ကြောင်းပြန် အကျိုးသက်ရောက်မှု

မရှိခြင်း၊ အမွေရှင်ကွယ်လွန်၍ အမွေဆက်ခံခွင့်ကို အပြီး စာမျက်နှာ အပိုင်ရရှိပြီးဖြစ်လျှင် ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေနှင့် ငြိစွန်း ရန်အကြောင်း မရှိခြင်း။

ဆုံးဖြတ်ချက်။ ။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မခွဲဝေရသေးသော အမွေတွင် အမွေဆိုင်တစ်ဦး ရရန်ရှိသော အကျိုးသက်ဆိုင်ခွင့်သည် အပြီးအပိုင်ရရှိသည့် အကျိုးခံစားခွင့် Vested interest ဖြစ်၍ အမွေရှင်ကွယ်လွန်သောအခါ အမွေစားအမွေခံများသို့ သက်ရောက်သည်။ အမွေဆက်ခံခြင်းဟူသည် ဆိုင်းငံ့ထား၍မဖြစ်၊ အမွေသည် ဆက်ခံရရှိသည်နှင့်တစ်ပြိုင်နက် ရုပ်သိမ်း၍မရကောင်းသည်မှာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ အမွေခန်း၏ အခြေခံသဘောတရား ဖြစ်သည်။

သို့ဖြစ်ရာ ၁၉၈၂ ခုနှစ်တွင် အမွေရှင် ဦးတာရာခရစ္စနားဒတ်စ် (ခ) ဦးခင်မောင် ကွယ်လွန်သည်နှင့် အမွေစားအမွေခံများဖြစ်ကြသော ဒေါ်ဂီတာရာနာနီဒတ်စ်တို့သည် အပြီးအပိုင်ရရှိသည့် အကျိုးခံစားခွင့်အရ အမွေဆက်ခံခွင့်ရရှိပြီး ဖြစ်ပေသည်။ ၁၉၈၇ ခုနှစ်တွင် ပြဋ္ဌာန်းသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ ၆ တွင် မည်သူမဆို နိုင်ငံခြားသို့ အပြီးအပိုင်ထွက်ခွာသွားလျှင် ထိုသူပိုင် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနက ကိစ္စတစ်ခုချင်းအလိုက် စိစစ်၍ ဥပဒေနှင့်အညီ အမွေဆက်ခံခွင့်ပေးခြင်း၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းပြုနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေသည် လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြဋ္ဌာန်းချက် မဟုတ်သဖြင့် နောက်ကြောင်းပြန် အကျိုးသက်ရောက်မှု မရှိပေ။

ဒေါ်ဂီတာရာနီဒတ်စ်တို့သည် ၁၉၈၂ ခုနှစ်ကပင် အမွေရှင် စာမျက်နှာ ကွယ်လွန်ခြင်းကို အကြောင်းပြု၍ အမွေဆက်ခံခွင့်ကို အပြီးအပိုင် ရရှိပြီးဖြစ်ရာ ၁၉၈၇ ခုနှစ်တွင် ပြဌာန်းသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေနှင့် ငြိစွန်းရန်အကြောင်း မရှိပေ။

မောင်သောင်းစိန် ပါ ၈ နှင့် ဒေါ်ဂီတာရာနီဒတ်စ် ပါ ၂　　　　၂၆၃

တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်း ၂ အရ တရားပြိုင်များသည် မိမိထုချေလိုသော အချက်များအားလုံးကို ချေလွှာတွင် ထည့်သွင်း ထုချေရမည်ဖြစ်ခြင်း၊ ချေလွှာမတင်သေးဘဲ ပဏာမကန့်ကွက်လွှာများ တင်သွင်းလာလျှင် တရားရုံးက လက်ခံမှုမပြုရခြင်း၊ ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၄ အရ ချေလွှာမတင်မီ အမှုကိုဆိုင်းငံ့ပေးရန် လျှောက်ထားခြင်းနှင့် ပဏာမကန့်ကွက်လွှာ တင်သွင်းခြင်းတို့၏ ခြားနားချက်၊ ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၄ အရ အမှုဆိုင်းငံ့ပေးရန် အမိကလိုအပ်ချက်နှစ်ရပ်၊ ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၉ (၅) ပါ ပြဌာန်းချက်။

ဆုံးဖြတ်ချက်။　　။ တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်းဥပဒေ ၂ တွင် တရားပြိုင်များသည် မိမိထုချေလိုသော အချက်များအားလုံးကို ချေလွှာတွင် ထည့်သွင်းထုချေရမည်ဟု ပြဌာန်းထားသည်။ ပြည်သူ့ တရားသူကြီးအဖွဲ့ ညွှန်ကြားချက်အမှတ် ၁၈ တွင် ဒေသဆိုင်ရာ တရားရုံးအဆင့်ဆင့်တွင် တရားမမှုများ စစ်ဆေးကြားနာ အဆုံး

အဖြတ်ပေးရာ၌ မကြန့်ကြာစေဘဲ ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စာမျက်နှာ စစ်ဆေးဆုံးဖြတ်ပေးနိုင်စေခြင်း အလို့ငှာ၊ တရားပြိုင်များအနေဖြင့် ချေလွှာတင်သွင်းရမည့်အစား ချေလွှာမတင်သေးဘဲ ပဏာမကန့်ကွက်လွှာများ တင်သွင်းလာလျှင် တရားရုံးများက လက်ခံခြင်းမပြုရန် ညွှန်ကြားထားခြင်း ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။　　။ ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၄ တွင် ချေလွှာမတင်မီဖြစ်စေ၊ အမှုတွင် အခြားဆောင်ရွက်မှုတစ်ခုခု မပြုလုပ်မီ ဖြစ်စေ အမှုကိုဆိုင်းငံ့ပေးရန် လျှောက်ထားခွင့်ရှိကြောင်း အတိအလင်း ပြဋ္ဌာန်းထားရာ ယင်းပြဋ္ဌာန်းချက်သည် တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်းဥပဒေ ၂ နှင့် ပြည်သူ့တရားသူကြီးအဖွဲ့ ညွှန်ကြားချက်အမှတ် ၁၈ နှင့် အကျုံးဝင်သက်ဆိုင်ခြင်း မရှိပေ။

အမှုကို ဥပဒေအရ ဆိုင်းငံ့ပေးရန် လျှောက်ထားခြင်းနှင့် ပဏာမကန့်ကွက်လွှာ တင်သွင်းခြင်းတို့မှာ ခြားနားပေသည်။ လျှောက်ထားသူက ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၄ အရ အမှုအား ပလပ်ပေးရန် သို့မဟုတ် ဆိုင်းငံ့ပေးရန် လျှောက်ထားခြင်းသည် ပဏာမကန့်ကွက်လွှာ တင်သွင်းခြင်းဖြစ်သည်ဟု မယူဆနိုင်ချေ။

ထပ်မံဆုံးဖြတ်ချက်။　　။ ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၄ အရ အမှုအား ဆိုင်းငံ့ပေးရန်အတွက် အောက်ဖော်ပြပါ အချက် ၂ ချက်နှင့် ညီညွတ်ရန် လိုအပ်ပေသည်-

(၁) တရားပြိုင်များအနေဖြင့် ချေလွှာမတင်သွင်းမီ ဖြစ်စေ၊ အမှုတွင် အခြားဆောင်ရွက်မှုတစ်ခုခုကို မပြုလုပ်မီ ဖြစ်စေ (at any time before filing a written statement or taking any other steps in the proceedings) အမှုကို ဆိုင်းငံ့ပေးရန် လျှောက်ထားနိုင်သည်။

(၂) တရားပြိုင်သည် ခုံသမာဓိလူကြီးများဖြင့် ဆောင်ရွက်ရန် အတွက် လိုအပ်သည့် ကိစ္စရပ်အားလုံးကို ပြုလုပ်ရန် အဆင်သင့် ဖြစ်သည့်အပြင် ပြုလုပ်ရန်ဆန္ဒလည်း ရှိရန် လိုအပ်သည်။ (ready and willing to do all things necessary to the proper conduct of the arbitration) စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်။** ။ မူလတိုင်းတရားရုံး၏ အမှုအား ဆိုင်းငံ့ပေးရန် သို့မဟုတ် ပလပ်ပေးရန် လျှောက်လွှာအား ပလပ်ကြောင်း အမိန့်ချမှတ်သည့် အမိန့်ကို လျှောက်ထားသူက မကျေနပ်၍ တရားရုံးချုပ်တွင် တရားမပြင်ဆင်မှု တင်သွင်းထားသည်။ ခုံသမာဓိ အက်ဥပဒေပုဒ်မ ၃၉ (၅) တွင် ခုံသမာဓိလူကြီးဖြင့် ဆုံးဖြတ်ရန်အတွက် အမှုအား ဆိုင်းငံ့သည့်အမိန့် သို့မဟုတ် အမှုအား ဆိုင်းငံ့ပေးရန် လျှောက်ထားခြင်းကို ငြင်းပယ်သည့်အမိန့်ကို အယူခံဝင်ရမည်ဟု ပြဋ္ဌာန်းထားသဖြင့် လျှောက်ထားသူက အယူခံဝင်ရောက်ရမည့် အမှုကို ပြင်ဆင်မှု တင်သွင်းခြင်းမှာ မှားယွင်းသည်။

မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး (၎င်း၏ဦးဆောင်ညွှန်ကြားရေးမှူး) နှင့် အင်တီဂရိတ်တက်ဘက်စနစ် ဆာစက်ကုမ္ပဏီလီမိတက် (အိုင်ဘီအက်စ်) (၎င်း၏အုပ်ချုပ်မှုဒါရိုက်တာ ဦးမြင့်စိုး) ၁၉၈

## တရားမပြင်ဆင်မှု

+ ၂၀၀၀
မတ်လ
၁ ရက်

### တရားရုံးချုပ်တရားသူကြီး ဦးထွန်းရှင်ရှေ့တွင်

၁။ မစ္စတာကီချီရိုဖူဂျီ
(၎င်း၏ကိုယ်စားလှယ်စာရသူ ဦးခင်မောင်မြင့်)

၂။ ဦးခင်မောင်မြင့်
[လိုးရိုးစ်အင်တာနေရှင်နယ်အင်စတီကျူ (ဂျပန်) ၏
ဌာနေကိုယ်စားလှယ် (စီးပွားရေးအကျိုးဆောင်)]

နှင့်

ဦးအောင်ထွန်း ပါ ၂
ဦးထွန်းနိုင်အေး ပါ ၂
ဒေါ်ခင်ငွေ ပါ ၂
ဦးကျော်မြင့် ပါ ၂
ဒေါ်နီနီငွေ ပါ ၂

တရားလိုနှင့် တရားပြိုင်တို့ နှစ်ဦးနှစ်ဖက် စေ့စပ်ကျေအေးကြသဖြင့် တရားလိုက တရားပြိုင်တို့အပေါ် စွဲဆိုထားသည့်အမှုကို ရုပ်သိမ်းခြင်း၊ သက်သေခံချက်မယူမီ ရုပ်သိမ်းခြင်းဖြစ်ပါက တရားလိုသည် အဆိုလွှာအပေါ် ထမ်းဆောင်ထားခဲ့သည့် ရုံးခွန်ထက်ဝက်ကို ပြန်လည်ရထိုက်ခွင့်ရှိ-မရှိ။

---

* ၁၉၉၉ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၃၈၁၊ ၃၈၂၊ ၃၈၃၊ ၃၈၄ နှင့် ၃၈၅

\+ ၁၉၉၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၊ ၂၊ ၃၊ ၄ နှင့် ၅ တွင် ချမှတ်သော ၂၂-၄-၉၉ ရက်စွဲပါ ရန်ကုန်ပိုင်းတရားရုံး (အနောက်ပိုင်းခရိုင်) ၏ အမိန့်ကို လျှောက်ထားမှု

| |
|---|
| ၂၀၀၀ |
| မစ္စတာကီချီရိုဖူဂျီ ပါ ၂ နှင့် ဦးအောင်ထွန်း ပါ ၂ |
| ဦးထွန်းနိုင်အေး ပါ ၂ |
| ဒေါ်ခင်ဌေး ပါ ၂ |
| ဦးကျော်မြင့် ပါ ၂ |
| ဒေါ်နီနီဌေး ပါ ၂ |

ဆုံးဖြတ်ချက်။ ။ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၃၊ နည်း ၁(၁) အရ အမှုစွဲဆိုပြီးနောက် မည်သည့်အခါတွင်မဆို တရားလိုသည် တရားပြိုင်အားလုံးအပေါ်ဖြစ်စေ၊ တစ်ဦးဦးအပေါ်ဖြစ်စေ စွဲဆိုသော အမှုကို ရုပ်သိမ်းနိုင်ကြောင်း သို့မဟုတ် မိမိတောင်းဆိုချက် တစ်စိတ်တစ်ဒေသကို စွန့်လွှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်အရ အမှုကို ရုပ်သိမ်းလျှင် ထပ်တူအကြောင်းအရာဖြင့် တရားတစ်ထုံး ထပ်မံစွဲဆိုခွင့်မရှိချေ။

တရားမကျင့်ထုံးဥပဒေ အမိန့် ၂၃၊ နည်း ၁ (၁) အရ အမှုကို ခြွင်းချက်မရှိ ရုပ်သိမ်းရာတွင် အခြေခံသော အကြောင်းအမျိုးမျိုး ရှိမည်ဖြစ်သည်။ ယင်းအကြောင်းအမျိုးမျိုးအနက် နှစ်ဖက်အမှုသည်တို့ အမှန်တကယ် စေ့စပ်ကျေအေးကြသဖြင့် အမှုကို ရုပ်သိမ်းခြင်းလည်း ရှိမည်ဖြစ်သည်။ ယင်းကဲ့သို့ နှစ်ဖက်အမှုသည်တို့ အမှန်တကယ် စေ့စပ်ကျေအေးကြ၍ အမှုကိုရုပ်သိမ်းရာတွင် သက်သေခံချက်မယူမီ ရုပ်သိမ်းခြင်းဖြစ်လျှင် တရားရေးဝန်ကြီးဌာန၏ ၂၉-၆-၇၃ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၄၃ တွင် အကျုံးဝင်မည်ဖြစ်၍ အဆိုလွှာအပေါ် ထမ်းဆောင်ခဲ့သည့် ရုံးခွန်ထက်ဝက်ကို ပြန်လည်ရထိုက်ပေသည်။

| | | |
|---|---|---|
| လျှောက်ထားသူများအတွက်• | - | ဦးခင်မောင်တင့် တရားရုံးချုပ်ရှေ့နေ |
| လျှောက်ထားခံရသူများအတွက် | - | ဦးအောင်ထွန်း နှင့် ဒေါ်ခင်အေးမြင့် (ကိုယ်တိုင်)မလာ။ ဦးထွန်းနိုင်အေး နှင့် ဒေါ်တင်တင်အေး (ကိုယ်တိုင်) မလာ။ ဒေါ်ခင်ဌေး နှင့် ဦးအောင်ကျော် (ကိုယ်တိုင်) မလာ။ |

| |
|---|
| ၂၀၀၀ |
| မစ္စတာကီချီရိုဖူဂျီ ပါ ၂ နှင့် ဦးအောင်ထွန်း ပါ ၂ |
| ဦးထွန်းနိုင်အေး ပါ ၂ |
| ဒေါ်ခင်ဌေး ပါ ၂ |
| ဦးကျော်မြင့် ပါ ၂ |
| ဒေါ်နီနီဌေး ပါ ၂ |

ဦးကျော်မြင့် နှင့် ဦးကျော်သိန်း
(ခ) ချောင်ဟတ်ထွန်း
(ကိုယ်တိုင်) မလာ။
ဒေါ်နီနီဌေးနှင့်ဒေါ်ခင်တိုးမြင့်
(ကိုယ်တိုင်) မလာ။

ရန်ကုန်တိုင်းတရားရုံး (အနောက်ပိုင်းခရိုင်)၊ တရားမကြီးမှုအမှတ် ၁/၉၉ တွင် တရားပြိုင် ဦးအောင်ထွန်းနှင့် ဒေါ်ခင်အေးမြင့်တို့အပေါ်တွင်လည်းကောင်း၊ တရားမကြီးမှုအမှတ် ၂/၉၉ တွင် တရားပြိုင် ဦးထွန်းနိုင်အေးနှင့် ဒေါ်တင်တင်အေးတို့အပေါ်တွင်လည်းကောင်း၊ တရားမကြီးမှုအမှတ် ၃/၉၉ တွင် တရားပြိုင် ဒေါ်ခင်ဌေးနှင့် ဦးအောင်ကျော်တို့အပေါ်တွင်လည်းကောင်း၊ တရားမကြီးမှုအမှတ် ၄/၉၉ တွင် တရားပြိုင် ဦးကျော်မြင့်နှင့် ဦးကျော်သိန်း (ခ) ချောင်ဟတ်ထွန်းတို့အပေါ်တွင်လည်းကောင်း၊ တရားမကြီးမှုအမှတ် ၅/၉၉ တွင် တရားပြိုင် ဒေါ်နီနီဌေးနှင့် ဒေါ်ခင်တိုးမြင့်တို့အပေါ်တွင်လည်းကောင်း တရားလို မစ္စတာကီချီရိုဖူဂျီနှင့် ဦးခင်မောင်မြင့်တို့က အာမခံစာချုပ် ဖောက်ဖျက်သည့်အတွက် လျော်ကြေးငွေရလိုကြောင်း တရားစွဲဆိုသည်။ ယင်းသို့စွဲဆိုပြီးနောက် အမှုများကို ရုပ်သိမ်းခွင့်ပြုပါရန် တရားလိုတို့က လျှောက်ထားသဖြင့် တိုင်းတရားရုံးက တရားမကျင့်ထုံးဥပဒေ အမိန့် ၂၃၊ နည်း ၁(၁) အရ အမှုများကို ခြွင်းချက်မရှိ ရုပ်သိမ်းခွင့်ပြုခဲ့သည်။ ယင်းနောက် တရားလိုက အမှုအသီးသီးတွင် ထမ်းဆောင်ခဲ့သော ရုံးခွန်တော်တံဆိပ်ခေါင်းကို ပြက်ဝက်စီ ပြန်ရလိုကြောင်း လျှောက်ထားရာ တိုင်းတရားရုံးက ခွင့်မပြုသဖြင့် တရားရုံးချုပ်သို့ ဤပြင်ဆင်မှုများ ဝင်ရောက်လာခြင်းဖြစ်သည်။

ပြင်ဆင်မှုအမှတ် ၃၈၁/၉၉၊ ၃၈၂/၉၉၊ ၃၈၃/၉၉၊ ၃၈၄/၉၉ နှင့် ၃၈၅/၉၉ တို့တွင် ပြင်ဆင်မှုလျှောက်ထားသူတို့မှာ မစ္စတာကီချီ

ရိုဖူဂျီနှင့် ဦးခင်မောင်မြင့်တို့သာဖြစ်ပြီး၊ ဆုံးဖြတ်ရန်ပြဿနာမှာလည်း တူညီကြသည်ဖြစ်၍ ဤစီရင်ချက်သည် အမှုအားလုံးနှင့် သက်ဆိုင်စေရမည်။

လျှောက်ထားသူတို့၏ရှေ့နေက မူလမှုတွင် ချေလွှာမတင်မီ အဆင့်၌ တရားလိုနှင့် တရားပြိုင်တို့ ပြင်ပတွင် စေ့စပ်ကျေအေးကြပြီး ဖြစ်၍ တရားလိုက အမှုကိုရုပ်သိမ်းခွင့် လျှောက်ခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းတရားရုံးကလည်း အမှုကိုရုပ်သိမ်းခွင့်ပြုပြီးဖြစ်ကြောင်း၊ ဤသို့ အမှုသည်များ စေ့စပ်ကျေအေးကြလျှင် ထမ်းဆောင်ခဲ့သော ရုံးခွန်တော်ငွေထက်ဝက်ကို တရားလိုတို့က ပြန်လည်ရထိုက်ခွင့်ရှိကြောင်း ဖြင့် တရားရေးဝန်ကြီးဌာန၏ ၂၉-၆-၇၃ နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂၄၃ ကို ရည်ညွှန်းလျက် လျှောက်လဲတင်ပြသည်။

အမှုအသီးသီးမှ လျှောက်ထားခံရသူများက ကိုယ်တိုင်အားဖြင့် သော်လည်းကောင်း၊ ၎င်းတို့၏ ရှေ့နေအားဖြင့်သော်လည်းကောင်း တရားရုံးရှေ့ လာရောက်လျှောက်လဲတင်ပြခြင်း မရှိကြချေ။

လျှောက်ထားသူတို့က တိုင်းတရားရုံးတွင် ၎င်းတို့စွဲဆိုထားသည့် အမှုများကို တရားမကျင့်ထုံးဥပဒေ အမိန့် ၂၃၊ နည်း ၁ (၁) အရ ခြွင်းချက်မရှိ ရုပ်သိမ်းခွင့်ပြုပါရန် လျှောက်ထားရာ တိုင်းတရားရုံးက တရားမကျင့်ထုံးဥပဒေ အမိန့် ၂၃၊ နည်း ၁ (၁) အရ ခြွင်းချက်မရှိ ရုပ်သိမ်းခွင့်ပြုကြောင်း အမိန့်ချမှတ်ခဲ့သည်။ ထို့နောက် လျှောက်ထားသူတို့က ရုံးခွန်ထက်ဝက်ပြန်ရလိုကြောင်း လျှောက်ထားသည့်အခါ တိုင်းတရားရုံးက တရားရေးဝန်ကြီးဌာန၏ ၂၉-၆-၇၃ ရက်စွဲပါ အမိန့် အမှတ် ၂၄၃ သည် သက်သေခံချက်မယူမီ အမှုသည်များ ကျေအေးကြသည့်အမှုနှင့်သာ အကျုံးဝင်သက်ဆိုင်ပြီး အမှုရုပ်သိမ်းခြင်းနှင့် သက်ဆိုင်ခြင်းမရှိကြောင်း ကောက်ယူလျက် ယင်းလျှောက်ထားမှုကို ပလပ်ခဲ့သည်။

တရားရေးဝန်ကြီးဌာန၏ ၂၉-၆-၇၃ ရက်စွဲပါ အမိန့်အမှတ် ၂၄၃ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်-

" အမှတ် ၂၄၃။ ။ ရုံးခွန်တော်အက်ဥပဒေပုဒ်မ ၃၅ အရ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရသည် အဆိုပါအက်ဥပဒေ ဇယား ၁ တွင် ပြဋ္ဌာန်းထားသော အဆိုလွှာနှင့် ပြန်လှန်တောင်းဆိုလွှာတို့အပေါ်တွင် ထမ်းဆောင်ရသည့် ရုံးခွန်၏ ထက်ဝက်ကို အောက်ပါအတိုင်း ကင်းလွတ်ခွင့်ပြုလိုက်သည်-

တရားမမှုလမှုခင်းတစ်ခုခုနှင့် စပ်လျဉ်း၍ သက်သေခံချက်မယူမီ သက်ဆိုင်ရာအမှုသည်များ၏ သဘောတူညီချက်အရ စေ့စပ်ကျေအေးကြသည့်အခါတိုင်း၊ ထိုအချိန်အထိ အဆိုလွှာနှင့် ပြန်လှန်တောင်းဆိုလွှာတို့အပေါ် ပေးဆောင်ပြီးဖြစ်သော ရုံးခွန်ငွေအားလုံး၏ ထက်ဝက်ကို တရားရုံးက ထိုရုံးခွန်ငွေ ပေးဆောင်ခဲ့သည့် အမှုသည်များအား ပြန်လည်ပေးရမည်။ ယင်းသို့ ရုံးခွန်ငွေထက်ဝက် ပြန်ပေးရန် အမိန့်ချမှတ်သည့်အခါတွင် သက်ဆိုင်ရာတရားရုံးသည် ရုံးခွန်ပြန်လည်ရယူခွင့်ပြုသည့် သက်သေခံလက်မှတ်ကို ထုတ်ပေးရမည်။"

တရားမကျင့်ထုံးဥပဒေ အမိန့် ၂၃၊ နည်း ၁ (၁) အရ အမှုစွဲဆိုပြီးနောက် မည်သည့်အခါတွင်မဆို တရားလိုသည် တရားပြိုင်အားလုံးအပေါ်ဖြစ်စေ၊ တစ်ဦးဦးအပေါ်ဖြစ်စေ စွဲဆိုသောအမှုကို ရုပ်သိမ်းနိုင်ကြောင်း သို့မဟုတ် မိမိတောင်းဆိုချက် တစ်စိတ်တစ်ဒေသကို စွန့်လွှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်အရ အမှုကို ရုပ်သိမ်းလျှင် ထပ်တူအကြောင်းအရာဖြင့် တရားတစ်ထုံး ထပ်မံစွဲဆိုခွင့် မရှိချေ။

တရားမကျင့်ထုံးဥပဒေ အမိန့် ၂၃၊ နည်း ၁ (၁) အရ အမှုကို ခွင့်ချက်မရှိ ရုပ်သိမ်းရာတွင် အခြေခံသော အကြောင်းအမျိုးမျိုး ရှိမည်ဖြစ်သည်။ ယင်းအကြောင်းအမျိုးမျိုးအနက် နှစ်ဖက်အမှုသည်တို့

၂၀၀၀

မစ္စတာကီချိရိုဖူဂျီ

ပါ ၂

နှင့်

ဦးအောင်ထွန်း

ပါ ၂

ဦးထွန်းနိုင်အေး

ပါ ၂

ဒေါ်ခင်ဌေး

ပါ ၂

ဦးကျော်မြင့်

ပါ ၂

ဒေါ်နီနီဌေး

ပါ ၂

အမှန်တကယ် စေ့စပ်ကျေအေးကြသဖြင့် အမှုကိုရုပ်သိမ်းခြင်းလည်း ရှိမည်ဖြစ်သည်။ ယင်းကဲ့သို့ နှစ်ဖက်အမှုသည်တို့ အမှန်တကယ် စေ့စပ်ကျေအေးကြ၍ အမှုကိုရုပ်သိမ်းရာတွင် သက်သေခံချက်မယူမီ ရုပ်သိမ်းခြင်းဖြစ်လျှင် တရားရေးဝန်ကြီးဌာန၏ ၂၉-၆-၇၃ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၇၃ တွင် အကျုံးဝင်မည်ဖြစ်၍ အဆိုလွှာအပေါ် ထမ်းဆောင်ခဲ့သည့် ရုံးခွန်ထက်ဝက်ကို ပြန်လည်ရထိုက်ပေသည်။

လျှောက်ထားသူတို့က တိုင်းတရားရုံးတွင် အမှုရုပ်သိမ်းခွင့်ပြုရန် လျှောက်လွှာ၌ အောက်ပါအတိုင်း ဖော်ပြထားသည်-

" ၁။ ဤပုံစံပါအမှုတွင် တရားပြိုင်များက ချေလွှာမတင်သွင်းရသေးသော အဆင့်၌ရှိပါသည်၊

၂။ တရားလိုနှင့် တရားပြိုင်များသည် တရားရုံး၏ ပြင်ပတွင် အချင်းချင်း ညှိနှိုင်းပြီး ပြေလည်မှု ရရှိခဲ့ကြပါသည်။ တရားလိုအနေဖြင့် ဤအမှုကို ဆက်လက်စွဲဆိုရန် မလိုအပ်တော့ပါသဖြင့် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၃၊ နည်း ၁ (၁) အရ အမှုကိုရုပ်သိမ်းခွင့်ပြုပါရန် ရိုသေစွာလျှောက်ထားအပ်ပါသည်။"

လျှောက်ထားသူတို့၏ လျှောက်လွှာတွင် တရားလိုနှင့် တရားပြိုင်များသည် အချင်းချင်းညှိနှိုင်းပြီး ပြေလည်မှုရရှိခဲ့ခြင်းအပေါ် အခြေပြု၍ အမှုကိုရုပ်သိမ်းခွင့် လျှောက်ထားခြင်းဖြစ်ကြောင်း ဖော်ပြထားရာ၊ ယင်းအချက် မှန်ကန်ပါက သက်သေခံချက်မရမီ နှစ်ဖက်သဘောတူ စေ့စပ်ကျေအေးကြခြင်းဖြစ်၍ လျှောက်ထားသူတို့ ထမ်းဆောင်ခဲ့သည့် ရုံးခွန်ထက်ဝက်ကို ပြန်လည်ရခွင့်ရှိမည် ဖြစ်သည်။

မူလရုံး တရားမကြီးမှုအမှတ် ၁/၉၉ ၏ ၈-၃-၉၉ ရက်နေ့ နေ့စဉ်မှတ်တမ်းတွင် တရားပြိုင် ဒေါ်ခင်အေးမြင့်မှ တရားလို၏ လျှောက်ထားမှုနှင့်ပတ်သက်၍ မှန်ကန်သဘောတူကြောင်း၊ ဦးအောင်

ထွန်းမှာ ၎င်း၏ခင်ပွန်းဖြစ်၍ ဦးအောင်ထွန်းအတွက်ပါ တာဝန်ယူကြောင်း တင်ပြသည်ကို မှတ်တမ်းတင်ထားကြောင်း တွေ့ရှိရသည်။

မူလရုံး တရားမကြီးမှုအမှတ် ၂/၉၉ ၏ ၈-၃-၉၉ နေ့စဉ်မှတ်တမ်းတွင် တရားပြိုင် ဒေါ်ခင်အေးက တရားလို၏ လျှောက်ထားမှုမှာ မှန်ကန်၍ ကန့်ကွက်ရန်မရှိကြောင်း၊ တရားပြိုင် ကိုထွန်းနိုင်အေးမှာ ၎င်းနှင့် တစ်အိမ်တည်းအတူနေသော မောင်ဖြစ်၍ ကိုထွန်းနိုင်အေးအတွက်ပါ တာဝန်ယူကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။

မူလရုံး တရားမကြီးမှုအမှတ် ၃/၉၉ ၏ ၈-၃-၉၉ နေ့စဉ်မှတ်တမ်းတွင် တရားပြိုင်များ၏ကိုယ်စား သမီးဖြစ်သူ ဒေါ်ခင်ခင်လေးမှ တရားလို၏ လျှောက်ထားချက်မှာ မှန်ကန်၍ ကန့်ကွက်ရန်မရှိကြောင်း၊ တရားပြိုင်များအတွက် တာဝန်ယူကြောင်း ဖော်ပြထားသည်။

မူလရုံး တရားမကြီးမှုအမှတ် ၄/၉၉ ၏ ၈-၃-၉၉ နေ့စဉ်မှတ်တမ်းတွင် တရားပြိုင် ဦးကျော်သိန်း (ခ) ချောင်ဟတ်ထွန်း လာရောက်၍ တရားလို၏ လျှောက်ထားချက်ကို ကန့်ကွက်ရန်မရှိကြောင်း၊ တရားပြိုင် ဦးကျော်မြင့်မှာ ၎င်းနှင့်တစ်အိမ်တည်းအတူနေအစ်ကိုရင်းဖြစ်၍ တာဝန်ယူကြောင်း မှတ်တမ်းတင်ထားသည်။

မူလရုံး တရားမကြီးမှုအမှတ် ၅/၉၉ ၏ ၉-၃-၉၉ နေ့စွဲပါ နေ့စဉ်မှတ်တမ်းတွင် တရားပြိုင်များ၏ကိုယ်စား အတူနေ တူမအရင်း မနီလာဝင်းက တရားလို၏ လျှောက်ထားချက်မှာ မှန်ကန်၍ ကန့်ကွက်ရန်မရှိကြောင်း မှတ်တမ်းတင်ထားသည်။

မူလရုံးအမှုတွဲအသီးသီးရှိ နေ့စဉ်မှတ်တမ်းများအရ တရားလိုနှင့် တရားပြိုင်အသီးသီးတို့ အချင်းချင်းသဘောတူ စေ့စပ်ကျေအေးကြပြီး၊ တရားလိုက အမှုများကို ရုပ်သိမ်းခြင်းဖြစ်ကြောင်း ထင်ရှားပေါ်ပေါက်သည်။

| |
|---|
| ၂၀၀၀ |
| မစ္စတာကီချီရှိဖူဂျီ<br>ပါ ၂<br>နှင့်<br>ဦးအောင်ထွန်း<br>ပါ ၂ |
| ဦးထွန်းနိုင်အေး<br>ပါ ၂ |
| ဒေါ်ခင်ဌေး<br>ပါ ၂ |
| ဦးကျော်မြင့်<br>ပါ ၂ |
| ဒေါ်နီနီဌေး<br>ပါ ၂ |

သို့ဖြစ်ပါလျက် မူလရုံးက အမှုရုပ်သိမ်းခြင်းဖြစ်၍ တရားရေးဝန်ကြီးဌာန၏ ရုံးခွန်ထက်ဝက် ကင်းလွတ်ခွင့်ပြုသည့် အမိန့်နှင့် မသက်ဆိုင်ဟု သုံးသပ်ခြင်းမှာ မှန်ကန်မှုမရှိကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် ဤပြင်ဆင်မှုများကို ခွင့်ပြုပြီး မူလရုံးက ရုံးခွန်ကင်းလွတ်ခွင့်ပြုရန် လျှောက်ထားသည့် လျှောက်ထားသူ၏ လျှောက်လွှာအသီးသီးကို ခွင့်မပြုသည့်အမိန့်များကို ပယ်ဖျက်လိုက်သည်။ မူလရုံးသည် အဆိုလွှာများအပေါ် ထမ်းဆောင်ထားသည့် ရုံးခွန်ထက်ဝက်ကို ပြန်လည်ထုတ်ပေးစေရမည်။ အမှုအသီးသီးတွင် လျှောက်ထားသူအား ရုံးခွန်ထက်ဝက် ပြန်လည်ထုတ်ပေးသည့် သက်သေခံလက်မှတ်များ ထုတ်ပေးစေရန် မူလရုံးအား ညွှန်ကြားလိုက်သည်။

+ ၂၀၀၀

စက်တင်ဘာလ

၂၉ ရက်

## တရားမအထူးအယူခံမှု

တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊
ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ် နှင့်
တရားသူကြီး ဦးမြင့်အောင် တို့ရှေ့တွင်

ဦးကျော်မြင့်အောင် ပါ ၂

ကိုမောင်မြင့် ပါ ၂

နှင့်

ဒေါ်ခင်မာမာ ပါ ၄*

ဒေါ်ခင်မာမာ ပါ ၄

မူလအမှုတွင် တစ်ဖက်သတ် စစ်ဆေးခြင်းခံရပြီးနောက် ချမှတ်ထားသော စီရင်ချက်နှင့်ဒီကရီကို တရားရုံးချုပ်သို့ အယူခံဝင်ရောက်ခြင်း မရှိခဲ့ဘဲ အယူခံတရားပြိုင်များအဖြစ် ပါဝင်သူတို့က တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို အထူးအယူခံ ဝင်ရောက်ခွင့်ရှိ-မရှိ။ အမွေထိန်းစာရလိုကြောင်း လျှောက်ထားရာမှ ပေါ်ပေါက်လာသော တရားမကြီးမှုကို အပြီးသတ်စီရင်ချက် မချမီ အမှုအတွင်း အချင်းဖြစ်မြေအား စာချုပ်ချုပ်၍ ရောင်းချခဲ့ခြင်းမှာ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၂ ပါ ပြဋ္ဌာန်းချက်နှင့် ငြိစွန်းခြင်းရှိ-မရှိ။

---

* ၁၉၉၉ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁ နှင့် ၂ (မန္တလေး)

\+ ၁၉၉၃ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၇၃ တွင် ချမှတ်သော ၂၄-၈-၉၅ ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ စီရင်ချက်နှင့်ဒီကရီကို အထူးအယူခံမှု။

၂၀၀၀ ဦးကျော်မြင့်အောင် ပါ ၂ ကိုမောင်မြင့် ပါ ၂ နှင့် ဒေါ်ခင်မာမာ ပါ ၄ ဒေါ်ခင်မာမာ ပါ ၄

ဆုံးဖြတ်ချက်။ ။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆ တွင် မူလစီရင်ပိုင်ခွင့်ကို ကျင့်သုံး၍ ချမှတ်သော ဒီကရီကို အယူခံစီရင်ပိုင်ခွင့်ရှိသော ရုံးသို့ အယူခံဝင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်အရဆိုလျှင် တိုင်းတရားရုံးက ချမှတ်သော ဒီကရီကို မကျေနပ်ပါက တရားရုံးချုပ်သို့ ပထမအယူခံ ဝင်ရောက်ရမည် ဖြစ်သည်။ ဆက်လက်၍ တရားရုံးချုပ်က အယူခံမှုတွင် ချမှတ်သော စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်ကို မကျေနပ်သေးပါက အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားနိုင်သည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆ တွင် မူလရုံး၏ ဒီကရီအပေါ် အယူခံစီရင်ပိုင်ခွင့်ရှိသော အယူခံရုံးသို့ အယူခံဝင်ရောက်ရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါလျက် တိုင်းတရားရုံး၏ ဒီကရီကို တရားရုံးချုပ်သို့ ပထမအယူခံဝင်ရောက်ခြင်း မရှိဘဲ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားနိုင်သည်ဟု ကောက်ယူပါလျှင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆ ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်မည်ဖြစ်သည်။ တရားစီရင်ရေးဥပဒေပုဒ်မ ၂၀ အရ သတ်မှတ်သည့် လုပ်ထုံးလုပ်နည်းသည် တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်လျှင် တည်ဆဲဥပဒေကသာ လုပ်ထုံးလုပ်နည်းကို လွှမ်းမိုးမည် ဖြစ်ပေသည်။

စုံညီခုံရုံးဖြင့် အထူးအယူခံမှု စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၃ တွင် ဖော်ပြပါရှိသည့် အမှုသည် တစ်ဦးဦးဆိုသည်မှာ တရားရုံးချုပ်သို့ တည်ဆဲဥပဒေနှင့်အညီ အယူခံဝင်ရောက်သူ အမှုသည် သို့မဟုတ် တရားရုံးချုပ်က မူလရုံး၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ဆုံးဖြတ်ခြင်းကြောင့် ထိခိုက်နစ်နာသူ အမှုသည်ကို ရည်ရွယ်ခြင်း ဖြစ်သည်။ အကယ်၍သာ တရားရုံးတစ်ရုံးရုံး၏ ဒီကရီကို တရားရုံးအဆင့်ဆင့် အယူခံဝင်ရောက်ခဲ့ခြင်း မရှိသူ အမှုသည်တစ်ဦးဦးက လုပ်ထုံးလုပ်နည်း အပိုဒ် ၃ အရ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားနိုင်သည် ဆိုပါက အမှုသည်တို့အနေဖြင့် တရားမကျင့်ထုံးဥပဒေပါ

ပြဋ္ဌာန်းချက်များနှင့်အညီ တရားရုံးအဆင့်ဆင့် အယူခံဝင်ရောက်ခြင်း ခပြုတော့ဘဲ အဆင့်ကျော်၍ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထား လာကြမည့် အန္တရာယ်ရှိသောကြောင့် ထိုကဲ့သို့ အစိပ္ပာယ်ကောက်ယူ ရန် သင့်လျော်မည်မဟုတ်ပေ။

၂၀၀၀
ဦးကျော်မြင့်
အောင် ပါ ၂
ကိုမောင်မြင့်
ပါ ၂
နှင့်
ဒေါ်ခင်မာမာ
ပါ ၄
ဒေါ်ခင်မာမာ
ပါ ၄

ထပ်မံဆုံးဖြတ်ချက်။ ။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၂ တွင် စီရင်ပိုင်ခွင့်ရှိသော တရားရုံးတွင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း ၏ ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ သီးခြား တိုက်ရိုက်အငြင်းပွားလျက်ရှိသော တရားမမှုတစ်မှုမှု မပြီးပြတ်သေးမီအတွင်း အမှုတွင်ချမှတ်သည့် ဒီကရီ သို့မဟုတ် အမိန့်အရ တစ်ဖက်အမှုသည်က ရထိုက်သော အခွင့်အရေး ကို ထိခိုက်အောင် မည်သည့်အမှုသည်ကမျှ ထိုပစ္စည်းအား လွှဲပြောင်း ခွင့် မရှိစေရဟု ပြဋ္ဌာန်းထားသည်။

ယင်းပုဒ်မ ၅၂ နှင့် အကျုံးဝင်ရန် လိုအပ်သည့် အင်္ဂါရပ်များ တွင် အောက်ပါအင်္ဂါရပ်နှစ်ရပ် ပါရှိသည်-

(၁) မပြီးပြတ်သောမှုခင်းတွင် မရွှေ့မပြောင်းနိုင်သောပစ္စည်း ၏ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ သီးခြား တိုက်ရိုက် အငြင်းပွားလျက်ရှိခြင်း၊

(၂) အငြင်းပွားနေသည့် ပစ္စည်းကို အမှုသည် တစ်ဦးဦးက လွှဲပြောင်းခြင်းကြောင့် တရားရုံးမှချမှတ်သည့် ဒီကရီ သို့မဟုတ် အမိန့်အရ ရရှိမည့် အမှုသည်၏ အခွင့် အရေးကို ထိခိုက်ခြင်း၊

ဒေါ်မိလျှောက်ထားသည့် အမှုမှာ အမွေထိန်းစာရလိုမှု ဖြစ် သည်။ အမွေထိန်းစာ ထုတ်ပေးခြင်း၏ ရည်ရွယ်ချက်မှာ ကွယ်လွန်သူ ၏ ပစ္စည်းကို လက်ရောက်ရယူနိုင်စေရေး၊ ကွယ်လွန်သူရရန်ရှိသော ကြွေးမြီများကို ကောက်ခံနိုင်စေရေး၊ ကွယ်လွန်သူ၏ အသုဘစရိတ်နှင့် ကွယ်လွန်သူက ပေးရန်ရှိသည်များကို ပေးဆပ်နိုင်စေရေး၊ ပေးဆပ်

၂၀၀၀
ဦးကျော်မြင့်
အောင် ပါ ၂
ကိုမောင်မြင့်
ပါ ၂
နှင့်
ဒေါ်ခင်မာမာ
ပါ ၄
ဒေါ်ခင်မာမာ
ပါ ၄

ပြီးနောက် ကျန်ရှိသောပစ္စည်းများကို အမွေဆက်ခံထိုက်သူတို့အား ခွဲဝေပေးနိုင်စေရေးအတွက် ကွယ်လွန်သူတို့၏ အခွင့်အရေးကို ဆက်ခံသူတစ်ဦး ခန့်ထားပေးရန် ဖြစ်သည်။

ထိုအမှုမျိုးတွင် မရွှေ့မပြောင်းနိုင်သောပစ္စည်း ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်သည့် တိုက်ရိုက် အငြင်းပွားသည့် ပြဿနာကို အဆုံးအဖြတ်ပေးခြင်း မပြုပေ။ သို့ဖြစ်၍ အမွေထိန်းစာလျှောက်ထားမှု မပြီးပြတ်သေးမီအတွင်း အမှုသည်တစ်ဦးက အမွေထိန်းစာ လျှောက်ထားသည့် ပစ္စည်းကို လွှဲပြောင်းခြင်းမှာ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၂ တွင် အကျုံးမဝင်ချေ။

အယူခံတရားလိုများအတွက် - ဦးကျော်ကျော်ဝင်း
တရားရုံးချုပ်ရှေ့နေ
ဦးစိုးမြင့်
တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်များအတွက် - (၁) ဦးတင်လှအောင်
တရားရုံးချုပ်ရှေ့နေ
(၂) (၃) ဦးစိုးမြင့်
တရားရုံးချုပ်ရှေ့နေ
(၄) ကိုယ်တိုင် - မလာ
(၃) (၄) ဦးကျော်ကျော်ဝင်း
တရားရုံးချုပ်ရှေ့နေ
(၂) ကိုယ်တိုင် - မလာ

မန္တလေးတိုင်းတရားရုံး၊ ၁၉၈၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၀၀ တွင် ဒေါ်ခင်မာမာက ကိုမောင်မြင့်၊ မညိုညိုမြင့်၊ ဒေါ်နွဲ့တို့နှင့် ဦးကျော်မြင့်အောင်၊ ဒေါ်ထိုက်ထိုက်တို့အပေါ် မြေအရောင်းအဝယ်

စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု စွဲဆိုရာ စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ရရှိသည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဦးကျော်မြင့်အောင် နှင့် ဒေါ်ထိုက်ထိုက်တို့နှစ်ဦးက မကျေနပ်သဖြင့် တရားရုံးချုပ်သို့ အယူခံ ဝင်သော်လည်း အောင်မြင်ခြင်း မရှိပေ။ သို့ဖြစ်၍ ဦးကျော်မြင့်အောင် နှင့် ဒေါ်ထိုက်ထိုက်တို့နှစ်ဦးက တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် တရားရုံးချုပ် ၁၉၉၅ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှုအမှတ် ၅၀၅ တွင် လျှောက်ထားသည်။

၂၀၀၀
ဦးကျော်မြင့်အောင် ပါ ၂
ကိုမောင်မြင့် ပါ ၂ နှင့် ဒေါ်ခင်မာမာ ပါ ၄
ဒေါ်ခင်မာမာ ပါ ၄

ကိုမောင်မြင့်၊ မညိုညိုမြင့်နှင့် ဒေါ်နွဲ့တို့ကလည်း တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီအပေါ် အယူခံဝင်ရောက်ခြင်း မပြုခဲ့သော်လည်း တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် တရားရုံးချုပ် ၁၉၉၅ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှုအမှတ် ၆၁၃ တွင် လျှောက်ထားသည်။

တရားရုံးချုပ် အထူးခုံရုံးက လျှောက်ထားမှု နှစ်မှုလုံးကို တစ်ပေါင်းတည်း ကြားနာပြီးနောက် အောက်ပါပြဿနာများကို စိစစ် ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

(၁) မူလမှုတွင် တစ်ဖက်သတ် စစ်ဆေးခြင်းခံရပြီးနောက် ချမှတ်ထားသော စီရင်ချက်နှင့် ဒီကရီကို တရားရုံးချုပ်သို့ အယူခံဝင်ရောက်ခြင်း မရှိခဲ့ဘဲ အယူခံတရားပြိုင်များအဖြစ် ပါဝင်သူတို့က တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံဝင်ရောက်ခွင့်ရှိ-မရှိ။

(၂) အုပ်ထိန်းသူခန့်ထားခြင်း မခံရသူက အရွယ်မရောက် သေးသူအတွက် အချင်းဖြစ်မြေကွက်ကို လက်မှတ်ထိုး၍ ရောင်းချခဲ့သော စာချုပ်သည် အတည်ပြုဆောင်ရွက်ခွင့်ရှိသော စာချုပ်ဟုတ်-မဟုတ်။

၂၀၀၀
ဦးကျော်မြင့်
အောင် ပါ ၂
ကိုမောင်မြင့်
ပါ ၂
နှင့်
ဒေါ်ခင်မာမာ
ပါ ၄
ဒေါ်ခင်မာမာ
ပါ ၄

(၃) အမွေထိန်းစာ ရလိုကြောင်း လျှောက်ထားရာမှ ပေါ်ပေါက်လာသော တရားမကြီးမှုကို အပြီးသတ်စီရင်ချက်မချမီ အမှုအတွင်း အချင်းဖြစ်မြေအား စာချုပ်ချုပ်၍ ရောင်းချခဲ့ခြင်းမှာ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ ပုဒ်မ ၅၂ ပါ ပြဋ္ဌာန်းချက်နှင့် ငြိစွန်းခြင်းရှိ-မရှိ။

၎င်းအထူးအယူခံမှု မူလရုံး တရားမကြီးမှု တစ်မှုတည်းမှ ပေါ်ပေါက်လာခြင်း ဖြစ်၍ ၎င်းစီရင်ချက်သည် အထူးအယူခံမှု နှစ်မှုလုံးနှင့် သက်ဆိုင်စေရမည်။

အယူခံတရားလို ဦးကျော်မြင့်အောင်တို့၏ရှေ့နေက စုံညီခုံရုံးဖြင့် အထူးအယူခံမှု စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း (၂)၊ အပိုဒ် ၃ တွင် တရားရုံးချုပ်တရားသူကြီး တစ်ဦးကဖြစ်စေ၊ တစ်ဦးထက်ပိုသော ခုံရုံးကဖြစ်စေ၊ တရားမမှု၊ ပြစ်မှု (သို့မဟုတ်) အခြားအမှုတစ်ခုခုတွင် ချမှတ်သည့် စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်တို့ကို အမှုသည်တစ်ဦးဦးက မကျေနပ်လျှင်ဟူ၍ ပြဋ္ဌာန်းထားချက်အရ တရားရုံးချုပ်တရားသူကြီး တစ်ဦး သို့မဟုတ် ခုံရုံးမှ ကြားနာခဲ့သော အမှုတွင် ပါဝင်သည့် အမှုသည်တစ်ဦးဦးက ယင်းချမှတ်သည့် စီရင်ချက်အစရှိသည်တို့အပေါ် မကျေနပ်လျှင် ပုဒ်မ ၆ အရ အထူးအယူခံဝင်ခွင့်လျှောက်ထားနိုင်ကြောင်း၊ မူလအမှုတွင် ချမှတ်ခဲ့သော စီရင်ချက်နှင့် ဒီကရီကို ဦးကျော်မြင့်အောင်၊ ဒေါ်ထိုက်ထိုက်တို့က တရားရုံးချုပ် (မန္တလေး) ၏ တရားမပထမအယူခံမှုအမှတ် ၇၃/၉၃ အရ အယူခံဝင်ရာတွင် ကိုမောင်မြင့်၊ မညိုညိုမြင့်တို့သည် အယူခံတရားပြိုင် အမှတ်- ၃ နှင့် ၄ အဖြစ် ပါဝင်ခဲ့သည့်အလျောက် ယင်းတို့သည် အယူခံမဝင်ခဲ့စေကာမူ အယူခံတရားပြိုင်များ၊ တစ်နည်းအားဖြင့် အမှုသည်များအဖြစ် ပါဝင်ခဲ့ကြသည့်အလျောက် တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို အထူးအယူခံဝင်ရောက်ခွင့်ရှိပါသည်ဟု ပထမပြဿနာကို ဖြေဆိုရန်သင့်ပါကြောင်း၊ ဒုတိယပြဿနာအပေါ် ဆက်လက်တင်ပြရပါက

| |
|---|
| ၂၀၀၀ |
| ဦးကျော်မြင့် |
| အောင် ပါ ၂ |
| ကိုမောင်မြင့် |
| ပါ ၂ |
| နှင့် |
| ဒေါ်ခင်မာမာ |
| ပါ ၄ |
| ဒေါ်ခင်မာမာ |
| ပါ ၄ |

အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေအရ တရားဝင် စီမံအုပ်ချုပ်ခွင့်ရသူဖြစ်သည့် အုပ်ထိန်းသူသည်ပင် အရွယ်မရောက် သေးသူ၏ပစ္စည်းကို လွှဲပြောင်းခြင်း မပြုနိုင်ပါလျှင် ယင်းသို့ခန့်ထားခြင်း ခံရသူအနေဖြင့် အရွယ်မရောက်သေးသူအတွက် အချင်းဖြစ်မြေကို သက်မှတ်ထိုး၍ ရောင်းချခွင့်မရှိဟု ကောက်ယူရန်သင့်ကြောင်း၊ သို့ဖြစ် ပါ၍ ယင်းသို့ရောင်းချခဲ့သည့် စာချုပ်သည် အတည်ပြု ဆောင်ရွက်ခွင့် ရှိသော စာချုပ်မဟုတ်ဟု ကောက်ယူရန်သင့်ကြောင်း၊ မူလမှုတွင် သက်သေခံ- ၅ အဖြစ် တင်သွင်းထားသည့် စစ်ကိုင်းတိုင်းတရားရုံး၏ အမိန့်မိတ္တူအရ အမွေရှင် ဦးမောင်ကြီး ကျန်ရစ်ခဲ့သော အမွေပစ္စည်း များကို ထိန်းသိမ်းရန်အတွက် စစ်ကိုင်းတိုင်းတရားရုံးတွင် စွဲဆိုထားခဲ့ သော အမွေအုပ်ထိန်းလိုမှုမှာ ၁၉၇၉ ခုနှစ်မှ ၁၄-၃-၈၀ နေ့အထိ မပြီးမပြတ်ရှိနေခဲ့ကြောင်း၊ မူလရုံးတရားလိုဖြစ်သည့် ဒေါ်ခင်မာမာနှင့် ကိုမောင်မြင့်၊ မညိုညိုမြင့်တို့အကြား ချုပ်ဆိုသည်ဆိုသော အချင်းဖြစ် ဦးပိုင် ၁၂-က မြေကွက်အရောင်းအဝယ်စာချုပ်မှာ စစ်ကိုင်းတိုင်း တရားရုံးတွင် ကွယ်လွန်သူ ဦးမောင်ကြီး ကျန်ရစ်ခဲ့သော အရပ်ရပ် ပစ္စည်းများ၏ အုပ်ထိန်းခွင့်ပြဿနာကို ဖြေရှင်းသတ်မှတ်ရန်အတွက် ကြားနာစစ်ဆေးလျက်ရှိသော တရားမကြီးမှုအမှတ် ၂/၈၈ အမှု မပြီး ပြတ်သေးမီအတောအတွင်း ချုပ်ဆိုထားကြခြင်းဖြစ်ကြောင်း၊ ယင်း ဖြစ်စဉ်အပေါ်တွင် ဥပဒေအကြောင်းနှင့် စပ်ဟပ်ယှဉ်တွဲသုံးသပ်ပါက ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၂-က ပါ ဥပဒေပြဋ္ဌာန်းချက် အရ ယင်းသို့လွှဲပြောင်းခြင်းကို တားဆီးပိတ်ပင်ထားကြောင်း ပေါ်ပေါက်လျက်ရှိကြောင်း၊ အထက်တွင်တင်ပြခဲ့သော အမှုတွင် ပေါ်လွင်လျက်ရှိသော သက်သေခံအထောက်အထားများနှင့် ဥပဒေ အချက်အလက်များအရ အထူးခုံရုံးမှ ဖော်ထုတ်ထားသည့် ပြဿနာ အမှတ် (၃) နှင့်ပတ်သက်၍ အမွေထိန်းစာရလိုကြောင်း လျှောက်ထား ရာမှ ပေါ်ပေါက်လာသော တရားမကြီးမှုကို အပြီးသတ်စီရင်ချက်

၂၀၀၀
ဦးကျော်မြင့်
အောင် ပါ ၂
ကိုမောင်မြင့်
ပါ ၂
နှင့်
ဒေါ်ခင်မာမာ
ပါ ၄
ဒေါ်ခင်မာမာ
ပါ ၄

မချမှတ်မီ အမှုအတွင်း အချင်းဖြစ်မြေအား စာချုပ်ချုပ်ဆို၍ ရောင်းချခဲ့ခြင်းသည် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၂ ပါ ပြဋ္ဌာန်းချက်နှင့်ငြိစွန်းနေသည်ဟု ဖြေဆိုရန်သင့်ပါကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားလို ကိုမောင်မြင့်တို့၏ရှေ့နေက မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၂၀၀/၈၉ တွင် ချမှတ်သည့် စီရင်ချက်နှင့်ဒီကရီကို ကိုမောင်မြင့် ပါ ၂ ဦးတို့သည် အယူခံဝင်ရောက်ခဲ့ကြခြင်းမရှိခဲ့ကြောင်း၊ သို့သော် အဆိုပါစီရင်ချက်နှင့်ဒီကရီကို ဦးကျော်မြင့်အောင် ပါ ၂ ဦးက တရားမပထမအယူခံမှုအမှတ် ၇၃/၉၃ ဖြင့် အယူခံဝင်ရောက်ရာတွင် အယူခံတရားပြိုင်များအဖြစ် ပါဝင်ခဲ့သည်မှာ အငြင်းမထွက်ကြောင်း၊ တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၃၃ တွင် ပြဋ္ဌာန်းချက်အရဆိုလျှင် တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ အယူခံဝင်ရောက်ခြင်းမရှိသော်လည်း အယူခံတရားပြိုင်များအဖြစ် ပါဝင်သော ကိုမောင်မြင့်နှင့် မညိုညိုမြင့်တို့၏ အကျိုးငှာ တရားရုံးချုပ်က တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်ကို လိုအပ်သလို ပြင်ဆင်မှုရှိသည်မှာ လွှဲမှားဖွယ်ရာမရှိကြောင်း၊ ယခု အထူးအယူခံဝင်ရောက်ခြင်းမှာ တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ ဝင်ရောက်ခြင်းဖြစ်၍ အဆိုပါဥပဒေပုဒ်မ ၆ အရ ဝင်ရောက်ရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ လိုက်နာကျင့်သုံးရန်အတွက် တရားစီရင်ရေးဥပဒေပုဒ်မ ၂၀ ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပေးခဲ့ကြောင်း၊ အဆိုပါလုပ်ထုံးလုပ်နည်းအပိုဒ် ၃ တွင် တရားရုံးချုပ်တရားသူကြီး တစ်ဦးကဖြစ်စေ၊ တစ်ဦးထက်ပိုသော ခုံရုံးက ဖြစ်စေ၊ တရားမှု၊ ပြစ်မှု သို့မဟုတ်အခြားအမှုတစ်ခုခုတွင် ချမှတ်သည့် စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်တို့ကို အမှုသည်တစ်ဦးဦးက မကျေနပ်လျှင် အမှုကို ပြန်လည်စစ်ဆေးစီရင်ရန် တရားရုံးချုပ်သို့ အမိန့်ချမှတ်သည့်နေ့မှ ၆ လအတွင်းအထွေထွေလျှောက်ထားမှု တင်သွင်းနိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ အဆိုပါပြဋ္ဌာန်းချက်အရဆိုလျှင် အမှုတွင်ပါဝင်သူ မည်သူမဆို တရား

စီရင်ရေးဥပဒေပုဒ်မ ၆ အရ အထူးအယူခံဝင်ခွင့်ရှိကြောင်း ပေါ်ပေါက်နေကြောင်း၊ သက်သေခံ (ဃ) အဖြစ် တင်သွင်းသော အရောင်းအဝယ်စာချုပ်မှာ ၁၆-၁၁-၈၄ နေ့တွင် ချုပ်ဆိုထားကြောင်း၊ အဆိုပါစာချုပ်တွင် ဖော်ပြထားချက်အရပင်လျှင် မညိုညိုမြင့်သည် အဆိုပါစာချုပ်၌ ကိုယ်တိုင်လက်မှတ်ရေးထိုးခြင်း မရှိကြောင်း၊ ၎င်း၏ကိုယ်စား အစ်ကိုဖြစ်သူ ကိုမောင်မြင့်က အုပ်ထိန်းသူအနေဖြင့် လက်မှတ်ရေးထိုးထားသည်ကို တွေ့ရှိရကြောင်း၊ မညိုညိုမြင့်သည် အရွယ်မရောက်သေးရာ ၎င်းကိုအုပ်ထိန်းသူအဖြစ် ကိုမောင်မြင့်ကိုသော်လည်းကောင်း၊ ဒေါ်နွဲ့ကိုသော်လည်းကောင်း၊ အုပ်ထိန်းသူများဥပဒေအရ အုပ်ထိန်းခွင့်ပေးထားကြောင်း၊ ခန့်ထားကြောင်း၊ တစ်စုံတစ်ရာမျှ အထောက်အထားမရှိကြောင်း၊ မညိုညိုမြင့်သည် အရွယ်မရောက်သေးသူဖြစ်၍ အရောင်းအဝယ်ကတိပဋိညာဉ်ကို ပြုလုပ်ပိုင်ခွင့်ရှိသူ မဟုတ်ကြောင်း၊ ထိုသို့သော အရွယ်မရောက်သူက ပဋိညာဉ်ပြုလုပ်ထားလျှင်လည်း ပဋိညာဉ်ဥပဒေပုဒ်မ ၁၁ အရ အဆိုပါ ကတိပဋိညာဉ်သည် မူလကပင် ပျက်ပြယ်နေပြီးဖြစ်ကြောင်း၊ သီးခြားဆောင်ရွက်ပေးရန်လည်း အရေးဆိုခွင့်မရှိကြောင်း၊ စစ်ကိုင်းတိုင်းတရားရုံး ၁၉၈၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ် ၂ (ရွှေဘိုမြို့နယ်စု) တွင် တရားလိုဖြစ်သူမှာ ဒေါ်စီဖြစ်ကြောင်း၊ တရားပြိုင်များအဖြစ် ဒေါ်ထီး၊ ကိုမောင်မြင့်၊ မညိုညိုမြင့်နှင့် ဦးအောင်ခင်တို့ဖြစ်ကြကြောင်း၊ အဆိုပါအမှုမှာ ကွယ်လွန်သူ ဦးမောင်ကြီး၏ပစ္စည်းများနှင့်ပတ်သက်၍ ဒေါ်စီက အမွေထိန်းစာလျှောက်ထားရာမှ နှစ်ဖက်အမှုသည်များ အငြင်းပွားရာမှ တရားမကြီးမှု ဖြစ်ပွားလာခြင်း ဖြစ်ကြောင်း၊ အဆိုပါအမှုကြီး စွဲဆိုထားစဉ်အတွင်း၌ ဦးမောင်ကြီး၏ နှမတော်သူ ဒေါ်ထိုက်ထိုက်တို့က မြေကွက်အဆောက်အဦကို ရောင်းဝယ်မှုများ ပြုလုပ်ခဲ့ကြကြောင်း၊ အလားတူပင် အမှုသည်အဖြစ်ပါဝင်သူ ကိုမောင်မြင့်တို့ကလည်း ဒေါ်ခင်မာမာသို့ သက်သေခံ (ဃ) အရောင်းအဝယ်စာချုပ်ကို ၁၆-၁၁-၈၄ နေ့တွင် ချုပ်ဆိုပေးခဲ့ကြကြောင်း၊ အဆိုပါ

၂၀၀၀
ဦးကျော်မြင့်
အောင် ပါ ၂
ကိုမောင်မြင့်
ပါ ၂
နှင့်
ဒေါ်ခင်မာမာ
ပါ ၄
ဒေါ်ခင်မာမာ
ပါ ၄

စာချုပ် ၂ စောင်စလုံးသည် စစ်ကိုင်းတိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၂/၈၀ မပြီးဆုံးမီ ရောင်းချခြင်းဖြစ်ကြောင်း၊ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၅၂အရ ဆိုလျှင် အမှုမပြီးမီ လွှဲပြောင်းရောင်းချခြင်းသည် တရားမဝင်ဟု ပြဋ္ဌာန်းထားသည်နှင့်အညီ ယခုကဲ့သို့ အမှုမပြီးမီအတွင်း လွှဲပြောင်းရောင်းချသည့်ကိစ္စ၌ ဒေါ်ထိုက်ထိုက်တို့ ပြုလုပ်ခဲ့သော အရောင်းစာချုပ်များ၊ အပေးစာချုပ်များ၊ ကိုမောင်မြင့်တို့ ချုပ်ဆိုခဲ့သော ကြေညာစာတမ်းစာချုပ်များသည် တရားမဝင်ဘဲ ယခု သက်သေခံ (ဃ) အရောင်းအဝယ်စာချုပ်ကိုမူ အဆိုပါပုဒ်မ ၅၂ နှင့် မသက်ဆိုင်ကြောင်း ကောက်ယူဆုံးဖြတ်သည့် အမိန့်သည် ဥပဒေအရ သိသာစွာ မှားယွင်းနေသော အချက်ပင်ဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင် ဒေါ်ခင်မာမာ၏ရှေ့နေက တရားမအထူးအယူခံမှုအမှတ် ၁/၉၉ မှာ ဦးကျော်မြင့်အောင်၊ ဒေါ်ထိုက်ထိုက်တို့က ဝင်ရောက်သော အယူခံမှုဖြစ်ကြောင်း၊ ဦးကျော်မြင့်အောင်၊ ဒေါ်ထိုက်ထိုက်တို့သည် အချင်းဖြစ်မြေ၏ပိုင်ရှင် မဟုတ်ကြကြောင်း၊ ထိုတရားမကြီးမှုအမှတ် ၂၀၀/၈၉ နှင့် တရားရုံးချုပ်၊ တရားမပထမအယူခံမှုအမှတ် ၇၃/၉၃ တို့တွင် အမိန့်ချမှတ်ထားကြောင်း၊ တရားရုံးချုပ်စုံညီခုံရုံး တရားမအထူးအယူခံမှုအမှတ် ၂၃/၉၄ တွင်လည်း ၎င်းတို့သည် မြေရှင်များမဟုတ်ကြောင်း သုံးသပ်ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း၊ ၁၆-၁၁-၈၄ ရက်စွဲပါ အရောင်းပဋိညာဉ်စာချုပ်တွင်လည်း အရောင်းပဋိညာဉ်ပြုသူများမှာ ဒေါ်ခင်မာမာနှင့် ကိုမောင်မြင့်၊ မညိုညိုမြင့်တို့သာ ဖြစ်ကြပြီး၊ ဦးကျော်မြင့်အောင်၊ ဒေါ်ထိုက်ထိုက်တို့ မပါဝင်ကြကြောင်း၊ မြေပိုင်ရှင်လည်းမဟုတ် အရောင်းပဋိညာဉ်တွင် ပါဝင်ကြသူများလည်း မဟုတ်ကြသော ဦးကျော်မြင့်အောင်၊ ဒေါ်ထိုက်ထိုက်တို့ အယူခံဝင်သောအမှုတွင် အယူခံတရားလိုတို့သည် အရောင်းစာချုပ်ကို အတည်ပြုခွင့်ရှိ-မရှိ၊ ပျက်ပြယ်ခြင်းရှိ-မရှိကို တင်ပြပြောဆိုခွင့် မရှိပါကြောင်း၊ ထိုနည်းတူ အယူခံတရားလို ကိုမောင်မြင့်နှင့် မညိုညိုမြင့်တို့

၂၀၀၀
ဦးကျော်မြင့်
အောင် ပါ ၂
ကိုမောင်မြင့်
ပါ ၂
နှင့်
ဒေါ်ခင်မာမာ
ပါ ၄
ဒေါ်ခင်မာမာ
ပါ ၄

အနေဖြင့်လည်း မူလတရားမကြီးမှုအမှတ် ၂၀၀/၈၉ တွင် အမှုကို ရင်ဆိုင် ချေလွှာတင်ခဲ့ကြသူများမဟုတ်၍ ရုံးတော်ကမျက်ကွယ်တွင် တစ်ဖက်သတ်ဒီကရီ ချမှတ်ထားခြင်းခံရသူများဖြစ်ကြောင်း၊ အယူခံသူမှာ မူလဒီကရီကို လိုက်နာသည့်သဘော သက်ရောက်၍ အယူခံ တရားပြိုင်အဖြစ် ပါဝင်နေရုံမျှဖြင့် ထိုသူအား အယူခံဝင်သူ၏ အခွင့်အရေးအတွက် အယူခံရုံးတော်က ဒီကရီချမှတ်ခြင်း မပြုနိုင်ကြောင်း၊ အယူခံရုံးမှ ဒီကရီချမှတ်ခြင်းမခံရသူသည် တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ အထူးအယူခံဝင်ရောက်ရန် အခွင့်အရေးရှိသူ မဟုတ်ကြောင်း၊ အခွင့်ထူးအယူခံသည် တရားရုံးချုပ် ပထမအယူခံဝင်ရောက်၍ တရားရုံးချုပ်မှ ချမှတ်သော ဒီကရီအပေါ်၌သာ ဝင်ရောက်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားခြင်းသာဖြစ်ကြောင်း၊ ကိုမောင်မြင့်တို့သည် တရားမကျင့်ထုံး ဥပဒေအရ ခွင့်ပြုထားသည့် ထုချေပိုင်ခွင့်နှင့် အယူခံဝင်ပိုင်ခွင့်စသည့် မူလအခွင့်အရေးများကို ကျော်ဖြတ်ပြီး နိုင်ငံတော်တရားရုံးချုပ်သို့ အထူးအယူခံဝင်ရောက်ခွင့် လျှောက်ထားပိုင်သူများ မဟုတ်ကြတော့ကြောင်း၊ ၁၆-၁၁-၈၄ ရက်နေ့တွင် ချုပ်ဆိုသောစာချုပ်သည် မှတ်ပုံတင် လွှဲပြောင်းပေးခြင်း မမြောက်သေး၍ အရောင်းပဋိညာဉ်ပြုသည့် စာချုပ် အဆင့်သာရှိကြောင်း၊ စာချုပ်၌ ကိုမောင်မြင့်ကိုယ်တိုင်နှင့် ညီမဖြစ်သူ မညိုညိုမြင့်အား အုပ်ထိန်းသူအဖြစ်နှင့်ပါ ရောင်းသူအဖြစ် လက်မှတ် ထိုးထားကြောင်း၊ ကိုမောင်မြင့်ကိုယ်တိုင်ကလည်း မိမိအရွယ်ရောက်ပြီး ကြောင်း၊ ညီမ မညိုညိုမြင့်အား အုပ်ထိန်းသူဖြစ်ကြောင်း သက်ဆိုင်ရာ ရုံးများတွင် တင်ပြပြီးဖြစ်ပါ၍ အသက်မပြည့်ကြောင်း တင်ပြပြောဆို ချက်မှာ သက်သေခံအက်ဥပဒေပုဒ်မ ၁၁၅ အရ ပိတ်ပင်ပြီးဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းတရားရုံးတွင် ကွယ်လွန်သူ ဦးမောင်ကြီး ကျန်ရစ်သော ပစ္စည်းများအပေါ် အမွေထိန်းစာထုတ်ပေးရန် ကိုမောင်မြင့် မညိုညိုမြင့် တို့အပေါ် ဦးကျော်မြင့်အောင်၊ ဒေါ်ထိုက်ထိုက်တို့ မိခင် ဒေါ်စီက တရားမကြီးမှုအမှတ် ၂/၈၀ တွင် စွဲဆိုခဲ့ကြောင်း၊ ဒေါ်ခင်မာမာက

၂၀၀၀
ဦးကျော်မြင့်
အောင် ပါ ၂
ကိုမောင်မြင့်
ပါ ၂
နှင့်
ဒေါ်ခင်မာမာ
ပါ ၄
ဒေါ်ခင်မာမာ
ပါ ၄

ကိုမောင်မြင့်တို့နှင့် ချုပ်ဆိုသောစာချုပ်ကို ထိုအမှုမပြီးပြတ်မီ မှတ်ပုံတင်ခွင့်ရရန် စောင့်ဆိုင်းနေခဲ့ရာ ၁၅-၁၂-၈၆ ရက်နေ့တွင် ဒေါ်စီက ၎င်းစွဲဆိုသောအမှုကို ရုပ်သိမ်းလိုက်ကြောင်း၊ တရားမကြီးမှုအမှတ် ၂/၈၀ ကို အမိန့် ဒီကရီချမှတ်သည်အထိ မရောက်ဘဲ ရုပ်သိမ်းခဲ့ရာ ဥပဒေအရ မည်သူမျှ ထိခိုက်နစ်နာသည်ဟု မဆိုနိုင်ကြောင်း၊ တရားလို၏ အခွင့်အရေးနှင့်စပ်လျဉ်း၍ ဒီကရီမရှိသောကြောင့် ဒီကရီအရ အချင်းဖြစ်ပစ္စည်းနှင့်ပတ်သက်ပြီး တစ်ဖက်အမှုသည် ရသင့်ရထိုက်သော အခွင့်အရေးကို ထိခိုက်ခဲ့သည်ဟု မဆိုနိုင်ကြောင်း၊ ထို့အပြင် ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၅၂ မှာ မရွှေ့မပြောင်းနိုင်သောပစ္စည်း ပိုင်ဆိုင်ခွင့်လွှဲပြောင်းခြင်းကို ရည်ညွှန်းကြောင်း၊ အမွေထိန်းစာရလိုမှုမှာ ပိုင်ဆိုင်ခွင့်နှင့်မသက်ဆိုင်ဘဲ ပစ္စည်းထိန်းသိမ်းခွင့် တောင်းဆိုသော အမှုသာဖြစ်ကြောင်း၊ ထို့ကြောင့် စစ်ကိုင်းတိုင်းတရားရုံးတွင် တရားမကြီး ၂/၈၀ ကို စွဲဆိုထားသည်ဆိုသော အကြောင်းကြောင့် ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၅၂ နှင့် အကျုံးဝင်ငြိစွန်းခြင်း မရှိကြောင်း လျှောက်လဲတင်ပြသည်။

တိုင်းတရားရုံးတွင် ဒေါ်ခင်မာမာက ကိုမောင်မြင့်၊ မညိုညိုမြင့်နှင့် ဒေါ်နွဲ့တို့သားအမိသုံးဦးနှင့် ဦးကျော်မြင့်အောင်တို့ လင်မယားနှစ်ဦးအပေါ် တရားစွဲဆိုသည့်အမှု၌ တိုင်းတရားရုံးက ကိုမောင်မြင့်တို့အပေါ် တစ်ဖက်သတ်ဒီကရီ 'ချမှတ်ခဲ့သည်။ ကိုမောင်မြင့်တို့သည် ၎င်းတို့အပေါ်ချမှတ်သည့် တစ်ဖက်သတ်ဒီကရီကို အယူခံဝင်ရောက်ခြင်း မပြုခဲ့ပေ။ သို့ဖြစ်ရာ တရားရုံးချုပ်သို့ ပထမအယူခံဝင်ရောက်ခြင်း မရှိခဲ့ဘဲနှင့် ကိုမောင်မြင့်တို့သည် တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံဝင်ရောက်နိုင်ခြင်းရှိ-မရှိ စိစစ်ရန်လိုအပ်သည်။ ဤအထူးအယူခံမှုများကို ၁၉၈၈ ခုနှစ်၊ တရားစီရင်ရေးဥပဒေ အတည်ဖြစ်စဉ်က တင်သွင်းခဲ့ခြင်းဖြစ်၍ ယင်းဥပဒေပုဒ်မ ၆ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

၆။ တရားရုံးချုပ်တရားသူကြီး တစ်ဦးဦးဖြင့် ဖြစ်စေ၊ ခုံရုံးဖြင့် ဖြစ်စေ စီရင်ထားသော မည်သည့်အမှုကိုမဆို လိုအပ်ပါက တရားရုံးချုပ် လက်ရှိအဖွဲ့ဝင်အားလုံး ပါဝင်သော စုံညီခုံရုံးဖြင့် ပြန်လည်စစ်ဆေးစီရင်နိုင်သည်။

၁၉၈၈ ခုနှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ တင်သွင်းသော အထူးအယူခံမှုများကို စစ်ဆေးစီရင်ရာတွင် လိုက်နာကျင့်သုံးရန် တရားရုံးချုပ်သည် တရားစီရင်ရေးဥပဒေပုဒ်မ ၂၀ ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် စုံညီခုံရုံးဖြင့် အထူးအယူခံမှု စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ခဲ့သည်။ ယင်းလုပ်ထုံးလုပ်နည်းများ အပိုဒ် ၃ တွင် အထူးအယူခံဝင်ခွင့်ရရန်အတွက် အထွေထွေလျှောက်ထားမှု တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဖော်ပြထားသည်-

၃။ တရားရုံးချုပ်တရားသူကြီး တစ်ဦးက ဖြစ်စေ၊ တစ်ဦးထက်ပိုသော ခုံရုံးက ဖြစ်စေ တရားမမှု၊ ပြစ်မှု (သို့မဟုတ်) အခြားအမှုတစ်ခုခုတွင် ချမှတ်သည့် စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်တို့ကို အမှုသည်တစ်ဦးဦးက မကျေနပ်လျှင် အမှုကို ပြန်လည်စစ်ဆေး စီရင်ရန် တရားရုံးချုပ်သို့ အမိန့်ချမှတ်သည့်နေ့မှ (၆) လအတွင်း အထွေထွေလျှောက်ထားမှု တင်သွင်းနိုင်သည်။

ကိုမောင်မြင့်တို့သည် တိုင်းတရားရုံးက ၎င်းတို့အပေါ် ချမှတ်သည့် ဒီကရီကို တရားရုံးချုပ်သို့ ပထမအယူခံဝင်ရောက်ခြင်း မပြုဘဲ အထူးအယူခံတင်သွင်းခြင်းမှာ တိုင်းတရားရုံးက ချမှတ်သည့်ဒီကရီကို ပယ်ဖျက်ပေးရန် အလို့ငှာ လျှောက်ထားခြင်းဖြစ်ကြောင်း ဆိုမှုအားဘွယ် မရှိပေ။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆ တွင် မူလစီရင်ပိုင်ခွင့်ကို ကျင့်သုံး၍ ချမှတ်သော ဒီကရီကို အယူခံစီရင်ပိုင်ခွင့်ရှိသောရုံးသို့

၂၀၀၀
ဦးကျော်မြင့်
အောင် ပါ ၂
ကိုမောင်မြင့်
ပါ ၂
နှင့်
ဒေါ်ခင်မာမာ
ပါ ၄
ဒေါ်ခင်မာမာ
ပါ ၄

၂၀၀၀
ဦးကျော်မြင့်
အောင် ပါ ၂
ကိုမောင်မြင့်
ပါ ၂
နှင့်
ဒေါ်ခင်မာမာ
ပါ ၄
ဒေါ်ခင်မာမာ
ပါ ၄

အယူခံဝင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်အရ ဆိုလျှင် တိုင်းတရားရုံးက ချမှတ်သောဒီကရီကို မကျေနပ်ပါက တရားရုံးချုပ်သို့ ပထမအယူခံဝင်ရောက်ရမည် ဖြစ်သည်။ ဆက်လက်၍ တရားရုံးချုပ်က အယူခံမှုတွင်ချမှတ်သော စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်ကို မကျေနပ်သေးပါက အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားနိုင်သည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆ တွင် မူလရုံး၏ ဒီကရီအပေါ် အယူခံစီရင်ပိုင်ခွင့်ရှိသော အယူခံရုံးသို့ အယူခံဝင်ရောက်ရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါလျက် တိုင်းတရားရုံး၏ ဒီကရီကို တရားရုံးချုပ်သို့ ပထမအယူခံဝင်ရောက်ခြင်း မရှိဘဲ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားနိုင်သည်ဟု ကောက်ယူပါလျှင် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၉၆ ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်မည်ဖြစ်သည်။ တရားစီရင်ရေး ဥပဒေပုဒ်မ ၂၀ အရ သတ်မှတ်သည့် လုပ်ထုံးလုပ်နည်းသည် တည်ဆဲ ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်လျှင် တည်ဆဲဥပဒေက သာ လုပ်ထုံးလုပ်နည်းကို လွှမ်းမိုးမည် ဖြစ်ပေသည်။

စုံညီခုံရုံးဖြင့် အထူးအယူခံမှု စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၃ တွင် ဖော်ပြပါရှိသည့် အမှုသည်တစ်ဦးဦး ဆိုသည်မှာ တရားရုံးချုပ်သို့ တည်ဆဲဥပဒေနှင့်အညီ အယူခံဝင်ရောက်သူ အမှုသည် သို့မဟုတ် တရားရုံးချုပ်က မူလရုံး၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ဆုံးဖြတ်ခြင်းကြောင့် ထိခိုက်နစ်နာသူ အမှုသည်ကို ရည်ရွယ်ခြင်း ဖြစ်သည်။ အကယ်၍သာ တရားရုံးတစ်ရုံးရုံး၏ ဒီကရီကို တရားရုံး အဆင့်ဆင့် အယူခံဝင်ရောက်ခဲ့ခြင်းမရှိသူ အမှုသည်တစ်ဦးဦးက လုပ်ထုံးလုပ်နည်း အပိုဒ် ၃ အရ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားနိုင်သည်ဆိုပါက အမှုသည်တို့အနေဖြင့် တရားမကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားရုံးအဆင့်ဆင့် အယူခံဝင်ရောက်ခြင်း မပြုတော့ဘဲ တစ်ဆင့်ကျော်၍ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထား

လာကြမည့် အန္တရာယ်ရှိသောကြောင့် ထိုကဲ့သို့ အဓိပ္ပာယ်ကောက်ယူရန် သင့်လျော်မည်မဟုတ်ပေ။

ရုပ်သိမ်းပြီးသော ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၆ တွင် တရားရုံးတစ်ရုံးက ချမှတ်သော စီရင်ချက်၊ ဒီကရီ သို့တည်းမဟုတ် အပြီးသတ်အမိန့်ကို အယူခံဝင်ရန် တရားလွှတ်တော်ချုပ်သည် မိမိသဘောအတိုင်း အခွင့်ထူးပေးနိုင်ကြောင်း ပြဋ္ဌာန်းခဲ့ပါသည်။

၁၉၈၈ ခုနှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၆ တွင် မူလတရားရုံးတစ်ရုံး၏ စီရင်ချက်၊ ဒီကရီ၊ သို့မဟုတ် အပြီးသတ်အမိန့်ကို စုံညီခုံရုံးဖြင့် စစ်ဆေးစီရင်ရန် အထူးအယူခံဝင်နိုင်ကြောင်း ပြဋ္ဌာန်းထားခြင်း မရှိချေ။

တိုင်းတရားရုံးက ချမှတ်သော ဒီကရီကို တရားရုံးချုပ်သို့ ပထမအယူခံဝင်ခြင်း မပြုလျှင် ကာလစည်းကမ်းသတ်ကျော်လွန်သည်နှင့် တိုင်းတရားရုံး၏ ဒီကရီသည် အတည်ဖြစ်သွားပြီ ဖြစ်သည်။ အတည်ဖြစ်နေသည့် ဒီကရီကို ပယ်ဖျက်ရန်အတွက် ကိုမောင်မြင့်တို့အနေဖြင့် အထူးအယူခံဝင်ခွင့် မရှိပေ။

တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၄၃ တွင် အယူခံရုံးသည် အယူခံမဝင်သော အယူခံတရားပြိုင်များ သို့မဟုတ် အမှုသည်များ၏ အကျိုးအတွက် အမိန့် သို့မဟုတ် ဒီကရီ ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

၁၉၉၉ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၂ တွင် ကိုမောင်မြင့်တို့သည် အယူခံတရားလိုများ ဖြစ်ကြသည်။ ကိုမောင်မြင့်တို့သည် အယူခံမဝင်သော အယူခံတရားပြိုင်များ မဟုတ်သည့်အတွက် တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၄၃ နှင့် သက်ဆိုင်ခြင်း မရှိကြောင်း ပေါ်လွင်ထင်ရှားသည်။ ဤပြဋ္ဌာန်းချက်သည် အယူခံဝင်ခွင့်မရှိသူအား အယူခံဝင်ခွင့်ပြုသည့် ပြဋ္ဌာန်းချက် မဟုတ်ချေ။

၂၀၀၀
ဦးကျော်မြင့်
အောင် ပါ ၂
ကိုမောင်မြင့်
ပါ ၂
နှင့်
ဒေါ်ခင်မာမာ
ပါ ၄
ဒေါ်ခင်မာမာ
ပါ ၄

သို့ဖြစ်ရာ ကြားနာလျက်ရှိသည့် ပထမပြဿနာနှင့်စပ်လျဉ်း၍ မူလမှုတွင် တစ်ဖက်သတ်စစ်ဆေးခြင်းခံရပြီးနောက် ချမှတ်သော စီရင်ချက်နှင့် ဒီကရီကို တရားရုံးချုပ်သို့ အယူခံဝင်ရောက်ခြင်း မရှိခဲ့ဘဲ အယူခံတရားပြိုင်များအဖြစ် ပါဝင်သူတို့က တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံဝင်ရောက်ခွင့်မရှိကြောင်း ဖြေဆိုလိုက်သည်။

ဤအထူးအယူခံမှုများတွင် ကြားနာလျက်ရှိသည့် တတိယပြဿနာမှာ အောက်ပါအတိုင်း ဖြစ်သည်-

> " အမွေထိန်းစာရလိုကြောင်း လျှောက်ထားရာမှ ပေါ်ပေါက်လာသော တရားမကြီးမှုကို အပြီးသတ်စီရင်ချက်မချမီ အမှုအတွင်း အချင်းဖြစ်မြေအား စာချုပ်ချုပ်၍ ရောင်းချခဲ့ခြင်းမှာ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၂ ပါ ပြဋ္ဌာန်းချက်နှင့် ငြိစွန်းခြင်းရှိ-မရှိ။"

ကိုမောင်မြင့်တို့က ဒေါ်ခင်မာမာအား အချင်းဖြစ်မြေကို လွှဲပြောင်းပေးခြင်းမှာ ဒေါ်စီက ကိုမောင်မြင့်တို့အပေါ် ကွယ်လွန်သူ ဦးမောင်ကြီး ကျန်ရစ်သည့်ပစ္စည်းများကို အုပ်ထိန်းခွင့်ရရန်အတွက် အမွေထိန်းစာ လျှောက်ထားမှုအတွင်းဖြစ်သည် ဆိုသည်။

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၂ တွင် စီရင်ပိုင်ခွင့်ရှိသော တရားရုံးတွင် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း၏ ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ သီးခြားတိုက်ရိုက် အငြင်းပွားလျက်ရှိသော တရားမမှုတစ်မှုမှု မပြီးပြတ်သေးမီအတွင်း အမှုတွင်ချမှတ်သည့် ဒီကရီ သို့မဟုတ် အမိန့်အရ တစ်ဖက်အမှုသည်က ရထိုက်သော အခွင့်အရေးကို ထိခိုက်အောင် မည်သည့်အမှုသည်ကမျှ ထိုပစ္စည်းအား လွှဲပြောင်းခွင့် မရှိစေရဟု ပြဋ္ဌာန်းထားသည်။

ယင်းပုဒ်မ ၅၂ နှင့် အကျုံးဝင်ရန် လိုအပ်သည့် အင်္ဂါရပ်များတွင် အောက်ပါအင်္ဂါရပ်နှစ်ရပ် ပါရှိသည်-

(၁) မပြီးပြတ်သောမှုခင်းတွင် မရွှေ့မပြောင်းနိုင်သောပစ္စည်း၏ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ သီးခြား တိုက်ရိုက် အငြင်းပွားလျက်ရှိခြင်း၊

(၂) အငြင်းပွားနေသည့်ပစ္စည်းကို ထိုအမှုသည်တစ်ဦးဦးက လွှဲပြောင်းခြင်းကြောင့် တရားရုံးမှ ချမှတ်သည့် ဒီကရီသို့မဟုတ် အမိန့်အရ ရရှိမည့် အမှုသည်၏အခွင့်အရေးကို ထိခိုက်ခြင်း။

၂၀၀၀ ဦးကျော်မြင့်အောင် ပါ ၂ ကိုမောင်မြင့် ပါ ၂ နှင့် ဒေါ်ခင်မာမာ ပါ ၄ ဒေါ်ခင်မာမာ ပါ ၄

ဒေါ်မိလျှောက်ထားသည့် အမှုမှာ အမွေထိန်းစာ ရလိုမှု ဖြစ်သည်။ အမွေထိန်းစာ ထုတ်ပေးခြင်း၏ ရည်ရွယ်ချက်မှာ ကွယ်လွန်သူ၏ပစ္စည်းကို လက်ရောက်ရယူနိုင်စေရေး၊ ကွယ်လွန်သူရရန်ရှိသောကြွေးမြီများကို ကောက်ခံနိုင်စေရေး၊ ကွယ်လွန်သူ၏ အသုဘစရိတ်နှင့် ကွယ်လွန်သူက ပေးရန်ရှိသည်များကို ပေးဆပ်နိုင်စေရေး၊ ပေးဆပ်ပြီးနောက် ကျန်ရှိသောပစ္စည်းများကို အမွေဆက်ခံထိုက်သူတို့အား ခွဲဝေပေးနိုင်စေရေးတို့အတွက် ကွယ်လွန်သူ၏ အခွင့်အရေးကို ဆက်ခံသူတစ်ဦး ခန့်ထားပေးရန် ဖြစ်သည်။

ထိုအမှုမျိုးတွင် မရွှေ့မပြောင်းနိုင်သောပစ္စည်း ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်သည့် တိုက်ရိုက်အငြင်းပွားသည့် ပြဿနာကို အဆုံးအဖြတ်ပေးခြင်း မပြုပေ။ သို့ဖြစ်၍ အမွေထိန်းစာ လျှောက်ထားမှု မပြီးပြတ်သေးမီအတွင်း အမှုသည်တစ်ဦးက အမွေထိန်းစာလျှောက်ထားသည့်ပစ္စည်းကို လွှဲပြောင်းခြင်းမှာ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၂ တွင် အကျုံးမဝင်ချေ။

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၂ တွင် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားနေသော အမှုမပြီးပြတ်မီအတောအတွင်း ထိုပစ္စည်းကို လွှဲပြောင်းခွင့်မရှိစေရဟု ပြဋ္ဌာန်းထားခြင်းမှာ ထိုအမှုကို ဆုံးဖြတ်ပြီးသည့်အခါ အနိုင်ဒီကရီ ရရှိမည့်သူ၏ အခွင့်အရေးကို ထိခိုက်မည်စိုး၍ ဖြစ်သည်။

၂၀၀၀
ဦးကျော်မြင့်
အောင် ပါ ၂
ကိုမောင်မြင့်
ပါ ၂
နှင့်
ဒေါ်ခင်မာမာ
ပါ ၄
ဒေါ်ခင်မာမာ
ပါ ၄

အငြင်းပွားနေသောအမှုကို ရုပ်သိမ်းလိုက်လျှင် အငြင်းပွားပစ္စည်းနှင့်စပ်လျဉ်း၍ အနိုင်ဒီကရီရမည့်သူ မရှိသောကြောင့် အမှုမပြီးပြတ်မီအတောအတွင်း ပစ္စည်းလွှဲပြောင်းခြင်းကြောင့် ထိခိုက်မည့်သူ မရှိနိုင်ပေ။

အမှုမပြီးပြတ်မီအတောအတွင်း ပစ္စည်းလွှဲပြောင်းခြင်း ဖြစ်စေကာမူ အမှုရုပ်သိမ်းလိုက်လျှင် တရားရုံး၏အမိန့် သို့မဟုတ် ဒီကရီရရှိမည့်သူ မရှိသောကြောင့် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၂ ပါ ပြဋ္ဌာန်းချက်နှင့် ငြိစွန်းရန်အကြောင်း မရှိပေ။

အမွေထိန်းစာ လျှောက်ထားမှုကို ဒေါ်မိက ရုပ်သိမ်းခွင့်ပြုရန်လျှောက်ထားသဖြင့် တရားရုံးက ရုပ်သိမ်းခွင့်ပြုခဲ့သည်ဖြစ်ရာ အမှုအတောအတွင်း ကိုမောင်မြင့်တို့က ပစ္စည်းလွှဲပြောင်းခြင်းကြောင့် တရားရုံးမှချမှတ်သည့် ဒီကရီ သို့မဟုတ် အမိန့်အရ ထိခိုက်မည့်အမှုသည်လည်း မရှိပေ။ ဒေါ်မိသည် တရားရုံးမှ ဒီကရီ သို့မဟုတ် အမိန့် တစ်စုံတစ်ရာ မရရှိခဲ့သဖြင့် ကိုမောင်မြင့်တို့က ပစ္စည်းလွှဲပြောင်းခြင်းသည် ဒေါ်မိအား ထိခိုက်ခြင်းမရှိကြောင်း မြင်သာသည်။

သို့ဖြစ်၍ အမွေထိန်းစာရလိုကြောင်း လျှောက်ထားရာမှ ပေါ်ပေါက်လာသော တရားမကြီးမှုကို အပြီးသတ်စီရင်ချက် မချမီ အမှုအတွင်း အချင်းဖြစ်မြေအား စာချုပ်ချုပ်၍ ရောင်းချခဲ့ခြင်းမှာ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၂ ပါ ပြဋ္ဌာန်းချက်နှင့် ငြိစွန်းခြင်း မရှိကြောင်း ကြားနာလျက်ရှိသည့် တတိယပြဿနာကို ဖြေဆိုလိုက်သည်။

အဆုံးအဖြတ်ပေးရန် ကျန်ရှိသည့် ဒုတိယပြဿနာမှာ အုပ်ထိန်းသူခန့်ထားခြင်း မခံရသူက အရွယ်မရောက်သေးသူအတွက် အချင်းဖြစ်မြေကွက်ကို လက်မှတ်ထိုး၍ ရောင်းချခဲ့သော စာချုပ်သည် အတည်ပြုဆောင်ရွက်ခွင့်ရှိသော စာချုပ်ဟုတ်-မဟုတ်ဟူ၍ ဖြစ်ပေသည်။

ကိုမောင်မြင့်နှင့် မညိုညိုမြင့်တို့သည် ဦးမောင်ကြီး၊ ဒေါ်နွဲ့တို့၏ သားသမီးများ ဖြစ်ကြသည်။ ဒေါ်မိနှင့် ဒေါ်ထိတို့မှာ ဦးမောင်ကြီးနှင့် မောင်နှမတော်သည်။ ဦးကျော်မြင့်အောင်နှင့် ဒေါ်ထိုက်ထိုက်တို့သည် ဒေါ်မိ၏သားမက်နှင့်သမီးများ ဖြစ်ကြသည်။

ဦးမောင်ကြီး ကွယ်လွန်သည့်အခါ ကျန်ရစ်သည့်ပစ္စည်းများတွင် ချမ်းအေးသာစံအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၅၉၄၊ ဦးပိုင်အမှတ် ၈၂-က မြေကွက်လည်း ပါဝင်သည်။ အဆိုပါမြေကွက်ကို ဒေါ်ခင်မာမာက ကိုမောင်မြင့်နှင့် မညိုညိုမြင့်တို့ထံမှ ၁၆-၁၁-၈၄ နေ့တွင် ငွေကျပ် ၇၀၀၀၀ အပြေပေးချေပြီး အရောင်းအဝယ်စာချုပ်ပြုလုပ် ဝယ်ယူခဲ့သည်။ နောက်ပိုင်းတွင် ကိုမောင်မြင့်တို့က မှတ်ပုံတင်စာချုပ်ချုပ်ဆိုမပေးသဖြင့် ဒေါ်ခင်မာမာက ကိုမောင်မြင့်နှင့် မညိုညိုမြင့်တို့အပြင် ဦးကျော်မြင့်အောင်နှင့် ဒေါ်ထိုက်ထိုက်တို့အပေါ် မြေအရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု စွဲဆိုခြင်းဖြစ်သည်။

အမှုတွင် ကိုမောင်မြင့်တို့က ခုခံချေပခြင်း မပြုခဲ့ပေ။ ဦးကျော်မြင့်အောင်တို့ကသာ အချင်းဖြစ်မြေ၏ တရားဝင်ပိုင်ရှင်မှာ ကိုမောင်မြင့်တို့မဟုတ်ဘဲ ၎င်းတို့သာဖြစ်၍ ကိုမောင်မြင့်တို့နှင့် ဒေါ်ခင်မာမာတို့ချုပ်ဆိုသည့် အရောင်းအဝယ်စာချုပ်သည် တရားဝင်ခိုင်မာသောစာချုပ်မဟုတ်ကြောင်း ချေပသည်။

ဦးမောင်ကြီး ကွယ်လွန်သည့်အခါ ကိုမောင်မြင့်နှင့် မညိုညိုမြင့်တို့ မောင်နှမသာ သားရင်း သမီးရင်းအဖြစ် ကျန်ရစ်ခဲ့သည်ဖြစ်၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဖခင်ဦးမောင်ကြီး၏ အမွေကို သားသမီးများဖြစ်ကြသော မောင်မြင့်တို့မောင်နှမက ဆက်ခံရရှိသည်။

ဦးမောင်ကြီး ကွယ်လွန်ပြီးနောက် ဆွေမျိုးသားချင်းတစ်စု အချင်းချင်း သဘောတူထားသည့် အမွေခွဲဝေချက်မှတ်တမ်းအရ အချင်းဖြစ်မြေကို ဦးမောင်ကြီး၏ နှမများဖြစ်ကြသော ဒေါ်မိ၊ ဒေါ်ထိတို့က ပိုင်ဆိုင်ခွင့်ရရှိပါသည်ဟု ဦးကျော်မြင့်အောင်တို့က တင်ပြသော်

လည်း အမွေဆက်ခံခွင့်မရှိသူတို့ ပါဝင်ပြီး အမွေခွဲဝေပေးခြင်းသည် မိသားစုစီမံမှု မဖြစ်နိုင်သည့်အတွက် ဒေါ်မိနှင့် ဒေါ်ထိသည် မိသားစု စီမံမှုအရ ဦးမောင်ကြီး၏အမွေကို မရရှိနိုင်ပေ။ အမွေဆက်ခံခွင့်မရှိသူ ဒေါ်မိ၊ ဒေါ်ထိတို့က ဦးကျော်မြင့်အောင်နှင့် ဒေါ်ထိုက်ထိုက်တို့အား ပေးကမ်းခြင်းသည်လည်း တရားဝင်မည်မဟုတ်ချေ။

သို့ဖြစ်ရာ အချင်းဖြစ်မြေကို ကိုမောင်မြင့်တို့ မပိုင်ဘဲ ပိုင်ရှင်မှာ ၎င်းတို့သာဖြစ်၍ ကိုမောင်မြင့်တို့နှင့် ဒေါ်ခင်မာမာတို့ ချုပ်ဆိုသော အရောင်းအဝယ်စာချုပ်သည် တရားဝင်ခိုင်မာခြင်း မရှိကြောင်း ဦးကျော်မြင့်အောင်တို့၏ ထုချေချက်ကို လက်ခံနိုင်မည် မဟုတ်ပေ။

သို့ရာတွင် အဆိုပါစာချုပ်သည် မည်မျှဥပဒေနှင့်ညီညွတ်သည် ကို စိစစ်ရန်လိုပေသည်။

၁၆-၁၁-၈၄ နေ့စွဲပါ အရောင်းအဝယ်စာချုပ်တွင် အချင်းဖြစ် မြေကို ရောင်းသူများအဖြစ် ကိုမောင်မြင့်ကိုယ်တိုင်နှင့် အရွယ်မရောက် သေးသူ မညိုညိုမြင့်၏ အုပ်ထိန်းသူအနေဖြင့် ကိုမောင်မြင့်ကပင် လက်မှတ်ရေးထိုးထားသည်။ ကိုမောင်မြင့်နှင့် မညိုညိုမြင့်တို့၏မိခင် ဒေါ်နွဲ့ကလည်း ကိုမောင်မြင့်က မညိုညိုမြင့်ကိုယ်စား ရောင်းချခြင်းကို သဘောတူညီကြောင်း စာချုပ်ပေါ်တွင် လက်မှတ်ရေးထိုးထားသည်ကို တွေ့ရှိရသည်။

ကိုမောင်မြင့်သည် မညိုညိုမြင့်၏ အုပ်ထိန်းသူအနေဖြင့် စာချုပ် တွင် လက်မှတ်ရေးထိုးထားသော်လည်း အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်း ခံရသူများအက်ဥပဒေအရ တရားရုံးက ၎င်းအား မညိုညိုမြင့်၏ အုပ်ထိန်းသူအဖြစ် ခန့်ထားကြောင်း မတွေ့ရပေ။

မညိုမ (ခ) မကျင်မွန် ပါ ၃ နှင့် အောင်မြင့် ပါ ၇ အမှု[၁] တွင် ခဲအိုက အရွယ်မရောက်သေးသည့် ခယ်မနှစ်ယောက်၏

---

(၁) အောက်မြန်မာပြည်စီရင်ထုံး၊ အတွဲ- ၉၊ စာ-၁၀၆။

၂၀၀၀
ဦးကျော်မြင့်
အောင် ပါ ၂
ကိုမောင်မြင့်
ပါ ၂
နှင့်
ဒေါ်ခင်မာမာ
ပါ ၄
ဒေါ်ခင်မာမာ
ပါ ၄

အုပ်ထိန်းသူအနေဖြင့် ရောင်းချခြင်းသည် ပျက်ပြယ်ကြောင်း ထုံးဖွဲ့ထားသည်။

ထို့အတူ အရွယ်မရောက်သေးသည့် သားသမီးများ၏ ပစ္စည်းများကို မိဘများက အုပ်ထိန်းသူအဖြစ် ရောင်းချခွင့်မရှိကြောင်း၊ အကယ်၍ မိဘများသည် အရွယ်မရောက်သေးသည့် သားသမီးများ၏ ပစ္စည်းများကို ရောင်းချခြင်း၊ ပေါင်နှံခြင်း ပြုပါက အဆိုပါ လွှဲပြောင်းမှုသည် တည်မြဲခိုင်မာခြင်းမရှိ ပျက်ပြယ်သည်ဟု စီရင်ထုံးများတွင် ပြဆိုသည်။ **အေအာရ်ဗွီချစ်တီးကုန်တိုက် နှင့် မောင်လှကြီး** အမှု[၂]၊ **ရန်ဂျာခန် နှင့် မချစ်** အမှု[၃] တို့ကို ကြည့်ပါ။

**ဦးရဲမြင့် နှင့် မြန်မာနိုင်ငံဗဟိုကော်မာရှယ်ဘဏ်လီမိတက် ပါ (၂)** အမှု[၄] တွင် အရွယ်မရောက်သေးသော သမီးဖြစ်သူပိုင်သည့် ပစ္စည်းကို အမေဖြစ်သူက တရားရုံးမှ အုပ်ထိန်းသူအဖြစ် ခန့်အပ်ခြင်း မခံရမိ ရောင်းချခြင်းသည် ကနဦးကပင် ပျက်ပြယ်ကြောင်း ထုံးဖွဲ့သည်။

ထို့ကြောင့် အရွယ်မရောက်သေးသူ မညိုညိုမြင့်၏ အကျိုးသက်ဆိုင်ခွင့်ကို ကိုမောင်မြင့်က ရောင်းချခြင်းသည် ပျက်ပြယ်ပေသည်။

အမှုကို ဆုံးဖြတ်ရာတွင် အမှုတွဲရှိ သက်သေခံ အထောက်အထားများအရ ကိုမောင်မြင့်သည် အရွယ်မရောက်သေးသူ ဖြစ်ကြောင်း ပေါ်ပေါက်ခြင်းမရှိပေ။ ဗဟိုတရားရုံး၊ တရားမပြင်ဆင်မှုအမှတ် ၄၂/၈၂ တွင် အရွယ်ရောက်လာသူ ကိုမောင်မြင့်အား ကိုယ်တိုင်ထုချေရန်နှင့် အရွယ်မရောက်သေးသူ မညိုညိုမြင့်အတွက် အုပ်ထိန်းသူခန့်ထားနိုင်ကြောင်း ချမှတ်ခဲ့သည့်အမိန့်အရ မန္တလေး အရှေ့မြောက်မြို့နယ်တရားရုံးက တရားမကြီးမှုအမှတ် ၁၂၂/၇၃ တွင်

---

(၂) ရန်ကုန်၊ အတွဲ ၆၊ စာ-၃၂၉။
(၃) အေ၊အိုင်၊အာရ်၊ ၁၉၃၁၊ ရန်ကုန်၊ ၁၇၈။
(၄) ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၅၄။

၂၀၀၀
ဦးကျော်မြင့်
အောင် ပါ ၂
ကိုမောင်မြင့်
ပါ ၂
နှင့်
ဒေါ်ခင်မာမာ
ပါ ၄
ဒေါ်ခင်မာမာ
ပါ ၄

၂၂-၂-၈၄ နေ့က အရွယ်ရောက်လာသူ ကိုမောင်မြင့်အား ကိုယ်တိုင်ထုချေရန်နှင့် အရွယ်မရောက်သေးသူ မညိုညိုမြင့်အတွက် အုပ်ထိန်းသူခန့်ထားကြောင်း အမိန့်ချမှတ်ခဲ့သည်ကို တွေ့ရှိရသည်။

သို့ဖြစ်ရာ အရွယ်ရောက်လာသူ ကိုမောင်မြင့်က အချင်းဖြစ်မြေကို လွှဲပြောင်းရောင်းချခြင်းသည် ၎င်း၏အကျိုးသက်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ ပျက်ပြယ်မှုမရှိနိုင်ပေ။ မြန်မာဗုဒ္ဓဘာသာ အမွေရှင်၏အမွေစားအမွေခံတို့သည် အတူပိုင်ဆိုင်သူများအဖြစ် အမွေဆက်ခံကြသည်။ ဒိုရာဝင်း နှင့် ဒေါ်စောမြင့် အမှု[၅] ကို ကြည့်ပါ။

ကိုမောင်မြင့်နှင့် မညိုညိုမြင့်တို့သည် အမွေရှင် ဦးမောင်ကြီး၏အမွေကို အတူပိုင်ဆိုင်သူများအဖြစ် အမွေဆက်ခံကြသည်။

အတူပိုင်ဆိုင်သူများအနက် တစ်ဦးသည် ပစ္စည်းတစ်ရပ်လုံးကိုရောင်းရန်ပဋိညာဉ်ပြုလျှင် ဝယ်သူသည် ရောင်းရန်ပဋိညာဉ်ပြုသူ၏အကျိုးခံစားခွင့်နှင့်စပ်လျဉ်း၍ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၁၅ အရ ပဋိညာဉ်အတိုင်း ဆောင်ရွက်ခွင့်ရရှိနိုင်သည်။

သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၁၅ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

> ၁၅။ ပဋိညာဉ် ချုပ်ဆိုသူ တစ်ဦးသည် ပဋိညာဉ်ပါ မိမိဆောင်ရွက်ရန်ဖြစ်သော အမှုကိစ္စတစ်ရပ်လုံးကို မဆောင်ရွက်နိုင်သည့်ပြင် မဆောင်ရွက်ဘဲ ချန်ထားရမည့် အစိတ်အပိုင်းသည် ပဋိညာဉ်တစ်ရပ်လုံး၏ များသည့် အစိတ်အပိုင်းဖြစ်လျှင်သော်လည်းကောင်း၊ ငွေကြေးဖြင့် ပေးလျော်၍မရနိုင်သည့် အရာဖြစ်လျှင်သော်လည်းကောင်း သီးခြားဆောင်ရွက်စေရန်အတွက် ဒီကရီရထိုက်ခွင့်မရှိ၊ သို့သော် အခြားတစ်ဖက်က တရားစွဲဆို

(၅) ၁၉၆၃ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၄၉၁ (၄၉၄)။

လာလျှင် ပျက်ကွက်သူအား ပဋိညာဉ်ပါ မိမိဆောင်ရွက်ရန်ဖြစ်သည့် အမှုကိစ္စအနက် ဆောင်ရွက်နိုင်သမျှကို သီးခြားဆောင်ရွက်စေရန် ဆင့်ဆိုနိုင်သည်။ သို့ရာတွင် တရားလိုသည် နောက်ထပ်ဆောင်ရွက်စေရန် တောင်းဆိုချက် အရပ်ရပ်နှင့် လျော့နည်းသည့် အစိတ်အပိုင်းအတွက်ဖြစ်စေ၊ တရားပြိုင်၏ ပျက်ကွက်မှုကြောင့် မိမိဆုံးရှုံးသည့် သို့မဟုတ် နစ်နာသည့်အတွက် ဖြစ်စေ လျော်ကြေးရခွင့်အရပ်ရပ်ကို စွန့်လွှတ်ရမည်။

၂၀၀၀ ဦးကျော်မြင့် အောင် ပါ ၂

ကိုမောင်မြင့် ပါ ၂ နှင့် ဒေါ်ခင်မာမာ ပါ ၄

ဒေါ်ခင်မာမာ ပါ ၄

ယင်းဥပဒေပုဒ်မ ၁၅ ၏ ဥပမာ (က) တွင် အောက်ပါအတိုင်း ဖော်ပြထားသည်-

(က) ဦးဖြူသည် ဦးမဲအား ဧက ၁၀၀ ရှိသောမြေတစ်ကွက် ရောင်းရန် ပဋိညာဉ်ပြု၏။ ထိုမြေကွက်အနက် ၅၀ ဧကမှာ ဦးဖြူပိုင်ဖြစ်ပြီး အခြား ၅၀ ဧကမှာ သူတစ်ပါးပိုင် ဖြစ်ကြောင်း ပေါ်ထွက်လာပြီး ထိုသူက ထိုမြေကို ရောင်းရန်ငြင်း၏။ ဦးဖြူသည် ဦးမဲအပေါ် ပဋိညာဉ် အတိုင်း ဆောင်ရွက်စေရန်အတွက် ဒီကရီမရနိုင်။ သို့ရာတွင် ဦးမဲသည် လျော့နည်းသည့် အစိတ်အပိုင်း အတွက်ဖြစ်စေ၊ ဦးဖြူ၏ပေါ့ဆမှု သို့မဟုတ် ပျက်ကွက်မှု ကြောင့် မိမိဆုံးရှုံးသည့်အတွက်ဖြစ်စေ လျော်ကြေးရခွင့် အရပ်ရပ်ကို စွန့်ပယ်ကာ သဘောတူညီထားသည့် တန်ဖိုးကို ပေးချေပြီး ဦးဖြူပိုင် ၅၀ ဧကကိုယူရန် လိုလားလျှင် ရောင်းဘိုးငွေကို ပေးချေသည့်အခါ ထို ၅၀ ဧက ကို မိမိအားလွှဲပြောင်းပေးရန် ဦးဖြူကို ဆင့်ဆိုသည့် ဒီကရီ ရထိုက်ခွင့်ရှိသည်။

ယင်းဥပဒေပုဒ်မ ၁၅ ကို ဝယ်သူ၏အကျိုးငှာ ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ ထိုပုဒ်မသည် ဝယ်သူအား ရွေးချယ်ခွင့်ပေးထားသည်။

| |
|---|
| ၂၀၀၀ |
| ဦးကျော်မြင့် အောင် ပါ ၂ |
| ကိုမောင်မြင့် ပါ ၂ နှင့် ဒေါ်ခင်မာမာ ပါ ၄ |
| ဒေါ်ခင်မာမာ ပါ ၄ |

ဝယ်သူသည် ဝယ်ရန်သဘောတူထားသည့် ပစ္စည်း၏ တစ်စိတ်တစ်ဒေသကို ပစ္စည်းတစ်ရပ်လုံးအတွက် ပေးချေရန် သဘောတူထားသည့်ဈေး ပေးကာ ဝယ်ရန်သဘောတူပါက သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၁၅ အရ သက်သာခွင့်ကို ရထိုက်သည်။ ယင်းဥပဒေပုဒ်မ ၁၅ ပါ "နိုင်သည် (May)" ဟူသော စကားရပ်က ပုဒ်မ ၁၅ ပါ အချက်များနှင့် ညီညွတ်သော အမှုများတွင် တရားရုံးသည် မိမိသဘောအတိုင်း ပဋိညာဉ် တစ်ပိုင်းတစ်စကို သီးခြားဆောင်ရွက်စေနိုင်ကြောင်း ညွှန်ပြသည်။

သို့ဖြစ်ရာ ဝယ်သူဒေါ်ခင်မာမာသည် ကိုမောင်မြင့်၏ အကျိုးသက်ဆိုင်ခွင့်ဖြစ်သော အချင်းဖြစ်မြေ၏တစ်ဝက်ကို ယင်းမြေတစ်ကွက်လုံးအား ဝယ်ယူရန် သဘောတူညီထားသည့် ငွေကျပ် ၇၀၀၀၀ ဖြင့် ဝယ်ယူရန် သဘောတူညီပါက ကိုမောင်မြင့်၏ အကျိုးသက်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ သီးခြားဆောင်ရွက်သည့် ဒီကရီရရှိမည် ဖြစ်သည်။

ထို့ကြောင့် ကြားနာလျက်ရှိသော ဒုတိယပြဿနာကို အုပ်ထိန်းသူ ခန့်ထားခြင်း မခံရသူက အရွယ်မရောက်သေးသူအတွက် အချင်းဖြစ် မြေကွက်ကို လက်မှတ်ထိုး၍ ရောင်းချခဲ့သော စာချုပ်သည် အရွယ်ရောက်သူ ကိုမောင်မြင့်၏ အကျိုးခံစားခွင့်နှင့်စပ်လျဉ်း၍ အတည်ပြုဆောင်ရွက်ခွင့်ရှိသော စာချုပ်ဖြစ်ကြောင်း ဖြေဆိုလိုက်သည်။

အထက်ပါအကြောင်းများကြောင့် တရားမအထူးအယူခံမှုအမှတ် ၁/၉၉ ကို တစ်စိတ်တစ်ဒေသ ခွင့်ပြုပြီး တိုင်းတရားရုံးနှင့် တရားရုံးချုပ်တို့၏ စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်ကာ မူလရုံးတရားလို ဒေါ်ခင်မာမာသည် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၁၅ နှင့်အညီ ဆောင်ရွက်ရန် သဘောတူညီပါက ဒေါ်ခင်မာမာအား ကိုမောင်မြင့်က အချင်းဖြစ် မန္တလေးအရှေ့မြောက်မြို့နယ်၊ ချမ်းအေးသာဇံအရှေ့ရပ်ကွက်၊ အကွက်အမှတ် (၅၉၄)၊ ဦးပိုင်အမှတ်(၈၂-က) မြေတွင် ၎င်း၏ အကျိုးခံစားခွင့်ဖြစ်သော မြေကွက်တစ်ဝက်ကို

မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ပြုလုပ်ပေးစေရန် ပြင်ဆင်ဒီကရီ ချမှတ်ပေးလိုက်သည်။

စရိတ်မသတ်မှတ်။

တရားမ အထူးအယူခံမှုအမှတ် ၂/၉၉ ကို တရားရုံး အဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀၀/- သတ်မှတ်သည်။

၂၀၀၀
ဦးကျော်မြင့်
အောင် ပါ ၂
ကိုမောင်မြင့်
ပါ ၂
နှင့်
ဒေါ်ခင်မာမာ
ပါ ၄
ဒေါ်ခင်မာမာ
ပါ ၄

+ ၂၀၀၀
---
ဒီဇင်ဘာလ

၂၂ ရက်

တရားမအထူးအယူခံမှု

တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသန်းဦး၊
တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့် နှင့်
ဒေါက်တာတင်အောင်အေး တို့ရှေ့တွင်

ဒေါ်ကျင်ရီ
(ကွယ်လွန်သူ ဦးရွှေလေးယုန်၏
တရားဝင်ကိုယ်စားလှယ်)
---
ဦးစိန်လှ ပါ ၂

နှင့်

ဒေါ်သန်းကြည် ပါ ၄*
---
ဒေါ်သန်းကြည် ပါ ၄

သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ ၏ ခြွင်းချက်အရ အကျိုးဆက်သက်သာခွင့်နှင့် တောင်းဆိုရခြင်း၏ ရည်ရွယ်ချက်၊ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန် တောင်းဆိုထားခြင်း မရှိလျှင် လက်ရောက်ရလိုကြောင်း အကျိုးဆက်သက်သာခွင့်တောင်းရန် မလိုခြင်း၊ အခါခပ်သိမ်း လက်ရောက်ပေးအပ်သည့် သက်သာခွင့်သည် စာချုပ်များ တရားမဝင်ပျက်ပြယ်ခြင်းမှ ပေါ်ပေါက်သည့် အကျိုးဆက်သက်သာခွင့် မဟုတ်ခြင်း။

---

* ၁၉၉၇ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၅၆ နှင့် ၅၇
+ ၁၉၉၅ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၂၇ နှင့် ၁၂၈ တို့တွင် ချမှတ်သော ၂၉-၉-၉၅ ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံမှု

ဆုံးဖြတ်ချက်။ ။ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ ၏ ခြွင်းချက်အရ မြွက်ဟကြေညာချက်၏ အကျိုးဆက်ဖြစ်သော နောက်ဆက်တွဲသက်သာခွင့်ကို တောင်းဆိုသင့်ပါလျက် မတောင်းဆိုလျှင် မြွက်ဟကြေညာသည့် ဒီကရီသက်သက် ချမပေးရပေ။ ရည်ရွယ်ချက်မှာ တစ်မှုတည်းတွင် အဆုံးအဖြတ်ပေးနိုင်သည့်ကိစ္စကို နောက်တစ်မှုတွင် မစွဲဆိုစေလိုခြင်းကြောင့် ဖြစ်သည်။ တစ်နည်းအားဖြင့် အမှုပွားစေလိုသောကြောင့် ဖြစ်သည်။ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ တွင် အကျုံးဝင်သော နောက်ထပ်သက်သာခွင့် သို့မဟုတ် အကျိုးဆက်သက်သာခွင့်သည် အရေးဆိုသည့် အခွင့်အရေးနှင့် ဆီလျော်အပ်စပ်သည့် အခွင့်အရေးမှ မလွဲမသွေ ပေါ်ပေါက်သော အကျိုးဆက်သက်သာခွင့်ဖြစ်ရန် လိုသည်။ မြွက်ဟဒီကရီနှင့် နီးနွယ်သော သက်သာခွင့်ကို ဆိုလိုသည်။ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို လက်မဲ့ဖြစ်နေသော တရားလိုတစ်ဦးသည် ထိုပစ္စည်းအား ပိုင်ဆိုင်ကြောင်း မြွက်ဖော်ချက် တောင်းဆိုလျှင် ထိုတောင်းဆိုချက်အပေါ် အကျိုးဆိုက်ရောက်အောင် ပစ္စည်းလက်ရောက်ရလိုကြောင်းပါ စွဲဆိုရမည် ဖြစ်သည်။

၂၀၀၀
ဒေါ်ကျင်ရီ
(ကွယ်လွန်သူ
ဦးရွှေလေးယုန်
၏ တရားဝင်
ကိုယ်စားလှယ်)
ဦးစိန်လှ ပါ ၂
နှင့်
ဒေါ်သန်းကြည်
ပါ ၄
ဒေါ်သန်းကြည်
ပါ ၄

ထပ်မံဆုံးဖြတ်ချက်။ ။ တရားလိုတို့က အချင်းဖြစ်အိမ်နှင့် မြေကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန် တောင်းဆိုထားခြင်း မရှိသဖြင့် ပိုင်ဆိုင်မှုအပေါ် အကျိုးဆိုက်ရောက်အောင် လက်ရောက်ရလိုကြောင်း တရားစွဲဆိုရန် မလိုပေ။ တရားပြိုင်အချင်းချင်း ချုပ်ဆိုသည့် အရောင်းအဝယ်စာချုပ်များ ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးရုံမျှဖြင့် တရားလိုတို့သည် အချင်းဖြစ်မြေနှင့်အိမ်ကို လက်ရောက်ရနိုင်မည် မဟုတ်ပေ။ အခါခပ်သိမ်း လက်ရောက်ပေးအပ်သည့် သက်သာခွင့်သည် စာချုပ်များ တရားမဝင်ပျက်ပြယ်ခြင်းမှ ပေါ်ပေါက်သည့် အကျိုးဆက်သက်သာခွင့် မဟုတ်ချေ။

၂၀၀၀
ဒေါ်ကျင်ရီ
(ကွယ်လွန်သူ
ဦးရွှေလေးယုန်
၏ တရားဝင်
ကိုယ်စားလှယ်)
ဦးစိန်လှ ပါ ၂
နှင့်
ဒေါ်သန်းကြည်
ပါ ၄
ဒေါ်သန်းကြည်
ပါ ၄

အယူခံတရားလိုများအတွက် - ဦးဘသန်း
တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်များအတွက် - (၁) မှ (၃) အတွက် ဦးလှရွှေ၊
တရားရုံးချုပ်ရှေ့နေ၊
(၄) ကိုယ်တိုင် - မလာ။

မွန်ပြည်နယ်တရားရုံး၊ ၁၉၉၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၃ (မော်လမြိုင်ခရိုင်) တွင် ဒေါ်သန်းကြည်၊ ဒေါ်စိန်စိန်နှင့် ဒေါ်သန်းသန်းတို့က ဒေါ်သန်းသန်းအေး၊ ဦးရွှေလေးယုန်နှင့် ဒေါ်ခင်ထွေးတို့အပေါ် မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အိမ်နှင့်မြေအရောင်းအဝယ်စာချုပ်အမှတ် ၃၂၃/၈၆ မှာ မူလကပင် တရားမဝင် ပျက်ပြယ်ပြီးဖြစ်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် ယင်းစာချုပ်ကို ပယ်ဖျက်ပေးစေလိုမှု စွဲဆိုသည်။ ဒေါ်သန်းကြည်တို့ ၃ ဦးကပင် ယင်းတရားရုံး ၁၉၉၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၄ (မော်လမြိုင်ခရိုင်) တွင်ပင် ဒေါ်သန်းသန်းအေး၊ ဦးစိန်လှနှင့် ဒေါ်ဘေဘီညွန့်တို့အပေါ် မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အိမ်နှင့်မြေအရောင်းအဝယ်စာချုပ်အမှတ် ၃၂၄/၈၆ မှာ မူလကပင် တရားမဝင် ပျက်ပြယ်ပြီးဖြစ်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် ယင်းစာချုပ်ကို ပယ်ဖျက်ပေးစေလိုမှု စွဲဆိုသည်။ ပြည်နယ်တရားရုံးက အမှု ၂ မှုလုံးကို ဒေါ်သန်းကြည်တို့ စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီများ ချမှတ်ပေးသည်။ ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်ကြသဖြင့် ဦးရွှေလေးယုန်နှင့် ဦးစိန်လှ၊ ဒေါ်ဘေဘီညွန့်တို့က တရားရုံးချုပ်သို့ အယူခံမှုအသီးသီး တင်သွင်းကြသည်။ တရားရုံးချုပ်က တစ်ပေါင်းတည်းကြားနာပြီးနောက် အယူခံမှု ၂ မှုလုံးကို ပလပ်သည်။ ထို့ကြောင့် ဦးရွှေလေးယုန်နှင့် ဦးစိန်လှတို့က တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီများကို ၁၉၈၈ ခုနှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် လျှောက်ထား

၂၀၀၀
ဒေါ်ကျင်ရီ
(ကွယ်လွန်သူ
ဦးရွှေလေးယုန်
၏ တရားဝင်
ကိုယ်စားလှယ်)
ဦးစိန်လှ ပါ ၂
နှင့်
ဒေါ်သန်းကြည်
ပါ ၄
ဒေါ်သန်းကြည်
ပါ ၄

သည့်အခါ တရားရုံးချုပ်အထူးခုံရုံးက လျှောက်ထားမှု ၂ မှုလုံးတွင် အောက်ပါပြဿနာများကို ကြားနာရန်အတွက် အထူးအယူခံ ဝင်ခွင့်ပြုလိုက်သည်-

(၁) အချင်းဖြစ်ဥပစာကို မူလရုံးတရားပြိုင်များ ဖြစ်ကြသည့် ဝယ်ယူသူတို့ လက်ရှိဖြစ်နေသည့် အခြေအနေတွင် ထိုသူတို့ ဝယ်ယူထားသော စာချုပ်ပျက်ပြယ်ကြောင်း မြွက်ဟကြေညာသည့် ဒီကရီကို မူလရုံးတရားလိုက သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ အရ တောင်းဆိုရာ၌ အကျိုးဆက်သက်သာခွင့်အဖြစ် ဥပစာလက်ရောက် မတောင်းဘဲ စာချုပ်ပယ်ဖျက်ပေးရန်သာ တောင်းဆိုခြင်းသည် ဥပဒေအရမှန်-မမှန်၊

(၂) မူလရုံး တရားလိုတို့ စွဲဆိုသော အမှုတွင် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟကြေညာပေးရန်အကြောင်း ပေါ်ပေါက်ခြင်းရှိ-မရှိ။

ဤအထူးအယူခံမှုများတွင် ကြားနာရမည့် ပြဿနာမှာ အတူတူပင်ဖြစ်၍ ဤစီရင်ချက်သည် အယူခံမှု ၂ မှုလုံးနှင့် သက်ဆိုင်စေရမည်။

အယူခံတရားလို၏ရှေ့နေက သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟကြေညာပေးစေလိုမှုတွင် ကန့်သတ်ချက်တစ်ရပ်ပါရှိကြောင်း၊ ယင်းမှာ အကျိုးဆက်သက်သာခွင့်အား တောင်းခံနိုင်ပါလျက် တောင်းခံခြင်းကို စွန့်လွှတ်ထားပါလျှင် မည်သည့်ရုံးကမျှ ထိုတောင်းခံမြွက်ဟချက် ဒီကရီကို မချမှတ်ရဟူသော ကန့်သတ်ချက်ဖြစ်ကြောင်း၊ ယခုအမှုမှာ ပစ္စည်းလက်ဝယ်ရှိသူမှာ အယူခံတရားလိုများဖြစ်ကြောင်း၊ အယူခံတရားပြိုင်သည် လက်မဲ့ဘဝတွင် ရှိနေကြောင်း၊ ထို့ကြောင့် အယူခံတရားလိုက ရိုသေစွာ လျှောက်တင်အပ်သည်မှာ ဤရုံးရှေ့ ယခုအမှုသည် သာမန်မြွက်ဟကြေညာပေးစေလိုမှု မဟုတ်ဘဲ

၂၀၀၀
ဒေါ်ကျင်ရီ
(ကွယ်လွန်သူ
ဦးရွှေလေးယုန်
၏ တရားဝင်
ကိုယ်စားလှယ်)
ဦးစိန်လှ ပါ ၂
နှင့်
ဒေါ်သန်းကြည်
ပါ ၄
ဒေါ်သန်းကြည်
ပါ ၄

အကျိုးဆက်သက်သာခွင့်ကို မလွဲမသွေ တောင်းခံရမည့် အမှုအမျိုးအစား ဖြစ်ကြောင်း၊ နောက်ဆက်တွဲသက်သာခွင့် မတောင်းခြင်းမှာ အယူခံတရားပြိုင်များ၏ ချို့ယွင်းချက်ဖြစ်ကြောင်း၊ မူလအမှုတွဲတွင် ပေါ်လွင်နေသော အချက်အလက်များအား သုံးသပ်လျှင် အယူခံတရားလို၏ အနေအထားမှာ မြေနှင့်ဥပစာကို ဝယ်ယူပြီး လက်ဝယ်ရရှိထားကြောင်း၊ အယူခံတရားပြိုင်ကလည်း ၎င်းတို့က အမွေဆက်ခံခြင်းဖြင့် ပိုင်ဆိုင်လာသူများဟု ခံယူထားကြောင်း၊ သို့ဖြစ်ရာ အချင်းဖြစ်ပစ္စည်းများမှာ မည်သူပိုင်ရှင်ဖြစ်သည်ဟု ကြေညာချက် ရယူထားရုံမျှဖြင့် အမှု၏အဖြေ ဖြစ်မလာနိုင်ကြောင်း၊ မိမိ၏အကျိုးကို ဆန့်ကျင်ဘက်ပြုသူ အယူခံတရားလိုများထံမှ လက်ရောက်ရယူ သိမ်းဆည်းရမည်သာဖြစ်ကြောင်း၊ မူလရုံးတရားလိုတို့ စွဲဆိုသောအမှုတွင် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟကြေညာပေးရန် အကြောင်းပေါ်ပေါက်ခြင်းရှိ-မရှိအား ဆန်းစစ်ဝေဖန်ရန်မှာ မူလရုံးတရားလို ဒေါ်သန်းကြည် ပါ ၃ ဦးတို့က မြွက်ဟကြေညာပေးရန် တောင်းဆိုထားသော အမှုဖြစ်၍ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ ၏ ပြဋ္ဌာန်းချက် နယ်နိမိတ်တွင် ကျရောက်သော အမှုဖြစ်ကြောင်း၊ တရားလိုက မြွက်ဟကြေညာပေးစေလိုမှုကိုသာ တောင်းခံထားကြောင်း၊ အယူခံတရားပြိုင်များ စွဲဆိုသော မြွက်ဟကြေညာပေးရန်သက်သက် ဒီကရီကို ၎င်းတို့ရရှိထိုက်သည်ထားဦးတော့၊ လက်တွေ့အသုံးမချနိုင်သော ဒီကရီသာ ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ မွန်ပြည်နယ်တရားရုံး (မော်လမြိုင်ခရိုင်)၊ တရားမကြီးမှု ၂၃/၉၁၊ ၂၄/၉၁ နှင့် ရန်ကုန်မြို့ တရားရုံးချုပ် တရားမပထမအယူခံမှုအမှတ် ၁၂၇/၉၅၊ ၁၂၈/၉၅ တို့၏ စီရင်ချက်နှင့် ဒီကရီများအား ပလပ်ပေးပါရန် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်အမှတ် ၁၊ ၂၊ ၃ တို့၏ ရှေ့နေက အယူခံတရားပြိုင် ၁၊ ၂၊ ၃ တို့သည် အစ္စလာမ်တရားဥပဒေအရ အချင်းဖြစ် အိမ်နှင့် အိမ်တည်ရာမြေကို ဒေါ်မူလေး (ခ) ဒေါ်အမ်ရာခါတွန်၏

တူမများ ဖြစ်သည့်အပြင် ကွယ်လွန်သူ ဒေါ်ကစ်တီ (ခ) ဒေါ်အေးကြည် (ခ) ဒေါ်ခတီဇာဘီ၏ ညီမဝမ်းကွဲများ ဖြစ်သည့်အားလျော်စွာ အမွေဆက်ခံပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသူများဖြစ်၍ ဒေါ်ကစ်တီနှင့် မွေးစားသမီး ဒေါ်သန်းသန်းအေးတို့ ပြုလုပ်ခဲ့သည့် မှတ်ပုံတင်ပေးကမ်းစာချုပ် အမှတ် ၃၀၂/၈၆ မှာ တရားမဝင်မူလကပင် ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးရန် စွဲဆိုခွင့်ရရှိကြသူများဖြစ်ကြောင်း၊ စာချုပ်စာတမ်းတစ်ရပ်သည် ဖျက်သိမ်းခြင်းမပြုဘဲ တည်ရှိနေပါက မိမိ၏ပိုင်ဆိုင် အကျိုးခံစားခွင့်ကို ထိပါးအဟန့်အတား ဖြစ်မည်ဆိုပါလျှင် ယင်းစာချုပ်ကို ပယ်ဖျက်ပေးရန်ဖြစ်စေ၊ ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးရန်ဖြစ်စေ တရားစွဲဆိုခွင့်ရှိကြောင်း၊ မူလရုံးတရားလိုများမှာ တရားမကြီးမှု အမှတ် ၂၃/၉၁ ကို စွဲဆိုရာ မြွက်ဟကြေညာပေးရန်သက်သက်ကိုသာ စွဲဆိုခဲ့သော်လည်း တရားရုံး၏အမိန့်အရ နောက်ဆက်တွဲသက်သာခွင့် အဖြစ် ယင်းစာချုပ်ကို ပယ်ဖျက်ပေးရန် ပူးတွဲစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါစာချုပ်အမှတ် ၃၂၃/၈၆ ပယ်ဖျက်ခြင်းခံရပြီးမှသာလျှင် အချင်းဖြစ်အိမ်နှင့် အိမ်တည်ရာမြေတို့တွင် ယခု အယူခံတရားလိုများ၏ ပိုင်ဆိုင်အကျိုးခံစားခွင့်မှာ ဆိတ်သုဉ်းပျောက်ကွယ်မည်ဖြစ်ကြောင်း၊ ယင်းသို့ ပျောက်ကွယ်ဆိတ်သုဉ်းပြီးမှသာလျှင် ယခု အယူခံတရားလိုများသည် အချင်းဖြစ်အိမ်နှင့် အိမ်တည်ရာမြေ၏ တစ်ဝက်ဖြစ်သော ဥပစာတွင် အိမ်ငှားအဖြစ်သို့ ပြန်လည်ရောက်ရှိသွားမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အယူခံတရားလိုတို့သည် မှတ်ပုံတင်စာချုပ် အမှတ် ၃၂၃/၈၆ အရ အချင်းဖြစ် ဥပစာတစ်ဝက်ကို မဝယ်ယူမီ အိမ်ရှင် ဒေါ်ကစ်တီထံမှ အိမ်လခဖြင့် ငှားရမ်းနေခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ ဥပစာတစ်ခု၏ အိမ်ငှားဖြစ်သူတစ်ဦးအား ဖယ်ရှား၍ ဥပစာကို လက်ရောက်ရယူလိုပါက ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) သို့မဟုတ် ၁၄ (၁) ပါ ပြဋ္ဌာန်းချက်များအရသာ ဖယ်ရှား၍ လက်ရောက်ရခွင့် စွဲဆိုနိုင်ကြောင်း၊

၂၀၀၀
ဒေါ်ကျင်ရီ (ကွယ်လွန်သူ ဦးရွှေလေးယုန်၏ တရားဝင် ကိုယ်စားလှယ်)
ဦးစိန်လှ ပါ ၂ နှင့် ဒေါ်သန်းကြည် ပါ ၄
ဒေါ်သန်းကြည် ပါ ၄

၂၀၀၀
ဒေါ်ကျင်ရီ
(ကွယ်လွန်သူ
ဦးရွှေလေးယုန်
၏ တရားဝင်
ကိုယ်စားလှယ်)
ဦးစိန်လှ ပါ ၂
နှင့်
ဒေါ်သန်းကြည်
ပါ ၄
ဒေါ်သန်းကြည်
ပါ ၄

မွန်ပြည်နယ်တရားရုံးသည် ရန်ကုန်မြို့ တရားမတရားရုံးကို ဆက်ခံသော တရားရုံးဖြစ်၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် ၃၂၃/၈၆ ဖျက်သိမ်းခြင်းခံရပြီးနောက်ပိုင်း အိမ်ငှားဘဝသို့ ပြန်လည်ရောက်ရှိလာကြမည့် အယူခံတရားလိုတို့ကို မူလရုံးတရားလိုများ အနေဖြင့် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ ၏ နောက်ဆက်တွဲ သက်သာခွင့်အနေဖြင့် ဖယ်ရှား၍ လက်ရောက်ပေးအပ်စေရန် သက်သာခွင့်ကို ပေးအပ်ပိုင်ခွင့်မရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် လက်ရောက်ရလိုမှု သက်သာခွင့်သည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပါ ပြဋ္ဌာန်းချက်အရ တရားစွဲဆိုတောင်းခံရမည့် သီးခြားအမှုဖြစ် အကြောင်းခြင်းရာဖြစ်ကြောင်း၊ သီးခြားသက်သာခွင့်ဥပဒေနှင့် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေတို့မှာ သီးခြားဥပဒေ၊ သီးခြားအကြောင်းခြင်းရာဖြစ်၍ တစ်မှုတည်းတွင် ပူးတွဲစွဲဆိုခွင့်မရှိသည်မှာ ထင်ရှားကြောင်း၊ သို့ဖြစ်၍ မူလရုံးတရားလိုများက မွန်ပြည်နယ်တရားရုံးတွင် တရားမကြီးမှုအမှတ် ၂၃/၉၁ ကို စွဲဆိုရာ၌ နောက်ဆက်တွဲ သက်သာခွင့်တွင် လက်ရောက်ရလိုမှုကို ထည့်သွင်းတောင်းခံခြင်းမပြုဘဲ ချန်လှပ်ခဲ့ခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်များနှင့် ညီညွတ်လျက်ရှိကြောင်း လျှောက်လဲတင်ပြသည်။

ဒေါ်သန်းကြည်တို့က မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်၊ အုပ်စုအမှတ် ၁၂၊ အကွက်အမှတ် ၄၉၊ ဦးပိုင်အမှတ် ၉၃၊ မြေချိန်ဧရိယာ ဒဿမ ၁၁၄ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ စစ်ကဲကုန်းရပ်၊ အောက်လမ်းမကြီး၊ အမှတ် ၁၉၃ ဟု ခေါ်တွင်သည့် နေအိမ် အဆောက်အအုံ၏ မူလပိုင်ရှင်မှာ ကွယ်လွန်သူ ဒေါ်ပုလေး (ခ) ဒေါ်အမ်ရာခါတွန် ဖြစ်ကြောင်း၊ ၎င်းကွယ်လွန်သည့်အခါ ဒေါ်သန်းကြည်၊ ဒေါ်စိန်စိန်၊ ဒေါ်မမနှင့် ဒေါ်ကစ်တီ (ခ) ဒေါ်ခတီဇာဘီဘီတို့ တူမ ၄ ဦး ကျန်ရစ်ခဲ့ကြောင်း၊ ဒေါ်ကစ်တီ (ခ) ဒေါ်ခတီဇာဘီဘီနှင့်

ဒေါ်မမတို့မှာ ကွယ်လွန်ကြပြီးဖြစ်ကြောင်း၊ မွန်ပြည်နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၅ (မ)/၈၇ ၏ ဒီကရီအရ ဒေါ်သန်းကြည်၊ ဒေါ်စိန်စိန်နှင့် ဒေါ်သန်းကြည်တို့၏မိခင် ဒေါ်မေတို့ ၃ ဦးသည် အချင်းဖြစ်မြေနှင့် နေအိမ်ပိုင်ဆိုင်လာကြောင်း၊ ဒေါ်ကစ်တီ (ခ) ဒေါ်ခတီဇာဘီဘီ၏ မွေးစားသမီး အမှတ်- ၁ တရားပြိုင် ဒေါ်သန်းသန်းအေးက ဒေါ်ကစ်တီအား ဖြားယောင်းသွေးဆောင်ခြင်း၊ လှည့်ဖြားခြင်း၊ မလျော်ဩဇာသုံးခြင်း ပြုလုပ်ပြီး၊ ယင်းမြေကွက်နှင့် နေအိမ်ကို ဒေါ်ကစ်တီက ၎င်းအား မေတ္တာဖြင့် ပေးကမ်းခဲ့သည်ဆို၍ မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး စာချုပ်အမှတ် ၃၀၂/၁၉၈၆ ကို ရယူခဲ့ကြောင်း၊ ထို့နောက် ဒေါ်သန်းသန်းအေးသည် ယင်းမြေကွက်နှင့် နေအိမ်ကို နှစ်ပိုင်းခွဲ၍ တစ်ပိုင်းကို ဦးရွှေလေးယုန်နှင့် ဒေါ်ခင်ထွေးတို့အား အိမ်နှင့်အိမ်ယာမြေကွက် အရောင်းအဝယ်စာချုပ်အမှတ် ၃၂၃/၁၉၈၆ အရလည်းကောင်း၊ ကျန်တစ်ပိုင်းကို ဦးစိန်လှနှင့် ဒေါ်ဘေဘီညွန့်တို့အား အိမ်နှင့်အိမ်ယာမြေ အရောင်းအဝယ်စာချုပ်အမှတ် ၃၂၄/၁၉၈၆ အရလည်းကောင်း လွှဲပြောင်းရောင်းချခဲ့ကြောင်း၊ တရားလိုတို့က ဒေါ်သန်းသန်းအေးအပေါ် ဒေါ်ကစ်တီ (ခ) ဒေါ်ခတီဇာဘီဘီထံမှ ၎င်းရယူထားသည့် မေတ္တာဖြင့် အပိုင်ပေးကမ်းသည့် စာချုပ်အမှတ် ၃၀၂/၈၆ သည် မတရားသွေးဆောင် ဖြားယောင်းလှည့်ဖြား၍ ရယူခဲ့ခြင်းကြောင့် ယင်းစာချုပ်အား တရားမဝင် ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးရန် မွန်ပြည်နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၅၂/၈၉ တွင် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိခဲ့ကြောင်း၊ ယင်းမေတ္တာဖြင့် ပေးကမ်းသည့် စာချုပ်အမှတ် ၃၀၂/၈၆ သည် မူလကပင် တရားမဝင်ပျက်ပြယ်ပြီးဖြစ်၍ ဒေါ်သန်းသန်းအေးသည် ယင်းမြေကွက်နှင့် နေအိမ်ကို အမှန်တကယ်ပိုင်ဆိုင်သည့် ပိုင်ရှင်ဖြစ်မလာတော့ကြောင်း၊ ပိုင်ရှင်အစစ်အမှန် မဟုတ်သူ ဒေါ်သန်းသန်းအေးက ဦးရွှေလေးယုန်တို့အား ရောင်းချသည့် နေအိမ်နှင့် အိမ်ယာမြေ

၂၀၀၀
ဒေါ်ကျင်ရီ
(ကွယ်လွန်သူ ဦးရွှေလေးယုန် ၏ တရားဝင် ကိုယ်စားလှယ်)
ဦးစိန်လှ ပါ ၂ နှင့် ဒေါ်သန်းကြည် ပါ ၄
ဒေါ်သန်းကြည် ပါ ၄

၂၀၀၀
ဒေါ်ကျင်ရီ
(ကွယ်လွန်သူ
ဦးရွှေလေးယုန်
၏ တရားဝင်
ကိုယ်စားလှယ်)
ဦးစိန်လှ ပါ ၂
နှင့်
ဒေါ်သန်းကြည်
ပါ ၄
ဒေါ်သန်းကြည်
ပါ ၄

အရောင်းအဝယ်စာချုပ်အမှတ် ၃၂၃/၈၆ သည်လည်းကောင်း၊ ဦးစိန်လှတို့အား ရောင်းချသည့် နေအိမ်နှင့် အိမ်ယာမြေ အရောင်းအဝယ်စာချုပ်အမှတ် ၃၂၄/၈၆ သည်လည်းကောင်း မူလကပင် တရားမဝင်ပျက်ပြယ်နေပြီးဖြစ်ကြောင်း အဆိုပြု၍ ယင်းစာချုပ်များကို ပယ်ဖျက်ပေးစေလိုမှုများ စွဲဆိုသည်။

ဦးရွှေလေးယုန်နှင့် ဦးစိန်လှတို့က အချင်းဖြစ်မြေနှင့် အိမ်ကို ဒေါ်ကစ်တီ (ခ) ဒေါ်အေးကြည် တစ်ဦးတည်းပိုင်ဆိုင်ပြီးမှ ၎င်းမှ ဒေါ်သန်းသန်းအေးအား တရားဝင်စာချုပ်စာတမ်းအရ မေတ္တာဖြင့် ပေးကမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ဒေါ်မူ (ခ) ဒေါ်အဖီရာခါတွန် ကျန်ရစ်သော ပစ္စည်းမဟုတ်ကြောင်း၊ အချင်းဖြစ်မြေနှင့်အိမ်သည် ဒေါ်စိန်စိန်၊ ဒေါ်မမတို့ လက်ရှိ ရှိသောပစ္စည်း မဟုတ်ကြောင်း၊ တရားပြိုင်များ ဝယ်ယူပိုင်ဆိုင် လက်ရှိနေထိုင်လျက်ရှိကြောင်း၊ ဒေါ်သန်းသန်းအေးက စာချုပ်အမှတ် ၃၀၂/၈၆ အရ ၎င်းရရှိထားသည့် အချင်းဖြစ်မြေနှင့် အိမ်ကို တရားပြိုင်တို့အား ဥပဒေနှင့်အညီ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်အမှတ် ၃၂၃/၈၆ နှင့် ၃၂၄/၈၆ တို့ဖြင့် ရောင်းချခြင်းဖြစ်၍ ယင်းစာချုပ်များသည် ပျက်ပြယ်ခြင်းမရှိ၊ တည်မြဲလျက်ရှိကြောင်း၊ တရားလိုများသည် တရားမကြီးမှုအမှတ် ၁၅၂/၈၉ အမှုတွင် ဒေါ်သန်းသန်းအေးအပေါ် မလျော်ဩဇာသုံး၍ စီရင်ချက်နှင့် ဒီကရီကို ရယူခဲ့ခြင်းဖြစ်ကြောင်း၊ တရားလိုများသည် အချင်းဖြစ်မြေနှင့်အိမ်တွင် အမွေဆက်ခံပိုင်ဆိုင်ကြောင်းမှာလည်း ပျက်ပြယ်သွားပြီဖြစ်၍ ယခုပုံစံဖြင့် အမှုစွဲဆိုခွင့်မရှိတော့ကြောင်း ချေပကြသည်။

ပြည်နယ်တရားရုံးက ယင်းတရားရုံး တရားမကြီးမှုအမှတ် ၁၅၂/၈၉ တွင် ဒေါ်ကစ်တီက ဒေါ်သန်းသန်းအေးအား အချင်းဖြစ်မြေနှင့်အိမ်ကို မေတ္တာဖြင့် အပိုင်ပေးခဲ့သည့် မှတ်ပုံတင်စာချုပ်အမှတ် ၃၀၂/၈၆ သည် ပျက်ပြယ်ကြောင်း ဒီကရီချမှတ်ထားရာ ယင်းဒီကရီသည် အတည်ဖြစ်နေသမျှ ဒေါ်သန်းသန်းအေးသည် အချင်းဖြစ်ပစ္စည်း

တွင် ပိုင်ရေးပိုင်ခွင့် တစ်စုံတစ်ရာမရှိတော့ကြောင်း၊ ပစ္စည်းကို မပိုင်သူ ဒေါ်သန်းသန်းအေးထံမှ ဝယ်ခဲ့ကြသူ တရားပြိုင်များနှင့် ဒေါ်သန်းသန်းအေးတို့အကြား ချုပ်ဆိုထားသည့် စာချုပ်အမှတ် ၃၂၃/၈၆ နှင့် ၃၂၄/၈၆ တို့မှာလည်း မူလကပင် ပျက်ပြယ်နေပြီးဖြစ်သည်မှာ ထင်ရှားကြောင်း သုံးသပ်ပြီးနောက် ယင်းစာချုပ်များအား ပယ်ဖျက်စေရန် ဒီကရီချမှတ်သည်။

တရားရုံးချုပ်က ဒေါ်ကစ်တီ (ခ) ဒေါ်ခတီဇာဘီဘီက ဒေါ်သန်းသန်းအေးအား အချင်းဖြစ်မြေနှင့်နေအိမ်ကို မေတ္တာဖြင့်ပေးကမ်းသည့် စာချုပ်အမှတ် ၃၀၂/၈၆ သည် ပျက်ပြယ်သွားပြီဖြစ်၍ ဒေါ်သန်းသန်းအေးသည် အချင်းဖြစ်ပစ္စည်းတွင် ပိုင်ရေးပိုင်ခွင့် တစ်စုံတစ်ရာ မရှိတော့ကြောင်း၊ ထို့ကြောင့် မပိုင်သူ ဒေါ်သန်းသန်းအေးက ရောင်းချသည့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် ၃၂၃/၈၆ နှင့် ၃၂၄/၈၆ တို့ကို ပယ်ဖျက်ကြောင်း ဒီကရီချမှတ်သည့် မူလရုံး၏ စီရင်ချက်နှင့် ဒီကရီသည် မှားယွင်းခြင်းမရှိကြောင်း သုံးသပ်ဆုံးဖြတ်သည်။

သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

> ၄၂။ တရားဝင်အနေအထားကို ဖြစ်စေ၊ ပစ္စည်းနှင့်စပ်လျဉ်းသည့် အခွင့်အရေးကို ဖြစ်စေ ရထိုက်ခွင့်ရှိသူ တစ်ဦးဦးသည် မိမိအနေအထားကို သို့မဟုတ် မိမိအခွင့်အရေးကို ငြင်းဆိုသူ သို့မဟုတ် ငြင်းဆိုရန် အကျိုးလိုလားသူအပေါ် တရားစွဲဆိုနိုင်သည်၊ တရားရုံးသည် ထိုသို့ရထိုက်ခွင့်ရှိကြောင်း မိမိ၏သဘောအတိုင်း မြွက်ဟကြေညာနိုင်သည်။ ထို့ပြင် တရားလိုသည် ထိုအမှုတွင် နောက်ထပ်သက်သာခွင့် တောင်းဆိုရန်မလို၊ သို့ရာတွင် တရားလိုသည် ပိုင်ဆိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာ

၂၀၀၀
ဒေါ်ကျင်ရီ
(ကွယ်လွန်သူ
ဦးရွှေလေးယုန်
၏ တရားဝင်
ကိုယ်စားလှယ်)
ဦးစိန်လှ ပါ ၂
နှင့်
ဒေါ်သန်းကြည်
ပါ ၄
ဒေါ်သန်းကြည်
ပါ ၄

ချက် သက်သက်အပြင် နောက်ထပ်သက်သာခွင့် တောင်း ခံနိုင်လျက် တောင်းခံရန် ပျက်ကွက်လျှင် မည်သည့်တရားရုံးကမျှ ထိုသို့ မြွက်ဟကြေညာခြင်း မပြုရ။

သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ ၏ ခြွင်းချက်အရ မြွက်ဟကြေညာချက်၏ အကျိုးဆက်ဖြစ်သော နောက်ဆက်တွဲ သက်သာခွင့်ကို တောင်းဆိုသင့်ပါလျက် မတောင်းဆိုလျှင် မြွက်ဟ ကြေညာသည့် ဒီကရီသက်သက် ချမပေးရပေ။ ရည်ရွယ်ချက်မှာ တစ်မှု တည်းတွင် အဆုံးအဖြတ်ပေးနိုင်သည့်ကိစ္စကို နောက်တစ်မှုတွင် မစွဲဆို စေလိုခြင်းကြောင့် ဖြစ်သည်။ တစ်နည်းအားဖြင့် အမှုမပွားစေလိုသော ကြောင့် ဖြစ်သည်။ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ တွင် အကျုံးဝင်သော နောက်ထပ်သက်သာခွင့် သို့မဟုတ် အကျိုးဆက် သက်သာခွင့်သည် အရေးဆိုသည့် အခွင့်အရေးနှင့် ဆီလျော်အပ်စပ် သည့် အခွင့်အရေးမှ မလွဲမသွေ ပေါ်ပေါက်သော အကျိုးဆက် သက်သာခွင့် ဖြစ်ရန်လိုသည်။ မြွက်ဟဒီကရီနှင့် နီးနွယ်သော သက်သာ ခွင့်ကို ဆိုလိုသည်။ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို လက်မဲ့ဖြစ်နေ သော တရားလိုတစ်ဦးသည် ထိုပစ္စည်းအား ပိုင်ဆိုင်ကြောင်း မြွက်ဖော် ချက် တောင်းဆိုလျှင် ထိုတောင်းဆိုချက်အပေါ် အကျိုးဆိုက်ရောက် အောင် ပစ္စည်းလက်ရောက်ရလိုကြောင်းကို စွဲဆိုရမည်ဖြစ်သည်။

ယခုအမှုတွင် တရားလိုတို့ တောင်းဆိုသော သက်သာခွင့်မှာ မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးနှင့် အိမ်နှင့်အိမ်ယာ မြေကွက် အရောင်းအဝယ်မှတ်ပုံတင်အမှတ် ၃၂၃/၈၆ နှင့် ၃၂၄/၈၆ တို့မှာ မူလကပင် တရားမဝင်ပျက်ပြယ်ပြီးဖြစ်ကြောင်း မြွက်ဟကြေညာ ပေးရန်နှင့် အကျိုးဆက်သက်သာခွင့်အဖြစ် ယင်းစာချုပ်ကို ပယ်ဖျက် ပေးရန် စွဲဆိုခြင်းဖြစ်သည်။

တရားလိုတို့က အချင်းဖြစ်အိမ်နှင့်မြေကို ပိုင်ဆိုင်ကြောင်း

မြွက်ဟကြေညာပေးရန် တောင်းဆိုထားခြင်းမရှိသဖြင့် ပိုင်ဆိုင်မှုအပေါ် အကျိုးဆိုက်ရောက်အောင် လက်ရောက်ရလိုကြောင်း တရားစွဲဆိုရန် မလိုပေ။ တရားပြိုင်အချင်းချင်း ချုပ်ဆိုသည့် အရောင်းအဝယ်စာချုပ်များ ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးရုံမျှဖြင့် တရားလိုတို့သည် အချင်းဖြစ် မြေနှင့်အိမ်ကို လက်ရောက်ရနိုင်မည် မဟုတ်ပေ။ လက်ရောက်ပေးအပ်သည့် သက်သာခွင့်သည် စာချုပ်များ တရားမဝင် ပျက်ပြယ်ခြင်းမှပေါ်ပေါက်သည့် အကျိုးဆက်သက်သာခွင့် မဟုတ်ချေ။

၂၀၀၀
ဒေါ်ကျင်ရီ (ကွယ်လွန်သူ ဦးရွှေလေးယုန်၏ တရားဝင်ကိုယ်စားလှယ်)
ဦးစိန်လှ ပါ ၂
နှင့်
ဒေါ်သန်းကြည် ပါ ၄*
ဒေါ်သန်းကြည် ပါ ၄

ဦးရွှေလေးယုန်နှင့် ဦးစိန်လှတို့က တရားပြိုင်တို့အပေါ် တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်ပုံကို ၎င်းတို့၏ အဆိုလွှာအပိုဒ် ၁၂ တွင် အောက်ပါအတိုင်း အဆိုပြုထားသည်-

> ၁၂။ ယင်းအိမ်နှင့် အိမ်ယာမြေ အရောင်းအဝယ်စာချုပ်မှာ မူလကပင် တရားမဝင် ပျက်ပြယ်နေသည့်အပြင် ယင်းစာချုပ်ကို မဖျက်သိမ်းဘဲ ထားရှိပါက တရားလိုများ၏ ယင်းမြေကွက်နှင့်နေအိမ်၏ အမွေဆက်ခံပိုင်ခွင့်အပေါ် အကြီးအကျယ် ထိခိုက်နစ်နာ ဟန့်တားနေမည်ဖြစ်၍ ယင်းနေအိမ်နှင့် အိမ်ယာမြေကွက် အရောင်းအဝယ်စာချုပ်ကို မူလကပင် တရားမဝင်ပျက်ပြယ်နေပြီး ဖြစ်ကြောင်း တရားစွဲဆိုရန် လိုအပ်လာပါသည်။

တရားလိုတို့က စာချုပ်များသည် မူလကပင် တရားမဝင် ပျက်ပြယ်ကြောင်း မြွက်ဟဒီကရီကို တောင်းဆိုခဲ့ရာ တိုင်းတရားရုံးက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို တရားမဝင်ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးရန်သက်သက် စွဲဆိုနိုင်ပါသလားဟူသည့် ငြင်းချက်ကို ကြားနာပြီးနောက် တရားလိုများသည် အရောင်းအဝယ် မှတ်ပုံတင် စာချုပ်များကို တရားမဝင်ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးရန် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂အရ တရားစွဲဆိုရန် မဟုတ်ဘဲ ယင်းဥပဒေပုဒ်မ ၃၉ အရ စာချုပ်ကို ပယ်ဖျက်ပေးရန် တရားစွဲဆို

၂၀၀၀
ဒေါ်ကျင်ရီ
(ကွယ်လွန်သူ
ဦးရွှေလေးယုန်
၏ တရားဝင်
ကိုယ်စားလှယ်)
ဦးစိန်လှ ပါ ၂
နှင့်
ဒေါ်သန်းကြည်
ပါ ၄
ဒေါ်သန်းကြည်
ပါ ၄

ရမည် ဖြစ်ကြောင်း သုံးသပ်ပြီး အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ကို တရားမဝင် ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးရန်သက်သက် တရားစွဲဆိုနိုင်ခြင်း မရှိကြောင်း ဖြေဆိုသည်။ ထို့နောက် တရားလိုများအား အဆိုလွှာကို ပြင်ဆင်ခွင့်ပြုခဲ့သည်။

တရားလိုတို့၏ ပြင်ဆင်အဆိုလွှာအရ အရောင်းအဝယ်စာချုပ်များ မူလကပင် တရားမဝင်ပျက်ပြယ်ပြီးဖြစ်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် ယင်းစာချုပ်များကို ပယ်ဖျက်ပေးရန် တရားစွဲဆိုသည်။

သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၃၉ အရ စာချုပ်ချုပ်ဆိုရာတွင် မပါဝင်သူ တစ်ဦးဦးသည်လည်း စာချုပ်ကို ပယ်ဖျက်ပေးရန် တောင်းဆိုနိုင်သည်။

ပယ်ဖျက်ပေးစေလိုသော စာချုပ်သည် တရားလို၏အကျိုးနှင့် ဆန့်ကျင်လျှင် သို့မဟုတ် မပယ်ဖျက်ဘဲထားပါက တရားလိုအား အကြီးအကျယ် ထိခိုက်နစ်နာစေမည် ဖြစ်ပါက စာချုပ်ကို ပယ်ဖျက်ပေးရန် စွဲဆိုနိုင်သည်။

အချင်းဖြစ် စာချုပ်များကို မပယ်ဖျက်ဘဲ ထားရှိပါက တရားလိုတို့၏ စာချုပ်ပါပစ္စည်းအပေါ် အမွေဆက်ခံပိုင်ခွင့်ကို ထိခိုက်နစ်နာစေနိုင်သည်ဖြစ်၍ တရားလိုတို့သည် စာချုပ်ပယ်ဖျက်ပေးရန် တရားစွဲဆိုရမည် ဖြစ်သည်။

တရားလိုတို့က အရောင်းအဝယ်စာချုပ်များသည် မူလကပင် ပျက်ပြယ်ပြီးဖြစ်ကြောင်း မြွက်ဟကြေညာပေးရန် ထည့်သွင်းတောင်းခံခဲ့သော်လည်း အမှန်အားဖြင့် ယင်းအကြိုတောင်းခံသည့် သက်သာခွင့်ကို တောင်းခံရန်မလိုဘဲ စာချုပ်များပယ်ဖျက်ပေးရန် တရားစွဲဆိုနိုင်ပေသည်။

သို့ရာတွင် အချင်းဖြစ်စာချုပ်များကို ပယ်ဖျက်ပေးရုံမျှနှင့် တရားလိုတို့သည် ဥပစာကို လက်ရောက်ရခွင့် မရှိပေ။ ဦးရွှေလေးယုန်နှင့် ဦးစိန်လှတို့သည် မူလက အချင်းဖြစ်နေအိမ်တွင် အိမ်ငှားများအဖြစ်

နေထိုင်ခဲ့သည်ဖြစ်ရာ အိမ်ငှားများကို ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေအရသာ ဖယ်ရှားနိုင်မည် ဖြစ်သည်။ သို့ဖြစ်၍ တရားလိုတို့က လက်ရောက်ပေးအပ်ရန် သက်သာခွင့်ကို မတောင်းဆိုခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

၂၀၀၀ ဒေါ်ကျင်ရီ (ကွယ်လွန်သူ ဦးရွှေလေးယုန်၏ တရားဝင် ကိုယ်စားလှယ်) ဦးစိန်လှ ပါ ၂ နှင့် ဒေါ်သန်းကြည် ပါ ၄ ဒေါ်သန်းကြည် ပါ ၄

ထို့ကြောင့် ကြားနာလျက်ရှိသော ပြဿနာများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

(၁) မူလရုံး တရားလိုတို့သည် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟကြေညာသည့် ဒီကရီကို တောင်းခံရန်မလိုဘဲ စာချုပ်ပယ်ဖျက်ပေးစေလိုမှု စွဲဆိုနိုင်သည်ဖြစ်၍ အကျိုးဆက်သက်သာခွင့်အဖြစ် ဥပစာလက်ရောက် မတောင်းဘဲ စာချုပ်ပယ်ဖျက်ပေးရန်သာ တောင်းဆိုခြင်းသည် ဥပဒေအရ မှန်ကန်ကြောင်း၊

(၂) မူလရုံး တရားလိုတို့က စာချုပ် ပယ်ဖျက်ပေးရန် သက်သာခွင့် တောင်းဆိုထားသဖြင့် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟကြေညာသည့် ဒီကရီ တောင်းခံရန် မလိုကြောင်း။

ဤအထူးအယူခံမှု နှစ်မှုလုံးကို တရားရုံးအဆင့်ဆင့် စရိတ်အသီးသီးနှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀၀/- စီ သတ်မှတ်သည်။

+ ၂၀၀၀
ဒီဇင်ဘာလ
၂၉ ရက်

## တရားမအထူးအယူခံမှု

တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊
တရားသူကြီးများဖြစ်ကြသော ဒေါက်တာတင်အောင်အေး
နှင့် ဦးချစ်လွင် တို့ရှေ့တွင်

ခရစ်မက်သဒစ်အသင်းတော်နှင့်ကျောင်းဘဏ္ဍာတော်ထိန်းအဖွဲ့
(၎င်းအသင်း၏ကိုယ်စားလှယ် အသင်း၏အတွင်းရေးမှူး
ဦးမျိုးမြင့်)

နှင့်

ကမာရွတ်ခရစ်တော်မက်သဒစ်အသင်းတော် ပါ ၃*

ဘာသာရေးအသင်းတစ်သင်းက ကိုးကွယ်မှုတူညီသော အခြားဘာသာရေးအသင်းအား အဆောက်အအုံတွင် ဝတ်ပြုကိုးကွယ်ရန် နှစ်ဦးသဘောတူ ကတိစာချုပ်ချုပ်ဆို၍ ခွင့်ပြုထားရာမှ ပြန်လည်ပေးအပ်ရန် ငြင်းဆိုသဖြင့် ဥပစာကိုလက်ရောက်ပြန်လည်ရရှိရန် စွဲဆိုသောအမှုမျိုးသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ တွင် အကျုံးဝင်သောအမှုမျိုးဟုတ်-မဟုတ်။

ဆုံးဖြတ်ချက်။ ။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ နှင့် အကျုံးဝင်ရန်အလို့ငှာ ပထမဆုံးလိုအပ်ချက်မှာ အများပြည်သူနှင့်သက်ဆိုင်သော

---

* ၁၉၉၇ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၆၉

\+ ၁၉၉၄ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၈၅ တွင် ချမှတ်သော ၂၄-၁၀-၉၅ ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံမှု

လျှုဒါန်းမှုကိစ္စအတွက် သို့မဟုတ် သာသနာရေးကိစ္စအတွက် သို့မဟုတ် သာသနာရေးကိစ္စအတွက် ပြုလုပ်ထားသော ယုံမှတ်အပ်နှံမှု တည်ရှိနေခြင်းပင် ဖြစ်သည်။ ထိုကဲ့သို့ ယုံမှတ်အပ်နှံမှုမတည်ရှိလျှင် တရားရုံးမှ ထိုပုဒ်မ ၉၂ တွင် ပါရှိသော သက်သာခွင့်များနှင့်ပတ်သက်၍ ဒီကရီချမှတ်ခြင်း မပြုနိုင်၊ ယုံမှတ်အပ်နှံမှုမရှိလျှင် ဤပုဒ်မသည် သက်ဆိုင်မှုမရှိပေ။ **ဦးထွေး** နှင့် **အီး၊အမ်၊ စူလတန်** အမှု[၄] ကို ကြည့်ပါ။

The Trusts Act တွင် "trust" ဆိုသည်မှာ အခြားသူ သို့မဟုတ် အခြားသူနှင့် ပိုင်ရှင်အကျိုးငှာ ပိုင်ရှင်မှ တည်ထားသည့် သို့မဟုတ် လက်ခံကြေညာထားသည့် ယုံကြည်မှုမှ ပေါ်ပေါက်သော ပစ္စည်း ပိုင်ဆိုင်ခွင့်နှင့်အတူ တွဲဖက်ပါရှိသည့် တာဝန်ဖြစ်သည်ဟု အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်-

> A "trust" is an obligation annexed to the ownership of property, and arising out of a confidence reposed in and accepted by the owner, or declared and accepted by him, for the benefit of another, or of another and the owner;

တရားလို၏ အဆိုလွှာတွင် တရားလိုက တရားပြိုင်အား ထိုကဲ့သို့ ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် တွဲဖက်ပါရှိသည့် တာဝန်မျိုးကို ယုံမှတ်အပ်နှံထားကြောင်း ဖော်ပြမထားသဖြင့် ယုံမှတ်အပ်နှံမှု မရှိဟု ဆိုရပေမည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ နှင့် အကျုံးဝင်ရန် လိုအပ်သည့် ဒုတိယအချက်မှာ အများပြည်သူနှင့် သက်ဆိုင်သော လျှုဒါန်းမှုကိစ္စအတွက် သို့မဟုတ် သာသနာရေးကိစ္စအတွက် ပြုလုပ်ထားသော ယုံမှတ်အပ်နှံမှုကို ဖောက်ဖျက်ခြင်း ဖြစ်သည်။

၂၀၀၀
ခရစ်မက်သဒစ် အသင်းတော်နှင့် ကျောင်းဘဏ္ဍာ တော်ထိန်းအဖွဲ့ (၎င်းအသင်း၏ ကိုယ်စားလှယ် အသင်း၏ အတွင်းရေးမှူး ဦးမျိုးမြင့်) နှင့် ကမာရွတ် ခရစ်တော် မက်သဒစ် အသင်းတော် ပါ ၄

၂၀၀၀
ခရစ်မက်သဒစ်
အသင်းတော်နှင့်
ကျောင်းဘဏ္ဍာ
တော်ထိန်းအဖွဲ့
(၎င်းအသင်း၏
ကိုယ်စားလှယ်
အသင်း၏
အတွင်းရေးမှူး
ဦးမျိုးမြင့်)
နှင့်
ကမာရွတ်
ခရစ်တော်
မက်သဒစ်
အသင်းတော်
ပါ ၃

The Trusts Act တွင် ယုံမှတ်အပ်နှံမှု ဖောက်ဖျက်ခြင်းကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်သည်-

a breach of any duty imposed on a trustee, as such, by any law for the time being in force, is called a "breach of trust",

ယုံမှတ်အပ်နှံခံရသူထံတင်ရှိသည့် တာဝန်တစ်ခုခု ဖောက်ဖျက်ခြင်းသည် ယုံမှတ်အပ်နှံမှု ဖောက်ဖျက်ခြင်းဖြစ်ရာ တရားလိုက တရားပြိုင်သည် ၎င်းထံတင်ရှိသည့် တာဝန်တစ်ခုခုကို ဖောက်ဖျက်ကြောင်း စွပ်စွဲမှုမရှိသဖြင့် တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ နှင့် အကျုံးမဝင်ချေ။

ထပ်မံဆုံးဖြတ်ချက်။ ။ အများပြည်သူနှင့်သက်ဆိုင်သော လှူဒါန်းမှုကိစ္စအတွက်သော်လည်းကောင်း၊ သာသနာရေးကိစ္စအတွက်သော်လည်းကောင်း ပြုလုပ်ထားသော ယုံမှတ်အပ်နှံမှုကို ဖောက်ဖျက်ကြောင်း စွပ်စွဲသည့်ကိစ္စတွင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ (၁) (က) မှ (ဇ) ထိတွင် ဖော်ပြထားသည့် ကိစ္စတစ်ရပ်ရပ်အတွက် တရားစွဲဆိုသည့်အမှုမျိုးသာ ရှေ့နေချုပ်၏ သဘောတူခွင့်ပြုချက် ရယူရန် လိုသည်။

အယူခံတရားလိုများအတွက် - ဦးကျား၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်များအတွက် - (၁) ကိုယ်တိုင် - မလာ
(၂) ဦးကြီးစိန်
တရားရုံးချုပ်ရှေ့နေ၊
(၃) အသင်း၏ ကိုယ်စားလှယ်
ဦးမြင့်သန်းလာသည်။

ရန်ကုန်တိုင်းတရားရုံး၊ ၁၉၉၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၈ တွင် အယူခံတရားလို ခရစ်တော်မက်သဒစ်အသင်းတော်နှင့် ကျောင်းဘဏ္ဍာတော်ထိန်းအဖွဲ့က အသင်းကိုယ်စား အသင်း၏ အတွင်းရေးမှူး ဦးမျိုးမြင့်မှတစ်ဆင့် အယူခံတရားပြိုင်များဖြစ်ကြသည့် ကမာရွတ် ခရစ်တော်မက်သဒစ်အသင်းတော်နှင့် လမ်းမတော် ခရစ်တော်မက်သဒစ်အသင်းတော်တို့အပေါ် ဘုရားဝတ်ပြုရန် အခမဲ့ယာယီ သုံးစွဲခွင့်ပေးထားသော လမ်းမတော်မြို့နယ် ကျုံးကြီးလမ်း၊ အမှတ် ၂၃၀/၂၃၄ လေးထပ်အဆောက်အအုံ၏ မြေညီထပ်ကို ပြန်လည် လက်ရောက်ရလိုမှု စွဲဆိုသည်။ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) ဌာနချုပ်က ၎င်းကိုယ်စား ပစ္စည်းထိန်းကိုယ်စားလှယ် ဦးမြင့်သန်းက အမှုတွင် တရားပြိုင်အဖြစ် ပါဝင်ခဲ့သည်။ တိုင်းတရားရုံးက ယခုအမှုကို ဤပုံစံအတိုင်း စွဲဆိုခွင့်မရှိဟု အမှတ် (၁) ပဏာမငြင်းချက်ကို ဖြေဆိုပြီးနောက် အယူခံတရားလို စွဲဆိုသောအမှုကို ပလပ်သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို မကျေနပ်သဖြင့် အယူခံတရားလိုက တရားရုံးချုပ်သို့ အယူခံဝင်ရောက်သော်လည်း အောင်မြင်ခြင်း မရှိပေ။ အယူခံတရားလိုက တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို ပြန်လည်စစ်ဆေးစီရင်ပေးရန် ၁၉၈၈ ခုနှစ်၊ တရားစီရင်ရေးဥပဒေ ပုဒ်မ ၆ အရ လျှောက်ထားသည့်အခါ တရားရုံးချုပ် အထူးခုံရုံးက အောက်ပါပြဿနာကို အထူးအယူခံခုံရုံးဖြင့် ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

> "ဘာသာရေးအသင်း တစ်သင်းက ကိုးကွယ်မှု တူညီသော အခြားဘာသာရေးအသင်းအား အဆောက်အအုံတွင် ဝတ်ပြုရန် နှစ်ဦးသဘောတူ ကတိစာချုပ် ချုပ်ဆို၍ ခွင့်ပြုထားရာမှ ပြန်လည်ပေးအပ်ရန် ငြင်းဆိုသဖြင့် ဥပစာကို လက်ရောက်ပြန်လည်ရရှိရန် စွဲဆိုသောအမှုမျိုးသည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၉၂ တွင် အကျုံးဝင်သော အမှုမျိုးဟုတ်-မဟုတ်။

၂၀၀၀

ခရစ်မက်သဒစ်အသင်းတော်နှင့်ကျောင်းဘဏ္ဍာတော်ထိန်းအဖွဲ့ (၎င်းအသင်း၏ကိုယ်စားလှယ်အသင်း၏အတွင်းရေးမှူး ဦးမျိုးမြင့်)
နှင့်
ကမာရွတ်ခရစ်တော်မက်သဒစ်အသင်းတော် ပါ ၃

| ၂၀၀၀ |
|---|
| ခရစ်မက်သဒစ် အသင်းတော်နှင့် ကျောင်းဘဏ္ဍာ တော်ထိန်းအဖွဲ့ (၎င်းအသင်း၏ ကိုယ်စားလှယ် အသင်း၏ အတွင်းရေးမှူး ဦးမျိုးမြင့်) နှင့် ကမာရွတ် ခရစ်တော် မက်သဒစ် အသင်းတော် ပါ ၃ |

အယူခံတရားလို၏ရှေ့နေက တရားလိုက တရားပြိုင်အသင်းအား ဘုရားဝတ်ပြုရန် အသုံးပြုခွင့်ပေးထားသော အဆောက်အအုံကို ပြန်လည်တောင်းခံရာ၌ ငြင်းဆန်ခြင်းသည် တရားပြိုင်တို့က ယုံမှတ်အပ်နှံမှု ဖောက်ဖျက်ခဲ့ခြင်းအပေါ် အကြောင်းပြု၍ စွဲဆိုရာရောက်သည်ဟု သုံးသပ်ခဲ့ခြင်းမှာ လုံးဝမှားကြောင်း၊ အမှုမှာ ဘာသာရေးအသင်းတစ်သင်းက ကိုးကွယ်မှုတူညီသူ အသင်းအား အဆောက်အအုံကို ဝတ်ပြုရန် ခွင့်ပြုထားရာမှ ပြန်မပေးသဖြင့် စွဲဆိုသည့်အမှုဖြစ်ရာ ယင်းအမှုကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ တွင် အကျုံးဝင်သည်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်၍ နောင်လွဲမှားသည့် သာဓကတစ်ရပ်ဖြစ်နိုင်ကြောင်း၊ ခွင့်ပြုခြင်းခံရသည့် အသင်းသည်သော်လည်းကောင်း၊ ခွင့်ပြုသည့် အသင်းသည်သော်လည်းကောင်း Trustee မဟုတ်ကြောင်း၊ သို့ဖြစ်၍ တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ (၁) (ဂ) တွင်လည်း အကျုံးမဝင်ကြောင်း၊ တရားလိုနှင့် တရားပြိုင်တို့သည် ၃-၃-၈၇ နေ့စွဲပါ သဘောတူကတိစာချုပ်တွင် လမ်းမတော်မြို့နယ်၊ ကျုံးကြီးလမ်း၊ အမှတ် ၂၃၀/၂၃၄ (လှည်းတန်းလမ်းနှင့် ကျုံးကြီးလမ်းထောင့်) မြေညီထပ်တွင် တည်ရှိသော ယခင် ခရစ်တော်မက်သဒစ်အသင်းတော် ဝတ်ပြုခန်းမဆောင်ကို ယခု ခရစ်တော်မက်သဒစ်အသင်းတော် အမှတ် ၃၊ သုခလမ်း၊ ကမာရွတ် အုပ်ချုပ်မှုအောက်ရှိ ဧဝံဂေလိဌာနအား ဘုရားဝတ်ပြုခြင်း သီးသန့်အတွက်သာ အသုံးပြုခွင့်ပေးကြောင်း၊ အသုံးပြုခွင့်ပေးကာလမှာ ၁၉၈၇ ခုနှစ်၊ မတ်လ ၃ ရက်နေ့မှ အစပြု၍ ၎င်းဧဝံဂေလိဌာနသည် သီးခြား ဒေသန္တရအသင်းတော် မဖြစ်မြောက်မီအထိသာလျှင် ဖြစ်ကြောင်း၊ သီးခြား ဒေသန္တရအသင်းတော်တစ်ပါး ဖြစ်မြောက်လာသောအခါ ဆက်လက်အသုံးပြုလိုပါက ဖြစ်ပေါ်လာသော သီးခြား ဒေသန္တရအသင်းတော် အမည်သစ်နှင့် သဘောတူစာချုပ်အသစ်တစ်ခု ထပ်မံချုပ်ဆိုရမည်ဖြစ်ကြောင်း၊ အသုံးပြုခြင်း မလိုအပ်သည်ဖြစ်စေ၊ အသုံးပြုရန် စာချုပ်ပါကာလ ကုန်ဆုံးသည်ဖြစ်စေ၊

၂၀၀၀
ခရစ်မက်သဒစ်
အသင်းတော်နှင့်
ကျောင်းဘဏ္ဍာ
တော်ထိန်းအဖွဲ့
(၎င်းအသင်း၏
ကိုယ်စားလှယ်
အသင်း၏
အတွင်းရေးမှူး
ဦးမျိုးမြင့်)
နှင့်
ကမာရွတ်
ခရစ်တော်
မက်သဒစ်
အသင်းတော်
ပါ ၃

အဆိုပါဥပစာကို ခရစ်တော်မက်သဒစ်အသင်းတော် ၁၀၅၊ ကျုံးကြီး လမ်းသို့ အေးဆေးစွာ ပြန်လည်ပေးအပ်ရမည်ဖြစ်ကြောင်းဟု ဖော်ပြထားကြောင်း၊ သို့ဖြစ်ရာ ယင်းစာချုပ်အရ ဘာသာရေးအသင်းတစ်သင်းက ကိုးကွယ်ဝတ်ပြုမှု တူညီသော အခြားအသင်းတစ်သင်းအား ဘုရားဝတ်ပြုရန်အတွက် အသုံးပြုခွင့်ပေးသည့် သာမန်စာချုပ်တစ်ရပ်သာ ဖြစ်ကြောင်း အထင်အရှားပေါ်ပေါက်ပါလျက် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၉၂ နှင့် အကျုံးဝင်သည်ဟု ဆုံးဖြတ်ခဲ့ခြင်းမှာ ဥပဒေအရ လုံးလုံးလျားလျား လွဲမှားကြောင်း လျှောက်လဲတင်ပြသည်။

အမှတ် ၂ အယူခံတရားပြိုင်၏ရှေ့နေက ယခုအမှုတွင် မူလရုံးတရားလို၏ စွဲဆိုမှုမှာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ အရ စွဲဆိုရမည့် အမှုမျိုးဟုတ်မဟုတ်ကို စိစစ်ရာ၌ အဓိကအားဖြင့် အချက် ၄ ချက်နှင့် ပြည့်စုံရန်လိုအပ်ကြောင်း၊ ၎င်းတို့မှာ-

(၁) အများပြည်သူနှင့် သက်ဆိုင်သော အလှူဒါန ကိစ္စအတွက်သော်လည်းကောင်း၊ ဘာသာရေးကိစ္စအတွက် သော်လည်းကောင်း ယုံမှတ်အပ်နှံခြင်းတစ်ရပ် ရှိရမည်။

(၂) အဆိုလွှာ၌ အဆိုပါယုံမှတ်အပ်နှံမှုကို ဖောက်ဖျက်မှု တစ်ရပ်ရှိကြောင်း (သို့) ယုံမှတ်အပ်နှံခြင်းကိစ္စကို စီမံခန့်ခွဲရန်အတွက် တရားရုံး၏ ညွှန်ကြားချက် လိုအပ်နေကြောင်း ဖော်ပြပါရှိရမည်။

(၃) အမှုမှာ တစ်ဦးချင်းပုဂ္ဂိုလ်က ၎င်း၏ ကိုယ်ပိုင် အကျိုးခံစားခွင့်အတွက် စွဲဆိုခြင်းမဟုတ်ဘဲ အများကိုယ်စား တစ်ဦးဦးက ကိုယ်စားပြုစွဲဆိုခြင်း ဖြစ်ရမည်။

(၄) တောင်းဆိုသော သက်သာခွင့်မှာ ပုဒ်မ ၉၂ ပါ ပြဋ္ဌာန်းချက်ပါ သက်သာခွင့်တစ်ရပ်ရပ် ဖြစ်ရမည်ဖြစ်ကြောင်း။

ပထမအချက်အဖြစ် အဆိုလွှာအပိုဒ် ၂ အရ အချင်းဖြစ် အဆောက်အအုံ၏ မြေညီထပ်ကို ဘုရားဝတ်ပြုရန်သက်သက်အတွက်

၂၀၀၀
ခရစ်မက်သဒစ် အသင်းတော်နှင့် ကျောင်းဘဏ္ဍာ တော်ထိန်းအဖွဲ့ (၎င်းအသင်း၏ ကိုယ်စားလှယ် အသင်း၏ အတွင်းရေးမှူး ဦးမျိုးမြင့်) နှင့် ကမာရွတ် ခရစ်တော် မက်သဒစ် အသင်းတော် ပါ ၃

အမှတ် ၂ တရားပြိုင်အား သုံးစွဲခွင့်ပေးထားသည်ဟု ဆိုခြင်းမှာ အနှစ်သာရအားဖြင့် အငှားဖြစ်ပစ္စည်းကို တရားလိုက အမှတ် ၂ တရားပြိုင်အား ယုံမှတ်အပ်နှံထားခြင်းပင် ဖြစ်ကြောင်း၊ ဘုရားဝတ်ပြု ရန်အတွက် သုံးစွဲခွင့်ပေးထားသည်ဟုဆိုသဖြင့် အများပြည်သူနှင့် ဆိုင်သော ဘာသာရေးကိစ္စအလို့ငှာ ယုံမှတ်အပ်နှံခြင်းဖြစ်သည်မှာ ထင်ရှားကြောင်း၊ ဒုတိယအချက်အဖြစ် အဆိုလွှာအပိုဒ် ၆ ၌ အမှတ် ၂ တရားပြိုင်အသင်းအား အငှားဖြစ်ဥပစာကို သုံးစွဲခွင့်ပြုကာလ ကုန်ဆုံးရပ်စဲပြီးဖြစ်သော်လည်း တရားလိုအား ပြန်မပေးသည့်သဘော ဖော်ပြချက်သည်လည်းကောင်း တရားလို၏ဥပစာအပေါ် စီမံအုပ်ချုပ် ဆောင်ရွက်ပိုင်ခွင့်ကို အငြင်းပွားဆန့်ကျင်ခြင်းများ ပြုသည်ဟု စွပ်စွဲ ချက်သည်လည်းကောင်း ယုံမှတ်အပ်နှံမှု ဖောက်ဖျက်ကြောင်း၊ တစ်နည်း စွပ်စွဲရာရောက်ကြောင်း၊ တတိယအချက်အဖြစ် မူလအမှုမှာ တစ်ဦးချင်းပုဂ္ဂိုလ်က ၎င်း၏ကိုယ်ပိုင်အကျိုးခံစားခွင့်အတွက် စွဲဆိုခြင်း မဟုတ်ဘဲ ဘဏ္ဍာတော်ထိန်းအဖွဲ့တစ်ရပ်က အများကိုယ်စားပြု စွဲဆို ခြင်းဖြစ်ကြောင်းလည်း ပေါ်လွင်ကြောင်း၊ စတုတ္ထအချက်အဖြစ် အဆိုလွှာအပိုဒ် ၃ ၌ ၃-၃-၈၇ နေ့စွဲပါ ကတိစာချုပ်အရ အမှတ် ၂ တရားပြိုင်အသင်းအနေဖြင့် သီးခြား ဒေသန္တရအသင်းတော် မဖြစ် မြောက်မီအထိသာလျှင် အခင်းဖြစ်ဥပစာ၌ အသုံးပြုခွင့်ရှိကြောင်း၊ အသုံးပြုကာလကုန်ဆုံးပါက တရားလိုအသင်းသို့ အခင်းဖြစ် ဥပစာကို ပြန်လည်ပေးအပ်ရန် ကတိထားခဲ့ကြောင်း ဖော်ပြချက်မှာ အမှတ် ၂ တရားပြိုင်သည် ယုံမှတ်အပ်နှံထားသောကာလ ကုန်ဆုံးသည်နှင့် တရားလိုအား ယုံမှတ်အပ်နှံခံရသူအသစ်အနေနှင့် လွှဲပြောင်းအပ်နှံရန် သဘောအဓိပ္ပာယ်ပင်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ဘာသာရေးအသင်း တစ်သင်းက ကိုးကွယ်မှုတူညီသော အခြားဘာသာရေးအသင်းအား အဆောက်အအုံတွင် ဝတ်ပြုရန် နှစ်ဦးသဘောတူကတိစာချုပ် ချုပ်ဆို ၍ ခွင့်ပြုထားခဲ့ရာမှ ပြန်လည်ပေးအပ်ရန် ငြင်းဆိုသဖြင့် ဥပစာကို

လက်ရောက် ပြန်လည်ရရှိရန် စွဲဆိုသောအမှုမျိုးသည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၉၂ တွင် အကျုံးဝင်သော အမှုမျိုးဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

အမှတ် ၃ အယူခံတရားပြိုင်က အယူခံတရားလို၏ တင်ပြလျှောက်ထားချက်မှာ မှားယွင်းနေကြောင်း၊ "ဘာသာရေးအသင်းတစ်သင်းက ကိုးကွယ်မှုတူညီသော အခြားဘာသာရေးအသင်းအားအဆောက်အအုံတစ်ခုကို ဝတ်ပြုရန် အသုံးပြုခွင့်ပေးထားခြင်း" ဆိုသည်မှာ မှားယွင်းကြောင်း၊ အမှန်မှာမူ ဗဟိုအုပ်ချုပ်မှုစနစ်ဖြင့်အုပ်ချုပ်လျက်ရှိသည့် တစ်ခုတည်းသော မက်သဒစ်အသင်းတော်ဌာနချုပ်အောက်ရှိ အသင်းအဖွဲ့များသာဖြစ်၍ မူလကတည်းကပင် မက်သဒစ်အသင်းသားတိုင်း အသုံးပြုခွင့်ရှိသည့် မွေးရာပါ အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ခုတည်းသော အဖွဲ့အစည်းအောက်ရှိ ဂေါပကအဖွဲ့များ အချင်းချင်း ဖြစ်ပွားကြခြင်းသာ ဖြစ်ပါ၍အသုံးပြုခွင့်ပေးထားသော ဂေါပကအဖွဲ့ကို ဖယ်ရှားပြီးမှ လက်ရောက်ရယူရန်သာ ဖြစ်ပါသောကြောင့် တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ (၁)(ဂ) တွင် အကျုံးဝင်သော အမှုအမျိုးအစားသာဖြစ်ကြောင်း၊ သို့ပါ၍တရားရုံးချုပ်၏ ၁၉၉၄ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၈၅ တွင် ဆုံးဖြတ်ချက်ပြု ထားသည်မှာ မှားယွင်းမှု မရှိပါသောကြောင့်အယူခံမှုအား ပလပ်ပေးပါရန် လျှောက်လဲတင်ပြသည်။

အယူခံတရားလို ခရစ်တော် မက်သဒစ်အသင်းတော်နှင့်ကျောင်းဘဏ္ဍာတော်ထိန်းအဖွဲ့က လမ်းမတော်မြို့နယ်၊ ကျုံးကြီးလမ်း၊ အမှတ် ၂၃၀/၂၃၄ ဟု ခေါ်တွင်သည့် ၄ ထပ်အဆောက်အအုံကိုပိုင်ရှင်အဖြစ် စီမံခန့်ခွဲ ထိန်းသိမ်း ဆောင်ရွက်ပိုင်ခွင့် ရရှိကြောင်း၊အမှတ် ၂ အယူခံတရားပြိုင်ဖြစ်သော လမ်းမတော် ခရစ်တော်မက်သဒစ်အသင်းတော်သည် ဝတ်ပြုရန်နေရာ အခက်အခဲရှိသောကြောင့် အမှတ် ၁ အယူခံတရားပြိုင် ကမာရွတ် ခရစ်တော်မက်သဒစ်

၂၀၀၀
ခရစ်မက်သဒစ်
အသင်းတော်နှင့်
ကျောင်းဘဏ္ဍာ
တော်ထိန်းအဖွဲ့
(၎င်းအသင်း၏
ကိုယ်စားလှယ်
အသင်း၏
အတွင်းရေးမှူး
ဦးမျိုးမြင့်)
နှင့်
ကမာရွတ်
ခရစ်တော်
မက်သဒစ်
အသင်းတော်
ပါ ၃

အသင်းတော်၏ မေတ္တာရပ်ခံချက်အရ အယူခံတရားလိုက အချင်းဖြစ် အဆောက်အအုံ မြေညီထပ်ကို ဘုရားဝတ်ပြုရန်သက်သက်အတွက် အခမဲ့ယာယီ သုံးစွဲခွင့်ပေးခဲ့ကြောင်း၊ အချင်းဖြစ်ဥပစာကို ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနသို့ လွှဲပြောင်းပေးရန် အကြောင်းပေါ်လာသဖြင့် ဝတ်ပြုရန် သုံးစွဲခွင့်ပြုထားခြင်းကို ရုပ်သိမ်းပြီး အမှတ် ၂ အယူခံတရားပြိုင်အား အချင်းဖြစ်ဥပစာမှ ဖယ်ရှား၍ အယူခံတရားလိုအား လက်ရောက်ပေးရန် တရားစွဲဆိုခြင်းဖြစ်ကြောင်း အဆိုပြုသည်။

အယူခံတရားပြိုင်တို့က အခြားအချက်များအပြင် အယူခံတရားလို အသင်းတော်သည် အသင်းတော် ခရစ်ယာန်ဘာသာဝင် အချင်းချင်း အုပ်ချုပ်ပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိ-မရှိကိစ္စကို ဘုရားရှိခိုးကျောင်းနှင့် ကျောင်းပိုင်အဆောက်အအုံများအား လက်ရောက်ရလိုမှု စွဲဆိုဆောင်ရွက်ထားသဖြင့် အမှုပုံစံမှားယွင်းနေကြောင်း၊ တရားစွဲဆိုရန် သာသနာရေးဦးစီးဌာန၏ ခွင့်ပြုချက်မရှိကြောင်း ချေပသည်။

တိုင်းတရားရုံးက တရားလိုနှင့် တရားပြိုင်များမှာ အများဆိုင်ရာ ဘာသာရေး၊ သာသနာရေး အသင်းအဖွဲ့များ ဖြစ်ကြောင်း၊ ၎င်းတို့အသင်းအချင်းချင်း ပစ္စည်းများ လွှဲပြောင်းပေးမှုနှင့် ပြန်လည်ရယူလိုမှုများ စွဲဆိုခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယခုအမှုမှာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ (၁) (ဂ) အရ ပစ္စည်းတစ်စုံတစ်ရာကို ယုံမှတ်အပ်နှံခံရသူတစ်ဦးဦးသို့ အပ်နှင်းရန်၊ ယင်းဥပဒေပုဒ်မ ၉၂ (၁) (ဇ) အရ သင့်လျော်ရာ အခြားသက်သာခွင့်များကို ပေးအပ်ရန် ဒီကရီရရှိအောင် တရားစွဲဆိုမှုများဖြစ်ကြောင်း၊ ထို့ကြောင့် ရှေ့နေချုပ်၏ ခွင့်ပြုလက်မှတ်ရရှိသူ တစ်ဦးကဖြစ်စေ၊ အများကဖြစ်စေ တရားစွဲဆိုရန်ဖြစ်ကြောင်း၊ ယခုအမှုတွင် ရှေ့နေချုပ်ရုံး၏ ခွင့်ပြုချက်ကို တင်ပြနိုင်ခြင်းမရှိ၍ တရားစွဲဆိုသည့်ပုံစံ မှန်ကန်ခြင်းမရှိကြောင်း သုံးသပ်၍ အယူခံတရားလို၏အဆိုလွှာကို ပလပ်ခဲ့သည်။

၂၀၀၀
ခရစ်မက်သဒစ် အသင်းတော်နှင့် ကျောင်းဘဏ္ဍာ တော်ထိန်းအဖွဲ့ (၎င်းအသင်း၏ ကိုယ်စားလှယ် အသင်း၏ အတွင်းရေးမှူး ဦးမျိုးမြင့်) နှင့် ကမာရွတ် ခရစ်တော် မက်သဒစ် အသင်းတော် ပါ ၃

တရားရုံးချုပ်က ယခုအမှုမှာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ (၁) (ဂ) တွင် အကျုံးဝင်သော အမှုမျိုးမဟုတ်ဟုဆိုရန် ခဲယဉ်းကြောင်း၊ ပုဒ်မ ၉၂ (၁) (ဇ) တွင် တိုက်ရိုက်အကျုံးဝင်သည်ဟု မဆိုနိုင်စေကာမူ ပုဒ်မ ၉၂ (၁) (ဂ) တွင် အကျုံးဝင်သည်ဟုဆိုနိုင်ကြောင်း သုံးသပ်ပြီး မူလရုံး၏အမိန့်ကို အတည်ပြုသည်။

ဤအထူးအယူခံမှုတွင် စိစစ်ရမည့်အချက်မှာ အယူခံတရားလို စွဲဆိုသည့် အမှုသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ တွင် အကျုံးဝင်သည့် အမှုဟုတ်-မဟုတ် ဖြစ်သည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

၉၂ (၁)။ အများပြည်သူနှင့် သက်ဆိုင်သော လှူဒါန်းမှုကိစ္စ အတွက်သော်လည်းကောင်း၊ သာသနာရေးကိစ္စ အတွက်သော်လည်းကောင်း၊ x x x ပြုလုပ်ထားသော ယုံမှတ်အပ်နှံမှုကို ဖောက်ဖျက်ကြောင်း စွပ်စွဲသည့်ကိစ္စ၊ သို့မဟုတ် အဆိုပါယုံမှတ်အပ်နှံမှု တစ်ခုခုကို စီမံခန့်ခွဲရန်အတွက် တရားရုံး၏ ညွှန်ကြားချက် လိုအပ်သည်ဟု မှတ်ယူသောကိစ္စ တွင် ရှေ့နေချုပ်ကသော်လည်းကောင်း၊ x x x ရှေ့နေချုပ်၏ ခွင့်ပြုချက်ကိုရရှိသူ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသူများကသော်လည်းကောင်း၊ x x x x တရားရုံးတွင် အောက်ပါကိစ္စ တစ်ရပ်ရပ် အတွက် ဒီကရီရရှိရန်အလို့ငှာ x x x တရားစွဲဆို နိုင်သည်-

(က) ယုံမှတ်အပ်နှံခံရသူကို ထုတ်ပယ်ရန်၊

(ခ) ယုံမှတ်အပ်နှံခံရသူ အသစ်တစ်ဦး ခန့်ထားရန်၊

၂၀၀၀
ခရစ်မက်သဒစ်အသင်းတော်နှင့် ကျောင်းဘဏ္ဍာတော်ထိန်းအဖွဲ့ (၎င်းအသင်း၏ ကိုယ်စားလှယ် အသင်း၏ အတွင်းရေးမှူး ဦးမျိုးမြင့်) နှင့် ကမာရွတ် ခရစ်တော် မက်သဒစ် အသင်းတော် ပါ ၃

(ဂ) ပစ္စည်း တစ်ခုခုကို ယုံမှတ်အပ်နှံခံရသူထံ အပ်နှင်းရန်၊

(ဃ) စာရင်း ၊ပြုစုမှုနှင့် စုံစမ်း စစ်ဆေးမှုများကို ညွှန်ကြားရန်၊

(င) ယုံမှတ်အပ်နှံခြင်း၏ ရည်ရွယ်ချက် တစ်ရပ်ရပ်အတွက် ယုံမှတ်အပ်နှံသည့် ပစ္စည်း၏ သို့မဟုတ် ယင်း၌အကျိုးသက်ဆိုင်ခွင့်၏ မည်ရွေ့မည်မျှကို ခွဲဝေချထားရမည် ဖြစ်ကြောင်း မြွက်ဟကြေညာရန်၊

(စ) ယုံမှတ်အပ်နှံသည့် ပစ္စည်းအားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊သို့မဟုတ် လဲလှယ်ခြင်း ပြုနိုင်ရေးအတွက် အခွင့်အာဏာပေးအပ်ရန်၊

(ဆ) စကင်းသတ်မှတ်ရန်၊

(ဇ) အမှု သဘာဝအလျောက် လိုအပ်သော နောက်ထပ်သက်သာခွင့် သို့မဟုတ် အခြား သက်သာခွင့်ကို ခွင့်ပြုရန်။

အမှုအမျိုးအစားနှင့် စီရင်ပိုင်ခွင့်ကို ဆုံးဖြတ်ရာ၌ တရားလို၏ အဆိုလွှာတွင် ပါရှိသည့် စွပ်စွဲချက်များအတိုင်းသာ ဆုံးဖြတ်ရမည် ဖြစ်သည်။ **ဦးချစ်ဖေ နှင့် ဒေါ်မြမေ အမှု**[၁] ကို ကြည့်ပါ။

တရားလို၏အဆိုလွှာ အပိုဒ် ၂ တွင် အောက်ပါအတိုင်း အဆိုပြုထားသည်-

---

(၁) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၇၁၀။

၂။ လွန်ခဲ့သော ၁၉၈၇ ခုနှစ် အတွင်းက တရားပြိုင်အမှတ် ၂ အသင်းသည် တရားပြိုင်အမှတ် ၁ အသင်း၏ လက်အောက်ခံအနေဖြင့် ရှိနေပြီး၊ ဇဝံဂေလိအမည်ဖြင့် ရပ်တည်ကာ ဝတ်ပြုရန်နေရာ အခက်အခဲရှိနေခြင်းကြောင့် တရားပြိုင်အမှတ် ၁ အသင်း၏ မေတ္တာရပ်ခံချက်အရ ၃-၃-၈၇ နေ့စွဲပါ ကတိစာချုပ်ချုပ်ဆိုစေလျက် တရားပြိုင်အမှတ် ၂ အသင်းကို တရားလိုအသင်းက ဖော်ပြပါ အခင်းဖြစ် အဆောက်အအုံ၏ မြေညီထပ်လွှာ၌ ဘုရားဝတ်ပြုရန်သက်သက်အတွက် အခမဲ့ယာယီ သုံးစွဲခွင့်ပေးထားခဲ့သည်။

တရားလို၏အဆိုလွှာ အပိုဒ် ၂ အရ တရားလိုက အမှတ် ၂ တရားပြိုင်အား အချင်းဖြစ်ဥပစာ၏ မြေညီထပ်၌ ဝတ်ပြုကိုးကွယ်ရန် အခမဲ့ခွင့်ပြုချက်ပေးခဲ့ကြောင်း ပေါ်ပေါက်သည်။

အဆိုလွှာအပိုဒ် ၅ တွင် အချင်းဖြစ်ဥပစာ၌ ဝတ်ပြုသုံးစွဲရန် ခွင့်ပြုထားခြင်းကို ရုပ်သိမ်းပြီး တရားပြိုင်အား ဥပစာမှ ဖယ်ရှားပေးရန် တောင်းဆိုခဲ့ကြောင်း ဖော်ပြထားသည်။

သို့ဖြစ်ရာ တရားလိုစွဲဆိုသော အမှုသည် ဝတ်ပြုကိုးကွယ်ရန် ခွင့်ပြုချက်ဖြင့်ထားသူအား ဖယ်ရှားပေးစေလိုမှုဖြစ်ကြောင်း တွေ့ရှိရသည်။

ဝတ်ပြုရန် ခွင့်ပြုချက်ပေးခြင်းသည် ယုံမှတ်အပ်နှံခြင်း မဟုတ်ပေ။ အခမဲ့ခွင့်ပြုချက်အရ နေထိုင်သူတစ်ဦးမှာ ပစ္စည်းတွင် မည်သည့် အကျိုးခံစားခွင့်မှမရကြောင်း အက်စ်ယာရာဂျူး နှင့် ရန်ကုန်မြို့ လက်ထောက်ဌာနရမ်းခကြီးကြပ်ရေးဝန် အမှု[၂]၊ ကိုမောင်ကလေး နှင့် မအုန်းညွန့် အမှု[၃] များတွင် ထုံးဖွဲ့ထားသည်။

---

(၂) ၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (လွှတ်တော်ချုပ်)၊ စာ-၁၀။
(၃) ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၅၁၅ (၅၂၀)။

၂၀၀၀
ခရစ်မက်သဒစ်
အသင်းတော်နှင့်
ကျောင်းဘဏ္ဍာ
တော်ထိန်းအဖွဲ့
(၎င်းအသင်း၏
ကိုယ်စားလှယ်
အသင်း၏
အတွင်းရေးမှူး
ဦးမျိုးမြင့်)
နှင့်
ကမာရွတ်
ခရစ်တော်
မက်သဒစ်
အသင်းတော်
ပါ ၃

အမှတ် ၂ တရားပြိုင်က အချင်းဖြစ်ဥပစာ၌ ဘုရားဝတ်ပြုခွင့် ရရှိခြင်းမှာ တရားလိုက ခွင့်ပြုသောကြောင့် ဖြစ်သည်။ ခွင့်ပြုချက်ကို ရုပ်သိမ်းလိုက်ပါက ထိုအခွင့်အရေး ရရှိမည်မဟုတ်တော့ပေ။ သို့ဖြစ်၍ တရားလို၏ အဆိုလွှာအရ ယုံမှတ်အပ်နှံမှု မရှိသဖြင့် အမှတ် ၂ တရားပြိုင်သည် ယုံမှတ်အပ်နှံခံရသူ မဟုတ်ကြောင်း ပေါ်ပေါက်သည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ နှင့် အကျုံးဝင်ရန်အလို့ငှာ ပထမဆုံးလိုအပ်ချက်မှာ အများပြည်သူနှင့်သက်ဆိုင်သော လူ့ဒါန်းမှု ကိစ္စအတွက် သို့မဟုတ် သာသနာရေးကိစ္စအတွက် ပြုလုပ်ထားသော ယုံမှတ်အပ်နှံမှု တည်ရှိနေခြင်းပင် ဖြစ်သည်။ ထိုကဲ့သို့ ယုံမှတ်အပ်နှံမှု မတည်ရှိလျှင် တရားရုံးမှ ထိုပုဒ်မ ၉၂ တွင် ပါရှိသော သက်သာခွင့်များနှင့်ပတ်သက်၍ ဒီကရီချမှတ်ခြင်း မပြုနိုင်၊ ယုံမှတ်အပ်နှံမှု မရှိလျှင် ဤပုဒ်မသည် သက်ဆိုင်မှုမရှိပေ။ **ဦးထွေး နှင့် အီးအမ်၊ စူလတန် အမှု**[၄] ကို ကြည့်ပါ။

The Trusts Act တွင် "trust" ဆိုသည်မှာ အခြားသူ သို့မဟုတ် အခြားသူနှင့် ပိုင်ရှင်တို့အကျိုးငှာ ပိုင်ရှင်မှ တည်ထားသည့် သို့မဟုတ် လက်ခံကြေညာထားသည့် ယုံကြည်မှုမှ ပေါ်ပေါက်သော ပစ္စည်းပိုင်ဆိုင်ခွင့်နှင့်အတူ တွဲဖက်ပါရှိသည့် တာဝန်ဖြစ်သည်ဟု အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်-

> A "trust" is an obligation annexed to the ownership of property, and arising out of a confidence reposed in and accepted by the owner, or declared and accepted by him, for the benefit of another, or of another and the owner;

---

(၄) ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၃၂။

တရားလို၏ အဆိုလွှာတွင် တရားလိုက တရားပြိုင်အား ထိုကဲ့သို့ ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် တွဲဖက်ပါရှိသည့် တာဝန်မျိုးကို ယုံမှတ်အပ်နှံထားကြောင်း ဖော်ပြမထားသဖြင့် ယုံမှတ်အပ်နှံမှု မရှိဟု ဆိုရပေမည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ နှင့် အကျုံးဝင်ရန် လိုအပ်သည့် ဒုတိယအချက်မှာ အများပြည်သူနှင့်သက်ဆိုင်သော လှူဒါန်းမှုကိစ္စအတွက် သို့မဟုတ် သာသာနာရေးကိစ္စအတွက် ပြုလုပ်ထားသော ယုံမှတ်အပ်နှံမှုကို ဖောက်ဖျက်ခြင်း ဖြစ်သည်။

The Trust Act တွင် ယုံမှတ်အပ်နှံမှု ဖောက်ဖျက်ခြင်းကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်သည်-

> a breach of any duty imposed on a trustee, as such, by any law for the time being in force, is called a "breach of trust"

ယုံမှတ်အပ်နှံခံရသူထံတင်ရှိသည့် တာဝန်တစ်ခုခု ဖောက်ဖျက်ခြင်းသည် ယုံမှတ်အပ်နှံမှု ဖောက်ဖျက်ခြင်းဖြစ်ရာ တရားလိုက တရားပြိုင်သည် ၎င်းထံတင်ရှိသည့် တာဝန်တစ်ခုခုကို ဖောက်ဖျက်ကြောင်း စွပ်စွဲမှုမရှိသဖြင့် တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ နှင့် အကျုံးမဝင်ချေ။

အများပြည်သူနှင့်သက်ဆိုင်သော လှူဒါန်းမှုကိစ္စအတွက်သော်လည်းကောင်း၊ သာသနာရေးကိစ္စအတွက်သော်လည်းကောင်း ပြုလုပ်ထားသော ယုံမှတ်အပ်နှံမှုကို ဖောက်ဖျက်ကြောင်း စွပ်စွဲသည့်ကိစ္စတွင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ (၁) (က) မှ (ဇ) အထိတွင် ဖော်ပြထားသည့် ကိစ္စတစ်ရပ်ရပ်အတွက် တရားစွဲဆိုသည့် အမှုမျိုးသာ ရှေ့နေချုပ်၏ သဘောတူခွင့်ပြုချက် ရယူရန်လိုသည်။

တရားလို တရားစွဲတောင်းဆိုသည့် သက်သာခွင့်မှာ ယင်းပုဒ်မ ၉၂ (၁) (က) မှ (ဇ) အထိတွင် ဖော်ပြထားသည့် သက်သာခွင့်ရှစ်မျိုးတွင် ပါဝင်ခြင်းမရှိပေ။

၂၀၀၀
ခရစ်မက်သဒစ် အသင်းတော်နှင့် ကျောင်းဘဏ္ဍာတော်ထိန်းအဖွဲ့ (၎င်းအသင်း၏ ကိုယ်စားလှယ် အသင်း၏ အတွင်းရေးမှူး ဦးမျိုးမြင့်) နှင့် ကမာရွတ် ခရစ်တော် မက်သဒစ် အသင်းတော် ပါ ၃

တရားရုံးချုပ်က အဆိုလွှာအရ တရားပြိုင်တို့ အသင်းတော်အား ဘုရားဝတ်ပြုရန်ကိစ္စသက်သက်အတွက် စာချုပ်ဖြင့် ခေတ္တအသုံးပြုခွင့်ပေးထားရာမှ တရားလိုအသင်းတော်က ပြန်လည်တောင်းခံရာ ငြင်းဆန်သည့်အတွက် အမှုစွဲဆိုခြင်းဖြစ်သည် ဆိုသည်။ တစ်နည်းအားဖြင့် တရားပြိုင်တို့က ယုံမှတ်အပ်နှံမှု (Trust) ဖောက်ဖျက်ခဲ့ခြင်းအပေါ် အကြောင်းပြု၍ စွဲဆိုရာရောက်သည်ဟု သုံးသပ်သည်။

တရားရုံးချုပ်၏ သုံးသပ်ချက်အရဆိုလျှင် တရားလိုက ယုံမှတ်အပ်နှံသူဖြစ်ပြီး တရားပြိုင်တို့က ယုံမှတ်အပ်နှံခံရသူ (Trustee) နှင့် ယုံမှတ်အပ်နှံမှုကို ဖောက်ဖျက်သည်ဟု စွပ်စွဲခံရသူတို့ ဖြစ်သည်။

တရားရုံးချုပ်က ယခုအမှုမှာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ (၁) (ဂ) တွင် အကျုံးဝင်သော (to obtain a decree vesting any property in a trustee) အမှုမျိုးမဟုတ်ဟုဆိုရန် ခဲယဉ်းသည်ဟု ဆက်လက်သုံးသပ်သည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ (၁) (ဂ) တွင် ပစ္စည်းတစ်ခုခုကို ယုံမှတ်အပ်နှံခံရသူထံ (vesting any property in a trustee) အပ်နှင်းရန် ဟု ဖော်ပြထားသည်။

တရားလိုသည် ယုံမှတ်အပ်နှံခံရသူ မဟုတ်သည့်အတွက် တရားလိုက အချင်းဖြစ်ဥပစာကို ပြန်လည်လက်ရောက်ရလိုမှု စွဲဆိုခြင်းသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ (၁) (ဂ) တွင် အကျုံးမဝင်ကြောင်း ထင်ရှားမြင်သာသည်။

ဒါလီဖွာအမ်အက်စ်အေဂနီ နှင့် မိုဟာမက်အီဗရာဟင် အမှု[၇] တွင် တရားလိုများက မိမိတို့သည် တရားဝင်ခန့်ထားသော ဂေါပကလူကြီးများဖြစ်ကြောင်း၊ တရားပြိုင်များအား တာဝန်ရှိသူများက ဂေါပကလူကြီးများအဖြစ် ဖယ်ရှားပြီးဖြစ်ကြောင်း အဆိုပြုကာ တရားပြိုင်များ

(၇) ရန်ကုန်၊ အတွဲ- ၉၊ စာ-၄၅၉။

လက်ဝယ်ရှိ လျှုဒါန်းထားသည့်ပစ္စည်းကို လက်ရောက်ရလိုကြောင်း စွဲဆိုသောအမှုသည် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၉၂ တွင် အကျုံးမဝင်ကြောင်းကို အမှုစွဲဆိုရန်အတွက် ရှေ့နေချုပ်၏ သဘောတူညီချက်မလိုကြောင်း ထုံးဖွဲ့ထားသည်။

ဂျွန်ဆင်ဘိုးမင်း ပါ ၂ နှင့် ဦးအိုးနှင့်အခြားသူများ အမှု[၆] တွင်လည်း လျှုဒါန်းထားသည့်ပစ္စည်းမှ ကျူးကျော်သူကို နှင်ထုတ်ခြင်းသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ (၁) (ဂ) တွင် အကျုံးဝင်သောသက်သာခွင့်ကို တောင်းဆိုခြင်းမဟုတ်ကြောင်း၊ ထိုပြဋ္ဌာန်းချက်မှာ ဂေါပကလူကြီးအသစ် ခန့်အပ်သည့်အမှုများကို ရည်ညွှန်းကြောင်း ညွှန်ပြထားသည်။

သို့ဖြစ်၍ ကြားနာလျက်ရှိသော ပြဿနာနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

> "ဘာသာရေးအသင်း တစ်သင်းက ကိုးကွယ်မှု တူညီသော အခြားဘာသာရေးအသင်းအား အဆောက်အအုံတွင် ဝတ်ပြုရန် နှစ်ဦးသဘောတူ ကတိစာချုပ်ချုပ်ဆို၍ ခွင့်ပြုထားခဲ့ရာမှ ပြန်လည်ပေးအပ်ရန် ငြင်းဆိုသဖြင့် ဥပစာကို လက်ရောက်ပြန်လည်ရရှိရန် စွဲဆိုသော အမှုမျိုးသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ တွင် အကျုံးဝင်သောအမှုမျိုးမဟုတ်ကြောင်း၊"

ဤအထူးအယူခံမှုကို ခွင့်ပြု၍ တရားရုံးချုပ်နှင့် တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်လိုက်သည်။ တိုင်းတရားရုံးသည် အယူခံတရားလို စွဲဆိုသည့်အမှုကို မူလအမှုအမှတ်ဖြင့် ပြန်လည်ဖွင့်လှစ်ပြီး ကျန်ငြင်းချက်များကို နှစ်ဖက်သက်သေခံချက်များ ရယူပြီး ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရန် တိုင်းတရားရုံးအား ညွှန်ကြားလိုက်သည်။

(၆) ရန်ကုန်၊ အတွဲ- ၁၀၊ စာ-၃၄၂။

၂၀၀၀

ခရစ်မက်သဒစ် အသင်းတော်နှင့် ကျောင်းဘဏ္ဍာ တော်ထိန်းအဖွဲ့ (၎င်းအသင်း၏ ကိုယ်စားလှယ် အသင်း၏ အတွင်းရေးမှူး ဦးမျိုးမြင့်) နှင့် ကမာရွတ် ခရစ်တော် မက်သဒစ် အသင်းတော် ပါ ၃

ဤအယူခံတွင် ကုန်ကျသော တရားစရိတ်များကို နောက်ဆုံးတွင် အမှုရှုံးသူက အမှုနိုင်သူအား ပေးရမည်။

ဤအယူခံတွင် အယူခံတရားလိုတို့ ထမ်းဆောင်ထားသော ရုံးခွန်ကို ပြန်အမ်းရန်အတွက် လိုအပ်သည့် သက်သေခံလက်မှတ်ကို အယူခံတရားလိုအား ထုတ်ပေးစေ။

ရှေ့နေခ ကျပ် ၁၀၀၀/- သတ်မှတ်သည်။

တရားမပြင်ဆင်မှု

+ ၂၀၀၀
မတ်လ
၂၃ ရက်

တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေးရှေ့တွင်

ဦးခင်မောင်ကြည်
(ကိုယ်တိုင်နှင့် ဒါရိုက်တာအဖွဲ့၊
ပထမပုဂ္ဂလိကဘဏ်လီမိတက်ကိုယ်စား)

နှင့်

မအိဝေဇင်ထွန်း ပါ ၃*

အပေါင်ဒီကရီကို အတည်ပြုရာတွင် ဇာရီရုံးက အပေါင်ပစ္စည်းကို ဝရမ်းဖမ်းဆီးပြီး လေလံတင် ရောင်းချရန် အရောင်း ကြေညာ ထုတ်ဆင့်ခြင်း၊ ဝရမ်းကပ်ခြင်းကို တတိယပုဂ္ဂိုလ် က ကန့်ကွက်မှုရှိသည့်အခါ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁ နည်း ၅၈ ပါ လုပ်ထုံးလုပ်နည်းများအတိုင်း စုံစမ်းမှု ပြုရန်လို-မလို။

ဆုံးဖြတ်ချက်။ ။ ငွေဒီကရီတွင် ငွေကို မပေးဆပ်နိုင်သည့် အတွက် ပစ္စည်းအား ရောင်းချမှုနှင့် အပေါင်မှုကဲ့သို့သော ဒီကရီတွင် ရောင်းချရန် သတ်မှတ်ပြီးဖြစ်သော ပစ္စည်းအား ရောင်းချမှုတို့တွင် ခြားနားမှု ရှိသည်။ ငွေဒီကရီတွင် ငွေကိုမပေးဆပ်နိုင်သည့်အတွက်

---

* ၁၉၉၉ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၅၅၁

\+ ၁၉၉၉ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၇ တွင် ချမှတ်သော ၁၈-၈-၉၉ ရက်စွဲပါ ဧရာဝတီတိုင်းတရားရုံး (ဟင်္သာတခရိုင်) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှုဝင်ရောက်မှု

၂၀၀၀
ဦးခင်မောင်ကြည်
(ကိုယ်တိုင်နှင့်
ဒါရိုက်တာအဖွဲ့
ပထမပုဂ္ဂလိလ
ဘဏ်လီမိတက်
ကိုယ်စား)
နှင့်
မအိဝေဇင်ထွန်း
ပါ ၃

ပစ္စည်းတစ်ရပ်ရပ်ကို ရောင်းချရာတွင် ရောင်းချမည့် ပစ္စည်းသည် တရားရုံး၏ ပစ္စည်းမဟုတ်ဘဲ တတိယလူ၏ပစ္စည်းဖြစ်ပါက တတိယလူ အနေဖြင့် ဇာရီမှုတွင် ဝင်ရောက်ပါဝင် စွက်ဖက်ခွင့်ရှိသည်။ သို့ရာတွင် တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄ အရ ပစ္စည်းရောင်းချရန် ဒီကရီ ဖြစ်သည့်ကိစ္စတွင် ဇာရီတရားရုံးသည် ဒီကရီအရ ရောင်းချရန် အမိန့် ချမှတ်ထားသော ပစ္စည်းကို ရောင်းချပေးရမည် ဖြစ်သည်။ ကန့်ကွက်သူ အနေဖြင့် သီးခြားတရားမမှု စွဲဆိုခြင်းဖြင့် ဖြစ်စေ၊ ပစ္စည်းဝယ်သူအား လက်ရောက်အပ်ပေးရာတွင် ခုခံခြင်းဖြင့်ဖြစ်စေ ကုစားခွင့်သာရှိသည်။ အိုးအာ၊အမ်၊ရာမာဆွာမိချစ်တီးယား နှင့် ဦးထွန်းသာနှင့်တစ်ဦး[၁] စီရင်ထုံးကို ကြည့်ပါ။

**ထပ်မံဆုံးဖြတ်ချက်။** ။ အပေါင်မှုတွင် ချမှတ်သော ရောင်းချရန် ဒီကရီအရ ပစ္စည်းကိုရောင်းချရာတွင် ဝရမ်းကပ်ရန်မလိုပေ။ သို့ရာတွင် ဝရမ်းကပ်သည့် လုပ်ထုံးလုပ်နည်းသည် အပေါင်ဒီကရီနှင့် မသက်ဆိုင် သော်လည်း ပစ္စည်းရောင်းချရာတွင် တရားရုံးက ဝရမ်းကပ်လျှင် ဝရမ်း ကပ်ခြင်းအပေါ် တောင်းဆိုချက်များ သို့မဟုတ် ကန့်ကွက်ချက်များကို လက်ခံရမည် ဖြစ်ပေသည်။ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ဥပဒေ ၅၈ အစရှိသည့် ပြဋ္ဌာန်းချက်များသည် အဆိုပါဝရမ်းကပ်ခြင်း နှင့် သက်ဆိုင်သည်။ မောင်မြထွန်း နှင့် ဦးတိုင်[၂] စီရင်ထုံးကို ကြည့်ပါ။

တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၅၈ (၁) အရ ဒီကရီကို အတည်ပြုရာတွင် ဝရမ်းကပ်သည့်ပစ္စည်းကို ဝရမ်းကပ်ခွင့် မရှိဟုဆိုကာ ၎င်းပစ္စည်းကို ပိုင်ဆိုင်ကြောင်း တောင်းဆိုလျှင်ဖြစ်စေ၊ ဝရမ်းကပ်ခြင်းကို ကန့်ကွက်လျှင်ဖြစ်စေ၊ တရားရုံးသည် တောင်းဆိုသူ သို့မဟုတ် ကန့်ကွက်သူကို စစ်မေးခြင်းမှစ၍ အခြားအကြောင်းအရာ များနှင့်စပ်လျဉ်း၍ ထိုသူမှာ အမှုသည်ဖြစ်ဘိသကဲ့သို့ တောင်းဆိုချက် သို့မဟုတ် ကန့်ကွက်ချက်ကို ဆက်လက်စုံစမ်းရမည် ဖြစ်သည်။

ဇာရီတရားရုံးက အပေါင်မှုတွင် ရောင်းချရန် ဒီကရီကို အတည်ပြုရာ၌ မလိုအပ်ဘဲ ဒီကရီချမှတ်ထားသည့် အပေါင်ပစ္စည်းကို ဝရမ်းစွဲကပ်ခဲ့သည်ဖြစ်ရာ ဝရမ်းကပ်ခြင်းကိုကန့်ကွက်လာပါက တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၅၈ ပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ မလွဲမသွေ ဆောင်ရွက်ရတော့မည် ဖြစ်သည်။

လျှောက်ထားသူအတွက် - ဦးအုံးမောင်
တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက် - ကိုယ်တိုင်

ဧရာဝတီတိုင်းတရားရုံး (ဟင်္သာတခရိုင်) ၏ ၁၉၉၉ ခုနှစ်၊ ဇာရီမှုအမှတ် ၇ တွင် လျှောက်ထားသူ ဦးခင်မောင်ကြည်က လျှောက်ထားခံရသူ (၁) နှင့် (၂) တို့အပေါ် ရန်ကုန်တိုင်းတရားရုံး (တရားမ) မှ လွှဲပြောင်းပေးသည့် ဒီကရီအရ ဇာရီမှုကို ဖွင့်လှစ်ခဲ့ရာ ဧရာဝတီတိုင်းတရားရုံးက ပေါင်နှံသည့်ပစ္စည်းများကို ဝရမ်းဖမ်းဆီးပြီး လေလံတင်ရောင်းချရန် အရောင်းကြော်ငြာထုတ်ခဲ့သည်။ ထိုသို့ အရောင်းကြော်ငြာထုတ်သည်ကို လေးမျက်နှာမြို့နယ်၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးဌာနက ကန့်ကွက်သဖြင့် ၁၈-၈-၉၉ နေ့တွင် ဝရမ်းစွဲကပ်ခြင်းကို ပယ်ဖျက်ကြောင်းနှင့် ဝရမ်းခွာစေရန် အမိန့်ထုတ်ပြီး တရားနိုင်အနေဖြင့် ဒီကရီကို အခြားနည်းလမ်းဖြင့် အတည်ပြုလိုက အတည်ပြုရန် ညွှန်ကြားကြောင်း အမိန့်ချမှတ်ခဲ့သဖြင့် ဤပြင်ဆင်မှုကို တင်သွင်းလာခြင်း ဖြစ်သည်။

ဧရာဝတီတိုင်းတရားရုံး၏ အမိန့်တွင် အချင်းဖြစ်ဆန်စက်ကို မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးဌာနသို့ တရားပြိုင်ဘက်မှ စာချုပ်စာတမ်းဖြင့် မှတ်ပုံတင်၍ လွှဲပြောင်း ပေးအပ်ထားပြီးဖြစ်သဖြင့် ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ လျှောက်ထားချက်အရ

၂၀၀၀
ဦးခင်မောင်ကြည်
(ကိုယ်တိုင်နှင့်
ဒါရိုက်တာအဖွဲ့
ပထမပုဂ္ဂလိလ
ဘဏ်လီမိတက်
ကိုယ်စား)
နှင့်
မအိဝေဇင်ထွန်း
ပါ ၃

ထုခွဲရောင်းချရန် ဝရမ်းစွဲကပ်ထားခြင်းကို ပယ်ဖျက်လိုက်ကြောင်း၊ ဝရမ်းခွာစေရန် အမိန့်ထုတ်ကြောင်း၊ တရားရုံးများအပေါ် အခြားနည်းလမ်းဖြင့် ဒီကရီကို အတည်ပြုရန် တရားနိုင်ဘက်က တင်ပြရန်ရှိက တင်ပြရန် ညွှန်ကြားကြောင်း စသည်ဖြင့် ပါရှိသည်။

လျှောက်ထားသူ၏ရှေ့နေက အမိန့် ၂၁၊ နည်းဥပဒေ ၅၈ အရ ဝရမ်းခွာပေးရန် လျှောက်ထားခွင့်သည် ငွေဒီကရီအရ ဝရမ်းကပ်သည့်ကိစ္စနှင့်သာ သက်ဆိုင်ကြောင်း၊ အပေါင်ဒီကရီအရ အပေါင်ပစ္စည်းကို ဝရမ်းဖမ်းဆီး၍ လေလံတင်ရောင်းချသည့်ကိစ္စသည် အဆိုပါပြဋ္ဌာန်းချက်နှင့် သက်ဆိုင်ခြင်းမရှိကြောင်း၊ အပေါင်ဒီကရီအရ အပေါင်ပစ္စည်းကို လေလံတင်ရောင်းချခြင်းသည် အမိန့် ၃၄ အရ ရောင်းချခြင်းဖြစ်ကြောင်း၊ အမိန့် ၃၄ တွင် လေလံတင်ရောင်းချရန် အပေါင်ပစ္စည်းအား ကပ်ထားသော ဝရမ်းကိုခွာရန်အတွက် ပြဋ္ဌာန်းချက် လုံးဝမရှိကြောင်း၊ မူလရုံးက ဝရမ်းခွာပေးရန် ချမှတ်သောအမိန့်သည် ဥပဒေအရ အပ်နှင်းထားခြင်းမရှိသော စီရင်ပိုင်ခွင့်အာဏာကို သုံးစွဲရာရောက်ကြောင်း၊ အပေါင်ဒီကရီအရ ရောင်းချရန် ဆောင်ရွက်သည့်ကိစ္စ၌ အမှုတွင်မပါဝင်သော တတိယပုဂ္ဂိုလ်တို့သည် ဝင်ရောက်ကန့်ကွက်ခွင့် မရှိကြောင်း၊ ကန့်ကွက်လိုသူသည် ကန့်ကွက်မည့်အစား တရားမကြီးမှုတစ်မှုကို စွဲဆိုခြင်းဖြစ်စေ၊ လေလံဆွဲဝယ်သူက လက်ရောက်ရယူရန် တောင်းဆိုသောအခါ ခုခံခြင်းဖြင့်ဖြစ်စေ၊ မိမိသက်သာခွင့်ကို တောင်းယူနိုင်ကြောင်း၊ လျှောက်ထားသူများ ရရှိသော ဒီကရီမှာ အပေါင်ဒီကရီဖြစ်သဖြင့် အပေါင်ပစ္စည်းကို ရောင်းချရန် ဝရမ်းဖမ်းဆီးရန် မလိုအပ်ဘဲ ဝရမ်းဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသို့ ဝရမ်းဖမ်းဆီးခြင်းဖြစ်သဖြင့် ဝရမ်းခွာပေးရန် လျှောက်ထားလာပါက အမိန့် ၂၁၊ နည်းဥပဒေ ၅၈ အရ စုံစမ်းစစ်ဆေးမှု ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ကန့်ကွက်သူသည် အခြေအမြစ်မရှိဘဲ ကန့်ကွက်ခြင်းဖြစ်ပါက စုံစမ်းစစ်ဆေးခြင်းမပြုဘဲ ပယ်ချနိုင်ကြောင်း၊ ဇာရီတရားရုံးသည် ထိုသို့

ပယ်မည့်အစား စုံစမ်းစစ်ဆေးမှုမရှိဘဲ ဝရမ်းခွာခဲ့ကြောင်း စသည်ဖြင့် အခြားအချက်များနှင့်အတူ တင်ပြသွားသည်။

လျှောက်ထားခံရသူများဘက်မှ မည်သူတစ်ဦးတစ်ယောက်မျှ လာရောက်ခြင်း မရှိချေ။

လျှောက်ထားခံရသူ (၁) နှင့် (၂) တို့၏ မိဘများဖြစ်ကြသော ဦးအောင်မြင့်ထွန်းနှင့် ဒေါ်သန်းသန်းဌေးတို့သည် ပထမပုဂ္ဂလိကဘဏ် လီမိတက်မှ ငွေ ၈၀၀၀၀၀/- တိတိကို ချေးယူခဲ့ကြသည်။ ထိုသို့ ချေးယူရာတွင် ၎င်းတို့ပိုင်ဆိုင်ကြသော ဟသ်ာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ အိုင်သပြုရွာ၊ ဦးပိုင်အမှတ် (၅/က)၊ ကွင်းအမှတ် (၁၁၇)၊ မြေဧရိယာ (၃. ၁၅) ဧကရှိ လန (၃၉) မြေအမျိုးအစားနှင့် ၎င်းမြေပေါ်ရှိ မေမန်းဆန်စက် (၁) နှင့် အလျား ၄၅ ပေ × အနံ ၂၀ ပေ × အမြင့် ၃၀ ပေ ရှိ သွပ်မိုးနှစ်ထပ်တိုက်တစ်လုံး အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ပထမပုဂ္ဂလိကဘဏ်လီမိတက်သို့ အပေါင် အာမခံပစ္စည်းအဖြစ် တင်သွင်းခဲ့ကြသည်။ ၁-၁-၉၅ နေ့တွင် ဦးအောင်မြင့်ထွန်း ကွယ်လွန်ပြီးနောက် ဆန်နှင့်ဆန်ထွက်ပစ္စည်း လျှော့နည်းမှုအတွက် ဇနီး ဒေါ်သန်းသန်းဌေးက ပထမပုဂ္ဂလိကဘဏ်လီမိတက်သို့ အပေါင် အာမခံပစ္စည်းအဖြစ် တင်သွင်းထားသော မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ စက်အမှတ် (၂၇၈)၊ မေမန်းဆန်စက်ကို လေးမျက်နှာမြို့၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးဌာနသို့ စာချုပ်ချုပ်ဆို၍ ပေးအပ်ခဲ့သည်။ ပထမပုဂ္ဂလိကဘဏ်လီမိတက်က ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် (၃၉၂) တွင် ဦးအောင်မြင့်ထွန်းနှင့် ဒေါ်သန်းသန်းဌေးတို့၏ သမီးများဖြစ်ကြသော မအိဝေဇင်ထွန်းနှင့် မနှင်းပန်းအိဖြူတို့ကို တရားပြိုင်အဖြစ်ထားရှိ၍ အပေါင်ဒီကရီရလိုမှုကို စွဲဆိုခဲ့ရာ ၇-၁၁-၉၆ နေ့တွင် ပဏာမဒီကရီ ရရှိခဲ့သည်။ တရားပြိုင်တို့က ဒီကရီကျငွေကို ပေးဆပ်ခြင်းမပြုသဖြင့် တရားလို၏ လျှောက်ထားချက်အရ ၂-၆-၉၇ နေ့တွင် ရန်ကုန်တိုင်းတရားရုံးက ငွေပေါင်း

၂၀၀၀
ဦးခင်မောင်ကြည်
(ကိုယ်တိုင်နှင့်
ဒါရိုက်တာအဖွဲ့
ပထမပုဂ္ဂလိက
ဘဏ်လီမိတက်
ကိုယ်စား)
နှင့်
မအိဝေဇင်ထွန်း
ပါ ၃

ကျပ် ၁၃၈၂၆၃၀/- အတွက် အပြီးသတ်အပေါင်ဒီကရီကို ချမှတ်ပေးခဲ့သည်။ တရားနိုင် ပထမပုဂ္ဂလိကဘဏ်မှ အဆိုပါ အပေါင်ဒီကရီကို အတည်ပြုရန်အတွက် ရန်ကုန်တိုင်းတရားရုံးတွင် တရားမဇာရီမှုအမှတ် ၈၉/၉၇ ကို ဖွင့်လှစ်ခဲ့ရာ ဇာရီမှုကို ဟင်္သာတခရိုင်တရားရုံး၊ ဇာရီမှုအမှတ် ၇/၉၉ အဖြစ် လွှဲပြောင်းပေးခဲ့သည်။ ဇာရီတရားရုံးက ပေါင်နှံသည့်ပစ္စည်းများကို ဝရမ်းဖမ်းဆီးပြီး လေလံတင်ရောင်းချရန် အရောင်းကြော်ငြာထုတ်ခဲ့သည်။ ထိုသို့ ကြော်ငြာထုတ်သည်ကို လေးမျက်နှာမြို့နယ်၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးဌာနက ကန့်ကွက်သဖြင့် ဇာရီတရားရုံးက ဝရမ်းစွဲကပ်ခြင်းကို ပယ်ဖျက်၍ ဝရမ်းခွာရန် အမိန့်ချမှတ်ခဲ့သည်။

ငွေဒီကရီတွင် ငွေကိုမပေးဆပ်နိုင်သည့်အတွက် ပစ္စည်းအားရောင်းချမှုနှင့် အပေါင်မှုကဲ့သို့သော ဒီကရီတွင် ရောင်းချရန် သတ်မှတ်ပြီးဖြစ်သော ပစ္စည်းအား ရောင်းချမှုတို့တွင် ခြားနားမှုရှိသည်။ ငွေဒီကရီတွင် ငွေကိုမပေးဆပ်နိုင်သည့်အတွက် ပစ္စည်းတစ်ရပ်ရပ်ကို ရောင်းချရာတွင် ရောင်းချမည့်ပစ္စည်းသည် တရားရှုံး၏ပစ္စည်း မဟုတ်ဘဲ တတိယလူ၏ပစ္စည်း ဖြစ်ပါက တတိယလူအနေဖြင့် ဇာရီမှုတွင် ဝင်ရောက်ပါဝင် စွက်ဖက်ခွင့်ရှိသည်။ သို့ရာတွင် တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄ အရ ပစ္စည်းရောင်းချရန် ဒီကရီဖြစ်သည့်ကိစ္စတွင် ဇာရီတရားရုံးသည် ဒီကရီအရ ရောင်းချရန် အမိန့်ချမှတ်ထားသော ပစ္စည်းကို ရောင်းချပေးရမည် ဖြစ်သည်။ ကန့်ကွက်သူအနေဖြင့် သီးခြားတရားမမှု စွဲဆိုခြင်းဖြင့်ဖြစ်စေ၊ ပစ္စည်းဝယ်သူအား လက်ရောက်အပ်ပေးရာတွင် ခုခံခြင်းဖြင့်ဖြစ်စေ ကုစားခွင့်သာရှိသည်။ **အိုးအာ၊အမ်၊ရာမာဆွာမိချစ်တီးယား နှင့် ဦးထွန်းသာနှင့်တစ်ဦး**[၁] စီရင်ထုံးကို ကြည့်ပါ။

---

(၁) ၁၉၄၀ ခုနှစ်၊ ရန်ကုန်စီရင်ထုံးများ၊ စာ-၄၀၂ (၄၀၄)။

အပေါင်မှုတွင်ချမှတ်သော ရောင်းချရန်ဒီကရီအရ ပစ္စည်းကို ရောင်းချရာတွင် ဝရမ်းကပ်ရန် မလိုပေ။ သို့ရာတွင် ဝရမ်းကပ်သည့် လုပ်ထုံးလုပ်နည်းသည် အပေါင်ဒီကရီနှင့် မသက်ဆိုင်သော်လည်း ပစ္စည်းရောင်းချရာတွင် တရားရုံးက ဝရမ်းကပ်လျှင် ဝရမ်းကပ်ခြင်း အပေါ် တောင်းဆိုချက်များ သို့မဟုတ် ကန့်ကွက်ချက်များကို လက်ခံရမည် ဖြစ်ပေသည်။ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၅၈ အစရှိသည့် ပြဋ္ဌာန်းချက်များသည် အဆိုပါဝရမ်းကပ်ခြင်းနှင့် သက်ဆိုင်သည်။ မောင်မြထွန်းနှင့် ဦးကိုင်[၂] စီရင်ထုံးကို ကြည့်ပါ။

၂၀၀၀ ဦးခင်မောင်ကြည် (ကိုယ်တိုင်နှင့် ဒါရိုက်တာအဖွဲ့ ပထမပုဂ္ဂလိက ဘဏ်လီမိတက် ကိုယ်စား) နှင့် မအိဝေဇင်ထွန်း ပါ ၃

တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၅၈ (၁) အရ ဒီကရီကို အတည်ပြုရာတွင် ဝရမ်းကပ်သည့်ပစ္စည်းကို ဝရမ်းကပ်ခွင့် မရှိဟုဆိုကာ ၎င်းပစ္စည်းကို ပိုင်ဆိုင်ကြောင်း တောင်းဆိုလျှင်ဖြစ်စေ၊ ဝရမ်းကပ်ခြင်းကို ကန့်ကွက်လျှင်ဖြစ်စေ တရားရုံးသည် တောင်းဆိုသူ သို့မဟုတ် ကန့်ကွက်သူကို စစ်မေးခြင်းမှစ၍ အခြားအကြောင်းအရာ များနှင့်စပ်လျဉ်း၍ ထိုသူမှာ အမှုသည်ဖြစ်ဘိသကဲ့သို့ တောင်းဆိုချက် သို့မဟုတ် ကန့်ကွက်ချက်ကို ဆက်လက်စုံစမ်းရမည် ဖြစ်သည်။

ဇာရီတရားရုံးက အပေါင်မှုတွင် ရောင်းချရန်ဒီကရီကို အတည် ပြုရာ၌ မလိုအပ်ဘဲ ဒီကရီချမှတ်ထားသည့် အပေါင်ပစ္စည်းကို ဝရမ်း စွဲကပ်ခဲ့သည်ဖြစ်ရာ ဝရမ်းကပ်ခြင်းကို ကန့်ကွက်လာပါက တရားမ ကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၅၈ ပါ လုပ်ထုံးလုပ်နည်းများ နှင့်အညီ မလွဲမသွေ ဆောင်ရွက်ရတော့မည် ဖြစ်သည်။

လေးမျက်နှာမြို့နယ် မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်း ရောင်းဝယ်ရေးဌာနက ဝရမ်းစွဲကပ်ထားခြင်းကို ကန့်ကွက်ခဲ့သဖြင့် ဇာရီ တရားရုံးသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၅၈

---

(၂) အောက်မြန်မာနိုင်ငံ၊ အတွဲ ၈၊ စာ-၂၁၅ (စုံညီ)။

၂၀၀၀
ဦးခင်မောင်ကြည်
(ကိုယ်တိုင်နှင့်
ဒါရိုက်တာအဖွဲ့
ပထမပုဂ္ဂလိလ
ဘဏ်လီမိတက်
ကိုယ်စား)
နှင့်
မအိဝေဇင်ထွန်း
ပါ ၃

နှင့်အညီ အဆိုပါကန့်ကွက်ချက်နှင့်စပ်လျဉ်း၍ စုံစမ်းမှုပြုလုပ်ရမည် ဖြစ်သည်။

ဇာရီတရားရုံးက ထိုသို့စုံစမ်းမှု ဖွင့်လှစ်ခြင်းမပြုဘဲ ဇာရီမှု တွင်ပင် နှစ်ဖက်လျှောက်လဲချက် ကြားနာပြီး ဝရမ်းစွဲကပ်ထားခြင်းကို ပယ်ဖျက်ကြောင်း အမိန့်ချမှတ်ထားသည်ကို တွေ့ရသည်။ ဇာရီရုံးသည် စီရင်ပိုင်ခွင့်အာဏာကို သုံးစွဲရာတွင် အကြီးအကျယ် နည်းလမ်းမကျ ကြောင်း တွေ့ရှိရသဖြင့် တရားရုံးချုပ်က တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ (ဂ) အရ ဇာရီရုံး၏အမိန့်ကို ဝင်ရောက်စွက်ဖက်ရမည် ဖြစ်သည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို စရိတ်နှင့်တကွခွင့်ပြု၍ ဧရာဝတီ တိုင်းတရားရုံး (ဟင်္သာတခရိုင်) ၏ ဇာရီမှုတွင် ၁၈-၈-၉၉ ရက်စွဲဖြင့် ဝရမ်းခွာရန် ချမှတ်ထားသောအမိန့်ကို ပယ်ဖျက်လိုက်သည်။ ဇာရီမှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားလိုက်သည်။

ရှေ့နေခ ကျပ် ၂၀၀/- သတ်မှတ်သည်။

တရားမအထူးအယူခံမှု

+ ၂၀၀၀
ဒီဇင်ဘာလ
၂၉ ရက်

တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊
တရားသူကြီးများဖြစ်ကြသော ဒေါက်တာတင်အောင်အေး
နှင့် ဦးချစ်လွင် တို့ရှေ့တွင်

ဦးစိုးအောင်

နှင့်

ဒေါ်ခင်ခင်လှ ပါ ၂*
(ကွယ်လွန်သူဒေါ်ဖွားသက်၏တရားဝင်ကိုယ်စားလှယ်များ)

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၃၊ ပုဒ်မ ၁၂၃၊ သက်သေခံ အက်ဥပဒေပုဒ်မ ၇၀၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို မေတ္တာဖြင့်ပေးကမ်းခြင်း၊ ပေးကမ်းခြင်းစာချုပ်တွင် အသိ သက်သေ ၂ ဦး လက်မှတ်ရေးထိုးသော်လည်း ပေးကမ်းသူ၏ ရှေ့တွင် မဟုတ်ခြင်း၊ ပေးကမ်းသူက စာချုပ်ပေါ်ရှိလက်မှတ် မှာ ၎င်း၏လက်မှတ်ဖြစ်ကြောင်းကို ဝန်ခံခြင်း၊ သက်သေခံ အက်ဥပဒေပုဒ်မ ၇၀ ပါ ပြဋ္ဌာန်းချက်အရ ချုပ်ဆိုသူ၏ ဝန်ခံ ချက်သည် စာချုပ်ချုပ်ကြောင်း လုံလောက်သည့် သက်သေ သာဓကဖြစ်-မဖြစ်။

ဆုံးဖြတ်ချက်။ ။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၂၃ တွင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို မေတ္တာဖြင့်ပေးလျှင် အနည်းဆုံး

* ၁၉၉၈ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၄

\+ ၁၉၉၄ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၉၂ တွင် ချမှတ်သော ၃-၅-၉၅ ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံမှု

၂၀၀၀
ဦးစိုးအောင်
နှင့်
ဒေါ်ခင်ခင်လှ
ပါ ၂
(ကွယ်လွန်သူ
ဒေါ်ဖွားသက်
၏တရားဝင်
ကိုယ်စားလှယ်
များ)

သက်သေနှစ်ဦးနှင့် ပေးသူကဖြစ်စေ၊ ပေးသူအတွက်ဖြစ်စေ၊ လက်မှတ်ရေးထိုးထားသည့် မှတ်ပုံတင်စာချုပ်ဖြင့် လွှဲပြောင်းပေးရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

မေတ္တာဖြင့်ပေးသော စာချုပ်တွင် အနည်းဆုံး အသိသက်သေ ၂ ဦးက လက်မှတ်ရေးထိုးမှသာ ထိုစာချုပ်သည် တရားဝင်မည် ဖြစ်သည်။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၃ တွင် မှန်ကြောင်းလက်မှတ်ရေးထိုးခြင်းဆိုသည်မှာ စာချုပ်စာတမ်းတစ်ခုကို ချုပ်ဆိုခြင်းနှင့်စပ်လျဉ်း၍ သက်သေ ၂ ဦး သို့မဟုတ် အများက ယင်းစာချုပ်စာတမ်းတွင် ချုပ်ဆိုသူ လက်မှတ်ရေးထိုးသည်ကိုသော်လည်းကောင်း၊ အမှတ်အသားပြုသည်ကိုသော်လည်းကောင်း အသီးသီး တွေ့မြင်ပြီးနောက်ဖြစ်စေ၊ × × × စာချုပ်ချုပ်ဆိုသူက မိမိလက်မှတ် သို့မဟုတ် အမှတ်အသားကိုသော်လည်းကောင်း၊ × × × မှန်ကြောင်း ဝန်ခံပြောဆိုချက်ကို ကြားသိပြီးနောက်ဖြစ်စေ၊ ယင်းသက်သေအသီးသီးတို့ကလည်း စာချုပ်ချုပ်ဆိုသူတို့ရှေ့တွင် မှန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးကြခြင်းကို ဆိုလိုကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

မှန်ကြောင်းလက်မှတ်ရေးထိုးခြင်း အထမြောက်ရန် အောက်ပါအင်္ဂါရပ်များဖြင့် ပြည့်စုံရန်လိုသည်-

(၁) အနည်းဆုံး သက်သေ ၂ ဦးရှိရမည်၊

(၂) သက်သေတိုင်းက စာချုပ်၌ စာချုပ်ချုပ်ဆိုသူ လက်မှတ်ရေးထိုးသည်ကို ဖြစ်စေ၊ အမှတ်အသားပြုသည်ကိုဖြစ်စေ တွေ့မြင်ရမည်၊ သို့မဟုတ် စာချုပ်ချုပ်ဆိုသူက မိမိလက်မှတ် သို့မဟုတ် အမှတ်အသားဖြစ်ကြောင်း ဝန်ခံပြောဆိုသည်ကို ကြားသိရမည်၊

(၃) သက်သေတိုင်းက စာချုပ်ချုပ်ဆိုသူ၏ရှေ့တွင်လက်မှတ်ရေးထိုးရမည်။

ထပ်မံဆုံးဖြတ်ချက်။ ။ အသိသက်သေအဖြစ် လက်မှတ်ရေးထိုး ပေးခြင်းဆိုသည်မှာ စာချုပ်ချုပ်ဆိုသူတို့က စာချုပ်ချုပ်ဆိုကြောင်းကို သိရှိသူများအနေဖြင့်လည်းကောင်း၊ စာချုပ်ပေါ်တွင် စာချုပ်ချုပ်ဆိုသူ တို့ လက်မှတ်ရေးထိုးသည်ကို မြင်သည့်အနေဖြင့်လည်းကောင်း လက်မှတ်ရေးထိုးကြခြင်း ဖြစ်သည်။ ထိုသို့ သိရှိခြင်း၊ မြင်တွေ့ခြင်း မရှိဘဲ စာချုပ်ပေါ်တွင် လက်မှတ်ရေးထိုးရုံသက်သက် လက်မှတ်ရေးထိုး ခြင်းမှာ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးရာ မရောက်ပေ။

၂၀၀၀
ဦးစိုးအောင်
နှင့်
ဒေါ်ခင်ခင်လှ
ပါ ၂
(ကွယ်လွန်သူ
ဒေါ်ဖွားသက်
၏တရားဝင်
ကိုယ်စားလှယ်
များ)

ထပ်မံဆုံးဖြတ်ချက်။ ။ သက်သေခံအက်ဥပဒေပုဒ်မ ၇၀ တွင် "အသိသက်သေ လက်မှတ်ရေးထိုးထားသော စာတမ်းအမှတ်အသား ကို ချုပ်ဆိုသူကိုယ်တိုင်က ချုပ်ဆိုခဲ့ကြောင်း ဝန်ခံချက်" ဟူ၍ ဖော်ပြ ထားရာ ချုပ်ဆိုသူက စာချုပ်ချုပ်ဆိုခဲ့ကြောင်း ဝန်ခံရုံမျှဖြင့် မလုံလောက် ချေ။ အသိသက်သေ လက်မှတ်ရေးထိုးထားသော စာတမ်းအမှတ် အသားကို ချုပ်ဆိုခဲ့ပါသည်ဟု ဝန်ခံမှသာ လုံလောက်သည့် ဝန်ခံချက် ဖြစ်သည်။

ယခုအမှုတွင် ဒေါ်ဖွားသက်က စာချုပ်ချုပ်ဆိုခြင်းကို မငြင်းဆို သော်လည်း သက်သေလူကြီးများမှာ ၎င်း၏မျက်ကွယ်တွင် နောက်မှ လက်မှတ်ရေးထိုးပါသည်ဟု ထွက်ဆိုကာ အသိသက်သေ လက်မှတ် ရေးထိုးထားသည့် စာချုပ်ကို ချုပ်ဆိုခဲ့ကြောင်း ဒေါ်ဖွားသက်က ဝန်ခံ ခြင်း မရှိကြောင်း ပေါ်ပေါက်သည်။

သက်သေခံ (က) စာချုပ်တွင် အသိသက်သေ လက်မှတ် ရေးထိုးထားသော်လည်း ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်အောင် အသိသက်သေက လက်မှတ် ရေးထိုးထားခြင်း မရှိသဖြင့် စာချုပ်ချုပ်ဆိုသူကိုယ်တိုင်က ထိုစာချုပ်ကို ချုပ်ဆိုကြောင်း ဝန်ခံစေကာမူ ၎င်း၏ဝန်ခံချက်သည် သက်သေခံအက် ဥပဒေပုဒ်မ ၇၀ ပါ ပြဋ္ဌာန်းချက်နှင့် အကျုံးဝင်မည် မဟုတ်ပေ။

၂၀၀၀
ဦးစိုးအောင်
နှင့်
ဒေါ်ခင်ခင်လှ
ပါ ၂
(ကွယ်လွန်သူ
ဒေါ်ဖွားသက်
၏တရားဝင်
ကိုယ်စားလှယ်
များ)

အယူခံတရားလိုအတွက် - ဦးတင်ယု၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်များအတွက် - ဦးဘကျော်၊ တရားရုံးချုပ်ရှေ့နေ

တနင်္သာရီတိုင်းတရားရုံး၊ ၁၉၉၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂ တွင် အထူးအယူခံမှုအတောအတွင်း ကွယ်လွန်သူ ဒေါ်ဖွားသက်က အယူခံတရားလို ဦးစိုးအောင်အပေါ် နေအိမ်နှင့်မြေ အပိုင်ပေးကမ်းခြင်းစာချုပ်အား ပယ်ဖျက်ပေးစေလို့မှု စွဲဆိုသည်။ တိုင်းတရားရုံးက ဒေါ်ဖွားသက် စွဲဆိုသည့်အမှုကို ပလပ်လိုက်သဖြင့် ဒေါ်ဖွားသက်က တရားရုံးချုပ်သို့ အယူခံဝင်ရောက်သည့်အခါ တရားရုံးချုပ်က တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး ဒေါ်ဖွားသက် စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီကို ချမှတ်ပေးခဲ့သည်။ ဦးစိုးအောင်က တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို ၁၉၈၈ ခုနှစ်၊ တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် လျှောက်ထားသည့်အခါ တရားရုံးချုပ် အထူးခုံရုံးက အောက်ပါပြဿနာများကို အထူးအယူခံခုံရုံးဖြင့် ကြားနာရန်အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

(၁) အပေးစာချုပ် ပြုလုပ်ပေးကမ်းခဲ့သူ ဒေါ်ဖွားသက်က သီးခြားသက်သာခွင့်အက်ဥပဒေအရ အပေးစာချုပ် ပယ်ဖျက်ပေးရန် စွဲဆိုသော ဤအမှုတွင် သက်သေခံအက်ဥပဒေပုဒ်မ ၇၀ ပြဋ္ဌာန်းချက်ကို ဖယ်ထုတ်စဉ်းစားပြီး အသိသက်သေတို့ရှေ့တွင် ပေးကမ်းသူ၊ ယူသူတို့က နည်းလမ်းတကျ လက်မှတ်ရေးထိုးခြင်း မရှိခြင်းကြောင့် အပေးစာချုပ်မှာ ဥပဒေအရ တည်မြဲခိုင်မာမည် မဟုတ်ဟု ဦးမင်းဆင် နှင့် မဟာမက်ရှဖီး အမှု[၁] ကို ကိုးကားဆုံးဖြတ်ခဲ့သော တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီမှာ

(၁) ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (**တရားရုံးချုပ်**)၊ စာ-၆၂၇။

ဤအမှုအခြေအနေနှင့် ကိုက်ညီမှန်ကန်သည်ဟု ဆိုနိုင်ခြင်းရှိ-မရှိ၊

(၂) သက်သေခံ 'က' မှတ်ပုံတင်အပေးစာချုပ်အား တရားလို ဒေါ်ဖွားသက်က ကြည်ဖြူစွာ လက်မှတ်ရေးထိုး ချုပ်ဆိုပေးကမ်းခဲ့သည်ဟုဆိုရန် ခဲယဉ်းကြောင်း တရားရုံးချုပ်၏ ကောက်ယူဆုံးဖြတ်ချက်မှာ သက်သေအထောက်အထားများနှင့် ကိုက်ညီမှု၊ သဘာဝကျမှု ရှိ-မရှိ။

အယူခံတရားလို၏ရှေ့နေက သက်သေခံ (က) အပေးစာချုပ်ပါ အသိသက်သေ ၃ ဦးတို့သည် ပေးကမ်းသူ ဒေါ်ဖွားသက်ရှေ့မှောက်တွင် ဒေါ်ဖွားသက်က လက်မှတ်ရေးထိုးသည်ကို တွေ့မြင်ခြင်း၊ ၎င်းတို့ကလည်း ဒေါ်ဖွားသက်ရှေ့မှောက်မှာပင် လက်မှတ်ရေးထိုးခြင်း မရှိခဲ့ကြသောကြောင့် ထိုအပေးစာချုပ်မှာ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ ပုဒ်မ ၃ နှင့်အညီ နည်းလမ်းတကျ လက်မှတ်ရေးထိုးခဲ့ကြရာ မရောက်ကြောင်း၊ ထို့ကြောင့် ထိုအပေးစာချုပ်မှာ ယင်းဥပဒေပုဒ်မ ၁၂၃ နှင့်အညီ ဆောင်ရွက်ချုပ်ဆိုခဲ့ရာ မရောက်သဖြင့် ဥပဒေအရ တည်မြဲခိုင်မာမည် မဟုတ်ကြောင်းဖြင့် တရားရုံးချုပ်က **ဦးမင်းဆင် နှင့် မဟာမက်ရှဖီး** အမှုကို အဓိကကိုးကား၍ ဆုံးဖြတ်ခဲ့ကြောင်း၊ ယခုအမှုမှာ ဥပဒေအရ လိုအပ်သော အသိသက်သေ ၂ ဦး လက်မှတ်ရေးထိုးခြင်း မရှိသော အမှုမျိုးမဟုတ်ကြောင်း၊ သက်သေခံအမှတ် (က) အပေးစာချုပ်တွင် ပေးကမ်းသူ ဒေါ်ဖွားသက်က လက်မှတ်ရေးထိုးပြီးနောက်မှ ၎င်း၏မျက်ကွယ်တွင် သက်သေ ၃ ဦးတို့က လက်မှတ်ရေးထိုးပေးခဲ့ခြင်းကြောင့် အပေးစာချုပ် တရားမဝင်ပြဿနာအပေါ် အငြင်းပွားခြင်းဖြစ်ကြောင်း၊ အဆိုပါအသိသက်သေတို့မှာ ရဝတအဖွဲ့ဝင်များ ဖြစ်ကြပြီး ဒေါ်ဖွားသက်က အပေးစာချုပ်တွင် လက်မှတ်ရေးထိုးခြင်းကို သိရှိယုံကြည်ခြင်းကြောင့် ၎င်းတို့ကလည်း သက်သေအဖြစ် အသိအမှတ်ပြု လက်မှတ်ရေးထိုးပေးခြင်း ဖြစ်သည်ဟု ထောက်ခံ ထွက်ဆိုကြကြောင်း၊

၂၀၀၀
ဦးစိုးအောင်
နှင့်
ဒေါ်ခင်ခင်လှ
ပါ ၂
(ကွယ်လွန်သူ
ဒေါ်ဖွားသက်
၏တရားဝင်
ကိုယ်စားလှယ်
များ)

သက်သေခံအမှတ် (က) ကို အသိသက်သေများ လက်မှတ်ရေးထိုးစဉ်က ဦးစိုးအောင်ရှိသည်မှာ အငြင်းမပွားကြောင်း၊ ဒေါ်ဖွားသက်လက်မှတ်ရေးထိုး ချုပ်ဆိုကြောင်း စုံစမ်းသိရှိပြီးမှ အသိသက်သေများလက်မှတ်ရေးထိုးပေးခဲ့ကြောင်း၊ ယနေ့တိုင် ဒေါ်ဖွားသက်မှ ကန့်ကွက်ပြောဆိုဘူးခြင်း မရှိကြောင်း။ သက်သေခံ (က) ပေးကမ်းစာချုပ်သည်အသိသက်သေများက အခြားချုပ်ဆိုသူ၏ လက်မှတ်ဖြစ်ကြောင်းကိုယ်တိုင်သိရှိရပြီး ချုပ်ဆိုသူ၏ရှေ့တွင် အသိသက်သေအဖြစ်လက်မှတ်ရေးထိုးထားခြင်းဖြစ်၍ သက်သေခံ (က) စာချုပ်သည်တရားဝင်စာချုပ်ဖြစ်ကြောင်း ပေါ်လွင်နေကြောင်း၊ အသိသက်သေဆိုသည်မှာ ယင်းစာချုပ်ကို ချုပ်ဆိုခြင်းရှိ-မရှိကို သက်သေခံရန်အတွက်သာဖြစ်ကြောင်း၊ ထို့ကြောင့်လည်း သက်သေခံဥပဒေပုဒ်မ ၇၀ တွင်ဥပဒေအရ အသိသက်သေလက်မှတ်ရေးထိုးရန် လိုအပ်သည့် စာတမ်းအမှတ်အသားပင် ဖြစ်စေကာမူ ယင်းစာတမ်းအမှတ်အသားကို ချုပ်ဆိုသူက ကိုယ်တိုင်ချုပ်ဆိုရကြောင်း ဝန်ခံလျှင် ၎င်းအပေါ် ချုပ်ဆိုကြောင်းလုံလောက်သည့် သက်သေခံချက်ဖြစ်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ချုပ်ဆိုသူ ဒေါ်ဖွားသက်နှင့် ဦးစိုးအောင်တို့ ၂ ဦးစလုံးကိုယ်တိုင် ချုပ်ဆိုကြောင်းဝန်ခံထားကြောင်း၊ အသိသက်သေများကလည်း ဒေါ်ဖွားသက်ချုပ်ဆိုလက်မှတ်ရေးထိုးကြောင်း သိသည့်သူများ ဖြစ်ကြပြီး အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးကြောင်း ထွက်ဆိုထားရှိနေပါ၍ပထမအယူခံရုံးတော်က သက်သေများရှေ့၌ ရေးထိုးကြခြင်း မဟုတ်၍အပေးစာချုပ် ပျက်ပြယ်သည်ဟု မှားယွင်းစွာ သုံးသပ်ချက်မှာသက်သေခံဥပဒေပုဒ်မ ၇၀ ပြဋ္ဌာန်းချက်နှင့် ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၃ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်နေကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက အချင်းဖြစ်စာချုပ်ကို ချုပ်ဆိုစဉ်က ဒေါ်ဖွားသက်နှင့် ဦးစိုးအောင်တို့မှာ သက်သေများရှေ့တွင်

လက်မှတ်ရေးထိုးခြင်းမရှိ ဆိုသောအချက်မှာ ထင်ရှားနေပြီး ဖြစ်ကြောင်း၊ သို့ဖြစ်၍လည်း အဆိုပါအချက်ကို မူလရုံးနှင့် ပထမအယူခံရုံးတို့က တစ်သဘောတည်း လက်ခံထားကြပြီးဖြစ်ကြောင်း၊ ပထမအယူခံရုံးမှ ထိုသို့စီရင်ချက်ချမှတ်ရာ၌ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၂၃ နှင့် ပုဒ်မ ၃ တို့တွင် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်တို့က သက်သေခံဥပဒေပုဒ်မ ၇၀ ပြဋ္ဌာန်းချက်ကို လွှမ်းမိုးခဲ့ခြင်းသာ ဖြစ်ကြောင်း၊ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၂၃ နှင့် ပုဒ်မ ၃ တို့တွင် အသိသက်သေများကိစ္စနှင့်ပတ်သက်၍ တိကျပြတ်သားစွာ ပြဋ္ဌာန်းထားကြောင်း၊ အဆိုပါပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုသာလျှင် သက်သေခံဥပဒေပုဒ်မ ၇၀ နှင့် အကျုံးဝင်မည်ဖြစ်ကြောင်း၊ **အောင်ရီ နှင့် မအောင်ကြွားဖြူ** အမှု (အတွဲ-၁၊ ရန်ကုန် စီရင်ထုံး၊ စာ-၅၅၇) ကို ဆုံးဖြတ်ပေးခဲ့သည်မှာ တရားသူကြီးတစ်ဦးတည်းသာ ဖြစ်ကြောင်း၊ **အောင်ရီ နှင့် မအောင်ကြွားဖြူ** အမှုကို ဆုံးဖြတ်ပြီးမှ **မောင်မိုးကြီး ပါ ၂ နှင့် မောင်မင်းဒင်** အမှု (အတွဲ-၅၊ ရန်ကုန် စီရင်ထုံး၊ စာ-၅၆၀) တွင် အလားတူပြဿနာဖြစ်သည့် အသိသက်သေ လက်မှတ်ရေးထိုးရန် လိုသော စာချုပ်များကိစ္စ ပေါ်ပေါက်ခဲ့ကြောင်း၊ ယင်းအမှုကို တရားသူကြီးနှစ်ဦးထိုင် ခုံရုံးဖြင့် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါခုံရုံးမှ **အောင်ရီ နှင့် မအောင်ကြွားဖြူ** အမှုကို ဆန့်ကျင်ကာ ထုံးဖွဲ့ခဲ့ကြောင်း၊ **မောင်မိုးကြီး ပါ ၂ နှင့် မောင်မင်းဒင်** အမှုကို ဆုံးဖြတ်ပြီးနောက် **ဦးမင်းဆင် နှင့် မဟာမက်ရှဖီး** အမှုတွင် အလားတူပြဿနာမျိုး ပေါ်လာပြန်ကြောင်း၊ အဆိုပါအမှုကို တရားရုံးချုပ်က ကိုးကားဆုံးဖြတ်ခြင်းမှာ ဥပဒေနှင့်ကိုက်ညီမှန်ကန်ကြောင်း လျှောက်လဲတင်ပြသည်။

ထားဝယ်မြို့၊ မြို့မရပ်ကွက်၊ အကွက်အမှတ် ၄၁၊ မြောက်ရွာရပ်ကွက်အတွင်းရှိ ဦးပိုင်အမှတ် ၁၁၉/၁၊ မြေချိန်ဧရိယာ ဝ. ၁၁၆ ဧကနှင့် ယင်းမြေကွက်ပေါ်ရှိအိမ်ကို ဒေါ်ဖွားသက်က တူဖြစ်သူ

မောင်စိုးအောင်အား အပိုင်ပေးကမ်းသည့် နေအိမ်နှင့်မြေ အပိုင်ပေးကမ်းခြင်းစာချုပ်ကို ၂၃-၄-၉၀ နေ့က ချုပ်ဆိုခဲ့သည်။

ဒေါ်ဖွားသက်က ၎င်းအား လိမ်လည်လှည့်ဖြား၍ စာချုပ်ကို လက်မှတ်ရေးထိုးစေခဲ့ခြင်းဖြစ်၍ ထိုစာချုပ်အား ပယ်ဖျက်ပေးစေလိုမှုကို ဦးစိုးအောင်အပေါ် စွဲဆိုသည်။

ဦးစိုးအောင်က နဂိုမူလက သဘောတူညီချက်အရ အချင်းဖြစ်မြေနှင့်အိမ်ကို တူဖြစ်သူ တရားပြိုင်သို့ အပြီးအပိုင် လွှဲပြောင်းပေးခြင်းဖြစ်ကြောင်း၊ တရားပြိုင်က မည်သူ့ကိုမျှ လိမ်လည်လှည့်ဖြားခြင်း၊ ဖြားယောင်းသွေးဆောင်ပြီး လက်မှတ်ရေးထိုးခိုင်းခြင်း မရှိကြောင်း၊ အချင်းဖြစ်စာချုပ်သည် အမှန်တကယ်ချုပ်ဆိုခဲ့သော တရားဝင်စာချုပ်ဖြစ်ပြီး လက်မှတ်ရေးထိုးချုပ်ဆိုကြောင်း တရားလိုက ဝန်ခံခဲ့သည့်အပြင် စာချုပ်ပေါ်ရှိ လက်မှတ်များမှာလည်း အငြင်းမပွားသဖြင့် စာချုပ်ကို ပယ်ဖျက်ရန်အကြောင်း မရှိကြောင်း၊ စာချုပ်ချုပ်ဆိုစဉ်က တရားလိုက မိမိဆန္ဒအရ လိုလိုလားလား တရားဝင်ပြုလုပ်ပေးခဲ့သော စာချုပ်ဖြစ်၍ တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ကြောင်း ချေပသည်။

တိုင်းတရားရုံးက အသိသက်သေအဖြစ် ပါဝင်ချုပ်ဆိုလက်မှတ်ရေးထိုးသူများသည် ဒေါ်ဖွားသက်၏ရှေ့တွင် ကိုယ်တိုင်ကိုယ်ကျ ရေးထိုးကြခြင်း မဟုတ်သည့်တိုင်အောင် ၎င်းတို့၏ထွက်ဆိုချက်များအရ ပေါ်ပေါက်သည့် ဆောင်ရွက်ချက်တို့မှာ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ ပုဒ်မ ၁၂၃၊ ပုဒ်မ ၃ တို့နှင့်မညီဟု မဆိုနိုင်ကြောင်း၊ အချင်းဖြစ်နေအိမ်နှင့်မြေ အပိုင်ပေးကမ်းခြင်းစာချုပ်ကို တရားပြိုင်က တရားလိုအား လိမ်လည်ဖြားယောင်း ပြောဆိုသဖြင့် တရားလိုက လက်မှတ်ရေးထိုးပေးခဲ့ရသည်ဆိုခြင်းမှာ မမှန်ကြောင်း၊ အချင်းဖြစ်နေအိမ်နှင့်မြေ အပိုင်ပေးကမ်းခြင်းစာချုပ်မှာ တရားဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော တရားဝင်စာချုပ် ဖြစ်သည်ဆိုခြင်းမှာ မှန်ကြောင်း သုံးသပ်သည်။

၂၀၀၀
ဦးစိုးအောင်
နှင့်
ဒေါ်ခင်ခင်လှ
ပါ ၂
(ကွယ်လွန်သူ
ဒေါ်ဖွားသက်
၏တရားဝင်
ကိုယ်စားလှယ်
များ)

တရားရုံးချုပ်က အချင်းဖြစ်အမှုတွင် ဒေါ်ဖွားသက်နှင့် ဦးစိုးအောင်တို့ ပေးကမ်းခြင်းစာချုပ် လက်မှတ်ရေးထိုးကြစဉ်က သက်သေများရှေ့၌ ရေးထိုးကြခြင်းဖြစ်ကြောင်း မပေါ်ပေါက်သည့် အပြင် အဆိုပါ ပေးကမ်းစာချုပ်မှာလည်း ပေးကမ်းသူ ဒေါ်ဖွားသက်၏ သဘောဆန္ဒအလျောက် ကြည်ဖြူစွာ ပေးကမ်းခဲ့သည်ဟု မဆိုနိုင်သဖြင့် ယင်းစာချုပ်သည် တရားဥပဒေအရ တည်မြဲခိုင်မာမှုရှိသည်ဟု ဆိုနိုင်မည်မဟုတ်ကြောင်း ဆုံးဖြတ်သည်။

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၂၃ တွင် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို မေတ္တာဖြင့်ပေးလျှင် အနည်းဆုံး သက်သေနှစ်ဦးနှင့် ပေးသူကဖြစ်စေ၊ ပေးသူအတွက်ဖြစ်စေ လက်မှတ်ရေးထိုးထားသည့် မှတ်ပုံတင်စာချုပ်ဖြင့် လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

မေတ္တာဖြင့်ပေးသော စာချုပ်တွင် အနည်းဆုံး အသိသက်သေနှစ်ဦးက လက်မှတ်ရေးထိုးမှသာ ထိုစာချုပ်သည် တရားဝင်မည် ဖြစ်သည်။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၃ တွင် မှန်ကြောင်းလက်မှတ်ရေးထိုးခြင်းဆိုသည်မှာ စာချုပ်စာတမ်းတစ်ခုကို ချုပ်ဆိုခြင်းနှင့်စပ်လျဉ်း၍ သက်သေ ၂ ဦး သို့မဟုတ် အများက ယင်းစာချုပ်စာတမ်းတွင် ချုပ်ဆိုသူ လက်မှတ်ရေးထိုးသည်ကိုသော်လည်းကောင်း၊ အမှတ်အသားပြုသည်ကိုသော်လည်းကောင်း အသီးသီးတွေ့မြင်ပြီးနောက်ဖြစ်စေ၊ × × × စာချုပ်ချုပ်ဆိုသူက မိမိလက်မှတ် သို့မဟုတ် အမှတ်အသားကိုသော်လည်းကောင်း၊ × × × မှန်ကြောင်း ဝန်ခံပြောဆိုချက်ကို ကြားသိပြီးနောက်ဖြစ်စေ၊ ယင်းသက်သေအသီးသီးတို့ကလည်း စာချုပ်ချုပ်ဆိုသူတို့ရှေ့တွင် မှန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးကြခြင်းကို ဆိုလိုကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

မှန်ကြောင်းလက်မှတ်ရေးထိုးခြင်း အထမြောက်ရန် အောက်ပါ အင်္ဂါရပ်များဖြင့် ပြည့်စုံရန်လိုသည်-

၂၀၀၀
ဦးစိုးအောင်
နှင့်
ဒေါ်ခင်ခင်လှ
ပါ ၂
(ကွယ်လွန်သူ
ဒေါ်ဖွားသက်
၏တရားဝင်
ကိုယ်စားလှယ်
များ)

(၁) အနည်းဆုံး သက်သေ ၂ ဦးရှိရမည်၊
(၂) သက်သေတိုင်းက စာချုပ်၌ စာချုပ်ချုပ်ဆိုသူ လက်မှတ်ရေးထိုးသည်ကို ဖြစ်စေ၊ အမှတ်အသားပြုသည်ကို ဖြစ်စေ တွေ့မြင်ရမည်၊ သို့မဟုတ် စာချုပ်ချုပ်ဆိုသူက မိမိလက်မှတ် သို့မဟုတ် အမှတ်အသားဖြစ်ကြောင်း ဝန်ခံပြောဆိုသည်ကို ကြားသိရမည်၊
(၃) သက်သေတိုင်းက စာချုပ်ချုပ်ဆိုသူ၏ရှေ့တွင်လက်မှတ်ရေးထိုးရမည်။

ဒေါ်ဖွားသက်က အချင်းဖြစ်မြေနှင့်နေအိမ်ကို ဦးစိုးအောင်အား ပေးကမ်းသည့်စာချုပ် ချုပ်ဆိုကြောင်းနှင့် စာချုပ်တွင် ၎င်းလက်မှတ်ရေးထိုးပေးသည်ကို ဝန်ခံသည်။ သို့ရာတွင် စာချုပ်ပါသက်သေလူကြီးများမှာ နောက်မှ ၎င်း၏မျက်ကွယ်တွင် လက်မှတ်ရေးထိုးခြင်းဖြစ်၍ တရားမဝင်ကြောင်း ထုချေသည်။ သက်သေလူကြီးများကလည်း ဒေါ်ဖွားသက်ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခြင်းမဟုတ်ကြောင်း ဝန်ခံကြသည်။ ထိုအချက်ကို ဦးစိုးအောင်ကိုယ်တိုင်ကလည်း မငြင်းဆိုပေ။ စာချုပ်ကို မှတ်ပုံတင်သည့်အခါတွင်လည်း သက်သေလူကြီးများ လက်မှတ်ရေးထိုးပြီးဖြစ်၍ မှတ်ပုံတင်အရာရှိက တစ်ခါတည်း မှတ်ပုံတင်ပေးလိုက်ပါသည်ဟု ဦးစိုးအောင်က ထွက်ဆိုသည်။

သက်သေခံ (က) နေအိမ်နှင့်မြေ အပိုင်ပေးကမ်းခြင်းစာချုပ်တွင် ပိန္နဲတောရဝတဥက္ကဌ ဦးစန်းမြင့်၊ အတွင်းရေးမှူး ဦးညွန့်မောင်နှင့် အဖွဲ့ဝင် ဦးရဲချစ်တို့က အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးထားသည်ကို တွေ့ရှိရသည်။ သို့ရာတွင် အသိသက်သေများသည် သက်သေခံ (က) စာချုပ်၌ စာချုပ်ချုပ်ဆိုသူ ဒေါ်ဖွားသက်က လက်မှတ်ရေးထိုးသည်ကို တွေ့မြင်ပြီး သို့မဟုတ် ဒေါ်ဖွားသက်က စာချုပ်ပေါ်တွင် ရေးထိုးထားသည့် လက်မှတ်မှာ ၎င်း၏လက်မှတ်ဖြစ်ကြောင်း

ဝန်ခံပြောဆိုသည်ကို ကြားသိပြီးနောက် အသိသက်သေအဖြစ် လက်မှတ်ရေးထိုးခြင်း မဟုတ်ချေ။ ဦးစိုးအောင် ယူဆောင်လာသည့် သက်သေခံ (က) စာချုပ်ကို စာချုပ်ချုပ်ဆိုသူ ဒေါ်ဖွားသက်၏ မျက်ကွယ်တွင် လက်မှတ်ရေးထိုးပေးခြင်း ဖြစ်သည်။ အဆိုပါစာချုပ်ကို မှတ်ပုံတင်ရာတွင်လည်း အသိသက်သေလူကြီးများက မှတ်ပုံတင်ရုံးသို့ လိုက်ပါခဲ့ခြင်း မရှိပေ။

သို့ဖြစ်ရာ သက်သေခံ (က) စာချုပ်တွင် အသိသက်သေတို့ လက်မှတ်ရေးထိုးထားသော်လည်း ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၃ တွင် ဖော်ပြထားသည့် အင်္ဂါရပ်များနှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရသည်။

အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးခြင်းဆိုသည်မှာ စာချုပ်ချုပ်ဆိုသူတို့က စာချုပ်ချုပ်ဆိုကြောင်းကို သိရှိသူများအနေဖြင့်လည်းကောင်း၊ စာချုပ်ပေါ်တွင် ချုပ်ဆိုသူတို့လက်မှတ် ရေးထိုးသည်ကို မြင်သည့်အနေဖြင့်လည်းကောင်း လက်မှတ်ရေးထိုးကြခြင်း ဖြစ်သည်။ ထိုသို့ သိရှိခြင်း၊ မြင်တွေ့ခြင်း မရှိဘဲ စာချုပ်ပေါ်တွင် လက်မှတ်ရေးထိုးရုံသက်သက် လက်မှတ်ရေးထိုးခြင်းမှာ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးရာ မရောက်ပေ။

သက်သေခံဥပဒေပုဒ်မ ၇၀ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

> "စာတမ်းအမှတ်အသားကို အသိသက်သေ လက်မှတ်ရေးထိုးရန် ဥပဒေအရ လိုအပ်စေကာမူ အသိသက်သေ လက်မှတ်ရေးထိုးထားသော စာတမ်းအမှတ်အသားကို ချုပ်ဆိုသူကိုယ်တိုင်က ချုပ်ဆိုခဲ့ကြောင်း ဝန်ခံချက်သည် ထိုသူအပေါ်တွင် ထိုစာတမ်းအမှတ်အသားကို ချုပ်ဆိုသူကိုယ်တိုင် လုံလောက်သည့် သက်သေသာဓက ဖြစ်သည်။"

၂၀၀၀
ဦးစိုးအောင်
နှင့်
ဒေါ်ခင်ခင်လှ
ပါ ၂
(ကွယ်လွန်သူ
ဒေါ်ဖွားသက်
၏တရားဝင်
ကိုယ်စားလှယ်
များ)

သက်သေခံဥပဒေပုဒ်မ ၇၀ တွင် "အသိသက်သေ လက်မှတ်ရေးထိုးထားသော စာတမ်းအမှတ်အသားကို ချုပ်ဆိုသူကိုယ်တိုင်က ချုပ်ဆိုခဲ့ကြောင်း ဝန်ခံချက်" ဟူ၍ ဖော်ပြထားရာ ချုပ်ဆိုသူက စာချုပ်ချုပ်ဆိုခဲ့ကြောင်း ဝန်ခံရုံမျှဖြင့် မလုံလောက်ချေ။ အသိသက်သေလက်မှတ်ရေးထိုးထားသော စာတမ်းအမှတ်အသားကို ချုပ်ဆိုခဲ့ပါသည်ဟု ဝန်ခံမှသာ လုံလောက်သည့် ဝန်ခံချက်ဖြစ်သည်။

ယခုအမှုတွင် ဒေါ်ဖွားသက်က စာချုပ်ချုပ်ဆိုခြင်းကို မငြင်းဆိုသော်လည်း သက်သေလူကြီးများမှာ ၎င်း၏မျက်ကွယ်တွင် နောက်မှလက်မှတ်ရေးထိုးပါသည်ဟု ထွက်ဆိုရာ အသိသက်သေ လက်မှတ်ရေးထိုးထားသည့် စာချုပ်ကို ချုပ်ဆိုခဲ့ကြောင်း ဒေါ်ဖွားသက်က ဝန်ခံခြင်းမရှိကြောင်း ပေါ်ပေါက်သည်။

သက်သေခံ (က) စာချုပ်တွင် အသိသက်သေ လက်မှတ်ရေးထိုးထားသော်လည်း ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်အောင် အသိသက်သေက လက်မှတ်ရေးထိုးထားခြင်း မရှိသဖြင့် စာချုပ်ချုပ်ဆိုသူကိုယ်တိုင်က ထိုစာချုပ်ကို ချုပ်ဆိုကြောင်း ဝန်ခံစေကာမူ ၎င်း၏ဝန်ခံချက်သည် သက်သေခံအက်ဥပဒေပုဒ်မ ၇၀ ပါ ပြဋ္ဌာန်းချက်နှင့် အကျုံးဝင်မည် မဟုတ်ပေ။

ဦးမင်းဆင် နှင့် မဟာမက်ရှဖီး အမှု[၂]တွင် အောက်ပါအတိုင်း ထုံးဖွဲ့ထားသည်-

> "The fact that the defendant in a suit on a mortgage had admitted execution of the mortgage deeds, does not relieve the duty of the plaintiff to prove attestation. S. 70 of the Evidence Act will come into play only when the document is proved to have been duly attested."

---

(၂) ၁၉၂၇ ခုနှစ်၊ အတွဲ- ၅၊ ရန်ကုန် - ၅၆၀။

ထိုအမှုတွင်ရည်ညွှန်းကိုးကားထားသည့် **မောင်မိုးကြီး ပါ ၂ နှင့် မောင်မင်းဒင် အမှု**[၂] တွင်လည်း ပေါင်နှံသူက စာချုပ်ချုပ်ဆိုကြောင်း ဝန်ခံသော်လည်း အပေါင်စာချုပ်ကို ဥပဒေနှင့်အညီ သက်သေများက မှန်ကြောင်း လက်မှတ်ရေးထိုးထားခြင်း မရှိလျှင် သက်သေခံဥပဒေပုဒ်မ ၇၀ ပါ ပြဋ္ဌာန်းချက်များအရ ယင်းစာချုပ်သည် တရားဝင်ဖြစ်မလာနိုင်ကြောင်း ညွှန်ပြထားသည်။

ထိုအမှုများနှင့် ဆန့်ကျင်ဆုံးဖြတ်ခဲ့သည့် အမှုတစ်မှုမှာ **အောင်ရီ နှင့် မအောင်ကြွားဖြူ ပါ ၂ အမှု**[၃] ဖြစ်သည်။ ယင်းအမှုတွင် စာချုပ်ချုပ်ဆိုသူက စာချုပ်ချုပ်ဆိုခြင်းကို ဝန်ခံလျှင် စာချုပ်ပါသက်သေများကမှန်ကြောင်း လက်မှတ်ရေးထိုးသည်ကို သက်သေပြရန်မလိုကြောင်းဖြင့် ခရီးသွားဟန်လွှဲ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ယင်းဆုံးဖြတ်ချက်ကို အထက်ပါအမှုများတွင် ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ပြီးနောက် လိုက်နာရန်မလိုကြောင်း တင်ပြနိုင်ကြောင်း ထုံးပြုခဲ့ပြီး ဖြစ်သည်။

**ဦးရွှေကြူ ပါ ၅ နှင့် မတင်ဦး အမှု**[၄] တွင် အပေါင်စာချုပ်ချုပ်ဆိုကြောင်း ဝန်ခံလျှင် အသိသက်သေက မှန်ကြောင်း လက်မှတ်ရေးထိုးခြင်းကို သီးခြားသက်သေပြရန် မလိုကြောင်း၊ ယင်းအချက်ကို အခြားသက်သေအထောက်အထားဖြင့် ထုံးဖွဲ့ထားသည်။

အဆိုပါအမှုတွင် အချင်းဖြစ် အပေါင်စာချုပ်ကို နည်းလမ်းတကျ ချုပ်ဆိုကြောင်းနှင့် နည်းလမ်းတကျ အသိသက်သေ လက်မှတ်ရေးထိုးကြောင်း ချုပ်ဆိုသူ၏ ဝန်ခံချက်နှင့် တစ်ဖက်သတ်သက်သေခံချက်များအရ ထင်ရှားပြီးဖြစ်သည်။ ယခုအမှုမှာလည်း အသိသက်သေက နည်းလမ်းတကျ လက်မှတ်ရေးထိုးခြင်း မရှိသဖြင့် ဖြစ်ရပ်ခြင်းမတူချေ။

(၃) ၁၉၂၃ ခုနှစ်၊ အတွဲ- ၁၊ ရန်ကုန် - ၅၅၃။
(၄) ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၆၀၆။

၂၀၀၀
**ဦးစိုးအောင် နှင့် ဒေါ်ခင်ခင်လှ ပါ ၂ (ကွယ်လွန်သူ ဒေါ်ဖွားသက်၏တရားဝင် ကိုယ်စားလှယ်များ)**

၂၀၀၀
ဦးစိုးအောင်
နှင့်
ဒေါ်ခင်ခင်လှ
ပါ ၂
(ကွယ်လွန်သူ
ဒေါ်ဖွားသက်
၏တရားဝင်
ကိုယ်စားလှယ်
များ)

ယခင်က ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၃ တွင် အသိသက်သေ လက်မှတ်ရေးထိုးခြင်းဆိုသော စကား၏အဓိပ္ပာယ်ကို ဖော်ပြထားခြင်း မရှိပေ။ နောက်မှ ပစ္စည်းလွှဲပြောင်းခြင်း (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၂၆ ခုနှစ် အက်ဥပဒေအမှတ် ၂၇) အရ ထည့်သွင်းထားခြင်းဖြစ်သည်။ ထိုသို့ထည့်သွင်းခြင်းမပြုမီ **ပီအမ်အာအမ်အေကေပဲရီယာနင်ချစ်တီး နှင့် မောင်ဘသော် ပါ ၂ အမှု**[၅]၊ **ကွာချိန်ဂွမ် နှင့် မောင်မိုးမြို့နှင့်အခြားသူများ အမှု**[၆] တို့တွင် စာချုပ်စာတမ်းကို ချုပ်ဆိုသူက သက်သေများရှေ့မှောက်တွင် လက်မှတ်ရေးထိုးရန် လိုသည်။ ချုပ်ဆိုသူက ထိုသို့လက်မှတ်ရေးထိုးပြီးမှ အသိသက်သေများက လက်မှတ်ရေးထိုးရမည်။ ချုပ်ဆိုသူက အသိသက်သေများ၏ မျက်ကွယ်တွင် လက်မှတ်ရေးထိုးပြီးနောက် မိမိ၏လက်မှတ် ဖြစ်ပါသည်ဟု ဝန်ခံပြောဆိုရုံမျှဖြင့် မလုံလောက်ဟု ဆုံးဖြတ်ထားကြသည်။ သို့ရာတွင် အဆိုပါဆုံးဖြတ်ချက်များမှာ ၁၉၂၆ ခုနှစ် အက်ဥပဒေအမှတ် ၂၇ ကို ပြဋ္ဌာန်းခြင်းမပြုမီက ဆုံးဖြတ်ထားသော အမှုများဖြစ်၍ လိုက်နာရန်မလိုတော့ချေ။ ၁၉၂၆ ခုနှစ် အက်ဥပဒေအမှတ် ၂၇ ကို ပြဋ္ဌာန်းပြီးသည့်နောက်တွင် စာချုပ်ကို ချုပ်ဆိုသူက အသိသက်သေများရှေ့မှောက်တွင် လက်မှတ်မရေးထိုးသော်လည်း ၎င်းလက်မှတ် ဖြစ်ကြောင်း အသိသက်သေများအား ဝန်ခံပြောဆိုလျှင် ပြဋ္ဌာန်းချက်နှင့်ညီညွတ်မည်ဖြစ်သည်။ သို့ဖြစ်၍ ဥပဒေပြောင်းလဲသွားပြီးနောက် ဆုံးဖြတ်ထားသော **အက်စ်အမ်အေအာအယ်လ်ချစ်တီးတိုက် နှင့် အာရ်အမ်အေချစ်တီးတိုက် ပါ ၄ အမှု**[၇] တွင် စာချုပ်ကို ချုပ်ဆိုသူက ၎င်း၏လက်မှတ်ဖြစ်ကြောင်း ဝန်ခံပြောဆိုသဖြင့် အသိသက်သေများက လက်မှတ်ရေးထိုးခြင်းမှာ ဥပဒေနှင့်ညီညွတ်သည်ဟု ဖော်ပြထားသည်။

---

(၅) အတွဲ- ၉၊ အောက်မြန်မာပြည်စီရင်ထုံး၊ စာ-၁၅၉။
(၆) အတွဲ- ၁၁၊ အောက်မြန်မာပြည်စီရင်ထုံး၊ စာ-၁၄၈။
(၇) အတွဲ- ၅၊ ရန်ကုန်၊ စာ-၇၇၂။

ယခုအမှုတွင် သက်သေခံ (က) ပေးကမ်းခြင်း စာချုပ်ကို စာချုပ်ချုပ်ဆိုသူ ဒေါ်ဖွားသက်က အသိသက်သေများ၏မျက်ကွယ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ဒေါ်ဖွားသက်က စာချုပ်ပေါ်ရှိလက်မှတ်မှာ ၎င်း၏လက်မှတ်ဖြစ်ကြောင်း အသိသက်သေများအား ဝန်ခံပြောဆိုခဲ့ခြင်းလည်း မရှိပေ။ ဦးစိုးအောင်က ဒေါ်ဖွားသက်၏လက်မှတ် ဖြစ်ပါသည်ဟု တစ်ဆင့်ကြားပြောသည်ကို ယုံကြည်ပြီး အသိသက်သေများက သက်သေခံ (က) စာချုပ်တွင် အသိသက်သေအဖြစ် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။ သို့ဖြစ်ရာ စာချုပ်ချုပ်ဆိုသူက မိမိလက်မှတ်မှန်ကန်ကြောင်း ဝန်ခံပြောဆိုချက်ကို ကြားသိပြီးနောက်မှ သက်သေတို့က လက်မှတ်ရေးထိုးခြင်း မဟုတ်သည့်အပြင် စာချုပ်ချုပ်ဆိုသူ ဒေါ်ဖွားသက်ရှေ့တွင် လက်မှတ်ရေးထိုးခြင်းလည်း မဟုတ်၍ သက်သေခံ (က) ပေးကမ်းခြင်းစာချုပ်သည် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်နှင့် မညီညွတ်ကြောင်း တွေ့ရှိရသည်။

ဤအမှုတွင် ကိုးကားသည့် စီရင်ထုံးများမှာ အပေါင်မှုများဖြစ်သော်လည်း ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၅ အရ ချုပ်ဆိုသည့် အပေါင်စာချုပ်နှင့် ယင်းအက်ဥပဒေပုဒ်မ ၁၂၃ အရ ချုပ်ဆိုသည့် မေတ္တာဖြင့် အပိုင်ပေးကမ်းသော စာချုပ်တို့တွင် အနည်းဆုံး သက်သေ ၂ ဦးက မှန်ကြောင်း လက်မှတ်ရေးထိုးရမည်ဟူသော ပြဋ္ဌာန်းချက်မှာ အတူတူပင်ဖြစ်သည်။

အနည်းဆုံး သက်သေ ၂ ဦး ကလက်မှတ်ရေးထိုးရန် လိုသည့် စာချုပ်နှင့်စပ်လျဉ်း၍ စာချုပ်ချုပ်ဆိုသူက စာချုပ်ချုပ်ဆိုခြင်းကို ဝန်ခံသော်လည်း စာချုပ်တွင် နည်းလမ်းတကျ သက်သေများက မှန်ကြောင်း လက်မှတ်ရေးထိုးထားခြင်း မရှိလျှင် သက်သေခံအက်ဥပဒေပုဒ်မ ၇၀ ပါ ပြဋ္ဌာန်းချက်အရ ယင်းစာချုပ်အား တရားဝင်စာချုပ်အဖြစ် လက်မခံခြင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းမရှိဟု မဆိုနိုင်ချေ။

သို့ဖြစ်၍ ကြားနာလျက်ရှိသော ပြဿနာနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

(၁) အပေးစာချုပ် ပြုလုပ်ပေးကမ်းခဲ့သူ ဒေါ်ဖွားသက်က သီးခြားသက်သာခွင့်အက်ဥပဒေအရ အပေးစာချုပ် ပယ်ဖျက်ပေးရန် စွဲဆိုသော ဤအမှုတွင် သက်သေခံ အက်ဥပဒေပုဒ်မ ၇၀ ပါ ပြဋ္ဌာန်းချက်နှင့်အညီ စဉ်းစားပြီး အသိသက်သေတို့ရှေ့တွင် ပေးကမ်းသူ၊ ယူသူတို့က နည်းလမ်းတကျ လက်မှတ်ရေးထိုးခြင်း မရှိသောကြောင့် အပေးစာချုပ်မှာ ဥပဒေအရ တည်မြဲခိုင်မာမည် မဟုတ်ဟု ဦးမင်းဆင် နှင့် မဟာမက်ရှဖီး အမှုကို ဆုံးဖြတ်ခဲ့သော တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီမှာ ဤအမှုအခြေအနေနှင့် ကိုက်ညီမှုန်ကန်သည်ဟု ဆိုနိုင်သည်။

(၂) အမှတ် (၁) ပြဿနာ ဖြေဆိုချက်အရ အမှတ် (၂) ပြဿနာကို ဖြေဆိုရန် မလိုအပ်တော့ပေ။

သို့ဖြစ်၍ ဤအထူးအယူခံမှုကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀၀/- သတ်မှတ်သည်။

တရားမအထူးအယူခံမှု

+ ၂၀၀၀
နိုဝင်ဘာလ
၂၄ ရက်

တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသန်းဦး
တရားသူကြီးများဖြစ်ကြသော ဒေါက်တာတင်အောင်အေး နှင့်
ဦးချစ်လွင် တို့ရှေ့တွင်

ဗိုလ်မှူးဇော်လင်း ပါ ၂

နှင့်

ဒေါ်စိန်တီ*

ပဋိညာဉ်အက်ဥပဒေပုဒ်မ ၉၊ မည်သည့်အခါ သဘောသက်ရောက်သည့် ကတိဖြစ်သနည်း။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၀၉၊ အငှားချထားသူက အငှားချထားသည့် ပစ္စည်းကို လွှဲပြောင်းပေးလျှင် လွှဲပြောင်းပေးသည့် ပစ္စည်းနှင့် ပတ်သက်သည့် အငှားချထားသူ၏ အခွင့်အရေးအားလုံး လွှဲပြောင်းခံယူသူက လက်ခံရရှိခြင်း။

ဆုံးဖြတ်ချက်။ ။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၉ တွင် ကတိတစ်ရပ်နှင့်စပ်လျဉ်း၍ အကြံပြုချက်ကိုဖြစ်စေ၊ လက်ခံခြင်းကိုဖြစ်စေ နှုတ်ဖြင့်ဖော်ပြလျှင် ထိုကတိသည် အတိအလင်းထားရှိသောကတိမည်ကြောင်း၊ နှုတ်ဖြင့်ဖော်ပြခြင်း မပြုဘဲ အခြားနည်းဖြင့်ပြုလုပ်လျှင် သဘောသက်ရောက်သည့် ကတိဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

---

* ၁၉၉၄ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၄၀

+ ၁၉၉၀ ပြည့်နှစ်၊ တရားမအထွေထွေလျှောက်လွှာအမှတ် ၅၁ တွင် ချမှတ်သော ၁၉-၁၁-၉၀ ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံမှု

၂၀၀၀
ဗိုလ်မှူးဇော်လင်း
ပါ ၂
နှင့်
နံ

ဒေါ်စိန်တီက ဗိုလ်မှူးဇော်လင်းထံ အိုးအိမ်ဦးစီးဌာနမှ ချမှတ်ပေးသည့် စည်းကမ်းချက်များအတိုင်း လိုက်နာရန်နှင့် အိမ်လခ ၁၂၄/၉၅း ကို လစဉ်မှန်မှန်ပေးသွင်းရန် အကြောင်းကြားခဲ့ရာ ဗိုလ်မှူးဇော်လင်းတို့က ဒေါ်စိန်တီထံ အိမ်လခ ဆက်လက်ပေးသွင်းခြင်းအားဖြင့် မူလအိမ်ငှားစည်းကမ်းချက်များကို လက်ခံကြောင်း သဘောသက်ရောက်သည်။

ဒေါ်စိန်တီသည် အချင်းဖြစ်ဥပစာ၏အိမ်ငှား ဗိုလ်မှူးဇော်လင်းတို့နှင့် သီးခြားပဋိညာဉ်ချုပ်ဆိုခြင်း မပြုသဖြင့် ယခင်အိမ်ရှင် အိုးအိမ်ဦးစီးဌာနနှင့် အိမ်ငှား ဗိုလ်မှူးဇော်လင်းတို့ ချုပ်ဆိုသည့် အငှားချထားမှုပဋိညာဉ်စည်းကမ်းချက်များအရ ဆက်လက်ငှားရမ်းသည်ဟု ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၀၉ အရ မှတ်ယူရမည်ဖြစ်သည်။

အယူခံတရားလိုများအတွက် - ဦးတင်လှိုင်ထွေး
တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်အတွက် - ဦးသိန်းဟန်
တရားရုံးချုပ်ရှေ့နေ
ရုံးတော်သဟာယအဖြစ်
ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး
ဦးမြင့်နိုင်

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်တရားရုံး၊ ၁၉၈၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅ တွင် ဒေါ်စိန်တီက ၎င်း၏ တရားဝင်ကိုယ်စားလှယ်စာရသူ ဒေါ်ခင်ပြုံးရီမှတစ်ဆင့် ဗိုလ်မှူးဇော်လင်း၊ ဒေါ်လှိုင်လှိုင်မြင့်၊ ကိုမောင်မောင်ခိုင်နှင့် ဦးဘခက်တို့အပေါ် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) (က) (ဂ) တို့အရ အမှတ် ၆၂/၆၄ မြေညီထပ်၊ ရွှေတိဂုံဘုရားလမ်း၊

၂၀၀၀
ဗိုလ်မှူးဇော်လင်း
ပါ ၂
နှင့်
ဒေါ်စိန်တီ

ဒ်းဘဲတန်းမြို့နယ်မှ ဖယ်ရှားထွက်ခွာပေးစေလိုမှု စွဲဆိုသည်။ မြို့နယ်တရားရုံးမှ ဒေါ်စိန်တီစွဲဆိုသည့် အမှုကို ပလပ်သည်။ ဒေါ်စိန်တီက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို မကျေနပ်သဖြင့် ရန်ကုန်တိုင်းတရားရုံးသို့ အယူခံဝင်ရောက်သည့်အခါ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး ဒေါ်စိန်တီအား ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) (က) ဒုတိယပိုင်းအရ အနိုင်ဒီကရီချမှတ်ပေးလိုက်သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ဗိုလ်မှူးဇော်လင်းနှင့် ဒေါ်လှိုင်လှိုင်မြင့်တို့က မကျေနပ်သဖြင့် တရားရုံးချုပ်သို့ အယူခံဝင်ရောက်သော်လည်း အောင်မြင်ခြင်းမရှိပေ။ တဖန် ဗိုလ်မှူးဇော်လင်းတို့က တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် ၁၉၉၀ ပြည့်နှစ်၊ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၅ အရ လျှောက်ထားသော်လည်း အထူးအယူခံဝင်ခွင့်မရရှိခဲ့ပေ။ သို့ရာတွင် အောက်ပါပြဿနာကို စုံညီခုံရုံးဖြင့် ကျယ်ကျယ်ပြန့်ပြန့် ကြားနာအဆုံးအဖြတ်ပြုရန် လိုအပ်သည့်အတွက် စုံညီခုံရုံးဖြင့် အထူးအယူခံမှု စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပိုဒ် ၁၇ အရ အထူးအယူခံမှု ဖွင့်လှစ်ခဲ့သည်-

> "ဒေါ်စိန်တီသည် အချင်းဖြစ်ဥပစာကို ပြည်သူပိုင်သိမ်းဆည်းထားစဉ်အတွင်း မူလပိုင်ရှင်ထံမှ ဝယ်ယူခဲ့ခြင်းဖြစ်၍ သက်ဆိုင်ရာက တရားဝင်နေထိုင်ခွင့်ချထားပေးခဲ့သူအပေါ် ယင်းဥပစာနှင့်စပ်လျဉ်း၍ ဝင်းရရှိခဲ့သည့် အနိုင်ဒီကရီသည် မှန်ကန်မှုရှိ-မရှိ။"

ယင်းပြဿနာအပေါ် ကြားနာခဲ့ရာတွင် အဆိုပါပြဿနာသည် အမှုကို အဆုံးအဖြတ်ပေးရန်အတွက် လုံလောက်သည့် ပြဿနာမဟုတ်ကြောင်း တွေ့ရှိရသဖြင့် အောက်ပါပြဿနာကို ကြားနာရန်အတွက် ထပ်မံထုတ်ပေးခဲ့သည်-

၂၀၀၀
ဗိုလ်မှူးဇော်လင်း
ပါ ၂
နှင့်
ဒေါ်စိန်တီ

"ဒေါ်စိန်တီ အိမ်ရှင်ဖြစ်လာသည့်အခါ ဒေါ်စိန်တီသည် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၀၉ အရ ယခင် အိမ်ရှင်၏ အခွင့်အရေးကို ရရှိပြီး ယခင် အိမ်ရှင်ဖြစ်သော အိုးအိမ်ဦးစီးဌာနနှင့် အိမ်ငှား ဗိုလ်မှူးဇော်လင်းတို့ သဘောတူခဲ့သည့် အငှားချထားရေး စည်းကမ်းချက်များအတိုင်း လိုက်နာရန် ဗိုလ်မှူးဇော်လင်းတို့က သဘောတူခဲ့သည်ဟု တရားရုံးချုပ်က သုံးသပ်ခြင်းသည် မှန်ကန်မှုရှိ-မရှိ။"

အယူခံတရားလို၏ရှေ့နေက အယူခံတရားပြိုင်သည် အချင်းဖြစ် အခန်းအား အစိုးရမှ ပြည်သူပိုင်သိမ်းဆည်းထားစဉ် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ အယူခံတရားပြိုင် ဒေါ်စိန်တီသည် ပြည်သူပိုင်သိမ်းဆည်းထားစဉ်အတွင်း တရားမဝင်ပြုလုပ်သော အရောင်းအဝယ်စာချုပ်ဖြင့် အိုးအိမ်ဦးစီးဌာနမှ အခန်းကို ၁၉၈၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် လွှဲပြောင်းရယူခဲ့ကြောင်း၊ အယူခံတရားပြိုင် ဒေါ်စိန်တီအား အိုးအိမ်ဦးစီးဌာနက အခန်းလွှဲပြောင်းပေးခဲ့သည့် စာမိတ္တူကို အယူခံတရားလိုအား ပေးခဲ့ကြောင်း၊ ယင်းစာတွင် အိုးအိမ်ဦးစီးဌာနက သတ်မှတ်ပေးထားသော အိမ်လခကို ဒေါ်စိန်တီအားပေးရန် ညွှန်ကြားခဲ့ကြောင်း၊ ထို့နောက် အယူခံတရားပြိုင် ဒေါ်စိန်တီက ၁-၁-၈၅ ရက်စွဲပါ အငှားချထားရေး စည်းကမ်းချက်များပါ စာတစ်စောင်ကို အယူခံတရားလို ဗိုလ်မှူးဇော်လင်းထံသို့ ပေးပို့ခဲ့ကြောင်း၊ ယင်းစာနှင့်ပတ်သက်၍ ဗိုလ်မှူးဇော်လင်းက တစ်စုံတစ်ရာပြန်ကြားခြင်း မပြုမီ အယူခံတရားပြိုင် ဒေါ်စိန်တီက တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း၊ အယူခံတရားပြိုင် ဒေါ်စိန်တီသည် အချင်းဖြစ်ဥပစာကို ပြည်သူပိုင်သိမ်းဆည်းထားစဉ်အတွင်း ဝယ်ယူခဲ့ခြင်းမှာ တရားဝင်မဟုတ်ကြောင်းနှင့် ပိုင်ဆိုင်ခွင့်မရနိုင်ကြောင်း၊ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၀၉ အရ လွှဲပြောင်းပေးသူ၏ အခွင့်အရေးများကို လွှဲပြောင်းရယူသူသည် တရားဝင်လွှဲပြောင်းခြင်းကိစ္စတွင်သာ ရနိုင်ကြောင်း၊ ဥပဒေနှင့်အညီ

သွဲပြောင်းသူထံမှ လွှဲပြောင်းရသူက တရားဝင်လွှဲပြောင်းရယူ ရရှိသည့် ကိစ္စများတွင်ပင် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၀၉ ပါ ပြဋ္ဌာန်းချက်ကို ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၆ နှင့် ပုဒ်မ ၁၀၈ တို့က ကန့်သတ်ထားကြောင်း၊ အိုးအိမ်ဦးစီးဌာနက အယူခံ တရားလို ဗိုလ်မှူးဇော်လင်းအား အချင်းဖြစ်အခန်းကို နေထိုင်ခွင့်ချထား ရာ၌ ငှားရမ်းခကို တစ်လလျှင် ၁၂၄ ကျပ် ၉၅ ပြား သတ်မှတ်ခဲ့ကြောင်း၊ ယင်းငှားရမ်းခများကို အယူခံတရားလို ဗိုလ်မှူးဇော်လင်းသည် အိုးအိမ် ဦးစီးဌာနသို့ မပျက်မကွက်ပေးအပ်ခဲ့ကြောင်း၊ အိုးအိမ်ဦးစီးဌာနမှ အယူခံတရားပြိုင် ဒေါ်စိန်တီအား အခန်းကို လွှဲပြောင်းပေးသည့် စာမိတ္တူကို အယူခံတရားလို ဗိုလ်မှူးဇော်လင်းသို့ ပေးပို့ခဲ့ပြီး၊ ယင်းစာ မိတ္တူတွင် ငှားရမ်းခများကို ဒေါ်စိန်တီသို့ ပေးသွင်းရန် ညွှန်ကြားခဲ့ ကြောင်း၊ အယူခံတရားလို ဗိုလ်မှူးဇော်လင်းက လစာပေးသွင်းခြင်း သည် အိုးအိမ်မှ အငှားချထားခဲ့စဉ်ကတည်းက စဉ်ဆက်မပြတ်ပေးခဲ့ သော ငှားရမ်းခကို အိုးအိမ်ဦးစီးဌာန၏ ညွှန်ကြားချက်ကို လိုက်နာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေါ်စိန်တီ၏ ၁-၁-၈၅ နေ့စွဲပါ အကြောင်းကြားစာအရ ပေးပို့ခဲ့ခြင်းမဟုတ်ကြောင်း၊ သို့ဖြစ်၍ တရားရုံးချုပ်မှ ထုတ်နှုတ်ပေးခဲ့သော ပြဿနာ ၂ ရပ်အား အယူခံ တရားလိုများသို့ အသားပေးဖြေဆိုသင့်ကြောင်း လျှောက်လဲတင်ပြ သည်။

အယူခံတရားပြိုင်၏ရှေ့နေက အထူးအယူခံခုံရုံးက ကြားနာ သည့် ပထမဥပဒေပြဿနာ ဖော်ထုတ်ချက်သည် ပြည်သူပိုင်သိမ်း အိမ်ခန်းကို ဝယ်ယူသူ တရားလို ဒေါ်စိန်တီတို့သည် တရားဝင်ပိုင်ဆိုင် ခွင့်မရနိုင်သဖြင့် လက်ရှိနေထိုင်သူ ပြည်သူ့အိုးအိမ်ဦးစီးဌာန၏ အိမ်ငှား ဗိုလ်မှူးဇော်လင်းအပေါ် ဥပဒေသဘောအရ အိမ်ရှင်ဖြစ်မလာနိုင် ကြောင်းကို ရည်ညွှန်းဖော်ထုတ်သည့် သဘောသက်ရောက်ကြောင်း၊ တစ်နည်းအားဖြင့် ဗိုလ်မှူးဇော်လင်းသည် ဒေါ်စိန်တီ၏ အိမ်ငှားမဟုတ်

ကြောင်း၊ အိုးအိမ်ဦးစီးဌာန၏ အိမ်ငှားသာဖြစ်ကြောင်းကို ငြင်းဆိုခွင့် ပြုရာ ရောက်နေကြောင်း၊ ဗိုလ်မှူးဇော်လင်းသည် မူလရုံးမှစ၍ တရားရုံးချုပ် အထူးအယူခံဝင်ခွင့် လျှောက်ထားသည်အထိ တရားရုံး အဆင့်ဆင့်၌ ဒေါ်စိန်တီ၏အိမ်ငှားအဖြစ်ကို မငြင်းခဲ့ကြောင်း၊ အိမ်ရှင် အိမ်ငှား ဆက်သွယ်မှုရှိကြောင်းကို မငြင်းခဲ့ကြောင်း၊ ဒေါ်စိန်တီကို အိမ်ခန်းလခများ ပေးခဲ့သည်ကိုလည်း မငြင်းခဲ့ကြောင်း၊ နောက်ပိုင်းတွင် ဒေါ်စိန်တီက အိမ်လခများ လက်မခံတော့၍ ဗိုလ်မှူးဇော်လင်းက ဒေါ်စိန်တီအပေါ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ ၁၆ (၁) အရ အိမ်လခပေးသွင်းခွင့် လျှောက်ထားခဲ့သည်ကိုလည်း မငြင်း ကြောင်း၊ ဒေါ်စိန်တီသည် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေ ပုဒ်မ ၂ (ဂ) ပါ အိမ်ရှင်အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်သော အိမ်ရှင်ထံမှ တစ်ဆင့် ဆိုင်ရာဆိုင်ခွင့်ရရှိသူဆိုသော စကားရပ်အရ ဥပဒေသဘော အရ အိမ်ရှင်ဖြစ်ရုံသာကမ ဗိုလ်မှူးဇော်လင်းပေးသွင်းသည့် အိမ်လခ များကို ဒေါ်စိန်တီက လက်ခံခြင်းဖြင့် အိမ်ရှင်အိမ်ငှား ဆက်သွယ်မှု ရှိပြီးဖြစ်ကြောင်း၊ ဗိုလ်မှူးဇော်လင်းသည် ဒေါ်စိန်တီ၏ အိမ်ငှားအဖြစ် ဝန်ခံထားပြီးဖြစ်၍ ငှားရမ်းစဉ်အခါက အချင်းဖြစ်အိမ်ခန်းနှင့်ပတ်သက် သော ဒေါ်စိန်တီ၏ ပိုင်ဆိုင်ခွင့်အပေါ် အငြင်းပွားခွင့် မရှိကြောင်း၊ သက်သေခံဥပဒေပုဒ်မ ၁၁၆ က ထိုသို့အငြင်းပွားခွင့်ကို ပိတ်ပင် တားမြစ်ထားကြောင်း၊ ထို့ကြောင့် ဤအမှုတွင် ဒေါ်စိန်တီသည် ပြည်သူ ပိုင်သိမ်းထားစဉ် အတောအတွင်း မူလပိုင်ရှင်ထံမှ ဝယ်ယူခံခြင်း ဖြစ်စေ ကာမူ အိမ်ခန်းအပေါ် ၎င်း၏တရားဝင်ပိုင်ဆိုင်မှုသည် မည်သို့ထိခိုက် ခြင်း မရှိသည့်အပြင် နှစ်ဦးနှစ်ဖက် အိမ်လခများပေးသွင်းပြီး အိမ်ရှင် အိမ်ငှား ဆက်သွယ်မှုလည်း ရှိခဲ့ပြီးဖြစ်၍ တရားဝင်အိမ်ရှင်အိမ်ငှားများ ဖြစ်ကြသည့်အလျောက် ဒေါ်စိန်တီရရှိသော အနိုင်ဒီကရီမှာလည်း ဥပဒေအရ မှန်ကန်မှုရှိကြောင်း၊ ဒုတိယဥပဒေပြဿနာနှင့်ပတ်သက်၍ ဆက်လက်တင်ပြရသော် ဒေါ်စိန်တီ၏ အိမ်ရှင်ဖြစ်လာပြီးနောက်

၁-၁-၈၅ နေ့စွဲပါ အကြောင်းကြားစာ (သက်သေခံ-ဂ) ဖြင့် ဗိုလ်မှူးဇော်လင်းထံ စည်းကမ်းချက်များကို လိုက်နာရန်နှင့် အိမ်လခ မှန်မှန်ပေးရန် အကြောင်းကြားခဲ့ရာ ဗိုလ်မှူးဇော်လင်းထံမှ အတိအလင်းပြန်ကြားချက် မရှိသော်လည်း ဆိတ်ဆိတ်နေခြင်းဖြင့် သွယ်ဝိုက်သောနည်းအားဖြင့် သဘောတူခဲ့ပြီးဖြစ်သည်ဟုသာ ကောက်ယူရမည် ဖြစ်ကြောင်း၊ အိုးအိမ်ဦးစီးဌာနပါ စည်းကမ်းချက်များအတိုင်း လိုက်နာရန်နှင့် အိမ်လခမှန်မှန်ပေးရန် ဒေါ်စိန်တီ၏ အကြောင်းကြားစာကို မည်သို့မျှမပြန် ဆိတ်ဆိတ်နေခဲ့သော်လည်း အိမ်လခ မှန်မှန်ပေးသွင်းလာသော အိမ်ငှား ဗိုလ်မှူးဇော်လင်းသည် အဆိုပါ အကြောင်းကြားစာပါအတိုင်း လိုက်နာမည်ဖြစ်ကြောင်းကို ပဋိညာဉ်အက်ဥပဒေပုဒ်မ ၉ အရ ၎င်း၏အပြုအမူအားဖြင့် ဝန်ခံကတိပြုရာရောက်ကြောင်း၊ ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ ၁၀၉ အရလည်း ဒေါ်စိန်တီသည် ယခင်အိမ်ရှင် အိုးအိမ်ဦးစီးဌာန၏ အခွင့်အရေးကို ရရှိမည့်သူ ဖြစ်ကြောင်း၊ သို့ပါ၍ ဒုတိယပြဿနာနှင့်ပတ်သက်သော တရားရုံးချုပ်၏ ကောက်ယူဆုံးဖြတ်ချက်မှာလည်း ဥပဒေအရ မှားယွင်းခြင်းမရှိကြောင်း လျှောက်လဲတင်ပြသည်။

ရုံးသဟာယအဖြစ် ဆောင်ရွက်သည့် ရှေ့နေချုပ်ရုံးက ဗိုလ်မှူးဇော်လင်းတို့သည် ဒေါ်စိန်တီအပေါ် ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၂၈၄ (က)/၉၀ တွင် ၎င်းတို့သည် အိုးအိမ်ဦးစီးဌာန၏ အိမ်ငှားများအဖြစ် တည်မြဲလျက်ရှိနေကြောင်းနှင့် တရားပြိုင်များ ရယူထားသော ဒီကရီကို ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးပါရန် စွဲဆိုမှုတွင် တရားရုံးအဆင့်ဆင့်မှ စုံညီခုံရုံး တရားမအထူးအယူခံမှုအမှတ် ၄၄/၉၂ အထိ ဗိုလ်မှူးဇော်လင်းတို့၏ တင်ပြချက်များသည် ယခင် တရားမကြီးမှုအမှတ် ၅/၈၅ တွင် ဝန်ခံခဲ့ပြီးဖြစ်၍ မီးသေဆုံးဖြတ်ချက်ဖြစ်ကြောင်းနှင့် သက်သေခံဥပဒေပုဒ်မ ၁၁၆ အရ ပိုင်ဆိုင်ခွင့်ကို ငြင်းဆိုခွင့် မရှိကြောင်း ဆုံးဖြတ်ထားပြီး ဖြစ်သောကြောင့်

၂၀၀၀
ဗိုလ်မှူးဇော်လင်း
ပါ ၂
နှင့်
ဒေါ်စိန်တီ

ဒေါ်စိန်တီသည် အချင်းဖြစ်ဥပစာကို ပိုင်ဆိုင်သူဖြစ်သည်ဟု ကောက်ယူ သုံးသပ်ရမည်ဖြစ်ကြောင်း၊ ယင်းသို့ ကောက်ယူနိုင်သည့်အတွက် ဒေါ်စိန်တီသည် အချင်းဖြစ်ဥပစာကို ပြည်သူပိုင်သိမ်းထားစဉ်အတွင်း မူလပိုင်ရှင်ထံမှ ဝယ်ယူခဲ့ခြင်းဖြစ်၍ သက်ဆိုင်ရာ တရားဝင်နေထိုင်ခွင့် ချမှတ်ထားခဲ့သူအပေါ် ယင်းဥပဒေနှင့်စပ်လျဉ်း၍ ဝင်းရရှိခဲ့သည့် အနိုင် ဒီကရီသည် မှန်ကန်မှုရှိသည်ဟု သုံးသပ်တွေ့ရှိရကြောင်း၊ အိုးအိမ် ဦးစီးဌာနက အချင်းဖြစ်အခန်းကို ဗိုလ်မှူးဇော်လင်းအား အငှားချထား စဉ် လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ပေးခဲ့ရာ ယင်း စည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း ဗိုလ်မှူးဇော်လင်း ကိုယ်တိုင် သက်သေခံ-ဃ တွင် ဝန်ခံလက်မှတ်ရေးထိုးခဲ့ကြောင်း၊ ဒေါ်စိန်တီနှင့် ဗိုလ်မှူးဇော်လင်းတို့အကြားတွင် အငှားပဋိညာဉ် သီးခြား ချုပ်ဆိုခဲ့ကြခြင်း မရှိကြောင်း၊ ဒေါ်စိန်တီကိုယ်တိုင် အိမ်ရှင် ဖြစ်လာ သည့်အခါ ၁-၁-၈၅ နေ့စွဲပါ အကြောင်းကြားစာဖြင့် အိုးအိမ်ဦးစီးဌာန မှ ချမှတ်ပေးခဲ့သည့် စည်းကမ်းချက်နှင့် ဝန်ခံချက်အတိုင်း ဆက်လက် လိုက်နာရန် ဗိုလ်မှူးဇော်လင်းထံ အကြောင်းကြားခဲ့ရာ တစ်စုံတစ်ရာ ငြင်းဆို ပြန်ကြားခဲ့ခြင်း မရှိခဲ့ဘဲ သတ်မှတ်ပေးသည့် အိမ်လခကို ဆက်လက်ပေးခဲ့သည့်အတွက် မူလက အိုးအိမ်နှင့် ဗိုလ်မှူးဇော်လင်း တို့အကြား ထားရှိခဲ့သည့် စည်းကမ်းချက်များအတိုင်း ဆက်လက် လိုက်နာရန် ဗိုလ်မှူးဇော်လင်းအနေဖြင့် သဘောတူခဲ့သည်ဟုသာ ကောက်ယူသုံးသပ်ရန်ရှိကြောင်း၊ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၀၉ တွင် အငှားချထားသူက အငှားချထားသည့်ပစ္စည်းကို ဖြစ်စေ၊ ပစ္စည်း၏ အစိတ်အပိုင်းကို ဖြစ်စေ၊ ပစ္စည်းအပေါ် အကျိုးသက်ဆိုင်မှု အစိတ်အပိုင်းကို ဖြစ်စေ လွှဲပြောင်းပေးလျှင် အခြားနည်းဆန့်ကျင်သည့် ပဋိညာဉ်မရှိပါက အငှားချထားသူသည် ပစ္စည်းကို ပိုင်ဆိုင်သူဖြစ်နေ သ၍ လွှဲပြောင်းပေးအပ်သည့်ပစ္စည်း သို့မဟုတ် အစိတ်အပိုင်းနှင့် ပတ်သက်သည့် အငှားချထားသူ၏ အခွင့်အရေးအားလုံးကို လွှဲပြောင်း

ခံယူသူက ရရှိစေရမည်ဟူ၍ ပြဋ္ဌာန်းထားကြောင်း၊ ယခုအမှုတွင်လည်း ဒေါ်စိန်တီနှင့် ဗိုလ်မှူးဇော်လင်းတို့သည် သီးခြားပဋိညာဉ်တစ်ရပ် ချုပ်ဆိုခဲ့ကြခြင်း မရှိသည့်အတွက် ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေ ပုဒ်မ ၁၀၉ အရ ဒေါ်စိန်တီသည် ယခင်အိမ်ရှင်၏ အခွင့်အရေးကို ရရှိသူဖြစ်ကြောင်း၊ သို့ဖြစ်၍ ပထမပြဿနာအပေါ်တွင် ဒေါ်စိန်တီသည် အချင်းဖြစ်ဥပစာကို ပြည်သူပိုင်သိမ်းဆည်းထားစဉ်အတွင်း မူလပိုင်ရှင်ထံမှ ဝယ်ယူခဲ့ခြင်းဖြစ်၍ သက်ဆိုင်ရာက တရားဝင်နေထိုင်ခွင့် ချထားပေးခဲ့သူအပေါ် ယင်းဥပစာနှင့်စပ်လျဉ်း၍ ၎င်းရရှိခဲ့သည့် အနိုင်ဒီကရီသည် မှန်ကန်မှုရှိသည်ဟုလည်းကောင်း၊ ဒုတိယပြဿနာနှင့် စပ်လျဉ်း၍ ဒေါ်စိန်တီ အိမ်ရှင်ဖြစ်လာသည့်အခါ ဒေါ်စိန်တီသည် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၀၉ အရ ယခင်အိမ်ရှင်၏ အခွင့်အရေးကို ရရှိပြီး ယခင်အိမ်ရှင်ဖြစ်သော အိုးအိမ်ဦးစီးဌာနနှင့် အိမ်ငှား ဗိုလ်မှူးဇော်လင်းတို့ သဘောတူခဲ့သည့် အငှားချထားရေး စည်းကမ်းချက်များအတိုင်း လိုက်နာရန် ဗိုလ်မှူးဇော်လင်းတို့က သဘောတူခဲ့သည်ဟု တရားရုံးချုပ်က သုံးသပ်ခဲ့ခြင်းသည် မှန်ကန်မှု ရှိသည်ဟုလည်းကောင်း လျှောက်လဲတင်ပြသည်။

ပန်းဘဲတန်းမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ် ၆၂/၆၄ ဟု ခေါ်တွင်သည့် သုံးထပ်တိုက်တစ်လုံးနှင့် ယင်းတိုက်တည်ရာမြေကို မူလပိုင်ရှင် ဦးခင်မောင်တင်ထံမှ ဦးကြင်ပွင့်နှင့် ဒေါ်စိန်တီတို့က ၁၉၆၆ ခုနှစ်တွင် မှတ်ပုံတင်အရောင်းစာချုပ်ဖြင့် ဝယ်ယူခဲ့သည်။

ယင်းအချိန်က အဆိုပါ အချင်းဖြစ်တိုက် မြေညီထပ်ကို ပြည်သူပိုင်သိမ်းထားသဖြင့် အိုးအိမ်ဦးစီးဌာန၏ လက်ဝယ်တွင် ရောက်ရှိနေသည်။ ဒေါ်စိန်တီသည် အချင်းဖြစ်ဥပစာကို ပြည်သူပိုင် သိမ်းဆည်းထားစဉ်အတွင်း မူလပိုင်ရှင်ထံမှ ဝယ်ယူခဲ့ခြင်းဖြစ်၍ ထိုစဉ်အခါက အချင်းဖြစ်အခန်းနှင့်စပ်လျဉ်းသည့် အခွင့်အရေးများကို လွှဲပြောင်းလက်ခံရရှိခဲ့သည်ဟု မဆိုနိုင်ပေ။

၂၀၀၀
ဗိုလ်မှူးဇော်လင်း
ပါ ၂
နှင့်
ဒေါ်စိန်တီ

အိုးအိမ်ဦးစီးဌာနက အချင်းဖြစ်ဥပစာကို ၁၉၇၃ ခုနှစ်တွင် ဗိုလ်မှူးဇော်လင်းသို့ အငှားချထားခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် ဗိုလ်မှူးဇော်လင်းအား အငှားချထားသည့် ပြည်သူပိုင် ပြုလုပ်ထားသည့် အိမ်ခန်းပိုင်ဆိုင်မှုကို ဦးကြင်ပွင့်နှင့် ဒေါ်စိန်တီတို့အား ပြန်လည်ပေးအပ်ခဲ့သည်။

ဒေါ်စိန်တီသည် အိုးအိမ်ဦးစီးဌာနက ပြည်သူပိုင်ပြုလုပ်ထားသည့် အိမ်ခန်းပိုင်ဆိုင်မှုကို ၎င်းအား ပြန်လည်လွှဲပြောင်းပေးအပ်သည့် ၃-၁၂-၈၄ နေ့မှစ၍ ယင်းအခန်းနှင့်စပ်လျဉ်းသည့် အခွင့်အရေးအရပ်ရပ်ကို ရရှိခဲ့သည်ဟု ဆိုနိုင်သည်။

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၀၉ တွင် အငှားချထားသူက အငှားချထားသည့်ပစ္စည်းကို လွှဲပြောင်းပေးလျှင် လွှဲပြောင်းပေးသည့် ပစ္စည်းနှင့်ပတ်သက်သည့် အငှားချထားသူ၏ အခွင့်အရေးအားလုံး လွှဲပြောင်းခံယူသူက လက်ခံရရှိကြောင်း အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

ပုဒ်မ ၁၀၉။ အငှားချထားသူက အငှားချထားသည့် ပစ္စည်းကို ဖြစ်စေ၊ ပစ္စည်း၏အစိတ်အပိုင်းကို ဖြစ်စေ၊ ပစ္စည်းအပေါ် ကျိုးသက်ဆိုင်မှု အစိတ်အပိုင်းကို ဖြစ်စေ လွှဲပြောင်းပေးလျှင် အခြားနည်းဆန့်ကျင်သည့် ပဋိညာဉ်မရှိပါက အငှားချထားသူသည် ပစ္စည်းကို ပိုင်ဆိုင်သူဖြစ်နေသရွေ့ လွှဲပြောင်းပေးအပ်သည့် ပစ္စည်း သို့မဟုတ် အစိတ်အပိုင်းနှင့်ပတ်သက်သည့် အငှားချထားသူ၏ အခွင့်အရေးအားလုံးကို လွှဲပြောင်းလက်ခံယူသူက ရရှိစေမည့်အပြင် ငှားရမ်းသူက လက်ခံလျှင် အငှားချထားသူ၏ တာဝန်အားလုံးမှာလည်း လွှဲပြောင်းခံယူသူအပေါ် ကျရောက်စေရမည်။

၂၀၀၀
ဗိုလ်မှူးဇော်လင်း
ပါ ၂
နှင့်
ဒေါ်စိန်တီ

ဒေါ်သိန်းခင် နှင့် ဦးအောင်ကို အမှု[၁] တွင် ဦးအောင်ကိုသည် အချင်းဖြစ်အိမ်ကို မူလပိုင်ရှင်ထံမှ ငှားရမ်းနေထိုင်လာခဲ့ရာ ဒေါ်သိန်းခင်က ထိုအိမ်ကို ထိုပိုင်ရှင်ထံမှ ဝယ်ယူထိုက်သောကြောင့် ဦးအောင်ကို၏ အိမ်ရှင်အဖြစ်သို့ ရောက်ရှိသွားကြောင်း၊ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၅ နှင့် ၁၀၉ တို့အရလည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂ (ဂ) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အရလည်းကောင်း ဒေါ်သိန်းခင်သည် အချင်းဖြစ်ဥပစာကို လွှဲပြောင်းရယူသည့်နေ့တွင် အိမ်ရှင်ဖြစ်လာသည် ဆိုသော အချက်မှာ မငြင်းနိုင်သောအချက် ဖြစ်ကြောင်း၊ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၀၉ အရ ဒေါ်သိန်းခင်သည် အိမ်ငှား ဦးအောင်ကိုနှင့် သီးခြားပဋိညာဉ်ချုပ်ဆိုခြင်း မပြုလျှင် ယခင်အိမ်ရှင်က အခွင့်အရေးကို ရရှိမည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ယခင်အိမ်ရှင်က ဦးအောင်ကိုအား အင်္ဂလိပ်ပြက္ခဒိန်လအလိုက် လဆန်းတစ်ရက်နေ့မှ လကုန်အထိ ငှားရမ်းခဲ့ခြင်းဖြစ်ပါမူ ဒေါ်သိန်းခင် ပိုင်ရှင်ဖြစ်လာသော အခါ ယင်းစည်းကမ်းချက်အရ ဆက်လက်ငှားရမ်းသည်ဟု အဆိုပါ ဥပဒေပုဒ်မ ၁၀၉ အရ မှတ်ယူရမည်ဖြစ်ကြောင်း ညွှန်ပြထားသည်။

အိုးအိမ်ဦးစီးဌာနက အချင်းဖြစ်တိုက်ခန်းကို ဒေါ်စိန်တီတို့အား ပြန်လည်ပေးအပ်ပြီးနောက် ဒေါ်စိန်တီတို့က အိုးအိမ်ဦးစီးဌာနက ဗိုလ်မှူးဇော်လင်းတို့အား အငှားချထားခဲ့သည့် စည်းကမ်းချက်အတိုင်း ဆက်လက်လိုက်နာ၍ အိမ်လခ ၁၂၄ ကျပ် ၉၅ ပြားကို မှန်မှန်ပေးရန် အကြောင်းကြားခဲ့သည်။ ဒေါ်စိန်တီ၏ အကြောင်းကြားစာ သက်သေခံ (ဂ) တွင် အောက်ပါအတိုင်း ဖော်ပြထားသည်-

လူကြီးမင်း ဗိုလ်မှူးဇော်လင်း လက်ရှိနေထိုင်လျက်ရှိသော မြေညီထပ် နေအိမ်ခန်းနှင့်စပ်လျဉ်း၍ လူကြီးမင်းအား

---

(၁) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၃၁၇ (၃၁၈)

၂၀၀၀
ဗိုလ်မှူးဇော်လင်း
ပါ ၂
နှင့်
ဒေါ်စိန်တီ

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အိုးအိမ်ဦးစီးဌာနမှ အိမ်ငှားအဖြစ် နေအိမ်လခ တစ်လလျှင် ၁၂၄ ကျပ် ၉၅ ပြား အငှားချထားပေးခဲ့ပါသည်။

အဆိုပါနေအိမ်ခန်းကို ယခုအခါ အိုးအိမ်ဦးစီးဌာနမှ ၃-၁၂-၈၄ နေ့စွဲပါ စာအမှတ်၊ အခရ / ပြည်သူပိုင် / လွှတ် (ထွေ) / ၈၄ (၁၉၉၈) ဖြင့် မူလပိုင်ရှင်ဖြစ်သူ ကျွန်မ ဒေါ်စိန်တီအား ပြန်လည်ပေးအပ်လိုက်ပြီး ဖြစ်ပါသည်။

ထို့ကြောင့် လူကြီးမင်းသည် ၂၃-၁၂-၈၄ လုပ်သားသတင်းစာပါအတိုင်း ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ် ၆၂/၆၄ မြေညီထပ် နေအိမ်ခန်းကို အိမ်ပိုင်ရှင်ဖြစ်သူ ကျွန်ုပ်၏သဘောတူညီခွင့်ပြုချက် မရဘဲ ရောင်းစားခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ တစ်ဆင့်လူငှားတင်ခြင်း စသည်များ လုံးဝမပြုလုပ်ရန်နှင့် အိုးအိမ်ဦးစီးဌာနမှ အိမ်ငှားအဖြစ် လူကြီးမင်းအား ချမှတ်ပေးခဲ့သည့် စည်းကမ်းချက်များနှင့် ကတိဝန်ခံချက်အတိုင်း ဆက်လက်လိုက်နာရန် အကြောင်းကြားအပ်ပါသည်။ နေအိမ်လခ ၁၂၄/၉၅း ကို အိမ်ပိုင်ရှင်နှင့် အိမ်ရှင်ဖြစ်သူ ကျွန်ုပ်ထံသို့ လစဉ်မှန်မှန်ပေးသွားရန် အကြောင်းကြားသိစေအပ်ပါသည်။

ပဋိညာဉ်အက်ဥပဒေပုဒ်မ ၉ တွင် ကတိတစ်ရပ်နှင့်စပ်လျဉ်း၍ အကြံပြုချက်ကို ဖြစ်စေ၊ လက်ခံခြင်းကို ဖြစ်စေ နှုတ်ဖြင့်ဖော်ပြလျှင် ထိုကတိသည် အတိအလင်းထားရှိသော ကတိမည်ကြောင်း၊ နှုတ်ဖြင့် ဖော်ပြခြင်းမပြုဘဲ အခြားနည်းဖြင့် ပြုလုပ်လျှင် သဘောသက်ရောက်သည့် ကတိဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

ဒေါ်စိန်တီက ဗိုလ်မှူးဇော်လင်းထံ အိုးအိမ်ဦးစီးဌာနမှ ချမှတ်ပေးသည့် စည်းကမ်းချက်များအတိုင်း လိုက်နာရန်နှင့် အိမ်လခ ၁၂၄/၉၅း ကို လစဉ်မှန်မှန် ပေးသွင်းရန် အကြောင်းကြားခဲ့ရာ ဗိုလ်မှူး

ဇော်လင်းတို့က ဒေါ်စိန်တီထံ အိမ်လခ ဆက်လက်ပေးသွင်းခြင်း အားဖြင့် မူလအိမ်ငှား စည်းကမ်းချက်များကို လက်ခံကြောင်း သဘော သက်ရောက်သည်။

၂၀၀၀
ဗိုလ်မှူးဇော်လင်း
ပါ ၂
နှင့်
ဒေါ်စိန်တီ

ဒေါ်စိန်တီသည် အချင်းဖြစ်ဥပစာ၏ အိမ်ရှင်ဖြစ်လာသော အခါ အိမ်ငှား ဗိုလ်မှူးဇော်လင်းတို့နှင့် သီးခြားပဋိညာဉ်ချုပ်ဆိုခြင်း မပြုသဖြင့် ယခင်အိမ်ရှင် အိုးအိမ်ဦးစီးဌာနနှင့် အိမ်ငှား ဗိုလ်မှူး ဇော်လင်းတို့ ချုပ်ဆိုသည့် အငှားချထားမှု ပဋိညာဉ် စည်းကမ်းချက်များ အရ ဆက်လက်ငှားရမ်းသည်ဟု ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၁၀၉ အရ မှတ်ယူရမည်ဖြစ်သည်။

အိုးအိမ်ဦးစီးဌာနသည် ဗိုလ်မှူးဇော်လင်းတို့၏ အိမ်ရှင်ဖြစ်ရာ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၀၉ အရ ဒေါ်စိန်တီသည် ယခင်အိမ်ရှင်၏ အခွင့်အရေးများကို ရရှိမည်ဖြစ်သည်။ အိုးအိမ်ဦးစီး ဌာနက အချင်းဖြစ်အိမ်ခန်းကို ဗိုလ်မှူးဇော်လင်းအား ငှားရမ်းခဲ့ရာ၌ အောက်ပါစည်းကမ်းချက်ဖြင့် ငှားရမ်းခဲ့ခြင်းဖြစ်သည်-

၄။ အိမ်ငှားသည်-

(က) ပြည်သူ့အိုးအိမ်အဖွဲ့၏ ခွင့်ပြုချက်မရဘဲ အိမ်/ အိမ်ခန်း တစ်ခုလုံးကိုသော် လည်းကောင်း၊ တစ်စိတ် တစ်ပိုင်းကိုသော် လည်းကောင်း တစ်ဆင့်ငှားရမ်းခြင်း မပြုလုပ်ရ။

၈။ အိမ်ငှားသည် အိမ်/အိမ်ခန်းကို လူနေထိုင်ရန်အတွက် သာမန်အသုံးပြုရမည်-

(က) မီးလောင်လွယ်သော ပစ္စည်းများ (ဥပမာ- ဓာတ်ဆီ၊ ရေနံဆီ၊ ရော်ဘာစက္ကူ၊ မီးသွေး) နှင့် အနံ့မကောင်းသော ပစ္စည်း (ဥပမာ- ငါးပိ၊ ငံပြာရည်၊ အက်စစ်) သိုလှောင်ခြင်းမပြုရ၊

၂၀၀၀
ဗိုလ်မှူးဇော်လင်း
ပါ ၂
နှင့်
ဒေါ်စိန်တီ

(ခ) မည်သည့် ဆိုင်အမျိုးအစားမှ ဖွင့်လှစ်တည်ခင်း ရောင်းချခြင်း မပြုရ၊
(ဂ) အိမ်ခန်းအတွင်း၌ စက်မှုလက်မှုလုပ်ငန်းများနှင့် အန္တရာယ်ဖြစ်စေနိုင်သော မီးလောင်နိုင်သည့် လုပ်ငန်း မလုပ်ရ၊
(ဃ) အိမ်ခန်းကို ဂိုဒေါင်အဖြစ် အသုံးမပြုရ ဟူ၍ လည်းကောင်း။

အဆိုပါစည်းကမ်းချက်များအတိုင်း မဖောက်မဖျက် လိုက်နာပါမည်ဟု အိမ်ငှား ဗိုလ်မှူးဇော်လင်းက သက်သေနှစ်ဦးရှေ့တွင် ဝန်ခံလက်မှတ်ရေးထိုးထားသည်ကို သက်သေခံ-ပ အရ တွေ့ရှိရသည်။

အိမ်ငှားစည်းကမ်းချက်အရ ဗိုလ်မှူးဇော်လင်းတို့သည် အိမ်ငှားတစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ တစ်ဆင့်ငှားရမ်းခွင့် မရှိပေ။ သက်သေခံအထောက်အထားများအရ ဗိုလ်မှူးဇော်လင်းတို့က ငှားရမ်းထားသည့် ဥပစာကို အခန်း ၃ ခန်း ကန့်၍ အပ်ချုပ်စက်ပြုပြင်ရေးလုပ်ငန်း၊ မီးဖိုအရောင်းလုပ်ငန်း၊ အထည်ပစ္စည်း အရောင်းလုပ်ငန်းများ လုပ်ဆောင်ရန် တစ်ဆင့် အငှားချထားခဲ့ကြောင်း ပေါ်ပေါက်သည်။

အယူခံတရားပြိုင်၏ရှေ့နေက ဒေါ်တင်လှိုင် နှင့် ဦးတင်အုန်း အမှု[၂] တွင် တရားရုံးချုပ်က ပြည်သူပိုင်သိမ်းထားသည့် ကာလအတွင်းက ပေါ်ပေါက်ခဲ့သည့် တရားစွဲဆိုပိုင်ခွင့်ကို ပြည်သူပိုင်သိမ်းဆည်းခြင်းမှ ပိုင်ရှင်သို့ ပြန်လည်ပေးအပ်ပြီးချိန်ကျမှ ပိုင်ရှင်အနေဖြင့် ထိုတရားစွဲဆိုပိုင်ခွင့်ကိုကျင့်သုံးလျက် ယခုအမှုစွဲဆိုခြင်းမှာ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၆ (င) နှင့် ကိုက်ညီခြင်း မရှိကြောင်း၊ ပိုင်ရှင် ဦးတင်အုန်း အနေဖြင့် ယခုအမှုအား စွဲဆိုပိုင်ခွင့်မရှိဟု ဆုံးဖြတ်ထားကြောင်း တင်ပြသည်။

---

(၂) တရားရုံးချုပ်၊ တရားမအထူးအယူခံမှုအမှတ် ၁၂/၉၂။

၂၀၀၀
ဗိုလ်မှူးဇော်လင်း
ပါ ၂
နှင့်
ဒေါ်စိန်တီ

ယခုအမှုတွင် အချင်းဖြစ်အခန်း၌ အပ်ချုပ်စက်အမျိုးမျိုး ပြုပြင်ရောင်းဝယ်ရေးဆိုင် ဖွင့်ခဲ့သူ ဦးမောင်မောင်ခိုင်က အဆိုပါဆိုင်ကို ၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလလောက်တွင် ဖွင့်လှစ်ခဲ့ကြောင်း ထွက်ဆိုသည်။ သို့ဖြစ်ရာ ဗိုလ်မှူးဇော်လင်းက အိမ်ငှားချထားမှုပဋိညာဉ်ကို ဖောက်ဖျက်ခြင်းမှာ ပြည်သူပိုင်သိမ်းထားစဉ်ကာလအတွင်း မဟုတ်ဘဲ အိုးအိမ်ဦးစီးဌာနက ဒေါ်စိန်တီအား အိမ်ခန်းပိုင်ဆိုင်မှုကို ပြန်လည်ပေးအပ်သည့် ၃-၁၂-၈၄ နေ့ နောက်ပိုင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။ ဒေါ်စိန်တီသည် အိမ်ခန်းပိုင်ဆိုင်မှု ရရှိပြီးမှ ပေါ်ပေါက်သည့် တရားစွဲဆိုပိုင်ခွင့်အရ တရားစွဲဆိုခြင်းဖြစ်၍ **ဒေါ်တင်လှိုင် နှင့် ဦးတင်အုန်း** အမှု[၂] ဖြစ်ရပ်နှင့်မတူသောကြောင့် ယခုအမှုကို တရားစွဲဆိုပိုင်ခွင့်ရှိကြောင်း တွေ့ရှိရသည်။

အိမ်ငှားက အိမ်ငှားချထားမှု ပဋိညာဉ်ကို ဖောက်ဖျက်သည့်အခါ အိမ်ရှင်က ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) ဒုတိယပိုင်းအရ အချင်းဖြစ်ဥပစာမှ အိမ်ငှားအား နှင်ထုတ်သည့် ဒီကရီကို ရထိုက်ခွင့်ရှိသည်။

သို့ဖြစ်ရာ အိမ်ရှင် ဒေါ်စိန်တီသည် အိမ်ငှားတာဝန် ဖောက်ဖျက်သူ အိမ်ငှား ဗိုလ်မှူးဇော်လင်းတို့အပေါ် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) (က) ဒုတိယပိုင်းအရ အနိုင်ဒီကရီရရှိခဲ့သည်မှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ကြားနာလျက်ရှိသော ပြဿနာများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

၁။ ဒေါ်စိန်တီသည် အချင်းဖြစ် ဥပစာကို ပြည်သူပိုင်သိမ်းဆည်းထားစဉ်အတွင်း မူလပိုင်ရှင်ထံမှ ဝယ်ယူခဲ့ခြင်း ဖြစ်၍ သက်ဆိုင်ရာက တရားဝင်နေထိုင်ခွင့်ချထားပေးခဲ့သူအပေါ် ယင်းဥပစာနှင့်စပ်လျဉ်း၍ ၎င်းရရှိခဲ့သည့် အနိုင်ဒီကရီသည် မှန်ကန်မှုရှိကြောင်း၊

၂၀၀၀
ဗိုလ်မှူးဇော်လင်း
ပါ ၂
နှင့်
ဒေါ်စိန်တီ

၂။ ဒေါ်စိန်တီ အိမ်ရှင်ဖြစ်လာသည့်အခါ ဒေါ်စိန်တီသည် ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ ၁၀၉ အရ ယခင်အိမ်ရှင်၏ အခွင့်အရေးကိုရရှိပြီး ယခင်အိမ်ရှင်ဖြစ်သော အိုးအိမ်ဦးစီးဌာနနှင့် အိမ်ငှား ဗိုလ်မှူးဇော်လင်းတို့ သဘောတူခဲ့သည့် အငှားချထားရေး စည်းကမ်းချက်များအတိုင်း လိုက်နာရန် ဗိုလ်မှူးဇော်လင်းတို့က သဘောတူခဲ့သည်ဟု တရားရုံးချုပ်က သုံးသပ်ခြင်းသည် မှန်ကန်မှုရှိကြောင်း။

ဤအထူးအယူခံမှုကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀၀/- သတ်မှတ်သည်။

တရားမအထူးအယူခံမှု

+ ၂၀၀၀
စက်တင်ဘာလ
၂၉ ရက်

တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊
ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ် နှင့်
တရားသူကြီး ဦးမြင့်အောင် တို့ရှေ့တွင်

မညိုညိုမြင့် (ခ) မလွင်လွင်မြင့်
ကိုမောင်မြင့်

နှင့်

ဒေါ်ခင်မာမာ ပါ ၂*
ဒေါ်ခင်မာမာ ပါ ၄

ဝယ်သူက ရောင်းသူအပေါ် အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု စွဲဆိုရာ အနိုင်ဒီကရီ ရရှိခဲ့သည်။ ထို့နောက် ရောင်းသူက ဝယ်သူအပေါ် အဆိုပါ အရောင်းအဝယ်စာချုပ်သည် တရားမဝင် ပျက်ပြယ်အောင်နှင့် ၎င်းတို့အပေါ် အကျိုးသက်ရောက်မှု မရှိကြောင်း ကြေညာပြဋ္ဌာန်းပေးစေလိုမှု ထပ်မံစွဲဆိုသည်။ ရောင်းသူက နောက်စွဲဆိုသည့်အမှုတွင် တင်ပြထားသည့် အကြောင်းအရာများသည် ယခင် ဝယ်သူက စွဲဆိုသည့်အမှုတွင် ချမှတ်သည့် ဆုံးဖြတ်ချက်များကြောင့် မီးသေဆုံးဖြတ်ချက် ဖြစ်-မဖြစ်၊ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၊ ရှင်းလင်းချက် ၄ အရ မှတ်ယူရမည့်အချက်။

* ၁၉၉၉ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၃၉ နှင့် ၄၀ (မန္တလေး)
+ ၁၉၉၅ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁ နှင့် ၂ တို့တွင် ချမှတ်သော ၄-၇-၉၆ ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ အမိန့်ကို လျှောက်ထားမှု။

၂၀၀၀
မညိုညိုမြင့် (ခ)
မလွင်လွင်မြင့်
ကိုမောင်မြင့်
နှင့်
ဒေါ်ခင်မာမာ
ပါ ၂
ဒေါ်ခင်မာမာ
ပါ ၄

**ဆုံးဖြတ်ချက်။** ။ တရားရုံးတစ်ရုံးက အဆုံးအဖြတ်ပေးပြီးဖြစ်သော အကြောင်းအရာတစ်ရပ်ကို နောက်ထပ်အဆုံးအဖြတ်မပေးရန် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ တွင် ပိတ်ပင်ထားသည်။ ပုဒ်မ ၁၁ နှင့် အကျုံးဝင်ရန် အောက်ပါအချက်များနှင့် ညီညွတ်ရမည်ဖြစ်သည်-

(၁) နောက်အမှုတွင် သို့မဟုတ် နောက်ငြင်းချက်တွင် တိုက်ရိုက်အားဖြင့်လည်းကောင်း၊ အဓိကအားဖြင့်လည်းကောင်း အငြင်းပွားသော အကြောင်းအရာသည် ယခင်အမှုတွင် သဘောအားဖြင့် ဖြစ်စေ၊ အမှန်တကယ်ဖြစ်စေ၊ တိုက်ရိုက်အားဖြင့်လည်းကောင်း၊ အဓိကအားဖြင့်လည်းကောင်း အငြင်းပွားသော အကြောင်းအရာနှင့် တူရမည်၊

(၂) ယခင်အမှုမှ တူသော အမှုသည်များ သို့မဟုတ် ယင်းအမှုသည်တို့ကို ဆက်ခံအရေးဆိုသူများ သို့မဟုတ် ယင်းအမှုသည်တို့ကို ဆက်ခံအရေးဆိုသူများအနက် တစ်ဦးဦးတို့အကြား ပေါ်ပေါက်သည့် အမှုဖြစ်ရမည်၊

(၃) ဆိုခဲ့သည့် အမှုသည်များသည် ယခင်အမှုတွင် ဆိုင်ရေးဆိုင်ခွင့် တစ်ရပ်တည်းအရ တရားဆိုင်ခဲ့ရမည်။

(၄) ယခင်အမှုကို အဆုံးအဖြတ်ပေးခဲ့သော တရားရုံးသည် နောက်အမှုကို စီရင်ပိုင်ခွင့်ရှိရမည်၊ သို့မဟုတ် ယခင်အမှုတွင် ဆုံးဖြတ် ခဲ့သော ငြင်းချက်မျိုးအား ထပ်မံတင်ပြသော အမှုကို စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးဖြစ်ရမည်၊

(၅) နောက်အမှုတွင် တိုက်ရိုက်အားဖြင့် လည်းကောင်း၊ အဓိကအားဖြင့်လည်းကောင်း အငြင်းပွားသည့် အကြောင်းအရာကို ယခင်အမှုတွင် ကြားနာ၍ အပြီးသတ် ဆုံးဖြတ်ပြီး ဖြစ်ရမည်။

| |
|---|
| ၂၀၀၀ |
| မညိုညိုမြင့် (ခ) မလွင်လွင်မြင့် |
| ကိုမောင်မြင့် နှင့် ဒေါ်ခင်မာမာ ပါ ၂ |
| ဒေါ်ခင်မာမာ ပါ ၄ |

ထပ်မံဆုံးဖြတ်ချက်။ ။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၊ ရှင်းလင်းချက် ၄ တွင် ယခင်အမှုတွင် စွဲဆိုရန် သို့မဟုတ် ချေပရန် အခြေခံနိုင်သည့်အပြင် အခြေခံပြုသင့်သည်လည်းဖြစ်သော အကြောင်းအရာသည် ယခင်အမှုတွင် တိုက်ရိုက်အားဖြင့်လည်းကောင်း၊ အဓိကအားဖြင့်လည်းကောင်း အငြင်းပွားခဲ့သော အကြောင်းအရာဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

အမှုတွင် တိုက်ရိုက်အားဖြင့်လည်းကောင်း၊ အဓိကအားဖြင့်လည်းကောင်း အငြင်းမပွားသော်လည်း စွဲဆိုရန် သို့မဟုတ် ခုခံချေပရန် အခြေခံနိုင်သည့်အပြင် အခြေခံရန်လည်း လိုအပ်သော အကြောင်းအရာသည် အမှုတွင် အငြင်းပွားသည့် သဘောသက်ရောက်သော အကြောင်းအရာ ဖြစ်သည်။

တရားလိုက အမှုတွင် မိမိတောင်းဆိုသော သက်သာခွင့်ရထိုက်ကြောင်း အခိုင်အမာပြရာ၌ အခြေခံနိုင်သည်လည်း ဖြစ်၍ အခြေခံသင့်သည်လည်းဖြစ်သော အကြောင်းအရာကို အမှုတွင် ထည့်သွင်းစွဲဆိုရန် ပျက်ကွက်တတ်သည်။ ထိုနည်းတူ တရားပြိုင်ကလည်း ချေပနိုင်သည်လည်း ဖြစ်၍ ချေပသင့်သည်လည်း ဖြစ်သော အကြောင်းအရာကို အမှုတွင် ထည့်သွင်းချေပရန် ပျက်ကွက်တတ်သည်။ ယခင်အမှုတွင် စွဲဆိုရန် သို့မဟုတ် ခုခံချေပရန် အခြေခံနိုင်သည့်ပြင် အခြေခံသင့်သည်ဖြစ်သော အကြောင်းအရာသည် ယခင်အမှုတွင် တိုက်ရိုက်အားဖြင့်လည်းကောင်း အငြင်းပွားခဲ့သော အကြောင်းအရာ ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၊ ရှင်းလင်းချက် ၄ တွင် ပြဋ္ဌာန်းထားသည်။ အကြောင်းအရာ တစ်ရပ်သည် အမှုတွင် တိုက်ရိုက်အားဖြင့်လည်းကောင်း၊ အဓိကအားဖြင့်လည်းကောင်း အမှန်တကယ် အငြင်းမပွားစေကာမူ ရှင်းလင်းချက် ၄ အရ သဘောသက်ရောက်သည့်အနေဖြင့် အငြင်းပွားသည်ဟု မှတ်ယူရမည် ဖြစ်သည်။

၂၀၀၀
မညိုညိုမြင့် (ခ)
မလွင်လွင်မြင့်
ကိုမောင်မြင့်
နှင့်
ဒေါ်ခင်မာမာ
ပါ ၂
ဒေါ်ခင်မာမာ
ပါ ၄

အယူခံတရားလိုအတွက် - ဦးစိုးမြင့်၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်များအတွက် - (၁) ဦးတင်လှအောင်
တရားရုံးချုပ်ရှေ့နေ
(၂) (၃) (၄) ကိုယ်တိုင်-မလာ။

မန္တလေးတိုင်းတရားရုံး၊ ၁၉၉၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉၇ တွင် မညိုညိုမြင့် (ခ) မလွင်လွင်မြင့်က ဒေါ်ခင်မာမာနှင့် ကိုမောင်မြင့်တို့အပေါ် (၁၆-၁၁-၈၄) နေ့စွဲပါ အရောင်းအဝယ်စာချုပ်သည် တရားလိုနှင့်ပတ်သက်၍ တရားမဝင်ပျက်ပြယ်ကြောင်း ကြေညာပြဋ္ဌာန်းပေးရန်နှင့် တရားလိုအပေါ် အကျိုးသက်ရောက်မှု မရှိကြောင်း ကြေညာပြဋ္ဌာန်းပေးစေလိုမှု စွဲဆိုရာ တိုင်းတရားရုံးက တရားလို၏ အဆိုလွှာကို ပလပ်သည်။ မညိုညိုမြင့် (ခ) မလွင်လွင်မြင့်က တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို မကျေနပ်၍ တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ ၁၉၉၅ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁ အရ အယူခံဝင်ရောက်သည်။

မန္တလေးတိုင်းတရားရုံး၊ ၁၉၉၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁၈ တွင် ကိုမောင်မြင့်က ဒေါ်ခင်မာမာ၊ မညိုညိုမြင့်၊ ဦးကျော်မြင့်အောင်နှင့် ဒေါ်ထိုက်ထိုက်တို့အပေါ် (၁၆-၁၁-၈၄) နေ့စွဲပါ အရောင်းအဝယ်စာချုပ်သည် တရားလိုနှင့်ပတ်သက်၍ တရားမဝင်ပျက်ပြယ်ကြောင်း ကြေညာပြဋ္ဌာန်းပေးရန်နှင့် (၁၀-၉-၉၃) နေ့စွဲပါ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီသည် ဥပဒေအရ ပျက်ပြယ်၍ တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း ကြေညာပြဋ္ဌာန်းပေးစေလိုမှု စွဲဆိုသည်။ တိုင်းတရားရုံးက တရားလို၏အဆိုလွှာကို ပလပ်သည်။ ကိုမောင်မြင့်က တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို မကျေနပ်၍ တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ ၁၉၉၅ ခုနှစ်၊ တရားမပထမအယူခံမှု အမှတ် ၂ အရ အယူခံဝင်ရောက်သည်။

၂၀၀၀
မညိုညိုမြင့် (ခ)
မလွင်လွင်မြင့်
ကိုမောင်မြင့်
နှင့်
ဒေါ်ခင်မာမာ
ပါ ၂
ဒေါ်ခင်မှာမာ
ပါ ၄

တရားရုံးချုပ်က ၁၉၉၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁ နှင့် ၂ တို့ကို တစ်ပေါင်းတည်း ဆုံးဖြတ်၍ အယူခံမှုများကို ပလပ်သည်။

မညိုညိုမြင့် (ခ) မလွင်လွင်မြင့်နှင့် ကိုမောင်မြင့်တို့ နှစ်ဦးက တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် တရားရုံးချုပ်၊ ၁၉၉၆ ခုနှစ်၊ တရားမ အထွေထွေလျှောက်လွှာ (အထူး) အမှတ် ၃၉၃ နှင့် ၃၉၄ တို့အရ လျှောက်ထားသည့်အခါ တရားရုံးချုပ် အထူးခုံရုံးက လျှောက်ထားမှု နှစ်ခုလုံးကို တစ်ပေါင်းတည်း ကြားနာပြီးနောက် အောက်ပါပြဿနာ ကို စစ်ဆေးကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

"မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၉၇/၉၄ နှင့် ၁၁၈/၉၄ တို့တွင် လျှောက်ထားသူတို့က တင်ပြထားသော အကြောင်းအရာများသည် ယခင် တရားမကြီးမှုအမှတ် ၂၀၀/၉၈ တွင် ချမှတ်သည့် ဆုံးဖြတ်ချက်များကြောင့် မီးသေ ဆုံးဖြတ်ချက်ဟုတ်-မဟုတ်။"

၎င်းအထူးအယူခံမှုများတွင် ဆုံးဖြတ်ရမည့် ပြဿနာသည် အတူတူပင်ဖြစ်သောကြောင့် ဤစီရင်ချက်သည် အထူးအယူခံမှု နှစ်မှုလုံးနှင့် သက်ဆိုင်စေရမည်။

အယူခံတရားလိုတို့၏ရှေ့နေက မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၂၀၀/၈၉ အမှုတွင် အယူခံတရားလိုများသည် ရုံးတော်သို့ မလာရောက်၍ ချေလွှာမတင်သွင်းခဲ့ရကြောင်း၊ ဦးကျော် မြင့်အောင်နှင့် ဒေါ်ထိုက်ထိုက်တို့က ချေလွှာတင်ပြီး ထုချေခဲ့ကြောင်း၊ အမှုတွင် ဒေါ်ခင်မာမာ စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်ခဲ့ကြောင်း၊ သို့အတွက် ဦးကျော်မြင့်အောင် ပါ (၃) ဦးတို့က တရားရုံးချုပ် (မန္တလေး ရုံးထိုင်)၊ တရားမပထမအယူခံမှုအမှတ် ၇၃/၉၃ အရ အယူခံ ဝင်ရောက်ခဲ့ကြောင်း၊ ယင်းအမှုမပြီးမီ အယူခံတရားလိုများက တရားမ မှု (၂) မှုကို စွဲဆိုခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ တရားမကြီးမှုအမှတ်

၂၀၀/၈၉ မှ ချမှတ်သည့် စီရင်ချက်နှင့်ဒီကရီသည် ယနေ့တိုင် မပြီးသေးကြောင်း၊ အယူခံအဆင့်ဆင့် ဝင်ထားဆဲတွင် အယူခံတရားလိုများက တရားစွဲဆိုခြင်းဖြစ်ရာ မီးသေဆုံးဖြတ်ချက် မဟုတ်သည်မှာ မြင်သာကြောင်း၊ မီးသေခြင်းဆိုင်ရာမှုကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၊ ရှင်းလင်းချက် ၄ တွင် ပြဋ္ဌာန်းထားကြောင်း၊ မူလတရားမကြီးမှုအမှတ် ၂၀၀/၈၉ တွင် အယူခံတရားလိုများက ချေလွှာမတင်ခဲ့၍ အသက်အရွယ်ကိစ္စနှင့်ပတ်သက်၍ ကောက်ချက်မထုတ်ခဲ့သည့်အပြင် ဆုံးဖြတ်ချက်လည်း ချမှတ်မပေးခဲ့ကြောင်း၊ မီးသေဆုံးဖြတ်ခြင်း ဖြစ်ရန်မှာ ကိစ္စတစ်ရပ်အပေါ် ယခင်အမှုတွင် အတိအလင်း စွဲဆိုတင်ပြပြီး ဆုံးဖြတ်ပြီး ဖြစ်ပါက အဆိုပါကိစ္စနှင့်ပတ်သက်၍ တင်ပြပိုင်ခွင့်၊ တောင်းဆိုပိုင်ခွင့် မရှိကြောင်း၊ ယခုအမှုတွင် အသက်အရွယ်ကိစ္စကို တစ်ကြိမ်မျှ အဆုံးအဖြတ် မပြုရသေးသည့်အတွက် စာချုပ်ချုပ်ဆိုစဉ်က အသက်မပြည့်သေး၍ စာချုပ်ချုပ်ဆိုခြင်း အထမမြောက် အတည်မဖြစ်ကြောင်း တင်ပြခြင်းသည် မီးသေခြင်းမှုနှင့် သက်ဆိုင်ခြင်းမရှိကြောင်း **မစ်စတာဘင်ဘေရိုင်ဒါဟို နှင့် ဒေါ်သန်းခင် အမှု**[၁] တွင် တရားမရုံးတစ်ရုံးရုံး၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ထားပါက အဆိုပါ အယူခံမှုအပြီးသတ်မဆုံးဖြတ်မီအထိ အဆိုပါရုံးက ချမှတ်ထားသော စီရင်ချက်သည် မီးသေမဖြစ်နိုင်ကြောင်း ကောက်ယူထုံးပြုထားပြီးဖြစ်ရာ ယခုအမှုတွင် မူလတရားမကြီးမှုအမှတ် ၂၀၀/၈၉ ကို အယူခံဝင်ထား၍ အပြီးသတ်ဆုံးဖြတ်ချက် မချမှတ်သေးသဖြင့် မီးသေဆုံးဖြတ်ချက် မဖြစ်နိုင်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်တို့၏ရှေ့နေက တရားမကြီးမှုအမှတ် ၂၀၀/၈၉ တွင် အငြင်းမပွား ပေါ်ပေါက်ခဲ့သည်မှာ ကိုမောင်မြင့်၊ မညိုညိုမြင့်တို့သည် တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်း ၅ အရ ရုံးခေါ်စာ အတည်ဖြစ်ပါလျက် လာရောက်ခဲ့ခြင်းမရှိ၊ ချေလွှာတင်သွင်း

(၁) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၇၄၀။

ရန် ချိန်းဆိုရာတွင်လည်း ချေလွှာမတင်ကြသဖြင့် ချေလွှာတင်ခွင့် ဆုံးရှုံးခဲ့ရကြောင်း၊ မိမိတို့တင်ပြချင်သည့် တင်ပြသင့် တင်ပြထိုက်သော အချက်များ တင်သွင်းခွင့်ရစေရန် ချေလွှာတင်သွင်းခွင့် မပေးသော အမိန့်အပေါ် ပြင်ဆင်ခွင့်လျှောက်ထားနိုင်သကဲ့သို့ တစ်ဖက်သတ်ဒီကရီ ချမှတ်ပြီးလျှင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆ (၂) အရ အယူခံခွင့် လည်း ရှိကြောင်း၊ ထိုအခွင့်အရေးများရှိပါလျက် အသုံးမချဘဲ တရားမ ကြီးမှုအမှတ် ၂၀၀/၈၉ တွင် တင်ပြထုချေခွင့်မရခဲ့၍ နစ်နာပါသည်ဟု ပြောဆိုခွင့် မရှိကြောင်း၊ တရားမကျင့်ထုံးဥပဒေတွင် ပြဋ္ဌာန်းထားသည့် ဥပဒေပါ အခွင့်အရေးသည် တရားလို၊ တရားပြိုင်တို့ နှစ်ဦးနှစ်ဖက် စလုံးအတွက် ပေးထားသော အခွင့်အရေးဖြစ်ရာ မူလရုံးတွင် ချေလွှာ မတင်ခဲ့သူ၏ **အပြစ်ကိုလျစ်လျူရှု၍** ၎င်းတို့တင်ပြနေသော အချက် အပေါ် ရုံးတော်က လိုက်လျောစဉ်းစားပေးမည်ဆိုပါလျှင် တစ်ဖက် အမှုသည်အပေါ် တရားမျှတအောင် ဆောင်ရွက်ရာ မရောက်နိုင် ကြောင်း၊ **တရားမကြီးမှုအမှတ် ၂၀၀/၈၉ တွင် ဒေါ်ခင်မာမာနှင့် ကိုမောင်မြင့်တို့ ချုပ်ဆိုခဲ့သော (၁၆-၁၁-၈၄) နေ့စွဲပါ စာချုပ် ခိုင်မာခြင်း** ရှိ-မရှိ ငြင်းချက်ထုတ်၍ **စာချုပ်** တရားဝင်ခိုင်မာကြောင်း အမိန့်ဒီကရီ ချမှတ်ခဲ့ကြောင်း၊ ယင်းသို့ ဒီကရီချမှတ်ခဲ့ခြင်းသည် တရားပြိုင်များ အနေဖြင့် တင်ပြသင့် တင်ပြထိုက်ပြီး တင်ပြနိုင်ခွင့်လည်းရှိသော အကြောင်းအရာများအပေါ် ဆုံးဖြတ်ပေးရာရောက်ကြောင်း၊ အမှုသည် များသည် တင်ပြသင့်သော အကြောင်းအရာများကို တင်ပြ အဆုံး အဖြတ် ခံယူခွင့်ရှိပါလျက် မတင်ပြမိသည့်တိုင်အောင် တင်ပြ အဆုံး အဖြတ်ခံယူဘိသကဲ့သို့ အကျိုးသက်ရောက်မှုရှိကြောင်း၊ ပထမအမှုတွင် ထုချေနိုင်သည့်အပြင် ထုချေသင့် ထုချေထိုက်သော အချက်လည်း ဖြစ်သည့်အလျောက် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ ၏ ရှင်းလင်းချက် ၄ အရ ယင်းပြဿနာကို ပထမအမှုတွင် အဆုံးအဖြတ်ပေးပြီးပြီဟု မှတ်ယူရမည်ဖြစ်ကြောင်း၊ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၊ ရှင်းလင်း

၂၀၀၀
မညိုညိုမြင့် (ခ) မလွင်လွင်မြင့်
ကိုမောင်မြင့် နှင့် ဒေါ်ခင်မာမာ
ပါ ၂
ဒေါ်ခင်မာမာ
ပါ ၄

ချက် ၄ သည် အမှုများ မပြီးနိုင်အောင် ပွားများနေမည့်အဖြစ်ကို ကာကွယ်သည့်အပြင် ပေါ့လျော့ပျက်ကွက်သူများ၏ အပြစ်ကို အပြစ်ဟု လက်ခံ၍ တရားမျှတအောင် ဆောင်ရွက်ထားခြင်းပင်ဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

မန္တလေးတိုင်းတရားရုံး၊ ၁၉၈၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၀၀ တွင် ဒေါ်ခင်မာမာက ကိုမောင်မောင်မြင့်၊ မညိုညိုမြင့်တို့ အပါအဝင် တရားပြိုင် ၅ ဦးအပေါ် မန္တလေးအရှေ့မြောက်မြို့နယ်၊ ချမ်းအေးသာစံအရှေ့၊ အကွက်အမှတ် ၅၉၄၊ ဦးပိုင်အမှတ် (၈၂-က) ဘိုးဘပိုင်မြေကို ကိုမောင်မြင့် မညိုညိုမြင့်တို့အဒေါ် ဒေါ်ခင်မာမာအား ရောင်းချသည့် (၁၆-၁၁-၈၄) နေ့စွဲပါ အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု စွဲဆိုသည်။ တိုင်းတရားရုံးက ဒေါ်ခင်မာမာ စွဲဆိုသည့်အတိုင်း အဆိုပါ အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပြုလုပ်ပေးစေရန် ဒီကရီချမှတ်ခဲ့သည်။

ထို့နောက် မညိုညိုမြင့် (ခ) မလွင်လွင်မြင့်က မန္တလေးတိုင်းတရားရုံး၊ ၁၉၉၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉၇ တွင်လည်းကောင်း၊ ကိုမောင်မြင့်က မန္တလေးတိုင်းတရားရုံး၊ ၁၉၉၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁၈ တွင်လည်းကောင်း၊ ဒေါ်ခင်မာမာနှင့် အခြားသူများအပေါ် (၁၆-၁၁-၈၄) နေ့စွဲပါ အရောင်းအဝယ်စာချုပ်သည် တရားလိုနှင့်ပတ်သက်၍ တရားမဝင်ပျက်ပြယ်ကြောင်း ကြေညာပြဋ္ဌာန်းပေးရန်နှင့် တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း ကြေညာပြဋ္ဌာန်းပေးစေလိုမှု စွဲဆိုခြင်းဖြစ်သည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ တွင် တရားမမှုတစ်မှု၌ တိုက်ရိုက်အားဖြင့်လည်းကောင်း၊ အဓိကအားဖြင့်လည်းကောင်း အငြင်းပွားလျက်ရှိသည့် အကြောင်းအရာသည် တရားရုံးတစ်ရုံးက ကြားနာ၍ အပြီးသတ်ဆုံးဖြတ်ပြီးသော ယခင်တရားမမှုတွင် တိုက်ရိုက်အားဖြင့်လည်းကောင်း၊ အဓိကအားဖြင့်လည်းကောင်း အငြင်းပွားခဲ့သော

အကြောင်းအရာပင်ဖြစ်ပြီး အမှုသည်များမှာလည်း ယခင်အမှုပါ အမှုသည်များသော်လည်းကောင်း၊ ၎င်းတို့ကို ဆက်ခံအရေးဆိုသူများ သို့မဟုတ် ၎င်းတို့အနက် တစ်ဦးဦးသော်လည်းကောင်း ဖြစ်၍ ဆိုင်ရေးဆိုင်ခွင့် တစ်ရပ်တည်းအရ တရားဆိုင်ကြရာတွင် နောက်အမှုကိုဖြစ်စေ၊ အငြင်းပွားသည့် အကြောင်းအရာနှင့်စပ်လျဉ်းသော ငြင်းချက် ထပ်မံပေါ်ပေါက်သည့် အမှုကိုဖြစ်စေ၊ ယခင်အမှုအား စစ်ဆေးစီရင်ခဲ့သော တရားရုံးက စစ်ဆေးစီရင်ပိုင်ခွင့်ရှိပါက မည်သည့်တရားရုံးကမျှ နောက်အမှု သို့မဟုတ် အဆိုပါငြင်းချက်ကို စစ်ဆေးစီရင်ခြင်း မပြုရကြောင်း ပြဋ္ဌာန်းထားသည်။

၂၀၀၀
မညိုညိုမြင့် (ခ)
မလွင်လွင်မြင့်
ကိုမောင်မြင့်
နှင့်
ဒေါ်ခင်မာမာ
ပါ ၂
ဒေါ်ခင်မာမာ
ပါ ၄

တရားရုံးတစ်ရုံးက အဆုံးအဖြတ်ပေးပြီးဖြစ်သော အကြောင်းအရာ တစ်ရပ်ကို နောက်ထပ်အဆုံးအဖြတ် မပေးရန် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ တွင် ပိတ်ပင်တားမြစ်ထားသည်။ ပုဒ်မ ၁၁ နှင့် အကျုံးဝင်ရန် အောက်ပါအချက်များနှင့် ညီညွတ်ရမည်ဖြစ်သည်-

(၁) နောက်အမှုတွင် သို့မဟုတ် နောက်ငြင်းချက်တွင် တိုက်ရိုက်အားဖြင့်လည်းကောင်း၊ အဓိကအားဖြင့်လည်းကောင်း အငြင်းပွားသော အကြောင်းအရာသည် ယခင်အမှုတွင် သဘောအားဖြင့် ဖြစ်စေ၊ အမှန်တကယ်ဖြစ်စေ၊ တိုက်ရိုက်အားဖြင့်လည်းကောင်း၊ အဓိကအားဖြင့်လည်းကောင်း အငြင်းပွားသော အကြောင်းအရာနှင့် တူရမည်၊

(၂) ယခင်အမှုမှ တူသော အမှုသည်များ သို့မဟုတ် ယင်းအမှုသည်တို့ကို ဆက်ခံအရေးဆိုသူများ သို့မဟုတ် ယင်းအမှုသည်တို့ကို ဆက်ခံအရေးဆိုသူများအနက် တစ်ဦးဦးတို့အကြား ပေါ်ပေါက်သည့် အမှုဖြစ်ရမည်၊

(၃) ဆိုခဲ့သည့် အမှုသည်များသည် ယခင်အမှုတွင် ဆိုင်ရေးဆိုင်ခွင့် တစ်ရပ်တည်းအရ တရားဆိုင်ခဲ့ရမည်။

၂၀၀၀
မညိုညိုမြင့် (ခ)
မလွင်လွင်မြင့်
ကိုမောင်မြင့်
နှင့်
ဒေါ်ခင်မာမာ
ပါ ၂
ဒေါ်ခင်မာမာ
ပါ ၄

(၄) ယခင်အမှုကို အဆုံးအဖြတ်ပေးခဲ့သော တရားရုံးသည် နောက်အမှုကို စီရင်ပိုင်ခွင့်ရှိရမည်၊ သို့မဟုတ် ယခင် အမှုတွင် ဆုံးဖြတ်ခဲ့သော ငြင်းချက်မျိုးအား ထပ်မံ တင်ပြသော အမှုကို စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးဖြစ်ရ မည်၊

(၅) နောက်အမှုတွင် တိုက်ရိုက်အားဖြင့် လည်းကောင်း၊ အဓိကအားဖြင့်လည်းကောင်း အငြင်းပွားသည့် အကြောင်းအရာကို ယခင်အမှုတွင် ကြားနာ၍ အပြီးသတ် ဆုံးဖြတ်ပြီး ဖြစ်ရမည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၊ ရှင်းလင်းချက် ၄ တွင် ယခင် အမှုတွင် စွဲဆိုရန် သို့မဟုတ် ချေပရန် အခြေခံနိုင်သည့်အပြင် အခြေခံ ပြုသင့်သည်လည်းဖြစ်သော အကြောင်းအရာသည် ယခင်အမှုတွင် တိုက်ရိုက်အားဖြင့်လည်းကောင်း၊ အဓိကအားဖြင့်လည်းကောင်း အငြင်း ပွားခဲ့သော အကြောင်းအရာဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

အမှုတွင် တိုက်ရိုက်အားဖြင့်လည်းကောင်း၊ အဓိကအားဖြင့် လည်းကောင်း အငြင်းမပွားသော်လည်း စွဲဆိုရန် သို့မဟုတ် ခုခံချေပရန် အခြေခံနိုင်သည့်အပြင် အခြေခံရန်လည်း လိုအပ်သော အကြောင်း အရာသည် အမှုတွင် အငြင်းပွားသည့် သဘောသက်ရောက်သော အကြောင်းအရာ ဖြစ်သည်။

တရားလိုက အမှုတွင် မိမိတောင်းဆိုသော သက်သာခွင့် ရထိုက်ကြောင်း အခိုင်အမာပြရာ၌ အခြေခံနိုင်သည်လည်းဖြစ်၍ အခြေခံသင့်သည်လည်းဖြစ်သော အကြောင်းအရာကို အမှုတွင် ထည့်သွင်းစွဲဆိုရန် ပျက်ကွက်တတ်သည်။ ထိုနည်းတူ တရားပြိုင်က လည်း ချေပနိုင်သည်လည်းဖြစ်၍ ချေပသင့်သည်လည်းဖြစ်သော

| ၂၀၀၀ |
|---|
| မညိုညိုမြင့် (ခ) မလွင်လွင်မြင့် |
| ကိုမောင်မြင့် နှင့် ဒေါ်ခင်မာမာ ပါ ၂ |
| ဒေါ်ခင်မာမာ ပါ ၄ |

အကြောင်းအရာကို အမှုတွင်ထည့်သွင်းချေပရန် ပျက်ကွက်တတ်သည်။ ယခင်အမှုတွင် စွဲဆိုရန် သို့မဟုတ် ခုခံချေပရန် အခြေခံနိုင်သည့်အပြင် အခြေခံသင့်သည်ဖြစ်သော အကြောင်းအရာသည် ယခင်အမှုတွင် တိုက်ရိုက်အားဖြင့်လည်းကောင်း၊ အဓိကအားဖြင့်လည်းကောင်း အငြင်းပွားခဲ့သော အကြောင်းအရာဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၊ ရှင်းလင်းချက် ၄ တွင် ပြဋ္ဌာန်းထားသည်။ အကြောင်းအရာတစ်ရပ်သည် အမှုတွင် တိုက်ရိုက်အားဖြင့်လည်းကောင်း၊ အဓိကအားဖြင့်လည်းကောင်း အမှန်တကယ် အငြင်းမပွားစေကာမူ ရှင်းလင်းချက် ၄ အရ သဘောသက်ရောက်သည့်အနေဖြင့် အငြင်းပွားသည်ဟု မှတ်ယူရမည် ဖြစ်သည်။

မညိုညိုမြင့် (ခ) မလွင်လွင်မြင့်က ၎င်းစွဲဆိုသောအမှုတွင် ဖော်ပြထားသည့် (၁၆-၁၁-၈၄) နေ့စွဲပါ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရာ၌ ၎င်းပါဝင်ခြင်းမရှိကြောင်း၊ ၎င်းက လက်မှတ်ရေးထိုးထားခြင်းမရှိကြောင်း အဆိုပါစာချုပ်၌ အစ်ကိုဖြစ်သူ မောင်မြင့်က အုပ်ထိန်းသူအဖြစ် လက်မှတ်ရေးထိုး ရောင်းချထားကြောင်းစသည့် အကြောင်းအရာများသည် ဒေါ်ခင်မာမာ စွဲဆိုသည့် မန္တလေးတိုင်းတရားရုံး၊ ၁၉၈၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၀၀ တွင် မညိုညိုမြင့်အနေဖြင့် ချေပသင့်သည့် အကြောင်းအရာဖြစ်သည်။

ထိုနည်းတူ ကိုမောင်မြင့်က ၎င်းစွဲဆိုသည့်အမှုတွင် ဖော်ပြထားသည့် (၁၆-၁၁-၈၄) နေ့စွဲပါ စာချုပ်သည် အသက်အရွယ်မပြည့်သေးသူ တရားလိုနှင့် ၂ တရားပြိုင်မပါဝင်ဘဲ ချုပ်ဆိုထားသော စာချုပ်ဖြစ်၍ မူလကပင် ပျက်ပြယ်နေသော အဆိုပါစာချုပ်သည် တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်းဆိုသည့် အကြောင်းအရာသည် ဒေါ်ခင်မာမာ စွဲဆိုသည့် မန္တလေးတိုင်းတရားရုံး၊ ၁၉၈၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၀၀ တွင် ကိုမောင်မြင့်အနေဖြင့် ချေပသင့်သည့် အကြောင်းအရာဖြစ်သည်။

၂၀၀၀
မညိုညိုမြင့် (ခ)
မလွင်လွင်မြင့်
ကိုမောင်မြင့်
နှင့်
ဒေါ်ခင်မာမာ
ပါ ၂
ဒေါ်ခင်မာမာ
ပါ ၄

သို့ဖြစ်ရာ မညိုညိုမြင့် (ခ) မလွင်လွင်မြင့်နှင့် ကိုမောင်မြင့်တို့ စွဲဆိုသည့် နောက်အမှုတွင် အငြင်းပွားသော အကြောင်းအရာသည် တရားမကျင့်ထုံးဥပဒေပဒေပုဒ်မ ၁၁ ၏ ရှင်းလင်းချက် ၄ အရ ယခင် ဒေါ်ခင်မာမာ စွဲဆိုသည့်အမှုတွင် အငြင်းပွားခဲ့သောအကြောင်း ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပေသည်။

မညိုညိုမြင့်နှင့် ကိုမောင်မြင့်တို့က ဒေါ်ခင်မာမာက ၎င်းတို့အပေါ် စွဲဆိုသည့်အမှုတွင် ချေလွှာတင်သွင်းခဲ့ခြင်းမရှိကြောင်း တွေ့ရှိရသည်။ မညိုညိုမြင့်တို့သည် ၎င်းတို့အပေါ် ချမှတ်သည့်ဆင့်စာ အတည်ဖြစ်ပါလျက် ရုံးသို့ရောက်ပြီး ချေလွှာမတင်သွင်းခြင်းကြောင့် တရားရုံးက အမှုကို ဆက်လက်စစ်ဆေးခဲ့ခြင်း ဖြစ်သည်။

အဆိုပါအမှုတွင် တိုင်းတရားရုံးက မညိုညိုမြင့်တို့ ချေလွှာတင်ရန် ပျက်ကွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း အမိန့်ချမှတ်ခဲ့သည်-

> "ဤအမှုတွင် တရားပြိုင် မောင်မြင့်တို့သည် ချေလွှာတင်ရန် ပျက်ကွက်သည်သာမက တရားရုံးသို့ လာရောက်ရန်ပင် ပျက်ကွက်သူများ ဖြစ်ပေသည်။ ၎င်းတို့ မလာရောက်သည့်အတွက် အမှုကို ဆက်လက်ဆောင်ရွက်ရန် အမိန့်ချမှတ်ထားခြင်းသည် မလာရောက်သော တရားပြိုင်များအပေါ် ပြစ်ဒဏ်ခတ်ခြင်းပင် ဖြစ်သည်။ ယင်းသို့ ပြစ်ဒဏ်ခတ်ထားသည့် တရားပြိုင်များအပေါ် ယခုတဖန် ချေလွှာတင်သွင်းခွင့်ပြုပါက အဆိုပါပြစ်ဒဏ်မှာ အချည်းအနှီးဖြစ်ဖွယ်ရာ ဖြစ်ပေသည်။"

မညိုညိုမြင့်နှင့် ကိုမောင်မြင့်တို့သည် ဒေါ်ခင်မာမာ စွဲဆိုသည့်အမှုတွင် ချေလွှာတင်ရန် အခွင့်အရေးရခဲ့ပါလျက် တရားရုံးသို့ လာရောက်ရန်နှင့် ချေလွှာတင်ရန် ပျက်ကွက်ခဲ့သည်ဖြစ်ရာ ချေလွှာတင်ခွင့်မရခြင်းကို အကြောင်းပြု၍ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ ၏ ရှင်းလင်းချက် ၄ နှင့် အကျုံးမဝင်ဟု ယူဆပါက တရားရုံးက ချေလွှာ

တင်ရန် ပျက်ကွက်သည့်အတွက် ပြစ်ဒဏ်ခတ်ခြင်းမှာ အချည်းအနှီးပင် ဖြစ်ပေလိမ့်မည်။

မစ္စတာ အင်န်၊ အေ၊ ဒွိုင်ဒီယို နှင့် ဒေါက်တာဒေါ်သန်းခင် ပါ ၂ အမှု[၂] တွင် တရားမရုံးတစ်ရုံး၏ ဆုံးဖြတ်ချက်ကို အယူခံဝင်၍ အယူခံရုံးက ဆုံးဖြတ်ချက် ချမှတ်သောအခါ အယူခံရုံး၏ ဆုံးဖြတ်ချက်သာလျှင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ တွင် အကျုံးဝင်သည့် အပြီးအပိုင် ဆုံးဖြတ်ချက် (ဝါ) မီးသေသော ဆုံးဖြတ်ချက်ဖြစ်သည်ဟု မှတ်ယူရမည်ဆိုခြင်းကို မငြင်းနိုင်ဟူ၍ ထုံးဖွဲ့ထားသည်။

တရားမရုံးတစ်ရုံး၏ ဆုံးဖြတ်ချက်ကို အယူခံဝင်၍ အယူခံရုံးက အပြီးသတ်ဆုံးဖြတ်လိုက်လျှင် အယူခံရုံး၏ ဆုံးဖြတ်ချက်သာလျှင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ တွင် အကျုံးဝင်သည့် အပြီးသတ်ဆုံးဖြတ်ချက် ဖြစ်ပေသည်။

အယူခံရုံးက အပြီးသတ်မဆုံးဖြတ်ရသေးလျှင်မူ မူလရုံး၏ ဆုံးဖြတ်ချက်သည် အပြီးသတ်ဆုံးဖြတ်ချက် ဖြစ်ပေလိမ့်မည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ ၌ တရားရုံးတစ်ရုံးက ကြားနာ၍ အပြီးသတ်ဆုံးဖြတ်ပြီးဖြစ်သော အကြောင်းအရာဟုပါရှိရာ ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း တိတိကျကျ အဓိပ္ပာယ်ကောက်ယူရန် ဖြစ်သည်။

အထက်ဖော်ပြပါ စီရင်ထုံးတွင် တရားရုံးတစ်ရုံး၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ထားလျှင် ယင်းရုံး၏ဆုံးဖြတ်ချက်သည် အပြီးသတ်မဟုတ်ဟု ထုံးဖွဲ့ထားခြင်း မရှိချေ။

ထို့ပြင် မညိုညိုမြင့်နှင့် ကိုမောင်မြင့်တို့သည် တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်ကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆ အရ တရားရုံးချုပ်သို့

(၂) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၇၄၁။

၂၀၀၀
မညိုညိုမြင့် (ခ)
မလွင်လွင်မြင့်
ကိုမောင်မြင့်
နှင့်
ဒေါ်ခင်မာမာ
ပါ ၂
ဒေါ်ခင်မာမာ
ပါ ၄

အယူခံဝင်ရောက်ခြင်း မပြုသည့်အတွက် အယူခံရက်ကုန်ဆုံးသည်နှင့် တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်သည် အပြီးသတ်အတည်ဖြစ်သွားပြီး ဖြစ်သည်။

မညိုညိုမြင့်တို့သည် တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်ကို ပထမ အယူခံဝင်ရောက်ခြင်း မပြုဘဲ အထူးအယူခံဝင်ရောက်ခွင့် မရှိကြောင်း တရားရုံးချုပ်၊ တရားမအထူးအယူခံမှုအမှတ် ၁/၂၀၀၀ နှင့် ၂/၂၀၀၀ တို့တွင် ဆုံးဖြတ်ပြီးဖြစ်သည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ တွင် ပြဋ္ဌာန်းထားသည့် အင်္ဂါ ရပ်များနှင့် ကိုက်ညီသည်ဖြစ်၍ ဒေါ်ခင်မာမာ စွဲဆိုသည့် ယခင်အမှုမှ ဆုံးဖြတ်ချက်သည် မီးသေဆုံးဖြတ်ချက်ဖြစ်ကြောင်း မူလရုံးနှင့် ပထမ အယူခံရုံးဖြစ်သော တရားရုံးချုပ်တို့က ဆုံးဖြတ်ခြင်းသည် မှားယွင်းခြင်း မရှိပေ။

သို့ဖြစ်၍ ကြားနာလျက်ရှိသော ပြဿနာနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၉၇/၉၄ နှင့် ၁၁၈/၉၄ တို့တွင် အယူခံတရားလိုတို့ တင်ပြထားသော အကြောင်းအရာများ သည် ယခင် တရားမကြီးမှုအမှတ် ၂၀၀/၈၉ တွင် ချမှတ်သည့် ဆုံးဖြတ်ချက်များကြောင့် မီးသေဆုံးဖြတ်ချက်ဖြစ်ကြောင်း ဖြေဆိုလိုက် သည်။

ဤအထူးအယူခံမှုများကို စရိတ်အသီးသီးနှင့်တကွ ပလပ် လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀၀/- စီ သတ်မှတ်သည်။

တရားမအထူးအယူခံမှု

+ ၂၀၀၀
ဒီဇင်ဘာလ
၂၂ ရက်

တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသန်းဦး၊
တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့် နှင့်
ဒေါက်တာတင်အောင်အေး တို့ရှေ့တွင်

ဒေါ်တီ
(၎င်း၏ကိုယ်စားလှယ်စာရသူ ဒေါ်မိုးမိုး)

နှင့်

ဒေါ်ခင်သန်း*

မြေနှင့်အိမ်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် လက်ရောက်ပေးအပ်ရန် တရားစွဲဆိုခြင်း၊ မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်ကို ယာယီမှတ်ပုံတင်သာ ပြုလုပ်ထားသဖြင့် ပိုင်ဆိုင်ကြောင်း သက်သာခွင့်မရရှိနိုင်ခြင်း၊ တရားရုံးက ပိုင်ဆိုင်ကြောင်း သက်သာခွင့်ကို ခွင့်မပြုသော်လည်း မြေနှင့်အိမ်အရောင်းအဝယ် ယာယီမှတ်ပုံတင်စာချုပ်ကို မှတ်ပုံတင်ပြီးက လက်ရောက်ပေးအပ်စေဟူသည့် ဒီကရီမျိုး ချမှတ်ခြင်း ပြုနိုင်-မပြုနိုင်။

ဆုံးဖြတ်ချက်။ ။ သက်သေခံအမှတ် (က) အရောင်းအဝယ်စာချုပ်ကို စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၆၀ (၁) (၂) တို့အရ

---

* ၁၉၉၇ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၅၉

\+ ၁၉၉၅ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၃၄ တွင် ချမှတ်သော ၁၃-၉-၉၅ ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံမှု

၂၀၀၀
ဒေါ်တီ
(၎င်း၏
ကိုယ်စားလှယ်
စာရသူ
ဒေါ်မိုးမိုး)
နှင့်
ဒေါ်ခင်သန်း

ပြီးစီးအောင် မဆောင်ရွက်ရသေးသဖြင့် ပုဒ်မ ၆၁ (၂) အရ မှတ်ပုံတင်ခြင်း ပြီးစီးပြီဟူ၍ မှတ်ယူနိုင်ခြင်း မရှိပေ။

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၄ နှင့် စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များအရ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို စာချုပ်ချုပ်ဆို၍ ရောင်းချလျှင် မှတ်ပုံတင်မှသာ တရားဝင်သည်။ မှတ်ပုံမတင်သည့် စာချုပ်ဖြင့် ဝယ်ယူသူသည် ဝယ်ယူသည့်ပစ္စည်းပေါ်တွင် ပိုင်ဆိုင်ခွင့် မရရှိပေ။ တန်ဖိုး ကျပ်တစ်ရာနှင့်အထက်ရှိသော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို မှတ်ပုံတင်စာချုပ်မရှိဘဲ ဝယ်ယူသူသည် ထိုပစ္စည်းကို ပိုင်ဆိုင်သူဖြစ်ကြောင်း ကြေညာပေးစေလိုမှု စွဲဆိုခြင်းမပြုနိုင်။ **ကိုရန် နှင့် မမယ်ဝိ အမှု**[၁] ကို ကြည့်ပါ။

အချင်းဖြစ်ပစ္စည်းကို တရားဝင်မပိုင်ဆိုင်လျှင် လက်ရောက်ရထိုက်သည့် သက်သာခွင့်ကိုရရန်အကြောင်း မရှိပေ။ **ဦးလှမြိုင် နှင့် ဗုဒ္ဓသာသာနာအဖွဲ့ အမှု**[၂]၊ **ဦးကြွားပါ ၇ နှင့် ဒေါ်တင်လှ ပါ ၄ အမှု**[၃]၊ **ဦးကျော်ဝင်း ပါ ၂ နှင့် ဒေါ်ဘန်ဂါရာမားပါ ၄ အမှု**[၄] တို့ကိုကြည့်ပါ။

သက်သေခံအမှတ် (က) အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ခြင်း မပြီးစီးသေးသဖြင့် အိမ်နှင့်မြေကို ဝယ်ယူသူ ဒေါ်ခင်သန်းသည် ပိုင်ဆိုင်ခွင့် မရရှိသောကြောင့် ဝယ်ယူသည့် ပစ္စည်းကိုလက်ရောက်ရခွင့် မရှိပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံးဥပဒေ အမိန့် ၇၊ နည်းဥပဒေ ၁ (င) တွင် အဆိုလွှာ၌ အမှုစွဲဆိုနိုင်ရန်အကြောင်းကို ဖြစ်ပေါ်စေသည့် အကြောင်းခြင်းရာများနှင့် အမှုစွဲဆိုနိုင်ရန်အကြောင်းပေါ်ပေါက်ခဲ့သည့် အချိန်တို့ကို ဖော်ပြရန်သတ်မှတ်ထားသည်။ တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်ကြောင်း အဆိုလွှာက သိသာထင်ရှားစေခြင်း မရှိလျှင် အဆိုလွှာကို ပယ်ရမည်ဟု အမိန့် ၇၊ နည်းဥပဒေ

၁၁ (က) တွင် အတိအလင်း ပြဋ္ဌာန်းထားသည်။

ပြည်နယ်တရားရုံးက အရောင်းအဝယ် မှတ်ပုံတင်စာချုပ် အမှတ် ၅၁/၈၉ မှာ ယာယီမှတ်ပုံတင်မျှသာ ဖြစ်၍ အပြီးသတ် မှတ်ပုံတင်ရန် လိုအပ်နေသေးသည့်အတွက် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၅၄ အရ ဝယ်ယူသူအနေဖြင့် ပိုင်ဆိုင်ခွင့်ရရှိပြီး ဖြစ်သည်ဟု မဆိုနိုင်သေးကြောင်း သုံးသပ်ခဲ့ပါလျက် အရောင်းအဝယ် ယာယီမှတ်ပုံတင်စာချုပ်ကို အပြီးသတ်မှတ်ပုံတင်ပြီးပါက မြေနှင့်အိမ် ကို လက်ရောက်ရစေရန် ဒီကရီချမှတ်ခြင်းမှာ အမှုစွဲဆိုရန်အကြောင်း မပေါ်ပေါက်သေးဘဲလျက် ကြိုတင်ပြီး သက်သာခွင့်ပေးအပ်ရာ ရောက် ပေသည်။

တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်သေးမီ စည်းကမ်းချက် ဖြင့် ဒီကရီချမှတ်ခြင်းမှာ တရားစွဲဆိုသည့်အချိန်တွင် ပေါ်ပေါက်သည့် အခြေအနေအပေါ် အခြေခံခြင်း မဟုတ်သောကြောင့် ယင်းဒီကရီ သည် ဥပဒေနှင့်ညီညွတ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

အယူခံတရားလိုအတွက် - ဦးမြဟန်
တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်အတွက် - ဦးတင်ဝင်း
တရားရုံးချုပ်ရှေ့နေ

မွန်ပြည်နယ်တရားရုံး၊ ၁၉၉၃ ခုနှစ်တရားမကြီးမှုအမှတ် ၂၇ (မော်လမြိုင်ခရိုင်) တွင် အယူခံတရားပြိုင် ဒေါ်ခင်သန်းက အယူခံ တရားလို ဒေါ်တီအပေါ် အိမ်နှင့်မြေပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာ ပေးရန်နှင့် ယင်းအိမ်နှင့်မြေကို လက်ရောက်ပေးအပ်ရန် တရားစွဲဆိုရာ ပြည်နယ်တရားရုံးက ပိုင်ဆိုင်ကြောင်း သက်သာခွင့်ကို ခွင့်မပြုသော် လည်း အချင်းဖြစ်မြေနှင့်အိမ် အရောင်းအဝယ် ယာယီမှတ်ပုံတင်

စာချုပ်ကို မှတ်ပုံတင်ပြီးက လက်ရောက်ပေးအပ်စေရန် ဒီကရီ ချမှတ်ပေးခဲ့သည်။ ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ဒေါ်တီက မကျေနပ်သဖြင့် တရားရုံးချုပ်သို့ အယူခံဝင်သော်လည်း မအောင်မြင်သောကြောင့် ၁၉၈၈ ခုနှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို ပြန်လည်စစ်ဆေး စီရင်ပေးရန် လျှောက်ထားသည့်အခါ တရားရုံးချုပ် အထူးခုံရုံးက အောက်ပါပြဿနာကို အထူးအယူခံခုံရုံးဖြင့် ကြားနာရန် အထူးအယူခံ ဝင်ခွင့်ပြုခဲ့သည်-

> "အိမ်နှင့်မြေ ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေညာပေးရန်နှင့် လက်ရောက်ပေးအပ်ရန် စွဲဆိုမှုတွင် အရောင်းအဝယ် ယာယီမှတ်ပုံတင်စာချုပ်ကို အပြီးသတ်မှတ်ပုံတင်ပြီးက လက်ရောက်ပေးအပ်စေရန် ချမှတ်ခဲ့သောဒီကရီသည် အမှုတွင်ပေါ်ပေါက်သော သက်သေခံချက်များ၊ ပြဋ္ဌာန်းဥပဒေနှင့် လမ်းညွှန်စီရင်ထုံးများနှင့် ညီညွတ်မှန်ကန်မှုရှိ-မရှိ။"

အယူခံတရားလို၏ရှေ့နေက မူလရုံး၌ တရားလိုက စွဲဆိုသော အမှုအမျိုးအစားမှာ ပိုင်ဆိုင်ကြောင်း မြွက်ဟပေးစေလိုမှုနှင့် လက်ရောက်ရလိုမှု ဖြစ်ကြောင်း၊ သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၁၂ အရ အပြီးသတ်မှတ်ပုံတင်စာချုပ် ပြုလုပ်ခွင့်ရရန်အတွက် ပဋိညာဉ်ကို ဆက်လက် ဆောင်ရွက်ပေးစေလိုမှု အမျိုးအစား မဟုတ်ကြောင်း ထို့ကြောင့် မူလရုံးနှင့် တရားရုံးချုပ်၊ ပထမအယူခံရုံးအနေဖြင့် အပြီးသတ်မှတ်ပုံတင် တင်သွင်းခြင်းမရှိသော စာချုပ်ကို မှတ်ပုံတင်ပြီးပါက လက်ရောက်ရယူစေဟု အမိန့်ချမှတ်ခြင်းမှာ တရားစွဲဆိုရန် အကြောင်း မပေါ်ပေါက်သေးဘဲ ပိုင်ဆိုင်မှုအခွင့်အရေး မရှိသေးဘဲ အဆင့်ကျော်၍ သက်သာခွင့်ပေးရာ ရောက်နေကြောင်း၊ မူလရုံး၌ တရားလိုသည် သက်သေခံအမှတ် (က) အရောင်းအဝယ်စာချုပ်ကို မော်လမြိုင်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်စာတမ်း

မှတ်ပုံတင်ဥပဒေပုဒ်မ ၆၀ (၁) နှင့် ၆၀ (၂) အရ မှတ်ပုံတင်သွင်းခြင်း မရှိသေးကြောင်း၊ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၏ အတည်ပြု လက်မှတ်ရေးထိုးခြင်း မရှိကြောင်း၊ မူလရုံးက သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ နှင့်မညီ၍ သက်သာခွင့်မပေးခြင်းမှာ မှန်ကန်သော်လည်း မူလရုံးက အဆိုပါ မှတ်ပုံမတင်သွင်းရသေးသော စာချုပ်ကို အခြေပြု၍ စွဲဆိုသောအမှု၌ပင် အဆိုပါစာချုပ်ကို မှတ်ပုံတင်ပြီးပါက လက်ရောက်ပေးအပ်စေဟု နောက်ဆက်တွဲ သက်သာခွင့်ပေးခြင်းမှာမူ ဥပဒေနှင့်မညီဘဲ မှားယွင်းကြောင်း၊ သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ အရ ပိုင်ဆိုင်ကြောင်း မြွက်ဟဒီကရီကို ခွင့်မပြုလျှင် ၎င်းပုဒ်မ၏ နောက်ဆက်တွဲ သက်သာခွင့်ဖြစ်သော လက်ရောက်ရထိုက်ခွင့်ကိုလည်း ခွင့်မပြုနိုင်ကြောင်း၊ တရားလို ဒေါ်ခင်သန်းက အခြေပြု စွဲဆိုသော သက်သေခံအမှတ် (က) စာချုပ်သည်ပင်လျှင် ပိုင်ရှင်ဒေါ်တီ မသိဘဲ သဘောတူခြင်းမရှိဘဲ ငွေချေးသူ ငွေရှင် ဦးဝမ်ရှိန်နှင့် ဦးဝမ်ရှိန်၏ညီမ ဒေါ်ခင်သန်းတို့ နှစ်ဦးသာ အရောင်းအဝယ်သဘော ဟန်ဆောင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ပါလျက် လက်ရောက် ရစေဟု ဆုံးဖြတ်ထားခြင်းမှာ သက်သေထွက်ချက်များအရ ညီညွတ်မှု မရှိကြောင်း၊ ထို့ကြောင့် အပြီးသတ်မှတ်ပုံတင်ခြင်း မရှိသေးသော အရောင်းအဝယ်စာချုပ်ကို အခြေပြု၍ လက်ရောက်ရလိုကြောင်း တရားစွဲဆိုသည့်အမှုကို ပလပ်ထိုက်ကြောင်း၊ မှတ်ပုံတင်သွင်းစေပြီး လက်ရောက်ယူစေဟု စည်းကမ်းချက်ဖြင့် ခွင့်ပြုခြင်းမှာလည်း မှားယွင်းကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက အယူခံတရားလိုအနေဖြင့် ဦးဝမ်ရှိန်အား ပေးထားသည့် ကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းခြင်း မရှိသည့်အပြင် ဦးဝမ်ရှိန်က ကိုယ်စားလှယ်လွှဲစာကို အလွဲသုံးစား ပြုပါသည်ဟုဆိုပြီး ဦးဝမ်ရှိန်အပေါ် တစ်စုံတစ်ရာ တရားစွဲဆိုခဲ့ခြင်း လည်း မရှိသဖြင့် ကိုယ်စားလှယ်လွှဲစာအရ ဦးဝမ်ရှိန်၏ဆောင်ရွက်ချက်

၂၀၀၀
ဒေါ်တီ
(၎င်း၏
ကိုယ်စားလှယ်
စာရသူ
ဒေါ်မိုးမိုး)
နှင့်
ဒေါ်ခင်သန်း

မှာ အယူခံတရားလို၏ ဆောင်ရွက်မှုပင်ဖြစ်ကြောင်း၊ စာချုပ်အမှတ် ၅၁/၈၉ မှာလည်း မှတ်ပုံတင်ကိစ္စ ပြီးသလောက်ဖြစ်နေပြီး၊ စာအုပ်ထဲတွင် ကူးထည့်ရန်သာရှိတော့သဖြင့် စာအုပ်ထဲတွင် ကူးထည့်ပြီး၍ မှတ်ပုံတင်ကိစ္စ ဆုံးခန်းတိုင် ပြီးဆုံးမှသာ ဒီကရီရရှိစေရမည်ဟု မူလရုံးမှ စည်းကမ်းချက်ထား၍ ဒီကရီ ချမှတ်ပေးခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းခြင်း မရှိကြောင်း၊ မူလရုံး၏ ဒီကရီကို တရားရုံးချုပ်၏ တရားမပထမအယူခံမှုအမှတ် ၃၄/၉၅ တွင် အတည်ပြုခဲ့ပြီးဖြစ်ကြောင်း၊ ဤအထူးအယူခံမှုတွင် အယူခံတရားလို၏ အယူခံလွှာ၌ တရားရုံးသည် စည်းကမ်းချက်ထား၍ ဒီကရီမချမှတ်နိုင်ကြောင်း၊ တစ်စုံတစ်ရာ ဖော်ပြထားခြင်း မရှိကြောင်း၊ ငွေတိုးချစားသူများဥပဒေအရ စွဲဆိုသည့် အမှုများတွင်လည်း ငွေတိုးချစားသူအဖြစ် မှတ်ပုံတင်ထားသည့် မှတ်ပုံတင်လက်မှတ် မပါဘဲ တရားစွဲဆိုပါက ထိုလက်မှတ်ကို တင်ပြမှသာ ဒီကရီချပေးမည်ဖြစ်ကြောင်း၊ ဆိုင်းငံ့၍ စည်းကမ်းချက်ဖြင့် ဒီကရီချလေ့ရှိကြောင်း၊ ဤအမှုတွင်လည်း မူလရုံးမှ ဒီကရီချခဲ့ခြင်းမှာ ဤသဘောပင်ဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားလို ဒေါ်တီသည် အယူခံတရားပြိုင်၏ အစ်ကိုတော်သူ ဦးဝမ်ရှိန်နှင့် ဇနီး ဒေါ်ညွန့်စိန်တို့ထံမှ ငွေကျပ် ၂၄၀၀၀ဝိ/- ချေးယူရာတွင် ၎င်းပိုင် မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်း၊ အောင်သိပ္ပံလမ်း၊ အိမ်အမှတ် ၄၈ တည်ရှိရာ မော်လမြိုင်မြို့၊ အုပ်စုအမှတ် ၁၃၊ ဒိုင်းဝန်ကွင်း၊ ကျိုက်ဖနဲရပ်ကွက်၊ အကွက်အမှတ် ၆၊ ဦးပိုင်အမှတ် ၅၅၊ အိမ်ယာမြေကွက် အငှားဂရန်ကို အာမခံအဖြစ် ပေးအပ်ခဲ့သည်။ ဦးဝမ်ရှိန်တို့က ချေးငွေကို ပြန်လည်တောင်းခံသည့်အခါ ဒေါ်တီက ၎င်းပိုင်အိမ်နှင့် အိမ်ယာမြေကွက်ကို ရောင်းချ၍ ချေးငွေကို ပြန်ယူရန် ပြောဆိုပြီး ဦးဝမ်ရှိန်အား အထူးကိုယ်စားလှယ်လွှဲစာချုပ် ချုပ်ဆိုပေးခဲ့ကြောင်း၊ အဆိုပါအိမ်နှင့်မြေကို ဝယ်မည့်သူမရှိ၍ ဒေါ်ခင်သန်းက တန်ဖိုးငွေ ကျပ် ၇၅၀၀ဝိ/- ဖြင့် ဝယ်ယူခဲ့ကြောင်း၊ ဒေါ်တီသည်

၂၀၀၀
ဒေါ်တီ
(၎င်း၏
ကိုယ်စားလှယ်
စာရသူ
ဒေါ်မိုးမိုး)
နှင့်
ဒေါ်ခင်သန်း

အိမ်နှင့်မြေကို ဒေါ်ခင်သန်းအား ပေးအပ်ခြင်းမရှိဘဲ သော့ခတ်ကာ ပြောင်းရွှေ့သွားကြောင်း၊ ထို့ကြောင့် အချင်းဖြစ် အိမ်နှင့်မြေ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် လက်ရောက်ပေးအပ်ရန် အဆိုပြု၍ ဒေါ်ခင်သန်းက တရားစွဲဆိုသည်။

ဒေါ်တီက ဦးဝမ်ရှိန်နှင့် ဒေါ်ညွန့်စိန်တို့ထံမှ ငွေ ၁၀၀ ကျပ်လျှင် ၅ ကျပ်တိုးနှင့် အကြိမ်ကြိမ်ငွေချေးခဲ့ရာမှ ပေးရန်ငွေ ၂၄၀၀၀၀/- ကျပ် ဖြစ်ပေါ်လာခြင်း ဖြစ်ကြောင်း၊ ဒေါ်ညွန့်စိန်အား ငွေချေး ကတိစာချုပ် ချုပ်ဆိုပေးခဲ့သည်ဆိုခြင်းမှာ မမှန်ကြောင်း၊ ဦးဝမ်ရှိန်တို့က ခြိမ်းခြောက်၍ အထူးကိုယ်စားလှယ်စာအပေါ် လက်မှတ်ထိုးပေးလိုက်ရခြင်းဖြစ်ကြောင်း၊ လင်မယား ၂ ဦးပိုင် အိမ်နှင့်မြေကို လွှဲပြောင်းခွင့်ပြုရန် ဒေါ်တီတစ်ဦးတည်းကပေးသည့် ကိုယ်စားလှယ်လွှဲစာမှာ ပျက်ပြယ်ကြောင်း၊ ပျက်ပြယ်သော ကိုယ်စားလှယ်လွှဲစာအရ ပြုလုပ်သည့် အရောင်းအဝယ်စာချုပ်သည်လည်း ပျက်ပြယ်ကြောင်း ချေပသည်။

အချင်းဖြစ်အိမ်နှင့် အိမ်ယာမြေကို ဒေါ်တီ၏ကိုယ်စားပြုရောင်းသူ ဦးဝမ်ရှိန်နှင့် ဝယ်သူဒေါ်ခင်သန်းတို့ ချုပ်ဆိုသည့် သက်သေခံအမှတ် (က) အိမ်နှင့်အိမ်ယာမြေ အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်ရာ၌ ယင်းစာချုပ်ကို ၁၉၈၉ ခုနှစ် စာချုပ်အမှတ် ၅၁ အဖြစ်သတ်မှတ်ထားပြီးဖြစ်သော်လည်း မှတ်ပုံတင်စာအုပ်အမှတ်၊ အတွဲအမှတ်၊ စာမျက်နှာအမှတ်တို့ကို ဖြည့်သွင်းရန် ကျန်ရှိနေသည်။ အပြီးအဆုံးတိုင်အောင် ဆောင်ရွက်ပြီးစီးခြင်း မရှိသေးပေ။

ပြည်နယ်တရားရုံးက အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ် ၅၁/၈၉ မှာ ယာယီမှတ်ပုံတင်မျှသာ ဖြစ်သဖြင့် အပြီးသတ်မှတ်ပုံတင်ရန် လိုအပ်နေသေးသည့်အတွက် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၄ အရ ဝယ်ယူသူအနေဖြင့် ပိုင်ဆိုင်ခွင့်ရရှိပြီးဖြစ်သည်ဟု မဆိုနိုင်သေးကြောင်း၊ သို့အတွက် တရားလိုအနေဖြင့်

၂၀၀၀
ဒေါ်တီ
(၎င်း၏
ကိုယ်စားလှယ်
စာရသူ
ဒေါ်မိုးမိုး)
နှင့်
ဒေါ်ခင်သန်း

အချင်းဖြစ်ပစ္စည်းတွင် တရားလိုပိုင်ဆိုင်ကြောင်း သက်သာခွင့်ကို ယခု အချိန်တွင် မရရှိနိုင်သေးသော်လည်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပြီးပါက အလိုအလျောက် ပိုင်ဆိုင်ခွင့်ရရှိမည် ဖြစ်သည့် အတွက် လက်ရောက်ရလိုမှု သက်သာခွင့်ကိုမူ ရထိုက်သည်ဟု သုံးသပ်သည်။

တရားရုံးချုပ်က ပြည်နယ်တရားရုံးသည် ပိုင်ဆိုင်ကြောင်း မြွက်ဟဒီကရီကို ခွင့်မပြုဘဲ နောက်ဆက်တွဲ သက်သာခွင့်ဖြစ်သည့် လက်ရောက်ရထိုက်ခွင့်ကို ပေးအပ်စေရန် အမိန့်ချမှတ်ခဲ့ခြင်း မဟုတ်ကြောင်း၊ စာချုပ်ကို အပြီးသတ်မှတ်ပုံတင်ပြီးမှသာလျှင် လက်ရောက် ပေးအပ်စေရန်ဟူ၍ ဒီကရီချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဒီကရီမျိုးကို စည်းကမ်းချက်ဖြင့် ချမှတ်သော ဒီကရီဟု ခေါ်ဆိုကြောင်း၊ တရားလို သည် အိမ်နှင့်မြေ အရောင်းအဝယ်စာချုပ်ကို အပြီးသတ်မှတ်ပုံတင် ပြီးကြောင်း တင်ပြနိုင်မှသာလျှင် ဒီကရီကို ရနိုင်ခွင့်ရှိမည်ဖြစ်ပြီး ထိုသို့ မတင်ပြနိုင်ပါက ဒီကရီကို ရနိုင်ခွင့်ရှိမည် မဟုတ်ကြောင်း ဝေဖန် သုံးသပ်သည်။

စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၆၀ (၁) တွင် ယင်း ဥပဒေပုဒ်မ ၃၄၊ ၃၅၊ ၅၈ နှင့် ၅၉ ပါ ပြဋ္ဌာန်းချက်များအတိုင်း တင်သွင်း လာသည့် စာချုပ်စာတမ်း တစ်စုံတစ်ရာကို လိုက်နာဆောင်ရွက်ပြီး သောအခါ မှတ်ပုံတင်ပေးသည့်အရာရှိသည် ယင်းစာချုပ်စာတမ်းတွင် မှတ်ပုံတင်ရေးသွင်းသည့် စာအုပ်နံပါတ်၊ စာမျက်နှာနံပါတ်များနှင့် တကွ မှတ်ပုံတင်ပြီးဆိုသည့် စကားရပ်များပါသည့် အထောက်အထား လက်မှတ်ကို ထပ်ဆင့်ရေးမှတ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေပုဒ်မ ၆၀ (၂) တွင် အထက် ဖော်ပြပါ အထောက်အထားလက်မှတ်ကို မှတ်ပုံတင်အရာရှိက လက်မှတ်ရေးထိုး၊ တံဆိပ်နှိပ်၊ နေ့စွဲတပ်ပြီးသည့်အခါမှသာ ၎င်းစာချုပ် သည် စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေအရ မှတ်ပုံတင်ပြီးဖြစ်ကြောင်း၊

၂၀၀၀
ဒေါ်တီ (၎င်း၏ ကိုယ်စားလှယ် စာရသူ ဒေါ်မိုးမိုး) နှင့် ဒေါ်ခင်သန်း

ထိုသို့ ဆောင်ရွက်ပြီးပါမှ ထင်ရှားအောင်ပြုလုပ်ရန် လက်ခံနိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။

စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေပုဒ်မ ၆၁ (၂) တွင် အထက်ဖော်ပြပါ အချက်များအတိုင်း ပြုလုပ်ပြီးစီးသည့်အခါမှသာ စာချုပ်စာတမ်းကို မှတ်ပုံတင်ခြင်းပြီးစီးခြင်းသို့ ရောက်ရှိသည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

သက်သေခံအမှတ် (က) အရောင်းအဝယ်စာချုပ်ကို စာချုပ်စာတမ်း မှတ်ပုံတင်အက်ဥပဒေပုဒ်မ ၆၀ (၁) (၂) တို့အရ ပြီးစီးအောင် မဆောင်ရွက်ရသေးသဖြင့် ပုဒ်မ ၆၁ (၂) အရ မှတ်ပုံတင်ခြင်း ပြီးစီးပြီဟူ၍ မှတ်ယူနိုင်ခြင်းမရှိပေ။

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၄ နှင့် စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များအရ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို စာချုပ်ချုပ်ဆို၍ ရောင်းချလျှင် မှတ်ပုံတင်မှသာလျှင် တရားဝင်သည်။ မှတ်ပုံမတင်သည့် စာချုပ်ဖြင့် ဝယ်ယူသူသည် ဝယ်ယူသည့် ပစ္စည်းပေါ်တွင် ပိုင်ဆိုင်ခွင့် မရရှိပေ။ တန်ဖိုး ကျပ်တစ်ရာနှင့်အထက်ရှိသော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို မှတ်ပုံတင်စာချုပ်မရှိဘဲ ဝယ်ယူသူသည် ထိုပစ္စည်းကို ပိုင်ဆိုင်သူဖြစ်ကြောင်း ကြေညာပေးစေလိုမှု စွဲဆိုခြင်းမပြုနိုင်။ **ကိုရန် နှင့် မမယ်ဝိ** အမှု[၁] ကို ကြည့်ပါ။

အချင်းဖြစ်ပစ္စည်းကို တရားဝင်မပိုင်ဆိုင်လျှင် လက်ရောက်ရထိုက်သည့် သက်သာခွင့်ကို ရရန်အကြောင်း မရှိပေ။ **ဦးလှမြိုင် နှင့် ဗုဒ္ဓသာသနာအဖွဲ့** အမှု[၂]၊ **ဦးကြွား ပါ ၇ နှင့် ဒေါ်တင်လှ ပါ ၄** အမှု[၃]၊ **ဦးကျော်ဝင်း ပါ ၂ နှင့် ဒေါ်ဘန်ဂါရာမား ပါ ၄** အမှု[၄] တို့ကို ကြည့်ပါ။

---

(၁) အတွဲ- ၁၀၊ ရန်ကုန် ၅၂၉။
(၂) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၇၃၆။
(၃) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၃၉။
(၄) ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၇။

၂၀၀၀
ဒေါ်တီ
(၎င်း၏
ကိုယ်စားလှယ်
စာရသူ
ဒေါ်မိုးမိုး)
နှင့်
ဒေါ်ခင်သန်း

သက်သေခံအမှတ် (က) အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ခြင်း မပြီးစီးသေးသဖြင့် အိမ်နှင့်မြေကို ဝယ်ယူသူ ဒေါ်ခင်သန်းသည် ပိုင်ဆိုင်ခွင့် မရရှိသောကြောင့် ဝယ်ယူသည့် ပစ္စည်းကို လက်ရောက်ရခွင့် မရှိပေ။

တရားမကျင့်ထုံးဥပဒေ အမိန့် ၇၊ နည်းဥပဒေ ၁ (င) တွင် အဆိုလွှာ၌ အမှုစွဲဆိုနိုင်ရန်အကြောင်းကို ဖြစ်ပေါ်စေသည့် အကြောင်းခြင်းရာများနှင့် အမှုစွဲဆိုနိုင်ရန်အကြောင်း ပေါ်ပေါက်ခဲ့သည့် အချိန်တို့ကို ဖော်ပြရန် သတ်မှတ်ထားသည်။ တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်ကြောင်း အဆိုလွှာက သိသာထင်ရှားစေခြင်း မရှိလျှင် အဆိုလွှာကို ပယ်ရမည်ဟု အမိန့် ၇၊ နည်းဥပဒေ ၁၁ (က) တွင် အတိအလင်း ပြဋ္ဌာန်းထားသည်။

ပြည်နယ်တရားရုံးကအရောင်းအဝယ် မှတ်ပုံတင် စာချုပ် အမှတ် ၅၁/၈၉ မှာ ယာယီမှတ်ပုံတင်မျှသာ ဖြစ်၍ အပြီးသတ် မှတ်ပုံတင်ရန် လိုအပ်နေသေးသည့်အတွက် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၄ အရ ဝယ်ယူသူအနေဖြင့် ပိုင်ဆိုင်ခွင့်ရရှိပြီး ဖြစ်သည်ဟု မဆိုနိုင်သေးကြောင်း သုံးသပ်ခဲ့ပါလျက် အရောင်းအဝယ် ယာယီမှတ်ပုံတင်စာချုပ်ကို အပြီးသတ် မှတ်ပုံတင်ပြီးပါက မြေနှင့်အိမ်ကို လက်ရောက်ရစေရန် ဒီကရီ ချမှတ်ခြင်းမှာ အမှုစွဲဆိုရန်အကြောင်း မပေါ်ပေါက်သေးဘဲလျက် ကြိုတင်ပြီး သက်သာခွင့်ပေးအပ်ရာ ရောက်ပေသည်။

တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်သေးမီ စည်းကမ်းချက်ဖြင့် ဒီကရီချမှတ်ခြင်းမှာ တရားစွဲဆိုသည့်အချိန်တွင် ပေါ်ပေါက်သည့် အခြေအနေအပေါ် အခြေခံခြင်းမဟုတ်သောကြောင့် ယင်းဒီကရီသည် ဥပဒေနှင့်ညီညွတ်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

ငွေတိုးချစားသူများဥပဒေအရ စွဲဆိုသည့်အမှုတွင် ငွေတိုးချစားသူအဖြစ် မှတ်ပုံတင်ထားသည့်လက်မှတ် တင်ပြလျှင် ဒီကရီ

အတည်ဖြစ်စေရမည်ဟူသော စည်းကမ်းချက်ဖြင့် ဒီကရီချမှတ်ခြင်းမှာ တရားလိုသည် စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ရထိုက်သည့် အမှုမျိုးတွင် ချမှတ်ပေးခြင်းဖြစ်သည်။

ယခုအမှုတွင် တရားလိုသည် အချင်းဖြစ်ပစ္စည်းကို ပိုင်ဆိုင်ကြောင်း သက်သာခွင့်ကို မရနိုင်သေးကြောင်း ပြည်နယ်တရားရုံးက သုံးသပ်ထားပြီး ဖြစ်သည်။ ပိုင်ဆိုင်ကြောင်း သက်သာခွင့် မရထိုက်သေးဘဲလျက် အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပြီးပါက လက်ရောက်ပေးအပ်ရန် ဒီကရီချမှတ်ခြင်းသည် ငွေတိုးချစားသူအဖြစ် မှတ်ပုံတင်ထားသည့် လက်မှတ်တင်ပြလျှင် ဒီကရီ အတည်ဖြစ်စေရမည်ဟူသော စည်းကမ်းချက်ဖြင့် ဒီကရီချမှတ်ခြင်းနှင့် မတူညီပေ။

ထို့ကြောင့် ကြားနာလျက်ရှိသော ပြဿနာနှင့်စပ်လျဉ်းပြီး အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

> အိမ်နှင့်မြေ ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေညာပေးရန်နှင့် လက်ရောက်ပေးအပ်ရန် စွဲဆိုမှုတွင် အရောင်းအဝယ် ယာယီမှတ်ပုံတင်စာချုပ်ကို အပြီးသတ်မှတ်ပုံတင်ပြီးက လက်ရောက်ပေးအပ်စေရန်ချမှတ်ခဲ့သော ဒီကရီသည် အမှုတွင်ပေါ်ပေါက်သော သက်သေခံချက်များ၊ ပြဋ္ဌာန်းဥပဒေနှင့် လမ်းညွှန်စီရင်ထုံးများနှင့် ညီညွတ်မှန်ကန်မှု မရှိကြောင်း။

ဤအထူးအယူခံမှုကို ခွင့်ပြုပြီး တရားရုံးချုပ်နှင့် တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့်ဒီကရီတို့ကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပယ်ဖျက်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀၀/- သတ်မှတ်သည်။

\+ ၂၀၀၀

အောက်တိုဘာ

၂၇ ရက်

## တရားမအထူးအယူခံမှု

တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသန်းဦး၊
တရားသူကြီးများဖြစ်ကြသော ဒေါက်တာတင်အောင်အေး
နှင့် ဦးမြင့်သိန်း တို့ရှေ့တွင်

ဒေါ်ထု

နှင့်

ရှာရှောက်ယုံ (ခ) ဦးဇော်ဝင်း ပါ ၂*

ရောင်းသူနှင့် ဝယ်သူတို့သည် မြေအရောင်းအဝယ် ပဋိညာဉ်တစ်ခု ပြုလုပ်ခဲ့ကြသည်။ နှစ်အတန်ကြာတွင် မြေကို ခွဲစိတ်ပေးရန် လျှောက်ထားရာ စည်ပင်သာယာရေးကော်မတီက မြေကွက်မျက်နှာစာကို ပေ ၄၀ ထားရန် ဆုံးဖြတ်သည်။ ရောင်းသူက မြေကွက်ကို ခွဲစိတ်မရသောကြောင့် မြေအရောင်းအဝယ် ပဋိညာဉ်ကို ဖျက်သိမ်းပေးရန် ဝယ်သူအပေါ် တရားစွဲဆိုသည်။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၀ အရ မှားယွင်းမှုကြောင့် ပျက်ပြယ်သော သဘောတူညီချက်ဖြစ်ရန် လိုအပ်သည့် အချက်များ၊ မှားယွင်းမှုသည် သဘောတူကြစဉ် အချိန်က တည်ရှိသော မှားယွင်းမှုဖြစ်ရန် လိုခြင်း။

ဆုံးဖြတ်ချက်။ ။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၀ တွင် သဘောတူညီချက်တွင် ပါဝင်သည့် နှစ်ဦးနှစ်ဖက်သည် သဘောတူညီချက်နှင့်

* ၁၉၉၇ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၁

\+ ၁၉၉၄ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၅၉ တွင် ချမှတ်သော ၈-၈-၉၅ ရက်စွဲပါ တရားရုံးချုပ်၏ အမိန့်ကို အထူးအယူခံမှု

စပ်လျဉ်း၍ အရေးပါသော အကြောင်းခြင်းရာကို မှားယွင်းကြလျှင် ထိုသဘောတူညီချက်သည် ပျက်ပြယ်ကြောင်း ပြဋ္ဌာန်းထားသည်။

သဘောတူညီချက်သည် မှားယွင်းမှုကြောင့် ပျက်ပြယ်သော သဘောတူညီချက် ဖြစ်ရန် (၁) မှားယွင်းမှုသည် အကြောင်းခြင်းရာနှင့် ပတ်သက်ရမည်၊ (၂) ထိုမှားယွင်းမှုသည် သဘောတူသည့် အချိန်တွင် ဖြစ်ရမည်၊ (၃) သဘောတူသူ နှစ်ဦးစလုံးက မှားယွင်းခြင်း ဖြစ်ရမည်၊ (၄) ထိုမှားယွင်းမှုသည် သဘောတူညီမှုနှင့်စပ်လျဉ်းသည့် အရေးပါသော အကြောင်းခြင်းရာ ဖြစ်ရမည် ဖြစ်သည်။

သဘောတူညီချက် ပျက်ပြယ်ရန်အတွက် သဘောတူညီမှုနှင့် စပ်လျဉ်းသည့် အရေးပါသော အကြောင်းခြင်းရာကို နှစ်ဖက်စလုံးက မှားယွင်းကြသည်သာမက ယင်းမှားယွင်းမှုသည် သဘောတူကြစဉ် အချိန်က တည်ရှိနေသော မှားယွင်းမှုဖြစ်ရန် လိုသည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးတင်ရွှေ<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်များတွက် | - | ဦးကိုကိုကြီး<br>တရားရုံးချုပ်ရှေ့နေ |

ရန်ကုန်တိုင်းတရားရုံး၊ ၁၉၉၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၀၀ တွင် အယူခံတရားလို ဒေါ်ထုက အယူခံတရားပြိုင်များ ဖြစ်ကြသော ရှာရှောက်ယုံ (ခ) ဦးဇော်ဝင်းနှင့် ရှာရှောက်ဖီ (ခ) ဦးစိန်ဝင်းတို့အပေါ် မြေနှင့်အဆောက်အအုံ အရောင်းအဝယ်စာချုပ်ကို ဖျက်သိမ်းပြီး လက်ရောက်ရလိုမှု စွဲဆိုရာ ပလပ်ခြင်းခံရသည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ဒေါ်ထုက မကျေနပ်သဖြင့် တရားရုံးချုပ်သို့ အယူခံဝင်ရောက်သော်လည်း အောင်မြင်ခြင်း မရှိပေ။ ဒေါ်ထုက တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို တရားစီရင်ရေးဥပဒေ

၂၀၀၀
ဒေါ်ထု
နှင့်
ရှာရှောက်ယုံ
(၁)
ဦးဇော်ဝင်း
ပါ ၂

ပုဒ်မ ၆ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် ၁၉၉၅ ခုနှစ်၊ တရားမ အထွေထွေလျှောက်လွှာ (အထူး) အမှုအမှတ် ၅၀၁ တွင် လျှောက်ထားသောအခါ တရားရုံးချုပ်က အောက်ပါပြဿနာကို စိစစ်ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

"အချင်းဖြစ်ဥပစာကို မှတ်ပုံတင်စာချုပ်အမှတ် ၃၀၃/၈၇ ဖြင့် ချုပ်ဆိုဝယ်ယူ၍ လက်ရောက်ရပြီး ဖြစ်သော်လည်း အချင်းဖြစ်မြေအစိတ်အပိုင်း (၇၆ ပေ × ၂၈½ ပေ) ကို ခွဲစိတ်ခွင့် မရသောကြောင့် ၎င်းမှတ်ပုံတင်စာချုပ်အမှတ် ၃၀၃/၈၇ သည် ပျက်ပြယ်သော စာချုပ်ဖြစ်သလား။"

အယူခံတရားလို၏ရှေ့နေက ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၀ တွင် သဘောတူသူနှစ်ဦးတို့သည် သဘောတူညီချက်၏ အဓိက ဖြစ်သော အချင်းအရာနှင့်စပ်လျဉ်း၍ မှားယွင်းလျှင် ယင်းသဘောတူညီချက်သည် ပျက်ပြယ်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ယခုအမှု၏ အချင်းဖြစ်ကိစ္စတွင် ဒေါ်ထုနှင့် ရှာရှောက်ယုံ ပါ ၂ ဦးတို့သည် မှတ်ပုံတင်စာချုပ်အမှတ် ၃၀၃/၈၇ ချုပ်ဆိုစဉ်က အချင်းဖြစ်မြေ အစိတ်အပိုင်းကို ခွဲစိတ်၍ရမည်ဟု ယုံကြည်ခဲ့ကြခြင်းကြောင့် အရောင်းအဝယ်ပြုလုပ်ကြခြင်း ဖြစ်ကြောင်း၊ သို့ရာတွင် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပြီးနောက် အချင်းဖြစ်မြေ အစိတ်အပိုင်းကို ခွဲစိတ်ပေးရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ရှာရှောက်ယုံ ပါ ၃ ဦးတို့ဘက်မှ လျှောက်ထားသောအခါတွင် ခွဲစိတ်၍မရကြောင်းကို သိရှိခဲ့ရကြောင်း၊ အကယ်၍ မူလအစက အချင်းဖြစ်မြေ အစိတ်အပိုင်းကို ခွဲစိတ်၍ မရနိုင်ကြောင်း သိရှိခဲ့ကြလျှင် အချင်းဖြစ်မြေ၏ အစိတ်အပိုင်းကို အရောင်းအဝယ် ပြုလုပ်ကြမည် မဟုတ်ကြောင်း၊ မှတ်ပုံတင်ရန် ပြုလုပ်ကြမည် မဟုတ်ကြောင်း၊ အချင်းဖြစ်မြေကွက်ကို အကယ်၍ ရှာရှောက်ယုံတို့၏ လျှောက်ထားမှုအရ ခွဲစိတ်မှုပြုလုပ်ခဲ့ပါက တစ်ဆက်တစ်စပ်တည်းဖြစ်နေသော အိမ်များကိုလည်း ဖျက်ရမည် ဖြစ်သော

ကြောင့် ရောင်းသူ ဒေါ်ထုအနေဖြင့် ဆုံးရှုံးနစ်နာမှု များစွာ ဖြစ်ပေါ်လာမည် ဖြစ်ကြောင်း၊ ဝယ်သူများဘက်မှ ဆုံးရှုံးနစ်နာစရာအကြောင်းဘာမျှမပေါ်ပေါက်ကြောင်း၊ ယခုအမှု၏ အရောင်းအဝယ်ကိစ္စတွင် မှတ်ပုံတင်စာချုပ် ချုပ်ဆိုရုံမျှဖြင့် ပဋိညာဉ်ဆုံးခန်းတိုင် မရောက်သေးကြောင်း၊ ရောင်းဝယ်သောမြေကို ခွဲစိတ်ပြီး ဝယ်သူ၏ အမည်ပေါက်မှသာလျှင် ပဋိညာဉ်ပြီးမြောက်ကြောင်း၊ တရားလို ဒေါ်ထုမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လမ်းညွှန်ချက်မှ ဖြစ်သော မျက်နှာစာပေ ၄၀ ပေ ပေးရန်လည်း မြေပိုမရှိသဖြင့် မခွဲစိတ်နိုင်ကြောင်း၊ မခွဲစိတ်နိုင်သဖြင့် ဝယ်သူများ၏အမည် မပေါက်နိုင်ကြောင်း၊ ထို့ကြောင့် ယခုအမှု၏ အရောင်းအဝယ်ပဋိညာဉ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်၍ မနိုင်တော့ကြောင်း၊ ထို့ကြောင့် သဘောတူညီချက်၏ အဓိကဖြစ်သော အချင်းအရာသည် ခွဲစိတ်၍မရသော မြေကို သဘောတူညီပြီး ရောင်းဝယ်ခဲ့ကြသဖြင့် မှတ်ပုံတင်စာချုပ် အမှတ် ၃၀၃/၈၇ သည် ပျက်ပြယ်လျက်ရှိကြောင်း မြင်သာခိုင်မာပါသဖြင့် ဤအထူးအယူခံမှုအား ခွင့်ပြုပေးပါရန် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်တို့၏ရှေ့နေက ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၀ ၏ ပြဋ္ဌာန်းချက်တွင် နှစ်ဦးနှစ်ဖက် သဘောတူညီချက်နှင့်စပ်လျဉ်း၍ အယူအဆကွဲလွဲကြလျှင် ထိုသဘောတူညီချက်သည် ပျက်ပြယ်သည်ဟု ပြဋ္ဌာန်းရာ၌ အယူအဆလွဲသော အကြောင်းခြင်းရာသည် နှစ်ဦးသဘောတူချုပ်ဆိုသည့် ပဋိညာဉ်တွင် အရေးပါသော အကြောင်းခြင်းရာ ဖြစ်ရမည်ဖြစ်ကြောင်း၊ ယခုအမှုတွင် အယူခံတရားလိုက အချင်းဖြစ်ဥပစာကို အယူခံတရားပြိုင်တို့အား မှတ်ပုံတင်စာချုပ်ဖြင့် ရောင်းချ၍ လက်ရောက်ပေးအပ်ခဲ့ပြီး နှစ်အတန်ကြာမှ ယခုအမှုကို စွဲဆိုခဲ့ခြင်း ဖြစ်ကြောင်း၊ အမှန်စင်စစ် ထိုသို့စွဲဆိုခြင်းမှာလည်း အမှုစွဲဆိုသည့် ၁၉၉၂ ခုနှစ်တွင် မြေတန်ဖိုးများ အဆမတန် ကြီးမြင့်လာ၍ လောဘဇောတက်ပြီး စွဲဆိုခြင်းဖြစ်ကြောင်း၊ ရောင်းထားသော မြေကွက်

အား သီးခြားခွဲစိတ်ပေးရန် မြို့တော်စည်ပင်သာယာသို့ လျှောက်ထားရာ၌ မြို့တော်စည်ပင်သာယာမှ အချင်းဖြစ်မြေမျက်နှာစာသည် ပေ ၄၀ မပြည့်၍ ခွဲစိတ်ခွင့်မပြုကြောင်း ပြန်ကြားချက်ကို အကြောင်းပြု၍ ယခုအမှုကို စွဲဆိုခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအချက်သည် တရားလိုနှင့် တရားပြိုင်တို့ အချင်းဖြစ်ဥပစာနှင့်ပတ်သက်ပြီး မှတ်ပုံတင်စာချုပ် အမှတ် ၃၀၃/၈၇ ကို ချုပ်ဆိုစဉ်က သတ်မှတ်ထားသည့် အဓိက အကြောင်းအရာ မဟုတ်ကြောင်း၊ ထိုစာချုပ်ချုပ်ဆိုစဉ် နှစ်ဦးနှစ်ဖက် စလုံးက အချင်းဖြစ်ဥပစာကို ခွဲစိတ်ခွင့်မရလျှင် ပဋိညာဉ်ကို ဖျက်သိမ်းမည်ဟု စည်းကမ်းချက် မရှိခဲ့ကြောင်း၊ ဥပစာမြေကို ခွဲစိတ်ခွင့်ရှိ-မရှိမှာ အဆိုပါအရောင်းအဝယ်စာချုပ်၏ အဓိကစည်းကမ်းချက် မဟုတ်ကြောင်း၊ အယူခံတရားပြိုင်များအနေနှင့်လည်း ယင်းကဲ့သို့ ခွဲစိတ်၍ မရလျှင် အရောင်းအဝယ်ကို ပယ်ဖျက်ပြီး ငွေပြန်တောင်းမည်ဟူ၍ ရည်ရွယ်ချက်မရှိခဲ့ကြောင်း၊ ယင်းမြေခွဲစိတ်ခွင့်ရှိ-မရှိမှာ နည်းဥပဒေစသည့် စည်းမျဉ်းများအရ သတ်မှတ်ထားခြင်း မဟုတ်ဘဲ သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းသာ ဖြစ်ကြောင်း၊ ယင်းသတ်မှတ်ချက်များသည် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်များကို ပျက်ပြယ်စေနိုင်ခြင်း မရှိကြောင်း လျှောက်လဲတင်ပြသည်။

ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄ အီး၊ မြေကွက်အမှတ် ၂ အယ်လ်၊ ဧရိယာ ၀. ၁၇၅ ဧကရှိ ဘိုးဘပိုင်မြေကို အယူခံတရားလို ဒေါ်ထုက ပိုင်ဆိုင်သည်။ အယူခံတရားလို ဒေါ်ထု က ၎င်းပိုင် မြေအနက်မှ မခွဲစိတ်ရသေးသော (အနောက်ဘက်ခြမ်း) ဧရိယာ ၇၆ ပေ × ၂၈ ½ ပေရှိ မြေအစိတ်အပိုင်းနှင့် ယင်းမြေကွက် အစိတ်အပိုင်းပေါ်ရှိ ဆောက်လုပ်ထားသော အမှတ် ၁၆၁ ဟုခေါ်တွင်သော အဆောက်အအုံကို အယူခံတရားပြိုင်တို့အား ငွေကျပ် ၁၄၀၀၀၀ ဖြင့် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပြီး ရောင်းချခဲ့သည်။ အယူခံတရားပြိုင်က

အဆိုပါမြေနှင့် အဆောက်အအုံကို ဝယ်ယူပြီးနောက် လက်ဝယ်ရရှိခဲ့သည်။

ဒေါ်ထုက ၎င်းရောင်းချသည့်မြေကွက်ကို ခွဲစိတ်နိုင်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ) သို့ လျှောက်ထားခဲ့ရာ ယင်းဌာနက မြေကွက်အမှတ် ၂ အယ်လ်၏ မျက်နှာစာကို ပေ ၄၀ ထားရန် ဆုံးဖြတ်ကြောင်း ဒေါ်ထုထံ အကြောင်းပြန်ကြားခဲ့သည်။

ထိုအခါ ဒေါ်ထုက ရောင်းချထားသည့်မြေကွက်ကို ခွဲစိတ်၍ မရသောကြောင့် မြေအရောင်းအဝယ်စာချုပ်ကို ဖျက်သိမ်းပြီး မြေပေါ်ရှိ အဆောက်အအုံကို တရားလိုသို့ ပြန်လည် လက်ရောက်ပေးအပ်စေရန် အယူခံတရားပြိုင်တို့အပေါ် တရားစွဲဆိုခြင်းဖြစ်သည်။

ရန်ကုန်တိုင်းတရားရုံးက မြေနှင့်အိမ်ကို အရောင်းအဝယ်ပြုလုပ်ရာ၌ ဝယ်သူက ငွေပေးချေပြီး ၁၉၈၇ ခုနှစ်ကပင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ် ပြုလုပ်ပြီး ဖြစ်ကြောင်း၊ ဝယ်သူများက မြေနှင့်အိမ်ကို လက်ခံရယူပိုင်ဆိုင်ထားပြီး ဖြစ်ကြောင်း၊ ၁၉၉၂ ခုနှစ်နောက်မှ မြေကွက်မျက်နှာစာကို ပေ ၄၀ သတ်မှတ်ကြောင်း၊ မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ပြန်ကြားချက်ကြောင့် ပဋိညာဉ်ပျက်ပြယ်ရန်အကြောင်း မရှိကြောင်း သုံးသပ်သည်။

တရားရုံးချုပ်က သဘောတူညီချက်တစ်ရပ်သည် ဥပဒေအရ အတည်ပြုနိုင်လျှင် ပဋိညာဉ်ဖြစ်ကြောင်း၊ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂ (ဇ) ၌ အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်း၊ နှစ်ဖက်သဘောတူညီချက်ကို မှတ်ပုံတင် ဆောင်ရွက်ပြီးဖြစ်၍ ပဋိညာဉ်မြောက်ကြောင်း၊ ရောင်းချသောမြေကို အမည်မပြောင်းနိုင်လျှင် ပဋိညာဉ်ပျက်ပြယ်သည်ဟု စည်းကမ်းသတ်မှတ်ခဲ့ခြင်း မရှိကြောင်း၊ အမည်မပြောင်းနိုင်၍ ဝယ်သူက မဝယ်လိုတော့ဟု ငြင်းပယ်ခြင်း မပြုခဲ့ကြောင်း၊ ခွဲစိတ်မရ၍ အမည်မပြောင်းနိုင်လျှင် ပူးတွဲနေလိုပါသည်ဟုသာ ဆိုကြောင်း၊ ရောင်းသူ

၂၀၀၀
ဒေါ်ထု
နှင့်
ရှာရှောက်ယုံ
(ခ)
ဦးဇော်ဝင်း
ပါ ၂

အနေဖြင့် နစ်နာဘွယ်ရာမရှိကြောင်း သုံးသပ်ထားသည်။

ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၀ တွင် သဘောတူညီချက်တွင် ပါဝင်သည့် နှစ်ဦးနှစ်ဖက်သည် သဘောတူညီချက်နှင့်စပ်လျဉ်း၍ အရေးပါသော အကြောင်းခြင်းရာကို မှားယွင်းကြလျှင် ထိုသဘော တူညီချက်သည် ပျက်ပြယ်ကြောင်း ပြဋ္ဌာန်းထားသည်။

သဘောတူညီချက်သည် မှားယွင်းမှုကြောင့် ပျက်ပြယ်သော သဘောတူညီချက်ဖြစ်ရန် (၁) မှားယွင်းမှုသည် အကြောင်းခြင်းရာနှင့် ပတ်သက်ရမည်။ (၂) ထိုမှားယွင်းမှုသည် သဘောတူသည့်အချိန်တွင် ဖြစ်ရမည်၊ (၃) သဘောတူသူ နှစ်ဦးစလုံးက မှားယွင်းခြင်း ဖြစ်ရမည်၊ (၄) ထိုမှားယွင်းမှုသည် သဘောတူညီမှုနှင့်စပ်လျဉ်း၍ အရေးပါသော အကြောင်းခြင်းရာ ဖြစ်ရမည် ဖြစ်သည်။

သဘောတူညီချက် ပျက်ပြယ်ရန်အတွက် သဘောတူညီမှုနှင့် စပ်လျဉ်းသည့် အရေးပါသော အကြောင်းခြင်းရာကို နှစ်ဖက်စလုံးက မှားယွင်းကြသည်သာမက ယင်းမှားယွင်းမှုသည် သဘောတူကြစဉ် အချိန်က တည်ရှိနေသော မှားယွင်းမှုဖြစ်ရန် လိုသည်။

ဒေါ်ထုနှင့် ဦးဇော်ဝင်း၊ ဦးစိန်ဝင်းတို့ ပြုလုပ်ကြသည့် မြေနှင့် အဆောက်အအုံ အပြီးအပိုင် အရောင်းအဝယ်စာချုပ်တွင် အောက်ပါ သဘောတူညီချက်များ ပါရှိသည်ကို တွေ့ရသည်-

(၁) ရောင်းချသည့်ပစ္စည်းကို ဒေါ်ထုပိုင်ဆိုင်ပြီး ၎င်းတစ်ဦး တည်းသာ ရောင်းချပိုင်ခွင့်ရှိကြောင်း၊

(၂) ဝယ်သူများက တန်ဖိုးငွေကျပ် ၁၄၀၀၀၀ ဖြင့် ဝယ်ယူရန် သဘောတူကြောင်း၊

(၃) ဝယ်သူက ရောင်းချသူအား ငွေကျပ် ၁၃၀၀၀၀ ပေးချေ ပြီး ကျန်ငွေ ၁၀၀၀၀ ကို စာချုပ်စာတမ်း မှတ်ပုံတင်ပြီး ၍ မြေစာရင်းဌာနတွင် ဝယ်သူအမည်ပေါက်သည့်အခါ ပေးချေရန် သဘောတူညီကြောင်း၊

(၄) ရောင်းချသည့် မြေနှင့်အဆောက်အအုံတို့နှင့်ပတ်သက်၍ အရှုပ်အရှင်း ပေါ်ပေါက်ပါက ရောင်းသူက မိမိစားစရိတ်ဖြင့် ရှင်းလင်းပေးရန် တာဝန်ယူကြောင်း၊

(၅) ဝယ်သူများ ပစ္စည်းလက်လွတ် နစ်နာဆုံးရှုံးပါက ပစ္စည်းတန်ဖိုးငွေ ၂ ဆကို ရောင်းသူက ပေးလျော်ရန် ဝန်ခံကြောင်း။

ရောင်းသူနှင့် ဝယ်ယူသူတို့ ပြုလုပ်ကြသည့် အရောင်းအဝယ်စာချုပ်တွင် ပါဝင်သည့် သဘောတူညီချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ပြီး ဖြစ်သည်။ သဘောတူညီချက်နှင့်စပ်လျဉ်း၍ အရေးပါသော အကြောင်းခြင်းရာကို သဘောတူညီချက်တွင် ပါဝင်သည့် နှစ်ဦးနှစ်ဖက်က မှားယွင်းကြောင်း မတွေ့ရှိရပေ။ အရောင်းအဝယ် စာချုပ်ချုပ်သည့်နေ့မှာ ၂၀-၆-၈၆ နေ့ ဖြစ်သည်။ အချင်းဖြစ်မြေကွက်၏ မျက်နှာစာကို ပေ ၄၀ ထားရန် ဆုံးဖြတ်ကြောင်း မြို့တော်စည်ပင်သာယာရေးအဖွဲ့က အကြောင်းကြားသည့်နေ့မှာ ၆-၂-၉၂ နေ့ဖြစ်သည်။ ယင်းအကြောင်းကြားစာတွင် ၂-၄-၈၇ နေ့က ပြုလုပ်သော အစည်းအဝေး ဆုံးဖြတ်ချက်အရ မြေကွက်အမှတ် ၂ ၏ မျက်နှာစာကို ပေ ၄၀ ထားရန် ဆုံးဖြတ်ကြကြောင်း ပါရှိသည်ဖြစ်ရာ အရောင်းအဝယ်စာချုပ် ပြုလုပ်သည့်နေ့က တည်ရှိသော ဆုံးဖြတ်ချက်မဟုတ်ကြောင်း ပေါ်ပေါက်သည်။ အချင်းဖြစ်မြေကွက်၏ မျက်နှာစာကို ပေ ၄၀ ထားရန် မြို့တော်စည်ပင်သာယာရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည် အရောင်းအဝယ် ပဋိညာဉ်စာချုပ်ချုပ်ဆိုပြီးနောက်တွင်မှ ဖြစ်ပေါ်လာသော ဆုံးဖြတ်ချက်ဖြစ်ရာ အဆိုပါပဋိညာဉ်ကို ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၀ အရ မှားယွင်းမှုကြောင့် ပျက်ပြယ်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

အမှန်အားဖြင့် အချင်းဖြစ်ပစ္စည်းတွင် ဝယ်သူ၏အမည် မပေါက်ပါက နစ်နာသည့်သူမှာ ဝယ်သူသာဖြစ်၍ ယင်းပဋိညာဉ်သည် ဝယ်သူက ဖျက်သိမ်းလိုလျှင် ဖျက်သိမ်းနိုင်သည့် ပျက်ပြယ်ခွင့်ရ

၂၀၀၀
ဒေါ်ထု
နှင့်
ရှာရှောက်ယုံ
(ခ)
ဦးဇော်ဝင်း
ပါ ၂

ပဋိညာဉ်ဖြစ်နိုင်သည်။

သို့ရာတွင် ဝယ်သူက ပဋိညာဉ်ကို ဖျက်သိမ်းလိုသည့် ဆန္ဒမရှိသဖြင့် ပဋိညာဉ်ကို ဖျက်သိမ်းရန်အကြောင်း မပေါ်ပေါက်ချေ။

သို့ဖြစ်၍ ကြားနာလျက်ရှိသော ပြဿနာနှင့်စပ်လျဉ်း၍ အချင်းဖြစ်ဥပစာကို မှတ်ပုံတင်စာချုပ်အမှတ် ၃၀၃/၈၇ ဖြင့် ချုပ်ဆိုဝယ်ယူ၍ လက်ရောက်ရပြီးဖြစ်သော်လည်း အချင်းဖြစ်မြေ အစိတ်အပိုင်း **၃၆** ပေ × ၂၈ ၁/၂ ပေ ကို ခွဲစိတ်ခွင့်မရသောကြောင့် ၎င်းမှတ်ပုံတင်စာချုပ်အမှတ် ၃၀၃/၈၇ သည် ပျက်ပြယ်သောစာချုပ် မဖြစ်ဟု ဖြေဆိုလိုက်သည်။

ဤအထူးအယူခံမှုကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀၀/- သတ်မှတ်သည်။

## တရားမအထူးအယူခံမှု

+ ၂၀၀၀
ဒီဇင်ဘာလ
၂၂ ရက်

တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသန်းဦး၊
တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့် နှင့်
ဒေါက်တာတင်အောင်အေး တို့ရှေ့တွင်

ဦးထွန်းဝင်း

နှင့်

ဦးမောင်မောင်ကျော်*

တရားလိုနှင့် တရားလိုပြသက်သေ တစ်ဦးကို စစ်ဆေးပြီးနောက် ကျန်တရားလိုပြသက်သေများကို မစစ်ဆေးရသေးမီ တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ဆိုကာ တရားမကျင့်ထုံးဥပဒေ အမိန့် ၇၊ နည်းဥပဒေ ၁၁ (က) အရ အဆိုလွှာကို ပလပ်ခြင်းပြုနိုင်-မပြုနိုင်။

**ဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံးဥပဒေ အမိန့် ၇၊ နည်းဥပဒေ ၁၁ (က) တွင် အမှုစွဲဆိုနိုင်ရန်အကြောင်းပေါ်ပေါက်ကြောင်း အဆိုလွှာတွင် ထင်ရှားပေါ်ပေါက်ခြင်း မရှိပါက အဆိုလွှာကို ပယ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

အဆိုလွှာတင်သွင်းလာသည့်အခါ အဆိုလွှာတွင် ဒီကရီချမှတ်နိုင်ရန် သက်သေထူရမည့် စွပ်စွဲချက်များပါ-မပါ တရားရုံးက စိစစ်ရန်

---

* ၁၉၉၇ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၅၀

\+ ၁၉၉၄ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၆၂ တွင် ချမှတ်သော ၂၂-၆-၉၅ ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံမှု

တာဝန်ရှိသည်။ စွပ်စွဲချက်များ ထင်ရှားသည့်တိုင်အောင် တရားလိုတွင် မည်သည့်သက်သာခွင့်မျှ မရနိုင်ကြောင်း တွေ့ရှိရမှသာ အဆိုလွှာကို ပလပ်ရန် ဖြစ်သည်။ တရားမကျင့်ထုံးဥပဒေ အမိန့် ၇၊ နည်းဥပဒေ ၁၁ (က) အရ အဆိုလွှာကို ပယ်နိုင်ရန်အတွက် အဆိုလွှာကို စိစစ်ရမည်။ အခြားအကြောင်းအချက်တို့ကို ကြည့်ရှုရန် မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၈၊ နည်းဥပဒေ ၂ ပါ ပြဋ္ဌာန်းချက်အရဆိုလျှင် စတင်ဆောင်ရွက်ခွင့်ရှိသည့် အမှုသည်နှင့် ၎င်းတင်ပြသည့် သက်သေများကို စစ်ဆေးပြီးနောက် တစ်ဖက်အမှုသည်နှင့် ၎င်းတင်ပြသည့်သက်သေများကို စစ်ဆေးရမည် ဖြစ်သည်။

တရားလိုဘက်မှ သက်သေခံချက်များအရ တရားပြိုင် အနိုင်ရသင့်သည်ဟု ထင်မြင်စေကာမူ တရားပြိုင်အား သက်သေပြခွင့် ပေးရမည် ဖြစ်သည်။ တရားပြိုင်ဘက်ကို စစ်ဆေးခွင့်မပေးဘဲ အမှုကို အဆုံးအဖြတ်ပေးခွင့် မရှိပေ။

အယူခံတရားလိုအတွက် - ဦးမျိုးညွန့်၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်အတွက် - ဦးတင်ရွှေ၊ တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၁၀၁/၉၂ တွင် အယူခံတရားလို ဦးထွန်းဝင်းက အယူခံတရားပြိုင်ဦးမောင်မောင်ကျော် အပေါ် မှားယွင်းသည့်အတွက် ကတိပဋိညာဉ် ဖျက်သိမ်းလိုမှု စွဲဆိုရာ တရားလို ဦးထွန်းဝင်းနှင့် လိုပြသက်သေ မြေတိုင်းစာရေး ဦးကျော်သောင်းတို့အား စစ်ဆေးပြီးချိန်တွင် တရားပြိုင်ဘက်မှ တရားစွဲဆိုရန် အမှုဖြစ်အကြောင်းခြင်းရာ ပေါ်ပေါက်ခြင်း မရှိတော့သဖြင့် တရားမကျင့်ထုံးဥပဒေ အမိန့် ၇၊ နည်းဥပဒေ ၁၁ (က) အရ ပလပ်

ပေးရန် လျှောက်ထားရာ တိုင်းတရားရုံးက နှစ်ဖက်လျှောက်လဲချက် ကြားနာပြီးနောက် တရားပြိုင်ဘက်မှ လျှောက်ထားသည့်အတိုင်း အဆိုလွှာကိုပလပ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ အဆိုပါအမိန့်ကို မကျေနပ်သဖြင့် ဦးထွန်းဝင်းက တရားရုံးချုပ်သို့ အယူခံဝင်ရောက်သော်လည်း မအောင်မြင်သဖြင့် ၁၉၈၈ ခုနှစ်၊ တရားစီရင်ရေးဥပဒေ ပုဒ်မ ၆ အရ တရားရုံးချုပ်၏အမိန့်ကို ပြန်လည်စစ်ဆေးစီရင်ပေးရန် ၁၉၉၆ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၃ တွင် လျှောက်ထားသည့်အခါ တရားရုံးချုပ် အထူးခုံရုံးက အောက်ပါ ပြဿနာကို ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

> " အမှုတွင် တရားလိုနှင့် လိုပြသက်သေတစ်ဦးကို စစ်ဆေးပြီးနောက် ကျန်လိုပြသက်သေများကို မစစ်ဆေးရသေးမီ နှစ်ဖက်လျှောက်လဲချက် ကြားနာပြီးနောက် တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ဆိုကာ တရားမကျင့်ထုံးဥပဒေ အမိန့် ၇၊ နည်း ၁၁ (က) အရ အဆိုလွှာကို ပလပ်ကြောင်း ချမှတ်ခဲ့သည့် အမိန့်သည် ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းရှိ-မရှိ။"

အယူခံတရားလို၏ရှေ့နေက မူလရုံးတရားလို အမှုစတင်စွဲဆိုစဉ် ရောင်းရန်ကတိပြုထားသော မြေကွက် ၅ ကွက်စလုံး အမည်ပေါက်ပိုင်ဆိုင်မှု မရှိကြောင်း၊ ထို့ကြောင့် ပေးချေထားသော စရံငွေကို ပြန်လည်ရလိုကြောင်း၊ ပြုလုပ်ထားသော ကတိပဋိညာဉ်ကို ဖျက်ပေးစေလိုကြောင်း စွဲဆိုခြင်းဖြစ်ရာ ထိုသို့စွဲဆိုစဉ်က မြေကွက် ၅ ကွက်လုံး တရားပြိုင်၏အမည် မပေါက်ကြောင်း သက်သေခံ (င) မြေပုံအရ ထင်ရှားနေကြောင်း၊ တစ်နည်းအားဖြင့် တရားစွဲဆိုနိုင်ရန်အကြောင်း ပေါ်ပေါက်ပြီးဖြစ်ကြောင်း၊ သက်သေခံဝင်သော မြေပုံတွင် ပေါ်ပေါက်ချက်အရ တရားစွဲဆိုရနိုင်ရန်အကြောင်း ပေါ်ပေါက်နေသဖြင့် အဆိုပါ အခြေအနေတွင် တရားမကျင့်ထုံးဥပဒေ အမိန့် ၇၊ နည်း ၁၁ (က) အရ အဆိုလွှာကို ပလပ်ကြောင်း ချမှတ်ခဲ့သည့် အမိန့်သည် ဥပဒေအရ

များစွာမှားယွင်းနေကြောင်း တရားမမှုများ ကြားနာ၍ သက်သေများအား စစ်ဆေးမေးမြန်းခြင်း အစီအစဉ်နှင့်ပတ်သက်၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၈၊ နည်းဥပဒေ ၁ မှ ၁၈ ထိ ပြဋ္ဌာန်းထားကြောင်း၊ နည်းဥပဒေ ၂ (၁) တွင် အမှုဖော်ပြ၍ သက်သေတင်ပြခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ နည်းဥပဒေ ၂ (၂) တွင် အခြား အမှုသည်ဘက်မှ အမှုဖော်ပြ၍ သက်သေတင်ပြခြင်းနှင့် ပထမ လျှောက်လဲချက်ပေးခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ နည်းဥပဒေ ၂ (၃) တွင် အမှုစတင်စစ်ဆေးသော အမှုသည်ဘက်မှ ဒုတိယ လျှောက်လဲချက်ပေးခြင်းနှင့်ပတ်သက်၍လည်းကောင်း ပြဋ္ဌာန်းထားကြောင်း၊ ယခုအမှုတွင် တရားလိုနှင့် တရားလိုပြသက်သေတစ်ဦးအား စစ်ဆေးပြီး ကျန်လိုပြသက်သေများကိုလည်း ဆက်လက်စစ်ဆေးပြီး တရားမကျင့်ထုံးဥပဒေ အမိန့် ၁၈၊ နည်းဥပဒေ ၂ (၁) (၂) (၃) တို့နှင့်အညီ မူလ တိုင်းတရားရုံးမှ အမှုအား ဆက်လက်စစ်ဆေး ကြားနာသင့်ပါလျက် ယခုကဲ့သို့ တရားမကျင့်ထုံးဥပဒေ အမိန့် ၇၊ နည်းဥပဒေ ၁၁ (က) အရ အဆိုလွှာကို ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့ခြင်းမှာ ဥပဒေအရ များစွာမှားယွင်းကြောင်း၊ သို့ဖြစ်၍ ယခုကြားနာသည့် ဥပဒေပြဿနာနှင့်စပ်လျဉ်း၍ အမှုတွင် တရားလိုနှင့် လိုပြသက်သေတစ်ဦးကို စစ်ဆေးပြီးနောက် ကျန်လိုပြသက်သေများကို မစစ်ဆေးရသေးမီ နှစ်ဖက်လျှောက်လဲချက်ကြားနာပြီးနောက် တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ဆိုကာ တရားမကျင့်ထုံးဥပဒေ အမိန့် ၇၊ နည်း ဥပဒေ ၁၁ (က) အရ အဆိုလွှာကို ပလပ်ကြောင်း ချမှတ်ခဲ့သည့် အမိန့်သည် ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်း မရှိကြောင်း ဖြေဆိုသင့်ပါသည်ဟု လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက ဤအမှု၏ အဆိုလွှာ၊ အချေလွှာများအပေါ် အခြေပြုပြီး ထုတ်ပေးခဲ့သော ငြင်းချက် ၈ ချက်အနက် အမှတ် ၇ ငြင်းချက်ဖြစ်သော တရားလိုသည် ဤအမှုကို စွဲဆိုရန်

အကြောင်း မပေါ်ပေါက်ဘဲ စွဲဆိုခဲ့ခြင်းဖြစ်၍ ဤအမှုမှာ ရပ်တည်နိုင်ခြင်းမရှိဆိုခြင်းမှာ မှန်သလားဟူသော ငြင်းချက်မှာ အကြောင်းခြင်းရာ အချက်အလက်များနှင့် ဥပဒေ အချက်အလက်များ ရောပြွန်းနေပြီး အကြောင်းခြင်းရာအချက်အလက်များကို ဥပဒေအချက်အလက်များဖြင့် ပံ့ပိုးပြီး ပုံဖော်ရမည်ဖြစ်ပါ၍ ဤငြင်းချက်ကို ကျန်ငြင်းချက်များနှင့်အတူ ဖြေဆိုရန်အတွက် ပဏာမငြင်းချက်အဖြစ် မသတ်မှတ်ခဲ့ကြောင်း၊ ငြင်းချက်အမှတ် ၂ မှ ၈ ထိ ငြင်းချက်များကို ဖြေဆိုနိုင်ရန်အတွက် တရားရုံးသည် တရားလို ဦးထွန်းဝင်းနှင့် တရားလိုပြသက်သေ မြေတိုင်းစာရေး ဦးကျော်သောင်းတို့ကို စတင်စစ်ဆေးခဲ့ကြောင်း၊ တရားလိုပြသက်သေ မြေတိုင်းစာရေး ဦးကျော်သောင်းက အချင်းဖြစ် မြေကွက် ၅ ကွက်အနက် ၅/၁၊ အင်န်/၃ နှင့် ၂၉/၆ မြေကွက် ၃ ကွက်ကိုသာ ဦးမောင်မောင်ကျော် အမည်ပေါက်သည်ဟု သက်သေခံ (င) မြေပုံတွင် ပါရှိနေခြင်းမှာ ဦးမောင်မောင်ကျော်၏ အမည်မပြောင်းမီက ဖြစ်ကြောင်း၊ ယခုအခါ သက်သေခံ ၁ နှင့် ၂ မြေပုံများအရ အချင်းဖြစ်မြေကွက် ၅ ကွက်မှာ ဦးမောင်မောင်ကျော် အမည်ပေါက်ပါကြောင်း ထွက်ဆိုထားပြီး သက်သေခံ ၁ နှင့် ၂ မြေပုံများမှာ ၁၉၉၂ ခုနှစ် မတ်လအတွင်းက အသုံးပြုသော မြေပုံများဖြစ်သဖြင့် ၁၉၉၂ ခုနှစ် မတ်လနောက်ပိုင်း ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလတွင် စရံပေးသော စာချုပ်ကို ချုပ်ဆိုခဲ့သဖြင့် ယင်းစရံငွေပေးစာချုပ်ကို ချုပ်ဆိုသော အချိန်တွင် အချင်းဖြစ်မြေကွက် ၅ ကွက်စလုံးမှာ ဦးမောင်မောင်ကျော် အမည်ပေါက်ပြီးဖြစ်ကြောင်း ပေါ်ပေါက်နေကြောင်း၊ မြေကွက်အမှတ် ၅/၃ နှင့်ပတ်သက်၍ အရောင်းအဝယ် စရံငွေပေးကတိစာချုပ် သက်သေခံ (ခ) တွင် မပါရှိကြောင်း၊ မြေတိုင်းစာရေး ဦးကျော်သောင်းက ပြည့်စုံစွာ ရှင်းလင်းထွက်ဆိုထားသဖြင့် မြေတိုင်းစာရေး ဦးကျော်သောင်း၏ ထွက်ဆိုချက်အရ ယခုအမှုကို စွဲဆိုရန်အကြောင်း မပေါ်ပေါက်ဘဲ စွဲဆိုထားခြင်းဖြစ်ကြောင်း ထင်ရှားစွာ တွေ့မြင်နိုင်ကြောင်း၊ ဤအမှုကို

ဆက်လက်စစ်ဆေးပါကလည်း အချိန်ကုန် လူပန်းဘွယ်ရာသာရှိသဖြင့် ယခုကဲ့သို့သော တရားစွဲဆိုရန်အကြောင်း မရှိသော အဆိုလွှာကို မူလတိုင်းတရားရုံးက ပလပ်ခဲ့ပြီး ယင်းအမိန့်ကို ထပ်မံအတည်ပြုခဲ့သော တရားရုံးချုပ်၏အမိန့်သည် မှားယွင်းမှု တစ်စုံတစ်ရာ မရှိကြောင်း၊ တရားမကျင့်ထုံးဥပဒေ အမိန့် ၇၊ နည်းဥပဒေ ၁၁ (က) အရ ဆောင်ရွက်ရာတွင် တရားရုံးက အမှုကို ပလပ်ရန်မဟုတ်ဘဲ ပယ်ရန်သာဖြစ်ကြောင်း ဥပဒေက အတိအလင်း ပြဋ္ဌာန်းထားကြောင်း၊ မူလတိုင်းတရားရုံးက ၎င်းစီရင်ချက် နောက်ဆုံးအပိုဒ်တွင် တရားမကျင့်ထုံးဥပဒေ အမိန့် ၇၊ နည်းဥပဒေ ၁၁ (က) အရ လျှောက်ထားချက်ကို ခွင့်ပြု၍ တရားလို၏အဆိုလွှာကို ပလပ်ကြောင်း အမိန့်ချမှတ်ထားသည်မှာ မှားယွင်းဖော်ပြမိခြင်းသာဖြစ်သည်ဟု ယူဆကြောင်း၊ သို့ပါ၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၇၊ နည်းဥပဒေ ၁၁ (က) အရ လျှောက်ထားမှုကို ခွင့်ပြုခြင်းအား ဆက်လက်အတည်ပြုပြီး ပလပ်ကြောင်း ချမှတ်ထားသည့် အမိန့်အစား အဆိုလွှာကိုပယ်ကြောင်း ပြင်ဆင်အမိန့်ချမှတ်ပေးသင့်ကြောင်း လျှောက်လဲတင်ပြသည်။

တိုင်းတရားရုံးက အမှုတွင် တရားလိုအား စစ်ဆေးခဲ့ရာတွင် ၎င်းက ဦးမောင်မောင်ကျော်သည် ၎င်းရောင်းချလိုက်သည့် မြေကွက် ၅ ကွက်ကြားတွင် ရှိနေသော မြေကွက်အမှတ် ၅/၃ ကို ပေါက်ဈေးဖြင့် ရရှိအောင် ဝယ်ပေးပါမည်ဟု ကတိပြုထားပြီး ဝယ်ယူပေးနိုင်ခြင်း မရှိသဖြင့်လည်းကောင်း၊ ၎င်းပိုင်ဆိုင်ပါသည်ဟု ပြောဆိုရောင်းချပေးခဲ့သော မြေကွက် ၅ ကွက်လုံးကို ၎င်း၏အမည်ပေါက် ပိုင်ဆိုင်ခြင်း မရှိသဖြင့်လည်းကောင်း၊ အရောင်းအဝယ် ပဋိညာဉ်များကို ပယ်ဖျက်စေပြီး စရံငွေပြန်ပေးရန် တရားစွဲဆိုခြင်းဖြစ်သည်ဟု ထွက်ဆိုကြောင်း၊ တရားလိုဘက်မှ တင်ပြသည့် စာချုပ် ၂ ခုလုံးတွင် မြေကွက်အမှတ် ၅/၃ နှင့်ပတ်သက်၍ တစ်စုံတစ်ရာဖော်ပြထားခြင်း မရှိသည်ကို တွေ့ရကြောင်း၊ မြေကွက်အမှတ် ၅/၃ ကို တရားပြိုင် ဦးမောင်မောင်ကျော်

က ရရှိအောင် ဝယ်ယူပေးမည်ဟု နှစ်ဦးနှစ်ဖက် ကတိပြုချက် မရှိကြောင်းမှာ စာချုပ်များအရ ပေါ်ပေါက်ကြောင်း၊ မြေကွက် ၅ ကွက်လုံးကို တရားပြိုင်အမည်ပေါက် ပိုင်ဆိုင်ခြင်း မရှိကြောင်း၊ တရားလို၏ တင်ပြချက်သည် တရားလိုပြသက်သေ ဦးကျော်သောင်း၊ မြေတိုင်းစာရေး၏ ထွက်ဆိုချက်နှင့် သက်သေခံအမှတ် ၁ နှင့် ၂ မြေပုံတို့အရ မှန်ကန်မှုမရှိသည်မှာ ပေါ်ပေါက်နေကြောင်း၊ တရားလို၏ထွက်ဆိုချက်၊ တရားလိုပြသက်သေ ဦးကျော်သောင်း၏ ထွက်ဆိုချက်၊ သက်သေခံ ၁၊ ၂ မြေပုံများနှင့် သက်သေခံ က၊ ခ စာချုပ်များအရ တရားလိုသည် အမှုကိုစွဲဆိုရန် အကြောင်းမရှိဘဲ စွဲဆိုခြင်းဖြစ်၍ အမှုမှာ ရပ်တည်နိုင်ခြင်း မရှိကြောင်း၊ အမှုအား ဆက်လက်စစ်ဆေးခြင်းဖြင့် အချိန်ကုန်လူပန်းဖြစ်ရုံသာရှိကြောင်း သုံးသပ်ပြီးနောက် တရားလို၏အဆိုလွှာအား တရားမကျင့်ထုံးဥပဒေ အမိန့် ၇၊ နည်းဥပဒေ ၁၁ (က) အရ ပလပ်ကြောင်း အမိန့်ချမှတ်သည်။

တရားရုံးချုပ်က စွဲဆိုသော အမှုမှာ ရောင်းရန်ကတိပြုထားသော မြေကွက် ၅ ကွက်ကို အမည်ပေါက်ပိုင်ဆိုင်မှု မရှိသောအကြောင်းကို အခြေခံ၍ ပေးချေထားသော စရံငွေကို ရလိုကြောင်းနှင့် ပြုလုပ်ထားသော ကတိပဋိညာဉ်ကို ပယ်ဖျက်ပေးစေလိုကြောင်း စွဲဆိုသောအမှုဖြစ်ကြောင်း ပေါ်ပေါက်နေသော အကြောင်းအရာများအရ မြေကွက် ၅ ကွက်တွင် မူလရုံးတရားပြိုင် ဦးမောင်မောင်ကျော် အမည်ပေါက်နေသဖြင့် တရားစွဲဆိုရန်အကြောင်း မရှိတော့သည်မှာ ထင်ရှားနေကြောင်း၊ ထို့ကြောင့် မူလတိုင်းတရားရုံးက အဆိုလွှာကို ပလပ်ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ကြောင်း သုံးသပ်သည်။

တရားမကျင့်ထုံးဥပဒေ အမိန့် ၇၊ နည်းဥပဒေ ၁၁ (က) တွင် အမှုစွဲဆိုနိုင်ရန်အကြောင်း ပေါ်ပေါက်ကြောင်း အဆိုလွှာတွင် ထင်ရှားပေါ်ပေါက်ခြင်း မရှိပါက အဆိုလွှာကို ပယ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

အဆိုလွှာတင်သွင်းလာသည့်အခါ အဆိုလွှာတွင် ဒီကရီချမှတ်နိုင်ရန် သက်သေထူရမည့် စွပ်စွဲချက်များပါ-မပါ တရားရုံးက စိစစ်ရန်တာဝန်ရှိသည်။ စွပ်စွဲချက်များ ထင်ရှားသည့်တိုင်အောင် တရားလိုတွင်မည်သည့်သက်သာခွင့်မျှ မရနိုင်ကြောင်း တွေ့ရှိရမှသာ အဆိုလွှာကိုပလပ်ရန် ဖြစ်သည်။ တရားမကျင့်ထုံးဥပဒေ အမိန့် ၇၊ နည်းဥပဒေ ၁၁ (က) အရ အဆိုလွှာကို ပယ်နိုင်ရန်အတွက် အဆိုလွှာကို စိစစ်ရမည်။ အခြားအကြောင်းအချက်တို့ကို ကြည့်ရှုရန် မဟုတ်ပေ။

တရားလို၏အဆိုလွှာကို စိစစ်ကြည့်ရှုရာတွင် တရားပြိုင်က မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာ၊ ကွင်းအမှတ် ၅၂၅-က၊ ရဲစုအနောက်တော၊ ဦးပိုင်အမှတ် ၅/၁၊ ၅/၂၊ ၆/၂၊ ၂၉/၆ နှင့် အင်န် ၃ မြေကွက်များကို တစ်ဦးတည်း ပိုင်ဆိုင်ကြောင်း၊ အဆိုပါမြေကွက်များနှင့်တစ်ဆက်တည်းဖြစ်သည့် မြေကွက်အမှတ် ၅/၃ ကိုလည်း ပေါက်ဈေးဖြင့် ရအောင်ဝယ်ပေးမည်ဟု ကတိပြုပြီး တရားပြိုင်ပိုင် မြေကွက် ၅ ကွက်ကို တန်ဖိုးငွေကျပ် ၇၅၀၀၀၀/- ဖြင့် ရောင်းချလိုကြောင်း ကမ်းလှမ်းရာ တရားလိုက သဘောတူညီပြီး စရံငွေ ကျပ် ၁၀ သိန်း ပေးပြီး အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုပြီးနောက်တွင် တရားပြိုင်က မြေကွက်အမှတ် ၅/၃ ကို ၎င်း၏ဆွေမျိုးတစ်ဦးအား ဝယ်ယူစေခဲ့ကြောင်း၊ တရားလိုက မြေကွက်ပိုင်ဆိုင်မှုနှင့်စပ်လျဉ်းပြီး စုံစမ်းခဲ့ရာတွင် မြေကွက်အမှတ် ၅/၁ မှလွဲ၍ ကျန်မြေကွက်များကို တရားပြိုင်ပိုင်ဆိုင်မှုမရှိသည်ကို သိရှိရကြောင်း၊ ထို့ကြောင့် အရောင်းအဝယ်ကတိစာချုပ်ကို ပယ်ဖျက်ပေးရန် တရားစွဲဆိုခြင်းဖြစ်ကြောင်း အဆိုပြုသည်။

တရားလို၏ အဆိုလွှာပါအချက်များ မှန်ကန်ပါက တရားလိုသည် ၎င်းတောင်းဆိုသည့် သက်သာခွင့်များကို ရရှိနိုင်သည်ဖြစ်၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၇၊ နည်းဥပဒေ ၁၁ (က) အရ တရားလို၏ **အဆိုလွှာကို ပယ်ရန်အကြောင်း မပေါ်ပေါက်ချေ။ အဆိုလွှာကို ပယ်ရန်အကြောင်း မပေါ်ပေါက်၍ အမှုကို ဆက်လက်ကြားနာလျှင်**

တရားမကျင့်ထုံးဥပဒေ အမိန့် ၁၈ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်သည်။

တရားမကျင့်ထုံးဥပဒေ အမိန့် ၁၈၊ နည်းဥပဒေ ၂ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

အမိန့် ၁၈၊ နည်းဥပဒေ ၂

(၁) အမှုကြားနာရန်သတ်မှတ်သော နေ့ရက်တွင်ဖြစ်စေ၊ ကြားနာရန်ရွှေ့ဆိုင်းသော အခြားနေ့ရက် တစ်ရက်ရက်တွင်ဖြစ်စေ စတင် ဆောင်ရွက်ခွင့်ရှိသော အမှုသည်က ၎င်း၏အမှုအကြောင်းကို တင်ပြပြီး ၎င်းက သက်သေထင်ရှားပြရန် တာဝန်ရှိသော ငြင်းချက်များကို ထောက်ခံသည့် သက်သေခံ အထောက်အထားကို တင်ပြရမည်။

(၂) ထို့နောက် တစ်ဖက်အမှုသည်က မိမိ၏ အမှု အကြောင်းကို တင်ပြပြီး သက်သေခံ အထောက် အထား (ရှိလျှင်) တင်ပြရမည့်ပြင် အမှုတစ်ရပ်လုံး နှင့်စပ်လျဉ်း၍ တရားရုံးသို့ ယေဘူယျအားဖြင့် လျှောက်လဲနိုင်သည်။

တရားမကျင့်ထုံးဥပဒေ အမိန့် ၁၈၊ နည်းဥပဒေ ၂ ပါ ပြဋ္ဌာန်း ချက်အရဆိုလျှင် စတင်ဆောင်ရွက်ခွင့်ရှိသည့် အမှုသည်နှင့် ၎င်းတင်ပြ သည့် သက်သေများကို စစ်ဆေးပြီးနောက် တစ်ဖက်အမှုသည်နှင့် ၎င်းတင်ပြသည့် သက်သေများကို စစ်ဆေးရမည် ဖြစ်သည်။

တရားလိုဘက်မှ သက်သေခံချက်များအရ တရားပြိုင် အနိုင် ရသင့်သည်ဟု ထင်မြင်စေကာမူ တရားပြိုင်အား သက်သေပြခွင့် ပေးရ မည် ဖြစ်သည်။ တရားပြိုင်ဘက်ကို စစ်ဆေးခွင့်မပေးဘဲ အမှုကို အဆုံး အဖြတ်ပေးခွင့် မရှိပေ။

ယခုအမှုတွင် တရားလိုနှင့် တရားလိုပြသက်သေတစ်ဦးတည်းကိုသာ စစ်ဆေးပြီးဖြစ်သည်။ တရားလိုပြသက်သေများ စစ်ဆေးရန်ကျန်ရှိနေသေးသည်။

တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်လိုက်သည့်အခါ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၈၊ နည်း ၄ အရ တရားရုံးသည် ရုံးရှေ့ရောက်ရှိသည့် သက်သေများအား လိုအပ်သည်ဟု ထင်မြင်လျှင် စစ်ဆေးနိုင်သည်။ သို့ရာတွင် ဤလုပ်ပိုင်ခွင့်ကို ကျင့်သုံးရာတွင်လည်း မျှတမှုရှိအောင် ချိန်ဆဆောင်ရွက်ရမည် ဖြစ်သည်။

ယခုအမှုမှာ တရားမကျင့်ထုံးဥပဒေကို မပြင်ဆင်မီကဖြစ်၍ တရားရုံးအနေဖြင့် သက်သေများကို ကုန်စင်အောင် စစ်ဆေးခြင်းမပြုဘဲ အမှုကို အဆုံးအဖြတ်ပေးနိုင်မည် မဟုတ်ပေ။

တိုင်းတရားရုံးက တရားလိုနှင့် တရားလိုပြသက်သေတစ်ဦးကိုသာ စစ်ဆေးပြီး အမှုကိုပလပ်ခဲ့ခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်း မရှိပေ။

ထို့ကြောင့် ကြားနာလျက်ရှိသော ပြဿနာနှင့်စပ်လျဉ်းပြီး အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

> " အမှုတွင် တရားလိုနှင့် လိုပြသက်သေတစ်ဦးကို စစ်ဆေးပြီးနောက် ကျန်လိုပြသက်သေများကို မစစ်ရသေးမီ နှစ်ဖက်လျှောက်လဲချက် ကြားနာပြီးနောက် တရားစွဲဆိုရန်အကြောင်းမပေါ်ပေါက်ဆိုကာ တရားမကျင့်ထုံးဥပဒေ အမိန့် ၇၊ နည်း ၁၁ (က) အရ အဆိုလွှာကိုပလပ်ကြောင်း ချမှတ်ခဲ့သည့်အမိန့်သည် ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းမရှိကြောင်း။"

ဤအထူးအယူခံမှုကို ခွင့်ပြုပြီး တရားရုံးချုပ်နှင့် တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့်ဒီကရီတို့ကို ပယ်ဖျက်လိုက်သည်။ တိုင်းတရားရုံးသည် အယူခံတရားလို စွဲဆိုသည့်အမှုကို မူလအမှုအမှတ်ဖြင့် ပြန်လည်ဖွင့်လှစ်ပြီးနောက် စစ်ဆေးရန်ကျန်ရှိသော တရားလိုပြသက်သေများ၊

တရားပြိုင်နှင့် တရားပြိုင်ပြသက်သေများကို စစ်ဆေးကြားနာ၍ အမှုကို ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရန် တိုင်းတရားရုံးအား ညွှန်ကြားလိုက်သည်။

ဤအယူခံတွင် ကုန်ကျသော တရားစရိတ်များကို နောက်ဆုံးတွင် အမှုရှုံးသူက အမှုနိုင်သူအား ပေးရမည်။

ဤအယူခံတွင် အယူခံတရားလိုတို့ ထမ်းဆောင်ထားသော ရုံးခွန်ကို ပြန်အမ်းရန်အတွက် လိုအပ်သည့် သက်သေခံလက်မှတ်ကို အယူခံတရားလိုအား ထုတ်ပေးစေ။

ရှေ့နေခ ကျပ် ၁၀၀၀/- သတ်မှတ်သည်။

+ ၂၀၀၀
ဇွန်လ
၇ ရက်

# တရားမပြင်ဆင်မှု

တရားရုံးချုပ်တရားသူကြီး ဦးခင်မြင့်ရှေ့တွင်

ဒေါက်တာထွန်းဝင်း

နှင့်

ဒေါ်သီသီကြိုင်*

မယားက လင်အပေါ် လင်မယားအဖြစ် ကွာရှင်းပြတ်စဲပေးစေလိုမှု စွဲဆိုခြင်း၊ အမှုစွဲဆိုထားစဉ်အတွင်း လင်နှင့်မယားတို့ လင်မယား ကွာရှင်းပြတ်စဲခြင်းစာချုပ် ချုပ်ဆိုကြခြင်း၊ ယင်းစာချုပ်အပေါ် အခြေခံ၍ လင်မယားကွာရှင်းခွင့် ဒီကရီ ချမှတ်ပေးရန်သင့်-မသင့်၊ အမှုစွဲဆိုပြီးနောက်ပိုင်း ပေါ်ပေါက်လာသည့် အခြေအနေနှင့်အညီ ဆောင်ရွက်ရန် နည်းလမ်း။

ဆုံးဖြတ်ချက်။ ။ သာမန်ဥပဒေသမှာ အမှုသည်တို့၏ အခွင့်အရေးကို အမှုစွဲဆိုသည့်နေ့၌ တည်ရှိသည့်အတိုင်း ဆုံးဖြတ်ရန် ဖြစ်သည်။ အမှုစွဲဆိုပြီးမှ ရရှိသော အခွင့်အရေးအပေါ် အခြေခံ၍ အဆုံးအဖြတ်ပေးရန် မဟုတ်၊ သို့ရာတွင် အခြေအနေများ ပြောင်းလဲခြင်းကြောင့် မူလတောင်းဆိုသော သက်သာခွင့်မှာ မဆီလျော်တော့လျှင်

---

* ၂၀၀၀ ပြည့်နှစ်၊ တရားမပြင်ဆင်မှုအမှတ် ၆၄

+ ၁၉၉၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀၃ တွင် ချမှတ်သော ၁၂-၁-၂၀၀၀ ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး (အနောက်ပိုင်းခရိုင်) ၏ အမိန့်ကို ပြင်ဆင်မှုဝင်ရောက်မှု

သို့မဟုတ် အမှုဆိုင်ခြင်းကို တိုတောင်းစေရန် ဖြစ်စေ၊ အမှုသည်များ အကြား တရားမျှတမှု အပြည့်အဝဖြစ်စေရန် ဖြစ်စေ၊ ပြောင်းလဲလာသော အခြေအနေများအရ တရားရုံးက အဆုံးအဖြတ်ပေးရန် လိုအပ်လျှင် တရားရုံးသည် အထက်ပါဥပဒေသမှ သွေဖီကာ ပြောင်းလဲလာသော အခြေအနေများအပေါ် အခြေခံ၍ သက်သာခွင့်ကို ခွင့်ပြုရန် ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ထို့အတူ အမှုစစ်ဆေးဆဲတွင် ပေါ်ပေါက်လာသော ဖြစ်ရပ်များအရ ထုချေချက်အသစ်ကို တရားရုံးက လက်ခံစဉ်းစားနိုင်သည်။ သို့ဖြစ်ရာ မယားခေါ်လိုမှု စွဲဆိုထားဆဲတွင် လင်ဖြစ်သူ နောက်မယားယူလျှင် မယားသည် ထိုအချက်ကို ဖြည့်စွက်ထုချေနိုင်သည်။ အမှုစစ်ဆေးနေစဉ်အတွင်း တရားပြိုင်တစ်ဦးသည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၃ (၁) အရ အိမ်ငှား မြေငှားဖြစ်လာပါက နည်း ၈ အရ ချေလွှာကို လိုအပ်သလို ပြင်ဆင်သင့်ပေသည်။ **ဦးမင်းဟန် နှင့် ဦးမြင့်သိန်း** စီရင်ထုံး[၁] ကို ကြည့်ပါ။ ဤဥပဒေသဘောကို တရားမကျင့်ထုံး ဥပဒေ အမိန့် ၈၊ နည်းဥပဒေ ၈ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထား သည်-

> " အမှုစွဲဆိုပြီးသည့်နောက်တွင် ဖြစ်စေ၊ ခုခံခွင့်ပြုရန် တောင်းဆိုချက် ပါရှိသည့် ချေလွှာတင်သွင်းပြီးသည့်နောက်တွင် ဖြစ်စေ ပေါ်ပေါက်လာသည့် ခုခံချေပရန် အကြောင်းတစ်ခုခုကို ဆိုင်ရာတရားပြိုင် သို့မဟုတ် တရားလိုက မိမိ၏ ချေလွှာတွင် တင်ပြနိုင်သည်။"

**ထပ်မံဆုံးဖြတ်ချက်။** ။ ဤအခြေအနေတွင် တရားပြိုင်အနေဖြင့် ဆောင်ရွက်သင့်သည့် နည်းလမ်းမှာ တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်းဥပဒေ ၈ အရ ဆောင်ရွက်ရန်ပင် ဖြစ်သည်။ တရားပြိုင်က

အမှုစွဲဆိုပြီးနောက်တွင် ပေါ်ပေါက်လာသည့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲစာချုပ် ရေးသားချုပ်ဆိုခဲ့သည့် အချက်ကို ထည့်သွင်းချေပရန် ချေလွှာကို ပြင်ဆင်ခွင့်တောင်းခံနိုင်သည်။

လျှောက်ထားသူအတွက် - ဦးဇော်မင်း
တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူအတွက် - ဒေါ်မိုးမိုးခိုင်
တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်းတရားရုံး (အနောက်ပိုင်းခရိုင်) ၏ တရားမကြီးမှုအမှတ် ၁၀၃/၉၈ တွင် တရားလို မသီသီကြိုင်က တရားပြိုင် ဒေါက်တာထွန်းဝင်းအပေါ် လင်မယားကွာရှင်း ပြတ်စဲပေးစေလိုမှုကို စွဲဆိုခဲ့ရာ တရားလိုအားစစ်ဆေးစဉ် တရားလိုက ၎င်းနှင့် တရားပြိုင်တို့သည် လင်မယားကွာရှင်းပြတ်စဲစာချုပ် ချုပ်ဆိုပြီးကြောင်း ဝန်ခံထွက်ဆိုချက်အရ အပြီးသတ်အမိန့် ချမှတ်ပေးရန် တရားပြိုင်၏ရှေ့နေက လျှောက်ထားခဲ့ရာ တရားရုံးက လျှောက်ထားချက်ကို ပလပ်လိုက်သဖြင့် ဤပြင်ဆင်မှုကို လျှောက်ထားလာခြင်း ဖြစ်သည်။

လျှောက်ထားသူ၏ ရှေ့နေက လျှောက်လဲရာတွင် လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့သည် ရန်ကုန်တိုင်းတရားရုံး (အနောက်ပိုင်းခရိုင်) တွင် လင်မယားကွာရှင်း ပြတ်စဲပေးစေလိုမှုကို စွဲဆိုထားကြောင်း၊ ထိုအတောအတွင်း လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့သည် ပန်းဘဲတန်းမြို့နယ်တရားရုံး၊ တွဲဖက်မြို့နယ်တရားသူကြီး၏ ရှေ့မှောက်တွင် ၃-၂-၉၈ နေ့တွင် လင်မယားကွဲရှင်းပြတ်စဲခြင်းစာချုပ်ကို အသိသက်သေများ ရှေ့မှောက်၌ လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ ယင်းကိစ္စသည် ပေါ်လွင်ထင်ရှားပြီး ဖြစ်လျက်မူလရုံးက လျှောက်ထားသူ၏ အပြီးသတ်အမိန့် ချမှတ်ပေးရန်

လျှောက်ထားမှုကို ပယ်ကာ သက်သေများအား ဆက်လက်စစ်ဆေးသွားရန် အမိန့်ချမှတ်ခြင်းမှာ မူလရုံး၏ အဆိုအချေပါ တောင်းဆိုထားချက်များနှင့် ဆန့်ကျင်လျက်ရှိကြောင်း စသည်ဖြင့် အခြားအချက်များနှင့်အတူ လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ၏ရှေ့နေက ၃-၂-၉၈ နေ့တွင် လင်မယားကွာရှင်းပြတ်စဲခြင်းစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်မှာ မှန်သော်လည်း လျှောက်ထားခံရသူ (ဒေါ်သီသီကြိုင်) သည် ယင်းနေ့က မျက်မှန်မပါ၍ စာချုပ်ကို မဖတ်ခဲ့ရကြောင်း၊ လင်မယားကွာရှင်းစာချုပ်သည် လျှောက်ထားခံရသူ၏ သဘောဆန္ဒမပါဘဲ ရေးချုပ်ထားသောစာချုပ် ဖြစ်ကြောင်း၊ ထို့ကြောင့် အပြီးသတ်စီရင်ချက်နှင့် ဒီကရီချမှတ်ပေးရန် လျှောက်ထားချက်ကို မူလရုံး ပလပ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ၃-၂-၉၈ ရက်စွဲပါ ကွာရှင်းစာချုပ်သည် ပျက်ပြယ်သော သဘောတူညီချက်သာဖြစ်ကြောင်း၊ ရန်ကုန်တိုင်းတရားရုံး (အနောက်ပိုင်းခရိုင်) ၏ အမိန့်သည် ဥပဒေအရ ညီညွတ်မှုရှိသည့်အပြင် မှန်ကန်မျှတမှုလည်း ရှိပါသောကြောင့် ပြင်ဆင်မှုအား ပလပ်သင့်ကြောင်းဖြင့် တင်ပြလျှောက်လဲသည်။

မူလရုံးတရားလို မသီသီကြိုင်နှင့် မူလရုံးတရားပြိုင် ဒေါက်တာထွန်းဝင်းတို့မှာ ၁၀-၇-၈၃ နေ့တွင် စထရင်းဟိုတယ် မင်းသားခန်းမ၌ စေ့စပ်ကြောင်းလမ်းပွဲ ပြုလုပ်ခဲ့ပြီး၊ ၁-၁-၈၄ နေ့တွင် ရန်ကုန်မြို့၊ အင်းလျားကန်ဟိုတယ်တွင် မင်္ဂလာအခမ်းအနားပြု၍ ထိမ်းမြားပေါင်းသင်းနေထိုင်ခဲ့ကြသည်။ ထိုသို့ အတူတကွ ပေါင်းသင်းနေထိုင်ပြီးနောက် မောင်ဆန်းထူးအောင်ခေါ် သားတစ်ယောက် ထွန်းကားခဲ့သည်။ ၁၉၈၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် လင်မယားချင်း အဆင်မပြေမှု၊ ဒေါက်တာထွန်းဝင်း၏ မိဘများနှင့် နေရေးထိုင်ရေး အဆင်မပြေမှုတို့ကြောင့် လင်မယားမကွဲသော်လည်း တစ်သီးတစ်ခြားစီ နေထိုင်ခဲ့ကြသည်။ ဒေါက်တာထွန်းဝင်းက တစ်လလျှင် ၄၀၀ိ/-

ထောက်ပံ့ခဲ့သည်။ ထို့နောက် လစဉ်ထောက်ပံ့မှုကိုပင် ၄၀ဝိ/- အစား ၁၀ဝိ/- သာ ပေးတော့မည်ဟု ဒေါက်တာထွန်းဝင်းက ရပ်ကွက်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အမှတ် (၄) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်သို့ အကြောင်းကြားလာသဖြင့် ဒေါ်သီသီကြိုင်က ဒေါက်တာထွန်းဝင်းအပေါ် အကြွင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးလိုမှုကို ၉-၄-၉၆ နေ့တွင် ရန်ကုန်တိုင်းတရားရုံး (တရားမ) သို့ တရားမကြီးမှုအမှတ် ၁၄၉/၉၆ ဖြင့် တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ မူလရုံး၏ တရားမကြီးမှုအမှတ် ၁၀၃/၉၈ မှာ တရားမကြီးမှုအမှတ် ၁၄၉/၉၆ မှ ပြောင်းလဲလာသောအမှု ဖြစ်သည်။

ယင်းသို့ အမှုစွဲဆိုထားစဉ်အတွင်း လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့သည် ပန်းဘဲတန်းမြို့နယ်တရားရုံး၊ တွဲဖက်မြို့နယ်တရားသူကြီး၏ ရှေ့မှောက်တွင် ၃-၂-၉၈ နေ့၌ လင်မယားကွာရှင်းပြတ်စဲခြင်းစာချုပ်ကို ချုပ်ဆိုခဲ့သည်။ ယင်းစာချုပ်ကို အကြောင်းပြု၍ မူလရုံးတရားလိုအား စစ်ဆေးစဉ် အပြီးသတ်အမိန့် ချမှတ်ပေးရန် တရားပြိုင် ဒေါက်တာထွန်းဝင်းက လျှောက်ထားခဲ့ရာ မူလရုံးက ပလပ်လိုက်သဖြင့် ဤပြင်ဆင်မှုကို တင်သွင်းလာခြင်း ဖြစ်သည်။ ကွာရှင်းမှုကို စွဲဆိုထားစဉ် (၂) နှစ်ခန့်အကြာတွင် နှစ်ဦးသဘောတူ ကွာရှင်းစာချုပ်ကို သက်သေများနှင့် တွဲဖက်မြို့နယ်တရားသူကြီးတစ်ဦး၏ ရှေ့တွင် ချုပ်ဆိုကြပြီးနောက် ယင်းစာချုပ်အပေါ် အခြေခံပြီး ကွာရှင်းခွင့်ဒီကရီချမှတ်ပေးရန် တရားပြိုင်ဘက်က လျှောက်ထားခြင်းပင်ဖြစ်သည်။

သာမန်ဥပဒေသမှာ အမှုသည်တို့၏ အခွင့်အရေးကို အမှုစွဲဆိုသည့်နေ့၌ တည်ရှိသည့်အတိုင်း ဆုံးဖြတ်ရန်ဖြစ်သည်။ အမှုစွဲဆိုပြီးမှ ရရှိသော အခွင့်အရေးအပေါ် အခြေခံ၍ အဆုံးအဖြတ်ပေးရန်မဟုတ်၊ သို့ရာတွင် အခြေအနေများ ပြောင်းလဲခြင်းကြောင့် မူလတောင်းဆိုထားသော သက်သာခွင့်မှာ မဆီလျော်တော့လျှင် သို့မဟုတ် အမှုဆိုင်ခြင်းကို တိုတောင်းစေရန် ဖြစ်စေ၊ အမှုသည်များအကြား တရားမျှတမှု အပြည့်

အ၀ ဖြစ်စေရန် ဖြစ်စေ၊ ပြောင်းလဲလာသော အခြေအနေများအရ တရားရုံးက အဆုံးအဖြတ်ပေးရန် လိုအပ်လျှင် တရားရုံးသည် အထက်ပါ ဥပဒေသမှသွေဖီကာ ပြောင်းလဲလာသော အခြေအနေများအပေါ် အခြေခံ၍ သက်သာခွင့်ကို ခွင့်ပြုရန်ဖြစ်သည်။

ထို့အတူ အမှုစစ်ဆေးဆဲတွင် ပေါ်ပေါက်လာသော ဖြစ်ရပ်များအရ ထုချေချက်အသစ်ကို တရားရုံးက လက်ခံစဉ်းစားနိုင်သည်။ သို့ဖြစ်ရာ မယားခေါ် လိုမှု စွဲဆိုထားဆဲတွင် လင်ဖြစ်သူ နောက်မယားယူလျှင် မယားသည် ထိုအချက်ကို ဖြည့်စွက်ထုချေနိုင်သည်။ အမှုစစ်ဆေးနေစဉ်အတွင်း တရားပြိုင်တစ်ဦးသည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၃ (၁) အရ အိမ်ငှားမြေငှား ဖြစ်လာပါက နည်း ၈ အရ ချေလွှာကို လိုအပ်သလို ပြင်ဆင်သင့်ပေသည်။ **ဦးမင်းဟန် နှင့် ဦးမြင့်သိန်း စီရင်ထုံး**[(၁)] ကို ကြည့်ပါ။ ဤဥပဒေသဘောကို တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်းဥပဒေ ၈ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

> "အမှုစွဲဆိုပြီးသည့်နောက်တွင် ဖြစ်စေ၊ ခုနှိမ်ခွင့်ပြုရန်တောင်းဆိုချက် ပါရှိသည့် ချေလွှာတင်သွင်းပြီးသည့်နောက်တွင် ဖြစ်စေ ပေါ်ပေါက်လာသည့် ခုခံချေပရန် အကြောင်းတစ်ခုခုကို ဆိုင်ရာတရားပြိုင် သို့မဟုတ် တရားလိုက မိမိ၏ချေလွှာတွင် တင်ပြနိုင်သည်။"

မူလရုံး၏ တရားမကြီးမှုအမှတ် ၁၀၃/၉၈ (တရားမကြီးမှုအမှတ် ၁၄၉/၉၆ မှ ပြောင်းလဲလာသောအမှု) ကို စတင်စွဲဆိုသောနေ့မှာ ၉-၄-၉၆ နေ့ ဖြစ်သည်။ မူလရုံးတရားပြိုင် ဒေါက်တာထွန်းဝင်းက မူလရုံးတရားလို ဒေါ်သီသီကြိုင်အပေါ် လုံလောက်စွာ မထောက်ပံ့ခြင်း၊ ၂၄-၁-၉၆ နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဒေါက်တာထွန်းဝင်း

---

(၁) ၁၉၈၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၇၂။

က လင်ခန်းမယားခန်း လုံးဝပြတ်စဲကြောင်း ကြေညာခြင်းတို့အပေါ် အကြောင်းပြုပြီး ဒေါ်သီသီကြိုင်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုကို စွဲဆိုခြင်းဖြစ်သည်။ အမှုစွဲဆိုသည့်နေ့၌ တည်ရှိသော လင်ခန်းမယားခန်း ပြတ်စဲရန်အကြောင်းအပေါ် အခြေခံပြီး စွဲဆိုခြင်းဖြစ်သည်။ ထိုသို့ စွဲဆိုပြီးနောက် (၂) နှစ်ခန့်အကြာဖြစ်သော ၃-၂-၉၈ နေ့တွင်မှ ပန်းဘဲတန်းမြို့နယ်၊ တွဲဖက်မြို့နယ်တရားသူကြီး၏ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ "လင်မယားကွာရှင်းပြတ်စဲခြင်းစာချုပ်" ကို ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ ယင်းကဲ့သို့ တရားလိုနှင့် တရားပြိုင်တို့သည် နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြတ်စဲခြင်းစာချုပ် ချုပ်ဆိုခဲ့ခြင်းကြောင့် တရားလိုစွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ချမှတ်ပေးနိုင်မည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြတ်စဲစာချုပ် ချုပ်ဆိုခြင်းသည် အမှုစွဲဆိုပြီးနောက်ပိုင်းတွင်မှ ပြောင်းလဲလာသော အခြေအနေဖြစ်ပေသည်။

ထို့ပြင် ဤအမှုတွင် ထူးခြားသည့်အချက်မှာ တရားလိုက တရားပြိုင်အပေါ် လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု စွဲဆိုခဲ့ပြီး နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြတ်စဲစာချုပ်ကို လက်မှတ်ရေးထိုးပြီးဖြစ်ပါလျက် ယင်းစာချုပ်ကို အခြေခံ၍ ကွာရှင်းပြတ်စဲသည့် ဒီကရီ ချမှတ်ပေးရန် တရားပြိုင်၏ လျှောက်ထားချက်ကို တရားလိုက ငြင်းဆန်ခြင်း ဖြစ်သည်။

ဤအခြေအနေတွင် တရားပြိုင်အနေဖြင့် ဆောင်ရွက်သင့်သည့် နည်းလမ်းမှာ တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်းဥပဒေ ၈ အရ ဆောင်ရွက်ရန်ပင် ဖြစ်သည်။ တရားပြိုင်က အမှုစွဲဆိုပြီးနောက်တွင် ပေါ်ပေါက်လာသည့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲစာချုပ် ရေးသားချုပ်ဆိုခဲ့သည့်အချက်ကို ထည့်သွင်းချေပရန် ချေလွှာကို ပြင်ဆင်ခွင့် တောင်းခံနိုင်သည်။

တရားရုံးက တရားပြိုင်၏ ချေလွှာကို ပြင်ဆင်ခွင့်ပြုခဲ့ပါက ငြင်းချက်တစ်ရပ် ပေါ်ပေါက်လာမည်ဖြစ်ပြီး၊ ယင်းငြင်းချက်အပေါ် တရားရုံးက ဥပဒေနှင့်အညီ အဆုံးအဖြတ်ပေးနိုင်မည် ဖြစ်သည်။

ဤနည်းအားဖြင့် ကြန့်ကြာမှုမရှိဘဲ တရားရုံးက ပြောင်းလဲလာသော အခြေအနေအပေါ် အခြေခံ၍ သက်သာခွင့်ကို ခွင့်ပြုနိုင်မည် ဖြစ်ပေသည်။

မူလရုံးအမှုတွဲကို လေ့လာကြည့်ရှုရာ အထက်ဖော်ပြပါ ဆောင်ရွက်ရန်ရှိသည်များကို လျှောက်ထားသူအနေဖြင့် မဆောင်ရွက်ဘဲ အပြီးသတ်အမိန့်ချမှတ်ပေးရန် လျှောက်ထားကြောင်း တွေ့ရှိရသဖြင့် မူလရုံးက အဆိုပါလျှောက်ထားချက်အား ပယ်ခြင်းမှာ မှားယွင်းသည်ဟု မဆိုသာပေ။

ထို့ကြောင့် မူလရုံး၏ ၁၂-၁-၂၀၀၀ ရက်စွဲပါ အမိန့်ကို အတည်ပြုပြီး ဤပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် မသတ်မှတ်။

\+ ၂၀၀၀
စက်တင်ဘာလ
၁၂ ရက်

တရားမပထမအယူခံမှု

တရားရုံးချုပ်တရားသူကြီး ဦးချစ်လွင်ရှေ့တွင်

ဒေါက်တာနီလဲ့ဝင်း ပါ ၂
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်ခင်မြင့်)

နှင့်

ဒေါ်ခင်သန်းဝင်း*

အမှုတစ်မှုတွင် တရားလိုက ကျမ်းကျိန်လွှာတစ်စောင် တင်သွင်းရာ တရားပြိုင်တို့က အဆိုပါကျမ်းကျိန်လွှာတွင် မမှန်မကန် ဖော်ပြချက်များ ပါရှိကြောင်း၊ မမှန်မကန်ဖော်ပြ ကျမ်းကျိန် ဆိုခြင်းသည် ဖြောင့်မှန်သည့် တရားစီရင်ရေးကို အနှောင့် အယှက်ပြုရာရောက်ကြောင်း ဖော်ပြလျက် တရားလို အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ အရေးယူပေး ရန် လျှောက်ထားသည်။ တိုင်းတရားရုံးက အဆိုပါ လျှောက်လွှာကို ပလပ်ခဲ့ရာ တရားလိုက ၎င်းအပေါ် ပြစ်မှု ကြောင်းအရ အရေးယူရန် မမှန်မကန် တရားစွဲဆိုခြင်း အတွက် ၎င်းတွင် ဂုဏ်သရေထိခိုက်နစ်နာရသည်ဟုဆိုကာ တရားပြိုင်တို့အပေါ် လျော်ကြေးငွေရလိုကြောင်း တရား စွဲဆိုသည်။ ဤကဲ့သို့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ အရေးယူပေးရန် တရားရုံးသို့ တင်ပြလျှောက်ထားခြင်းမှာ တရားစွဲဆိုခြင်းဟုတ်မဟုတ်၊ ဆင့်စာထုတ်ဆင့်ခြင်း မခံရသူ တစ်ဦးသည် တရားခံအဖြစ်ရောက်ရှိသည်ဟုဆိုနိုင်မဆိုနိုင်။

* ၂၀၀၀ ပြည့်နှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၄၄

\+ ၁၉၉၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၆၃ တွင် ချမှတ်သော ၅-၅-၂၀၀၀ ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

ဆုံးဖြတ်ချက်။ ။ ဤကဲ့သို့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ အရေးယူပေးရန် လျှောက်ထားစေကာမူ တရားရုံးက လျှောက်ထားသည့်အတိုင်း လျှောက်ထားခံရသူအပေါ် ချက်ခြင်း အရေးယူမည်မဟုတ်ဘဲ စုံစမ်းမှု ပြုလုပ်ပြီးနောက် အရေးယူရန်သင့်ကြောင်းပေါ်ပေါက်မှသာ အရေးယူမည်ဖြစ်သည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ (၁) တွင် ဖော်ပြပါ ပြစ်မှုနှင့်စပ်လျဉ်း၍ တရားရုံးသို့ လျှောက်ထားသည်ဖြစ်စေ၊ မလျှောက်ထားသည်ဖြစ်စေ တရားမျှတမှုအတွက် ပဏာမစုံစမ်းစစ်ဆေးမှု ပြုလုပ်သင့်သည်ဟု ထင်မြင်ယူဆလျှင် စုံစမ်းမှုပြုလုပ်ပြီးနောက် စုံစမ်းစစ်ဆေးမှု၏ ဆုံးဖြတ်ချက်အရ ထိုပြစ်မှုအတွက် တိုင်တန်းချက် ပြုလုပ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ (၁) ပါ ပြဋ္ဌာန်းချက်အရ ဒေါ်ခင်သန်းဝင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ တရားစွဲဆိုရန်သင့်-မသင့်ကို ဆုံးဖြတ်မည့်သူမှာ တရားရုံးသာဖြစ်ပြီး ယင်းပုဒ်မအရ အရေးယူပေးရန် တရားစွဲဆိုမည့်သူမှာလည်း တရားရုံးသာဖြစ်ကြောင်း ပေါ်ပေါက်သည်။

သို့ဖြစ်ရာ ဒေါက်တာနီလဲ့ဝင်းတို့က ဒေါ်ခင်သန်းဝင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ ဖြစ်စေ၊ အခြားဆီလျော်ရာ ဥပဒေတစ်ရပ်ရပ်အရ ဖြစ်စေ အရေးယူရန်သင့်-မသင့်ကို တရားရုံးက အဆုံးအဖြတ်ပေးရန် လျှောက်ထားသည့်ကိစ္စမှာ တရားစွဲဆိုခြင်း မဟုတ်ကြောင်း မြင်သာပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ ယခုအမှုတွင် ဒေါ်ခင်သန်းဝင်းအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ တရားစွဲဆိုသောအမှုကို ထုချေဖြေရှင်းရန်အတွက် တရားရုံးကဆင့်စာထုတ်ခဲ့ခြင်း မရှိသဖြင့် ဒေါ်ခင်သန်းဝင်း

၂ဝဝဝ
ဒေါက်တာနီလှဲဝင်း
ပါ ၂
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်ခင်ခင်မြင့်)
နှင့်
ဒေါ်ခင်သန်းဝင်း

သည် တရားခံတစ်ဦးအဖြစ် မရောက်ရှိသကဲ့သို့ တရားစွဲဆိုခံရခြင်းလည်း မရှိကြောင်း ထင်ရှားသည်။

အယူခံတရားလိုများအတွက် - ဦးမင်းလွင်
တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်အတွက် - ဦးအေးသောင်း
တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်းတရားရုံး၊ ၁၉၉၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၆၃ တွင် တရားလို ဒေါ်ခင်သန်းဝင်းက တရားပြိုင် ဒေါက်တာနီလှဲဝင်းနှင့် ဦးအောင်စိုးဝင်း (၎င်းတို့၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်ခင်မြင့်) တို့အပေါ် လျော်ကြေးငွေ ကျပ် သိန်း ၅ဝ ရလိုကြောင်း စွဲဆိုရာ တိုင်းတရားရုံးက လျော်ကြေးငွေ ကျပ် ၂၅ သိန်း ပေးလျော်စေရန် ဒီကရီချမှတ်ခဲ့သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဒေါက်တာနီလှဲဝင်းနှင့် ဦးအောင်စိုးဝင်းတို့က ကျေနပ်မှုမရှိသဖြင့် တရားရုံးချုပ်တွင် ဤတရားမအယူခံမှု တင်သွင်းလာခြင်း ဖြစ်သည်။

မူလမှုတရားလို ဒေါ်ခင်သန်းဝင်းသည် သင်္ဘောကပ္ပတိန် ဦးတင်စိုးဝင်း၏ ဇနီးဖြစ်ပြီး ဒေါက်တာနီလှဲဝင်း၊ ဒေါ်စီစီဝင်းနှင့် ဦးအောင်စိုးဝင်းတို့မှာ ဦးတင်စိုးဝင်း၏ ညီအစ်ကိုမောင်နှမအရင်းတော်စပ်သူများ ဖြစ်ကြသည်။ ရန်ကုန်တိုင်းတရားရုံး၊ ၁၉၉၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁၆ တွင် ဦးတင်စိုးဝင်းက ဒေါက်တာနီလှဲဝင်း၊ ဒေါ်စီစီဝင်းနှင့် ဦးအောင်စိုးဝင်းတို့အပေါ် ပေးကမ်းခြင်းစာချုပ် ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုရာ ဒေါ်ခင်သန်းဝင်းက တရားလို ဦးတင်စိုးဝင်း၏ အခွင့်ရကိုယ်စားလှယ်အဖြစ် ဆောင်ရွက်သည်။ ထိုအမှုတွင် ဒေါ်ခင်သန်းဝင်းက ၁၆-၁-၉၇ နေ့စွဲပါ ကျမ်းကျိန်လွှာတစ်စောင် ပြုလုပ်တင်သွင်းရာ ဒေါက်တာနီလှဲဝင်းနှင့်

ဦးအောင်စိုးဝင်းတို့ နှစ်ဦးက အဆိုပါကျမ်းကျိန်လွှာတွင် မမှန်မကန် ဖော်ပြချက်များ ပါရှိကြောင်း၊ မမှန်မကန်ဖော်ပြ ကျမ်းကျိန်ဆိုခြင်းသည် ဖြောင့်မှန်သည့် တရားစီရင်ရေးကို အနှောင့်အယှက်ပြုရာ ရောက်ကြောင်း ဖော်ပြလျက် ဒေါ်ခင်သန်းဝင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ အရေးယူပေးရန် လျှောက်ထားသည်။ ယင်းလျှောက်ထားချက်ကို တိုင်းတရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ အရ ၁၉၉၇ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁၁၆ ဖွင့်လှစ်ကြားနာပြီး ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ တိုင်းတရားရုံး၏အမိန့်ကို ကျေနပ်မှုမရှိသဖြင့် ဒေါက်တာနီလဲ့ဝင်းနှင့် ဦးအောင်စိုးဝင်းတို့က တရားရုံးချုပ်တွင် အယူခံဝင်ရောက်သော်လည်း မအောင်မြင်ချေ။ ထိုအခါ ဒေါ်ခင်သန်းဝင်းက ၎င်းအပေါ် ပြစ်မှုကြောင်းအရ အရေးယူရန် မမှန်မကန် တရားစွဲဆိုခြင်းအတွက် ၎င်းတွင် ဂုဏ်သရေ ထိခိုက်နစ်နာရသည်ဟု ဆိုကာ လျော်ကြေးငွေ ကျပ် သိန်း ၅၀ ရလိုကြောင်း ဒေါက်တာနီလဲ့ဝင်းနှင့် ဦးအောင်စိုးဝင်းတို့အပေါ် တရားစွဲဆိုခြင်း ဖြစ်သည်။

အဆိုလွှာတွင် တရားလိုသည် နိုင်ငံခြားသင်္ဘောတွင် တာဝန်ထမ်းဆောင်နေသည့် သင်္ဘောကပ္ပတိန်အရာရှိ ဦးတင်စိုးဝင်း၏ဇနီးဖြစ်ပြီး ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ဦးဖြစ်ကြောင်း၊ ဦးတင်စိုးဝင်းစွဲဆိုသည့် အမွေပုံစီမံခန့်ခွဲပေးစေလိုမှုတွင် တရားပြိုင် ဦးအောင်စိုးဝင်းက တရားလိုသက်သေအချို့ကို ကြိမ်းမောင်းသဖြင့် တရားလိုကိုယ်တိုင်တရားသူကြီးထံ တင်ပြခဲ့ရသည့် ဖြစ်ရပ်ရှိခဲ့ရာ ယင်းကိစ္စအတွက် တရားပြိုင်တို့က တရားလိုအပေါ် မလိုမုန်းတီးစိတ် ထားရှိခဲ့ပြီး တရားပြိုင်တို့က မမှန်မကန်မှန်းသိလျက် တရားလိုအပေါ် ပြစ်မှုကြောင်းအရ အရေးယူရန် ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခဲ့သဖြင့် တရားလို၏ သင်္ဘောကုမ္ပဏီအပါအဝင် တရားလို၊ တရားပြိုင်တို့၏ ဆွေမျိုးများအကြား ဂုဏ်သိက္ခာကျဆင်းခဲ့ရကြောင်း၊ ထို့အပြင် တရားလိုတွင် နှလုံးရောဂါ၊ ဆီးရောဂါတို့ ဖြစ်ပွားလာပြီး ငွေရေး၊

၂၀၀၀
ဒေါက်တာနီလဲ့ဝင်း
ပါ ၂
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်ခင်ခင်မြင့်)
နှင့်
ဒေါ်ခင်သန်းဝင်း

ကြေးရေးအရ ကုစား၍မရသော နစ်နာဆုံးရှုံးမှု ဖြစ်ခဲ့ရကြောင်း၊ ထို့ကြောင့် တရားပြိုင်တို့ထံမှ လျော်ကြေးငွေ ကျပ် သိန်း ၅၀ ရထိုက်ကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

ချေလွှာတွင် တရားလို ဒေါ်ခင်သန်းဝင်း၏ အဆိုလွှာပါ စွပ်စွဲချက်များ မှန်ကန်မှုမရှိကြောင်း၊ တရားလိုအပေါ် မလိုမုန်းထားစိတ်ဖြင့် ပြစ်မှုကြောင်းအရ အရေးယူရန် လျှောက်ထားခြင်း မဟုတ်ဘဲ အမှုတွဲပေါ်ပေါက်ချက်အရ ဥပဒေနှင့်အညီ လျှောက်ထားခြင်းသာ ဖြစ်ကြောင်း၊ ထို့ကြောင့် တရားပြိုင်တို့က တရားလိုသို့ လျော်ကြေးပေးရန် တာဝန်မရှိကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

တိုင်းတရားရုံးက ဒေါက်တာနီလဲ့ဝင်းနှင့် ဦးအောင်စိုးဝင်း (၎င်းတို့၏ကိုယ်စားလှယ်စာရသူ ဒေါ်ခင်ခင်မြင့်) တို့သည် ဒေါ်ခင်သန်းဝင်းအပေါ် မမှန်မကန်သက်သေ ဖန်တီးမှုဖြင့် စွပ်စွဲပြီး တရားစွဲဆိုအရေးယူပေးရန် လျှောက်ထားခြင်းမှာ မတရားသောအပြုအမူ ဖြစ်သည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ ဒေါက်တာနီလဲ့ဝင်းနှင့် ဦးအောင်စိုးဝင်းတို့က မိမိတို့၏အပြုအမူမှာ ဖြောင့်မတ်မှန်ကန်ကြောင်း သက်သေထူရန် တာဝန်ရှိသော်လည်း သက်သေထူနိုင်ခြင်း မရှိသဖြင့် မလိုမုန်းထားစိတ်ဖြင့် ဆောင်ရွက်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဒေါ်ခင်သန်းဝင်းက တရားပြိုင်တို့ထံမှ လျော်ကြေးရထိုက်ကြောင်း ကောက်ယူဆုံးဖြတ်ခဲ့သည်။

အယူခံတရားလိုတို့၏ ရှေ့နေက မသမာစိတ်ထားဖြင့် တရားစွဲဆိုခြင်းမြောက်ရန် အရေးကြီးသည့် လိုအပ်ချက်တစ်ရပ်မှာ တရားပြိုင်တို့က တရားလိုအပေါ် ပြစ်မှုကြောင်းဖြင့် တရားစွဲဆိုခြင်းရှိရန် လိုသည်ဟု **ဒေါ်မိမိကျော် နှင့် ဒေါ်နန်းအေးအေး အမှု**[၁] တွင် ညွှန်ပြထား

---

(၁) ၁၉၉၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၉၇။

ကြောင်း၊ ယခုအမှုတွင် ဒေါက်တာနီလဲ့ဝင်းတို့က ဒေါ်ခင်သန်းဝင်း အပေါ် ပြစ်မှုကြောင်းအရ တရားစွဲဆိုခဲ့ခြင်း အလျဉ်းမရှိကြောင်း၊ ထို့ပြင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ (၁) အရ လျှောက်ထားရာတွင် ပလပ်ခံရသည့်ကိစ္စ၌ မသမာစိတ်ဖြင့် တရားစွဲဆိုခြင်းဖြစ်သည်ဟု ထုံးသာဓက မရှိခဲ့ဘူးကြောင်း၊ ထို့ကြောင့် တိုင်းတရားရုံး၏ စီရင်ချက်ကို ပြန်လည်စိစစ်သင့်ပါကြောင်း အဓိကထား လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ ရှေ့နေက ဒေါက်တာနီလဲ့ဝင်းနှင့် ဦးအောင်စိုးဝင်းတို့သည် ဒေါ်ခင်သန်းဝင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ အရေးယူပေးရန် လျှောက်ထားခဲ့သည်မှာ အငြင်းမပွားသည့် အချက်ဖြစ်ကြောင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ အရေးယူပေးရန် လျှောက်လွှာကို စတင်၍ တင်သွင်းစဉ်ကပင် ယေဘုယျစကားရပ်များ အနက်အဓိပ္ပါယ်ဖွင့်ဆိုရေးဥပဒေ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ ပြစ်မှုကြောင်းဖြင့် တရားစွဲဆိုခဲ့သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း၊ အယူခံတရားလိုတို့က မလိုမုန်းထားစိတ်ဖြင့် တရားစွဲဆိုခဲ့၍ အယူခံတရားပြိုင် ဒေါ်ခင်သန်းဝင်းတွင် အရှက်ရပြီး ဂုဏ်သိက္ခာကျဆင်းခဲ့ရကြောင်း၊ ထို့အပြင် ဒေါ်ခင်သန်းဝင်း၏ ကျန်းမာရေးကို ထိခိုက်စေခဲ့ပြီး ငွေကုန်ကြေးကျ ဖြစ်ခဲ့ရကြောင်း၊ ယင်းအကြောင်းအချက်များအရ အယူခံတရားလိုတို့၏ အပြုအမူသည် မသမာစိတ်ဖြင့် တရားစွဲဆိုခြင်းမြောက်၍ တိုင်းတရားရုံးက အယူခံတရားပြိုင်အပေါ် လျော်ကြေးပေးစေရန် ချမှတ်သည့်အမိန့်မှာ မှားယွင်းမှု မရှိကြောင်း စသည်ဖြင့် လျှောက်လဲတင်ပြသည်။

ယေဘုယျစကားရပ်များ အနက်အဓိပ္ပါယ်ဖွင့်ဆိုရေးဥပဒေ ကို လေ့လာရာ တရားပြိုင်က တရားလိုအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ တရားစွဲဆိုပေးပါရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ (၁) အရ လျှောက်ထားလျှင် ထိုလျှောက်ထားသည့်နေ့မှစ၍ ပြစ်မှု

၂၀၀၀
ဒေါက်တာနီလဲ့ဝင်း
ပါ ၂
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်ခင်ခင်မြင့်)
နှင့်
ဒေါ်ခင်သန်းဝင်း

ကြောင်းအရ တရားစွဲဆိုရာရောက်ကြောင်း အဓိပ္ပါယ်ဖွင့်ဆိုချက်ရှိသည်ဟု မတွေ့ရပေ။

မသမာစိတ်ထားဖြင့် တရားစွဲဆိုခြင်းမြောက်ရန် အောက်ပါအချက်များနှင့် ပြည့်စုံရန်လိုအပ်ကြောင်း၊ ဒေါ်မိမိကျော် နှင့် ဒေါ်နန်းအေးအေး အမှု[(၁)] တွင် ညွှန်ပြထားသည်-

(၁) တရားပြိုင်က တရားလိုကို ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်း၊
(၂) ယင်းအမှုတွင် တရားလိုကို အသာပေးဆုံးဖြတ်ခဲ့ခြင်း၊
(၃) တရားပြိုင် စွဲဆိုသောပြစ်မှုသည် အခြေအမြစ်မရှိခြင်း၊
(၄) တရားပြိုင်သည် မသမာစိတ် သို့မဟုတ် မလိုမုန်းထားစိတ်ဖြင့် တရားစွဲဆိုခြင်း၊
(၅) တရားလိုတွင် နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်ခြင်း။

ရန်ကုန်တိုင်းတရားရုံး၊ ၁၉၉၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁၁၆ တွင် ဒေါက်တာနီလဲ့ဝင်းတို့က ဒေါ်ခင်သန်းဝင်းအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ တရားစွဲဆိုပေးရန် လျှောက်ထားသည့်လျှောက်လွှာ အပိုဒ် ၇ ၌ အောက်ပါအတိုင်း ဖော်ပြထားသည်-

> " × × × × × ×
>
> သို့ပါ၍ ဦးတင်စိုးဝင်း၏ ကိုယ်စားလှယ်စာရသူ ဒေါ်ခင်သန်းဝင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရဖြစ်စေ၊ အခြားဆီလျော်ရာ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ အရေးယူရန်သင့်မသင့်ကို လေးစားအပ်သော ဤရုံးတော်က အဆုံးအဖြတ်ပေးပါရန် ရိုသေစွာ ပန်ကြား လျှောက်ထားအပ်ပါသည်။"

ဒေါက်တာနီလဲ့ဝင်းတို့၏ လျှောက်လွှာတွင် ဖော်ပြထားချက်အရပင် ဒေါက်တာနီလဲ့ဝင်းတို့က ဒေါ်ခင်သန်းဝင်းအား ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်းမဟုတ်ဘဲ ဒေါ်ခင်သန်းဝင်းအပေါ် ပြစ်မှုဆိုင်ရာ

ဥပဒေပုဒ်မ ၁၉၃ အရ အရေးယူရန်သင့်မသင့်ကို တရားရုံးက ဆုံးဖြတ်ပေးရန် လျှောက်ထားခြင်းသာဖြစ်ကြောင်း ပေါ်ပေါက်သည်။

ဤကဲ့သို့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ အရေးယူပေးရန် လျှောက်ထားစေကာမူ တရားရုံးက လျှောက်ထားသည့်အတိုင်း လျှောက်ထားခံရသူအပေါ် ချက်ခြင်းအရေးယူမည် မဟုတ်ဘဲ စုံစမ်းမှု ပြုလုပ်ပြီးနောက် အရေးယူရန်သင့်ကြောင်း ပေါ်ပေါက်မှသာ အရေးယူမည်ဖြစ်သည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ (၁) တွင် ဖော်ပြပါ ပြစ်မှုနှင့်စပ်လျဉ်း၍ တရားရုံးသို့ လျှောက်ထားသည်ဖြစ်စေ၊ မလျှောက်ထားသည်ဖြစ်စေ တရားမျှတမှုအတွက် ပဏာမစုံစမ်းစစ်ဆေးမှု ပြုလုပ်သင့်သည်ဟု ထင်မြင်ယူဆလျှင် စုံစမ်းမှုပြုလုပ်ပြီးနောက် စုံစမ်းစစ်ဆေးမှု၏ ဆုံးဖြတ်ချက်အရ ထိုပြစ်မှုအတွက် တိုင်တန်းချက်ပြုလုပ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ (၁) ပါ ပြဋ္ဌာန်းချက်အရ ဒေါ်ခင်သန်းဝင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ တရားစွဲဆိုရန်သင့်-မသင့်ကို ဆုံးဖြတ်မည့်သူမှာ တရားရုံးသာဖြစ်ပြီး ယင်းပုဒ်မအရ အရေးယူပေးရန် တရားစွဲမည့်သူမှာလည်း တရားရုံးသာဖြစ်ကြောင်း ပေါ်ပေါက်သည်။

သို့ဖြစ်ရာ ဒေါက်တာနီလှဲ့ဝင်းတို့က ဒေါ်ခင်သန်းဝင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ ဖြစ်စေ၊ အခြားဆီလျော်ရာ ဥပဒေတစ်ရပ်ရပ်အရ ဖြစ်စေ အရေးယူရန်သင့်-မသင့်ကို တရားရုံးက အဆုံးအဖြတ်ပေးရန် လျှောက်ထားသည့်ကိစ္စမှာ တရားစွဲဆိုခြင်း မဟုတ်ကြောင်း မြင်သာပေသည်။

အယူခံတရားပြိုင်၏ ရှေ့နေက မူလရုံးတရားပြိုင်များ ဖြစ်ကြသော ဒေါက်တာနီလှဲ့ဝင်းတို့က ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ

တရားစွဲဆိုခဲ့၍ မူလရုံးတရားလို ဒေါ်ခင်သန်းဝင်းအနေဖြင့် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်ရသည့်အပြင် အရှက်ရမှုရှိခဲ့ကြောင်း၊ ၎င်းပြင် ရာဇဝတ်ကြောင်းဖြင့် အပြစ်ပေးခံရမည့် အန္တရာယ်မှ လွတ်ကင်းရန် ရှေ့နေရှေ့ရပ်များ ငှားရမ်းကာ တရားရုံးချုပ်အထိ တရားရုံးအဆင့်ဆင့် ဖြေရှင်းခဲ့ရသည့်အတွက် ငွေကြေးကုန်ကျခဲ့သည်မှာ သံသယဝင်ရန် အကြောင်း မရှိကြောင်း လျှောက်လဲတင်ပြခဲ့သည်။

ဒေါက်တာနီလဲ့ဝင်းတို့က ဒေါ်ခင်သန်းဝင်းအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ အရေးယူပေးရန် လျှောက်ထားသည့် အမှုနှင့် စပ်လျဉ်း၍ တိုင်းတရားရုံးက ပဏာမစုံစမ်းစစ်ဆေးမှုကိုပင် ပြုလုပ်ခြင်း မပြုလုပ်တော့ဘဲ ဒေါက်တာနီလဲ့ဝင်းတို့၏ လျှောက်ထားချက်ကို ပလပ်ခဲ့ကြောင်း တွေ့ရှိရသည်။ ဒေါက်တာနီလဲ့ဝင်းတို့၏ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ပဏာမစုံစမ်းစစ်ဆေးမှုကိုပင် မပြုလုပ်ခဲ့သည့်အတွက် ဒေါ်ခင်သန်းဝင်းအနေဖြင့် တစ်စုံတစ်ရာ နစ်နာဆုံးရှုံးမှု ရှိသည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

ဂိုရီဆင်း နှင့် ဘောက်ကာဗင်ကာနာ အမှု[၂] တွင် ရာဇဝတ်တရားသူကြီးသည် တိုင်လျှောက်ချက်နှင့်စပ်လျဉ်း၍ စုံစမ်းမှုပြုလုပ်ပေးရန် ရဲအရာရှိထံ ပေးပို့ခဲ့ပြီး ၎င်း၏အစီရင်ခံစာအရ တိုင်တန်းခံရသူထံ ဆင့်စာထုတ်ဆင့်ခြင်း မပြုတော့ဘဲ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၃ အရ တိုင်လျှောက်ချက်ကို ပလပ်လျှင် တိုင်တန်းခံရသူသည် တိုင်တန်းသူအပေါ် မသမာစိတ်ထားဖြင့် တရားစွဲဆိုခြင်းအတွက် လျော်ကြေးတောင်းသည့် အမှုကို စွဲဆိုခြင်း မပြုလုပ်နိုင်ကြောင်း၊ တိုင်တန်းခံရသူထံ ဆင့်စာမထုတ်ဆင့်မီအချိန်ထိ ထိုသူသည် တရားခံ တစ်ဦး မဟုတ်သကဲ့သို့ တရားစွဲဆိုခံရသူတစ်ဦးလည်း မဟုတ်ကြောင်း ထုံးဖွဲ့ထားသည်။

---

**(၂) ရန်ကုန်စီရင်ထုံးများ၊ အတွဲ ၁၃၊ စာ-၇၆၄။**

ယခုအမှုတွင် ဒေါ်ခင်သန်းဝင်းအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ တရားစွဲဆိုသောအမှုကို ထုချေဖြေရှင်းရန်အတွက် တရားရုံးက ဆင့်စာထုတ်ခဲ့ခြင်း မရှိသဖြင့် ဒေါ်ခင်သန်းဝင်းသည် တရားခံတစ်ဦးအဖြစ် မရောက်ရှိသကဲ့သို့ တရားစွဲဆိုခံရခြင်းလည်း မရှိကြောင်း ထင်ရှားသည်။

ဒေါ်ခင်သန်းဝင်းသည် ပြစ်မှုကြောင်းအရ တရားစွဲဆိုခံရခြင်း မရှိသည့်အတွက် တရားခံအဖြစ် မရောက်ရှိခဲ့သည့်အလျောက် ၎င်း၏ ရှေ့နေက ရာဇဝတ်ကြောင်းဖြင့် အပြစ်ပေးခံရမည့် အန္တရာယ်မှ လွတ်ကင်းရန် ရှေ့နေရှေ့ရပ်များ ငှားရမ်း၍ တရားရုံးချုပ်ထိ တရားရုံးအဆင့်ဆင့် ဖြေရှင်းခဲ့ရသောကြောင့် ငွေကြေးကုန်ကျခံရကြောင်း၊ ၎င်းအပြင် တရားစွဲဆိုခံရ၍ စိတ်ဆင်းရဲဖြစ်ရသည့်အပြင် အရှက်ရမှု ရှိခဲ့ကြောင်း တင်ပြချက်မှာ မှန်ကန်မှုမရှိဟု တွေ့ရှိရသည်။

အထက်ပါအကြောင်းအချက်များအရ အယူခံတရားလိုတို့မှ အယူခံတရားပြိုင်အား မသမာစိတ်ထားဖြင့် ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်းအတွက် လျော်ကြေးပေးစေရန် ချမှတ်သည့် တိုင်းတရားရုံး၏ အမိန့်သည် မှန်ကန်သည်ဟု မဆိုနိုင်ပေ။

သို့ဖြစ်၍ ဤအယူခံကို ခွင့်ပြုပြီး မူလတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ တရားလို ဒေါ်ခင်သန်းဝင်း၏ စွဲဆိုမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ၂၀ဝိ/- သတ်မှတ်သည်။

+ ၂၀၀၀
---
မတ်လ

၂၂ ရက်

## တရားမအထွေထွေအယူခံမှု

## တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေးရှေ့တွင်

### ဦးပါစီလောင်း*

အမွေထိန်းလက်မှတ်စာ ရရှိခြင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ခြင်းတို့၏ ကွဲပြားခြားနားချက်၊ အမွေထိန်းလက်မှတ်စာ ထုတ်ပေးခြင်း၏ ရည်ရွယ်ချက်၊ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇ (၂) အရ တောင်းဆိုခြင်း မပြုနိုင်။

ဆုံးဖြတ်ချက်။ ။ အချင်းဖြစ်ပစ္စည်းနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာရခြင်းသည် အမွေဆက်ခံပိုင်ဆိုင်ခြင်းနှင့် သဘောသဘာဝအားဖြင့်မတူ၊ ကွဲပြားခြားနားပေသည်။ အမွေထိန်းလက်မှတ်စာထုတ်ပေးခြင်း၏ ရည်ရွယ်ချက်မှာ ကွယ်လွန်သူ၏ ပစ္စည်းကိုလက်ရောက်ရယူနိုင်ရေး၊ ကွယ်လွန်သူ ရရန်ရှိသော ကြွေးမြီများကိုကောက်ခံနိုင်စေရေး၊ ကွယ်လွန်သူ၏ အသုဘစရိတ်နှင့် ကွယ်လွန်သူက ပေးရန်ရှိသည်များကို ပေးဆပ်နိုင်စေရေး၊ ထိုသို့ ပေးဆပ်ပြီးနောက်ကျန်ရစ်သော ပစ္စည်းတို့ကို ကွယ်လွန်သူ၏မိသားစု ဥပဒေအရ ကွယ်လွန်သူ၏ အမွေကို ဆက်ခံထိုက်သူတို့အား ခွဲဝေပေးနိုင်စေရေး

---

* ၁၉၉၉ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၉၂

\+ ၁၉၉၉ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၂၀ တွင် ချမှတ်သော ၃၀-၈-၉၉ ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး (မြောက်ပိုင်းခရိုင်) ၏ အမိန့်ကို အယူခံမှု

အတွက် ကွယ်လွန်သူ၏အခွင့်အရေးကို ဆက်ခံသူတစ်ဦးအား ခန့်ထားပေးရန် ဖြစ်သည်။ မမေ ပါ ၂ နှင့် မသိန်းရင် အမှု[၁] ကို ရည်ညွှန်းသည်။ တစ်နည်းအားဖြင့် အမွေထိန်းလက်မှတ်စာ ရခြင်းသည် ထိုလက်မှတ်နှင့် သက်ဆိုင်သည့်ပစ္စည်းကို စီမံခန့်ခွဲပိုင်ခွင့် ရရှိခြင်းသာဖြစ်၍ အမွေဆက်ခံပိုင်ဆိုင်ခွင့်ပေးခြင်း မဟုတ်ပေ။ ဤလျှောက်ထားမှုမျိုးတွင် ပိုင်ရေးပိုင်ခွင့်မျိုးကို အဆုံးအဖြတ်ပေးခွင့် မရှိပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ အယူခံတရားလို၏ မူလရုံးလျှောက်လွှာပါဖော်ပြချက်နှင့် ရုံးရှေ့ကိုယ်တိုင်ထွက်ဆိုချက်တို့အရ အယူခံတရားလိုသည် အချင်းဖြစ်မြေနှင့် အဆောက်အအုံတို့ကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေရန် လျှောက်ထားခြင်းဖြစ်ရာ ထိုကဲ့သို့ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေရန်အတွက် သီးခြားတောင်းဆိုသည့်သက်သာခွင့်ကို အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇ (၂) တွင် ခွင့်ပြုထားခြင်း မရှိပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇ (၂) တွင် အမွေထိန်းလက်မှတ်စာကို ထုတ်ပေးသည့် တရားရုံး၏ ခွင့်ပြုချက်ရရှိလျှင် အမွေထိန်းတစ်ဦးတစ်ယောက်သည် ယင်းအက်ဥပဒေပုဒ်မ ၂၁၁ အရ ၎င်းအားလွှဲအပ်ထားရှိသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်း တစ်စုံတစ်ရာကို ပေါင်နှံခြင်း သို့မဟုတ် ရောင်းချခြင်း သို့မဟုတ် ပေးကမ်းခြင်း သို့မဟုတ် လဲလှယ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် လွှဲပြောင်းခြင်း စသည်တို့ကို ပြုလုပ်နိုင်ခွင့် ရှိပေသည်။ အမွေထိန်းလက်မှတ်စာ ရရှိသူတစ်ဦးသည် အမွေဆိုင်အားလုံးကိုယ်စား ပစ္စည်းကို စီမံခန့်ခွဲရရှိခြင်း ဖြစ်သဖြင့် တရားရုံး၏ ခွင့်ပြုချက်ရရှိပါက ၎င်းအား လွှဲအပ်ထားသည့် ပစ္စည်းများကို ပေါင်နှံခြင်း သို့မဟုတ် ရောင်းချခြင်း သို့မဟုတ် ပေးကမ်းခြင်း သို့မဟုတ် လဲလှယ်

ခြင်း ပြုလုပ်နိုင်သည်ဖြစ်၍ ယင်းသို့ ပြုလုပ်ခွင့်ရရှိရန်အတွက် ပစ္စည်းကို ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုခွင့် တောင်းခံရန် မလိုပေ။ အခြား သက်ဆိုင်ရာဌာနများကလည်း အမွေဆိုင်အားလုံး၏ကိုယ်စား အမွေ ထိန်းလက်မှတ်စာ ရရှိသူတစ်ဦး၏ စီမံခန့်ခွဲမှုကို ဥပဒေ လုပ်ထုံး လုပ်နည်းနှင့် ညီညွတ်အောင် ဆောင်ရွက်ပေးရမည်သာ ဖြစ်သည်။

အယူခံတရားလိုအတွက် - ဦးအေးလွင်
တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်းတရားရုံး (မြောက်ပိုင်းခရိုင်)၊ တရားမအထွေထွေ မှုအမှတ် ၂၀/၉၉ တွင် ဦးပါစီလောင်းက ၎င်းအမွေထိန်းစာလက်မှတ် ရရှိခဲ့ပြီးဖြစ်သည့် မြေနှင့်အဆောက်အအုံတို့ကို "ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်" အတွက် ခွင့်ပြုမိန့်ချမှတ်ပေးရန် လျှောက်ထားရာ ပလပ်ခြင်းခံခဲ့ရသည်။ တိုင်းတရားရုံး၏အမိန့်ကို ဦးပါစီလောင်းက မကျေနပ်သဖြင့် တရားရုံးချုပ်သို့ ဤတရားမအထွေထွေအယူခံမှုကို တင်သွင်းလာခြင်း ဖြစ်သည်။

အယူခံတရားလို ဦးပါစီလောင်းသည် ကွယ်လွန်သူ ဦးအယ်လ် ထင်းစိန်၊ ဒေါ်သောင်းတင်တို့ကျန်ရှိခဲ့သော ပစ္စည်းဖြစ်သည့် အင်းစိန် တိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀ အက်ဖ်)၊ မြေကွက်အမှတ် (၅၁)၊ မြေအမျိုးအစား မြေပိုင်မြေ (အိမ်ယာမြေရရှိပြီး) ဧရိယာ (၀. ၃၈၂) ဧကနှင့် မြေပေါ်ရှိ အဆောက်အအုံနှင့်ပတ်သက်၍ အမွေ ထိန်းစာလက်မှတ် ရရှိခဲ့သည်။ ထို့နောက် အမွေထိန်းလက်မှတ်စာ ရရှိသူ ဦးပါစီလောင်းက ထိုမြေနှင့် အဆောက်အအုံကို စီမံခန့်ခွဲခွင့် ရရှိနိုင်ရန် ရန်ကုန်တိုင်းတရားရုံး (မြောက်ပိုင်းခရိုင်) သို့ အမွေဆက်ခံ ခြင်းအက်ဥပဒေပုဒ်မ ၃၀၇ (၂) အရ တရားမအထွေထွေမှုအမှတ် ၅၉/၉၈ တွင် လျှောက်ထားရာ ၁၉-၁၁-၉၈ ရက်နေ့တွင် ခွင့်ပြုမိန့်

ရရှိပြီး ဖြစ်သည်။ ထိုတရားမအထွေထွေမှုအမှတ် ၅၉/၉၈ ကို လျှောက်ထားစဉ်က ၎င်းအမွေထိန်းခွင့်ရရှိခဲ့သော ပစ္စည်းများနှင့် ပတ်သက်၍ "ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန်" ဟူသော အချက် မပါရှိ ကျန်ရစ်ခဲ့သဖြင့် "ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန်" အတွက် ခွင့်ပြုမိန့်ချမှတ်ပေးရန် ယင်းအက်ဥပဒေပုဒ်မ ၃၀၇ (၂) အရ ဦးပါစီလောင်းက ဒုတိယအကြိမ် ထပ်မံလျှောက်ထားခြင်း ဖြစ်သည်။

တိုင်းတရားရုံးက အမွေဆက်ခံခြင်းဥပဒေပုဒ်မ ၃၀၇ (၂) အရ လျှောက်ထားခြင်းမှာ အမွေထိန်းလက်မှတ်စာ ထုတ်ပေးသည့် တရားရုံး၏အမိန့် မရဘဲ အမွေထိန်းလက်ဝယ်ရှိ မရွှေ့မပြောင်းနိုင်သောပစ္စည်း တစ်စုံတစ်ရာကို ပေါင်နှံ၊ ရောင်းချ၊ ပေးကမ်း၊ လဲလှယ်၊ လွှဲပြောင်းခြင်း စသည့် စီမံခန့်ခွဲခွင့်များကို ပြုလုပ်ခွင့်မရနိုင်သဖြင့် တစ်နည်းနည်း စီမံခန့်ခွဲနိုင်ရန် တရားရုံး၏ ခွင့်ပြုမိန့်ကို လျှောက်ထားရခြင်းဖြစ်ကြောင်း၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ် ချုပ်ဆိုခွင့်ဆိုသည်မှာ အဆိုပါပစ္စည်းကို စီမံခန့်ခွဲခွင့်မဟုတ်ဘဲ သီးခြားတောင်းဆိုသော သက်သာခွင့်တစ်ရပ် ဖြစ်ကြောင်း၊ လျှောက်ထားသူအနေဖြင့် မြေပုံ၊ မြေရာဇဝင် ကူးယူခွင့်၊ ခွဲစိတ် ရောင်းချ ပေးကမ်းခွင့် စသည့် စီမံခန့်ခွဲခွင့်လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန်အလို့ငှာ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာချက်ပြုလုပ်ရန် မလိုအပ်ကြောင်း၊ အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၀၇ (၂) အရ အမွေထိန်းလက်မှတ်စာ ရရှိထားသော အဆိုပါပစ္စည်းများကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ် ချုပ်နိုင်ခွင့်ဟူသော သီးခြားသက်သာခွင့်တစ်ရပ်ကို တောင်းဆိုပိုင်ခွင့် မရှိကြောင်း သုံးသပ်ထားသည်။

အယူခံတရားလို၏ရှေ့နေက လျှောက်ထားသူအနေဖြင့် မူလကတည်းက သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ အရ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာချက်ဒီကရီ ရလိုကြောင်း စွဲဆိုရန်အကြောင်း မပေါ်ပေါက်ကြောင်း၊ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာချက်ဒီကရီမှာ မိမိ၏

၂၀၀၀
ဦးပါစိလောင်း

ပိုင်ဆိုင်မှုအခွင့်အရေးကို အခြားတစ်ဖက်မှ ထိပါးနှောင့်ယှက် ငြင်းဆိုသူ ရှိမှသာ စွဲဆိုရသောအမှုမျိုး ဖြစ်ကြောင်း၊ ယခုအမှုတွင် အငြင်းပွားသူ မရှိဘဲ ကွယ်လွန်သူမိဘနှစ်ပါး အမည်ပေါက်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ကျန်ရစ်သူသားသမီးများက အစ်ကိုအကြီးဆုံးအား သဘောတူညီစွာ လွှဲအပ်ထားခြင်း ဖြစ်ကြောင်း၊ တရားရုံး၏ ခွင့်ပြုမိန့် ရရှိမှသာ ကျန်ညီအစ်ကိုမောင်နှမများအတွက် စီမံခန့်ခွဲဆောင်ရွက် ပေးနိုင်မည်ဖြစ်ကြောင်း၊ လျှောက်ထားသူ၏ လက်ဝယ်ထိန်းသိမ်းခွင့် ရရှိပြီး လက်ရောက်ရယူထားသည့် အမွေထိန်းစာလက်မှတ်ပါ မရွှေ့ မပြောင်းနိုင်သည့် ပစ္စည်းအပေါ် တရားရုံးမှ "ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုခွင့်" ခွင့်ပြုမိန့် ချမှတ်ပေးမှသာ လျှောက်ထားသူနှင့် ၎င်း၏ ညီအစ်ကိုမောင်နှမများသည် ကွယ်လွန်သူမိဘနှစ်ပါး ကျန်ရစ်ခဲ့သော ပစ္စည်းများအပေါ် အသီးသီး စီမံခန့်ခွဲဆောင်ရွက်နိုင်မည် ဖြစ်၍ အမွေ ထိန်းလက်မှတ်စာပါ မြေနှင့် အဆောက်အအုံတို့အတွက် ပိုင်ဆိုင် ကြောင်းစာချုပ် ချုပ်ဆိုခွင့်နှင့်အတူ မြေပုံ၊ မြေရာဇဝင်ကူးယူခွင့် ခွင့်ပြု မိန့်ချမှတ်ပေးရန် အစရှိသဖြင့် လျှောက်လဲတင်ပြသည်။

အယူခံတရားလို (ဦးပါစိလောင်း) မူလရုံးတွင် လျှောက်ထား ခြင်းမှာ အမွေဆက်ခံခြင်းဥပဒေပုဒ်မ ၃၀၇ (၂) အရ လျှောက်ထား ခြင်းဖြစ်ပေသည်။ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇ အပိုဒ် (၁) တွင် "အပိုဒ် (၂) ပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ သေတမ်းစာအတည်ပြုသူ သို့မဟုတ် အမွေထိန်း တစ်စုံတစ်ယောက် မှာ ပုဒ်မ ၂၁၁ အရ မိမိအား လွှဲအပ်သည့် သေလွန်သူပိုင် ပစ္စည်း အားလုံးကို ဖြစ်စေ၊ သို့မဟုတ် အချို့အဝက်ကို ဖြစ်စေ သင့်သည် ထင်မြင်သည့် နည်းလမ်းအတိုင်း ထုခွဲခွင့်ရကြောင်း ပြဋ္ဌာန်းထားသည်။

ယင်းဥပဒေပုဒ်မ ၃၀၇၊ ပုဒ်မခွဲ (၂) အပိုဒ် (၂) တွင် အောက်ပါ အတိုင်း ပြဋ္ဌာန်းထားသည်-

"အမွေထိန်း တစ်ဦးတစ်ယောက်မှာ အမွေထိန်းလက်မှတ်စာ ကို ထုတ်ပေးသည့် ရုံးတော်က အမိန့်ကို မရရှိစေဘဲ-

(က) ပုဒ်မ ၂၁၁ အရ မိမိသို့လွှဲအပ်ထားသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်း တစ်စုံတစ်ရာကို ပေါင်နှံခြင်း၊ ၎င်းပစ္စည်းပေးတွင် စရိတ်တင်ခြင်း၊ ၎င်းပစ္စည်းကို ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် လွှဲပြောင်းခြင်းများကို ပြုလုပ်ခွင့်မရ၊

(သို့မဟုတ်)

(ခ) ငါးနှစ်ကာလ အပိုင်းအခြားထက် ပို၍ ၎င်းပစ္စည်းကို အငှားချထားခွင့်မရ။"

အယူခံတရားလို ဦးပါစီလောင်းက ယခင် ရန်ကုန်တိုင်းတရားရုံး (မြောက်ပိုင်းခရိုင်)၊ တရားမအထွေထွေမှုအမှတ် ၅၉/၉၈ တွင် ကွယ်လွန်သူ ဦးအယ်လ်ထင်းစိန်၊ ဒေါ်သောင်းတင်တို့ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ ဤအမွေထိန်းလက်မှတ်စာ ရရှိထားသူအဖြစ်ဖြင့် အမွေဆက်ခံခြင်းဥပဒေပုဒ်မ ၃၀၇ (၂) အရ အချင်းဖြစ် မြေကွက်နှင့်ပတ်သက်၍ မြေကွက်ခွဲရန်၊ မြေကွက်တိုင်းတာရန်၊ အမည်ပြောင်းရန်၊ မြေပေါ်ရှိ အဆောက်အအုံကို အသစ်ပြင်ဆင်ရန်၊ ဆောက်လုပ်ရန်၊ ရောင်းချ၊ ပေးကမ်း၊ လဲလှယ်၊ လှူဒါန်းခြင်း စသည်တို့ကို ဆောင်ရွက်ခွင့်ပြုရန် စသည်ဖြင့် ဖော်ပြလျှောက်ထားခဲ့ခြင်းအပေါ် တိုင်းတရားရုံးက လိုအပ်သည့် စိစစ်သုံးသပ်မှုများ ပြုလုပ်ပြီး ဦးပါစီလောင်း လျှောက်ထားသည့် အခွင့်အာဏာများကို အမွေဆိုင် အနီးစပ်ဆုံးဆွေမျိုးများ သဘောတူသည့် နည်းလမ်းအတိုင်း စီမံခန့်ခွဲဆောင်ရွက်နိုင်ရန် ခွင့်ပြုမိန့်ချမှတ်ခဲ့ပြီးဖြစ်ကြောင်း တွေ့ရသည်။

တစ်ဖန် အယူခံတရားလို ဦးပါစီလောင်း ထပ်မံလျှောက်ထားလာသည့် အချက်မှာ ယခင် တရားမအထွေထွေမှုအမှတ် ၅၉/၉၈

၂၀၀၀
ဦးပါစီလောင်း

တွင် လျှောက်ထားစဉ်က "ဖော်ပြပါ အမွေထိန်းခွင့်ရရှိခဲ့သော ပစ္စည်းများနှင့်ပတ်သက်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ် ပြုလုပ်ရန်" ဟူသောအချက် မပါရှိသဖြင့် ယင်းအချက်ကို ခွင့်ပြုပေးရန် ထပ်မံ လျှောက်ထားလာခြင်း ဖြစ်သည်။

မူလရုံးအမှုတွဲတွင် ယခုအယူခံလျှောက်ထားသူ ဦးပါစီလောင်း၏ အဓိကစစ်မေးချက်၌ "ယခု ကျွန်တော်လျှောက်ထားခြင်းမှာ အဆိုပါ ပစ္စည်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ် ချုပ်ဆိုနိုင်ရန်နှင့် ထိုသို့ချုပ်ဆိုပြီးနောက် မြေပုံ၊ မြေရာဇဝင် ကူးယူခွင့်၊ မြေကွက်ခွဲစိတ်ခွင့်၊ ရောင်းခြင်း၊ ပေးကမ်းခြင်း၊ မြေပေါ်ရှိ အဆောက်အအုံများအား ပြင်ဆင်ခြင်း စသည့် စီမံခန့်ခွဲမှုလုပ်ငန်းများ လုပ်ကိုင်လိုပါသည်" ဟု အထင်အရှား ထွက်ဆိုထားသည်ကို တွေ့ရသည်။

အချင်းဖြစ်ပစ္စည်းနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာရခြင်းသည် အမွေဆက်ခံပိုင်ဆိုင်ခြင်းနှင့် သဘောသဘာဝအားဖြင့် မတူ ကွဲပြားခြားနားပေသည်။ အမွေထိန်းလက်မှတ်စာ ထုတ်ပေးခြင်း၏ ရည်ရွယ်ချက်မှာ ကွယ်လွန်သူ၏ပစ္စည်းကို လက်ရောက်ရယူနိုင်ရေး၊ ကွယ်လွန်သူ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံနိုင်စေရေး၊ ကွယ်လွန်သူ၏ အသုဘစရိတ်နှင့် ကွယ်လွန်သူက ပေးရန်ရှိသည်များကို ပေးဆပ်နိုင်စေရေး၊ ထိုသို့ ပေးဆပ်ပြီးနောက် ကျန်ရစ်သောပစ္စည်းတို့ကို ကွယ်လွန်သူ၏မိသားစု ဥပဒေအရ ကွယ်လွန်သူ၏ အမွေကို ဆက်ခံထိုက်သူတို့အား ခွဲဝေပေးနိုင်စေရေးအတွက် ကွယ်လွန်သူ၏ အခွင့်အရေးကို ဆက်ခံသူတစ်ဦးအား ခန့်ထားပေးရန် ဖြစ်သည်။ မမေပါ ၂ နှင့် မသိန်းရင် အမှု[၁] ကို ရည်ညွှန်းသည်။ တစ်နည်းအားဖြင့် အမွေထိန်းလက်မှတ်စာရခြင်းသည် ထိုလက်မှတ်နှင့်သက်ဆိုင်သည့်

---

(၁) အောက်မြန်မာပြည်စီရင်ထုံးများ၊ အတွဲ- ၄၊ စာ-၂၈၇။

ပစ္စည်းကို စီမံခန့်ခွဲပိုင်ခွင့် ရရှိခြင်းသာဖြစ်၍ အမွေဆက်ခံပိုင်ဆိုင်ခွင့် ပေးခြင်း မဟုတ်ပေ။ ဤလျှောက်ထားမှုမျိုးတွင် ပိုင်ရေးပိုင်ခွင့်မျိုးကို အဆုံးအဖြတ်ပေးခွင့် မရှိပေ။

သို့ဖြစ်ရာ အယူခံတရားလို၏ မူလရုံးလျှောက်လွှာပါ ဖော်ပြချက်နှင့် ရုံးရှေ့ကိုယ်တိုင်ထွက်ဆိုချက်တို့အရ အယူခံတရားလိုသည် အချင်းဖြစ်မြေနှင့် အဆောက်အအုံတို့ကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေရန် လျှောက်ထားခြင်းဖြစ်ရာ၊ ထိုကဲ့သို့ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေရန်အတွက် သီးခြားတောင်းဆိုသည့် သက်သာခွင့်ကို အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇ (၂) တွင် ခွင့်ပြုထားခြင်း မရှိပေ။

သို့ဖြစ်၍ မူလတိုင်းတရားရုံးက အမွေထိန်းလက်မှတ်စာ ရရှိထားသော အချင်းဖြစ်ပစ္စည်းများကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ် ပြုလုပ်ရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇ (၂) အရ ဦးပါစီလောင်း၏ လျှောက်ထားမှုကို ပလပ်ခဲ့ခြင်းမှာ မှားယွင်းသည်ဟု မဆိုသာပေ။

အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇ (၂) အရ ဦးပါစီလောင်းက ပထမအကြိမ်လျှောက်ထားစဉ်က အမွေထိန်းလက်မှတ်စာ ရရှိထားသည့် ပစ္စည်းဖြစ်သည့် မြေနှင့်အဆောက်အဦကို အသစ်ပြန်လည်ဆောက်လုပ်ရန် သို့မဟုတ် မြေကွက်ခွဲရန်၊ မြေတိုင်းရန်၊ စွန့်လွှတ်ရန် သို့မဟုတ် ပြင်ဆင်မွမ်းမံခြင်းကို ဆောင်ရွက်ရာ၌ လိုအပ်သည့် မြေပုံ မြေရာဇဝင်ကူးယူခြင်း၊ ဆောက်လုပ်သည့် အဆောက်အဦကို ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လဲလှယ်ခြင်း၊ လှူဒါန်းခြင်း သို့မဟုတ် အခြားနည်းဖြင့် စီမံခန့်ခွဲခြင်းဆိုင်ရာလုပ်ငန်းများ ပြုလုပ်ရန် ခွင့်ပြုမိန့်ချမှတ်ပေးရန် လျှောက်ထားခဲ့သည်။ ဦးပါစီလောင်းက အမွေထိန်းလက်မှတ်စာ ရရှိထားသည့် ပစ္စည်းကို ရောင်းချရန် သို့မဟုတ် ပေးကမ်း

၂၀၀၀
ဦးပါစီလောင်း

ရန် သို့မဟုတ် လဲလှယ်ရန် ဟူ၍ မိမိဆောင်ရွက်လိုသည့်ကိစ္စ တစ်ရပ်ရပ်အတွက် တိတိကျကျ ခွင့်ပြုမိန့် တောင်းခံခြင်း မပြုသကဲ့သို့ တိုင်းတရားရုံးက အမိန့်ချမှတ်ရာ၌ "ဦးပါစီလောင်း လျှောက်ထားသည့် အခွင့်အာဏာများကို အမွေဆိုင် အနီးစပ်ဆုံးဆွေမျိုးများ၏ သဘောတူသည့် နည်းလမ်းအတိုင်း စီမံခန့်ခွဲဆောင်ရွက်နိုင်ရန် ခွင့်ပြုမိန့်ချမှတ်ပေးလိုက်သည်" ဟူ၍ အမိန့်ချမှတ်ခဲ့ခြင်းမှာ တိကျသေချာမှု မရှိကြောင်း တွေ့ရှိရသည်။

အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇ (၂) တွင် အမွေထိန်းလက်မှတ်စာကို ထုတ်ပေးသည့် တရားရုံး၏ ခွင့်ပြုချက်ရရှိလျှင် အမွေထိန်း တစ်ဦးတစ်ယောက်သည် ယင်းအက်ဥပဒေပုဒ်မ ၂၁၁ အရ ၎င်းအားလွှဲအပ်ထားရှိသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်း တစ်စုံတစ်ရာကို ပေါင်နှံခြင်း သို့မဟုတ် ရောင်းချခြင်း သို့မဟုတ် ပေးကမ်းခြင်း သို့မဟုတ် လဲလှယ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် လွှဲပြောင်းခြင်း စသည်တို့ကို ပြုလုပ်နိုင်ခွင့်ရှိပေသည်။ အမွေထိန်းလက်မှတ်စာ ရရှိသူတစ်ဦးသည် အမွေဆိုင်အားလုံးကိုယ်စား ပစ္စည်းကို စီမံခန့်ခွဲခွင့် ရရှိခြင်းဖြစ်သဖြင့် တရားရုံး၏ ခွင့်ပြုချက်ရရှိပါက ၎င်းအားလွှဲအပ်ထားသည့် ပစ္စည်းများကို ပေါင်နှံခြင်း သို့မဟုတ် ရောင်းချခြင်း သို့မဟုတ် ပေးကမ်းခြင်း သို့မဟုတ် လဲလှယ်ခြင်း ပြုလုပ်နိုင်သည် ဖြစ်၍ ယင်းသို့ပြုလုပ်ခွင့် ရရှိရန်အတွက် ပစ္စည်းကိုပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုခွင့် တောင်းခံရန် မလိုပေ။ အခြား သက်ဆိုင်ရာဌာနများကလည်း အမွေဆိုင်အားလုံး၏ကိုယ်စား အမွေထိန်းလက်မှတ်စာ ရရှိသူတစ်ဦး၏ စီမံခန့်ခွဲမှုကို ဥပဒေ လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်အောင် ဆောင်ရွက်ပေးရမည်သာ ဖြစ်သည်။

သို့ဖြစ်ရာ အမွေထိန်းလက်မှတ်စာ ရရှိထားသူ ဦးပါစီလောင်းသည် အချင်းဖြစ်ပစ္စည်းများနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲမှုတစ်ခုခု လုပ်ဆောင်လိုပါက အမွေထိန်းလက်မှတ်စာ ထုတ်ပေးသည့် တရားရုံး

တွင် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇ (၂) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မိမိလုပ်ဆောင်လိုသည့် ကိစ္စတစ်ရပ်ရပ်ကို တိတိကျကျ ဖော်ပြ၍ တရားရုံး၏ခွင့်ပြုချက်ကို တောင်းခံနိုင်ပြီး သက်ဆိုင်ရာတရားရုံးအနေဖြင့်လည်း ယင်းအက်ဥပဒေပုဒ်မ ၃၀၇ (၂) ပါ ပြဋ္ဌာန်းချက်နှင့်အညီ တိကျသေချာသည့် အမိန့်တစ်ရပ်ကို ချမှတ်ပေးရန် ဖြစ်ပေသည်။

ထို့ကြောင့် ဤအထွေထွေအယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ၂၀ဝိ/- သတ်မှတ်သည်။

+ ၂၀၀၀
မေလ
၁၉ ရက်

## တရားမပထမအယူခံမှု

တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေးရှေ့တွင်

မန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ်၊ ပုသိမ်မြို့

နှင့်

ဦးစိန်မြ ပါ ၂*

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၈ (က)၊ ပေါင်နှံခြင်း၏ အဓိပ္ပါယ်၊ ပိုင်ဆိုင်ခွင့်စာချုပ်ကို အပ်နှံ၍ ပေါင်နှံခြင်း အထမြောက်ရန် ပြည့်စုံရမည့် အင်္ဂါရပ်များ၊ လက်မဲ့ပေါင်နှံခြင်းတွင်ရှိရမည့် အင်္ဂါရပ်များ၊ ပေါင်နှံခြင်းမြောက်လျှင် ပေါင်နှံသည့်ပစ္စည်းအပေါ် အရေးယူနိုင်ခြင်း၊ ပေါင်နှံခြင်း အထမြောက်ပါလျက် ငွေဒီကရီချမှတ်ခဲ့သည်မှာ မှားယွင်းခြင်း၊ အပေါင်ဒီကရီတွင် ချမှတ်ရမည့် အတိုးနှုန်း။

ဆုံးဖြတ်ချက်။ ။ ပေါင်နှံခြင်းဆိုသည်မှာ ချေးငှားသည့်အနေဖြင့် ပေးထားသည့် သို့မဟုတ် ပေးထားရန်ရှိသည့်ငွေကို ဖြစ်စေ၊ ရှိရင်းကြွေးမြီ သို့မဟုတ် တင်ရန်ရှိသည့် ကြွေးမြီများကို ဖြစ်စေ ပေးဆပ်ရန် သော်လည်းကောင်း၊ ငွေကြေးနှင့်စပ်လျဉ်း၍ တာဝန်မကင်း ဖြစ်လာနိုင်

---

* ၁၉၉၉ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၀၂

+ ၁၉၉၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၂ တွင် ချမှတ်သော ၂-၆-၉၉ ရက်စွဲပါ ရောဝတီတိုင်းတရားရုံး (ပုသိမ်ခရိုင်) ၏ စီရင်ချက်နှင့်ဒီကရီကို အယူခံဝင်ရောက်မှု

သည့် ပြုလုပ်မှုကို ဆောင်ရွက်စေရအောင်သော်လည်းကောင်း၊ သီးခြား မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းတွင် ခံစားထိုက်သည့် အကျိုးသက်ဆိုင်မှုကို လွှဲပြောင်းပေးခြင်း ဖြစ်သည်ဟု ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ ပုဒ်မ ၅၈ (က) တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ပိုင်ဆိုင်ခွင့်စာချုပ်ကို အပ်နှံ၍ ပေါင်နှံခြင်း အထမြောက်ရန် ပြည့်စုံရမည့် အင်္ဂါရပ်များမှာ (၁) ကြွေးမြီအတွက် ပိုင်ဆိုင်ခွင့်စာချုပ်ကို မြီရှင် သို့မဟုတ် မြီရှင်၏ကိုယ်စားလှယ်အား အပ်နှံရမည်၊ (၂) ပစ္စည်းပေါင်နှံရန် ရည်ရွယ်ချက်ဖြင့် အပ်နှံခြင်း ဖြစ်ရမည်၊ (၃) ဤပေါင်နှံခြင်းကို ရန်ကုန်မြို့၊ မော်လမြိုင်၊ ပုသိမ်နှင့် စစ်တွေမြို့များ၌သာ ပြုလုပ်ရမည်ဖြစ်သည်။

ယခုအမှုတွင် ပေါင်နှံခြင်းကို ကျောင်းကုန်းမြို့တွင် ပြုလုပ်ခဲ့သည်ဖြစ်ရာ သတ်မှတ်ထားသည့် မြို့ကြီး ၄ မြို့တွင် ပြုလုပ်ခဲ့ခြင်း မဟုတ်၍ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၈ (စ) ရှိ အခြား အင်္ဂါရပ်များနှင့် ပြည့်စုံနေစေကာမူ ပိုင်ဆိုင်ခွင့်စာချုပ် အပ်နှံ၍ ပေါင်နှံခြင်း မြောက်မည်မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၈ (ခ) တွင် လက်မဲ့ပေါင်နှံခြင်း၏ အဓိပ္ပါယ်ကို ဖွင့်ဆိုထားသည်။ လက်မဲ့ပေါင်နှံခြင်းတွင် ရှိရမည့်အင်္ဂါရပ်များမှာ (၁) သီးခြား မရွှေ့မပြောင်းနိုင်သော ပစ္စည်း၏ အကျိုးသက်ဆိုင်မှုကို လွှဲပြောင်းပေးခြင်း၊ (၂) ပေါင်နှံသူက ချေးငွေကို ကိုယ်တိုင်ပေးဆပ်ရန် တာဝန်ယူခြင်း၊ (၃) ပစ္စည်းကို အပေါင်ခံသူအား လက်ရောက်အပ်ပေးခြင်းမရှိ (၄) ချေးငွေကိုပေးဆပ်ခြင်း မရှိက အပေါင်ပစ္စည်းကို ရောင်းချ၍ ရယူရန်သဘောတူခြင်း၊ (၅) အပေါင်ရွေးနှုတ်ခြင်းမှ ပိတ်ပင်မှုမရှိခြင်း နှင့် (၆) တန်ဖိုးငွေ ကျပ် ၁၀၀ အောက် ဖြစ်စေကာမူ မှတ်ပုံတင်ရန်လိုခြင်းတို့ပင် ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ လက်မှဲ့ပေါင်နှံခြင်းတွင် အတိအလင်း ဖော်ပြထားသည်ဖြစ်စေ၊ မဖော်ပြထားသည်ဖြစ်စေ၊ ချေးငွေကို ပေါင်နှံသူက ကိုယ်တိုင်ပေးဆပ်ရန် တာဝန်ယူရသဖြင့် အပေါင်ခံသူသည် ကိုယ်တိုင် ချေးငွေအတွက် ပေါင်နှံသူကိုယ်တိုင်အပေါ်ဖြစ်စေ၊ ပေါင်နှံသည့်ပစ္စည်းအပေါ်ဖြစ်စေ အရေးယူနိုင်သည်။ သက်သာခွင့်နှစ်မျိုးလုံးကို တစ်ကြိမ်တည်း တောင်းဆိုနိုင်သည်။ ထို့ပြင် ချေးငွေကိုပေးဆပ်ခြင်း မရှိပါက အပေါင်ပစ္စည်းကို ရောင်းချ၍ ရယူရန်သဘောတူထားပြီး ဖြစ်၍ အပေါင်ပစ္စည်းကို ရောင်းချနိုင်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ အပေါင်ခံထားသောပစ္စည်းကို ရောင်းချပေးစေရန် တရားစွဲဆိုသော အပေါင်ခံသူသည် ငွေရင်းအပေါ် မိမိပဋိညာဉ်ပါ စည်းကမ်းချက်များအရ အာမခံထားသည့်အတိုးကို တရားစွဲဆိုသည့်နေ့မှ တရားရုံးက ငွေပေးဆပ်ရန် တရားရုံး၏ဒီကရီအရ သတ်မှတ်သည့်နေ့အထိ ရခွင့်ရှိသည်။ **မောင်ရန်ကင်း နှင့် ကာသာရန်ဆန်ချစ်တီး**[၁] စီရင်ထုံးကို ကြည့်ပါ။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၃၄ အရလည်း တရားရုံးသည် ဒီကရီချမှတ်သည့်နေ့မှ ဒီကရီငွေများ ရရှိသည်အထိ သင့်လျော်သောနှုန်းဖြင့် အတိုးပေးစေရန် အမိန့်ချမှတ်နိုင်သည်။ သို့ရာတွင် ထိုအာဏာကို အသုံးပြုရာ၌ တရားမျှတရာရောက်မည့် အမိန့်မျိုးကိုသာ ချမှတ်နိုင်မည်ဖြစ်သည်။ **ပြည်သူ့ဘဏ်အမှတ် ၉ နှင့် မက်ဆားစ်နေရှင်နယ်စီးကရက်ကုမ္ပဏီ**[၂] စီရင်ထုံးကို ကြည့်ပါ။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးခင်မောင်သန်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ရှေ့နေချုပ်ရုံး |
| အယူခံတရားပြိုင်များအတွက် | - | ဦးသိန်းဟန်<br>တရားရုံးချုပ်ရှေ့နေ |

ဧရာဝတီတိုင်းတရားရုံး (ပုသိမ်ခရိုင်) ၏ ၁၉၉၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၂ တွင် အယူခံတရားလိုက အယူခံတရားပြိုင်များအပေါ် ဘဏ်ချေးငွေ ကျပ် ၁၇၅၄၇၄၁/၉၂ ပြား အတွက် အပေါင်ဒီကရီရလိုမှုကို စွဲဆိုခဲ့သည်။ မူလတရားရုံးက စွဲဆိုသောငွေကျပ် ၁၇၅၄၇၄၁/၉၂ ပြားအား အယူခံတရားပြိုင်များက အယူခံတရားလိုသို့ ပေးဆပ်စေရန် ပဏာမဒီကရီ ချမှတ်ပေးခဲ့သည်။ ယင်းကဲ့သို့ ချမှတ်ပေးခဲ့ခြင်းကို အယူခံတရားလိုက မကျေနပ်သဖြင့် ဤအယူခံမှုကို တင်သွင်းခြင်း ဖြစ်သည်။

မူလရုံးတရားလို၏ အဆိုလွှာတွင် မူလရုံးတရားပြိုင်များသည် မြန်မာ့စီးပွားရေးဘဏ်မှ ပုဂ္ဂလိကလုပ်ငန်းရှင်ချေးငွေကျပ် ၈၉၀၀၀၀/- ကို ၅-၄-၉၃ နေ့တွင် တစ်နှစ်လျှင် အတိုးငွေ ၁၇% ဖြင့် ချေးယူခဲ့ကြောင်း၊ အဆိုပါချေးငွေအတွက် အပေါင်စာချုပ်ကို ၅-၄-၉၃ နေ့တွင် လက်မှတ်ရေးထိုးပြီး ကျောင်းကုန်းမြို့ရှိ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ခဲ့ကြောင်း၊ ထို့ပြင် အော်ဒီမန်စာချုပ်များကိုလည်း ၅-၄-၉၃ နေ့တွင်လည်းကောင်း၊ ၄-၇-၉၄ နေ့တွင်လည်းကောင်း ချုပ်ဆိုခဲ့ကြောင်း၊ တရားပြိုင်များသည် ချေးငွေအတွက် အပေါင်ပစ္စည်းအဖြစ် ကျောင်းကုန်းမြို့၊ အမှတ် (၁) ရပ်ကွက်၊ ကမ်းနားလမ်း၊ အကွက်အမှတ် (အက်ဖ်)၊ ဦးပိုင်အမှတ် (၃၉)၊ ဧရိယာ (၀. ၀၆၅) ဧကရှိ မြေနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂၅ ပေ × ၆၀ ပေ) ရှိ သွပ်မိုး ၂ ထပ်တိုက် အဆောက်အဦတို့ကိုလည်း အပေါင်ပစ္စည်းအဖြစ် မြန်မာ့စီးပွားရေးဘဏ်သို့ ပေးအပ်ခဲ့ကြောင်း၊ တရားပြိုင်များသည် ၂၆-၅-၉၇ နေ့အထိ ဘဏ်ကြွေးငွေ အတိုးအရင်းပေါင်း ကျပ် ၁၇၅၄၇၄၁/၉၂ ပြားကို ပေးဆပ်ရန် ကျန်ရှိကြောင်း၊ ယင်းငွေများကို တရားပြိုင်များသည် ပေးဆပ်ခြင်း မရှိကြောင်း၊ ထို့ကြောင့် ယင်းငွေအတွက် ပဏာမဒီကရီချမှတ်ပေးရန် ပဏာမဒီကရီကို လိုက်နာမှုမရှိပါက အပေါင်ပစ္စည်းကို ထုခွဲရောင်းချခွင့်ပြုရန် အပေါင်ပစ္စည်းကို

ရောင်းချပြီးသော်လည်း ကြွေးကျန်ရှိပါက ပုဂ္ဂလိကဒီကရီ ချမှတ်ပေးရန် တရားစွဲဆိုသည့်နေ့မှ ဒီကရီငွေအကြေအလည် ရရှိသည့်နေ့အထိ ဥပဒေအရ သတ်မှတ်ထားသော အတိုး၊ ကုန်ကျစရိတ်နှင့် တရားစရိတ်တို့ကို ချမှတ်ပေးပါရန် ဖော်ပြပါရှိသည်။

တရားပြိုင်များက ငြင်းဆိုခြင်းမပြုကြဘဲ ဖြောင့်ဆိုဝန်ခံလွှာကို တင်သွင်းခဲ့ကြသည်။

မူလရုံးက တရားလို၏ လျှောက်ထားချက်တွင် ပါရှိသည့် ချေးငွေ အတိုးအရင်းပေါင်းငွေ ၁၇၅၄၇၄၁/၉၂ ပြား အတွက် ငွေဒီကရီကို ပဏာမဒီကရီအဖြစ် ချမှတ်ပေးခဲ့သည်။

အယူခံတရားလို၏ ရှေ့နေက လျှောက်လဲရာတွင် အယူခံတရားလိုသည် မူလရုံးတွင် တရားမကြီးမှု စွဲဆိုစဉ်ကပင် အဆိုလွှာ၌ ငွေကျပ် ၁၇၅၄၇၄၁/၉၂ ပြားအတွက် အပေါင်ဒီကရီရလိုမှု စွဲဆိုခြင်းဖြစ်ပါလျက် မူလရုံးက ငွေဒီကရီကို ချမှတ်ပေးခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်း၊ ပဏာမဒီကရီချမှတ်ပြီးနောက် အပေါင်ထားသည့် ပစ္စည်းအား ရောင်းချရန်အတွက် အပြီးသတ်ဒီကရီချမှတ်ပေးရန် ဖြစ်သော်လည်း ယခုကဲ့သို့ ငွေဒီကရီချမှတ်ခြင်းမှာ ဥပဒေပါပြဋ္ဌာန်းချက်နှင့် မညီညွတ်ကြောင်း၊ တရားနိုင်ဘဏ်အနေဖြင့် အပေါင်ပစ္စည်းအပေါ် ဆက်လက်ဆောင်ရွက်ခြင်း မပြုနိုင်၍ များစွာ နစ်နာဆုံးရှုံးကြောင်း၊ ထို့ပြင် မူလရုံး အမိန့်တွင် တရားစွဲဆိုသောနေ့မှ ဒီကရီချမှတ်သောနေ့အထိနှင့် ဒီကရီချမှတ်သောနေ့မှ ပေးဆပ်သောနေ့အထိတို့အတွက် အတိုးတစ်စုံတစ်ရာကို ခွင့်ပြုထားခြင်းမရှိကြောင်း စသည်ဖြင့် အခြားအချက်များနှင့်အတူ လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ ရှေ့နေက တရားပြိုင်များသည် မူလရုံးတွင် အကြွင်းမဲ့ဖြောင့်ဆိုဝန်ခံလွှာကို တင်သွင်းပြီးဖြစ်ကြကြောင်း၊ သို့ရာတွင် စာချုပ်စာတမ်းများ ပေးအပ်၍ ပေါင်နှံခြင်းကို မြို့တိုင်း၌ပြုလုပ်ခွင့်မရှိကြောင်း၊ ရန်ကုန်၊ မော်လမြိုင်၊ စစ်တွေ၊ ပုသိမ်မြို့များ၌သာ

လုပ်ပိုင်ခွင့်ရှိကြောင်း၊ ဤအမှုတွင် စာချုပ်စာတမ်းများ ပေးအပ်ခြင်းသည် ပုသိမ်မြို့၌မဟုတ်ဘဲ ကျောင်းကုန်းမြို့၌ဖြစ်နေ၍ ဥပဒေအရ အပေါင်မမြောက်ကြောင်း၊ ထို့ကြောင့် မူလရုံးက ငွေဒီကရီအဖြစ် ချမှတ်ခဲ့ခြင်း ဖြစ်ဟန်ရှိကြောင်း၊ အတိုးနှင့်ပတ်သက်၍လည်း မူလရုံး၏ စတင်ချေးငှားသည့်နေ့မှ တရားစွဲသည့်နေ့အထိ အတိုးအရင်းငွေများကို အပြည့်အဝချမှတ်ပေးပြီးဖြစ်ကြောင်း၊ ဒီကရီချမှတ်သည့်နေ့မှ ပေးဆပ်သည့်နေ့အထိ အတိုးပေးရန်ကိစ္စမှာမူ မူလရုံး၏ဆင်ခြင်တုံတရားအရသာ ချမှတ်ပေးနိုင်သောကိစ္စ ဖြစ်၍ အခွင့်အရေးတစ်ရပ်အနေဖြင့် တရားလိုက တောင်းဆိုခွင့်မရှိကြောင်း စသည်ဖြင့် အခြားအချက်များနှင့်အတူ လျှောက်လဲတင်ပြသည်။

တရားပြိုင်များသည် ကျောင်းကုန်းမြို့၊ ကမ်းနားလမ်း၊ (၁) ရပ်ကွက်၊ အမှတ် (၅၉) တွင် နေထိုင်ကြသော အကြင်လင်မယားဖြစ်ကြသည်။ ၎င်းတို့သည် ၅-၄-၉၃ နေ့တွင် မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေကျပ် ၈၉၀၀၀၀/- ကို တစ်နှစ်လျှင် အတိုးငွေ ၁၇% ဖြင့် ချေးယူခဲ့ပြီး၊ အပေါင်စာချုပ်ကို ၅-၄-၉၃ နေ့တွင်ပင် ချုပ်ဆိုခဲ့သည်။ ယင်းစာချုပ်ကို ကျောင်းကုန်းမြို့ရှိ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ခဲ့ပြီး အော်ဒီမန်စာချုပ်များအပေါ်တွင်လည်း တရားပြိုင်များက လက်မှတ်ရေးထိုးခဲ့သည်။ တရားပြိုင်များသည် မြန်မာ့စီးပွားရေးဘဏ်သို့ တိုးရင်းငွေပေါင်း ကျပ် ၁၇၅၄၇၄၁/၉၂ ပြား ပေးဆပ်ရန်ရှိသော်လည်း ပေးဆပ်ခြင်းမရှိသဖြင့် မြန်မာ့စီးပွားရေးဘဏ်က ၎င်းတို့အပေါ် တရားစွဲဆိုခြင်းဖြစ်ကြောင်းကို တွေ့ရှိရသည်။

တရားပြိုင်များသည် တရားလိုဘဏ်မှ ငွေချေးခဲ့ကြကြောင်း၊ အတိုးငွေမှာ တစ်နှစ်လျှင် ၁၇% ဖြစ်ကြောင်း၊ ၎င်းချေးငွေအတွက် အပေါင်စာချုပ်နှင့် အော်ဒီမန်စာချုပ်များကို ချုပ်ဆိုခဲ့ကြကြောင်း၊ ယင်းချေးငွေများအတွက် ချေးငွေနှင့်အတိုးများကို ပေးဆပ်ရန် တာဝန်ရှိကြကြောင်းမှာ အငြင်းမပွားသောအချက်များ ဖြစ်ကြသည်။ အငြင်းပွားနေ

သောအချက်မှာ အဆိုလွှာတွင် ဖော်ပြထားသကဲ့သို့ စာချုပ်စာတမ်းများအပ်နှံ၍ ပေါင်နှံခြင်းကို ရန်ကုန်၊ မော်လမြိုင်၊ စစ်တွေ၊ ပုသိမ်မြို့များ၌သာ လုပ်ပိုင်ခွင့်ရှိသည့်အတွက် ကျောင်းကုန်းမြို့တွင် ပြုလုပ်သည့် အပေါင်စာချုပ်သည် ဥပဒေအရပေါင်နှံခြင်း မြောက်/မမြောက် ဟူသော အချက်ဖြစ်သည်။

ပေါင်နှံခြင်းဆိုသည်မှာ ချေးငှားသည့်အနေဖြင့် ပေးထားသည့် သို့မဟုတ် ပေးထားရန်ရှိသည့် ငွေကိုဖြစ်စေ၊ ရှိရင်းကြွေးမြီ သို့မဟုတ် တင်ရန်ရှိသည့် ကြွေးမြီများကိုဖြစ်စေ ပေးဆပ်ရန်သော်လည်းကောင်း၊ ငွေကြေးနှင့်စပ်လျဉ်း၍ တာဝန်မကင်း ဖြစ်လာနိုင်သည့် ပြုလုပ်မှုကို ဆောင်ရွက်စေရအောင်သော်လည်းကောင်း၊ သီးခြား မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းတွင် ခံစားထိုက်သည့် အကျိုးသက်ဆိုင်မှုကို လွှဲပြောင်းပေးခြင်းဖြစ်သည်ဟု ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၈ (က) တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည်။

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၈ အရ ပေါင်နှံခြင်း (၆) မျိုးရှိရာ ရန်ကုန်၊ မော်လမြိုင်၊ ပုသိမ်၊ စစ်တွေနှင့် ဤကိစ္စအတွက် နိုင်ငံတော်သမ္မတ ပြန်တမ်းတွင် ကြေညာ၍ သတ်မှတ်ထားသည့် အခြားမြို့တွင် လူတစ်ဦးက မြီရှင်သို့ဖြစ်စေ၊ ၎င်း၏ကိုယ်စားလှယ်သို့ ဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်း၏ ပိုင်ဆိုင်ခွင့်စာချုပ်များကို အပေါင်အဖြစ် ထားရှိရန် ပေးအပ်လျှင် ထိုပြုလုပ်မှုသည် ပိုင်ဆိုင်ခွင့်စာချုပ်အပ်နှံ၍ ပေါင်နှံခြင်းဟုခေါ်သည်။

ပိုင်ဆိုင်ခွင့်စာချုပ်ကိုအပ်နှံ၍ ပေါင်နှံခြင်း အထမြောက်ရန် ပြည့်စုံရမည့် အင်္ဂါရပ်များမှာ (၁) ကြွေးမြီအတွက် ပိုင်ဆိုင်ခွင့်စာချုပ်ကို မြီရှင် သို့မဟုတ် မြီရှင်၏ကိုယ်စားလှယ်အား အပ်နှံရမည်။ (၂) ပစ္စည်းပေါင်နှံရန် ရည်ရွယ်ချက်ဖြင့် အပ်နှံခြင်းဖြစ်ရမည်။ (၃) ဤပေါင်နှံခြင်းကို ရန်ကုန်၊ မော်လမြိုင်၊ ပုသိမ်နှင့် စစ်တွေမြို့များ၌သာ ပြုလုပ်ရမည်ဖြစ်သည်။

ယခုအမှုတွင် ပေါင်နှံခြင်းကို ကျောင်းကုန်းမြို့တွင် ပြုလုပ်ခဲ့သည်ဖြစ်ရာ သတ်မှတ်ထားသည့် မြို့ကြီး ၄ မြို့တွင် ပြုလုပ်ခဲ့ခြင်း မဟုတ်၍ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၈ (စ) ရှိ အခြား အင်္ဂါရပ်များနှင့် ပြည့်စုံနေစေကာမူ ပိုင်ဆိုင်ခွင့်စာချုပ် အပ်နှံ၍ ပေါင်နှံခြင်း မြောက်မည်မဟုတ်ပေ။

ပေါင်နှံခြင်းတစ်ရပ်သည် ပိုင်ဆိုင်ခွင့်စာချုပ် အပ်နှံ၍ ပေါင်နှံခြင်း မဟုတ်ရုံမျှဖြင့် ငွေဒီကရီချမှတ်ပေးရန် မဟုတ်ပေ။ မည်သည့် ပေါင်နှံခြင်းမျိုးဖြင့် ပေါင်နှံခြင်းဖြစ်သည်ကို သေချာစွာစိစစ်ရန် လိုပေသည်။ စိစစ်ရမည့်အချက်မှာ အပေါင်စာချုပ်ဖြစ်သည်။

ဦးစိန်မြ၊ ဒေါ်ခင်ဝင်းတို့နှင့် မြန်မာ့စီးပွားရေးဘဏ်တို့ချုပ်ဆိုခဲ့သည့် ၅-၄-၉၃ ရက်စွဲပါ သက်သေခံအမှတ် (က) အပေါင်စာချုပ်ကို စိစစ်ကြည့်ရှုသည့်အခါ အပေါင်စာချုပ်သည် လက်မဲ့ပေါင်နှံခြင်းစာချုပ် ဖြစ်ကြောင်း အတိအလင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၅၈(ခ) တွင်လက်မဲ့ပေါင်နှံခြင်း၏အဓိပ္ပါယ်ကိုဖွင့်ဆိုထားသည်။ လက်မဲ့ပေါင်နှံခြင်းတွင် ရှိရမည့် အင်္ဂါရပ်များမှာ (၁) သီးခြား မရွှေ့မပြောင်းနိုင်သောပစ္စည်း၏ အကျိုးသက်ဆိုင်မှုကို လွှဲပြောင်းပေးခြင်း၊ (၂) ပေါင်နှံသူက ချေးငွေကို ကိုယ်တိုင်ပေးဆပ်ရန် တာဝန်ယူခြင်း၊ (၃) ပစ္စည်းကို အပေါင်ခံသူအား လက်ရောက်အပ်ပေးခြင်း မရှိ၊ (၄) ချေးငွေကို ပေးဆပ်ခြင်းမရှိက အပေါင်ပစ္စည်းကို ရောင်းချ၍ ရယူရန်သဘောတူခြင်း (၅) အပေါင် ရွေးနုတ်ခြင်းမှ ပိတ်ပင်မှု မရှိခြင်းနှင့် (၆) တန်ဖိုးငွေကျပ် ၁၀၀ အောက် ဖြစ်စေကာမူ မှတ်ပုံတင်ရန်လိုခြင်းတို့ပင် ဖြစ်သည်။

သက်သေခံ (က) အပေါင်စာချုပ်တွင်ပါရသည့် စည်းကမ်းချက်များမှာ အထက်ဖော်ပြပါအင်္ဂါရပ်များနှင့် ညီညွတ်ကြောင်း တွေ့ရှိရသည်။ သို့ဖြစ်ရာ ဦးစိန်မြ၊ ဒေါ်ခင်ဝင်းတို့နှင့် မြန်မာ့စီးပွားရေးဘဏ်

တို့သည် လက်မဲ့ပေါင်နှံခြင်းနည်းလမ်းဖြင့် ပေါင်နှံခြင်း ပြုလုပ်ခဲ့ကြောင်း ထင်ရှားပေါ်ပေါက်သည်။

လက်မဲ့ပေါင်နှံခြင်းတွင် အတိအလင်း ဖော်ပြထားသည်ဖြစ်စေ၊ မဖော်ပြထားသည်ဖြစ်စေ၊ ချေးငွေကိုပေါင်နှံသူက ကိုယ်တိုင် ပေးဆပ်ရန် တာဝန်ယူရသဖြင့် အပေါင်ခံသူသည် ချေးငွေအတွက် ပေါင်နှံသူကိုယ်တိုင်အပေါ် ဖြစ်စေ၊ ပေါင်နှံသည့်ပစ္စည်းအပေါ် ဖြစ်စေ၊ အရေးယူနိုင်သည်။ သက်သာခွင့်နှစ်မျိုးလုံးကို တစ်ကြိမ်တည်း တောင်းဆိုနိုင်သည်။ ထို့ပြင် ချေးငွေကို ပေးဆပ်ခြင်းမရှိပါက အပေါင်ပစ္စည်းကို ရောင်းချ၍ ရယူရန် သဘောတူထားပြီး ဖြစ်၍ အပေါင်ပစ္စည်းကို ရောင်းချနိုင်ပေသည်။

မူလရုံးက လက်မဲ့ပေါင်နှံခြင်း အထမြောက်ပါလျက် ငွေဒီကရီ ချမှတ်ခဲ့ခြင်းမှာ မှားယွင်းပေသည်။ ထို့ပြင် မူလရုံးသည် တရားလိုစွဲဆိုသော ငွေအပေါ်တွင် ငွေဒီကရီသာ ချမှတ်ထားသည့်အပြင် အမှုစွဲဆိုသည့်နေ့မှ ပဏာမဒီကရီ ချမှတ်သည့်နေ့အထိလည်းကောင်း၊ ပဏာမဒီကရီ ချမှတ်သည့်နေ့မှ ဒီကရီငွေများ ရရှိသည့်နေ့အထိလည်းကောင်း၊ အတိုးပေးရန်အတွက် အမိန့်တစ်စုံတစ်ရာ ချမှတ်ထားသည်ကို မတွေ့ရပေ။

အပေါင်ခံထားသောပစ္စည်းကို ရောင်းချပေးစေရန် တရားစွဲဆိုသော အပေါင်ခံသူသည် ငွေရင်းအပေါ် မိမိပဋိညာဉ်ပါ စည်းကမ်းချက်များအရ အာမခံထားသည့် အတိုးကို တရားစွဲဆိုသည့်နေ့မှ တရားရုံးက ငွေပေးဆပ်ရန် တရားရုံး၏ ဒီကရီအရ သတ်မှတ်သည့်နေ့အထိ ရခွင့်ရှိသည်။ **မောင်ရန်ကင်း နှင့် ကာသာရန်ဆန်ချစ်တီး**[(၁)] စီရင်ထုံးကို ကြည့်ပါ။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၃၄ အရလည်း တရားရုံးသည် ဒီကရီချမှတ်သည့်နေ့မှ ဒီကရီငွေများ ရရှိသည်အထိ

(၁) ၁၉၂၁-၂၂၊ အထက်မြန်မာပြည်စီရင်ထုံးများ၊ အတွဲ- ၄၊ စာ- ၁။

သင့်လျော်သောနှုန်းဖြင့် အတိုးပေးစေရန် အမိန့်ချမှတ်နိုင်သည်။ သို့ရာတွင် ထိုအာဏာကို အသုံးပြုရာ၌ တရားမျှတရာ ရောက်မည့် အမိန့်မျိုးကိုသာ ချမှတ်နိုင်မည် ဖြစ်သည်။ ပြည်သူ့ဘဏ်အမှတ် ၉ နှင့် မက်ဆားစ်နေရှင်နယ်စီးကရက်ကုမ္ပဏီ(၂) စီရင်ထုံးကို ကြည့်ပါ။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြုသည်။ ဧရာဝတီတိုင်းတရားရုံး (ပုသိမ်ခရိုင်) ၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ မူလရုံးတရားလို (အယူခံတရားလို) စွဲဆိုသည့်အတိုင်း မူလရုံးတရားပြိုင် (အယူခံ တရားပြိုင်) များအပေါ် စွဲဆိုရင်းငွေကျပ် ၁၇၅၄၇၄၁/၉၂ ပြား ကို အပေါင်ဒီကရီငွေအဖြစ် စရိတ်နှင့်တကွ ပဏာမဒီကရီ ချမှတ်ပေးလိုက် သည်။

၎င်းနောက် စွဲဆိုသောငွေအပေါ် စွဲဆိုသောနေ့မှ ပဏာမ ဒီကရီ ချမှတ်သောနေ့အထိ တစ်နှစ်လျှင် ၁၇% အတိုးဖြင့် လည်းကောင်း၊ ပဏာမဒီကရီ ချမှတ်သောနေ့မှ စွဲဆိုသောငွေကို အပြေ အကြေ ပေးဆပ်ပြီးသည့်နေ့အထိ တစ်နှစ်လျှင် ၆% အတိုးဖြင့် လည်းကောင်း အတိုးငွေပေးစေရမည်။

(၂) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၂၃၀။

+ ၂၀၀၀
နိုဝင်ဘာလ
၉ ရက်

# တရားမအထူးအယူခံမှု

## တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသန်းဦး၊ တရားသူကြီးများဖြစ်ကြသော ဒေါက်တာတင်အောင်အေး နှင့် ဦးချစ်လွင် တို့ရှေ့တွင်

ဒေါက်တာမြမြအေး ပါ ၂

နှင့်

ဒေါ်မြမြဝင်း ပါ ၂*

ဒီကရီကို လိုက်နာရန် တာဝန်ရှိသူများ၊ အမှုအတောအတွင်း ယင်းဥပစာကို လွှဲပြောင်းရယူထားသူ ဆိုသည်မှာ တရားရှုံးထံမှ အမှုအတောအတွင်း ဥပစာကို လွှဲပြောင်းရယူထားသူကို ဆိုလိုခြင်းဖြစ်သည်။ ဒီကရီကို လိုက်နာရန် တာဝန်ရှိသူများမှာ တစ်နည်းနည်းဖြင့် တရားရှုံးနှင့် ဆက်နွယ်ပတ်သက်သူများ ဖြစ်ကြသည်။

ဆုံးဖြတ်ချက်။ ။ ဒီကရီကို လိုက်နာရန် တာဝန်ရှိသူများထဲတွင် တရားရှုံးထံမှ အချင်းဖြစ်ဥပစာကို တစ်ဆင့်ငှားရမ်းထားသူ အမှုအတောအတွင်း ယင်းဥပစာကို လွှဲပြောင်းရယူထားသူနှင့် တရားရှုံးကို အကြောင်းပြု၍ ယင်းဥပစာကို လက်ရှိထားသူတို့ ပါဝင်သည်။ ဦးကိုရင်နှင့် မောင်ရဲမြင့် အမှု(၁) ကို ကြည့်ပါ။

---

* ၁၉၉၇ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၃၀

\+ ၁၉၉၆ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၇၇ တွင် ချမှတ်သော ၂၈-၁၂-၉၆ ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံမှု

၂၀၀၀
ဒေါက်တာ
ဒေါ်မြမြအေး
ပါ ၂
နှင့်
ဒေါ်မြမြဝင်း
ပါ ၂

ထပ်မံဆုံးဖြတ်ချက်။ ။ အမှုအတောအတွင်း ယင်းဥပစာကို လွှဲပြောင်း ရယူထားသူဆိုသည်မှာ တရားရှုံးထံမှ အမှုအတောအတွင်း ယင်းဥပစာကို လွှဲပြောင်းရယူထားသူဟု ဆိုလိုခြင်း ဖြစ်ကြောင်း ပေါ်ပေါက်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၃၅ နှင့် နည်း ၉၈ ပါ ပြဋ္ဌာန်းချက်များကို ယှဉ်တွဲလေ့လာသည့်အခါ အပ်ဝရမ်း အတည်ပြုရာတွင် ဒီကရီကို လိုက်နာရန် တာဝန်ရှိသူများ ဖြစ်ကြသော အချင်းဖြစ်ဥပစာကို တစ်ဆင့်ငှားရမ်းထားသူ၊ လွှဲပြောင်း ရယူထားသူ၊ လက်ရှိထားသူတို့သည် တရားရှုံးနှင့် ဆက်နွယ်ပတ်သက် သူများဖြစ်ကြောင်း ကောက်ယူနိုင်သည်။

သာမန်အားဖြင့် ဒီကရီတစ်ရပ်ကို တရားရှုံးအပေါ်တွင်သာ အတည်ပြုနိုင်သည်ဖြစ်ရာ တရားရှုံးနှင့် မသက်ဆိုင်သူတို့မှာ ဒီကရီ ကို လိုက်နာရန်တာဝန်ရှိသူ မဖြစ်နိုင်ပေ။

တရားနိုင်က ဒီကရီရရှိပြီးမှ ဒီကရီချမှတ်ထားသည့် အခန်းကို တရားရှုံးမဟုတ်သူထံမှ ဝယ်ယူနေထိုင်သူသည်လည်းကောင်း၊ အမှု အတောအတွင်း တရားရှုံးမဟုတ်သူထံမှ ငှားရမ်း နေထိုင်သူသည် လည်းကောင်း၊ တရားနိုင်ရရှိထားသည့် ဒီကရီကို လိုက်နာရန် တာဝန်ရှိ သူများ မဟုတ်ပေ။

အယူခံတရားလိုများအတွက် - ဦးတင်လှိုင်ထွေး
တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်များအတွက် - ၁။ ဦးကျော်နိုင်
တရားရုံးချုပ်ရှေ့နေ
၂။ ကိုယ်တိုင်-မလာ

၂၀၀၀
ဒေါက်တာ
ဒေါ်မြမြအေး
ပါ ၂
နှင့်
ဒေါ်မြမြဝင်း
ပါ ၂

ရန်ကုန်တိုင်းတရားရုံး၊ တရားမဇာရီမှုအမှတ် ၁၈/၉၁ တွင် တရားနိုင် ဒေါ်မြမြဝင်းက တရားရှုံး ဦးကျော်ဦးအပေါ် တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၂၃၈/၈၈ တွင်ရရှိထားသည့်အနိုင်ဒီကရီကို အတည်ပြုပေးရန် လျှောက်ထားသည်။ တိုင်းတရားရုံးက တရားမ ကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၃၅ အရ အပ်ဝရမ်း ထုတ်ဆင့်သည့် အခါ အချင်းဖြစ်အခန်းများတွင် တွေ့ရှိရသူ ဒေါ်မြမြအေးနှင့် ဒေါ်ရဟီမာတို့က ခုခံတားဆီး ကန့်ကွက်ခဲ့ကြသည်။ တရားနိုင်က ယင်းတို့နှစ်ဦးအပေါ် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၉၇ အရ အရေးယူပေးရန် လျှောက်ထားသဖြင့် တိုင်းတရားရုံးက စုံစမ်းမှုပြုလုပ် ပြီး ယင်းတို့အား အချင်းဖြစ်အခန်းမှ ဖယ်ရှား၍ တရားနိုင် ဒေါ်မြမြဝင်း အား လက်ရောက်ပေးအပ်ရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို မကျေနပ်သဖြင့် ဒေါ်မြမြအေးနှင့် ဒေါ်ရဟီမာတို့က တရားရုံးချုပ်သို့ ပြင်ဆင်မှုလျှောက်ထားသော်လည်း မအောင်မြင်သဖြင့် တရားရုံးချုပ်၏ အမိန့်ကို ၁၉၈၈ ခုနှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ ပြန်လည် စစ်ဆေးစီရင်ပေးရန် လျှောက်ထားသည့်အခါ တရားရုံးချုပ် အထူးခုံရုံး က အောက်ပါပြဿနာကို ကြားနာရန် အထူးအယူခံ ဝင်ခွင့်ပြုခဲ့သည်-

> " ဒီကရီချမှတ်ထားသည့် အချင်းဖြစ်တိုက်ခန်းကို တရားရှုံး မဟုတ်သူ ဒေါ်ညွန့်ရီထံမှ ဝယ်ယူနေထိုင်သည့် ဝရမ်း ခုခံသူ ဒေါ်မြမြအေးသည်လည်းကောင်း၊ တရားရှုံး မဟုတ်သူ ဦးထွန်းဝင်းထံမှ ငှားရမ်းနေထိုင်သည့် ဝရမ်းခုခံသူ ဒေါ်ရဟီမာ သည်လည်းကောင်း၊ ဒီကရီကို လိုက်နာရန် တာဝန်ရှိသူများ ဖြစ်သည်ဟု ဆုံးဖြတ်ခဲ့သော တိုင်းတရားရုံး၏ အမိန့်ကို အတည်ပြုခဲ့သည့် တရားရုံးချုပ်၏ အမိန့်သည် ဥပဒေနှင့် ညီ-မညီ"

အယူခံတရားလိုများ၏ရှေ့နေက အိမ်ပိုင်ရှင် ဦးထွန်းဝင်းနှင့် နှမဒေါ်ညွန့်ရီတို့ ဆောက်လုပ်ပိုင်ဆိုင်သော အခန်းများမှာ ဦးကျော်ဦး

၂၀၀၀
ဒေါက်တာ
ဒေါ်မြမြအေး
ပါ ၂
နှင့်
ဒေါ်မြမြဝင်း
ပါ ၂

နှင့် သက်ဆိုင်ခြင်းမရှိသဖြင့် ယင်းအခန်းနှစ်ခန်းသည် ဒေါ်မြမြဝင်းက ဦးကျော်ဦးအပေါ် ရရှိသောဒီကရီနှင့် အကျုံးမဝင်ကြောင်း၊ ဦးကျော်ဦး ဆောက်လုပ်သည့် အခန်းဖြစ်မှသာ အကျုံးဝင်နိုင်မည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဦးကျော်ဦး ဆောက်လုပ်သော အခန်းမဟုတ်ဘဲ အိမ်ပိုင်ရှင်များက ဆောက်လုပ်သည့် အခန်းဖြစ်သော အယူခံတရားလိုများ ဖြစ်ကြသည့် ဒေါ်မြမြအေးနှင့် ဒေါ်ရဟီမာတို့ နေထိုင်သော အခန်းကို ဒေါ်မြမြဝင်းအား လက်ရောက်ပေးအပ်ခြင်း မပြုနိုင်ကြောင်း၊ ယခုအမှုတွင် အယူခံတရားလိုများသည် တရားရှုံးများ မဟုတ်သည့်အပြင် အချင်းဖြစ် တိုက်ခန်းများကိုလည်း တရားရှုံးဖြစ်သူ ဦးကျော်ဦးထံမှ ဝယ်ယူခဲ့ခြင်း မဟုတ်ကြောင်း၊ ၎င်းအပြင် အယူခံတရားလိုများသည် တရားရှုံးနှင့်ပတ်သက် ဆက်နွယ် နေထိုင်သူများလည်း မဟုတ်ကြောင်း ဝရမ်းအတည်ပြုသူအရာရှိ ဘီလစ်အစီရင်ခံစာ၌ ပေါ်လွင်ထင်ရှားပြီး ဖြစ်ကြောင်း၊ အယူခံတရားလို ဒေါ်မြမြအေးသည် အချင်းဖြစ်အခန်းကို တိုက်ခန်းအပျောက် အရောင်းအဝယ်စာချုပ် သက်သေခံ (၅) ဖြင့် ဒေါ်ညွန့်ရီထံမှ ဝယ်ယူခဲ့ကြောင်း၊ ဒေါ်ညွန့်ရီသည် မူလ တရားမကြီးမှု အမှတ် ၂၃၈/၈၈ ၏ တရားပြိုင်မဟုတ်ကြောင်း၊ အယူခံတရားလို ဒေါ်ရဟီမာသည်လည်း အချင်းဖြစ်အခန်းကို အိမ်ရှင်အိမ်ငှားစာချုပ် သက်သေခံ (င)အရ ဦးထွန်းဝင်းထံမှ ငှားရမ်းနေထိုင်ခြင်း ဖြစ်ကြောင်း၊ ဦးထွန်းဝင်းသည်လည်း ဇာရီမှုမှ တရားရှုံးမဟုတ်ကြောင်း၊ အချင်းဖြစ်အခန်းကို တရားရှုံးမဟုတ်သူ ဒေါ်ညွန့်ရီထံမှ ဝယ်ယူနေထိုင်လျက်ရှိသော ဒေါ်မြမြအေးသည်လည်းကောင်း၊ အချင်းဖြစ်အခန်းကို တရားရှုံးမဟုတ်သူ ဦးထွန်းဝင်းထံမှ ငှားရမ်းနေထိုင်သူ ဒေါ်ရဟီမာသည်လည်းကောင်း၊ အယူခံတရားပြိုင်အမှတ်(၁) ဒေါ်မြမြဝင်းက ဦးကျော်ဦး အပေါ် ရရှိထားသည့်ဒီကရီကို လိုက်နာရန် တာဝန်ရှိသူများ မဟုတ်ကြကြောင်း ဥပဒေအရ ပေါ်လွင်ထင်ရှားလျက်ရှိကြောင်း လျှောက်လဲတင်ပြသည်။

၂၀၀၀
ဒေါက်တာ
ဒေါ်မြမြအေး
ပါ ၂
နှင့်
ဒေါ်မြမြဝင်း
ပါ ၂

အမှတ် ၁ အယူခံတရားပြိုင်၏ ရှေ့နေက မူလဇာရီရုံးတွင် အယူခံတရားလိုများက အမှတ် ၂ အယူခံတရားပြိုင် (တရားရုံး) နှင့် အိမ်ရှင် ဦးထွန်းဝင်းတို့ ချုပ်ဆိုခဲ့သည်ဆိုသော ၂၆-၇-၈၇ နေ့စွဲပါ စွန့်လွှတ်ခြင်း စာချုပ်၊ ဦးထွန်းဝင်းနှင့် ဒေါ်ညွန့်ရီတို့ ချုပ်ဆိုခဲ့သည် ဆိုသော ၂၀-၁၁-၈၇ နေ့စွဲပါကတိစာချုပ်၊ ဦးထွန်းဝင်းနှင့် အမှတ် ၂ အယူခံတရားလိုတို့ ချုပ်ဆိုခဲ့သည်ဆိုသော ၉-၁၁-၈၉နှင့် ၂၇-၇-၉၀ နေ့စွဲပါ အိမ်ရှင်အိမ်ငှား ကတိစာချုပ်များ၊ ဒေါ်ညွန့်ရီနှင့် အမှတ် ၁ အယူခံတရားလိုတို့ ချုပ်ဆိုခဲ့သည်ဆိုသော ၁-၂-၉၁ နေ့စွဲပါ တိုက်ခန်း အရောင်းအဝယ်စာချုပ်များကို တင်ပြခဲ့ကြောင်း၊ အဆိုပါ စာရွက် စာတမ်းများအရပင်လျှင် အယူခံတရားလိုများသည် အမှတ် ၂ အယူခံ တရားပြိုင် (တရားရုံး) ဆောက်လုပ်ခဲ့သည့် အချင်းဖြစ် အခန်းများကို အမှတ် ၂ အယူခံတရားပြိုင် (တရားရုံး) ထံမှ အဆင့်ဆင့် လွှဲပြောင်း ရယူထားသူများ ဖြစ်ကြောင်း ပေါ်ပေါက်လျက်ရှိကြောင်း၊ ဒီကရီ လိုက်နာရန် တာဝန်ရှိသူများတွင် တရားရုံးထံမှ အချင်းဖြစ်ဥပစာကို တစ်ဆင့်ငှားရမ်းထားသူ၊ အမှုအတောအတွင်း ယင်းဥပစာကိုလွှဲပြောင်း ရယူထားသူနှင့် တရားရုံးတို့ကို အကြောင်းပြု၍ ယင်းဥပစာကို လက်ရှိ ထားသူတို့ ပါဝင်သည်ဟု ဦးကိုရင် နှင့် မောင်ရဲမြင့် အမှု ၁၉၈၄ ခုနှစ်၊ မတစ စာ-၂၂၉ တွင် ဆုံးဖြတ်ထားကြောင်း ၊ မူလ ရန်ကုန်တိုင်း တရားရုံး၏ ၁၉၈၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၇၈ တွင် အမှတ် ၁ အယူခံတရားပြိုင်က အမှတ် ၂ အယူခံတရားပြိုင်(တရားရုံး)နှင့် အိမ်ရှင် ဦးထွန်းဝင်းတို့အပေါ် အမှုစွဲဆိုခဲ့ကြောင်း၊ အဆိုပါအမှုတွင် အချင်းဖြစ် အခန်းများကို ဒေါ်ညွန့်ရီက ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပါသည်ဟု အမှတ် ၂ အယူခံတရားပြိုင် (တရားရုံး) နှင့် ဦးထွန်းဝင်းတို့က တင်ပြခဲ့ခြင်း မရှိကြောင်း၊ အချင်းဖြစ်အခန်းများကို အမှတ်၂ အယူခံတရားပြိုင် (တရားရုံး)က ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် အချင်း ဖြစ်အခန်းများကို အမှတ် ၁ အယူခံတရားပြိုင်သို့ လက်ရောက်ပေးအပ်

၂၀၀၀
ဒေါက်တာ
ဒေါ်မြမြအေး
ပါ ၂
နှင့်
ဒေါ်မြမြဝင်း
ပါ ၂

စေရန် မူလရုံးက စီရင်ချက်နှင့်ဒီကရီ ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဒီကရီကို အတည်ပြုရန် ဖွင့်လှစ်သည့် ဇာရီမှုတွင်မှ အချင်းဖြစ်အခန်းကို အမှတ် ၂ အယူခံတရားပြိုင်(တရားရုံး)က ဆောက်လုပ်ခဲ့ခြင်း မဟုတ်ဘဲ ဒေါ်ညွန့်ရီကသာ ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါသည်ဟု အယူခံတရားလိုများက အရေးဆိုတင်ပြခွင့်မရှိကြောင်း လျှောက်လဲတင်ပြသည်။

ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ် ၂၃၈/၈၈ တွင် ဒေါ်မြမြဝင်းက ဦးထွန်းဝင်းနှင့် ဦးကျော်ဦးတို့အပေါ် ဦးကျော်ဦးထံမှ ၄င်းဝယ်ယူထားသော အိမ်ခန်း ၂ ခန်းအား လက်ရောက်ပေးအပ်ရန် သို့မဟုတ် ပေးချေထားသောငွေ ကျပ် ၁၅၀၀၀၀/- ပေးစေရန်နှင့် သင့်လျော်သော လျော်ကြေး ပေးအပ်စေရန် တရားစွဲဆိုသည်။ ဒေါ်မြမြဝင်းသည် ဦးကျော်ဦးအပေါ် အခန်း ၂ ခန်းကို လက်ရောက်ပေးအပ်ရန် သို့မဟုတ် အဆိုပါအခန်း ၂ ခန်းအတွက် ရောင်းဘိုးရယူထားသောငွေ ကျပ် ၁၅၀၀၀၀/- ကို လျော်ကြေးငွေ ၃၀၀၀၀/- ကျပ်နှင့်အတူ ပေးဆပ်ရန် ဒီကရီရရှိခဲ့သည်။

တရားနိုင် ဒေါ်မြမြဝင်းက တရားရှုံး ဦးကျော်ဦးအပေါ် ဒီကရီကို အတည်ပြုလုပ်ပေးရန် ဇာရီမှုဖွင့်လှစ်သည်။ ဇာရီရုံးက တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၃၅ အရ အပ်ဝရမ်းထုတ်ဆင့်ပြီး ဝရမ်းအတည်ပြုသည့်အခါ အချင်းဖြစ်အခန်းတွင် တရားရှုံး ဦးကျော်ဦးကို မတွေ့ရှိရဘဲ ဒေါ်မြမြအေးနှင့် ဒေါ်ရဟီမာတို့ကို တွေ့ရှိရသည်။ ၄င်းတို့က အချင်းဖြစ်အခန်းများမှ ဖယ်ရှားမပေးနိုင်ကြောင်း ပြောဆိုပြီး ဝရမ်းကို ခုခံရာ တရားနိုင်၏ လျှောက်ထားချက်အရ တရားရုံးက တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၉၇ အရ စုံစမ်းမှု ပြုလုပ်ခဲ့သည်။ ထို့နောက် တိုင်းတရားရုံးက ဒေါ်မြမြအေးနှင့် ဒေါ်ရဟီမာတို့သည် ဒီကရီကို လိုက်နာရန်တာဝန်ရှိသူများဖြစ်သည်ဆိုကာ အချင်းဖြစ်အခန်းများမှ ဖယ်ရှား၍ တရားနိုင် ဒေါ်မြမြဝင်းအား လက်ရောက်ပေးအပ်ရန် အမိန့်ချမှတ်သည်။

၂၀၀၀
ဒေါက်တာ
ဒေါ်မြမြအေး
ပါ ၂
နှင့်
ဒေါ်မြမြဝင်း
ပါ ၂

တိုင်းတရားရုံးက ဝရမ်းကိုခုခံသူ ဒေါ်မြမြအေးသည် အချင်းဖြစ် တိုက်ခန်းကို ဒေါ်ညွန့်ရီထံမှ စာချုပ်ဖြင့် ဝယ်ယူနေထိုင်ခဲ့ကြောင်း၊ ဒေါ်ညွန့်ရီသည် ဦးထွန်းဝင်း၏အစ်မ ဖြစ်ကြောင်း၊ တရားနိုင် ဒီကရီရရှိသောနေ့သည် ၈-၁၀-၉၀ နေ့ ဖြစ်၍ ၃ လ ကျော်ပြီးသောအခါမှ ၁-၂-၉၁ နေ့တွင် ဒေါ်မြမြအေးက ဝယ်ယူနေထိုင်ခြင်း ဖြစ်ကြောင်း၊ ဒီကရီ ချမှတ်ထားသော အခန်းကို ဝယ်ယူနေထိုင်ခြင်း ဖြစ်၍ ဒေါ်မြမြအေးသည် ဒီကရီကို လိုက်နာရန် တာဝန်ရှိကြောင်း၊ ဒေါ်ရဟီမာသည်လည်း အမှုအတောအတွင်း ယာယီတားဝရမ်း ထုတ်ထားပါလျက် အမှုတွင် တရားပြိုင်အဖြစ် ပါဝင်သူ ဦးထွန်းဝင်းထံမှ လွှဲပြောင်း ငှားရမ်းနေထိုင်ခြင်း ဖြစ်၍ ဒီကရီကျပြီးသော အခန်းမှ ဖယ်ရှားပေးရန် တာဝန်ရှိကြောင်း သုံးသပ်သည်။

တရားရုံးချုပ်က ပြင်ဆင်မှုကို အကျဉ်းနည်းဖြင့် ပလပ်သည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း၃၅ တွင် အပ်ဝရမ်းကို အတည်ပြုရာ၌ ဒီကရီကို လိုက်နာရန် တာဝန်ရှိသူအား ပေးအပ်ရမည့် ဥပစာမှ ဖယ်ရှားနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ဒီကရီကို လိုက်နာရန် တာဝန်ရှိသူများထဲတွင် တရားရှုံးထံမှ အချင်းဖြစ်ဥပစာကို တစ်ဆင့်ငှားရမ်းထားသူ၊ အမှုအတောအတွင်း ယင်းဥပစာကို လွှဲပြောင်းရယူထားသူနှင့် တရားရှုံးကို အကြောင်းပြု၍ ယင်းဥပစာကို လက်ရှိထားသူတို့ ပါဝင်သည်။ **ဦးကိုရင် နှင့် မောင်ရဲမြင့်အမှု**(၁) ကို ကြည့်ပါ။

ဒေါ်မြမြအေးသည် ဒီကရီချမှတ်ထားသည့် အခန်းကို ဒီကရီချမှတ်ပြီးနောက်မှ ဝယ်ယူသူဖြစ်သော်လည်း တရားရှုံး ဦးကျော်ဦးထံမှ ဝယ်ယူခြင်း မဟုတ်ပေ။ ဒေါ်ညွန့်ရီထံမှ ဝယ်ယူခြင်း ဖြစ်သည်။ ဒေါ်ညွန့်ရီသည် ဦးထွန်းဝင်း၏အစ်မ ဖြစ်သည်။ ဦးထွန်းဝင်းသည် အမှု

(၁) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၂၉။

၂၀၀၀
ဒေါက်တာ
ဒေါ်မြမြအေး
ပါ ၂
နှင့်
ဒေါ်မြမြဝင်း
ပါ ၂

တွင် တရားပြိုင်တစ်ဦးအဖြစ် ပါဝင်ခဲ့သော်လည်း ၎င်းအပေါ် ဒီကရီ မချမှတ်ခဲ့သဖြင့် တရားရှုံး မဟုတ်ပေ။

ဒေါ်မြမြအေးသည် တရားရှုံးထံမှ အချင်းဖြစ်ဥပစာကို တစ်ဆင့်ငှားရမ်းသူ မဟုတ်၊ အမှုအတောအတွင်း ယင်းဥပစာကို လွှဲပြောင်းရယူထားသူလည်း မဟုတ်၊ တရားရှုံးကို အကြောင်းပြုပြီး ယင်းဥပစာကို လက်ရှိထားသူလည်း မဟုတ်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့်ဒေါ်မြမြအေးသည် ဒီကရီကို လိုက်နာရန် တာဝန်ရှိသူ မဟုတ်ပေ။

ဒေါ်ရဟီမာသည် အမှုအတောအတွင်း တရားရှုံး မဟုတ်သူ ဦးထွန်းဝင်းထံမှ အချင်းဖြစ်အခန်းကို ငှားရမ်း နေထိုင်ကြောင်း ပေါ်ပေါက်သည်။

ဦးကိုရင် နှင့် မောင်ရဲမြင့် အမှု (၁) တွင် ဒီကရီ လိုက်နာရန် တာဝန်ရှိသူများတွင်တရားရှုံးထံမှ အချင်းဖြစ်ဥပစာကို တစ်ဆင့်ငှားရမ်းထားသူ၊ အမှုအတောအတွင်း ယင်းဥပစာကို လွှဲပြောင်းရယူထားသူနှင့် တရားရှုံးကို အကြောင်းပြု၍ ယင်းဥပစာကို လက်ရှိထားသူတို့ ပါဝင်သည်ဟု ထုံးဖွဲ့ထားသည်။

ယင်းစာပိုဒ်ကို တစ်ဆက်တည်း ဖတ်ရှုပါက အမှုအတောအတွင်း ယင်းဥပစာကို လွှဲပြောင်းရယူထားသူ ဆိုသည်မှာ တရားရှုံးထံမှ အမှုအတောအတွင်း ယင်းဥပစာကို လွှဲပြောင်းရယူထားသူဟု ဆိုလိုခြင်း ဖြစ်ကြောင်း ပေါ်ပေါက်သည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၉၈တွင် တရားရှုံးကဖြစ်စေ၊ ၎င်းတရားရှုံး၏ သွေးထိုးပေးချက်အရ သို့မဟုတ် တရားရှုံးကိုယ်စား အခြားသူတစ်ဦးတစ်ယောက်က ဖြစ်စေ တရားမျှတသော အကြောင်း မရှိဘဲ ခုခံတားဆီးဟန့်တားလျှင် တရားရုံးသည် လျှောက်ထားသူသို့ ပစ္စည်းလက်ရောက်ပေးစေရန် ညွှန်ကြားရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

၂၀၀၀
ဒေါ်က်တာ
ဒေါ်မြမြအေး
ပါ ၂
နှင့်
ဒေါ်မြမြဝင်း
ပါ ၂

အဆိုပါပြဋ္ဌာန်းချက်အရ လျှောက်ထားသူ တရားနိုင်က ပစ္စည်းကို လက်ရောက်ရနိုင်ရန် ခုခံသူသည် တရားရှုံးနှင့် ပတ်သက်ရမည် ဖြစ်သည်။

တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၃၅ နှင့် နည်း ၉၈ ပါ ပြဋ္ဌာန်းချက်များကို ယှဉ်တွဲလေ့လာသည့်အခါ အပ်ဝရမ်း အတည်ပြုရာတွင် ဒီကရီကို လိုက်နာရန် တာဝန်ရှိသူများ ဖြစ်ကြသော အချင်းဖြစ်ဥပစာကို တစ်ဆင့်ငှားရမ်းသူ၊ လွှဲပြောင်းရယူထားသူ၊ လက်ရှိထားသူတို့သည် တရားရှုံးနှင့် ဆက်နွယ်ပတ်သက်သူများ ဖြစ်ကြောင်း ကောက်ယူနိုင်သည်။

သာမန်အားဖြင့် ဒီကရီတစ်ရပ်ကို တရားရှုံးအပေါ်တွင်သာ အတည်ပြုနိုင်သည်ဖြစ်ရာ တရားရှုံးနှင့် မသက်ဆိုင်သူတို့မှာ ဒီကရီကို လိုက်နာရန် တာဝန်ရှိသူ မဖြစ်နိုင်ပေ။

တရားနိုင်က ဒီကရီရရှိပြီးမှ ဒီကရီချမှတ်ထားသည့် အခန်းကို တရားရှုံး မဟုတ်သူထံမှ ဝယ်ယူ နေထိုင်သူသည်လည်းကောင်း၊ အမှုအတောအတွင်း တရားရှုံး မဟုတ်သူထံမှ ငှားရမ်း နေထိုင်သူသည်လည်းကောင်း တရားနိုင် ရရှိထားသည့် ဒီကရီကို လိုက်နာရန် တာဝန်ရှိသူများ မဟုတ်ပေ။

သို့ဖြစ်၍ ကြားနာလျှက်ရှိသော ပြဿနာများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

" ဒီကရီ ချမှတ်ထားသည့် အချင်းဖြစ် တိုက်ခန်းကို တရားရှုံး မဟုတ်သူ ဒေါ်ညွှန့်ရီထံမှ ဝယ်ယူနေထိုင်သည့် ဝရမ်းခုခံသူ ဒေါ်မြမြအေးသည်လည်းကောင်း၊ တရားရှုံး မဟုတ်သူ ဦးထွန်းဝင်းထံမှ ငှားရမ်းနေထိုင်သည့် ဝရမ်းခုခံသူ ဒေါ်ရဟီမာသည် လည်းကောင်း ဒီကရီကို လိုက်နာရန် တာဝန်ရှိသူများ ဖြစ်သည်ဟု ဆုံးဖြတ်ခဲ့သော တိုင်းတရားရုံး၏ အမိန့်ကို

အတည်ပြုခဲ့သည့် တရားရုံးချုပ်၏ အမိန့်သည် ဥပဒေနှင့် ညီညွတ်မှု မရှိကြောင်း။”

ထို့ကြောင့် ဤအထူးခံမှုကို ခွင့်ပြုပြီး တရားရှုံး မဟုတ်သူတို့အပေါ် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၃၅ အရ အပ်ဝရမ်း ထုတ်ဆင့်သည့် တိုင်းတရားရုံး၏အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသော တရားရုံးချုပ်တို့၏အမိန့်များကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပယ်ဖျက်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀၀/- သတ်မှတ်သည်။

+ ၂၀၀၀

မတ်လ

၂၁ ရက်

## တရားမပြင်ဆင်မှု

## တရားရုံးချုပ်တရားသူကြီး ဦးခင်မြင့်ရှေ့တွင်

မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး
(၎င်း၏ဦးဆောင်ညွှန်ကြားရေးမှူး)

နှင့်

အင်တီဂရိတ်တက်ဘက်စနစ်ဆာစက်စ်ကုမ္ပဏီလီမိတက်*
(အိုင်ဘီအက်စ်)
(၎င်း၏အုပ်ချုပ်မှုဒါရိုက်တာ ဦးမြင့်စိုး)

တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်း ၂ အရ တရားပြိုင်များသည် မိမိထုချေလိုသော အချက်များအားလုံးကို ချေလွှာတွင် ထည့်သွင်း ထုချေရမည်ဖြစ်ခြင်း၊ ချေလွှာမတင်သေးဘဲ ပဏာမကန့်ကွက်လွှာများ တင်သွင်းလာလျှင် တရားရုံးက လက်ခံမှုမပြုရခြင်း၊ ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၄ အရ ချေလွှာမတင်မီ အမှုတိုဆိုင်းငံ့ပေးရန် လျှောက်ထားခြင်းနှင့် ပဏာမကန့်ကွက်လွှာ တင်သွင်းခြင်းတို့၏ ခြားနားချက်၊ ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၄ အရ အမှုဆိုင်းငံ့ပေးရန် အဓိကလိုအပ်ချက်နှစ်ရပ်၊ ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၉ (၅) ပါ ပြဋ္ဌာန်းချက်။

---

* ၁၉၉၉ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၄၉၉

\+ ၁၉၉၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၅၂ တွင် ချမှတ်သော ၂၀-၈-၉၉ ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး (တောင်ပိုင်းခရိုင်) ၏ အမိန့်ကို လျှောက်ထားမှု

**ဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်းဥပဒေ ၂ တွင် တရားပြိုင်များသည် မိမိထုချေလိုသော အချက်များအားလုံးကို ချေလွှာတွင် ထည့်သွင်းထုချေရမည်ဟု ပြဋ္ဌာန်းထားသည်။ ပြည်သူ့တရားသူကြီးအဖွဲ့ ညွှန်ကြားချက်အမှတ် ၁၈ တွင် ဒေသဆိုင်ရာတရားရုံးအဆင့်ဆင့်တွင် တရားမမှုများ စစ်ဆေးကြားနာ အဆုံးအဖြတ်ပေးရာ၌ မကြန့်ကြာစေဘဲ ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စစ်ဆေးဆုံးဖြတ်ပေးနိုင်စေခြင်း အလို့ငှာ၊ တရားပြိုင်များအနေဖြင့် ချေလွှာတင်သွင်းရမည့်အစား ချေလွှာမတင်သေးဘဲ ပဏာမကန့်ကွက်လွှာများ တင်သွင်းလာလျှင် တရားရုံးများက လက်ခံခြင်းမပြုရန် ညွှန်ကြားထားခြင်း ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၄ တွင် ချေလွှာမတင်မီဖြစ်စေ၊ အမှုတွင် အခြားဆောင်ရွက်မှုတစ်ခုခု မပြုလုပ်မီဖြစ်စေ ဒီမှုကိုဆိုင်းငံ့ပေးရန် လျှောက်ထားခွင့်ရှိကြောင်း အတိအလင်း ပြဋ္ဌာန်းထားရာ ယင်းပြဋ္ဌာန်းချက်သည် တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်းဥပဒေ ၂ နှင့် ပြည်သူ့တရားသူကြီးအဖွဲ့ ညွှန်ကြားချက်အမှတ် ၁၈ နှင့် အကျုံးဝင်သက်ဆိုင်ခြင်း မရှိပေ။

အမှုကို ဥပဒေအရ ဆိုင်းငံ့ပေးရန် လျှောက်ထားခြင်းနှင့် ပဏာမကန့်ကွက်လွှာ တင်သွင်းခြင်းတို့မှာ ခြားနားပေသည်။ လျှောက်ထားသူက ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၄ အရ အမှုအား ပလပ်ပေးရန် သို့မဟုတ် ဆိုင်းငံ့ပေးရန် လျှောက်ထားခြင်းသည် ပဏာမကန့်ကွက်လွှာ တင်သွင်းခြင်းဖြစ်သည်ဟု မယူဆနိုင်ချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၄ အရ အမှုအား ဆိုင်းငံ့ပေးရန်အတွက် အောက်ဖော်ပြပါ အဓိက ၂ ချက်နှင့် ညီညွတ်ရန် လိုအပ်ပေသည်-

၂၀၀၀
မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး (၎င်း၏ဦးဆောင် ညွှန်ကြားရေးမှူး) နှင့် အင်တီဂရိတ် တက်ဘက်စနစ် ဆာစက်ကုမ္ပဏီ လီမိတက် (အိုင်ဘီအက်စ်) (၎င်း၏အုပ်ချုပ်မှု ဒါရိုက်တာ ဦးမြင့်စိုး)

(၁) တရားပြိုင်များအနေဖြင့် ချေလွှာမတင်သွင်းမီ ဖြစ်စေ၊ အမှုတွင် အခြားဆောင်ရွက်မှုတစ်ခုခုကို မပြုလုပ်မီ ဖြစ်စေ (at any time before filing a written statement or taking any other steps in the proceedings) အမှုကို ဆိုင်းငံ့ပေးရန် လျှောက်ထားနိုင်သည်။

(၂) တရားပြိုင်သည် ခုံသမာဓိလူကြီးများဖြင့် ဆောင်ရွက်ရန် အတွက် လိုအပ်သည့် ကိစ္စရပ်အားလုံးကို ပြုလုပ်ရန် အဆင်သင့် ဖြစ်သည့်အပြင် ပြုလုပ်ရန်ဆန္ဒလည်း ရှိရန် လိုအပ်သည်။ (ready and willing to do all things necessary to the proper conduct of the arbitration)

ထပ်မံဆုံးဖြတ်ချက်။ ။ မူလတိုင်းတရားရုံး၏ အမှုအား ဆိုင်းငံ့ပေးရန် သို့မဟုတ် ပလပ်ပေးရန် လျှောက်လွှာအား ပလပ်ကြောင်း အမိန့်ချမှတ်သည့် အမိန့်ကို လျှောက်ထားသူက မကျေနပ်၍ တရားရုံးချုပ်တွင် တရားမပြင်ဆင်မှု တင်သွင်းထားသည်။ ခုံသမာဓိ အက်ဥပဒေပုဒ်မ ၃၉ (၅) တွင် ခုံသမာဓိလူကြီးဖြင့် ဆုံးဖြတ်ရန်အတွက် အမှုအား ဆိုင်းငံ့သည့်အမိန့် သို့မဟုတ် အမှုအား ဆိုင်းငံ့ပေးရန် လျှောက်ထားခြင်းကို ငြင်းပယ်သည့်အမိန့်ကို အယူခံဝင်ရမည်ဟု ပြဋ္ဌာန်းထားသဖြင့် လျှောက်ထားသူက အယူခံဝင်ရောက်ရမည့် အမှုကို ပြင်ဆင်မှု တင်သွင်းခြင်းမှာ မှားယွင်းသည်။

လျှောက်ထားသူအတွက် - ဦးခင်မောင်သန်း
လက်ထောက်ညွှန်ကြားရေးမှူး
ရှေ့နေချုပ်ရုံး

လျှောက်ထားခံရသူအတွက် - ဦးစိန်ဝင်း၊ တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်းတရားရုံး (တောင်ပိုင်းခရိုင်) တရားမကြီးမှုအမှတ် ၁၅၂/၉၉ တွင် တရားလို အင်တီဂရိတ်တက်ဘက်စနစ်ဆာစက်စ် ကုမ္ပဏီလီမိတက် (အိုင်ဘီအက်စ်) က တရားပြိုင် မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး (၎င်း၏ဦးဆောင်ညွှန်ကြားရေးမှူး) အပေါ် ငွေပေါင်း ၅၉၄၀၅၄၁၉ ကျပ် ၅၀ ပြား ရလိုမှု စွဲဆိုသည်။ တရားပြိုင်က ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၄ အရ အမှုကိုပလပ်ပေးရန် သို့မဟုတ် ဆိုင်းငံ့ပေးရန် လျှောက်ထားရာ မူလတရားရုံးက လျှောက်လွှာကို ပလပ်ကြောင်း အမိန့်ချမှတ်သည်။ အဆိုပါအမိန့်ကို မကျေနပ်၍ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးက ဤ တရားမပြင်ဆင်မှုကို တင်သွင်းခြင်း ဖြစ်သည်။

မူလရုံးအဆိုလွှာတွင် တရားလို အင်တီဂရိတ်တက်ဘက်စနစ် ဆာစက်စ်ကုမ္ပဏီလီမိတက် (အိုင်ဘီအက်စ်) နှင့် တရားပြိုင် မြန်မာ့ လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးတို့သည် ကုန်ပစ္စည်း ဝယ်ယူ ပေးသွင်းရေးနှင့် ပြန်လည်ဝယ်ယူ၍ ပြည်ပသို့တင်ပို့ရေး (BUY BACK) စနစ်ဖြင့် ကတိစာချုပ်အမှတ် ၀၅၉/၉၇ နှင့် ၀၇၀/၉၇ တို့ကို သဘောတူ ချုပ်ဆိုခဲ့ကြပြီး၊ တရားလိုက တရားပြိုင်သို့ မတ်ပဲ တန် ၁၀၀၀ နှင့် ပဲစင်းငုံ တန် ၆၀၀ ပေးသွင်းခဲ့ကြောင်း၊ တရားပြိုင်က ပဲစင်းငုံအားလုံးကို လက်ခံပြီး မတ်ပဲ တန်ချိန် ၈၄၇. ၄၈၉ တန်ကိုသာ လက်ခံသဖြင့် တရားလိုက ကျန်မတ်ပဲများကို သန့်စင်အောင်ပြုလုပ်ပြီး သင်္ဘောတင်သည့်အခါ ပြည့်မီအောင်ပေးသွင်းရန် တာဝန်ယူ ခဲ့ကြောင်း၊ တရားလိုက ပဲများတန်ဖိုး၏ ၈၀% ဖြစ်သော ငွေ ၆၅၂၈၀၀၀၀ ကျပ်ကိုသာ လက်ခံရရှိခဲ့ကြောင်း၊ တရားလိုက ပဲများကို နိုင်ငံခြားသို့ အချိန်မီတင်ပို့ရန် ပျက်ကွက်ပါက ပဲတစ်တန်၏ ပေါက်ဈေး ငွေ ၅၁၀၀၀ ကျပ်နှင့် တစ်တန်အပေါ်တွင် ၄ာနအတွက် နစ်နာကြေး ငွေ အမေရိကန်ဒေါ်လာ ၁၀ ကို လျော်ကြေးပေးစေရန် စည်းကမ်း သတ်မှတ်ထားကြောင်း၊ ပဲများကို နိုင်ငံခြားကုမ္ပဏီဖြစ်သော (AGRO

၂၀၀၀
မြန်မာ့လယ်ယာ
ထွက်ကုန်ပစ္စည်း
ရောင်းဝယ်ရေး
(၎င်း၏ဦးဆောင်
ညွှန်ကြားရေးမှူး)
နှင့်
အင်တီဂရိတ်
တက်ဘက်စနစ်
ဆာစက်ကုမ္ပဏီ
လီမိတက်
(အိုင်ဘီအက်စ်)
(၎င်း၏အုပ်ချုပ်မှု
ဒါရိုက်တာ
ဦးမြင့်စိုး)

၂၀၀၀
မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး (၎င်း၏ဦးဆောင် ညွှန်ကြားရေးမှူး) နှင့် အင်တီဂရိတ် တက်ဘက်စနစ် ဆာစက်ကူမွှကီ လီမိတက် (အိုင်ဘီအက်စ်) (၎င်း၏အုပ်ချုပ်မှု ဒါရိုက်တာ ဦးမြင့်စိုး)

CORP INT'L PTE LTD SINGAPORE) မှ ဝယ်ယူရန် စာချုပ်ချုပ်ဆိုပြီးမှ (CLEAN L/C) ဖွင့်လှစ်ပေးခြင်း မရှိသဖြင့် ပဲများကို မတင်ပို့နိုင်သောကြောင့် တရားလိုက တရားပြိုင်ထံ ပဲများ နိုင်ငံခြားသို့ တင်ပို့နိုင်ရန်အတွက် သတ်မှတ်ရက်ကို တိုးမြှင့်ပေးရန် ပန်ကြားခဲ့သော်လည်း တရားပြိုင်က ရက်တိုးမြှင့်ပေးခဲ့ခြင်း မရှိကြောင်း၊ တရားလိုက ကတိစာချုပ် စည်းကမ်းချက်များအတိုင်း ငွေများပေးသွင်းပြီးပါက တရားလို၏ ပဲများကို ပြန်လည်ထုတ်ယူခွင့်ပြုရန် ပန်ကြားခဲ့သော်လည်း တရားပြိုင်က တစ်ဖက်သတ် တွက်ချက်ထားသည့် နစ်နာကြေးငွေ ကျပ်သိန်း (၁၉၀) ကို တရားလိုက ပေးလျော်စေရန် တရားမဝင်တောင်းဆိုခဲ့ကြောင်း၊ တရားပြိုင်မှ တောင်းဆိုချက်များသည် စည်းကမ်းချက်နှင့် မညီညွတ်သဖြင့် တရားလိုက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့ ဖြေရှင်းပေးရန် တင်ပြလျှောက်ထားခဲ့ကြောင်း၊ ဝန်ကြီးဌာနမှက တရားပြိုင်ဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တရားလို၏ ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့ကို ဖွဲ့စည်းကာ ပဲများကို ရောင်းချ၍ သီးခြားစာရင်းဖွင့်ပြီး အစိုးရဘဏ်တစ်ခုတွင် အပ်နှံထားကာ တရားရုံး၏ အဆုံးအဖြတ်အတိုင်း စီမံခန့်ခွဲရန် အကြောင်းကြားခဲ့ကြောင်း၊ ပဲများကို ရောင်းချရာ ငွေပေါင်း ကျပ် (၁၃၀၂) သိန်းကျော် ရရှိခဲ့ကြောင်း၊ ပဲရောင်းရငွေများအနက်မှ စာချုပ်စည်းကမ်းချက်များအတိုင်း တရားလိုက တရားပြိုင်သို့ ပေးရန်ငွေ ၇၀၈၈၀၀၀၀ ကျပ်ကို ခုနှိမ်လိုက်ပါက တရားပြိုင်က တရားလိုသို့ ငွေ ၅၉၄၀၅၄၁၉ ကျပ် ၅၀ ပြား ပြန်ပေးဆပ်ရမည်ဖြစ်ကြောင်းဖြင့် ဖော်ပြထားသည်။

မူလရုံး တရားပြိုင်၏ လျှောက်လွှာတွင် တရားလို အားကိုးအားထားပြုသည့် စာရွက်စာတမ်း အမှတ်စဉ် (၃) (၄) တို့အရ တရားလိုနှင့် တရားပြိုင်တို့သည် SALES CONTRACT NO: 015/ BMP / 97 နှင့် NO: 021 / TW / 97 (B B) တို့ကို ချုပ်ဆိုခဲ့ကြသည်။ ထိုစာချုပ်များ၏ အပိုဒ် ၁၃ တွင် နှစ်ဖက်အငြင်းပွားမှု ပေါ်ပေါက်

လာပါက တစ်ဖက်မှ ခုံသမာဓိလူကြီး တစ်ဦးစီ ခန့်ထားပြီး ခုံသမာဓိလူကြီးနှစ်ဦး ပါဝင်ဖွဲ့စည်းထားသည့် ခုံရုံး၏ အဆုံးအဖြတ်ခံယူရန် တိတိကျကျ ထည့်သွင်းချုပ်ဆိုထားသည်။ သို့ဖြစ်၍ ကတိစာချုပ်ပါ သဘောတူညီမှုနှင့်အညီ ခုံသမာဓိလူကြီးဖြင့် စီရင်ဆုံးဖြတ်ခြင်း မပြုဘဲ တရားရုံးသို့ တရားစွဲဆိုလျှောက်ထားသဖြင့် အဆိုလွှာအား ပလပ်ပေးရန် သို့မဟုတ် ဆိုင်းငံ့ပေးရန် ဖော်ပြထားသည်။

မူလရုံး တရားလို၏ ကန့်ကွက်လွှာတွင် တရားပြိုင်သည် မိမိအပေါ် စွဲဆိုသောအမှုနှင့်ပတ်သက်၍ ထုချေလိုသည့် အချက်များနှင့် ကန့်ကွက်လိုသော အချက်အားလုံးကို ချေလွှာတွင် ရေးသားထုချေရမည်ဟု တရားမကျင့်ထုံးဥပဒေအမိန့် ၈၊ နည်းဥပဒေ ၂ တွင် ပြဋ္ဌာန်းထားသည်။ ဒေသဆိုင်ရာ တရားရုံးအဆင့်ဆင့်က တရားမမှုများအား စစ်ဆေးကြားနာ အဆုံးအဖြတ်ပြုရာ၌ မကြန့်ကြာစေဘဲ ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စစ်ဆေးဆုံးဖြတ်ပေးနိုင်စေခြင်း အလို့ငှာ တရားပြိုင်အနေဖြင့် ချေလွှာတင်သွင်းရမည့်အစား ချေလွှာမတင်သွင်းသေးဘဲ ပဏာမကန့်ကွက်လွှာ တင်သွင်းလာလျှင် တရားရုံးက လက်ခံခြင်းမပြုရန် ညွှန်ကြားလိုက်ကြောင်း တရားရုံးချုပ်က ညွှန်ကြားလွှာအမှတ် ၁၈ ကို ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။ အရောင်းကတိစာချုပ်များကိုလည်း တရားရုံးက သက်သေခံအဖြစ် လက်ခံထားခြင်း မရှိသေး၍ တရားပြိုင်၏ လျှောက်လွှာကို ပလပ်ပေးရန် ကန့်ကွက်တင်ပြထားသည်။

မူလတရားရုံး၏ အမိန့်တွင် တရားပြိုင်များက ချေလွှာမတင်မီ တရားလို၏အမှု စွဲဆိုခွင့်မရှိဟု အကြောင်းပြ၍လည်းကောင်း၊ အခြားအကြောင်းများပြ၍လည်းကောင်း ပဏာမကန့်ကွက်လွှာ တင်သွင်းခြင်းကို တရားရုံးများက လက်ခံခြင်းမပြုရန် ပြည်သူ့တရားသူကြီးအဖွဲ့က ညွှန်ကြားချက်အမှတ် ၁၈ တွင် ညွှန်ကြားခဲ့ပြီး ဖြစ်သည်။ တရားပြိုင်များသည် မိမိအပေါ် စွဲဆိုသောအမှုနှင့်ပတ်သက်၍ ထုချေလိုသောအချက်

များအားလုံးနှင့် ကန့်ကွက်လိုသော အချက်များအားလုံးတို့ကို ချေလွှာတွင် ရေးသားထုချေ ကန့်ကွက်ခြင်း ပြုရမည်ဟု တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်းဥပဒေ ၂ တွင် ပြဋ္ဌာန်းထားသဖြင့် တရားလို၏လျှောက်လွှာကို ပလပ်ကြောင်း သုံးသပ်ဆုံးဖြတ်ထားသည်။

လျှောက်ထားသူ၏ ရှေ့နေက မူလ တရားမကြီးမှုသည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူ နှစ်ဦးသဘောတူ ချုပ်ဆိုခဲ့သော ကတိစာချုပ်အမှတ် ၀၅၉/၉၇ နှင့် ၀၇၀/၉၇ ကို အခြေခံ၍ တရားစွဲဆိုခြင်းဖြစ်ရာ အဆိုပါကတိစာချုပ်အပိုဒ် ၁၃ တွင် နှစ်ဖက်အငြင်းပွားမှုများ ပေါ်ပေါက်လာပါက ခုံသမာဓိလူကြီးများဖြင့် အဆုံးအဖြတ်ခံယူရန် သဘောတူထားခြင်းကို မူလတရားရုံးက ထည့်သွင်းသုံးသပ်မှုမပြုခြင်းသည် အကြောင်းခြင်းရာအရလည်းကောင်း၊ ဥပဒေအရလည်းကောင်း မှားယွင်းနေကြောင်း၊ ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၄ တွင် ခုံသမာဓိလူကြီးများဖြင့် ဆောင်ရွက်ရန် သဘောတူထားသည့် အမှုသည်သည် သဘောတူညီချက်တွင် ပါဝင်သူ အခြားတစ်ဦးအပေါ် တရားတစ်ထုံး စွဲဆိုသည့်အခါ ချေလွှာမတင်မီဖြစ်စေ၊ အမှုတွင် အခြားဆောင်ရွက်မှုတစ်ခုခု မပြုလုပ်မီဖြစ်စေ တရားရုံးသို့ အမှုကိုဆိုင်းငံ့ရန် လျှောက်ထားနိုင်ကြောင်း ပြဋ္ဌာန်းထားခြင်းကို သုံးသပ်ဆုံးဖြတ်ခြင်း မပြုသည်မှာ မှားယွင်းနေကြောင်း၊ ပြည်သူ့တရားသူကြီးအဖွဲ့ ညွှန်ကြားချက်အမှတ် ၁၈ သည် တရားမကျင့်ထုံးဥပဒေအရပုံမှန်လိုက်နာ ကျင့်သုံးဆောင်ရွက်သော အမှုများတွင် ဆောင်ရွက်ရန်ညွှန်ကြားထားခြင်းဖြစ်ရာ၊ ယခုကဲ့သို့ အထူးဥပဒေတစ်ရပ်ပါ ပြဋ္ဌာန်းချက်တစ်ရပ်အရ ဆောင်ရွက်ရာတွင် ယင်းညွှန်ကြားချက်သည် အကျုံးဝင်ခြင်းမရှိဟု လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ၏ ရှေ့နေက လျှောက်လဲတင်ပြရာတွင် တရားပြိုင်များသည် မိမိအပေါ် စွဲဆိုသောအမှုနှင့်ပတ်သက်၍ ထုချေလိုသည့် အချက်အလက်များအားလုံးနှင့် ကန့်ကွက်လိုသော အချက်

အားလုံးကို ချေလွှာတွင် ရေးသားထုချေခြင်း၊ ကန့်ကွက်ခြင်း ပြုရမည်ဟု တရားမကျင့်ထုံးဥပဒေအမိန့် ၈၊ နည်းဥပဒေ ၂ တွင် ပြဋ္ဌာန်းထားရှိကြောင်း၊ ဒေသဆိုင်ရာ တရားရုံးအဆင့်ဆင့်တွင် တရားမမှုများအား စစ်ဆေးကြားနာ အဆုံးအဖြတ်ပေးရာ၌ မကြန့်ကြာစေဘဲ ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စစ်ဆေးဆုံးဖြတ်ပေးနိုင်စေခြင်း အလို့ငှာ၊ တရားပြိုင်များအနေဖြင့် ချေလွှာတင်သွင်းရမည့်အစား ချေလွှာ မတင်သွင်းဘဲ ပဏာမကန့်ကွက်လွှာများ တင်သွင်းလာလျှင် တရားရုံးများက လက်ခံခြင်းမပြုရန် ပြည်သူ့တရားသူကြီးအဖွဲ့က ညွှန်ကြားချက်အမှတ် ၁၈ တွင် ညွှန်ကြားထားကြောင်း၊ လျှောက်ထားသူ တင်ပြသည့် အရောင်းကတိစာချုပ်ကိုလည်း တရားရုံးတွင် သက်သေခံအဖြစ် တင်သွင်းခြင်း၊ သက်သေခံအဖြစ် လက်ခံခြင်း၊ ချေလွှာနှင့်အတူ ပူးတွဲတင်ပြထားခြင်း မရှိကြောင်း၊ ယခုကဲ့သို့ တရားစွဲဆိုသည့်အချိန်တွင်မှ ခုံသမာဓိအက်ဥပဒေအတိုင်း လိုက်နာလိုသည်ဟု တင်ပြလျှောက်ထားခြင်းသည် ယုတ္တိမတန် ရှေ့နောက်မညီညွတ်၍ လက်ခံခြင်းမပြုသင့်ကြောင်း တင်ပြလျှောက်လဲသွားသည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၈၊ နည်းဥပဒေ ၂ တွင် တရားပြိုင်များသည် မိမိထုချေလိုသော အချက်များအားလုံးကို ချေလွှာတွင် ထည့်သွင်းထုချေရမည်ဟုပြဋ္ဌာန်းထားသည်။ ပြည်သူ့တရားသူကြီးအဖွဲ့ ညွှန်ကြားချက်အမှတ် ၁၈ တွင် ဒေသဆိုင်ရာတရားရုံးအဆင့်ဆင့်တွင် တရားမမှုများ စစ်ဆေးကြားနာ အဆုံးအဖြတ်ပေးရာ၌ မကြန့်ကြာစေဘဲ ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စစ်ဆေးဆုံးဖြတ်ပေးနိုင်စေခြင်း အလို့ငှာ တရားပြိုင်များအနေဖြင့် ချေလွှာတင်သွင်းရမည့်အစား ချေလွှာမတင်သေးဘဲ ပဏာမကန့်ကွက်လွှာများ တင်သွင်းလာလျှင် တရားရုံးများက လက်ခံခြင်းမပြုရန် ညွှန်ကြားထားခြင်း ဖြစ်သည်။

ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၄ တွင် ချေလွှာ မတင်မီဖြစ်စေ၊ အမှုတွင် အခြားဆောင်ရွက်မှုတစ်ခုခု မပြုလုပ်မီဖြစ်စေ အမှုကို ဆိုင်းငံ့

ပေးရန် လျှောက်ထားခွင့်ရှိကြောင်း အတိအလင်း ပြဋ္ဌာန်းထားရာ၊ ယင်းပြဋ္ဌာန်းချက်သည် တရားမကျင့်ထုံးဥပဒေအမိန့် ၈၊ နည်းဥပဒေ ၂ နှင့် ပြည်သူ့တရားသူကြီးအဖွဲ့ ညွှန်ကြားချက်အမှတ် ၁၈ နှင့် အကျုံးဝင် သက်ဆိုင်ခြင်း မရှိပေ။

အမှုကို ဥပဒေအရ ဆိုင်းငံ့ပေးရန် လျှောက်ထားခြင်းနှင့် ပဏာမကန့်ကွက်လွှာ တင်သွင်းခြင်းတို့မှာ ခြားနားပေသည်။ လျှောက်ထားသူက ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၄ အရ အမှုအား ပလပ်ပေးရန် သို့မဟုတ် ဆိုင်းငံ့ပေးရန် လျှောက်ထားခြင်းသည် ပဏာမကန့်ကွက်လွှာ တင်သွင်းခြင်းဖြစ်သည်ဟု မယူဆနိုင်ချေ။

သို့ဖြစ်ရာ တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်းဥပဒေ ၂ နှင့် ပြည်သူ့တရားသူကြီးအဖွဲ့ ညွှန်ကြားချက်အမှတ် ၁၈ တို့အရ အမှုအား ဆိုင်းငံ့ပေးရန် လျှောက်လွှာကို တင်သွင်းပိုင်ခွင့်မရှိကြောင်း လျှောက်ထားခံရသူရှေ့နေ၏တင်ပြချက်ကို လက်ခံနိုင်မည် မဟုတ်ပေ။

လျှောက်ထားခံရသူက အရောင်းကတိစာချုပ်အမှတ် ၀၁၅/ ဘီအမ်ပီ/၉၇ နှင့် အရောင်းကတိစာချုပ်အမှတ် ၀၂၁/ဘီဒဗလျူ/၉၇ တို့ကို အမှုအားဆိုင်းငံ့ပေးရန် သို့မဟုတ် ပလပ်ပေးရန် လျှောက်လွှာနှင့်အတူ တင်ပြထားသည်။ လျှောက်ထားခံရသူက လျှောက်ထားခံရသူနှင့် လျှောက်ထားသူတို့သည် အဆိုပါ အရောင်းကတိစာချုပ် ၂ ခုကို ပြုလုပ်ခဲ့ခြင်း မရှိကြောင်း ငြင်းဆိုထားခြင်း မရှိပေ။ သို့ဖြစ်၍ အဆိုပါ အရောင်းစာချုပ် ၂ ခုကို တရားရုံး၌ သက်သေခံအဖြစ် တင်သွင်းခြင်း၊ လက်ခံခြင်း၊ ချေလွှာနှင့်အတူ ပူးတွဲတင်ပြထားခြင်း မရှိ၍ သက်သေခံ မဝင်သေး၍ ထည့်သွင်းစဉ်းစားရန်မသင့်ကြောင်း လျှောက်ထားခံရသူ၏ တင်ပြချက်ကို လက်ခံရန် မသင့်ပေ။

ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၄ အရ အမှုအား ဆိုင်းငံ့ပေးရန်အတွက် အောက်ဖော်ပြပါ အဓိက ၂ ချက်နှင့် ညီညွတ်ရန်

လိုအပ်ပေသည်-

(၁) တရားပြိုင်များအနေဖြင့် ချေလွှာ မတင်သွင်းမီဖြစ်စေ၊ အမှုတွင် အခြားဆောင်ရွက်မှုတစ်ခုခုကို မပြုလုပ်မီ ဖြစ်စေ (at any time before filing a written statement or taking any other steps in the proceedings) အမှုကို ဆိုင်းငံ့ပေးရန် လျှောက်ထားနိုင်သည်၊

(၂) တရားပြိုင်သည် ခုံသမာဓိလူကြီးများဖြင့် ဆောင်ရွက်ရန်အတွက် လိုအပ်သည့် ကိစ္စရပ်အားလုံးကို ပြုလုပ်ရန် အဆင်သင့်ဖြစ်သည့်အပြင် ပြုလုပ်ရန်ဆန္ဒလည်း ရှိရန် လိုအပ်သည်။ (ready and willing to do all things necessary to the proper conduct of the arbitration)

ယခုအမှုတွင် လျှောက်ထားသူက မူလတရားရုံး၌ ချေလွှာတင်သွင်းခြင်း မရှိပေ။ သို့ရာတွင် လျှောက်ထားသူသည် အမှုတွင် အခြားဆောင်ရွက်မှုတစ်ခုခု ပြုလုပ်ခဲ့ခြင်း (taking any other steps in the proceedings) ရှိ-မရှိကို သုံးသပ်ရမည် ဖြစ်သည်။ မူလတရားရုံးက ၂၀-၅-၉၉ နေ့တွင် တရားပြိုင်လာရောက်ရန် ချိန်းဆိုခဲ့ရာ ခရိုင်ဥပဒေအရာရှိလာရောက်ပြီး၊ တရားပြိုင်ရှေ့နေအဖြစ် ဆောင်ရွက်ရန် ကိုယ်စားလှယ်စာ တင်သွင်းသည်။ ထို့နောက် တရားပြိုင်က ချေလွှာတင်ရန် ၃-၆-၉၉ နေ့ကို ချိန်းဆိုခဲ့သည်။ ထိုနေ့တွင် တရားပြိုင်၏ ရှေ့နေ ခရိုင်ဥပဒေအရာရှိက ချေလွှာတင်ရန် အဆင်သင့်မဖြစ်သေး၍လည်းကောင်း၊ သက်ဆိုင်ရာဌာနများမှ စာရွက်စာတမ်းများ မရသေး၍လည်းကောင်း ချေလွှာတင်ရန်အတွက် ရက်ချိန်းပေးရန် တင်ပြခဲ့သဖြင့် တရားရုံးက ခွင့်ပြုခဲ့သည်။

၂၀၀၀
မြန်မာ့လယ်ယာ
ထွက်ကုန်ပစ္စည်း
ရောင်းဝယ်ရေး
(ငှင်း၏ဦးဆောင်
ညွှန်ကြားရေးမှူး)
နှင့်
အင်တီဂရိတ်
တက်ဘက်စနစ်
ဆာစက်ကုမ္ပဏီ
လီမိတက်
(အိုင်ဘီအက်စ်)
(၎င်း၏အုပ်ချုပ်မှု
ဒါရိုက်တာ
ဦးမြင့်စိုး)

**THE UNION OF MYANMAR VS P. JAMB** အမှု[၁] တွင် "That the application for adjourment to file a written statement was taking a step in the proceedings and by implication amounted to a submission court's jurisdiction and that therefore the application for stay of proceedings under s. 34 of the Arbitration Act could not be entertained" ဟု စီရင်ထုံးဖွဲ့ထားသည်။

သို့ဖြစ်၍ လျှောက်ထားသူက ချေလွှာတင်ရမည့်နေ့တွင် ချေလွှာတင်သွင်းရန် အဆင်သင့်မဖြစ်သေး၍ ရက်ချိန်းပေးရန် တင်ပြတောင်းခံခဲ့ခြင်းသည် လျှောက်ထားသူအနေဖြင့် အမှုတွင်ဆောင်ရွက်မှုတစ်ခုခုကို ပြုလုပ်ခဲ့ခြင်း (taking any other steps in the proceedings) ဖြစ်သည်ဟု သုံးသပ်ရသည်။ လျှောက်ထားသူသည် အမှုတွင် ဆောင်ရွက်မှုတစ်ခုခု ပြုလုပ်ပြီးဖြစ်၍ ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၄ အရ အမှုအားဆိုင်းငံ့ပေးရန် လျှောက်ထားပိုင်ခွင့် မရှိတော့ပေ။

လျှောက်ထားသူက ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၄ အရ အမှုကို ဆိုင်းငံ့ပေးရန် သို့မဟုတ် ပလပ်ပေးရန် လျှောက်ထားသော်လည်း လျှောက်လွှာနှင့်အတူ နှစ်ဖက်အငြင်းပွားမှုကို ခုံသမာဓိလူကြီးများဖြင့် ဖြေရှင်းဆောင်ရွက်ရန်အတွက် မည်ကဲ့သို့ ဆောင်ရွက်ချက်များကို အဆင်သင့် ပြုလုပ်ထားပြီးကြောင်း တင်ပြထားခြင်း မရှိပေ။ လျှောက်ထားသူက ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၄ အရ အမှုကို ဆိုင်းငံ့ထားစေလိုလျှင် ခုံသမာဓိလူကြီးများဖြင့် ဖြေရှင်းဆောင်ရွက်ရန်အတွက် အသင့်ရှိသည့်အပြင် ဆန္ဒလည်းရှိကြောင်း တင်ပြရန် လိုအပ်သည်။

---

(၁) ၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (တရားလွှတ်တော်)၊ စာ-၆၉၁။

လျှောက်ထားခံရသူက လျှောက်ထားသူအပေါ် စတင်စွဲဆိုချိန်တွင် လျှောက်ထားသူအနေဖြင့် ခုံသမာဓိလူကြီးများဖြင့် ဖြေရှင်းဆောင်ရွက်ရန်အတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားကြောင်းကို တင်ပြရမည်ဖြစ်ပေသည်။ ထို့ကြောင့် ထိုကဲ့သို့ စီစဉ်ဆောင်ရွက်ထားခြင်း မရှိဘဲ အမှုအား ဆိုင်းငံ့ပေးရန် သို့မဟုတ် ပလပ်ပေးရန်သာ လျှောက်ထားခြင်းသည် ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၄ တွင် ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းရှိသည်ဟု မဆိုသာပေ။

မူလတိုင်းတရားရုံး၏ အမှုအား ဆိုင်းငံ့ပေးရန် သို့မဟုတ် ပလပ်ပေးရန် လျှောက်လွှာအား ပလပ်ကြောင်း အမိန့်ချမှတ်သည့် အမိန့်ကို လျှောက်ထားသူက မကျေနပ်၍ တရားရုံးချုပ်တွင် တရားမပြင်ဆင်မှု တင်သွင်းထားသည်။ ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၉ (၅) တွင် ခုံသမာဓိလူကြီးဖြင့် ဆုံးဖြတ်ရန်အတွက် အမှုအား ဆိုင်းငံ့သည့် အမိန့် သို့မဟုတ် အမှုအား ဆိုင်းငံ့ပေးရန် လျှောက်ထားခြင်းကို ငြင်းပယ်သည့်အမိန့်ကို အယူခံဝင်ရမည်ဟု ပြဋ္ဌာန်းထားသဖြင့် လျှောက်ထားသူက အယူခံဝင်ရောက်ရမည့် အမှုကို ပြင်ဆင်မှု တင်သွင်းခြင်းမှာ မှားယွင်းသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် မူလတရားရုံး၏ အမိန့်သည် ဥပဒေအရ မှားယွင်းသည်ဟု မဆိုသာပေ။

ထို့ကြောင့် မူလတရားရုံး၏အမိန့်ကို အတည်ပြုပြီး ဤတရားမပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀/- သတ်မှတ်သည်။

+ ၂၀၀၀
အောက်တိုဘာလ
၆ ရက်

## တရားမအထူးအယူခံမှု

တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊
ဒုတိယတရားသူကြီးချုပ် ဦးသန်းဦး နှင့်
တရားသူကြီး ဦးခင်မြင့် တို့ရှေ့တွင်

ဒေါ်ရင်မြ

နှင့်

ဒေါ်ခင်ယုဝေ ပါ ၉*

အမွေမှုတွင်ချမှတ်သည့် ပဏာမဒီကရီအပေါ် အယူခံဝင်ရောက်နေစဉ်အတွင်း အမွေပစ္စည်း လက်ဝယ်မရှိသူ အယူခံတရားပြိုင် ကွယ်လွန်ရာတွင် သတ်မှတ်သည့် ကာလအတွင်း တရားဝင်ကိုယ်စားလှယ် ထည့်သွင်းခြင်း မပြုပါက အမွေပုံကို ထိရောက်စွာ စီမံခန့်ခွဲခြင်း ပြုနိုင်-မပြုနိုင်၊ အယူခံမှုတစ်မှုလုံး ရပ်စဲသွားခြင်းရှိ-မရှိ။

**ဆုံးဖြတ်ချက်။** ။ အယူခံမှုတစ်မှုလုံး ရပ်စဲခြင်းရှိ-မရှိ စိစစ်ရန်မှာ အယူခံမှုကို ကျန်ရစ်သူ အယူခံတရားပြိုင်များအပေါ် ခွင့်ပြုမည်ဆိုပါက အချင်းဖြစ်အကြောင်းအရာ တစ်ရပ်တည်းနှင့်စပ်လျဉ်း၍ တစ်မှုတည်းတွင် ဆန့်ကျင်ဘက် ဒီကရီနှစ်ရပ်၊ တစ်နည်းအားဖြင့် ကွဲပြားခြားနားသည့် မူလရုံးဒီကရီနှင့် အယူခံရုံးဒီကရီ နှစ်ရပ် ပေါ်ပေါက်လာဖွယ်ရာအကြောင်းရှိ-မရှိ ဖြစ်သည်။

---

* ၁၉၉၇ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၃

+ ၁၉၉၃ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၁၇၃ တွင် ချမှတ်သော ၂၄-၃-၉၅ ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို လျှောက်ထားမှု

၂၀၀၀
ဒေါ်ရင်မြ
နှင့်
ဒေါ်ခင်ယုဝေ
ပါ ၉

ယခုအမှုတွင် အယူခံတရားလိုသည် အမွေ၏ ၆ ပုံ ၁ ပုံ ကို ရထိုက်ကြောင်း ပဏာမဒီကရီ ရရှိခဲ့သော်လည်း ကွယ်လွန်သူ အယူခံတရားပြိုင် ဦးမြတ်ကျော်သည် ၎င်းအတွက် ဝေစုသတ်မှတ်သည့် ဒီကရီ မရရှိခဲ့ပေ။ ထို့ကြောင့် အယူခံတရားပြိုင် ဦးမြတ်ကျော်အပေါ် တင်သွင်းထားသည့် အယူခံမှု အောင်မြင်ပါက တရားရုံးချုပ်၏ ဒီကရီ နှင့် မူလရုံး၏ဒီကရီဟူ၍ ဝိရောဓိဖြစ်မည့် ဒီကရီနှစ်ရပ် ပေါ်လာဖွယ်ရာ အကြောင်း မရှိပေ။ ဤအခြေအနေတွင် အယူခံမှုသည် ရပ်စဲရန် အကြောင်း မရှိချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ အမွေပုံ စီမံခန့်ခွဲပေးစေလိုမှုတွင် ပစ္စည်း လက်ရှိဖြစ်သူက အမွေဆိုင် မပါဝင်လျှင် ထိထိရောက်ရောက် စီမံခန့်ခွဲ၍ မရနိုင်သောကြောင့် ထိုသူသည် မပါမဖြစ် ပါဝင်ရမည့် အမှုသည် ဖြစ်သည်။

ယခုအမှုတွင် တရားလို ဒေါ်ရင်မြသည်သာ ပစ္စည်း လက်ရှိ ဖြစ်သူ ဖြစ်ပြီး ကွယ်လွန်သူ အယူခံတရားပြိုင်ဦးမြတ်ကျော်သည် ပစ္စည်း လက်ရှိဖြစ်သူ မဟုတ်ပေ။ အယူခံတရားလို ဒေါ်ရင်မြက အယူခံဝင်သည့် အယူခံမှုတွင် ပစ္စည်းလက်ရှိမဟုတ်သူ ဦးမြတ်ကျော်မှာ မပါမဖြစ် ပါဝင်ရမည့် အမှုသည်မဟုတ်ကြောင်း မြင်သာသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ မူလမှု၌ အမွေဆိုင်အားလုံး အမှုသည် အဖြစ် ပါဝင်ခဲ့သော အယူခံမှုတွင် အယူခံတရားပြိုင်များအနက် အယူခံ တရားပြိုင်တစ်ဦး ကွယ်လွန်သွားရာတွင် ကွယ်လွန်သူသည် မူလမှု၌ အမွေဝေစု မရရှိခဲ့သည့်အပြင် အမွေပုံပစ္စည်း လက်ရှိဖြစ်သူလည်း မဟုတ်လျှင် ၎င်း၏နေရာ၌ သတ်မှတ်ထားသည့် ကာလအတွင်း တရားဝင်ကိုယ်စားလှယ် မထည့်သော်လည်း အယူခံမှုတစ်မှုလုံး ရပ်စဲ မည် မဟုတ်ပေ။

၂၀၀၀
ဒေါ်ရင်မြ
နှင့်
ဒေါ်ခင်ယုဝေ
ပါ ၉

အယူခံတရားလိုအတွက် - ဦးရဲထွန်း၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်များအတွက် - (၁) အတွက် ဦးမောင်မောင်၊ တရားရုံးချုပ်ရှေ့နေ
(၂) မှ (၅) အတွက် ဦးအေးကြိုင်၏ ရေးသားလျှောက်လဲချက်ကို ဦးမောင်မောင်မှကိုယ်စားတင်သွင်းသည်။
(၆) မှ (၉) ကိုယ်တိုင် - မလာ

ရေတာရှည်မြို့နယ်တရားရုံး၊ ၁၉၉၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၁ တွင် ကိုကျော်ဌေးက ဒေါ်ရင်မြ၊ ဒေါ်ခင်မြိုင်၊ ဒေါ်တင်စိန်၊ ဒေါ်ဝင်းကြည်နှင့် ဦးမြတ်ကျော်တို့ ၅ ဦးအပေါ် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုသည်။ အမှုအတောအတွင်း ကိုကျော်ဌေး ကွယ်လွန်သဖြင့် ဒေါ်ခင်ယုဝေက ကွယ်လွန်သူ ကိုကျော်ဌေး၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ပါဝင်ခဲ့သည်။ မြို့နယ်တရားရုံးက တရားလိုသည် အမွေပုံ၏ ၆ ပုံ ၁ ပုံကို အမွေဝေစုရထိုက်ကြောင်း ပဏာမဒီကရီချမှတ်သည်။ မြို့နယ်တရားရုံး၏ ပဏာမဒီကရီကို ဒေါ်ရင်မြက မကျေနပ်သဖြင့် ပဲခူးတိုင်းတရားရုံး(တောင်ငူခရိုင်) သို့ အယူခံဝင်ရာ မအောင်မြင်သဖြင့် တရားရုံးချုပ်သို့ ဆက်လက် အယူခံဝင်သည်။ အယူခံမှုအတောအတွင်း အယူခံတရားပြိုင် ဦးမြတ်ကျော် ကွယ်လွန်ရာ အယူခံတရားလိုက မကြည်ကြည်ဌေး ပါ ၅ ဦးအား ကွယ်လွန်သူ ဦးမြတ်ကျော်၏နေရာတွင် တရားဝင်ကိုယ်စားလှယ်များအဖြစ် ထည့်သွင်းပေးရန် လျှောက်ထားသော်လည်း သတ်မှတ်ထားသည့် ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှလျှောက်ထားခြင်းဖြစ်၍ အယူခံတရားလို၏လျှောက်လွှာကိုပယ်ခဲ့သည်။ ထို့နောက် အယူခံမှုသည်ရပ်စဲသွားပြီဖြစ်ကြောင်း အမိန့်ချမှတ်သည်။ အယူခံတရားလို ဒေါ်ရင်မြက တရားရုံးချုပ်၏ အဆိုပါ

၂၀၀၀
ဒေါ်ရင်မြ
နှင့်
ဒေါ်ခင်ယုဝေ
ပါ ၉

အမိန့်ကို တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ ပြန်လည်စိစစ်ပေးရန် ၁၉၉၅ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၄၀၆ တွင် လျှောက်ထားသည့်အခါ တရားရုံးချုပ် အထူးခုံရုံးက အောက်ပါ ပြဿနာကို ပြန်လည်စိစစ်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

> " အမွေမှုတွင် ချမှတ်သည့် ပဏာမဒီကရီအပေါ် အယူခံဝင်ရောက်နေစဉ်အတွင်း အမွေပစ္စည်း လက်ဝယ်မရှိသူ အယူခံတရားပြိုင် ကွယ်လွန်ရာတွင် သတ်မှတ်ကာလအတွင်း တရားဝင်ကိုယ်စားလှယ် မထည့်ရုံမျှဖြင့် အမွေပုံကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ခြင်းရှိ-မရှိနှင့် အမှုတစ်ခုလုံး ရပ်စဲကြောင်း ဆုံးဖြတ်ခြင်းမှာ မှုတမှန်ကန်မှုရှိ-မရှိ။"

အယူခံတရားလို၏ရှေ့နေက မူလမှုမှာ အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု ဖြစ်ကြောင်း၊ မူလမှုတွင် ဒေါ်ရင်မြမှာ အဓိက တရားပြိုင် ဖြစ်ပြီး၊ ဦးမြတ်ကျော် အပါအဝင် ကျန်တရားပြိုင်များမှာ စတိခေါ် အမည်ခံတရားပြိုင်များ ဖြစ်ကြောင်း၊ မူလမှုတွင် အချင်းဖြစ် မြေကွက်မှာ အမွေဆိုင်ဖြစ်၍ ၎င်း၏ခြောက်ပုံတစ်ပုံ ကို တရားလိုသည် သူ၏ဝေစုအဖြစ် ရထိုက်ခွင့်ရှိကြောင်း၊ ပဏာမဒီကရီ ချမှတ်ခဲ့ပြီး ဖြစ်ကြောင်း၊ အဆိုပါ ပဏာမဒီကရီကို ဒေါ်ရင်မြက မကျေနပ်သဖြင့် တရားလိုအား အဓိက အယူခံတရားပြိုင်အဖြစ်ထားကာ ဦးမြတ်ကျော် အပါအဝင် ကျန်တရားပြိုင်များကို အမည်ခံ သို့မဟုတ် စတိ အယူခံ တရားပြိုင်များအဖြစ်ထားကာ အယူခံဝင်ရောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ မူလအမှုမှာ အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု ဖြစ်သည့်ပြင် ပဏာမ ဒီကရီ ချမှတ်ပြီးဖြစ်၍ တရားလို၏အခွင့်အရေးကို သတ်မှတ်ပေးပြီး ဖြစ်သောကြောင့် အမွေပုံကို ဆက်လက်၍ ထိရောက်စွာ စီမံခန့်ခွဲနိုင် ကြောင်း၊ ဒုတိယအချက်မှာ ကွယ်လွန်သူ ဦးမြတ်ကျော်သည် အမွေပုံ ပစ္စည်း လက်ဝယ်ရှိသူ မဟုတ်၊ မူလမှုတွင် စတိ တရားပြိုင်တစ်ဦး ဖြစ်သကဲ့သို့ အယူခံမှုတွင်လည်း စတိ အယူခံတရားပြိုင်တစ်ဦးသာ

၂၀၀၀
ဒေါ်ရင်မြ
နှင့်
ဒေါ်ခင်ယုဝေ
ပါ ၉

ဖြစ်ကြောင်း၊ စတိတရားပြိုင် သို့မဟုတ် စတိအယူခံတရားပြိုင် ဖြစ်လျှင် အမှုရပ်စဲခြင်း မရှိကြောင်း စုံညီခုံရုံး စီရင်ထုံးများစွာ တွေ့ရှိရကြောင်း သို့ဖြစ်၍ အမွေမှုတွင် ချမှတ်သည့် ပဏာမဒီကရီအပေါ် အယူခံ ဝင်ရောက်နေစဉ်အတွင်း အမွေပစ္စည်း လက်ဝယ်မရှိသူ အယူခံ တရားပြိုင် ကွယ်လွန်ရာတွင် သတ်မှတ်ကာလအတွင်း တရားဝင် ကိုယ်စားလှယ် မထည့်သွင်းသော်လည်း အမွေပုံကို ထိရောက်စွာ စီမံ ခန့်ခွဲနိုင်ခြင်း ရှိသဖြင့် အမှုတစ်ခု လုံးရပ်စဲကြောင်း ဆုံးဖြတ်ခြင်းမှာ မှုတမှန်ကန်မှု မရှိဟု ဥပဒေပြဿနာကို ဖြေဆို ဆုံးဖြတ်ပေးရန် လျှောက်လဲတင်ပြသည်။

အမှတ် ၁ အယူခံတရားပြိုင်၏ရှေ့နေက ပဲခူးတိုင်း၊ တောင်ငူ ခရိုင်တရားရုံး၏ အမိန့်အပေါ် မကျေနပ်သဖြင့် တရားရုံးချုပ်သို့ ဒေါ်ရင်မြမှ တရားမဒုတိယအယူခံမှုကို ၂၇-၉-၉၄ နေ့တွင် အယူခံလွှာ တင်သွင်းခဲ့ကြောင်း၊ အယူခံတရားပြိုင်တစ်ဦးဖြစ်သူ ဦးမြတ်ကျော်သည် ၄-၄-၉၄ ရက်က ကွယ်လွန်ခဲ့သူ ဖြစ်ကြောင်း၊ သေသူအပေါ် အယူခံ တင်သွင်းခြင်းသည် မူလကပင် ပျက်ပြယ်နေသဖြင့် တရားမဝင် ပါကြောင်း၊ ဒေါ်ရင်မြသည် အယူခံတရားပြိုင် ဦးမြတ်ကျော် သေဆုံး သဖြင့် ၄င်း၏သားသမီးများအား တရားဝင်ကိုယ်စားလှယ်အဖြစ် သေသူ၏ နေရာတွင် ပါဝင်ခွင့်ပြုရန် လျှောက်ထားသည့် နေ့မှာ ၄-၁၁-၉၄ နေ့ ဖြစ်ကြောင်း၊ တရားဝင်ကိုယ်စားလှယ် လျှောက်ထား သည့် ကာလမှာ ဦးမြတ်ကျော် သေသည့်အချိန်မှစ၍ ရေတွက်လျှင် (၇) လနီးပါးကြာမှ လျှောက်ထားခဲ့၍ ကာလစည်းကမ်းသတ် ကျော်လွန် ကြောင်း၊ အရေးယူလောက်သော ပြဿနာနှင့်ပတ်သက်ပြီး ဤအမှု တွင် စဉ်းစားသုံးသပ်ရန်အကြောင်း မရှိကြောင်း လျှောက်လဲတင်ပြ သည်။

အမှတ် ၂ မှ ၅ အထိ အယူခံတရားပြိုင်တို့၏ရှေ့နေက ဒေါ်ရင်မြသည် ပဲခူးတိုင်း (တောင်ငူခရိုင်) တရားရုံး၏ အမိန့်နှင့်ဒီကရီ

အပေါ် မကျေနပ်သဖြင့် တရားရုံးချုပ်သို့ တရားမဒုတိယအယူခံမှု ဝင်ရောက်ခဲ့ရာ၌ အယူခံတရားပြိုင် ဦးမြတ်ကျော် ကွယ်လွန်ခဲ့သဖြင့် ကွယ်လွန်သူ၏နေရာတွင် သားသမီးများအား တရားဝင်ကိုယ်စားလှယ် ထည့်သွင်းပေးရန် ကာလစည်းကမ်းသတ်ကျော်မှ လျှောက်ထားခဲ့ကြောင်း၊ တရားရုံးချုပ်က ယင်းလျှောက်ထားချက်အား လက်ခံခြင်း မရှိဘဲ အမှုရပ်စဲကြောင်း သတ်မှတ်၍ တရားမဒုတိယအယူခံလွှာကို ပလပ်ခဲ့ကြောင်း၊ ဒေါ်ရင်မြအနေနှင့် ဤအထူးအယူခံ တင်သွင်းလျှောက်ထားသော်လည်း တရားရုံးချုပ်၏ ချမှတ်ခဲ့သော အမိန့်ကို သာလျှင် အတည်ပြုသင့်လျက် အထူးအယူခံလွှာကို ပလပ်သင့်ကြောင်း လျှောက်လဲချက် တင်သွင်းသည်။

တရားရုံးချုပ် တရားမဒုတိယအယူခံမှုအမှတ် ၁၇၃/၉၃ အမှုကို စိစစ်ကြည့်ရှုရာ ဒေါ်ရင်မြက တရားရုံးချုပ်သို့ အယူခံမှု တင်သွင်းသည့်နေ့မှာ ၂၇-၉-၉၃ နေ့ ဖြစ်ကြောင်း တွေ့ရှိရသည်။ အမှတ် ၁ အယူခံတရားပြိုင်၏ရှေ့နေက တရားရုံးချုပ်သို့ ဒေါ်ရင်မြမှ ၂၇-၉-၉၄ နေ့တွင် အယူခံတင်သွင်းသဖြင့် ၄-၄-၉၄ နေ့ကပင် ကွယ်လွန်ခဲ့သူ ဦးမြတ်ကျော်အပေါ် အယူခံတင်သွင်းခြင်းမှာ သေသူအပေါ် အယူခံ တင်သွင်းခြင်း ဖြစ်၍ တရားမဝင်ပျက်ပြယ်ကြောင်း တင်ပြချက်မှာ မှန်ကန်ခြင်း မရှိကြောင်း တွေ့ရှိရသည်။

တရားရုံးချုပ်ရှေ့နေများသည် တရားရုံးချုပ်သို့ လျှောက်လဲ တင်ပြရာ၌ မှန်ကန်သည့် အချက်အလက်များကို တင်ပြရန် လိုအပ်ကြောင်း မှတ်ချက်ပြုလိုက်သည်။

ဒေါ်ရင်မြက တရားမဒုတိယအယူခံမှုအမှတ် ၁၇၃/၉၃ ကို ၂၇-၉-၉၃ နေ့ကတင်သွင်းထားပြီး အယူခံတရားပြိုင် ဦးမြတ်ကျော်သည် ၄-၄-၉၄ နေ့က ကွယ်လွန်ခဲ့ရာ အယူခံမှု အတောအတွင်း ကွယ်လွန်ခြင်း ဖြစ်သည်။

၂၀၀၀
ဒေါ်ရင်မြ
နှင့်
ဒေါ်ခင်ယုဝေ
ပါ ၉

တရားရုံးချုပ်က အယူခံမှုအတောအတွင်း အယူခံတရားပြိုင် ဦးမြတ်ကျော် ကွယ်လွန်သည့်အခါ ကွယ်လွန်သူ ဦးမြတ်ကျော်၏ နေရာတွင် တရားဝင်ကိုယ်စားလှယ် ထည့်သွင်းခြင်း မရှိသဖြင့် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၂၊ နည်း ၄ (၃) အရ အမှုမှာ ဦးမြတ်ကျော်နှင့် စပ်လျဉ်းသမျှ ရပ်စဲသွားပြီဖြစ်ကြောင်း၊ ထို့အပြင် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုတွင် အမွေဆိုင်အားလုံးသည် အမှုသည်အဖြစ် ပါဝင်ရမည်ဖြစ်၍ ကွယ်လွန်သူ ဦးမြတ်ကျော်၏ တရားဝင်ကိုယ်စားလှယ်တို့မှာ အမှုတွင်မပါမဖြစ် ပါဝင်ရမည့် အမှုသည်များ ဖြစ်သည့်အတွက် ၎င်းတို့ မပါဘဲ အမွေပုံပစ္စည်းကို ထိထိရောက်ရောက် စီမံခန့်ခွဲ၍ မရနိုင်တော့ကြောင်း၊ သို့ဖြစ်၍ ဒေါ်ရင်မြ တင်သွင်းသည့် အယူခံမှုမှာ ရပ်စဲသွားကြောင်း ဒေါ်ငွေမြိုင် ပါ ၆ နှင့် ဦးမောင်ကလေး အမှု[၁] ကို ကိုးကား၍ ဆုံးဖြတ်သည်။

ဒေါ်ငွေမြိုင် ပါ ၆ နှင့် ဦးမောင်ကလေး အမှု[၁] မှာ ဒေါ်လှ ပါ ၃ ဦးတို့က ဦးဘဦး ပါ ၆ ဦး တို့အပေါ် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခြင်း ဖြစ်သည်။ ထိုအမှုတွင် တရားလိုတစ်ဦးဖြစ်သူ ဒေါ်လှနှင့် တရားပြိုင်တစ်ဦးဖြစ်သူ ဦးဘဦးတို့ ကွယ်လွန်သွားရာတွင် သူတို့၏ တရားဝင်ကိုယ်စားလှယ်များကို ထည့်သွင်းခဲ့ခြင်း မရှိသဖြင့် အမှုမှာ ဒေါ်လှနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဦးဘဦးနှင့်စပ်လျဉ်း၍လည်းကောင်း ရပ်စဲသွားကြောင်း၊ အမွေစီမံခန့်ခွဲပေးစေလိုမှုတွင် ဒေါ်လှနှင့် ဦးဘဦးတို့၏ တရားဝင်ကိုယ်စားလှယ်များမှာ အမှုတွင် မပါမဖြစ် ပါဝင်ရမည့် အမှုသည်များဖြစ်သည့်အလျောက် ၎င်းတို့မပါဘဲ အမွေပုံပစ္စည်းများကို ထိထိရောက်ရောက် စီမံခန့်ခွဲ၍ မရနိုင်ကြောင်း သုံးသပ်၍ အမှုတစ်မှုလုံးမှာ အမှုသည် မစုံလင်သည့်အတွက် ရပ်စဲသွားပြီဟု ကောက်ယူခဲ့ခြင်း ဖြစ်သည်။

---

(၁) ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၁။

၂၀၀၀
ဒေါ်ရင်မြ
နှင့်
ဒေါ်ခင်ယုဝေ
ပါ ၉

ယခုအမှုမှာ မူလရုံးတွင် အမှုသည်များ အစုံအလင် ပါဝင်ခဲ့ပြီး မူလရုံးက တရားလိုဏ်ဝေစုကို ခွဲဝေသတ်မှတ်သည့် ပဏာမဒီကရီ ချမှတ်ခဲ့ပြီး ဖြစ်သည်။ မူလရုံးကချမှတ်သည့် ပဏာမဒီကရီကို ဒေါ်ရင်မြ က မကျေနပ်သဖြင့် အဆင့်ဆင့်အယူခံဝင်ရာ ဒုတိယအယူခံရုံးတွင် အယူခံတရားပြိုင်တစ်ဦး ကွယ်လွန်ခြင်း ဖြစ်သည်။

နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော အယူခံတရားပြိုင်များ အနက် တစ်ဦးဦး သေဆုံးရာတွင် တရားစွဲဆိုခွင့်မှာ ကျန်ရစ်သူ အယူခံတရားပြိုင် သို့မဟုတ် အယူခံတရားပြိုင်များအပေါ်တွင်သာ ကျန်ရှိသည် မဟုတ်လျှင် သေသူ အယူခံတရားပြိုင်၏ တရားဝင် ကိုယ်စားလှယ်ထည့်သွင်းပေးရန် လျှောက်ထားသည့်အခါ ကွယ်လွန်သူ ၏ တရားဝင်ကိုယ်စားလှယ်အား အမှုသည်အဖြစ် ထည့်သွင်းရမည် ဖြစ်သည်။ စည်းကမ်းသတ်ကာလအတွင်း ထိုသို့လျှောက်ထားခြင်း မရှိလျှင် သေသူ အယူခံတရားပြိုင်နှင့်စပ်လျဉ်းသမျှ အယူခံမှုမှာ ရပ်စဲစေရမည်ဟု တရားမကျင့်ထုံးဥပဒေ အမိန့် ၂၂၊ နည်း ၄ (၃) တွင် ပြဋ္ဌာန်းထားသည်။

တရားမကျင့်ထုံးဥပဒေ အမိန့် ၂၂၊ နည်း ၄ (၃) တွင်ပါ ပြဋ္ဌာန်းချက်အရ အယူခံတရားပြိုင်တစ်ဦးဖြစ်သူ ဦးမြတ်ကျော် ကွယ်လွန်ရာတွင် တရားစွဲခွင့်မှာ ကျန်ရစ်သူ အယူခံတရားပြိုင်တို့ အပေါ်တွင်သာ ကျန်ရှိသည်မဟုတ်၍ စည်းကမ်းသတ်ကာလအတွင်း ကွယ်လွန်သူ၏ တရားဝင်ကိုယ်စားလှယ်အား အမှုသည်အဖြစ် ထည့်သွင်းခြင်း မရှိ၍ အယူခံမှုမှာ ကွယ်လွန်သူ အယူခံတရားပြိုင် ဦးမြတ်ကျော်နှင့်စပ်လျဉ်းသမျှ ရပ်စဲသွားပြီ ဖြစ်သည်။

အယူခံမှုတစ်မှုလုံး ရပ်စဲခြင်းရှိ-မရှိ စိစစ်ရန်မှာ အယူခံမှုကို ကျန်ရစ်သူ အယူခံတရားပြိုင်များအပေါ် ခွင့်ပြုမည်ဆိုပါက အချင်းဖြစ် အကြောင်းအရာ တစ်ရပ်တည်းနှင့်စပ်လျဉ်း၍ တစ်မှုတည်းတွင် ဆန့်ကျင်ဘက်ဒီကရီနှစ်ရပ် တစ်နည်းအားဖြင့် ကွဲပြားခြားနားသည့်

၂၀၀၀
ဒေါ်ရင်မြ
နှင့်
ဒေါ်ခင်ယုဝေ
ပါ ၉

မူလရုံးဒီကရီနှင့် အယူခံရုံးဒီကရီ နှစ်ရပ် ပေါ်ပေါက်လာဖွယ်ရာ အကြောင်းရှိ-မရှိ ဖြစ်သည်။

မမေသန်း နှင့် မိုဟာမက်ယူစွတ် အမှု(၂) တွင် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရာ တရားလိုက အမွေပုံ၏တစ်ဝက်၊ ပထမ တရားပြိုင်က လေးပုံတစ်ပုံ၊ ဒုတိယတရားပြိုင်က လေးပုံတစ်ပုံ ရထိုက်ကြောင်း ဆုံးဖြတ်သည်။ အပြီးသတ်ဒီကရီ ချမှတ်ရာတွင် အမွေပုံပစ္စည်းများကို အသေးစိတ်ဖော်ပြသည်။ ပထမတရားပြိုင်က အပြီးသတ်ဒီကရီကို အယူခံဝင်ရာ တရားလိုအား အယူခံတရားပြိုင်အဖြစ် ဖော်ပြသည်။ ဒုတိယအယူခံတရားပြိုင်ကို အမှုသည်အဖြစ် ထည့်သွင်းခြင်း မပြုသဖြင့် အယူခံတရားပြိုင်ဘက်မှ အယူခံမှုကို ဆက်လက်ကြားနာ၍ မရနိုင်ကြောင်း ကန့်ကွက်တင်ပြရာ တရားလွှတ်တော်က မူလရုံး၏ဒီကရီအရ ဆိုလျှင် ဒုတိယတရားပြိုင်သည် အမွေပုံပစ္စည်းကို ထိုဒီကရီအရ ခွဲဝေရခွင့်တည်းဟူသော အဖိုးထိုက်တန်လှသည့် အခွင့်အရေးကို ရခဲ့ပြီးဖြစ်ကြောင်း၊ ဒုတိယတရားပြိုင်မပါဘဲ အယူခံတရားပြိုင်အပေါ် တင်သွင်းထားသော အယူခံသည် အောင်မြင်ပါက အမှု၏ အချင်းဖြစ် အကြောင်းအရာနှင့်စပ်လျဉ်း၍ တရားလွှတ်တော်၏ ဒီကရီနှင့် မူလရုံး၏ ဒီကရီဟူ၍ ဝိရောဓိဖြစ်မည့် ဒီကရီနှစ်ရပ် ပေါ်ပေါက်လာဖွယ် ရှိ-မရှိ ဖြစ်ကြောင်း၊ အယူခံမှာ အောင်မြင်ပါက အယူခံတရားပြိုင် အပေါ် ဤရုံးက ချမှတ်သည့် ဒီကရီမှာ မူလရုံးကချမှတ်ထားသည့် ဒီကရီနှင့် ပုံစံအရလည်းကောင်း၊ အနှစ်သာရအရလည်းကောင်း ကွဲပြားမည် ဖြစ်ကြောင်း၊ မူလရုံး၏ဒီကရီမှာ ဤအယူခံမှုမှ အမှုသည်များနှင့် ဒုတိယတရားပြိုင်တို့အကြား အပြီးသတ် အတည်ဖြစ်ပြီး ဖြစ်ကြောင်း၊ ဤအခြေအနေတွင် ဤအယူခံမှုကို ဆက်လက် ကြားနာခြင်း မပြုနိုင်ကြောင်း ဆုံးဖြတ်သည်။

---

(၂) ရန်ကုန်စီရင်ထုံးများ၊ အတွဲ- ၉၊ စာ- ၆၂၄။

၂၀၀၀
ဒေါ်ရင်မြ
နှင့်
ဒေါ်ခင်ယုဝေ
ပါ ၉

ယခုအမှုတွင် တရားလိုသည် အမွေပုံ၏ ၆ ပုံ ၁ ပုံ ကို ရထိုက်ကြောင်း ပဏာမဒီကရီရရှိခဲ့သော်လည်း ကွယ်လွန်သူ အယူခံတရားပြိုင် ဦးမြတ်ကျော်သည် ၄င်းအတွက်ဝေစုသတ်မှတ်သည့် ဒီကရီ မရရှိခဲ့ပေ။ ထို့ကြောင့် အယူခံတရားပြိုင် ဦးမြတ်ကျော်အပေါ် တင်သွင်း ထားသည့် အယူခံမှုအောင်မြင်ပါက တရားရုံးချုပ်၏ဒီကရီနှင့် မူလရုံး ၏ ဒီကရီဟူ၍ ဝိရောဓိဖြစ်မည့် ဒီကရီနှစ်ရပ် ပေါ်လာဖွယ်ရာအကြောင်း မရှိပေ။ ဤအခြေအနေတွင် အယူခံမှုသည်ရပ်စဲရန်အကြောင်း မရှိချေ။

အမွေပုံစီမံခန့်ခွဲပေးစေလိုမှုတွင် ပစ္စည်း လက်ရှိဖြစ်သူက အမွေဆိုင်မပါဝင်လျှင် ထိထိရောက်ရောက် စီမံခန့်ခွဲ၍ မရနိုင်သောကြောင့် ထိုသူသည်မပါမဖြစ် ပါဝင်ရမည့် အမှုသည် ဖြစ်သည်။

ယခုအမှုတွင် တရားလို ဒေါ်ရင်မြသည်သာ ပစ္စည်းလက်ရှိဖြစ်သူဖြစ်ပြီး ကွယ်လွန်သူ အယူခံတရားပြိုင် ဦးမြတ်ကျော်သည် ပစ္စည်းလက်ရှိဖြစ်သူ မဟုတ်ပေ။ အယူခံတရားလို ဒေါ်ရင်မြက အယူခံဝင်သည့် အယူခံမှုတွင် ပစ္စည်းလက်ရှိမဟုတ်သူ ဦးမြတ်ကျော်မှာ မပါမဖြစ် ပါဝင်ရမည့် အမှုသည်မဟုတ်ကြောင်း မြင်သာသည်။

မူလမှု၌ အမွေဆိုင်အားလုံး အမှုသည်အဖြစ် ပါဝင်ခဲ့သော အယူခံမှုတွင် အယူခံတရားပြိုင်များအနက် အယူခံတရားပြိုင်တစ်ဦး ကွယ်လွန်သွားရာတွင် ကွယ်လွန်သူသည် မူလမှု၌ အမွေဝေစု မရရှိခဲ့သည့်အပြင် အမွေပုံပစ္စည်း လက်ရှိဖြစ်သူလည်း မဟုတ်လျှင် ၄င်း၏ နေရာ၌ သတ်မှတ်ထားသည့် ကာလအတွင်း တရားဝင်ကိုယ်စားလှယ် မထည့်သော်လည်း အယူခံမှုတစ်မှုလုံး ရပ်စဲမည် မဟုတ်ပေ။

သို့ဖြစ်၍ ကြားနာလျက်ရှိသည့် ပြဿနာနှင့် စပ်လျဉ်း၍ အမွေမှုတွင်ချမှတ်သည့် ပဏာမဒီကရီအပေါ် အယူခံဝင်ရောက်နေစဉ် အတွင်း အမွေပစ္စည်း လက်ဝယ်မရှိသူ အယူခံတရားပြိုင် ကွယ်လွန်ရာတွင် သတ်မှတ်ကာလအတွင်း တရားဝင်ကိုယ်စားလှယ် မထည့်ရုံမျှဖြင့် အမွေပုံကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ခြင်းမရှိဟု မဆိုနိုင်ကြောင်းနှင့်

အမှုတစ်မှုလုံး ရပ်စဲကြောင်း ဆုံးဖြတ်ခြင်းမှာ မှန်ကန်မှုမရှိကြောင်း ဖြေဆိုလိုက်သည်။

ဤအထူးအယူခံမှုကို ခွင့်ပြုပြီး တရားရုံးချုပ်က အယူခံမှု ရပ်စဲသွားပြီဟု ချမှတ်သည့်အမိန့်ကို ပယ်ဖျက်လိုက်သည်။ တရားရုံးချုပ်သည် တရားမဒုတိယအယူခံမှုအမှတ် ၁၇၃/၉၃ ကို ဥပဒေနှင့်အညီ ပြန်လည်ကြားနာရန် ညွှန်ကြားလိုက်သည်။

တရားစရိတ်ကို အမှုပုံမှ ကျခံစေရမည်။

+ ၂၀၀၀
အောက်တိုဘာလ
၁၃ ရက်

တရားမပထမအယူခံမှု

တရားရုံးချုပ်တရားသူကြီး ဦးခင်မြင့် ရှေ့တွင်

ဦးရမ်ဂျာရီ

နှင့်

မခမ်းစိန် (ခ) လီကျင်ရှန်း*

ချေးငွေရလိုမှု စွဲဆိုခြင်း၊ စည်းကမ်းသတ်ကာလ ကျော်လွန်နေခြင်း၊ ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၁၉ (၁) နှင့် ညီညွတ်ရန် လိုအပ်ချက်များ၊ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၅ (၃) ပါ ပြဋ္ဌာန်းချက်၊ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၅ (၃) အရ ကြွေး ပေးဆပ်ရန် ကတိနှင့် ကာလစည်းကမ်းသတ်အက်ဥပဒေ ပုဒ်မ ၁၉ အရ ကြွေးပေးဆပ်ရန်ရှိကြောင်း ဝန်ခံချက်၊ တူညီ ချက်နှင့် ခြားနားချက်များ။

ဆုံးဖြတ်ချက်။ ။ ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၁၉ (၁) နှင့် ညီညွတ်ရန်အတွက် (၁) တရားမမှု စွဲဆိုရန် ကာလစည်းကမ်းသတ် မကုန်ဆုံးမီ ဖြစ်ရမည်၊ (၂) တောင်းဆိုခံရသူကတာဝန်ရှိကြောင်း စာဖြင့် ရေးသားဝန်ခံချက် ရှိရမည်၊ (၃) အဆိုပါဝန်ခံချက်ကို တောင်းဆိုခံရသူမှ လက်မှတ်ရေးထိုးထားရမည်၊ ထိုအချက် ၃ ချက်နှင့်မပြည့်စုံလျှင် ကာလ စည်းကမ်းသတ်ဥပဒေပုဒ်မ ၁၉ (၁)အရ ကာလစည်းကမ်းသတ် အပိုင်း အခြားအသစ်ကိုဝန်ခံချက်ပြုသည့်နေ့မှစတင်ရေတွက်ရမည်မဟုတ်ပေ။

---

* ၂၀၀၀ ပြည့်နှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၅၀

\+ ၁၉၉၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၁၉ တွင် ချမှတ်သော ၁၅-၃-၂၀၀၀ ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

၂၀၀၀
ဦးရမ်ဂျာရီ
နှင့်
မခမ်းစိန် (ခ)
လီကျင်ရှန်း

**ထပ်မံဆုံးဖြတ်ချက်။** ။ အယူခံတရားပြိုင်သည် ချေးငွေ သိန်း ၂၀ ကျပ်ကို ၁၉၉၅ ခုနှစ်၊ ဧပြီလတွင် လက်ခံရယူခဲ့သည်ဟု အယူခံတရားလိုက အဆိုပြု စွဲဆိုထားသဖြင့် ၁၉၉၅ ခုနှစ်၊ ဧပြီလမှ ကာလစည်းကမ်းသတ်ကို စတင်ရေတွက်သော် အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့ ညှိနှိုင်းသည်ဆိုသည့် ၃၀-၆-၉၉ နေ့တွင် ကာလစည်းကမ်းသတ် ၃ နှစ် ကုန်ဆုံးနေပြီး ဖြစ်သည်။ သို့ဖြစ်၍ ၃၀-၆-၉၉ နေ့တွင် အယူခံတရားပြိုင်မှ ငွေပေးရန်ရှိကြောင်း ဝန်ခံချက်ကို လက်မှတ်ရေးထိုးခဲ့သည်ဆိုသည့်တိုင်အောင် ကာလစည်းကမ်းသတ်ကုန်ဆုံးပြီးမှ ဝန်ခံလက်မှတ်ရေးထိုးခြင်း ဖြစ်၍ ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၁၉ နှင့် အကျုံးဝင်ခြင်း မရှိပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ ပဋိညာဉ်ဥပဒေပုဒ်မ ၂၅ (၃) တွင် ကာလစည်းကမ်းသတ်ဥပဒေအရ စည်းကမ်းသတ်ကာလ ကျော်လွန်နေသည့်အတွက် မြီရှင်က ကြွေးမြီကို တောင်းဆိုခြင်း မပြုနိုင်သည့်ကိစ္စတွင် မြီစားကသော်လည်းကောင်း၊ ထိုကိစ္စအတွက် သာမန်ဖြစ်စေ၊ အထူးဖြစ်စေ အာဏာအပ်နှင်းခြင်းခံရသည့် ကိုယ်စားလှယ်ကသော်လည်းကောင်း၊ ကြွေးမြီအားလုံး သို့မဟုတ် အချို့အဝက်ကို ပေးဆပ်မည်ဟု စာရေးထားပြီး လက်မှတ်ထိုးထားလျှင် ထိုသဘောတူညီချက်သည် ပဋိညာဉ်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၂ (၃) တွင် အကျုံးဝင်သည့် ခံဝန်ချုပ်၌ ကာလစည်းကမ်းသတ် ကျော်လွန်နေသော ငွေများကို ပေးပါမည်ဟု ချုပ်ဆိုထားလျှင် ပဋိညာဉ်ဥပဒေပုဒ်မ ၂၅ (၃) အရ ပဋိညာဉ်မြောက်၍ ချုပ်ဆိုသူသည် ချုပ်ဆိုသောငွေကို ပေးဆပ်ရန် တာဝန်ရှိသည်။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၅ (၃) နှင့်အကျုံးဝင်ရန် အလို့ငှာ ငွေပေးဆပ်မည်ဆိုသည့်ကတိသည် (၁) စာဖြင့် ရေးသားထားရမည်၊ (၂) မြီစားကိုယ်တိုင် သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်က လက်မှတ်ရေးထိုးရမည်၊ (၃) ကာလ

စည်းကမ်းသတ် အချိန်ကျော်လွန်နေသည့် ကြွေးမြီအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပေးဆပ်ရန်အတွက် ဖြစ်ရမည်ဆိုသော အင်္ဂါရပ် ၃ ရပ်နှင့် ပြည့်စုံရန် လိုသည်။

ကာလစည်းကမ်းသတ်ကျော်လွန်နေသည့် ကြွေးမြီကို ပေးဆပ်ပါမည်ဆိုသော နောက်ပိုင်းကတိကို ပေးဆပ်ရန်တာဝန်ရှိသူ ကိုယ်တိုင် ဖြစ်စေ၊ ၎င်းကိုယ်စားလှယ်က ဖြစ်စေ၊ ထိုကိစ္စအတွက် အထူး အခွင့်အာဏာ လွှဲအပ်ထားခြင်းခံရသူက ဖြစ်စေ လက်မှတ်ရေးထိုးရန် လိုသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၅ (၃) အရ ကြွေးပေးဆပ်ရန်ကတိနှင့် ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၁၉ အရ ကြွေးပေးဆပ်ရန်ရှိကြောင်း ဝန်ခံချက်တို့မှာ တူညီသော အချက်များ ရှိသော်လည်း မတူညီသော အချက်များ ရှိပေသည်။ နှစ်မျိုးစလုံးတွင် စာဖြင့် ရေးသားထားရန်လိုပြီး မြီစားကိုယ်တိုင် ဖြစ်စေ၊ မြီစား၏ ကိုယ်စားလှယ်က ဖြစ်စေ လက်မှတ်ရေးထိုးရန် လိုသည်ဆိုသော အချက်မှာ တူညီသည်။ မတူညီသောအချက်မှာ ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၉ အရ ဝန်ခံချက်ကို စည်းကမ်းသတ်အချိန် မကုန်ဆုံးမီ ရေးသားလက်မှတ်ထိုးရန် လိုသော်လည်း ပဋိညာဉ်ဥပဒေပုဒ်မ ၂၅ (၃) အရမူ စည်းကမ်းသတ် အချိန်ကျော်လွန်မှ ရေးသားလက်မှတ် ထိုးနိုင်သည်။ ပုဒ်မ ၂၅ (၃) နှင့် အကျုံးဝင်ရန် အလို့ငှာ ကြွေးမြီပမာဏ အတိအကျကို ပေးဆပ်မည်ဟု ဝန်ခံရေးသားရန် လိုသည်။ ကြွေးမြီ တင်ရှိကြောင်း ဝန်ခံချက် ရေးသားပေးရုံဖြင့် မလုံလောက်ပေ။

အယူခံတရားလိုအတွက် - ဦးလှကို၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်အတွက် - ဦးရဲထွန်း၊ တရားရုံးချုပ်ရှေ့နေ

၂၀၀၀
ဦးရမ်ဂျာရီ
နှင့်
မခမ်းစိန် (ခ)
လီကျင်ရှန်း

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၂၁၉/၉၉ တွင် တရားလို ဦးရမ်ဂျာရီက ၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမောင်မောင်မှ တစ်ဆင့် တရားပြိုင် မခမ်းစိန် (ခ) လီကျင်ရှန်းအပေါ် ငွေ ၅၈ သိန်း ကျပ် ရလိုကြောင်း တရားစွဲဆိုသည်။ မူလတရားရုံးက ပဏာမငြင်းချက် အပေါ် နှစ်ဖက်လျှောက်လဲချက် ကြားနာပြီးနောက် တရားလိုသည် ဤအမှုကို ကာလစည်းကမ်းသတ် ကျော်လွန်မှ တရားစွဲဆိုခြင်းမှာ မှန်ကန်သည်ဟု ဖြေဆိုပြီး အဆိုလွှာကို တရားမကျင့်ထုံးဥပဒေ အမိန့် ၇၊ နည်း ၁၁ (ဃ) အရ ပယ်ကြောင်း အမိန့်ချမှတ်သည်။ အဆိုပါ အမိန့်ကို မကျေနပ်၍ ဦးရမ်ဂျာရီက ဤတရားမပထမအယူခံမှုကို တင်သွင်းခြင်း ဖြစ်သည်။

အဆိုလွှာတွင် တရားလို ဦးရမ်ဂျာရီသည် ကုမ္ပဏီတည်ထောင် ပြီး နယ်စပ်ကုန်သွယ်ရေးလိုင်စင် ရယူကာ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေစဉ် ၁၉၉၃ ခုနှစ်တွင် တရားပြိုင် မခမ်းစိန်နှင့် မူဆယ်မြို့ ၌ ခင်မင်ရင်းနှီးခဲ့ကြောင်း၊ တရားပြိုင်သည် မူဆယ်မြို့နှင့် ရွှေလီမြို့ များ၌ ဆံပင်အလှပြင်ဆိုင်များကို ဖွင့်လှစ်ထားကြောင်း၊ ၁၉၉၅ ခုနှစ်၊ ဧပြီလတွင် မူဆယ်မြို့၌ တရားပြိုင်က နွားသားရေများအတွက် ငွေလို ကြောင်း ပြောကြားသဖြင့် ငွေကျပ် သိန်း ၂၀ ကို ပေးအပ်ခဲ့ရာ တစ်ရက်၊ နှစ်ရက် ကြာလျှင် ပြန်လည်ပေးဆပ်မည်ဟု ပြောကြားခဲ့ ကြောင်း၊ ၈-၄-၉၅ နေ့တွင် တရားပြိုင်သည် မြန်မာငွေ ၂၅၀၀၀၀ ကျပ် နှင့်ညီမျှသော တရုတ်ယွမ်ငွေ ၂၀၀၀၀ ကို ပြန်လည်ပေးဆပ်ခဲ့ပြီး ကျန်ငွေများကို ရန်ကုန်မြို့သို့ လာရောက်ပေးဆပ်မည်ဟု ကတိပြုခဲ့ ကြောင်း၊ ၂၉-၅-၉၅ နေ့တွင် တရားပြိုင်က ၎င်း၏အစ်မတစ်ဝမ်းကွဲ တော်သူ ဒေါ်ရှီဆွေကျင်းထံသို့ တရုတ်ယွမ်ငွေ ၁၄၀၀၀၀ ကို ၎င်း၏ ကိုယ်စားပေးဆပ်ရန် စာရေးသား အကြောင်းကြားခဲ့သော်လည်း ဒေါ်ရှီဆွေကျင်းက မပေးဆပ်နိုင်ဟု ပြောကြားခဲ့ကြောင်း၊ ၁-၇-၉၉ နေ့တွင် ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်အေးချမ်း

သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက တရားပြိုင်အား ရယူထားသည့် ငွေများကို ပြန်လည်ပေးချေရန် ပြောကြားခဲ့သောအခါ တရားပြိုင်က ပေးဆပ်ရန် ငြင်းဆိုခဲ့ကြောင်း၊ တရားပြိုင်မှ ငွေပေးဆပ်ရန် ငြင်းဆိုခဲ့သော ၁-၇-၉၉ နေ့နှင့် ၎င်းနေ့နောက်ပိုင်းတွင် အမှုကို တရားစွဲဆိုရန် အကြောင်း ပေါ်ပေါက်ကြောင်း၊ သို့ဖြစ်၍ တရုတ်ယွမ်ငွေ ၁၄၀၀၀၀ နှင့် ညီမျှသည့် ငွေ ၅၈ သိန်းကျပ်အား ပေးစေရန်အတွက် ဒီကရီ ချမှတ်ပေးရန် ဖော်ပြထားသည်။

ချေလွှာတွင်တရားပြိုင်က အခြားအချက်များအပြင် ၁-၇-၉၉ နေ့နှင့် ၎င်းနေ့နောက်ပိုင်းတွင် တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်သည်ဆိုခြင်းမှာ မမှန်ကြောင်း၊ တရားလိုသည် ဤအမှုကို ကာလစည်းကမ်းသတ်ကျော်မှ စွဲဆိုခြင်းဖြစ်ကြောင်း ထုချေခဲ့သည်။

မူလတရားရုံးက တရားလိုသည် ဤအမှုအား ကာလစည်းကမ်းသတ် ကျော်လွန်မှ စွဲဆိုခြင်းမှာ မှန်သလားဟူသော ပဏာမငြင်းချက်ကို နှစ်ဖက်လျှောက်လဲချက် ကြားနာပြီးနောက် အဆိုလွှာအား ပယ်ခဲ့ခြင်းဖြစ်သည်။

မူလတရားရုံး၏ အမိန့်တွင် တရားလိုက တရားပြိုင်အပေါ် ချေးငွေ ၅၈ သိန်းကျပ် ရလိုမှု စွဲဆိုခြင်းဖြစ်၍ ကာလစည်းကမ်းသတ် ဥပဒေ ပထမဇယား အပိုဒ် ၅၇ အရ ငွေချေးယူသည့်အခါကစ၍ ၃ နှစ် အတွင်း တရားစွဲဆိုရမည်ဖြစ်ကြောင်း၊ အဆိုလွှာအပိုဒ် (၃) အရ ငွေကျပ် သိန်း ၂၀ ကို တရားပြိုင်မှ ၁၉၉၅ ခုနှစ်၊ ဧပြီလအတွင်း ချေးယူခဲ့ခြင်းဖြစ်ကြောင်း၊ တရားပြိုင်သည် ၈-၄-၉၅ နေ့တွင် တရုတ်ယွမ်ငွေ ၂၀၀၀၀ ပေးဆပ်ခဲ့ပြီး၊ ယွမ်ငွေ ၁၄၀၀၀၀ ကို ၎င်းကိုယ်စား ပေးဆပ်ရန် ဒေါ်ရှိဆွေကျင်းထံ ၂၉-၅-၉၅ နေ့၌ စာရေးသားပေးခဲ့ကြောင်း၊ အဆိုပါစာအပေါ် အခြေခံ၍ အမှုစွဲဆိုခြင်းဖြစ်ကြောင်း၊ ဤအမှုကို ၇-၇-၉၉ နေ့တွင် တရားစွဲဆိုခဲ့သဖြင့် ကာလစည်းကမ်းသတ် ဥပဒေ ပထမဇယား အပိုဒ် ၅၇ အရ ၃ နှစ်ကျော်လွန်ပြီးဖြစ်၍

အဆိုလွှာ ကို တရားမကျင့်ထုံးဥပဒေ အမိန့် ၇၊ နည်း ၁၁ (ဃ) အရ ပယ်ကြောင်း သုံးသပ်ဆုံးဖြတ်ထားသည်။

အယူခံတရားလို၏ရှေ့နေက လျှောက်လဲတင်ပြရာတွင် အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့ ယောမင်းကြီးရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတွင် ၃၀-၆-၉၉ နေ့တွင် ညှိနှိုင်းခဲ့စဉ် အယူခံတရားပြိုင်အနေဖြင့် ငွေယူခြင်းကို ငြင်းဆိုခြင်း မရှိဘဲ ငွေ ၁၇ သိန်းကျပ် ပေးမည် ကတိပြုခဲ့ခြင်းဖြစ်ကြောင်း၊ ကာလ စည်းကမ်းသတ်ဥပဒေပုဒ်မ ၁၉ တွင် ငွေပေးရန်ရှိသူက ဝန်ခံချက် ပြုသည့်အချိန်မှစ၍ ကာလစည်းကမ်းသတ်အပိုင်းအခြားကို အသစ် ရေတွက်ရမည်ဟု ပြဋ္ဌာန်းထားသဖြင့် အယူခံတရားပြိုင်မှ ငွေ ၁၇ သိန်း ကျပ် ပေးဆပ်မည်ဟု ဝန်ခံကတိပြုသည့် ၃၀-၆-၉၉ နေ့မှစတင်၍ ကာလစည်းကမ်းသတ်ကို ရေတွက်ရမည်ဖြစ်ကြောင်း၊ အဆိုလွှာနှင့် အတူ ပူးတွဲတင်ပြထားသော ညှိနှိုင်းမှတ်တမ်းတွင် အယူခံတရားပြိုင် က ပထမလက်မှတ်ရေးထိုးခဲ့သော်လည်း ညှိနှိုင်းဆောင်ရွက်မှု ပြီးစီး သည့်အခါ လက်မှတ်ရေးထိုးရန် ငြင်းဆန်ခဲ့ကြောင်း၊ ထိုကဲ့သို့ လက်မှတ် ရေးထိုးခြင်းသည် ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၅ (၃) အရ ပဋိညာဉ် အသစ်တစ်ရပ် ဖြစ်လာသဖြင့် ၃၀-၆-၉၉ နေ့မှစတင်ရေတွက်သော် ဤအမှုကို တရားစွဲဆိုခြင်းသည် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်း မရှိကြောင်း တင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက လျှောက်လဲတင်ပြရာတွင် အယူခံတရားလိုက အယူခံတရားပြိုင်ထံမှ ချေးငွေရလိုကြောင်း စွဲဆိုမှု ဖြစ်၍ ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယား အပိုဒ် ၅၇ အရ ငွေချေးယူသည့်အခါကစ၍ ၃ နှစ်အတွင်း တရားစွဲဆိုရမည် ဖြစ် ကြောင်း၊ အဆိုလွှာအပိုဒ် (၃) တွင် တရားပြိုင်သည် တရားလိုထံမှ ငွေကျပ် သိန်း ၂၀ ကို ချေးယူခဲ့သည်မှာ ၁၉၉၅ ခုနှစ်၊ ဧပြီလက ဖြစ်သည်ဟု အဆိုပြုထားသဖြင့် ဤအမှုကို ၁၉၉၈ ခုနှစ်၊ ဧပြီလအတွင်း

သာ တရားစွဲဆိုရမည်ဖြစ်သော်လည်း ၇-၇-၉၉ နေ့တွင် တရားစွဲဆိုသောကြောင့် ကာလစည်းကမ်းသတ် ကျော်လွန်နေကြောင်း၊ ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၁၉ မှာ ကြွေးငွေပေးဆပ်ရန် စည်းကမ်းသတ်အချိန် မကုန်ဆုံးမီ ကြွေးငွေပေးဆပ်ရန်ရှိကြောင်း စာဖြင့်ရေးသားဝန်ခံကာ လက်မှတ်ရေးထိုးပါက ထိုသို့ ဝန်ခံလက်မှတ်ရေးထိုးချိန်မှစ၍ ကာလစည်းကမ်းသတ် အပိုင်းအခြားကို အသစ်ရေတွက်နိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၅ (၃) တွင် ကြွေးမြီတစ်ရပ်ကို ပေးဆပ်ရန် ကာလစည်းကမ်းသတ်အချိန် ကျော်လွန်ပြီးနောက်ပိုင်းတွင် မြီစားက မကျေ ကျန်ငွေကို ပေးဆပ်မည်ဟု စာဖြင့်ရေးသား ကတိပြုလက်မှတ်ရေးထိုးသည်ကို မြီရှင်က လက်ခံပါက ကတိပဋိညာဉ်အသစ် ဖြစ်သွားသည်ဟု ဖော်ပြထားကြောင်း၊ အဆိုလွှာအပိုဒ် (၈) တွင် တရားပြိုင်မှ ငွေပေးဆပ်ရန် ငြင်းဆန်နေ၍ ပြေလည်မှု မရရှိခဲ့ဟု ဖော်ပြထားသဖြင့် ငွေပေးဆပ်ရန် ဝန်ခံကတိပြုခြင်း မရှိကြောင်း၊ ၃၀-၆-၉၉ နေ့တွင် ရယကရုံး၌ အယူခံတရားပြိုင်က ဝန်ခံလက်မှတ်ရေးထိုးခဲ့သည် ဆိုစေဦး၊ ထိုနေ့မှာ အမှုစွဲဆိုရန် ကာလစည်းကမ်းသတ်ကုန်ဆုံးနေပြီးဖြစ်၍ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၁၉ နှင့်အကျုံးမဝင်တော့ကြောင်း၊ အယူခံတရားပြိုင်က ကြွေးငွေပေးဆပ်ရန်ဝန်ခံကတိပြုပြီး လက်မှတ်ရေးထိုးခြင်းမရှိ၍ ပဋိညာဉ်ဥပဒေပုဒ်မ ၂၅ (၃) အရ ကတိပဋိညာဉ်အသစ် ဖြစ်လာသည်ဟု လက်ခံရန် မဖြစ်နိုင်ကြောင်းဖြင့် တင်ပြသွားသည်။

အယူခံတရားလို၏ အဆိုလွှာကို လေ့လာသုံးသပ်ကြည့်လျှင် ၁၉၉၅ ခုနှစ်၊ ဧပြီလတွင် အယူခံတရားပြိုင်သည် အယူခံတရားလိုထံမှ ငွေကျပ် သိန်း ၂၀ ကို မူဆယ်မြို့၌ တစ်ရက်၊ နှစ်ရက်ကြာလျှင် ပြန်ပေးမည်ဟုပြောပြီး ရယူခဲ့ကြောင်း၊ ၈-၄-၉၅ နေ့တွင် ငွေ ၂၅၀၀၀၀ ကျပ်နှင့်ညီမျှသော တရုတ်ယွမ်ငွေ ၂၀၀၀၀ ကို ပြန်လည်ပေးဆပ်ခဲ့ကြောင်း၊ ၂၉-၅-၉၅ နေ့တွင် တရုတ်ယွမ်ငွေ ၁၄၀၀၀၀ ကို ပေးရန် သဘောတူညီ

ခဲ့သော်လည်း ပြန်လည်ပေးဆပ်ခြင်း မရှိကြောင်း၊ သို့ဖြစ်၍ တရုတ်ယွမ်ငွေ ၁၄၀၀၀၀ နှင့်ညီမျှသည့် ငွေ ၅၈ သိန်းကျပ် ရလိုကြောင်း အဆိုပြု တရားစွဲဆိုထားသည်။ ဤအမှုသည် အယူခံတရားလိုက အယူခံတရားပြိုင်အပေါ် ချေးငွေရလိုကြောင်း တရားစွဲဆိုမှု ဖြစ်၍ ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယား အပိုဒ် ၅၇ နှင့် အကျုံးဝင် သက်ဆိုင်နေသည်။ အယူခံတရားလိုကလည်း အပိုဒ် ၅၇ နှင့်အကျုံးဝင် သက်ဆိုင်ခြင်း မရှိကြောင်း ငြင်းဆိုထားခြင်း မရှိပေ။

ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယား အပိုဒ် ၅၇ တွင် ချေးငွေရလိုမှုကို ငွေချေးယူသည့်အခါကစ၍ ၃ နှစ်အတွင်း တရားစွဲဆိုရမည်ဟု ပြဋ္ဌာန်းထားသည်။

အယူခံတရားလို၏ အဆိုလွှာအပိုဒ် (၃) တွင် "တရားပြိုင်သည် ၁၉၉၅ ခုနှစ်၊ ဧပြီလတွင် မန္တလေးမြို့မှ မူဆယ်မြို့သို့ တင်ပို့သော နွားသားရေများအတွက် အရေးပေါ်ငွေပေးချေရန် ရှိကြောင်း တရားလိုအား မူဆယ်မြို့၌ပြောကြားပြီး ငွေကျပ် ၂၀၀၀၀၀၀ (ကျပ်သိန်းနှစ်ဆယ်တိတိ) အား တစ်ရက်၊ နှစ်ရက် ကြာမည်ဟု အကြောင်းပြရယူသွားခဲ့ပါသည်" ဟု ဖော်ပြထားသည်။ သို့ဖြစ်၍ အယူခံတရားလိုက အယူခံတရားပြိုင်သို့ ငွေကျပ် သိန်း ၂၀ ကို ၁၉၉၅ ခုနှစ်၊ ဧပြီလတွင် ပေးအပ်ခဲ့ကြောင်း အဆိုပြုထားသဖြင့် ကာလစည်းကမ်းသတ်ကို ၁၉၉၅ ခုနှစ်၊ ဧပြီလမှ စတင်ရေတွက်ရမည် ဖြစ်သည်။ ၁၉၉၅ ခုနှစ်၊ ဧပြီလမှစတင်၍ ကာလစည်းကမ်းသတ် ရေတွက်သော် ဤအမှုကို တရားစွဲဆိုသည့် ၇-၇-၉၉ နေ့တွင် ကာလစည်းကမ်းသတ် ၃ နှစ် ကျော်လွန်နေပြီး ဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက ကာလစည်းကမ်းသတ်ဥပဒေ ပုဒ်မ ၁၉ အရ ၃၀-၆-၉၉ နေ့မှစ၍ ကာလစည်းကမ်းသတ်အသစ်ကို ရေတွက်ရမည်ဖြစ်၍ ဤအမှုကို တရားစွဲဆိုခြင်းသည် ကာလစည်းကမ်းသတ် ကျော်လွန်ခြင်း မရှိသေးကြောင်း တင်ပြလျှောက်လဲသွားသည်။

ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၁၉ (၁) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

ပုဒ်မ ၁၉ (၁)။ ။ ပစ္စည်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ အခွင့်အရေးနှင့်စပ်လျဉ်း၍သော်လည်းကောင်း တရားမကြီးမှု စွဲဆိုရန် သို့တည်းမဟုတ် လျှောက်ထားမှုပြုရန် သတ်မှတ်ထားသည့် စည်းကမ်းသတ်ကာလ အပိုင်းအခြား မကုန်ဆုံးမီ ထိုပစ္စည်းကိုဖြစ်စေ၊ ထိုအခွင့်အရေးကိုဖြစ်စေ တောင်းဆိုသူက သို့တည်းမဟုတ် တောင်းဆိုခြင်းခံရသူအား ပိုင်ဆိုင်ခွင့်ကို သော်လည်းကောင်း၊ တာဝန်ရှိခြင်းကိုသော်လည်းကောင်း သက်ဆင်းစေသော အခြားသူက အဆိုပါပစ္စည်းနှင့်စပ်လျဉ်း၍ တာဝန်ရှိကြောင်း ရေးသားလက်မှတ်ထိုး၍ ခံဝန်ချက်ပြုသည့်အခါမှစ၍ စည်းကမ်းသတ်ကာလ အပိုင်းအခြားကို အသစ်ရေတွက်ရမည်။

ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၁၉ (၁) နှင့် ညီညွတ်ရန်အတွက် (၁) တရားမမှုစွဲဆိုရန် ကာလစည်းကမ်းသတ် မကုန်ဆုံးမီဖြစ်ရမည်၊ (၂) တောင်းဆိုခံရသူက တာဝန်ရှိကြောင်း စာဖြင့်ရေးသားဝန်ခံချက် ရှိရမည်၊ (၃) အဆိုပါဝန်ခံချက်ကို တောင်းဆိုခံရသူမှ လက်မှတ်ရေးထိုးထားရမည်။ ထိုအချက် ၃ ချက်နှင့် မပြည့်စုံလျှင် ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၁၉ (၁) အရ ကာလစည်းကမ်းသတ်အပိုင်းအခြားအသစ်ကို ဝန်ခံချက်ပြုသည့်နေ့မှ စတင်ရေတွက်ရမည်မဟုတ်ပေ။

အယူခံတရားလိုသည် ယောမင်းကြီးရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတွင် ၃၀-၆-၉၉ ရက်စွဲပါ လူမှုရေးညှိနှိုင်းခြင်း မှတ်တမ်းကို အဆိုလွှာနှင့်အတူ ပူးတွဲတင်ပြထားသည်။ အဆိုပါ လူမှုရေးညှိနှိုင်းခြင်း မှတ်တမ်း ပထမစာမျက်နှာတွင် တက်ရောက်သူများအဖြစ် အယူခံတရားပြိုင်မှ လက်မှတ်ရေးထိုးထား

သည်ကို တွေ့ရသည်။ ထိုကဲ့သို့ လက်မှတ်ရေးထိုးခြင်းမှာ အယူခံတရားပြိုင်သည် လူမှုရေးညှိနှိုင်းမှု ပြုလုပ်ရာတွင် တက်ရောက်ခဲ့ခြင်းကို လက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။ မှတ်တမ်း ဒုတိယ စာမျက်နှာတွင် ဦးရမ်ဂျာရီမှ တရုတ်ယွမ်ငွေ ၁၄၀၀၀၀ နှင့်ညီမျှသည့် ငွေ ၅၈ သိန်း ကျပ်ကိုပေးဆပ်ရန် တောင်းဆိုသည့်အခါ မခမ်းစိန်က ပေးဆပ်နိုင်ခြင်းမရှိဟု ငြင်းဆိုခဲ့ကြောင်း၊ မခမ်းစိန်က ငွေ ၁၇ သိန်းကျပ်ကိုသာ တစ်လလျှင် ငွေ ၅၀၀၀၀ ကျပ်ဖြင့် ပေးဆပ်မည်ဟု ပြောဆိုသော်လည်း ကတိပြုလက်မှတ်ရေးထိုးခြင်း မပြုနိုင်ကြောင်း တင်ပြခဲ့သည်ဟု ပါရှိသည်။ ညှိနှိုင်းမှုမှတ်တမ်း အောက်ခြေတွင် အယူခံတရားပြိုင်မှ လက်မှတ်ရေးထိုးထားခြင်း မရှိပေ။

အဆိုလွှာအပိုဒ် (၈) တွင် ၁-၇-၉၉ နေ့၌ ယောမင်းကြီးရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတွင် တရားလိုက ရယူသွားသောငွေများကို ပေးဆပ်ရန် ပြောဆိုသည့်အခါ တရားပြိုင်မှ ငြင်းဆိုသဖြင့် ပြေလည်မှု မရရှိကြောင်း ဖော်ပြထားသည်။

၃၀-၆-၉၉ နေ့ ယောမင်းကြီးရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ လူမှုရေးညှိနှိုင်းမှတ်တမ်းတွင် အယူခံတရားပြိုင်မှ ငွေပေးဆပ်ရန် ဝန်ခံထားခြင်း မရှိသည့်အပြင် လက်မှတ်ရေးထိုးထားခြင်းလည်း မရှိသောကြောင့် ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၁၉(၁) နှင့် အကျုံးဝင်ခြင်း မရှိသဖြင့် ၃၀-၆-၉၉ နေ့မှစ၍ ကာလစည်းကမ်းသတ် အသစ်ကို ရေတွက်ရန် မဟုတ်ပေ။

အယူခံတရားပြိုင်သည် ချေးငွေ သိန်း ၂၀ ကျပ်ကို ၁၉၉၅ ခုနှစ်၊ ဧပြီလတွင် လက်ခံရယူခဲ့သည်ဟု အယူခံတရားလိုက အဆိုပြုစွဲဆိုထားသဖြင့် ၁၉၉၅ ခုနှစ်၊ ဧပြီလမှ ကာလစည်းကမ်းသတ်ကို စတင်ရေတွက်သော် အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့ ညှိနှိုင်းသည်ဆိုသည့် ၃၀-၆-၉၉ နေ့တွင် ကာလစည်းကမ်းသတ် ၃ နှစ် ကုန်ဆုံးနေပြီး ဖြစ်သည်။ သို့ဖြစ်၍ ၃၀-၆-၉၉ နေ့တွင် အယူခံတရားပြိုင်မှ

ငွေပေးရန် ရှိကြောင်း ဝန်ခံချက်ကို လက်မှတ်ရေးထိုးခဲ့သည် ဆိုသည့် တိုင်အောင် ကာလစည်းကမ်းသတ် ကုန်ဆုံးပြီးမှ ဝန်ခံလက်မှတ်ရေးထိုး ခြင်း ဖြစ်၍ ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၁၉ နှင့် အကျုံးဝင်ခြင်း မရှိပေ။

ပဋိညာဉ်ဥပဒေပုဒ်မ ၂၅ (၃) တွင် ကာလစည်းကမ်းသတ် ဥပဒေအရ စည်းကမ်းသတ်ကာလ ကျော်လွန်နေသည့်အတွက် မြီရှင် က ကြွေးမြီကို တောင်းဆိုခြင်း မပြုနိုင်သည့်ကိစ္စတွင် မြီစားကသော် လည်းကောင်း၊ ထိုကိစ္စအတွက် သာမန်ဖြစ်စေ၊ အထူးဖြစ်စေ အာဏာ အပ်နှင်းခြင်းခံရသည့် ကိုယ်စားလှယ်ကသော်လည်းကောင်း၊ ကြွေးမြီ အားလုံး သို့မဟုတ် အချို့အဝက်ကို ပေးဆပ်မည်ဟု စာရေးသားပြီး လက်မှတ်ရေးထိုးထားလျှင် ထိုသဘောတူညီချက်ကို ပဋိညာဉ်ဖြစ် ကြောင်း ပြဋ္ဌာန်းထားသည်။

ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၂ (၃) တွင် အကျုံးဝင် သည့် ခံဝန်ချုပ်၌ ကာလစည်းကမ်းသတ် ကျော်လွန်နေသော ငွေများကို ပေးပါမည်ဟု ချုပ်ဆိုထားလျှင် ပဋိညာဉ်ဥပဒေပုဒ်မ ၂၅ (၃) အရ ပဋိညာဉ်မြောက်၍ ချုပ်ဆိုသူသည် ချုပ်ဆိုသောငွေကို ပေးဆပ်ရန် တာဝန်ရှိသည်။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၅ (၃) နှင့် အကျုံးဝင်ရန် အလို့ငှာ ငွေပေးဆပ်မည်ဆိုသည့် ကတိသည် (၁) စာဖြင့် ရေးသား ထားရမည်၊ (၂) မြီစားကိုယ်တိုင် သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်က လက်မှတ်ရေးထိုးရမည်၊ (၃) ကာလစည်းကမ်းသတ် အချိန်ကျော်လွန် နေသည့် ကြွေးမြီအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပေးဆပ် ရန်အတွက် ဖြစ်ရမည် ဆိုသော အင်္ဂါ ၃ ရပ်နှင့် ပြည့်စုံရန်လိုသည်။

ကာလစည်းကမ်းသတ်ကျော်လွန်နေသည့် ကြွေးမြီကို ပေးဆပ် ပါမည်ဆိုသော နောက်ပိုင်းကတိကို ပေးဆပ်ရန် တာဝန်ရှိသူ ကိုယ်တိုင် ဖြစ်စေ၊ ၎င်းကိုယ်စားလှယ်က ဖြစ်စေ၊ ထိုကိစ္စအတွက် အထူးအခွင့် အာဏာလွှဲအပ်ထားခြင်းခံရသူကဖြစ်စေ လက်မှတ်ရေးထိုးရန်လိုသည်။

ပဋိညာဉ်ဥပဒေပုဒ်မ ၂၅ (၃) အရ ကြွေးပေးဆပ်ရန်ကတိနှင့် ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၁၉ အရ ကြွေးပေးဆပ်ရန်ရှိကြောင်း ဝန်ခံချက်တို့မှာ တူညီသောအချက်များ ရှိသော်လည်း မတူညီသော အချက်များ ရှိပေသည်။ နှစ်မျိုးစလုံးတွင် စာဖြင့်ရေးသားထားရန် လိုပြီး မြီစားကိုယ်တိုင် ဖြစ်စေ၊ မြီစား၏ကိုယ်စားလှယ်က ဖြစ်စေ လက်မှတ် ရေးထိုးရန်လိုသည် ဆိုသောအချက်မှာ တူညီသည်။ မတူညီသော အချက်မှာ ကာလစည်းသတ်ဥပဒေပုဒ်မ ၁၉ အရ ဝန်ခံချက်ကို စည်းကမ်းသတ်အချိန် မကုန်ဆုံးမီ ရေးသားလက်မှတ်ထိုးရန် လိုသော်လည်း ပဋိညာဉ်ဥပဒေပုဒ်မ ၂၅ (၃) အရမူ စည်းကမ်းသတ် အချိန် ကျော်လွန်မှ ရေးသားလက်မှတ်ထိုးနိုင်သည်။ ပုဒ်မ ၂၅ (၃) နှင့် အကျုံးဝင်ရန် အလို့ငှာ ကြွေးမြီပမာဏ အတိအကျကို ပေးဆပ်မည်ဟု ဝန်ခံရေးသားရန် လိုသည်။ ကြွေးမြီတင်ရှိကြောင်း ဝန်ခံရေးပေးရုံဖြင့် မလုံလောက်ပေ။

ယောမင်းကြီးရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ၌ ၃၀-၆-၉၉ နေ့ အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့ လူမှုရေးညှိနှိုင်းမှတ်တမ်းတွင် အယူခံတရားပြိုင်မှ ငွေပေးဆပ်ရန် တိတိ ကျကျ ဝန်ခံကတိပြုခဲ့ချက် မပါရှိသည့်အပြင် လက်မှတ်ရေးထိုးထား ခြင်းလည်း မရှိသဖြင့် အဆိုပါမှတ်တမ်းကို ပဋိညာဉ်ဥပဒေပုဒ်မ ၂၅ (၃) အရ ပဋိညာဉ်အသစ်တစ်ခု ဖြစ်လာသည်ဟု မယူဆနိုင်ပေ။

အယူခံတရားလိုစွဲဆိုသော အမှုသည် ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၉ (၁) နှင့် ပဋိညာဉ်ဥပဒေပုဒ်မ ၂၅ (၃) တို့နှင့် အကျုံး မဝင်ဘဲ ကာလစည်းကမ်းသတ် ကျော်လွန်နေကြောင်း ထင်ရှားသဖြင့် မူလရုံး၏အမိန့်သည် ဥပဒေနှင့်မညီညွတ်ဟု မဆိုသာပေ။

သို့ဖြစ်၍ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြုပြီး ဤတရားမပထမအယူခံမှုကို စရိတ်နှင့်တကွ ပလပ် လိုက်သည်။

တရားမပြင်ဆင်မှု

+ ၂၀၀၀
မတ်လ
၁၀ ရက်

တရားရုံးချုပ်တရားသူကြီး ဦးစိန်လှိုင်ရှေ့တွင်

ဒေါ်လှရွှေ

နှင့်

ဒေါ်စန်းစန်းမြင့် ပါ ၃*

[မိမိကိုယ်တိုင်နှင့် အရွယ်မရောက်သေးသူ (၂၊၃) လျှောက်ထားသူများ၏မိခင်အရင်းသဘာဝအုပ်ထိန်းသူ]

အမွေထိန်းစာလျှောက်ထားမှုတွင် တင်သွင်းသော ကန့်ကွက်လွှာအား တရားမကျင့်ထုံးဥပဒေ အမိန့် ၆၊ နည်း ၁၇ အရ တရားရုံးက ပြင်ဆင်ခွင့်ပြုနိုင်ခြင်းရှိ-မရှိ။

ဆုံးဖြတ်ချက်။ ။ တရားမကျင့်ထုံးဥပဒေအမိန့် ၆၊ နည်း ၁ တွင် အဆိုအချေဆိုသည်မှာ အဆိုလွှာ သို့မဟုတ် ချေလွှာတို့ကို ဆိုလိုကြောင်းကိုလည်းကောင်း၊ နည်း ၂ တွင် အဆိုအချေအသီးသီးတွင် အမှုသည်၏တောင်းဆိုချက် သို့မဟုတ် ခုခံချေပချက်အတွက် အမှုသည်က အားကိုးအားထားပြုသော အရေးပါသည့် အကြောင်းအချက် အကျဉ်းချုပ်သာ ပါရှိစေရပြီး၊ ရက်စွဲ၊ ငွေကြေးပမာဏနှင့် ကိန်းဂဏန်းတို့ကို ဖော်ပြရမည်ဟုလည်းကောင်း ပြဋ္ဌာန်းချက်များ ရှိပေသည်။ တရားရုံးများလက်စွဲအပိုဒ် ၁၁၉ တွင်လည်း အဆိုအချေများ

---

* ၁၉၉၉ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၂၀၃
+ ၁၉၉၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆ တွင် ချမှတ်သော ၅-၁၁-၉၉ ရက်စွဲပါ ရှမ်းပြည်နယ်တရားရုံး (လားရှိုးခရိုင်) ၏ အမိန့်အား ပြင်ဆင်မှု

နှင့်စပ်လျဉ်း၍ ညွှန်ပြချက်များရှိသည်။ ထို့ပြင် တရားမကျင့်ထုံးဥပဒေ ပထမစာရင်း နောက်ဆက်တွဲ (က) တွင် အဆိုအချေပုံစံများကို သတ်မှတ်ထားသည်။

တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်း ၁ အရ တရားရုံးက ဆင့်ဆိုလျှင် တရားပြိုင်သည် ချေလွှာတင်သွင်းရန် တာဝန်ရှိပေသည်။ တရားမကျင့်ထုံးဥပဒေ အမိန့် ၆၊ နည်း ၁၇ တွင် တရားရုံးသည် တစ်ဖက်သောအမှုသည်အား အဆိုအချေများကို ပြောင်းလဲရန် သို့မဟုတ် ပြင်ဆင်ရန် ခွင့်ပြုနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

တရားမကျင့်ထုံးဥပဒေ အမိန့် ၆၊ နည်း ၁ နှင့် ၂ တို့နှင့်အညီ ရေးသားထားပြီး အမိန့် ၈၊ နည်း ၁ နှင့်အညီ တင်သွင်းမှသာ ချေလွှာ ဟု ဆိုနိုင်မည်ဖြစ်ပြီး ယင်းကဲ့သို့ တင်သွင်းသော ချေလွှာများကိုသာ လိုအပ်လျှင် တရားရုံးက တရားမကျင့်ထုံးဥပဒေ အမိန့် ၆၊ နည်း ၁၇ နှင့်အညီ ပြင်ဆင်ခွင့်ပြုနိုင်ခြင်း ဖြစ်သည်။ သို့ဖြစ်၍ အဆိုအချေမှ လွဲ၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၆၊ နည်း ၁၇ အရ ပြင်ဆင်ခွင့် မပေးနိုင်ခြင်းမှာ ယင်းပြဋ္ဌာန်းချက်အရ အငြင်းပွားစရာ မရှိချေ။

အမွေထိန်းစာလျှောက်ထားမှုတွင် ကန့်ကွက်လိုသူများသည် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၄ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တင်သွင်းရသည့် ကန့်ကွက်လွှာသာဖြစ်ပြီး တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်း ၁ အရ တင်သွင်းရသည့် ချေလွှာမဟုတ်သဖြင့် ယင်း ကန့်ကွက်လွှာအား တရားရုံးက တရားမကျင့်ထုံးဥပဒေ အမိန့် ၆၊ နည်း ၁၇ အရ ပြင်ဆင်ခွင့်မပြုနိုင်ကြောင်း ထင်ရှားသည်။

လျှောက်ထားသူအတွက် - ဦးစောကီးနာ
တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက် - ဦးစိုင်းမြင့်မောင်
တရားရုံးချုပ်ရှေ့နေ

၂၀၀၀

ဒေါ်လှရွှေ
နှင့်
ဒေါ်စန်းစန်းမြင့်
ပါ ၃
[မိမိကိုယ်တိုင်
နှင့် အရွယ်
မရောက်သေး
သူ (၂၊ ၃)
လျှောက်ထားသူ
များ၏မိခင်
အရင်းသဘာဝ
အုပ်ထိန်းသူ]

ရှမ်းပြည်နယ်တရားရုံး (လားရှိုးခရိုင်) ၏ ၁၉၉၈ ခုနှစ်၊ တရားမ အထွေထွေမှုအမှတ် ၄ တွင် ဒေါ်စန်းစန်းမြင့် ပါ ၃ ဦးတို့က အမွေထိန်း လက်မှတ်စာ လျှောက်ထားသည်။ ဒေါ်လှရွှေက ထိုသို့လျှောက်ထား ခြင်းကို ကန့်ကွက်သဖြင့် ၁၉၉၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆ အဖြစ် ပြောင်းလဲဖွင့်လှစ်သည်။ ဒေါ်လှရွှေက ကန့်ကွက်လွှာ တင်သွင်းခဲ့ပြီး နောက် ကန့်ကွက်လွှာပါအချက် အပိုဒ် ၄ ကို ပြင်ဆင်ပေးစေလို ကြောင်း တရားမကျင့်ထုံးဥပဒေ အမိန့် ၆၊ နည်း ၁၇ အရ ပြင်ဆင် ချေလွှာ တင်သွင်းသည်။ ပြည်နယ်တရားရုံးက ထိုသို့လျှောက်ထားချက် နှင့်စပ်လျဉ်းပြီး ပလပ်ကြောင်း ချမှတ်သည့် အမိန့်အပေါ် ဒေါ်လှရွှေ က မကျေနပ်၍ တရားရုံးချုပ်သို့ ဤပြင်ဆင်မှု တင်သွင်းသည်။

ပြည်နယ်တရားရုံးက ဤအမှုမှာ အမွေထိန်းစာရရှိသာ လျှောက်ထားခြင်းဖြစ်ကြောင်း၊ အမွေထိန်းစာရရှိမှုဖြင့် အချင်းဖြစ် ပစ္စည်းကို တရားလိုကပိုင်ဆိုင်မည်မဟုတ်သေးကြောင်း၊ တရားပြိုင် ဘက်မှ ပြင်ဆင်ချေလွှာတင်သွင်းခြင်းသည် လိုအပ်သည်ဟု တစ်ထစ်ချ ကောက်ယူ၍မရကြောင်း၊ မူလချေလွှာတင်သွင်းစဉ်က အချင်းဖြစ် ပစ္စည်းသည် သေသူ၏ပစ္စည်း မဟုတ်ပါဟူ၍ တိကျစွာ ချေပထားခြင်း မရှိဘဲ နောက်မှ မြေစာရင်းပုံစံ ၁၀၅ နှင့် ဂရန်များရရှိအောင် ကြိုးစား ပြီးမှ တင်ပြလိုခြင်းဖြစ်ကြောင်း၊ အကယ်၍ ခွင့်ပြုခဲ့ပါက အမှု၏ အတွင်းသဘောသရုပ်ကို ပြောင်းလဲမသွားဟု မဆိုနိုင်ကြောင်း၊ သို့ဖြစ် ၍ အချင်းဖြစ်မြေကွက်နှင့် အဆောက်အအုံကို ဖယ်ရှားလျှင် အိမ်ထောင်ပရိဘောဂအပေါ်တွင် အကျိုးသက်ဆိုင်ခွင့် ကျန်ရှိသေး၍ အမွေထိန်းစာရသင့်-မသင့် ဆက်လက်စစ်ဆေးရမည်ဖြစ်ကြောင်း စသည့်အချက်များ ကောက်ယူသုံးသပ်ပြီး လျှောက်ထားချက်အား ပလပ်ခဲ့သည်။

လျှောက်ထားသူ၏ရှေ့နေက ပြည်နယ်တရားရုံးသည် အမွေ ထိန်းစာရရှိမှုသာ လျှောက်ထားခြင်းဖြစ်ကြောင်း၊ အမွေထိန်းစာ ရရှိမှု

ဖြင့် အချင်းဖြစ်ပစ္စည်းကို တရားလိုက ပိုင်ဆိုင်မည်မဟုတ်သေးကြောင်း၊ တရားပြိုင်ဘက်မှ ပြင်ဆင်ချေလွှာတင်သွင်းခြင်းသည် လိုအပ်သော ပြင်ဆင်ချက်ဖြစ်သည်ဟု တစ်ထစ်ချကောက်ယူ၍ မရကြောင်း သုံးသပ်ခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်း၊ အမှု၏အတွင်းသရုပ်ကို ပြောင်းလဲမသွားဟု ဆို၍မရတော့ကြောင်း သုံးသပ်ခြင်းမှာလည်း မှားယွင်းကြောင်း၊ နောက်မှမြေစာရင်းပုံစံ ၁၀၅ နှင့် ဂရန်များ ရရှိအောင် ကြိုးစားပြီးမှ တင်ပြလိုခြင်းဖြစ်သည်ဟု သုံးသပ်ခြင်းမှာလည်း မှားယွင်းကြောင်း စသည့်အချက်များ အဓိကအားဖြင့် လျှောက်လဲသည်။

လျှောက်ထားခံရသူ၏ရှေ့နေက အမွေထိန်းစာလျှောက်ထားမှုတွင် ကန့်ကွက်သူရှိလာသဖြင့် အမွေဆက်ခံရေးဥပဒေပုဒ်မ ၂၉၅ အရ တရားမကြီးမှုအဖြစ် ပြောင်းလဲ၍ တရားမကြီးမှု စစ်ဆေးသည့်နည်းအတိုင်း စစ်ဆေးခဲ့ခြင်းသာဖြစ်ကြောင်း၊ မူလလျှောက်ထားမှုမှ ဤတရားမကြီးမှုသို့ ပီပီပြင်ပြင်ပြောင်းလဲစေခဲ့ခြင်း မရှိကြောင်း၊ အမွေထိန်းစာ လျှောက်ထားမှုတွင် လျှောက်ထားသူသည် အမွေဆက်ခံပိုင်ခွင့်ရှိ-မရှိနှင့် အမွေထိန်းစာ လက်ခံထိုက်သူဟုတ်-မဟုတ် စသော ပြဿနာတို့သာ ကြည့်ရကြောင်း၊ ချေလွှာပြင်ဆင်ရန်အကြောင်းမှာ ပိုင်ဆိုင်မှုကို တင်ပြလိုခြင်းဖြစ်၍ ဤပြင်ဆင်မှုကို ပလပ်သင့်ကြောင်းဖြင့် အဓိကအားဖြင့် လျှောက်လဲသည်။

ရှမ်းပြည်နယ်တရားရုံး (လားရှိုးခရိုင်) တွင် ဒေါ်စန်းစန်းမြင့် ပါ ၃ ဦးက အမွေထိန်းလက်မှတ်စာရလိုကြောင်း လျှောက်ထားရာ တရားမအထွေထွေမှုအဖြစ် ဖွင့်လှစ်ခဲ့ပြီး ဒေါ်လှရွှေက ကန့်ကွက်သဖြင့် အမွေဆက်ခံရေးအက်ဥပဒေပုဒ်မ ၂၉၅ ပါ ပြဋ္ဌာန်းချက်အရ တရားမကြီးမှုအဖြစ် ပြောင်းလဲဖွင့်လှစ်ခြင်း ဖြစ်သည်။ အမွေထိန်းစာသည် တရားမကြီးမှုအဖြစ်စစ်လင့်ကစားတရားမကြီးမှု (SUIT) မဟုတ်ကြောင်း ကိုမောင်ကြီး နှင့် ဒေါ်တုတ် အမှု(၁) တွင် စီရင်ထုံးဖွဲ့ထားသည်။

---

(၁) အိုင်၊ အယ်လ်၊ အာရ် (ရန်ကုန်) အတွဲ၊ စာ-၄၃၄။

ယခုအမှုတွင် လျှောက်ထားသူ ဒေါ်လှရွှေက တင်သွင်းထားသည့် ကန့်ကွက်လွှာကို တရားမကျင့်ထုံးဥပဒေ အမိန့် ၆၊ နည်း ၁၇ အရ တရားရုံးက ပြင်ဆင်ခွင့်ပြုနိုင်ခြင်းရှိ-မရှိကို အဓိကသုံးသပ်ရန် လိုအပ်သည်။

တရားမကျင့်ထုံးဥပဒေ အမိန့် ၆၊ နည်း ၁ တွင် အဆိုအချေဆိုသည်မှာ အဆိုလွှာ သို့မဟုတ် ချေလွှာကို ဆိုလိုကြောင်းကိုလည်းကောင်း၊ နည်း ၂ တွင် အဆိုအချေအသီးသီးတွင် အမှုသည်၏ တောင်းဆိုချက် သို့မဟုတ် ခုခံချေပချက်အတွက် အမှုသည်က အားကိုးအားထားပြုသော အရေးပါသည့် အကြောင်းအချက် အကျဉ်းချုပ်သာ ပါရှိစေရပြီး ရက်စွဲ၊ ငွေကြေးပမာဏနှင့် ကိန်းဂဏန်းတို့ကို ဖော်ပြရမည် ဟုလည်းကောင်း ပြဋ္ဌာန်းချက်များ ရှိပေသည်။ တရားရုံးများလက်စွဲ အပိုဒ် ၁၁၉ တွင်လည်း အဆိုအချေများနှင့်စပ်လျဉ်း၍ ညွှန်ပြချက်များ ရှိသည်။ ထို့ပြင် တရားမကျင့်ထုံးဥပဒေ ပထမစာရင်း နောက်ဆက်တွဲ (က) တွင် အဆိုအချေပုံစံများကို သတ်မှတ်ထားသည်။

တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်း ၁ အရ တရားရုံးက ဆင့်ဆိုလျှင် တရားပြိုင်သည် ချေလွှာတင်သွင်းရန် တာဝန်ရှိပေသည်။ တရားမကျင့်ထုံးဥပဒေ အမိန့် ၆၊ နည်း ၁၇ တွင် တရားရုံးသည် တစ်ဖက်သောအမှုသည်အား အဆိုအချေများကို ပြောင်းလဲရန် သို့မဟုတ် ပြင်ဆင်ရန် ခွင့်ပြုနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

တရားမကျင့်ထုံးဥပဒေ အမိန့် ၆၊ နည်း ၁ နှင့် ၂ တို့နှင့်အညီ ရေးသားထားပြီး အမိန့် ၈၊ နည်း ၁ နှင့်အညီ တင်သွင်းမှသာ ချေလွှာဟု ဆိုနိုင်မည်ဖြစ်ပြီး ယင်းကဲ့သို့ တင်သွင်းသော ချေလွှာများကိုသာ လိုအပ်လျှင် တရားရုံးက တရားမကျင့်ထုံးဥပဒေ အမိန့် ၆၊ နည်း ၁၇ နှင့်အညီ ပြင်ဆင်ခွင့်ပြုနိုင်ခြင်း ဖြစ်သည်။ သို့ဖြစ်၍ အဆိုအချေမှ လွဲ၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၆၊ နည်း ၁၇ အရ ပြင်ဆင်ခွင့် မပေးနိုင်ခြင်းမှာ ယင်းပြဋ္ဌာန်းချက်အရ အငြင်းပွားစရာ မရှိချေ။

၂၀၀၀
ဒေါ်လှရွှေ
နှင့်
ဒေါ်စန်းစန်းမြင့်
ပါ ၃
[မိမိကိုယ်တိုင်
နှင့် အရွယ်
မရောက်သေး
သူ (၂ ၃)
လျှောက်ထားသူ
များ၏မိခင်
အရင်းသဘာဝ
အုပ်ထိန်းသူ]

အမွေထိန်းစာ လျှောက်ထားမှုတွင် ကန့်ကွက်လိုသူများသည် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၄ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တင်သွင်းရသည့် ကန့်ကွက်လွှာသာဖြစ်ပြီး တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်း ၁ အရ တင်သွင်းရသည့် ချေလွှာမဟုတ်သဖြင့် ယင်း ကန့်ကွက်လွှာအား တရားရုံးက တရားမကျင့်ထုံးဥပဒေ အမိန့် ၆၊ နည်း ၁၇ အရ ပြင်ဆင်ခွင့်မပြုနိုင်ကြောင်း ထင်ရှားသည်။

သို့ဖြစ်၍ ပြည်နယ်တရားရုံးက ဒေါ်လှရွှေ၏ တရားမကျင့်ထုံး ဥပဒေ အမိန့် ၆၊ နည်း ၁၇ အရ ချေလွှာပြင်ဆင်လိုကြောင်း လျှောက် ထားချက်အပေါ် ခွင့်မပြုကြောင်း ချမှတ်သည့်အမိန့်မှာ မှားယွင်း သည်ဟု မဆိုနိုင်ချေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၁၀၀/- သတ်မှတ်သည်။

တရားမအထူးအယူခံမှု

+ ၂၀၀၀
နိုဝင်ဘာလ
၉ ရက်

တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသန်းဦး၊ တရားသူကြီးများဖြစ်ကြသော ဒေါက်တာတင်အောင်အေး နှင့် ဦးချစ်လွင် တို့ရှေ့တွင်

ဒေါ်လှရွှေ

နှင့်

ဒေါ်အေးစိန်*

ပိုင်ရှင်က ၎င်းပိုင်မြေကွက်နှစ်ကွက်ပေါ်တွင် ခွ၍ တိုက်တစ်လုံး ဆောက်လုပ်ထားသည်။ ပိုင်ရှင်က မြေတစ်ကွက်ကို ရောင်းချရာတွင် ဝယ်သူသည် ပိုင်ရှင်နေသည့် တိုက်တည်ရှိရာ မြေကို လက်ရောက်မရခဲ့။ ရောင်းသူက ရောင်းချသည့် မြေတစ်စိတ်တစ်ပိုင်းပေါ်တွင် နေထိုင်ခြင်းမှာ ဝယ်သူ၏ ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်းမဟုတ်ကြောင်း သက်သေခံချက်များအရ ပေါ်ပေါက်သည်။ ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်း မဟုတ်လျှင် ရောင်းသူက အချင်းဖြစ်မြေတွင် နေထိုင်ခြင်း သည် ဝယ်သူကို ဆန့်ကျင် လက်ရှိထားသည်ဟု ကောက်ယူ နိုင်ခြင်းရှိ-မရှိ။ သက်ဆိုင်သည့် ကာလစည်းကမ်းသတ်အက် ဥပဒေ ပထမဇယား အမှတ်စဉ်။

---

* ၁၉၉၇ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၇

\+ ၁၉၉၅ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၁၆ တွင် ချမှတ်သော ၅-၁၀-၉၅ ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံမှု

ဆုံးဖြတ်ချက်။ ။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို မှတ်ပုံတင်အရောင်းစာချုပ်ဖြင့် ရောင်းချရာ၌ ဝယ်သူသည် ထိုပစ္စည်းကို လက်ရောက်မရရှိခဲ့ဘဲ ရောင်းသူက ထိုပစ္စည်းပေါ်၌ ဆက်လက်နေထိုင်ခဲ့လျှင် ထိုသို့နေထိုင်ခြင်းမှာ ဝယ်သူ၏ခွင့်ပြုချက်အရ ဖြစ်စေ၊ အငှားချထားချက်အရ ဖြစ်စေ၊ သဘောတူညီချက်အရ ဖြစ်စေ နေထိုင်ခြင်းမဟုတ်ပါက ရောင်းသူသည် ထိုမှတ်ပုံတင်အရောင်းစာချုပ် ချုပ်ဆိုသည့်နေ့မှ စ၍ ဝယ်သူကိုဆန့်ကျင်ပြီး လက်ရှိထားခဲ့သည်ဟု ယူဆရမည် ဖြစ်ပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ ရောင်းသူက အချင်းဖြစ်မြေကို ရောင်းချရာတွင် ဝယ်သူတို့က အချင်းဖြစ်မြေတစ်စိတ်တစ်ဒေသကို လက်ရောက်မရရှိဘဲ ရောင်းသူက ယင်းမြေပေါ်တွင် ဆက်လက်နေထိုင်သဖြင့် ဝယ်သူတို့က ယင်းမြေကို လက်ရောက်ရလိုကြောင်း စွဲဆိုမှုသည် ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၄၄ နှင့် သက်ဆိုင်သည်။

အယူခံတရားလိုအတွက် - ဦးအေးမောင်၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်အတွက် - ဦးကျော်ငြိမ်း၊ တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်းတရားရုံး (တရားမ)၊ ၁၉၉၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၄၂ တွင် အယူခံတရားပြိုင် ဒေါ်အေးစိန်က အယူခံတရားလို ဒေါ်လှရွှေနှင့် အမှုအတွင်း ကွယ်လွန်သူ ဒေါ်အေးသိန်းတို့အပေါ် ကျူးကျော်ထားသော မြေအစိတ်အပိုင်းအား လက်ရောက်ရလိုမှု စွဲဆိုသည်။ တိုင်းတရားရုံးက အယူခံတရားပြိုင် ဒေါ်အေးစိန် စွဲဆိုသောအမှုကို ပလပ်သည်။ ဒေါ်အေးစိန်က တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို မကျေနပ်သဖြင့် တရားရုံးချုပ်သို့ အယူခံဝင်ရောက်သည့်အခါ

တရားရုံးချုပ်က တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး ဒေါ်အေးစိန် စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်သည်။ ဒေါ်လှရွှေက တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို ပြန်လည်စစ်ဆေးစီရင်ပေးရန် ၁၉၈၈ ခုနှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ လျှောက်ထားသည့် အခါ တရားရုံးချုပ် အထူးခုံရုံးက အောက်ပါပြဿနာကို ကြားနာရန် အထူးအယူခံ ဝင်ခွင့်ပြုခဲ့သည်-

(၁) အချင်းဖြစ် (၈-ကေ) မြေကွက်ကို ဒေါ်စောခင်က ဒေါ်အေးစိန်၏ သားသမီးများ ဖြစ်ကြသော မောင်သောင်းထွန်း ပါ ၅ ဦးတို့အား ၂၈-၁-၇၂ နေ့၌ ရောင်းချခဲ့ရာတွင် ကျူးကျော်နေသည်ဆိုသည့် မြေအစိတ်အပိုင်းတို့ကို ဝယ်ယူသူများအား လက်ရောက် ပေးအပ်ခဲ့ခြင်း မရှိဘဲ ဆက်လက်အသုံးပြု နေထိုင်လျက် ရှိသည့် ၂၈-၁-၇၂ နေ့မှစ၍ ရောင်းသူ ဒေါ်စောခင် အပါအဝင် နောက်ပိုင်း စဉ်ဆက်မပြတ် အသုံးပြု နေထိုင်သူများက ဝယ်ယူသူများအား ဆန့်ကျင် လက်ရှိ ထားပြီး အသုံးပြုနေထိုင်ရာ ရောက်-မရောက်၊

(၂) ရောင်းသူက ဝယ်သူတို့အား အချင်းဖြစ်မြေ အစိတ် အပိုင်းကို ဆန့်ကျင် လက်ရှိထားပြီး အသုံးပြုရာရောက် ပါက ဤအမှုကို စွဲဆိုခြင်းသည် ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းရှိ-မရှိ။

အယူခံတရားလို၏ရှေ့နေက အဓိက စိစစ်ရန်အချက်မှာ ဒေါ်အေးစိန်က ဒေါ်စောခင်တို့အား မြေတွင် အခမဲ့ ဆက်လက် သုံးစွဲ ခွင့် ပြု-မပြုဖြစ်ကြောင်း၊ အခမဲ့သုံးစွဲခွင့်ပြုခြင်း မှန်ပါလျှင် ဆန့်ကျင် လက်ရှိထားမှုပြဿနာလည်း ပေါ်ပေါက်ရန်အကြောင်း မရှိကြောင်း၊ အခမဲ့ထားခြင်းနှင့်စပ်လျဉ်း၍ မူလရုံးနှင့် ပထမအယူခံရုံး ဖြစ်သည့် တရားရုံးတို့ သဘောထားကွဲလွဲကြောင်း၊ ဒေါ်စောခင်သည် ရင်းပိုင်

မြေမှ အချို့အဝက်ကို ဒေါ်အေးစိန်၏ သားသမီးများအား ရောင်းချရာ၌ ၎င်းနေထိုင်ရာတိုက်ကို ရောင်းချခဲ့ခြင်းမရှိ၍ တိုက်တည်ရာမြေသည်လည်း ရောင်းသည့်မြေတွင် ပါဝင်ရန်အကြောင်း မရှိကြောင်း၊ အဆိုအပိုဒ် ၉ တွင် ထိုတိုက်၏ဆင်ဝင် ပေါ်တီကိုတည်ရာ အလျား ၁၃ ပေ၊ အနံ ၁၁ ပေရှိ မြေသည် ဒေါ်စောခင်က ရောင်းသောမြေ၌ ပါဝင်သည်ဟု အဆိုပြုထားကြောင်း၊ ရောင်းရိုးမှန်လျှင် ဆင်ဝင်ကို ဖျက်ပေးရမည့် သဘောရှိရာ မည်သူကမျှ တိုက်အလှကို ပျက်စေမည့် ဆင်ဝင်ကို အဖျက်ခံပြီး ရောင်းမည်မဟုတ်ကြောင်း၊ ရောင်းမိသည့်တိုင်အောင် ထိုမြေပါမှုန်း ရောင်းသူ ဒေါ်စောခင် မသိဟု ကောက်ယူမှသာလျှင် သဘာဝကျမည်ဖြစ်ကြောင်း၊ ဤအခြေအနေတွင် ဆင်ဝင်တည်ရာမြေကို ထည့်ရောင်းမည်လည်း မဟုတ်ကြောင်း၊ မြေတွင် ဆင်ဝင်ကို ဆက်ထားရန် ခွင့်တောင်းရန်အကြောင်းလည်း ရှိမည်မဟုတ်ကြောင်း၊ တရားရုံးချုပ်က ပထမအယူခံတွင် သွေးသားတော်စပ်သူအချင်းချင်း မြေအရောင်းအဝယ်ပြုသည့်ကိုစ္စ၌ ရောင်းသူနေထိုင်သည့် တိုက်အစိတ်အပိုင်းမှာ ဝယ်သူများ၏ မြေအတွင်း ရောက်ရှိနေသည်ကို အသိဖြစ်ပါလျက် လက်ရှိအခြေအနေအတိုင်း ဆက်လက် နေထိုင်သွားကြရန် သဘောတူညီချက်ဖြင့် ဝယ်ယူခဲ့ခြင်းကို ထောက်ချင့်ခြင်းဖြင့် အယူခံတရားလိုမိသားစုက ယောက္ခမဒေါ်စောခင်နှင့်တကွ ယောင်းမ ဒေါ်သိန်းကြည်တို့မိသားစုကို အချင်းဖြစ်မြေအစိတ်အပိုင်း၌ အခွင့်အမိန့်ဖြင့် နေထိုင်ခွင့်ပြုခဲ့သည်ဆိုသော တင်ပြချက်မှာ သဘာဝယုတ္တိမတန်ဟု မဆိုနိုင်သကဲ့သို့ သွေးသားတော်စပ်မှုကို အကြောင်းပြု၍ ဒေါ်စောခင်တို့ လက်ရှိအတိုင်း ဆက်လက်နေထိုင်လာမှုမှာ အယူခံတရားလိုနှင့် သားသမီးများအား ဆန့်ကျင်ရာ ရောက်သည်ဟု ကောက်ယူနိုင်မည် မဟုတ်ပေဟု သုံးသပ်ခြင်းမှာ ထင်မြင်ချက်မျှသာဖြစ်ကြောင်း၊ အမှုတွင်ပေါ်ပေါက်သည့် အကြောင်းခြင်းရာများအရ ဒေါ်စောခင်၊ သမီး ဒေါ်သိန်းကြည်၊ သားမက် ဦးတင်လှတို့အနေဖြင့်

တိုက်တည်ရာ မြေအစိတ်အပိုင်းကို လက်ရှိထားခြင်းသည် ခွင့်ပြုချက်အရ မဟုတ်သည်မှာ မြင်သာကြောင်း၊ သို့ဖြစ်ရာ အယူခံတရားပြိုင်စွဲဆိုသော အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်သည်ဟု ကောက်ယူရန်သာရှိကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက ရုံးအဆင့်ဆင့် အငြင်းမပွားသော ဖြစ်ရပ်မှန်မှာ ယခုအချင်းဖြစ် မြေအစိတ်အပိုင်းကို ဒေါ်အေးစိန်က ၎င်း၏သားသမီးများအမည်ဖြင့် မှတ်ပုံတင်စာချုပ် ချုပ်ဆို ဝယ်ယူခဲ့ခြင်းဖြစ်ပြီး တရားပြိုင်က မူလပိုင်ရှင်ထံမှ မြေကွက်အမှတ် ၉ ကို ဝယ်ယူသည်ဆိုသော်လည်း မှတ်ပုံတင်စာချုပ် ချုပ်ဆိုမှု မရှိခြင်းဟူသည့် အချက်၊ ဒေါ်စောခင်၊ ဒေါ်သိန်းကြည်၊ ဦးတင်လှတို့ အချင်းဖြစ်မြေပေါ်တွင် ရှိနေစဉ်က ဒေါ်အေးစိန်နှင့် မြေကိစ္စ အငြင်းပွားမှု လုံးဝမရှိသည့်အချက်၊ မြေကို တရားဝင်တိုင်းတာခွဲစိတ်မှု မရှိခဲ့ခြင်း၊ ငုတ်ရိုက်သတ်မှတ်သည်ဆိုသော်လည်း ဒေါ်သိန်းကြည်(တရားပြိုင်ပြ) ကိုယ်တိုင်က အတည်မဟုတ်ကြောင်း ဝန်ခံထွက်ဆိုချက်များဖြစ်ကြောင်း၊ ဒေါ်အေးစိန်သည် အချင်းဖြစ်မြေကို မှတ်ပုံတင်စာချုပ်အရ တရားဝင်လွှဲပြောင်းရယူခဲ့ကြောင်း၊ ယင်းမြေအစိတ်အပိုင်းတွင် ရောင်းသူလည်းဖြစ်၊ ယောက္ခမလည်းတော်စပ်သူ ဒေါ်စောခင်၊ ထို့နောက် ယောင်းမဖြစ်သူ ဒေါ်သိန်းကြည်တို့ နေထိုင်ကြကြောင်း၊ ဒေါ်အေးစိန်ကလည်း ခွင့်ပြုကြည်ဖြူကြောင်း၊ မြေကိစ္စအငြင်းပွားမှု မရှိခဲ့ကြောင်း၊ အိမ်ဆောက်၊ ခြံပြင်ခြင်းမျှပင် မရှိခဲ့ကြောင်း၊ နောက်ပိုင်း ယခုတရားပြိုင်သို့ ဒေါ်စောခင်တို့က လွှဲပြောင်းရောင်းချသည်ဟု ဆိုကြောင်း၊ ထို့ပြင် အိမ်ဆောက်လုပ်ခြင်း၊ ခြံပြင်ခြင်းများ ပြုလုပ်လာကြောင်း၊ ထိုအခါ ဒေါ်အေးစိန်က ကန့်ကွက်ရုံမျှမက တရားပင်စွဲခဲ့ကြောင်း၊ ယင်းမှာ ၁၉၈၃ ခုနှစ်တွင်မှဖြစ်ကြောင်း၊ ထို့ကြောင့် ဒေါ်စောခင်၊ ဒေါ်သိန်းကြည်နှင့် နောက်ဆုံးလက်ရှိဖြစ်သူ ဒေါ်လှရွှေတို့သည် အချင်းဖြစ်မြေနှင့် စပ်လျဉ်း၍ သာမန်လက်ရှိထားမှုနှင့် ခြားနားစွာ ပွင့်လင်းစွာ ဆန့်ကျင်

လက်ရှိပြုသည်ဆိုလျှင်ပင် ထိုသို့ဆန့်ကျင် လက်ရှိပြုရာရောက်ကြောင်း အစောဆုံး ကောက်ယူနိုင်သည်မှာ ၁၉၈၃ ခုနှစ်တွင်မှသာဖြစ်ကြောင်း၊ သဘာဝယုတ္တိကျစွာ သုံးသပ်တွေ့ရှိနိုင်ကြောင်း၊ ထို့ကြောင့် ပထမ အယူခံရုံး၏ ကောက်ယူသုံးသပ်ချက်များမှာ ကြောင်းခြင်းရာအရ သဘာဝယုတ္တိကျ မှန်ကန်မှုရှိသည့်အပြင် ဥပဒေအရလည်း အကြီးအကျယ် မှားယွင်းမှု ပေါ်ပေါက်ခြင်းမရှိကြောင်း လျှောက်လဲတင်ပြသည်။

ရန်ကုန်မြို့၊ တာမွေတိုက်နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ် ၈၆၊ ကံဘဲ့၊ မြေကွက်အမှတ် ၈-ကေ နှင့် ၎င်းနှင့်တစ်ဆက်တည်းရှိ မြေကွက်အမှတ် ၉ နှင့် ၁၀ တို့ကို ဒေါ်စောခင်ပိုင်ဆိုင်သည်။ ဒေါ်စောခင်က ၎င်းပိုင်သည့် မြေကွက်အမှတ် ၈-ကေနှင့် ၉ ကို ခွ၍ တိုက်တစ်လုံး ဆောက်လုပ်ထားသည်။ ဒေါ်စောခင်သည် ဒေါ်အေးစိန်၏ ယောက္ခမဖြစ်သည်။ ဒေါ်အေးစိန်က ၂၈-၁-၇၂ နေ့တွင် မြေကွက်အမှတ် ၈-ကေ နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံတို့ကို တန်ဖိုးငွေ ကျပ် ၁၃၀၀၀၀/- ဖြင့် ဒေါ်စောခင်ထံမှ သားသမီးများဖြစ်ကြသော မောင်သောင်းထွန်း ပါ ၅ ဦး အမည်ဖြင့် ဝယ်ယူခဲ့သည်။

ဒေါ်အေးစိန်က ထိုသို့ဝယ်ယူရာတွင် ယင်းမြေကွက်၏ မြောက်ဘက်အစွန်တွင်ရှိသော ဒေါ်စောခင်ပိုင်တိုက်သည် အရှေ့ဘက်တွင် ၃၂ ပေ ၆ လက်မ၊ အနောက်ဘက်တွင် ၂၂ ပေနှင့် တိုက်၏ ပေါ်တီကိုရှိ ၁၃ ပေ × ၁၁ ပေ မြေများသည် အဆိုပါဝယ်ယူသည့် မြေကွက်တွင် ပါဝင်ကြောင်း၊ ဒေါ်စောခင်သည် ယောက္ခမဖြစ်သောကြောင့် ဒေါ်စောခင်အား ထိုမြေကို ခွင့်ပြုချက်ဖြင့် သုံးစွဲစေခဲ့ကြောင်း၊ ဒေါ်စောခင်၏သမီး ဒေါ်သိန်းကြည်နှင့် သားမက် ဦးတင်လှတို့ ဆက်လက်နေထိုင်ရာတွင်လည်း ဆွေမျိုးသားချင်းဖြစ်၍ ထိုမြေကို ပြန်လည်တောင်းဆိုခြင်း မပြုဘဲ ဆက်လက်အသုံးပြုရန် ခွင့်ပြုခဲ့ကြောင်း၊ ယခုအချိန်တွင် တရားလိုသည် တရားဝင်မှတ်ပုံတင်စာချုပ်

ဖြင့် အမည်ပေါက်ပိုင်ရှင်ဖြစ်လာ၍ တရားလို၏မြေပေါ်တွင် ကျူးကျော်နေသော အဆောက်အအုံများနှင့် ဝင်းခြံကို ဖျက်သိမ်းပြီး မြေကို လက်ရောက်ပေးအပ်စေလိုမှု စွဲဆိုခြင်းဖြစ်ကြောင်း အဆိုပြုသည်။

တရားပြိုင်တို့က ဒေါ်စောခင်က ကိုသောင်းထွန်း ပါ ၅ ဦးတို့အား အဆိုပါမြေကွက်ကို ရောင်းချစဉ်က တိုက်နှင့် တိုက်တည်ရှိရာမြေကို ချန်လှပ်ပြီး ရောင်းချခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါမြေအစိတ်အပိုင်းကို ကိုသောင်းထွန်း ပါ ၅ ဦးက လုံးဝ လက်ရောက်ရရှိခဲ့ခြင်း မရှိဘဲ ဒေါ်စောခင်ကသာ ပိုင်ရှင်အဖြစ် ဆက်လက်နေထိုင် အသုံးပြုခဲ့ကြောင်း၊ ဒေါ်စောခင်၊ ဒေါ်သိန်းကြည်နှင့် ဦးတင်လှတို့သည် တရားလို၏ ခွင့်ပြုချက်အရ နေထိုင်သည်ဆိုခြင်းမှာ မမှန်ကြောင်း၊ တရားလိုစွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်နေပြီဖြစ်ကြောင်း ချေပကြသည်။

တိုင်းတရားရုံးက သက်သေခံချက်များအရ မြေကွက်အမှတ် ၈-ကေ တစ်ကွက်လုံးကို ဒေါ်စောခင်က ဦးသောင်းထွန်း ပါ ၅ ဦးတို့အား ရောင်းချလိုက်သော်လည်း ဒေါ်စောခင်သည် အငြင်းပွားမြေနှင့် တိုက်တွင် ဆက်လက်နေထိုင်ခြင်းမှာ ဝယ်ယူသူ၏ ခွင့်ပြုချက်အရ နေထိုင်ခြင်း မဟုတ်ဘဲ ဝယ်သူအား ဆန့်ကျင်၍ ပိုင်ရှင်အဖြစ် ဆက်လက်နေထိုင်ခြင်းသာ ဖြစ်ကြောင်း ကောက်ယူ သုံးသပ်ပြီး တရားလိုစွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်း ဆုံးဖြတ်သည်။

တရားရုံးချုပ်က သွေးသားတော်စပ်သူအချင်းချင်း မြေအရောင်းအဝယ်ပြုသည့်ကိစ္စ၌ ရောင်းသူနေထိုင်သည့် တိုက်အစိတ်အပိုင်းမှာ ဝယ်သူများ၏မြေအတွင်း ရောက်ရှိနေသည်ကို အသိဖြစ်ပါလျက် လက်ရှိအခြေအနေအတိုင်း ဆက်လက်နေထိုင်သွားကြရန် သဘောတူညီချက်ဖြင့် ဝယ်ယူခဲ့ခြင်းကို ထောက်ချင့်ခြင်းဖြင့် ဒေါ်အေးစိန်မိသားစုက ယောက္ခမဒေါ်စောခင်နှင့်တကွ ယောင်းမ

ဒေါ်သိန်းကြည်တို့မိသားစုကို အချင်းဖြစ်မြေအစိတ်အပိုင်း၌ အခွင့်အမိန့်ဖြင့် နေထိုင်ခွင့်ပြုခဲ့သည်ဆိုသော တင်ပြချက်မှာ သဘာဝယုတ္တိမတန်ဟု မဆိုနိုင်သကဲ့သို့ သွေးသားတော်စပ်မှုကို အကြောင်းပြု၍ ဒေါ်စောခင်တို့ လက်ရှိအတိုင်း ဆက်လက်နေထိုင်လာမှုမှာ တရားလိုနှင့် သားသမီးများအား ဆန့်ကျင်ရာရောက်သည်ဟု ကောက်ယူနိုင်မည်မဟုတ်ကြောင်း သုံးသပ်သည်။

ဒေါ်အေးစိန်က ယောက္ခမဖြစ်သူ ဒေါ်စောခင်ပိုင်ဆိုင်သည့် ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၆-ကံဘဲ့ မြေကွက်အမှတ် ၈-ကေ၊ မြေချိန်ဧရိယာ ၀. ၂၉၁ ဧကရှိ မြေကွက်ကို ဝယ်ယူရာတွင် ဒေါ်စောခင်ပိုင်တိုက်သည် အဆိုပါမြေကွက်ပေါ်သို့ အရှေ့ဘက်တွင် ၃၂ ပေ ၆ လက်မ၊ အနောက်ဘက်တွင် ၂၂ ပေ၊ တိုက်မကြီး၏ ဆင်ဝင်ပေါ်တီကို အလျား ၁၃ ပေ၊ အနံ ၁၁ ပေ ရောက်ရှိနေသည်မှာ အငြင်းမပွားသည့်အချက် ဖြစ်သည်။

ဒေါ်စောခင်က မြေကွက်အမှတ် ၈-ကေ ကို ရောင်းချခဲ့သော်လည်း အဆိုပါမြေထဲသို့ ဖော်ပြပါအတိုင်း ရောက်ရှိနေသည့်တိုက်ကို ဆက်လက် လက်ရှိထားခဲ့သည်ဆိုသည့် အချက်ကိုလည်း နှစ်ဖက်အငြင်းမပွားကြပေ။ အငြင်းပွားသည့်အချက်မှာ ဒေါ်အေးစိန်က ဒေါ်စောခင်အား အချင်းဖြစ်မြေအစိတ်အပိုင်းတွင် အခွင့်အမိန့်ဖြင့် နေထိုင်ခွင့်ပြု၍ နေထိုင်ခြင်းဖြစ်သလား သို့မဟုတ် ၎င်းပိုင်သည့်တိုက်တွင် ပိုင်ရှင်အဖြစ် ဆက်လက်နေထိုင်ခြင်း ဖြစ်သလား ဆိုသည့်အချက်ဖြစ်သည်။

အချင်းဖြစ်မြေကွက်ကို ဒေါ်စောခင်ထံမှ ဝယ်ယူခဲ့သူများမှာ ဒေါ်အေးစိန်၏ သားသမီးများ ဖြစ်ကြသော မောင်သောင်းထွန်းပါ ၅ ဦး ဖြစ်သည်။ ဒေါ်အေးစိန် မဟုတ်ပေ။ ယင်းအချက်ကို တရားရုံးချုပ်၊ တရားမပထမအယူခံမှုအမှတ် ၄၂၂/၉၁ အမှုတွင် အတည်ပြုထားပြီး ဖြစ်သည်။

ပိုင်ရှင်မဟုတ်သူ ဒေါ်အေးစိန်က ဒေါ်စောခင်အား အချင်းဖြစ်မြေအစိတ်အပိုင်း၌ နေထိုင်ခွင့်ပြုခဲ့ကြောင်း ခိုင်မာသည့် သက်သေခံအထောက်အထား မရှိချေ။

ဒေါ်အေးစိန်၏ အငယ်ဆုံးသားဖြစ်သူ ဦးသိုက်ထွန်း (လိုပြ-၂) ကသာ ဒေါ်စောခင်ကို ခွင့်ပြုချက်ဖြင့်ထားခဲ့ကြောင်း ထွက်ဆိုသည်။ ဦးစိုးမြင့် (လိုပြ-၁) မှာ ဦးထွန်းရီက အမျိုးများကို အလကားထားမည့်အကြောင်း ပြောသည်ဟုသာ ထွက်ဆိုသည်။ ၎င်း၏ရှေ့တွင် ခွင့်ပြုချက်ထားသည်ကို တွေ့မြင်ကြောင်း ထွက်ဆိုခြင်း မပြုပေ။

ဤအမှုတွင် အဓိကကျသည့်သက်သေမှာ ဦးချစ်စိန် (လိုပြ-၁) ဖြစ်သည်။ ဦးချစ်စိန်မှာ ထိုစဉ်က ရပ်ကွက်ကောင်စီဝင်တစ်ဦးဖြစ်သည်။ ဦးချစ်စိန်သည် တရားလို၏ခင်ပွန်း ဦးထွန်းရီနှင့် ညီအစ်ကိုကဲ့သို့ ခင်မင်ရင်းနှီးသူဖြစ်၍ တရားလိုနစ်နာအောင် မဟုတ်မမှန်ထွက်ဆိုရန်အကြောင်း မရှိချေ။ ဦးချစ်စိန်က ၁၉၇၅ ခုနှစ်တွင် ဦးထွန်းရီကွယ်လွန်ပြီး ၄၊ ၅ လအကြာတွင် ဒေါ်အေးစိန် လာရောက်၍ ခြံမြေကိစ္စ ပြောဆိုကြောင်းကို အောက်ပါအတိုင်း ထွက်ဆိုသည်-

> " လာရောက်ပြောဆိုသည့်ကိစ္စမှာ ၎င်းတို့ဝယ်ယူထားသောခြံနေရာမှာ ဒေါ်စောခင်နေထိုင်သည့် အဆောက်အအုံဘက်ခြမ်းတွင် မူလဝယ်ယူစဉ်က မြေပိုင်းခြား သတ်မှတ်ထားသောမြောက်ဘက် ခြံဝင်ဂိတ်အတွင်းတိုင်မှ အနောက်ဘက်သို့ခြံစည်းရိုးကို အတည့်လိုချင်သဖြင့် ဆောင်ရွက်ပေးရန် ပြောဆိုခြင်း ဖြစ်ပါသည်။
>
> ကျွန်တော်က ဂိတ်အတွင်းတိုင်မှ ပေးလျှင် ဒေါ်အေးစိန်အနေဖြင့် နောက်ထပ်ဂိတ်တစ်ခု ပြန်လုပ်နေရမည်ဖြစ်သဖြင့်အပြင်တိုင်မှပင် အတည့်ပေးလိုက်ရန် ဒေါ်စောခင်အားမေတ္တာရပ်ခံခဲ့ပါသည်။ ဒေါ်စောခင်က သဘောတူပါသည်။ထိုအချိန်က မိုးတွင်းကာလဖြစ်သဖြင့် ယာယီငုတ်တိုင်များကို

ရိုက်ပေးခဲ့ပါသည်။ မိုးကုန်လောက် ခြံစည်းရိုး အချောသပ်ကာရန် ညှိနှိုင်းပေးခဲ့ပါသည်။ နွေပေါက်လာသောအချိန်တွင် ဒေါ်အေးစိန်က ခြံစည်းရိုးကာရန် ကွန်ကရစ်အုတ်တိုင်များ၊ သွပ်ဆူးကြိုးများ အဆင့်သင့်ဖြစ်နေပြီဖြစ်၍ ကျွန်တော့်အား လာရောက်ဆောင်ရွက်ပေးပါရန် အကြောင်းကြားပါသည်။

ထို့ကြောင့် ကျွန်တော့်အနေဖြင့် ဒေါ်အေးစိန် ခေါ်ထားသော အင်ဂျင်နီယာနှင့်တိုင်ပင်ပြီး ခြံစည်းရိုးကာရန် မြေတိုင်းသတ်မှတ်ပေးခဲ့ပါသည်။ ကွန်ကရစ်အုတ်တိုင်များကို ၅ ပေ သို့မဟုတ် ၇ ပေခန့် ခြား၍ စိုက်ခဲ့ပြီး သွပ်ဆူးကြိုး ကာရံခဲ့ပါသည်။ ထိုသို့ ခြံစည်းရိုး ပိုင်းခြားကာလိုက်သဖြင့် ဒေါ်စောခင်တို့သည် ၎င်းတို့နေထိုင်သော အဆောက်အအုံ၏ ဝင်ထွက်ရန်အတွက် ကာလိုက်သော ခြံစည်းရိုး၏ အပြင်ဘက်တွင်ရှိသော မြေနေရာကို မူလရှိသည့် ခြံစည်းရိုးကိုဖျက်၍ လမ်းအဖြစ် အသုံးပြုပါသည်။

× × × × × ×
× × × × × × ×

ဒေါ်အေးစိန်အနေဖြင့် ခြံစည်းရိုးကာရံပြီးနောက် ၎င်း၏ ခြံအနောက်ဘက် အိမ်မကြီး၏ အနောက်ဘက်တွင် ၎င်း၏ သမီး မဖြူဖြူထွန်းနှင့် ခင်ပွန်း ဦးမြင့်စိုးတို့အတွက် အိမ်တစ်လုံး ဆောက်ပေးခဲ့ပါသည်။ အဆိုပါ တိုက်အိမ်ဆောက်နေစဉ် မဖြူဖြူထွန်းတို့ ဇနီးမောင်နှံမှ ကျွန်တော့်ထံ လာရောက်၍ ၎င်းတို့နေထိုင်သည့် အိမ်နေရာသို့ ဝင်ထွက်သွားလာရန် ဒေါ်စောခင်၏လမ်းဘက်မှ ဝင်ထွက်အသုံးပြုလိုကြောင်း ကျွန်တော့်အနေဖြင့် ပြောပေးရန် လာရောက်ပြောဆိုပါသည်။ ကျွန်တော်က ဒေါ်စောခင်၏သားမက် ဦးတင်လှကိုပြောပြရာ ဦးတင်လှက ဒေါ်စောခင်၏သဘောတူညီချက်အရ လမ်းကို အသုံးပြုခွင့်ပေးရန် သဘောတူပါသည်။"

ဦးချစ်စိန်၏ထွက်ဆိုချက်အရ ဒေါ်အေးစိန်သည် ခြံစည်းရိုးကာသည့်ကိစ္စ၊ လမ်းအသုံးပြုသည့်ကိစ္စတို့ကို ဦးချစ်စိန်မှတစ်ဆင့် ဒေါ်စောခင်ထံ ခွင့်တောင်းပြီး ဆောင်ရွက်ခဲ့ကြောင်း ပေါ်ပေါက်သည်။ အကယ်၍ ဒေါ်စောခင်သည် ဒေါ်အေးစိန်၏ ခွင့်ပြုချက်အရ နေထိုင်သူ ဖြစ်ပါမူ ဒေါ်အေးစိန်က အဆိုပါကိစ္စများ ဆောင်ရွက်ရန်အတွက် ဒေါ်စောခင်ထံ ခွင့်တောင်းရန်အကြောင်း မရှိပေ။ ထို့ပြင် ဒေါ်အေးစိန်းက ခြံစည်းရိုးကို လက်ရှိအနေအထားအတိုင်း အုတ်တံတိုင်းခတ်ပြီး အခိုင်အမာကာရံခဲ့သည်ဖြစ်ရာ ဒေါ်စောခင်ကို ခွင့်ပြုချက်ဖြင့်ထားခြင်း မှန်ကန်ပါက ထိုကဲ့သို့ အခိုင်အမာ ခြံစည်းရိုး ကာရံရန်အကြောင်း မရှိပေ။ သို့ဖြစ်ရာ ဒေါ်စောခင်သည် အချင်းဖြစ်မြေတွင် ခွင့်ပြုချက်ဖြင့် နေထိုင်းခြင်းဖြစ်ကြောင်း မပေါ်ပေါက်ပေ။

မရွှေ့မပြောင်းနိုင်သောပစ္စည်းကို မှတ်ပုံတင်အရောင်း စာချုပ်ဖြင့် ရောင်းချရာ၌ ဝယ်သူသည် ထိုပစ္စည်းကို လက်ရောက်မရရှိခဲ့ဘဲ ရောင်းသူက ထိုပစ္စည်းပေါ်၌ ဆက်လက်နေထိုင်ခဲ့လျှင် ထိုသို့နေထိုင်ခြင်းမှာ ဝယ်သူ၏ခွင့်ပြုချက်အရဖြစ်စေ၊ အငှားချထားချက်အရဖြစ်စေ၊ သဘောတူညီချက်အရဖြစ်စေ နေထိုင်ခြင်းမဟုတ်ပါက ရောင်းသူသည် ထိုမှတ်ပုံတင်အရောင်းစာချုပ် ချုပ်ဆိုသည့်နေ့မှစ၍ ဝယ်သူကိုဆန့်ကျင်ပြီး လက်ရှိထားခဲ့သည်ဟု ယူဆရမည် ဖြစ်ပေသည်။

**ဦးအောင်ဆိုင် နှင့် ဦးစံရီ အမှု**[၁] တွင် မရွှေ့မပြောင်းနိုင်သောပစ္စည်းတစ်ခုကို မှတ်ပုံတင်အရောင်းစာချုပ်ဖြင့် ဝယ်သူသည် ဝယ်စဉ်က ထိုပစ္စည်းကို လက်ရောက်မရရှိခဲ့၍ ရောင်းသူက ထိုပစ္စည်းပေါ်တွင် ဆက်လက်နေခဲ့ရာ၌ ဝယ်သူ၏ခွင့်ပြုချက်၊ အငှားချထားချက်၊ သဘောတူညီချက်တို့အရ နေထိုင်ခြင်းမဟုတ်လျှင် ရောင်းသူသည် စာချုပ်ချုပ်သည့်နေ့မှစ၍ ဝယ်သူကို ဆန့်ကျင်၍ လက်ရှိထားခဲ့သည်ဟု ယူဆရမည်ဖြစ်ကြောင်း ထုံးဖွဲ့ထားသည်။

---

(၁) ၁၉၇၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၆၆။

၂၀၀၀
ဒေါ်လှရွှေ
နှင့်
ဒေါ်အေးစိန်

ရောင်းသူ ဒေါ်စောခင်သည် ဒေါ်အေးစိန်တို့၏ ခွင့်ပြုချက်အရ နေထိုင်ကြောင်း ထင်ရှားခြင်းမရှိသဖြင့် မောင်သောင်းထွန်းပါ ၅ ဦးတို့အား ရောင်းချခဲ့သည့် မြေတစ်စိတ်တစ်ဒေသအပေါ်တွင် ဆက်လက်နေထိုင်ခြင်းမှာ မောင်သောင်းထွန်းတို့အား ဆန့်ကျင် လက်ရှိထားခြင်းပင် ဖြစ်သည်။

နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော မြေများတွင်မူ တစ်ပါး၏ မြေကို မိမိပိုင်မြေဖြစ်သည်ဟု မှားယွင်းယူဆလျက် ဖြစ်စေ၊ သို့တည်းမဟုတ် မပိုင်မှန်းသိလျက်နှင့် တမင်ကျူးကျော်လိုသော ဆန္ဒနှင့်ဖြစ်စေ၊ မိမိပိုင်မြေအဖြစ် လက်ရှိအသုံးချခဲ့လျှင် ထိုသူသည် ပိုင်ရှင်အား ဆန့်ကျင်ဘက် လက်ရှိထားခဲ့သည်ဟု ယူဆရမည်ဖြစ်ကြောင်း **ဒေါက်တာစန်းရီရီ နှင့် ဦးဆန်နီတင်ထွန်း ပါ ၂ အမှု**[၂] တွင် စုံညီခုံရုံးက ညွှန်ပြထားသည်။

အချင်းဖြစ် မြေကွက်တွင် ဒေါ်အေးစိန်တို့က အခိုင်အမာ ခြံစည်းရိုး ကာရံပြီးနောက် ဒေါ်စောခင်တို့သည် ၎င်းတို့လက်ရှိထားသည့် မြေပေါ်တွင် ဆက်လက်၍နေထိုင်ခြင်းမှာ ယင်းမြေကို ၎င်းတို့ပိုင်မြေအဖြစ် လက်ရှိအသုံးချပြီး ပိုင်ရှင်အား ဆန့်ကျင် လက်ရှိထားခြင်းဖြစ်ကြောင်း အငြင်းပွားဘွယ်မရှိပေ။

ရောင်းသူက အချင်းဖြစ်မြေကို ရောင်းချရာတွင် ဝယ်သူတို့က အချင်းဖြစ်မြေ တစ်စိတ်တစ်ဒေသကို လက်ရောက်မရရှိဘဲ ရောင်းသူက ယင်းမြေပေါ်တွင် ဆက်လက်နေထိုင်သဖြင့် ဝယ်သူတို့က ယင်းမြေကို လက်ရောက်ရလိုကြောင်း စွဲဆိုမှုသည် ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၄၄ နှင့်သက်ဆိုင်သည်။

ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၄၄ အရ တရားပြိုင်၏ လက်ရှိဖြစ်ခြင်းသည် တရားလိုနှင့် ဆန့်ကျင်လာသည့်အခါမှစ၍ ၁၂ နှစ်အတွင်း တရားစွဲဆိုရမည် ဖြစ်သည်။

---

(၂) ၁၉၉၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၉။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၂ (၄) အရ တရားပြိုင်ဆိုသည့် စကားရပ်တွင် တရားစွဲဆိုခြင်းခံရမည့်တာဝန်ကို တရားပြိုင်အား ဆင်းသက်စေသူ ပါဝင်သည်ဖြစ်ရာ အချင်းဖြစ်မြေတွင် ဒေါ်စောခင် လက်ရှိဖြစ်ခြင်းသည် တရားလိုနှင့် ဆန့်ကျင်လာသည့်အခါမှစ၍ ရေတွက်ပါက တရားလို ဒေါ်အေးစိန် စွဲဆိုသည့်အမှုသည် ကာလ စည်းကမ်းသတ် ကျော်လွန်နေပြီဖြစ်ကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ ကြားနာလျက်ရှိသော ပြဿနာများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

(၁) အချင်းဖြစ် ၈-ကေ မြေကွက်ကို ဒေါ်စောခင်က ဒေါ်အေးစိန်၏ သားသမီးများ ဖြစ်ကြသော မောင်သောင်းထွန်း ပါ ၅ ဦးတို့အား ၂၈-၁-၇၂ နေ့၌ ရောင်းချခဲ့ရာတွင် ကျူးကျော်နေသည်ဆိုသည့် မြေ အစိတ်အပိုင်းတို့ကို ဝယ်ယူသူများအား လက်ရောက် ပေးအပ်ခဲ့ခြင်းမရှိဘဲ ဆက်လက်အသုံးပြု နေထိုင်လျက် ရှိသည့် ၂၈-၁-၇၂ နေ့မှစ၍ ဖြစ်စေ၊ ဒေါ်အေးစိန်တို့က အခိုင်အမာ ခြံစည်းရိုးကာရံသည့် ၁၉၇၅ ခုနှစ်မှစ၍ ဖြစ်စေ၊ ရောင်းသူ ဒေါ်စောခင် အပါအဝင် နောက်ပိုင်း စဉ်ဆက်မပြတ် အသုံးပြုနေထိုင်သူများက ဝယ်ယူသူ များအား ဆန့်ကျင်လက်ရှိထား၍ပြီး အသုံးပြုနေထိုင်ရာ ရောက်ကြောင်း၊

(၂) ရောင်းသူက ဝယ်သူအား အချင်းဖြစ် မြေအစိတ်အပိုင်း ကို ဆန့်ကျင် လက်ရှိထားပြီး အသုံးပြုရာရောက်၍ ဤ အမှု စွဲဆိုခြင်းသည် ကာလစည်းကမ်းသတ် ကျော်လွန် ကြောင်း။

ထို့ကြောင့် ဤအထူးအယူခံမှုကို ခွင့်ပြု၍ တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်

၂၀၀၀
ဒေါ်လှရွှေ
နှင့်
ဒေါ်အေးစိန်

နှင့်ဒီကရီကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပြန်လည်အတည်ပြု လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀၀/- သတ်မှတ်သည်။

တရားမအထူးအယူခံမှု

+ ၂၀၀၀
နိုဝင်ဘာလ
၂၄ ရက်

တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသန်းဦး၊
တရားသူကြီးများဖြစ်ကြသော ဒေါက်တာတင်အောင်အေး
နှင့် ဦးချစ်လွင် တို့ရှေ့တွင်

ဦးလှဦး ပါ ၃
(ကွယ်လွန်သူ ဦးအောင်ဖေ၏ တရားဝင်ကိုယ်စားလှယ်များ)

နှင့်

ဒေါ်အုံးစီ*

မူလရုံးက ငြင်းချက်အားလုံးနှင့်စပ်လျဉ်း၍ သက်သေခံချက်များ ရယူပြီးနောက် ကာလစည်းကမ်းသတ်နှင့်စပ်လျဉ်းသော ငြင်းချက် တစ်ခုတည်းကိုသာ ဖြေဆို၍ အမှုပလပ်ခဲ့သည်။ ပထမအယူခံတရားရုံးက ကာလစည်းကမ်းသတ် မကျော်ဟု ဆုံးဖြတ်ပြီး ကျန်ငြင်းချက်များကိုပါ ဖြေဆို၍ အမှုပလပ်သော မူလရုံး၏အမိန့်ကို ပယ်ဖျက်ကာ တရားလိုတောင်းဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးခဲ့သည်။ ထိုသို့ဆုံးဖြတ်ရာတွင် ထိခိုက်နစ်နာမည့် အမှုသည်အား ထိုအကြောင်းပြချက်နှင့် စပ်လျဉ်း၍ လျှောက်လဲတင်ပြခွင့် မပြုခဲ့လျှင် တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်းဥပဒေ ၂ ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်သည်ဟု ဆိုနိုင်-မဆိုနိုင်။

---

* ၁၉၉၇ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၄၁

\+ ၁၉၉၅ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၃၈ တွင် ချမှတ်သော ၁၆-၂-၉၆ ရက်စွဲပါ တရားရုံးချုပ်၏အမိန့်ကို အထူးအယူခံမှု

၂၀၀၀
ဦးလှဦး ပါ ၃
(ကွယ်လွန်သူ
ဦးအောင်ဖေ၏
တရားဝင်
ကိုယ်စားလှယ်
များ)
နှင့်
ဒေါ်အုံးစီ

ဆုံးဖြတ်ချက်။ ။ တိုင်းတရားရုံးက ကာလစည်းကမ်းသတ်ကျော်လွန်သည်ဆိုကာ တရားလိုစွဲဆိုသောအမှုကို ပလပ်ခြင်းမှာ ပဏာမအချက်အရ အမှုကိုဆုံးဖြတ်ခြင်း ဖြစ်သည်။ ဤကဲ့သို့ တိုင်းတရားရုံးက ပဏာမအချက်အရ အမှုကိုဆုံးဖြတ်ခဲ့ပြီး တရားရုံးချုပ်က အယူခံမှုတွင် ထိုအချက်ကိုပယ်ဖျက်လိုက်ပါက အမှုတွင် ကျန်ငြင်းချက်များကို ဖြေဆိုဆုံးဖြတ်ရန် ညွှန်ပြပြီး အမှုကို ပြန်လည်စစ်ဆေးစီရင်ရန် တိုင်းတရားရုံးအား တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၂၃ အရ ညွှန်ကြားနိုင်သည်။ သို့မဟုတ်ပါက မူလရုံးအမှုတွဲတွင် စီရင်ချက် ချမှတ်နိုင်အောင် လုံလောက်သည့် သက်သေခံချက်များရှိပါက အယူခံရုံးက တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၂၄ အရ အပြီးသတ် ဆုံးဖြတ်နိုင်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။ မူလရုံးအမှုတွဲရှိ သက်သေခံ အထောက်အထားများမှာ တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၂၄ အရ အယူခံရုံးက စီရင်ချက်ချမှတ်နိုင်လောက်အောင် လုံလောက်စေကာမူ အယူခံရုံးက ချမှတ်သည့် အခြားအကြောင်းပြချက်အရ ထိခိုက်နစ်နာမည့် အမှုသည်အား ထိုအကြောင်းပြချက်နှင့်စပ်လျဉ်း၍ လျှောက်လဲတင်ပြခွင့်မပြုခဲ့လျှင် တရာမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၂ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရာမရောက်၍ အယူခံရုံး၏ အဆုံးအဖြတ်သည် ဥပဒေနှင့်ညီသည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

အယူခံတရားလိုများအတွက် - ဦးဌေးဦး၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်အတွက် - ဦးဌေးအောင်၊ တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်းတရားရုံး (တရားမ)၊ တရားမကြီးမှုအမှတ် ၂၇၀/၉၂ တွင် ဦးအယ်ဂျီဘာတာနစ်နှင့် ဇနီး ဒေါ်အုံးစီတို့က ဒေါ်အုံးစီ

၏ခဲအို ဦးအောင်ဖေအပေါ် အခမဲ့ခွင့်ပြုချက်ဖြင့် အိမ်ဆောက်လုပ်နေထိုင်ခွင့်ပြုထားသော မြေမှ ဖယ်ရှားထွက်ခွာပေးစေလိုမှု စွဲဆိုသည်။ အမှုအတွင်း ဦးအောင်ဖေကွယ်လွန်ရာ ကွယ်လွန်သူ ဦးအောင်ဖေ၏နေရာတွင် ဦးလှဦးတို့အား ထည့်သွင်းခဲ့သည်။ နှစ်ဖက်သက်သေခံချက်များ ရယူစစ်ဆေးပြီးနောက် တိုင်းတရားရုံးက တရားလိုစွဲဆိုသော အမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်နေသည်ဆိုကာ အမှုကို ပလပ်ခဲ့သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ဦးအယ်ဂျီဘာတာနစ်တို့က မကျေနပ်သဖြင့် တရားရုံးချုပ်သို့ အယူခံဝင်ရောက်သည်။ အယူခံမှုအတောအတွင်း ဦးအယ်ဂျီဘာတာနစ် ကွယ်လွန်၍ ဒေါ်အုံးစီက အယူခံမှုကို ဆက်လက်ဆောင်ရွက်သည်။ တရားရုံးချုပ်က ဤအမှုမှာ ကာလစည်းကမ်းသတ် မကျော်သေးကြောင်း ဆုံးဖြတ်သည့်အပြင် ဦးအောင်ဖေသည် ခွင့်ပြုချက်ဖြင့် အိမ်ဆောက်လုပ်နေထိုင်သူမှန်ကြောင်း သုံးသပ်၍ ဒေါ်အုံးစီတို့စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်သည်။ ဦးလှဦးတို့က တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို ၁၉၈၈ ခုနှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် လျှောက်ထားသည့်အခါ တရားရုံးချုပ် အထူးခုံရုံးက အောက်ပါပြဿနာကို ကြားနာရန် အထူးအယူခံ ဝင်ခွင့်ပြုလိုက်သည်-

> " မူလရုံးက ငြင်းချက်အားလုံးနှင့်စပ်လျဉ်း၍ သက်သေခံချက်များ ရယူပြီးနောက် ကာလစည်းကမ်းသတ်နှင့်စပ်လျဉ်းသော ငြင်းချက်တစ်ခုတည်းကိုသာ ဖြေဆို၍ အမှုပလပ်ခဲ့သည်။ ပထမအယူခံ တရားရုံးချုပ်က ကာလစည်းကမ်းသတ် မကျော်ဟု ဆုံးဖြတ်ပြီး ကျန်ငြင်းချက်များကိုပါ ဖြေဆို၍ အမှုပလပ်သော မူလရုံး၏အမိန့်ကို ပယ်ဖျက်ကာ တရားလိုတောင်းဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးခဲ့သည်။ ထိုကဲ့သို့ ဆုံးဖြတ်ခြင်းသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၂၄ ပါ လုပ်ပိုင်ခွင့်ကို နည်းလမ်းတကျ ကျင့်သုံးရာရောက်-မရောက်။"

၂၀၀၀

ဦးလှဦး ပါ ၃ (ကွယ်လွန်သူ ဦးအောင်ဖေ၏ တရားဝင်ကိုယ်စားလှယ်များ) နှင့် ဒေါ်အုံးစီ

၂၀၀၀
ဦးလှဦး ပါ ၃
(ကွယ်လွန်သူ
ဦးအောင်ဖေ၏
တရားဝင်
ကိုယ်စားလှယ်
များ)
နှင့်
ဒေါ်အုံးစိ

အယူခံတရားလိုတို့၏ရှေ့နေက ပထမအယူခံတရားရုံးချုပ်သည် ကာလစည်းကမ်သတ်နှင့်ပတ်သက်ပြီး အမှုတွဲရှိ သက်သေခံချက်များနှင့် ဆန့်ကျင်ဆုံးဖြတ်ခဲ့သလို ကျန်ငြင်းချက်များအပေါ်တွင်လည်း နှစ်ဖက်လျှောက်လဲခွင့် မရခဲ့သည့်ပြင် အမှုတွဲရှိ သက်သေခံချက်များအပေါ်တွင်လည်း ဆန့်ကျင်ဆုံးဖြတ်ခဲ့သောကြောင့် တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၂၄ ပါ လုပ်ပိုင်ခွင့်ကို နည်းလမ်းတကျ ကျင့်သုံးရာ မရောက်ကြောင်း၊ အမှုတွဲတွင် အမှန်တကယ် အထင်အရှားရှိနေသည့် သက်သေထွက်ချက်များအရ ၁၉၇၀ ခုနှစ်က အယူခံတရားလိုတို့အား အယူခံတရားပြိုင်က အချင်းဖြစ်နေရာမှ ဖယ်ရှားပေးရန် တောင်းဆိုခဲ့ကြောင်း ထင်ရှားနေသဖြင့် ၁၉၉၂ ခုနှစ်မှ စွဲဆိုသည့် အယူခံတရားပြိုင်၏ အမှုသည် ကာလစည်းကမ်းသတ် ၆ နှစ်ထက်များစွာ ကျော်လွန်နေသည်မှာ ထင်ရှားနေပြီးဖြစ်ကြောင်း၊ အယူခံတရားလိုတို့သည် အယူခံတရားပြိုင်၏ ခွင့်ပြုချက်ဖြင့် နေခြင်းမဟုတ်ဘဲ မြေငှားခ ၂ ကျပ်ပေး၍ နေထိုင်ရကြောင်းမှာ သက်သေများ၏ ထွက်ဆိုချက်တို့အရ အငြင်းပွားဖွယ်မရှိ ထင်ရှားပြီးဖြစ်ကြောင်း၊ အယူခံတရားလိုတို့သည် အချင်းဖြစ်နေရာ၌ နေအိမ် အခိုင်အမာ ဆောက်လုပ်နေထိုင်လျက်ရှိကြောင်း ထင်ရှားပြီးကြောင်း၊ အခွင့်အမိန့် သက်သက်အရ နေထိုင်သူများမဟုတ်ဘဲ နေအိမ် အခိုင်အမာ ဆောက်လုပ်ခွင့်ပြုခဲ့သဖြင့် မြေရှင်သည် ယင်းနေအိမ်ကို ဖယ်ရှားခွင့်ရှိမည် မဟုတ်ကြောင်း၊ အမှုတွဲရှိ သက်သေခံချက်များအရ အယူခံတရားပြိုင် စွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်နေပြီး ဖြစ်သည့်အပြင် အယူခံတရားလိုတို့သည်လည်း အချင်းဖြစ်နေရာ၌ အခမဲ့ခွင့်ပြုချက်ဖြင့် နေခြင်းမဟုတ်ဘဲ မြေငှားခ ၂ ကျပ် ပေးနေရကြောင်း သက်သေထွက်ချက်များအရ ထင်ရှားပြီးဖြစ်ကြောင်း၊ မူလရုံးက ငြင်းချက်အားလုံးနှင့်စပ်လျဉ်း၍ သက်သေခံချက်များ ရယူပြီးနောက် ကာလစည်းကမ်းသတ်နှင့်စပ်လျဉ်းသော ငြင်းချက်တစ်ခုတည်းကိုသာ ဖြေဆို၍ အမှု

ပလပ်ခဲ့ကြောင်း၊ ပထမအယူခံ တရားရုံးချုပ်က ကာလစည်းကမ်းသတ်မကျော်ဟု ဆုံးဖြတ်ပြီး ကျန်ငြင်းချက်များကိုပါ ဖြေဆို၍ အမှုပလပ်သော မူလရုံးအမိန့်ကို ပယ်ဖျက်ကာ တရားလို တောင်းဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးခဲ့ခြင်းသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၂၄ ပါ လုပ်ပိုင်ခွင့်ကို နည်းလမ်းတကျ ကျင့်သုံးရာ မရောက်ကြောင်း တင်ပြလျှောက်လဲသည်။

အယူခံတရားပြိုင်၏ရှေ့နေက တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၂၄ ပါ ပြဋ္ဌာန်းချက်အရ အယူခံရုံးသည် အမှုတွဲအတွင်းရှိ သက်သေခံချက်များမှာ စီရင်ချက်ချပေးနိုင်လောက်အောင် ပြည့်စုံနေပါက အမှုကိုအပြီးအပြတ် ဆုံးဖြတ်နိုင်ကြောင်း၊ မူလရုံး၏စီရင်ချက် အခြေပြုသည့် အကြောင်းအချက် မဟုတ်သော အခြားအကြောင်းအချက်အပေါ် အခြေပြုစေကာမူ ငြင်းချက်များကို လိုအပ်လျှင် ထပ်မံထုတ်၍ အယူခံရုံးက အပြီးသတ်ဆုံးဖြတ်နိုင်ကြောင်း၊ ရန်ကုန်တိုင်းတရားရုံးသည် ပဏာမငြင်းချက်ဖြစ်သော ကာလစည်းကမ်းသတ်ငြင်းချက်ကို သက်သေခံချက်များမရယူမီ ကြားနာခဲ့ကြောင်း၊ ကြားနာပြီးနောက် သက်သေခံချက်များ ပြည့်ပြည့်စုံစုံရယူပြီးမှ ကျန်ငြင်းချက်များနှင့်အတူ ဖြေဆိုဆုံးဖြတ်မည်ဟု အမိန့်တစ်ရပ်ချမှတ်ခဲ့ကြောင်း၊ သက်သေခံချက်များ ပြည့်ပြည့်စုံစုံရယူပြီး သုံးသပ်ဆုံးဖြတ်သည့်အခါ ကျန်ငြင်းချက်များကို မဆုံးဖြတ်ဘဲ ကာလစည်းကမ်းသတ် ငြင်းချက်တစ်ရပ်တည်းကိုသာ သုံးသပ်ဆုံးဖြတ်ပြီး မူလအမှုကို ပလပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းတရားရုံးသည် သက်သေခံချက်များကို ပြည့်ပြည့်စုံစုံရယူပြီးမှ ထိုငြင်းချက်တို့ကို သုံးသပ်ဆုံးဖြတ်ခြင်း မပြုဘဲ ကာလစည်းကမ်းသတ် ငြင်းချက်တစ်ခုတည်းကို ဖြေဆို၍ အမှုပလပ်ခဲ့ခြင်း ဖြစ်သည့်အတွက် တရားမပထမအယူခံရုံးက တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၂၄ နှင့်အညီ အနိုင်ဒီကရီချမှတ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ပထမအယူခံရုံးဖြစ်သော တရားရုံးချုပ်သည် ရန်ကုန်တိုင်း

၂၀၀၀
ဦးလှဦး ပါ ၃
(ကွယ်လွန်သူ
ဦးအောင်ဖေ၏
တရားဝင်
ကိုယ်စားလှယ်
များ)
နှင့်
ဒေါ်အုံးစီ

တရားရုံးက ထုတ်နှုတ်ခဲ့သော ငြင်းချက်များကို အမှုတွင် လုံလောက်သော သက်သေခံချက်များရှိနေသည် ဖြစ်၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၂၄ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆုံးဖြတ်ခဲ့ခြင်းဖြစ်၍ ဥပဒေပါ လုပ်ပိုင်ခွင့်ကို နည်းလမ်းတကျ ကျင့်သုံးရာရောက်ကြောင်း လျှောက်လဲတင်ပြသည်။

ဦးအယ်ဂျီဘာတာနစ်နှင့် ဇနီးဒေါ်အုံးစီတို့က ၎င်းတို့ပိုင် မရမ်းကုန်းမြို့နယ်၊ ၅ ရပ်ကွက်၊ ၈ မိုင်၊ အမှတ် ၁၂၃ မြေတွင် ဒေါ်အုံးစီ၏ အစ်မတော်သူ ဒေါ်အုန်းတင်၏ခင်ပွန်း ဦးအောင်ဖေမိသားစုအား အခမဲ့ခွင့်ပြုချက်ဖြင့် နေအိမ်ဆောက်လုပ်ခွင့်ပြုခဲ့ကြောင်း အဆိုပြု၍ ခွင့်ပြုချက်ဖြင့်ထားသောမြေမှ ဖယ်ရှားထွက်ခွာပေးစေလိုမှု စွဲဆိုသည်။

အဆိုအချေများအရ တိုင်းတရားရုံးက အောက်ပါငြင်းချက်များ ထုတ်နုတ်ခဲ့သည်-

(၁) ဤအမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်နေပြီး ဆိုသည်မှာ မှန်သလား၊
(၂) တရားလိုသည် အမှုတန်ဖိုး လျော့နည်းစွာ သတ်မှတ်၍ ရုံးခွန်လျော့နည်းစွာ ထမ်းဆောင်ထားသည် ဆိုသည်မှာ မှန်သလား၊
(၃) တရားလိုသည် တရားပြိုင်အား အချင်းဖြစ်မြေပေါ်တွင် အခမဲ့နေထိုင်ခွင့်ပြုခဲ့သည် ဆိုသည်မှာ မှန်သလား၊
(၄) အချင်းဖြစ်မြေပေါ်တွင် အခမဲ့နေထိုင်ခွင့်ကို တရားလိုက ပြန်လည်ရုပ်သိမ်းပြီး ဖြစ်ပါသလား၊
(၅) တရားလိုသည် မည်သည့်သက်သာခွင့် ရထိုက်သနည်း။

တိုင်းတရားရုံးက တရားလိုစွဲဆိုသော အမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်နေသည်ဟု ဖြေဆိုပြီးနောက် ကျန်ငြင်းချက်များကို ဖြေဆိုခြင်းမပြုတော့ဘဲ တရားလိုစွဲဆိုသောအမှုကို ပလပ်လိုက်သည်။

တရားရုံးချုပ်က ကာလစည်းကမ်းသတ်နှင့်စပ်လျဉ်းသည့် ငြင်းချက်ကိုသာမက ကျန်ငြင်းချက်များကိုပါ သုံးသပ်ပြီးနောက် တရားလိုစွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ချမှတ်ပေးသည်။

တိုင်းတရားရုံးက ကာလစည်းကမ်းသတ် ကျော်လွန်သည်ဆိုကာ တရားလိုစွဲဆိုသောအမှုကို ပလပ်ခြင်းမှာ ပဏာမအချက်အရ အမှုကိုဆုံးဖြတ်ခြင်း ဖြစ်သည်။ ဤကဲ့သို့ တိုင်းတရားရုံးက ပဏာမအချက်အရ အမှုကိုဆုံးဖြတ်ခဲ့ပြီး တရားရုံးချုပ်က အယူခံမှုတွင် ထိုအချက်ကို ပယ်ဖျက်လိုက်ပါက အမှုတွင် ကျန်ငြင်းချက်များကို ဖြေဆိုဆုံးဖြတ်ရန် ညွှန်ပြပြီး အမှုကို ပြန်လည်စစ်ဆေးစီရင်ရန် တိုင်းတရားရုံးအား တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၂၃ အရ ညွှန်ကြားနိုင်သည်။ သို့မဟုတ်ပါက မူလရုံးအမှုတွဲတွင် စီရင်ချက်ချမှတ်နိုင်အောင် လုံလောက်သည့် သက်သေခံချက်များရှိပါက အယူခံရုံးက တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၂၄ အရ အပြီးသတ်ဆုံးဖြတ်နိုင်သည်။

တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၂၄ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

> အမိန့် ၄၁၊ နည်း ၂၄။ အမှုတွဲရှိ သက်သေခံချက်မှာ အယူခံရုံးက စီရင်ချက် ချမှတ်ပေးနိုင်လောက်အောင် လုံလောက်လျှင် အယူခံဝင်သည့်ဒီကရီကို ချမှတ်သော တရားရုံး၏စီရင်ချက်သည် အယူခံရုံးက အခြေပြုသည့် အကြောင်းအချက်များ မဟုတ်သော အခြားအကြောင်းအချက်များအပေါ် လုံးဝ အခြေပြုခဲ့စေကာမူ အယူခံရုံးသည် လိုအပ်ပါက ငြင်းချက်များကို ထပ်မံထုတ်နုတ်၍ အမှုကို အပြီးသတ် အဆုံးအဖြတ်ပြုနိုင်သည်။

တိုင်းတရားရုံးက နှစ်ဖက်သက်သေခံချက်များ ရယူထားသဖြင့် အယူခံရုံးဖြစ်သော တရားရုံးချုပ်က စီရင်ချက် ချမှတ်ပေးနိုင်လောက်အောင် သက်သေခံချက်များ လုံလောက်နေပြီဖြစ်၍ တရားရုံးချုပ်က

၂၀၀၀
ဦးလှဦး ပါ ၃
(ကွယ်လွန်သူ ဦးအောင်ဖေ၏ တရားဝင် ကိုယ်စားလှယ်များ)
နှင့်
ဒေါ်အုံးစီ

တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၂၄ အရ အပြီးသတ် အဆုံးအဖြတ်ပြုနိုင်မည် ဖြစ်သည်။

သို့ရာတွင် အယူခံရုံးသည် နှစ်ဖက်အမှုသည်များအား လျှောက်လဲတင်ပြခွင့် မပေးဘဲ အချက်အလက်တစ်ရပ်ကို ဖော်ထုတ်၍ အမှုကိုဆုံးဖြတ်လျှင်မူ တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း၂၄ အရ လုပ်ပိုင်ခွင့်ကို ကျင့်သုံးရာတွင် နည်းလမ်းတကျ ကျင့်သုံးရာ မရောက်ပေ။

တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၂ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

အမိန့် ၄၁၊ နည်း ၂။ × × × ×

> အယူခံရုံးသည် အယူခံမှုကို အဆုံးအဖြတ်ပြုရာတွင် အယူခံလွှာ၌ ဖော်ပြထားသည့် ကန့်ကွက် အကြောင်းပြချက်များကို သို့မဟုတ် ဤနည်းဥပဒေအရ တရားရုံး၏ ခွင့်ပြုချက်ဖြင့် တင်ပြသော အကြောင်းပြချက်များကိုသာ အစွဲပြု၍ ဆုံးဖြတ်ရန်မဟုတ်၊ သို့သော် အခြားအကြောင်းချက်အရ ထိခိုက်နစ်နာမည့် အမှုသည်သည် ထိုအကြောင်းပြချက်နှင့်စပ်လျဉ်း၍ အမှုကိုဆိုင်ပြိုင်ရန် လုံလောက်သည့် အခွင့်အလမ်းမရရှိလျှင် တရားရုံးသည် ထိုအကြောင်းပြချက်အပေါ် အခြေခံ၍ အမှုကို အဆုံးအဖြတ်မပြုရ။

အယူခံတရားလို ဒေါ်အုံးစီက အယူခံလွှာတွင် ကာလစည်းကမ်းသတ်နှင့် သက်ဆိုင်သည့် အချက်များကိုသာ အယူခံအကြောင်းပြခဲ့ရာ အယူခံတရားပြိုင်တို့ကလည်း ထိုအချက်ပေါ်တွင်သာ ချေပခဲ့ကြသည်။

အယူခံအကြောင်းပြချက်များတွင် တင်ပြထားခြင်းမရှိသည့် ပြဿနာများကို ကြားနာရန် အယူခံရုံးတွင် တာဝန်မရှိသော်လည်း

၂၀၀၀
ဦးလှဦး ပါ ၃
(ကွယ်လွန်သူ
ဦးအောင်ဖေ၏
တရားဝင်
ကိုယ်စားလှယ်
များ)
နှင့်
ဒေါ်အုံးစိ

ထိုပြဿနာများနှင့်စပ်လျဉ်း၍ နှစ်ဖက်အမှုသည်များအနေဖြင့် သက်သေထူခွင့် အပြည့်အဝရရှိခဲ့ပါက တရားမျှတမှုနှင့် အမှုပွားများမှုကို ပိတ်ပင်စေရန်အလို့ငှာ အယူခံရုံးက ကြားနာခဲ့ပါမူ မှားသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

တရားရုံးချုပ်က ကာလစည်းကမ်းသတ်နှင့်သက်ဆိုင်သည့် ငြင်းချက်အပြင် အခြားငြင်းချက်များနှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ခဲ့သော်လည်း အယူခံမှုတွင် ထိုပြဿနာများနှင့်စပ်လျဉ်း၍ နှစ်ဖက်အမှုသည်များအား ကြားနာခွင့်ပေးခဲ့ကြောင်း အထောက်အထား မတွေ့ရှိရချေ။

မူလရုံးအမှုတွဲရှိ သက်သေခံအထောက်အထားများမှာ တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၂၄ အရ အယူခံရုံးက စီရင်ချက်ချမှတ်နိုင်လောက်အောင် လုံလောက်စေကာမူ အယူခံရုံးက ချမှတ်သည့် အခြားအကြောင်းပြချက်အရ ထိခိုက်နစ်နာမည့် အမှုသည်အား ထိုအကြောင်းပြချက်နှင့်စပ်လျဉ်း၍ လျှောက်လဲတင်ပြခွင့် မပြုခဲ့လျှင် တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၂ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရာ မရောက်၍ အယူခံရုံး၏ အဆုံးအဖြတ်သည် ဥပဒေနှင့်ညီသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ထို့ကြောင့် ကြားနာလျက်ရှိသော ပြဿနာနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

> တရားရုံးချုပ်က မူလရုံးမှ ဖြေဆိုခြင်းမပြုသော ငြင်းချက်များကို ဖြေဆိုဆုံးဖြတ်ရာ၌ နှစ်ဖက်အမှုသည်များကို လျှောက်လဲတင်ပြခွင့် မပြုခဲ့ခြင်းသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၂၄ ပါ လုပ်ပိုင်ခွင့်ကို နည်းလမ်းတကျ ကျင့်သုံးရာ မရောက်ကြောင်း။

ဤအထူးအယူခံမှုတွင် ကြားနာရန် ထုတ်နုတ်ထားသည့် ပြဿနာမှာ မူလရုံးက ဆုံးဖြတ်ခြင်းမပြုသေးသည့် ငြင်းချက်များကို တရားရုံးချုပ်က ဖြေဆိုဆုံးဖြတ်ခြင်းမှာ တရားမကျင့်ထုံးဥပဒေ အမိန့်

၂၀၀၀
ဦးလှဦး ပါ ၃
(ကွယ်လွန်သူ
ဦးအောင်ဖေ၏
တရားဝင်
ကိုယ်စားလှယ်
များ)
နှင့်
ဒေါ်အုံးစီ

၄၁၊ နည်း ၂၄ ပါ လုပ်ပိုင်ခွင့်ကို နည်းလမ်းတကျ ကျင့်သုံးရာရောက် မရောက် ဖြစ်သည်။ ကာလစည်းကမ်းသတ်ပြဿနာကို ထုတ်နုတ်ထားခြင်း မရှိသဖြင့် ယင်းအချက်အပေါ် ဤအထူးအယူခံခုံရုံးက သုံးသပ်ဆုံးဖြတ်ရန် လိုမည်မဟုတ်ပေ။

ဤအထူးအယူခံမှုကို ခွင့်ပြုပြီး ကာလစည်းကမ်းသတ်နှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်မှတစ်ပါး တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ ကျန်ငြင်းချက်များအပေါ် နှစ်ဖက်အမှုသည်များအား လျှောက်လဲတင်ပြခွင့်ပြုပြီး အယူခံမှုကို ပြန်လည်ကြားနာစေရန် တရားရုံးချုပ်အား ညွှန်ကြားလိုက်သည်။

ဤအထူးအယူခံမှုတွင် ကုန်ကျစရိတ်ကို နောက်ဆုံးတွင် အမှုရှုံးသူက အမှုနိုင်သူအား ပေးစေရမည်။

တရားမအထူးအယူခံမှု

+ ၂၀၀၀
ဒီဇင်ဘာလ
၂၂ ရက်

တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသန်းဦး၊
တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့် နှင့် ဦးထွန်းရှင်
တို့ရှေ့တွင်

မောင်သောင်းစိန် ပါ ၈

နှင့်

ဒေါ်ဂီတာရာနီဒတ်စ် ပါ ၂*

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆိုင်တစ်ဦး ရရန်ရှိသော အကျိုးသက်ဆိုင်ခွင့်သည် အပြီးအပိုင်ရရှိသည့် အကျိုးခံစားခွင့်ဖြစ်၍ အမွေရှင်ကွယ်လွန်သောအခါ အမွေစားအမွေခံများသို့ သက်ရောက်ခြင်း၊ အမွေသည် ဆက်ခံရရှိသည်နှင့်တစ်ပြိုင်နက် ရုပ်သိမ်း၍မရခြင်း၊ ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေသည် လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြဋ္ဌာန်းချက်မဟုတ်သဖြင့် နောက်ကြောင်းပြန် အကျိုးသက်ရောက်မှုမရှိခြင်း၊ အမွေရှင်ကွယ်လွန်၍ အမွေဆက်ခံခွင့်ကို အပြီးအပိုင်ရရှိပြီးဖြစ်လျှင် ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေနှင့် ငြိစွန်းရန်အကြောင်း မရှိခြင်း။

---

* ၁၉၉၇ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၆၄

\+ ၁၉၉၅ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၆၄ တွင် ချမှတ်သော ၂၅-၁၀-၉၅ ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို အထူးအယူခံမှု

၂၀၀၀
မောင်သောင်းစိန်
ပါ ၈
နှင့်
ဒေါ်ဂီတာရာနီ
ဒတ်စ် ပါ ၂

ဆုံးဖြတ်ချက်။ ။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မခွဲဝေရသေးသော အမွေတွင် အမွေဆိုင်တစ်ဦး ရရန်ရှိသော အကျိုးသက်ဆိုင်ခွင့်သည် အပြီးအပိုင်ရရှိသည့် အကျိုးခံစားခွင့် Vested interest ဖြစ်၍ အမွေရှင်ကွယ်လွန်သောအခါ အမွေစားအမွေခံများသို့ သက်ရောက်သည်။ အမွေဆက်ခံခြင်းဟူသည် ဆိုင်းငံ့ထား၍မဖြစ်၊ အမွေသည် ဆက်ခံရရှိသည်နှင့်တစ်ပြိုင်နက် ရုပ်သိမ်း၍မရကောင်းသည်မှာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ အမွေခန်း၏ အခြေခံသဘောတရား ဖြစ်သည်။

သို့ဖြစ်ရာ ၁၉၈၂ ခုနှစ်တွင် အမွေရှင် ဦးတာရာခရစ္စနားဒတ်စ် (ခ) ဦးခင်မောင် ကွယ်လွန်သည်နှင့် အမွေစားအမွေခံများဖြစ်ကြသော ဒေါ်ဂီတာရာနာနီဒတ်စ်တို့သည် အပြီးအပိုင်ရရှိသည့် အကျိုးခံစားခွင့်အရ အမွေဆက်ခံခွင့်ရရှိပြီး ဖြစ်ပေသည်။ ၁၉၈၇ ခုနှစ်တွင် ပြဋ္ဌာန်းသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ ၆ တွင် မည်သူမဆို နိုင်ငံခြားသို့ အပြီးအပိုင်ထွက်ခွာသွားလျှင် ထိုသူပိုင် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနက ကိစ္စတစ်ခုချင်းအလိုက် စိစစ်၍ ဥပဒေနှင့်အညီ အမွေဆက်ခံခွင့်ပေးခြင်း၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းပြုနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေသည် လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြဋ္ဌာန်းချက်မဟုတ်သဖြင့် နောက်ကြောင်းပြန် အကျိုးသက်ရောက်မှု မရှိပေ။

ဒေါ်ဂီတာရာနီဒတ်စ်တို့သည် ၁၉၈၂ ခုနှစ်ကပင် အမွေရှင်ကွယ်လွန်ခြင်းကို အကြောင်းပြု၍ အမွေဆက်ခံခွင့်ကို အပြီးအပိုင်ရရှိပြီးဖြစ်ရာ ၁၉၈၇ ခုနှစ်တွင် ပြဋ္ဌာန်းသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေနှင့် ငြိစွန်းရန်အကြောင်းမရှိပေ။

| | |
|---|---|
| အယူခံတရားလိုများအတွက် - | ဒေါ်ဝင်းတင်<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်များအတွက် - | (၁) ဦးသိန်းဟန်<br>တရားရုံးချုပ်ရှေ့နေ<br>(၂) ကိုယ်တိုင် - မလာ |

၂၀၀၀
မောင်သောင်းစိန်
ပါ ၈
နှင့်
ဒေါ်ဂီတာရာနီ
ဒတ်စ် ပါ ၂

ရန်ကုန်တိုင်းတရားရုံး၊ ၁၉၉၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၆၁ တွင် ဒေါ်ဂီတာရာနီဒတ်စ်က ဒေါ်ထွေးနှင့် ဒေါ်ဂိုရီဒတ်စ်တို့အပေါ် ကွယ်လွန်သူမိဘများ ကျန်ရစ်ခဲ့သော အမွေပုံပစ္စည်းများကို စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရာ ပလပ်ခြင်းခံရသည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ဒေါ်ဂီတာရာနီဒတ်စ်က မကျေနပ်သဖြင့် တရားရုံးချုပ်သို့ အယူခံဝင်သည့်အခါ တရားရုံးချုပ်က တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး ဒေါ်ဂီတာရာနီဒတ်စ်သည် အမွေပုံပစ္စည်း၏ ၃ ပုံ ၁ ပုံ ခံစားခွင့်ရှိကြောင်း ပဏာမဒီကရီ ချမှတ်ပေးလိုက်သည်။ တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို ၁၉၈၈ ခုနှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် ကွယ်လွန်သူဒေါ်ထွေး၏ တရားဝင်ကိုယ်စားလှယ်များ ဖြစ်ကြသော မောင်သောင်းစိန်တို့က လျှောက်ထားသည့်အခါ တရားရုံးချုပ်အထူးခုံရုံးက အောက်ပါပြဿနာကို အထူးခုံရုံးဖြင့် ကြားနာရန်အတွက် အထူးအယူခံ ဝင်ခွင့်ပြုခဲ့သည်-

> " ဒေါ်ဂီတာရာနီဒတ်စ် စွဲဆိုသော အမွေမှုကို ပဏာမဒီကရီ ချမှတ်ပေးခဲ့ခြင်းမှာ အမှုတွင်ပေါ်ပေါက်သော အထောက်အထားများနှင့် ညီညွတ်မှန်ကန်မှုရှိ-မရှိနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေနှင့် ငြိစွန်းမှုရှိ-မရှိ။"

၂၀၀၀
မောင်သောင်းစိန်
ပါ ၈
နှင့်
ဒေါ်ဂီတာရာနီ
ဒတ်စ် ပါ ၂

အယူခံတရားလို၏ရှေ့နေက ဤအမှုတွင် အမွေရှင် ဦးခင်မောင် (ခ) တီကေဒတ်စ်သည် ဗုဒ္ဓဘာသာဝင်ဖြစ်သလော သို့မဟုတ် ဟိန္ဒူဘာသာဝင်ဖြစ်သလော ဟူ၍ အငြင်းပွားလျက်ရှိရာ သက်သေခံ ဥပဒေပုဒ်မ ၁၀၁ အရ ကွယ်လွန်သူ ဦးခင်မောင်သည် ဗုဒ္ဓဘာသာဝင် ဖြစ်ကြောင်း တရားလိုဘက်မှ သက်သေထင်ရှားပြရန် ဖြစ်ပါသော်လည်း အမှု၏ကျောရိုးဖြစ်သော တရားလို၏အဆိုလွှာနှင့် ပြင်ဆင်ဆိုလွှာ နှစ်မျိုးလုံးတွင် ကွယ်လွန်သူ ဦးခင်မောင် (ခ) တီကေဒတ်စ်သည် မည်သည့်ဘာသာကိုးကွယ်ကြောင်း လုံးဝဖော်ပြ စွဲဆိုခဲ့ခြင်း မရှိဘဲ ၎င်းတို့၏အဆိုလွှာ အပိုဒ် ၁၃ တွင်သာ တရားလို၊ တရားပြိုင်တို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်၍ ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းအရ ကွယ်လွန်သူ ဦးခင်မောင်၏ ပစ္စည်းပေါ်တွင် အမွေခွဲဝေပေးရန် စွဲဆိုခြင်း ဖြစ်သည်ဟု ဖော်ပြထားကြောင်း၊ ယခုအမှုတွင် ကွယ်လွန်သူ အမွေရှင် ဦးခင်မောင်သည် ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်ကြောင်း ကောက်ယူနိုင်သည့် ကိုယ်နှုတ်နှလုံးသုံးပါး အပြုအမူ၊ ပတ်ဝန်းကျင် စသည့် အခြေအနေများ ပေါ်ပေါက်ခြင်းမရှိကြောင်း၊ ရှင်ပြုခြင်း၊ ရဟန်းခံခြင်း၊ အလှူဒါနပြုခြင်း၊ ဘုရားရှိခိုးခြင်း၊ ဆွမ်းဆက်ကပ်ခြင်း စသည့် အခြေအနေများ မတွေ့ရှိရကြောင်း၊ ကွယ်လွန်သူ ဦးခင်မောင် (ခ) တီကေဒတ်စ်သည် သားဖြစ်သူ ဦးပါမိသားစုနှင့် အချင်းဖြစ်ဥပစာတွင် နေထိုင်ခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ကာလကတ္တားမြို့၌ အခြေချ နေထိုင်သူ တတိယသမီး ဒေါ်ပိုရီဒတ်စ်ရှိရာ အိန္ဒိယနိုင်ငံသို့ အပြီးတိုင် ထွက်ခွာသွားပြီး ၁၉၈၂ ခုနှစ် ကွယ်လွန်ချိန်အထိ ၁၇ နှစ်ကြာ တစ်ဆက်တည်း နေထိုင်ခဲ့သူဖြစ်ကြောင်း၊ သို့ဖြစ်၍ ကွယ်လွန်သူ အမွေရှင် ဦးခင်မောင် (ခ) တီကေဒတ်စ်သည် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အပြီးတိုင်ပြန်သွားခြင်းမှန်လျှင် ၎င်းပိုင်ဆိုင်ခဲ့သည့် ပစ္စည်းများနှင့်စပ်လျဉ်း၍ ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကိုကန့်သတ်သည့်ဥပဒေပုဒ်မ ၆ အရ စီရင်ဆုံးဖြတ်ရန်ဖြစ်ကြောင်း၊

အဆိုပါဥပဒေပုဒ်မ ၆ တွင် သက်ဆိုင်ရာဝန်ကြီးဌာနက ဥပဒေနှင့်အညီ အမွေဆက်ခံခွင့်ပေးကြောင်း ချမှတ်သည့်အမိန့် မပါရှိဘဲ တရားမ တရားရုံးက စီရင်ပိုင်ခွင့်မရှိစေရဟု ပြဋ္ဌာန်းထားကြောင်း၊ တရားလို၏ အဆိုပြုစွဲဆိုလွှာတွင် ပြည်ထဲရေးဝန်ကြီးဌာန၏ ခွင့်ပြုမိန့်မပါရှိသဖြင့် တရားရုံးချုပ်၏ တရားမပထမအယူခံမှုအမှတ် ၆၄/၉၅ ၏ ဆုံးဖြတ်ချက်သည် ဥပဒေအရ မှားယွင်းလျက်ရှိကြောင်း လျှောက်လဲတင်ပြသည်။

၂၀၀၀
မောင်သောင်းစိန်
ပါ ၈
နှင့်
ဒေါ်ဂီတာရာနီ
ဒတ်စ် ပါ ၂

အယူခံတရားပြိုင်၏ရှေ့နေက ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေနှင့် ငြိစွန်းမှုရှိ-မရှိ ပြဿနာနှင့်စပ်လျဉ်း၍ တရားပြိုင်များ အချေလွှာတွင် ထုချေထားခြင်း မရှိကြောင်း၊ အဆိုအချေအရ အငြင်းပွားမှု မပေါ်ပေါက်၍ ငြင်းချက်မရှိသည့်အပြင် နှစ်ဖက်သက်သေတင်ပြထားခြင်း မရှိကြောင်း၊ ဥပဒေပြဿနာဖြစ်၍ မည်သည့်အဆင့်၌မဆို ရုံးတော်မှ ဆုံးဖြတ်ခွင့်ရှိသည်ဟု ဆိုသည့်တိုင်အောင်ပင် အမှုတွဲရှိ အငြင်းမပွား ပေါ်ပေါက်ချက်များအရသာ ဆောင်ရွက်ခွင့်ရှိကြောင်း၊ ၁၉၈၇ ခုနှစ်ဥပဒေနှင့် ငြိစွန်းရန်မှာ အမွေရှင် ဦးခင်မောင် (ခ) တီကေဒတ်စ်သည် နိုင်ငံခြားသားအဖြစ် သေဆုံးကြောင်း သို့တည်းမဟုတ် နိုင်ငံခြားသား မဟုတ်သည့်တိုင် နိုင်ငံခြားသို့ အပြီးအပိုင် ထွက်ခွာသွားသူဖြစ်ကြောင်း နှစ်ဖက်အငြင်းမပွား အထင်အရှား ပေါ်ပေါက်ရန်လိုကြောင်း၊ အမှုတွဲရှိ သက်သေခံချက်များအရ အမွေရှင် ဦးခင်မောင် (ခ) တီကေဒတ်စ်သည် [ယခင် နိုင်ငံသား (ယူစီစီ) လက်မှတ် ၁၉၈၄/၆၀] အမျိုးသားမှတ်ပုံတင်အမှတ် စီအေ-၀၁၅၃၆၂ ကိုင်ဆောင်သူ နိုင်ငံသားဖြစ်ကြောင်း၊ တရားပြိုင် ဦးပါ၏သား မောင်ရှမ်းထွက်ချက်၌ ဝန်ခံထားပြီးဖြစ်၍ နိုင်ငံခြားသားမဟုတ်ကြောင်း အငြင်းမထွက် ပေါ်ပေါက်ကြောင်း၊ နိုင်ငံခြားသို့ အပြီးအပိုင် ထွက်ခွာသွားခြင်းကိစ္စနှင့်စပ်လျဉ်း၍ကား အမှုတွဲ၌ ထုချေထားခြင်း မရှိသကဲ့သို့ လုံးဝပေါ်ပေါက်ခြင်းလည်း

၂၀၀၀
မောင်သောင်းစိန်
ပါ ၈
နှင့်
ဒေါ်ဂီတာရာနီ
ဒတ်စ် ပါ ၂

မရှိကြောင်း၊ ဦးခင်မောင် (ခ) တီကေဒတ်စ်သည် အိန္ဒိယသို့ ၁၉၆၅ ခုနှစ်က ထွက်သွားပြီး ၁၉၈၁ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ သေဆုံးသည် ဆိုသည့် အချက်မျှဖြင့်လည်း နိုင်ငံခြားသို့ အပြီးအပိုင် ထွက်ခွာသွားသည်ဟု မှတ်ယူနိုင်ခွင့်မရှိကြောင်း၊ ဦးခင်မောင် (ခ) တီကေဒတ်စ်သည် မြန်မာနိုင်ငံကူးလက်မှတ်ဖြင့်သာ အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေသည် လုပ်ထုံးလုပ်နည်းဆိုင်ရာ မဟုတ်ဘဲ အမွေဆက်ခံခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်ဖြစ်၍ နောက်ကြောင်းပြန် အကျိုးသက်ရောက်မှု မရှိကြောင်း၊ အမွေရှင် ကွယ်လွန်သည့် ၁၉၈၁ ခုနှစ်ကပင် သားသမီးများက အမွေဆက်ခံရရှိပြီးဖြစ်၍ ထိုဥပဒေနှင့်ငြိစွန်းမှု မရှိကြောင်း လျှောက်လဲတင်ပြသည်။

ကွယ်လွန်သူ မိဘများဖြစ်ကြသည့် ဦးတာရာခရစ္စနားဒတ်စ် (ခ) ဦးခင်မောင်နှင့် ဒေါ်ပိုတာဒတ်စ်တို့တွင် သားသမီး ၃ ဦး ထွန်းကားရာ ၎င်းတို့မှာ (၁) ဦးကိုပါလ်ချန်ဒရာဒတ်စ် (ခ) ဦးပါ၊ (၂) ဒေါ်ဂိုရီဒတ်စ်နှင့် (၃) ဒေါ်ဂီတာရာနီဒတ်စ်တို့ ဖြစ်ကြသည်။

ဦးကိုပါလ်ချန်ဒရာဒတ်စ် (ခ) ဦးပါသည် အမှတ် ၁ တရားပြိုင် ဒေါ်ထွေး၏ခင်ပွန်းဖြစ်ပြီး ၂၅-၇-၉၁ နေ့က ကွယ်လွန်ခဲ့သည်။ အမှတ် ၂ တရားပြိုင် ဒေါ်ဂိုရီဒတ်စ်မှာ အိန္ဒိယနိုင်ငံသို့ အပြီးအပိုင် ပြောင်းရွှေ့သွားသည်။ မိခင်ဒေါ်ပိုတာဒတ်စ်သည် ၁၉၃၉ ခုနှစ်က ကွယ်လွန်ပြီး ဖခင် ဦးတာရာခရစ္စနားဒတ်စ်သည် ၁၉၈၂ ခုနှစ်က ကွယ်လွန်သည်။

ဒေါ်ဂီတာရာနီဒတ်စ်က မိဘများကွယ်လွန်သည့်အခါ အမွေပုံပစ္စည်းများ ကျန်ရစ်ခဲ့ကြောင်း၊ တရားလိုနှင့် တရားပြိုင်တို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြောင်း အဆိုပြု၍ အမွေပုံပစ္စည်းခွဲဝေပေးစေလိုမှု စွဲဆိုသည်။

အမှတ် ၁ တရားပြိုင် ဒေါ်ထွေးက မိဘများမှာ ဟိန္ဒူဘာသာကိုးကွယ်သူ ဟိန္ဒူလူမျိုး အိန္ဒိယနိုင်ငံသားများ ဖြစ်ကြောင်း၊ မိခင်သည်

၂၀၀၀
မောင်သောင်းစိန်
ပါ ၈
နှင့်
ဒေါ်ဂီတာရာနီ
ဒတ်စ် ပါ ၂

မြန်မာပြည်တွင်လည်းကောင်း၊ ဖခင်သည် အိန္ဒိယနိုင်ငံတွင် လည်းကောင်း ကွယ်လွန်ခဲ့ကြောင်း ဟိန္ဒူဓလေ့ထုံးတမ်းအရ မိဘ၏ အမွေကို တစ်ဦးတည်းသောသားဖြစ်သူ တရားပြိုင်၏ခင်ပွန်း ဦးပါ ကသာ ခံစားခွင့်ရှိပြီး မိန်းကလေးဖြစ်သူ တရားလိုမှာ အမွေဆက်ခံခွင့်မ မရှိကြောင်း၊ တရားလိုသည် ဟိန္ဒူလူမျိုး အိန္ဒိယနိုင်ငံသားတစ်ဦးဖြစ်၍ ပစ္စည်းပိုင်ဆိုင် အကျိုးခံစားခွင့်မရှိကြောင်း ချေပသည်။

တိုင်းတရားရုံးက တရားလိုသည် ၎င်း၏မိဘများ မည်သည့် ဘာသာ ကိုးကွယ်ကြောင်းကို အဆိုလွှာ၌ တိကျစွာ ဖော်ပြထားခြင်းမရှိ ကြောင်း၊ ၎င်းအား တရားလိုအဖြစ် စစ်ဆေးသည့်အခါ ဘင်္ဂါလီလူမျိုး၊ ဗုဒ္ဓဘာသာဟု ဖော်ပြထားပြီး ၎င်းတို့မိသားစုသည် ဗမာဘုန်းတော်ကြီး များကို ကိုးကွယ်ပုံ၊ ဘုရားကျောင်းကန်များတွင် လှူဒါန်းခဲ့ပုံများကိုသာ သက်သေတင်ပြခဲ့ကြောင်း၊ ၎င်း၏မိဘများသည် မည်သည့်ဘာသာ ကိုးကွယ်ခဲ့သည်ကို ထင်ရှားအောင် မတင်ပြခဲ့ကြောင်း၊ တရားပြိုင် ဘက်က တရားလိုအိမ်ထောင်ပြုစဉ် ၎င်း၏ဖခင်က ဟိန္ဒူဘာသာဝင် များ လက်ထပ်သည့်အခါ ဝတ်စားဆင်ယင်ပုံနှင့် ဆောင်ရွက်ပုံအတိုင်း ပြုလုပ်ပေးသည့် လက်ထပ်ပွဲဓာတ်ပုံများ တင်ပြခဲ့ကြောင်း၊ ဖခင် ဦးခင်မောင် ကွယ်လွန်စဉ် ဦးပါက ဟိန္ဒူဓလေ့ထုံးစံအတိုင်း အလှူဒါန ပြုလုပ်ပုံ၊ ကောင်းမှုကုသိုလ်ပြုနေပုံ ဓာတ်ပုံများကို တင်ပြထားကြောင်း၊ ထို့ကြောင့် အမွေရှင်မိဘများသည် ဟိန္ဒူလူမျိုး ဗုဒ္ဓဘာသာကိုးကွယ်သူ များ ဖြစ်သည်ဆိုခြင်းမှာ မမှန်ကြောင်း ဆုံးဖြတ်သည်။

တရားရုံးချုပ်က ဦးသောင်းကြည် (လိုပြ-၁)၊ ဗုဒ္ဓဘာသာဝင် ဘုန်းတော်ကြီးကေသရ (လိုပြ-၃)၊ ဦးဆိုမီ (လိုပြ-၄)၊ အက်စ်ဒတ်ကား တို့က ဦးခင်မောင်သည် ဗုဒ္ဓဘာသာကိုးကွယ်ကြောင်းကို ထွက်ဆိုကြ ကြောင်း၊ သက်သေခံချက်များအရ ဦးခင်မောင်သည် မြန်မာနိုင်ငံသား လက်မှတ် ကိုင်ဆောင်ထားသူ ဘင်္ဂါလီလူမျိုး၊ ဗုဒ္ဓဘာသာ ယုံကြည် သက်ဝင်သူဖြစ်ကြောင်း၊ ဦးခင်မောင်သား ဦးပါနှင့် သမီး ဒေါ်ဂီတာရာ

၂၀၀၀
မောင်သောင်းစိန်
ပါ ၈
နှင့်
ဒေါ်ဂီတာရာနီ
ဒတ်စ် ပါ ၂

နီဒတ်စ်တို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်သည်မှာ ပေါ်ပေါက်ကြောင်း သုံးသပ်ပြီး ဒေါ်ဂီတာရာနီဒတ်စ်သည် အမွေပုံပစ္စည်း၏ ၃ ပုံ ၁ ပုံကို ခံစားခွင့်ရှိကြောင်း ပဏာမဒီကရီ ချမှတ်သည်။

မူလရုံးတရားလိုနှင့် မူလရုံးတရားပြိုင်တို့ အငြင်းပွားနေသည်မှာ ကွယ်လွန်သူ အမွေရှင်ဦးခင်မောင်သည် ဗုဒ္ဓဘာသာကိုးကွယ်သူ ဖြစ်သည် သို့မဟုတ် ဟိန္ဒူဘာသာကိုးကွယ်သူ ဖြစ်သည် ဆိုသည့် အချက် ဖြစ်သည်။

တိုင်းတရားရုံးက ဦးခင်မောင်သည် ဟိန္ဒူဘာသာကိုးကွယ်သည်ဟု ဆုံးဖြတ်ပြီး တရားရုံးချုပ်ကမူ ဗုဒ္ဓဘာသာကိုးကွယ်သူ ဖြစ်သည်ဟု ဆုံးဖြတ်သည်။ တရားရုံးချုပ်က ထိုသို့ဆုံးဖြတ်ခြင်းမှာ အထောက်အထားမဲ့ ဆုံးဖြတ်ခြင်းမဟုတ်ပေ။ ဦးသောင်းကြည် (လိုပြ-၁)၊ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကေသရ (လိုပြ-၃)၊ ဦးဆိုမီ (လိုပြ-၄)၊ အက်စ်ဒတ်တားတို့၏ ထွက်ချက်များအပေါ် အခြေပြု၍ ဆုံးဖြတ်ခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် အမှုတွဲတွင် ပေါ်ပေါက်သည့် သက်သေခံချက်များအရ ဆုံးဖြတ်ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ အကြောင်းခြင်းရာနှင့်ပတ်သက်၍ ပထမအယူခံရုံး၏ ဆုံးဖြတ်ချက်ကို သက်သေအထောက်အထား လုံးဝမရှိမှသာ ဒုတိယအယူခံခုံရုံးက ဝင်ရောက်စွက်ဖက်နိုင်ခွင့် ရှိပေသည်။ သက်သေခံ အထောက်အထားရှိနေလျှင် ထိုဆုံးဖြတ်ချက်မှာ စိတ်ကျေနပ်ဖွယ် မရှိလင့်ကစား ပယ်ဖျက်ခြင်း မပြုနိုင်ပေ။

တရားရုံးချုပ်က ဒေါ်ဂီတာရာနီဒတ်စ် စွဲဆိုသော အမွေမှုကို ပဏာမဒီကရီ ချမှတ်ပေးခဲ့ခြင်းမှာ အမှုတွင်ပေါ်ပေါက်သော အထောက်အထားများနှင့် ညီညွတ်ကြောင်း တွေ့ရှိရသည်။

ဒေါ်ဂီတာရာနီဒတ်စ်၏ အဆိုလွှာအပိုဒ် ၃ တွင် ဖခင်ဖြစ်သူ ဦးတာရာခရစ္စနားဒတ်စ် (ခ) ဦးခင်မောင်မှာ ၂၃-၁၂-၈၂ နေ့က ကွယ်လွန်ခဲ့ကြောင်း ဖော်ပြထားသည်။

၂၀၀၀
မောင်သောင်းစိန်
ပါ ၈
နှင့်
ဒေါ်ဂီတာရာနီ
ဒတ်စ် ပါ ၂

အမှတ် ၁ တရားပြိုင် ကွယ်လွန်သူ ဒေါ်ထွေး၏ တရားဝင် ကိုယ်စားလှယ်တစ်ဦးဖြစ်သူ မောင်ရှမ်းက အဘိုး ဦးတာရာခရစ္စနား ဒတ်စ် (ခ) ဦးခင်မောင်သည် ၁၉၈၂ ခုနှစ်တွင် ကွယ်လွန်ခဲ့ကြောင်း ထွက်ဆိုသည်။

မူလရုံးတရားလို၏ အဆိုလွှာတွင် ဖော်ပြချက်နှင့် မူလရုံး တရားပြိုင် ဒေါ်ထွေး၏ တရားဝင်ကိုယ်စားလှယ် မောင်ရှမ်းတို့၏ ထွက်ဆိုချက်များအရ အမွေရှင် ဦးတာရာခရစ္စနားဒတ်စ် (ခ) ဦးခင်မောင်သည် ၁၉၈၂ ခုနှစ်တွင် ကွယ်လွန်ခဲ့ကြောင်း အငြင်းပွားမှု မရှိချေ။

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မခွဲဝေရသေးသော အမွေတွင် အမွေဆိုင်တစ်ဦး ရရန်ရှိသော အကျိုးသက်ဆိုင်ခွင့်သည် အပြီးအပိုင်ရရှိသည့် အကျိုးခံစားခွင့် Vested interest ဖြစ်၍ အမွေရှင် ကွယ်လွန်သောအခါ အမွေစားအမွေခံများသို့ သက်ရောက်သည်။ အမွေဆက်ခံခြင်းဟူသည် ဆိုင်းငံ့ထား၍မဖြစ်၊ အမွေသည် ဆက်ခံရရှိသည်နှင့်တစ်ပြိုင်နက် ရုပ်သိမ်း၍မရကောင်းသည်မှာ မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေ အမွေခန်း၏ အခြေခံသဘောတရား ဖြစ်သည်။

သို့ဖြစ်ရာ ၁၉၈၂ ခုနှစ်တွင် အမွေရှင် ဦးတာရာခရစ္စနားဒတ်စ် (ခ) ဦးခင်မောင် ကွယ်လွန်သည်နှင့် အမွေစားအမွေခံများ ဖြစ်ကြသော ဒေါ်ဂီတာရာနီဒတ်စ်တို့သည် အပြီးအပိုင်ရရှိသည့် အကျိုးခံစားခွင့်အရ အမွေဆက်ခံခွင့်ရရှိပြီး ဖြစ်ပေသည်။

၁၉၈၇ ခုနှစ်တွင် ပြဋ္ဌာန်းသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ ၆ တွင် မည်သူမဆို နိုင်ငံခြားသို့ အပြီးအပိုင် ထွက်ခွာသွားလျှင် ထိုသူပိုင် မရွှေ့မပြောင်း နိုင်သောပစ္စည်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနက ကိစ္စတစ်ခု ချင်းအလိုက် စိစစ်၍ ဥပဒေနှင့်အညီ အမွေဆက်ခံခွင့်ပေးခြင်း၊ ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ပြုနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေသည် လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြဋ္ဌာန်းချက် မဟုတ်သဖြင့် နောက်ကြောင်းပြန် အကျိုးသက်ရောက်မှု မရှိပေ။

ဒေါ်ဂီတာရာနီဒတ်စ်တို့သည် ၁၉၈၂ ခုနှစ်ကပင် အမွေရှင် ကွယ်လွန်ခြင်းကို အကြောင်းပြု၍ အမွေဆက်ခံခွင့်ကို အပြီးအပိုင် ရရှိပြီးဖြစ်ရာ ၁၉၈၇ ခုနှစ်တွင် ပြဋ္ဌာန်းသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေနှင့် ငြိစွန်းရန်အကြောင်း မရှိပေ။

သို့ဖြစ်၍ ကြားနာလျက်ရှိသော ပြဿနာနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

ဒေါ်ဂီတာရာနီဒတ်စ် စွဲဆိုသော အမွေမှုကို ပဏာမဒီကရီ ချမှတ်ပေးခဲ့ခြင်းမှာ အမှုတွင်ပေါ်ပေါက်သော အထောက် အထားများနှင့် ညီညွတ်မှန်သည်၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေနှင့် ငြိစွန်းမှုမရှိ။

ဤအထူးအယူခံမှုကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀၀/- သတ်မှတ်သည်။

တရားမအထူးအယူခံမှု

+ ၂၀၀၀
ဒီဇင်ဘာလ
၂၉ ရက်

တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊
တရားသူကြီးများဖြစ်ကြသော ဒေါက်တာတင်အောင်အေး
နှင့် ဦးချစ်လွင် တို့ရှေ့တွင်

ဦးသောင်းထွန်း ပါ ၂

နှင့်

ဒေါ်မြသောင်း*
(၎င်း၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးတင်ဟန်)

တရားလိုက တရားပြိုင်တို့အား အခမဲ့ခွင့်ပြုချက်ဖြင့် ထားခဲ့ခြင်း၊ ခွင့်ပြုချက်ဖြင့်ထားသူက အခမဲ့ခွင့်ပြုချက်ဖြင့်ထားသည့် မြေနှင့်အိမ်ကို ခွင့်ပြုချက်ဖြင့်နေသူတို့အား အရောင်းအဝယ် စာချုပ် ချုပ်ဆို ရောင်းချရာ ဝယ်သူက စရန်ငွေပေးခဲ့သော်လည်း ကျန်ငွေပေးရန် ပျက်ကွက်သဖြင့် တရားလိုက အခမဲ့ခွင့်ပြုချက်ဖြင့်ထားသူအား နှင်လိုမှုစွဲဆိုခြင်း၊ ခွင့်ပြုချက်ဖြင့် နေသူက အချင်းဖြစ်ဥပစာကို စရန်ငွေပေး ဝယ်ယူခဲ့သဖြင့် ခွင့်ပြုချက်ဖြင့်နေသူအဖြစ်မှ ပြောင်းလဲသွားခြင်းရှိ-မရှိ၊ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူသူသည် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က အရ အကာအကွယ်ကို ရထိုက်ခွင့်ရှိ-မရှိ။

* ၁၉၉၇ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၆၈
+ ၁၉၉၅ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၃၀၂ တွင် ချမှတ်သော ၃၀-၁-၉၆ ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို အထူးအယူခံမှု

၂၀၀၀
ဦးသောင်းထွန်း
ပါ ၂
နှင့်
ဒေါ်မြသောင်း
(၎င်း၏အထူး
ကိုယ်စားလှယ်
လွှဲအပ်ခြင်းခံရသူ
ဦးတင်ဟန်)

ဆုံးဖြတ်ချက်။ ။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၄၊ မှတ်ပုံတင်အက်ဥပဒေပုဒ်မ ၁၇ အရ တန်ဖိုးငွေ ကျပ် ၁၀၀နှင့်အထက်ရှိသော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို ရောင်းချရာတွင် မှတ်ပုံတင်မှသာလျှင် တရားဝင်သည့်အတွက် ဦးသောင်းထွန်းတို့သည် စရန်ငွေကျပ် ၁ သိန်းပေးထားစေကာမူ အရောင်းအဝယ်စာချုပ်ကို မှတ်ပုံမတင်ရသေးသဖြင့် အချင်းဖြစ်မြေနှင့်နေအိမ်ကို ပိုင်ဆိုင်ခွင့် ရရှိမည်မဟုတ်ပေ။ ၎င်းတို့သည် ပိုင်ရေးပိုင်ခွင့်အရ နေထိုင်သူမဟုတ်၊ အခွင့်အမိန့်အရ နေထိုင်သူများသာ ဖြစ်ပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ ဦးသောင်းထွန်းတို့သည် အချင်းဖြစ်မြေနှင့်နေအိမ်ကို လက်ရှိထားခြင်းမှာ ခွင့်ပြုချက်ဖြင့် နေထိုင်သူတို့အနေဖြင့် လက်ရှိထားခြင်း ဖြစ်သည်။ ၂-၁-၉၄ နေ့စွဲပါ ဝန်ခံကတိပြုချက်တွင် ၃၁-၁-၉၄ နေ့အထိ အချင်းဖြစ်မြေနှင့်နေအိမ်သည် ဦးကျင်ဆန်း၊ ဒေါ်မြသောင်းတို့ ပိုင်ဆိုင်သည့်နေအိမ်အဖြစ် သတ်မှတ်ထားရန် သဘောတူကြောင်းနှင့် ၎င်းနေ့အထိ ဦးကျင်ဆန်း၊ ဒေါ်မြသောင်းတို့၏ ခွင့်ပြုချက်ဖြင့်နေထိုင်သူများဖြစ်ကြောင်း ဖော်ပြထားရာ ဦးသောင်းထွန်းတို့သည် ပဋိညာဉ်၏တစ်စိတ်တစ်ဒေသကို ဆောင်ရွက်သည့်အနေဖြင့် အချင်းဖြစ်ပစ္စည်းကို လက်ရောက်ရရှိခဲ့သည်ဟု မဆိုနိုင်ချေ။ အချင်းဖြစ်ပစ္စည်းကို လက်ရောက်မရရှိခဲ့လျှင် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က နှင့် အကျုံးဝင်မည် မဟုတ်ပေ။

တစ်ပိုင်းတစ်စ ဆောင်ရွက်မှု ဥပဒေသနှင့် အကျုံးဝင်ရန် လိုအပ်သည့်အချက်တစ်ရပ်မှာ လွှဲပြောင်းခံယူမည့်သူသည် ပဋိညာဉ်အရ ဆောင်ရွက်ရန်ရှိသည့် မိမိတာဝန်ကို ဆောင်ရွက်ပြီးစီးခြင်း သို့မဟုတ် ဆောင်ရွက်ရန် အသင့်ရှိခြင်း ဖြစ်သည်။ ဦးသောင်းထွန်းတို့က ပဋိညာဉ်အရ ဆောင်ရွက်ရန်ရှိသည့်တာဝန်မှာ ပေးရန်ကျန်သည့် ပစ္စည်းဘိုးငွေ ကျပ် ၃ သိန်းကို သတ်မှတ်ထားသည့်ရက်တွင် ပေးချေ

ရန် ဖြစ်သည်။ ဦးသောင်းထွန်းတို့သည် သတ်မှတ်ထားသည့်ရက်တွင် ကျန်ငွေကို ပေးချေခြင်းမပြုသဖြင့် ရောင်းသူက ရက်တိုးမြှင့်ပေးခဲ့သော်လည်း ထိုတိုးပေးသည့်ရက်တွင်လည်း ပေးချေခြင်းမပြုခဲ့ပေ။ သို့ဖြစ်ရာ ဦးသောင်းထွန်းတို့သည် ပဋိညာဉ်အရ ဆောင်ရွက်ရန်ရှိသည့်တာဝန်ကို ဆောင်ရွက်ရန်အသင့်မရှိကြောင်း မြင်သာသည်။

လွှဲပြောင်းခံယူမည့်သူသည် ပဋိညာဉ်အရ ဆောင်ရွက်ရန်ရှိသည့် မိမိတာဝန်ကို ဆောင်ရွက်ရန်အသင့်မရှိလျှင် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က ၏ အကာအကွယ်ကို ရထိုက်မည် မဟုတ်ပေ။

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | - | ဦးမောင်မောင်မြင့်<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်အတွက် | - | ဒေါ်လွင်လွင်မြ<br>တရားရုံးချုပ်ရှေ့နေ |

ဧရာဝတီတိုင်းတရားရုံး၊ ၁၉၉၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၈ (ဟင်္သာတခရိုင်) တွင် အယူခံတရားပြိုင် ဒေါ်မြသောင်းက ၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဦးတင်ဟန်မှတစ်ဆင့် အယူခံတရားလို များဖြစ်ကြသော ဦးသောင်းထွန်းနှင့် ဒေါ်ကျင်ယုံတို့အပေါ် အခွင့်နှင့် အခမဲ့နေထိုင်သူများအား ဖယ်ရှားပေးစေလိုမှု စွဲဆိုသည်။ တိုင်းတရားရုံးက အယူခံတရားပြိုင် ဒေါ်မြသောင်း စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ချမှတ်သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို မကျေနပ်သဖြင့် အယူခံတရားလို ဦးသောင်းထွန်းတို့က တရားရုံးချုပ်သို့ အယူခံဝင်ရောက်သော်လည်း အောင်မြင်ခြင်းမရှိ၍ တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ ပြန်လည် စစ်ဆေးစီရင်ပေးရန် လျှောက်ထားသည့်အခါ တရားရုံးချုပ် အထူးခုံရုံး

၂၀၀၀
ဦးသောင်းထွန်း
ပါ ၂
နှင့်
ဒေါ်မြသောင်း
(၎င်း၏အထူး
ကိုယ်စားလှယ်
လွှဲအပ်ခြင်းခံရသူ
ဦးတင်ဟန်)

က အောက်ပါပြဿနာကို အထူးအယူခံခုံရုံးဖြင့် ကြားနာရန်အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

အချင်းဖြစ်အိမ်နှင့်မြေကို အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ စရန်ငွေ ကျပ်တစ်သိန်းပေးပြီး ကျန်ငွေကို ဆက်လက်ပေးချေရန် ပျက်ကွက်နေသူအား အခွင့်အမိန့်အရ အခမဲ့နေထိုင်သူအဖြစ် ကောက်ယူဆုံးဖြတ်ရန်သင့်-မသင့်။

အယူခံတရားလိုများ၏ရှေ့နေက မူလရုံးတရားလို၏ ခင်ပွန်း ဦးကျင်ဆန်းနှင့် မူလရုံးတရားပြိုင်အမှတ် ၂ တို့သည် မောင်နှမအရင်းအခြာများဖြစ်ကြပြီး အချင်းဖြစ်မြေနှင့်အိမ်ကို ၄၀၀၀၀၀/- (ငွေကျပ်လေးသိန်းတိတိ) နှင့် အရောင်းအဝယ်ပြုကြရန် သဘောတူညီကြပြီးနောက် စရန်ငွေ ကျပ် ၁၀၀၀၀၀/- (ငွေကျပ်တစ်သိန်းတိတိ) ကို စရန်ငွေပေးခဲ့ကြောင်း နှစ်ဖက်စလုံးမှ အငြင်းမပွားဘဲ ပေါ်လွင်ထင်ရှားခဲ့ပြီးဖြစ်ရာ စရန်ငွေပေး၍ ဝယ်ယူသောမြေနှင့်အိမ်ကို အခမဲ့နေထိုင်ခွင့်ပြုသည်ဆိုသော အချက်မှာ ဥပဒေအရ ပြောင်းလဲသွားနိုင်ခြင်းမရှိကြောင်း၊ ၂-၁-၉၄ နေ့စွဲပါ ဝန်ခံကတိစာချုပ်မှာ ဦးသောင်းထွန်း၊ ဒေါ်ကျင်ယုံတို့၏ဝန်ခံချက်ကတိစာချုပ်ဖြစ်သော်လည်း ဦးသောင်းထွန်းတစ်ဦးတည်းကသာ လက်မှတ်ရေးထိုးထားပြီး ဒေါ်ကျင်ယုံမှ လက်မှတ်ရေးထိုးထားခြင်း မရှိကြောင်း၊ ဒေါ်ကျင်ယုံက ဦးသောင်းထွန်းကို တရားဝင်ကိုယ်စားလှယ်လွှဲစာ တစ်စုံတစ်ရာ ပေးအပ်ထားခြင်း မရှိသည့်အတွက် ဒေါ်ကျင်ယုံ၏ကိုယ်စား ဦးသောင်းထွန်းက လက်မှတ်ရေးထိုးပိုင်ခွင့်လည်း မရှိပါ၍ ဒေါ်ကျင်ယုံအပေါ်တွင် အကျိုးသက်ရောက်မှု မရှိသော ကတိစာချုပ်သာဖြစ်ကြောင်း၊ စရန်ငွေ ကျပ်တစ်သိန်းပေးပြီး ၈ လခန့်အကြာမှ မတရားဖိနှိပ်ချုပ်ဆိုထားသော သက်သေခံ (ဃ) စာချုပ်အရ အခမဲ့ထားသူအဖြစ်မှ ဖယ်ရှားနှင်ထုတ်ခြင်းသည်လည်း ဥပဒေကို လက်တစ်လုံးခြားပြု၍ နှင်ထုတ်ခြင်းဖြစ်ကြောင်း ဦးကျင်ဆန်း၊ ဒေါ်မြသောင်းတို့က ဦးသောင်းထွန်း၊

ဒေါ်ကျင်ယုံတို့ကို ၂၆-၇-၉၃ နေ့စွဲပါ သက်သေခံ (ခ) ကတိစာချုပ်ဖြင့် ငွေကျပ် ၄၀၀၀၀၀/- (ငွေကျပ်လေးသိန်းတိတိ) နှင့် ရောင်းချရန် သဘောတူခဲ့ပြီး စရန်ငွေ ၁၀၀၀၀၀/- (ငွေကျပ်တစ်သိန်းတိတိ) ကို လက်ခံရယူထားသောကိစ္စဖြစ်၍ သာမန်အခွင့်အမိန့်သက်သက်အရ နေထိုင်သူကဲ့သို့ ခွင့်ပြုချက်ကို ရုပ်သိမ်းခြင်း၊ ဥပစာမှနှင်ထုတ်ဖယ်ခြင်း မပြုနိုင်ကြောင်း၊ အရောင်းအဝယ်ကတိစာချုပ်အရ အချင်းဖြစ်မြေနှင့် အိမ်ပိုင်ရှင်က စရန်ငွေလက်ခံ၍ အရောင်းအဝယ်ပြုလုပ်ပြီး တရားပြိုင်က လက်ရောက်ရရှိထားခြင်းသည် ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၅၃-က အရ တစ်စိတ်တစ်ဒေသ ဆောင်ရွက်မှုဖြစ်၍ ယင်းဥပဒေ အကျိုးခံစားခွင့်ကို တရားပြိုင်တို့ရရှိကြောင်း၊ ထို့ကြောင့် အချင်းဖြစ်မြေ နှင့်အိမ်တွင် အခမဲ့နေထိုင်သူအဖြစ် တရားစွဲဆိုနှင်ထုတ်ခွင့်မရှိကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက အရောင်းအဝယ်တစ်ခု မပြီး မြောက်မီ ဝယ်သူတွင် ပစ္စည်းလက်ရောက်ရရှိပိုင်ခွင့် အခွင့်အရေး လုံးဝ မရှိကြောင်း၊ ဤအမှုတွင် လူကြီးများဖျန်ဖြေမှုကြောင့် အိမ်ပေါ်ရောက် နေသူများကို ငွေအကျေမချေမီ အခမဲ့နေခွင့်ပြုသည့် သဘောတူညီ ချက်တစ်ရပ် သတ်မှတ်ခဲ့ခြင်းမှာ တရားမျှတမှုရှိကြောင်း၊ အိမ်ပိုင်ရှင် မှ အလွန်ပင်နစ်နာသော ဖြစ်ရပ်တစ်ခုလည်း ဖြစ်ကြောင်း၊ အယူခံ တရားလိုများသည် တရားရုံးချုပ်၊ တရားမကြီးမှုအမှတ် ၈/၉၄ မှ ပေါက်ဖွားသော တရားရုံးချုပ်၊ ရန်ကုန်မြို့၊ တရားမပထမအယူခံမှု အမှတ် ၃၀၂/၉၅ တွင် ရှုံးနိမ့်ပြီးနောက် ဧရာဝတီတိုင်းတရားရုံး (ဟင်္သာတခရိုင်) တွင် အိမ်နှင့်မြေဖိုးကျန်ငွေကို လက်ခံ၍ ယင်းမြေနှင့် အိမ်ကို လွှဲပြောင်းပေးရန် ဆောင်ရွက်ပေးစေလိုမှု စွဲဆိုခဲ့ရာ အဆိုလွှာ ပလပ်ခံရ၍ တရားရုံးချုပ်၊ ရန်ကုန်မြို့၊ တရားမပထမအယူခံမှုအမှတ် ၉၂/၉၈ နှင့် ၁၂၉/၉၈၊ တရားမအထွေထွေလျှောက်လွှာ(အထူး) အမှတ် ၂၂၃/၉၉ နှင့် ၂၂၄/၉၉ တို့တွင် ရှုံးနိမ့်ခဲ့ပြီးဖြစ်ကြောင်း၊

၂၀၀၀
ဦးသောင်းထွန်း
ပါ ၂
နှင့်
ဒေါ်မြသောင်း
(၎င်း၏အထူး
ကိုယ်စားလှယ်
လွှဲအပ်ခြင်းခံရသူ
ဦးတင်ဟန်)

မူလကတည်းက ဝယ်ယူရန် ဆန္ဒမရှိသော အိမ်ဝယ်သူများက စရန်ငွေ ပေးထားပြီးနောက် ကျန်ငွေပေးရန် ကတိပြုထားသည့် ရက်အတွင်း ပေးချေရန် ပျက်ကွက်သည့်အတွက် ထိုသူအား အခွင့်အမိန့်သက်သက်ဖြင့် နေထိုင်သူကဲ့သို့ သတ်မှတ်ခြင်းမှာ သင့်လျော်မျှတ မှန်ကန်မှုရှိပါကြောင်း လျှောက်လဲတင်ပြသည်။

ဒေါ်မြသောင်းက ဟသ်တမြို့၊ ပန်းဘဲတန်းရပ်ကွက်၊ ပိုးစာတောကျောင်းလမ်းရှိ အချင်းဖြစ်ခြံမြေနှင့်နေအိမ်ကို တရားလို ပိုင်ကြောင်း၊ တရားလို၏ခင်ပွန်းနှင့် အမှတ် ၂ တရားပြိုင် ဒေါ်ကျင်ယုံတို့သည် မောင်နှမအရင်းများဖြစ်၍ အဆိုပါနေအိမ်တွင် ဦးသောင်းထွန်းနှင့် ဒေါ်ကျင်ယုံတို့ လင်မယားအား အခမဲ့ခွင့်ပြုချက်ဖြင့်ထားခဲ့ကြောင်း၊ ၂၆-၇-၉၃ နေ့တွင် ထိုခြံမြေနှင့်နေအိမ် တန်ဖိုးငွေ ကျပ် ၄ သိန်းထား၍ တရားပြိုင်တို့အား ရောင်းချခဲ့ကြောင်း၊ တရားပြိုင်တို့က စရန်ငွေ ကျပ် ၁ သိန်းပေးပြီး ကျန်ငွေ ၃ သိန်းကို ၁၅-၁၂-၉၃ နေ့တွင် အကျေပေးချေရန် သတ်မှတ်သည့်နေ့ရက်တွင် ပေးချေနိုင်ခြင်းမရှိပါက စရန်ငွေအဆုံးထားပြီး နေအိမ်ပေါ်မှဆင်းပေးရန်၊ ငွေအကျေပေးချေခြင်း မပြုမီ တရားပြိုင်တို့သည် ပိုင်ရှင်တရားလို၏ ခွင့်ပြုချက်ဖြင့် နေထိုင်ရန် ကတိစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ တရားပြိုင်တို့က သတ်မှတ်ထားသည့် ၁၅-၁၂-၉၃ နေ့တွင် ကျန်ငွေ ၃ သိန်းကို မပေးချေနိုင်သောကြောင့် ၃၁-၁-၉၄ နေ့ထိ ငွေပေးသွင်းခွင့်ပြုရန်နှင့် ယင်းနေ့ထိ နေထိုင်ခြင်း မှာ တရားလိုတို့၏ ခွင့်ပြုချက်ဖြင့်နေထိုင်ခြင်းဖြစ်ကြောင်း၊ ၂-၁-၉၄ နေ့ကဝန်ခံကတိပြုခဲ့ကြောင်း၊ တရားပြိုင်တို့သည်၃၁-၁-၉၄ နေ့တွင်လည်း ကျန်ငွေကို ပေးချေခြင်းမပြုသည့်အပြင် နေအိမ်မှ ဖယ်ရှားပေးခြင်းမပြုကြောင်း အဆိုပြု၍ တရားစွဲဆိုသည်။

ဦးသောင်းထွန်းတို့က တရားလို၏ အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်း မဟုတ်ကြောင်း၊ တရားပြိုင်တို့သည် အိမ်တန်ဖိုးပေးချေပြီး ပိုင်ရေးပိုင်ခွင့်အရ နေထိုင်ခြင်းဖြစ်ကြောင်း၊ ၂၆-၇-၉၃ နေ့က ချုပ်ဆို

သော စာချုပ်မှာ တရားလို၏အကြပ်ကိုင်မှုကြောင့် တရားပြိုင်များ၏ လွတ်လပ်သောသဘောထားမပါဘဲ လက်မှတ်ရေးထိုး ချုပ်ဆိုပေးရခြင်း ဖြစ်ကြောင်း၊ တရားပြိုင်တို့သည် အိမ်တန်ဖိုး ကျပ်တစ်သိန်းပေးချေ၍ အိမ်ကိုလက်ရောက်ရယူပြီး ပိုင်ရေးပိုင်ခွင့်အရ နေထိုင်ခြင်းဖြစ်သဖြင့် အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်သူများအား ဖယ်ရှားပေးစေလိုမှု စွဲဆိုရ မရကြောင်း ချေပသည်။

တရားရုံးချုပ်က ဤအမှုတွင် ငွေမကျေသေးသော စရန်စာချုပ် ဖြင့် ပစ္စည်းလွှဲပြောင်းအက်ဥပဒေပုဒ်မ ၅၃-က ၏ အကာအကွယ်ကို မရနိုင်ကြောင်း၊ ငွေအကျေပေးချေပြီးမှ အိမ်ပေါ်တက်ရောက် နေထိုင် ခွင့်ပြုမည်ဟု ဦးကျင်ဆန်းတို့က ကြေးနန်းဖြင့် ပြန်ကြားခဲ့သည်မှာ အငြင်းမပွားသဖြင့် စရန်ငွေလက်ခံပြီးနောက် ဝယ်သူဒေါ်ကျင်ယုံတို့ အား ပိုင်ရေးပိုင်ခွင့်အရ ဦးကျင်ဆန်းတို့က နေထိုင်ခွင့်သဘောတူရ မရောက်ကြောင်း၊ နှစ်ဖက်အတိအလင်း သဘောမတူဘဲ သဘောတူ ပဋိညာဉ် မဖြစ်မြောက်နိုင်ကြောင်း၊သို့ဖြစ်ရာ သက်သေခံ (ခ) နှင့် (ဃ) တို့တွင် အတိအလင်း သဘောတူထားကြသော စည်းကမ်းချက်များ အရ ငွေမပြေကျေသေးမီ ဒေါ်ကျင်ယုံတို့မှာ ဦးကျင်ဆန်းတို့ အိမ်ပေါ် တွင် အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်သူများအဖြစ်သာလျှင် ရှိနေမည် ဖြစ်ကြောင်း သုံးသပ်သည်။

ဦးကျင်ဆန်း၊ ဒေါ်မြသောင်းတို့က အချင်းဖြစ်မြေနှင့်နေအိမ် ကို ဦးသောင်းထွန်း၊ ဒေါ်ကျင်ယုံတို့အား တန်ဖိုးငွေ ကျပ် ၄ သိန်းဖြင့် ရောင်းချခဲ့ရာ ၂၆-၇-၉၃ နေ့စွဲပါ သက်သေခံအမှတ် (ခ) အိမ်ယာမြေ နှင့် နေအိမ် အရောင်းအဝယ်ကတိစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။

အဆိုပါစာချုပ် အပိုဒ် ၂ တွင် အောက်ပါအတိုင်း ဖော်ပြထား သည်-

၂။ ၎င်းမြေနှင့်နေအိမ် အဆောက်အဦပေါ်တွင် ဝယ်ယူသူ ဦးသောင်းထွန်းနှင့် ဒေါ်ကျင်ယုံတို့ လက်ရှိနေထိုင်ပြီး

၂၀၀၀
ဦးသောင်းထွန်း
ပါ ၂
နှင့်
ဒေါ်မြသောင်း
(၎င်း၏အထူး
ကိုယ်စားလှယ်
လွှဲအပ်ခြင်းခံရသူ
ဦးတင်ဟန်)

အရောင်းအဝယ်ပြုသောနေ့မှစ၍ နေအိမ်ပေါ်တွင် အခမဲ့နေထိုင်ခွင့်ပြုပါသည်။

အချင်းဖြစ်မြေနှင့်နေအိမ်ကို ဝယ်ယူသူ ဦးသောင်းထွန်းတို့က အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုသည့်နေ့တွင် စရန်ငွေ ကျပ် ၁ သိန်း ပေးချေခဲ့သည်။ ကျန်ငွေကျပ် ၃ သိန်းကို ၁၅-၁၂-၉၃ နေ့တွင် ပေးချေရန် ကတိပြုခဲ့သော်လည်း ထိုနေ့တွင် ပေးချေနိုင်ခြင်းမရှိသဖြင့် ၂-၁-၉၄ နေ့စွဲပါ သက်သေခံအမှတ် (ဃ) ဝန်ခံကတိပြုချက်ကို ထပ်မံပြုလုပ်ခဲ့ပါသည်။

သက်သေခံအမှတ် (ဃ) ဝန်ခံကတိပြုချက်တွင် အောက်ပါအတိုင်း ဖော်ပြထားသည်-

(က) အိမ်နှင့်မြေတန်ဖိုး ပေးချေရန် ကျန်ရှိသော ငွေကျပ် ၃ သိန်းကို ၃၁-၁-၉၄ နေ့တွင် ဦးကျင်ဆန်း၊ ဒေါ်မြသောင်းတို့သို့ ဖြစ်စေ၊ ၎င်းတို့ကတာဝန်ပေးထားသော ဦးသိန်းဖေနှင့် ဦးတင်ဟန်တို့အား ဖြစ်စေ မပျက်မကွက် ပေးချေပါမည်။

(ခ) ငွေပေးချေရန် သတ်မှတ်ထားသော နောက်ဆုံးနေ့ဖြစ်သည့် ၃၁-၁-၁၉၉၄ ခု နေ့ထိ ၎င်းအိမ်နှင့်မြေသည် ဦးကျင်ဆန်း၊ ဒေါ်မြသောင်းတို့ ပိုင်ဆိုင်သည့်နေအိမ်အဖြစ် သတ်မှတ်၍ သန်းခေါင်စာရင်းအရ ဦးကျင်ဆန်း၊ ဒေါ်မြသောင်းမိသားစုစာရင်းတွင် ပါဝင်သူများနှင့် ၎င်းတို့ကတာဝန်ပေးသူ မည်သူကိုမဆို အထက်ပါနေအိမ်တွင် အိမ်ရှင်အဖြစ် နေထိုင်ခြင်းကို သဘောတူပါသည်။

(ဂ) ၃၁-၁-၁၉၉၄ ခုနေ့အထိ ကျွန်တော် ဦးသောင်းထွန်းနှင့် ကျွန်မ ဒေါ်ကျင်ယုံတို့သည် အထက်ပါနေအိမ်၌ ဦးကျင်ဆန်း၊ ဒေါ်မြသောင်းမိသားစု၏ ခွင့်ပြုချက်ဖြင့်

နေထိုင်သူများအဖြစ် နေထိုင်ကြပြီး ၃၁-၁-၁၉၉၄ ခုနေ့ နောက်ဆုံးထား၍ ငွေ ၃ သိန်း ပေးချေနိုင်ခြင်းမရှိပါက ၎င်းနေအိမ်ပေါ်မှ အပြီးအပိုင်ဖယ်ရှား ထွက်ခွာပေးမည် ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

၂၆-၇-၉၃ နေ့စွဲပါ သက်သေခံအမှတ် (ခ) အိမ်မြေယာနှင့် နေအိမ် အရောင်းအဝယ်ကတိစာချုပ်နှင့် ၂-၁-၉၄ နေ့စွဲပါ သက်သေခံ အမှတ် (ဃ) ဝန်ခံကတိပြုချက်တို့တွင် အတိအလင်း ဖော်ပြထားချက် အရ ဦးသောင်းထွန်းတို့သည် အချင်းဖြစ်မြေနှင့်အိမ်တွင် ပိုင်ရှင် ဦးကျော်ဆန်း၊ ဒေါ်မြသောင်းတို့၏ ခွင့်ပြုချက်အရ နေထိုင်ခြင်း ဖြစ်ကြောင်း ပေါ်ပေါက်သည်။

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၄၊ မှတ်ပုံတင်အက် ဥပဒေပုဒ်မ ၁၇ အရ တန်ဖိုးငွေ ကျပ် ၁၀၀ နှင့်အထက်ရှိသော မရွှေ့ မပြောင်းနိုင်သည့်ပစ္စည်းကို ရောင်းချရာတွင် မှတ်ပုံတင်မှသာလျှင် တရားဝင်သည့်အတွက် ဦးသောင်းထွန်းတို့သည် စရန်ငွေ ကျပ် ၁ သိန်း ပေးထားစေကာမူ အရောင်းအဝယ်စာချုပ်ကို မှတ်ပုံမတင်ရသေးသဖြင့် အချင်းဖြစ်မြေနှင့်နေအိမ်ကို ပိုင်ဆိုင်ခွင့်ရရှိမည် မဟုတ်ပေ။ ၎င်းတို့ သည် ပိုင်ရေးပိုင်ခွင့်အရ နေထိုင်သူမဟုတ်၊ အခွင့်အမိန့်အရ နေထိုင်သူ များသာ ဖြစ်ပေသည်။

ဦးသောင်းထွန်းတို့သည် အချင်းဖြစ်မြေနှင့်နေအိမ်ကို ပိုင်ဆိုင် ခွင့် မရသော်လည်း အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုထားသည့် အတွက် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က အရ တစ်ပိုင်း တစ်စ ဆောင်ရွက်မှု အခွင့်အရေးကို ရနိုင်-မရနိုင် စိစစ်ရန်လိုသည်။

မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ဝယ်ယူသူသည် အခြား အချက်များအပြင် ပဋိညာဉ်ကို တစ်ပိုင်းတစ်စ ဆောင်ရွက်သည့်အနေ ဖြင့် ပစ္စည်းကို လက်ရောက်ရယူထားပြီး ပဋိညာဉ်အရ မိမိအပေါ် ကျရောက်သည့်တာဝန်ကို ဆောင်ရွက်ရန် အာသီသရှိကြောင်း

၂၀၀၀

ဦးသောင်းထွန်း

ပါ ၂

နှင့်

ဒေါ်မြသောင်း

(၎င်း၏အထူး ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ ဦးတင်ဟန်)

ပေါ်ပေါက်မှသာလျှင် မှတ်ပုံမတင်စေကာမူ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၃-က ၏ အကာအကွယ်ကို ရရှိနိုင်သည်။

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က နှင့် အကျုံးဝင်ရန် အောက်ပါအင်္ဂါရပ်များနှင့် ပြည့်စုံရန်လိုသည်-

(၁) မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကိုလွှဲပြောင်းရန် ပဋိညာဉ်ရှိခြင်း၊

(၂) ထိုပဋိညာဉ်သည် အဖိုးစားနားဖြင့် လွှဲပြောင်းပေးရန်ဖြစ်ခြင်း၊

(၃) ပဋိညာဉ်ကို စာဖြင့်ရေးသားထားပြီး ပဋိညာဉ်ပြုသူသို့မဟုတ် ၎င်း၏ကိုယ်စား လက်မှတ်ရေးထိုးထားခြင်း၊

(၄) ထိုပဋိညာဉ်တွင် ပစ္စည်းလွှဲပြောင်းမည့် စည်းကမ်းများကို တရားရုံးက သေချာစွာ ခန့်မှန်းနိုင်ခြင်း၊

(၅) ပဋိညာဉ်၏ တစ်စိတ်တစ်ဒေသကို ဆောင်ရွက်သည့်အနေဖြင့် လွှဲပြောင်းခံယူမည့် ပစ္စည်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို လက်ရောက်ရယူခဲ့ခြင်း၊ အကယ်၍ လွှဲပြောင်းခံယူမည့်သူသည် ပဋိညာဉ်ပြုလုပ်စဉ် ပစ္စည်းကို လက်ရှိဖြစ်ပါက ပဋိညာဉ်အား ဆက်လက်ဆောင်ရွက်သည့်အနေဖြင့် ပြုလုပ်မှု တစ်ခုခုကို ဆောင်ရွက်ပြီးခြင်း၊

(၆) လွှဲပြောင်းခံယူမည့်သူသည် ပဋိညာဉ်အရ ဆောင်ရွက်ရန်ရှိသည့် မိမိတာဝန်ကို ဆောင်ရွက်ပြီးခြင်း သို့မဟုတ် ဆောင်ရွက်ရန် အသင့်ရှိခြင်း၊

အထက်ပါအင်္ဂါရပ်များထဲတွင် ပဋိညာဉ်၏တစ်စိတ်တစ်ဒေသကို ဆောင်ရွက်သည့်အနေဖြင့် လွှဲပြောင်းခံယူမည့်သူက ပစ္စည်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို လက်ရောက်ရယူခဲ့ခြင်း ဆိုသည့် အချက်တစ်ရပ် ပါရှိသည်။

ဦးသောင်းထွန်းတို့သည် အချင်းဖြစ်မြေနှင့် နေအိမ်ကို လက်ရှိထားခြင်းမှ ခွင့်ပြုချက်ဖြင့် နေထိုင်သူတို့အနေဖြင့် လက်ရှိထားခြင်းဖြစ်သည်။ ၂-၁-၉၄ နေ့စွဲပါ ဝန်ခံကတိပြုချက်တွင် ၃၁-၁-၉၄ နေ့အထိ အချင်းဖြစ်မြေနှင့် နေအိမ်သည် ဦးကျင်ဆန်း၊ ဒေါ်မြသောင်းတို့ပိုင်ဆိုင်သည့် နေအိမ်အဖြစ် သတ်မှတ်ထားရန် သဘောတူကြောင်းနှင့်၎င်းနေ့အထိ ဦးကျင်ဆန်း၊ ဒေါ်မြသောင်းတို့၏ ခွင့်ပြုချက်ဖြင့်နေထိုင်သူများဖြစ်ကြောင်း ဖော်ပြထားရာ၌ ဦးသောင်းထွန်းတို့သည်ပဋိညာဉ်၏ တစ်စိတ်တစ်ဒေသကို ဆောင်ရွက်သည့်အနေဖြင့်အချင်းဖြစ်ပစ္စည်းကို လက်ရောက်ရရှိခဲ့သည်ဟု မဆိုနိုင်ချေ။ အချင်းဖြစ်ပစ္စည်းကို လက်ရောက်မရရှိခဲ့လျှင် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က နှင့် အကျုံးဝင်မည်မဟုတ်ပေ။

တစ်ပိုင်းတစ်စဆောင်ရွက်မှု ဥပဒေသနှင့် အကျုံးဝင်ရန်လိုအပ်သည့်အချက်တစ်ရပ်မှာ လွှဲပြောင်းခံသူမည့်သူသည် ပဋိညာဉ်အရ ဆောင်ရွက်ရန်ရှိသည့် မိမိတာဝန်ကို ဆောင်ရွက်ပြီးစီးခြင်းသို့မဟုတ် ဆောင်ရွက်ရန်အသင့်ရှိခြင်း ဖြစ်သည်။ ဦးသောင်းထွန်းတို့ကပဋိညာဉ်အရ ဆောင်ရွက်ရန်ရှိသည့် တာဝန်မှာ ပေးရန်ကျန်သည့်ပစ္စည်းဖိုးငွေ ကျပ် ၃ သိန်းကို သတ်မှတ်ထားသည့်ရက်တွင် ကျန်ငွေကိုပေးချေခြင်းမပြုသဖြင့် ရောင်းသူက ရက်တိုးမြှင့်ပေးခဲ့သော်လည်းထိုတိုးပေးသည့်ရက်တွင်လည်း ပေးချေခြင်းမပြုခဲ့ပေ။ သို့ဖြစ်ရာဦးသောင်းထွန်းတို့သည် ပဋိညာဉ်အရ ဆောင်ရွက်ရန်ရှိသည့်တာဝန်ကိုဆောင်ရွက်ရန်အသင့်မရှိကြောင်း မြင်သာသည်။

လွှဲပြောင်းခံယူမည့်သူသည် ပဋိညာဉ်အရ ဆောင်ရွက်ရန်ရှိသည့် မိမိတာဝန်ကိုဆောင်ရွက်ရန်အသင့်မရှိလျှင် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က ၏ အကာအကွယ်ကို ရထိုက်မည်မဟုတ်ပေ။

ဦးသောင်းထွန်းတို့သည် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က ၏ အကာကွယ်ကို မရထိုက်လျှင် အရောင်းအဝယ်စာချုပ်

၂၀၀၀
ဦးသောင်းထွန်း
ပါ ၂
နှင့်
ဒေါ်မြသောင်း
(၎င်း၏အထူး
ကိုယ်စားလှယ်
လွှဲအပ်ခြင်းခံရသူ
ဦးတင်ဟန်)

ချုပ်ဆို၍ စရန်ငွေ ကျပ် ၁ သိန်းပေးပြီးစေကာမူ ရောင်းသူ၏ အခွင့်အမိန့်အရ နေထိုင်သူအဖြစ်မှ ပြောင်းလဲသွားရန်အကြောင်း မရှိပေ။

သို့ဖြစ်၍ ကြားနာလျက်ရှိသည့် ပြဿနာနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

အချင်းဖြစ်မြေနှင့်အိမ်ကို အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ စရန်ငွေ ကျပ် ၁ သိန်း ပေးပြီး ကျန်ငွေကို ဆက်လက်ပေးချေရန် ပျက်ကွက်နေသူအား ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က အရ လိုအပ်သည့် အင်္ဂါရပ်များနှင့် ပြည့်စုံခြင်း မရှိလျှင် အခွင့်အမိန့်အရ အခမဲ့ နေထိုင်သူအဖြစ် ကောက်ယူဆုံးဖြတ်သင့်သည်။

ဤအထူးအယူခံမှုကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀၀/- သတ်မှတ်သည်။

တရားမပထမအယူခံမှု

+ ၂၀၀၀
ဖေဖော်ဝါရီလ
၂၃ ရက်

တရားရုံးချုပ်တရားသူကြီး ဦးခင်မြင့်ရှေ့တွင်

ဒေါ်အမာ ပါ ၂

နှင့်

ဒေါ်ငွေးရီ ပါ ၃*

အယူခံဝင်ခြင်းနှင့်စပ်လျဉ်းသည့် အခြေခံသဘောတရား၊ တရားရုံးတစ်ရုံးရုံးက ချမှတ်သော ဒီကရီ သို့မဟုတ် အမိန့်ကြောင့် အကြီးအကျယ် ထိခိုက်နစ်နာသူက ယင်းဒီကရီ သို့မဟုတ် အမိန့်ကို အယူခံဝင်နိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ အယူခံဝင်ခြင်းနှင့်စပ်လျဉ်းသည့် အခြေခံသဘောတရားမှာ တရားရုံးတစ်ရုံးရုံးက ချမှတ်သော ဒီကရီ သို့မဟုတ် အမိန့်ကြောင့် အကြီးအကျယ် ထိခိုက်နစ်နာသူက ယင်းဒီကရီ သို့မဟုတ် အမိန့်ကို အယူခံဝင်နိုင်သည်။ ဦးမြင့်လွင် နှင့် ဒေါ်ကျင် အမှု[၂] တွင် ကြည့်ပါ။

အယူခံဝင်လိုသော အမိန့် သို့မဟုတ် ဒီကရီကို ချမှတ်ထားသည့် အမှုတွင် အမှုသည်အဖြစ် မပါဝင်သူတစ်ဦးသည် ယေဘုယျအားဖြင့် အယူခံဝင်ခွင့်မရှိကြောင်း၊ သို့ရာတွင် အမှုသည်မဟုတ်သူ တစ်ဦးသည် ဒီကရီအရ ထိခိုက်နစ်နာမည့်အပြင် မီးသေသော ဆုံးဖြတ်ချက်

---

* ၁၉၉၉ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၁၀

\+ ၁၉၉၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀၄ တွင် ချမှတ်သော ၃၀-၉-၉၉ ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး (အနောက်ပိုင်းခရိုင်) ၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု

၂၀၀၀
ဒေါ်အမာ
ပါ ၂
နှင့်
ဒေါ်ငွေးရီ
ပါ ၃

အဖြစ် အကျိုးသက်ရောက်မည်ဆိုပါက အယူခံရုံး၏ ခွင့်ပြုချက်ဖြင့် အယူခံဝင်နိုင်ကြောင်း ညွှန်ကြားရေးမှူးချုပ်၊ အိုးအိမ်ဦးစီးဌာန၊ အုန်းပင်ရွှေကပ်ရှိ (ခ) မောင်အေး နှင့် ချန်ဒရာဒေဝီ (ခ) ဒေါ်မြခင် ပါ ၁၀ အမှု[၁]၊ ဒေါ်မြင့်သိန်း (ခ) အမိနံ ပါ ၂ နှင့် ဦးမြင့်သိန်း ပါ ၆ အမှု[၂] တို့တွင် ထုံးဖွဲ့သည်။

မူလအမှုတွင် အယူခံတရားလို ဒေါ်အမာ နှင့် ဒေါ်ခင်ထွေး တို့သည် မူလအမှုသည်အဖြစ် မပါဝင်သောကြောင့် မူလရုံးမှ ချမှတ်သော ဒီကရီသည် ၎င်းတို့အပေါ် အတည်ဖြစ်ရန်အကြောင်း မရှိပေ။ ဒီကရီသည် တစ်ဦးတစ်ယောက်အပေါ် အတည်ဖြစ်(Binding) မှသာ ထိုသူကို အကြီးအကျယ် ထိခိုက်နစ်နာစေမည် ဖြစ်သည်။ သို့ဖြစ်ရာ မူလရုံး၏ ဒီကရီသည် အယူခံတရားလိုတို့အပေါ် အကြီးအကျယ် ထိခိုက်စေရန်အကြောင်း မရှိပေ။

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | - | ဦးခင်မောင်ချို<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်များအတွက် | - | ၁။ ကိုယ်တိုင်<br>၂၊ ၃။ ဦးခင်ထွေး<br>တရားရုံးချုပ်ရှေ့နေ |

ရန်ကုန်တိုင်းတရားရုံး (အနောက်ပိုင်းခရိုင်)၊ ၁၉၉၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀၄ တွင် တရားလို ဦးလှအောင်၊ဒေါ်အေးစန်းရီ တို့က တရားပြိုင် ဒေါ်ငွေးရီအပေါ် တရားလို လက်ရောက် ရရှိ နေထိုင်သော အိမ်နှင့်မြေကို စာချုပ်ကတိအတိုင်း အရောင်းအဝယ် အတည်ပြု မှတ်ပုံတင် ပြုလုပ်ပေးစေလိုမှု စွဲဆိုသည်။ ရန်ကုန်တိုင်းတရားရုံး (အနောက်ပိုင်းခရိုင်) က တရားလို ဦးလှအောင်တို့ စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို

၂၀၀၀
ဒေါ်အမာ
ပါ ၂
နှင့်
ဒေါ်ဌေးရီ
ပါ ၃

ဒေါ်အမာနှင့် ဒေါ်ခင်ထွေးတို့က မကျေနပ်၍ တရားရုံးချုပ်တွင် တရားမပထမအယူခံ တင်သွင်းသည်။

အဆိုလွှာအရ ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ မြေတိုင်း ရပ်ကွက် အမှတ် (၈၁)၊ မြေကွက်အမှတ် ၃-စီ (အလျား ၂၅ ပေ × အနံ ၅၀ ပေ) မြေကွက်နှင့် မြေကွက်ပေါ်ရှိ အမှတ် (၂၀)၊ အောင်ချမ်းသာလမ်း၊ အမှတ် (၈) ရပ်ကွက်၊ ကမာရွတ်မြို့နယ်ဟု ခေါ်တွင်သော အိမ်နှင့် ဆိုင်တို့ကို တရားလို ဦးလှအောင်၊ ဒေါ်အေးစန်းရီတို့က ဦးမောင်မောင်ကြီး (ကွယ်လွန်) နှင့် ဒေါ်ဌေးရီ (တရားလို) တို့ထံမှ ၁၃-၁၀-၈၇ နှင့် ၂၆-၉-၉၁ နေ့စွဲပါ စာချုပ်များဖြင့် တန်ဖိုးငွေ ကျပ် ၈၂၀၀၀၀/- ပေးချေ၍ ဝယ်ယူပြီး လက်ရောက်ရရှိခဲ့ကြောင်း၊ ရောင်းသူများသည် ရောင်းချစဉ်က ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းအဖြစ် ဦးထွန်းဖေ (ဦးမောင်မောင်ကြီး၏ဖခင်) နှင့် ဦးကြည်ဝင်းတို့နှစ်ဦးက ဦးမောင်မောင်ကြီးသို့ အချင်းဖြစ်အိမ်နှင့် မြေကို စွန့်လွှတ်သည့် ၅-၁၂-၈၃ နေ့စွဲပါ စွန့်လွှတ်စာချုပ်ကို ပေးအပ်ခဲ့ကြောင်း၊ ထို့ပြင် တရားလိုတို့ အလိုရှိသည့်အချိန်တွင် မှတ်ပုံတင်စာချုပ် ပြုလုပ်ပေးပါမည်ဟု တရားပြိုင်တို့က ပြောကြားခဲ့ခြင်းကို တရားလိုတို့ ယုံကြည်ခဲ့ကြောင်း၊ ဦးမောင်မောင်ကြီးသည် ၁၄-၄-၉၇ နေ့တွင် ကွယ်လွန်ခဲ့သဖြင့် တရားလိုတို့က တရားပြိုင် ဒေါ်ဌေးရီက မှတ်ပုံတင်စာချုပ် ပြုလုပ်ပေးရန် ပြောဆိုရာ ဒေါ်ဌေးရီက ငြင်းဆိုလာကြောင်း စသည်ဖြင့် ဖော်ပြ၍ ၁၃-၁၀-၈၇ နှင့် ၂၆-၉-၉၁ ရက်စွဲပါ စာချုပ်များကို တရားဝင် မှတ်ပုံတင်စာချုပ် ပြုလုပ်ပေးရန် စွဲဆိုသည်။

မူလရုံး တရားပြိုင် ဒေါ်ဌေးရီမှာ ဆင့်စာအတည်ဖြစ်သော်လည်း လာရောက်ချေပခြင်း မရှိသဖြင့် မူလရုံးက တရားလိုဘက်အား စစ်ဆေး ပြီး စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးသည်။

အယူခံတရားလို ဒေါ်အမာနှင့် ဒေါ်ခင်ထွေးတို့သည် မူလအမှုတွင် အမှုသည်အဖြစ် ပါဝင်ခဲ့သူများ မဟုတ်ပေ။ သို့ရာတွင်

၂၀၀၀

ဒေါ်အမာ

ပါ ၂

နှင့်

ဒေါ်ငွေးရီ

ပါ ၃

အယူခံတရားလိုတို့က အယူခံတရားပြိုင်များသည် အယူခံတရားလိုများ မသိအောင် တမင်ဖုံးကွယ်လျက် မမှန်မကန် ရယူသွားသော တစ်ဖက်သတ် အမိန့်နှင့် ဒီကရီသည် အယူခံတရားလိုများ၏ တရားဝင် ဆက်ခံပိုင်ဆိုင်သော အကျိုးခံစားခွင့်များကို တိုက်ရိုက်ထိခိုက်ပြီး နစ်နာနေပါသဖြင့် ဒေါ်မြင့်သိန်း (ခ) အမိန် ပါ ၂ နှင့် ဦးမြင့်သိန်း ပါ ၆ အမှု[၁]၊ ဦးမြင့်လွင် နှင့် ဒေါ်ကျင် အမှု[၂]၊ ညွှန်ကြားရေးမှူးချုပ်၊ အိုးအိမ်ဦးစီး ဌာန၊ အုန်းပင်ရွှေကပ်ရှ (ခ) မောင်အေး နှင့် ချန်ဒရာဒေဝီ (ခ) ဒေါ်မြခင် ပါ ၁၀ အမှု[၃] စီရင်ထုံးလမ်းညွှန်များအရ အယူခံခွင့်ပြုရန် လျှောက်ထားသည်။

အယူခံတရားလိုတို့က အချင်းဖြစ် ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၈၁)၊ မြေကွက်အမှတ် ၃-စီ (မြေကွက်ကြီးတစ်ခုလုံး) မြေပိုင်မြေ၏ အမည်ပေါက်မှာ ဦးကြွယ်နှင့်သား မောင်ကျော် ဖြစ်ပြီး၊ ၎င်းတို့ကွယ်လွန်သောအခါ ဦးကြွယ်၏ သမီးများဖြစ်ပြီး မောင်ကျော်၏ ညီမများဖြစ်သော အယူခံတရားလိုများသည် အချင်းဖြစ်မြေကို တရားဝင် ဆက်ခံပိုင်ဆိုင်သူများ ဖြစ်ကြကြောင်း၊ အယူခံမှုတွင် ပူးတွဲတင်ပြထားသော (၁) အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ် ၆၄၄/၅၃၊ (၂) အယူခံတရားလိုများ၏ မှတ်ပုံတင်ထားသော ကျမ်းကျိန်လွှာတို့အရလည်း အယူခံတရားလိုများသည် တရားဝင် ဆက်ခံသူများ ဖြစ်သည်မှာ ထင်ရှားကြောင်း၊ အချင်းဖြစ် မြေကွက် အမှတ် ၃-စီ မြေကွက်ကြီးတစ်ခုလုံးကို မြေကွက် (၇) ကွက်၊ တရားဝင် ခွဲစိတ်ထားရာ မြေကွက်အမှတ် ၃ စီ/ ၄၊ ၃ စီ/၅၊ ၃ စီ/၆၊ ၃ စီ/၇ တို့ကို ပိုင်ဆိုင်ကြောင်း မှတ်ပုံတင်စာချုပ်အမှတ် ၁၄၇၉/၉၈ နှင့် မြေပုံ မြေရာဇဝင်များအရ တရားဝင်ဆက်ခံ ပိုင်ဆိုင်ပြီးကြောင်း၊ အချင်းဖြစ်

(၁) ၁၉၉၅ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၁၃၅။
(၂) ၁၉၈၇ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၇၁။
(၃) ၁၉၉၀ ပြည့်နှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၁၆၆ (၁၆၈)။

၂၀၀၀
ဒေါ်အမာ
ပါ ၂
နှင့်
ဒေါ်ဌေးရီ
ပါ ၃

မြေကွက်အမှတ် ၃ စီ/၁ နှင့် ၃ စီ/၂ တို့ကို တရားဝင် ဆက်ခံပိုင်ဆိုင်ကြောင်း ပြုလုပ်ရန် မြို့တော်စည်ပင်သာယာရေးကော်မတီတွင် မြေပုံမြေရာဇဝင်ကူးယူသောအခါ (၂) (၃) အယူခံတရားပြိုင်များက တရားမဝင်သော စာချုပ်ဖြင့် ကန့်ကွက်ခဲ့ကြောင်း၊ (၂) (၃) တရားပြိုင် (မူလရုံးတရားလိုများ) သည် အဖြစ်မှန်ကို ဖုံးကွယ်လျက် တရားဝင် အထောက်အထား တစ်စုံတစ်ရာမရှိဘဲ မူလအမှုကို စွဲဆိုခဲ့ကြောင်း၊ မူလအမှုတွင် အရပ်စာချုပ်ဖြင့် ဝယ်သူ (၂) (၃) တရားပြိုင်များ (မူလရုံးတရားလိုများ) သည် ရောင်းသူ (၁) အယူခံတရားပြိုင် (မူလရုံးတရားပြိုင်) အား ကတိအတိုင်း အရောင်းအဝယ်စာချုပ် ပြုလုပ်ပေးရန် စွဲဆိုခဲ့ရာ အဆိုပါစာချုပ်တွင် ကတိအဖြစ် မည်သို့ပင် ရေးသားထားစေကာမူ အချင်းဖြစ်မြေကို ပိုင်ဆိုင်မှုမရှိ၍ ရောင်းချခွင့်အခြေအနေ မရှိသည့်အတွက် အချင်းဖြစ်မြေနှင့် အိမ်ကို အရောင်းအဝယ်စာချုပ် မှတ်ပုံတင်စာချုပ်ဆိုရန် ဒီကရီကို လုံးဝမရနိုင်ကြောင်း၊ ထို့ကြောင့် မူလရုံး၏ အမိန့်နှင့် ဒီကရီသည် ဥပဒေနှင့်မညီ လွန်စွာမှားယွင်းကြောင်း တင်ပြလျှောက်လဲသည်။

အမှတ် (၁) အယူခံတရားပြိုင် ဒေါ်ဌေးရီ (မူလရုံးတရားပြိုင်) က ၎င်းသည် အချင်းဖြစ်၏ အမည်ပေါက်ပိုင်သူ ဦးကြွယ်၏ မြေးချွေးမ တော်စပ်ကြောင်း၊ ဦးကြွယ်တွင် အိမ်ထောင် ၂ ဆက်ရှိပြီး၊ ပထမအိမ်ထောင် ဒေါ်မမနှင့် သားသမီး ၅ ဦး ထွန်းကားရာ ၎င်းတို့မှာ (၁) ဒေါ်သန်းမေ၊ (၂) ဦးကျော် (ဦးကြွယ်နှင့်ပူးတွဲမြေအမည်ပေါက်သူ)၊ (၃) ဦးထွန်းဖေ၊ (၄) ဒေါ်သိန်းမေ၊ (၅) ဒေါ်ကြည်တို့ ဖြစ်ကြကြောင်း၊ (၁) အယူခံတရားပြိုင်သည် ဦးထွန်းဖေ၏သား ဦးမောင်မောင်ကြီးနှင့် လင်မယားဖြစ်ကြောင်း၊ ဦးကြွယ်မှာ ဒုတိယအိမ်ထောင် ဒေါ်စိန်ညွန့်နှင့် အယူခံတရားလို ဒေါ်အမာ၊ ဒေါ်ခင်ထွေးတို့ကို မွေးဖွားခဲ့ကြောင်း၊ သို့ဖြစ်ရာ အယူခံတရားလိုများသည် အချင်းဖြစ်မြေကွက်ကို တရားဝင်ဆက်ခံပိုင်ဆိုင်ကြသူများဟု ဖော်ပြခြင်းမှာ မမှန်ကြောင်း၊ အယူခံ

၂ဝဝဝ
ဒေါ်အမာ
ပါ ၂
နှင့်
ဒေါ်ငွေးရီ
ပါ ၃

တရားလိုများအပြင် အခြားအမွေဆက်ခံသူများ ရှိသော်လည်း တမင်ချန်လှပ်၍ မမှန်မကန်ဖော်ပြခဲ့ကြောင်း၊ အချင်းဖြစ် မြေကွက်အမှတ် ၃ စီ/၂ ကို အယူခံတရားလိုတို့က တရားဝင်ပိုင်ဆိုင်ခြင်း မရှိသေးသည်ကို အယူခံတရားလိုတို့ ဝန်ခံပြီးဖြစ်ကြောင်း၊ အချင်းဖြစ်မြေနှင့် အိမ်ကို (၁) အယူခံတရားပြိုင်၏ခင်ပွန်း ဦးမောင်မောင်ကြီး ရှိစဉ်ကတည်းက အကြိမ်ကြိမ်ရောင်းချခြင်း၊ ဝယ်ယူခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ထိုစဉ်က အိမ်ချင်းကပ်နေ အယူခံတရားလိုတို့သည် သိရှိပါလျက် ဝင်ရောက်စွက်ဖက်ခြင်း မရှိသည်မှာ (၁၅) နှစ်ကျော် ရှိခဲ့ကြောင်း၊ (၁) အယူခံတရားပြိုင်နှင့် ခင်ပွန်းတို့သည် ဦးထွန်းဖေအား ဆက်ခံသူများအဖြစ် ဦးထွန်းဖေပိုင်မြေကို ရောင်းချခဲ့ခြင်းဖြစ်ကြောင်း၊ ဦးကြွယ်၏ ဒုတိယအိမ်ထောင်မှမွေးသော အယူခံတရားလိုတို့သည် ပထမအိမ်ထောင်မှမွေးသော ဦးထွန်းဖေရှိစဉ် တစ်စုံတစ်ရာစွက်ဖက်ခြင်းမရှိဘဲ နောက်ပိုင်းတွင်မှ (၁) အယူခံတရားပြိုင်သည် ရောင်းချပိုင်ခွင့်မရှိဟု တင်ပြနေခြင်းဖြစ်ကြောင်း၊ အမည်ပေါက်ပိုင်သူ ဦးကြွယ်နှင့် မောင်ကျော်တို့တွင် ဆက်ခံသူများ ကျန်ရှိသည့်အနက် အယူခံတရားလိုတို့ ၂ ဦးတည်းကသာ ၎င်းတို့ဆက်ခံပါသည်ဟု ထင်ယောင်ထင်မှားဖြစ်အောင် တင်ပြနေခြင်းဖြစ်ကြောင်း ရေးသားလျှောက်လဲသည်။

(၂) (၃) အယူခံတရားပြိုင်တို့၏ ရှေ့နေက မြေကွက်အမည်ပေါက် ဦးကြွယ်တွင် ပထမဇနီး ဒေါ်မမနှင့် သားသမီး ၅ ဦး (ဒေါ်သိန်းမေ၊ ဦးကျော်၊ ဦးထွန်းဖေ၊ ဒေါ်သန်းမေ၊ ဒေါ်ကြည်) ထွန်းကားခဲ့သည့်အနက် ဒေါ်ကြည်မှာ သက်ရှိထင်ရှား ရှိနေသေးကြောင်း၊ သို့ပါလျက် ဒေါ်ကြည်ကို ချန်လှပ်၍ ၎င်းတို့ ၂ ဦး တင်သွင်းလာသော အယူခံကို လက်ခံစဉ်းစားရန်အကြောင်း မရှိကြောင်း၊ အယူခံတရားလိုတို့ တင်ပြသော ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် မှတ်ပုံတင်အမှတ် ၁၄၇၉/၉၈ ၌ ဦးကြွယ်နှင့် ဒေါ်မမတို့၏သား ဦးကျော်ကို၊ ဦးကြွယ်နှင့် ဒေါ်စိန်ညွန့်တို့၏သား ဦးကျော်ဟု တရားရုံး

၂၀၀၀
ဒေါ်အမာ
ပါ ၂
နှင့်
ဒေါ်ငွေးရီ
ပါ ၃

တွင် ထင်ယောင်ထင်မှား ဖြစ်စေရန် တင်ပြခဲ့ကြောင်း၊ ဦးကျော်တွင် အမွေဆက်ခံသူ ဒေါ်ခင်သန်းဦးလည်း ရှိနေသေးကြောင်း၊ ထို့ပြင် အယူခံတရားလိုတို့ ပြုလုပ်သည့် ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် အမှတ် ၁၄၇၉/၉၈ မတိုင်မီကပင် အချင်းဖြစ်မြေကို အယူခံတရားပြိုင်တို့သည် အရောင်းအဝယ် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့ကြေညာစာချုပ်၌လည်း အချင်းဖြစ် မြေကွက်အမှတ် (၃ စီ) ပါဝင်ခြင်း မရှိကြောင်း၊ အချင်းဖြစ်မြေကို ဦးထွန်းဖေက ပိုင်ဆိုင်လက်ရှိထားပြီး ဦးထွန်းဖေ၏သား ဦးမောင်မောင်ကြီး (ကွယ်လွန်) နှင့် ဇနီး (၁) အယူခံတရားပြိုင်တို့က ရောင်းချခဲ့ခြင်းဖြစ်ကြောင်း၊ မိသားစုစီမံမှုကို အမွေစား အမွေခံတို့ သဘောတူချက်ဖြင့် ပြုလုပ်၍ ယင်းစီမံမှုအတိုင်း ပစ္စည်းများကို ခွဲဝေခံစားပြီးဖြစ်ပါက အမွေစား အမွေခံ တစ်ဦးဦးက ယင်းစီမံမှုသည် ဥပဒေနှင့်ဆန့်ကျင်နေပါသည်ဟု ငြင်းဆိုခြင်းမှ ပိတ်ပင်မည် ဖြစ်သည်ဟု မကျော့ နှင့် မကျေးဥအမှု[၄] တွင် ထုံးဖွဲ့ထားကြောင်း၊ သို့ဖြစ်ရာ အယူခံကို ပလပ်ရန်ဖြစ်ကြောင်း တင်ပြလျှောက်လဲသည်။

အယူခံဝင်ခြင်းနှင့်စပ်လျဉ်းသည့် အခြေခံသဘောတရားမှာ တရားရုံး တစ်ရုံးရုံးက ချမှတ်သော ဒီကရီ သို့မဟုတ် အမိန့်ကြောင့် အကြီးအကျယ် ထိခိုက်နစ်နာသူက ယင်းဒီကရီ သို့မဟုတ် အမိန့်ကို အယူခံဝင်နိုင်သည်။ **ဦးမြင့်လွင် နှင့် ဒေါ်ကျင် အမှု**[၂] တွင် ကြည့်ပါ။

အယူခံဝင်လိုသော အမိန့် သို့မဟုတ် ဒီကရီကို ချမှတ်ထားသည့် အမှုတွင် အမှုသည်အဖြစ် မပါဝင်သူတစ်ဦးသည် ယေဘုယျအားဖြင့် အယူခံဝင်ခွင့်မရှိကြောင်း၊ သို့ရာတွင် အမှုသည်မဟုတ်သူ တစ်ဦးသည် ဒီကရီအရ ထိခိုက်နစ်နာမည့်အပြင် မီးသေသော ဆုံးဖြတ်ချက်အဖြစ် အကျိုးသက်ရောက်မည်ဆိုပါက အယူခံရုံး၏ ခွင့်ပြုချက်ဖြင့်

---

(၄) ၁၉၃၅၊ အော၊ဗိုင်၊အောလ်၊ ရန်ကုန်၊ စာ- ၃၅၅။

၂၀၀၀
ဒေါ်အမာ
ပါ ၂
နှင့်
ဒေါ်ငွေးရီ
ပါ ၃

အယူခံဝင်နိုင်ကြောင်း **ညွှန်ကြားရေးမှူးချုပ်၊ အိုးအိမ်ဦးစီးဌာန၊ အုန်းပရွဲကပ်ရှိ (ခ) မောင်အေး နှင့် ချန်ဒရာဒေဝီ (ခ) ဒေါ်မြခင် ပါ ၁၀ အမှု**[၃]၊ **ဒေါ်မြင့်သိန်း (ခ) အမိနံ ပါ ၂ နှင့် ဦးမြင့်သိန်း ပါ ၆ အမှု**[၁] တို့တွင် ထုံးဖွဲ့သည်။

မူလအမှုတွင် အယူခံတရားလို ဒေါ်အမာနှင့် ဒေါ်ခင်ထွေး တို့သည် မူလအမှုသည်အဖြစ် မပါဝင်သောကြောင့် မူလရုံးမှ ချမှတ်သော ဒီကရီသည် ၎င်းတို့အပေါ် အတည်ဖြစ်ရန်အကြောင်း မရှိပေ။ ဒီကရီသည် တစ်ဦးတစ်ယောက်အပေါ် အတည်ဖြစ် (Binding) မှသာ ထိုသူကို အကြီးအကျယ် ထိခိုက်နစ်နာစေမည် ဖြစ်သည်။ သို့ဖြစ်ရာ မူလရုံး၏ ဒီကရီသည် အယူခံတရားလိုတို့အပေါ် အကြီးအကျယ် ထိခိုက်စေရန်အကြောင်း မရှိပေ။

အမှုသည်မဟုတ်သူက အယူခံဝင်ခွင့်နှင့်စပ်လျဉ်း၍ တရားရုံးချုပ် စုံညီခုံရုံးက ၁၉၉၄ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၈၁၊ ဦးညွှန့်မောင် နှင့် ဦးသာထွန်း ပါ (၂) အမှုတွင် အောက်ပါအတိုင်း လမ်းညွှန်ထားသည်-

> "အယူခံဝင်လိုသော အမိန့် သို့မဟုတ် ဒီကရီကို ချမှတ်ထားသည့် အမှုတွင် အမှုသည်အဖြစ် မပါဝင်သူ တစ်ဦးသည် ယေဘုယျအားဖြင့် အယူခံဝင်ခွင့်မရှိချေ။ အမှုသည်မဟုတ်သူ တစ်ဦးသည် ဒီကရီအရ ထိခိုက်နစ်နာမည့်အပြင် မီးသေသော ဆုံးဖြတ်ချက်အဖြစ် အကျိုးသက်ရောက်မည်ဆိုပါက အယူခံရုံး၏ ခွင့်ပြုချက်ဖြင့် အယူခံဝင်နိုင်သည်။"

မူလရုံးတရားလို ဦးလှအောင်၊ ဒေါ်အေးစန်းရီနှင့် ဒေါ်ငွေးရီ တို့အကြား တရားဆိုင်ခဲ့သည့်အမှုတွင် ချမှတ်သည့် စီရင်ချက်သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ အရ အယူခံတရားလိုတို့အပေါ် မီးသေရန် အကြောင်းမရှိပေ။

၂၀၀၀
ဒေါ်အမာ
ပါ ၂
နှင့်
ဒေါ်ငွေးရီ
ပါ ၃

ဤအယူခံတွင် နှစ်ဖက်တင်ပြ လျှောက်လဲချက်များအရ အချင်းဖြစ်ပစ္စည်း (မြေကွက်အမှတ် ၃ စီ/၂) သည် ဦးကြွယ်နှင့် ဦးကျော်တို့ အမည်ပေါက်ဖြစ်ကြောင်း အငြင်းမပွားချေ။ ဦးကြွယ်တွင် အိမ်ထောင် ၂ ဆက်ရှိရာ အချင်းဖြစ်ပစ္စည်းသည် ဦးကြွယ်၏ ပထမ အိမ်ထောင်လက်ထက်မှဖြစ်ကြောင်းလည်း နှစ်ဖက်အငြင်းပွားမှု မရှိပေ။ အချင်းမြေ၏ မြေပိုင်ရှင်ဖြစ်သူ ဦးကြွယ်၏ ပထမအိမ်ထောင်မှ သားမှာ ဦးထွန်းဖေ ဖြစ်ပြီး၊ ဦးမောင်မောင်ကြီးသည် ဦးထွန်းဖေ၏သား ဖြစ်၍ ရောင်းသူ ဦးမောင်မောင်ကြီးသည် အချင်းဖြစ်ပစ္စည်း၌ အခွင့် အရေး တစ်စုံတစ်ရာမရှိဟု မဆိုနိုင်ပေ။

အယူခံတရားလိုများ၏ ရှေ့နေတင်ပြချက်အရ အယူခံ တရားလိုတို့သည် ဦးကြွယ်၏ ဒုတိယအိမ်ထောင်မှ သမီးများဖြစ်သည် ဟု ဆိုသည်။ ဦးကြွယ်နှင့် ဦးကျော်တို့တွင် အခြားအမွေဆက်ခံသူတို့ လည်း ရှိသေးကြောင်း အယူခံတရားပြိုင်ဘက်မှ တင်ပြထားသည်။ အယူခံတရားလို ဒေါ်အမာနှင့် ဒေါ်ခင်ထွေးတို့သည် အချင်းဖြစ်ပစ္စည်း တွင် အမွေဆက်ခံခွင့်ရှိကြောင်း ပေါ်လွင်ခြင်း မရှိသေးပေ။ အယူခံ တရားလိုတို့ တင်ပြသော ပိုင်ဆိုင်ကြေညာစာချုပ် မှတ်ပုံတင်စာချုပ် အမှတ် ၁၄၇၉/၉၈ အရပင် ၎င်းတို့ပိုင်ဆိုင်ကြောင်း ကြေညာရာ၌ အချင်းဖြစ်ပစ္စည်းဖြစ်သည့် ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် (က)၊ မြေကွက်အမှတ် (၃ စီ/၂) မြေကွက် ပါဝင်ခြင်း မရှိပေ။ သို့ဖြစ်ရာ မူလရုံး၏ ဒီကရီသည် အယူခံတရားလိုတို့ အပေါ် ထိခိုက်နစ်နာစေ သည်ဟု မည်သို့မျှ ဆိုနိုင်မည်မဟုတ်ပေ။

အထက်ပါအကြောင်းများကြောင့် ဤအယူခံမှုကို စရိတ်နှင့် တကွ ပလပ်လိုက်သည်။

ဤအမှုအတွက် ရှေ့နေစရိတ်ငွေ ကျပ် ၂၀၀/- သတ်မှတ် သည်။

+ ၂၀၀၀
ဒီဇင်ဘာလ
၂၂ ရက်

## တရားမအထူးအယူခံမှု

တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသန်းဦး၊
တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့် နှင့် ဦးထွန်းရှင်
တို့ရှေ့တွင်

ဒေါ်အေး
(၎င်း၏ကိုယ်စားလှယ် ဒေါ်ခင်ဆွေဝင်း)

နှင့်

ဒေါ်သန်းရင်*
(ကွယ်လွန်သူ ဦးကျော်ရှိန်၏ တရားဝင်ကိုယ်စားလှယ်)

ရောင်းစဉ်အခါက ရောင်းသူ၏လက်ရှိမဟုတ်သော မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ဝယ်ယူသူက လက်ရောက်ရလိုမှု စွဲဆိုခြင်း၊ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၃၆ အရ စတင်ရေတွက်ရမည့်ကာလ၊ ရောင်းသူ၏လက်ရှိမဟုတ်သောဆိုသည့် စကားရပ်သည် ရောင်းသူနှင့် ဆန့်ကျင်လက်ရှိနေသည့်သဘော သက်ရောက်ခြင်းရှိ-မရှိ။

ဆုံးဖြတ်ချက်။ ။ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၃၆ သည် ပစ္စည်းဝယ်သူက ပစ္စည်းလက်ရှိဖြစ်သူ ကြားလူအပေါ် စွဲဆိုသောအမှုနှင့် သက်ဆိုင်သည်။ တရားလို ဒေါ်အေး၏

---

* ၁၉၉၇ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၂၇

+ ၁၉၉၄ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၁၅ တွင် ချမှတ်သော ၁၉-၄-၉၅ ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံမှု

၂၀၀၀
ဒေါ်အေး
(၎င်း၏
ကိုယ်စားလှယ်
ဒေါ်ခင်ဆွေဝင်း)
နှင့်
ဒေါ်သန်းရင်
(ကွယ်လွန်သူ
ဦးကျော်ရှိန်၏
တရားဝင်
ကိုယ်စားလှယ်)

အဆိုလွှာအရ မူလပိုင်ရှင် ဒေါ်လှရှိန်က ဒေါ်အေးအား မြေရောင်းချစဉ် အခါက အချင်းဖြစ်မြေတွင် ဦးကျော်ရှိန် နေထိုင်လျက်ရှိကြောင်း ပေါ်ပေါက်သည်။ ဒေါ်လှရှိန်သည် မြေရောင်းချစဉ်က လက်ရှိမဟုတ် သဖြင့် ဒေါ်အေးစွဲဆိုသော အမှုသည် ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၃၆ နှင့် သက်ဆိုင်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၃၆ ပါ ရောင်းစဉ်အခါက ရောင်းသူ၏ လက်ရှိမဟုတ်သော ဆိုသည့်စကားရပ်က တစ်ဦးတစ်ယောက်သည် ရောင်းသူအား ဆန့်ကျင် လက်ရှိထားသည်ဟု ဆိုလိုရာ ရောက်သည်။ "လက်ရှိမဟုတ်သော" ဆိုသည့်စကားရပ်အရ တစ်ဦးတစ်ယောက် သောသူသည် ရောင်းသူနှင့်ဆန့်ကျင်လျက် လက်ရှိဖြစ်နေသည့်သဘော သက်ရောက်၍ ရောင်းသူနှင့်ဆန့်ကျင်လျက် လက်ရှိမဖြစ်သေးသရွေ့ စည်းကမ်းသတ်ကာလကို စတင်ရေတွက်ခြင်း မပြုရပေ။ ရောင်းသူက လက်ရောက်ရလိုမှု စွဲဆိုပါက အနိုင်ရရှိမည်ဖြစ်လျှင် ၎င်းထံမှ ဝယ်သူ က စွဲဆိုသည့် လက်ရောက်ရလိုမှုသည်လည်း အနိုင်ရရှိမည်ဖြစ်သည်။ ဝယ်သူ လက်ရောက်ရလိုမှု စွဲဆိုသည့်အမှုတွင် ရောင်းသူအနေဖြင့် ပစ္စည်း လက်လွှတ်ခဲ့သည်မှာ ၁၂ နှစ်ကျော်လျှင်၊ ဝယ်သူဆိုသည့်အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်မည် ဖြစ်သည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးအေးမောင်<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်အတွက် | - | ဦးကျော်မြင့်<br>တရားရုံးချုပ်ရှေ့နေ |

၂၀၀၀
ဒေါ်အေး
(၎င်း၏
ကိုယ်စားလှယ်
ဒေါ်ခင်ဆွေဝင်း)
နှင့်
ဒေါ်သန်းရင်
(ကွယ်လွန်သူ
ဦးကျော်ရှိန်၏
တရားဝင်
ကိုယ်စားလှယ်)

ရန်ကုန်တိုင်းတရားရုံး၊ ၁၉၉၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀ (မြောက်ပိုင်းခရိုင်) တွင် အယူခံတရားလို ဒေါ်အေးက အယူခံတရားပြိုင် ဦးကျော်ရှိန်အပေါ် ကျူးကျော်သူအား နှင်ထုတ်၍ မြေကို လက်ရောက်ပေးအပ်စေလိုမှု စွဲဆိုသည်။ တိုင်းတရားရုံးက အယူခံတရားလို ဒေါ်အေး စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ဦးကျော်ရှိန်က မကျေနပ်၍ တရားရုံးချုပ်သို့ အယူခံဝင်သည့်အခါ တရားရုံးချုပ်က တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်၍ ဒေါ်အေးစွဲဆိုသည့်အမှုကို ပလပ်သည်။ ဒေါ်အေးက တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို ၁၉၈၈ ခုနှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် လျှောက်ထားသည့်အခါ တရားရုံးချုပ်က အောက်ပါပြဿနာကို အထူးအယူခံခုံရုံးဖြင့် ပြန်လည်ကြားနာရန်အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

> "အမှုတွင် တရားပြိုင် ဦးကျော်ရှိန်၏ အတိအလင်း ချေပထားချက်နှင့် သက်သေထွက်ချက်များအရ ကာလစည်းကမ်းသတ်ကို ၁၉၆၄ ခုနှစ်မှ စတင်ရေတွက်ရန်သင့်မသင့်။"

အထူးအယူခံမှုအတောအတွင်း အယူခံတရားပြိုင် ဦးကျော်ရှိန် ကွယ်လွန်သွားရာ ၎င်း၏နေရာတွင် ဇနီးဖြစ်သူ ဒေါ်သန်းရင်အား တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းခဲ့သည်။

အယူခံတရားလို၏ရှေ့နေက ဦးသိန်းဟန် ဝယ်စဉ်အခါက အချင်းဖြစ်မြေကွက်မှာ ရောင်းသူဒေါ်လှရှိန် လက်ရှိမဟုတ်ဘဲ အယူခံတရားပြိုင် လက်ရှိဖြစ်သဖြင့် စည်းကမ်းသတ်ကာလကို ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၃၆ အရ ရေတွက်ရန်ဖြစ်ကြောင်း၊ အမှတ်စဉ် ၁၃၆ အရ သတ်မှတ်ထားသော စည်းကမ်းသတ်ကာလကို ပစ္စည်းလက်ရှိဖြစ်သူက ရောင်းသူနှင့်ဆန့်ကျင် လက်ရှိထားသည့်နေ့မှစ၍ ရေတွက်ရန်ဖြစ်ကြောင်း၊ အယူခံတရားပြိုင်၏

ထွက်ဆိုချက်အရပင် ၎င်းသည် အချင်းဖြစ်မြေကို ပိုင်ရှင်အား ဆန့်ကျင် လက်ရှိထားခြင်း မဟုတ်ကြောင်း မြင်သာကြောင်း၊ စတင်နေထိုင်စဉ်က မြေရှင်၏ခွင့်ပြုချက် တောင်းခံခဲ့ကြောင်း၊ အယူခံတရားပြိုင်က ဆန့်ကျင် လက်ရှိထားသည်မှာ မထင်ရှားကြောင်း၊ ၁၉၈၄ ခုနှစ်နောက်ပိုင်းတွင် အယူခံတရားပြိုင်က ပိုင်ရှင်၏သား ကိုခင်မောင်ကျော်ထံမှ ဝယ်ယူသည်ဟု ထုချေခြင်းက ပိုင်ရှင်၏ ပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုကြောင်း မြင်သာပါသဖြင့် ဆန့်ကျင် လက်ရှိထားရာ မရောက်နိုင်ကြောင်း၊ တစ်ဖက်တွင် မြေကိုဝယ်၍ ဆက်လက်နေထိုင်ကြောင်း အယူခံတရားပြိုင်က ဝန်ခံထွက်ဆိုထားသည်ဖြစ်ရာ ၁၉၈၄ ခုနှစ်အထိ ဆန့်ကျင် လက်ရှိထားသည်ဟု မည်သည့်နည်းနှင့်မျှ မဆိုနိုင်၍ ၁၉၉၃ ခုနှစ်တွင် စွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်ကျော်ရန် အကြောင်း မရှိကြောင်း၊ အယူခံတရားပြိုင်သည် ထိုမြေကို ဝယ်ယူသည် ဆိုသော ၁၉၈၅ ခုနှစ်မှစ၍ ဆန့်ကျင် လက်ရှိထားသည်ဟု ကောက်ယူခြင်း မပြုနိုင်သည့်အလျောက် တရားရုံးက ၁၉၆၄ ခုနှစ်ကမှစ၍ စည်းကမ်းသတ်ကာလကို ရေတွက်ခြင်းမှာ ဥပဒေအရမှားယွင်းကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက အချင်းဖြစ်အမှုသည် ရောင်းသူ လက်ရှိမဟုတ်သော ခြံမြေကွက်ကို ဝယ်သူမှလက်ရောက်ရလိုမှု စွဲဆိုသောအမှုဖြစ်၍ ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၃၆ နှင့်သက်ဆိုင်သောအမှုဖြစ်ကြောင်း၊ အယူခံတရားပြိုင် ဦးကျော်ရှိန်သည် ၁၉၆၄ ခုနှစ်မှစတင်၍ မူလပိုင်ရှင်ကို ဆန့်ကျင်လျက် မိမိသဘောနှင့်မိမိ အချင်းဖြစ်ခြံမြေအတွင်း ခြံနွယ်များကို ခုတ်ထွင် ရှင်းလင်းပြီး နေအိမ်ဆောက်လုပ်နေထိုင်ခဲ့ခြင်းမှာ အထင်အရှား ပေါ်ပေါက်ပြီးဖြစ်ကြောင်း၊ ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၃၆ တွင် ရောင်းစဉ်အခါက ရောင်းသူ၏လက်ရှိမဟုတ် သော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို အချင်းချင်း အရောင်းအဝယ်

၂၀၀၀
ဒေါ်အေး
(၎င်း၏
ကိုယ်စားလှယ်
ဒေါ်ခင်ဆွေဝင်း)
နှင့်
ဒေါ်သန်းရင်
(ကွယ်လွန်သူ
ဦးကျော်ရှိန်၏
တရားဝင်
ကိုယ်စားလှယ်)

ပြုပြီးနောက် ဝယ်သူက ထိုပစ္စည်းကို ရလိုသည့်အမှုဟု ပြဋ္ဌာန်းထားကြောင်း၊ ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၃၆ တတိယစာတိုင်ပါ ရောင်းသူက ပထမလက်ရောက်ရယူပိုင်သည့် အခါကစ၍ဆိုသော စကားရပ်သည် ပထမစာတိုင်တွင် ရည်ညွှန်းထားသော စတင်လက်လွှတ်ခြင်းကို ရည်ညွှန်းကြောင်း၊ ဝယ်သူလက်ရောက် ရလိုကြောင်း စွဲဆိုသောနေ့တွင် ပစ္စည်းကို ရောင်းသူက လက်လွှတ်ခဲ့သည်မှာ ၁၂ နှစ်ကျော်လျှင် စွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်မည်ဖြစ်ကြောင်း၊ ၁၉၆၄ ခုနှစ်ကစ၍ အယူခံတရားပြိုင် ဦးကျော်ရှိန်သည် အချင်းဖြစ်ခြံမြေကို စတင်ကျူးကျော် ဝင်ရောက်နေထိုင်သည်ဖြစ်၍ မူလပိုင်ရှင် ရောင်းသူ လက်လွှတ်ခဲ့သည့်နေ့မှာ ၁၂ နှစ်ကျော်နေပြီးဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ ၂ ရပ်ကွက်၊ ကွင်းအမှတ် ၅၉၀၊ ဘီ-ခ မှော်ဘီရွာမကွင်း၊ ဦးပိုင်အမှတ် ၁၂/က-ခ မြေကို မူလရုံးတရားလို ဒေါ်အေး၏ခင်ပွန်း ဦးသိန်းဟန်က မူလပိုင်ရှင် ဒေါ်လှရှိန်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သည်။ ယင်းမြေပေါ်တွင် မူလရုံးတရားပြိုင် ဦးကျော်ရှိန်သည် မူလပိုင်ရှင် လက်ထက်ကပင် နေထိုင်ခဲ့သည်။ ဒေါ်အေးက အချင်းဖြစ်မြေကွက်၏ ပိုင်ရှင်ဖြစ်လာပြီးနောက် တရားပြိုင်အား ထိုမြေကွက်ပေါ်မှ ထွက်ခွာပေးရန် ညှိနှိုင်းသော်လည်း မရရှိသဖြင့် ယခုအမှုကို စွဲဆိုခြင်းဖြစ်သည်။

ဦးကျော်ရှိန်က အချင်းဖြစ်မြေပေါ်တွင် ဒေါ်လှရှိန်၏ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်း မဟုတ်ကြောင်း၊ ၁၉၆၄ ခုနှစ်ကပင် ခြုံနွယ်များကို ရှင်းလင်း၍ နေအိမ်ဆောက်လုပ် နေထိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ နေထိုင်ရာတွင် ဒေါ်လှရှိန်နှင့် သားဖြစ်သူ ဦးခင်မောင်ကျော်တို့ထံ မြေခွန်တစ်နှစ်လျှင် ၂၅/- နှုန်းဖြင့် နှစ်စဉ် ပေးဆောင်နေထိုင်ခဲ့ကြောင်း၊ ၁၉၈၅ ခုနှစ်တွင် ဒေါ်လှရှိန်၏သား ဦးခင်မောင်ကျော်က အချင်းဖြစ်မြေကို ငွေကျပ် ၅၀၀၀ ဖြင့် ရောင်းချမည် ပြောဆို၍ တရားပြိုင်၏သား

၂၀၀၀
ဒေါ်အေး
(၎င်း၏
ကိုယ်စားလှယ်
ဒေါ်ခင်ဆွေဝင်း)
နှင့်
ဒေါ်သန်းရင်
(ကွယ်လွန်သူ
ဦးကျော်ရှိန်၏
တရားဝင်
ကိုယ်စားလှယ်)

ဦးထွန်းသန်းကြွယ်က စရန်ငွေ ကျပ် ၂၀၀၀ ကို ဦးခင်မောင်ကျော်အား စာချုပ်တွင် လက်မှတ်ရေးထိုးပေးချေခဲ့ကြောင်း၊ တရားပြိုင်သည် အချင်းဖြစ်မြေတွင် နှစ်ပေါင်း ၃၀ ခန့် နေထိုင်ပြီးဖြစ်၍ တရားလို စွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်နေကြောင်း ချေပသည်။

တရားရုံးချုပ်က ဦးကျော်ရှိန်သည် ၁၉၆၄ ခုနှစ်တွင် အငြိမ်းစား ယူ၍ အချင်းဖြစ်မြေကို ခုတ်ထွင်ရှင်းလင်းပြီး ဓနိမိုး၊ ထရံကာ၍ နေခဲ့ရာ ယခုအခါ အသက် ၈၆ နှစ်အရွယ်ရှိပြီး၊ ထိုမျှကာလအတွင်း မြေရှင် ဒေါ်လှရှိန်တို့အနေဖြင့် ဦးကျော်ရှိန်အား ဖယ်ရှားရန် ပြောဆို ဆောင်ရွက်ခဲ့ဘူးခြင်း မရှိ၊ မြေငှားခဖြစ်စေ၊ မြေခွန်ဖြစ်စေ ပေးခဲ့ဘူးခြင်း မရှိပါဟု ဒေါ်လှရှိန်တို့က ထွက်ဆိုထားရာ ၎င်းတို့၏ ထွက်ချက်အရ ပင်လျှင် ဦးကျော်ရှိန် ဝင်ရောက်နေထိုင်သည့် ၁၉၆၄ ခုနှစ်ကပင် ဒေါ်လှရှိန် အနေဖြင့် လက်ရှိရပိုင်ခွင့်ရှိသည်ဟု ဆိုရမည် ဖြစ်ကြောင်း၊ ဤအခြေအနေတွင် အယူခံတရားပြိုင် ဒေါ်အေး စွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၃၆ တွင် အကျုံးဝင်သဖြင့် ပလပ်ရန် ရှိကြောင်း သုံးသပ်ပြီး ဒေါ်အေး စွဲဆိုသည့် အမှုကို ပလပ်သည်။

ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၃၆ သည် ပစ္စည်းဝယ်သူက ပစ္စည်းလက်ရှိဖြစ်သူ ကြားလူအပေါ် စွဲဆိုသောအမှုနှင့် သက်ဆိုင်သည်။ တရားလို ဒေါ်အေး၏ အဆိုလွှာ အရ မူလပိုင်ရှင် ဒေါ်လှရှိန်က ဒေါ်အေးအား မြေရောင်းချစဉ်အခါ က အချင်းဖြစ်မြေတွင် ဦးကျော်ရှိန် နေထိုင်လျက်ရှိကြောင်း ပေါ်ပေါက် သည်။ ဒေါ်လှရှိန်သည် မြေရောင်းချစဉ်က လက်ရှိမဟုတ်သဖြင့် ဒေါ်အေး စွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၃၆ နှင့်သက်ဆိုင်သည်။

၂၀၀၀
ဒေါ်အေး (၎င်း၏ ကိုယ်စားလှယ် ဒေါ်ခင်ဆွေဝင်း) နှင့် ဒေါ်သန်းရင် (ကွယ်လွန်သူ ဦးကျော်ရှိန်၏ တရားဝင် ကိုယ်စားလှယ်)

ဒေါ်အေးစွဲဆိုသော အမှုသည် ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၃၆ နှင့် သက်ဆိုင်ကြောင်းကို နှစ်ဖက်ရှေ့နေများက အငြင်းပွားခြင်း မရှိချေ။ စည်းကမ်းသတ်ကာလကို စတင်ရေတွက်ရမည့်အချိန်ကိုသာ အငြင်းပွားလျက်ရှိသည်။

ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၃၆ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

| | | |
|---|---|---|
| ၁၃၆။ ရောင်း စဉ် အ ခါ က ရောင်းသူ၏ လက် ရှိ မ ဟုတ် သော မ ရွှေ့ မ ပြောင်း နိုင် သည့် ပစ္စည်းကို အချင်းချင်း အရောင်းအဝယ်ပြုပြီး နောက် ဝယ် သူ က ထို ပစ္စည်း ကို ရ လို သည့် အမှု | တစ်ဆယ့် နှစ်နှစ် | ရောင်း သူ က ပ ထ မ လက် ရောက် ရ ယူ ပိုင်သည့် အခါ ကစ၍ |

ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၃၆ ပါ ရောင်းစဉ်အခါက ရောင်းသူ၏ လက်ရှိမဟုတ်သော ဆိုသည့် စကားရပ်က တစ်ဦးတစ်ယောက်သည် ရောင်းသူအား ဆန့်ကျင်လက်ရှိထားသည်ဟု ဆိုလိုရာရောက်သည်။ "လက်ရှိ" မဟုတ်သော ဆိုသည့် စကားရပ်အရ တစ်ဦးတစ်ယောက်သောသူသည် ရောင်းသူနှင့် ဆန့်ကျင်လျက် လက်ရှိဖြစ်နေသည့်သဘော သက်ရောက်၍ ရောင်းသူနှင့် ဆန့်ကျင်လျက် လက်ရှိမဖြစ်သေးသရွေ့ စည်းကမ်းသတ်ကာလကို စတင်ရေတွက်ခြင်း မပြုရပေ။ ရောင်းသူက လက်ရောက်ရလိုမှု စွဲဆိုပါက အနိုင်ရရှိမည်ဖြစ်လျှင် ၎င်းထံမှ ဝယ်သူက ဆိုခဲ့သည့် လက်ရောက်ရလိုမှုသည်လည်း အနိုင်ရရှိမည်ဖြစ်သည်။ ဝယ်သူ လက်ရောက်ရလိုမှု စွဲဆိုသည့်အမှုတွင် ရောင်းသူအနေဖြင့် ပစ္စည်း

လက်လွှတ်ခဲ့သည်မှာ ၁၂ နှစ်ကျော်လျှင် ဝယ်သူစွဲဆိုသည့်အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်မည် ဖြစ်သည်။

**စောအိမ်ဟုတ် နှင့် မပိုရင်နှင့်အခြားသူများ အမှု**[၁] တွင် အမှတ်စဉ် ၁၃၆ အရ သတ်မှတ်ထားသည့် စည်းကမ်းသတ်ကာလကို မည်သို့မည်ပုံ ရေတွက်ရမည်ဖြစ်ကြောင်း အောက်ပါအတိုင်း ထုံးဖွဲ့ထားသည်-

> The expression out of the possession, as used in Art. 136 implies that some person is in possession adversely to the vender. Time does not begin to run under Art. 136, until the property is held in possession adverses to the vender.

တရားရုံးချုပ်က မြေရှင် ဒေါ်လှရှိန်တို့အနေဖြင့် ဦးကျော်ရှိန်အား ဖယ်ရှားရန် ပြောဆိုဆောင်ရွက်ခဲ့ခြင်း မရှိကြောင်း သုံးသပ်ခဲ့ပါလျက် မြေငှားရမ်းခဖြစ်စေ၊ မြေခွန်ဖြစ်စေ ပေးခဲ့ဘူးခြင်း မရှိပါဟု ဒေါ်လှရှိန်တို့၏ ထွက်ဆိုချက်ကို အကြောင်းပြု၍ ဦးကျော်ရှိန် ဝင်ရောက်နေထိုင်သည့် ၁၉၆၄ ခုနှစ်ကပင် ဒေါ်လှရှိန်အနေဖြင့် လက်ရှိရပိုင်ခွင့်ရှိသည်ဟု သုံးသပ်ခြင်းမှာ မှန်ကန်သည်ဟု မဆိုနိုင်ပေ။ ဦးကျော်ရှိန်က အချင်းဖြစ်မြေတွင် နေထိုင်ခြင်းမှာ ဒေါ်လှရှိန်အား ဆန့်ကျင်လျက် နေထိုင်ခြင်းမဟုတ်လျှင် ဒေါ်လှရှိန်သည် ထိုစဉ်ကစ၍ လက်ရောက်ရပိုင်ခွင့်ရှိသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ဦးကျော်ရှိန်က သူ၏ချေလွှာအပိုဒ် ၂ တွင် အောက်ပါအတိုင်း ချေပထားသည်-

> ၂။ "× × × × တရားပြိုင်သည် ၁၉၆၄ ခုနှစ်၊ ဧပြီလတွင် ပြည်သူ့ရဲတပ်ဖွဲ့မှ အငြိမ်းစားယူပြီး အချင်းဖြစ်

(၁) အေ၊ အိုင်၊ အာရ်၊ ၁၉၃၄ ရန်ကုန် ၂၂၃။

၂၀၀၀
ဒေါ်အေး
(၎င်း၏
ကိုယ်စားလှယ်
ဒေါ်ခင်ဆွေဝင်း)
နှင့်
ဒေါ်သန်းရင်
(ကွယ်လွန်သူ
ဦးကျော်ရှိန်၏
တရားဝင်
ကိုယ်စားလှယ်)

ခြံမြေရှိ ခြံနွယ်များကို ရှင်းလင်း၍ ၁၉၆၄ ခုနှစ်၌ပင် နေအိမ်ဆောက်လုပ်၍ လက်ရှိလက်ငုတ်အဖြစ် စိုက်ပျိုး နေထိုင်ခဲ့ပါသည်။ ထိုကဲ့သို့ စဉ်ဆက်မပြတ် နေထိုင်ရာတွင် ဒေါ်လှရှိန်နှင့် သားဖြစ်သူ ဦးခင်မောင်ကျော်တို့ထံ မြေခွန်တစ်နှစ်လျှင် ၂၅/-နှုန်းဖြင့် နှစ်စဉ် ပေးဆောင် နေထိုင်ခဲ့ပါသည်။"

ဦးကျော်ရှိန်က ရုံးရှေ့ထွက်ဆိုရာတွင်လည်း အချင်းဖြစ်မြေတွင် နေထိုင်သည့်အတွက် မြေငှားခအဖြစ် မြေရှင်ဒေါ်လှရှိန်တို့ တစ်နှစ် လျှင် ၂၅/- ဖြင့် နှစ်စဉ်ပေးခဲ့ကြောင်း ထွက်ဆိုသည်။

ဦးကျော်ရှိန်၏ ချေပလွှာတွင် ဖော်ပြထားချက်နှင့် ရုံးရှေ့ ထွက်ဆိုချက်တို့အရ ဦးကျော်ရှိန်သည် အချင်းဖြစ်မြေတွင် ဒေါ်လှရှိန် အား မြေခွန်ပေး၍လည်းကောင်း သို့မဟုတ် မြေငှားအဖြစ် လည်းကောင်း နေထိုင်ခဲ့ကြောင်း ပေါ်ပေါက်သည်။ ပိုင်ရှင်အား မြေခွန် ပေး၍ သို့မဟုတ် မြေငှားခပေး၍ နေခြင်းမှာ ပိုင်ရှင်အား ဆန့်ကျင် လက်ရှိ နေထိုင်ခြင်းမဟုတ်ကြောင်း ထင်ရှားသည်။ ဦးကျော်ရှိန် ကိုယ်တိုင်က ဆန့်ကျင် လက်ရှိထားခြင်း မဟုတ်ကြောင်း ထွက်ဆို ပါလျက် တရားရုံးချုပ်က ဦးကျော်ရှိန် ဝင်ရောက်နေထိုင်သည့် ၁၉၆၄ ခုနှစ်ကပင် ဒေါ်လှရှိန်သည် လက်ရှိရပိုင်ခွင့်ရှိသည်ဟု သုံးသပ်ခြင်းမှာ မှားယွင်းပေသည်။

ဦးကျော်ရှိန်သည် ၁၉၈၅ ခုနှစ်တွင် အချင်းဖြစ်မြေကို ဒေါ်လှရှိန်၏သား ဦးခင်မောင်ကျော်ထံမှ စရန်ငွေပေး၍ ဝယ်ယူခဲ့သည် ဟု ချေပခဲ့ရာ ထိုအချိန်မှစ၍ ဦးကျော်ရှိန်က ဒေါ်လှရှိန်အား ဆန့်ကျင် လက်ရှိထားသည်ဟု ယူဆနိုင်သည်။ ဦးကျော်ရှိန် ဆန့်ကျင် လက်ရှိ ထားသည့် ၁၉၈၅ ခုနှစ်ကစ၍ ဒေါ်လှရှိန်သည် အချင်းဖြစ်မြေကို လက်ရောက်ရပိုင်ခွင့်ရှိသည်ဖြစ်သဖြင့် ၁၉၈၅ ခုနှစ်မှစ၍ ကာလ စည်းကမ်းသတ် တွက်ချက်သည့်အခါ ၁၉၉၃ ခုနှစ်တွင် ဒေါ်အေး

စွဲဆိုသည့် အမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းမရှိသေးကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ တရားရုံးချုပ်က စည်းကမ်းသတ်ကာလကို ၁၉၆၄ ခုနှစ်မှစ၍ ရေတွက်ခြင်းမှာ မှားယွင်းသည်။

ထို့ကြောင့် ဤအထူးအယူခံတွင် ကြားနာလျက်ရှိသော ပြဿနာနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

> အမှုတွင် တရားပြိုင် ဦးကျော်ရှိန်၏ အတိအလင်း ချေပထားချက်နှင့် သက်သေထွက်ချက်များအရ ကာလစည်းကမ်းသတ်ကို ၁၉၆၄ ခုနှစ်ကစ၍ ရေတွက်ရန်မသင့်ကြောင်း။

ဤအထူးအယူခံမှုကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ခွင့်ပြုပြီး တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ကာ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပြန်လည်အတည်ပြုလိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀၀/- သတ်မှတ်သည်။

+ ၂၀၀၀
မေလ
၁၈ ရက်

# တရားမပြင်ဆင်မှု

## တရားရုံးချုပ်တရားသူကြီး ဦးချစ်လွင်ရှေ့တွင်

ဦးအောင်ခိုင်

နှင့်

ဦးသန်းအောင် ပါ ၂*

တရားပြိုင် သို့မဟုတ် ၎င်း၏ လက်အောက်ခံလူများက ၎င်းတို့ ရေယာဉ်ကို ပေါ့လျော့စွာ မောင်းနှင်မှုကြောင့် ပင်လယ်ပြင် တွင် သင်္ဘောချင်းတိုက်မိ၍ မိမိ၏သင်္ဘောနှင့် သင်္ဘော ပေါ်တွင် ပါရှိသည့် ကုန်ပစ္စည်းများ ဆုံးရှုံးမှုအတွက် လျော်ကြေးရလိုမှု၊ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၃၆ နှင့်သက်ဆိုင်သည် သို့မဟုတ် ပုဒ်မ ၄၉ နှင့် သက်ဆိုင် သည်။

**ဆုံးဖြတ်ချက်။** ။ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အပိုဒ် ၄၉ တွင် ပါရှိသည့် အခြားရွှေ့ပြောင်းနိုင်သောပစ္စည်း ဆိုသည့် စကားရပ်သည် မိမိလက်ဝယ်ရှိပစ္စည်းကို ရည်ညွှန်းခြင်းမဟုတ်၊ အခြား သူများ၏လက်တွင်ရှိသည့် ပစ္စည်းကို ရည်ညွှန်းခြင်း ဖြစ်သည်ဟု

---

* ၂၀၀၀ ပြည့်နှစ်၊ တရားမပြင်ဆင်မှုအမှတ် ၂၈

\+ ၁၉၉၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁ တွင် ချမှတ်သော ၂၆-၁၁-၉၉ ရက်စွဲပါ ဧရာဝတီတိုင်းတရားရုံး (ဖျာပုံခရိုင်) ၏ အမိန့်ကို လျှောက်ထားမှု

ကောက်ယူမှသာလျှင် သဘာဝကျမည် ဖြစ်သည်။ သို့ဖြစ်ရာ အခြားသူများ၏လက်တွင်ရှိနေသည့် အခြားရွှေ့ပြောင်းနိုင်သည့် ပစ္စည်းရလိုမှု သို့မဟုတ် ယင်းပစ္စည်းကို မတရားနစ်နာစေသည့်အတွက် လျော်ကြေးရလိုမှုသည် အပိုဒ် ၄၉ နှင့် သက်ဆိုင်မည်ဖြစ်သည်။

မိမိလက်ဝယ်တွင်ရှိသည့် ပစ္စည်းကို မတရားနစ်နာစေသည့်အတွက် လျော်ကြေးရလိုမှုသည် အပိုဒ် ၄၉ တွင် အကျုံးမဝင်သဖြင့် အပိုဒ် ၃၆ နှင့်သာ သက်ဆိုင်မည်ဖြစ်သည်။

အမှတ် (၁) လျှောက်ထားခံရသူ ဦးသန်းအောင်သည် ပြည့်ဖြိုးနိုင်ရေယာဉ်၏ ပိုင်ရှင်ဖြစ်ပြီး ဦးသင်းစိန်မှာ ရေယာဉ်မောင်းနှင်သူဖြစ်သည်။ ၁၈-၂-၉၇ နေ့ ည ၁၀း၀၀ နာရီ အချိန်ခန့်တွင် ပြည့်ဖြိုးနိုင်ရေယာဉ်ကို လှဒွေးစိန်ရေယာဉ်က အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်ခိုက်မိသဖြင့် ပြည့်ဖြိုးနိုင်ရေယာဉ်နှင့် ရေယာဉ်ပေါ်တွင် တင်ဆောင်လာသည့် အုတ်များ နစ်မြုပ် ပျက်စီးသွားသည်။ အချင်းဖြစ်စဉ်က အချင်းဖြစ်ရေယာဉ်နှင့် ပစ္စည်းများမှာ လျှောက်ထားခံရသူ ဦးသန်းအောင် လက်ရှိ ဖြစ်သည်။ အခြားသူများ၏ လက်ရှိ မဟုတ်ပေ။ သို့ဖြစ်ရာ မိမိလက်ဝယ်ရှိ ရေယာဉ်နှင့် ပစ္စည်းများ နစ်နာဆုံးရှုံးသည့်အတွက် လျှောက်ထားခံရသူက လျှောက်ထားသူအပေါ် တရားစွဲဆိုခြင်းသည် ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အပိုဒ် ၃၆ နှင့် အကျုံးဝင်မည် ဖြစ်သည်။

လျှောက်ထားသူအတွက် - ဦးအုံးဟန်
တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက် - (၁) ဦးသန့်စင်
တရားရုံးချုပ်ရှေ့နေ
(၂) ကိုယ်တိုင် (မလာ)

ဧရာဝတီတိုင်းတရားရုံး (ဖျာပုံခရိုင်)၊ တရားမကြီးမှုအမှတ် ၁/၉၉ တွင် တရားလို ဦးသန်းအောင်က တရားပြိုင် ဦးအောင်ခိုင်၊ ဦးအုန်းတင်တို့အပေါ် ရေယာဉ်အရမ်းမောင်းနှင်မှုကြောင့် နစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးငွေ (၈) သိန်းကျပ် ရလိုမှု စွဲဆိုသည်။ မူလတရားရုံးက ပဏာမငြင်းချက်နှင့်စပ်လျဉ်း၍ ဤအမှုကို တရားစွဲဆိုခြင်းသည် ကာလစည်းကမ်းသတ် ကျော်လွန်နေသည်ဆိုခြင်းမှာ မမှန်ကြောင်း ဖြေဆိုအမိန့်ချမှတ်သည်။ အဆိုပါအမိန့်ကို မကျေနပ်၍ ဦးအောင်ခိုင်က ဤတရားမပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

အမှုအကြောင်းအရာ အကျဉ်းချုပ်မှာ လျှောက်ထားခံရသူ ဦးသန်းအောင်သည် ပြည့်ဖြိုးနိုင်ရေယာဉ်ပိုင်ရှင်ဖြစ်ပြီး၊ ရေယာဉ်တာဝန်ခံသည် ဦးသင်းစိန် ဖြစ်သည်။ လျှောက်ထားသူ ဦးအောင်ခိုင်သည် လှဌေးစိန်ရေယာဉ်ပိုင်ရှင်ဖြစ်ပြီး၊ လျှောက်ထားခံရသူ ဦးအုန်းတင်သည် ရေယာဉ်၏ဆလင် ဖြစ်သည်။ ၁၈-၂-၉၇ နေ့ ည ၁၀း၀၀ နာရီအချိန်တွင် ပြည့်ဖြိုးနိုင်ရေယာဉ်သည် မော်ကျွန်းမှ ဖျာပုံမြို့သို့ အုတ်များတင်ဆောင်ကာ မောင်းနှင်လာသည်။ ရေယာဉ်သည် ဖျာပုံမြို့နယ်၊ မရဲပျားမွတ်ကျေးရွာအနီးအရောက်တွင် လျှောက်ထားခံရသူ ဦးအုန်းတင် မောင်းနှင်လာသော လှဌေးစိန်ရေယာဉ်က အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိသဖြင့် ပြည့်ဖြိုးနိုင်ရေယာဉ် ရေဝင်ပြီး နစ်မြုပ်ခဲ့ရသည်။ ဦးသန်းအောင်က လှဌေးစိန်ရေယာဉ်၏ ဆလင်ဖြစ်သူ ဦးအုန်းတင်သည် ရေယာဉ်ကို အရမ်းမောင်းနှင်မှုကြောင့် ရေယာဉ်နှင့် အုတ်များ နစ်နာဆုံးရှုံးသွားသဖြင့် ဦးအောင်ခိုင်နှင့် ဦးအုန်းတင်တို့ ၂ ဦးအပေါ် လျော်ကြေးငွေ (၈) သိန်းကျပ် ရလိုကြောင်း တရားစွဲဆိုထားခြင်း ဖြစ်သည်။

မူလတရားရုံးက တရားလို စွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်နေသည်ဆိုသည်မှာ မှန်ပါသလားဟူသော ပဏာမငြင်းချက်ကို နှစ်ဖက်လျှောက်လဲချက် ကြားနာပြီးနောက် ကာလ

စည်းကမ်းသတ် ကျော်လွန်နေသည်ဆိုခြင်းမှာ မမှန်ကြောင်း ဖြေဆိုဆုံးဖြတ်ခဲ့သည်။

မူလရုံးက ၁၈-၂-၉၇ နေ့ ည ၁၀း၀၀ နာရီအချိန်ခန့်တွင် ဖျာပုံမြို့နယ်၊ မရဲပျားမွတ်ရွာအနီးတွင် မျက်နှာချင်းဆိုင်မှလာသော အမှတ် (၂) တရားပြိုင် ဦးအုန်းတင် မောင်းနှင်လာသည့် လှေဒေါ်စိန်ရေယာဉ်က အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်ခဲ့သောကြောင့် ပြည့်ဖြိုးနိုင်ရေယာဉ် ရေများဝင်ပြီး နစ်မြုပ်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ထိုနေ့မှစ၍ တရားလိုအား မတရားနစ်နာစေမှုကို ဖြစ်စေကြောင်း၊ ရေယာဉ်နှင့် အုတ်များသည် ရွှေ့ပြောင်းနိုင်သောပစ္စည်း ဖြစ်၍ ထိုပစ္စည်းများကို မတရားနစ်နာစေသည့်အတွက် လျော်ကြေးရလိုမှုသည် ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အပိုဒ် ၄၉ နှင့် အကျုံးဝင်ကြောင်း၊ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အပိုဒ် ၃၆ သည် ဤဇယားတွင် အထူးပြဋ္ဌာန်းထားခြင်း မရှိသည့် မတရားပြုမှု၊ ဖြစ်ကတတ်ဆန်းပြုမှု၊ ပြုရန်ပျက်ကွက်မှု တစ်ခုခုအတွက် လျော်ကြေးငွေ တောင်းခံသည့်ကိစ္စနှင့်သာ သက်ဆိုင်ကြောင်း၊ အပိုဒ် ၄၉ အရ နစ်နာဆုံးရှုံးသည့်နေ့မှ ၃ နှစ်အတွင်း တရားစွဲဆိုရမည်ဖြစ်ကြောင်း၊ အချင်းဖြစ်ပွားသည့်နေ့မှာ ၁၈-၂-၉၇ နေ့ ဖြစ်ပြီး၊ တရားစွဲဆိုသည့်နေ့သည် ၂၆-၂-၉၉ နေ့ ဖြစ်၍ ၂ နှစ်အတွင်း တရားစွဲဆိုခြင်းဖြစ်သဖြင့် ဤအမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်နေသည်ဆိုခြင်းမှာ မမှန်ကြောင်း သုံးသပ်ထားသည်။

လျှောက်ထားသူ၏ ရှေ့နေက လျှောက်လဲ တင်ပြရာတွင် လျှောက်ထားခံရသူ ဦးသန်းအောင်သည် ပြည့်ဖြိုးနိုင်ရေယာဉ်၏ ပိုင်ရှင်ဖြစ်ကြောင်း၊ ရေယာဉ်တာဝန်ခံ ဦးသင်းစိန်သည် ၁၈-၂-၉၇ နေ့ ည ၁၀း၀၀ နာရီအချိန်တွင် ပြည့်ဖြိုးနိုင်ရေယာဉ်ပေါ်တွင် အုတ်များတင်ပြီး မောင်းနှင်လာစဉ် လျှောက်ထားသူ ဦးအောင်ခိုင် ပိုင်ဆိုင်သော လှေဒေါ်စိန်ရေယာဉ်က အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိသဖြင့် ပြည့်ဖြိုးနိုင်

ရေယာဉ် နစ်မြုပ်ဆုံးရှုံးခဲ့ရကြောင်း၊ အချင်းဖြစ်စဉ်က ပြည့်ဖြိုးနိုင်ရေယာဉ်သည် ဦးသန်းအောင်၏ လက်ရှိရွှေ့ပြောင်းနိုင်သော ပစ္စည်းဖြစ်ကြောင်း၊ ရေယာဉ်သည် အခြားသူလက်ဝယ်ရှိနေစဉ်အတွင်း နစ်နာဆုံးရှုံးခဲ့ရခြင်းမဟုတ်၍ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အပိုဒ် ၄၉ တွင် ဖော်ပြထားသည့် အခြားရွှေ့ပြောင်းနိုင်သည့်ပစ္စည်း မဟုတ်ကြောင်း၊ အိပ်ချ်စမစ်ထရာ ရေးသားသည့် ကာလစည်းကမ်းသတ်အက်ဥပဒေစာအုပ် အပိုဒ် ၇၁၈ တွင် ရေယာဉ်ကို အရမ်းမောင်းနှင်မှုကြောင့် ဆုံးရှုံးသွားသည့်အတွက် လျော်ကြေးတောင်းဆိုသည့် အမှုမျိုးသည် အပိုဒ် ၃၆ နှင့် အကျုံးဝင်သည်ဟု ဖော်ပြထားကြောင်း၊ မူလတရားရုံးက ၁၈-၂-၉၇ နေ့မှစ၍ တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်သည်ဟု လက်ခံထားကြောင်း ဤအမှုကို ၂၆-၂-၉၉ နေ့တွင် တရားစွဲဆိုသဖြင့် ၂ နှစ်ကျော်မှ တရားစွဲဆိုခြင်းဖြစ်၍ ကာလစည်းကမ်းသတ် ကျော်လွန်နေကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ (၁) ၏ရှေ့နေက လျှောက်လဲတင်ပြရာတွင် ယခုအချင်းဖြစ်ကိစ္စမှာ ရွှေ့ပြောင်းနိုင်သောပစ္စည်းဖြစ်သော ရေယာဉ် နစ်မြုပ်ပျက်စီးမှုအတွက် တရားစွဲဆိုခြင်းဖြစ်၍ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အပိုဒ် ၄၉ တွင် ပြဋ္ဌာန်းချက်နှင့် အကျုံးဝင်ကြောင်း၊ အပိုဒ် ၃၆ ၏ ပြဋ္ဌာန်းချက်မှာ အထူးပြဋ္ဌာန်းချက် မပါရှိမှ ယင်းပြဋ္ဌာန်းချက်ကို အသုံးပြုရန်ဖြစ်ကြောင်း **ဟွန်ဂျီးနှင့်ကုမ္ပဏီ နှင့် ရောဝတီဖလိုတီလာကုမ္ပဏီလီမိတက် အမှု**[(၁)] တွင် ရောဝတီသင်္ဘောကတိုက်၍ ကုန်ပစ္စည်းတင်လှေနှင့် ပစ္စည်းများ ဆုံးရှုံးရသည့်ဖြစ်ရပ်တွင် အပိုဒ် ၃၆ နှင့် သက်ဆိုင်သည်ဆိုခြင်းကို လက်မခံကြောင်း၊ သို့ဖြစ်၍ ပြင်ဆင်မှုကို ပလပ်သင့်ကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

---

**(၁) မြန်မာနိုင်ငံစီရင်ထုံးများ၊ အတွဲ- ၈၊ စာ- ၈၉။**

၂၀၀၀
ဦးအောင်ခိုင်
နှင့်
ဦးသန်းအောင်
ပါ ၂

ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အပိုဒ် ၃၆ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

| | | |
|---|---|---|
| ၃၆။ ပဋိညာဉ်နှင့် မဆိုင်သည်လည်း ဖြစ်၍ ဤဇယားတွင် အထူး ပြဋ္ဌာန်းထားခြင်း မရှိသည်လည်း ဖြစ်သော မတရား ပြုမှု၊ ဖြစ်ကတတ်ဆန်းပြုမှု၊ ပြုရန်ပျက်ကွက်မှု တစ်ခုခုအတွက် လျော်ကြေးငွေ တောင်းခံမှု။ | နှစ်နှစ် | မတရား ပြုမှု၊ ဖြစ်ကတတ်ဆန်း ပြုမှု၊ ပြုရန် ပျက်ကွက်မှု တစ်ခုခု ဖြစ်ပွားသည့် နေ့ကစ၍။ |

ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အပိုဒ် ၄၉ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

| | | |
|---|---|---|
| ၄၉။ အခြား ရွှေ့ပြောင်းနိုင်သောပစ္စည်းကို ရလိုမှု သို့တည်းမဟုတ် ထိုပစ္စည်းကို မတရားသဖြင့်ရယူသည့်အတွက်သော်လည်းကောင်း၊ မတရားနစ်နာစေသည့်အတွက်သော်လည်းကောင်း၊ မတရားသဖြင့် မပေးမအပ် သိမ်းထားသည့်အတွက်သော်လည်းကောင်း လျော်ကြေး ရလိုမှု။ | သုံးနှစ် | ပစ္စည်းကို မတရားသဖြင့် ရယူသည့်အခါက စ၍သော် လည်းကောင်း၊ နစ်နာစေသည့်အခါက စ၍ သော် လည်းကောင်း၊ မပေးမအပ် သိမ်းထားသူလက်ဝယ်ထားခြင်းသည် မတရားဖြစ်လာသည့်အခါက စ၍ သော်လည်းကောင်း။ |

၂၀၀၀
ဦးအောင်ခိုင်
နှင့်
ဦးသန်းအောင်
ပါ ၂

**အီစွတ်ဘရာဂျီ နှင့် မီးသင်္ဘောဆမိထရာ အမှု**[၂] တွင် ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အပိုဒ် ၃၆ နှင့် ၄၉ တို့၏ ခြားနားခြင်းကို အောက်ပါအတိုင်း နှိုင်းယှဉ်ညွှန်ပြထားသည်-

"  တရားပြိုင် သို့မဟုတ် ၎င်း၏လက်အောက်ခံလူများက ၎င်းတို့ရေယာဉ်ကို ပေါ့လျော့စွာ မောင်းနှင်မှုကြောင့် ပင်လယ်ပြင်တွင် သင်္ဘောချင်းတိုက်မိ၍ မိမိ၏သင်္ဘောဆုံးရှုံးမှုအတွက် လျော်ကြေးရလိုကြောင်း စွဲဆိုသောအမှုကို ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အပိုဒ် ၃၆ အရ ၂ နှစ်အတွင်း တရားစွဲဆိုရမည် ဖြစ်ကြောင်း၊ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အပိုဒ် ၄၉ သည် အခြားသူများ၏ လက်ဝယ်တွင် ပစ္စည်းရှိနေသည့် အမှုများနှင့်သာ သက်ဆိုင်ပြီး တရားလို၏လက်ဝယ်တွင် ပစ္စည်းရှိနေသည့်အမှုများနှင့် သက်ဆိုင်ခြင်းမရှိကြောင်း၊ ထိုအပိုဒ်တွင် ဖော်ပြထားသည့် ပစ္စည်းကို မတရားနစ်နာသည်ဆိုခြင်းမှာ နစ်နာသည့်ပစ္စည်းများသည် ပိုင်ရှင်လက်ဝယ်မဟုတ်ဘဲ အခြားသူလက်ဝယ်တွင် ရှိစဉ် နစ်နာစေသည့် အမှုကိစ္စနှင့်သာ သက်ဆိုင်သည်ဟု ကန့်သတ်ထားကြောင်း ထုံးဖွဲ့ထားသည်ကို တွေ့ရှိရသည်။"

**ဟွန်ဂျိုးနှင့်ကုမ္ပဏီ နှင့် ဧရာဝတီ ဖလိုတီလာကုမ္ပဏီ လီမိတက် အမှု**တွင် တရားလိုဆုံးရှုံးသည့် ပစ္စည်းများကို အခြားပုဂ္ဂိုလ် ပိုင်ဆိုင်ပြီး ထိုသူ၏လက်ရှိဖြစ်သည့် ကုန်တင်သင်္ဘောဖြင့် သယ်ဆောင်လာစဉ် တရားပြိုင်၏သင်္ဘောက ဝင်တိုက်မိခြင်းဖြစ်သည်။ ဆုံးရှုံးသည့် ပစ္စည်းများသည် တရားလို၏ လက်ရှိမဟုတ်ပေ။ ယင်းအမှုတွင် မိမိပစ္စည်းများ သယ်ဆောင်လာသည့် သင်္ဘောကို အခြားသင်္ဘောက ဝင်တိုက်မိသဖြင့် ပစ္စည်းများဆုံးရှုံးရခြင်းကြောင့် ပစ္စည်းရှင်က ဝင်တိုက်

(၂) အိုင်၊ အယ်လ်၊ အာရ်၊ ၁၁၊ ဘုံဘေ၊ စာ-၁၃၃။

သော သဘော်ပိုင်ရှင်ထံ လျော်ကြေးရလိုကြောင်း စွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အပိုဒ် ၃၆ နှင့် မသက်ဆိုင်၊ အပိုဒ် ၄၉ နှင့် သက်ဆိုင်သည်ဟု ထုံးဖွဲ့ထားသည်။

၂၀၀၀
**ဦးအောင်ခိုင်**
**နှင့်**
**ဦးသန်းအောင်**
ပါ ၂

ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အပိုဒ် ၄၉ တွင် ပါရှိသည့် အခြားရွှေ့ပြောင်းနိုင်သောပစ္စည်းဆိုသည့် စကားရပ်သည် မိမိလက်ဝယ်ရှိပစ္စည်းကို ရည်ညွှန်းခြင်းမဟုတ်၊ အခြားသူများ၏ လက်တွင်ရှိသည့်ပစ္စည်းကို ရည်ညွှန်းခြင်းဖြစ်သည်ဟု ကောက်ယူမှသာ လျှင် သဘာဝကျမည်ဖြစ်သည်။ သို့ဖြစ်ရာ အခြားသူများ၏လက်တွင် ရှိနေသည့် အခြားရွှေ့ပြောင်းနိုင်သည့်ပစ္စည်း ရလိုမှု သို့မဟုတ် ယင်း ပစ္စည်းကို မတရားနစ်နာစေသည့်အတွက် လျော်ကြေးရလိုမှုသည် အပိုဒ် ၄၉ နှင့် သက်ဆိုင်မည်ဖြစ်သည်။

မိမိလက်ဝယ်တွင်ရှိသည့် ပစ္စည်းကို မတရားနစ်နာစေသည့် အတွက် လျော်ကြေးရလိုမှုသည် အပိုဒ် ၄၉ တွင် အကျုံးမဝင်သဖြင့် အပိုဒ် ၃၆ နှင့်သာ သက်ဆိုင်မည်ဖြစ်သည်။

အမှတ် (၁) လျှောက်ထားခံရသူ ဦးသန်းအောင်သည် ပြည့်ဖြိုး နိုင်ရေယာဉ်၏ ပိုင်ရှင်ဖြစ်ပြီး၊ ဦးသင်းစိန်မှာ ရေယာဉ်မောင်းနှင်သူ ဖြစ်သည်။ ၁၈-၂-၉၇ နေ့ ည ၁၀း၀၀ နာရီအချိန်ခန့်တွင် ပြည့်ဖြိုးနိုင် ရေယာဉ်ကို လှဌေးစိန်ရေယာဉ်က အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက် တိုက်ခိုက်မိသဖြင့် ပြည့်ဖြိုးနိုင်ရေယာဉ်နှင့် ရေယာဉ်ပေါ်တွင် တင် ဆောင်လာသည့် အုတ်များ နစ်မြုပ်ပျက်စီးသွားသည်။ အချင်းဖြစ်စဉ်က အချင်းဖြစ်ရေယာဉ်နှင့် ပစ္စည်းများမှာ လျှောက်ထားခံရသူ ဦးသန်း အောင် လက်ရှိဖြစ်သည်။ အခြားသူများ၏ လက်ရှိမဟုတ်ပေ။ သို့ဖြစ် ရာ မိမိလက်ဝယ်ရှိရေယာဉ်နှင့် ပစ္စည်းများ နစ်နာဆုံးရှုံးသည့်အတွက် လျှောက်ထားခံရသူက လျှောက်ထားသူအပေါ် တရားစွဲဆိုခြင်းသည် ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အပိုဒ် ၃၆ နှင့် အကျုံး ဝင်မည်ဖြစ်သည်။

၂၀၀၀
ဦးအောင်ခိုင်
နှင့်
ဦးသန်းအောင်
ပါ ၂

လျှောက်ထားသူ၏ ရေယာဉ်က လျှောက်ထားခံရသူ ဦးသန်းအောင်၏ ရေယာဉ်အား တိုက်မိ၍ ရေယာဉ်နှင့် ပစ္စည်းများ ဆုံးရှုံးသည့်နေ့မှာ ၁၈-၂-၉၇ နေ့ ဖြစ်သည်။ သို့ဖြစ်ရာ တရားစွဲဆိုရန်အကြောင်းသည် ၁၈-၂-၉၇ နေ့တွင် စတင်ပေါ်ပေါက်သည်။ ဤအမှုကို ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အပိုဒ် ၃၆ အရ တရားစွဲဆိုရန်အကြောင်း ဖြစ်ပွားသည့် ၁၈-၂-၉၇ နေ့မှ ၂ နှစ်အတွင်း တရားစွဲဆိုရမည် ဖြစ်သည်။ ယခုအမှုကို လျှောက်ထားခံရသူ ဦးသန်းအောင်က ၂၆-၂-၉၉ နေ့တွင် တရားစွဲဆိုခြင်းဖြစ်၍ ကာလစည်းကမ်းသတ်ကာလ ၂ နှစ်ကျော်လွန်နေကြောင်း ထင်ရှားနေသည်။

ထို့ကြောင့် တရားလို စွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်နေသည်ဆိုခြင်းမှာ မှန်သည်ဟု ပဏာမငြင်းချက်ကို ဖြေဆိုလိုက်သည်။ တရားလို စွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်နေပြီးဖြစ်၍ တရားလို ဦးသန်းအောင် စွဲဆိုသောအမှုကို ပလပ်ရန်သာရှိတော့သည်။

ထို့ကြောင့် ဤတရားမပြင်ဆင်မှုကို ခွင့်ပြုပြီး မူလရုံး၏အမိန့်ကို ပယ်ဖျက်၍ မူလရုံးတရားလို ဦးသန်းအောင် စွဲဆိုသောအမှုကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခငွေ ၂၀၀/- ကျပ် သတ်မှတ်သည်။

+ ၂၀၀၀
ဒီဇင်ဘာလ
၂၂ ရက်

တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသန်းဦး၊
တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့် နှင့်
ဒေါက်တာတင်အောင်အေး တို့ရှေ့တွင်

ဦးအောင်ဝင်း (ခ) ဦးအဟုန်

နှင့်

ဒေါ်ငွေ*
(ကွယ်လွန်သူ ဦးခင်မောင်၏ တရားဝင်ကိုယ်စားလှယ်)

တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၉၇၊ မရွှေ့မပြောင်းနိုင်သောပစ္စည်း လက်ရောက်ပေးအပ်ခြင်းကို ခုခံတားဆီးခံရလျှင် ယင်းကဲ့သို့ ခုခံတားဆီးခံရကြောင်းကို တရားရုံးသို့ တိုင်တန်းလျှောက်ထားနိုင်ခြင်း၊ ယင်းနည်းဥပဒေအရ လျှောက်ထားရာတွင် ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၆၇ အရ ခုခံတားဆီးခံရသည့်နေ့ရက်ကစ၍ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားရခြင်း၊ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၃၅ အရ အပ်ဝရမ်း ထုတ်ပေးရန် အကြိမ်ကြိမ်လျှောက်ထားနိုင်ခြင်း။

* ၁၉၉၈ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၅၃
+ ၁၉၉၇ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၂၅၁ တွင် ချမှတ်သော ၃၁-၁၀-၉၇ ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံမှု

၂၀၀၀
ဦးအောင်ဝင်း
(ခ) ဦးအဟုန်
နှင့်
ဒေါ်ငွေ
(ကွယ်လွန်သူ
ဦးခင်မောင်၏
တရားဝင်
ကိုယ်စားလှယ်)

ဆုံးဖြတ်ချက်။ ။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၉၇ တွင် မရွှေ့မပြောင်းနိုင်သောပစ္စည်း လက်ရောက်ပေးအပ်ခြင်းကို တစ်ဦးဦးက ခုခံတားဆီးလျှင် ယင်းကဲ့သို့ ခုခံတားဆီးကြောင်း တရားရုံးသို့ တိုင်တန်းလျှောက်ထားနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

ဤနည်းဥပဒေအရ လျှောက်ထားမှု ပြုလုပ်နိုင်သူမှာ တရားနိုင်သာဖြစ်သည်။ တရားရုံးသည် မိမိသဘောအရ ဖြစ်စေ၊ ဘီလစ်၏ အစီရင်ခံစာအရ ဖြစ်စေ၊ တရားရှုံး၏လျှောက်ထားချက်အရ ဖြစ်စေ စုံစမ်းရန် အမိန့်မချနိုင်ပေ။

တရားနိုင်သည် ဤနည်းဥပဒေအရ လျှောက်ထားရာတွင် ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၆၇ အရ ခုခံတားဆီးခံရသည့် နေ့ရက်ကစ၍ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားရမည် ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။ ကာလစည်းကမ်းသတ်အက်ဥပဒေအရ သတ်မှတ်ထားသည့် စည်းကမ်းသတ်ကာလ ကျော်လွန်ပြီးမှ လျှောက်ထားလာသည့် ဦးခင်မောင်၏ လျှောက်ထားချက်အပေါ် တရားရုံးက စုံစမ်းမှုပြုလုပ်ရန် အမိန့်ချမှတ်ခြင်းမှာ ဥပဒေနှင့် ညီညွတ်ခြင်း မရှိပေ။

အမှန်အားဖြင့် လက်ရောက်ပေးအပ်စေရန် ဒီကရီရရှိထားသူ တရားနိုင်သည် လက်ရောက်ပေးအပ်စေရန် ဒီကရီအတည်ပြုရာတွင် ခုခံတားဆီး ဟန့်တားခြင်းခံရလျှင် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၉၇ အရ လျှောက်ထားရန် တာဝန်မရှိချေ။ နည်းဥပဒေ ၃၅ အရ ဝရမ်းထုတ်ပေးရန် ဖြစ်စေ၊ နည်းဥပဒေ ၃၆ အရ ဒီကရီ အတည်ပြုပေးရန် ဖြစ်စေ ထပ်မံလျှောက်ထားနိုင်သည်။ ယင်းသို့ ထုတ်ပေးသည့် ဝရမ်းကို ခုခံတားဆီးခြင်းခံရလျှင် နည်းဥပဒေ ၉၇ အရ အရေးယူဆောင်ရွက်ရန်အတွက် လျှောက်ထားခွင့်အသစ် ရရှိမည် ဖြစ်သည်။

၂၀၀၀
ဦးအောင်ဝင်း
(ခ) ဦးအဟုန်
နှင့်
ဒေါ်ငွေ
(ကွယ်လွန်သူ
ဦးခင်မောင်၏
တရားဝင်
ကိုယ်စားလှယ်)

ထပ်မံဆုံးဖြတ်ချက်။ ။ တရားနိုင်သည် တရားရုံး၏ညွှန်ကြားချက်အရ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၉၇ အရ လျှောက်ထားရာတွင် ကာလစည်းကမ်းသတ် ကျော်လွန်နေသည့်အတွက် ယင်းလျှောက်လွှာကို ပလပ်ခံရပါက တရားနိုင်အနေဖြင့် နစ်နာမှုရှိနိုင်-မရှိနိုင်ကို စဉ်းစားသည့်အခါ တရားနိုင်သည် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၃၅ အရ အပ်ဝရမ်းထုတ်ပေးရန် အကြိမ်ကြိမ် လျှောက်ထားခွင့်ရှိသည့်အပြင် အပ်ဝရမ်းကို ခုခံတားဆီးခြင်းခံရပါက စည်းကမ်းသတ်ကာလအတွင်း တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၉၇ အရ လျှောက်ထားခွင့်အသစ် ရရှိသည်ဖြစ်၍ နစ်နာမှုရှိသည်ဟု မဆိုနိုင်ချေ။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးမင်းလွင်၊ တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်အတွက် | - | ဦးကျား၊ တရားရုံးချုပ်ရှေ့နေ |

ရန်ကုန်တိုင်းတရားရုံး၊ ၁၉၉၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၇၈ တွင် ဦးခင်မောင်က ဦးတော်မီ (ခ) ဦးစိုးမင်း (ခ) ဝူဖုတ်မန်းတို့အပေါ် လသာမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၆၀၂ ဒုတိယထပ်မှ အခမဲ့ခွင့်ပြုချက်ဖြင့်ထားသူအား နှင်ထုတ်ပေးစေလိုမှု စွဲဆိုရာ တိုင်းတရားရုံးက အမှုကိုပလပ်ခဲ့သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို မကျေနပ်၍ ဦးခင်မောင်က တရားရုံးချုပ်သို့ အယူခံ ဝင်သည့်အခါ တရားရုံးချုပ်က တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး ဦးခင်မောင်စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ချမှတ်သည်။ အဆိုပါဒီကရီကို ဦးခင်မောင်က တိုင်းတရားရုံး ဇာရီမှုအမှတ် ၆/၉၆တွင် အတည်ပြုသည့်အခါ တိုင်းတရားရုံးက တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၃၅ အရ ဝရမ်းထုတ်ဆင့်သည်။ ဦးအောင်ဝင်း (ခ) ဦးအဟုန်က အချင်းဖြစ်အခန်းကို တရားရှုံး၏မိခင် ဒေါ်မြမြခင်ထံမှ ဝယ်ယူပြီး

၂၀၀၀
ဦးအောင်ဝင်း (ခ) ဦးအဟုန် နှင့် ဒေါ်ငွေ (ကွယ်လွန်သူ ဦးခင်မောင်၏ တရားဝင် ကိုယ်စားလှယ်)

လက်ရောက် ရရှိထားသည်ကို အကြောင်း ပြု၍ ဇာရီအတည်ပြုခြင်းကို ခုခံတားဆီးသည်။ တရားနိုင်က တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ဥပဒေ ၉၇ အရ စုံစမ်းမှုပြုလုပ်ပေးရန် လျှောက်ထားသည်။ တိုင်း တရားရုံးက စုံစမ်းမှုပြုလုပ်ပြီးနောက် ဦးအောင်ဝင်းသည် တရားရှုံး ကိုယ်စား တရားမျှတသောအကြောင်း မရှိဘဲ ခုခံတားဆီးဟန့်တား ကြောင်း တွေ့ရသဖြင့် အချင်းဖြစ်အခန်းကို တရားနိုင်သို့ လက်ရောက် ပေးအပ်စေရန် အမိန့်ချမှတ်သည်။ ဦးအောင်ဝင်း (ခ) ဦးအဟုန်က အဆိုပါအမိန့်ကို မကျေနပ်သဖြင့် တရားရုံးချုပ်သို့ ပြင်ဆင်မှု လျှောက် ထားသော်လည်း ပလပ်ခြင်းခံရ၍ ၁၉၈၈ ခုနှစ်၊ တရားစီရင်ရေးဥပဒေ ပုဒ်မ ၆ အရ တရားရုံးချုပ်၏အမိန့်ကို ပြန်လည်စစ်ဆေးစီရင်ပေးရန် လျှောက်ထားသည့်အခါ တရားရုံးချုပ် အထူးခုံရုံးက အောက်ပါ ပြဿနာကို အထူးအယူခံခုံရုံးဖြင့် ကြားနာရန် အထူးအယူခံ ဝင်ခွင့် ပြုခဲ့သည်-

> " ပစ္စည်းအပ်ဝရမ်းကို ခုခံတားဆီးသည့်နေ့မှစ၍ ရက် ၃၀ ကျော်လွန်ပြီးမှ တရားရုံး၏ လမ်းညွှန်ချက်အရ တရားနိုင် က တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၉၇ အရ လျှောက်ထားရာတွင် စည်းကမ်းသတ် ကျော်လွန်ခြင်း မရှိ ကြောင်း တရားရုံးချုပ်၏ ဆုံးဖြတ်ချက်သည် ဥပဒေနှင့် ညီညွတ်ခြင်း ရှိ-မရှိ "

အယူခံတရားလို၏ရှေ့နေက ရန်ကုန်တိုင်းတရားရုံးက ပစ္စည်း အပ်ဝရမ်းကို အတည်ပြုသည့်နေ့သည် ၂၀-၃-၉၆ နေ့ဖြစ်ကြောင်း၊ အယူခံတရားလို ဦးအောင်ဝင်းက အဆိုပါ ၂၀-၃-၉၆ နေ့တွင် ဝရမ်း ကို ခုခံတားဆီးကြောင်း၊ ဘီလစ်က ၂၀-၃-၉၆ နေ့တွင် အစီရင်ခံထား ကြောင်း၊ အယူခံတရားပြိုင် (တရားနိုင်) ဦးခင်မောင်က တရားမ ကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၉၇ အရ အရေးယူပေးပါရန် ၁၂-၈-၉၆ နေ့တွင် လျှောက်ထားကြောင်း၊ ကာလစည်းကမ်းသတ်

အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၆၇ တွင် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ဒီကရီကျ၍ဖြစ်စေ၊ ဒီကရီအတည်ပြုလုပ် ရောင်းချ၍ဖြစ်စေ ပေးအပ်ရာ ခုခံကြောင်း၊ သို့တည်းမဟုတ် တားဆီးကြောင်း၊ လျှောက်ထားမှုကို ခုခံသည့် သို့မဟုတ် တားဆီးသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားရမည်ဟု ပြဋ္ဌာန်းကြောင်း ပစ္စည်းအပ်ဝရမ်းကို ခုခံသည့်နေ့မှစ၍ ၅ လနီးပါးကြာမှ တရားနိုင်က လျှောက်ထားခြင်းဖြစ်၍ စည်းကမ်းသတ်ကျော်လွန်ခြင်း မရှိကြောင်း တရားရုံးချုပ်က ဆုံးဖြတ်ခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်း မရှိကြောင်း၊ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၉၇ အရ တရားနိုင်က လျှောက်ထားရာတွင် ကန့်သတ်ထားသည့် စည်းကမ်းသတ်ကာလ ရက် ၃၀ ကို တရားရုံးကညွှန်ကြားသည့် အကြောင်းကြောင့် တိုးမြှင့်ခြင်း မပြုလုပ်နိုင်ကြောင်း၊ တရားရုံး၏အမိန့်ကြောင့် စည်းကမ်းသတ်ကာလ တိုးမြှင့်ပေးနိုင်ခြင်း မရှိကြောင်း၊ ထို့ကြောင့် စည်းကမ်းသတ်ကာလ ကျော်လွန်ခြင်း မရှိကြောင်း၊ တရားရုံးချုပ်၏ စီရင်ဆုံးဖြတ်ချက်သည် ဥပဒေနှင့် မညီညွတ်သည်မှာ မြင်သာကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက တိုင်းတရားရုံး၏ ညွှန်ကြားချက်အရ ဦးခင်မောင်သည် ၂၃-၇-၉၆ နေ့တွင် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၉၇ အရ လျှောက်ထားခြင်းမှာ ကာလစည်းကမ်းသတ် မကျော်လွန်ကြောင်း၊ တိုင်းတရားရုံးက တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၁၀၀ နှင့် အကျုံးမဝင်ကြောင်း အမိန့်ချမှတ်ခဲ့ပြီးနောက် ဦးခင်မောင်က ဝရမ်း ထပ်မံလျှောက်ထားခဲ့ရာ မူလရုံးက တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၉၇ အရ လျှောက်ထားရန် ထပ်မံညွှန်ကြားခဲ့ကြောင်း၊ ထိုသို့ ဦးခင်မောင်က အပ်ဝရမ်း ထပ်မံလျှောက်ထားရာတွင် ဦးအောင်ဝင်းက ကန့်ကွက်ရန် အကြောင်း မပေါ်ပေါက်သေးသဖြင့် ကာလစည်းကမ်းသတ် မကျော်လွန်ကြောင်း မြင်သာကြောင်း၊ ဦးခင်မောင်၏ အပ်ဝရမ်း ထပ်မံ

၂၀၀၀
ဦးအောင်ဝင်း
(ခ) ဦးအဟုန်
နှင့်
ဒေါ်ငွေ
(ကွယ်လွန်သူ
ဦးခင်မောင်၏
တရားဝင်
ကိုယ်စားလှယ်)

ထုတ်ပေးရန် လျှောက်ထားခြင်းအပေါ် ဦးအောင်ဝင်းအနေဖြင့် ကန့်ကွက်ရန်အဆင့်သို့ မရောက်ရှိသေးကြောင်း၊ သို့ဖြစ်ရာ ဦးခင်မောင်က ၃-၅-၉၆ နေ့တွင် အမိန့်ချမှတ်ခဲ့ပြီးနောက် ဝရမ်းထုတ်ပေးရန် အသစ် ထပ်မံလျှောက်ထားခဲ့ကြောင်း ပေါ်ပေါက်ကြောင်း၊ ထိုသို့ ဝရမ်းအသစ် ထုတ်ပေးရန် လျှောက်ထားချက်အပေါ် ဦးအောင်ဝင်းက ကန့်ကွက်မှသာ ထိုသို့ကန့်ကွက်ပြီးနောက် တစ်လအတွင်း တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၉၇ အရ စုံစမ်းပေးရန် လျှောက်ထားရမည် ဖြစ်ကြောင်း၊ ဖော်ပြပါစီရင်ထုံးအရ ဝရမ်းအသစ် လျှောက်ထားခွင့်ရှိ၍ ထိုသို့ အသစ်ဝရမ်း လျှောက်ထားသည့်အပေါ် ကန့်ကွက်တားဆီးမှုရှိလျှင် ထိုသို့ကန့်ကွက်သည့်နေ့မှ တစ်လအတွင်း တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၉၇ အရ လျှောက်ထားခွင့် ရှိကြောင်း၊ သို့ပါ၍ ဤအမှုတွင် ကာလစည်းကမ်းသတ် ကျော်လွန်ခြင်း မရှိကြောင်း လျှောက်လဲတင်ပြသည်။

မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ဒီကရီအရ အတည်ပြုရာတွင် ခုခံသည့်အတွက် စုံစမ်းမှုပြုလုပ်ပေးရန် လျှောက်ထားမှုသည် ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၆၇ နှင့် သက်ဆိုင်သည်။ ယင်းအမှတ်စဉ် ၁၆၇ တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်။

| | လျှောက်ထားမှု အမျိုးအမည် | ကန့်သတ်သည့် ကာလ | အစပြုရေတွက် ရမည့်ကာလ |
|---|---|---|---|
| ၁၆၇။ | မရွှေ့ မပြောင်းနိုင်သည့် ပစ္စည်းကို ဒီကရီကျ၍ ဖြစ်စေ၊ ဒီကရီ အတည် ပြုလုပ်ရောင်းချ၍ဖြစ်စေ ပေးအပ်ရာ ခုခံကြောင်း သို့မဟုတ် တားဆီးကြောင်း လျှောက်ထားမှု၊ | ရက်ပေါင်း ၃၀ | ခုခံသည့် သို့မဟုတ် တားဆီးသည့် နေ့ရက်ကစ၍ |

၂၀၀၀
ဦးအောင်ဝင်း
(ခ) ဦးအဟုန်
နှင့်
ဒေါ်ငွေ
(ကွယ်လွန်သူ
ဦးခင်မောင်၏
တရားဝင်
ကိုယ်စားလှယ်)

တရားရုံးချုပ်က ဦးခင်မောင်၏ လျှောက်ထားချက်သည် ကာလစည်းကမ်းသတ် မကျော်လွန်ကြောင်းကို အောက်ပါအတိုင်း သုံးသပ်သည်-

ဦးအောင်ဝင်းက ၂၀-၃-၉၆ နေ့တွင် အပ်ဝရမ်းကို တားဆီးခုခံခဲ့သဖြင့် တရားနိုင် ဦးခင်မောင်က အပ်ဝရမ်း ထပ်မံထုတ်ပေးရန် လျှောက်ထားခဲ့သည်။ တရားရုံးကလည်း ဦးအောင်ဝင်း၏ ကန့်ကွက်ချက်အပေါ် စုံစမ်းစစ်ဆေးမှု ပြုလုပ်ပြီးနောက် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၁၀၀ နှင့် အကျုံးမဝင်ကြောင်း ၃-၅-၉၆ နေ့တွင် အမိန့်ချမှတ် ခဲ့သည်။ တရားနိုင်က အပ်ဝရမ်း ထပ်မံလျှောက်ထားပြန်ရာ မူလရုံးက နှစ်ဖက်ကြားနာပြီးနောက် တရားနိုင်အနေဖြင့် ထိုလျှောက်ထားသည့် လျှောက်လွှာကို တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၉၇ အရ လျှောက်ထားရန် ဖြစ်ကြောင်းနှင့် အဆိုပါ လျှောက်လွှာအပေါ် စုံစမ်း စစ်ဆေးပြီးသည်အထိ ဇာရီမှုအား ဆိုင်းငံ့ထားစေရန် အမိန့်ချမှတ် ညွှန်ကြားခဲ့သည်။

အဆိုပါ မူလတိုင်းရုံး၏ ၂၃-၇-၉၆ ရက်စွဲပါ အမိန့် ညွှန်ကြားချက်အရ တရားနိုင် ဦးခင်မောင်က ဖော်ပြပါ ဥပဒေ အမိန့် ၂၁၊ နည်း ၉၇ အရ လျှောက်လွှာ တင်သွင်းခဲ့ရသော ကိစ္စတွင် ကာလစည်းကမ်းသတ် ကျော်လွန်ပြီး ဖြစ်သည်ဟု ဆိုရန် သင့်မည်မဟုတ်ပေ။

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၉၇ တွင် မရွှေ့ မပြောင်းနိုင်သောပစ္စည်း လက်ရောက်ပေးအပ်ခြင်းကို တစ်ဦးဦးက ခုခံ တားဆီးလျှင် ယင်းကဲ့သို့ ခုခံတားဆီးကြောင်း တရားရုံးသို့ တိုင်တန်း လျှောက်ထားနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

ဤနည်းဥပဒေအရ လျှောက်ထားမှု ပြုလုပ်နိုင်သူမှာ တရားနိုင် သာ ဖြစ်သည်။ တရားရုံးသည် မိမိသဘောအရ ဖြစ်စေ၊ ဘီလစ်၏

၂၀၀၀
ဦးအောင်ဝင်း
(ခ) ဦးအဟုန်
နှင့်
ဒေါ်ငွေ
(ကွယ်လွန်သူ
ဦးခင်မောင်၏
တရားဝင်
ကိုယ်စားလှယ်)

အစီရင်ခံစာအရ ဖြစ်စေ၊ တရားရုံး၏လျှောက်ထားချက်အရ ဖြစ်စေ၊ စုံစမ်းရန် အမိန့်မချနိုင်ပေ။

တရားနိုင်သည် ဤနည်းဥပဒေအရ လျှောက်ထားရာတွင် ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၆၇ အရ ခုခံတားဆီးခံရသည့် နေ့ရက်ကစ၍ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားရမည် ဖြစ်သည်။

တိုင်းတရားရုံးက တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၃၅ အရ ထုတ်ဆင့်သည့် ဝရမ်းကို ဦးအဟုန် (ခ) ဦးအောင်ဝင်းက ခုခံတားဆီးသည့်နေ့မှာ ၂၀-၃-၉၆ နေ့ဖြစ်သည်။ ဦးခင်မောင်က တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၉၇ အရ လျှောက်ထားသည့်နေ့မှာ ၁၂-၈-၉၆ နေ့ဖြစ်ရာ ကာလစည်းကမ်းသတ်အက်ဥပဒေအရ သတ်မှတ်ထားသည့် ရက်ပေါင်း ၃၀ ထက် များစွာ ကျော်လွန်နေကြောင်း တွေ့ရှိရသည်။

ကာလစည်းကမ်းသတ်အက်ဥပဒေအရ သတ်မှတ်ထားသည့် စည်းကမ်းသတ်ကာလ ကျော်လွန်ပြီးမှ လျှောက်ထားလာသည့် ဦးခင်မောင်၏ လျှောက်ထားချက်အပေါ် တရားရုံးက စုံစမ်းမှုပြုလုပ်ရန် အမိန့်ချမှတ်ခြင်းမှာ ဥပဒေနှင့် ညီညွတ်ခြင်း မရှိပေ။

အမှန်အားဖြင့် လက်ရောက်ပေးအပ်စေရန် ဒီကရီရရှိထားသူ တရားနိုင်သည် လက်ရောက်ပေးအပ်စေရန် ဒီကရီအတည်ပြုရာတွင် ခုခံတားဆီး ဟန့်တားခြင်းခံရလျှင် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၉၇ အရ လျှောက်ထားရန် တာဝန်မရှိချေ။ နည်းဥပဒေ ၃၅ အရ ဝရမ်းထုတ်ပေးရန်ဖြစ်စေ၊ နည်းဥပဒေ ၃၆ အရ ဒီကရီကို အတည်ပြုပေးရန်ဖြစ်စေ ထပ်မံ လျှောက်ထားနိုင်သည်။ ယင်းသို့ ထုတ်ပေးသည့် ဝရမ်းကို ခုခံတားဆီးခြင်းခံရလျှင် နည်းဥပဒေ ၉၇ အရ အရေးယူဆောင်ရွက်ရန်အတွက် လျှောက်ထားခွင့်အသစ် ရရှိမည် ဖြစ်သည်။

| ၂၀၀၀ |
| --- |
| ဦးအောင်ဝင်း (၁) ဦးအဟုန် နှင့် ဒေါ်ငွေ (ကွယ်လွန်သူ ဦးခင်မောင်၏ တရားဝင် ကိုယ်စားလှယ်) |

တရားနိုင်သည် တရားရုံး၏ ညွှန်ကြားချက်အရ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၉၇ အရ လျှောက်ထားရာတွင် ကာလစည်းကမ်းသတ် ကျော်လွန်နေသည့်အတွက် ယင်းလျှောက်လွှာကို ပလပ်ခံရပါက တရားနိုင်အနေဖြင့် နစ်နာမှုရှိနိုင်-မရှိနိုင်ကို စဉ်းစားသည့်အခါ တရားနိုင်သည် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၃၅ အရ အပ်ဝရမ်းထုတ်ပေးရန် အကြိမ်ကြိမ် လျှောက်ထားခွင့်ရှိသည့်အပြင် အပ်ဝရမ်းကို ခုခံတားဆီးခြင်းခံရပါက စည်းကမ်းသတ်ကာလအတွင်း တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၉၇ အရ လျှောက်ထားခွင့်အသစ် ရရှိသည်ဖြစ်၍ နစ်နာမှု ရှိသည်ဟု မဆိုနိုင်ချေ။

ထို့ကြောင့် ကြားနာလျက်ရှိသော ပြဿနာနှင့်စပ်လျဉ်းပြီး အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

> ပစ္စည်းအပ်ဝရမ်းကို ခုခံတားဆီးသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ ကျော်လွန်ပြီးမှ တရားရုံး၏ လမ်းညွှန်ချက်အရ တရားနိုင်က တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၉၇ အရ လျှောက်ထားရာတွင် စည်းကမ်းသတ် ကျော်လွန်ခြင်း မရှိကြောင်း တရားရုံးချုပ်၏ ဆုံးဖြတ်ချက်သည် ဥပဒေနှင့် ညီညွတ်ခြင်း မရှိကြောင်း၊

ဤအထူးအယူခံမှုကို ခွင့်ပြုပြီး ၁၀-၆-၉၇ ရက်စွဲပါ တိုင်းတရားရုံး၏ အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသည့် တရားရုံးချုပ်၏ အမိန့်တို့ကို ပယ်ဖျက်လိုက်သည်။ ဇာရီမှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် တိုင်းတရားရုံးအား ညွှန်ကြားလိုက်သည်။

စရိတ်မသတ်မှတ်။

# အမှားပြင်ဆင်ချက် (တရားမ)

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| (ကၦ) | ၁၂ | တရားရုံး | တရားရုံး |
| ၁၄ | ၆ | ဤအထူးအယူခံမှု | ဤအထူးအယူခံမှုများသည် |
| ၁၅ | ၁၉ | ဥပဒေအကြောင်း | ဥပဒေကြောင်း |
| ၁၆ | ၂၁ | တရားမှု | တရားမမှု |
| ၂၉ | ၁၃ | ရောင်းရခြင်း | ရောင်းချခြင်း |
| ၆၆ | ၂ | တရားရုံး | တရားရုံး |
| ၉၄ | ၂၀ | ဝယ်ယူခံ | ဝယ်ယူခဲ့ |
| ၉၄ | ၂၁ | မည်သို့ထိခိုက် | မည်သို့မျှထိခိုက် |
| ၉၄ | ၂၆ | ဒေါ်စိန်တီ၏အိမ်ရှင် | ဒေါ်စိန်တီအိမ်ရှင် |
| ၉၈ | ၁၇ | ပစ္စည်းအပေါ်ကျိုး | ပစ္စည်းပေါ်အကျိုး |
| ၁၀၉ | ၁ | တရားမအယူခံမှု | တရားမပထမအယူခံမှု |
| ၁၃၃ | ၇ | လမ်းညွှန်ချက်မှု | လမ်းညွှန်ချက်မူ |
| ၁၃၈ | ၇ | ၈၆ ပေ × ၂၈ $\frac{၁}{၂}$ ပေ | ၇၆ ပေ × ၂၈ $\frac{၁}{၂}$ ပေ |
| ၂၄၁ | ၂၆ | တရားရုံး | တရားရုံးချုပ် |
| ၂၅၀ | ၆ | မှုတစ်ပါး | သူတစ်ပါး |
| ၂၇၉ | ၅ | စွဲဆိုရ | စွဲဆို၍ |
| ၂၇၉ | ၁၂ | သဘောတူရ | သဘောတူရာ |
| ၂၈၃ | ၁၃ | လွှဲပြောင်းခံသူမည့် | လွှဲပြောင်းခံယူမည့် |
| ၂၈၃ | ၁၇ | သတ်မှတ်ထားသည့်ရက်တွင် ကျန်ငွေကို | သတ်မှတ်ထားသည့်ရက်တွင် ပေးချေရန် ဖြစ်သည်။ ဦးသောင်းထွန်းတို့သည် သတ်မှတ်ထားသည့် ရက်တွင် ကျန်ငွေကို |
| ၂၈၉ | ၁၇ | အချင်းဖြစ်၏ | အချင်းဖြစ်မြေ၏ |
| ၂၉၅ | ၁၇ | ဝယ်သူဆိုသည့် | ဝယ်သူစွဲဆိုသည့် |